

# ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၏

## Bio graphy

ဝင်းတင့်ထွန်း

# ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော အတ္ထုပ္ပတ္တိ
# အပိုင်း (၁)

(၁)

ကျနော့်ကို ကျနော်တို့လေးစားသော ပုဂ္ဂိုလ်တဦးက လွန်ခဲ့သော ၃ – ၄ နှစ်ခန့်က ကျနော့်အတ္ထုပ္ပတ္တိကို ရေးသားရန် တိုက်တွန်းခဲ့ပါသည်။ ကျနော်က အလွန်ခက်မည်ထင်၍ ငြင်းပယ်ခဲ့ပါသည်။ ယခုကျနော့်အသက် ၈၄ နှစ်ရောက်မှ မိမိအတ္ထုပ္ပတ္တိရေးလျှင် အများအတွက် အကျိုးရှိနိုင်မည် ယုံကြည်မှုရလာသဖြင့် မသေခင်တခန်းတရပ်အနေဖြင့် ရေးသားရန်ဆုံးဖြတ်ပြီး ရေးသားရပါတော့သည်။

၁။ ကျနော့်မွေးနေ့မှာ ၁၉၁၉ ခုနှစ်၊ ဒီဇင်ဘာ (၃) ရက် ဖြစ်သည်။ ဇာတိမှာ မြန်မာပြည် သာယာဝတီခရိုင်၊ သုံးဆယ်မြို့ ဆိုင်းစုရွာ ဖြစ်သည်။

၂။ လယ်သမားကြီး ဦးပန်း–ဒေါ်တင့် တို့၏ သားသမီး (၆) ယောက် အနက် ဒုတိယသား ဖြစ်ပါသည်။

၃။ မိဘများမှာ ချစ်တီးထံမှ လယ်ဧက ၄၀ ကျော်ကို အငှားချပြီး စာရင်းငှားများနှင့်လယ်သီးစားလုပ်သောသူများ ဖြစ်သည်။ ချမ်းသာတဲ့ လယ်သမားအနေအထား ဖြစ်ပါသည်။ အသင့်အတင့်ချောင်ချိသော လယ်သမားများ ဖြစ်ပါသည်။

၄။ ကျနော်တို့သည် ငယ်စဉ်က မိမိဖခင်၏နှမ အပျိုကြီးဒေါ်စောနှင့် နေခဲ့ရပြီး မိဘနှင့်ဒေါ်စောတို့၏ ဆုံးမပဲ့ပြင်မှုနှင့် ကြီးပြင်းခဲ့ရသည်။ အဒေါ် ဒေါ်စောမှာ ကွပ်ညှပ်မှုအတော်တင်းကျပ်သဖြင့် အများတန်းတူ မကစားရ၊ မပျော်ရွှင်ရဘဲ မိန်းခလေးတယောက်လို ပိပိရိရိနေခဲ့ရသည်။ ကျနော်တို့ ဆိုင်းစုရွာမှာ သုံးဆယ်မြို့မြောက်ပိုင်းမှစပြီး စီးလာသော သုံးဆယ်ချောင်းကမ်းပါးတွင်ရှိရာ အများရေကူးတတ်ကြသော်လည်း ကျနော်တို့မှာ အဒေါ်ရဲ့ပညတ်ချက်ကြောင့် ရေမကူးတတ်ခဲ့ပါ။ ရေကူးအတတ်ကို စစ်ပညာသင်ရာ ဟိုင်နန်ကျွန်းရောက်မှသာ နည်းနည်းတတ်ခဲ့ရပါသည်။ ထို့ကြောင့်လည်း ကျနော့်မှာ ငယ်စဉ်ကတည်းက စာတတ်ပြီးနောက် စာဖတ်ဝါသနာကြီးခဲ့ပြီး တွေ့သမျှ မြန်မာစာအုပ်မှန်သမျှဖတ်ခဲ့မိသည် ထင်ပါသည်။ ကျနော်ငယ်စဉ်က ဖတ်မိစွဲလန်းနေမိသော စာအုပ်တအုပ်မှာ ဦးဖိုးကျား၏ "မြန်မာ့ဂုဏ်ရည်" စာအုပ် ဖြစ်ပါသည်။ ကျနော် (၃) တန်းအရွယ်လောက်တွင် ဖတ်မိခြင်းဖြစ်သည် ထင်ပါသည်။ စာဖတ်ခြင်းကြောင့် ကျနော့်မှာ ငယ်စဉ်ကတည်းက မျိုးချစ်စိတ်ဝင်ခဲ့ပုံရပါသည်။ ပညာတတ်တယောက်လည်း ဖြစ်ချင်စိတ်ရှိခဲ့ပါသည်။ ကျနော်ကလေးအရွယ်တွင် သူငယ်နာရောဂါ ဖြစ်ခဲ့သဖြင့် အသက်ကယ်ခဲ့ရသည် ဟုဆိုပါသည်။

၅။ ကျနော့်အသက် (၇) နှစ်အရွယ်တွင် မိဘများက သုံးဆယ်မြို့နှင့် ကျနော်တို့ ဆိုင်းစုရွာအကြား ရွာမရွာရှိ မြန်မာမူလတန်းကျောင်းကို အပ်ပါသည်။

၆။ ကျောင်းတွင် ကျနော်တို့ အတန်းငယ်ကို ကိုင်သောဆရာမှာ အမည်ဒေါ်သိန်းခင်ဟုထင်ရသော အပျိုဆရာမ ဖြစ်ပါသည်။

၇။ ဆရာမမှာ အတော်အတန်ချောမောသော်လည်း စိတ်ထားတင်းမာသဖြင့် ကျနော်တို့ကြောက်ရပါသည်။ ကျနော့်မှာ ငယ်စဉ်က သူငယ်နာရောဂါစွဲကပ်ခဲ့မှုသဖြင့် ဉာဏ်နည်းနည်းထိုင်းနေပါသည်။ အထူးသဖြင့် သင်္ချာဘာသာတွင် ထိုင်းမှိုင်းခြင်းဖြစ်၍ ဆရာမ၏ ရိုက်ဒဏ်ပေးခြင်းကို ခဏခဏခံရပါသည်။ ကျနော်၏ ဉာဏ်ထိုင်းမှုမှာ အသက် (၁၄) နှစ် (၁၅) နှစ် အရွယ် (၇) တန်းကျောင်းသား အရွယ်လောက်ထိ ဖြစ်ပါသည်။ ယင်းနောက်မှ ဉာဏ်ထိုင်းမှုက သက်သာလွတ်မြောက်လာပါသည်။

ကျနော် (၉) နှစ်သားအရွယ် (၂) တန်းရောက်ပြီးနောက် ကျနော့်မိဘများက ကျနော်နှင့် ကျနော့်အစ်ကိုကို ကျနော်တို့ရွာ၏ တဖက်ကမ်းတွင် ရှိသော ညောင်ပိုင်းဘုန်းတော်ကြီးကျောင်းတွင် အတော်အသင့်ခမ်းနားစွာဖြင့် ရှင်ပြုလုပ်ပေးပါသည်။

၎င်းညောင်ပိုင်းဘုန်းကြီးကျောင်းတွင်လည်း အစိုးရမူလတန်းကျောင်းဖွင့်ထားသဖြင့် သင်္ကန်းဝတ်ကိုရင်ဘဝမှ ထွက်ပြီးနောက် ရွာမ မူလတန်းကျောင်းသို့ ပြန်မသွားတော့ဘဲ ညောင်ပိုင်းကျောင်းမှာပဲ ဆက်ပြီး (၂) တန်းကစပြီး ကျောင်းနေပါတော့သည်။ မိုးဥတုတွင် သုံးဆယ်ချောင်းကို လှေဖြင့်ဖြတ်ပြီး ကျောင်းတက်ခဲ့ရပါသည်။

ကလေးဘဝကျောင်းနေစဉ် နေအိမ်၏ အသေးအဖွဲအလုပ်ကိစ္စများ လုပ်ခဲ့ရပါသည်။ အဒေါ်အိမ်ထောင်ပြုသွားသော်လည်း ကျနော်တို့မိခင် အမေမှာအလွန် လုံ့လဝီရိယရှိပြီး စိတ်ထားအလွန်ကြံ့ခိုင်တင်းမာပြီး စိတ်ဓာတ်အလွန်ကောင်းသူ ဖြစ်သည်။ သားသမီးများအပေါ်လည်း အလွန် စည်းကမ်းကောင်းသူ ဖြစ်ပါသည်။ ဖခင်ကြီးလည်းအလွန်ဖြောင့်မတ် ကောင်းမွန်သူ ဖြစ်သည်။ အိမ်မှုဝတ္တရားများကိုလည်း ကျနော်တို့စေ့စေ့စပ်စပ် လုပ်ကိုင်ခဲ့ရပါသည်။ အဒေါ်လိုပင် အမေကလည်း ကျနော်တို့ကို ကစားခုန်စားမှု သိပ်မလုပ်ရပါ။

ကျနော့်မှာ မိုးတွင်း ဝါတွင်း (၃) လကျောင်းသင်္ကန်းစီးခြင်းကို (၂) တန်းမှ (၆) တန်းပြီးသည်အထိ ၅ နှစ် ၅ ဝါ ဝါဆို သင်္ကန်းဝတ်ခဲ့ပါသည်။ မိဘများကလည်း မိုးတွင်း၌ ချောင်းကိုဖြတ်၍ သွားရတာအန္တရာယ်များ၍ သင်္ကန်းစီးပြီး ဝါဆိုတာကို ကြိုက်ပါသည်။ ကျနော်လည်း ညောင်ပိုင်း ဆရာတော်နှင့် ကျောင်းကိုခင်မင်နေပါသည်။

ကျနော်ညောင်ပိုင်းကျောင်းတွင်နေစဉ် (၅) တန်းကျောင်းသား အရွယ်လောက်တွင် ကျနော်ထီပေါက်သည်ဟူသောသတင်း ဖြစ်လာပါသည်။ ဖြစ်ပုံမှာ ကျနော့်အမေမှာ သာယာဝတီရုံးအမှုတခုတွင် သမာဓိလူကြီးအဖြစ်လိုက်ရပါသည်။ သာယာဝတီရုံးတွင် ဗေဒင်ဆရာတယောက် တွေ့ရသဖြင့် ဗေဒင်တွက်ရာ ဗေဒင်ဆရာက ခင်ဗျားသားသမီးတွင် ဗုဒ္ဓဟူးသား ဖြစ်သူက ထွန်းကားလာပြီး မိဘတွေကို အကူအညီပေးလိမ့်မည်ဟု ဟောပါသည်။

ဗုဒ္ဓဟူးသားမှာ ကျနော်ဖြစ်နေ၍ အဖေက နာမည်၊ ရွာလိပ်စာနှင့် ချက်ချင်း သာယာဝတီရုံးတွင် ရှိနေသော ထီစာရေးထံသွား၍ အိုင်ယာလန်ထီကို ထိုးပါတော့သည်။

မကြာခင် ကျနော်တို့ရွာကို မောင်ရွှေနာမည်နှင့် အိုင်ယာလန်ထီရုံးက စာတစောင်လာရာ ရွာမှမောင်ရွှေကြီးဆိုသော လူကြီးက ထိုစာကို ရယူပြီး အင်္ဂလိပ်စာတတ်သော စာရေးကြီး ဗိုလ်စိန်မှန်ကိုသွားပြရာ ဗိုလ်စိန်မှန်က အိုင်ယာလန်ထီရုံးက ပေးသောစာ ဟုဆိုသဖြင့် ထီပေါက်သည်ထင်၍ စာကို သိမ်းထားပါသည်။ အဖေကသတင်းကြား၍ စာကိုသွားတောင်းပါသည်။ မပေးပါ။ ထို့ကြောင့် အဖေက သာယာဝတီ ထီစာရေးကို သွားပြောရာ ထီစာရေးက စာဟာအရေးမကြီးပါ။ ခင်ဗျားထီထိုးတာ ငွေရကြောင်း ပြန်ကြားစာသာ ဖြစ်သည်။ ထီလက်မှတ်သာ ခင်ဗျားလက်ထဲရှိပါစေဟု ပြောသဖြင့် အဖေကရွာပြန်ပြီး မောင်ရွှေကြီးထံ ပြန်ပြောပြီး စာရွက်တောင်းပါသည်။

ကျနော်မူလတန်းအောင်ပြီး အလယ်တန်းကို သုံးဆယ်မြို့ ( R.C.M ) အာရ် စီ အမ် ကျောင်းတွင် နေရမည်ဖြစ်သော်လည်း မူလညောင်ဝိုင်းကျောင်းကထွက်ပြီး ရန်ကုန်က အလယ်တန်းဆရာဖြစ် စတ္တင်ဒရီစာမေးပွဲ အောင်ထားသော "ဆရာဆင်" ဆိုသူဆရာက ညောင်ဝိုင်းမူလတန်းကျောင်းကို အလယ်တန်းကျောင်းဖြစ်အောင် လုပ်နေသည်ဆို၍ အလယ်တန်းကို သုံးဆယ်မြို့သွားမသင်ဘဲ ၅ တန်း ၆ တန်းကို သူ့ထံတွင်ပင်သင်ကြားနေပါသည်။

နောက် ၇ တန်းရောက်သောအခါ ညောင်ဝိုင်းကျောင်းလည်း အလယ်တန်းကျောင်း ဖြစ်မလာဘဲရှိသည်။ ကျနော်လည်း မြန်မာ (၇) တန်းမှာ အစိုးရစာမေးပွဲ စစ်ခံရမည်ဖြစ်၍ တရားဝင်အလယ်တန်းကျောင်း တက်ရန်လိုသဖြင့် သုံးဆယ်မြို့ R.C.M ကျောင်းသို့ နေအိမ်မှ သွားတက်ပါသည်။

(၇) တန်းဆရာမှာ ဦးစိန်ခဲဆိုသော ခရစ်ယာန်ဆရာ ဖြစ်ပါသည်။ ကျနော်ဘုန်းကြီးကျောင်းသားမှန်းသိ၍ ဘာသာရေးနှင့် ပတ်သက်ပြီး မကြာခဏ ကျနော်ကို "စ" ပါသည်။ ကျနော်လည်း ပြန်လည်ချေပသဖြင့် တဖြည်းဖြည်းဆရာနှင့် ကျနော် ရင်းနှီးလာပါသည်။

ကျနော် (၇) တန်း ပထမနှစ်ဖြေဆိုရာ ကျောင်းပြောင်း ကျောင်းလွှဲတွေကြောင့် ကောင်းကောင်းစာမလိုက်နိုင်ဘဲ စာမေးပွဲကျခဲ့ပါသည်။

နောက်(၇) တန်း ဒုတိယနှစ်ကို ၎င်း R.C.M ကျောင်းတွင်ပင် ဆက်နေပါသည်။ (၇) တန်းဆရာမှာ အသစ်ဖြစ်ပြီး အသက်သိပ်မကြီးသေးသော ဆရာဖြစ်ပါသည်။ ကျနော်သူ၏နာမည် မေ့နေပါသည်။ ၎င်းဆရာသင်ပုံပြပုံမှာ အလွန်ကောင်းပါသည်။ ကျနော် ဉာဏ်ရွှင်လန်း ထက်မြက်လာပါသည်။ ၎င်း၏သင်ကြားပုံနည်းကို နောင်ကျနော် **Highergrade** ခေါ် အထက်တန်းဆရာဖြစ်သင်တန်း တက်ရောက်သင်ကြားရတော့မှ သဘောပေါက်လာပါသည်။

၎င်းသင်နည်းမှာ ဆရာဖြစ်သင်ဆရာများ၏ လက်စွဲဖြစ်သော ပြဿနာတခု သင်ကြားရာတွင် ဆရာကပြဿနာ၏ အဖြေကို တိုက်ရိုက် ပြောမပြဘဲ တပည့်များ မူလသိရှိထားသည့် အချက်များမှ တပည့်များ၏ မူလဉာဏ်ပညာကို ဆွဲဆန့်ထွက် လာအောင် တဖြည်းဖြည်းမေးခွန်းများမေးပြီး ပြဿနာ၏ အဖြေကိုတပည့်များ တဖြည်းဖြည်းအလိုအလျောက် သိရှိလာစေသော နည်းမျိုးဖြစ်ပါသည်။

ဥပမာ – သုံးနှင့်သုံးပေါင်းခြင်းကို သင်မည်ဆိုလျှင် ဆရာကအဖြေဟာ ခြောက်ဟုမပြောဘဲ တပည့်များသိပြီးဖြစ်သော လက်တဖက်စီကို လက် (၃) ချောင်းစီထောင်စေကာ ၎င်းလက်ချောင်းကလေးများကို ရေတွက်စေပါသည်။ ပထမ လက်မှ (၃) ချောင်း ကို တစ်၊ နှစ်၊ သုံးဟု ရေတွက်စေပြီးမှ ဒုတိယလက်မှ (၃) ချောင်းကိုဆက်ပြီး ရေတွက်ရပါသည်။ တပည့်ဖြစ်သူက လေး၊ ငါး၊ ခြောက်ဟု ဆက်ပြီးရေတွက်ရပါသည်။ သို့ဖြင့် သုံးနှင့်သုံးပေါင်းလျှင် အဖြေ ခြောက်ဆိုတာ တပည့်ကိုယ်တိုင်သိလာစေခြင်း ဖြစ်ပါသည်။

ဤသင်နည်းမျိုးကို ကျနော်တို့၏ (၇) တန်းဆရာအသစ်က သင်ကြားပေးသဖြင့် ကျနော်တို့ ဉာဏ်ပွင့်လင်းပြီး လျင်မြန်စွာ တက်မြောက် လာခဲ့ပါသည်။ ကျနော့်မှာ အတန်းထဲတွင်လစဉ် စာမေးပွဲအစမ်းစစ်များတွင် အမြဲတန်း ပထမ၊ ဒုတိယရပြီး အမြဲဝင်းသာ ရွှင်လန်းနေပေသည်။

သို့သော်လည်း ထိုနှစ် (၇) တန်း အစိုးရစစ်စာမေးပွဲတွင် မမျှော်လင့်ဘဲ ကျနော်စာမေးပွဲ ကျပြန်သည်။ ကျနော်များစွာ ထိတ်လန့် ဝမ်းနည်းသွားပါသည်။

နောက်မှ အကြောင်းကိုရှာရာတွင် ကျနော်သည် ငယ်စဉ်ကတည်းက ဘုန်းကြီးကျောင်းတွင် ပညာသင်ကြားခဲ့ရာ အတန်းထဲတွင် ပထဝီ ဘာသာအစား ပါဠိဘာသာကိုသာ သင်ယူခဲ့ရာ **R.C.M** ကျောင်း (၇) တန်း ဒုတိယနှစ်ကျမှ (ပါဠိဘာသာသင်ပေးမည့်ဆရာ မရှိသဖြင့်) ပထဝီဘာသာရပ်ကို ပြောင်းပြီးသင်ပါသည်။ သို့သော် ကျနော်သည် နောက်မှလိုက်သင်ရသည့် ပထဝီဘာသာရပ်ကို အာရုံစိုက်မိပြီး မကြိုးစားမိဘဲ ထိုဆရာ အသင်အပြကောင်းသော တခြားဘာသာရပ်တွေသာ ပျော်ရွှင်စွာအာရုံစိုက်မိသဖြင့် စာမေးပွဲကျရပေသည်။ ယင်းမှ ကျနော်ကြီးစွာ နောင်တရပြီး ကျနော့်ပညာသင်ကြားရေးတွင် လေးနက်သော အတွေ့အကြုံကြီး ဖြစ်ခဲ့ပါသည်။ ကျနော်သည် ပညာသင်ကြားရေးနှင့် စာမေးပွဲများ အကြောင်း တဆင့်တိုး၍ နားလည်လာပါတော့သည်။ ထိုသည်နောက် ပညာရေးတွင် ကျနော်နောက်ထပ် တခါမှ စာမေးပွဲမကျတော့ချေ။

နောက် (၇) တန်း တတိယနှစ်တွင် ကျနော် **R.C.M** ကျောင်းတွင် မနေတော့ဘဲ၊ သုံးဆယ်မြို့ လိပ်အင်းရွာ ဆရာကြီး ဦးအုံး၏ အလယ်တန်းကျောင်းသို့ ပြောင်းနေပြီး ထိုကျောင်းမှ (၇) တန်းကို တတိယနှစ်တွင် ချောမောစွာအောင်မြင်ပါတော့သည်။

(၂)

ကျနော်မြန်မာ (၇) တန်းအောင်ပြီးနောက် ညောင်ဝိုင်းဆရာတော်က ကျနော်နှင့်အတူ ညောင်ဝိုင်းမူလတန်းကျောင်းအုပ်ဆရာကြီး ဦးအုံးသန်း၏သား ကျနော်ကဲ့သို့ (၇) တန်းအောင်လာသော မောင်သိန်းဟူသောကျောင်းသားနှင့် ကျနော်တို့ (၂) ယောက်ကို ၁၉၃၆ ခုနှစ်လောက်တွင် သူ့ဆရာတော်ရှိရာ ဟင်္သာတမြို့ လယ်တီကျောင်းတိုက်တွင် မြန်မာ (၁၀) တန်းအထိ အထက်တန်းကျောင်းရှိရာသို့ အထက်တန်းဆက်သင်ကြားရန် စေလွှတ်လိုက်ပါသည်။

ကျနော်တို့ ဟင်္သာတလယ်တီကျောင်းတွင် သင်္ကန်းဝတ်ပြီးနောက် (၈) တန်းကစ၍ စာသင်ရပါသည်။ ကျနော့်အတွက် ကောင်းတာတခုက ကျနော်မှာအပြင်စာပေ၊ မဂ္ဂဇင်း စာစောင်စသည်တို့ကို ဖတ်ရှုတဲ့ဝါသနာ ရှိသူဖြစ်ရာ လယ်တီကျောင်းတွင် စာကြည့်တိုက်ကလေးတခုရှိသဖြင့် စာပေ၊ မဂ္ဂဇင်း စသည်တို့ကို အားလပ်ချိန်တွင် ကျနော်ဖတ်ရှုနိုင်ခဲ့ပါသည်။

လယ်တီကျောင်းမှ (၈) တန်းကျောင်းသားတချို့ကို တနှစ်အတွင်း မြန်မာ (၉) တန်း အစိုးရစစ်စာမေးပွဲကို ခုန်ကျော်ပြီးဖြေဆိုရန် စီစဉ်ပါသည်။ ဤသို့စီစဉ်ရာတွင် (၈) တန်းကျောင်းသား (၃) ယောက်ကို ရွေးပါသည်။ (၂) ယောက်မှာ ကျနော်၊ ကျနော်နှင့် ညောင်းဝိုင်းကျောင်းမှလာသူ မောင်သိန်းတို့ဖြစ်ပြီး၊ ကျန်တယောက်မှာ လယ်တီကျောင်းမှ ကျောင်းသား (၁) ယောက်တို့ဖြစ်ပါသည်။

နောက် (၉) တန်းစာမေးပွဲကို ၁၉၃၆ ခုနှစ်တွင် ကျနော်နှင့် လယ်တီကျောင်းသားတို့က ခုန်ကျော်အောင်မြင်ပြီး မောင်သိန်း ကျ၊ ကျန်ခဲ့ပါသည်။

နောက်နှစ်တွင် ကျနော်ဟာသီတာ လယ်တီကျောင်းတွင် မနေတော့ဘဲ၊ ကျနော့်အဒေါ်ရှိရာ ရန်ကုန်ကြည့်မြင်တိုင်အိမ်မှာ သွားနေပြီး ထိုမှ ၁၉၃၇ ခုနှစ်လောက်တွင် ရန်ကုန် ပုဇွန်တောင်မြူနီစပယ် အထက်တန်းကျောင်းတွင် မြန်မာ (၁၀) တန်းကို ဆက်၍သင်ပါသည်။

ကျောင်းတက်ခါစ အနည်းငယ်ခက်ခဲသော်လည်း အတော်ကြာသောအခါ ကျနော်ကောင်းစွာ လိုက်နိုင်ပြီး ထိုနှစ် (၁၀) တန်းကို ကောင်းမွန်စွာ အောင်မြင်ပါသည်။

ရန်ကုန်တွင် ကျနော့်အတွက် ကျောင်းနေရတာ တခုကောင်းသည်မှာ စာကြည့်တိုက်များ ပေါများသဖြင့် ကြည့်လိုသော စာပေမဂ္ဂဇင်းများ ငှားရမ်းကြည့်နိုင်ပါသည်။ ထို့ပြင် အိမ်နီးနားချင်းကလည်း စာဖတ်သူပေါများ၍ စာအုပ်များငှားရမ်းကြည့်နိုင်ပါသည်။ ထို့ကြောင့် ကျနော့်တွင် အချိန်ရှိသမျှ စာပေမဂ္ဂဇင်းများ ဖောဖောသီသီ ဖတ်ရှုချင်သမျှကို ဖတ်ရှုနိုင်ခဲ့ပါသည်။

ကျနော် ရန်ကုန်တွင် ကျောင်းတက်နေသော ပုဇွန်တောင် မြူနီစပယ်အထက်တန်းကျောင်း ကျောင်းဆရာတချို့မှာ သခင်အသင်းဝင်များ ဖြစ်ပြီး ကျောင်းသားများမျိုးချစ်စိတ်ကို အခွင့်ကြုံတိုင်းသွင်းပေးပါသည်။ ဤကျောင်းမှာ ကျနော့်နိုင်ငံရေးအသိနှင့် မျိုးချစ်စိတ်ကို တဆင့်မြင့်တင်ပေးလိုက်သောကျောင်း ဖြစ်ပါသည်။

ကျနော်ငယ်စဉ်က ဗန္ဓုလအကြောင်းဖတ်ပြီး စစ်ဘက်ဝါသနာပါလာရာ အရပ်ထဲတွင်လည်း ဦးမောင်ကြီး ရဲတပ်ဗိုလ်များဖြစ်သည့် ဆရာဦးဘစိန်၊ ဦးမြစိန်တို့နှင့် ရင်းနှီးလာပြီး ၎င်းတို့၏ ရဲတပ်သို့ဝင်လိုက်တော့သည်။ ၁၉၃၇ ခုနှစ် ရန်ကုန်အမျိုးသားအောင်ပွဲ လှည့်လည်ပွဲတွင် ကျနော်သည် ရဲတပ်သားဝတ်စုံဖြင့် ပါဝင်ခဲ့သည်။

ကျနော် မြန်မာ (၁၀) တန်းအောင် ပြီးနောက် ရန်ကုန်တက္ကသိုလ်သို့ဆက်ပြီး ပညာသင်လိုပါသည်။ ထိုစဉ် အင်္ဂလိပ် ခေတ်ပညာရေးစနစ်အရ ကျနော်တက္ကသိုလ်တက်ခွင့် မရှိပါ။ အင်္ဂလိပ်ပညာရေးစနစ်မှာ ယခုခေတ်လို တမျိုးတစားတည်း မဟုတ်ဘဲ (၃) မျိုးခွဲခြားထားပါသည်။ ပထမအမျိုးမှာ အင်္ဂလိပ်စာသက်သက် သင်ကျောင်း၊ ဒုတိယမှာ အင်္ဂလိပ် – မြန်မာ နှစ်ဘာသာသင်ကျောင်းနှင့် တတိယ မြန်မာစာသက်သက်သင်ကျောင်း ဖြစ်ပါသည်။ ပထမအမျိုးနှင့် ဒုတိယအမျိုးသင်ကျောင်းမှ (၁၀) တန်းအောင်သူတို့သာ တက္ကသိုလ်သို့တက်ခွင့်ရှိပြီး မြန်မာသက်သက်နှင့် (၁၀) တန်းအောင်သူများ တက္ကသိုလ်တက်ခွင့် မရှိပါ။ တက္ကသိုလ်တက်လိုပါက နောက်ထပ် အင်္ဂလိပ်စာတဘာသာနှင့် (၁၀) တန်းအောင်မြင်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ကျနော်တက္ကသိုလ်တက်နိုင်ရန် အင်္ဂလိပ်စာတဘာသာ (၁၀) တန်းစာမေးပွဲအောင်ရန် လိုပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တွင် အင်္ဂလိပ်စာ တဘာသာတည်း (၁၀) တန်းအထိ အလွတ်သင်ပေးသော ပုဂ္ဂလိကကျောင်းများကို စုံစမ်းလေ့လာပါသည်။ ဘယ်မှာမှ ထိုကျောင်းမျိုး ဟုတ္တိပတ္တိမရှိပါ။ ထို့ကြောင့် အင်္ဂလိပ်စာသင်ရန်အကြံကို စွန့်လွှတ်လိုက်ရပါသည်။

ကျနော်မြန်မာ (၁၀) တန်းအောင်ပြီးနောက် မြန်မာလိုဆက်ပြီး သင်ကြားနိုင်ရန် အတန်းတတန်းကျန်နေပါသည်။ ၎င်းမှာ **“Highergrade”** (ဟိုင်းဂရားဂရိတ်) ခေါ် အထက်တန်းဆရာဖြစ်သင်တန်း ဖြစ်ပါသည်။ ထိုသင်တန်းကိုသာ တက်ရောက်သင်ကြားရမည် ဖြစ်ပါသည်။

ထို့ကြောင့် ကျနော်သည် အသက် (၁၉) နှစ် ၁၉၃၈ – ၃၉ ခုနှစ်တွင် ကြည့်မြင်တိုင် အထက်တန်းဆရာဖြစ်သင်တန်း ကျောင်းသို့တက်ပြီး သင်ကြားပါသည်။ ထိုကျောင်းတွင် ကျောင်းသားသမဂ္ဂ မရှိသဖြင့် ‘ကိုမိုး’ ဟုထင်ရသော ကျောင်းသားတဦးကို ဥက္ကဋ္ဌတင်ပြီး ကျနော်ကအတွင်းရေးမှူးလုပ်၍ ကျောင်းသားသမဂ္ဂ တည်ထောင်ခဲ့ပါသည်။

ထိုနှစ်တွင် ဗမာပြည်တွင် ကုလား – ဗမာရိုက်ပွဲ အဓိကရုဏ်းဖြစ်သောနှစ်ဖြစ်ပါသည်။ ထိုကိစ္စ ကျနော်တို့ထံသို့လည်း ရိုက်ခတ်လာပါသည်။ ကျနော်တို့စာသင်ကြားနေစဉ် ဘတ်စ်ကားတစီး ကျနော်တို့ကျောင်းရှေ့ ထိုးရပ်ကာ ဘတ်စ်ကားထဲက လူတယောက် မျက်နှာမှာသွေးသံရဲရဲနှင့် ဘတ်စ်ကားအမိုးပေါ်တက်ပြီး “ဟေ့… မြန်မာတွေ ကုလားပြည်က ကုလားတွေဟာ တို့ဗမာပြည်ထဲလာပြီး စီးပွားရှာကြတယ်။ ငါတို့ဗမာတွေရဲ့ စီးပွားရေးကို ဝင်လုပြီးလုပ်ကြတယ်။ ဒီလိုစီးပွားရှာရုံမကဘူး။ ငါတို့လဲ စော်ကားကြတယ်။ အခုငါ့မျက်နှာပေါ်က ဒဏ်ရာတွေ သွေးတွေဟာ ဒီကုလားတွေက ခုတ်လွှတ်လိုက်တာဖြစ်တယ်။ ဒီကုလားတွေကို မောင်းထုတ်ရမယ်၊ လက်စားချေရမယ်။ အခုငါ့ကို ခုတ်လွှတ်လိုက်တဲ့ ကုလားတွေကို ပြန်ပြီးလက်စားချေဖို့ ငါတို့သွားမယ်။ ခင်ဗျားတို့ မလိုက်ကြဘူးလား။” ဟု အော်ဟစ်ပြောဆိုပါသည်။

ထိုအခါ ကျနော်အပါအဝင် ကျောင်းသား ၁၄ – ၅ ယောက် နီးရာတုတ်တို တုတ်တွေ ကောက်ယူကြပြီး ၎င်းဘတ်စ်ကားပေါ် ပြေးတက်ကြသည်။ ဒဏ်ရာနှင့်လူက ကားကိုရန်ကုန်မြို့ဘက်ကို မောင်းသွားစေပါသည်။ ရန်ကုန် ကြည့်မြင်တိုင်နယ်စပ် မော်တော်ကားလမ်းပေါ်က သံချောင်းမောင်းတံကြီးကို ချထားပြီး ကားလမ်းကို ပိတ်ထားပါသည်။ ပုလိပ်တချို့ရပ်စောင့်နေပြီး ကျနော်တို့ ဘတ်စ်ကားကို ပြန်လှည့်စေပါသည်။ ကျနော်တို့ဘာမှမတတ်နိုင်ဘဲ လှည့်ပြန်ခဲ့ရပါသည်။

နောက်တနေ့ ကျနော်ကျောင်းကအပြန် ကြည့်မြင်တိုင်ဘူတာရုံ ဂုံးတံတားကြီးထိပ်ရှိ ကုလားဆိုင်ကြီးတဆိုင်ကို ဗမာတချို့ ဝင်ရောက်ဖျက်ဆီးထုခွဲနေရာ ကျနော်လည်း မှားယွင်းသောမျိုးချစ်စိတ်နှင့် ထိုလူစုထဲပါဝင်ပြီး ထိုကုလားဆိုင်ကြီးကိုဝင်ရောက် ဖျက်ဆီးမိပါသည်။

ကျနော်တို့ မြန်မာဆရာဖြစ်သင်ကျောင်းတွင် ကျနော်တို့ကျောင်းသားသမဂ္ဂက ကြီးမှူးပြီး အပြင်လူကြီးတချို့ကိုဖိတ်ပြီး တရားဟောပြောပွဲများ ကျင်းပပါသည်။ ရန်ကုန်တက္ကသိုလ် သမဂ္ဂအမှုဆောင်လူကြီးများကိုလည်း ဖိတ်၍ ဟောပြောမှုများ ပြုလုပ်ပါသည်။ တချို့တွင် ရန်ကုန်တက္ကသိုလ် သမဂ္ဂအမှုဆောင်လူကြီး ကိုထွန်းရွှိန်ဆိုသော ကျောင်းသားကြီးပါလာပါသည်။ ၎င်းကိုထွန်းရွှိန်ဆိုသူမှာ နောင်ကျနော်တို့ ရဲဘော်သုံးကျိပ်ဝင် ဟိုင်နန်ကျွန်းတွင် ကျနော်တို့အတူတူ ဂျပန်စစ်ပညာသင်ကြားခဲ့ကာ ဘီ.အိုင်.အေ တပ်ကြီးဖွဲ့ပြီး အင်္ဂလိပ်တို့ကို ကျနော်တို့နှင့်အတူ တိုက်ခိုက်ခဲ့သော နာမည်ကျော်တပ်မှူးကြီး ဗိုလ်ရန်နိုင်ဆိုသူ ဖြစ်ပါသည်။

ကျနော်တို့ကျောင်းသည် ရန်ကုန်မြို့ကျောင်းသားများ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပါသည်။ ထိုနှစ်မှာ ၁၉၃၈ – ၃၉၊ ၁၃၀၀ပြည့် အရေးတော်ပုံနှစ် ဖြစ်ပါသည်။

၁၃၀၀ပြည့်နှစ် ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ကျောင်းသူ ကျောင်းသားများက ရန်ကုန်မြို့ အင်္ဂလိပ်အစိုးရ၏ အတွင်းဝန်ရုံးကြီးကို ဝိုင်းရံပိတ်ဆို့သပိတ်တားသည့် အရေးအခင်းကြီး ဖြစ်ပွားပေါ်ပေါက်လာပါသည်။

အတွင်းဝန်ရုံးကြီးမှာ ဗမာပြည်ကို အင်္ဂလိပ်ကိုလိုနီအစိုးရတို့က အုပ်ချုပ်လွှမ်းမိုးထားသော ဗဟိုရုံးချုပ်ကြီးဖြစ်ပါသည်။ ဗြိတိသျှအုပ်စိုးမှုကို အရိုက်ထိုးလိုက်သော ထိုးနှက်ချက်ဖြစ်ပါသည်။

ထို့ကြောင့်လည်း အင်္ဂလိပ်တို့က ကျောင်းသားများကို ရိုက်နှက်တိုက်ခိုက်ရာတွင် မြန်မာတိုင်းရင်းသား ပုလိပ် လက်နက်ကိုင်တွေ အသုံးမပြုဘဲ မျက်နှာဖြူ အင်္ဂလိပ်ဂေါ်ရာပုလိပ်တွေကိုသာ အသုံးပြုသည်။ မှတ်လောက်အောင်လည်း ဖိနှိပ်ရိုက်နှက်လိုက်မည်ဟု ဆုံးဖြတ်ထားပုံလည်းရသည်။

ကျနော်တို့ရန်ကုန်ကျောင်းသားများသည် အတွင်းဝန်ရုံးကြီးသို့ ထိုနေ့ (ဒီဇင်ဘာ ၂၀ရက်) နံနက်ခင်းစောစော (ရုံးမဖွင့်မီ) ရောက်လာကြပြီး အတွင်းဝန်ရုံးကြီး၏ သံတိုင်ခြံစည်းရိုးရှိ တံခါးပေါက်အားလုံးကို ပိတ်ဆို့သပိတ်တားကြပါတော့သည်။

ကျနော်တို့ ဆရာဖြစ်သင်ကျောင်းမှ တကျောင်းလုံး (လူ ၆၀ လောက်ရှိ) ကို အတွင်းဝန်ရုံးကြီး၏ဗဟို အဝင်ပေါက် ထွက်ပေါက်ကြီးတွင် သပိတ်တားရန် တာဝန်ကျပါသည်။ ၎င်းဗဟိုသံတံခါးပေါက်မှာ စပတ်လမ်းဘက်က ဖြစ်ပါသည်။

ကျောင်းသားများသည် အတွင်းဝန်ရုံးကြီးကို တဦးတယောက်မှ မဝင်နိုင်မထွက်နိုင်အောင် တားဆီးနိုင်ကြပါသည်။ ထိုနေ့ ရုံးမတက်နိုင်ကြတော့ပါ။

ကျနော်တို့၏ အတွင်းဝန်ရုံးသပိတ်တားဆီးမှုမှာ အားလုံးချောမောစွာ အောင်မြင်ထမြောက်ပြီးကြသဖြင့် နေ့လည် ၂ နာရီကျော် လောက်တွင် သပိတ်တားမှုကို ရုပ်သိမ်းပြီး အသီးသီးမိမိတို့ကျောင်းသို့ တပ်ဖွဲ့လိုက်ပြန်ကြရန်စီစဉ်ကြသည်။ ကျောင်းသားတပ်ဖွဲ့များ မပြန်မီ အတွင်းဝန်ရုံးကြီးကို အပြင်မှပတ်ပတ်တန်းစီပြီး ကျောင်းတပ်ဖွဲ့လိုက် လှည့်ပတ်ကြသည်။ ကြွေးကြော်သံများတိုင်တည်ပြီး လှည့်ပတ်ကြရာ ပထမ ရှေ့ဆုံးက တက္ကသိုလ် ကျောင်းသား တပ်ဖွဲ့ဖြစ်၍ ၎င်းနောက် ဒုတိယတပ်ဖွဲ့မှာ ကျနော်တို့ဆရာဖြစ်သင်ကျောင်း တပ်ဖွဲ့ဖြစ်သည်။ လှည့်လည်မှု တပတ်ပြည့်ခါနီး ကျနော်တို့သည် အတွင်းဝန်ရုံးကြီးနှင့် စိန့်ပေါလ်ကျောင်းအကြား အနော်ရထာလမ်းကြီးအတိုင်း ချီတက်လာရာ တပ်ဦး တက္ကသိုလ်ကျောင်းသားတပ်ဖွဲ့သည် အတွင်းဝန်ရုံးကြီးထောင့် အနော်ရထာလမ်းနှင့် စပတ်လမ်းဆုံသည့်ထောင့်သို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် စပတ်လမ်းအတိုင်း အင်္ဂလိပ်မျက်နှာဖြူ ဂေါ်ရာပုလိပ်များ အချို့မြင်းစီး၍လည်းကောင်း၊ အချို့ခြေလျင်ဖြင့်လည်းကောင်း သုံးလေးဆယ်လောက် (ထင်ရသည်) ပြေးဆင်းလာပြီး စပတ်လမ်း အတွင်း ရောက်နေသော ထိပ်ဆုံးမှ တက္ကသိုလ်ကျောင်းသားများ တပ်ဖွဲ့ကို ဝင်ပြီးရိုက်နှက်ဖြိုခွဲပါသည်။ ၎င်းတက္ကသိုလ်ကျောင်းသား တပ်ဖွဲ့နောက်က ကပ်ပါလာသော ဒုတိယကျောင်းသားတပ်ဖွဲ့ဖြစ်သည့် ကျနော်တို့ ဆရာဖြစ်သင်ကျောင်းသားတပ်ဖွဲ့ တပ်ဦးမှာ စပတ်လမ်းနှင့် အနော်ရထာလမ်းထောင့် စပတ်လမ်း၏ အရှေ့ဘက်နှုတ်ခမ်းသို့ ရောက်လာပြီ ဖြစ်၍ ပထမတက္ကသိုလ်ကျောင်းသား တပ်ဖွဲ့ကို မျက်နှာဖြူဂေါ်ရာများ နှင်းရိုက်နေသည်ကို ကျနော်တို့ကျောင်းတပ်ဦးက ကောင်းစွာ မြင်နေရသည်။ ကျနော်မှာ ကျနော်တို့ဆရာဖြစ်သင်ကျောင်း တပ်ဦးကဦးဆောင်လာသူဖြစ်၍ ထိုရိုက်ပွဲကို စပတ်လမ်း၏ အရှေ့ဘက် နှုတ်ခမ်းပေါ်က ကောင်းစွာမြင်တွေ့ နေရသည်။ တက္ကသိုလ်ကျောင်းသားတပ်ဖွဲ့မှ ကိုအောင်ကျော် ဆင့်ကာဆင့်ကာ အရိုက်ခံရပြီး လဲကျသွားသည်ကိုလည်း မြင်တွေ့ရသည်။

နောက်ကိုအောင်ကျော် လဲကျသွားပြီးနောက် တက္ကသိုလ်ကျောင်းသားတပ် ပြိုကွဲသွားပြီးသောအခါ ဂေါ်ရာပုလိပ်များက ဒုတိယတပ် ဖြစ်သော ကျနော်တို့ဆရာဖြစ်သင် ကျောင်းသားတပ်တက်သို့ လှည့်လာပြီး ဆက်ရိုက်ပါသည်။ ပြီးနောက် နောက်ကတပ်ဖွဲ့ အချို့ကိုလည်း ဆက်လက်ပြီး ရိုက်သွားကြသည်။

ထိုသို့ရိုက်ပြီး လူစုခွဲနေစဉ် အတွင်းဝန်ရုံး သံတိုင်ခြံစည်းရိုးအပြင်က ခါးလောက်နက်သည့် ရေမြောင်းထဲသို့ ဂေါ်ရာပုလိပ် နှစ်ယောက်လောက် အားလွန်ပြီးကျသွားရာ ကျောင်းသားအချို့က အပေါ်ကအုတ်ခဲတွေ ကျောက်ပြားတွေနှင့် ပေါက်သဖြင့် တယောက်လဲကျသွားသည်ကိုလည်း မြင်တွေ့လိုက်ရပါသည်။ နောင် အစိုးရကြေညာချက်တွင် ဂေါ်ရာပုလိပ်နှစ်ဦး သုံးဦး ဒဏ်ရာရကြောင်း ကြေညာတာ မှတ်မိပါသည်။

ဒီအကြားတွင် အတွင်းဝန်ရုံးကြီး ဝိုင်းရံသော ကျနော်တို့ကျောင်းသားတပ်ကြီး ပြိုကွဲသွားပါတော့သည်။

ကျနော်တို့ မိမိကျောင်းအသီးသီးမှ ဒဏ်ရာရကျောင်းသားများကို ကောက်ကြသည်။ ကျနော်တို့ကျောင်းမှ ဒဏ်ရာရသူ (၁၀) ယောက် နီးပါးလောက်ရှိရာ မိန်းကလေးကျောင်းသူထဲမှ တယောက်မှမပါချေ။ ကျနော်တို့ကျောင်းမှ ဒဏ်ရာရသူများထဲတွင် ကိုခင်မောင်ရွှေဟူသော ကျောင်းသားမှာ နည်းနည်းပြင်းသည်။ ကျောင်းသူတချို့မှာလည်း သွေးသံရဲရဲနှင့် ဒဏ်ရာရနေကြသော မိမိမိတ်ဆွေကျောင်းသားများကို ကြည့်ပြီး ငိုယိုကြသည်။

ဒဏ်ရာရသူ ကိုခင်မောင်ရွှေကိုတွေ့ရ၍ ကျနော်အံ့ဩပါသည်။ အကြောင်းမှာ ၎င်းသည် နောင်ဟာသစာရေးဆရာကြီးသော်တာဆွေ ဖြစ်လာမည့် ကျောင်းသားကိုကြင်မောင်ဆိုသူနှင့် အတွဲဖြစ်ပြီး ကျနော်တို့ကျောင်းသားလှုပ်ရှားမှုများတွင် မပါဝင်ကြဘဲ ဘေးထိုင်ခနေတတ်သူများ ဖြစ်သောကြောင့်ဖြစ်ပါသည်။ ကိုခင်မောင်ရွှေမှာ သော်တာဆွေလို ရုပ်ရည်ခန့်ညားချောမောသူ ဖြစ်သည်။

ကိုခင်မောင်ရွှေကို နောင်နှစ်ပေါင်းများစွာကြာမှ ကျနော်ထပ်ပြီးတွေ့ရသည်။ တွေ့ရပုံမှာ ၁၉၅၇ ခုနှစ်က ကျနော်တပ်မတော်မှ ထွက်ပြီးနောက် တရုတ်ဖြူများ ဒုတိယအကြိမ်ဗမာပြည်ကို ကျူးကျော်လာသဖြင့် ယင်းကို ဆန့်ကျင်တိုက်ထုတ်ရန် ပြည်သူတို့ကို လှုံ့ဆော်စည်းရုံးဖို့ ကျနော်သည် “တရုတ်ဖြူကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေးကော်မတီ” ဥက္ကဋ္ဌအဖြစ် တိုင်းပြည်တဝှမ်း လှည့်လည်ဟောပြော လှုံ့ဆော်ရာတွင် မြို့နာမည်မမှတ်မိသော ဗမာပြည်အလယ်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မြို့တမြို့ကဖိတ်ကြား၍ ရောက်သွားရာ ကျနော်တို့ကို ကြိုဆိုနေသော လူအစုထဲတွင် ၎င်းကျောင်းသားဟောင်း ကိုခင်မောင်ရွှေကို တွေ့ရတော့သည်။ ကျနော်တို့ ဝမ်းသာအားရ နှုတ်ဆက်မိကြသည်။

အတွင်းဝန်ရုံးရိုက်မှုပြီးနောက် ကိုအောင်ကျော်ကျဆုံး၍ ကိုအောင်ကျော်ဈာပနကို ကျောင်းသားများ လိုက်ပို့ကြရသည်။ ကိုအောင်ကျော် သည် ရန်ကုန်ဂျပ်ဆင်ကောလိပ်မှ ကျောင်းသားဖြစ်သည်။ ဈာပနတွင် ကိုအောင်ကျော့်မိခင်ကြီးက မိန့်ခွန်းတိုလေး ပြောကြားရာ လူတွေ အတော်စိတ်ထိခိုက်ကြသည်။

အတွင်းဝန်ရုံးတွင် ကျောင်းသားတွေ ရိုက်မှုကြီး ပြီးလျှင်ပြီးချင်း နိုင်ငံအဝှမ်းကျောင်းသားတွေ သပိတ်မှောက်လာကြတော့သည်။ ရန်ကုန်မြို့ ကျောင်းအားလုံးလည်း သပိတ်မှောက်လိုက်ကြတော့သည်။ ရန်ကုန်မြို့ကျောင်းသားများ သပိတ်စခန်းကို ရန်ကုန်မြို့ မြို့မကျောင်း ကြီးတွင် ဖွင့်လိုက်သည်။ မြို့မကျောင်းကြီးလည်း ကျောင်းလုံးပိတ်ထားသည်။ ရန်ကုန်မြို့ရှိ ကျနော်တို့ ကျောင်းအသီးသီးမှ သပိတ်မှောက် ကျောင်းသားခေါင်းဆောင်များနှင့်

နောက်လိုက်အချို့တို့သည် မြို့မကျောင်းကြီးသို့ ပြောင်းရွှေ့နေထိုင်ကြတော့သည်။ ထိုစဉ်က မြို့မကျောင်း သပိတ်စခန်းတွင် ကျောင်းသားသုံးရာ (၃၀၀) ကျော်လောက် ရှိမည်ထင်ရသည်။ ကျနော်တို့သည် ဓောင်ဘထည်ပိုက်ပြီး မြို့မကျောင်းကြီးသို့ ပြောင်းရွှေ့နေထိုင်ကြတော့သည်။ သပိတ်မှောက် ကျောင်းသူတွေကတော့ နေ့ကိုမြို့မကျောင်းလာပြီး ညတွင်မိမိတို့အိမ်ပြန်အိပ်ကြသည်။ များစွာသော သပိတ်မှောက် ကျောင်းသားများ ကိုယ့်အိမ်တွင်ပင် နေကြပြီး တခါတရံမြို့မကျောင်းသို့ လာတတ်သည်။ မြို့မကျောင်းသပိတ်စခန်း စားသောက်ရေးမှာ ရန်ကုန်မြို့အတွင်း အလှည့်ကျရပ်ကွက်လိုက် ထမင်းထုပ်များ ကောက်စားကြသည်။

အတွင်းဝန်ရုံးကျောင်းသား ရိုက်မှုကြီးကြောင့် တပြည်လုံးပြည်သူလူထု တုန်လှုပ်ချောက်ချားသွားပြီး နယ်ချဲ့အင်္ဂလိပ် အစိုးရကို မုန်းတီးမှုနှင့် ကျောင်းသားများအပေါ် များစွာချစ်ခင်လေးစားမှုကြီး တဟုန်ထိုးဖြစ်လာကြတော့သည်။ အထူးသဖြင့် ရန်ကုန်မြို့လူထုက နယ်ချဲ့အင်္ဂလိပ်အစိုးရကို ပြတ်ပြတ်သားသား မုန်းတီးပြီး ကျောင်းသားတွေကို ထောက်ခံလာကြသည်။

ကျောင်းသားခေါင်းဆောင်များက ကျောင်းသားအရေး ဒုတိယခြေလှမ်းအဖြစ် ရန်ကုန်ကျောင်းသားခေါင်းဆောင်များ တိုင်းပြည်တဝှမ်း နယ်အသီးသီးသို့ဆင်းကြပြီး ကျောင်းသားများ အရေးအခင်းဖြစ်ပျက်ပုံကို ပြည်သူလူထုအား တိုင်ကြား ဟောပြောမှုလုပ်ရန် စီစဉ်ကြသည်။

ထိုအတောအတွင်း သုံးဆယ်မြို့ ကျနော့်မိဘများက ကျနော်မြင်းအနင်းခံရသည် ကြားရပြီး ကျနော့်အဖေ ရန်ကုန်မြို့သို့ လိုက်လာကာ ကျနော့်ကိုမြို့မကျောင်းတွင် လာတွေ့ဆုံသည်။ ကျနော်က ခြေမကပတ်တီးကိုဖွင့်ပြပြီး ဒဏ်ရာဘာမှမကြီးကြောင်း ပြောရသည်။ အဖေက ကျနော့်ကိုသုံးဆယ်မြို့သို့ ပြန်ခေါ်သွားချင်နေသည်။ ခေါ်လို့မရနိုင်ကြောင်းလည်း သူသိပုံရသည်။ ထို့ပြင် တခြားဒဏ်ရာရသော ကျောင်းသားအချို့ ခေါင်း၊ လက်စသည်တို့တွင် ပတ်တီးများဖြင့် သွားလာလှုပ်ရှားနေကြသည်ကိုလည်း သူမြင်တွေ့နေရသဖြင့် ဘာမှမပြောဘဲ သုံးဆယ်မြို့သို့ ပြန်သွားပါသည်။

နယ်များသို့ ကျောင်းသားများ တရားဟောဆင်းရန် အစီစဉ်အရ ကျနော့်မှာတခြားကျောင်းသားနှစ်ဦးနှင့်အတူ ပုသိမ်ခရိုင်သို့သွားရန် တာဝန်ကျပါသည်။ ပုသိမ်မြို့သို့သွားပြီး ပုသိမ်မြို့အပါအဝင် အခြားမြို့ (၄) မြို့လောက်မှာ တရားဟောရသည်။ ပုသိမ်ခရိုင်ကျောင်းသားအဖွဲ့၏ အစီအစဉ်ဖြင့် လှည့်ပြီးဟောပြောရသည်။

ကျနော့်မှာ လူထုကိုတရားဟောဖူးသော အတွေ့အကြုံမရှိ ငယ်ငယ်ရွယ်ရွယ်ကျောင်းသားက လူထုကိုတရားဟောရမှာ ဖြစ်သည်။ ထိုစဉ်က ကျနော့်အသက် (၁၉) နှစ်အရွယ်သာဖြစ်ရာ အတော်ထိတ်လန့် ကြောက်ရွံ့နေသည်။

ကျနော်တို့သည် အဓိကကျောင်းသားများ အရေးအခင်းကိုသာ ဟောပြောရာ အဓိကအတွင်းဝန်ရုံး ကျောင်းသားများ အရိုက်ခံရသော အရေးအခင်းကိုသာ ပြောပြသည်။ ထိုကိစ္စမှာ လတ်လတ်ဆတ်ဆတ် ဖြစ်ပျက်သောကိစ္စ၊ ကျနော်တို့ စိတ်အထိခိုက်ဆုံးကိစ္စ၊ လူထုစိတ်အဝင်စားဆုံး ကိစ္စဖြစ်၍ စိတ်ပါလက်ပါ တိတိကျကျ အသေးစိတ်လည်း ပြောနိုင်သဖြင့် ပရိတ်သတ်လူထု အတော်စိတ်ဝင်စား ကြသည်။ တပွဲနှစ်ပွဲဟောပြောပြီးနောက် ကျနော်တို့ပြောဆိုမှု ရဲတင်းလာသည်။ နောက်ပိုင်းတွင် ကျနော်တို့ကျောင်းသား အရေးအခင်း သာမက ဗမာပြည်အပေါ် အင်္ဂလိပ်တို့ဘယ်လို သွေးစုပ် အမြတ်ထုတ်နေပုံတွေပါ ဗမာပြည်မှ ဆန်စပါးအပေါ် ဘယ်လိုဘယ်လောက် သွေးစုပ်သည်။ ကျွန်းသစ်၊ ရေနံ၊ ဓာတ်သတ္တုတွေအပေါ် ဘယ်လို ဘယ်လောက် သွေးစုပ်ကြသည်ကို ကျနော်တို့အထူးသဖြင့် "နဂါးနီ" စာအုပ်တိုက်ထုတ် စာအုပ်များမှ ဖတ်မိမှတ်မိသလောက်တွေပါ ထည့်ပြော တတ်လာ၍ တရားပွဲမှာ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး တရားပွဲကြီးဖြစ်လာပြီး လူထုကလည်း ကျနော်တို့ ကလေးတွေမှုသာ ဖြစ်သော်လည်း အတော် လေးစားချစ်ခင်လာကြပါသည်။

ကျနော်တို့ကျောင်းသားများ နယ်ထွက်၍တရားပွဲများ လုပ်ပြီးနောက် ရန်ကုန်ရှိတချို့ သပိတ်ကောင်းစွာ မမှောက်သေးသော ကျောင်းများ၏ ကျောင်းဝင်းပေါက်များတွင် သပိတ်မှောက် ကျောင်းသူကျောင်းသားများသွား၍ သပိတ်တားမှုများ လုပ်ကြ၏။ ကျောင်းလာသူတချို့ကို တားဆီးပြီး သပိတ်မှောက်ရန် ဟောပြောလှုံ့ဆော်ရသည်။

ကျနော်တို့ကျောင်းမှ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုမိုးမှာ သပိတ်စခန်းသို့မလာတော့သဖြင့် ကျနော်ကပင် ကျနော်တို့ ဆရာဖြစ်သင် ကျောင်းကို ခေါင်းဆောင်သွားရပေသည်။

ကျနော်တို့ ထိုသို့သပိတ်တားနေစဉ် ကျောင်းသားလှုပ်ရှားမှုကို တဆင့်တိုးသည့်အနေဖြင့် ကျောင်းသားများ အစာငတ်ခံဆန္ဒပြရန် ဆုံးဖြတ်ပြီး ကြေညာလိုက်သည်။ ထိုကိစ္စမှာ အလွန်ရဲဝံ့စွာ ဆုံးဖြတ်ကြရခြင်း ဖြစ်သည်။ ထိုသို့ကျောင်းသားများ အစာငတ်ခံဆန္ဒပြမည်ဟု ကြေညာလိုက်သောအခါ အင်္ဂလိပ်အစိုးရ အတော်ထိတ်လန့်သွားမည် ထင်ရသည်။ မြို့မကျောင်း ကျောင်းသားသပိတ်စခန်းကြီးတွင် အစာငတ်ခံကြတော့သည်။ အားလုံး တိတ်ဆိတ်သွားတော့သည်။ သို့ရာတွင် ပြည်သူတွေက ကျောင်းသားများ မကျန်းမမာဖြစ်လာမှာကို စိုးရိမ်ကြပြီး ချက်ချင်းပင် ထိုအစာငတ်ခံဆန္ဒပြမှုကို ဆန့်ကျင်ကြသည်။ အထူးသဖြင့် ရန်ကုန်လူထုနှင့် ကျောင်းသားမိဘတို့က ပို၍ဆန့်ကျင်ကြသည်။ လူထုဆန့်ကျင်မှု ကြီးမားလာသဖြင့် အစာငတ်ခံ ဆန္ဒပြမှုကို နှစ်ရက်ကြာလုပ်ပြီးနောက် ကျောင်းသားခေါင်းဆောင်များက ရပ်စဲလိုက်ရန်ဆုံးဖြတ်ပြီး ထိုအစာငတ်ခံဆန္ဒပြမှုကို ရပ်စဲလိုက်သည်။

ထို့နောက်ကျောင်းသားများသည် နေ့အခါ သပိတ်တားမှုများ သွားလုပ်ကြပြီး ညအခါ မြို့မကျောင်းကြီးတွင် စည်းဝေးပွဲနှင့် တရားပွဲများ လုပ်ကြသည်။

အချိန်မှာလည်း မိုးဦးကျစပြုလာပြီဖြစ်သည်။ ထိုအတွင်း အင်္ဂလိပ်အစိုးရက ကျောင်းသားများ တောင်းဆိုထားချက်များအပေါ် စေ့စပ်ဆွေးနွေးရန် ကျောင်းသားခေါင်းဆောင်များကို စည်းဝေးရန်ဖိတ်ကြားသဖြင့် ကျောင်းသားခေါင်းဆောင်များနှင့် အစိုးရမျက်နှာချင်းဆိုင် အစည်းအဝေး ထိုင်ကြရသည်။

ကျောင်းသားများနှင့် အစိုးရစည်းဝေးပွဲကို တနိုင်ငံလုံးအာရုံစိုက်နေကြသည်။ ကျနော်တို့လည်း များစွာအာရုံစိုက် မျှော်လင့်နေကြသည်။ ရက်အချို့ကြာ အကြိတ်အနယ် ဆွေးနွေးကြပြီးနောက် ဆွေးနွေးပွဲပြီးပြီ။ ကျောင်းသားများကျေနပ်ကြပြီ၊ ကျောင်းသားသပိတ်ကြီး လှန်တော့မည်ဟူသော သဘောထားဖြစ်သည့် သတင်းကြေညာချက်ထွက်လာတော့သည်။ ဤအစည်းအဝေးတွင် ကျနော်တို့တောင်းဆိုချက်နှင့် ရရှိချက် အချက်အလက်များကို ကျနော်မမှတ်မိတော့ချေ။

ထိုသတင်းကြောင့် မြန်မာပြည်ရှိ ကျောင်းသားများအပါအဝင် ပြည်သူတရပ်လုံးက ကျောင်းသားများစည်းဝေးပွဲတွင် ကျေနပ်ကြပြီ၊ ကျောင်းသားသပိတ်လှုပ်ရှားမှုကြီး အောင်ပွဲရပြီ၊ သပိတ်လှန်တော့မည် ယူဆကြပြီး များစွာမျော်ရွှင် ဝမ်းမြောက်ကြသည်။

နောက်ကျနော်တို့သည် ကျနော်တို့တောင်းဆိုချက်နှင့် ရရှိချက်တို့ကို သိရှိလာသောအခါ ကျနော်အပါအဝင် အချို့က မကျေမနပ်မှုများ ဖြစ်လာသည်။ နောက်ဆုံးတွင် ရန်ကုန်မြို့ကျောင်းပေါင်းစုံ၏ သပိတ်ခေါင်းဆောင်နှင့် မြို့မကျောင်းသားအဖွဲ့ ခေါင်းဆောင် ကိုသန်းတင်ကိုယ်တိုင်ပါ မကျေမနပ်ဖြစ်တော့သည်။

ထိုအခြေအနေတွင် အကြောင်းတခုကို ဖော်ပြရန်ရှိပေသည်။ ၎င်းမှာ အစိုးရက ယခုနှစ်စာမေးပွဲများကို လအချို့ နောက်ရွှေ့ပြီး စစ်ဆေးရန် စီစဉ်သည်။ ယင်းအစီအစဉ်မှာ သပိတ်မှောက်ကျောင်းသားများ စာမေးပွဲဝင်ဖြေနိုင်ရန်အတွက်ဖြစ်သည်။ သပိတ်မှောက် ကျောင်းသားများအတွက် အကျိုးရှိသည်။ ၎င်းကိုကျောင်းသားများက တောင်းဆိုလို့ပေးတာလား သို့မဟုတ်အစိုးရက လက်တွေ့အရလဲဖြစ်ပြီး သပိတ်မှောက်ကျောင်းသားများကို သွေးဆောင်ရည်ရွယ်ပြီးလုပ်သလား ကျနော်မသိတော့ပေ။

ကျောင်းသားများသပိတ်လှန်ရေးကိစ္စ နောက်ဆုံးတွင် မြို့မကိုသန်းတင် ခေါင်းဆောင်ပြီး ရန်ကုန်ကျောင်း ၄ –၅ ကျောင်းမှ ကျောင်းသား ခေါင်းဆောင်များက သပိတ်မလှန်ဘဲ ဆက်မှောက်ရန် ဆုံးဖြတ်ကြသည်။ အများစုကြီးကတော့ ဆုံးဖြတ်ချက်အတိုင်း သပိတ်လှန်ရန် သဘောတူကြသည်။

ထို့နောက် ကျနော်တို့အချင်းချင်း ငြင်းကြခုံကြတော့သည်။

ထိုအတွင်း ကျနော်မှာသပ်ပန်းခြင်း၊ စိတ်ဓာတ်ထိခိုက်ခြင်းတို့ကြောင့် အဖျားနည်းနည်းဝင်လာပြီး နေမကောင်းဖြစ်လာ၍ အမေ့အိမ်ပြန်ပြီး ဆေးကုနေရသည်။

အိမ်တွင် ၃ –၄ ရက်ခန့်ကြာ အနားယူပြီး နည်းနည်းသက်သာလာတာနဲ့ ချက်ချင်းပင်သပိတ်စခန်းရှိရာ မြို့မကျောင်းသို့ ပြန်သွားသည်။

မြို့မကျောင်းသို့ရောက်သောအခါ ကျနော့်မှာ များစွာစိတ်ထိခိုက်ပြီး (အင်အားလဲနည်းနေသဖြင့်) အရုပ်ကြိုးပြတ်မတတ် ဖြစ်သွားတော့သည်။ အကြောင်းမှာ မြို့မကျောင်းမှာ သပိတ်စခန်းမဟုတ်တော့ဘဲ ကျောင်းပြန်ဖွင့်နေပြီး ကျောင်းသားများ ကျောင်းတက်နေကြတာကို တွေ့ရတော့သည်။ ကျနော်ကြီးစွာ ဝမ်းနည်းမကာလက်ဖြစ်ရသည်။

ထိုမှသိရသည်မှာ ကိုသန်းတင်တို့သပိတ်စခန်းသည် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဟောန်းစောင်းတန်းရှိ ဇရပ်တဆောင်သို့ ပြောင်းရွှေ့သွားပြီဟု သိရသည်။ ကျနော်ထိုနေရာကိုလိုက်သွားပြီး သပိတ်ဆက်မှောက်နေသော ကိုသန်းတင်တို့ အဖွဲ့နှင့် ပြန်ပေါင်းဆုံမိတော့သည်။ ကျနော်တို့ အဖွဲ့မှာလည်း လူ ၁၄ –၅ ယောက်ခန့်သာ ရှိတော့သည်။

ထိုကျောင်းသားသပိတ်ကြီးအတွင်း ကျနော်မမေ့နိုင်ဘဲ မှတ်မိနေသူသပိတ်မှောက်ဖက်ကျောင်းသားတဦး ရှိပါသည်။ ထိုသူမှာ ရခိုင်အမျိုးသားတဦးဖြစ်သူ မြို့မကျောင်းသား ကိုမြတ်သာအောင်ဆိုသူ ဖြစ်ပါသည်။ သူက ဘဏ္ဍာရေးမှူးတာဝန်ယူထားသူ ဖြစ်ပါသည်။ အလွန်ရိုးသားဖြောင့်မတ်ပြီး စည်းကမ်းတကျရှိသူမို့ ကျနော်တို့ကျောင်းသားများ အဝန်းအဝိုင်း အတွင်းမှာတောင် ပေ့ာ ငွေရေးကြေးရေးဆိုရင် ရခိုင်သားဘဲထားကွ ဟူသောစကားတောင် တွင်ခဲ့ဖူးပါသည်။

ကျနော်တို့ ထိုဟောန်းဇရပ်သပိတ်စခန်းတွင် ရက်အချို့ကြာပြီးနောက် ကျနော်တို့ အခြေအနေကို စဉ်းစားလာကြတော့သည်။ ဗမာတပြည်လုံး ရန်ကုန်မြို့ကပြီး ကျောင်းတွေပြန်ဖွင့်နေကြပြီ။ ဘယ်ကျောင်းမှ သပိတ်ဆက်မှောက်ခြင်း မရှိတော့ချေ။ ကျနော်တို့ လူနည်းစုကလေးမှာ သပိတ်တားလို့လည်းမဖြစ်ဘဲ ဘာမှအလုပ်မရှိသလို ဖြစ်လာသည်။ သပိတ်ဆက်မှောက်နေသော ကျနော်တို့ကို ဗမာပြည်လူထုနှင့် ကျောင်းသားအများစုကြီးကပင် မထောက်ခံတော့တဲ့ အခြေအနေဖြစ်နေပြီ ဖြစ်သည်။ ကျနော်တို့ကို မြန်မာသတင်းစာများ အနက် "ဆယ်သန်း"ဟု ထင်ရသော သတင်းစာတစောင်ကသာ ကျနော်တို့အပေါ် ကြင်နာစွာ ထောက်ခံရေးသားနေတာ မှတ်မိသည်။ ပြည်သူနှင့် ကျောင်းသားထု၏ ထောက်ခံမှု မရတာအဆိုးဆုံး ဖြစ်သည်။ နောက်သပိတ်ကိစ္စများတွင်လည်း တောင်းဆိုတိုင်း ကြေတာမဟုတ်ဆိုတာ စဉ်းစားမိသည်။ ကျနော်တို့တောင်းဆိုချက်တွေ အကုန်မရသော်လည်း ကျနော်တို့ ကျောင်းသားများ၏ ပြီးခဲ့သောလှုပ်ရှားမှုတိုက်ပွဲမှာ ဗမာပြည် ဗြိတိသျှနယ်ချဲ့အစိုးရအဖို့ ကြီးစွာထိုးနှက်ခံရပြီး များစွာအထိနာသွားပြီဟုလည်း ကျနော်တို့ နားလည်လာကြသည်။

ထို့ကြောင့် ကျနော်တို့တချို့သည် လူထုကလည်းမထောက်ခံ ဘာမှလည်းဆက်လုပ်လို့ မရပြီဖြစ်၍ ကျနော်တို့ သပိတ်မှောက်မှု လုပ်ငန်းကို ရပ်တန့်ကရပ်သင့်ပြီလားဟု စဉ်းစားမိလာကြသည်။ ကျနော်တို့ထိုစဉ်က များစွာဝမ်းနည်း စိတ်ရှုပ်တွေး နေကြသည်။

နောက်ဆုံးကျနော်တို့အထဲမှ အများသည် သပိတ်မှောက်မှုကို အဆုံးသတ်ကြပြီး မိမိတို့အိမ်ကိုပြန်ကြရန် ဆုံးဖြတ်ကြတော့သည်။ နောက်ဆုံး ဟောန်းဇရပ် သပိတ်စခန်းကိုစွန့်ခွာပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြတော့သည်။

ကျနော်အိမ်ပြန်ရောက်ပြီးနောက် ဦးနှောက်ရှုပ်တွေးပြီး ဝမ်းနည်းနေမှုများကို ပယ်ရှားလိုက်ပြီး ကျောင်းပြန်တက်ဖို့ ဆုံးဖြတ်လိုက်သည်။ မိဘများဘက်ကိုလည်း စဉ်းစားမိသည်။ မိဘများမှာ ချောင်လည်ကြသူများမဟုတ်။ ကျနော်စာမေးပွဲ တနှစ်မအောင်လျှင် မိဘတွေတနှစ် ငွေပို၍ ကုန်ကျရမည်ကိုလည်း စိုးရိမ်လာသည်။

ထို့ကြောင့်ကျောင်းပြန်တက်ပြီး ကျန်သေးသော ၂ လ၊ ၃ လ အတွင်း စာတွေဖိကြိုးစားခဲ့သည်။ ထို့ကြောင့် နောက်ဆုံးအစိုးရ အထက်တန်းဆရာဖြစ် စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ခဲ့သည်။

မကြာခင် ကျောင်းအောင်စာရင်းများ ထွက်လာသောအခါ ကျနော်တို့သပိတ်မှောက်ကျောင်းသားအများစု ကျနော်အပါဝင် အားလုံးလိုလို အောင်မြင်ကြသည်။ ကျနော်တို့ကျောင်းအုပ်ဆရာကြီး ဦးညိုပုက နောင်တွင်ကျနော်တို့ကို ပြောတာက သပိတ်မှောက် ကျောင်းသားတွေဟာ ကျောင်းတက်ပျက်ခဲ့သော်လည်း သပိတ်အတွင်းတွင် လူမှုရေးအတွေ့အကြုံ သင်ခန်းစာတွေ များစွာရရှိကြပုံရသည်။ ဒါတွေက စာမေးပွဲကို အထောက်အကူပြုဟန်ရှိသည်။ စာမေးပွဲအအောင် များကြသည်ဟု ပြောသည်။

ကျနော်သည် ဆရာဖြစ်စာမေးပွဲဖြေပြီး အောင်စာရင်းအထွက်ကို စောင့်နေစဉ် ကျနော့်ဘဝကို ပြန်လည်သုံးသပ်မိသည်။ ၁၉၃၀ ပြည့်အရေးတော်ပုံအတွင်း ကျနော်တို့ကျောင်းသားများ လှုပ်ရှားမှုတိုက်ပွဲက ကျနော်၏ နိုင်ငံရေးအတွေးအခေါ် အယူအဆကို ကြီးစွာတဆင့် တိုးတက်မြင့်တင်စေခဲ့ပါသည်။ ၎င်းမှာ ယခုအခါမြန်မာ မျိုးချစ်ပြည်ချစ်တို့၏ တာဝန်သည် ဗြိတိသျှအင်္ဂလိပ်တို့၏လက်အောက်မှ မြန်မာ့ လွတ်လပ်ရေးကို မုချပြန်ရအောင်တိုက်ယူရမည့် တာဝန်ဖြစ်သည်ဟု ဖြစ်ပါသည်။

မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲကြီး ပါဝင်ဆင်နွှဲရန်ဆိုလျှင် မိမိတို့သည် ဗမာပြည်နိုင်ငံရေးပါတီတခုခုတွင် ပါဝင်ပြီး ဆင်နွှဲမှ ဖြစ်မည်ကို နားလည်လာသည်။ လက်ရှိ ဗမာပြည်နိုင်ငံရေးပါတီများတွင် ဗမာ့လွတ်လပ်ရေးတိုက်ပွဲအတွက် အားထားစိတ်အချရဆုံး ခေါင်းရွက်မည့် နိုင်ငံရေးပါတီမှာ ထိုစဉ်က "တို့ဗမာအစည်းအရုံးသခင်ပါတီကြီး" သာရှိသည်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် ကျနော်နှင့်သူငယ်ချင်း ကိုကြည်ညွန့် (နောင် ဗိုလ်ကျော်ဆန်း) သူငယ်ချင်းနှစ်ယောက်တို့သည် ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ တို့ဗမာသခင်အစည်းအရုံးဌာနချုပ်သို့ သွားကြပြီး တို့ဗမာသခင်အစည်းအရုံးအသင်းသို့ သခင်အသင်းသားအဖြစ် အသင်းဝင်ကြသည်။ ကျနော်တို့သည် အသင်းဝင်ကြေးအဖြစ် တဦးကိုငွေတမတ်စီ ပေးဆောင်ခဲ့ရသည် ထင်ပါသည်။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံး သခင်ပါတီဌာနချုပ်သို့ ထိပ်တင်ကိုယ်တော်ကြီးဆိုသော ပုဂ္ဂိုလ်ရောက်၍ ဧည့်ခံစကားပြောနေကြသည် ထင်ပါသည်။

ကျနော်တို့ တို့ဗမာအစည်းအရုံးဌာနချုပ်မှ ထွက်လာသောအခါ အလွန်စိတ်လက်ပေါ့ပါး ရွှင်လန်းလာကြပါသည်။

ကျနော်သည် ဟဲရားဂရိတ်ခေါ် မြန်မာအထက်တန်းဆရာဖြစ်သင် စာမေးပွဲအောင်ပြီးခဲ့ပြီး မြန်မာလိုပညာရေးအရ ရှေ့ဆက်သင်စရာ အတန်းကျောင်းမရှိတော့ပေ။

ထိုအချိန်တွင် ကျနော့်မှာ ပညာဗဟုသုတလဲ အတော်ပြည့်စုံကြွယ်ဝလာသဖြင့် အင်္ဂလိပ်စာ တတ်ချင်သောစိတ် အတော်ပြင်းထန်နေပါသည်။ ရန်ကုန်မြို့တွင် ကိုယ်ပိုင်အင်္ဂလိပ်စာတဘာသာ အလွတ်ပညာသင်တန်း ဖွင့်ထားသော "အိမ်ကျောင်း" တချို့ ရှိပါသည်။ ထိုကျောင်းကလေးများတွင် အင်္ဂလိပ်စာတဘာသာကို ဆက်ပြီးသင်ကြားလိုသောဆန္ဒ ရှိပါသည်။

သို့ရာတွင် ကျနော်မိဘတို့က ကျနော်ဟာ မြန်မာအထက်တန်းကျောင်း ဆရာလဲဖြစ်လာပြီ၊ သင်စရာအတန်းလဲဆုံးပြီ၊ အသက်မွေး ဝမ်းကြောင်း လုပ်ကိုင်စားသောက်နိုင်ပြီဖြစ်၍ အင်္ဂလိပ်စာသင်ကျောင်း ဆက်မထားလိုဘဲ မိဘများထံ ပြန်လာရန်သာ ပြောပါတော့သည်။ နောက် မိဘများက ကျနော်ရန်ကုန်တွင် ကျောင်းသားသပိတ်ခေါင်းဆောင် လုပ်ခဲ့သဖြင့်လည်း ရန်ကုန်မြို့တွင် ကြာကြာနေပါက ကျနော် လူလည်ကြီး တယောက်ဖြစ်သွားမှာလည်း စိုးပုံရသည်။ ထို့ကြောင့် ကျနော်ကျောင်းဆက်နေရေး ဆက်ပြောသော်လည်း မရတော့ပြီဖြစ်၍ ကျနော်သုံးဆယ်မြို့ ဇာတိဆိုင်းစုရွာသို့ မိဘများထံပြန်ခေါက်ခဲ့ရပါသည်။ ကျနော့် ပညာရေးအတွက် ဝမ်းနည်းစွာနှင့် မိဘများထံ ပြန်ခဲ့ရပါသည်။

(၃)

ကျနော်မိမိဇာတိ ပြန်ရောက်ပြီး ဘာမှလည်းအထွေအထူး အလုပ်မရှိသဖြင့် အင်္ဂလိပ်စာကို ဆက်ပြီးသင်ရန် ကြိုးစားပါသည်။ သုံးဆယ်မြို့တွင် နေထိုင်သော အင်္ဂလိပ် – မြန်မာကျောင်းဆရာ ဆရာပိုင်ဟုခေါ်သော ဆရာတယောက်နှင့် သိကျွမ်းလာပြီး ကျနော့်ကို အင်္ဂလိပ်စာ သင်ကြားပေးပါရန် ပန်ကြားပါသည်။ ဆရာကလည်းသဘောကောင်း၍ သင်ကြားပေးရန် သဘောတူသဖြင့် ဆရာအားလပ်ချိန် ဆရာ့အိမ်ကိုသွားပြီး အင်္ဂလိပ်စာ ဆက်သင်ပါသည်။

သို့သော် ဆရာပိုင်မှာ ကိုယ်ရေးကိစ္စများ၍ အချိန်သိပ်မပေးနိုင်လို့ စာသင်ချိန်နည်းပါးသည်ကတကြောင်း၊ နောက် ဆရာပိုင်မှာ သက်ကြီး အရွယ်များ ပညာသင်ကြားပေးရသောနည်းနာ မကျွမ်းကျင်၍တကြောင်းတို့ကြောင့် ကျနော် အင်္ဂလိပ်စာသင်ကြားမှုမှာ သိပ်ထိထိရောက်ရောက် မရှိလှပါ။ သို့သော် ကျနော်ဤအတိုင်း ဆက်လက်သင်ကြားသွားပါသည်။

ထိုအတွင်း သုံးဆယ်မြို့မြောက်ပိုင်း ဆင်ခြေဖုံးရှိ ပန်းအွဲရွာ မြန်မာစာသင်ကျောင်းတွင် မူလတန်းဆရာတယောက် ကိစ္စဖြင့် ခွင့် ၂ လ ယူပါသည်။ ထိုကျောင်း၏ ကျောင်းအုပ်ဆရာကြီးက ကျနော်နှင့်သိရှိနေပြီး ကျနော့်ပညာရေးအခြေအနေအကြောင်းလည်းသိနေ၍ ကျနော့်ကိုထိုနေရာသို့ ခေတ္တယာယီဆရာဝင်လုပ်ရန်လာပြီး ပြောပါသည်။ ကျနော့်ကိုသာမက ကျနော့်မိဘများအိမ်သို့ပါ လိုက်လာပြီး မိဘများကိုပါ ပြောပါသည်။ သို့ဖြင့် ထိုကျောင်းတွင် ကျနော်မူလတန်းပြဆရာ ယာယီဝင်လုပ်ပါတော့သည်။

ထိုကျောင်းမှ ဆရာများကလည်း ကျနော်ရန်ကုန်က အထက်တန်းဆရာဖြစ် စာမေးပွဲအောင်လာသူဖြစ်၍ လေးစားကြပါသည်။ နေ့လည်လက်ဖက်ရည်သောက်ချိန်တွင် ထိုဆရာများကိုကျနော်က နိုင်ငံရေးတရားများ ဟောပြောပါတော့သည်။ ဆရာများမှာ တဖြည်းဖြည်း စိတ်ဝင်စား နှစ်ခြိုက်လာကြပါသည်။ ကျနော့်ကိုလည်း များစွာလေးစားလာကြပါသည်။ ကျနော်လည်း နောက်ဆုံးခွင့်ရက် ကုန်ဆုံးသည်အထိ ထိုဆရာများနှင့် ရင်းနှီးစွာဟောပြောသွားပါတော့သည်။

ထိုအတောအတွင်း သာယာဝတီမြို့တွင် တို့ဗမာသခင်အစည်းအရုံးမှ လူထုတရားပွဲတပွဲလုပ်ရာ ကျနော်သွားပြီး တက်ပါသည်။ တရားပွဲတွင် စီမံလုပ်ကိုင်နေသော ခေါင်းဆောင်လူကြီး သခင်ခင်အောင်အား ကျနော်ကဝင်ပြီး ကျနော်သခင် အသင်းဝင်ဖြစ်ကြောင်းနှင့် ကျနော့်အကြောင်းတို့ကို မိတ်ဆက်ပြီး ကျနော်သာယာဝတီခရိုင် တို့ဗမာအစည်းအရုံးတွင် အကူအညီ ပေးလိုကြောင်းပြောရာ သခင်ခင်အောင်က များစွာသဘောကျသဖြင့် ယခုတရားပွဲမှာ ကျနော်တို့သခင်အသင်းဝင်တွေချည်း ဖြစ်တယ်။ ခင်ဗျားနည်းနည်းတက်ပြီး ဟောပြောပါလားဟု ပြောရာ ကျနော်သဘောတူပြီး မကြာခင် သခင်ခင်အောင်က ကျနော့်ကို လူထုနှင့် မိတ်ဆက်ပေးပြီး တရားတက်ဟော ခိုင်းပါသည်။

ကျနော်ကတွက်ပြီး ယခုမြန်မာပြည်ကို အင်္ဂလိပ်နယ်ချဲ့တို့ လာသိမ်းပိုက်ပြီး ကျွန်လုပ်ထားကြောင်း၊ ကျနော်တို့ထံမှ ပစ္စည်းတွေကို ခေါင်းစုပ်နေကြောင်း၊ ကျနော်တို့အင်္ဂလိပ်အောက်မှ လွတ်မြောက်အောင် အင်္ဂလိပ်တွေကို တိုက်ထုတ်ကြရမည် ဖြစ်ကြောင်းတို့ကို ပွင့်ပွင့် လင်းလင်းဟောပြောရာ လူထုကတော်တော်သဘောကျကြပါသည်။ ထို့မှပြီး သာယာဝတီခရိုင် တရားပွဲများတွင် ဟောပြောရန် ကျနော့်ကိုဖိတ်ပါသည်။ ထိုတရားပွဲတွင် ကျနော်တို့ရွာမှ သခင်များလည်း တက်ရောက်သဖြင့် ရွာပြန်ရောက်သောအခါ ၎င်းတို့ကကျနော့်ကို လေးစားလာကြပါသည်။

ကျနော့်ဇာတိတွင် ကျနော်နေထိုင်စဉ် ကိုယ်ရေးကိုယ်တာကိစ္စတခု ဖြစ်ပျက်လာပါသည်။ သုံးဆယ်မြို့တွင် ကျနော်တို့နှင့် ဆွေမျိုးနီးစပ် တော်သော သာယာဝတီအရေးပိုင်ရုံး ရုံးအုပ်စာရေးကြီး ဦးဘအုံး–ဒေါ်တင်တို့အိမ်ရှိပါသည်။ ကျနော်မှာ ထိုအိမ်သို့ဝင်ထွက် သွားလာနေပါသည်။ သူတို့တွင် ကျနော့်ထက်အသက် ၂ နှစ်မျှငယ်သော သမီးတယောက်နှင့် သားငယ်တယောက် ရှိပါသည်။ သမီးမှာ မသန်းစိန်ဆိုသူ ဖြစ်ပါသည်။ မိဘများက သမီးမူလတန်းအောင်ပြီးနောက် ကျောင်းဆက်မထားဘဲ အိမ်မှာပဲထားပါသည်။

ကျနော်နှင့် မသန်းစိန်မှာ ရင်းနှီးသိကျွမ်းလာ၍ ကျနော်က နိုင်ငံရေးတရားတွေ ဟောပြောပြီး နိုင်ငံရေးစာအုပ်များလည်း ပေး၍ ဖတ်စေခဲ့ပါသည်။

မသန်းစိန်နှင့် ကျနော်မှာ ရင်းနှီးခင်မင်လာပြီး ဘာကြောင့်မှန်းမသိ တဦးနှင့်တဦးစိတ်ရင်း သဘောထားခြင်း တူညီလာသည်ကို တွေ့ရပါသည်။ နောက် တဦးနှင့်တဦး ခင်မင်ရာက မေတ္တာရှိလာကြပါသည်။ ကျနော်က မေတ္တာရှိကြောင်း ဖွင့်ပြောပြီးနောက် မကြာခင်ပင် သမီးရည်းစား ဖြစ်လာပါတော့သည်။ ကျနော်တို့များစွာ ပျော်ရွှင်မိကြပါသည်။

ကျနော်သည် သခင်ခင်အောင်တို့နှင့်ပေါင်းပြီး ကျနော့်ဇာတိရွာတွင် တို့ဗမာအစည်းအရုံးသခင်ပါတီ၏ ဗမာ့လက်ရုံးတပ်ကလေးတခုကို လူ ၁၄-၅ ယောက်ဖြင့် စတင်ထူထောင်ပါသည်။ ကျနော့်မှာ ရဲတပ်စစ်လေ့ကျင့်ခန်းသာ တက်ဖူးပြီး ဗမာ့လက်ရုံးတပ် စစ်သင်တန်းမတက်ဖူး၍ စစ်သင်တန်းပေးရန် သခင်ခင်အောင်ကို အကူအညီတောင်းရာ သခင်ခင်အောင်က သူတို့အိမ်တွင် အတူနေသော သခင်သန်းတင်ဆိုသော ရဲဘော်တယောက်ကို စေလွှတ်ပြီး သင်တန်းပေးစေပါသည်။ ထိုသခင်သန်းတင်ဆိုသည်မှာ နောင် ကျနော်နှင့် ဂျပန်စစ်ပညာသင်သွားဘက် ရဲဘော် ဖြစ်ပါသည်။

ကျနော်ထိုသို့နေထိုင်ရင်း မိမိသည်လုပ်ငန်းကြီးများကို လုပ်ရတော့မည်ကို သိနားလည်လာပါသည်။ ထိုစဉ်က ကျနော် အင်္ဂလိပ်စာ မတတ်သေးသည်ကို တွေးမိပြီး များစွာစိတ်အားငယ်လာပါသည်။ အင်္ဂလိပ်စာမတတ်မချင်း မိမိလူ့ဘဝမပြည့်စုံသေးဟု ယူဆပြီး များစွာ စိတ်အားငယ်ခဲ့ပါသည်။

ကျနော့်ကို အင်္ဂလိပ်စာသင်ရန် အကြီးအကျယ်လှုံ့ဆော်လာသော အကြောင်းမှာ ၁၃၀၀ ပြည့်အရေးတော်ပုံ ကျောင်းသား အရေးအခင်း လှုပ်ရှားမှုတွင် ဖြစ်ပါသည်။ နောက် ယခုသာယာဝတီခရိုင်တွင် နိုင်ငံရေးစတင် လုပ်ဆောင်လာသောအခါ ထိုစိတ်ဓာတ် ထပ်မံပြင်းထန်လာပါသည်။

ထိုအတွင်း **B.A.B.Ed** ဆရာဖြစ် ဘွဲ့ရဆရာမကြီးဒေါ်မမက ရန်ကုန်မြို့တွင် အင်္ဂလိပ်စာအလွတ်သင် ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်သင်ကြား နေရာ တော်တော်အောင်မြင် ကောင်းမွန်နေသည့် သတင်းကိုလည်း ကျနော်ကြားသိလာရာ ထိုအခွင့်ကောင်းကြုံကိုက် ထိုကျောင်းသို့ကျနော်သွားရောက် သင်ကြားလိုစိတ် ပြင်းထန်လာသည်။

ထို့ကြောင့် ကျနော့်မိတ်များကို ထိုအကြောင်းတွေတင်ပြပြီး ကျနော်ရန်ကုန်သွား၍ ထိုကျောင်းတွင် အင်္ဂလိပ်စာသင်လိုကြောင်း ပန်ကြား ပြောဆိုပါသည်။ မိတ်များက ကျနော်ရန်ကုန်ကိုသွားပြီး ထပ်မံကျောင်းနေမှာကို နည်းနည်းမှ သဘောမတူပါ။ သို့သော် ကျနော်က ထိုအခွင့်ကောင်းများ ကြုံဖို့မလွယ်ကြောင်း ကျနော်အင်္ဂလိပ်စာတတ်မှ ကျနော့်ဘဝပိုအဆင်ပြေ ပြည့်စုံမည်ဖြစ်ကြောင်း ဖွံ့နှင့်အကြိမ်ကြိမ် ပြင်းထန်စွာ တောင်းပန် ပြောကြားလာရာ မိတ်များမှာ ကျနော့်အပေါ် သနားလာသည် ထင်သည်။ နောက်ဆုံးခွင့်ပြုတော့သည်။

ခွင့်ရလျှင်ရချင်း ကျနော်ရန်ကုန် ကြည့်မြင်တိုင်ရှိ အဒေါ်အိမ်ကိုသွားပြီး ဆရာမကြီးဒေါ်မမ၏ အင်္ဂလိပ်စာ အလွတ်သင်ကျောင်းသို့ အမြန်တက်ရောက်သင်ကြား ပါတော့သည်။

ကျနော် ရန်ကုန်မသွားမီ သာယာဝတီရှိ သခင်ခင်အောင်ထံသွားပြီး ကျနော် ခေတ္တရန်ကုန်ကျောင်း သွားနေမည့်အကြောင်း သတင်းသွားပို့ခဲ့ပါသည်။

ဆရာမကြီးဒေါ်မမသည် ကျနော်၏ စာသင်ကြားရေး စိတ်အားထက်သန်မှုကို သဘောကျပုံရပြီး သူကိုယ်တိုင် ကျနော့်ကို အင်္ဂလိပ်စာ တနေ့ကို ၁နာရီခွဲ ၂နာရီမျှ သင်ကြားပေးပါတော့သည်။

ကျနော်သည် အင်္ဂလိပ်စာသင်ရင်း တနေ့တနေ့တွေ့ရသော အင်္ဂလိပ်ဝေါဟာရ စကားလုံးအသစ် အလုံး ၂၀ လောက်၏ အဓိပ္ပာယ်များကို အလွတ်မခံ အကုန်ညက်ညက်ကျေအောင် ကျက်မှတ်လေ့ကျင့်ပါသည်။

ကျနော်၏ အင်္ဂလိပ်စာသင်ကြားမှုမှာ လျင်မြန်စွာတိုးတက်လာနေပါသည်။ ယခုကဲ့သို့ စာကိုအားခဲသင်ကြားနေစဉ် တဖက်ကလည်း အဒေါ်အိမ်မှ အိမ်မှုလုပ်ငန်းများလည်း ကူညီလုပ်ကိုင်နေရရာ ကျနော့်အဖို့တနေကုန် အားလပ်ချိန်မရှိ ပင်ပန်းနွမ်းနယ်နေပါသည်။ သို့သော် ကျနော်၏ စိတ်အားထက်သန်မှုကြောင့် ရွှင်ရွှင်လန်းလန်းရှိနေပါသည်။

ဤသို့နှင့် ကျနော်သင်ကြားလာရာ ၆လမျှကြာသောအခါ ကျနော့်အင်္ဂလိပ်စာမှာ တဟုန်ထိုး သိသာထင်ရှားစွာ အောင်မြင်တိုးတက် လာပါတော့သည်။ ကျနော်ဤအတိုင်း သင်ကြားသွားပါလျှင် နောက် ၆ လကြာလျှင် ကျနော်မှုချ အင်္ဂလိပ်စာတတ် ပုဂ္ဂိုလ်ဖြစ်တော့မည်ဟု ကောင်းစွာယုံကြည်လာပါတော့သည်။ လူလည်းထက်သန် တက်ကြွနေပါတော့သည်။ ကျနော့်ဦးနှောက်လည်း တော်တော်ကောင်းနေသည် ထင်ပါသည်။

ကျနော်ထိုနေ့ကို ကောင်းစွာမှတ်မိနေပါသည်။ ၁၉၄၁ ခုနှစ် ဧပြီလဆန်း ၈ ရက်ဖြစ်ပါသည်။ ကျနော့်အင်္ဂလိပ်စာ ဖတ်စာအုပ်ဖြစ်သော "မွန်တီခရစ္စတို" ဆိုတဲ့ အင်္ဂလိပ်စာအုပ်ကလေး ကုန်ဆုံးသောနေ့ဖြစ်ပါသည်။ ကျနော်ဖတ်စာအုပ်အသစ်ကို ကိုင်ရတော့မည်ဖြစ်၍လည်း ဝမ်းသာနေပါသည်။

ကျနော်ထိုနေ့ နေ့လည် ဆရာမကြီး ဒေါ်မမ၏ကျောင်းရှိရာ ကြည့်မြင်တိုင် မအူပင်လမ်းအတိုင်းလျှောက်၍ ကျနော့်အိမ် ဇလွန်လမ်းရှိရာသို့ အပြန်တွင် မအူပင်လမ်းဆုံနှင့် ရှမ်းလမ်းမကြီးတို့ ဆုံတဲ့နေရာရောက်သောအခါ ရဲစစ်လေ့ကျင့်ရေး တာဝန်ခံသင်ကြားပေးသူ ရန်ကုန်ရဲတပ်ဖွဲ့မှ ကိုညိုဆိုသောသူက လက်ဖက်ရည်ဆိုင်တဆိုင်က လမ်းဆုံသို့ထွက်လာပြီး ကျနော့်ကို ပြုံးရွှင်စွာနှုတ်ဆက်ကာ လမ်းထောင့်တနေရာသို့ ခေါ်သွားပါသည်။

နောက်သူကပြောသည်မှာ ကျွန်တို့ဗမာပြည်အရေးတော့ ပေါ်လာပြီ။ ခင်ဗျား ဗမာပြည်လွတ်လပ်ရေးအတွက် ဘာမဆိုလုပ်မယ် မဟုတ်လား ဟုမေးပါသည်။ ကျနော်က လုပ်မည့်အကြောင်း စိတ်အားတက်ကြွစွာ ပြန်ပြောသောအခါ သူက ဆက်ပြောတာက ကျနော်တို့အင်္ဂလိပ်ကိုတိုက်ဖို့ စစ်ပညာကို ဂျပန်ကသင်ပေးမည်ဆို၍ ဂျပန်ပြည်ကို မျိုးချစ်လူငယ်တွေ စေလွှတ်မယ်။ ခင်ဗျားလိုက်မယ်မဟုတ်လား ဟုမေးပါသည်။ ကျနော်က စိတ်အားတက်ကြွလာသော်လည်း တဖက်ကအင်္ဂလိပ်စာ သင်နေတာကို သတိရပြီး ကျနော်လိုက်ချင်ပါတယ်။ ဒါပေမဲ့ ကျနော်အင်္ဂလိပ်စာ သင်နေတာ နောက် ၆ လဆိုရင် တကယ်တတ်တော့မှာ၊ နောက် ၆ လလောက်ကြာမှ သွားလို့မဖြစ်ဘူးလားလို့ ပြန်မေးပါတယ်။ သူကရယ်မောပြီး အင်္ဂလိပ်စာ သင်တာက ဘယ်တော့မဆို သင်နိုင်ပါတယ်ဗျာ၊ တော်လှန်ရေးဆိုတာက အချိန်အခွင့်အခါသင့်သလို လုပ်ကြရတာဗျ။ အခွင့်သင့်တုန်းသွားကြရမှာ ဖြစ်တယ်လို့ ပြောသည်။

ကျနော်က နောက်မှစဉ်းစားမိသည်။ ဂျပန်သွားရေးကိစ္စ ဘယ်ပါတီကလုပ်နေတာလဲ သိဖို့လိုသည်။ ဦးစောလည်း ဂျပန်နှင့်ဆက်နေသဖြင့် ဦးစောတို့ကများ လွတ်တာလားဟု သံသယဝင်လာပါသည်။ သူက ဘယ်ပါတီကလွှတ်တယ်ဆိုတာ လျှို့ဝှက်ချက်ဖြစ်လို့ မပြောနိုင်ဟု ဆိုပါသည်။ ကျနော်လည်း ဒီကိစ္စအရေးကြီးသည်။ ငါ့ဘာသာငါ စုံစမ်းမယ်ဆိုပြီး ကျနော်လိုက်မလိုက်ဆုံးဖြတ်ချက်ကို နောက် ၂ ရက်မှာ ခင်ဗျားအိမ်ကို လာပြောမယ်ဗျာ။ ကျနော့်ကို စိတ်ချပါ။ ဒီကိစ္စ ကျနော်လျှို့ဝှက်ထားပါ့မယ်ဟုပြော၍ လူချင်းခွဲကြသည်။ သခင်ပါတီက လွှတ်တာမဟုတ်ရင် မသွားဘူးဟု စိတ်ထဲရှိထားပါသည်။

နောက်နေ့တွင် ကျနော်သည် လွှတ်တော်အစည်းအဝေး တက်နေသော သခင်မြထံသွားတွေ့ပါသည်။ သခင်မြသည် လွှတ်တော်မှထွက်ပြီး ကျနော့်ကိုတွေ့ပါသည်။ ကျနော်က ကိုညိုပြောပြသော ဂျပန်သွားရေးကိစ္စကို အတိုချုံးပြောပြီး ကျနော်သည် ဂျပန်သွားရေးကိစ္စကို သခင်မြတို့၏ သခင်ပါတီမှ စေလွှတ်မှသာသွားလိုသည်။ ထို့ကြောင့် တိုက်ရိုက်လာပြီး မေးမြန်းရကြောင်း ပြောပြပါသည်။

သခင်မြသည် ရုတ်တရက်ပြန်မဖြေရန် ခက်နေပုံရသည်။ ထို့ကြောင့် နက်ဖြန်နံနက် သူတည်းခိုနေသော ရွှေတောင်တန်းအိမ်သို့ လာပြီးတွေ့ဖို့နှင့် သူ့လိပ်စာ ကျနော့်ကို ပေးလိုက်ပါသည်။

နောက်တနေ့နံနက် ကျနော်သခင်မြအိမ်ခန်းသို့သွားပြီး သခင်မြနှင့်တွေ့ဆုံပါသည်။ သခင်မြတည်းခိုသောအခန်းမှာ ရွှေတောင်တန်းရှိ တိုက်တတိုက်အောက်ဆုံး မြေညီထပ်ရှိ အခန်းတခန်းဖြစ်ပါသည်။ ကော်ဇောကြီးတချပ် ခင်းထားသည်ကို မှတ်မိနေပါသည်။

သခင်မြထွက်လာပြီး ကျနော့်ကိုလက်ခံတွေ့ဆုံပြီး ကျနော့်အကြောင်းအနည်းငယ် မေးမြန်းပြီး ဂျပန်စစ်ပညာသင်သွားရေးကိစ္စဟာ တို့လုပ်နေတာ ဖြစ်တယ်ဟု တိတိလင်းလင်းပြောပြီး ဂျပန်လိုက်သွားဖို့လည်း တိုက်တွန်းပါသည်။ ကျနော်လည်း စိတ်ထဲကြည်လင် ဝမ်းမြောက်သွားပြီး ကျနော်နက်ဖန် ကိုညိုကို ဂျပန်သွားမယ်လို့ ပြောလိုက်ပါတော့မယ်ဟု ပြောပါသည်။ သခင်မြက ဂျပန်သွားရေးကို ကိုညိုတို့ ဆက်စီစဉ်ပါလိမ့်မယ်ဟု ပြောပါသည်။ ကျနော်သခင်မြအိမ်မှ ပြန်လာခဲ့ပါသည်။

ကျနော်နောက်နေ့ ကိုညိုအိမ်သွားပြီး ကျနော်ဂျပန်သွားမည်ဟု ကတိပေးပါသည်။ ကိုညိုက ဝမ်းသာပြီး ဂျပန်သွားဖို့ ရက်မဝေးတော့ပါဘူး ပြောပြီး နောက်ထပ်တွေ့ဆုံရန် ရက်ချိန်းလိုက်ပါသည်။ နောက် ကိုညိုပြောလိုက်တာက ဂျပန်သွားရင် သင်္ဘောနှင့်သွားရမှာ။ သင်္ဘောပေါ် သင်္ဘောသားက လှေခါးနဲ့တက်ရမှာ၊ ဂျပန်သင်္ဘောသားတွေနဲ့ရောပြီး တက်ရာမှာ သူတို့လို မြန်မြန်တက်နိုင်အောင် အိမ်ကလှေခါးမှာ အတက်လေ့ကျင့်ထားရင် ကောင်းမယ် ပြောပါတယ်။ ဆက်ပြီးပြောတာက သင်္ဘောအတက်မှာ ဖမ်းမိသွားရင်တော့ ရေထဲခုန်ချလိုက်ဟုပြောရာ ကျနော်က ဟာ ကျနော် ရေမကူးတတ်ဘူးလို့ပြောတော့ ကိုညိုက စိတ်တိုပြီး ဒီတော့ သေလိုက်ပေါ့ဗျာလို့ ခပ်တည်တည်နဲ့ပြောတော့ ကျနော်လည်း တရားအတိုင်းလည်း ဟုတ်မှန်နေ၍ ဟုတ်ပါပြီဗျာဟု ပြန်ပြောခဲ့ရသည်။

ကျနော်အိမ်ပြန်သွားပြီး ကိုညိုချိန်းသည့်ရက်ကို စောင့်နေပါသည်။ ထိုအတွင်း သူမှာလိုက်တဲ့အတိုင်း လှေခါးအတက်ကို အိမ်သားတွေ အလစ်တွင် လေ့ကျင့်ပါသည်။ တကြိမ်တွင် လေ့ကျင့်နေစဉ် ကျနော့်အဒေါ် မီးဖိုချောင်ကအထွက်တွင် တွေ့မြင်သွားပြီး ဒါလောက်ဆော့ရသလားဟု ကြိမ်းမောင်းသွားပါသည်။

ကျနော်ထိုရက်အတွင်း ကျနော်တို့ကျောင်းသားတွေကို ၁၃၀၀ပြည့် ဒီဇင်ဘာ ၂၀ ရက်က ဗမာပြည် အင်္ဂလိပ်နယ်ချဲ့အစိုးရ ရိုက်နှက်ဖြိုခွဲခဲ့သော အတွင်းဝန်ရုံးကြီး၏ အနောက်မြောက်ထောင့် စပတ်လမ်း (ယခုဗိုလ်အောင်ကျော်လမ်း) နေရာကို သွားကြည့်ပြီး အင်္ဂလိပ်အစိုးရအပေါ် မုန်းတီးရေးစိတ်ဓာတ်ကို မြှင့်တင်ခဲ့ပါသည်။

နောက်ကိုညိုချိန်းသည့်ရက်ကို ရောက်လာပြီး ကိုညိုနှင့်တွေ့ပါသည်။ သူက ခင်ဗျားနက်ဖန်ည သင်္ဘောဆင်းရမည်ဟုပြောပြီး အသေးစိတ် အစီအစဉ်တွေ ပြောပါသည်။ နောက် ကိုညိုက ခင်ဗျားပျောက်သွားရင် ခင်ဗျားမိဘက အကြီးအကျယ် လိုက်ရှာပြီး မတွေ့ရင် တိုင်ကြားမှုတွေ ဖြစ်မှာ စိုးရတယ်။ ဒီတော့ ခင်ဗျားက ခင်ဗျားမိဘထံကို စာရေးပို့လိုက်ပါ။ ကျနော်ဟာ "မိဘတို့ထက်ပိုပြီး ချစ်တဲ့သူနောက် လိုက်သွားပါသည်" ဟူတဲ့သဘော စာရေးပါဟု မှာကြားပြီး နှုတ်ဆက်ကာ လူချင်းခွဲကြပါသည်။

ထိုရဲတပ်ဗိုလ် မြန်မာကျောင်းဆရာ ရဲဘော်ကြီးကိုညိုဆိုသူမှာ နောက်ကျနော်တို့ ဗမာ့ကာကွယ်ရေးတပ်မတော် **B.D.A** တွင် ပါဝင်လာပြီးနောက် ဗိုလ်မှူးသူရ ဖြစ်လာပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးအတွင်းဝန်ဖြစ်လာသူ ဖြစ်သည်။ လူချစ်လူခင် ပေါများသူလည်း ဖြစ်သည်။ နောင် တပ်မတော်တပ်ရင်းမှူးဖြစ်လာပြီး မကြာမီ ငှက်ဖျားရောဂါဖြင့် **B.D.A** ကာလအတွင်း စောစွာ ဝမ်းနည်းဖွယ် ကွယ်လွန်ကျဆုံးသွားရသူ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

ကျနော် အဒေါ်အိမ်ပြန်သွားပြီး ကပြာကယာပင် မိဘများထံစာရေးပါသည်။ မိဘထက်ချစ်သူ နောက်လိုက်သွားပြီ စကားလုံးကို အဘက်ဘက်က လိုအပ်သဖြင့် ရေးထည့်လိုက်ရသည်ကို စိတ်မကောင်းပါ။ နောက်ကျနော်ရက်ရှည်ခရီးထွက်မည့် အကြောင်းတနည်းတဖုံ ကျနော့်ရည်းစား မသန်းစိန့်ထံလဲ စာရေးသင့်သည်ထင်သော်လည်း တိုင်းပြည်၏ လျှို့ဝှက်ရေး လုံခြုံရေးကြောင့် မရေးတော့ပါ။

နောက်နေ့ ကျနော်သင်္ဘောဆင်းရမည့်နေ့ ညဦးပိုင်း ၇ နာရီလောက်တွင် ကိုညိုပြောလိုက်သော ရန်ကုန်အရှေ့ပိုင်းရပ်ကွက် လူမရှိသော အိမ်တအိမ်သို့ ကျနော်သွားပြီး တခါးကိုအသာတွန်းဝင်သွားပါသည်။ အိမ်တွင် အိမ်ထောင်ပရိဘောဂတွေ အစုံရှိသော်လည်း အိမ်ရှင်များ မရှိပါ။ အိမ်တွင်းမှာ အတော်မှောင်နေပါသည်။ နောက်ကိုညိုမှာလိုက်သည့်အတိုင်း အိမ်ခန်းအတွင်း ၂ ယောက်အိပ် ကုတင် အောက်မှ ဂျပန်ရေတပ်ဝတ်စုံကို ယူရန် ကုတင်အောက်ကိုဝင်လိုက်ရာ ကုတင်အောက်တွင် လူတယောက်နှင့် တွေ့ထိမိပါတော့သည်။ ၂ ဦးစလုံးက ငြိမ်တူ ခင်ဗျားဘယ်သူလဲ ဟုမေးကြပါသည်။ နောက်စကားသံကို ကျွမ်းမိသဖြင့် ကျနော်က ခင်ဗျားသခင်သန်းတင်လားဟုလည်းကောင်း သူကလဲ ခင်ဗျားသခင်ရွှေမဟုတ်လားဟု ပြောကြပြီး ကုတင်အောက်ကထွက်၍ ခပ်မှောင်မှောင်တွင် လက်ချင်းဆက်ပြီး ၂ ယောက်စလုံး ဒီညဂျပန်သင်္ဘောကို ဆင်းကြတော့မည်၊ ဂျပန်စစ်ပညာသင် သွားကြရမည်ကို ပြောကြပြီး ဂျပန်သင်္ဘောသားဝတ်စုံကို ဝတ်ဆင်ကြပါသည်။ ကျနော်တို့မှာ တယောက်တည်းမဟုတ် ရဲဘော်မိတ်ဆွေနှင့် ၂ ယောက်အတူတူသွားကြရမည်ဖြစ်၍ အလွန်ဝမ်းသာ သွားကြပါသည်။

သခင်သန်းတင်မှာ ခေါင်းဆောင်ကြီးသခင်မြအိမ်တွင်နေပြီး ကျနော်တို့ကို ဗမာ့လက်ရုံးတပ် စစ်သင်တန်းလေ့ကျင့်ခန်းများ လာပြီး ပေးခဲ့သူရဲဘော် ဖြစ်ပါသည်။ ၂ ယောက်စလုံး ဂျပန်အတူသွားရမည်ဖြစ်၍ ဝမ်းသာနေကြပါသည်။

ကျနော်တို့ ၂ ယောက်သည် ကိုညိုမှာလိုက်သည့် အစီအစဉ်အတိုင်း ထိုအိမ်မှနေပြီး အတွင်းဝန်ရုံးကြီးဘက်ကို သွားကြပါသည်။ အတွင်းဝန်ရုံးကြီးနား ရောက်သောအခါ ကျနော်တို့ 'လန်ချား' စီးပြီး အတွင်းဝန်ရုံးကြီး၏ အနောက်ဘက်မျက်နှာပြင်ကို တပတ်ပတ် ပါသည်။ ထိုအတွင်း အတွင်းဝန်ရုံးကြီး၏ အနောက်မြောက်ထောင့် ဗပတ်လမ်းပေါ် ရောက်သောအခါ ကျနော်ကကိုသန်းတင်ကို ထောင်သုံးရာပြည့် ကျနော်တို့ ကျောင်းသားတွေ အရိုက်ခံရသောနေရာကို ရောက်သောအခါ ဒီနေရာမှာ ထောင့်သုံးရာပြည့်တုန်းက ကျနော်တို့အရိုက်ခံရတဲ့ နေရာဟု ပြောပြပါသည်။ ဤတွင် လန်ချားကုလားက ဂျပန်အဝတ်အစားနှင့် ဗမာစကားပြောသံကိုကြားပြီး အံ့သြတကြီး လန်ချားဆွဲနေရာက နောက်ပြန်လှည့်ကြည့်တော့မှ ကျနော်တို့အမှားကို သတိပြုမိပါသည်။

ကျနော်တို့ အချိန်နည်းနည်းစောနေသဖြင့် လန်ချားမှဆင်းပြီး လမ်းလျှောက်ကာ ကိုညိုမှာလိုက်သည့်အတိုင်း အတွင်းဝန်ရုံးကြီး၏ အရှေ့မြောက်ထောင့်နေရာ ညာဘက်လမ်းမပေါ်သို့ ဝှက်ပျော့သီးတဖီးစီကိုင်ပြီး လျှောက်လာရာ ဂျပန်သင်္ဘောသားတစု ကျနော်တို့နောက်က သင်္ဘောဆိပ်ဘက်သို့သွားနေသည်ကိုတွေ့ရသဖြင့် ကိုညိုမှာလိုက်သည့်အတိုင်း ၎င်းဂျပန် သင်္ဘောသားအုပ်စုနှင့်ရောပြီး လိုက်သွားပြီး နောက်ဆုံး ဂျပန်သင်္ဘောပေါ်သို့ ရောက်သွားပါတော့သည်။

နောက်ဂျပန်တဦးက ကျနော်တို့ ၂ယောက်ကို ဂျပန်သင်္ဘောဆန်အိတ်တွေ တင်ရာတွင် တပင်လုပ်ထားသော ဆန်အိတ် လိုဏ်ခေါင်းတခုသို့ ငုံ့လျှိုးပြီး ခေါ်ဆောင်သွားပါသည်။ ထိုနေရာသည် ကျနော်တို့ပုန်းခိုနေရမည့်နေရာ ဖြစ်ပါသည်။ ရေပုလင်းအနည်းငယ်လည်း ရှိပါသည်။

ကျနော်တို့ နောက်မှသိရသည်မှာ ကျနော်တို့သင်္ဘောပေါ်အတက်တွင် တံခါးဂိတ်ဝတွင် အင်္ဂလိပ်အစိုးရဘက် အကောက်ဌာန တာဝန်ခံရှေ့က ဖြတ်သန်းသွားရရာ ထိုအင်္ဂလိပ်အကောက်ဌာနတာဝန်ခံက ကျနော်တို့ ၂ယောက်ကို ဖမ်းဆီးလိုက်ရင် ဂျပန်တယောက်က မြန်မာငွေတွေ အများကြီးပေးပြီး လာဘ်ထိုးကယ်မည့်ဂျပန်တဦး ငွေထုပ်နှင့် ကျနော်တို့ အနားတွင် ရှိနေသည်ဆိုသည်။ ကျနော်တို့ချောမောစွာ လွတ်မြောက်ပြီး ဂျပန်သင်္ဘောပေါ်သို့ ကောင်းစွာရောက်ရှိခဲ့ပါသည်။ ဒီတော့မှ ကျနော်တို့ စိတ်အေးရပါသည်။

နောက်နေ့ ၁၁ နာရီလောက်ကစပြီး လိုဏ်ခေါင်းထဲမှာ အတော်ပူပြင်းအိုက်စပ်လာပါသည်။ ကျနော်တို့ထံသို့ ဦးလေးအရွယ် ဂျပန် လူကြီးတယောက်က ထမင်းစားချိန် ထမင်းဟင်း လာပို့တတ်ပါသည်။ သူ့ကိုယ်သူ "အိုကြီးစံ"ဟု မိတ်ဆက်ထားပါသည်။ (ကျနော်သည်ထိုဂျပန် အဘိုးကြီး၏ ယုယကြင်နာမှုများကြောင့် သူပြောသော နာမည်ကို ယခုအထိမမေ့ပေ။ ကျနော့်စိတ်ထင် ထို "အိုကြီးစံ" ဆိုသောနာမည်မှာလည်း သူ့နာမည်ရင်း ဟုတ်မည်မထင်၊ ဂျပန်လို ဦးလေးကြီးဟုခေါ်သော စကားလုံးဖြစ်ပုံရသည်။)

ညောင်ကြာသောအခါ ၎င်းအိုကြီးစံသည် မျက်နှာသုတ်ပဝါလေးများ ယူလာပြီး ကျနော်တို့ကိုပေးသည်။ ကျနော်တို့ ပူအိုက်ပြီး ချွေးထွက် နေတာကို သူတွေ့သွား၍ ချွေးများသုတ်ရန် နောက်တခေါက်လာပေးခြင်းဖြစ်သည်။

မှတ်ချက်။ ။ ကျနော်သည် ဂျပန်ပြည်စစ်ပညာသင်သွား မှတ်တမ်းကို ဗမာပြည်ကထွက်သည့်နေ့မှ B.I.A တပ်နှင့် ရန်ကုန်မြို့သို့ ပြန်ဝင်လာချိန်အထိ လအချို့၏အဖြစ်အပျက်များကို မှတ်တမ်းစာအုပ် ၂ အုပ်၊ ဇလာစာအုပ်နှစ်အုပ်နှင့် ရေးသားထားခဲ့ပါသည်။ ၎င်းစာအုပ် ၂ အုပ်အကြောင်းကို ဖဆပလတပ်မတော် မော်ကွန်းတိုက်များကို အုပ်ချုပ်ရသော ဗဟိုတပ်မတော်ဌာနချုပ်ရုံးမှ ဗိုလ်မှူးကြီးဘသန်းကို ကျနော်ဗဟိုတပ်မတော် မြောက်ပိုင်း တိုင်းမှူးဖြစ်စဉ် ၁၉၅၅ ခုနှစ်လောက်က ပြောမိသည်။ ထိုစာအုပ်များကို စစ်ကြီးအတွင်း ကျနော်သိမ်းဆည်းထားခဲ့ကြောင်း ပြောမိသည်။ ဤတွင် ဗိုလ်မှူးကြီးဘသန်းက ဟာ … ဒါသိပ်အရေးကြီးတာပဲ၊ ဒီစာအုပ် ၂ အုပ်ဟာ သမိုင်းဝင်တဲ့စာအုပ်တွေ ဖြစ်တယ်။ ခင်ဗျားထံမှာ သိမ်းထားရင် နောင်ဆွေးမြေ့ပျက်စီးသွားနိုင်တယ်။ နောက် ခင်ဗျားမရှိတော့ရင်လဲ ဒီစာအုပ်တွေ ပျောက်ပျက်လဲသွားနိုင်တယ်။ ဒီကိစ္စဟာ ဘယ်မှာမှ မှတ်တမ်းရှိတာ မဟုတ်ဘူး။ ဒီတခုသာရှိတာ၊ အလွန်အဖိုးတန်တာ။ ထာဝရမပျက်စီးအောင် ကျနော်တို့မော်ကွန်းတိုက်က သိပ္ပံနည်းကျ လေလုံမိုးလုံမှာ ထိန်းသိမ်းထား ချင်ပါတယ်။ ထာဝရထိန်းသိမ်းထားနိုင်ပါတယ်။ နောင်ခင်ဗျားကြည့်ချင်လဲ မော်ကွန်းတိုက်က ယူကြည့်နိုင်ပါတယ်။ ကျနော်တို့ မော်ကွန်းတိုက်ကို ပေးထားပါ၊ ထာဝရထိန်းသိမ်းထားသွားပါ့မယ်ဟု အတင်းနှင်းပြီး အားတိုက်ခွန်တိုက် ပြောပါတော့သည်။ ကျနော်လည်း တုန့်လှုပ်သွားသော်လည်း ဒီစာအုပ်များ ကျနော်တဦးတည်းပိုင် ဖြစ်ရတာထက် နိုင်ငံတော်ပိုင်ဖြစ်သွားတော့မှာဖို့ သဘောတူပြီး ပေးလိုက်ပါသည်။

၎င်းမှတ်တမ်းစာအုပ် ၂ အုပ် တပ်မတော်မော်ကွန်းတိုက်တွင် ရှိနေကြောင်း ကျနော်ရန်ကုန်မှာ ရှိနေစဉ်က သိနေရပါသည်။ ၁၉၉၀ ခုနှစ် မိမိ၏မိသားစု ပြေးရင်းလွှားရင်း တရုတ်ပြည်သို့ရောက်လာပြီး တရုတ်အစိုးရ စောင့်ရှောက်မှုနှင့် တရုတ်ပြည်မှာ နေစဉ် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် မိမိ၏ဇနီးသည် ဒေါ်သန်းစိန်ကွယ်လွန်ပြီးနောက် ၂၀၀၀ ခုနှစ်တွင် သားကိုမြမောင်က ရွှေလီမြို့မှနေပြီး မြန်မာပြည် ဗဟိုတပ်မတော်မော်ကွန်းတိုက်မှ ၁၉၉၄ ခုနှစ်တွင်ထုတ်ဝေသော 'တပ်မတော်သမိုင်း' စာအုပ်တွဲများကို ပို့ပေးရာတွင် ထိုစာအုပ်ပါ အချက်အလက်အချို့ကို "ဗိုလ်မှူးချုပ်ကျော်ဇော ဂျပန်စစ်ပညာသင်သွား မှတ်တမ်းမှ" ဟုကိုးကားဖော်ပြပြီး ရေးသားထားသည်ကို တွေ့ရ၍ မိမိမှတ်တမ်းစာအုပ်နှစ်အုပ် တပ်မတော်မော်ကွန်းတိုက်တွင် ဆက်ရှိနေသည်ကို သိရပါသည်။

၎င်းမှတ်တမ်းများ မပေးလိုက်ခင် ကျနော်ကော်ပီတစောင် ကူးယူထားလိုက်ပါသည်။ ကော်ပီကူးစဉ် ကူးပေးသူ မြောက်ပိုင်းတိုင်း စစ်ရုံး လက်နှိပ်စက်စာရေးက ကျနော့်ထံလာပြီး ထိုမှတ်တမ်းများမှာ အလွန်စိတ်ဝင်စားစရာ ကောင်းသဖြင့် သူ့ကိုကော်ပီတစောင် ရယူခွင့် ပြုပါရန် လာတောင်း ပါသည်။ ကျနော်က ဒီမှတ်တမ်းတွေဟာ ကျနော်ပိုင်မဟုတ်တော့ဘူး၊ တိုင်းပြည်က ပိုင်သွားပြီဖြစ်သဖြင့် မပေးနိုင်တော့ပါ ဟု တောင်းပန်လိုက်ပါသည်။ ကျနော်နှင့်သားသမီးများ ၁၉၇၆ခုနှစ်က တောခိုလာရာတွင် ထိုမှတ်တမ်းကော်ပီမှာ ကျနော့်စမ်းချောင်းအိမ်တွင် ကျန်ရစ်ပါသည်။ ထိုစဉ်က ကျနော့် ဇနီးဒေါ်သန်းစိန်ထံမှ ကျနော်သိမ်းထားသော ဓာတ်ပုံပေါင်း ၄၀၀ ပုံကို ထောက်လှမ်းရေးက သိမ်းယူသွားပါသည်။ ၁၉၈၀ ခုနှစ်တွင် ဒေါ်သန်းစိန် ကျနော်တို့နောက် လိုက်လာရာ ကျနော့်အိမ်တွင် ဒုတိယသမီး စန်းစန်းတို့အိမ်ထောင်စုသာ ရှိရာမှ သမီးစန်းစန်းကို ၁၉၈၉ ခုနှစ်တွင် နဝတအစိုးရက ဖမ်းပြီး ကျနော့်စာအုပ်စာတမ်းအားလုံးကို ကားနဲ့တိုက်ပြီး ထောက်လှမ်းရေးက သိမ်းယူသွားရာ ထိုစာတမ်းများ ပါသွားနိုင်ပါသည်။ ထိုအကြောင်းများကို ဒေါ်သန်းစိန်နှင့် စန်းစန်းတို့က ပြန်ပြောပြဖူးပါသည်။

ကျနော် ၎င်းမှတ်တမ်းရေးရခြင်း၏ အဓိကအကြောင်းရင်းမှာ နောင်ကျနော်တို့ ဗမာပြည်ပြန်ပြီး ဗမာစစ်တပ် ဖွဲ့စည်းရာတွင် ကျနော်တို့က ပြန်ပြီး စစ်သင်တန်းပေးလျှင် မမေ့မလျော့ပြန်ပြီး သင်ကြားနိုင်ရန်အတွက် ဂျပန်ဆရာများက ကျနော်တို့ကို ၁၉၄၁ ခုနှစ်က ဟိုင်နန်ကျွန်းနှင့် ဖော်မိုဆာ ကျွန်းတို့တွင် စစ်ပညာသင်ပေးသော သင်ကြားချက်များကို နေ့စဉ်မှတ်စု ထုတ်ထားခြင်းဖြစ်ပါသည်။ သို့သော် ၎င်းမှတ်တမ်းများတွင် စစ်ပညာမှတ်စု

များသာမက ထိုစဉ်ကကျနော်တို့ နေထိုင်စားသောက် သွားလာရပုံ၊ ဂျပန်ဆရာများနှင့် မသင့်မမြတ် ဖြစ်ပြီး ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ်များ ထိုစဉ်က တည်းက ဝင်ခဲ့ပုံတွေပါ ပါဝင်နေပါသည်။ ထို့ပြင် ထိုစဉ်က မြန်မာမျိုးချစ်လူငယ်တဦး၏ စိတ်နေသဘောထားကိုလဲ ဖော်ပြထားသလို ဖြစ်ပေသည်။

ယခုတွင် ထိုကျနော်၏ ဂျပန်စစ်ပညာသင်သွား မှတ်တမ်းစာအုပ်နှစ်အုပ်မှာ ဗဟုတင်မတော်မော်ကွန်းတိုက်တွင် တိုင်းပြည်၏ သမိုင်းဝင် ပစ္စည်းအဖြစ် ကောင်းစွာထိန်းသိမ်းထားပြီဖြစ်၍ စိတ်အေးချမ်းရပေသည်။

ကျနော်တို့ ဂျပန်ဆန်တင်ကုန်သင်္ဘော၏လိုဏ်ခေါင်းထဲ နေရသည်မှာ နေ့လည်ပိုင်းရောက်လေ ပူပြင်းအိုက်စပ်လာလေဖြစ်ရာ အတော် အနေရခက်လာပါသည်။ မတတ်သာ၍ ကျနော်တို့ အဝတ်အစားများချွတ်ကာ အတွင်းခံဘောင်းဘီတိုနှင့် စွပ်ကျယ်နှင့်သာ ပင်ပန်းခက်ခဲစွာနေခဲ့ရသည်။ အပူဒဏ်မှာ နေဝင်ပြီးညဦး ညနေ ၆ နာရီ ၇ နာရီလောက်ကျမှ သက်သာလာပါ သည်။ ညစာထမင်းလာပို့သော "အိုကြီးစံ"မှာ ကျနော်တို့အဖြစ်ကို ကြည့်ပြီး များစွာစိတ်မကောင်း ဖြစ်သွားပုံရသည်။ ကျနော်တို့လည်း အပူဒဏ်ကြောင့် ညစာကောင်းစွာ မစားနိုင်ကြပေ။

ထိုည ကျနော်တို့အိပ်ခါနီး ကျနော်တို့လိုမြန်မာလူငယ် ၂ ဦးကို အိုကြီးစံက ကျနော်တို့ထံလာပို့ပါသည်။ ကျနော်တို့ အံ့အားသင့်ပြီး အချင်းချင်း မိတ်ဆက်ကြတော့မှ သူတို့လဲကျနော်တို့လို ဂျပန်ကိုစစ်ပညာသင်သွားရန် ရွေးချယ်ခြင်းခံရသော လူငယ်တွေဖြစ်ကြောင်း ဝမ်းမြောက်စွာ သိရှိရပါတော့သည်။

နောက်နေ့တွင်လည်း ယမန်နေ့လိုပင် အပူဒဏ်ကိုခံကြရပြန်ပါသည်။ ကျနော်တို့က လူသစ် ၂ ယောက်ကို ထိုအပူဒဏ်အကြောင်း မိတ်ဆက် ထားပါသည်။ ထိုအတွင်း ကိုသန်းတင်မှာ ပူအိုက်လွန်းသဖြင့် ပင်ပန်းနွမ်းနယ်ပြီး မူးဝေလဲကျသွားပါသည်။ ကြမ်းပြင်ကလဲ အလွန်ပူ နံရံကလဲအလွန်ပူ ဖြစ်သဖြင့် ကျနော်ကသူ့ကိုပေးမပြီး လဲမကျအောင် ဖေးမထားရပါသည်။ အတော်လေးကြာမှ သူသက်သာလာပါသည်။ နေ့လည်လောက်တွင် သင်္ဘောပေါ်ပါလာသူ ကျနော်တို့ကို ဂျပန်သို့ခိုးထုတ်သူ ဂျပန်တာခန်မ်ံ လူကြီးထံမှ အင်္ဂလိပ်လို စာတိုလေးတစောင်ကို အိုကြီးစံက ထမင်းပို့ရင်း ပေးသွားပါသည်။ စာမှာ "ကျနော်တို့ အပူဒဏ်ဒုက္ခကို ခံနေရကြောင်း သူသိရပါသည်။ စိတ်မကောင်းပါ။ တခြားလဲ စီစဉ်မပေးနိုင်ပါ။ ခင်ဗျားတို့မျိုးချစ်တွေ ဒီဒုက္ခကို ခံသွားနိုင်မည်ဟု ယုံကြည်ကြောင်း" ဟူသောသဘော ဖြစ်ပါသည်။ ကျနော်တို့လည်း ထိုအပူဒဏ်ဒုက္ခကို ကြိတ်မှိတ်ပြီး ခံရပါသည်။ သို့သော် ကျနော်တို့မှာ နောက်ထပ် ၂ ဦးတိုးလာ၍ အားတက်ဝမ်းသာနေပါသည်။

ထိုညတွင်လည်း နောက်ထပ်မြန်မာလူငယ် ၂ ဦး ကျနော်တို့ လိုဏ်ခေါင်းသို့ ထပ်ရောက်လာပြန်ပါသည်။ ကျနော်တို့အားလုံး မိတ်ဆက်ကြပြီး ပျော်ရွှင်ဝမ်းမြောက် ကြပါသည်။

နောက်နေ့ညတွင်လည်း နောက်ထပ်မြန်မာလူငယ်တဦး လိုဏ်ခေါင်းသို့ ထပ်ရောက်လာပါသည်။

ထိုညပြီး နောက်ညတွေမှာ မလာတော့ပါ။ အားလုံးစုံပြီလို့ ယူဆရပါသည်။

ကျနော်တို့ အားလုံး၏ အမည်များမှာ သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ သခင်သန်းတင် (ဗိုလ်မြခင်)၊ နောက်ကျနော် သခင်ရွှေ (ဗိုလ်ကျော်ဇော)၊ သခင်ထွန်းရွှေ (ဗိုလ်လင်းယုံ)၊ ကိုအောင်သိန်း (ဗိုလ်ရဲထွဋ်)၊ သခင်တင်အေး (ဗိုလ်ဘုန်းမြင့်)၊ သခင်စိုး (ဗိုလ်မြင့်အောင်)၊ ပေါင်း ရဲဘော် ၇ယောက် ဖြစ်ပါသည်။

နောက်ဆုံးရဲဘော် ရောက်လာပြီးနောက် တရက်နှစ်ရက်ကြာသောအခါ ကျနော်တို့ သင်္ဘောကြီး စက်စုတ်မောင်းသံ ကြားရပြီး မကြာမီ သင်္ဘောကြီးသွားနေသည်ဟု ယူဆရပါတော့သည်။ ထိုနေ့ကို ကျနော်တို့ကောင်းစွာ မှတ်မိနေပါတော့သည်။ ကျနော်တို့ ဂျပန်သင်္ဘောကြီး ဂျပန်သို့ စပြီးထွက်ခွာပြီဟုသိရှိနားလည်ပြီး ကျနော်တို့များစွာ ပျော်ရွှင်ကြကာ မြန်မာသင်္ကြန်တွင်း ကာလလည်းဖြစ်၍ မိမိတို့ကိုသောက်ဖို့ပို့ပေးထားသော သောက်ရေပုလင်းမှရေနှင့် ကျနော်တို့အချင်းချင်း လိုဏ်ခေါင်းထဲတွင် ရေပက်ကစားကြပါသည်။

ထိုနေ့ဟာ ဗဟုတင်မတော်သမိုင်းစာအရရော ကျနော်မှတ်မိသလောက်ပါ ၁၉၄၁ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ဖြစ်ပြီး ကျနော်တို့စီးနေသော သင်္ဘော၏အမည်မှာ "ကိုင်ရှိမာရူး"ဖြစ်ပါသည်။

မှတ်ချက်။ ။ ယခုကျနော်သည် ကျနော်တို့ဂျပန်ပြည် စစ်ပညာသင် သွားသည့်အကြောင်း ရေးရတော့မည်ဖြစ်ရာ ထိုအကြောင်းများ ကို ကျနော် ရေးထားသော မှတ်တမ်းများ ကျနော့်ထံတွင်မရှိတော့ပါ။ ဗဟုတင်မတော်မော်ကွန်းတိုက်တွင်သာ ရှိနေပါသည်။ ထို့အပြင် ထိုအကြောင်း ကိုးကား ကြည့်ရှုရန် တပ်မတော်သမိုင်းစာအုပ်နှင့် စာအုပ်အချို့သာရှိပါသည်။ အဓိက ကျနော်၏ မှတ်ဉာဏ်ကိုသာ အားကိုးပြီးရေးရပါမည်။ ကျနော့် အသက် မှာလည်း ၈၄ နှစ် ရှိနေပြီဖြစ်၍ အတော်ကြိုးစားအားထုတ်ပြီး တဖြည်းဖြည်းခြင်း ရေးရပါတော့သည်။

သင်္ဘောစတင်မောင်းထွက်ခွာစတွင် ကျနော်သတိတခုရပါသည်။ ၎င်းမှာ မြန်မာဗုဒ္ဓ မဂ္ဂဇင်းများတွင် ရန်ကုန်မြို့အတွင်းမှ ရွှေတိဂုံဘုရား ကြီးကို ဖူးမျှော်မြင်တွေ့ရခြင်းသည် အလွန်ကြည်ညိုဖွယ်ကောင်းကြောင်း သိထားရပါသည်။ ကျနော်သည် ရွှေတိဂုံဘုရားကြီးကို အလွန်ကြည်ညို မြတ်နိုးခဲ့သူဖြစ်ပါသည်။ ကြည့်မြင်တိုင် အခါတိုင်းမှာနေထိုင်စဉ်က ကျနော်နေ့တိုင်း နံနက် မိုးလင်းခါနီး နှစ်မိုင်ကျော်ဝေးသော ရွှေတိဂုံကုန်းတော်ပေါ်သို့ ခြေလျင်လမ်းလျှောက်ရင်း တက်ပြီးဖူးမျှော်လေ့ ရှိခဲ့ပါသည်။ သို့သော် ကျနော်တို့မှာ ရန်ကုန်မြစ်အတွင်း သင်္ဘောပေါ်မှ ဖြစ်သော်လည်း လိုဏ်ခေါင်း အတွင်းကဖြစ်၍ မဖူးမြင်ရ၍ စိတ်မကောင်း ဖြစ်မိပါသည်။ သင်္ဘောပေါ်တွင် အင်္ဂလိပ်အစိုးရ၏ အကောက်ဌာနကလူတွေ မရှိတော့သော်လည်း ကျနော်တို့သင်္ဘောရှေ့က အင်္ဂလိပ်ရေကြောင်းပြ သင်္ဘောကရှိနေ၍ ကျနော်တို့ သင်္ဘောကုန်းပတ်ပေါ် တက်ခွင့်မရသေးပါ။

အင်္ဂလိပ်ရေကြောင်းပြသင်္ဘောမှ ကင်းလွတ်သောအခါ ကျနော်တို့သင်္ဘောကုန်းပတ်အပေါ် တက်ခွင့်ရပြီး ကုန်းပတ်ပေါ်တွင် ကျနော်တို့ကို ခိုးထုတ်လာသော ဂျပန်တာခန်မ်ံက ဆောင်ကြိုနှုတ်ဆက်သည်။ ၎င်း၏အမည်မှာ "မစ်စုတာနီ"ဖြစ်ကြောင်း တပ်မတော်သမိုင်း စာအုပ်အရသိရပါသည်။ ကျနော်တို့နေထိုင်ရမည့် သင်္ဘောအခန်းများကို ပြသပြီး သင်္ဘောပေါ် ဂျပန်သင်္ဘောသားများ ဝတ်ဆင်ကြသည့် ဝတ်စုံများပေးပြီး ရေချိုးအနား ယူစေပါသည်။

နောက်တရက်မျှ ကြာသောအခါ ကျနော်တို့ သင်္ဘောအမူးပြေပြီးနောက် သင်္ဘောကပ္ပတိန်က ဂျပန်မစ်စုတာနီနှင့် ကျနော်တို့ ၇ ဦး ကို ညစာကျွေးမွေးပြီး ဧည့်ခံနှုတ်ဆက်ပါသည်။ သင်္ဘောကပ္ပတိန်မှာ ဥပဓိရုပ်ကောင်းသောသူတဦး ဖြစ်သည်ကို မှတ်မိနေပါသည်။

ကျနော်တို့ပင်လယ်ပြင် သင်္ဘောပေါ်တွင် ရွှင်လန်းစွာရှိကြပါသည်။ သင်္ဘောသားများက သင်္ဘောဝမ်းဗိုက်သံပြားပေါ်က သံချေးတွေကွာကျရန် သင်္ဘောဝမ်းဗိုက်သံပြားပေါ် တူများနှင့် ထုရိုက်နေသည်ကို ကျနော်တို့လဲဝင်ပြီး မကြာခဏထုရိုက်ကူညီကြပါသည်။ သင်္ဘောသားများလည်းကျနော်တို့ကို ကောင်းစွာဆက်ဆံကြသည်။

ဒီလိုနှင့် မကြာခင်ကျနော်တို့သင်္ဘော စင်္ကာပူသို့ရောက်ပါတော့သည်။ ကျနော်တို့အားလုံးတခန်း ဆန်အိတ်လိုဇာခေါင်းထဲဆင်းပြီး ပုန်းအောင်းနေရပါသည်။ အင်္ဂလိပ်အကောက်ခွန်မှလူများ သင်္ဘောပေါ်တက်ကောင်းတက်ပြီး ကြည့်ရှုစစ်ဆေးနိုင်သဖြင့် လိုဇာခေါင်းထဲဆင်း ပုန်းနေရပါသည်။ စင်္ကာပူက သင်္ဘောထွက်မှ ကုန်းပတ်ပေါ် ပြန်တက်ရပါသည်။ ပုန်းရသည်မှာ တရက်လောက်သာ ရှိသည်ထင်ပါသည်။
စင်္ကာပူမှ ဂျပန်သွား သင်္ဘောခရီးမှာ သာယာငြိမ်သက်ဖြစ်ပါသည်။ ကျနော်မှတ်မိသလောက်တော့မှာ ကျနော်သည် တနေ့တွင် သင်္ဘောအခန်းတခါး အဝင်အထွက်တွင် အခန်းတခါးပေါင်နှင့် ကျနော့်နဖူးအထက်နား ဦးခေါင်းနှင့်တိုက်မိပြီး ကျနော့်နဖူးအထက်နားကွဲသွားပြီး ဒဏ်ရာအနည်းငယ် ရပါတော့သည်။ ဆေးထည့် ပတ်တီးစည်းခြင်း ကပ်ခြင်းများ ရက်အနည်း လုပ်လိုက်ရပါသည်။

(၄)

ထိုအချိန်များတွင် ကျနော်နောက်မှသိရသည်မှာ ကျနော်ဂျပန်ထွက်ခါနီး ရေးလိုက်သောစာ ရသောအခါ ကျနော့်မိဘများ များစွာ စိတ်ပူပြီး ကျနော့်အဖေ ရန်ကုန်တက်လာကာ ကျနော့်သူငယ်ချင်း ကိုကြည်ညွန့်ကိုရှာဖွေပြီး သူတို့နှစ်ဦးရန်ကုန်တွင် ကျနော်သွားတတ် လာတတ်သော နေရာများကို သွားရောက်စုံစမ်း မေးမြန်းရှာဖွေကြပါသည်။ ကျနော့်သတင်း ဘာမှမကြားရသဖြင့် ကျနော့်အဖေ ဇာတိကိုပြန်သွားပါတော့သည်။
ဇာတိပြန်ရောက်တော့လည်း ကျနော့်အမေက ကျနော့်သတင်း မေးမြန်းတုန်းဖြစ်ပါသည်။ ထိုသို့ကျနော့်အဖေ ကျနော့်ကို ရှာဖွေစုံစမ်းနေတဲ့သတင်းကို သခင်မြဘယ်လိုသိသွားသည် မသိပါ။ ကျနော့်အမေမှာလည်း ရွာသူကြီးဖြစ်၍ ကြာရင် သတင်းပေါက်ကြားမှုတွေ ဖြစ်လာမှာ စိုးရိမ်ပုံရှိသည်။ ထို့ကြောင့် သခင်မြက ကျနော့်အမေကို သာယာဝတီရှိ သူ့အိမ်သို့ လူလွှတ်ခေါ်ယူပြီး တွေ့ဆုံပါသည်။
သခင်မြက အမေ့ကို "ခင်ဗျားသားကို ရှာနေတယ်ကြားရတယ်။ မရှာပါနဲ့။ ခင်ဗျားသားကို ကျနော်တို့က တနေရာကို လွှတ်ထားပါတယ်။ မကြာခင်ပြန်လာမှာပါ။ အဲဒီမှာလဲ ခင်ဗျားသား ကောင်းမွန်စွာရှိပါတယ်။ ဒီကိစ္စဘယ်သူ့မှလဲ မပြောပါနဲ့"ဟု ပြောပါသည်။ အမေလည်းများစွာ စိတ်အေးချမ်းပြီး ပြန်လာပါတော့သည်။ ဒီတော့မှ ကျနော့်မိဘများ အတော်စိတ်အေးချမ်း သွားပါသည်။
စင်္ကာပူမှ ဂျပန်သို့ သွားနေသော ကျနော်တို့စီးလာသည့် ဂျပန်ကုန်သင်္ဘော "ကိုင်ရှိမာရူ"သည် တပ်မတော်သမိုင်းစာအုပ်အရ ၁၉၄၁ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ဂျပန်ပြည် "အိုဆာကာ"သင်္ဘောဆိပ်ကမ်းမြို့သို့ ရောက်ရှိပါသည်။ ကျနော်တို့ အိုဆာကာသို့ သင်္ဘောကမဆင်းမီ ဂျပန်ပြည်ကျောင်းသား လူငယ်များ ဝတ်ဆင်တတ်သော အစိမ်းရောင်ရင်ဖုံး ရင်စေ့တိုက်ပုံ အင်္ကျီအဝတ်ရုံကို ပြောင်းလဲဝတ်ဆင်ပြီးမှ ဆင်းရပါသည်။ ကျနော်တို့ ဂျပန်ပြည်ကိုရောက်ပါပြီ၊ အိုဆာကာမြို့မှာ အတော်ကြီးသောမြို့ ဖြစ်ဟန်ရှိပြီး လူဦးရေများသော မြို့လည်းဖြစ်ပုံရပြီး လူတွေကျွံကျပ် ကည်းတည်း တိုးဝှေ့သွားလာနေကြကာ အတော်ကောင်းမွန်စွာ ဝတ်စားဆင်ယင် ထားကြပါသည်။
ကျနော်တို့ အိုဆာကာမြို့မှ ဂျပန်၏မြို့တော် တိုကျိုသို့ ရထားစီး၍သွားကြပါသည်။ ရထားမှာ ကျနော်တို့မြင်ဖူးသည့် ရထားတွေထက် များစွာခမ်းနား သန့်ရှင်းပါသည်။ တော်တော်ကြာကြာ ရထားစီးပြီးနောက် ကျနော်တို့တိုကျိုမြို့တော်ကို ရောက်ပါတော့သည်။ တိုကျိုဘူတာရုံကြီးလဲ အတော်ခမ်းနားပါသည်။
တိုကျိုတွင် မင်ရုတာနီ၏ အဖွဲ့က ဂျပန်တဦး လာကြိုနေပြီး ကျနော်တို့ကို တိုကျိုမြို့ဂျပန်ဟိုတယ်ကြီးတခုသို့ ခေါ်သွားပြီး နေရာချထားပါသည်။ တိုကျိုမြို့မှာ ဂျပန်၏မြို့တော်ကြီးဖြစ်သည့်အတိုင်း အထပ်မြင့်အဆောက်အဦ ကြီးများဖြင့် အလွန်ခမ်းနားသော မြို့တော်ကြီးဖြစ်ပါသည်။ လူဦးရေလည်း ဗဟုထပ်များပြားပုံရပါသည်။
ကျနော်တို့ ဒုတိယအသုတ်ကို တိုကျိုမြို့တော်တွင် တပတ်နီးပါးခန့် လှည့်လည်ပြသပါသည်။ ဘယ်နေရာတွေဆိုတာ မမှတ်မိတော့ပါ။ ထူးခြားမှုတချို့ကို သတိရပါသည်။ ပထမက ဂျပန်ပြည်သူတွေ သူတို့အချင်းချင်းဆက်ဆံကြရာတွင် အလွန်ယဉ်ကျေးပျူငှာပြီး (အာဂိကတော်) "ကျေးဇူး တင်ပါတယ်" ဆိုတဲ့ပြောသံတွေဟာ နေရာတကာမှာ ချိုသာစွာကြားနေပြီး လူအချင်းချင်း ခေါင်းငုံ့ပြီး ခါးကုန်းနှုတ်ဆက်နေတာတွေလည်း နေရာတကာ တွေ့ရသည်။ ဟိုတယ်လုပ်သားများ တာဝန်ခံများလည်း ကျနော်တို့အပေါ် ဆက်ဆံကြတာ အလွန်ယဉ်ကျေးကိုင်းရှိုင်းပါသည်။ အချို့ကသူတို့အချင်းချင်း ဆက်ဆံကြတာဟာ အလွန်ယဉ်ကျေးသိမ်မွေ့ကြသည်။
အားကစားပွဲတွေမှာလည်း ဂျပန်လူငယ်များ အတော်စိတ်အား ထက်သန်ကြပြီး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ရှိနေကြတာ တွေ့ရသည်။
ဂျပန်ဘုရင်ကိုလည်း ဘုရားလို ကြည်ညိုလေးစား တန်ဖိုးထားကြသည်။
ဂျပန်အမျိုးသမီးများမှာတော့ ပင်ပန်းကြီးစွာ ကျိုးနွံစွာအလုပ်လုပ်နေရတာ တွေ့ရပါသည်။ နောက်သိလာရတာက ဂျပန်အမျိုးသမီးတွေမှာ ယောကျ်ားများနှင့် တန်းတူအခွင့်အရေးမရ ယောကျ်ားများ၏ နှိမ်ချဖိနှိပ်ခြင်း ခံနေရသောဘဝဖြစ်သည်တို့ကို တွေ့မြင်လာရပါသည်။
ကျနော်တို့ တိုကျိုမြို့တော်တွင် လှည့်ကြည့်ရှုရာတွင် တခုကိုသတိရမိပါသည်။ ၎င်းမှာ တိုကျိုမြို့တွင်း တနေရာမှ ဂျပန်ဘုရင့်နန်းတော်ကို လှမ်းပြီးကြည့်ရခြင်းဖြစ်သည်။ ကျနော်တို့စိတ်ထင် ဂျပန်ဘုရင့်နန်းတော်မှာ အချွန်အတက်တွေနဲ့ ကြီးကျယ်ခမ်းနားသော အဆောက်အဦကြီး ဖြစ်မည်ထင်သော်လည်း သာမန်တိုက်တာ အဆောက်အအုံတွေသာတွေ့ရသည်။ သိပ်ထူးခြားမှုမရှိချေ။ ကျနော်တို့အနားတွင် ဂျပန်အမျိုးသမီး အမျိုးသားတသိုက်လည်း ကျနော်တို့လို ဘုရင့်နန်းတော်ကိုလှမ်းပြီး ကြည့်နေကြသည်။ သူတို့သည် အတော်ကြာကြည့်ပြီးနောက် နန်းတော်ဘက်ကို စုံရပ်ပြီး ခါးကုန်းဦးခေါင်းငုံ့ အလေးပြုကြပြီး ထွက်ခွာသွားကြသည်။ ကျနော်တို့လည်း ဂျပန်လူမျိုးဟု ထင်မြင်စေရန် သူတို့နည်းတူ နန်းတော်ဘက်လှည့်ပြီး ခါးကုန်းခေါင်းငုံ့ကာ အလေးပြုခဲ့ကြသည်။
ကျနော်တို့ တိုကျိုဟိုတယ်တွင်နေစဉ် ဟိုတယ်မယ်နှစ်ဦးကို ကျနော်တို့ကို စောင့်ရှောက်ပြုစုရန် အထူးတာဝန် ပေးထားပုံရသည်။ ၎င်းတို့ နာမည်ကို ထူးဆန်းစွာကျနော်တို့ မှတ်မိနေသည်။ ၎င်းတို့မှာ "အေးဟိုကော့"နှင့် "ဟိရော့ကော့"တို့ဟု ဖြစ်ပုံရသည်။ ၎င်းတို့ နှစ်ယောက်အနက် တယောက်မှာ အတော်ချောမောပြေပြစ်လှပသူ ဖြစ်သည်။ ၎င်းတို့နှစ်ယောက်စလုံး ဗိုလ်ချုပ်အောင်ဆန်းတို့ကိုလည်း ပြုစုလိုက်ရသည်ဟု နောင်တွင် သိရပါသည်။

ကျနော်တို့ ညထမင်းစားပွဲများတွင် ၎င်းအမျိုးသမီး နှစ်ယောက်က ကျနော်တို့ကို ပြုစုကျွေးမွေးနေသည်ကို ဂျပန်ဗိုလ်ဆွေနှစ်ဦးက ထိုအမျိုးသမီးနှစ်ယောက်နှင့် ကျနော်တို့ကို လှောင်ပြောင်ပြောဆိုတတ်ပါသည်။ ထိုသို့လှောင်ပြောင်မှုကို ကျနော်တို့အထဲမှ ဗိုလ်မင်းခေါင်တယောက်သာ ရယ်ကျဲရယ်ကျဲနှင့် ပြန်လည်တုံ့ပြန် နောက်ပြောင်ပါသည်။ ကျန်လူများမှာ ရှက်ကိုးရှက်ကန်းနှင့် ခပ်တည်တည်သာနေကြပါသည်။

(၅)

ကျနော်တို့ ဒုတိယအသုတ် တိုကျိုမြို့တွင် တပတ်ခန့်လည်ပတ်ပြီးနောက် ထိုမှ ကျနော်တို့စစ်ပညာသင်ရမည့် တရုတ်ပြည်မှ ဂျပန်တို့သိမ်းပြီး တိုက်ယူထားသော ဟိုင်နန်ကျွန်းသို့သွားရန် ပြင်ဆင်ကြပါသည်။

ကျနော်တို့ကို စစ်ပညာသင်ရန် ဗမာပြည်မှ ခိုးထုတ်ကြသော ဂျပန်အဖွဲ့၏ ခေါင်းဆောင်မှာ စူဇူကီး (ခေါ်) ဗိုလ်မိုးကြိုး ဖြစ်ပါသည်။ ဂျပန်စစ်တပ်မှ ဗိုလ်မှူးကြီးတဦး ဖြစ်ပါသည်။

ကျနော်တို့ ဒုတိယအသုတ် ၇ ယောက်သည် ဟိုင်နန်ကျွန်းသို့ တိုကျိုမှဂျပန်ရေတပ်၏ တိုက်လေယာဉ်ငယ်များဖြင့် သွားကြရသည်ဟင် ပါသည်။ လေယာဉ်တွင် ကျနော်တို့အတွက်ထိုင်ခုံမရှိ ကြမ်းပေါ်တွင်လဲလျောင်းပြီးသာ စီးသွားရသည်။

ဟိုင်နန်ကျွန်းသို့ ကျနော်တို့ ၁၉၄၁ ခုနှစ် မေလ ၁၀ ရက်မှာ ကောင်းစွာရောက်ကြသည်။ နောက်ကျနော်တို့ စစ်ပညာသင်ယူရမည့် စခန်းသို့ ကျနော်တို့ ရောက်ပါတော့သည်။ စခန်းတွင်ဂျပန်စစ်ပညာသင်ရန် စောစွာကတည်းက ရောက်နေသော သခင်အောင်ဆန်း၊ သခင်လှမြိုင် (ဗိုလ်ရန်အောင်) တို့နှင့် ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်သို့ ပြန်ပြီးခေါ်ယူလာသော ၁၉၄၁ ခုနှစ် မတ်လအတွင်း ဂျပန်ပြည်သို့ ရောက်လာကြသည့် ကျနော်တို့အရင် ပထမအသုတ်မှလူများ သခင်လှဖေ (ဗိုလ်လက်ျာ)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)၊ သခင်အေးမောင် (ဗိုလ်မိုး)၊ သခင်ဘချမ်း (ဗိုလ်လရောင်) တို့ကို ဝမ်းမြောက်စွာ တွေ့ရတော့သည်။ ဗမာပြည်သတင်းများ အပြန်အလှန်ပြောကြတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်းပထမသုတ်မှလူများမှာ ဟိုင်နန်ကျွန်းသို့ ၁၉၄၁ ခု ဧပြီလ အတွင်းကတည်းက ရောက်နေကြသည်။

ကျနော်တို့စစ်ပညာ သင်ယူရမည့်စခန်းမှာ ဟိုင်နန်ကျွန်းရှိ ဂျပန်ရေတပ်စခန်း၏ အနောက် အတွင်းဘက် ၄ မိုင်လောက် ကွာသောနေရာ "စန်းယ" ဟုခေါ်သောရွာအနီးတွင် ရှိပါသည်။ မော်တော်ကားလမ်း အကြမ်းရှိသည်။ ဂျပန်ရေတပ်မှ ရိက္ခာများ ကားဖြင့်သယ်ယူ စားသောက်ကြရပါသည်။

စခန်းတွင် အရှည်ပေ ၂၅၀ အကျယ် ၃၅ပေလောက်ရှိ လူနေဟိုတန်းလျားကြီးတခုနှင့် လက်နက်ရုံ၊ စီးပိုရှောင် အဆောင်၊ ထမင်းစားဆောင်၊ ရေချိုးရန်နေရာ၊ မြင်းဇောင်းကလေးတခုရှိပါသည်။ ဟိုလူနေတန်းလျားကြီး၏ ခေါင်းရင်းဘက် အစွန်ခန်းများတွင် ဂျပန်စစ်သင်တန်း ဆရာများနေပြီး ကျန်တန်းလျားကြီးအဝိုင်းတခုလုံး ကျနော်တို့သင်တန်းသားများ နေထိုင်ကြပါသည်။ တန်းလျားကြီးတွင် တဖက်လျှင် ၁၅ ပေခန့်ကျယ်သော လူ နေနိုင်၊ အိပ်နိုင်သော စင်မြင့်ရှည်ကြီး ၂ ခု မျက်နှာချင်းဆိုင်ရှိပြီး အလယ်တွင် ၅ ပေလောက်ကျယ်သော လမ်းလျှောက်လမ်း ရှိပါသည်။ အောက်ခြေသမံတလင်း ခင်းထား၍ စင်မြင့်မှာ ၃ ပေ လောက်သာ မြင့်ပါသည်။ အခန်းတွင်း စစ်သင်တန်း ပို့ချချက်များကို ထိုလူနေပြီး အိပ်နိုင်သော စင်မြင့်ပေါ်တွင် သင်ကြား ပို့ချကြပါသည်။ ၎င်းလူနေစင်မြင့်ရှည်ကြီး ၂ ခုပေါ်တွင် ဂျပန်တို့ လုပ်လေ့လုပ်ထဖြစ်သော ကောက်ရိုးဖျာ ခင်းထား၍ နူးညံ့သန့်ရှင်း နေပါသည်။

ကျနော်တို့ စခန်းရောက်ပြီး မကြာမီ ချက်ချင်းလိုပင် (တတိယအသုတ်နှင့် စတုတ္ထအသုတ်များ မရောက်မီ) စစ်သင်တန်းများစရန် စီစဉ်ပါတော့သည်။

ကျနော်တို့ သင်တန်းသားများကို ၃ ဖွဲ့ခွဲလိုက်ပါသည်။ "ဗိုင်းအိပန်" ခေါ် ပထမအဖွဲ့၊ "ဗိုင်းနိုဟန်" ခေါ် ဒုတိယအဖွဲ့၊ "ဗိုင်းစန်ပန်" ခေါ် တတိယအဖွဲ့တို့ဖြစ်ပါသည်။ ထို ၃ ဖွဲ့ခွဲထားသော်လည်း စစ်ပညာအခြေခံနှင့် တပ်စုတိုက်ပွဲ၊ တပ်ခွဲတိုက်ပွဲ စသော ကွင်းဆင်းစစ်လေ့ကျင့်ရေး တိုက်ပွဲ များမှာ အတူတူတဖွဲ့တည်း သင်ကြားရပါသည်။

ဗိုင်းအိပန်ခေါ် ပထမတပ်ဖွဲ့သည် ဗဟိုအမိန့်တိုက်ခိုက်ရေး ပင်မစစ်တပ်များကို ဖွဲ့စည်းခေါင်းဆောင်ရန်အတွက် ရည်ရွယ်ပြီး သမရိုးကျဆန် သော တိုက်ပွဲများကို အလေးထား သင်ယူရသည်။ ဗိုင်းနိုဟန်ခေါ် ဒုတိယတပ်ဖွဲ့သည် အဓိက ရန်သူ့နယ်အတွင်း လှုပ်ရှားရသော ပြည်တွင်းသူပုန် လှုပ်ရှားမှုအတွက်ပါ ရည်ရွယ်ပြီး ဖိုင်းခွဲဖျက်ဆီးသော အတတ်ပညာများ စုံစမ်းထောက်လှမ်းရေး နည်းပညာလုပ်ငန်းများပါ အထူးသင်ကြားပေးသည်။ ဗိုင်းစန်ပန်ခေါ် တတိယတပ်ဖွဲ့သည် တော်လှန်ရေးကို ဦးဆောင်နိုင်မှုအတွက် စစ်တပ်ဖွဲ့စည်းပုံများ စစ်ဘက်နယ်ဘက် အထွေထွေအုပ်ချုပ်ရေး ဆိုင်ရာ တို့ကို အထူးသင်ကြားပေးသည်။

ကျနော်တို့ ဂျပန်စစ်ပညာသင် ပထမအသုတ်နှင့် ဒုတိယအသုတ်တို့ စစ်ပညာသင်တန်းစတင်ပြီး မကြာမီပင် ဂျပန်စစ်ပညာသင် တတိယအသုတ်ဖြစ်သော ကိုလှမောင် (ဗိုလ်ဇေယျ) သခင်စံမြ (ဗိုလ်တောက်ထိန်)၊ သခင်ခင်မောင်ဦး (ဗိုလ်တာရာ)၊ တို့၃ ဦး ကျနော်တို့စခန်း ဟိုင်နန် ကျွန်းသို့ ထပ်ပြီးရောက်လာသဖြင့် ကျနော်တို့နှင့် ရောနှောပြီး ကျနော်တို့နှင့် စစ်ပညာများ ဆက်သင်ရသည်။

ကျနော်တို့စစ်ပညာသင်ကြားမှု ၂ လလောက်ကြာပြီးသောအခါ ဂျပန်စစ်ပညာသင် စတုတ္ထအသုတ်ဖြစ်သော သခင်ထွန်းအုပ်၊ သခင်ရှုမောင် (ဗိုလ်နေဝင်း)၊ သခင်စံလှိုင် (ဗိုလ်အောင်)၊ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ)၊ သခင်ငွေ (ဗိုလ်စောအောင်)၊ သခင်သစ် (ဗိုလ်စောနောင်)၊ သခင်ထွန်းလွင် (ဗိုလ်ဗလ)၊ သခင်ကျော်စိန် (ဗိုလ်မိုးညို)၊ ကိုလှ (ဗိုလ်မင်းရောင်)၊ ကိုသန်းညွန့် (ဗိုလ်ဇင်ယော်)၊ ကိုမောင်မောင် (ဗိုလ်ဥဿာ)၊ ပေါင်း (၁၁) ယောက်တို့ နောက်ဆုံး ၁၉၄၁ ခုနှစ် ဇူလိုင်လတွင် ထပ်ပြီး ဂျပန်သို့ရောက်လာရာ ၎င်းတို့ထဲတွင် သခင်ထွန်းအုပ်မှလွဲ၍ ကျန်လူ (၁၀) ယောက်စလုံးတို့သည် စစ်ပညာသင်ယူရန် ဟိုင်နန်ကျွန်း ကျနော်တို့စခန်းသို့ ၁၉၄၁ ခုနှစ် ဩဂုတ်လ ၁၁ ရက်တွင် ရောက်လာပြီး ဂျပန်စစ်ပညာသင် ပထမ၊ ဒုတိယ၊ တတိယ အသုတ်တို့နှင့် ပူးပေါင်းပြီး စစ်ပညာများ သင်ယူကြသည်။ ၎င်းစတုတ္ထအသုတ်မှာ ကျနော်တို့ရှေ့ဦးအသုတ်များနှင့် မပူးပေါင်းမီ သူတို့ (၂) လလောက်နောက်ကျနေ၍ သူတို့ချည်းနောက်ကျနေသော စစ်သင်ခန်းစာများကို သီးသန့် (၂) ပတ်ကျော်လောက် အမြန်သင်ကြားပေးပြီးမှ ကျနော်တို့ ရှေ့ဦးအသုတ်များနှင့် ပူးပေါင်းပြီး သင်ကြားရသည်။

နောက်သခင်ဖစိန်၊ သခင်ထွန်းအုပ်တို့၏ တို့ဗမာသခင်အစည်းအရုံးမှ သခင်အောင်သန်း (ဗိုလ်စကြာ) သည် တဦးတည်း လိုက်ပို့သော ဂျပန်တဦးနှင့်အတူ ဟိုင်နန်ကျွန်းသို့ တတိယသုတ် မရောက်မီကလေးတွင် ရောက်ရှိလာပြီး ကျနော်တို့နှင့်လာပေါင်းကာ စစ်ပညာသင်သည်။

နောက်ကိုဆောင်း (ဗိုလ်ထိန်ဝင်း) မှာ ရဲဘော်သုံးကျိပ်တွင် (ဖော်မိုဆာတွင် ကွယ်လွန်ခဲ့သော) သခင်သန်းတင်နှင့် သခင်ထွန်းအုပ်တို့ကဲ့သို့ ဟိုင်နန်ကျွန်းသို့ ဂျပန်စစ်ပညာသင်ရန် ရောက်မလာဘဲ စစ်ပညာမသင် ဖြစ်ကြပေ။

ရဲဘော်သုံးကျိပ် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ယူရာတွင် အောက်ပါအတိုင်း တပ်ဖွဲ့(၃) ဖွဲ့၊ ဖွဲ့စည်းပြီး စစ်ပညာသင်ယူကြသည်။

တပ်ဖွဲ့(၁) တွင် -သခင်အေးမောင် (ဗိုလ်မိုး)၊ သခင်ဘကျော် (ဗိုလ်လရောင်)၊ သခင်စံလှိုင် (ဗိုလ်အောင်)၊ သခင်စံမြ (ဗိုလ်တောက်ထိန်)၊ သခင်လှမြိုင် (ဗိုလ်ရန်အောင်)၊ သခင်ထွန်းလွင် (ဗိုလ်ဘလ)၊ သခင်ရွှေ (ဗိုလ်ကျော်ဇော)၊ သခင်စိုး (ဗိုလ်မြင့်အောင်)၊သခင်တင်အေး (ဗိုလ်ဘုန်းမြင့်)၊ ကိုအောင်သိန်း (ဗိုလ်ရဲထွဋ်)၊ ကိုလှ(ဗိုလ်မင်းရောင်)၊ ကိုမောင်မောင် (ဗိုလ်ညာဏ)၊ ကိုသန်းညွန့်(ဗိုလ်ဇင်ယော်) တို့ ပါဝင်သည်။

တပ်ဖွဲ့(၂) တွင် - ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)၊ သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ သခင်သန်းတင် (ဗိုလ်မြင်)၊ သခင်ထွန်းရွှေ (ဗိုလ်လင်းယုန်)၊ သခင်ခင်မောင်ဦး (ဗိုလ်တာရာ)၊ ကိုလှမောင် (ဗိုလ်ဇေယျ) တို့ ပါဝင်သည်။

တပ်ဖွဲ့(၃) တွင် - သခင်အောင်ဆန်း (ဗိုလ်တေဇ)၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်အောင်သန်း (ဗိုလ်စကြာ)၊ သခင်ရှုမောင် (ဗိုလ်နေဝင်း) တို့ ပါဝင်သည်။

မှတ်ချက်(၁) - ဗိုလ်နေဝင်းကို တပ်မတော်သမိုင်းစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့၏ အဖွဲ့(၃) တွင် ထည့်ထားပါသည်။ ကျနော့်မှတ်မိသလောက်က ဗိုလ်နေဝင်းဟာ တပ်ဖွဲ့ (၂) ပြည်တွင်းသူပုန်အဖွဲ့တွင် ပါဝင်သည်ဟု မှတ်မိနေပါသည်။

မှတ်ချက်(၂) - သခင်အောင်ဆန်း၏ ဗိုလ်နာမည်ကို ဗိုလ်တေဇဟု နာမည်ပေးထားသော်လည်း အများက ဗိုလ်ချုပ်အောင်ဆန်းဟုသာ ခေါ်ကြပါသည်။

ဟိုင်နန်ကျွန်း စစ်ပညာသင်တန်းလေ့ကျင့်ရေးမှူး ဂျပန်ဆရာတို့၏ ဖွဲ့စည်းပုံမှာ ...

(၁) စစ်လေ့ကျင့်ရေးမှူးချုပ်အဖြစ် (ကပ္ပတိန်) ဗိုလ်ကြီးကာဝါရှီးမား ဖြစ်သည်။ သူသည် ဂျပန်ပြည် ဂျပန်တပ်မတော်တွင် စစ်သူရဲကောင်း အမှတ် (၆) အဲ့ရသူရဲကောင်းဖြစ်သည်။ တရုတ်တို့နှင့် တိုက်ပွဲမှာ မျက်နှာတွင်ဒဏ်ရာရသဖြင့် ပါးတဖက်စောင်းပြီး အရုပ်ဆိုးနေသည်။ ဂျပန်ပြည်သူနှင့် ဂျပန်စစ်တပ်၏ ချစ်ခင်လေးစားခြင်း ခံရသူဖြစ်သည်။ စိတ်သဘောထား ကြံ့ခိုင်တည်ငြိမ် ပြေပြစ်သူဖြစ်ပြီး တကယ့် စစ်သားကောင်း တယောက်၏ သွင်ပြင်လက္ခဏာ ရှိသူဖြစ်သည်။သူ့ကိုကျနော်တို့ကအရုပ်ဆိုး၍ "သူရဲ" ဟု နာမည်ဝှက်ပေးပြီး ခေါ်ခေါ်ကြသည်။ လေးလည်းလေးစားကြသည်။

(၂) ကျနော်တို့အမှတ် (၁) တပ်ဖွဲ့ ဂျပန်လေ့ကျင့်ရေးမှူးမှာ လက်ဖတင်နင် (ဗိုလ်) ဟာတိုရီ ဖြစ်သည်။ သူသည်စကားနည်းပြီး အေးအေးဆေးဆေး နေတတ်သူ ဖြစ်သည်။ စစ်ပညာသင်ကြားရေးတွင် များစွာအာရုံစိုက်ပြီး လုပ်ကိုင်သူ ဖြစ်သည်။ တိုက်ပွဲ စစ်သင်တန်းများပြီးလျှင် တိုတိုက်ပွဲနှင့် သင်တန်း အားလုံးအပေါ် ရှည်လျားစွာ ဝေဖန်သုံးသပ်ချက်များ ပေးတတ်သည်။ ကျနော်တို့ ဂျပန်စကား နားမလည်လို့သာ နားလည်ကြရင် တန်ဖိုးများစွာရှိမည် ဖြစ်သည်။ သူသည် ကာဝါရှီမားလို မနေ့ညားသော်လည်း အေးဆေးသော ဂျပန်စစ်သားကောင်း၏ သွင်ပြင်လက္ခဏာရှိသူ ဖြစ်သည်။ သူဒေါသထွက် တာကို မတွေ့ဖူးချေ။ သူ့ကိုကျနော်တို့က "မင်းသားကြီး" ဟု နာမည်ဝှက်ပေးထားပြီး ချစ်ခင်ကြသည်။

(၃) အမှတ် (၁) တပ်ဖွဲ့၏ ဒုတိယလေ့ကျင့်ရေးမှူးမှာ လက်ဖတင်နင် (ဗိုလ်) အိစိုးမီးယား ဖြစ်သည်။ သူက ကျနော်တို့နှင့် သင်တန်းချိန်အတွင်းမှာရော သင်တန်းချိန်အပမှာရော ရင်းနှီးစွာ ဆက်ဆံတတ်သောသူ ဖြစ်သည်။ သူသည် စစ်ဗိုလ်ရုပ်လက္ခဏာထက် ကျောင်းဆရာတယောက်၏ သွင်ပြင် လက္ခဏာရှိသူ ဖြစ်သည်။ အပြောအဆို ပြေပြစ်ချောမောသူဖြစ်သည်။

(၄) ကျနော်တို့အမှတ် (၁) တပ်ဖွဲ့တွင် ဂျပန်တပ်ကြပ်ကြီး လေ့ကျင့်ရေးဆရာ "မောရီ"နှင့် "ကိုနိုဆု" ဟူသောဆရာ ၂ ယောက်လည်း ရှိသည်။ မောရီမှာ နည်းနည်းခက်ထန်ပြီး ကိုနိုဆုမှာ ဆက်ဆံရေးပြေပြစ်သူဖြစ်သည်။

(၅) အမှတ် (၂) တပ်ဖွဲ့၏ ဂျပန်လေ့ကျင့်ရေး ဆရာတွေကိုတော့ ကျနော်ကောင်းစွာ မသိချေ။ လေ့ကျင့်ရေးမှူးမှာ လက်ဖတင်နင်(ဗိုလ်) ဟာရာ ဖြစ်သည်။ ထူးခြားသောအသွင်အပြင်မတွေ့ရ၊ သာမန်ဂျပန်စစ်ဗိုလ်ပဲဟုသာ အထေးမှတ်ရသည်။

(၆) အမှတ် (၃) တပ်ဖွဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့တပ်ဖွဲ့၏ လေ့ကျင့်ရေးမှူးမှာ လက်ဖတင်နင် (ဗိုလ်) ဆူဇူကီး ဖြစ်သည်။ လူနည်းနည်းပိန်ပြီး အရပ်ပုသည်။ သူသည် တည်တည်ကြည်ကြည် မနေတတ် သွက်သွက်လက်လက်သွားလာ လှုပ်ရှားတတ်သည်။ ရယ်ရယ်မောမောနှင့် ရောရောနှောနှော ပေါ့ပေါ့ပါးပါး ပြောဆိုနေထိုင်တတ်သည်။ ၎င်းသည်ဂျပန်စစ်ဗိုလ်နှင့်မတူ ကုန်သည်နှင့်ပိုတူသည်။

သူသည် စစ်ကြီးပြီးနောက် ဗမာပြည်သို့ အလုပ်ကိစ္စနှင့် တခေါက်ရောက်လာရာ ကျနော့်မှာတပ်မတော်မှ ပင်စင်ယူပြီး ရန်ကုန်၊ စမ်းချောင်း အိမ်တွင်နေစဉ် ကျနော့်အိမ်သို့ လာရောက်လည်ပတ်သဖြင့် ကျနော်က နောက်နေ့ညစာ ဖိတ်ကျွေးလိုက်သည်။ ဖော်ဖော်ရွေရွေနှင့် လာရောက်စား သောက်သွားသည်။

(၇) ဂျပန်စစ်ပညာသင်ဆရာများအကြောင်း အမျိုးမျိုးအဖုံဖုံ ရှိနေကြသော်လည်း ၎င်းတို့တွင် တူညီသောစိတ်ဓာတ်အခြေခံတခု ရှိနေပုံရသည်။ ၎င်းမှာ ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး) မှအစ အားလုံးလိုလိုတွင် မိမိတို့ဂျပန်လူမျိုးများသည် အခြားလူမျိုးများထက် မြင့်မြတ်သည်ဟူသော အယူအဆလွှဲမှားတခု အနည်းအများရှိနေကြပုံရ၍ အခြေခံမောက်မာကြသည်။

(၆)

ဟိုင်နန်ကျွန်းတွင် ကျနော်တို့ စစ်ပညာသင်ကြားရာတွင် ကျနော်တို့အဖွဲ့တွင် ဂျပန်အရပ်သား (၅) ယောက်လောက်လည်း ပါဝင်သည်။ သူတို့က ဗမာပြည်လွတ်လပ်ရေးတိုက်ပွဲ စော်လံတီးယား ပါဝင်လိုသူတွေ ဖြစ်သည်။ ၎င်းတို့အထဲတွင် ဂျပန်စစ်သားဟောင်း စစ်ပြန်အသက် (၃၀) အရွယ် မှန်တာ"ဟာထရီ" ဆိုသူလည်း ပါဝင်သည်။ (ထိုသူတွေကို နောက်ပိုင်းတွင် ကျနော်တို့ မတွေ့ရတော့ပေ။)

ဟိုင်နန်ကျွန်းတွင် ကျနော်တို့ကို ဂျပန်များသင်ကြားပေးသော စစ်ပညာဘာသာရပ်များမှာ အောက်ပါတို့ ဖြစ်သည်။

(၁) အခြေခံစစ်ရေးပြ လှုပ်ရှားမှုများ

(က) လက်နက်မပါ စစ်ရေးပြလှုပ်ရှားမှု

(ခ) လက်နက်ပါ စစ်ရေးပြလှုပ်ရှားမှု

(၂) တိုက်ပွဲ၊ ကွင်းပြင်စစ်ရေးတိုက်ပွဲများ၊ လေ့ကျင့်မှုများ

(က) ကိုယ်စီတိုက်ပွဲ

(ခ) တပ်စိတ်တိုက်ပွဲ

(ဂ) တပ်စုတိုက်ပွဲ (အများဆုံး)

(ဃ) တပ်ခွဲတိုက်ပွဲ – တို့ကို လေ့ကျင့်သင်ကြားရသည်။

(၃) ည တိုက်ပွဲများ (အဓိက တခုထား၍ သင်ကြားသည်။)

(၄) စစ် မြေပုံတိုက်ပွဲများ

(က) တပ်ရင်းတိုက်ပွဲ

(ခ) တပ်မဟာတိုက်ပွဲ

(ဂ) တပ်မတိုက်ပွဲ

(ဃ) အခြားတိုက်ပွဲများ

(၅) စစ်လက်နက်များ

(က) လက်နက်ငယ်များ (ခြေလျင်တပ်ခွဲသုံး လက်နက်များ)

(ခ) လက်နက်ကြီးများ (စိန်ပြောင်း– အလတ်၊ အကြီး၊ အမြောက် – တင့်ကားပစ်၊ ရိုးရိုးမြေပြင်ပစ်အမြောက်၊ တပ်မသုံးအမြောက်)

(၆) အင်ဂျင်နီယာလုပ်ငန်း

(က) တံတားဆောက်ခြင်း။ (၎င်းမှာ ချောင်းငယ်များ မော်တော်ကားဖြတ်ရန်၊ ဝါးသစ်ပင်တို့ဖြင့် ဖြစ်သလိုယာယီတံတားထိုးခြင်း)

(ခ) မိုင်းများခွဲခြင်း

(၇) အထွေထွေ

(က) ရေကူးခြင်း ... စသည်များ ဖြစ်သည်။

(၈) စစ်ရေးဆိုင်ရာ စိတ်ဓာတ်သွင်းပေးခြင်း

(က) စစ်သားကောင်းစိတ်ဓာတ်။

- အနိုင်မခံ အရှုံးမပေး ခံရင့်ကြံ့ခိုင်သော သူရသတ္တိစိတ်ဓာတ်။
- အမိန့်နှင့် စည်းကမ်းကို လိုက်နာသောစိတ်ဓာတ်။

(ခ) မိမိလက်နက်ကိုမိမိ အသက်လို ရိုသေရှုစိုက်သောစိတ်ဓာတ် ... စသည်တို့ဖြစ်သည်။

## (၇)

## ဟိုင်နန်ကျွန်း ဂျပန်စစ်သင်တန်း စတင်ခြင်းနှင့် ပြင်းထန်ပင်ပန်းဆင်းရဲခြင်း။

ကျနော်တို့ ပထမအစီအစဉ်မှာ (၃) လမျှ စစ်သင်တန်း အပြင်းအထန်သင်ကြားပြီး မြန်မာပြည်ပြန်၍ အင်္ဂလိပ်တို့နှင့် လွတ်လပ်ရေးအတွက် ပြောက်ကျားစစ် ဆင်နွှဲရန်မှာလည်းထားကြသည်။

ကျနော်တို့သည် သာမန်အားဖြင့် နှစ်နှင့်ချီ၍သင်ကြားရမည့် အထက်ဖော်ပြပါ စစ်ပညာများကို အချိန်တိုအချိန် (၃) လနှင့် တက်သုတ်ရိုက်ပြီး အပြင်းသင်ကြားရမည် ဖြစ်သည်။

ကျနော်တို့ ဟိုင်နန်ကျွန်းစစ်သင်တန်းကို ၁၉၄၁ ခုနှစ် မေလ အလယ်လောက်က စတင်ကြသည်ထင်ပါသည်။ ထို့ကြောင့် ကျနော်တို့သည် အချိန်ကိုလုပြီး စားချိန်၊ အိပ်ချိန်အနည်းငယ်ကလေးမှတပါး နေ့ရောညပါ အလစ် သင်ကြားရ၏။ နံနက်မိုးလင်းစအချိန်မှ ညနေ နေဝင်ခါနီးအထိ ထမင်းစားချိန်မှအပ သင်ကြားရ၏။ အချိန်လုပြီး အပြင်းအထန် သင်ကြားရသဖြင့် ကျနော်တို့မှာ များစွာပင်ပန်းကြရ၏။ သို့သော် ကျနော်တို့မှာ စစ်ပညာကို အားအာက်သရော ငန်းငန်းတက် လေ့လာကြ၏။ ကျနော်တို့သည် ၁၃၀၀ ပြည့် လွတ်လပ်ရေးတိုက်ပွဲ အတွေ့အကြုံအရ အင်္ဂလိပ်အောက်မှ လွတ်လပ်ရေးရဖို့ ကျနော်တို့ အမျိုးသားစစ်တပ်ရှိဖို့ လိုအပ်သည်မဟုတ်ပါလား။ စစ်တပ်ဖွဲ့ဖို့ ဂျပန်သို့စစ်ပညာသင်ရန် ခဲခဲယဉ်းယဉ်း စွန့်စွန့်စားစား လာခဲ့ကြသည် မဟုတ်ပါလား။ ထို့ကြောင့် ဘယ်လောက်ပင်ပန်းပင်ပန်း ကျနော်တို့အလုအယက် ကြိုးစားပြီးသင်ယူကြသည်။

စစ်လေ့ကျင့်ခန်းများတွင် အပင်ပန်းဆုံးလေ့ကျင့်ခန်းမှာ ခုတ်ခွာထွက်ပြေးနေသော ရန်သူကို အမိအရလိုက်လံပြီး တိုက်ခိုက်ချေမှုန်းရသော လေ့ကျင့်ခန်းမှာ ခရီးဝေးပြေးလွှားလိုက်ရသဖြင့် ကျနော်တို့အမောဆုံး အပင်ပန်းဆုံး ဖြစ်သည်။

ဤကဲ့သို့သော စစ်လေ့ကျင့်ခန်း တခုအကြောင်း (၁၄) ကြိမ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရေးသားခဲ့သော "ဖက်ဆစ်တော်လှန်ရေး" ဟူသောဆောင်းပါးတွင် ကျနော်ရေးသားထားပုံတခုမှာ (၂၁-၈-၄၁) နေ့ ကျနော့်ဒိုင်ယာရီတွင် ကျနော်တို့ ၁၅ ကီလို (၁၀ မိုင်) မျှလမ်းလျှောက်ချီတက်ပြီး ၅ မိုင်ရှည်လျားသော တိုက်ပွဲလေ့ကျင့်ခန်းတခုနှင့် ပတ်သက်၍ နိဂုံးတွင်ရေးသားထားသည်မှာ " ဤတိုက်ပွဲသည် ကျုပ်တို့အလွန်ကျေနပ်သည်။ ဤမျှရှည်လျားစွာ မရပ်မနားဘဲ တိုက်ခဲ့ရသည်။ ကမ္ဘာပေါ်တွင်ဘယ်စစ်သားမှ မကြောက်တော့ပေ။ ဂျပန်အကောင်းဆုံး စစ်သားမစွတာ ဟထဇီယင် နောက်ဆုံးနေရာကို အားခဲပြီးလာရသည်။ ဗမာပြည်အတွက်ဝမ်းမြောက်သည်။ ကျုပ်တို့ပင်ပန်းသဖြင့် ကျရသော ချွေးပေါက်သည် ဗမာပြည်အတွက် သွေးချမ်းဖို့အရိပ်အယောင် မိုးရေစိုးပေါက်ဖြစ်ရချေမည်။ ကျုပ်တို့ထိုလေ့ကျင့်ခန်းကို အကျေနပ်ကြီးကျေနပ်သည်။ ဗမာအားလုံး ၅ မိုင် စစ်တလင်းအခုံးကို အတူတူရောက်ကြသည်။ အထူးသဖြင့် သခင်အောင်ဆန်း၏ ဖွဲ့၊ သတ္တိကို လှတိုင်းဝမ်းထဲက ကျေနပ်ကြသည်။

စစ်တန်းလျားသို့ရောက်သောအခါ ၇ နာရီ ထိုးနေပြီ။ ၎င်းလေ့ကျင့်ခန်းမှာ နံနက် (၉) နာရီခွဲတွင် စ၍ ည ၇ နာရီပြီးသည်။" ဟု ရေးထားပါသည်။

## လက်နက်ကိုင်ရပြီ။

ဟိုင်နန်ကျွန်းစစ်သင်တန်းတွင် ကျနော်တို့ လက်နက်စပြီး ကိုင်ရသောနေ့ကို ကျနော်တို့ အမှတ်ရနေ၏။ ထိုကိစ္စ ၁၄ ကြိမ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကျနော့်ဆောင်းပါးတွင် ကျနော်ရေးသားထားပုံမှာ ...

"ကျနော်တို့စစ်သင်တန်းစ၍ဆင်းပြီး တပတ်လောက်ကြာသောအခါ ၄ မိုင်မျှဝေးသော ဂျပန်ရေတပ်မှ ကျနော်တို့ ကိုင်စွဲရမည့် လက်နက်သေတ္တာကြီးများကိုထမ်း၍ လက်နက်တိုက်သို့သွင်းရ၏။ လက်နက်ကိုင်ရတော့မည်ဖြစ်၍ ကျနော်တို့ရဲဘော်များ ဝမ်းမြောက်နေကြ၏။ နောက်နေ့တွင် စစ်လေ့ကျင့်ခန်းဆင်းရန် စစ်သားတယောက်အဖြစ် ကိုယ်ပိုင်ကိုင်စွဲရမည့် ရိုင်ဖယ်သေနတ်များကို အခမ်းအနားဖြင့် လက်ခံယူရ၏။"

"ထိုနေ့စစ်သင်တန်းမှ ခေတ္တရပ်ပြီး ရိုသျှတ်ကောင်းစားလှမှုများဖြင့်ဆင်၍ လက်ခံရ၏။ အမဲဆီများပေကျံနေသော ချက်ကိုစလိုက်လုပ် ရိုင်ဖယ်နှင့်လှံစွပ်များကို အစီအစဉ်ဖြင့် တဦးစီဝေ၍ပေး၏။ နေ့မှထဲတွင်တန်းစီ၍ အခမ်းအနားဖြင့် လက်ခံကြရ၏။"

"ကျနော်သည် ပူအိုက်ပြီး ချွေးများစို့နေသည်ကို ဂရုမပြုနိုင်၊ လက်ထဲသို့ ပထမဆုံးရောက်လာသော ရိုင်ဖယ်သေနတ်နှင့် လှံစွပ်တို့အပြင် ပခုံးကြိုးသိုင်းတို့ကို လက်နှစ်ဘက်နှင့်ကိုင်လျက် မိမိတန်းစီရာသို့ ပြန်ရပ်နေ၏။ ရဲဘော်အားလုံး မျက်လုံးများ ဝင်းတောက်နေ ကြ၏။ ပျော်ရွှင်နေကြ၏။ ကျနော့်မှာ ဝမ်းသာခြင်း တုန်လှုပ်ခြင်းဖြင့် ကတုန်ကယင်ဖြစ်ခဲ့၏။ ယင်းကိုယခုအထိ သတိရနေမိ၏။"

"ကျနော်တို့လက်နက်ကိုင် ကြရပြီမဟုတ်လား။ ဤလက်နက်သည် ဘယ်သူကပေးပေး၊ ဘယ်ကရရ အကြောင်းမဟုတ်။ ဤလက်နက်ဖြင့် နယ်ချဲ့စနစ်ကြီးကို တိုက်ရဖို့သာလျှင် မဟုတ်လော။ ဤလက်နက်သည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး လက်နက်ကိုင်တိုက်ပွဲအတွက် မျိုးစေ့ပင် မဟုတ်ပါလော။"

ဂျပန်များက ကျနော်တို့ကိုပြောသည်မှာ မိမိလက်နက်ကို အမြဲရှိသေလေးစားစွာ ကိုင်တွယ်ရန်နှင့် အမြဲသန့်ရှင်းစင်ကြယ် ပြောင်လက်နေအောင် တိုက်ချွတ်ထိန်းသိမ်း ထားရမည်ဟု ဖြစ်ပါသည်။

ကျနော်တို့ လက်နက်ကိုင်ရပြီးနောက် မကြာခဏ ဂျပန်ဆရာတို့က လက်နက်စစ်ဆေးပွဲများ လုပ်တတ်သည်။ မိမိလက်နက် ပြောင်လက်သန့်ရှင်းနေပြီး သေနတ်ပြောင်းကို ထောင်ကြည့်သောအခါ သေနတ်ပြောင်းဟာ ပြောင်လက်နေရမည်။ မဲမှောင်နေသော အကွက်မရှိရ။ နောက်ဆုံး လက်နက်မသန့်ရှင်းလျှင် ကိုင်စွဲသူမှာ စစ်သားကောင်းမဟုတ်ဟူသော အယူအဆဖြင့် ထိုသူ၏ပါးကိုသော်မှ ပင် ထိုးကြိတ်တော့သည်။

လက်နက်ရှိသေမှုနှင့် ပတ်သက်၍ ကျနော်တို့ ယခုအထိစွဲမှတ်နေသော အဖြစ်အပျက်တခုကို ကျနော်မှတ်မိနေ၏။
တနေ့စစ်လေ့ကျင့်ခန်းတွင် ကျနော်တို့ထဲမှ ရဲဘော်တယောက် သူကိုင်သောစက်သေနတ်ကလေးမှ ဝက်အူတချောင်းပြုတ်ကျပြီး လက်နက်မှာ ကိုင်လို့မကောင်း ဖြစ်နေ၏။ ထိုရဲဘော်က ထိုကိစ္စကိုထိတ်လန့်စွာနှင့် သတင်းပို့၏။ ဤတွင် ဆရာက သင်တန်းတခုလုံးကို ရပ်စဲပြီး ထိုဝက်အူကလေးကို ရှာဖွေရန် လုပ်တော့၏။ ကျနော်တို့စစ်လေ့ကျင့်နေသော ဘောလုံးကွင်းလောက်ကျယ်သည့် မြေကွက်လပ်ပေါ်တွင် ကွက်လပ်အစွန်းတဖက် နှုတ်ခမ်းစပ်တွင် ကျနော်တို့အားလုံး လက်တကမ်းတန်းစီရပ်ပြီး မြေကြီးပေါ် လေးဘက်ထောက်စေကာ မိမိရှေ့တည့်တည့် ကွက်လပ်မြေကြီးပေါ် လက်ဖြင့်ကိုင်တွယ် စမ်းသပ်စေပြီး တဖြည်းဖြည်းလေးဘက်ထောက်သွားကာ ရှာဖွေနိုင်း၏။ ကွက်လပ်ဆုံး၍ မတွေ့သေးရင် ကျန်သေးသော ကွက်လပ်ဘက်သို့ တဆင့်တိုးချဲ့ ဟန်းစီပြီး လေးဘက်ထောက် ဆိုတက်ရှာဖွေနိုင်း၏။ ဤနည်းဖြင့် ကွင်းအဆုံးနားရောက်သောအခါ ထိုဝက်အူကို ရဲဘော်တယောက်က ရတော့၏။ ဤတွင်မှ လက်နက်ရှာဖွေရေးလုပ်ငန်း ပြီးတော့၏။

လက်နက်ကို ရိုသေလေးစားမှုမှာ အရေးကြီး၏။ စစ်ပွဲတွင်လက်နက်တခု ချွတ်ယွင်းသွားလျှင် ထိုလက်နက်ကိုင်သူ ရဲဘော်သာ ကြီးစွာထိခိုက် သွားရုံမက တခါတရံအခြေမသင့်လျှင် တတပ်လုံးနှင့် စစ်ပွဲကိုပါ ထိခိုက်နိုင်သည်ဖြစ်၍ မိမိလက်နက်ကို မိမိအသက်လို ဂရုစိုက်ထိန်းသိမ်းစေရ၏။

"၁၄ ကြိမ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့" ကျနော်၏ဆောင်းပါးတွင် အောက်ပါအတိုင်း ရေးသားထားသည်ကို ဖော်ပြလိုက်ပါသည်။

"ထိုအတွင်း (ဟိုင်နန်ကျွန်း စစ်သင်တန်းအတွင်း) ဂျာမဏီက ရုရှားကိုစစ်ကြေညာကြောင်း သတင်းကြားရ၏။ ဂျပန်ဆရာများ မျက်နှာမကောင်းလှ။ ၎င်းတို့သည် ၁၉၃၆ – ၃၉ ခုနှစ်များအကြားတွင် ရုရှားတို့နှင့် မွန်ဂိုးလီးယား – မန်ချူးနယ်စပ်တို့၌ နယ်ခြားစစ်ပွဲများ ပြင်းထန်စွာဖြစ်ခဲ့မှု၏။ ထိုကတည်းက ရုရှားတို့ကိုတုန်လှုပ်ခဲ့ဟန်တူ၏။ ၎င်းတို့၏ အာရှစစ်ဆင်ရေး မူလအစီအစဉ်များကို ပြန်လည်ချိန်ဆ နေရဟန်တူ၏။ ထို့ကြောင့် ကျနော်တို့ ဗမာပြည်ပြန်ရေး ပြဿနာမှာ တမျိုးတဖုံဖြစ်လာ၏။ ယင်းနှင့်ပတ်သက်၍ ကျနော်၏မှတ်တမ်းတွင် ...

(၂၂-၆-၄၁) ဂျာမန်နှင့်ရုရှား စစ်ဖြစ်သောသတင်း ကြားရ၏။ ထိုကိစ္စကြောင့် ကျုပ်တို့လုပ်ငန်းကြီး ရှေ့မည်မျှရှည်လျားဦးမည်ကို မခန့်မှန်းနိုင်ချေ။ ၎င်းတို့ကိုယ်တိုင် ဝမ်းတွင်းသဘော အတော်စိုးရိမ်ပူပန်လျက် ရှိသည်။ သို့ရာတွင် ၎င်းတို့က ထိုကိစ္စဘာမှမှုစရာမရှိ။ ဂျာမဏီကရုရှားကို လျင်မြန်စွာနိုင်လိမ့်မည်။ ကျုပ်တို့အလုပ်သာလုပ်ဟု ဟန်ပြစကားပြောသည်။

နောက်မကြာမီ မစ္စတာသိနာမိ (ဗိုလ်မိုးကြိုး) ဟိုင်နန်ကျွန်းသို့လာပြီး "ရုရှားဂျာမန်စစ်ကြောင့် ကမ္ဘာကြီး အလွန်အလုပ်ရှုပ်နေကြောင်း၊ ကျနော်တို့စစ်သင်တန်းကို ရှေ့သို့တိုးပြီး သင်ကြားရမည်။" ဟုပြောသွားသည်။

ဤကိစ္စကိုထိုစဉ်က ကျနော်တို့ပူပင်သောကရောက်ခဲ့ရသည်။ အကယ်၍ တစုံတခုသောအကြောင်းကြောင့် ကျနော်တို့ကို (ဗမာပြည်) ပြန်မလွှတ်ခဲ့သော် လက်စတုံးပျောက်ဖျက်ကြလိမ့်မည် ဖြစ်သည်။ ၎င်းတို့အရိပ်အခြေကို ထိုစဉ်က အမြဲအကဲခတ်နေခဲ့ရ၏။"

## ဂျပန်များနှင့် ဆက်ဆံရေး မပြေပြစ်ရခြင်း

ထိုအတွင်းဂျပန်များနှင့် ကျနော်တို့ဆက်ဆံရေးမှာ စစ်သင်တန်း စောစောပိုင်းကလို မဟုတ်တော့ဘဲ တဖြည်းဖြည်းဆိုးဝါးလာ၏။ စောစောပိုင်းက ချည်သည်လိုသဘောထားသော်လည်း နောက်ပိုင်းတွင်လက်အောက်ခံ နိုင်ငံခြားသားများကဲ့သို့ ဆက်ဆံလာတော့၏။ ဤကိစ္စမျိုးနှင့်ပတ်သက်၍ ကျနော်၏ ဒိုင်ယာရီတနေရာတွင် ရေးသားထားပုံမှာ ...

"ဤအပြုအမူမှာ လူယဉ်ကျေးတို့၏ အပြုအမူမဟုတ်ချေ။ တင့်ထဲရှိ ဂျပန်တိုင်းလိုပင်ထိုအပြုအမူမျိုးကို တိုက်ရိုက်မတုတ် သော်လည်း တခါတရံမသိမသာ ပြုမူသည်။ ကျွန်ုပ်ဂျပန်ပြန်ရောက်ခါစ တိုကျိုမြို့ထဲလည်ပတ်စဉ် တွေ့ကြုံရသော ဂျပန်လူမျိုးတို့ယဉ်ကျေးခြင်းကို အလွန်အံ့ဩမိသည်"။ ဟု ညည်းတွားထားပါသည်။ ဟိုင်နန်ကျွန်းမရောက်မီ ဂျပန်ပြည်တွင် ခေတ္တဝင်ရောက်လည်ပတ်စဉ်က ဂျပန်လူမျိုးများ များစွာယဉ်ကျေးဖော်ရွေခဲ့သည်ကို နှိုင်းယှဉ်၍ အံ့ဩမိခြင်းဖြစ်သည်။

၎င်းတို့၏ ဆက်ဆံရေးမှာ နောက်ပိုင်းကျမှလေပိုမိုဆိုးလေ ဖြစ်လာ၏။ ထိုစဉ်က ကျနော်တို့ အမျိုးမျိုးစိတ်ကူးကြသည်။

ဟိုင်နန်ကျွန်းကမ်းရိုးတလျှောက်တွင် တံငါရွက်လှေကြီးများရှိ၏။ ယင်းလှေကြီးများကို တိတ်တဆိတ်စီးနင်းသိမ်းပိုက်ပြီး ဗမာပြည်နှင့် နီးသော အင်ဒိုချိုင်းနားသို့ ထွက်ပြေးနိုင်မလား။ ဟိုင်နန်ကျွန်းတွင် ခန်းချထားသော ဂျပန်ရေတပ်၊ လေတပ်ကြီးအောက်မှ လွတ်မြောက်နိုင် မလား။

တခန်းထိုအချိန်တွင် ဟိုင်နန်ကျွန်း တောတောင်များတွင်၌ တရုတ်တောပုန်းပြောက်ကျားများရှိကြောင်း တကြိမ်တွင် ထိုတောပုန်း တို့က ဂျပန်စစ်လေယာဉ်ပျံတစင်း ပျံသန်းသွားစဉ် တောင်ထိပ်တခုမှပစ်ချ၍ ပျက်ကျပြီး ဂျပန်လေတပ်အရာရှိကြီးတဦး ကျဆုံးခဲ့မှုကြောင်း နားစွန်နားဖျား ပြောသံကြားခဲ့မှု၏။ မဟုတ်သာလျှင် ၎င်းတို့ထံထွက်ပြေးရမလား စိတ်ကူးကြသည်။

မှတ်ချက်။ ။ ထိုတရုတ်တောပုန်းများမှာ တရုတ်ကွန်မြူနစ်ပါတီ ဦးဆောင်မှုဖြင့် ဂျပန်ခုခံရေးစစ်ပွဲဆင်နွှဲနေသည့် ပြောက်ကျားတပ်ဖွဲ့များ ဖြစ်ကြောင်း နောင်မှသိရသည်။

ဂျပန်များနှင့် ဆက်ဆံရေးဆိုးဝါးမှုနှင့် ပတ်သက်၍ မှတ်မိသော အဖြစ်အပျက်တခုရှိသေး၏။

ဟိုင်နန်ကျွန်းတွင် စစ်သင်တန်းဆင်းရာ၌ ရဲဘော်များသည် "ဗိုင်းအိမ်"၊ "ဗိုင်းနီဟန်"၊ "ဗိုင်းစန်ပန်" ဟူသော တပ်ဖွဲ့ကလေး (၃) ဖွဲ့ ခွဲ၍ သင်ကြားရ၏။ ထိုသို့မသင့်မတင့် ဖြစ်နေစဉ် တညသ၌ တပ်လှန့်လေ့ကျင့်ခန်းလုပ်၏။ ယင်းလေ့ကျင့်ခန်းမျိုးမှာ တပ်ဖွဲ့တခုသည် ဘယ်အချိန် အခါမဆို ရန်သူအငိုက်အဖမ်းမခံရအောင်နှင့် အချိန်မရွေး တိုက်ခိုက်ရန် အသင့်ဖြစ်နိုင်အောင် လေ့ကျင့်ခြင်း ဖြစ်သည်။

ဗိုင်းနီဟန် (ဒုတိယတပ်ဖွဲ့) မှ ဗိုလ်လင်းယုန်၊ ဗိုလ်မင်းခေါင်တို့တပ်ဖွဲ့သည် ညသန်းခေါင်ကျော်အလက်တွင် ၎င်းတို့၏ ဆရာများနှင့် ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း စစ်တန်းလျားများမှ တိတ်တဆိတ်ထွက်ခွာသွားပြီး ကျန်ကျနော်တို့တပ်ဖွဲ့ (၂) ဖွဲ့ကို ပြန်၍တိုက်ခိုက်ကြသည်။ ပေါက်ကွဲသံ သေနတ်သံများကြောင့် အိပ်ရာမှ နိုး၍ထလိုက်သောအခါ ဆူညံပွက်လောရိုက်သော အသံများနှင့် မျက်ရည်ယိုဗုံးအနံ့များ မွှန်လျက်ရှိ၏။ ရဲဘော်များသည် တံခါးပေါက်များသို့ ပြေးထွက်ကြသည်။ တံခါးပေါက်များတွင်လည်း သံဆူးကြိုးခွေများ ပိတ်ဆို့ချထား၏။ မျက်ရည်ယိုဗုံးများကြောင့်မွန်းလျက် သံဆူးကြိုးခွေများကို အတင်းတိုး၍ ထွက်ကြရ၏။

ထိုအတွင်း လက်နက်ရုံကြီးဆီမှ ဗိုလ်ရန်အောင်ကြီးအသံဖြင့် "ဗမာတွေ ဒီကိုစုကြ လာကြ" ဟု အော်ဟစ်နေသံကြားရ၏။ ဤအခြေအနေ အရပ်ရပ်ကိုဆောက်၍ အမှတ်တမဲ့ ဂျပန်များက ကျနော်တို့အားသတ်ဖြတ်ကြပြီဟု ထင်သွား၏။ မျက်ရည်ယိုဗုံးသင့်နေသဖြင့် မျက်နှာသစ်ရန် မိးပိုဆောင်အနီးရှိ ရေစည်များသို့ 'ယိမ်း' ယိုင်သွားကြပြီး ကမျာကယာမျက်နှာသစ်ကြ၏။ ထို့နောက် ဗိုလ်ရန်အောင်ကြီး အော်ဟစ်သောနေရာသို့ ပြေးကြ၏။

ဗိုလ်ရန်အောင်ကြီးမှာ သူလက်ဆောင်ရထားသော ဂျပန်ဓားရှည်ကြီးကိုကိုင်လျက် လက်နက်ရုံထောင့်တွင်ရပ်နေ၏။ ဂျပန်များက သတ်ဖြတ်ကြပြီထင်ပြီး လက်နက်ရုံသို့ စီးနင်းရအောင် ဦးစွာပြေးလာပုံရသည်။ ထိုနေရာကနေပြီး ကျနော်တို့ကို အော်ခေါ်နေပုံရ၏။ လက်နက်ရုံမှာလည်း ဗိုလ်လင်းယုန်တို့ လုစီးနင်းယူငင်သွားသဖြင့် ဗရိုဗရဲဖြစ်နေ၏။

နောက်ဂျပန်ဆရာ (၂) ယောက်ခပ်လှမ်းလှမ်းမှ လာနေသည်ကိုလည်း မြင်တွေ့လိုက်ရသည်။ ဤတွင်ကျနော်တို့သည် အခြေအနေမှန်ကို လျှင်မြန်စွာ အကဲခတ်နားလည်မိတော့သည်။ ဒါဟာ လေ့ကျင့်ရေးပဲဆိုတာ သိလိုက်တော့၏။ ချက်ချင်းပင် ကိုယ်ရှိန်သတ်ပြီး ယခင် သင်ကြားထားသည့်အတိုင်း စစ်လေ့ကျင့်ခန်းကို ဆက်၍လုပ်ကြတော့၏။

သို့ရာတွင် ဂျပန်များ ဗိုလ်ရန်အောင်၏ အပြုအမူကိုကောင်းစွာ နားလည်သွားကြပြီဖြစ်၏။

နောက်တခု ဂျပန်များနှင့် ကျနော်တို့ ပဋိပက္ခဖြစ်ရပြန်၏။

ဖြစ်ရပုံမှာ – ဂျပန်၏ စစ်သင်တန်းတွင် ရဲဘော်သုံးကျိပ်ဝင် ရဲဘော်တဦး ဂျပန်တယောက်၏ ပါးရိုက်ခံရခြင်း ဖြစ်သည်။ ပါးရိုက်ခြင်း မှာ ဂျပန်လူမျိုးတို့အတွက် သိပ်အရေးမကြီးဟု ယူဆသွယ်ဖြစ်သော်လည်း ကျနော်တို့မြန်မာလူမျိုးအတွက် အလွန်အရေးကြီး၏။ ရိုင်းစိုင်း ယုတ်မာစွာ အလွန်ဆိုးဝါးစွာ စော်ကားလိုက်သည့်သဘောဆောင်ပေသည်။ ထိုရဲဘော်မှာ ဝမ်းနည်းခြင်း၊ ရှက်ခြင်းတို့ဖြင့် မျက်ရည်များ စီးကျလျက်ရှိသည်။ ကျနော်တို့မှာလည်း မုန်းတီးရွံရှာစိတ်၊ ဒေါသစိတ်တို့ဖြင့် မျက်ရည်များဝဲလျက် ဤအတိုင်းဆိုက ကျနော်တို့သည် ဂျပန်များနှင့် တနေ့တွင် ခုခံရင်ဆိုင်ကြရမည်ဟု စိတ်တွင်ဗိုင်းဖြတ် လာကြတော့သည်။ ကျနော်တို့သည် တော်လှန်ရေးအတွက် စစ်ပညာတတ်ဖို့အတွက် သည်းခံရုံမှတပါး အခြားမရှိတော့ပေ။ သို့သော်ကျနော်တို့ အသည်းတွင် ဂျပန်မုန်းတီးရေးစိတ်ဓာတ်မှာ တဆင့်တိုး၍ ခွဲထင်လျက်ရှိပေတော့သည်။

ဂျပန်တို့က ကျနော်တို့အပေါ်ရိုင်းစိုင်းစွာ ဆက်ဆံလာခြင်းအပေါ် ကျနော်တို့တွေးဆမိရာတွင် ပထမက ဂျပန်စစ်တပ်အတွင်း ဆက်ဆံရေးမှာလည်း ခပ်ရိုင်းရိုင်းဆက်ဆံကြသည်။ အထက်လူကြီးက အောက်လူကိုစိတ်မထင်လျှင် ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတတ်သည် ဟုလည်း ကျနော်တို့တဖက်က သိရ၏။ သို့သော်ငြားသည် တော်လှန်ရေးသမားများကို ဤမျှအထိရိုင်းစိုင်းဖို့ မသင့်ချေ။

နောက်တမျိုးစဉ်းစားရာမှာ ဂျပန်တို့သည် ဗမာပြည်ကိုနောင်အုပ်စိုးဖို့ ရည်ရွယ်ချက် စီမံကိန်းရှိပြီးဖြစ်ရာ ယခုကတည်းက သူတို့၏ အရင်းခံလူများဖြစ်သော ကျနော်တို့က သူတို့ကို ကြောက်ရွံ့နေအောင် ဦးနှိမ့်ထားဖို့ ရည်ရွယ်ချက်နှင့် ရိုင်းစိုင်းစွာဆက်ဆံ နေကြသလား ဟုလည်း ထင်ရောက်သည်။

ဤသို့ကြောက်ရွံ့အောင် ဆက်ဆံလျှင်မူ သူတို့မှားပေလိမ့်မည်။ အင်္ဂလိပ်၏ကျွန် မဖြစ်လိုသော တော်လှန်ရေးသမားတို့သည် နောက်လူမျိုးတမျိုး၏ကျွန်လည်း အဖြစ်ခံမည်မဟုတ်သည်ကို သူတို့နားမလည်ကြခြင်းဖြစ်သည်။

ကျနော်တို့သည် ကြေးစားတွေမဟုတ် တော်လှန်ရေးသမား မျိုးချစ်တွေဖြစ်သည်ကို နောင်သူတို့သိကြရမည်ဖြစ်သည်။

သူတို့၏ ရက်စက်ကြမ်းကြုတ်မှုအဖြစ် ကျနော်တို့စိတ်ထဲစွဲနေသည့် ပြယုဂ်နောက်တခုမှာ သူတို့စစ်ပွဲမှ ဖမ်းမိလာသည့် တရုတ်သုံ့ပန်း ကယောက်ကို ခေါ်လာပြီး တိုင်တတိုင်တွင်ကြိုးနှင့်ချည်ကာ ကျနော်တို့ကို အရှင်လတ်လတ် လှံစွပ်ထိုးလေ့ကျင့်ခန်း ပြုလုပ်စိုင်းခြင်းပင်ဖြစ်သည်။

ကျနော်တို့သည် ဂျပန်များနှင့် ဆက်ဆံရေးမှာ စစ်သင်တန်းတလျှောက်လုံး ကောင်းမွန်သည်မရှိ၊ ကျနော်တို့ ဗမာပြည်ပြန်ရောက်မှ ရောက်ပါဦးမလားဟု အမြဲစိုးရိမ်နေကြရ၏။ နောက်ပိုင်းတွင် ရဲဘော်အချို့သည် စက်ပစ်ကွင်းမှာ သေနတ်ပစ်လေ့ကျင့်စဉ် ကျည်ဆံတတောင့်စ နှစ်တောင့်စ ခိုးယူခဲ့ဆဲ ခိုးဝှက်သိမ်းဆည်းကြ၏။

ဗိုလ်ချုပ်အောင်ဆန်းသည်လည်း များစွာစိတ်မချမ်းမသာ ဖြစ်ပုံရ၏။ အားပေးစကားပြော၏။ "ဟေ့...သေလဲဗမာပီပီ ဇာတိမာန်နဲ့ သေကြပါ။ ရန်သူကမိရင် 'လက်' အားရင် လက်နဲ့ထိုး၊ 'ခြေ' အားရင် ခြေနဲ့ကန်ပါ။ နောက်ဆုံး 'ပါးစပ်' အားနေရင် ပါးစပ်နဲ့ကိုက်ပြီးမှ ရဲရဲသာ သေပြလိုက်တာပေါ့။" ဟု အားပေးညွှန်ကြား၏။

ဗိုလ်ချုပ်သည် ဤကိစ္စမျိုးကြုံတိုင်း ဤသို့ပြောတတ်၏။

ထိုစကားသည် အပေါ်ယံကြည့်တော့ မိုက်ရူးရဲစကားဟု ထင်ရသော်ရှိ၏။ သို့ရာတွင် တော်လှန်ရေးသူရသတ္တိ အပြည့်ပါဝင်၏။

ကြမ်းတမ်းသောနယ်ချဲ့စနစ်ကို တိုက်ရာတွင် ဤကဲ့သို့ စိတ်ဓာတ်သတ္တိမျိုးပြမှသာ နယ်ချဲ့စနစ်က အရှုံးပေးမည်။ လက်ရှိမည် မဟုတ်ပါလော။ အကယ်၍ မိမိကျဆုံးရလျှင်လည်း ကျန်ရစ်ခဲ့မည့်မျိုးချစ်များ တော်လှန်ရေးသမားများအတွက် ဆက်လက်တိုက်ပွဲဝင်ရန် စိတ်အားတက်ကြွမည် မဟုတ်ပါလော။

(၈)

ဂျပန်စစ်ပညာသင် ရဲဘော်သုံးကျိပ်အဖွဲ့မှာ အဓိကသခင်အဖွဲ့ကြီး နှစ်ဖွဲ့ပါဝင်သည်။ ပထမအများစုဖြစ်တဲ့ သခင်ကိုယ်တော်မှိုင်း အဖွဲ့မှ (၂၁) ဦးပါတယ်။ အနည်းစုဖြစ်တဲ့ သခင်ဗစိန်–သခင်ထွန်းအုပ်အဖွဲ့မှ (၈) ဦးပါဝင်ပါတယ်။ နောက်ကိုအောင်ဆိုသူ ဘယ်ပါတီကမှမဟုတ်တဲ့ ဂျပန်ပညာတော်သင်တဦး ပါဝင်ပါတယ်။

ရဲဘော်သုံးကျိပ်နှင့် နောက်ခံပါတီများ။

(၁) သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံး...

(၁) သခင်အောင်ဆန်း – ဗိုလ်အောင်ဆန်း (ဗိုလ်တေဇ)
(၂) သခင်လှမြိုင် – ဗိုလ်ရန်အောင်
(၃) သခင်လှဖေ – ဗိုလ်လက်ျာ
(၄) သခင်ဗကျန်း – ဗိုလ်လရောင်
(၅) သခင်အေးမောင် – ဗိုလ်မိုး
(၆) သခင်စောလွင် – ဗိုလ်မင်းခေါင်
(၇) သခင်သန်းတင် – သာယာဝတီဗိုလ်မြဒင်
(၈) သခင်ရွှေ – ဗိုလ်ကျော်ဇော
(၉) သခင်အောင်သိန်း – ဗိုလ်ရဲထွဋ်
(၁၀) သခင်ထွန်းရွှေ – ဗိုလ်လင်းယုန်
(၁၁) သခင်တင်အေး – ဗိုလ်ဘုန်းမြင့်
(၁၂) သခင်စိုး – ဗိုလ်မြင့်အောင်
(၁၃) သခင်စံမြ – ဗိုလ်တောက်ထိန်
(၁၄) သခင်ခင်မောင်ဦး – ဗိုလ်တာရာ
(၁၅) သခင်စံလှိုင် – ဗိုလ်မှူးအောင်
(၁၆) သခင်သန်းညွန့် – ဗိုလ်ဇင်ယော်
(၁၇) သခင်မောင်မောင် – ဗိုလ်ညာဏ
(၁၈) သခင်ထွန်းလှိုင် – ဗိုလ်ဗလ

(၂) ကျောင်းသားအဖွဲ့...

(၁၉) ကိုထွန်းရှိန် – ဗိုလ်ရန်နိုင်
(၂၀) ကိုလှမောင် – ဗိုလ်ဇေယျ
(၂၁) ကိုလှ – ဗိုလ်မင်းရောင်

မှတ်ချက်။ ။ ကျောင်းသားအဖွဲ့သည် သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံး ဩဇာခံဖြစ်သည်။

(၃) သခင်ဗစိန် သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံး...

(၂၂) သခင်ထွန်းအုပ်
(၂၃) သခင်အောင်သန်း – ဗိုလ်စကြာ
(၂၄) သခင်ရွှေမောင် – ဗိုလ်နေဝင်း
(၂၅) သခင်ထွန်းခင် – ဗိုလ်မြင့်ဆွေ
(၂၆) သခင်ငွေ – ဗိုလ်စောအောင်
(၂၇) သခင်သစ် – ဗိုလ်စောနောင်
(၂၈) သခင်ကျော်စိန် – ဗိုလ်မိုးညို

(၂၉) သခင်သန်းတင် – ဗိုလ်သန်းတင် ပေါင်း (၈) ဦး။

(၄) တသီးပုဂ္ဂလအဖွဲ့…

(၃၀) ကိုအောင်း – ဗိုလ်ထိန်ဝင်း (ဂျပန်၌ ရက်ကန်းပညာသင်ရန်ရောက်နေသူ)။

(၅) ရဲဘော်သုံးကျိပ် ခေါင်းဆောင်ပိုင်း (၁၀) ဦး။

(၁) သခင်အောင်ဆန်း – ဗိုလ်အောင်ဆန်း (ဗိုလ်တေဇ) (ကွယ်လွန်)

(၂) သခင်ထွန်းအုပ် – ( ။ )

(၃) သခင်လှဖေ – ဗိုလ်လက်ျာ ( ။ )

(၄) သခင်အောင်သန်း – ဗိုလ်ဇေယျာ ( ။ )

(၅) သခင်လှမောင် – ဗိုလ်ဇေယျ ( ။ )

(၆) သခင်ရှုမောင် – ဗိုလ်နေဝင်း ( ။ )

(၇) သခင်ထွန်းရှိန် – ဗိုလ်ရန်နိုင် ( ။ )

(၈) သခင်ဗဂျမ်း – ဗိုလ်လရောင် ( ။ )

(၉) သခင်စံလှိုင် – ဗိုလ်မှူးအောင် (ရှိ)

(၁၀) သခင်လှမြိုင် – ဗိုလ်ရန်အောင် (ကွယ်လွန် )

(၆) အထက်ပါ (၁၀) ဦးတွင် အမှတ်စဉ် (၁) မှ (၆) အထိ (ဗိုလ်နေဝင်း) အထိကို ခေါင်းဆောင်လူကြီးပိုင်း သဘောထားပြီး ကျန် (၄) ဦးကို ခေါင်းဆောင်လေတ် သဘောထားကြသည်။

(၇) ဗိုလ်နေဝင်း …

ဗမာပြည်တွင် နာမည်ဆိုးနှင့် ကွယ်လွန်သွားသော ဗိုလ်နေဝင်းအကြောင်း အနည်းငယ်ရေးရပါမည်။

ဗိုလ်နေဝင်းဟာ သခင်ဗစိန် သခင်ထွန်းအုပ်တို့အဖွဲ့က ဖြစ်ပြီး ၎င်းတို့အဖွဲ့ဟာ ဂျပန်စစ်ပညာသင် နောက်ဆုံးစတုတ္ထအသုတ် ဖြစ်ပြီး ၁၉၄၁ ခုနှစ် ဇူလိုင်လဆန်းလောက်ကမှ ဗမာပြည်ကထွက်ခွာလာခဲ့ကြတာ ဖြစ်တယ်။ သူတို့အဖွဲ့တွင် ပထမခေါင်းဆောင်မှာ သခင်ထွန်းအုပ်၊ ဒုတိယခေါင်းဆောင်မှာ ဗိုလ်ဇေယျာ၊ တတိယကျမှ ဗိုလ်နေဝင်းဖြစ်သည်။ သခင်ထွန်းအုပ်က ဟိုင်နန်ကျွန်းစစ်သင်တန်း မတက်ဘဲ ဂျပန်မှာပင်နေခဲ့သည်။

ထိုစဉ် ဟိုင်နန်ကျွန်းမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့ ပြန်ကြားရေးမှူးလိုဖြစ်နေတဲ့ ဗိုလ်ရန်နိုင်က သူတို့ရောက်လာမယ်။ နှစ်ပါတီ ချစ်ကြည်ရေး အတွက် ကောင်းစွာဆက်ဆံကြရန် သတင်းပေး ပြောကြားလာပါသည်။ ထိုစဉ်က ဗိုလ်ရန်နိုင်မှာ ဗိုလ်ချုပ်အောင်ဆန်းကို များစွာလေးစားကြည်ညိုပြီး ဒုတိယခေါင်းဆောင် ဗိုလ်လက်ျာကိုလည်း များစွာခင်မင်လေးစားပုံရသည်။ ဗိုလ်ချုပ်တို့ပြောချင်တာတချို့ကို ဗိုလ်ရန်နိုင်ကတဆင့် ပြောတတ်သည်။

ဗိုလ်နေဝင်းတို့ ဟိုင်နန်ကျွန်းသို့ စတုတ္ထအသုတ်အဖြစ် ရောက်လာပြီး လေ့ကျင့်ရေးတွေ ကျနော်တို့ကိုမီရန် အပြင်းလုပ်ကြရ၏။ ဗိုလ်နေဝင်းမှာ ကျန်းမာရေးကောင်းသဖြင့် မှန်မှန်လိုက်နိုင်ပြီး အားလုံးက ဗိုလ်ချုပ်အောင်ဆန်းကို လေးစားကြသလို သူကလဲလေးစားမှုကို ပြလာပါတယ်။ သူတို့ အုပ်စုတွင် ပထမခေါင်းဆောင် သခင်ထွန်းအုပ်ကလည်း စစ်သင်တန်းကိုတက်မလာ၊ ဒုတိယခေါင်းဆောင် ဗိုလ်ဇေယျာက စစ်သင်တန်းတော့ တက်သော် လည်း စစ်တိုက်ရေးခိုက်ရေးကို သိပ်စိတ်ဝင်စားပုံမပြသဖြင့် သူတို့အဖွဲ့တွင် ဗိုလ်နေဝင်းသည်စစ်ရေးဘက်တွင် အကြီးအကဲသဘောဖြစ်လာသည်။

ဗိုလ်ရန်နိုင်က ကျနော်တို့ကိုပြောသည်မှာ သူတို့အဖွဲ့မှ ဗိုလ်နေဝင်းဟာ ဗိုလ်ချုပ်အောင်ဆန်းအပေါ် လေးလေးစားစား ဆက်ဆံလာသဖြင့် ကျနော်တို့ကလည်းသူတို့အဖွဲ့ရဲ့ လူကြီးတဦးအဖြစ် သူ့ကိုလေးစားစွာ ဆက်ဆံကြရန် တိုက်တွန်းသတိပေးသည့်အတိုင်း ကျနော်တို့လိုက်နာကြသည်။

နောက်မှ ကျနော်သတိထားမိသည့် ထူးခြားချက်တခုမှာ ဗိုလ်နေဝင်းမှာ အစိုးရအမှုထမ်းတဦးဖြစ်ခဲ့ပြီး လူ့ဘဝဖြတ်သန်းမှုလည်း အတော်ရှိ သူဖြစ်သဖြင့် မိမိအထက်လူကြီးကို မည်သို့ရှိန်းကပ် ဆက်ဆံရမည်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ဆက်ဆံရေးကိုလည်းကောင်း၊ အထိုက်အလျောက် ဆက်ဆံတတ်သည်။ ကျနော်တို့ကျောင်းသားများလို ရိုးရိုးစင်းစင်းကြီး မဟုတ်ပေ။ ထို့ကြောင့်သူသည် ဗိုလ်ချုပ်အောင်ဆန်း တို့နှင့် လေးလေးစားစား ရင်းနှီးလာပြီး ကျန်သူများနှင့်လည်း ဆက်ဆံရေးကောင်းလာသည်၊ သို့ဖြင့် ကျနော်တို့လည်း သူ့ကိုလူကြီးတဦးလို ပြန်ဆက်ဆံခဲ့ကြပြီး စစ်သင်တန်း ကာလ သူနှင့်ပြဿနာ ကြီးကြီးမားမားမရှိ၊ ချောချောမောမောရှိခဲ့ကြသည်။

ဘီအိုင်အေ ပထမကာလတွင် ဗိုလ်နေဝင်းသည် မူလအစီအစဉ်အတိုင်း ဗမာပြည်တွင်း ဦးစွာချပ်ဖျက်ဝင်သည့် အဖွဲ့ခေါင်းဆောင် အဖြစ် အတွင်းသူပုန်လုပ်ငန်းတွေ အစီအစဉ်အတိုင်း လုပ်ခဲ့သည်။ ဘီအိုင်အေ ဒုတိယကာလအဆင့်တွင် ရန်ကုန်သိမ်းပြီးနောက် ဘိန္နီယသို့ ဆုတ်ခွာနေသော ဗြိတိသျှတို့နောက် အထက်ဗမာပြည်လိုက်တိုက်ရေး၊ ဘီအိုင်အေတပ်ကို ပြန်လည်ဖွဲ့စည်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းက စစ်သေနာပတိ၊ ဗိုလ်မှူး ကြီးလက်ျာက ဒုသေနာပတိ၊ ဗိုလ်မှူးကြီးဇေယျာက တပ်မ (၁) မှူး၊ ဗိုလ်မှူးကြီးနေဝင်းက တပ်မ (၂) မှူး အဖွဲ့ဖွဲ့စည်း တိုက်ခိုက်ရာတွင်လည်း ချောမောစွာ ဖြစ်ခဲ့သည်။ ထိုကာလ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်နေဝင်းတို့ဆက်ဆံရေး ထူးခြားချက်မရှိ။ သူ့ကိုလည်း အခြားပါတီအဖွဲ့ကဟု မရှုမြင်ကြဘဲ အားလုံး အတူတူ တဖွဲ့တည်းလို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးလက်ျာတို့အောက်တွင် လုပ်ကိုင် နေကြသည်။

၂၇-၇-၄၂ တွင် ဘီအိုင်အေဖျက်ပြီး ဗမာ့ကာကွယ်ရေး (ဘီဒီအေ) တပ်ဖွဲ့စည်းသောအခါ ဗိုလ်နေဝင်းဟာ တပ်ရင်း (၁) မှူး (မေမြို့) ရာထူးကို ခေတ်အခေါ်အရ ဗိုလ်မှူးကလေးအဖြစ်လည်းကောင်း၊ ဗိုလ်ရန်နိုင်၊ ဗိုလ်ဇေယျတို့လည်း အလားတူ ရာထူးနှင့် တပ်ရင်း (၂)၊ တပ်ရင်း (၃) မှူးတွေ ဖြစ်လာကြသည်။ ထိုစဉ် ပျဉ်းမနား ဘီဒီအေဌာနချုပ်တွင် ဗိုလ်မှူးကြီး (ကာနယ်) အောင်ဆန်းက စစ်သေနာပတိဖြစ်ပြီး ဗိုလ်ဇေယျာ၊ ဗိုလ်လက်ျာတို့က (လက်ဖတင်နင်ကာနယ်) ထိုခေတ်အခေါ် ဗိုလ်မှူးရာထူးတွေဖြစ်ပြီး စစ်ဦးစီးမှူးများ ဖြစ်လာကြသည်။ နောင် ဗိုလ်လက်ျာပြောပြချက်အရ ထိုစဉ် ကတည်းက ဗိုလ်နေဝင်းဟာ စစ်ဦးစီးအဖြစ် ဗိုလ်လက်ျာကပေးတဲ့ အမိန့်တွေကို မနာခံမှုတွေလုပ်လာပြီး နောက်လည်း ဤအတိုင်း တလျှောက်လုံး ဖြစ်ခဲ့တယ်လို့ ပြောပြပါသည်။ ဤတွင် သူ့(ဗိုလ်နေဝင်း) စိတ်တွင် အနာဂတ် ဗိုလ်ချုပ်အောင်ဆန်းပြီးလျှင် သူသာ ဒုတိယဖြစ်လာရမည်ဟု ကိုယ်ရေးကြီး ပွားရေးစိတ်သို့ ပြောင်းလာပြီဖြစ်သည်။

ဗိုလ်နေဝင်းအကြောင်းမှာ အထက်ပါကိစ္စမှတပါး ၁၉၄၃ ခုနှစ် နှစ်လယ်လောက်အထိ ဘာမှကြီးကြီးမားမား ထူးခြားချက်မတွေ့ရ။ သူ့တာဝန် ကို ဂျပန်အကြံပေးများ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ၁-၈-၄၃ ခုနှစ် ဂျပန်က လွတ်လပ်ရေး ပေးပြီးနောက် သီးခြားစစ်ဦးစီးဌာန

ချုပ်ဖွဲ့ရာတွင် သူ့ကိုဗိုလ်မှူးကြီးရာထူးဖြင့် စစ်ဦးစီးချုပ်ရာထူးကို စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းက ခန့်ထားလိုက်သည်။ ၎င်းမှာထိုရာထူးအတွက် အရည်အချင်း မရှိလှသော်လည်း သခင်နုစ်ပါတီ ညီညွတ်ရေးအတွက် သဘောတူကြသည်။ အထက်တွင် ဗိုလ်ချုပ်အောင်ဆန်း ရှိနေသောကြောင့်လည်း ဖြစ်သည်။

ယင်းကာလနောက်တွင် ထူးခြားချက်တွေမြင်တွေ့လာရသည်။ ပထမထူးခြားချက်က သူ(ဗိုလ်နေဝင်း) အပျော်အပါးလိုက်စားလာပြီး စာရိတ္တ ယိမ်းယိုင်ချို့တဲ့မှုတွေ တွေ့သိလာကြရသည်။ နောက်ပိုင်း စစ်ဦးစီးချုပ်ရုံးသို့ ပုံမှန်မတက်ဘဲ နေတတ်လာသည်။ အပျော်အပါးနှင့် လောင်းကစားဘက် အာရုံစိုက်လာသည်။ နည်းနည်းတည်ငြိမ်အေးချမ်းပြီး ရာထူးဌာနနှင့် ရပိုင်ခွင့်ရှိလာသောအခါ သူ၏မူရင်းဇာတိစရိုက်တွေ ပေါ်လာတော့တာ ဖြစ်သည်။

ဒုတိယ နိုင်ငံရေးအရထူးခြားချက်တခုမှာ ၁၉၄၄ ခုနှစ်၊ ပဲခူးမြို့တွင် ကျနော် စံပြတပ်ရင်းမှူး အဖြစ်ဆောင်ရွက်နေစဉ် ဘီအိုင်အေ အနောက်တိုင်း "အာလံ" ဘက်မှ ဗိုလ်ကြီးစိန်မှန် (၎င်းမှာ ကျနော့်ဇာတိရပ်သား ဘီအိုင်အေ ဗိုလ်သင်တန်းဆင်းပြီး စံပြတပ်ရင်းသို့ ဧပြီလ ကုန်လောက်ရောက်လာသူ) က ပြောသည်မှာ အနောက်တိုင်းတွင် ဗိုလ်နေဝင်းနှင့် ဗိုလ်အောင်ကြီးတို့ အဖွဲ့သားတွေက ယခုစစ်တပ်တွင်းထိပ်ပိုင်း ရဲဘော်သုံးကျိပ်ကစပြီး အလကားပဲ၊ ဘာမှလုပ်ကြတာမဟုတ်၊ ဗိုလ်ချုပ်အောင်ဆန်းလည်း ဘာမှမလုပ် ထိုင်နေတာပဲ ဟုလျှောက်ပြောနေကြသည်။ အထူးသဖြင့် ပညာတတ်လူငယ်ပိုင်းတွေကို တိတ်တဆိတ်စည်းရုံး ပြောဆိုနေသည်ဟု ဆိုပါသည်။

ကျနော်လည်း ထိုကိစ္စ၊ ဗိုလ်ချုပ်အောင်ဆန်းပါ ထိခိုက်လာသဖြင့် နောင်တပ်တွင်းထိခိုက် ပြိုကွဲလာမှာစိုးပြီး ထိုစဉ်စံပြတပ်ရင်းကို လေ့လာရန် ရောက်ရှိနေသော ဗိုလ်မှူးအောင်ကို ခေါ်တိုင်ပင်ပြီး နှစ်ယောက်စလုံး ရန်ကုန်ဆင်းပြီး ဗိုလ်ချုပ်အောင်ဆန်းကို တိုင်ကြားသတိပေး ကာ အမြန်ဖြေရှင်းရန် တင်ပြသည်။ ဗိုလ်ချုပ်ကအေးအေးပင်၊ သူ့ဒီကိစ္စတွေသိထားပုံရတဲ့ သဘောရသည်။ လာပြောတာကောင်းတယ်။ ဒီကိစ္စ တခြားဘယ်သူ့မှလျှောက် မပြောဖို့၊ သူစီစဉ်လုပ်ဆောင်သွားမယ်။ ကိုယ့်အလုပ်သာ အေးအေးလုပ်ကြ၊ တပ်အတွက်လည်းဘာမှ မစိုးရိမ်ကြနဲ့ဟု နှစ်သိမ့်စကားပြောပါသည်။ ကျနော်တို့လည်း ဗိုလ်ချုပ် ပြောပုံဆိုပုံအရ စိတ်အေးချမ်းသွားပြီး ပဲခူးသို့ပြန်ခဲ့သည်။

နောက် (၂) ရက်လောက်ကြာသောအခါ ဗိုလ်ချုပ်အောင်ဆန်းက အနောက်တိုင်း "အာလံ" ဘက်ရောက်နေသော ဗိုလ်မှူးကြီးနေဝင်းထံ စာတစောင်ပို့သည်။ ထိုစာကိုပို့သူမှာ ဗိုလ်အောင်ကြီးတို့နှင့်ရင်းနှီးသော ဗိုလ်ဝင်း ဖြစ်သည်။ သူက "အာလံ" အသွား ပဲခူးဝင်လာပြီး စာသွားပေးရမည့်အကြောင်း ကျနော်တို့သိအောင် သတင်းလှမ်းသွားသည်။

နောက်ပိုင်းကျနော်သိရသည်မှာ ကျနော်တို့တွေ ဂျပန်တော်လှန်ရေး ဘာမှမလုပ်ကြဟုလည်း ပြောကြသည်ဆိုသည်။ သူတို့လည်း ဒီကိစ္စ ဘာများ ထိထိရောက်ရောက် လုပ်ကြသလဲ။ ကျနော်တို့နောက်ဆုံး ၁၉၄၂ ခုနှစ် ကတည်းကစပြီး ဂျပန်တော်လှန်ရေးအတွက် မြေအောက်မှ လှုပ်ရှားစည်းရုံးနေကြသော ဖဆပလကွန်မြူနစ်ပါတီနှင့် ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ပူးပေါင်းမိကြမှ တော်လှန်ရေးလမ်းကြောင်း ပွင့်သွားပြီး ထိုလမ်းကြောင်းအတိုင်းသာ တော်လှန်ရေးလုပ်သွားနိုင်ကြသည် မဟုတ်ပါလော။

နောက်ကျနော်တို့စဉ်းစားမိကြသည်မှာ ဗိုလ်အောင်ကြီးတို့ဂိုဏ်းသည် တပ်တွင်းအာဏာကို ကျော်လွှားလှမ်းတက်ယူလိုကြသည်။ သို့ရာတွင် သူတို့အပေါ်က ထင်ရှားတဲ့ခေါင်းဆောင်တယောက်ကို မှီခိုလိုရာ ဤတွင်ဗိုလ်နေဝင်းကို ရှာဖွေတွေ့ရှိပြီးနောက် ၎င်းတို့သည် တလျှောက်လုံး ဗိုလ်နေဝင်းကို တဖက်ကမြှောက်ပင့်ပေးပြီး တဖက်ကလည်း သူ့အရိပ်ခိုကာ တပ်တွင်းဗိုလ်ကျ လာကြသည်မဟုတ်ပါလား။ ဤတွင်ဗိုလ်နေဝင်းကလည်း ပထမ ဗိုလ်ချုပ်အောင်ဆန်းအောက် ဒုတိယအဆင့်လူဖြစ်ရန် ဗိုလ်လက်ျာကို ဆန့်ကျင်အားခဲပြီး ကျော်တက်နိုင်ရန် အားထုတ်ခဲ့သည်။ နောက် ဗိုလ်နေဝင်းသည် ဗိုလ်ချုပ်အောင်ဆန်းကိုပါ ဝေဖန်လာသော ဗိုလ်အောင်ကြီးတို့ လူငယ်ဂိုဏ်းတွေနဲ့ ပေါင်းဖက်ဂိုဏ်းဖွဲ့ လာသည်။ နောက်သူဟာ သူ့ရဲ့အရည်အချင်းမရှိမှုနှင့် အကျင့်စာရိတ္တအားနည်း ချို့တဲ့မှုတို့ကြောင့် ရဲဘော်သုံးကျိပ်နှင့် တပ်တွင်းအများစုရဲ့ လေးစားခြင်း မခံရလို့ မိမိရပ်တည်တိုးတက်ရေးအတွက် ဒီလူတွေကို မှီခိုအားထားဖို့ လိုအပ်သည်ဟုလည်း ထင်ရပါသည်။

၁၉၄၄ ခုနှစ် ဧပြီလလောက်က ဗိုလ်အောင်ကြီး၊ ဗိုလ်နေဝင်းတို့က တပ်တွင်းကတောက်ကဆလုပ်မှုများကို ကျနော်နှင့် ဗိုလ်မှူးအောင်တို့က ဗိုလ်ချုပ်အောင်ဆန်းထံသွား၍ တိုင်ကြားသတိပေးမှုသည် အစျည်းနီးမဖြစ်ဟု ထင်ပါသည်။ ယင်းနောက်ပိုင်းကစပြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်နေဝင်းကိုပို၍ သတိထားလာပုံရသည်။ နောက်ဆုံး ၁၉၄၅ ခုနှစ် မတ်လ ဂျပန်တော်လှန်ရေး နီးလာသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်နေဝင်းအပေါ် စတင်ပြီး ပရိယာယ်ပေါက်ကွဲလာ တော့သည်။

"ဗိုလ်နေဝင်း စစ်ဦးစီးချုပ်မှ ထောက်ပံ့ရေးမှူးကြီးသို့ ရာထူးလျှော့ချခြင်း"

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက် ဂျပန်ထံကလွတ်လပ်ရေးရပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့တွင် စစ်ဝန်ကြီး (ကာကွယ်ရေးဝန်ကြီး) ဖြစ်လာပြီး ဗမာ့တပ်မတော် အုပ်ချုပ်ရေးအတွက် စစ်ဝန်ကြီးရုံးပေါ်လာပြီး ၎င်း၏လက်အောက် စစ်ဦးစီးချုပ်ရုံးလည်း ပေါ်လာသည်။ သခင်ဗစိန် သခင်ထွန်းအုပ်တို့တောင်းဆိုချက်အရ ညီညွတ်ရေးအတွက် ထိုစဉ်က၎င်းတို့၏ သခင်ဂိုဏ်းမှ ဗိုလ်မှူးကြီးနေဝင်းကို စစ်ဦးစီးချုပ်ရုံးတွင် စစ်ဦးစီးချုပ်နေရာသို့ ဗိုလ်ချုပ်အောင်ဆန်းက ခန့်အပ်ခဲ့သည်။ ဤသို့နေကြရာမှ ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေး မဖြစ်မီ နှစ်လလောက်တွင် (ထင်သည်) ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်နေဝင်းကို စစ်ဦးစီးချုပ်ရာထူးမှ ဖြုတ်ချပြီး စစ်ဝန်ကြီးရုံးဌာနတခုဖြစ်သော ရိက္ခာနှင့် ပစ္စည်းထောက်ပံ့ရေး ဌာနကြီးမှူးနေရာသို့ အဆင့်ချပြီး ပြောင်းရွှေ့လိုက်သည်။ အံ့အားသင့်သွား ကြရသည်။ ဘာအတွက်ကြောင့် ဒီလိုလျှော့ချလိုက်သည်ကို ကျနော်တို့အတိအကျ မသိရ။ အပြင်ပန်းက မြင်သာထင်သာ တွေ့ရတာကတော့ ဗိုလ်နေဝင်းမှာ သူ့ဝတ္တရားကို ကောင်းစွာလုပ်သူ မဟုတ်။ အပျော်အပါးလိုက်စားနေ တတ်သည်။ အထူးသဖြင့် အချိန်အများဆုံးဖြုန်းတီးတာမှာ ထိုစဉ်က ဦးဟန်ရှိန်ပိုင်ရှော့ အလုပ်ရုံ၏ အခန်းအစိုင်းရှိ အိမ်တအိမ်တွင် သွဲ့ကိုက်ပြီး အချိန်ဖြုန်းနေတတ်တာများသည် ဟုသိရသည်။ အမှန်မှာ ဗိုလ်ချုပ်အောင်ဆန်းတွင် တော်တော်ကြီးမားကျယ်ပြန့်သော အတွင်းအကြောင်းတွေ ရှိဦးမည်ဟု ထင်ရသည်။ ထို့ကြောင့်သာ ဤသို့အရေးယူခြင်း ဖြစ်သည်ဟု ယူဆရသည်။

ထိုစစ်ဦးစီးချုပ်နေရာကို နောက်ပိုင်းတွင် ဗိုလ်မှူးကြီးဇေယျသို့ တာဝန်လွှဲခဲ့သည်။ ဗိုလ်နေဝင်းမှာ ထောက်ပံ့ရေးဌာနကြီးမှူးရုံးသို့ လည်းလာမတက်ဟု သိရသည်။

"ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းအပေါ် လူအများရှေ့တွင်ပြောင်ရန်တွေ့စကားများခြင်း"

ဖက်ဆစ်တော်လှန်ရေးအတွက် နောက်ဆုံးဆွေးနွေးဆုံးဖြတ်ချက်များ လုပ်ရန် ၁၉၄၅ ခုနှစ် မတ်လဆန်း ၁ ရက်မှ ၇ ရက်လောက် တွင် ပတ်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းအိမ်တွင် ကျနော်တို့အပါအဝင် တော်လှန်ရေးခေါင်းဆောင်များ သုံးညလောက် ညစဉ်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲမှာ စားကြည့်ခန်းတွင်ဖြစ်၏။ ကုလားထိုင်တွေဘေးဖယ်ထားပြီး သင်ဖြူးဖျာကြီးများခင်းထားကာ အားလုံးဖျာပေါ်ထိုင်၍ ဆွေးနွေးကြ၏။ နောက်ဆုံးညတွင် မြေပုံကြမ်းနှင့်စစ်တိုင်းတွေခွဲပြီး စစ်ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်များ တာဝန်တွေ ခွဲခြားသတ်မှတ်ခြင်း ပြီးသွားပြီး အစည်းအဝေးရုပ်သိမ်းတော့မည်တွင် ကျနော်က ဗိုလ်မှူးကြီးနေဝင်း၏တိုင်း (၂) တွင် ဖျာပုံရိုင်း အပြင် ဟံသာဝတီခရိုင်ပါ ထည့်သွင်းထားရာ ဟံသာဝတီကတာဝန်ခံတွေ သူတို့တာဝန် ရှေ့လုပ်ငန်းတွေသိလို့၍ ပဲခူး ကျနော့်ဌာနချုပ်သို့ ရောက်နေကြသည်။ ထိုသူတို့ကို ဗိုလ်မှူးကြီးနေဝင်းနှင့်တွေ့ရန် ဘယ်လိုလွှတ်ရမလဲဟု မေးရာ ချက်ချင်းဗိုလ်ချုပ်အောင်ဆန်းက မြေပုံကြမ်းကိုကောက်ကိုင်ပြီး ဟံသာဝတီခရိုင်မှ တွံတေးမြို့နယ်သာ တိုင်း (၂) အောက်ထားပြီး ကျန်မြို့နယ်တွေကို ပဲခူး ကျနော့် တိုင်း (၄) ထဲသို့ ခဲတံဖြင့် ပြင်ဆင်ပေးလိုက်သည်။ နှုတ်ကလည်း ပြောင်းတာကို ပြောလိုက်သည်။

ဤတွင်ဗိုလ်နေဝင်းမှာ ဖျာပေါ်ထိုင်နေရာမှ ရုတ်တရက်ခုန်းခနဲ မတ်တတ်ရပ်လိုက်ပြီး ကျနော့်ကိုယုံကြည်မှ တာဝန်ပေးပါ။ မယုံကြည်က တာဝန်မပေးပါနဲ့ ဟုသဘောပါသည့် ရန်တွေ့စကားကို ဗိုလ်ချုပ်အောင်ဆန်းရော အားလုံးကိုပါကြည့်ပြီး ပြောပါသည်။ အစည်းအဝေးတက်ကြသူအားလုံး အံ့ဩပြီးဗိုလ်နေဝင်းကို စိုက်ကြည့်နေကြသည်။ သူကစောစောကတည်းက ရာထူးပြောင်းရွှေ့ချထား ခံရတာရော အခြားအကြောင်းတွေပါ မကျေနပ်မှုတွေပါ ရည်ရွယ်ပြီး ပြောလိုက်ပုံရသည်။ ဗိုလ်ချုပ်အောင်ဆန်းက ခေတ္တစိုက်ကြည့်ပြီး နောက်ဘာမှထပ်မပြောတော့ဘဲ အစည်းအဝေးပြီးပြီဟုသာပြောပြီး အားလုံးအခန်းမှထွက်ခွာကြသည်။

ထိုအဖြစ်အပျက်ကို ထိုနေ့အစည်းအဝေးတက်ကြသူအားလုံး မြင်တွေ့သိရှိကြသည်။ ထိုနေ့အစည်းအဝေးတက်သူ ကျနော်မှတ်မိသလောက် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးရဲထွဋ်၊ ဗိုလ်မှူးဗိုးကွန်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်တင်မြ၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်ချစ်နှင့် ကျနော်တို့ပါဝင်ကြသည်။

"ဗိုလ်ချုပ်အောင်ဆန်းတို့က ဗိုလ်နေဝင်းကိုစစ်တပ်မှ ထုတ်ပစ်ဖို့ စီစဉ်စိုင်းပြင်းခဲ့ခြင်း"

ဖက်ဆစ်တော်လှန်ရေးပြီးခါနီးနှင့် ပြီးခါစရန်ကုန်မှာ တော်လှန်ရေးခေါင်းဆောင်တွေ အတော်စုံသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်နေဝင်းကို အတော်ပင်မကျေနပ် ဖြစ်နေသည်။ စစ်တပ်က လုံးဝထုတ်ပစ်ဖယ်ရှားပစ်ဖို့ ဆုံးဖြတ်ခဲ့ပြီး အခြားခေါင်းဆောင်တွေနဲ့ တိုင်ပင်စိုင်းပြင်းခဲ့သည်။ တိတိကျကျအကြောင်းရင်းတွေ ကျနော်တို့မသိရသော်လည်း ကျနော်တို့ ထင်သာမြင်သာ အကြောင်းတွေက ဗိုလ်နေဝင်း သည် ရာထူးဌာန တည်ငြိမ်လာသည့် ဂျပန်ခေတ်အတွင်းပိုင်းကစပြီး အပျော်အပါး လိုက်စား၊ စာရိတ္တပျက်လာမှု၊ တပ်တွင်း၌လည်း ဂိုဏ်းခွဲမှုတွေ လုပ်လာတာ နောက် ဖက်ဆစ်တော်လှန်ရေးအတွင်းမှာလည်း ထိထိရောက်ရောက်မလုပ်ဘဲ သူ့အုပ်ချုပ်တဲ့တပ်ဟာ ဒေသခံလူထုတွေနဲ့လည်းကောင်း၊ ဒေသခံနိုင်ငံရေး ကေဒါတွေနဲ့လည်းကောင်း၊ အဆင်မပြေမှုတွေဖြစ်တာတွေ ထိုစဉ်က ကျနော်တို့ကြားသိခဲ့ရတာတွေ မှတ်မိနေသည်။ နောက် ကျနော်မသိတဲ့ ကိစ္စတွေလည်း ဗိုလ်ချုပ်အောင်ဆန်းတို့ သိနားလည်ထားကြသည်ထင်ရသည်။ ထိုအကြောင်းတွေ ကြောင့် နောင်အခွင့်အရေးရလျှင် နယ်ချဲ့တို့နှင့် ပေါင်းပြီး အာဏာရှင်စနစ်ဂိုဏ်းခွဲရေးနှင့် ဆိုးဝါးတဲ့ကိစ္စတွေ လုပ်လာနိုင်တယ်။ စစ်တပ်ရော တိုင်းပြည်ပါ များစွာထိခိုက် နစ်နာဖွယ်တွေ ဖြစ်လာနိုင်တယ်လို့ တွက်ချက်ပုံရပြီး ဒီလိုလူမျိုး စောစောကတည်းက ဖယ်ရှားပစ်မှ ကောင်းမယ်လို့ တွက်ချက်ယူဆပုံရသည်။ ထိုကိစ္စကိုထိုစဉ်က တော်လှန်ရေး ခေါင်းဆောင်အများစု သိရှိခဲ့ကြသည်။

ကျနော်ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်ရေးနယ်ရောက်ပြီး နှစ်အတော်ကြာပြီးနောက်ပိုင်း ပါတီဥက္ကဋ္ဌသခင်ဇင်သိန်းတင်ကလည်း စကားစပ်မိပြီး ကျနော့်ကိုပြောတာက ဖက်ဆစ်တော်လှန်ရေးပြီးကာစ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်နေဝင်းအပေါ် အတော်တူးတူးခါးခါး မကျေနပ်မှုတွေ ဖြစ်ပြီး စစ်တပ်ကအပြီးအပိုင် ဖယ်ရှားထုတ်ပယ်ချင်နေတာတွေကို နိုင်ငံရေးခေါင်းဆောင်အချို့နှင့် တိုင်ပင်ကြောင်းကို သခင်သန်းထွန်းက ပေါ်ကော်မတီ တချို့ကိုပြောခဲ့ကြောင်း ပြောပြသည်ကို ကျနော်မှတ်မိနေသည်။

ဒီလိုထုတ်ပစ်လိုက်ဖို့ စိုင်းပြင်းနေရင်း နောက်ပိုင်းမထုတ်ပစ်နိုင်ခဲ့ချေ။ ယင်းတွင်အကြောင်းရင်း ၂ ခုရှိသည်ဟု ထင်ရသည်။ ပထမအကြောင်းက ဗိုလ်နေဝင်းရဲ့အကင်းပါးပြီး ကောက်ကျစ်လှည့်စားနိုင်မှုဖြစ်သည်။ ဘယ်အချိန်ဘယ်သူတွေနှင့်ပေါင်းပြီး ဘယ်သူတွေကို ခွာရမည်၊ ဘယ်သူတွေကို ကန်ထုတ်နင်းချေရမည်တို့ကို နားလည်ကျင့်သုံးတတ်သူဖြစ်ခြင်းတို့ကြောင့် ဖြစ်သည်။ ဒီလိုဗိုလ်နေဝင်းကို တော်လှန်ရေးပြီးခါစက ဗိုလ်ချုပ်အောင်ဆန်း တို့က စစ်တပ်ကထုတ်ပစ်ဖို့ လုပ်ကိုင်စိုင်းပြင်းခဲ့ပုံတို့ကို ကျနော် ၁၉၇၆ ဇူလိုင်လကုန်ခါနီး ကွန်မြူနစ်ပါတီ၏ အခြေခံဒေသ အရှေ့မြောက်သို့ထွက်လာခါစ ၁၁-၈-၇၆ နေ့က ကွန်မြူနစ်ပါတီ ပြည်သူ့အသံမှ တိုင်းပြည်သို့ အသံလွှင့်စဉ်ကလည်း ထိုကိစ္စကို ထည့်သွင်းပြောကြားခဲ့ပါသည်။

ဗိုလ်နေဝင်းကို မထုတ်ပစ်နိုင်သည့် အကြောင်းနှစ်ခုအနက် အကြောင်းတခုမှာ ကျနော့်အထင် ထိုအချိန် ဗိုလ်ချုပ်အောင်ဆန်းမှာ တော်လှန်ရေး အပြီး ရန်ကုန်ပြန်ရောက်တော့ နေစရာတိုးအိမ်မရှိဘဲ အိမ်ထောင်နှင့် ကလေးတွေနှင့် များစွာအခက်အခဲ ဖြစ်နေသည်။ ထိုအချိန်ဗိုလ်နေဝင်းမှာ သူဦးစီးချုပ်ဘဝက တိုက်အိမ်ကြီးနှစ်လုံးကို ဘယ်လိုနည်းနာနှင့်မသိ ပိုင်ဆိုင်ထားသည်။ တလုံးမှာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့၍ ယခုပြတိုက် လုပ်ထားသော တာဝါလိမ်းကုန်းပေါ်က တိုက်အိမ်ကြီးဖြစ်ပြီး တော်လှန်ရေးပြီးခါစက သူတက်နေသည်။ နောက်တလုံးမှာ ထိုတာဝါလိမ်းကုန်းအိမ်ကြီး၏ ခြေရင်းကားလမ်းဘေးရှိ တိုက်အိမ်ဖြစ်သည်။ ၎င်းအိမ်မှာအပေါ်အိမ်ကြီးလောက်မကောင်းပေ။ ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းကို ဆွဲခေါ်လာပြီး တာဝါလိမ်းကုန်းပေါ်ရှိ တိုက်အိမ်ကြီးကို အတင်းထိုးပေးပြီး သူကိုယ်တိုင်က ထိုအိမ်လောက်မကောင်းသော ကုန်းအောက်ခြေက တိုက်အိမ်တွင် ဆင်း နေသည်။

ဤတွင် ရိုးသားသော ဗိုလ်ချုပ်အောင်ဆန်းအဖို့ ဗိုလ်နေဝင်းသည် စိတ်ရင်းမဆိုး မကောင်းသည့် အကျင့်စရိုက်အချို့ကြောင့် တချို့အားနည်းချက်တွေ ရှိနေတာဖြစ်သည်။ ပြုပြင်သွားရင်ရနိုင်သည်။ အထူးသဖြင့် သူ့အပေါ် ဒီလောက်လေးစားသဖြင့် သူကြိုးကိုင်သွားလို့ ရနိုင်သည်။ ခွင့်ပစ်လိုက်ရ အောင်အထိ မဆိုးဟုတွက်ချက်ပုံရသွားသည်ဟု ထင်ရသည်။ ဒုတိယအကြောင်းမှာ ထိုအချိန် (ဖဆပလ) အဖွဲ့ချုပ်ကြီးထဲ နိုင်ငံရေးသမားကောင်း

လက်ယာသမားများဝင်လာကြရာ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးတိုက်ပွဲအတွက် ထပ်တိုက်ပွဲဝင်ရေး ချောချောမောမောဖြစ်ဖို့ အခက်အခဲတွေ ပေါ်ပေါက်နိုင်နေသည်။ ဤအတွင်းမိမိတို့ တော်လှန်ရေးလုပ်ခဲ့ကြသူ လူငယ်တွေထဲက မညီမညွတ် ကွဲကြရင် ပို၍အခက်အခဲတွေ့နိုင်ပြီး ဖဆပလ အတွင်းမညီညွတ်မှုတွေနဲ့ အားနည်းသွားနိုင်သည်။ တို့အချင်းချင်းညီညွတ်ရေးဟာ သေရေးရှင်ရေးဖြစ်သည်ဟု ဗိုလ်ချုပ်အောင်ဆန်း ယူဆလာသည်။

ဒီ ဒုတိယအကြောင်းကတော့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကျနော့်ကိုခေါ်ပြော၍ ဒီသဘောကိုသိရတာ ဖြစ်သည်။ ဒီလိုပြောပြရသည့် အကြောင်းရင်းက ကျနော့်တိုင်း(၄) တွင် ထိုစဉ်က ဗိုလ်နေဝင်းတို့ အသိုင်းအဝိုင်းမှဖြစ်ပြီး နောင်ဆိုရှယ်လစ်တပ်မှူးတဦး ဖြစ်လာသော တပ်ရင်းမှူး ဟာယောက်သည် ထိုစဉ်ကျနော်တာဝန်ပေးထားသော တိုက်ပွဲတပွဲကို မတိုက်ဘဲ ရှောင်နေပြီး ကျနော့်ကိုပင် တန်ပြန် ပုတ်ခတ်ပြောဆိုနေသည်။ ထိုအကြောင်းသူ့ရဲ့တပ်ခွဲမှူးတဦးက ကျနော့်ကိုလာပြီးသတင်းပေးတော့ ထိုတပ်ရင်းမှူးကို ကျနော်အရေးယူရတော့မည်ဖြစ်ရာ ထိုအကြောင်း ဗိုလ်ချုပ်အောင်ဆန်းထံသတင်းပို့ပြီး ယခင်က ဒါမျိုးတွေကို ကျနော်တို့က တော်လှန်ရေးကြောင့် သည်းခံခဲ့သည်။ ယခုတော်လှန်ရေးပြီးပြီ စစ်တပ်ကောင်းရေးအတွက် အထိုက်အလျောက် အရေးယူမှုကောင်းမည် ဖြစ်သည်ဟု အစီရင်ခံသည်။ ဗိုလ်ချုပ်က အထက်ပါအယူအဆနှင့် ကျနော့်ကိုအထက်ပါအတိုင်း နားချပါသည်။ နောက် ဗိုလ်ချုပ်ကိုယ်တိုင် ထိုကိစ္စကြားဝင်သလားမသိ၊ ထိုတပ်ရင်းမှူးက သူ့အမှားဝန်ချပြီး အပြစ်မှ လွတ်ရန် တောင်းပန်ခန့်ချ ဓာတာဓောင် ကျနော့်ထံပို့လာပါသည်။ ထိုစာကိုလည်း ဗိုလ်နေဝင်းကိုယ်တိုင် ကျနော့်ထံပဲမှုသို့ လာပေးတာဖြစ်သည်။ ကျနော်လည်း ဗိုလ်ချုပ်ကိုယ်တိုင် ပြောထားလေတော့ ထိုကိစ္စကို ကျေအေးလိုက်ပါသည်။

ထိုအထက်ပါအကြောင်း ၂ ခုကြောင့် ဗိုလ်နေဝင်းကို ထိုစဉ်က တပ်ကထုတ်ပစ်ရေးကို မလုပ်ဖြစ်ကြတာဟု ယူဆပါသည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်နေဝင်းကိုတလျှောက်လုံး သတိထားဆက်ဆံလာခဲ့ပုံရသည်။ ဗိုလ်နေဝင်းကို စစ်ဦးစီးချုပ်ရာထူး ပေးထားစဉ် ဗိုလ်ကြောဂျပန်သွားရသည့်အခါ ဗိုလ်လက်ျာကို ဒုတိယစစ်ဝန်ကြီးခန့်ထားသည်။ နောက်တော်လှန်ရေးပြီးခါနီး တပ်မတော် စစ်ဌာနချုပ်ကို တော်လှန်ရေးနယ်မှ ၁၉၄၅ ဇူလိုင် (၅) ရက်လောက် ရန်ကုန်သို့ ရွှေ့ပြောင်းလာပြီး လောင်းဝစ်လမ်းဓာနီးတွင် စစ်ဌာနချုပ် အသစ်ကို ဗိုလ်ချုပ်အောင်ဆန်း ဖြန့်ဖွဲ့စည်းရာတွင် သူကိုယ်တိုင် စစ်သေနာပတိနေရာယူထားပြီး ဒုစစ်သေနာပတိရာထူးကို ဗိုလ်မှူးကြီးလက်ျာကိုပင် ပေးထားသည်။

နောက်ဆုံးတော်လှန်ရေးပြီးနောက် ၁၉၄၅ ခုနှစ်ကုန်ခါနီး ကျနော်တို့တော်လှန်သည့် မျိုးချစ်တပ်မတော်ကို ဗြိတိသျှတို့နှင့်ပေါင်းပြီး ဗမာ့တပ်မတော် (**Burma Army**) ကို ဖွဲ့စည်းတော့ ဗမာ့တပ်မတော်စစ်ဆေးရေး အရာရှိချုပ်အဖြစ် အင်္ဂလိပ်အမျိုးသားဗိုလ်ချုပ် (မေဂျာဂျင်နရယ်) သောမတ်စ်ကို အင်္ဂလိပ်တို့က ခန့်ထားပြီး ကျနော်တို့တော်လှန်သည့် မျိုးချစ်တပ်မတော်ဘက်မှ တပ်မတော် ဒုစစ်ဆေးရေး အရာရှိချုပ်ဗိုလ်မှူးကြီးတဦးနှင့် အိန္ဒိယသို့ပါသွားသော မြန်မာတပ်များဘက်မှလည်း တပ်မတော် ဒုစစ်ဆေးရေးအရာရှိချုပ်တဦး ဗိုလ်မှူးကြီး စမစ်ဒွန်းကို ၎င်းတို့ကခန့်ခဲ့သည်။ မျိုးချစ်တပ်မတော်ဘက်မှ ဒုစစ်ဆေးရေးအရာရှိချုပ်ကိုမူ ဗိုလ်ချုပ်အောင်ဆန်းက သူတပ်ပြင်ထွက်နေမည်ဖြစ်၍ ဗိုလ်မှူးကြီးလက်ျာကို သူ့ကိုယ်စား ခန့်အပ်ခဲ့သည်။ ထိုစဉ် ဗိုလ်နေဝင်းမှာ ကျနော်တို့နှင့်အတူ ဒုဗိုလ်မှူးကြီးအဖြစ်နှင့် ခြေလျင်တပ်ရင်းမှူးသာ ဖြစ်စေခဲ့သည်။

နောက်မကြာမီ ဗိုလ်လက်ျာသည် (ဖဆပလ) အစိုးရ ကာကွယ်ရေးဝန်ကြီးဖြစ်လာပြီး ဗိုလ်မှူးကြီးစမစ်ဒွန်းမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရသောအခါ ဗိုလ်ချုပ်အဆင့်ဖြင့် ဗမာ့တပ်မတော် စစ်ဦးစီးချုပ်ဖြစ်လာသည်။ ဗိုလ်နေဝင်းကတော့ဗိုလ်မှူးချုပ်အဆင့်ဖြင့် မြောက်ပိုင်းတိုင်းမှူး ဖြစ်လာသည်။

## (၉)
## ဗိုလ်ချုပ်လက်ျာ

၁၉၃၁ ခုနှစ် ကျနော်တို့ ဟိုင်နန်ကျွန်း ဂျပန်စစ်ပညာသင် ရဲဘော်သုံးကျိပ်တွင် ကျနော်နှင့် ရင်းနှီးခင်မင်ဆုံး ပုဂ္ဂိုလ်တဦးမှာ ဗိုလ်ချုပ်လက်ျာ ဖြစ်သည်။ ကျနော့်ထက်အသက်(၄) နှစ်မျှပိုကြီးမည်ထင်ပါသည်။ သူ၏ရုပ်အသွင်မှာ အနည်းငယ် ပိန်လှီးပြီး သွားလာလှုပ်ရှားမှု အနည်းငယ်နှေးကွေးသည်။ အပြောအဆို နူးညံ့သိမ်မွေ့သည်။ အသွင်အပြင်မှာ အေးအေးဆေးဆေးပျော့ပျောင်းသော အသွင်အပြင် ဖြစ်သည်။

သို့သော် ဗိုလ်ချုပ်လက်ျာ၏စိတ်ဓာတ်မှာ ကြံ့ခိုင်တောင့်တင်းသူ ဖြစ်သည်။ ဟိုင်နန်ကျွန်း ဂျပန်စစ်ပညာသင်ယူကြရာတွင် ဂျပန်စစ်လေ့ကျင့်ခန်းများမှာ ခြေရလွှာရတိုက်ခိုက်ရသဖြင့် ကျနော်တို့အတော်ပင်ပန်းကြသည်။ ဟိုင်နန်ကျွန်းစစ်သင်တန်းတွင် အပင်ပန်းဆုံး စစ်လေ့ကျင့်ခန်း (၂) ခု လေ့ကျင့်ရသည်။ တခုမှာထွက်ပြေးခုတ်ခွာသော ရန်သူ့တပ်ကိုလိုက်ပြီး အပိုင်ချေမှုန်းတိုက်ခိုက်ရသော လေ့ကျင့်ခန်းနှင့် နောက်တခုမှာ ဂျပန်လုံ့ရွှပ်ထိုး စစ်လေ့ကျင့်ခန်း ဖြစ်သည်။ ၎င်းမှာ မျက်နှာဖုံးခေါင်းစွပ်အကာနှင့် ကိုယ်အထက်ပိုင်းအကာ အဝတ်အစား များ ဝတ်ဆင်ပြီး တဦးနှင့်တဦး နှစ်ဘက်သေနတ်အတု၊ တုတ် တို့ဖြင့်လှံစွပ်ထိုးခြင်း ဖြစ်သည်။ အလွန်မောပန်းသော စစ်လေ့ကျင့်ခန်း ဖြစ်သည်။ အချို့ရဲဘော်များ မောပန်းပြီး လဲပြိုမေ့မျောသည် အထိဖြစ်သည်။ ကျနော်တို့က ဗိုလ်ချုပ်လက်ျာလိုက်ပြီးလုပ်နိုင်ပါ့မလား စိတ်ပူမိသည်။ သို့သော်ဗိုလ်ချုပ်လက်ျာမှာ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် စစ်လေ့ကျင့်ခန်းများကိုလိုက်ပြီး ဇွဲနှင့်မှန်မှန် လိုက်လုပ်နိုင်ခဲ့သည်။ ဤတွင် သူ၏စိတ်ဓာတ်ကြံ့ခိုင်မှုကို ကျနော်တို့မြင်ရခြင်း ဖြစ်သည်။

ဗိုလ်ချုပ်လက်ျာသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူတကွ ဗမာပြည်နိုင်ငံရေးကို ဆောင်ရွက်ခဲ့သော ဗမာပြည်နိုင်ငံရေး ခေါင်းဆောင်ကြီး တဦးဖြစ်သည်။ ဗမာ့လွတ်လပ်ရေး လက်နက်ကိုင်တိုက်ပွဲအတွက် တရုတ်ပြည် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ၁၉၄၁ ခုနှစ်တွင် ဗမာ့တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဗမာပြည်၏ စစ်ရေးခေါင်းဆောင်ကြီးလည်း ဖြစ်သည်။

ဗိုလ်ချုပ်လက်ျာကို ကျနော်တို့ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်သောအခါမှ လူချင်းစတင်သိရှိ ရင်းနှီးခဲ့ပြီး ဗမာပြည်ပြန်ရောက် ပြီးနောက် သူ့လက်အောက်တွင် ကျနော်စစ်မှုထမ်းခဲ့ရသည်။ ဗိုလ်ချုပ်လက်ျာ စစ်တပ်ကထွက်သွားပြီးနောက် ကျနော်စစ်တပ်တွင်း ကျန်ရစ်စဉ်ကလည်း ကျနော်တို့ခင်မင်နေကြသည်။ ကျနော်စစ်တပ်မှ ထွက်ပြီးနောက်လည်း ကျနော်နှင့် ဗိုလ်ချုပ်လက်ျာတို့ ခင်ခင်မင်မင် ဆက်ဆံနေကြသည်။ ကျနော်တို့ တလျှောက်လုံး တဦးနှင့်တဦး ခင်မင်လေးစားကြသော ရဲဘော်ရဲဘက် မိတ်ဆွေကြီးများ ဖြစ်တော့သည်။

နောက်ဗိုလ်ချုပ်လက်ျာသည် ဗမာပြည်၏ ဗိုလ်နေဝင်းစစ်အာဏာရှင်စနစ်ဆိုး အုပ်စိုးမှုကို သူကွယ်လွန်သည့် ၁၉၇၈ ခုနှစ် နိုဝင်ဘာလအထိ တိုက်ခိုက်ဆန့်ကျင်သွားသူလည်း ဖြစ်သည်။

ဗိုလ်ချုပ်လက်ျာသည် မိမိကိုယ်မိမိ အတော်နှိမ်ချတတ်သူဖြစ်သည်။ ကျနော်တို့က ဗိုလ်ချုပ်လက်ျာကို ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူတကွ ဗမာပြည်နိုင်ငံရေးခေါင်းဆောင် စစ်ရေးခေါင်းဆောင်များ လုပ်ခဲ့ကြသူဖြစ်လို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူတူထားပြီး လေးစား ခဲ့ကြသည်။

သို့သော် ဗိုလ်ချုပ်လက်ျာကတော့ သူ့ကိုယ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် တတန်းတည်းမထားဘဲ ဗိုလ်ချုပ်အောင်ဆန်းကို သူ့ခေါင်းဆောင်အဖြစ် သဘောထားသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကားတကားတည်းအတူစီးကြရာတွင် သူကဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ နောက်တန်းတွင်မထိုင်ဘဲ ရှေ့ခန်းတွင် ဒရိုင်ဘာ၏ ခုံဘေးထိုင်ခုံတွင် ထိုင်တတ်သည်ကို တွေ့ရ၍ လေးစားကြရပါသည်။ သူသည် သူ့ကိုယ်သူ နှိမ်ချတတ်သူ ဖြစ်သည်။

နောက်ဗိုလ်ချုပ်လက်ျာသည် ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် များစွာယုံကြည်လေးစား အားထားသူဖြစ်သည်။ **BIA** ဖြစ်ခါစတွင် ထင်ပါသည်။ ကျနော့်တပ်ထဲတွင် ထိုင်းနိုင်ငံက ဝင်လိုက်ခဲ့တဲ့ တပ်မှူးတဦးက တိုက်ပွဲတပွဲက သူရလာတဲ့ မြန်မာအမျိုးသမီးတဦးရဲ့ လက်ဝတ်ရတနာ စိန်ရွှေပစ္စည်းများ ထည့်ထားတဲ့ သံသေတ္တာကလေးတလုံး လာပြီးပေးအပ်ပါသည်။ ကျနော်သေတ္တာသိမ်းထားပြီးနောက် ကျနော့်အထက်တွင် ဗိုလ်ချုပ်လက်ျာ၊ ဗိုလ်ချုပ်အောင်ဆန်းတို့ရှိရာ ကျနော်ဗိုလ်ချုပ်လက်ျာထံသွားပြီး ထိုရတနာသေတ္တာကို ဘယ်သူ့အပ်ရမလဲ သွားမေးပါသည်။ ဗိုလ်ချုပ်လက်ျာက နောင်အနာဂတ်မှာ ဗမာပြည်မှာ လွတ်လပ်ရေးကို ဆက်တိုက်သွားမှာ ဗမာပြည်ကွန်မြူနစ်ပါတီပဲ ဖြစ်တယ်။ ဒါကြောင့်ကွန်မြူနစ်ပါတီကို သွားပြီးပေးထားပါတဲ့ ညွှန်ကြားပါသည်။ ကျနော့်မှာ မိမိဆန္ဒနှင့်လည်းကိုက်ညီပြီး ချက်ချင်းပင် ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်သန်းထွန်းထံသို့ ထိုသေတ္တာငယ်ကို သွား၍အပ်လိုက်ပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်လက်ျာသည် ဤသို့ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် ယုံကြည်အားထားသူ ဖြစ်ပါသည်။

နောင်နှစ်ပေါင်းအတော်ကြာမှ ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းရာ၌ ဗိုလ်ချုပ်လက်ျာသည် ဗိုလ်ချုပ်အောင်ဆန်း သခင်ဗဟိန်းတို့နှင့်အတူ ပါဝင်ခဲ့သူဖြစ်ကြောင်း ကျနော်သိရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ကျနော်တို့အမြင်အရ ဗိုလ်ချုပ်လက်ျာကို အတော်ပင်လေးစား ချစ်ခင်သည်။ ရဲဘော်ရဲဘက်စိတ်သာမက တဦးနှင့်တဦး ညီအစ်ကိုပမာကဲ့သို့လည်း အပြန်အလှန်ချစ်ခင်လေးစားကြသည်။ သူ၏လက်အောက် ဒုတိယနေရာတွင် အမြဲထားပြီး ဘယ်သူ့ကိုမှ ဗိုလ်ချုပ်လက်ျာ၏ အထက်နေရာကို မပေးချေ။ ဗိုလ်နေဝင်း ဗိုလ်ချုပ်အောင်ဆန်းအောက် ရောက်လာသောအခါ အခြားနိုင်ငံရေးပါတီကဖြစ်၍ များစွာ နေရာပေးဆက်ဆံခဲ့သော်လည်း သတိထားပြီး ဗိုလ်ချုပ်လက်ျာ၏ အထက်နေရာကို ဘယ်တော့မှ မပေးချေ။ ဗိုလ်နေဝင်းက ဒါကိုအတော်မကျေမနပ်ဖြစ်ပြီး ဗိုလ်ချုပ်လက်ျာအပေါ် တလျှောက်လုံး ဆန့်ကျင်ခဲ့သည်။

## (၁၀)
## ဟိုင်နန်ကျွန်း ညတိုက်ပွဲစစ်လေ့ကျင့်ခန်းများ

ကျနော်တို့ ရဲဘော်သုံးကျိပ် ဟိုင်နန်ကျွန်း စစ်ပညာလေ့ကျင့်သင်ကြားရေးတွင် ညတိုက်ပွဲ စစ်လေ့ကျင့်ခန်းကို အတော် အလေးထားသင်ကြားသည်ကို သတိပြုမိပါသည်။

တော်လှန်ရေးတပ်များက ရန်သူကိုတိုက်ခိုက်ကြရာတွင် စစ်ပွဲထုံးစံအတိုင်း ခေတ်မှီစစ်ရေးလက်နက်ကြီးများကို အပြည့်အဝသုံးစွဲနိုင်ရန် ချို့တဲ့နိုင်သဖြင့် လူ့သဘာဝ လူသားတို့၏ အားအနည်းဆုံးကာလ ညအခါ ညတိုက်ပွဲများကို အဓိကအားထားပြီး အမှောင်ထုအကာအကွယ် ဖြင့် ရန်သူကို လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်ကြရပေသည်။

ကျနော်တို့ ညတိုက်ပွဲများကို အတော်မိမိစီးစီးသင်ကြားရသည်။ ညတိုက်ပွဲစစ်လေ့ကျင့်ခန်းကို တနင်္ဂနွေတပတ် (၃) ကြိမ် (၃ ည) သင်ကြားရသည်။ ညတိုက်ပွဲမှာ ညနေ နေဝင်ချိန်မှ ညဥ့်တချက် နှစ်ချက်တီးခန့်အထိ ကြာတတ်ပြီး တချို့တိုက်ပွဲမှာ မိုးလင်းချိန်အထိ ဆက်သွားပါသည်။ ညတိုက်ပွဲလေ့ကျင့်ခန်းမှာ ကျနော်တို့အိပ်ပျက်သော်လည်း မပင်ပန်းလှပေ။

ကျနော်တို့သည် ညတိုက်ပွဲနှင့် ညလှုပ်ရှားမှုများကို ကောင်းစွာ ကျွမ်းကျင်လာကြသည်။

ကျနော်တို့မမေ့နိုင်မှတ်မိနေသော ညတိုက်ပွဲလေ့ကျင့်ခန်းတခုမှာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းဖြစ်သည်။ ဖြစ်ပုံမှာ ကျနော်တို့ ညတိုက်ပွဲလေ့ကျင့်ခန်းတခု ပြုလုပ်ရာတွင် ညတိုက်ပွဲထုံးစံအတိုင်း မိမိတိုက်ရမည့်ရန်သူ့စခန်း၏ နောက်ဆုံးအခြေအနေ ကင်းထောက်လွှတ်ရ ပေသည်။ ကျနော်တို့ ညတိုက်ပွဲဝင်မည့်တပ်သည် တောင်ကုန်းတောင်းတနေရာတွင် ညဦးအမှောင်တွင် ဝပ်တွားနေပြီး ရန်သူ့စခန်းသို့ ကင်းထောက်နှစ်ယောက်လွှတ်သည်။ ကင်းထောက်ခေါင်းဆောင်မှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်သည်။ အတော်ကလေးကြာတော့ ကျနော်တို့ ဝပ်တွားနေသည့် နေရာအနီးသို့ လူနှစ်ယောက် လျှို့ဝှက်ချဉ်းကပ်လာ၍ ကျနော်တို့က ကြိုတင်သိပြီး စောင့်ပြီးဖမ်းဆီးလိုက်ရာ မိမိတို့တပ်မှ လွှတ်လိုက်သော ဗိုလ်ချုပ်အောင်ဆန်းတို့ ကင်းထောက်နှစ်ယောက်ဖြစ်နေသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့မှာ ရန်သူ့စခန်းချဉ်းကပ်သွားရာတွင် ဘယ်လိုမျက်စိမှောက်ပြီး လမ်းလွဲချော်သည်မသိ၊ မိမိတို့ထွက်ရာ မိမိတပ်ဝပ်နေသည့်နေရာသို့သာ ပြန်ရောက်လာပြီး ကင်းထောက် နေကြခြင်းဖြစ်ရာ နောက်တချီထပ်ပြီး ကင်းထောက်လွှတ်ရသဖြင့် ထိုညတိုက်ပွဲမှာ အချိန်ပိုပြီး ကြာသွားတော့သည်။ ဂျပန်များကရယ်မော ကြသည်။ ကျနော်တို့သည် ထိုကိစ္စ ဗိုလ်ချုပ်အောင်ဆန်း စိတ်မကောင်းဖြစ်မှာစိုး၍ နောက်ထပ် ဘာမျှ မပြောတော့ချေ။

## ဗိုလ်မြင့်အောင်

ဟိုင်နန်ကျွန်း ရဲဘော်သုံးကျိပ် စစ်လေ့ကျင့်ရေးစခန်းတွင် ကျနော်နှင့်အတော် ခင်မင်လေးစားကြသော ပုဂ္ဂိုလ်တယောက်မှာ ဗိုလ်မြင့်အောင် ကြီးဖြစ်သည်။ အလေးမသမားကြီးလို သန်မာထွားကျိုင်းသူဖြစ်သည်။ ကျနော်တို့နှင့် အသက်အရွယ် အတူတူလောက် ဖြစ်သည်။ သူနှင့်ကျနော် ခင်မင်ရင်းနှီးရုံမက သူ့ကို ဗိုလ်လရောင်၊ ဗိုလ်ရဲထွဋ်တို့ကလည်း ခင်မင်ကြသည်။ သူနှင့်ကျနော် ခင်မင်လာရသည့် အကြောင်း နှစ်ခုရှိသည်ထင်ပါသည်။ တကြောင်းက ဟိုင်နန်ကျွန်းတွင် ဂျပန်တို့က ကျနော်တို့သောက်ဖို့ စီးကရက်ဆေးလိပ်တူးများနှင့် ဘီယာအရက်ပုလင်းများကို မကြာခဏဝေ ပေးကမ်း ပါသည်။ ကျနော့်မှာ ဆေးလိပ်မသောက်တတ်သူဖြစ်ပြီး ထိုစဉ်က ဘာသာရေးလဲ ကိုင်းရှိုင်းသူဖြစ်သဖြင့် အရက်လဲလုံးဝမသောက်ပါ။ ထို့ကြောင့်

ကျနော် စေစုရသော ဘီယာအရက်ပုလင်းများကို အရက်သောက်တတ်သော ဗိုလ်မြင့်အောင်နှင့် ဗိုလ်လရောင်တို့ထံသို့ သွား၍ ခွဲဝေပေးတတ်ပါသည်။ ထိုမှစပြီး ခင်မင်လာပါသည်။ နောက်တကြောင်းမှာ ကျနော်သည် ငယ်စဉ်ကတည်းက မြန်မာစာပေ မဂ္ဂဇင်းဝတ္ထုများကို များစွာဖတ်ခဲ့သူဖြစ်ရာ ရဲဘော်တချို့နှင့် အကြောင်းဆုံတိုင်း ကျနော်ဖတ်ရှုခဲ့သော စာပေ ဗဟုသုတနှင့် စိတ်ဝင်စားဖွယ် ဝတ္ထုဇာတ်လမ်းတို့ကို ပြောပြတတ်ရာ ထိုအခါမျိုးတွင် ဗိုလ်မြင့်အောင်ကြီး ကျနော့်အနားရောက်လာပြီး ကောင်းစွာနားထောင်တတ်သည်ကို သတိပြုမိပါသည်။

နောက်ဗိုလ်မြင့်အောင်ကြီးနှင့် ကျနော်အတော်ရင်းနှီးလာရာ သူကကျနော်ဖတ်ရှုသော စာပေဗဟုသုတများနှင့် ဝတ္ထုဇာတ်လမ်း တို့ကို သူ့အားပြောပြပါရန် ပန်ကြားပါသည်။ ဤမှစ၍ ဗိုလ်မြင့်အောင်ကြီးမှာ ငယ်စဉ်ကတည်းက ပညာသင်ကြားရေး ချို့တဲ့ခဲ့ရသည်ကိုသိရသည်။ ကျနော်များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ကျနော်အားလပ်သည့်အခါ သူပန်ကြားသည့်အတိုင်း ကျနော်က စာပေဗဟုသုတနှင့် ပုံဝတ္ထုများကို ပြောပြခြင်းဖြင့် လွန်စွာ အတော်ရင်းနှီးလာပါသည်။ သူကလည်း ကျနော့်ကို များစွာခင်မင်လေးစား လာပါသည်။

သူ့အကြောင်းတွေကို ပြောပြပါသည်။ သူသည် ပြည်ခရိုင် ရွှေတောင်မြို့အနောက်ဘက်ကမ်းမှ သားအမိ နှစ်ယောက်သာရှိသည့် ဆင်းရဲသား မိသားစုမှ ဖြစ်သည်။ သာယာဝတီခေါင်းဆောင်ကြီး သခင်မြကို့နှင့် ဆွေမျိုးနီးစပ်တော်ပြီး သူ့ကို သခင်မြကဂျပန်သို့ စစ်ပညာသင် ထည့်လွှတ်လိုက်၍ ဟိုင်နန်ကျွန်းသို့ ရောက်လာရခြင်း ဖြစ်ကြောင်းတွေ သိရပါသည်။ သူ့မိခင်ကိုလည်း အတော်ချစ်ခင်သတိရပုံရပါသည်။

နောက်ဗိုလ်မြင့်အောင်မှာ အုန်းထမင်းချက် အလွန်ကောင်းပါသည်။ ကျနော်တို့အမဲသားရသောနေ့များတွင် ဗိုလ်မြင့်အောင်က အုန်းထမင်း ချက်ပြီး အမဲသားနှပ်ဖြင့်ကျွေးရာ အားလုံးဝမ်းမြောက်ကြပါသည်။ ဂျပန်များက အုန်းထမင်းချက်ကို သိပ်ကြိုက်သွားပြီး "**coconut rice**" (အုန်းထမင်း) သိပ်ကောင်းတယ် ကောင်းတယ် ပြောလွန်း၍ ဗိုလ်မြင့်အောင်က အမဲသားရတိုင်းလိုလိုပင် အုန်းသီးလည်းပေါသဖြင့် အုန်းထမင်းချက်ကျွေးခဲ့ရပေသည်။

ကျနော်နှင့် ဗိုလ်မြင့်အောင်မှာ မကြာခဏ ထမင်းချက်တာဝန် အတူကျတတ်သည်။ ကျနော့်မှာ ဘာမှမချက်တတ်၊ ဗိုလ်မြင့်အောင် ခိုင်းသမျှကို ကူလုပ်ကိုင်ပေးရသည်။ ထမင်းအိုးကြီးတည်ထားပြီး ထမင်းကျက်မကျက် ထမင်းအိုးချသင့်မချသင့် သိနိုင်ဖို့ ကျနော်ကယောင်းမနှင့် ကော်ယူသွားပြီး တနေရာတွင်ထိုင်နေသော ဗိုလ်မြင့်အောင်ထံသွားပြရသည်။ ညနေထမင်းချက်ပြီးလျှင် တနေရာထသွားလေ့ရှိသည်။ အရာရှိ စတိုခန်းမှ ခိုးယူလာသော ရေစိမ်ထားသည့် ဘီယာပုလင်းများကို သောက်တတ်သည်။ ကျနော့်အတွက်လည်း (အရက်မသောက်တတ်၍) ချောကလက်များယူထားပြီး ကျွေးတတ် ပါသည်။ ထိုအခါတွင် ကျနော်တို့အလွန်ပျော်ရွှင်ကြပါသည်။

ကျနော်တို့ စစ်လေ့ကျင့်စခန်း စစ်တန်းလျားအနီးတွင် ကျနော်တို့က 'အနီး' လို့ခေါ်တဲ့ တရုတ်လူမျိုးစုရွာတရွာ ရှိပါသည်။ အများစုမှာ တံငါသည်များဖြစ်ပြီး တချို့လယ်သမားများ ဖြစ်သည်။

၎င်းအနီးလူမျိုးစုများဟာ ဟိုင်နန်ကျွန်းမှ တရုတ်လူမျိုးနွယ်ဝင် 'လီ' ဟုခေါ်သော လူမျိုးစုတွေဖြစ်ကြောင်း နောင်ကျမှကျနော်တို့ သိရသည်။

ထိုအနီးရွာသားအချို့တာ မကြာခဏ ကျနော်တို့စခန်းသို့လာကြပြီး ကျနော်တို့ထံမှ စားကြွင်းစားကျန်များ အဝတ်အစားများ စီးကရက်များ စတာတွေကို လာရောက်တောင်းရမ်းတတ်ပါသည်။ တခါတရံ ဟိုင်နန်ကျွန်းပေါ်တွင် ပေါများလှသော အုန်းသီးစိမ်းတွေကို နွားတကောင်တပ် လှည်း ကလေးနှင့် တိုက်ယူလာပြီး ကျနော်တို့ထံမှ အဝတ်ဟောင်းများနှင့် သူတို့လိုချင်သော ပစ္စည်းတချို့နှင့် လဲလှယ် ယူတတ်ပါသည်။ အလွန်ဆင်းရဲ ကြပါသည်။

ကျနော်တို့ရဲဘော် ဗိုလ်မြင့်အောင်ကြီးမှာ ထိုအနီးလူမျိုးစုတို့နှင့် အတော်ရင်းနှီးခင်မင်လာသည်ကို သတိထားမိပါသည်။

တနေ့တွင် ဗိုလ်မြင့်အောင်မှာ ထိုအနီးတို့နှင့် ဘယ်လိုဆက်သွယ်ပြောဆိုနားလည်ကြသည်မသိ၊ သူ့အဝတ်ဟောင်းများနှင့် အနီးတို့ထံမှ ချက်အရက်ကို လဲလှယ်ပြီး သောက်စားနေသည်ကို တွေ့ရပါသည်။

ဗိုလ်မြင့်အောင်က ကြေညာထားသည်မှာ ရဲဘော်တွေ မိမိတို့အဝတ်တွေလှမ်းရာတွင် ညနေ (၆) နာရီကျော်လို့မှ အဝတ်ကို မရုပ်သိမ်းရင် ထိုအဝတ်များကို သူပိုင်သည်ဟု ဆိုထားသည်။ ရဲဘော်များမှာ သူ့ထိုကြေညာချက်ကြောင့် ကိုယ့်အဝတ်တွေကို ဂရုစိုက်ပြီး ရုပ်ကြရသည်။ မရုပ်မိလျှင် ထိုအဝတ်တွေကို ဗိုလ်မြင့်အောင်ကြီးကသိမ်းပြီး အရက်နှင့်လဲသောက်ပစ်မှာ ဖြစ်သည်။

ဗိုလ်မြင့်အောင်မှာ အားလပ်ချိန်များတွင် မိမိတို့စခန်းမှ ပျောက် ပျောက်သွားတတ်သဖြင့် ကျနော်လေ့လာစုံစမ်းရာ အနီးလူမျိုးစု တို့က ဗိုလ်မြင်အောင်ကို သူတို့ရွာသို့အလည်ဖိတ်သဖြင့် လိုက်လည်ပတ်သည်ကို သိလာရပါသည်။ တခါတရံအနီးတို့က သူ့ကိုအရက်နှင့် ဧည့်ခံပုံရသည်။

ကျနော့်ကို ဗိုလ်မြင့်အောင်က အနီးတို့ရွာသို့ သူနှင့်အတူလိုက်ရန် အတင်းခေါ်သဖြင့် ကျနော်တခေါက်လိုက်သွားပါသည်။ အလွန်ဆင်းရဲသော အိမ်စုတွေဖြစ်ပြီး အလွန်အားနာဖို့လည်း ကောင်းပါသည်။ ရေရှည်သွားနေလျှင် အန္တရာယ်တမျိုးမျိုး ဖြစ်နိုင်သည်ဟုလည်း ယူဆပြီးနောက် ဗိုလ်မြင့်အောင်ကြီးကို အနီးတို့ရွာသို့ သွားမလည်ပတ်ရန် ကျနော်ကပြောပါသည်။ သို့သော်သိပ်မထူးပါ။

ထို့ကြောင့် ကျနော်ကအမိုင်းအမာပြောရတော့သည်။ တော်လှန်ရေးသမားဟာ တော်လှန်ရေးကိစ္စမှတပါး အခြားအကျိုးမရှိတဲ့ အန္တရာယ်ရှိတဲ့အလုပ်တွေ မလုပ်သင့်ကြောင်း၊ ထိခိုက်သွားလျှင် တော်လှန်ရေးကို ထိခိုက်နစ်နာသွားမှာဖြစ်ကြောင်း အတင်းပြော၍ မသွားရန် တားမြစ်ရသည်။ ဒီတော့မှ တဖြည်းဖြည်း အသွားရပ်သွားတော့သည်။

## ဗိုလ်ရန်အောင်

ဟိုင်နန်ကျွန်း စစ်လေ့ကျင့်ရေးစခန်းတွင် ကျနော်နှင့် ရင်းနှီးခင်မင်သော နောက်ပုဂ္ဂိုလ်တဦးမှာ ဗိုလ်ရန်အောင်ကြီး ဖြစ်ပါသည်။

သခင်လှမြိုင် ခေါ် ဗိုလ်ရန်အောင်မှာ သခင်အောင်ဆန်းနှင့်အတူ ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့ကတည်းက တရုတ်ပြည်သို့ ဗမာ့ လွတ်လပ်ရေး တိုက်ပွဲအတွက် ထွက်လာသူဖြစ်သည်။ သူသည်ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရဲဘော်သုံးကျိပ် ဂျပန်ပြည်သွားကာ ပထမအသုတ် ဗိုလ်လက်ျာ၊ ဗိုလ်ရန်နိုင်တို့နှင့် ဟိုင်နန်ကျွန်းစစ်လေ့ကျင့်ရေး စခန်းကို ၁၉၄၁ ခုနှစ် ဧပြီလဆန်းလောက်ကတည်းက ရောက်လာသူ ဖြစ်သည်။

ဗိုလ်ရန်အောင်က ကျနော်ထိုဘာသာရေးကိုင်းရှိုင်းမှု၊ အိပ်ရာ နေရာ သန့်သန့်ပြန့်ပြန့် နေထိုင်တတ်မှုတို့ကို အမြဲနောက်ပြောင် ရွှတ်နောက် လေ့ရှိသည်။ ညအိပ်ခါနီး ကျနော်ဘုရားရှိခိုးသည့်အခါ ဗိုလ်ရန်အောင်သည် ကျနော့်ခေါင်းရင်းကို ဖြည်းဖြည်းသွားပြီး တင်ပလ္လင်ခွေ ထိုင်နေတတ်သည်။ ကျနော်ဘုရားရှိခိုးပြီး၍ မျက်စိဖွင့်ပြီး ဦးချလိုက်တော့ ကျနော့်ရှေ့မှာ ဗိုလ်ရန်အောင်ကြီး ပြုံးပြုံးကြီးထိုင်နေတာကို ဦးချမိ လျက်သား ဖြစ်သွားတော့

ကျနော်က ဟာ ... ခင်ဗျား ဒါမျိုးမလုပ်ကောင်းဘူးဗျ ပြောတဲ့အခါ တဟဲဟဲရယ်မောနေတတ်သည်။ တခါတရံ ကျနော်ကသန့်သန့်ပြန့်ပြန့် ဖြူစင်စွာ ခင်းထားသော ကျနော့်အိပ်ယာပေါ် တက်နင်းခြင်း ဟိုင်ခြင်းများ လုပ်တတ်သည်။ တခါတရံ ခြေတဖက်ရေစွတ်ပြီး ဖြူစင်သောအိပ်ယာခင်းပေါ် ခြေရာ ထင်အောင် လုပ်တတ်သည်။ ပြောဆိုလျှင်လည်း တအားရယ်မောတတ်သည်။

ဗိုလ်ရန်အောင်က မိမိတို့စစ်ကြောင်းတွေခွဲပြီး ဗမာပြည်ကို ပြန်လည်ဝင်ရောက်ပြီး တိုက်ခိုက်ရန် လှုပ်ရှားခါနီးတွင် ကျနော့်လက်ကို ကိုင်ပြီး ဗမာပြည်ကို ကောင်းမွန်စွာ ပြန်ရောက်ကြရင် ခင်ဗျားသင်ဝတ်ထိန်းကိုတွေ့ရင် နိုင်ငံရေးသင်တန်းပေးပါလို့ ပြောပါဟုမှာသည်။ ကျနော်က နိုင်ငံရေးလေ့လာ ချင်ရင် စာအုပ်ဖတ်မှာပေါ့ဟု ပြောရာ သူက သင်တန်းတက်ဖို့ တကယ်လိုအပ်လို့ပါ ဟု ပြောပါသည်။ နောင်မှ နားလည်လာမိသည်မှာ ကျနော်ကွန်မြူနစ် ဖြစ်လာရန် ကွန်မြူနစ်သင်တန်းတက်ရန် ရည်ရွယ်ပြီး ပြောခြင်းဖြစ်ဟန်ရှိပေသည်။

နောက်မှကျနော်သိရှိနားလည်လာရသည်မှာ ထိုဟိုင်နန်ကျွန်း စစ်သင်တန်းကာလတွင် ဗိုလ်ရန်အောင်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဝင်တဦး ဖြစ်နေပြီဖြစ်သည်။ ဟိုင်နန်ကျွန်း စစ်ပညာသင်ကြစဉ်က ဗမာပြည်ကွန်မြူနစ်ပါတီဝင် သုံးဦးသာပါဝင်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာနှင့် ဗိုလ်ရန်အောင်တို့သာ ဖြစ်ကြပါသည်။ ဗိုလ်ရန်အောင်သည် ကျနော့်ကို ကွန်မြူနစ်ပါတီဝင်တဦး သိပ်ဖြစ်စေချင်ပုံရပါသည်။ ကျနော်တို့က ထိုစဉ်က ကွန်မြူနစ်ပါတီအကြောင်း ဘာမှနားလည်ကြသူများ မဟုတ်ကြပါ။

ဗိုလ်ရန်အောင်ကြီးနှင့် ကျနော်နောက်ဆုံးထိတွေ့လိုက်ရပုံမှာ ကျနော်စစ်တပ်ကထွက်ရပြီးနောက် ရန်ကုန်စမ်းချောင်းရပ်ကွက်တွင် နေထိုင်နေရာမှာ ၁၉၆၀ ခုနှစ်များအတွင်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ပူးပေါင်းပြီး "ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့"ဖွဲ့ပြီး ပြည်တွင်း ငြိမ်းချမ်းရေးရဖို့ တိုင်းပြည်ကို စည်းရုံးလှုံ့ဆော်ပါသည်။ ဗမာပြည်မြို့အတော်များများသို့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့နှင့် လှည့်ပြီး ဟောပြောစည်းရုံးနေပါသည်။

ကျနော်နှင့် စာရေးဆရာကြီး ဗန်းမော်တင်အောင်တို့ ဗမာပြည်အလယ်ပိုင်း (ကျနော်နာမည်မမှတ်မိသော) မြို့တမြို့တွင် ပြည်တွင်း ငြိမ်းချမ်းရေးတရား ဟောပြောနေရာ ဗိုလ်ရန်အောင်မှာ မြေအောက်ကွန်မြူနစ်ပါတီအနေဖြင့် ထိုမြို့သို့ လျှို့ဝှက်ရောက်နေရာ ကျနော်နှင့်အလွန်တွေ့ချင်ပုံ ရသည်ထင်ပါသည်။ သူကလူတယောက်လွှတ်ပြီး ကျနော်တို့အဖွဲ့တာဝန်ခံ ဗန်းမော်တင်အောင်ထံသို့ သူကျနော်နှင့်တွေ့လိုကြောင်း တွေ့ခွင့်ပြုရန် လာပြောပါသည်။ ဦးတင်အောင်က "ဟာ ဒီကိစ္စဟာ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းကြီးတခုလုံး ထိခိုက်နိုင်ပါသည်။ တွေ့ခွင့်မပြုနိုင်ပါ။"ဟု တောင်းပန် ပြန်ကြားလိုက်ရပါသည်။

ထိုအဖြစ်အပျက်ကို ဦးတင်အောင်က ကျနော်တို့ရန်ကုန်ပြန်ရောက်မှ ကျနော့်ကိုပြန်ပြောပြရာ ကျနော်များစွာ စိတ်မကောင်း ဖြစ်ရပါသည်။ ဦးတင်အောင်လည်း အတော်စိတ်မကောင်း ဖြစ်ပုံရသည်။ ဒီနောက်ပိုင်းကျနော် ဗိုလ်ရန်အောင်နှင့် ထိတွေ့မှုမရှိတော့ပါ။

ရဲဘော်ဗိုလ်ရန်အောင်ကြီးမှာ တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေး ဂယက်ရိုက်မှုအရ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဖြုတ် – ထုတ် – သတ် လမ်းစဉ်အောက်တွင် ၁၉၆၇ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။

ဤအတွင်း တိုက်ဆိုင်မှုတခု ကြုံကြိုက်ပါသည်။ ယင်းမှာ ကျနော် ၁၉၄၁ ခုနှစ်ဟိုင်နန်ကျွန်း ရဲဘော်သုံးကျိပ် စစ်ပညာသင်နေပုံ အကြောင်းတွေ ရေးနေစဉ် ၂၀၀၃ ခုနှစ် မေလအတွင်းက တရုတ်ပြည်ရုပ်မြင်သံကြားမှ ဟိုင်နန်ကျွန်း "စန်းယ"(**Sanya**) ရွာကြီး၏ ပတ်ဝန်းကျင်အေသ အခြေအနေတွေကို ခရီးလှည့်လည်သွားလာရေး အစီအစဉ်ကြော်ငြာအဖြစ် ပြသသွားပါသည်။ အဲဒီစန်းယရွာကြီးဟာ ကျနော်တို့ဟိုင်နန်ကျွန်း စစ်လေ့ကျင့်ခန်းဌာနနှင့် ခြေလျင် (၄) နာရီလောက်ကွာမှာ ရှိတဲ့ရွာကြီး ဖြစ်ပါသည်။ ကျနော်တို့ ထိုစဉ်က အကြိမ်အချို့ရောက်ခဲ့တဲ့ ရွာကြီးလည်းဖြစ်ပါသည်။ ကျနော်တို့ စစ်လေ့ကျင့်ရေး၏ နောက်ခံအခြေခံရွာကြီးလည်း ဖြစ်ပါသည်။ ထိုစဉ်က အလွန်ဆင်းရဲတဲ့ ဓနုပဒ်ရွာကြီးဖြစ်ပြီး တဲအိမ်တွေသာရှိပါသည်။ လူတွေလည်း အလွန်ဆင်းရဲကြပါသည်။ ယခု ရုပ်မြင်သံကြားမှာ တွေ့လိုက်ရတာကတော့ ထိုရွာကြီးမှာ တိုက်တာအိုးအိမ်တွေနှင့် အတော်ချမ်းသာနေပြီး လူအများ ခရီးသွားလာ လည်ပတ်ရာ ပင်လယ်ကမ်းခြေ မြို့ကြီးတမြို့ ဖြစ်နေပါတော့သည်။ လူတွေလဲဆင်းဆင်းရဲရဲ မဟုတ်တော့ဘဲ ကောင်းကောင်းမွန်မွန် သားသားနားနား ဝတ်စားသွားလာလှုပ်ရှားနေတာတွေ မြင်ရပါသည်။ ကားများမော်တော်ဆိုင်ကယ်များနှင့်လည်း ဥဒဟိုသွားနေတာ မြင်ရပါသည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ အာဏာအနှစ် (၅၀) လောက်အတွင်း တိုးတက်ပြောင်းလဲလာပုံကို တွေ့ရပါသည်။ ကျနော်တို့နှင့် လွန်ခဲ့သောအနှစ် ၆၀ ကျော်က ရင်းနှီးခဲ့ရတဲ့ ဆင်းရဲလှတဲ့ရွာကြီး ယခုလို ချမ်းသာဝပြောနေတာ တွေ့ရလို့ များစွာဝမ်းသာမိသည်။ ဆိုရှယ်လစ်တရုတ်ပြည်ကြီး တိုးတက် နေပုံကိုလည်း ထင်ဟပ်ပြသနေသလိုလည်း တွေ့မြင်ရပေသည်။ ကျနော်တို့ဗမာပြည်ကတော့ ယခုထိဆင်းရဲနေတုန်းပဲဟု တွေးပေါ်သိမြင်ပြီး တော်လှန်ရေး စိတ်မွှားမိသည်။

ကျနော်တို့ဟိုင်နန်ကျွန်းတွင်စစ်ပညာသင်ယူနေစဉ် ဂျပန်က ဟိုင်နန်ကျွန်းတွင် အာရှတိုက်သား လူငယ်လူရွယ်တစုအား လျှို့ဝှက်စစ်သင်တန်း ပေးနေသည့် အကြောင်း ဂျပန်ပြည်ရှိအမေရိကန်စစ်သံရုံးက သိရှိကာ အမေရိကန်အစိုးရထံ အကြောင်းကြားတာကို ဂျပန်အာဏာပိုင်များက သတင်းရရှိ လာသဖြင့် ကျနော်တို့ရဲဘော်သုံးကျိပ်ဝင်များ၏ စစ်သင်တန်းကို ဟိုင်နန်ကျွန်းမှ တခြားနေရာ ဖော်မိုဆာကျွန်းသို့ ပြောင်းရွှေ့ရေးကို စီစဉ်ကြရပြန်ပါသည်။

အားလုံးအစီအစဉ်များ လုပ်ပြီးနောက် ၁၉၄၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် ဟိုင်နန်ကျွန်းမှ ရဲဘော်သုံးကျိပ်တို့သည် ဖော်မိုဆာသို့ သင်္ဘောနှင့် ထွက်ခွာလာရာ ငါးနှစ်အောက်တိုဘာ ၂၃ ရက်နေ့တွင် ဖော်မိုဆာကျွန်း အလယ်စား မြို့တမြို့သို့ ရောက်လာကြသည်။ နောက်မှ ထိုမြို့သည် "တမာဇာတို" မြို့ဖြစ်ကြောင်းသိရသည်။

ထိုမြို့တွင် ယခင်က ဂျပန်တပ်ဖွဲ့ငယ်တတပ် တပ်စခန်းချထားပုံရသော သစ်သားအဆောက်အဦး တနေရာတွင် ကျနော်တို့ကို နေရာချထား ပါသည်။

ကျနော်တို့ကို လက်ရှိဂျပန်စစ်သား ပုံစံဖောင်းများအတိုင်း ဝတ်ဆင်စေပြီး စစ်ရာထူးမှာ ဂျပန်စစ်တပ် တပ်ကြပ် "ဟန်ချို" တံဆိပ်များ တပ်ဆင်ထားရပါသည်။

ကျနော်တို့ကိုင်ဆွဲသော သေနတ်လက်နက်များမှာ ဟိုင်နန်ကျွန်းမှာလို ချက်ကိုစလပ်လုပ် သေနတ်များမဟုတ်ဘဲ ဂျပန်လက်ရှိ စစ်တပ်ကိုင်ဆွဲ နေသော ခေတ်မီရိုင်ဖယ်များနှင့် လက်နက်များဖြစ်ပါသည်။

ကျနော်တို့လည်း ဂျပန်စစ်တပ်စည်းကမ်းများအတိုင်း နေထိုင်လှုပ်ရှားနေရပါသည်။ ကျနော်တို့သည် ဂျပန်တပ်ဖွဲ့ငယ်တဖွဲ့ကဲ့သို့ နေထိုင် ရပါသည်။

ကျနော်တို့ဟိုင်နန်ကျွန်းမှ ဖော်မိုဆာသို့သွားရာတွင် ဗိုလ်ချုပ်အောင်ဆန်းမပါပါ။ ဗိုလ်ချုပ်မှာ ဂျပန်ပြည်တိုကျိုမြို့ကို အရင်သွားနှင့်တန် ကူပါသည်။

ကျနော်တို့ဖော်မိုဆာတွင် စစ်သင်တန်းများ ဆက်သင်ကြားရသော်လည်း ဟိုင်နန်ကျွန်းမှာလောက် မပင်ပန်းတော့ချေ။ စားသောက် နေထိုင်ရေးမှာ ဟိုင်နန်ကျွန်းနေစဉ်ကထက် ကောင်းမွန်ချောမောနေပါသည်။ ဟိုင်နန်ကျွန်းမှာလောက် ညတိုက်ပွဲလေ့ကျင့်ခန်းလည်း မများတော့ချေ။

ကျနော်တို့စခန်းထောင့်တနေရာတွင် သဘော်ပင်များရှိရာ ကျနော်တို့သဘော်သီး မှည့်တွေကိုခူးပြီး စားကြသည်။ ဗမာပြည်ကအတိုင်း စားကောင်းကြသည်။

ဗမာစာတိုကြိုတွင် ကျနော်တို့ လက်နက်ကြီးများ ကိုင်တွယ်အသုံးချနည်း နောက်ဆုံးပေါ် လက်နက်များ ကိုင်တွယ်အသုံးချနည်း တို့ကို ဖိပြီးသင်ကြားရသည်။

ထိုကာလ (၁၉၄၁) ခုနှစ် ဒုတိယနှစ်ဝက်ကာလတွင် ဂျပန်တို့က အရှေ့အာရှနိုင်ငံများကို တိုက်ခိုက်သိမ်းပိုက်ရန် ဂျာမဏီအောက် ရောက်နေသော ပြင်သစ်အစိုးရပိုင် အင်ဒိုချိုင်းနားတောင်ပိုင်းတွင် စီစဉ်နေကြသည်။ ဂျပန်တပ်များပြောင်းရွှေ့စီစဉ် လုပ်ကိုင်နေသည်ကို ကျနော်တို့တဖြည်းဖြည်း သိလာရသည်။

(၁၁)

ကျနော့်မှာ ထိုကာလအဖြစ်အပျက်များကို ကောင်းစွာမမှတ်မိသဖြင့် ထိုကာလအဖြစ်အပျက်အချို့ကို တပ်မတော်သမိုင်း ပထမတွဲမှ ကိုးကား ထုတ်နုတ် ဖော်ပြရပါသည်။

ကျနော်တို့ဟိုင်နန်ကျွန်းမှ ဖော်မိုဆာသို့ မပြောင်းမီ ၁၉၄၁ ခု ဇက်တင်ဘာအတွင်း သခင်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးဆူဇူကီး (ဗိုလ်မိုးကြိုး) တို့ တိုကျိုမြို့မှ ဟိုင်နန်ကျွန်းသို့ ပြန်လည်ရောက်ရှိလာပြီး ဗမာပြည် အင်္ဂလိပ်အောက်မှ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရန် ရဲဘော်သုံးကျိပ် ဗမာပြည်သို့ ပြန်လည်ဝင်ရောက်ရေး အစီအစဉ်များကို ဂျပန်စစ်ဌာနချုပ်နှင့် စီစဉ်ဆောင်ရွက်နေကြောင်း ပြောပြကြသည်။

ထိုအစီအစဉ်များအရ ရဲဘော်သုံးကျိပ်ဝင်များ ဗမာပြည်တွင်းသို့ ပြန်လွှတ်ရေးအစီအစဉ်၏ ပထမအဆင့်အနေဖြင့် သခင်လှဖေ၊ (ဗိုလ်လက်ျာ) သခင်အေးမောင် (ဗိုလ်မိုး)၊ သခင်ဟုမ်း (ဗိုလ်လရောင်)၊ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ)၊ ကိုလှမောင် (ဗိုလ်ဇေယျ)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) တို့ ၆ ဦးကို ဟိုင်နန်ကျွန်းမှ တိုကျိုမြို့သို့ လေယာဉ်ဖြင့်ခေါ်သွားသည်။ တိုကျိုမြို့မှ ၁၉၄၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်နေ့တွင် ကိုဆိုင်မာရူးသဘော်ဖြင့် ထွက်လာရာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ အောက်တိုဘာ (၂၇) ရက်နေ့တွင်ရောက်ရှိသည်။

သို့သော် ၁၉၄၁ ခုနှစ် အောက်တိုဘာ (၁၆) ရက်နေ့တွင် ဂျပန်ပြည်၌ အစိုးရအဖွဲ့အပြောင်းအလဲ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် လည်းကောင်း ကမ္ဘာ့အခြေအနေ တင်းမာနေ၍တကြောင်း အရှေ့တောင်အာရှနိုင်ငံများကို ဂျပန်မတိုက်မီ ရဲဘော်သုံးကျိပ်ဝင်များ ဗမာပြည်တွင်း ပြန်လည်စေလွှတ်လိုက်ပါက ၎င်းတို့၏ အစီအစဉ်ကို အင်္ဂလိပ်က ရိပ်မိသိရှိသွားခဲ့သော် နောင်တိုက်ခိုက်ရေးတွင် အလစ်အငိုက် ရရှိမှု ပျက်ပြားနိုင်သောကြောင့် လည်းကောင်း၊ ရဲဘော်သုံးကျိပ်ဝင်များ ဗမာပြည်ပြန်ဝင်ရေး အစီအစဉ်ကို ရပ်ဆိုင်းထားလိုလာကြသည်။

ဤနေရာ၌ ဟိုင်နန်ကျွန်းတွင် ကျနော်တို့စစ်ပညာသင်ကြားမှုတွင် ကျနော့်စိတ်တွင်စွဲထင်နေသော ထူးခြားချက်နှစ်ချက်ကို ဖော်ပြလိုပါသည်။

ပထမမှာ ဂျပန်တို့က စစ်ပညာသင်ကြားရေးတွင် စစ်သားကောင်းစိတ်ဓာတ်ကို သွင်းရာ၌ ဂျပန်စစ်တပ်တွင် သင်ကြားသွတ်သွင်း ပေးသလို ဖက်ဆစ်ဝါဒစိတ်ဓာတ်အခြေခံ သဘောများကိုပါ သွတ်သွင်းပေးသဖြင့် ရဲဘော်သုံးကျိပ်ဝင် စိတ်ဓာတ်တွင် ဖက်ဆစ်ဝါဒ စိတ်သဘောထားအချို့ အနည်းငယ် မသိမသာပါရှိနေကြသည်။ ထိုစိတ်ဓာတ်မှာ နောင်နှစ်အတော်ကြာ လူအများနှင့် ပူးပေါင်းဖက်တွဲပြီး အလုပ်လုပ်လာကြတော့မှ တဖြည်းဖြည်းလျော့ပါး ပျောက်ကင်းသွားကြသည်ကို ကျနော်သတိထားမိပါသည်။ ထိုကိစ္စကို အသက်တော်တော် ကြီးလာမှ တွေးခေါ်စဉ်းစားမိလာခြင်း ဖြစ်ပါသည်။

ကျနော်မှတ်မိသော ဒုတိယထူးခြားချက်တရပ်မှာ ဂျပန်စစ်ပညာရေးရာတွင် စစ်တိုက်ရာတွင် ဘယ်တော့မှ မဆုတ်ခွာရေး အမြင်ဖြစ်ပါသည်။ ကျနော့်တသက် မမေ့နိုင်မှတ်မိနေသည့်တချက်မှာ စစ်တိုက်ရာတွင် ဘယ်တော့မှ မဆုတ်ခွာရေးအမြင် ဖြစ်သည်။ ကျနော်တို့ ဟိုင်နန်ကျွန်းတွင်နေစဉ် တနေ့တွင် စစ်မြေပုံတိုက်ပွဲ ကျင်းပနေပါသည်။ ကျနော်ဦးစီးသော စစ်တပ်မှာ အတော်အထိနာနေပြီး ဖရိုဖရဲ အနည်းငယ်ဖြစ်လာရာ ဒီအတိုင်းဆက်သွားပါက ကျနော့်တပ်ပို၍ဆိုးဝါးလာတော့မည့် အခြေဖြစ်လာသဖြင့် ကျနော်က ကျနော့်တပ်ကို တဖန်ပြန်လည်စုစည်း စည်းရုံးနိုင်ရန် နောက်ပိုင်း နေရာကောင်းတခုသို့ ဆုတ်ခွာလိုက်ပါသည်။ ဤတွင်စစ်မြေပုံတိုက်ပွဲဦးစီးနေသော ဂျပန်ဆရာ အရာရှိက ဖြန်းခနဲ ကြောက်မွယ်အော်ဟစ်ပြီး စစ်မြေပုံတိုက်ပွဲကို ရပ်ဆိုင်းလိုက်ပါသည်။

နောက်အော်ဟစ်ပြောဆိုတာက ဂျပန်စစ်တပ်ဟာ ဘယ်တော့မှနောက်မဆုတ်ဘူး။ ဘယ်တော့မှလဲ စစ်မရှုံးဖူးဘူးဟုဆိုပြီး ကျနော်၏ ဆုတ်ခွာမှုကို ကြီးစွာအပြစ်တင်ပါတော့သည်။

ဤကိစ္စတွင် အခြေခံကျနော်မှားပါ၊ ဂျပန်ဆရာ၏ အယူသည်းမှုသာ ဖြစ်သည်ဟု ယူဆပါသည်။ စစ်တပ်ပညာမှာ အယူသည်းမှု၊ စိတ်ဆန္ဒစောမှုတို့ဖြင့် မဖြေရှင်းနိုင်ပါ။ သိပ္ပံနည်းပညာတရပ် ဖြစ်ပါသည်။ နှစ်ဘက်အခြေအနေအရ၊ ထိုးစစ်၊ ခံစစ်၊ ဆုတ်စစ်၊ လိုက်စစ် စသဖြင့် အခြေအနေအရ ကျင့်သုံးရပေမည်။ အခြေအနေအရ ယာယီဆုတ်ခွာရမည့်အချိန် မဆုတ်ခွာဘဲ တင်းပြီးခံနေလျှင် မိမိတပ်ပြိုကွဲပြီး ဖရိုဖရဲ ပရမ်းပတာဖြစ်ကာ နောက်ဆုံး ပြိုကွဲပြီး စစ်ရှုံးနိမ့်မှုသို့ ဦးတည်သွားနိုင်ပေသည်။

၁၉၄၄– ၄၅ အင်္ဂလိပ်၊ ဂျပန်တို့ အိန္ဒိယနယ်စပ် အင်ဖာတိုက်ပွဲစဉ်တွင် ဂျပန်စစ်တပ်အဖို့ မိမိစစ်တပ် အခြေအနေဆိုးဝါးနေသဖြင့် ဆုတ်ခွာပေးပြီး မိမိတပ်ပြန်လည်စည်းရုံးခိုင်မာရေး လုပ်သင့်ပါလျက် မဆုတ်ခွာဘဲ တင်းပြီးခုခံနေရာ နောက်ဆုံး ဂျပန်တပ်ပျက်စီးပြီး ဖရိုဖရဲဆုတ်ခွာရာတွင် အင်္ဂလိပ်တို့ကလည်း အလစ်အတင်းဖိပြီး လိုက်ထိုးသဖြင့် ဂျပန်စစ်တပ်ဘယ်နေရာကမှ စည်းရုံးပြီး အငိုင်အမာ ခံစစ်မထိုးနိုင်ဘဲ ဖရိုဖရဲဆုတ်ခွာရရာ နောက်ဆုံးဗမာပြည်တောင်ပိုင်းအစွန် တနင်္သာရီအထိ ဆုတ်ခွာရပြီး အဆုံးမှာ ဗမာပြည်မှ ဆုတ်ခွာရသည်အထိ ဖြစ်ခဲ့ရပေသည်။

ထို့ကြောင့် ဘယ်တော့မှ မဆုတ်ခွာဘူးဆိုတာ မဟုတ်ပေ။ အယူသည်းမှု ဖြစ်သည်။ သို့ပွဲနည်းကျမဟုတ်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ လိပ်–ကန် တို့ကို လက်နက်ချအရှုံးပေးခဲ့ရပေသည်။

ဤသည်တို့မှာ ဂျပန်စစ်ပညာ၏ အားနည်းချွတ်ယွင်းချက်များ ဖြစ်သည်။ ကျနော်တို့သတိထားပြီး ရှောင်ကြဉ်ရန် ဖြစ်ပါသည်။

(၁၂)

ဤအခွင့်ရဲဘော်သုံးကျိပ် ဂျပန်စစ်ပညာသင်သွားရသောအကြောင်းနှင့် ဟိုင်နန်ကျွန်းစစ်ပညာသင်ကြားစဉ်က အမှတ်တရ အဖြစ်အပျက် အချို့ကို ရေးလိုပါသည်။

(၁)။ ဗိုလ်ချုပ်အောင်ဆန်းဟာ အင်္ဂလိပ်ကိုတော်လှန်ရေးအတွက် ၁၉၄၀ ခုနှစ်ကစပြီး ဂျပန်နှင့် ဘာကြောင့်ပေါင်းခဲ့ရသလဲ။

ဗိုလ်ချုပ်ဟာ ၁၉၄၀ ခုနှစ်ကစပြီး ဂျပန်နဲ့ပေါင်းခဲ့ရတာဟာ သူ့အကျပ်အတည်းမှ လွတ်မြောက်အောင် လုပ်ရခြင်းက အဓိကဖြစ်မည် ထင်ပါသည်။ ထိုကိစ္စကျနော်သိမှတ်မိသလောက်က ဗိုလ်ချုပ်တို့ နိုင်ငံခြားထွက်ရတာဟာ ဗမာပြည် ဗြိတိသျှဆန့်ကျင်ရေး ၁၃၀၀ ပြည့်နှစ် (၁၉၃၈–၃၉) အရေးတော်ပုံ အတွေ့အကြုံအရ လွတ်လပ်ရေးတိုက်ပွဲကို လက်နက်ကိုင်တိုက်ပွဲနှင့် ပေါင်းစပ်နိုင်မှ အောင်မြင်နိုင်မယ်ဟု ခေါင်းဆောင်များ သိလာကြတဲ့အတိုင်း မြန်မာအမျိုးသား လက်နက်ကိုင်တပ် ဖွဲ့စည်းရန် နည်းပညာနှင့် အကူအညီများယူရန် ထွက်ကြရာမှာ ဂျပန်ကိုသွားတာမဟုတ်။ ထိုစဉ်တရုတ်ပြည်၌ လက်နက်ကိုင်တော်လှန်နေသော တရုတ်ကွန်မြူနစ်ပါတီ (C.P.C) သို့သွားကြခြင်း ဖြစ်သည်။ သူတို့ဟာ တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်အလွယ်တကူရနိုင်တဲ့ ရန်ကုန်မြို့သွားသင်္ဘောကို မစောင့်နိုင်ဘဲ ဗြိတိသျှအဖမ်းခံရမှာစိုး၍ အရင်ရောက်လာသော တရုတ်ပြည် အမွိုင်မြို့ သွားသင်္ဘောကိုသာ စီးနင်းသွားကြရသည်။ အမွိုင်မြို့တွင် ကူမင်တန်တရုတ်အစိုးရနှင့် ဂျပန်တို့ စိုးမိုးထားရာ နယ်စပ်ပင်လယ်ကမ်းခြေအနီးတွင် သောင်တင်နေပြီး တရုတ်ကွန်မြူနစ်ပါတီလည်းရှာမရ၊ ဆက်မရဖြစ်နေစဉ် ငွေကြေးလည်း ကုန်ကျကျပ်တည်းလာသဖြင့် ဗမာပြည်ကိုလှမ်းပြီးအကူ အညီတောင်းရာ ထိုကိစ္စဗိုလ်လက်ျာက တိုးတိုးတိတ်တိတ် ငွေအလှူကောက်ခံရ၏။ ဗိုလ်ချုပ်တို့ တပ်ပေါင်းစုဖွဲ့စည်းထားသော ဗမာ့ထွက်ရပ်ဂိုဏ်းမှ ဒေါက်တာဗမော်တို့ကိုလည်း အလှူခံမိရာ ထိုအဖွဲ့အတွင်း ဂျပန်ကို လိုလားသော ဒေါက်တာသိမ်းမောင်တို့သိရှိသွားပြီး (သူဟာ ဂျပန် – မြန်မာ ချစ်ကြည်ရေးအသင်း တည်ထောင်သူဖြစ်သည်။) ၎င်းတို့က အမွိုင်တွင် လျှို့ဝှက်နေထိုင်နေသော လိပ်စာကို ဂျပန်များကိုပေးလိုက်ရာက ဂျပန်များက ဗိုလ်ချုပ်တို့ကို ရှာဖွေခေါ်ဆောင်ပြီး ကာနယ်ဆူဇူကီး (နောင်တွင်ဗိုလ်မိုးကြိုး) တို့လက်သို့ ရောက်ရှိသွားခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ဟာဂျပန်တို့ကို ယုံကြည်ရလောက်အောင်ရိုးအသူ မဟုတ်ပါ။ ဂျပန်ကိုမယုံကြည်ပါ။ ဂျပန်များက တရုတ်ပြည်မကြီးကို အတင်းအဓမ္မ အင်အားကြီးစွာဖြင့် ကျူးကျော်တိုက်ခိုက်နေပြီကို မြင်တွေ့နေရပြီဖြစ်သည်။ ဗမာပြည်ကိုလည်း နောင် ဂျပန်တို့ ကျူးကျော်သိမ်းပိုက်လိမ့်မည်ဟု မသံမကွဲယူဆထားသည်ဟု နောက်ပိုင်းဗိုလ်ချုပ်ရေးတဲ့ စာတမ်းများအရလဲ သိရသည်။ သူသည်ဖြစ်ပေါ်လာသော လက်တွေ့အရ မလွဲသာလို့ ဂျပန်နှင့် ပေါင်းလိုက်ရခြင်း ဖြစ်ဟန်ရှိသည်။ ဂျပန်တို့ထံမှ ရသမျှအကူအညီကိုလက်ခံပြီး နောက်လက်တွေ့ ဖြစ်ပေါ်လာမှ အပေါ်မှာကြည့်ပြီး တော်သင့်သလို ပြုမူလှုပ်ရှား ဆောင်ရွက်သွားမည်ဟု သိမ်မရရာသော ဆုံးဖြတ်ချက်ကို ချလိုက်ရဟန် တူပါသည်။

(၂)။ ကျနော်တို့ရဲဘော်သုံးကျိပ်နှင့် ဂျပန်တို့ဆက်ဆံရေးအခြေအနေမှာ ကျနော်တို့နှင့် ဂျပန်တို့ဆက်ဆံခဲ့ရာတွင် ကျနော်တို့ခံစား ရသော သူတို့၏ အကျင့်စရိုက် ၃,၄ ချက်လောက်ကိုတင်ပြရန် လိုမည်ထင်ပါသည်။

(၁) ကျနော်တို့ ဂျပန်ရောက်စ တိုကျိုမြို့တော်တွင် တပတ်ကျော်လည်ပတ်ကြရသည်။

(က) ဂျပန်ပြည်သူတွေ သူတို့အချင်းချင်း ဆက်ဆံကြရာတွင် အလွန်ယဉ်ကျေးမှုရှာကြပြီး (အာရိဂါတော်) "ကျေးဇူးတင်ပါတယ်" ဆိုတဲ့ ပြောသံတွေဟာ နေရာတကာမှာ ချိုသာစွာကြားနေရသည်။ အချင်းချင်းတွေ့ကြလျှင်လည်းစုံရပ်ပြီး ခါးကုန်းနှုတ်ဆက်နေကြတာတွေလည်း နေရာတကာမှာ တွေ့ရပါသည်။ ဟိုတယ်လုပ်သားများ၊ တာဝန်ခံများလည်း ကျနော်တို့အပေါ်ဆက်ဆံကြတာဟာ အလွန်ပင်ရိုသေကိုင်းရှိုင်းပါတယ်။ အချုပ်က သူတို့အချင်းချင်းဆက်ဆံကြတာဟာ အလွန်ယဉ်ကျေးနူးညံ့ကြပါသည်။

(ခ ) အားကစားပွဲတွေမှာ ဂျပန်လူငယ်တွေ အတော်ကြီး စိတ်ဆက်သန်ပြီး ညီညီညွတ်ညွတ်တက်တက်ကြွကြွ ရှိနေတာတွေ့ရပါသည်။

(ဂ ) ဂျပန်ဘုရင်ကို ဘုရားလိုကြည်ညိုလေးစားတန်ဖိုးထားကြသည်။

(ဃ) နောက် ဂျပန်အမျိုးသမီးတွေ ပင်ပန်းကြီးစွာ ကျိုးနွံစွာ အလုပ်လုပ်နေတာတွေ့ရပါသည်။

(၂) သူတို့တိုင်းပြည်တွင် ယဉ်ကျေးကြသော်လည်း ကျနော်တို့ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားကြတော့ အရာရှိဆရာတွေ အထူးသဖြင့် တပ်ကြပ် ဆရာလေးတွေက ကျနော်တို့အပေါ် ပထမစခါမှာ ညှင်သည်တွေလိုဆက်ဆံရာက ကြာကြာပြီးနောက် သူတို့ဇာတိပြလာကြသည်။ တင်းမာလာကြပြီး လက်အောက်ခံ ကိုလိုနီနိုင်ငံသားတွေအပေါ်လို ကြမ်းတမ်းလာသည်။ ဂျပန်ပြည်သူတွေအတွင်း ဆက်ဆံရေးနှင့် မတူတော့ပါ။ တောက်လျှောက်ဒီလိုပဲ တွေ့လာရတာကို ကျနော်အံ့သြမယ် ဖြစ်နေမိတယ်။ ဒီကိစ္စကို ကျနော် နောက်ပိုင်း ဖက်ဆစ်ဝါဒအကြောင်း လေ့လာသိရှိလာတော့မှ ဖက်ဆစ်တွေ ဆိုတာ အမျိုးသားအရေးမှာ မိမိလူမျိုးမှတပါး အခြားလူမျိုး အမျိုးသားတွေအပေါ် လူသားအချင်းချင်းတွေလို သဘောမထားကြဘူး။ မိမိတို့ဂျပန်လူမျိုး တွေသာ မြင့်မြတ်တဲ့ မဟာလူမျိုးကြီး ဖြစ်တယ်လို့ ယူဆစွဲမြဲ ယုံကြည်ထားသူတွေ ဖြစ်တယ်ဆိုတာသိလာရသည်။ အဲဒီကျမှ ကျနော်နားလည်မိသည်။ သူတို့ဟာ ဖက်ဆစ်စိတ်ဓာတ် မဟာ လူမျိုးကြီးစိတ်ဓာတ်နှင့် ကမ္ဘာကိုလွှမ်းရမယ်ဆိုတဲ့ စိတ်ဓာတ်တွေဟာ တော်တော်များများ အထူးသဖြင့် စစ်ဗိုလ် သားတွေထဲမှာ စွဲမြဲနေကြတာလို့ ကျနော်သဘောပေါက်မိသည်။

(၃) နောက် စစ်ပညာသင်ကြားရာမှာလည်း ဖက်ဆစ်အတွေးအခေါ် နည်းပညာများ သင်ကြားခံရပါသည်။

(က) ဥပမာ စစ်တပ်မှူးတဦးရဲ့ မျက်နှာဟာ မိုးကောင်းကင်လို အကဲခတ်ရခက်ပြီး သူများကကြောက်ရွံ့လေးစားရမယ်ဆိုတဲ့ ဒီမိုကရေစီစိတ်ဓာတ်နဲ့ ဆန့်ကျင်မှုတွေကို သင်ကြားပေးတယ်။

(ခ ) နောက် စစ်ပရိယာယ်မှာ အတက် အဆုတ်ရှိပေမယ့် သူတို့မှာ "အဆုတ်" ဆိုတာမရှိ။ ဒုတိယကမ္ဘာစစ်ကြီးမှာ သူတို့စစ်ရှုံးရတဲ့ အကြောင်းများ မှာ ဒီအကြောင်းဟာ တခုအဖြစ်ပါဝင်တယ်လို့ ထင်ပါတယ်။

(၄) နောက်စစ်ရေးမှာ ကောင်းမွန်တဲ့ အစီကာအချက်လည်း သင်ကြားခဲ့ရတယ်။ ၎င်းမှာ စစ်ရေးတွင် အမိန့်နာခံမှု၊ ဇွဲလုံ့လနှင့် အပင်ပန်းအဆင်းရဲခံနိုင်မှုနှင့် လုံးပန်းအားထုတ်ဖို့ သတ္တိဗျတ္တိရှိဖို့၊ ဂျပန်သူရဲကောင်းများ "ဘူရှီဒို" စိတ်ဓာတ်များ စံသာဓကကောင်းဆိပ် မွေးမြူတည်ဆောက်ဖို့ကိုလည်း သင်ကြားသွတ်သွင်းတာခံရသည်။ သို့ရာတွင် ကျနော်တို့အတွက် ခံစားရမှုအဆိုးဆုံးကတော့ ကျနော်တို့အပေါ် လက်အောက်ခံ လူမျိုးလို ခိုင်းစိုင်း တင်းမာတဲ့ ဆက်ဆံရေး ဖြစ်ပါတယ်။

(၃) ဂျပန်တို့၏ ခိုင်းစိုင်းမှုအပေါ် ကျနော်တို့၏ တုံ့ပြန်ပုံမှာ ...

၁။ ကျနော်တို့အပေါ် သူတို့က ဒီလိုခိုင်းစိုင်းကြမ်းတမ်းတဲ့ ဆက်ဆံမှုတွေအပေါ် ကျနော်တို့ပထမ အံ့အားသင့်ပြီးနောက် သူတို့ရဲ့ နယ်ချဲ့ဖက်ဆစ်ဇာတိစိတ်တွေ သိရှိလာကြတဲ့အခါ အလွန်မုန်းတီး ဒေါသထွက်ပြီး ဗမာ့လွတ်လပ်ရေးဟာ သူတို့နှင့်မပြီးနိုင်၊ သူတို့ကိုပါ ဆန့်ကျင်တိုက်ခိုက်ရဦးမယ်လို့ ထင်မြင်လာကြသည်။ ကျနော်တို့ ရဲဘော်သုံးကျိပ်ဝင်တချို့မှာ ဂျပန်ကပါးရိုက်ခံရသည်အထိ ဖြစ်ခဲ့ရပါသည်။

၂။ ကျနော်တို့ရဲ့ မုန်းတီးမှုဟာ အတော်ပြင်းထန်လာပါတယ်။ ဒါကြောင့် ကျနော်တို့ အောက်တိုဘာလဆန်းလောက် ဟိုင်နန်ကျွန်းမှ ဖော်မိုဆာကျွန်း ပြောင်းပြီးတဲ့နောက် စခန်းအတွင်း တညနေခင်းမှောင်မှောင်တွင် ကျနော်တို့အထဲမှ ဗိုလ်မင်းခေါင်နှင့် ဗိုလ်တောက်ထိန် (ထင်သည်) တို့က ဂျပန်တဦးခေါင်းကို တုတ်နဲ့ရိုက်လို့ ခေါင်းပြဲသွားသည်။ အရိုက်ခံရသူမှာ ကျနော်တို့ရဲ့လေ့ကျင့်ရေး နည်းပြမှူးချုပ် ကပ္ပတိန်ကဝါရှီးမားကိုယ်တိုင် ဖြစ်နေသည်။ သူကဘာမှဆူဆူပူပူမလုပ်ဘဲ သူ့အခန်းထဲ နှစ်ရက်သုံးရက်အောင်းနေသည်။ နောက်မှ ကျနော်တို့သိရသည်မှာ သူသည်ဂျပန်တွင် သူရဲကောင်းနံပတ် (၆) လောက်ဖြစ်သည်။ သူ့ကိုသူတို့တပ်တွင်းတပ်ပြင်က လူတွေက အတော်ချစ်ကြသည်။ သူ့ဇာတ်ရာနှင့်အပြင်ထွက်ရင် စခန်းက တခြားဂျပန်တွေသိပြီး ကျနော်တို့နှင့်ရန်ဖြစ်မှာစိုးလို့ ဇာတ်ရာအတော်ကောင်းမှ ထွက်ခြင်းဖြစ်တယ်လို့ သိရပါသည်။

၃။ ဂျပန်ဆရာတွေနဲ့ ကျနော်တို့ ပဋိပက္ခတွေဖြစ်လာခဲ့ကြပေမယ့် အရှေ့တိုင်းယဉ်ကျေးမှု တရပ်လို့ထင်ပါသည်။ ကျနော်တို့ ပြန်ရခါနီးတဲ့အခါ ၎င်းဂျပန်ဆရာတို့က မိမိတို့တပည့်တွေအပေါ် ချစ်ခင်ကြင်နာတဲ့ သံယောဇဉ်စိတ်တချို့ ဝင်လာပုံကို ကျနော်တို့အကဲခတ်မိကြသည်။ သို့ရာတွင် ၎င်းတို့၏နယ်ချဲ့ဖက်ဆစ် ဇာတိစိတ်အပေါ် ကျနော်တို့နာကျည်းမုန်းတီးစိတ်ကိုတော့ မပျောက်နိုင်ပေ။ ကျနော်တို့ များစွာရင်လေးပြီး ၎င်းတို့၏နောက်က ဂျပန်ဖက်ဆစ်အစိုးရကို ရှေ့မှာကျနော်တို့ ဆန့်ကျင်တိုက်ခိုက်မှုနှင့် တရင်းရှင်းကြရဦးမည်ဟု စိတ်တွင် ထင်မြင်ယူဆထားကြသည်။ အမှန်တော့ ၁၉၄၅ ဖက်ဆစ်တော်လှန်ရေး မျိုးစေ့ဟာ အဲဒီကတည်းက ချခဲ့ပြီးဖြစ်ပါသည်။ [ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာပြည်မှ ဗြိတိသျှတို့ကို မောင်းထုတ်ပြီးလျှင် ဂျပန်ကိုဆက်တိုက်ခိုက်ရန် မြန်မာပြည်သို့မဝင်မီ ၁၉၄၁ ဒီဇင်ဘာ ဘန်ကောက်တွင်ရှိကတည်းက စိတ်ကူးစီစဉ်ခဲ့သည်ကို သူရေးသော ဗမာပြည်၏ စိန်ခေါ်မှု **(Burma's Challenge)** တွင် ရေးသားထားပါသည်။]

## B.I.A တပ်ကြီးဖွဲ့ပြီ။

ကျနော်တို့သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ကို စတင်ဖွဲ့စည်းခဲ့ကြပါသည်။

၁။ ထိုနေ့မှာ ကျနော့်တသက်တာ မမေ့နိုင်သော နေ့ဖြစ်ပါသည်။ ကျနော်လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော် (၂၇-၃-၅၉) နေ့က ဖက်ဆစ်တော်လှန်ရေး (၁၄) ကြိမ်မြောက်နေ့မှာ ဆောင်းပါးတစောင်ကို ဟိုင်နန်ကျွန်းမှာ နေစဉ်ကရေးခဲ့တဲ့ ကျနော့်ဒိုင်ယာရီကိုမှီပြီး ရေးခဲ့ဖူးပါသည်။ ဒီဆောင်းပါး ယခုကျနော့်ထံမှာ ရှိနေပါသည်။ အဲဒီထဲမှာ ထိုနေ့အကြောင်းရေးထားရာ ကျနော်အချက်အချို့ကို တင်ပြပါမည်။

၂။ ဗမာပြည် ၁၃၀၀ပြည့် (၁၉၃၈ – ၃၉) နယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံကြီးက ကျနော်တို့မြန်မာအမျိုးသားတို့အား သင်ခန်းစာ တရပ်ပေးခဲ့၏။ ၎င်းမှာ ကိုလိုနီနယ်ချဲ့စနစ်တိုက်ပွဲတွင် နိုင်ငံရေးသက်သက်ဖြင့် အောင်ပွဲမရနိုင်၊ လက်နက်ကိုင်တိုက်ပွဲနှင့် အထောက်အကူပြုမှသာ ပြီးဆုံးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့ကိုလိုနီစနစ်မှ လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲရန်အတွက် အမျိုးသား လက်နက်ကိုင် စစ်တပ်ထူထောင်ဖွဲ့စည်းရန် ဤခေတ် အမျိုးသားတာဝန် ကျနော်တို့မျိုးဆက်အပေါ် ကျရောက်လာပေ၏။

၃။ "ခြောက်လက်မရှည်သော ဓားမြှောင်ပင် ကိုင်ခွင့်မရခဲ့သော မြန်မာအမျိုးသားတို့အဖို့ လက်နက်ကိုင်တပ်တတပ် ဖွဲ့စည်းတည်ဆောက်ရန်မှာ ထိုစဉ်က စဉ်းစားမရလောက်အောင် ခက်ခဲလှသော ပြဿနာကြီးတရပ် ဖြစ်၏။ ထိုရာဇဝင်သစ်ကို ရေးသားရန်တာဝန်ကား ကျနော်တို့ခေတ်သို့ ကျရောက်နေပြီ။"

၄။ "ဗိုလ်ချုပ်အောင်ဆန်း၏ စွန့်စားခေါင်းဆောင်မှုဖြင့် ၁၉၄၁ ခုနှစ်တွင် ဂျပန်တို့၏ ဟိုင်နန်ကျွန်းတွင် မြန်မာမျိုးချစ်လူငယ်တစု စစ်ပညာ သင်ကြားနေရ၏"ဟုရေးသားထားသည်။

၅။ ဤတွင် ကျနော်တို့ စိတ်လှုပ်ရှားဝမ်းမြောက်ပြီး မမေ့နိုင်သောနေ့တနေ့ ရှိသေး၏။ ၎င်းမှာ ၁၉၄၁ ခု မေလလောက်တွင် ဟိုင်နန်ကျွန်းတွင် ကျနော်တို့စစ်သင်တန်းပေးပြီး တပတ်လောက်ကြာပြီးနောက် လေ့ကျင့်ရေးအတွက် ကျနော်တို့ကို ကိုယ်ပိုင်လက်နက် ရိုင်ဖယ်များ ဂျပန်ဆရာတို့က အခမ်းအနားဖြင့်ပေးအပ်သော နေ့ဖြစ်၏။ ကျနော်တို့လက်နက် စ, ကိုင်ရသောနေ့ဖြစ်သည်။ ကျနော်တို့ ဝမ်းမြောက်မှုဖြင့် စိတ်လှုပ်ရှားစွာဖြင့် လက်ခံယူခဲ့သည်ကို မှတ်မိနေပေသည်။ "ဤလက်နက်ဖြင့် နယ်ချဲ့စနစ်ကြီးကို တိုက်ရဖို့သာလျှင် မဟုတ်လော။ ဤလက်နက်သည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး လက်နက်ကိုင်တိုက်ပွဲအတွက် မျိုးစေ့ပင်မဟုတ်လော" ဟုရေးသားထားသည်။

၆။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ (၂၆) ရက်နေ့သည် နယ်ချဲ့အောက်တွင် မြန်မာအမျိုးသားတို့၏ ပထမလက်နက်ကိုင် တပ်မတော်ကြီး (**BIA**)ကို စတင်ဖွဲ့စည်းသော နေ့ကြီးဖြစ်သည်။

၇။ ကျနော်တို့သည် ဗမာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် လက်မောင်းသွေးဖောက်၍ သစ္စာရေသောက်ခဲ့ကြသည်။ ကျနော်တို့သည် လွတ်လပ်ရေးရသည်အထိ ဆုံးခန်းတိုင်တိုက်ပွဲ ဝင်သွားမည်ဟု သစ္စာအဓိဋ္ဌာန် ပြုခဲ့ကြသည်။

၈။ ကျနော့်မှာ ထိုစဉ်က များစွာစိတ်လှုပ်ရှား ကြည်နူးမိ၏။ ကျနော်တို့သည် နယ်ချဲ့ကို တိုက်ရေးအတွက် စစ်ပညာလည်း ရရှိခဲ့ကြပြီ။ လက်နက်များလည်း ကိုင်ကြရပြီ။ နောက်ဆုံး ကျနော်တို့လိုလားချက်ကြီးဖြစ်သော လက်နက်ကိုင်တပ်မတော်ကြီးကို ဖွဲ့စည်းနိုင်ကြပြီဖြစ်ရာ များစွာ စိတ်ကြည်နူးမှုကို ခံစားရပါသည်။

၉။ ကျနော်တို့သည် မြန်မာဘုရင်များလက်ထက်မှ ကိုလိုနီဖြစ်ခဲ့ရသော နှစ်ပေါင်း (၁၀၀) ခန့်အတွင်း အဆက်ပြတ်နေခဲ့သော မြန်မာ့အမျိုးသားတပ်မတော်ကြီးကို တည်ထောင်နိုင်ခဲ့ပြီ။ ကျနော်တို့၏ လွတ်လပ်ရေးတိုက်ပွဲ နောက်ဆုံးအောင်ပွဲအတွက် လက်နက်ကိုင် တပ်ကြီး ထူထောင်မိကြပြီး မကြာမီအောင်ပွဲရလိမ့်မည်ဟု မျှော်မှန်းပြီး ကျနော်တို့များစွာ ကြည်နူးအားတက်မိကြသည်။

၁၀။ နောက်ထိုနေ့အခမ်းအနားပွဲကြီးမှာ ကျနော်တို့အားလုံး ဝမ်းမြောက်ရွှင်လန်းတက်ကြွစွာ ဆင်နွှဲကြသည်။ ထိုအခမ်းအနား မြင်ကွင်းကို ကျနော့်ခေါင်းပါတွင် ကြည်နူးစွာရေးသားထားပုံမှာ ...

၁၁။ ထိုအခမ်းအနားတွင် ကျနော်မှတ်မိနေသော မြင်ကွင်းတခုမှာ တက်ရောက်ကြသော စစ်သားသစ်ပရိသတ်များထဲမှ အချို့မှာ သောက်ကြ စားကြ၊ ကကြခုန်ကြ အလွန်ပျော်ရွှင်နေကြသည်။ လူအုပ်တအုပ်သည် ဗိုလ်ချုပ်အောင်ဆန်းအား ဝိုင်း၍ဝန်းကြပြီး ကကြခုန်ကြ၏။ မြှောက်လိုက် ချလိုက် လုပ်နေကြသည်။ ဗိုလ်ချုပ်မှာလည်း လူအုပ်ကြီးပေါ်တွင် မြှောက်လိုက်ကျလိုက် ဖြစ်နေ၏။

၁၂။ နောက်နေ့ကစပြီး တပ်တချို့စတင်ပြီး စစ်ထွက်ကြတော့၏။

မှတ်ချက်။ ။ အထက်ပါဘီအိုင်အေတပ်မတော် ဖွဲ့စည်းခြင်းနှင့် ကျမ်းသစ္စာခံယူပွဲနေ့ကို ထိုစဉ်က ကျနော်တို့ဆရာတယောက် "ဒီဂုမိယ"ရေးသော မီနာမီကီကန်စာအုပ် မြန်မာပြန်စာမျက်နှာ ၉၅ နှင့် ၁၀၇ တွင် ၂၈-၁၂-၄၁ ဟုဖော်ပြထားသည်။ တပ်မတော်သမိုင်းမှတ်တမ်း (၁) နိဒါန်းတွင် ၂၇-၁၂-၄၁ ဟုဆိုသည်။ ကျနော်တို့ ဖွဲ့မှတ်နေသည့် နေ့သည် ၂၆-၁၂-၄၁ သာဖြစ်သည်။

ဘီအိုင်အေတပ်ဖွဲ့ပြီးနောက် ရဲဘော်သုံးကျိပ်ဝင်များသည် ဗိုလ်အမည်များသို့ ပြောင်းလိုက်သည်။ ထိုစဉ်ဘီအိုင်အေဖွဲ့ရာတွင် စစ်သေနာပတိချုပ်အဖြစ် ဗိုလ်ချုပ်ကြီးဗိုလ်မိုးကြိုး (ဗိုလ်မှူးကြီးဆူဇူကီး) ကတာဝန်ယူပြီး ဗိုလ်ချုပ်အောင်ဆန်းက စစ်ဦးစီးမှူးအဖြစ် တာဝန်ယူကြသည်။

(၁၃)

ကျနော်တို့ရဲဘော်သုံးကျိပ် ၁၉၄၁ ခုနှစ် ဟိုင်နန်ကျွန်းတွင် ဂျပန်စစ်ပညာသင်စဉ်က မြင်းစီးသင်ခြင်းနှင့် ရေကူးသင်ခြင်းအကြောင်းတို့ကို မှတ်မိ၍ရေးရပါမည်။

ကျနော်တို့ကို မြင်းစီးသင်ရန် ဂျပန်စီးမြင်းကြီး နှစ်ကောင်သုံးကောင်ကို ဟိုင်နန်ကျွန်း ကျနော်တို့ စစ်တန်းလျားသို့ ကားကြီးများနှင့် သယ်ယူလာကြပြီး ယာယီမြင်းဇောင်းတွင် ထားပါသည်။ မြင်းကြီးများမှာ ကြောက်မက်ဖွယ် တဟုန်းဟုန်းဖြင့် မြင်းဇောင်းကလေးထဲတွင် ညအခါလှုပ်ရှားနေသံကို ကြားနေရပေသည်။

ထိုည အိပ်ရာဝင်ခါနီး တန်းစီရာတွင် ဂျပန်များက ကျနော်တို့အထဲက မြင်းစီးဖူးသူများ ရှိပါသလား၊ ရှိရင်ရှေ့ခြေတလှမ်းတက်ကြဖို့ ပြောရာ ကျနော်တို့အထဲက တယောက်နှစ်ယောက် ထွက်ရပ်ပါသည်။ မြင်းစီးဖူးသူအလွန်နည်း နေသဖြင့် ကျနော်လဲ မခံချင်၍ ရှေ့သို့တလှမ်း တက်ပြီး ရပ်လိုက်ပါသည်။

နောက်နေ့စစ်ရေးပြကွင်းတွင် မြင်းများကိုဆွဲလာပြီး ပထမမြင်းစီးဖူးသူများကို အရင်သင်ပါသည်။ ကျနော့်ကိုသင်ကြားရမည့်အလှည့်တွင် မြင်းကြီးပေါ်သို့ ကျနော့်ကိုတက်စေပါသည်။ မြင်းပေါ်တက်ကတည်းက ကျနော်မြင်းမစီးတတ်သည်ကို ဂျပန်ဆရာသိနိုင်ပေသည်။

ဂျပန်ဆရာက ရှေ့ကမြင်းစီးပြီးသွားရာ ကျနော်ကလည်း မြင်းစီးပြီး နောက်ကလိုက်သည်။ သာမန်ရိုးရိုးသွားခြင်းဖြစ်၍ ကျနော် အခက်အခဲမရှိလှဘဲ နောက်ကစီးပြီး လိုက်နိုင်ပေသည်။ မီတာ ၄၀ လောက်သွားပြီးနောက် ရှေ့ကဂျပန်ဆရာက သူ့မြင်းကို ဖနောင့်ဖြင့်ခေါက် သုံးချောင်းထောက် အသားကျအပြေးစီးလိုက်ရာ ကျနော့်မြင်းလည်း သုံးချောင်းထောက် အနေးပြေးလိုက်ပါတော့သည်။ ကျနော့်မှာ မြင်းကို ဤသို့သုံးချောင်းထောက် အနေးပြေး တခါမှမစီးဖူးသဖြင့် ကျနော့်ခါးနှင့်တင်ပဆုံမှာ အလိုက်သင့်ကြွပြီး မပေးတတ်ဘဲ ခါးနှင့်တင်ပဆုံမှာ ဆောင့်ကာဆောင့်ကာဖြင့် ကျနော် မြင်းပေါ်တွင် 'ယိမ်း'ယိုင်ဖြစ်လာပြီး လူမထိန်းနိုင်တော့ဘဲ ထိုးကျသွားပါတော့သည်။ အနီးကဂျပန်နှင့် ရဲဘော်များပြေးလာကြပြီး ကျနော့်ကို ဆွဲထူကြသည်။

ကျနော့်မှာ ကံအားလျော်စွာဘာမှ ထိခိုက်နာကျင်မှုမရှိဘဲ မတ်တပ်ရပ်လိုက်နိုင်ပါသည်။ ထိုစဉ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းလည်း ကျနော့်အနီးရောက်လာပြီး ခင်ဗျားမြင်းစီးဖူးတာဟုတ်ရဲ့လား၊ ဘယ်တုန်းက စီးဖူးတာလဲဟု မေးပါသည်။ ကျနော်က ကျနော်မြင်းစီးဖူးတာ ကျနော့်ကို ရှင်ပြုတုန်းကစီးဖူးတာဟု ပြန်ပြောသောအခါ ဗိုလ်ချုပ်မျက်နှာ တမျိုးပြောင်းသွားပြီး ဟာခင်ဗျားမခံချင်တာနဲ့ စွန့်စားမှုကို အရမ်းမလုပ်သင့်ဘူး။ မတော်တဆကျိုးပဲ့သွားရင် ဘယ့်နှယ်လုပ်မလဲဟု ကျနော့်ကိုပြစ်တင်ဝေဖန်သွားသည်။

နောက်ဂျပန်များက ကျနော်တို့ကို ရေကူးသင်ရာတွင်လည်း ဟိုင်နန်ကျွန်းပင်လယ်ကမ်းစပ်ကို ကျနော်တို့ကိုခေါ်သွားပြီး အဝတ်အစားဆိုလို့ ဘောင်းဘီတိုသာဝတ်စေပြီး ရေကူးရာတွင် လက်နှင့်ခြေထောက်တွေ ဘယ်လိုလှုပ်ရှားရသည်တို့ကို ရှင်းလင်းပြောပြပြီး ဂျပန်တဦးက ကမ်းပေါ်မှ ရေထဲခုန်ချပြီး ရေကူးပုံကိုပြသပါသည်။ နောက်ကျနော်တို့ထဲက တယောက်နှစ်ယောက်စီကိုလည်း ပင်လယ်ထဲ ခုန်ချခိုင်းပြီး ထိုဂျပန်ဆရာရေကူးတာ နောက်ကလိုက်ပြီးကူးစေပါသည်။ ကျနော်တို့လည်းကြောက်ကြောက်ရွံ့ရွံ့နှင့် ခုန်ချပြီး ဖြစ်ကတတ်ဆန်း အရမ်းကူးခတ်ကြရာ လက်ပန်းကျပြီး မောပန်းလာမှ ဘေးကဂျပန်ဆရာက လက်တွဲပြီး ကျနော်တို့ကို ဆွဲခေါ်လာပါသည်။ ဘယ်လိုကူးခတ်ရမည်ကို သင်ကြားပါသည်။ ဤသို့ဖြင့် နှစ်ရက်သုံးရက် သင်ကြားလာရာ ကျနော်တို့ မီတာ ၄-၅ ဆယ်လောက် ကူးခတ်လာမှ ရေကူးခြင်း ရပ်စဲပါတော့သည်။

(၁၄)

တမာခါတိုမြို့တွင် ကျန်နေသော ကျနော်တို့ရဲဘော်သုံးကျိပ်ဝင်များကို တကာအိုဆိပ်ကမ်းမှ သင်္ဘောဖြင့် ဘန်ကောက်မြို့သို့ စေလွှတ်သည်။ ကျနော်တို့ရဲဘော်သုံးကျိပ်ဝင်များ တကာအိုဆိပ်ကမ်းသို့ ရောက်ရှိနေသော ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်က ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ပြီး အင်္ဂလိပ်နှင့် အမေရိကန်တို့ကို စစ်ကြေညာကြောင်း ကြားသိရ၏။

ကျနော်တို့ရဲဘော်သုံးကျိပ်ဝင်များ သင်္ဘောပေါ်ရောက်သောအခါ ဂျပန်ကြည်းတပ်အရာရှိတဦး ရောက်လာပြီး ကျနော်တို့အား ဂျပန်ဘာသာဖြင့် ရေးထားသော စာချုပ်တခုကို ပြသသည်။ ထိုစာချုပ်တွင် ဂျပန်တို့ တနင်္သာရီသိမ်းပြီးပါက ဂျပန်သည် ဗမာပြည်လွတ်လပ် ရေး ကြေညာပေးမည် ဟုပါရှိသည်။ နောက်မြန်မာပြည်တွင်းသို့ ရဲဘော်သုံးကျိပ်ဝင်များအား ပြန်လွှတ်ရေးအစီအစဉ်များ ရေးဆွဲထားကြောင်း ကျနော်တို့ကို ရှင်းလင်းပြောပြသည်။

ရဲဘော်သုံးကျိပ်ဝင်များ တကာအိုဆိပ်ကမ်းမှ ဟိုင်နန်ကျွန်းသို့ သင်္ဘောဖြင့်သွားရောက်ပြီး ဟိုင်နန်မှတဖန် ဆေးဂုံသို့ရောက်ကြသည်။ သခင်အောင်ဆန်းလည်း ဆေးဂုံမြို့သို့ ၁၉၄၁ ဒီဇင်ဘာ ဖြရက်နေ့ကပင် ရောက်ရှိနေသည်။

ထိုအတွင်း ဂျပန်နှင့်ထိုင်းနိုင်ငံတို့ မဟာမိတ်စာချုပ်ချုပ်ရန် စိုင်းပြင်းကြသည်။ ပထမ ထိုင်းကငြင်းဆန်နေသဖြင့် ဂျပန်နှင့်ထိုင်းစစ်တပ်တွေ စစ်တိုက်လိုက်ကြသေးသည်။ နောက်ထိုင်းက သဘောတူသဖြင့် ၎င်းနှစ်နိုင်ငံ မဟာမိတ်စာချုပ်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှာ လက်မှတ်ထိုးကြသည်။

ထို့ကြောင့် ဆေးဂုံတွင်ရောက်နေသော ရဲဘော်သုံးကျိပ်ဝင် ကျနော်တို့သည် ထိုင်းမှတဆင့် မြန်မာနိုင်ငံတွင်း ချီတက်ဝင်ရောက်ပြီး အင်္ဂလိပ်ကိုတိုက်ရန် ဘန်ကောက်သို့ တသုတ်ပြီးတသုတ် ရောက်လာတော့၏။

ရဲဘော်သုံးကျိပ်တို့က ဘန်ကောက်မြို့ရှိ ဗြိတိသျှဘိုနီယိုကုမ္ပဏီ အဆောက်အဦတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်ကို ဖွင့်လှစ်ထားသည်။

ကျနော်တို့တတွေ ဗမာပြည်တွင်းဝင်ပြီး အင်္ဂလိပ်တို့နှင့် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲဖို့ စိတ်စိုင်းပြင်းနေသည့်နည်းတူ ဂျပန်ဘုရင့် စစ်ဌာနချုပ်သည်လည်း ပစိဖိတ်စစ်ပွဲကြီးကို စစ်ကြေညာတိုက်ခိုက်ပြီး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများကို ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ရန် စီမံချမှတ်ထားပြီး ဖြစ်လေပြီ။

ဂျပန်တို့စီမံကိန်းမှာ ၃ ဆင့် ဖြစ်သည်။ ပထမအဆင့်မှာ ဂျပန်တို့က မြန်မာပြည်တောင်ပိုင်း ဝင်ရောက်တိုက်ခိုက်ရန်။ ဒုတိယ အဆင့်က ဂျပန်တို့က မြန်မာပြည်ရန်ကုန်မြို့ကို သိမ်းပိုက်ခြင်းဖြင့် ဗြိတိသျှတို့နှင့် တရုတ်ချန်ကေရှိတ်အစိုးရ၏ ဆက်သွယ်မှုကို ဖြတ်တောက် ရန်။ တတိယအားဖြင့် မြန်မာပြည်ရှိ ဗြိတိသျှတပ်များကို ချေမှုန်းပြီးနောက် တရုတ်ပြည်နှင့် အိန္ဒိယပြည်သို့ ဆက်လက်ချီတက် တိုက်ခိုက်ရန်တို့ ဖြစ်သည်။

ထို့ကြောင့် သခင်အောင်ဆန်းသည် ဂျပန်များက မြန်မာပြည်ကိုဝင်တိုက်မည့် အချိန်ကာလမှာ မလွဲမရှောင်သာ ကြုံတွေ့ကြရ တော့မည် ဖြစ်သောကြောင့် မြန်မာပြည်တွင်းရှိ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေး ရဲဘော်များထံ ဂျပန်၏အကူအညီကို ချည့် အားမကိုးရန် ဘန်ကောက်မြို့မှ စာရေးအကြောင်းကြားပြီး သတိပေးခဲ့သည်။ ထို့ပြင်ရဲဘော်သုံးကျိပ်ဝင်ထဲမှ ကိုလှမောင် (ဗိုလ်ဇေယျ) နှင့် သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ) တို့ကို မြန်မာပြည်တွင်းသို့ ကြိုတင်စေလွှတ်၍ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကို စည်းရုံးဆောင်ရွက်စေပြီး တချိန်တည်းမှာပင် ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများအတွက်ပါ စည်းရုံးပြင်ဆင်ရေး လုပ်ငန်းများဆောင်ရွက်ထားရန် ညွှန်ကြားလိုက်သည်။

သခင်အောင်ဆန်း၏ ရည်ရွယ်ချက်မှာ နယ်ချဲ့အင်္ဂလိပ်တပ်များကို ချေမှုန်းတိုက်ခိုက်ပြီးသောအခါ ဂျပန်တပ်များကို လွတ်လပ်သော မြန်မာနိုင်ငံအဖြစ်နှင့် ရင်ဆိုင်နိုင်ရန် ဖြစ်သည်။ အကယ်၍ ယင်းအစီအစဉ်အတိုင်း မအောင်မြင်ပါက မြေအောက်တော်လှန်ရေး အင်အားစု များနှင့် ပြည်သူလူထု တရပ်လုံးသည် ဂျပန်ကမြန်မာပြည်တပြည်လုံးသိမ်းပိုက်ခြယ်လှယ်မည့် အရေးကို အံကြိတ်ဆန့်ကျင်ရန်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်က ဂျပန်ကိုပါဆက်လက် တော်လှန်တိုက်ပွဲဝင်ရန် ဖြစ်လေသည်။

၁၉၄၁ ကုန် ၁၉၄၂ ဆန်းလောက်တွင် ရဲဘော်သုံးကျိပ်တို့သည် ဟိုင်နန်ကျွန်းတွင် ဂျပန်များထံမှ စစ်ပညာများသင်ကြပြီးနောက် ထိုင်းနိုင်ငံသို့သွားကြပြီး ဗမာပြည်တွင် အင်္ဂလိပ်တို့ကိုတိုက်ခိုက်ရန် ဗမာ့လွတ်လပ်ရေးတပ်မတော် B.I.A ဖွဲ့စည်းပြီး စစ်သားစုဆောင်း ကြသည်။ ဗမာများ၊ ထိုင်းများ၊ ရှမ်းများ၊ ရှမ်းထိုင်းများ စသည်တို့ကို အင်္ဂလိပ်ဆန့်ကျင်ရေးဟောပြောပြီး စစ်သားစုဆောင်းကြသည်။

ထိုစစ်သားသစ်များအား ကျနော်ဗိုလ်ကျော်ဇောကိုအပ်ပြီး စစ်သားသစ်လေ့ကျင့်ရေးစခန်းဖွင့်ပြီး ၂ လမျှ စစ်လေ့ကျင့်ရေး စစ်ပညာ သင်ကြားပေးရန် တာဝန်ပေးခိုင်းသဖြင့် ကျနော်ကထို 'ရာ' အချို့ရှိသော စစ်သားသစ်တွေကို စစ်ပညာသင်ကြားပေးရသည်။ စစ်တပ်စည်းကမ်းထိန်းရန် စစ်ဥပဒေပညာကို ရက်အနည်းငယ်အတွင်း သင်ကြားပေးပြီး အဓိကသေနတ်ချိန်ရွယ်ပစ်ခတ်နည်းကိုလည်းကောင်း၊ မီတာ ၃၀ မျှပြေးတက်လိုက်၊ ရပ်ပြီးအားလျှားမှောက် ချိန်ရွယ်ပစ်ခတ်နည်း ကိုယ်စီတိုက်ပွဲကိုလည်းကောင်း၊ ညအခါချီတက်လှုပ်ရှားသော ညတိုက်ပွဲနည်းများကို အကျဉ်းရုံးပြီး သင်ကြားပေးသည်။

ထိုလေ့ကျင့်ပေးပြီး စစ်သားသစ်များကို ဗမာပြည်တွင်း ချီတက်ဝင်ရောက်တိုက်ခိုက်မည့် တပ်ဖွဲ့များသို့ ခွဲဝေပေးရသည်။

ထိုသို့စစ်သားသစ်များခွဲဝေပေးပြီး နောက်ဆုံးတပ်သားသစ် (၄၀) မျှကျန်ရာ ထိုတပ်ကိုကျနော့်တပ်အဖြစ် ဖွဲ့စည်းရတော့သည်။ ထိုတပ်သားသစ် ၄၀ ထဲတွင်အရေးပါသော လူ ၃ ဦးပါဝင်နေသည်။ ပထမတဦးမှာ မြန်မာလူမျိုး ဗိုလ်အုံးခိုင် ဆိုသူဖြစ်သည်။ ကျနော့်ထက် အသက်နည်းနည်းကြီးပုံရသည်။ ၎င်း၏ဖခင်မှာ မြန်မာမျိုးချစ်ကြီး ဖြစ်သည်။ မူလကဗမာပြည်ရွှေကျင်နယ်မှာ နေထိုင်ခဲ့ရာမှ အင်္ဂလိပ်အောက်တွင် မနေလိုသဖြင့် ထိုင်းနိုင်ငံသို့ အိမ်ထောင်ပါပြောင်းရွှေ့နေထိုင်နေခြင်း ဖြစ်သည်။ အတော်အတန်ချမ်းသာကြွယ်ဝသူ ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ရဲဘော်သုံးကျိပ်က အင်္ဂလိပ်တော်လှန် တိုက်ခိုက်ရေး စစ်သားစုဆောင်းသောအခါ သူပါဝင်လာပြီး စစ်သားစုဆောင်းရေးကို အားတက်သရော ကူညီလုပ်ဆောင်ပေးသည်။ နောက်တပ်ဖွဲ့များ ဗမာပြည်သို့ ချီတက်ကြသောအခါ သူ၏တဦးတည်းသောသား ဗိုလ်အုံးခိုင် ကို ငါ့သား ငါတို့ဟာ အင်္ဂလိပ်တော်လှန်တိုက်ခိုက်ရေးကို တသက်လုံး ကြံစည်စိတ်ကူးခဲ့သူများ ဖြစ်သည်။ ယခု ဒီအခွင့်အရေးကြီးရလာပြီ ငါကတော့အသက်ကြီးပြီ ငါ့သားက အင်္ဂလိပ်တိုက်ရေးတာဝန် ဆက်ထမ်းပေတော့ဟုပြောပြီး ဗိုလ်အုံးခိုင်ကို ကျနော်တို့တပ်တွင်း ထည့်လိုက်ပေသည်။ ဤသို့ဖြင့် ဗိုလ်အုံးခိုင်ကျနော့် တပ်ထဲပါလာပြီး ကျနော်က လက်ထောက်တပ်မှူး တယောက်အဖြစ် ခန့်ထားသည်။ နောင်ကျနော်တို့ များစွာအားကိုးရသောတပ်မှူး ဖြစ်လာသည်။ စစ်ပညာဆို၍ ကျနော့် စစ်သားသစ်စစ်ပညာ ၂ လ သင်တန်းလောက်သာ တက်ခဲ့ဖူးသည်။ သို့သော်သူသည် သူ့ဖိုးဘလက်အောက်တွင် သစ်တောလုပ်ငန်းများလုပ်ခဲ့သဖြင့် စစ်ချီတက်ရာတွင် များစွာအကျိုးရှိခဲ့သည်။

ကျနော့်တပ်တွင် နောက်တယောက်မှာ ထိုင်းတွင်ကိုယ်ပိုင်စီးပွားရေး ကျပန်းလုပ်ကိုင်နေသော ဗိုလ်လှဖေဆိုသူ ဗမာတယောက် ဖြစ်သည်။ သူသည် ဗိုလ်အုံးခိုင်လို မျိုးချစ်စိတ် နိုင်ငံရေးဖြင့် တပ်ထဲဝင်ခဲ့သူမဟုတ်။ ဘဝအခွင့်အလမ်းအရ ဝင်ရောက်လာသူဖြစ်သည်။ သို့သော်သူနှင့် ဗိုလ်အုံးခိုင်တို့မှာ လူ့ဂုဏ်တန် (လူ့ကုံထံ) များဖြစ်ကြ၍ လက်ထောက်တပ်မှူးပေးထားသည်။

နောက်တတိယတယောက် ကျနော့်တပ်သားတယောက်မှာ ကျနော်ယခုအထိနာမည်မှတ်မိနေသော ကိုထွန်းတင်ဟုခေါ်သော ထိုင်းတွင် နေထိုင်သော မြန်မာလူငယ်ဖြစ်သည်။ ၎င်းမှာ ဗမာစကား၊ ထိုင်းစကား ၂ မျိုးလုံး ကောင်းစွာတတ်သဖြင့် ကျနော့်ကိုယ်ရံရဲဘော်အဖြစ် ကျနော့်အနီးခေါ်ယူထားသည်။ ၎င်းသည် ကျနော့်ကိုယ်ရံရဲဘော်ဖြစ်လာသဖြင့် များစွာစိတ်အားတက်ကြွပြီး ကျနော့်ကိုများစွာ ဂရုပြုလုပ်ကိုင်ဆောင်ရွက် စောင့်ရှောက်ပေးသည်။ နောင် ၎င်း၏ကျေးဇူး များစွာကြီးမားလှပေသည်။

ကျနော့်တပ်ခွဲမှာ မူလက လူ (၄၀) မျှသာရှိရာမှ ဗိုလ်အုံးခိုင် စုဆောင်းပေးသော စစ်သားများဖြင့် လူ (၁၀၀) ကျော် ဖြစ်လာပေသည်။

## (၁၅)

ကျနော်တို့ဘီအိုင်အေတပ်ဖွဲ့များသည် ဗမာ့လွတ်လပ်ရေးတိုက်ပွဲအတွက် ၁၉၄၂ ခုနှစ်ဆန်းတွင် ဗမာပြည်အတွင်းသို့ မော်လမြိုင်စစ်ကြောင်း၊ ထားဝယ်စစ်ကြောင်း၊ ရေကြောင်းနီ့စစ်ကြောင်း၊ အတွင်းသူပုန်တပ်ဖွဲ့စစ်ကြောင်း၊ စစ်သည်စစ်ကြောင်းများဖွဲ့ပြီး ချီတက်ဝင်ရောက်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဗဟိုဌာနချုပ်လည်း ဝင်ရောက်သွားပြီဖြစ်သည်။

ကျနော့်တပ်ခွဲသာ နောက်ခံတပ်အဖြစ် နောက်ဆုံးမှ ဗမာပြည်တွင်း ဝင်ရောက်ရပေသည်။

ထိုင်းနိုင်ငံမှ ၃ – ၄ ရက်ခရီး ဗမာပြည်တွင်းဝင်ပြီးနောက်တနေ့တွင် ကျနော့်ကိုယ်ရံရဲဘော် ကိုထွန်းတင်က ကျနော့်ကို အထူးသတင်းတခု ပြောလို၍ဟုဆိုပြီး လူရှင်းသောတနေရာခေါ်သွားပြီး ပြောသည်မှာ ကျနော့်တပ်ဖွဲ့မှ လူတော်တော်များများက သိကျွမ်းသော ထိုင်းလူမျိုးတပ်စုမှူးသည် ကျနော့်တပ်မှ အခြားထိုင်းရှမ်းကပြားလူမျိုး တပ်စုမှူးတယောက်နှင့် တိုင်ပင်ဆွေးနွေးနေသော စကားများကို သူကြားသိသမျှ ပြန်ပြောပြပါသည်။

ထိုင်းလူမျိုးတပ်စုမှူးက ပြောတာက လက်ရှိတပ်ဖွဲ့တွင် ဦးစီးနေသောတပ်မှူး (ကျနော်ဗိုလ်ကျော်ဇော) ဟာ မြန်မာလူငယ်ကလေး ခပ်ပိန်ပိန်လေးသာဖြစ်သည်။ ငါတို့သူကိုလုပ်ကြံပြီး ဒီတပ်ကိုအပိုင်စီးကာ ဒီနယ်စပ်ဒေသမှာ လုယက်တိုက်ခိုက် စားသောက်ရသော် ငါတို့များစွာ ချမ်းသာကြီးပွားလာမည်ဟု ကြံစည်ပြောဆိုနေကြပုံကို ပြောပြပါသည်။ ကျနော့်မှာ ထိုစဉ်က နယ်ချဲ့တော်လှန်ရေးစိတ်ဓာတ် များစွာတင်းမာနေသဖြင့် ထိုစကားကြားရသောအခါ များစွာစိတ်ဆိုးဒေါသထွက်မိသည်။ နောက်မှ မိမိတပ်ဖွဲ့တွင် မြန်မာလူမျိုးက အနည်းစုကလေးသာဖြစ်သဖြင့် ထိုကိစ္စမှာ ဥာဏ်ဖြင့်ဖြေရှင်းရမည်ဟု နားလည်လာပြီး ကျနော့်ကိုယ်ရံကို ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လက်ဆွဲနှုတ်ဆက်လိုက်ပြီး ဆက်ပြီးမသိသော ထောက်လှမ်းသွားရန် ပြောကာ လူချင်းခွဲလိုက်သည်။

ကျနော့်တပ်ဖွဲ့တွင် လက်နက်အပိုအသစ် ၁ ဒါဇင်မျှလည်း သေတ္တာ ၂ လုံးနှင့်ထည့်ပြီး သယ်ယူလာကြသည်။ နောက်တပ်တိုးချဲ့သောအခါ သုံးရန်ဖြစ်သည်။ ထိုလက်နက်များကိုပါ သူတို့လိုချင်နေပုံရသည်။

ကျနော်သည် ထိုကိစ္စမဆိုင်းမတွ မိမိကလက်ဦးအောင်လုပ်မှ ဖြစ်မည်ဟုယူဆပြီး ထိုတပ်စုမှူး ၂ ဦးကို နောက်နေ့တွင် ဖမ်းဆီးလိုက်သည်။ မိမိတပ်ဖွဲ့ကို ပုန်ကန်ရန်ကြံစည်၍ ဖြစ်သည်ဟုလည်း ကြေညာလိုက်သည်။

နောက်နေ့တပ်ချီတက်၍ ညနေခရီးဆုံးခါနီး သစ်ပင်နှစ်ပင်ကို ကျနော့်ကိုယ်ရံ ရဲဘော်အားပြထားပြီး ညကျလျှင် ဖမ်းထားသူတွေကို ချည်နှောင်ထားရန်အတွက်ဟု မှာထားပါသည်။

ထိုညဦးပိုင်းတွင် ဖမ်းထားသောတပ်စုမှူး (၂) ယောက်ကို လုပ်ကြံသတ်ဖြတ်ပစ်ရန် စီမံပြုလုပ်ထား၏။ ထို (၂) ဦးက တပ်တွင်းပုန်ကန်ရန် ကြံစည်သဖြင့် ငါတို့တပ်မှ လုံးဝထုတ်ပစ်ပြီး အနီးဆုံးထိုင်းရွာတရွာသို့ ပို့ထားခဲ့မည်ဟု ကြေညာပြီး ညဦးပိုင်းတွင် ထိုင်းရွာတရွာသို့ ပြန်ပို့ရန်အစီအစဉ်ဖြင့် နောက်ပိုင်းသို့ အချုပ်ဖြင့်ပြန်ခေါ်သွားစေပါသည်။ ကျနော်နှင့်ကျနော့်တပ်မှ တပ်မှူးတချို့က နောက်ပိုင်းမလှမ်းမကမ်း အကွာမှ တိတ်တဆိတ် မှောင်ထဲမှ လိုက်သွားခဲ့ပါသည်။

အချုပ်နှင့်ခေါ်သွားသူတို့မှာ ကျနော်စီစဉ်ထားသည့်အတိုင်း လမ်းခရီးသစ်ပင် (၂) ပင်သို့ရောက်သောအခါ ထိုညဒီမှာပဲ စခန်းအိပ်နားမည်ဆိုပြီး တပ်စုမှူး (၂) ဦးကို ကျနော်ညနေကပြထားသော သစ်ပင် ၂ ပင်တွင်ကပ်ပြီး ကြိုးဖြင့်ချည်နှောင်စေကာ အိပ်ဖို့လုပ်ကြပါသည်။

ထိုစဉ်အတွင်း နောက်ကလိုက်လာသောကျနော်က သူတို့လက်ဆွဲမီးအိမ် မီးရောင်အတွင်း ဝင်ရောက်လိုက်ရာ အကျဉ်းသား (၂) ယောက်မှာ သူတို့၏ကံကြမ္မာကိုရိပ်မိပြီး စိုးရိမ်ကြောက်လန့်စွာ အော်ဟစ်ကြပါတော့သည်။

ကျနော်က မှန်အိမ်မီးရောင်အောက်တွင် သူတို့အား သေဒဏ်ပေးသောအမိန့်စာကို ဖတ်ပြပါသည်။ "သင်တို့သည် တပ်မတော်ကို ပုန်ကန်သစ္စာဖောက်ရန် လုပ်ကိုင်ကြသည်။ ဤသည်မှာ မြန်မာပြည်သူတို့၏ နှစ်ပေါင်းများစွာကြိုးစားခဲ့သော အင်္ဂလိပ်တို့အောက်မှ လွတ်မြောက်ရေး၊ အင်္ဂလိပ်တော်လှန်ရေးကြီးကို ပထမဆုံးသစ္စာဖောက်လိုက်ရာ ကျပေသည်။ သင်တို့ (၂) ယောက်ကို ဗမာ့တော်လှန်ရေးကောင်စီကိုယ်စား ကျွန်ုပ်က သေဒဏ်ပေးလိုက်သည်။" ဟုဆိုပြီး ကျနော်နှင့်ပါလာသော ကျနော့်တပ်မှူးများရှေ့မှောက်တွင် အစောင့်ရဲဘော်တယောက်ထံမှ လှံစွပ်တပ်ထားသော သေနတ်တလက်ကို ဆွဲယူလိုက်ပြီး ဒေါသနှင့်ကျနော်အော်ဟစ်ပြီးပြေး၍ တပ်စုမှူးပထမခေါင်းဆောင်ကို လှံစွပ်ဖြင့် ၂ ချက် ၃ ချက် ဆင့်ထိုးပြီး သတ်ဖြတ်လိုက်သည်။

ဤတွင် ၎င်းပထမတပ်စုမှူးပျော့အိပြီး သစ်ပင်တွင်ကပ်လျက် တွဲလောင်းကျသွားတော့မှ မနီးမဝေးရှိအော်ဟစ်နေသော ဒုတိယတပ်စုမှူး ရှိရာကို ကျနော်ထပ်သွားပြီး လှံစွပ်ထိုးသတ်ဖြတ်လိုက်ပါသည်။ သတ်ပြီးသူ့အလောင်းကို အနီးရှိရေမြောင်းတခုထဲ ဆွဲယူပစ်ချစေပါသည်။

ပထမတပ်စုမှူးအလောင်းကိုလည်း အလားတူသစ်ပင်မှဖြုတ်ယူပြီး ရေမြောင်းထဲပစ်ချရန်သွားရာ ထိုတပ်စုမှူးမှာ သစ်ပင်တွင် မရှိတော့ဘဲ သူ့ကို ချည်ထားသောကြိုးသာ တွဲလောင်းကျန်နေပါသည်။

ဤတွင်ကျနော်သည် အနည်းငယ်လန့်ဖြန့်သွားပြီး ထိုလွတ်သွားသော တပ်စုမှူးကို နာရီဝက်ခန့် အနီးတဝိုက်တွင် ရှာဖွေကြသော်လည်း မတွေ့ရတော့ပါ။

ထိုတပ်စုမှူးမှာ လှံစွပ်ဒဏ်ရာဖြင့်ပျော့ကျသွားစဉ်ချည်ထားသော ဖုန်းဆံကြိုးရှည်ထွက်လာပြီး ကြိုးကွင်းရှည်ဖြစ်လာရာမှ မျောနေသော တပ်စုမှူး သတိရပြီး ကြိုးကွင်းမှ လျှိုထွက်ပြီး သွေးရူးသွေးတန်း ထွက်ပြေးသွားပုံရသည်။

ကျနော်တို့သည် ထိုတပ်စုမှူး တနေရာတွင်သေနိုင်သည်ဟု ယူဆပြီး ကျနော်၏ သေဒဏ်အမိန့်ကိုထပ်ပြီးဖတ်ပြလိုက်ကာ တပ်ဖွဲ့သို့ပြန်လာကြသည်။

နောက်တနေ့ တပ်ဆက်လက်ချီတက်ပြီး ညနေနားပြီး၍ ညစာစားကြရာတွင် ကျနော့်တပ်မှူးငယ်များ ခါတိုင်းလို ကျနော်တို့ထမင်းဝိုင်းသို့ ဝင်မစားကြတာတွေ့ရသဖြင့် ကျနော်က သူတို့ဘယ်မှာစားကြသလဲမေးမြန်းတော့မှ ဗိုလ်လှမောင်က သူတို့တပ်မှူးကြီး ဗိုလ်ကြီးကိုကြောက်ရွံ့သဖြင့် ထမင်းအတူ မစားရဲတော့ဘဲ တနေရာမှာ စားကြတာပါဟု ပြောသည်။

သည်နောက်နေ့များတွင် ကျနော့်တပ်ဖွဲ့ငြိမ်းချမ်းစွာ ဗမာပြည်တွင်းသို့ ချီတက်ကြပါတော့သည်။

နောက်တနေ့ ကျနော်တို့ခရီးဆက်ထွက်ရာ မကြာမီလမ်းတွင် ဗိုလ်စောနောင်၏ တပ်ခွဲနှင့်ဆုံစည်းမိပါသည်။ သူ့တပ်ထဲတွင် ကောင်းစွာ မကျန်းမာသဖြင့် ရှေ့တန်းစပိုတပ်ဖွဲ့နှင့် မလိုက်နိုင်သော ဗိုလ်ကြောလည်းပါလာပါသည်။ နောက် ဂျပန်တပ်များနှင့် ဆက်သွယ်ရန် ဘီအိုင်အေတပ်မတော် ဗိုလ်ကြီးရာထူးပေးထားသော ဂျပန်တပ်ကြပ်တဦးလည်း ပါလာပါသည်။

ကျနော်တို့ကို ၎င်းဂျပန်တပ်မှူး တိုက်တွန်းသည့်အတိုင်း တပ် (၂) တပ်ကို ကော်လံတပ်ဖွဲ့တခု ဖွဲ့စည်းပါသည်။ လက်တွေ့ ကျနော်ကပင် ဦးဆောင်ပါသည်။

ကျနော်သည် ဖြစ်ပျက်ခဲ့သော သေဒဏ်ပေးလိုက်သော တပ်စုမှူး(၂) ဦး၏ အဖြစ်အပျက်ကို ဗိုလ်ကြောအားပြောပြရာ ဗိုလ်ကြောက ထိုထွက်ပြေးသူ တပ်စုမှူးဟာ မုချပင်သေဆုံးရမည်၊ သွေးရူးသွေးတန်းထွက်ပြေးရာမှ လမ်းပြီးပြန်မထနိုင်ဘဲ သေဆုံးရမည်ဟု ပြောပါသည်။ ဗိုလ်ကြောမှာ ဆေးကျောင်းသား ဆရာဝန်လောင်းတဦးဖြစ်၍ ကျနော်လဲ ပိုမိုယုံကြည်မိပါသည်။

ကျနော်တို့ဆက်လက်ချီတက်ကြရာ ဗမာပြည်အတွင်းပိုင်း သံလွင်မြစ်အရှေ့ဘက်ရောက်လာကြ၏။ ကျနော်တို့၏ ရှေ့ဘက် မလှမ်း မကမ်းတွင် အင်္ဂလိပ်တို့၏ တပ်ဖွဲ့တခုရောက်နေကြောင်း ရွာသားများက တဆင့်သိကြရာ ကျနော်တို့ကများစွာ တိုက်ခိုက်လို၍ အမြန်လိုက်ကြသည်။ အင်္ဂလိပ်တပ်မှာ ကျနော်တို့တပ်ဖွဲ့သတင်းကြားကာ ကြောက်ရွံ့သဖြင့် အတင်းဆုတ်ခွာပြီး ဗမာပြည်အတွင်းပိုင်းသို့ ပြန်ပြေးတာမြန်ဆန်သဖြင့် မမီ လိုက်၍ မတိုက်လိုက်ရပါ။

မတိုက်လိုက်ရသော်လည်း ကျနော်တို့တပ်ဖွဲ့မှာ စိတ်အားတက်ကြွလျက် ရှိပါတော့သည်။ ကျနော်တို့တပ်ဖွဲ့မှ လူများက ကျနော်တို့ကို လူပင်ငယ်သော်လည်း ရဲရွမ်းသတ္တိရှိသော တော်လှန်ရေးတပ်မှူးများ ဖြစ်သည်။ စစ်ပညာလည်းတတ်သူတွေ၊ မျိုးချစ်ပုဂ္ဂိုလ်တွေ၊ သေမှာမကြောက်သော တော်လှန်ရေးသမားကြီးတွေဟု ယုံကြည်ယူဆပြီး လေးစားအသိအမှတ်ပြုခြင်း ခံလာရသည်။

ဗိုလ်ကြောက ခင်ဗျားတို့တပ်ဖွဲ့ဟာ မနေ့ကအင်္ဂလိပ်တို့၏ တပ်နှင့်မတိုက်လိုက်ရသော်လည်း တကယ်တိုက်မည့်ပုံသဏ္ဌာန် အမြန်ပြင်ဆင် လိုက်ရသဖြင့် များစွာအတွေ့အကြုံရှိသွားပြီဟု ပြောပါသည်။

ကျနော်တို့တပ်ဖွဲ့သည် ဖာပွန်အောက်မှ တဖြည်းဖြည်း ဗမာပြည်တွင်းသို့ချီတက်လာရာ နောက်ဆုံးစစ်တောင်းမြစ် ကမ်းပေါ်ရှိ "ကွင်းဆိပ်"ဟူသော မြန်မာရွာကြီးသို့ ဆိုက်ရောက်ပါသည်။ ပထမဆုံးတွေ့ရသော မြန်မာရွာကြီး ဖြစ်သဖြင့် ကျနော်တို့ များစွာပျော်ရွှင် ကြပါသည်။ ရွာသားများကလည်း ကောင်းစွာကြိုဆို ချက်ပြုတ်ကျွေးမွေးကြပါသည်။ အချို့လည်း ကျနော်တို့တပ်သို့ တပ်သားအဖြစ်ဝင်ရောက်ကြပါသည်။ ကျနော်တို့ ထိုမြန်မာရွာကြီးတွင် တရက်မျှအနားယူကြပါသည်။ အင်္ဂလိပ်တပ်များလည်း ဗမာပြည်မှ အထက်ဗမာပြည်နှင့် အိန္ဒိယပြည်ဘက်သို့ ဆုတ်ခွာနေ ကြသည်။

ကျနော်တို့တပ်ဖွဲ့ နောက်နေ့တွင် ပဲခူးမြို့ဘက် ဆက်လက်ချီတက်ရာ နောက်နေ့တွင် ပဲခူး မန္တလေးကားလမ်းပေါ်ရှိ "တာဆုံ" ဟူသော ရွာကြီးသို့ ဆိုက်ရောက်ပြီး ပဲခူးသို့ ဆက်လက်ချီတက် ကြပါသည်။

ကျနော်တို့တပ်မှာ လာခဲ့သောလမ်းတွင် "လား" တကောင်ကို ဖမ်းမိရာ ကျနော်စီးဖို့ပြင်ဆင်ပေးသဖြင့် ခရီးလမ်းအတော်များများမှာ ကျနော် မပင်ပန်းတော့ချေ။

ကျနော်တို့တပ်ဖွဲ့ ပဲခူးသို့ရောက်သောအခါ လွန်ခဲ့သောနေ့က ဗိုလ်ဇလနှင့် ဂျပန်ဗိုလ်ကဝါရှီးမာတို့ တပ်ဖွဲ့ ပဲခူးတွင်တရက်ဝင်နားပြီး ရန်ကုန်ဘက်ကို ဆက်ပြီးချီတက်ကြသည်ဟု ဝမ်းမြောက်စွာ ကြားသိရပါသည်။ အင်္ဂလိပ်တပ်ဖွဲ့များလည်း ရန်ကုန်မှာ မခု မခံတော့ဘဲ အထက်ဗမာပြည်မှ အိန္ဒိယသို့ ဆုတ်ခွာရန်ချီတက် နေကြပြီဟု သိရပါသည်။

ကျနော်တို့တပ်ဖွဲ့ ပဲခူးတွင်ညအိပ်ပြီး နောက်နေ့ဆက်လက်ပြီး ခြေလျင်ချီတက်ပါသည်။ ထိုအချိန်ဗမာပြည်တွင် စစ်ဖြစ်နေ၍ မော်တော်ကား များ ပြေးဆွဲခြင်းများမရှိသလောက် ဖြစ်နေပါသည်။ ကျနော်မှတ်မိသည်မှာ လမ်းတွင် "လှည်းကူး" ဟူသော ကျေးလက်မြို့ကလေးတွင် ကျနော်တို့ တပ်ဖွဲ့ကို လူထုကကြိုဆိုချက်ပြုတ် ကျွေးမွေးကြခြင်း ဖြစ်ပါသည်။

ကျနော်တို့နောက်နေ့ "လှည်းကူး"မှ ရန်ကုန်မြို့သို့ ဆက်လက်ချီတက်ကြပါသည်။ နောက်ဆုံးကျနော်တို့ ရန်ကုန်ရောက်ပြီး ကန်တော်ကြီး "ဘုတ်ကလပ်" တွင် ကျနော်တို့တပ်ဖွဲ့ တပ်စွဲပါတော့သည်။ ရန်ကုန်တွင် လူသိပ်မရှိ ကျိုးတိုးကျဲတဲ သာရှိပါသည်။

ကျနော်မှတ်မိတာတခုမှာ ကျနော်တို့ 'လ' အချို့ရက်ပေါင်းများစွာ မြေကြီးပေါ်တွင် အိပ်ခဲ့ရပြီး ရန်ကုန်ဘုတ်ကလပ် ရောက်မှ ခုတင်များနှင့် သန့်သန့်ရှင်းရှင်းအိပ်ရသောအခါ မအိပ်တတ်သလိုဖြစ်နေတာ မှတ်မိနေပါသည်။ ကျနော့်ရဲဘော်များက ဘုတ်ကလပ်ထဲ ဝင်ရှာကြ မွှေကြပြီး တွေ့လာသည့် ခုတင်နှင့်မွေ့ရာများကိုယူလာပြီး ကျနော့်အတွက် ခင်းကျင်းပေးခြင်း ဖြစ်ပါသည်။ တချို့ရဲဘော်များမှာ အင်္ဂလိပ်များစတ်သည့် ဂါဝန်ရှည် ကြီးများ၊ ၎က်မွေးနဲ့ဦးထုပ်များ စတာတွေ ရှာဖွေတွေ့ရှိကာ ဝတ်ဆင်လာတာများလဲရှိ၍ ငိုအားထက် ရယ်အားသန်ရပါသည်။ အင်္ဂလိပ်များက မဆုတ် ခွာခင် ဘုတ်ကလပ်အနီး ကန်တော်ကြီးထဲမှာ ချိုးဖှက်ထားသည့် အရက်အကောင်းစားများ တချို့ကရှာတွေ့ပြီး မူးယစ်သောက်စားကြတာလဲ မှတ်မိ နေပါသည်။ တချို့ရဲဘော်များက တိရစ္ဆာန်ရုံထဲက တိရစ္ဆာန်များကိုသွားရောက် ပစ်ခတ်ယူဆောင်လာပြီး ဟင်းချက်စားကြတာလဲရှိပါသည်။

ကျနော်တို့ ဗမာပြည်မှ ၁၉၄၁ ခုနှစ် အလယ်လောက်က ဂျပန်သို့ စစ်ပညာသင်သွားခဲ့ရာ ၁၉၄၂ ခုနှစ်တွင် ဗမာပြည်သို့ မသေမပျောက် မထိမခိုက်နှင့် ကောင်းစွာ ပြန်ရောက်လာပြီဖြစ်တို့လည်း အလွန်ဝမ်းသာနေမိပါသည်။ ။

အပိုင်း (၁) ပြီး။

# ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော အတ္ထုပ္ပတ္တိ
## ဒုတိယပိုင်း
## ဖက်ဆစ်ဂျပန်တော်လှန်ရေး

(၁၆)

ရန်ကုန်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဘီအိုင်အေတပ်မတော်ကို ပြန်လည်ဖွဲ့စည်းပါသည်။ ဘီအိုင်အေ တပ်မ (၁) ကို ဗိုလ်မှူးကြီးဇေယျကို ဦးစီးစေ၍လည်းကောင်း၊ တပ်မ (၂) ကို ဗိုလ်မှူးကြီးနေဝင်းကို ဦးစီးစေ၍လည်းကောင်း၊ တပ်မ (၂) တပ်ဖွဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဗဟိုဌာနချုပ်က ဦးစီးပြီး အထက်ဗမာပြည်သို့ ဆုတ်ခွာထွက်ပြေးနေသော အင်္ဂလိပ်တပ်များကို ဂျပန်စစ်တပ်နှင့် ပူးပေါင်းပြီး လိုက်၍တိုက်မည်။ ရန်ကုန်တွင် ကျနော်၏တပ်သာ ချန်ထားပြီး အောက်ဗမာပြည် ဘီအိုင်အေတပ်ဖွဲ့များကို အုပ်ချုပ်ထိန်းသိမ်းရန်နှင့် ရန်ကုန်တွင် ကျနော်က ဗိုလ်သင်တန်းတခုဖွင့်ပြီး စစ်ဗိုလ်လောင်းများကို သင်တန်းပေး၍ နောင်တပ်သစ်များ ဖွဲ့ရာတွင် ဗိုလ်လောင်းများရရှိအောင် စုဆောင်းထားရန် တာဝန်ပေးပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘီအိုင်အေတပ်ဖွဲ့များ ဗိုလ်မှူးကြီးဇေယျနှင့် ဗိုလ်မှူးကြီးနေဝင်းတို့ ဦးစီးသောတပ်မ (၂) တပ်တို့ အထက်ဗမာပြည်သို့ အင်္ဂလိပ်တပ်များနောက်သို့ လိုက်တိုက်ရန် ချီတက်ကြပါသည်။

ကျနော်သည် ကျနော့်တပ်ကို ရန်ကုန်မြို့ကြည်မြင်တိုင်လုံခြုံရေးကို ကာကွယ်ရန် တပ်ချရပါသည်။ အောက်ဗမာပြည် ဘီအိုင်အေရုံးကို ရန်ကုန်တွင် ဖွင့်လှစ်ပြီး တဖက်က ဓါးရာကုန်းတွင် ဗိုလ်သင်တန်းဖွင့်ပြီး သင်ကြားရပါသည်။ ထိုအချိန် ဂျပန်ဗိုလ်မိုးကြိုး (ဆူဇူကီး) တို့လည်း ရန်ကုန်တွင် ရှိနေပါသည်။

ထိုအချိန်က ကျနော်အလုပ် အလွန်များပါသည်။ နံနက်ပိုင်းတွင် စစ်ဗိုလ်လောင်းသင်တန်းတွင် ကိုယ်တိုင်သင်တန်းပေးပြီး နေ့လည်နှင့် ညနေတွင် အောက်ဗမာပြည် ဘီအိုင်အေတပ်များ အုပ်ချုပ်ရေးတာဝန်ကို ဘီအိုင်အေရုံးဖွဲ့ပြီး လုပ်ကိုင်ရသည်။ ညအခါတွင် နောက်နေ့ ဗိုလ်သင်တန်းတွင်သင်ရန် မှတ်စုများ ပြင်ဆင်ရခြင်းနှင့် အလုပ်ကြွေးများကို လုပ်ရခြင်းဖြင့် မအားမလပ်တာဝန်တွေ များပြားလှပါသည်။

ထိုကာလအတွင်းမှာ အောက်ဗမာပြည် မြစ်ဝကျွန်းပေါ်ဒေသတွင် ဘီအိုင်အေတပ်များက ကရင်များကို သတ်ဖြတ်ခြင်းဆိုတဲ့ ကိစ္စဖြစ်ပေါ်လာခဲ့ပါသည်။ ထိုကိစ္စ ကျနော်မှတ်မိသလောက် ယခုပြန်ပြီးရေးသားပါမည်။

ဒီကိစ္စတွင် ကျနော်ဗိုလ်ကျော်ဇော တာဝန်မကင်းခဲ့ပါ။ ဖြစ်ပွားတဲ့နေရာဟာ ဗမာပြည်တောင်ပိုင်း ဧရာဝတီမြစ်ဝကျွန်းပေါ် မြောင်းမြနယ် အတွင်းဖြစ်သည်။ ကာလက ၁၉၄၂ ခုနှစ် အလယ်လောက်မှာ ဖြစ်ပြီး အင်္ဂလိပ်တပ်များက ဂျပန်တပ်နှင့် ဘီအိုင်အေ တပ်တို့ရဲ့ ထိုးစစ်ကြောင့် အိန္ဒိယသို့ အပြင်းဆုတ်ခွာနေချိန် ဖြစ်ပါသည်။ ၎င်းတို့က သူတို့ရဲ့ဆုတ်ခွာမှုကို အထောက်အကူပြုစေရန် ဝါဒဖြန့်ခဲ့တာက တို့မတတ်သာလို့ ဆုတ်ခွာရတယ်။ (၃) လအတွင်း ပြန်လာကြမယ်။ ဒီအတွင်း မင်းတို့ဂျပန်ကို တတ်နိုင်သလောက် ဆန့်ကျင်တိုက်ခိုက်ကြဟု လှုံ့ဆော်ခဲ့ကြသည်။ လက်နက်တချို့ကိုလဲ ထုတ်ပေးထားခဲ့သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ဗြိတိသျှတို့ကို လိုလားအားကိုးကြသော ကရင်အမျိုးသား အများရှိရာ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ ကရင်ပုန်ကန်မှု စတင်ဖြစ်ပွားခဲ့သည်။ သူပုန်ခေါင်းဆောင်က ကရင်အမျိုးသား ရွှေထွန်းကြာ ဖြစ်ပါသည်။

ထိုစဉ်က ရွှေထွန်းကြာတို့ ကရင်သူပုန်တပ်ဖွဲ့ဟာ လက်နက်ကိုင် (၁၀၀) ခန့်လောက်သာ ရှိသေးသည် ထင်ပါသည်။ မြောင်းမြမြို့မှာ ဂျပန်တပ် မရှိပါဘူး။ ဒေသခံဘီအိုင်အေ တပ်ကလေးသာ ရှိပါသည်။ သူတို့ကရင်သူပုန်သွားတိုက်ရာ မနိုင်ပါ။ ဗမာရွာတချို့လည်း အတိုက်ခံရမှာ ကြောက်ရွံ့နေကြသည်။ နောက်ပိုင်း မြောင်းမြမြို့မှာပင် မြန်မာအများ ကရင်လာတိုက်မှာ ပူပန်နေကြသည်။ မြို့ပေါ်ရှိ ကရင်အနည်းစုကလည်း မြန်မာတွေက သူတို့ကိုလာတိုက်မှာ စိုးကြသည်။ မြောင်းမြ ဘီအိုင်အေ အုပ်ချုပ်ရေးတာဝန်ခံတွေကရော စစ်ဘက်တာဝန်ခံတို့ကပါ ကျနော့်ထံအကူအညီ တောင်းကြသည်။

ကျနော့်မှာလည်း တပ်မဟာဆိုပေမယ့် တပ်ရင်း (**Battalion**) တရင်းသာ ရှိသည်။ ကျနော့်တပ် အားလုံးနီးပါးမှာလည်း ထိုင်းနယ်စပ်က ဖွဲ့လာသည့် ထိုင်းရှမ်းနှင့် ထိုင်းဗမာမျိုးဆက်တွေဖြစ်ပြီး မြန်မာစကား အားလုံးလိုလို မတတ်ကြ၊ တပ်ခွဲမှူးများသာ မြန်မာစကား တတ်ကြသည်။ တပ်ကုလွှတ်သင့် မလွှတ်သင့် စဉ်းစားနေစဉ် ထိုကာလက ကျနော့်ရုံးကို မကြာခဏ လာတတ်ပြီး ကျနော့်ကို အကူအညီများ၊ အကြံဉာဏ်များ ပေးနေ တတ်သည့် သခင်ဗိုလ်ဆိုသော သခင်ခေါင်းဆောင်နှင့်တွေ့စဉ် ထိုကိစ္စ တိုင်ပင်ကြည့်တော့ "ဒီတပ်မျိုးတွေမလွှတ်နှင့် ဒီကိစ္စငြိမ်းချမ်းစွာ ဖြေရှင်းတာ ကောင်းတယ်၊ ရန်ကုန်သရက်တောဘုန်းကြီးကျောင်းတိုက်မှာ ကရင်ဘုန်းကြီးဦးပဏ္ဍိဝ ဆိုတာရှိတယ်။ သူဟာ နိုင်ငံရေးလည်းနားလည် ကရင် အမျိုးသားလည်းဖြစ်ပြီး ကရင်တွေအပေါ်လည်း အတော်ဩဇာရှိတယ်။ ထိုဆရာတော်ကို ကာကွယ်ဖို့ တပ်နည်းနည်းပေးပြီး ထိုဒေသအတွင်း လှည့်ပြီး ငြိမ်းချမ်းရေး တရားဟောပြော နားချရင် ငြိမ်းချမ်းနိုင်တယ်" လို့ အကြံပြုပါသည်။ ထိုစဉ်သခင်ခေါင်းဆောင်များ ဆောင်ထဲရောက်နေသော်လည်း သခင်ဗိုလ် ဟာ နံမည်သိပ်မကြီးသေးလို့ အပြင်မှာကျန်ရစ်ပြီး လုပ်စရာရှိတာလုပ်နေရာမှာ ကျနော် တာဝန်ကြီးမှန်းသိလို့ မကြာခဏ အကူအညီတွေပေးနေတာ

ဖြစ်ပါသည်။ (ကျနော် ၁၉၉၀ လောက်မှာ သိရတာက သခင်ဗိုလ်ဟာ ၁၉၃၉၊ ဩဂုတ်လမှာ ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်ကွန်မြူနစ်ပါတီကို ခေါင်းဆောင် ၄ ၊ ၅ ဦးနှင့် စတင်ဖွဲ့စည်းရာမှာ ပါဝင်ခဲ့သည့် ပုဂ္ဂိုလ် ဖြစ်ပါသည်။)

ကျနော်သည် ကျနော့်တပ်မှ သင့်တော်မည့်တပ်စု (လူ သုံးဆယ်ခန့်) တစုကို ခွဲထုတ်ပြီး ကျနော်၏ ဗိုလ်သင်တန်းမှ အတော်မွန်ရည်ပျော့ပျောင်းတဲ့ တက္ကသိုလ်ကျောင်းသားတဦးကို လက်ဖတင်နင် ဗိုလ်ရာထူးပေးပြီး တပ်စု၏ အကြီးအကဲခန့်ကာ သခင်ဗိုလ် အစီအစဉ်အတိုင်း ဆရာတော်ဦးပဏ္ဍဝနှင့် ထိုကရင်ဒေသများသို့ လွှတ်လိုက်ပါသည်။ ရွာတွေလှည့်ပြီး တရားဟောကြသည်။ ဒီကြားထဲ သူပုန်ခေါင်းဆောင် ရွှေထွန်းကြာက တပ်မှူးနှင့် စကားပြောလိုကြောင်းခေါ်၍ တပ်သားနှစ်ယောက် လွှတ်လိုက်ရာ သတ်ပစ်ခြင်း ခံရပါသည်။ နောက်တကြိမ် တဦးလည်း ဒီလိုပဲ အသတ်ခံရပါသည်။ ဆရာတော်က စိတ်မပျက်ဘဲ ဆက်ဟောပြောနေသည်။ ထို့ကြောင့် အခြေအနေ အတော်အေးချမ်းလာစ ပြုလာသည်။

ထိုအချိန်မှာ ဗိုလ်မိုးကြိုးတို့ရဲ့ မီနာဗီကီကန်မှဂျပန်တွေ ထိုကိစ္စသိသွားပြီး ဒီငြိမ်းချမ်းရေးကိစ္စကို သူတို့လုပ်မည်ဆိုကာ ဆရာတော် မပါတော့ဘဲ (ပိုင်နန်ကျွန်းမှာ ကျနော်တို့ဆရာ မဟုတ်ခဲ့တဲ့) စစ်တပ်ရာထူး လက်ဖတင်နင်ဗိုလ်နှင့် ဘီအိုင်အေတပ်ရာထူး (ဗိုလ်မှူးကြီး) ကာနယ်ဖြစ်သူ (နံမည်ကောင်းစွာ မမှတ်မိ) “အီဂျီမား” ထင်သည်။ သူကိုယ်တိုင်ခေါင်းဆောင်ပြီး ကျနော့်တပ်စုကလေးနှင့် ငြိမ်းချမ်းရေးတရားဟောဖို့ ဆရာတော်သွားတဲ့ ဒေသတွေဆီ ထွက်သွားပါသည်။

(၁၉၄၂) မေလဆန်းတညမှာ ကျနော်အိပ်ပျော်နေစဉ် မီနာဗီကီကန်မှ ဗိုလ်မိုးကြိုးက လွှတ်လိုက်သည့် ဂျပန်နှစ်ယောက် ကျနော့်အိမ်ကင်းကို အတင်းဆွဲလာပြီး ကျနော့်ကိုနှိုးပြီး ပြောပြသည်မှာ – မြောင်းမြဒေသမှာ လှည့်လည်သွားနေတဲ့ ကာနယ်အီဂျီမား ကျဆုံးသွားပြီ၊ နယူးဒေလီရေဒီယိုက ဂျပန်တပ်တတပ်ကို ဖြတ်သွားလိုလာသော ကရင်ပျောက်ကြားတွေက ချုံခိုတိုက်ခိုက်ရာ ဂျပန်ကာနယ်တဦး ကျဆုံးသွားကြောင်း အသံလွှင့်လို့ တိုကျိုက သက်ဆိုင်ရာကတဆင့် ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး) ကို အမြန်ဒီကိစ္စ အရေးယူနိုင်း၍ မနက်ဖန် ဗိုလ်မိုးကြိုး ဒီဒေသသွားမယ်။ ခင်ဗျားပါ လိုက်ရမယ်။ ခင်ဗျာတပ်တွေ ချက်ချင်းနက်ဖန်ထွက်နိုင်အောင် လုပ်ရမယ်ဆိုလို့ ကျနော့်တပ်ခွဲသုံးခွဲကျော်လောက် တပ်ပြင်ပြီး နောက်နေ့ဗိုလ်မိုးကြိုးနဲ့ လိုက်ရပါသည်။

မြောင်းမြသွားပြီး တိုက်ပွဲဖြစ်ရာနေရာကို သွားကြည့်ပါသည်။ ကျဆုံးသွားသော ဂျပန်ကာနယ်၏ အလောင်းကို ရှာဖွေရယူပြီး မီးသင်္ဂြိုဟ်ကာ အရိုးအိုးကို ယူပါသည်။ ထိုနောက် ဗိုလ်မိုးကြိုးသည် ကရင်သူပုန်များ အခြေစိုက်ရာဒေသ ရွာများကို လက်စားချေတိုက်ခိုက်ရန် နှစ်ပတ်မျှ ချီတက် သွားလာခဲ့ပါသည်။ ထိုအတွင်း ငြိမ်းချမ်းရေးလုပ်နေသော ကျနော့်တပ်စုကလေးသည် အတော်အထိနာပြီး ခေါင်းဆောင် ဗိုလ်ကလေးလည်း ကျဆုံးသွားပြီ ထင်ပါသည်။

ဗိုလ်မိုးကြိုးက သူပုန်ရှိသည်ဟု ယူဆရသောရွာများကို အတင်းတက်သိမ်းပိုက်နိုင်းပြီး ခုခံရင် အားလုံးကို တိုက်ခိုက်သတ်ဖြတ်ဖို့ ကျနော့် တပ်မှူးတွေကို တိုက်ရိုက်အမိန့်ပေးသည်။ တခါတရံ ကျနော်ကတဆင့် အမိန့်ပေးသည်။

ဒီလိုနဲ့ တပတ်လောက်ကြာအောင် တိုက်ခိုက်သတ်ဖြတ်ပွဲတွေ ဖြစ်ပါတော့သည်။ ကျနော်က ခုခံတဲ့ရွာသားတွေကိုသာ တိုက်ခိုက်ဖို့ မခုခံရင်တရားဟောပြီး လက်နက်တွေအပ်နိုင်း သိမ်းခဲ့ဖို့တပ်မှူးတွေကို ပြောပါသည်။

တိုက်ခိုက်သတ်ဖြတ်မှုများ သိပ်များလိမ့်မည်ဟု ကျနော်မထင်ခဲ့ပါ။ နောက်ရန်ကုန်ပြန်ရောက်ပြီး လအချို့ကြာမှ ရွာသားများ အတော် သေကြကြောင်း ကြားရပါသည်။

ထိုသို့ဖြစ်ရသည်မှာ ဗိုလ်မိုးကြိုးအမိန့်ကြောင့် ဖြစ်ရသော်လည်း ထိုစဉ်က ကျနော့်တပ် အားလုံးနီးပါး မြန်မာစကားမတတ်ကြဘဲ အတွေ့အကြုံ အလေ့အကျင့်လည်း သိပ်မရှိသေးလို့ ပိုဆိုးရသည်ဟု ထင်ပါသည်။

ထိုစဉ်က ဗိုလ်မိုးကြိုးက တပ်မှူးကြီးဖြစ်ပြီး ကျနော်က သူ့ရဲ့စစ်ဦးစီးအဖြစ်မျိုး ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါသည်။ သူသည် ထိုစဉ်က ဘီအိုင်အေတပ်ရဲ့ စစ်သေနာပတိချုပ်လည်း ဖြစ်ပါသည်။ ကျနော်သည် ထိုနှစ် (၅၀) ကျော်ကာလက အသက် (၂၃) နှစ်အရွယ် ကျောင်းသားမျိုးချစ် တော်လှန်ရေး စစ်သားတဦးမျှသာ ဖြစ်ပါသည်။ စစ်သားအဖြစ် အမိန့်နာခံရေးသာ အဓိကထားခဲ့ရပါသည်။

သို့သော် ကျနော့်တာဝန်မကင်းခဲ့ပါ။ ထိုစဉ်က ကျနော်သာ နိုင်ငံရေးအသိ တစုံတရာသာရှိပါက ထိုကိစ္စကို အတော်ရှောင်နိုင်မည်ဖြစ်သည်။ ခုခံတဲ့ရွာသားတွေကို သတ်ဖြတ်တဲ့အထိမရောက်စေဘဲ ဗိုလ်မိုးကြိုး ကျေနပ်အောင် ရွာအချို့ မီးရှို့ပြတာလုပ်ပစ်လျှင် ပြီးနိုင်မည် ဖြစ်သည်။

ဤကား ကရင်အမျိုးသားများ မြစ်ဝကျွန်းပေါ်တွင် သတ်ဖြတ်ခံရသည့်ကိစ္စ ဖြစ်ပါသည်။ ကျနော်ထိုစဉ်က တပ်မတော်ဗိုလ်မှူး ရာထူးနှင့် ဖြစ်ပါသည်။

ဤနေရာတွင် ထိုကာလအဖြစ်အပျက် တခုကို သတိရလာ၍ ပြောပြချင်ပါသေးသည်။

ဗိုလ်ဇေယျက သူကွန်မြူနစ်ပါတီဝင် မဖြစ်မီက ကိစ္စတခုကို ပြောပြသည်မှာ သူသင်္ဘောနှင့် တနေရာခရီးထွက်ရာ မျက်နှာချင်းဆိုင်မှ လာနေသော သင်္ဘောတစီးပေါ်တွင် ဂျပန်စစ်ဗိုလ်တဦးကို တွေ့ရာတွင် ထိုစစ်ဗိုလ်ကိုကြွားပြသည့် အနေနှင့် မိမိသင်္ဘောပေါ်ရှိ အငြိမ့်မင်းသမီးကိုဆွဲပြီး ခါးကိုဖက်ပြလိုက်သည်။ သင်္ဘောချင်းဖြတ်မိတော့မှ သူဂျပန်စစ်ဗိုလ်ဟုထင်သူမှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်နေသဖြင့် သူချောက်ကျသွားကြောင်း ကျနော့်ကို ပြောပြဖူးပါသည်။

ဗိုလ်ဇေယျမှာ ကွန်မြူနစ်ပါတီ မဝင်ခင်က ဤသို့ပျော်ပျော်ပါးပါး နေထိုင်လာခဲ့သူဖြစ်သည်။ နောက် ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်လာပြီးနောက် သူ့ဘဝ အကြီးအကျယ်ပြောင်းလဲ ကောင်းမွန်သွားသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တယောက်အဖြစ် ပါတီ၏ညွှန်ကြားချက်အရ ၁၉၄၈ ခုနှစ်တွင် တောခိုပြီးနောက် အစိုးရစစ်တပ်များနှင့် တိုက်ပွဲဖြစ်ရာတွင် ၁၉၆၈ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဗမာပြည်တောတွင်းတနေရာတွင် ကြေကွဲစွာ ကျဆုံး သွားရသော ပြည်သူတို့၏ ခေါင်းဆောင်တဦး ဖြစ်ပါသည်။

ကျနော်တို့ ၁၉၄၃ ခုနှစ်လောက်က ပျဉ်းမနားမြို့တွင် နေထိုင်နေကြစဉ် ဗိုလ်မြင့်အောင်ကြီးလည်း လေယာဉ်ပစ်စက်အမြောက် တပ်ရင်းမှူးအဖြစ် ရှိနေရာ တနေ့တွင် ဗိုလ်မြင့်အောင်ထံသို့ သူ့မိခင်ကြီးလာ၍ လည်ပတ်နေသည်ဟု ကျနော်ကြားရသည်။ ဗိုလ်မြင့်အောင်က ယခင်က သူ့မိခင် အကြောင်းလည်း ကျနော့်အားပြောထား၍ သူ့မိခင်အကြောင်း ကျနော်သိနေရာ ထိုသားအမိကို ကျနော်က ညစာထမင်းစားပွဲ ကျွေးလိုသဖြင့် ကျနော့်ကို

တလျှောက်လုံး စောင့်ရှောက်မြှုစု ကျွေးမွေးနေသော ကိုပါကို ထမင်းတနပ် ကောင်းစွာကျွေးရန် ညွှန်ကြားပြီး ဗိုလ်မြင့်အောင်တို့ သားအမိကို ကျနော်က ထမင်းစားဖိတ်ကာ ညစာကျွေးမွေးပါသည်။

ထမင်းစားပွဲတွင် ကျနော်က ဗိုလ်မြင့်အောင်မိခင်ကို ကျနော်နှင့် ဗိုလ်မြင့်အောင်မှာ အလွန်ရင်းနှီးသော မိတ်ဆွေကြီးတွေ ဖြစ်ကြောင်း ပြောပြသည်။ မိခင်ကြီးကလည်း သူသိနေကြောင်း ပြောပြသည်။ ထမင်းစားပွဲတွင် အားလုံးပျော်ပျော်ပါးပါး စားသောက် ကြသည်။ သူတို့သားအမိ အတော်ချစ်ခင်ကြပုံ ရသည်။ ဗိုလ်မြင့်အောင်မိခင်မှာ ကျေးလက်သူဖြစ်သော်လည်း အသားအရည်ဖြူပြီး ဝဖြိုးဖြိုးနှင့် အရုပ်အဆင်းလည်း ကောင်းသည်။ စကားပြောရာ တွင်လည်း မှန်မှန်ရည်ရည်ရှိသည်။

၁၉၄၅ ခုနှစ်တွင်ဟု ယူဆရသည်။ ကျနော်တို့မိတ်ဆွေ ရဲဘော်ကြီးဗိုလ်မြင့်အောင်အတွက် အလွန်ကြေကွဲဖွယ်ရာကိစ္စ ဖြစ်ခဲ့ရသည်။ ဖြစ်ရပုံမှာ ဗိုလ်မြင့်အောင်ကြီးသည် သူငယ်စဉ်ဘဝက ပညာရေး မလိုက်စားနိုင်ခဲ့သဖြင့် တခါတရံ သိမ်ငယ်စိတ်ဝင်ပြီး စိတ်မကောင်းဖြစ်ပုံရသည်။ ထို့ကြောင့် သူ့အရက် နည်းနည်းမူးသည့်အခါ တစုံတရာ အနာအဆာတွေ့ရလျှင် စိတ်ဆိုးပြီး ဆူဆူပူပူလုပ်တတ်ရာ ရဲဘော်တွေ စိတ်ညစ်ရသည်။ ဗိုလ်လရောင်ကြီးရှိလျှင် ဗိုလ်လရောင်ကြီးက ဗိုလ်မြင့်အောင်ကို ချော့မော့ပြီး ပြေပြစ်စေရသည်။

တခါတွင် ဗိုလ်မြင့်အောင်ကြီး ဤကဲ့သို့ စိတ်ဆိုးပြီး ဆူဆူပူပူ လုပ်မိသည်။ ထိုကိစ္စ ဗိုလ်ချုပ်အောင်ဆန်း သိသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ထိုကိစ္စမျိုး ဗိုလ်မြင့်အောင်ကြီးမှ ပပျောက်သွားအောင် ရည်ရွယ်ပြီး ဗိုလ်မြင့်အောင်ကြီးအားခေါ်ကာ ပြစ်တင်ဆူပူလေသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဤသို့ဆူပူဖူးသည် မရှိခဲ့ဖူးသဖြင့် အားလုံးကဝိုင်းပြီး ထိုကိစ္စ သိကြသည်။

ဗိုလ်မြင့်အောင်ကြီးသည် သူများစွာကြည်ညိုလေးစားသော ဗိုလ်ချုပ်အောင်ဆန်းက သူ့ကို ပထမဆုံးခေါ်ယူပြီး ပြစ်တင်ဆူပူသည်ကို များစွာနာကြည်း များစွာရှက်သွားပုံ ရသည်။ မျက်ရည်တွေနှင့် ငိုခဲ့ပြီး ဗိုလ်ချုပ်အခန်းမှ ထွက်လာသည်။

မကြာမီ ဗိုလ်မြင့်အောင်ကြီးအခန်းမှ သေနတ်သံကြားရ၍ ကျနော်တို့ ပြေးဝင်သွားသောအခါ ဗိုလ်မြင့်အောင်ကြီးမှာ ဦးခေါင်းမှ သွေးတွေထွက်နေပြီး အားလျှားမှောက် သေဆုံးနေသည်ကို ကျနော်တို့ ဝမ်းနည်းကြေကွဲဖွယ် တွေ့ရတော့သည်။ ဗိုလ်မြင့်အောင်ကြီးသည် သူ့ခြောက်လုံးပြူးသေနတ်ကြီးဖြင့် သူ့နားထင်တေ့ပြီး သူ့ကိုယ်သူ ပစ်သတ်လိုက်ပုံရသည်။ ကျနော်တို့အားလုံး မျက်ရည်တွေနှင့် ယူကြုံးမရ ဝမ်းနည်းကြေကွဲရပါတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းလည်း အလွန်ကြေကွဲစွာနှင့် အခြားဘက် လှည့်ထွက်သွားပါသည်။ ထိုမှစပြီး ဗိုလ်ချုပ်အောင်ဆန်းသည် တဦးတယောက်ကိုမျှ ခေါ်ယူပြီး ပြစ်တင်ပြောဆိုခြင်းများ လုပ်သည်ဟု မကြားရတော့ချေ။

ထိုစဉ်က ကျနော်တို့ရဲဘော်အားလုံးမှာ ဗိုလ်မြင့်အောင်ကြီးအတွက် ဝမ်းနည်းကြေကွဲ စိတ်ထိခိုက်ကြရပေသည်။ ရဲဘော်အားလုံးမှာ ဗိုလ်မြင့်အောင်ကြီး တိုက်ပွဲတွင်မဟုတ်ဘဲ ယခုလို မတော်တဆ ကျဆုံးရခြင်းကို များစွာနှမြောဝမ်းနည်းကြသည်။

ကျနော့်စိတ်တွင် ဗိုလ်မြင့်အောင်၏မိခင်ကြီးက သူ့သားကွယ်လွန်ရသောကိစ္စကို ဘယ်လိုရင်ဆိုင်လေမလဲဟုတွေးပြီး စိတ်ပူနေမိသည်။ သူ့မိခင်ကြီးနှင့် ကျနော်မှာ သူ့ရွာပနံပြီးသည့်နောက် နောက်ထပ်တခါမျှ မတွေ့ရတော့ချေ။ ဗိုလ်မြင့်အောင်ကြီးမှာ ကျနော့်ဇာတိ သာယာဝတီ၊ သုံးဆယ်မြို့၊ ထိုင်းစုရွာရှိ ကျနော့်မိဘများအိမ်သို့ ကျနော်တခါခေါ်သွား၍ ရောက်ခဲ့ဖူးသူလည်း ဖြစ်ပါသည်။

၁၉၄၃ ခုနှစ်လောက်တွင် ထင်သည်။ မိမိတို့ ဗမာ့တပ်မတော်တွင် ခြေလျင်တပ်ရင်း (၃) ရင်းသာ ရှိသည်။ ပထမတပ်ရင်းကို ဗိုလ်နေဝင်းက ပျဉ်းမနားဗိုလ်ကိတ်ကျောင်း၌ ကိုင်ပါသည်။ ဒုတိယတပ်ရင်းကို ဗိုလ်ရန်နိုင်က ပျဉ်းမနားမှာပင် ကိုင်ပါသည်။ တတိယတပ်ရင်းကို ပျဉ်းမနား – သစ်တော ကျောင်းတွင် ဗိုလ်ဇေယျက ကိုင်ပါသည်။

ထိုနှစ်တွင် နောက်ထပ်ခြေလျင်တပ်ရင်းသစ် (၄)၊ (၅) နှင့် (၆) – တပ်ရင်း(၃) ရင်း တိုးချဲ့ဖွဲ့စည်းသည်။ ခြေလျင်တပ်ရင်း (၄) ကို ကျနော် ဗိုလ်မှူးကျော်ဇောကိုလည်းကောင်း၊ ခြေလျင်တပ်ရင်း (၅) ကို ဗိုလ်မှူးအောင်ကိုလည်းကောင်း၊ ခြေလျင်တပ်ရင်း (၆) ကို ဗိုလ်မှူးရန်အောင်ကိုလည်းကောင်း တပ်ရင်းမှူးများ ခန့်ထားပြီး ကိုင်စေပါသည်။ ပျဉ်းမနားတွင်ပင် ဖြစ်ပါသည်။

အားလုံးပင် မိမိတို့ကိုင်ရသော တပ်ရင်းကို တပ်ရင်းကောင်းတွေဖြစ်အောင် ကြိုးစားကြပါသည်။

ကျနော်ကိုင်ရသော တပ်ရင်း(၄) သစ်ကို ကျနော်ကိုယ်တိုင် စစ်သင်တန်းများ အစအဆုံး သင်ကြားပေးပါသည်။ တပ်ရင်းမှာ စုစုပေါင်းလူ အကြပ်နှင့် အရာရှိများအပါ (၈၀၀ ရှစ်ရာ) ကျော်လောက်ရှိမည် ထင်ပါသည်။

တနေ့တာ စစ်ပညာသင်ကြားသော အချိန်ဇယားအကြမ်းမှာ နံနက်ပိုင်းအချိန်တွင် ပထမ ကျနော်ကိုယ်တိုင်က တပ်ရင်း (၄) ရှိ အကြပ် – အရာခံဗိုလ်နှင့် အရာရှိဗိုလ်တွေ စုစုပေါင်း ရှစ်ဆယ် (၈၀) မျှလောက်ကို တနေ့သင်ရမည့် စစ်လေ့ကျင့်ခန်းများကို ကျနော်ကိုယ်တိုင် စုဆောင်းလေ့လာထားပြီး သင်ကြားလေ့ကျင့်မှုကို ပြသသင်ကြားပါသည်။ ၎င်းမှာ သင်တန်းအားလုံး၏ အဓိကသင်တန်း ဖြစ်ပါသည်။

၎င်းနေ့ နံနက်ပိုင်းတွင်ပင် ဒုတိယသင်တန်းတခုမှာ ကျနော်ပထမတနေ့က သင်ကြားထားသော အကြပ်အရာရှိတချို့က တပ်ရင်းရှိ စစ်သားများကို စစ်ပညာသင်ကြားပေးပါသည်။

၎င်းပထမနေ့ – နေ့လည်နှင့် ညနေပိုင်းတွင် ယင်းပထမနေ့ နံနက်ပိုင်းတွင် ကျနော်၏သင်ကြားပေးမှုကို ခံယူရသော တပ်ရင်း (၄) အကြပ်နှင့် အရာရှိများက တပ်ရင်းရှိ စစ်သားများကို ချက်ချင်းပင် နံနက်ပိုင်းက ကျနော်သင်ကြားပေးသော စစ်ပညာကို ပြန်၍သင်ကြားပေးရပါသည်။

၎င်းပထမနေ့ – နေ့လည်ပိုင်းနှင့် ညနေပိုင်းတွင် ဒုတိယလုပ်ငန်းမှာ ကျနော်ကိုယ်တိုင်မှ နောက်နေ့နံနက် တပ်ရင်း(၄) အကြပ် အရာရှိများကို သင်ကြားမည့် စစ်ပညာများကို လေ့လာပြင်ဆင်ခြင်းနှင့် လိုအပ်ချက်တို့ကိုလည်းကောင်း၊ ကျနော်ထပ်မံသိလိုသော အချက်တို့ကို တပ်ရင်း (၄) ရှိ ဂျပန် အကြံပေးအရာရှိထံမှ မေးမြန်းလေ့လာခြင်း ပြုလုပ်ရပါသည်။

ကျနော့်တပ်ရင်း(၄) မှ ဂျပန်အကြံပေးစစ်အရာရှိမှာ ဂျပန်စစ်တပ်မှ လက်ဖတင်နင်ဗိုလ် ဖြစ်ပါသည်။ သူသည် ဂျပန်စစ်တပ်၏ အမြဲတမ်းတပ်သားမဟုတ်၊ စစ်အတွင်း အရေးပေါ်သင်တန်းဆင်း စစ်ဗိုလ်ဖြစ်သော်လည်း စစ်ပညာကို ဂရုစိုက်ပုံရပါသည်။ ကျနော်မေးသမျှ မေးခွန်းများကို သူ၏ သားရေလွယ်အိတ်ထဲမှ ဂျပန်စစ်တပ် စစ်ပညာလက်စွဲစာအုပ် ၂ အုပ် ၃ အုပ်ကိုဖွင့်ပြီး ဖတ်ပြရှင်းပြပါသည်။

ကျနော်တို့၏ စကားပြန်မှာ တပ်ရင်း(၄) သို့ ရောက်လာသူ အရာရှိများတွင် ဗိုလ်လောင်းအရာရှိ ၂ ဦး ၃ ဦး ပါဝင်ရာ ထိုဗိုလ်လောင်း အားလုံးတို့သည် ဂျပန်စကား အတော်တတ်ကျွမ်းသူများ ဖြစ်ကြသည်။ ထိုအထဲမှ စကားအတတ်ဆုံး ဗိုလ်စိုးလှိုင်ဟု ကျနော်မှတ်မိနေသောသူက စကားပြန်လုပ်ပေးပါသည်။ ထိုဗိုလ်စိုးလှိုင်မှာ နောက်ပိုင်း ကျနော့်အတွင်းရေးမှူး ဖြစ်ခဲ့ပါသည်။

ထိုသို့ ကျနော်က စစ်ပညာများကို ကျနော်ကိုယ်တိုင် အထပ်ထပ်လေ့လာပြီးမှ တပ်ရင်း (၄) မှ အရာရှိ၊ အကြပ်နှင့် တပ်သားများကို ဖိဖိစီးစီး သင်ကြားပြသပေးပါသည်။ နောက်ထိုကာလတွင် ကောင်းမွန်ချက်တခုမှာ ဗမာ့တပ်မတော်မှ အရာရှိ၊ အကြပ်တပ်သားတိုင်းတို့သည် စစ်ပညာကို အားတက်သရော သူ့ထက်ငါ လိုက်စားလေ့လာနေသော ကာလဖြစ်၍ ကျနော့်တပ်ရင်း (၄) တတပ်လုံးမှာ စစ်ပညာလေ့လာ တတ်ကျွမ်းမှုဖြင့် စိတ်အားထက်သန်တက်ကြွနေပါတော့သည်။

ထိုသို့သင်ကြားနေစဉ် (၃) လလောက်အကြာတွင် တပ်မတော်အထက်မှ ဗမာ့တပ်မတော်ဗိုလ်သင်တန်း ဖွင့်မည်ဖြစ်၍ ခြေလျင်တပ်ရင်းတိုင်းမှ သင့်တော်ကောင်းမွန်သော အကြပ်တပ်သား ၂၀ စီမျှ ရွေးခြယ်ပြီး ပေးပို့ခိုင်းပါသည်။

ကျနော်သည် တပ်ရင်း (၄) မှ စစ်လေ့ကျင့်ခန်းတွင် ထူးချွန်သော တပ်ကြပ်တပ်သား (၃၀) ကျော်လောက်ကို ရွေးစေပြီး၊ ထိုအထဲမှ ဗိုလ်သင်တန်းပို့ဖို့ လူ ၂၀ ကို ဗိုလ်သင်တန်းရွေးခြယ်ရေးကော်မတီကို ကျနော်ကိုယ်တိုင်ဦးစီးဖွဲ့ပြီး ရွေးခြယ်ပါသည်။

ထိုရွေးခြယ်ရေးကော်မတီက ထိုဗိုလ်လောင်းများ၏ ယဉ်ကျေးမှု၊ ပညာရေးရေချိန်၊ နောက်နိုင်ငံရေးအသိနှင့် မျိုးချစ်စိတ်၊ တော်လှန်ရေးစိတ်ဓာတ်တို့ကို သိရှိရန် နှုတ်မေးခွန်းများ မေးမြန်းစစ်ဆေးပြီး ကျနစွာရွေးခြယ်ပါသည်။

ထိုအင်တာဗျူး မေးမြန်းစစ်ဆေးပွဲတွင် ကျနော်ယခုတိုင် မှတ်မိနေသော ကိစ္စတခု ရှိပါသည်။

စစ်သားတယောက်ကို မေးမြန်းနေစဉ် ကော်မတီဝင်တဦးက ထိုသူ၏ ယဉ်ကျေးမှုရေချိန်ကို သိနိုင်ရန် ဗမာပြည် "မူလတန်း" များတွင် သင်ကြားရသော ကမ္ဘာ့တိုက်ကြီး (၅) တိုက်အကြောင်းမေးရန်၊ သူ့အား "ကမ္ဘာပေါ်တွင် တိုက်ကြီး ဘယ်နှတိုက် ရှိသလဲ" ဟုမေးရာ ထိုစစ်သားမှာ ဖြုန်းကနဲ ကုလားထိုင်မှ မတ်တပ်ရပ်လိုက်ပြီး စိတ်ဆိုးမာန်ဆိုးဖြင့် – "ဒီမျဉ်းမနားမြို့ပေါ်မှာတောင် တိုက်ကြီး ဘယ်လောက်ရှိတယ်ဆိုတာ မသိနိုင်ဘဲ၊ ကမ္ဘာပေါ်မှာ တိုက်ကြီးဘယ်လောက် ရှိတယ်ဆိုတာ ဘယ်သူသိနိုင်မလဲ" လို့ ပြန်ပြောပါသည်။

ရွေးခြယ်ရေးကော်မတီဝင်များက ထိုစစ်သားမှာ မူလတန်းပညာပင် မသင်ကြားခဲ့ရ၍ လူနေတိုက်များနှင့် အထင်မှားပြီး၊ ပြန်ရန်တွေ့နေသည်ကို ရိပ်မိ၍ သူရှက်မသွားစေရန် တခြားမေးခွန်းများ ဆက်မေးရပါသည်။ သို့ဖြင့် ဗိုလ်လောင်းများရွေးပြီး အထက်သို့ ပို့လိုက်ပါတော့သည်။

နောက်မကြာခင် သတင်းကြားရပါသည်။ ရန်ကုန်တွင် တပ်အသီးသီးက ပို့လိုက်သော ဗိုလ်လောင်းများကို စစ်ဆေးရာ ကျနော်၏တပ်ရင်း (၄) မှ ဗိုလ်လောင်းများက စစ်ဆေးသောဘာသာရပ် (၁၃) ခုတွင် ဘာသာရပ် (၁၁) ခု၌ ပထမစွဲပြီး ဘာသာရပ် (၂) ခုတွင် ဒုတိယစွဲကာ အားလုံးတွင် ပထမစွဲကြောင်းနှင့် ကျနော့်တပ်ရင်း (၄) ၏သတင်း ပျံ့နှံ့ကျော်ကြားလာပါတော့သည်။ ကျနော်တို့အားလုံး ဝမ်းသာကြပါသည်။ ကျနော်တို့ကြိုးစားချက် ကောင်းမွန်အောင်မြင်ကြောင်း သိရပါတော့သည်။

ဤတွင် (၃) လ မျှသာ စစ်သင်တန်းပေးရသော တပ်ရင်းသစ်က နှစ်အချို့ကြာပြီဖြစ်သော တပ်ရင်းဟောင်းများအပေါ်တွင် တက်ပြီးပထမစွဲသဖြင့်၊ ဂျပန်အရာရှိအချို့လဲ တော်တော်အံ့အားသင့်ကြသည်။ ထို့ကြောင့် ဂျပန်စစ်အရာရှိတဦး ကျနော့်ထံလာပြီး ဒါလောက်အောင်မြင်တာဟာ ကျနော်ဘယ်လိုများ စစ်ပညာသင်ကြားပေးပါသလဲဟု လာပြီးမေးမြန်းစုံစမ်းပါသည်။

ကျနော်က သင်ကြားမည့်စစ်ပညာကို ကျနော်ကိုယ်တိုင် ကျကျနနလေ့လာပြီး၊ ကျနော်ကိုယ်တိုင် အချိန်ဇယားဆွဲပြီး၊ အထက်တွင် ဖော်ပြထားသော အချိန်ဇယားအတိုင်း ကျနော်ကိုယ်တိုင်ဦးစီးပြီး သင်ကြားပေးကြောင်း ပြောပြသည်။

ကျနော်က ကျနော့်တပ်ရင်း (၄) မှ စစ်သားများမှာ အထက်ဗမာပြည်သားတွေ ဖြစ်ကြသည်။ ယေဘုယျအားဖြင့် အထက်ဗမာပြည်သားများသည် အထက်အမိန့်ကို နာခံတတ်ပြီး၊ ပို၍ စည်းကမ်းလိုက်နာတတ်ကြသူတွေ များကြသည်ဟု ပြောပြပါသည်။

အဓိကအကြောင်းမှာ ကျနော်၏ စစ်ပညာသင်ကြားပေးပုံ နည်းစနစ်ကြောင့်လည်း ဖြစ်ပုံရသည်ဟုပြောပြီး ကျနော်၏ စစ်ပညာသင်ပုံနည်းကို သူ့ကို ရှင်းပြပါသည်။

ကျနော်ပြောပြတာက ကျနော်တော်လှန်ရေးစစ်သား မဖြစ်မီက ရန်ကုန်မြို့ "ဟိုင်းယားဂရိတ်" ခေါ် အထက်တန်း ဆရာဖြစ်သင်ကျောင်းတက်ခဲ့ရသည်။ ဤတွင် ဆရာက တပည့်များကို ပညာသင်ကြားပေးပုံ နည်းစနစ်ကို သင်ကြားခဲ့ရပါသည်။ ၎င်းမှာ အခြေခံ အကျဆုံး ၃ – ၄ ချက်ကို ကျနော် နည်းယူပါသည်။

၎င်းတို့မှာ ပထမအားဖြင့်၊ ပညာသင်ကြားရာတွင် ဆရာက တပည့်များကို သင်ခန်းစာ၏ အဖြေကို တိုက်ရိုက်ပြောမပြဘဲ၊ တပည့်များကို သူတို့သိပြီးသား အကြောင်းအရာများမှ တဖြည်းဖြည်း သူတို့စိတ်တွင် မသိ – မထင်ရှားသေးသော အကြောင်းအရာများကို မေးခွန်းများ စနစ်တကျ အဆင့်ဆင့်မေးခြင်းဖြင့် ဖော်ထုတ်သွားပြီး၊ အဖြေကို သူတို့ဟာသူတို့ ဖော်ထုတ်လာနိုင်အောင် မေးမြန်းဖြေဆို သွားစေခြင်းဖြစ်သည်၊ ထို့ကြောင့် ထိုသင်ခန်းစာကို တပည့်များကိုယ်တိုင် ထိုးထွင်းဉာဏ်ဖြင့် သိမြင်လာပြီး၊ ပို၍၍ ကိုယ်ပိုင်ဉာဏ် ပွင့်လင်းထွန်းကားလာစေပါသည်။

၎င်းမှာ လူတိုင်းသည် အခြေခံအသိအမြင်ပညာများ ရှိထားသည်၊ ၎င်းကို စနစ်တကျ ဖော်ထုတ်တတ်ဖို့သာ လိုသည်ဆိုသော ဂရိပညာရှင် ဆိုကရေးတီး၏ ကမ္ဘာကျော်ယူဆချက် ဖြစ်သည်။ ၎င်းမှာ တပည့်များ သိရာက မသိရာသို့ တဖြည်းဖြည်း မေးမြန်းသွားစေခြင်းဖြင့် ဖော်ထုတ်ပြီး၊ သူတို့ ပညာဉာဏ် ထွန်းကားလာစေခြင်း ဖြစ်သည်။

ဒုတိယမှာ မိမိသင်ကြားမည့်သင်ခန်းစာ၏ အကြောင်းရင်းဇာစ်မြစ်ကို ဖော်ပြပြီး၊ တတိယမှာ ၎င်းတို့ကို တစုတပြုံလုံး မသင်ကြားဘဲ၊ အရင်းခံ အကြောင်းရင်းကစပြီး တစစီတခုချင်းစီ အဆင့်ခွဲ၍ တဖြည်းဖြည်းသင်ကြားသွားခြင်း စသည်တို့ကို ပြောပြပါသည်။

သို့ဖြင့် တပည့်များ၏ အသိဉာဏ်ကို သူတို့ဦးနှောက်မှ ဆွဲထုတ်ယူပြီး၊ တစတစ သူတို့အသိဉာဏ်ထွန်းကား သိရှိလာ စေသောနည်း ဖြစ်သည်ဟု ပြောပြပါသည်။

ဥပမာ – စစ်တပ်တွင်း "သတိ" ဟူသော စစ်ပုံစံကို သင်ကြားမည်ဆိုလျှင် ပထမ စစ်တပ်မှာ စစ်မိန့်တခုကိုလိုက်ပြီး တပြိုင်တည်း၊ တညီတည်း လုပ်နိုင်ဖို့ မူလပထမစစ်ပုံစံတရပ် ရှိဖို့လိုသည်။ ယင်းပထမ ပုံစံကနေပြီး စစ်မိန့်ဘာကိုပဲပေးပေး လိုက်လုပ်နိုင်ရမည့်ပုံစံ ဖြစ်ဖို့လိုသည်။

ယင်းမူလပုံစံသည် နောက်ထပ်ဘာမိန့်ပေးပေး လိုက်လုပ်နိုင်သောပုံစံ ဖြစ်ရမည်။ ၎င်းမှာ သတိပုံစံပဲ ဖြစ်ရမည်၊ ၎င်းပုံစံမှ နောက်ထပ်စစ်မိန့် "နောက်လှည့်"ဟုသော်လည်းကောင်း၊ "ပစ်ရန်ဝပ်" ဟုသော်လည်းကောင်း၊ "ချီတက်"ဟုသော်လည်းကောင်း ဘယ်အမိန့်လာလာ အလွယ်တကူ လုပ်နိုင်ရမည် ဖြစ်သည်။

နောက်ထပ် ဘာစစ်မိန့်လာလာ လုပ်နိုင်ဖို့အတွက် "သတိ" ပုံစံဟာ "ထိုင်" နေသည့်ပုံ မဖြစ်နိုင်။ မြေပြင်ပေါ်တွင် သဘာဝကျစွာ မတ်တပ်ရပ် နေသောပုံသာ ဖြစ်ရမည်။ သို့မှသာ နောက်ထပ်ဘာအမိန့်လာလာ လုပ်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် "သတိ" ဟူသောစစ်ပုံစံသည် နောက်ထပ် ဘာအမိန့်လာလာ လုပ်နိုင်ရမည့် မြေပေါ်တွင် သဘာဝကျစွာ မတ်တပ်ရပ်နေသောပုံစံ ဖြစ်ရမည်၊ စစ်တပ်တွင် စစ်မိန့်တစုံတရာ ပေးဖို့အတွက် တပြိုင်နက်လိုက်ပြီး လုပ်လာနိုင်အောင် ကြိုတင်ပြီး အသင့်အနေအထားဖြစ်ရန် ပေးသောအမိန့်ဖြစ်ပြီး၊ နောက်ထပ်ဘာအမိန့်မဆို လုပ်နိုင်ရန် မြေပေါ်တွင် သဘာဝကျစွာရပ်နေဖို့ ပေးသောအမိန့် ဖြစ်သည်ဟု ရှင်းပြရမည်။

နောက်ထပ် ဘာအမိန့်ပေးပေး တညီတည်း လုပ်နိုင်ဖို့အတွက် မြေပေါ်တွင် သဘာဝကျစွာ ရပ်နေဖို့အတွက် သတိပုံစံသည် လုပ်ရမည်ဖြစ်ရန် ဟူသော "သတိ" စစ်ပုံစံ၏ မူလအကြောင်းရင်းများကို စစ်သားများကို ရှင်းပြပြီးနောက် –

စစ်သားတဦးကို "သတိ" ပုံစံလုပ်စေပြီး၊ စစ်သားများရှေ့တွင် ရပ်တည်စေပြီး ပြသရမည်။

နောက် ထို "သတိ" ရပ်နေသောစစ်ပုံစံမှ "နောက်လှည့်"၊ "ပစ်ရန်ဝပ်"၊ "ချီတက်" စသော ဘာစစ်ပုံစံမဆို လုပ်နိုင်ပုံကိုလဲ ရှင်းပြရမည်။

နောက် "သတိ" ပုံစံကို စစ်သားများ မိမိကိုယ်တိုင်လွတ်လပ်စွာ လိုက်ပြီးလုပ်စေရမည်။

ဤတွင် စစ်သားများကို "သတိ" ပုံစံကို တဆင့်စီ တခုပြီးတခု သင်ကြားသွားရမည်။

ပထမမှာ၊ "သတိ" ပုံစံတွင် ခြေထောက် ၂ ဘက်သည် မြေပေါ်တွင် သဘာဝကျစွာ တည့်မတ်စွာ ရပ်တည်နေရန် အရေးကြီးသည်။ ထို့အတွက် ခြေဖဝါး ၂ ဘက် မြေပေါ်ရပ်တည်ပုံမှာ သဘာဝကျရမည်။ သိပ်လဲ ကွဲမနေရ၊ နောက် သိပ်လဲပူးမနေရ။ သဘာဝကျစွာ ၄၀ ဒီဂရီမျှ ခွဲပြီးရပ်နေဖို့ အရေးကြီးသည်ဆိုပြီး ၎င်းတို့ကိုယ်တိုင် လိုက်လုပ်စေရမည်။

နောက် ခြေခွဲပုံမှန်၊ ခြေထောက်ရပ်ပုံမှန်ပြီးနောက် ဒုတိယအဆင့်တွင် ထိုခြေထောက် ၂ ဘက်အပေါ်တွင် လူ၏ခန္ဓာကိုယ် တည့်မတ်ဖြောင့်တန်းစွာ ကျနေရမည်ကို ပြောပြပြီး လိုက်လုပ်စေရမည်။

နောက် တတိယအဆင့်တွင် လူ၏ကိုယ်ထည် ဖြောင့်တန်းတည့်မတ်နေဖို့ လူ၏ရင်ဘတ်ကိုဖွင့်ပြီး ကော့နေစေရမည်။

နောက် စတုတ္ထတွင် လူ၏ဦးခေါင်းသည် ရှေ့တည့်တည့်တူရူကို ဦးတည်ပြီး ကြည့်နေရမည်။

နောက် ပဉ္စမတွင် လူ၏ဇက် – လည်ပင်းကိုဆန့်ထုတ်ပြီး ရှေ့တည့်တည့်တူရူကို ကြည့်နေရမည်။

နောက် ဆဋ္ဌမတွင် လူ၏မေးစေ့ကို အောက်သို့အနည်းငယ် ဆွဲဆန့်ထားရမည် ဖြစ်သည်။ နောက်လက် ၂ ဘက်ကို လူ၏ပေါင်တံပေါ်ဆန့်ချထားပြီး လက်ဖဝါးတွေက ပေါင်ပေါ်ဖိအပ်ထားရမည်။

ဤသို့ဖြင့် စစ်သားရဲဘော်များကို လွတ်လပ်စွာ တဦးစီလိုက်၍ "သတိ" ပုံစံကို မိမိတို့ဘာသာ မိမိတို့လိုက်ပြီး သီးခြားစီလုပ်စေရမည်။

၎င်းတို့ ပုံစံကျလာမှ အားလုံးတန်းစီပြီး သတိအမိန့်ပေးပုံစံကို တညီတည်းလုပ်စေရမည်။

သို့ဖြင့် ရဲဘော်များ "သတိ" စစ်ပုံစံကို တညီတည်းလုပ်တတ်၊ ပုံစံကျလာပြီးနောက် အခြားဘယ်စစ်အမိန့်ပေးပေး တညီတညွတ်တည်း လုပ်နိုင်ကြမည် ဖြစ်ပါသည်။

ဤသို့ ကျနော်က စစ်ပညာသင်နည်းကို ဂျပန်အရာရှိအား ပြောပြရာ ဂျပန်အရာရှိက များစွာစိတ်ဝင်စားပြီး ကျေနပ်စွာဖြင့်၊ ကျနော့်အတွက် သူတို့ဂျပန်စစ်ပညာအခြေခံစာအုပ် ၂ အုပ် ရှိသည်ကို ရှာဖွေပြီး ပေးပါမည်ဟု ဝမ်းမြောက်စွာပြောသွားသည်။

နောက် စာအုပ်ရှာမရ ထင်သည်။ ကျနော့်အား မပေးဖြစ်ပေ။

(၁၇)

အဖြစ်အပျက်ကိုစွတခုရေးဖို့ မေ့ကျန်ရစ်သဖြင့် ယခုထပ်ပြီးရေးရပါသည်။ ၁၉၄၂ ခုနှစ်ဆန်းလောက်က ကျနော့်တော်လှန်ရေးစစ်တပ် အင်္ဂလိပ်ကိုတိုက်ဖို့ ထိုင်း – မြန်မာနယ်စပ်ကို ဖြတ်ကျော်ပြီး မြန်မာပြည်ဝင်ရာတွင် မြန်မာနယ်စပ် ရွာတရွာအရောက်တွင် ယင်းရွာသူကြီးနှင့် ရွာသားများက ကျနော့်တပ်ကို ကြိုဆိုလက်ခံပြီး ကျွေးမွေးပြုစုကြပါသည်။ နောက် ကျနော့်စစ်တပ် ထိုရွာမှရှေ့သို့ ထွက်ခါနီးတွင် ရွာသူကြီးက ကျနော့်ထံလာပြီး နောင်ကျနော်တို့မြို့တော်ရှိ ကျနော့်နန်းတော်သို့ (သူ) ထိုရွာသူကြီးတို့လာပြီး ဝင်ရောက်ခွင့်တောင်းပါလျှင် ဝင်ရောက်ခွင့်ပြုသည့် ကျနော့်အမိန့်စာတစောင်ကို သူ့ (ရွာသူကြီး) ကို ပေးထားခဲ့ရန် တောက်ခံစာ အတင်းတောင်းဆိုပါတော့သည်။ ကျနော်လည်း ထိုတောက်ခံစာမျိုး မပေးချင်သဖြင့်၊ ကျနော့်တွင်

စာရေးရန်စာရွက်တွေ ပါမလာလို့ မပေးနိုင်ပါဟု တောင်းပန်ပါသည်။ ဤတွင် ထိုရွာသူကြီးက သူယူလာသော ၂ ပြားတန် ဗလာ စာအုပ်အကြမ်းကလေးနှင့် ခဲတံတိုတချောင်း ထုတ်ပေးပါသည်။

ဤတွင် ကျနော့်မှာ ထောက်ခံစာမရေးဘဲ မနေနိုင်သော အခြေအနေဆိုက်လာပါသဖြင့် ကျနော့်မှတ်စု ဗလာစာရွက်မှ စာရွက်တရွက် ဆုတ်ဖြတ်ယူပြီး အောက်ပါသဘောပါသော ထောက်ခံစာကို ရေးပေးလိုက်သည်ကို မှတ်မိနေပါသည်။

"ကျွန်ုပ်ဗိုလ်ကျော်ဇော ဦးစီးသော အင်္ဂလိပ်ကို တော်လှန်သော တော်လှန်ရေးစစ်တပ်သည် ၁၉၄၂ ခုနှစ်က ဖာပြည်တွင်းရှိ အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ရန် ယိုးဒယား – မြန်မာနယ်စပ်ကို ဖြတ်ကျော်ပြီး ဖာပြည်အတွင်း ဝင်ရောက်ချီတက်ရာတွင် ဖာပြည်တွင်း နယ်စပ် (ရွာ–အမည်) သို့ရောက်ရှိစဉ် (ရွာသူကြီး အမည်) ရွာသူကြီးခေါင်းဆောင်ပြီး ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏စစ်တပ်ကို ကောင်းစွာကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည်ကို ကျွန်ုပ်နှင့်တကွ မြန်မာ့တော်လှန်ရေး တပ်မတော်က အထူးကျေးဇူး တင်ရှိပါသည်။"

"သို့ဖြစ်ပါ၍ ၎င်း ... ... ရွာသူကြီးဦး ... ... သည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ကျွန်ုပ်၏နန်းတော်သို့ ဝင်ရောက်ခွင့် တောင်းခဲ့ပါလျှင် ဝင်ခွင့်ပေးလိုက်ကြပါရန် ကျွန်ုပ်က ညွှန်ကြားခွင့်ပြုလိုက်ပါသည်။" ဟူသော သဘောပါသည့် ကျွန်ုပ်၏ထောက်ခံစာကို မလွှဲသာဘဲ ရေးပေးခဲ့ရပါသည်။ ကျနော် လက်မှတ်ထိုးပေးခဲ့ပါသည်။

ထိုသို့ ကျနော်ရေးပေးသော ထောက်ခံစာကို ၎င်းရွာသူကြီးနှင့် သူ၏လူစု ရရှိသွားသောအခါ များစွာဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကျေးဇူး တင်ကြောင်း ဝမ်းသာကြောင်းပြော၍ ခေါင်းညွှတ်အလေးပြု နှုတ်ဆက်ကြပါတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာတို့က ကျနော့်တပ်ရင်း (၄) ၏ စစ်ပညာ အခြေအနေကောင်းပုံကို သိရှိလာကြပြီး ဗမာ့တပ်မတော်မှ တပ်ရင်း (ဘယ်တယ်လီယံ) တိုင်း တပ်ရင်း (၄) လို စစ်ပညာ စစ်စည်းကမ်း အခြေအနေများ ကောင်းမွန်လာရန် စီစဉ်ပါသည်။

စီစဉ်ပုံမှာ တပ်မတော်တွင် "စံပြ" တပ်ရင်းတရင်း တည်ထောင်ပြီး ကျနော့်ကို ကိုင်စေပါသည်။ ထိုစံပြတပ်ရင်းသို့ တပ်မတော်ရှိ တပ်ရင်းတိုင်းက ကောင်းမွန်သော အရာရှိအကြပ် (၂၀) လောက်မျှစီ ပေးပို့ပြီး စစ်ပညာ (၆) လမျှ သင်ကြားရန်၊ ပြီးလျှင် ထိုသူများ မိမိတို့တပ်ရင်းပြန်ပြီး မိမိတပ်ရင်းတွင် တပ်အသစ်တည်ဆောက်ကြရန် ဖြစ်ပါသည်။

ထိုစဉ်က စစ်ပညာကောင်းစွာ တတ်မြောက်လိုသူများ စံပြတပ်ရင်းသို့ တက်ရောက် ပညာသင်ကြလိုပါသည်။

ကျနော်သည် ကျနော့်လက်ထောက် ဗိုလ်အောင်မင်းကို ခေါ်ပြီး ကျနော်တို့ (၂) ယောက်က စံပြတပ်ရင်းတွင် စစ်ပညာများ ပို့ချပါတော့သည်။

ထိုစဉ်က ဗမာ့တပ်မတော်မှ ကာနယ်မောင်မောင် (နောင်–ဗိုလ်မှူးချုပ်) လဲ သူ့စစ်ပညာအခြေခံရအောင် စံပြတပ်ရင်းတွင်လာပြီး စစ်သင်တန်း တက်ပါသည်။

စံပြတပ်ရင်းတွင် နံနက်ပိုင်း၊ ညနေပိုင်းနှင့် ညပိုင်းတွင်လည်း ညသင်ခန်းစာ (သို့မဟုတ်) ညတိုက်ပွဲ လေ့ကျင့် သင်ကြားခြင်း တို့ဖြင့် ကျနော့်မှာအလွန် ပင်ပန်းနွမ်းနယ်လှပါသည်။ သို့သော် တပ်မတော်တခုလုံး ကောင်းဖို့အရေး ဖြစ်သဖြင့် တတ်နိုင်သမျှ ကြိုးစားပြီး သင်ကြားပါသည်။

စံပြတပ်ရင်းတွင် ကျနော်စစ်ပညာ သင်ကြားပို့ချနေရင်း တဖြည်းဖြည်းသိလာရသည်မှာ တပ်ရင်းအသီးသီးက မိမိတို့တပ်ရင်းကို တပ်သစ် တည်ဆောက်ဖို့ လူကောင်းများကို စံပြတပ်ရင်းသို့ ရွေးခြယ်ပေးပို့ရမည့်အစား အများမှာ မိမိတပ်ရင်းတွင် ပြောရခက် ဆိုရခက်သော လူဆိုးလူညံ့များကိုသာ လူကောင်းဖြစ်လာစေရန် ရည်ရွယ်ပြီး ပေးပို့သူများလည်း ပါလာသဖြင့် ကျနော် များစွာစိတ်ထိခိုက်ရသည်။ ထိုအများအားဖြင့် ညံ့သောသူများဖြင့် တပ်သစ်ဖွဲ့ဖို့ လေ့ကျင့်ပေးရန်မှာ ကျနော့်အတွက် အလွန်ခက်ခဲပင်ပန်းသောအလုပ် ဖြစ်နေပါသည်။

တပ်ရင်းမှူးများမှာ မိမိတပ်ရင်း နောက်တပ်သစ်တည်ဆောက်ရေး ရည်မှန်းချက်ထက် လောလောဆယ် မိမိလက်အောက် ပြောရခက် ဆိုရခက် လူများကို လူကောင်းတွေဖြစ်လာရေး ရည်ရွယ်ပြီး ပို့ကြပါသည်။ လူကောင်းများလည်း ပါတော့ပါပါသည်။ ထိုအထဲတွင် စစ်ပညာကောင်းစွာ မသင်ကြားဖူး သေးသော ပညာတတ်တချို့လည်း ပါလာပါသည်။

ကျနော်လည်း တွေ့ကြုံရသော အခက်အခဲကြောင့် စိတ်ပျက်စိတ်ညစ်နေလို့မဖြစ် တတ်နိုင်သမျှ ကြိုးစားရတော့မည်ဟု ဆုံးဖြတ်ပြီး များစွာ အပင်ပန်းခံကြိုးစားပြီး သင်ကြားပို့ချပါသည်။ လူဆိုးများကိုလည်း တပ်မတော်ထဲဝင်ပြီး လူဆိုးလုပ်နေလို့ မသင့်ကြောင်း တပ်မတော်ဟာ ပြည်သူထဲမှာ စံပြတွေဖြစ်အောင် မျိုးချစ်သူရဲကောင်းတွေဖြစ်အောင် လုပ်ပြကြရမည်ဖြစ်ကြောင်း စသည်တို့ကို နိုင်ငံရေးတရားများဟောပြောပြီး သင်ကြားရသည်။ ထိုသို့ ကျနော်တို့ ကြိုးစားသဖြင့် အထိုက်အလျောက် အကျိုးရှိလာသည်။

စံပြတပ်ရင်းတွင် မူလလူဆိုးများထဲမှလည်းကောင်း၊ မူလစစ်ပညာကောင်းစွာ မသင်ကြားရသော သူများထဲမှလည်းကောင်း စံပြတပ်ရင်းတွင် ထူးချွန်သူများ ပေါ်ထွက်လာပါသည်။ ထိုအထဲမှ ကျနော် ပုဂ္ဂိုလ်နှစ်ဦးကို မှတ်မိနေပါသည်၊ တဦးမှာ မူလက လူဆိုးတဦး ဖြစ်ခဲ့သော ဗိုလ်အောင်ဇေယျ ဖြစ်သည်၊ ဗိုလ်အောင်ဇေယျမှာ လူကောင်းတဦး ဖြစ်လာပြီး တပ်မတော်၏ တပ်မှူးကောင်းကြီးတယောက် ဖြစ်လာတော့သည်။

ယဉ်ကျေးမှုအခြေခံ ကောင်းမွန်သော်လည်း စစ်ပညာအခြေခံ မတတ်မြောက်သဖြင့် တပ်မှူးကောင်းဖြစ်လာဖို့ ခက်ခဲသူများမှာ အများမှာလည်း စစ်ပညာတတ်ပြီး တပ်မှူးကောင်းတွေ ဖြစ်လာကြသည်။ ထိုအထဲမှ ကျနော်မှတ်မိသူတဦးမှာ ဗိုလ်လွန်းတင် ဖြစ်သည်။ ဗိုလ်လွန်းတင်သည် နောင်တပ်မတော် တပ်မှူးကောင်းကြီးတဦး ဖြစ်လာတော့သည်။

စံပြတပ်ရင်းမှ တပ်မှူးကောင်းတွေ အတော်များများ ထုတ်လုပ်နိုင်ခဲ့သော်လည်း စံပြတပ်ရင်းမှာ မူလရည်မှန်းသလောက် အကောင်အထည် မဖော်နိုင်ခဲ့ပေ။

ဤသို့ဖြင့် စံပြလေ့ကျင့်ရေး တပ်ရင်းသင်တန်းများ ပြီးဆုံးပါတော့သည်၊ ပြီးလျှင် စံပြတပ်ရင်းကို ဖျက်သိမ်းပါတော့မည်၊

ကျနော့်အားလည်း စံပြတပ်ရင်းပြီးလျှင် မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းအုပ်အဖြစ် သွားရမည်ဟု သတင်းထွက်လာပါသည်။

ထိုအတွင်း ဗိုလ်ချုပ်အောင်ဆန်းတို့ကလည်း နောင်ဂျပန်တော်လှန်ရေးအတွက် ဗမာ့တပ်မတော်တိုးချဲ့ရန် စီစဉ်ကြိုးစားနေရာ နောက်ထပ် ခြေလျင်တပ်ရင်းသစ် (၃) ရင်းဖွဲ့ဖို့ ဂျပန်များနှင့် သဘောတူညီမှု ရလာပါသည်။ ဂျပန်များက တပ်ရင်းသစ်တွေကို လက်နက်တပ်ဆင်ပေးရမည် ဖြစ်သည်။ ဗိုလ်ချုပ်တို့က အင်္ဂလိပ်တိုက်ရေးဟု ဂျပန်များကို အယုံသွင်းခဲ့ပါသည်။

နောက်ထပ် တပ်ရင်းသစ် (၃) ရင်းကို မင်္ဂလာဒုံတွင် တရင်း၊ ပဲခူးတွင် တရင်း၊ မှူးမနားတွင် တရင်းတို့ ဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်မြို့တွင် ကရင်တပ်ခွဲအချို့ရှိရာ ၎င်းကိုလည်း ကရင်တပ်ရင်းအပြည့် တရင်းဖွဲ့စည်းရန် စီစဉ်ပါသည်။

ထိုတပ်ရင်းသစ် (၄) ရင်းကို စစ်ပညာများသင်ကြားရေးကို အုပ်ချုပ်ကွပ်ကဲရန် ကျနော့်အား တာဝန်ပေးပါသည်။ ကျနော်သည် ထိုတပ်ရင်းများ ရှိရာဒေသသို့သွားပြီး တပ်ရင်းမှူးများနှင့် တပ်သားများကို စစ်ပညာသင်ကြားရေးအတွက် ဆွေးနွေးစီစဉ်ရပါတော့သည်။

ကျနော်သည် ထိုတပ်ရင်းများအတွက် စစ်ပညာသင်တန်း အပတ်စဉ်သင်တန်း အချိန်ဇယားများကို အချိန်မီ ရေးဆွဲပေးခြင်းနှင့် အချို့ စစ်ပညာများကို သင်နည်းမှတ်ချက်များ ရေးပေးခြင်း မှတ်စုစာတမ်းများရေးပြီး ပေးပို့ခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။ ၎င်းတပ်ရင်းများကိုလည်း မကြာခဏ သွားပြီး သင်ကြားပို့ချခြင်းကို ဆွေးနွေးညှိနှိုင်းခြင်းများ စစ်ဆေးခြင်းများလည်း လုပ်ရပေသည်။ သို့ဖြင့် တပ်ရင်းသစ်များ စစ်ပညာသင်ကြားမှု အခြေအနေမှာ အတော်ချောမွေ့ လာပါတော့သည်။ နောက် သင်တန်းများလည်း ပြီးဆုံးခါနီး ဖြစ်လာပါတော့သည်။

ထိုအတွင်း ၁၉၄၄ ခုနှစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းက ကျနော့်ကိုခေါ်ပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် သခင်စိုးနှင့် သူဆွေးနွေးညှိနှိုင်း လုပ်ကိုင်ရန် သခင်စိုးကို ကျနော်က မြစ်ဝကျွန်းပေါ် ဒေးဒရဲဒေသမှ ပဲခူးရှိကျနော့်အိမ်သို့ ခေါ်ယူလာရန်နှင့် အသေးစိတ်အစီအစဉ်ကို သခင်သန်းထွန်းနှင့် တွေ့ဆုံစီစဉ်ရန် ညွှန်ကြားပါသည်။

ကျနော်သည် ဖက်ဆစ်ဂျပန်တော်လှန်ရေး နီးကပ်လာပြီကို သိလာရသဖြင့် များစွာစိတ်အားတက်ကြွ လာပါသည်။ ဝမ်းမြောက်ဝမ်းသာ သခင်သန်းထွန်းထံ သွားပါသည်။ သခင်သန်းထွန်းက ကျနော့်ကို သခင်စိုးနှင့် တွေ့ရန်စီစဉ်ပေးမည့် ဒေးဒရဲမြို့မှ ကွန်မြူနစ်ပါတီဝင်လူကြီး သခင်မြသွင်အိမ်သို့ လမ်းညွှန်လိုက်ပါသည်။ စာတစောင်လဲ ပေးလိုက်ပါသည်။

ကျနော်သည် သခင်စိုးခေါ်ယူဖို့ အစောင့်အရှောက်အတွက် လူ ၃၊ ၄ ယောက်ကို စစ်တပ်ထဲက လူကိုမရွေးခြယ်ဘဲ ပို၍နှုတ်လုံရန် ကျနော်တို့ ဘီအိုင်အေ တပ်ဖျက်စဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာတို့ မှာကြားချက်အတိုင်း လူတချို့ကို ဘီဒီအေတပ်ထဲ ဆက်မထည့်ဘဲ အပြင်တွင် ဂျပန်တော်လှန်ရေးအတွက် လျှို့ဝှက်ချန်ခဲ့သော ပဲခူးကိုကြီးမြင့် (၎င်းမှာ အင်ဂျင်နီယာ ကျောင်းသား ဖြစ်ပြီး ဘီအိုင်အေ ကာလက ပုသိမ်ရှိတ်တာဝန်ခံ တပ်မှူးကြီးဖြစ်ခဲ့ပြီး နောင်ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် လူကြီးတဦး ဖြစ်လာသူ) ၂။ ဒလ ဗိုလ်ထွန်းစိန် [မြို့မကျောင်းသားဟောင်း ဘီအိုင်အေအတွင်း ကျနော်၏အတွင်းရေးမှူး နောင်ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဦး (ကွယ်လွန်)] ၃။ ကိုကြီးမြင့်၏သူငယ်ချင်း ကိုဖေညွှန့် (အင်ဂျင်နီယာကျောင်းသား၊ သထုံခရိုင် တော်လှန်ရေးခေါင်းဆောင်ဖြစ်ခဲ့သူ) ၄။ ကျနော် နာမည်မမှတ်မိ၊ ကိုကြီးမြင့်စည်းရုံးထားသူ ဘီအိုင်အေ တပ်မှူးဟောင်း တဦး ဖြစ်ခဲ့ဟန်ရှိသူ – ပေါင်း (၄) ဦး ဖြစ်ပါသည်။

ကျနော်တို့အဖွဲ့ မြစ်ဝကျွန်းပေါ် ဒေးဒရဲမြို့ကိုသွားကြပြီး သခင်မြသွင်၏ စီစဉ်မှုဖြင့် သခင်စိုးရှိရာ ဒေးဒရဲမြို့မှ ရေကြောင်းမော်တော်ဖြင့် ၅ နာရီခန့် သွားရသည့် "ငှက်ကလေးရွာ" သို့ မော်တော်ဖြင့် သွားကြပါသည်။

ကျနော်တို့ ငှက်ကလေးရွာ မြေပိုင်းစာရေးဖြစ်သူအိမ်သို့ ရောက်ပါသည်။ မြေပိုင်းစာရေးနာမည်ကို မေ့တေ့တေ့ ဖြစ်နေပါသည်။ ကိုစံတင် ဟုထင်ပါသည်။ ဇနီးဖြစ်သူမှာ ဒေါ်ငွေစံ ဖြစ်ပါသည်။ အိမ်မှာတောင့်တင်းခြင်းမရှိ နှစ်ထပ်သွပ်မိုး တလိုင်းအိမ်ကလေး ဖြစ်သည်။

ထိုအိမ်တွင် သခင်စိုးက ကျနော်တို့အဖွဲ့ကို ဝမ်းမြောက်စွာ ကြိုဆိုပါသည်။ ကျနော်က ကျနော့်အဖွဲ့တွင်ပါလာသူများ ဗမာ့တပ်မတော် တပ်ကြပ်ယူနီဖောင်းများ ဝတ်ထားသော်လည်း လက်ရှိတပ်ထဲက တပ်ကြပ်တွေမဟုတ်ဘဲ ဘီအိုင်အေတပ် တပ်မှူးဟောင်းများဖြစ်ပြီး တပ်အပြင်တွင် ချန်ထားကာ ဂျပန်တော်လှန်ရေး လုပ်နေသူတွေဖြစ်ကြောင်း မိတ်ဆက်ပေးပါသည်။

ဤတွင် သခင်စိုးက ပြောပြသည်မှာ သူချက်ချင်း ဗိုလ်ချုပ်အောင်ဆန်းထံ မလိုက်နိုင်သေးကြောင်း ငှက်ကလေးရွာတွင် ၁ လမျှ နိုင်ငံရေးသင်တန်း ပေးစရာကိစ္စတွေရှိနေကြောင်း ထိုကိစ္စကိုလည်း ဗိုလ်ချုပ်အောင်ဆန်းထံ အကြောင်းကြားပြီး၍ သဘောတူချက်ရပြီဖြစ်ကြောင်း ကျနော်တို့ကိုလည်း အားလုံး ဒီနိုင်ငံရေးသင်တန်းမှာ တက်ရောက်စေလိုကြောင်း ထိုအကြောင်းကိုလည်း ဗိုလ်ချုပ်အောင်ဆန်းထံ အကြောင်းကြားပြီးဖြစ်ကြောင်း ပြောပါသည်။

ကျနော်တို့လည်း သခင်စိုးကို ဘာမှမပြင်းတော့ဘဲ သူ့ထံမှ နိုင်ငံရေးသင်တန်းတက်ဖို့ လုပ်ရပါသည်။ သင်တန်းမစမီ ကျနော်က ရွာအခြေအနေကို မေးပြီး လုံခြုံရေးစီမံကိန်းတခုကို ရေးဆွဲပါသည်။ ၎င်းမှာ ကျနော်မှတ်မိသလောက် သင်တန်းအတွင်း သဘော်တစင်းစင်းလာသည်ကို အဝေးကြီးက လှမ်းမြင်နိုင်သော ကျနော်တို့ အိမ်အနီးတနေရာတွင် အစောင့်တယောက်ထားပြီး သင်္ဘောမြင်လျှင် ကျနော်တို့ထံ အမြန်အကြောင်းကြားရန် ထိုစဉ် သင်တန်းတက်နေသူများက ကျနော်တို့ကိုသာ ထားရစ်ခဲ့ပြီး ရွာထဲသို့ အမြန်ရှောင်တိမ်းသွားကြရန်နှင့် အကယ်၍ ဂျပန်များက အိမ်ပေါ်တက်ပြီး နောက်ဆုံးကျနော်တို့ကို ဖမ်းဆီးဖို့အထိဖြစ်လာသော် ကျနော်၊ ကိုကြီးမြင့်၊ ကိုဖေညွှန့်တို့ သုံးယောက်က ဂျပန်များကို ခုခံခတ်တိုက်ခိုက်မည်။ ကျန်သူများက အိမ်ပထမထပ် ခေါင်မိုးသွပ်ပြားပေါ်မှ သိပ်မမြင့်လှသော မြေပေါ်ခုန်ချပြီး ထွက်ပြေးကြရန် ဖြစ်သည်။

ထိုစီမံကိန်းကို သခင်စိုးအားပြသရာ များစွာကျေနပ်သဖြင့် အားလုံးကိုသိရှိထားရန် ပြသလိုက်ပါသည်။

သင်တန်းတွင် ကျနော်မှတ်မိသလောက် အနုပဋိလောမကျမ်း၊ မာ့က်စ်ဝါဒကျမ်းငယ်ကို စတင်ပို့ချရာ ၂ ရက်မျှကြာလာသော အခါ သခင်စိုးမှာ များစွာကျမ်းကြေပြီး အပြောအဟော ကောင်းသဖြင့် ကျနော်တို့မကြားဖူးသော စကားများကြောင့် များစွာအံ့သြပြီး အထူးစိတ်ပါလက်ပါ လိုက်နာမှတ်သား၍ နေပါတော့သည်။ ကျနော်တို့သည် သင်တန်းတွင်နစ်မွန်းပြီး ဘဝသစ်တခုသို့ ရောက်နေသည် ထင်ရပါသည်။ ကျနော်တို့ သခင်စိုးသင်တန်းတွင် မြောပါသွားပါတော့သည်။

သင်တန်းတက်သူများထဲတွင် ကျနော်တို့ အုပ်စုမှ ၄၊ ၅ ယောက်နှင့် သခင်စိုးထံ ရောက်နေသော လူ ၅၊ ၆ ယောက်လောက် ရှိမည်ထင်ပါသည်။ အမျိုးသမီး ၂ ဦး ပါဝင်ပါသည်။ တဦးမှာ နောင်မြန်မာပြည်တွင် အလံနီ ဒေါ်စောမြဟု နာမည်ကြီးသူ မစောမြနှင့် နောက်တယောက်မှာ အသားခပ်ဖြူဖြူ အရပ်မြင့်မြင့်နှင့် ရုပ်ရည်သားနားပြီး ကျနော်နာမည်မေ့နေသူတဦး ဖြစ်ပါသည်။ နောင်ဗမာပြည် နိုင်ငံရေးတွင် ထင်ထင်ရှားရှား ပါဝင်သည်ဟု မသိရတော့ပါ။

တနေ့တွင် သင်တန်းခေတ္တရပ်နားထားစဉ် သင်တန်းသားများလည်း ရွာအတွင်းထွက်သွားကြစဉ် ကျနော်တို့အိမ်ကလေးမှာ "ဒုတ်" ကနဲဆိုပြီး တခုခုနှင့် ဆောင့်မိသလို တုန်ခါသွားပါသည်။ သဘော်စက်သံလည်း ကြားလိုက်ရသဖြင့် သဘော်တစင်း အိမ်ဘေးတွင် ဆိုက်ကပ်ပြီဟု သိလိုက်ရပါတော့သည်။ ကျနော်တို့ နားစွင့်လိုက်စဉ် လူသံများကြားရပြီး ဂျပန်စကားသံများလည်း ကြားလိုက်ရသဖြင့် ကျနော်တို့သည် အသင့်ထောင်ထားသော သေနတ်များကို ပြေးဆွဲလိုက်ပြီး လှေကားထိပ်သို့ ခပ်ဖော့ဖော့နင်းသွားကာ အလျားမှောက် နေရာယူလိုက်ကြသည်။ (ထိုအချိန်က ကျနော်တို့အိမ်အပေါ် ထပ်ခိုးကလေးတွင် ရှိနေစဉ် ဖြစ်ပါသည်။) ကျနော်တို့ လှေကားပေါက်မှ ချောင်းကြည့်နေစဉ် ဂျပန်အရာရှိ ဖြစ်ဟန်ရှိသူတယောက်နှင့် ဂျပန်တပ်ကြပ်တယောက်အပြင် မြန်မာအရာရှိထင်ရသူနှစ်ယောက် သဘော်ပေါ်မှ အိမ်ထဲသို့ ဝင်လာကြပါသည်။

ကိုကြီးမြင့်က လှေကားထိပ်တွင် တော်မီဂန်းနှင့် မှောက်လျက်လည်းကောင်း၊ ကိုဖေညွန့်က မျက်နှာချင်းဆိုင် လှေကားအိမ်ပေါ်တွင် ဆောင့်ကြောင့် ထိုင်ပြီး တော်မီဂန်းတလက်ကို ကိုင်ထားပါသည်။ ကျနော်က ကိုကြီးမြင့်နောက်နားက ကာဘိုင်သေနတ်ဖြင့် ဝပ်လျက်ရှိနေကြပါသည်။ သခင်စိုးမှာ သင်တန်းပေးသည့်နေရာတွင်ပင် ထိုင်နေပါသည်။ ကျနော်တို့ ချောင်းကြည့်နေစဉ်မှာပဲ ဒေါ်ငွေစံမှာ ဧည့်သည်များကို နေရာထိုင်ခင်းပေးလျက် ဧည့်ခံကြိုဆိုခြင်း ပြုနေပါသည်။

အံ့ဩကျေနပ်ဖွယ်ကောင်းသည်မှာ ဒေါ်ငွေစံသည် သူ့အိမ်အပေါ်ထပ်တွင် ကျနော်တို့နှင့် သခင်စိုးကို လျှို့ဝှက်ထိန်းသိမ်းထားရသော်လည်း မျက်နှာထားတစုံတရာ ရှုံ့ကြောက်စိုးရိမ်နေမှုမရှိ ပကတိတည်ကြည်အေးချမ်းစွာနှင့် ဧည့်သည်များကို ပြုစုနေခြင်းကို တွေ့ရလို့ ဖြစ်ပါသည်။ ကိုစံတင်တော့ ဘယ်လိုနေသည် မမြင်တွေ့ရပါ။ ကျနော်တို့မှာ ဂျပန်အိမ်အပေါ်ထပ် တက်လာမလား တထိတ်ထိတ် စိတ်ပူပန်နေပါသည်။

ဂျပန်တို့က ရွာသားများကို အခေါ်ခိုင်း၍ ကိုစံတင်တို့ထွက်ပြီး ခေါ်ပါသည်။ ရွာသားများမှာ အပေါ်ထပ်တွင် ကျနော်တို့ သခင်စိုးတို့ ရှိနေကြောင်း သိကြပါသည်။

ဂျပန်စစ်ဗိုလ်က ရွာသားများကို စတင်ပြီး စကားပြောပါသည်။ နိပ္ပွန်အစိုးရနှင့် တပ်မတော် (ဂျပန်အစိုးရနှင့်တပ်) တို့က အနောက်နိုင်ငံ အုပ်စိုးသူတို့ကို အာရှတိုက်မှ မောင်းထုတ်ခဲ့သည်။ ဗမာပြည်တွင်လည်း အုပ်စိုးခဲ့သူ အင်္ဂလိပ်များကို ဗမာပြည်သူများနှင့် အတူမောင်းထုတ်ခဲ့ရာ အင်္ဂလိပ်တို့ ထွက်ပြေးရပြီ ဖြစ်ကြောင်း အာရှတိုက်နေရာတကာတွင် နိပ္ပွန်တပ်မတော်က အောင်နိုင်လျက်ရှိပြီး အေးချမ်းနေကြောင်း အရှေ့အာရှသာတူညီမျှစနစ်ဖြင့် ဂျပန်အကူအညီဖြင့် မြန်မာပြည် ကြွယ်ဝလာမှာ ဖြစ်ကြောင်း စသည်တို့ကို ပြောဟောပါသည်။

ကျနော်တို့မှာ ဂျပန်အိမ်ပေါ် တက်လာမလားသာ အလွန်စိတ်ပူပန်စွာဖြင့် ငြိမ်သက်စွာ စောင့်နေကြသည်။

ထိုစဉ်က ကျနော်တို့အန္တရာယ်တခုနှင့်လည်း ကြုံတွေ့ခဲ့ရသည်ကို ကျနော် နောင်နှစ်ပေါင်းများစွာကြာမှ သိခဲ့ရသည်။ ထိုစဉ်ကမသိခဲ့ရပါ။

ထိုအဖြစ်အပျက်မှာ – ကျနော်တပ်မတော်မှ ၁၉၅၆ ခုနှစ်ထွက်ရပြီး စမ်းချောင်းရပ်ကွက်က အိမ်တွင်နေထိုင်နေစဉ် မြို့ပေါ်ပြန်ရောက်လာသော ရဲနီကျော်ဝင်း ကျနော့်အိမ်ကိုလာရောက်ပြီး သူရေးသားနေသော ဆောင်းပါးမှ အချို့အချက်အလက်တွေကို ကျနော်ထံလာပြီး မေးမြန်းပါသည်။ မေးမြန်းပြီးနောက် စကားစမြည်ဆက်ပြောရာ ဂျပန်ခေတ် "ငှက်လေး" ရွာအကြောင်း ရောက်သွားပါသည်။

ရဲနီကျော်ဝင်းသည် ဂျပန်ခေတ်တွင် ငှက်လေးရွာရှိ သခင်စိုးထံ မကြာခဏလာရောက် လည်ပတ်တတ်ရာ ၁၉၄၄ ခုနှစ် ကျနော်တို့ကို သခင်စိုးက နိုင်ငံရေးသင်တန်းပို့ချနေစဉ် ငှက်လေးရွာသို့ ရောက်လာရာ ကိုစံတင်တို့အိမ်လာလည်ပတ်နေစဉ် အထက်ဖော်ပြပါ ဒေါ်ငွေစံအိမ် ဂျပန်သဘော်ဆိုက်သည့်အဖြစ်နှင့် ကြုံနေပါတော့သည်။ ထိုစဉ်သူ့မျက်စိရှေ့တွင် အိမ်ပေါ်ထပ်တက်သည့် လှေကားရင်းတွင် ကျနော်စီးနေကျ မြင်းစီးဘိနပ်ရှည်ကြီးတရံ ချွတ်ထားတာကို သူမြင်တွေ့ပြီး ချက်ချင်းအနီးရှိ တောင်းတလုံးထဲထည့်ကာ အပေါ်ကပုဆိုးတထည်ဖုံး ထိုအိမ်ပေါ်ကနေထမ်းယူချလာရပြီး ရွာထဲသို့ ရှောင်လာရကြောင်း ပြောပြပါသည်။ ကျနော်တို့ကို ကယ်တင်လိုက်တာ ဖြစ်ပါသည်။ ထိုဘိနပ်ရှည်ကြီးကိုသာ ဂျပန်များတွေ့သွားပါက စစ်ဗိုလ်တယောက် ရောက်နေသည်ကို သိသွားနိုင်ပြီး အိမ်အပေါ်ကို တက်ကြည့်နိုင်ပါသည်။

ကျနော်လည်း ဒီတော့မှ အန္တရာယ်တခုမှ သီသီလေးလွတ်လာရသည်ကို သိရ၍ ရဲနီကျော်ဝင်းကို ကျေးဇူးတင်ကြောင်း ပြောရပါသည်။

ဒေါ်ငွေစံက ထိုဂျပန်အဖွဲ့ကို နေ့လည်စာ ကျွေးမွေးဧည့်ခံပါသည်။ သည့်နောက် နေ့လည်တွင် ဂျပန်များသူတို့ မော်တော်ဖြင့် တခြားကို ထွက်သွားပါတော့သည်။ သည်တော့မှ ကျနော်တို့သက်ပြင်းချနိုင်ပြီး အန္တရာယ်မှ လွတ်မြောက်ပါတော့သည်။

ကျနော် ၁၉၅၀ ခုနှစ်ကျော်စ ဗိုလ်မှူးချုပ်အဖြစ် တပ်မတော်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှူးဖြစ်နေစဉ် အလံနီပါတီမှ ဖမ်းဆီးရမိသော စာရွက်စာတမ်းများကို ဖတ်ရှုမိရာ သခင်စိုးရေးသော ဆောင်းပါးတစောင်တွင် သခင်စိုးက သူ့ဘဝအသက်အန္တရာယ်နှင့် ကြုံရသော အဖြစ်အပျက် (၃) ခု ရှိခဲ့သည်ဟု ရေးသားထားရာ တခုတွင် ထို ၁၉၄၄ ခုနှစ် "ငှက်လေးရွာ" တွင် ကျနော်တို့နှင့် အတူတွေ့ကြုံရသော အန္တရာယ်ကို တခုအဖြစ်ဖော်ပြထားသည်ကို တွေ့ရပေသည်။

သခင်စိုးဘဝမှာ ဂျပန်ခေတ်ကလည်း မြေအောက်ပုန်းလျှိုးပြီးနေရ နောက် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတော့လည်း မြေအောက်ဖြစ်နေရသဖြင့် ကျနော်သည် များစွာစိတ်မကောင်း ဖြစ်ခဲ့မိပါသည်။

ဂျပန်များထွက်သွားပြီးနောက် သခင်စိုးက လက်ရှိအိမ်တွင်ဆက်ပြီး ကွန်မြူနစ်သင်တန်းပေးရန် မသင့်တော်တော့ဟု ယူဆပြီး ထိုရွာအနီးက တခြားရွာတရွာမှ ဘုန်းကြီးကျောင်းတကျောင်းကို ပြောင်းရွှေ့ပြီး သင်တန်းဆက်ပေးပါသည်။ သင်တန်းတွင် ကွန်မြူနစ်ဝါဒအကြောင်းများသာမက ဖက်ဆစ်ဆန့်ကျင်ရေးဝါဒ သင်တန်းများပါ ပေးပါသည်။ ကျနော်တို့လည်း စိတ်ဝင်တစားလေ့လာ ကြပါသည်။

နိုင်ငံရေးသင်တန်းရက် တလကျော်ကျော်မျှ ရှိလာတော့မှ နိုင်ငံရေးသင်တန်း ပြီးဆုံးပါတော့သည်။ ကျနော်တို့လည်း လူ့ဘဝအသစ်ကို ရောက်လာရသလို ခံစားရပြီး များစွာဝမ်းသာတက်ကြွ ရွှင်လန်းနေပါတော့သည်။

လူတို့၏ ဘဝမှာ တရိစ္ဆာန်ဘဝမှ ဆင်းသက်လာခဲ့ရာ ယခုအခါ လူ့ဘဝ (၃) ဆင့်သို့ ရောက်ခဲ့ပြီးဖြစ်၏။ ပထမအဆင့် လူ့ဘဝမှာ "ကျေးကျွန်စနစ်" ဘဝဖြစ်သည်။ ထိုဘဝတွင်လူများစုဖြစ်သော လူသားကျေးကျွန်တို့မှာ လူနည်းစု ကျေးပိုင်ကျွန်ပိုင်ရှင်တို့က သက်ဦးဆံပိုင် သွေးစုပ်ခြယ်လှယ် အုပ်ချုပ်စိုးမိုးထားခြင်းကို ခံခဲ့ရပြီး အလွန်ဆင်းရဲသော ခေတ်ဖြစ်ပေသည်။

နောက်လူသားတို့သည် ဘဝဆိုးသွမ်းလှသော ကျေးကျွန်စနစ်ကို တော်လှန်တိုက်ခိုက်ကြရာ ဒုတိယအဆင့်ဖြစ်သော "ဘုရင်ခေတ်" "ပဒေသရာဇ် မြေရှင်ခေတ်" သို့ ရောက်လာပေသည်။

ပဒေသရာဇ် မြေရှင်ခေတ်မှာ ကျေးကျွန်စနစ်ထက်သက်သာ ကောင်းမွန်သော်လည်း ဆိုးသွမ်းသော ဝါ့မင်းဝါ့ချင်း အာဏာရှင်စနစ်ပဲ ဖြစ်နေသေး၍ လူသားတို့သည် မိမိတို့ဘဝ ကောင်းမွန်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြရာ ယခုနောက်ဆုံး "ဒီမိုကရေစီအရင်းရှင်စနစ်" ခေတ်သို့ ကမ္ဘာ့တိုင်းပြည်အများစုကြီး ရောက်ရှိလာပြီ ဖြစ်သည်။

ယခုရောက်ရှိနေသော ဒီမိုကရေစီအရင်းရှင်စနစ်မှာ ပထမ ကျေးကျွန်စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်တို့နှင့် စာလျှင်များစွာ ကောင်းမွန်တိုးတက်လာသော်လည်း ၎င်းစနစ်မှာလည်း လူသားအချင်းချင်း တဦးလည်ပင်းတဦးနင်းပြီး ရက်စက်စွာသွေးစုပ်ပြီး အကျိုးအမြတ်ရှာကြံရခြင်း၊ လူအချင်းချင်း ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားပြီး ကမ္ဘာကြီးဆင်းရဲနေသေးခြင်း တို့ကြောင့် ထိုအရင်းရှင်ဓါတ်မှာလည်း လူသားတို့၏ယဉ်ကျေးမှုနှင့် မကိုက်ညီဟု ယူဆလာကြပေသည်။

ထိုအတွင်း ၁၉ ရာစုတွင် ဂျာမန်လူမျိုး ကာလ်းမာ့က်စ်ဆိုသူပေါ်လာပြီး ထိုပုဂ္ဂိုလ်က လူသားအချင်းချင်း သွေးစုပ်မှုကင်းသော သာတူညီမျှ ချမ်းသာကြွယ်ဝလာနိုင်သော ကွန်မြူနစ်ဝါဒ လူ့လောကစနစ်ကို တီထွင်ဖန်တီးရေးသားမှုများ ပေါ်ပေါက်လာသဖြင့် ဤလူ့ကမ္ဘာတွင် ကွန်မြူနစ်ဝါဒစနစ်ဟု ပေါ်ပေါက်လာခဲ့ရပေသည်။

ထို့ကြောင့် ဥရောပတွင် ဆင်းရဲသောဆိုဗီယက်ရုရှားနိုင်ငံတော်ကြီးသည် ၁၉၁၇ ခုနှစ်တွင် အောက်တိုဘာ ကွန်မြူနစ်တော်လှန်ရေးကြီးတရပ် ဆင်နွဲအောင်မြင်ပြီး ဆင်းရဲလှသော ရုရှားနိုင်ငံဘဝမှ အနှစ် (၇၀) အတွင်း ဆိုရှယ်လစ် ဆိုဗီယက်ယူနီယံ နိုင်ငံတော်သစ်အဖြစ် အတော်ခေတ်မီကြွယ်ဝသော ကွန်မြူနစ်နိုင်ငံ တနိုင်ငံကို ထူထောင်ခဲ့ကြပေသည်။ သို့ရာတွင် ရုရှားကွန်မြူနစ်ပါတီ အတွင်း ပြဿနာအများအပြား ပေါ်ပေါက်ပြီးနောက် ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားကာ ရုရှားနိုင်ငံမှာလည်း ဆိုရှယ်လစ်နိုင်ငံ ဘဝမှ သာမန်အရင်းရှင်နိုင်ငံဘဝသို့ ပြန်လျှောကျသွားလေသည်။

သို့သော် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကမ္ဘာ့လူဦးရေအများဆုံး ကမ္ဘာ့လူဦးရေ၏ ငါးပုံတပုံရှိပြီး လူဦးရေသန်း တထောင်သုံးရာကျော် ရှိသော တရုတ်ပြည်ကြီးတွင် တရုတ်ပြည်ကွန်မြူနစ်ပါတီ အာဏာရလာပြီးနောက် သွေးစုပ်မှုကင်းသော၊ သာတူညီမျှ ချမ်းသာကြွယ်ဝသော ဆိုရှယ်လစ် တရုတ်ပြည်ကြီး ဖြစ်လာရန် တရုတ်ပြည်သစ်ကို စတင်တည်ထောင်ခဲ့လေသည်။ ယခု အနှစ် (၅၀) အတွင်း အလွန်ဆင်းရဲပြီး ခေတ်နောက်ကျသော တရုတ်ပြည်ကြီးမှာ အတော်အသင့် သာယာဝပြောလာပြီး မကြာသေးခင်ကပင် လွှတ်ပါသော "အာကာသယာဉ်" ကိုပင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီး သိပ္ပံပညာတွင် ကမ္ဘာ့တတိယနိုင်ငံကြီး ဖြစ်လာပေသည်။

တရုတ်ပြည်ကြီးသည် နောင်မကြာမီနှစ်များ အတွင်းမှာပင် ကမ္ဘာတွင်အချမ်းသာဆုံး ဒီမိုကရေစီအရှိဆုံးနှင့် အအေးချမ်းဆုံး နိုင်ငံတော်သစ်ကြီး ဖြစ်လာတော့မည်မှာ မလွဲချေ။

ဤသို့ဖြင့် နောင်ကမ္ဘာကြီးမှာ လူသားတို့သည် တရုတ်ပြည်က လမ်းညွှန်ခဲ့သော သာတူညီမျှချမ်းသာကြွယ်ဝပြီး ဒီမိုကရေစီထွန်းကားသော၊ ငြိမ်းချမ်းသော၊ ဆိုရှယ်လစ်စနစ်ဝါဒ နိုင်ငံတော်များအဖြစ်သို့ တပြည်းပြည်း ကူးပြောင်းလိုက်နာကြခြင်းဖြင့် ကမ္ဘာကြီးသည် ဆိုရှယ်လစ် – ကွန်မြူနစ်ကမ္ဘာသစ်ကြီး ဖြစ်လာနိုင်ရေးကို ဦးတည်နေပေသည်။

ကျနော်တို့၏ လူ့ကမ္ဘာကြီးမှာ အလွန်ဆင်းရဲတော်ပြတ်လှသော ကျေးကျွန်ခေတ်၊ နောက်ပဒေသရာဇ်မြေရှင်ခေတ်၊ နောက်အရင်းရှင်ခေတ်တို့ကို ကျော်ဖြတ်ပြီး ငြိမ်းချမ်းသော၊ ဒီမိုကရေစီပြည့်ဝသော၊ ဆိုရှယ်လစ် – ကွန်မြူနစ်ခေတ်ကြီးကို ရောက်လာနိုင်ကြပေမည်။

သို့သော် ကမ္ဘာ့အရင်းရှင်ကြီးများကလည်း ကမ္ဘာကြီး ဆိုရှယ်လစ် ကွန်မြူနစ် ကမ္ဘာဖြစ်မလာအောင် အစွမ်းကုန် ခုခံတိုက်ခိုက်ကြဦးမည်ဖြစ်ရာ ဤပဋိပက္ခသည် ကမ္ဘာ့ပဋိပက္ခကြီးအဖြစ် ကျနော်တို့ ရင်ဆိုင်သွားကြရမည် ဖြစ်ပေသည်။

သို့ရာတွင် ကမ္ဘာ့တော်လှန်ရေး လမ်းကြောင်းမှန်ကို မည်သည့်အင်အားကမျှ ရေရှည်တားဆီးမထားနိုင်ဘဲ တော်လှန်ရေး၏ နိယာမတရားအရ နောက်ဆုံး ကွန်မြူနစ်တို့က အောင်ပွဲခံကြရမည် ဖြစ်ပေသည်။

ဤသည်တို့မှာ ကျနော်တို့ သခင်စိုး၏ ၁၉၄၄ ခုနှစ် ကွန်မြူနစ်သင်တန်း ပြီးဆုံးပြီးနောက် ကွန်မြူနစ်ဝါဒနှင့်ပတ်သက်၍ ကျနော်တို့၏ လူ့ဘဝ အနာဂတ်ကို လှမ်း၍မျှော်မြင်ရှုမြင်ချက်နှင့် ယနေ့တွေ့မြင်ရချက်များ ဖြစ်ပါသည်။

ဤနိုင်ငံရေးသင်တန်း၏ အဓိကအချက်မှာ ကျနော်တို့၏ လူ့ဘဝအမြင်ကို အကြီးအကျယ် ပြောင်းလဲသွားစေခြင်း ဖြစ်ပါသည်။

ဤတန်းတူသော၊ ချမ်းသာဝပြောသော၊ ဒီမိုကရေစီကျသော၊ ငြိမ်းချမ်းသော၊ ကွန်မြူနစ်ဘဝသာလျှင် ကမ္ဘာ့လူသားတို့၏ တော်လှန်သော ယဉ်ကျေးမှုနှင့် ကိုက်ညီပေသည်။ ဤသည်သာ ယဉ်ကျေးသော လူသားတို့၏ ဘဝဖြစ်ပေသည်ဟု ကျနော်တို့ ကွန်မြူနစ်ဘဝကို နားလည်လာကြပါသည်။

ထို့ကြောင့် ဤကမ္ဘာကြီးကို ကွန်မြူနစ်ကမ္ဘာကြီး ဖြစ်အောင် တော်လှန်ပြောင်းလဲရေးအတွက် ကြိုးစားရာတွင် ကျနော်တို့ ပါဝင်ကြမည်။ ကျနော်တို့သည် မြန်မာပြည်သားများဖြစ်၍ ပထမဆုံးကွန်မြူနစ်ဗမာပြည်ဖြစ်အောင် တော်လှန်ရေးလုပ်ရာတွင် မိမိတို့ ပါဝင်လုပ်ဆောင်ကြမည်။ လူ့ဘဝတွင် ကွန်မြူနစ်ဖြစ်ရခြင်းသည် အမွန်မြတ်ဆုံးသော ဘဝကြီးဖြစ်ပေသည်ဟု ယူဆလာကြခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် ကျနော်တို့သည် "ဗမာပြည်ကွန်မြူနစ်ပါတီဝင်" များ ဖြစ်လာပါတော့သည်။

(၁၈)

ကျနော်တို့သည် သခင်စိုး၏ နိုင်ငံရေးသင်တန်း ပြီးသည့်နောက် သခင်စိုးအား ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံရန် ပဲခူးမြို့ ကျနော့်အိမ်သို့ ခေါ်ဆောင်သွားရန် စီစဉ်ကြသည်။

သခင်စိုးမှာ ဗမာ့တပ်မတော် တပ်ကြပ်များလို ဝတ်ဆင်ထားသော ကိုကြီးမြင့်တို့နှင့်အတူ ဗမာ့တပ်မတော်အရာခံဗိုလ် အဝတ်အစား ဝတ်ဆင်စေပြီး ကျနော့်နောက်လိုက်အဖွဲ့အဖြစ် လိုက်ပါစေသည်။ ကျနော်မှာ ထိုအချိန်က ဗမာ့တပ်မတော် ဗိုလ်မှူး ဖြစ်နေသည်။

သခင်စိုးမှာ ခပ်ထွားထွားကြိုင်းကြိုင်း ဖြစ်သည်။ ထိုအချိန်က ဗမာ့တပ်မတော် အရာခံဗိုလ်များမှာ ခပ်ထွားထွားကြိုင်းကြိုင်းများ ဖြစ်ကြသဖြင့် သခင်စိုး၏ ရုပ်ဖျက်မှုမှာ အံဝင်ခွင်ကျ ဖြစ်နေပေသည်။

ကျနော်တို့ လမ်းခရီးတွင် အစိုးရိမ်ရဆုံးနေရာမှာ "တွံတေးတူးမြောင်း" ဂိတ်ဝ ဖြစ်ပါသည်။ ရန်ကုန်မြို့ကြီးမှ ဖယာပြည် ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသသို့ အဝင်အထွက်မှာ ၎င်းဂိတ်ဝမှ ဖြတ်သန်းရသဖြင့် ဂျပန်စစ်တပ်က ထိုနေရာမှာ ဂိတ်ဝထားပြီး ဂျပန်ကင်းစောင့် ချထား၍ အဝင်အထွက် လူအားလုံးကို စစ်ဆေးကြည့်ရှုသည်။ မသင်္ကာလျှင် ဖမ်းဆီးထားပါသည်။

ထိုဂိတ်ဝရောက်သောအခါ ကျနော်ကထွက်ပြီး ဂိတ်စောင့်ဂျပန်စစ်တပ် တပ်ကြပ်ကို ငါဟာ ပဲခူးမြို့က ဗမာ့တပ်မတော်တပ်ရင်းမှူး ဗိုလ်မှူး ဖြစ်ကြောင်း ပြောပြရာ ၎င်းတို့သည် လေးစားသမှုဖြင့် ကျနော်တို့ကို ဖြတ်သန်းခွင့် ပြုသည်။

ကျနော်တို့ ရန်ကုန်ရောက်သောအခါ သခင်စိုးတို့ကို တနေရာမှာထားပြီး ကျနော်က ဗိုလ်ချုပ်အောင်ဆန်း အိမ်သို့သွားပြီး သခင်စိုးတို့ရောက်ပြီ ကျနော်ဒီနေ့ပဲ ဘတ်စ်ကားဖြင့် ပဲခူးမြို့ ကျနော့်အိမ်ကို ခေါ်သွားမည်ဟု ပြောပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဝမ်းမြောက်စွာဖြင့် ပဲခူးမြို့ ကျနော့်အိမ်သို့ ခေါ်သွားပါ။ သူ (၁) ရက် (၂) ရက်အတွင်း ပဲခူးမြို့ကို လာအနားယူ လည်ပတ်ရန် စီစဉ်ပြီး ထိုတည်းအိမ်မှ ကျနော့်အိမ်ကို နေ့စဉ်တနေကုန် လာပြီး ဆွေးနွေးမည်ဟု ပြောပါသည်။

ကျနော်နှင့် သခင်စိုးတို့ ပဲခူးမြို့ကျနော့်အိမ်သို့ ရောက်ပြီး (၁) ရက် (၂) ရက်ကြာပြီးနောက် ပထမအစီအစဉ်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် ဇနီးဒေါ်ခင်ကြည်နှင့်အတူ ပဲခူးမြို့ရှိသူတို့ အသိမိတ်ဆွေ အိမ်တအိမ်သို့ အလည်အပတ် အနားယူသည့်အနေဖြင့် ရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်း တဦးတည်း သူ့ကားဖြင့် နေ့တိုင်းကျနော့်အိမ်သို့ သခင်စိုးနှင့် ဆွေးနွေးရန် နံနက် (၈) နာရီမှ ညနေ (၆) နာရီထိ လာရောက်ဆွေးနွေးပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ညစာထမင်းကို ကျနော့်အိမ်မှာ စားသွားသလား သူတည်းခိုအိမ် ပြန်စားသလား ကျနော်မမှတ်မိချေ။

သူတို့ဆွေးနွေးပွဲအကြောင်း သခင်စိုးပြောပြ၍သိရသည်မှာ ဗိုလ်ချုပ်အောင်ဆန်းသည် ဆွေးနွေးပွဲတွင် တတ်တတ်ကြွကြွ ရှိကြောင်း၊ သူတို့သည် ဖက်ဆစ်တော်လှန်ဖို့နှင့် ထိုတော်လှန်ရေးအတွက် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖ-တ-ပ-လ နောင် ဖ ဆ ပ လ အဖွဲ့) ကို ဖွဲ့စည်းကြပြီးဖြစ်ကြောင်း အားရဝမ်းသာစွာ ပြောပြပါသည်။

ထိုဆွေးနွေးပွဲအတွင်း တညတွင် သခင်စိုးက ကျနော့်ကို ခင်ဗျားဒီလိုပဲ လူမိုက်ကြီးလုပ်နေတော့မှာလား၊ အိမ်ထောင် မပြုတော့ဘူးလားဟု မေးပါသည်။ ကျနော်က ကျနော့်ယဉ်ရည်းစား ကျနော့်ဇာတိ သုံးဆယ်မြို့တွင် ရှိပါသည်။ ကျနော်တို့ ဗမာပြည်လွတ်လပ်ရေးရပြီးမှ လက်ထက်ကြဖို့ ပြောထားပါသည်။ ကျနော်တို့ ဂျပန်တော်လှန်ရေးကို လွတ်လွတ်လပ်လပ် လုပ်သွားရဖို့၍ ဖြစ်ပါသည်ဟု ပြောပါသည်။

ဒီတော့ သခင်စိုးက ဟာ ခင်ဗျားဟာ လက်ထပ်ဖို့ စဉ်းစားတာ သာမန်လူတွေလို စဉ်းစားတာပဲ၊ သာမန်လူတွေက လက်ထပ်ဖို့ စဉ်းစားတဲ့အခါ သူတို့တည်တည်ငြိမ်ငြိမ် ကောင်းကောင်းမွန်မွန် နေထိုင်နိုင်မယ့် အချိန်ကို ရွေးခြယ်စောင့်ဆိုင်း တတ်ကြတယ်။ ကျနော်တို့ ခင်ဗျားတို့ဟာ သာမန်လူတွေ မဟုတ်ဘူး တော်လှန်ရေးသမားတွေ ဖြစ်တယ်။ တော်လှန်ရေးသမားတွေဆိုတာဟာ သူတို့မှာ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း နေထိုင်နိုင်တဲ့ ကာလရယ်လို့ မရှိနိုင်ဘူး။ အမြဲတမ်း တော်လှန်ရေးအတွက် လှုပ်ရှားနေရတာ ဖြစ်တယ်။ ဒါကြောင့် တော်လှန်ရေးသမားတွေဟာ လက်ထပ်ဖို့ သင့်တဲ့အရွယ်မှာ အတော်အတန်သင့်တော်တဲ့ အခြေအနေရှိရင် လက်ထပ်ကြရတာပဲဟု ပြောပါသည်။ ဤတွင် ကျနော့်စိတ်ကို တော်တော်လှုပ်ရှား သွားစေပါသည်။ ဗိုလ်ချုပ်အောင်ဆန်း တခါက ပြောဖူးသည်ကိုလည်း မှတ်မိနေပါသည်။ ဗိုလ်ချုပ်ပြောတာက အိမ်ထောင်ပြုပြီးနောက်မှ တော်လှန်ရေးတို့ ဘာတို့ ဖြစ်လာရင်လည်း မိမိဇနီးကို တော်လှန်ရေးနယ်ထဲ ခေါ်သွားရမှာပဲဟု ပြောဖူးထားသည်။ ထိုစဉ်ကတော့ ကျနော့်စိတ်တွင် ဗိုလ်ချုပ်က သူအိမ်ထောင် ပြုပြီးသော်လည်း တော်လှန်ရေးတို့ နိုင်ငံရေးတို့မှာ မပျက်ကွက်စေရပါဘူးဟု ကျနော်တို့သိရန် ပြောသည်ဟု ထင်မြင်ခဲ့ပါသည်။

ထိုကိစ္စမှာ ကျနော့်စိတ်ကို များစွာလှုပ်ရှားလာပါတော့သည်။ ကျနော့်လက်ထပ်ရေးကို လွတ်လပ်ရေးရပြီးမှဟု အချိန်အရှည်ကြီး မဆွဲတော့ဘဲ ယခုကာလမှာပင် ကျနော်လက်ထပ်ချင်လျှင် လက်ထပ်နိုင်ပြီဟု ယူဆလာပါတော့သည်။

ကျနော့်ပဲခူးမြို့ အိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်စိုးတို့ တွေ့ဆုံဆွေးနွေးနေမှုကို ကျနော်တို့ကို ထမင်းချက်ပြုတ် ကျွေးမွေးနေသော ကျနော့် ကိုယ်ရံ ရဲဘော်ကိုပါဟူသော ကုလားကပြားကလေးသာ သိပေသည်။ ထို ကိုပါမှာ အလွန်ပါးနပ် လိမ္မာပြီး ကျနော့်အပေါ် အလွန်သစ္စာရှိသော ရဲဘော်ကလေး ဖြစ်သည်။ ကိုပါမှာ သခင်စိုးကိုတော့ ဘယ်သူမှန်း မသိချေ။

သခင်စိုးက ကိုပါအပေါ် အလွန်စိတ်ဝင်စားနေသည်ဟု ယူဆရ၍ ကိုပါအကြောင်း သခင်စိုးကို နည်းနည်းပြောပြရသည်။

ကျနော်ပြောပြသည်မှာ ဗမာ့တပ်မတော်ကို ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) မှ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) အဖြစ် ပြောင်းဖွဲ့သောအခါ ယခင်က ရန်ကုန်တွင် ကျနော်၏ ဆရာဖြစ်သင်တန်းကျောင်းနေဘက် သူငယ်ချင်း ဖြစ်ပြီးနောက် ကျနော်တို့၏ မြေအောက်တော်လှန်ရေး အဖွဲ့ဝင်ဖြစ်လာသူ ကုလားကပြား ကိုအောင်ကြီးဆိုသူက ယခုကုလားကပြားကလေး ကိုပါကို ကျနော့်ထံခေါ်လာပြီး အပ်ပါသည်။ ကိုပါမှာ ကျနော့်ထက် (၇) နှစ်ခန့်မျှ ငယ်မည်ထင်ပါသည်။

ကိုအောင်ကြီးက အပ်၍ပြောသည်မှာ ကိုပါ၏ မိဘနှစ်ပါးစလုံး ကွယ်လွန်ကြပြီ သူ့ကိုခင်ဗျားအနီးတွင် ကိုယ်ရဲ့အဖြစ်ထားလျှင် အလွန်သဘောရှိစွာ စောင့်ရှောက်ပြုစုသွားပါလိမ့်မည်ဟူ၍ ဖြစ်ပါသည်။

ကိုပါကို ကျနော့်အိမ်တွင် ထားပါသည်။ သူက ထမင်းဟင်းချက်တတ်သဖြင့် ကျနော့်ကို ထမင်းဟင်းချက်ပြီး ကျွေးမွေး ပြုစုပါသည်။ နောက် ကိုပါသည် ကိုအောင်ကြီးပြောသလို အိမ်ရှင်မကောင်းတယောက်လို ကျနော့်ကို ဂရုစိုက်ပြုစုပြီး ယုံကြည်စိတ်ချရသောသူ ဖြစ်လာပါသည်။

ကျနော့်လခများကိုလည်း တခါတရံ ၎င်းကိုပါကိုပင် ထုတ်ခိုင်းရပြီး ကျနော့်ငွေကြေးအားလုံးကိုလည်း ၎င်းကိုပဲ အပ်ထားပြီး ကျနော်သူ့ထံက တောင်းသုံးပါသည်။

တဖြည်းဖြည်းနှင့် ၎င်းကိုပါကို ကျနော့်တပ်မှ တပ်မှူး၊ တပ်သားများက ကျနော့်ကို ပြုစုစောင့်ရှောက်နေသော ကျနော်၏ ယုံကြည်ရသော ကိုယ်ရံရဲဘော်ကလေးဖြစ်ကြောင်း သိရှိလာကြပြီး အားလုံးကလည်း ဗိုင်းပြီးသူ့ကို လေးစားချစ်ခင်လာကြပါသည်။ သူလည်း ဒီလိုနှင့် ကျနော်တို့နှင့် ပျော်ရွှင်စွာ ပြုစုနေထိုင်ပါသည်။ ကျနော်လည်း သူ့ပညာရေးကို ဂရုမပြုနိုင်ပါ။ သူစာတတ်သဖြင့် မင်း ဂျီစာအုပ်စင်က နိုင်ငံရေးစာအုပ်တွေထဲက ကြိုက်ရာစာအုပ်တွေကို ယူပြီးအားချိန်မှာ ဖတ်ပါ။ မသိတာ ငါ့လာမေးဟုသာ ပြောထားရပါသည်။ သူလည်းအားချိန်မှာ စာဖတ်နေတာ တွေ့ရပါသည်၊ အထူးသဖြင့် ညအချိန်များတွင် ဖြစ်သည်။ သူဒီလိုနှင့် ပျော်ရွှင်စွာနေထိုင်နေကြောင်း၊ စာရိတ္တလည်း ကောင်းမွန်ကြောင်းတို့ကို သခင်စိုးအား ကျနော်ပြောပြပါသည်။ သူနှင့်ပတ်သက်၍ အဖြစ်အပျက် တခုကိုလည်း ပြောပြပါသေးသည်။ တခါက ကျနော့်တွင် ပစ္စည်းတခုလိုနေ၍ ရှာဖွေနေရာ နောက်ဆုံး ကိုပါ့အခန်းရောက်သွားပြီး ရှာဖွေရာ သူ့ခေါင်းအုံးအောက်တွင် သူ့ဒိုင်ယာရီ စာအုပ်ကလေး တွေ့ရှိလို့ သူဘာတွေများရေးထားသလဲ သိလို၍ လှန်လှောကြည့်ရာ ယနေ့ ဗိုလ်မှူးဘယ်သူနှင့် တွေ့သည် စသည်ဖြင့် ကျနော့်အကြောင်းတွေသာ ရေးထားသည်။ တနေရာတွင် ယနေ့ဗိုလ်မှူးပန်းကန်ခွက်လောက် စားသည်။ ကြက်သားတဖဲ့ ကုန်သည်။ တနေရာတွင် ငါးတကောင်ကုန်သည်ဟု ရေးထားသည်။ ကျနော်မကျန်းမာစဉ်က ရေးသားပုံရသည့် အကြောင်းလဲ ပြောပြရသည်။ သခင်စိုးလဲ ကျေနပ်သဘောကျပုံ ရပါသည်။

ကျနော့်အိမ်တွင် သခင်စိုးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဆွေးနွေးနေစဉ် တနေ့မှာ ကျနော့်နာမည်အော်ခေါ်ပြီး ဗိုလ်ရန်အောင်ကြီး ရောက်လာပါသည်။

ကျနော်ပြေးထွက်ပြီး နှုတ်ဆက်ပါသည်။ ဘာလုပ်ရမှန်းမသိ ဖြစ်နေပါသည်။ ဗိုလ်ရန်အောင်က ကျနော်နှင့်တွေ့ရန် သူကျနော့်ရုံးသို့ သွားရာရုံးက လူတွေက ကျနော်နည်းနည်းနေမကောင်းလို့ အိမ်တွင်ခွင့်ယူနားနေသည်ဆိုလို့ မကျန်းမာဘူးထင်ပြီး လာမေးတာပါဟု ဆိုသည်။

ကျနော်က ဗိုလ်ချုပ်တို့ သခင်စိုးတို့ တွေ့ဆုံနေကြောင်းကို ဗိုလ်ရန်အောင်ကြီးကို ဖုံးကွယ်ထား၍ မသင့်တော်ဟု ချက်ချင်းယူဆပြီး သူ့ကိုလက်ပြပြီး တနေရာခေါ်သွားကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်စိုးတို့ ဖတ်ဆစ်တော်လှန်ရေးအတွက် လျှို့ဝှက်ဆွေးနွေးနေကြောင်းကို ပြောပြရပါသည်။ ဒီတော့မှ ဗိုလ်ရန်အောင်နားလည်ပြီး ကျနော်နှင့် စကားအနည်းငယ် ပြောဆိုပြီး ပြန်သွားပါသည်။

နေ့လည် ထမင်းစားတော့မှ ဗိုလ်ချုပ်တို့ သခင်စိုးတို့ကို စောစောက ဗိုလ်ရန်အောင်လာတဲ့အကြောင်းနှင့် ကျနော်က ဗိုလ်ချုပ်တို့ သခင်စိုးတို့ ဆွေးနွေးနေတဲ့ အကြောင်းပြောတော့ သူစေတ္တနေပြီး ပြန်သွားကြောင်း ပြောရပါသည်။ သခင်စိုးက ဗိုလ်ရန်အောင်ကို တွေ့ချင်နေပုံ ရပါသည်။ သို့သော် သခင်စိုးအကြောင်း အထူးလျှို့ဝှက်ရသဖြင့် ဗိုလ်ရန်အောင်နှင့်တွေ့ရန် စီစဉ်မပေး နိုင်တော့ပါ။

ဘီအိုင်အေ ကာလ အဖြစ်အပျက်များတွင် တခုမေ့ကျန်ရစ်သဖြင့် ထပ်ရေးရပါဦးမည်။ ၎င်းအဖြစ်အပျက်မှာ – ဘီအိုင်အေ ကာလက မြို့တမြို့တွင် ကျနော့်ကို အငြိမ့်ပွဲတပွဲက ဖိတ်ခေါ်သဖြင့် ဝင်ကြည့်ရပါသည်။ အငြိမ့်မင်းသမီးက ပရိသတ်ကိုကျောပေးပြီး ထိုင်နေစဉ် လူရွှင်တော်တဦးက အငြိမ့်မင်းသမီး၏ ကျောကို ဘီအိုင်အေ (BIA) ဟု ရေးထားသော စာရွက်တရွက် လာကပ်လိုက်ပါသည်။ အငြိမ့်မင်းသမီးကို သိမ်းပိုက်လိုက်သည့်သဘော ဖြစ်ပါသည်။ (ထိုခေတ် ထိုကာလက "ပစ္စည်း" များကို သိမ်းပိုက်သည့်အခါ ဘီအိုင်အေ ကပ်သည်ဟူသော ဝေါဟာရတောင် ရှိခဲ့ပါသည်။) ပွဲကြည့်ပရိသတ်ထဲတွင် ဘီအိုင်အေတပ်မှ ရာထူးအကြီးဆုံးသူမှာ ကျနော်ပင် ဖြစ်ဟန်ရှိသည်။ ကျနော့်အနီးမှ လူအများ ကျနော့်ကိုမျှားစွာ အားနာသွားပုံရသည်။ ကျနော်လည်း အလွန်ထူပူသွားပါတော့သည်။ ကျနော်တို့ ပြည်သူတွေမှာ သူတို့၏ မကျေနပ်ချက်များကို ဤသို့ပင် ဖော်ပြတတ်ပေသည်။

ကျနော့်ပဲခူးအိမ်အနီးတွင် အိမ်နှစ်လုံး ရှိပါသည်။ တလုံးမှာ စံပြတပ်ရင်းရုံးအုပ် ဗိုလ်ကြီးဗိုလ်လှမောင်၏အိမ်နှင့် တလုံးမှာ စံပြတပ်ရင်း မြန်မာစာပြဆရာဦးတင်မောင်တို့ အိမ်ဖြစ်ပါသည်။ အားလုံး အလုပ်များကြသူတွေဖြစ်လို့ တအိမ်နှင့်တအိမ် အကြောင်း မရှိဘဲ ဝင်ထွက်လည်ပတ်ခြင်း သိပ်မရှိကြပါ။ ကျနော့်အိမ်ကို ဗိုလ်ချုပ်အောင်ဆန်း၏ ကားဝင်ထွက်ခြင်း လုပ်နေသည်ကို သိကြ သော်လည်း ထုံးစံအတိုင်း မေးမြန်းပြောဆိုခြင်း မရှိကြပါ။

ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်စိုးတို့ ဆွေးနွေးပွဲမှာ သုံးရက်မျှကြာသည် ထင်ပါသည်။ ထိုအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ပါလာသော ဇနီးဒေါ်ခင်ကြည်မှာလည်း နို့စားနွားမတကောင်ဝယ်ရန် စီစဉ်နေကြောင်း ကြားသိရပါသည်။

ဆွေးနွေးပွဲ သုံးရက်မျှကြာပြီး ပြီးသွားပါပြီ၊ ဗိုလ်ချုပ်အောင်ဆန်းတို့လည်း နောက်နေ့ ရန်ကုန်ကို ပြန်ကြပါပြီ။ ကျနော်မှာ သခင်စိုးကို ဒေးအရဲမြို့သို့ ပြန်ပို့ရန် ဝတ္တရား ရှိနေပါသည်။

သခင်စိုးက ကျနော့်ကိုပြောသည်မှာ သူဒီမှာလုပ်စရာရှိတာတွေ ရက်အချို့လုပ်ရအုံးမည်၊ ထိုကိစ္စတွေပြီးမှ ဒေးအရဲပြန်မည်ဟု ပြောပါသည်။ သခင်စိုးမှာ ကျနော်တို့နှင့် နေရစဉ်အတွင်း သူ့လုံခြုံရေးအတွက် များစွာစိတ်ချမ်းသာပုံ ရပါသည်။

ထိုအတွင်း ကျနော့်ဌာနချုပ် ထောက်လှမ်းရေးမှူးက သတင်းပေးပို့သည်မှာ တနေ့ညက အင်္ဂလိပ်လေယာဉ်မှ ပဲခူးမြို့အနီး လာသွားသည်မှာ အိန္ဒိယသို့ ရောက်နေသော တက်ဘုန်းကြီးသခင်သိန်းဖေ လေထီးနဲ့ဆင်းနေရစ်သည်။ ယနေ့ကစပြီး ပဲခူးမြို့ဝင် မြို့ထွက်ဂိတ်တွေ ဂျပန်စစ်တပ်ချရပ်ပြီး လူဝင်လူထွက် စောင့်ကြည့်မည်။ ပဲခူးမြို့တွင်းရှိ အိမ်တိုင်းကိုလည်း သခင်သိန်းဖေကို ရှာဖွေတော့မည်ဟူ၍ ဖြစ်ပါသည်။

ကျနော်လည်း ထိုသတင်းကို ချက်ချင်း သခင်စိုးကို ပြောပြသည်။ သခင်စိုးကို မြို့ဝင်မြို့ထွက် ဂိတ်တွေမှာ ဂျပန်ကင်းစောင့် မချမီ ပြန်ပို့ရန်အတွက် ရန်ကုန်ဘက် ပြန်ပို့နိုင်ဖို့ အရေးကြီးကြောင်း အားလုံးသဘောပေါက်ကြပြီး သခင်စိုးကို ချက်ချင်းပင် ပြန်ပို့ရန် စီစဉ်ကြပါသည်။

ကျနော့်အိမ်တွင် သခင်စိုးရောက်ကတည်းက အရေးပေါ်သုံးရန် လူစီးကားတစီး ဓာတ်ဆီအပြည့်နှင့် အရန်သင့်ထားပါသည်။ ကိုကြီးမြင့်နှင့် ကိုထွန်းစိန်တို့ နှစ်ယောက်ကိုလည်း သူတို့အိမ်တွင် အမြဲအသင့်စောင့်နေရန် မှာကြားထားရာ ကိုကြီးမြင့်နှင့် ကိုထွန်းစိန်တို့ကို အမြန်လှမ်းခေါ်ခိုင်းပြီး ကျနော်ပါသုံးယောက်နှင့် သခင်စိုးကိုလိုက်ပို့ရန် ထိုကားဖြင့် ကျနော်တို့ ရန်ကုန်ဘက်ကို ချက်ချင်းထွက်ကြပါသည်။

သခင်စိုးတို့အားလုံးမှာ လာတုန်းကအတိုင်း ဗမာ့တပ်မတော်အဝတ်အစား ဝတ်ဆင်ထားကြပါသည်။ ကားမထွက်မီ လုံခြုံရေးအစီအစဉ်ကို ကျနော်က ချက်ချင်းတွေးခေါ်ပြီး အားလုံးကို ပြောပြရသည်။ လမ်းခရီးမှာ ကားကိုရပ်ပြီး ဂျပန်က စစ်ဆေးပြီး သခင်စိုးကို ဖမ်းဆီးဖို့အထိ ဖြစ်လာလျှင် ကျနော်တယောက်သာ မိမိကိုင်ဆောင်ထားသောဓားဖြင့် ဂျပန်များကို ထိုးခုတ်နေရစ်မည်။ ကိုကြီးမြင့်၊ ကိုထွန်းစိန်တို့က သခင်စိုးကို ထိုကားနှင့်ပင် ဆက်ခေါ်သွားကြရန် လမ်းတွင်လှည်းကူးမြို့ရောက်လျှင် ကားအိပ်ပုံသဏ္ဌာန် ပြောင်းလဲရန် ကားတစီး အမြန်အသစ်လဲပြီး ရန်ကုန်ဘက် ဆက်ထွက်ရန်တို့ကို မှာကြားပါသည်။

ကျနော်တို့ကားပေါ် ရောက်သောအခါ ကျနော်လည်း အမောပြေပြီး ခေတ္တငိုက်ခနဲဖြစ်သွားရာ ကျနော့်ဘေးတွင် ထိုင်နေသော ကိုကြီးမြင့်က တတောင်ဆစ်နှင့် တို့တော့မှ မျက်လုံးဖွင့်ကြည့်မိရာ ပဲခူးမြို့ပြင် ပဲခူးမြစ်တဖက်ကမ်း မြို့အဝင်ကင်းဂိတ်တွင် ဂျပန်ကင်းစောင့်ရောက်နေပြီး ခရီးသွားလူအချို့ကို စစ်မေးနေပုံကို လှမ်းပြီးမြင်ရပါသည်။ ကျနော်လည်း ဒိတ်ခနဲဖြစ်သွားပါသည်။ နောက်ချက်ချင်းသတိရပြီး စီစဉ်ထားတဲ့ လုံခြုံရေးအစီအစဉ်အတိုင်း လုပ်ကြဟု ခပ်တိုးတိုး ပြောလိုက်ပါသည်။

မကြာမီ ကျနော်တို့ကား ပဲခူးမြစ်တံတားကိုကျော်ပြီး မြို့အဝင် ဂျပန်ကင်းဂိတ်ရှေ့ကို ရောက်ပါသည်။ ဂျပန်တပ်ကြပ်က ကားကိုရပ်ခိုင်းသဖြင့် ကားရပ်ပြီး ကျနော်ကားပေါ်ကဆင်းကာ ကျနော်သည် ပဲခူးမြို့ရှိ ဗမာ့တပ်မတော် တပ်ရင်းမှူး ဖြစ်သည်။ ရန်ကုန်စစ်ရုံးကို သွားရန်လာခြင်း ဖြစ်သည်ဟု ဂျပန်စကား မပြည့်မစုံနှင့် ပြောပြလိုက်ပါသည်။ ဂျပန်က ကားပေါ်ကလူတွေကို ဆင်းစေပြီး ကားထဲကို ငုံ့ပြီးကြည့်ပါသည်။ ကျနော်တို့ ရင်တထိတ်ထိတ် ဖြစ်နေကြပါသည်။ အားလုံးစစ်သားချည်း ဖြစ်နေ၍ ထင်ပါသည်။ ဂျပန်က ကျေနပ်ပြီး သွားခွင့်ပြုလိုက်ပါသည်။

ကျနော်တို့ ရန်ကုန်ရောက်သောအခါ မူလကအစီအစဉ် ရှိသည့်အတိုင်း ရန်ကုန်အရှေ့ပိုင်း ဗိုလ်လရောင်ကြီးအိမ်တွင် တည်းခိုပါသည်။ ဗိုလ်လရောင်ကြီး မရှိပါ။ ဗိုလ်လရောင်ကြီး၏ ကိုယ်ရံရဲဘော်များက ကျနော်တို့ကို ချက်ပြုတ် ကျွေးမွေးပါသည်။

နောက်နေ့တွင် မူလအစီအစဉ်ရှိသည့်အတိုင်း သခင်စိုးကို သခင်နုအိမ်သို့ သခင်နုနှင့် တွေ့ဆုံရန်လိုက်ပို့ရပါသည်။ နောက်နေ့ သခင်စိုးကို သခင်နုအိမ်မှ ကျနော်ပြန်ခေါ် ခဲ့ရပါသည်။

ကျနော်တို့ ရန်ကုန်တည်းခိုအိမ် ရောက်သောအခါ သခင်စိုးက မကျေမနပ်နှင့် ကျနော့်ကို ပြောပြသည်မှာ သခင်နုက သူ့ကို လေှကားအိမ်ထဲတွင် ထည့်ထားကြောင်း၊ နောက်သခင်နုမှာ သူ့ဘုရားရှိခိုးချိန်နှင့် သူ့ဧည့်သည်များလာချိန်တို့ကြောင့် သူနှင့် ကောင်းကောင်းစကားပြောချိန် သိပ်မရခဲ့ကြောင်း ပြောပြပါသည်။

နောက်နေ့ ကျနော်၊ ကိုကြီးမြင့်နှင့် ကိုထွန်းစိန်တို့ သုံးယောက် သခင်စိုးကို ရန်ကုန်မှ ဒေးဒရဲမြို့ သခင်မြသွင်တို့ထံသို့ ချောမောစွာ ပြန်ပို့နိုင်ခဲ့ပါသည်။

ကျနော်တို့ ပြန်ခါနီး နှုတ်ဆက်ကြရာ ရက်အချို့အတူနေထိုင်ခဲ့ရသဖြင့် ကျနော်တို့ စိတ်လှုပ်ရှားမိကြပါသည်။

ကျနော့်စိတ်တွင် ဖက်ဆစ်တော်လှန်ရေး လှုပ်ရှားမှုများအတွင်း ကျနော်တို့နှင့်သခင်စိုး မကြာခဏတွေ့ဆုံကြလိမ့်ဦးမည်ဟု ထင်မြင်ခဲ့ပါသည်။

သို့ရာတွင် ကျနော်နှင့် သခင်စိုးတွေ့ဆုံခြင်းသည် ဤအကြိမ် (၁၉၄၄ ခုနှစ်) သည် နောက်ဆုံးအကြိမ် ဖြစ်ပါတော့သည်။ နောင်တခါမှ မတွေ့ဆုံတော့ပါ။ သခင်စိုးမှာ ကွယ်လွန်သွားပြီဖြစ်ပြီး ကျနော်မှာလည်း ၁၉၅၀ ခုနှစ်မှစ၍ တရုတ်ပြည်သို့ ရောက်နေပါတော့သည်။

ကျနော်တို့ ဒေးဒရဲတွင် သခင်စိုးကိုပို့ပြီး ရန်ကုန်ပြန်သောအခါ "တွံ့တေးတောကြီးတန်း"ဒေသကို ဝင်လည်ပတ်ပြီးမှ ပြန်ကြပါသည်။ မြေပုံပေါ်တွင် တွံ့တေးတောကြီးတန်း ဒေသသည် တော တော်တော်ထူထပ်သဖြင့် ကျနော်တို့ ရန်ကုန်တွင် ဂျပန်တို့နှင့် အဆင်မပြေလျှင် ခေတ္တတောခိုပုန်းအောင်းရန် သင့်တော်သည့်နေရာဖြစ်မည် ထင်ပါသည်။ ယင်းကိုကြည့်ရှုလေ့လာရန် ရည်ရွယ်ချက်ဖြင့် တောကြီးတန်းဒေသကိုဝင်ခြင်း ဖြစ်ပါသည်။ သခင်မြသွင်ထံမှ တောကြီးတန်းရှိ အိမ်တအိမ်သို့ မိတ်ဆက်စာတစောင် ယူလာပြီး ကျနော်တို့ တညတည်းခိုကာ တောကြီးတန်း အခြေအနေကို လေ့လာပါသည်။

"တောကြီးတန်း" မှာ တွံ့တေးတောတန်းတွင် မြို့ကလေးတမြို့ ဖြစ်နေသည်။ ရန်ကုန်မြို့မှ လေယာဉ်ဗုံးဒဏ်၊ စစ်ဘေးဒဏ် ကြောက်သူများ တော်တော်များများလာပြီး စစ်ဘေးဒဏ် ရှောင်နေကြ၍ ဖြစ်ပါသည်။ ထို့နောက် ကျနော်တို့ ရန်ကုန်သို့ ပြန်ခဲ့ကြသည်။ ထိုကာလမှာ ၁၉၄၄ ခုနှစ် ကုန်ခါနီး ကာလဖြစ်သည်။

ကျနော် ရန်ကုန်သို့ပြန်ရောက်သောအခါ ဗိုလ်ချုပ်အောင်ဆန်းထံသွား၍ သခင်စိုးကို ဒေးဒရဲသို့ ပို့ပေးခဲ့ပြီဖြစ်ကြောင်း သတင်းပို့ပါသည်။

ဗိုလ်ချုပ်က မျက်နှာမကောင်းစွာဖြင့် ပဲခူးရှိကျနော့်အိမ်မှ ကိုပါကို ဂျပန်များ ယခုတလောတွင် ဖမ်းသွားပြီဖြစ်ကြောင်း ပြောပါသည်။ ကျနော်လည်း များစွာစိုးရိမ်သွားပါသည်။ သို့သော် ဗိုလ်ချုပ်မျက်နှာ မကောင်းဖြစ်နေ၍ ကျနော်က စိတ်ပူပန်မှု သက်သာအောင် ဗိုလ်ချုပ်ဘာမှ ဒီလောက်မပူပါနဲ့ ကိုပါဟာ ကျနော့်အိမ်မှာ တော်လှန်ရေးသမားကလေးဖြစ်နေပြီ သူဟာ ဗိုလ်ချုပ်တို့ ကျနော့်တို့နှင့် တော်လှန်ရေးကို ထိခိုက်အောင်လုပ်မှာ မဟုတ်ပါ။ ရှောင်လွှဲမှာသာ ဖြစ်တယ်ဟု ပြောပါသည်။

ဗိုလ်ချုပ်က ကျနော့်ကိုလဲ ဖမ်းခံရမှာစိုးလို့ ပဲခူးကို ပြန်မသွားဘဲ ရန်ကုန်စစ်ဝန်ကြီးရုံးတွင် လေ့ကျင့်ရေးဌာနမှူးအဖြစ်နေရန် သူစီစဉ်ထားပြီ ဖြစ်ကြောင်း ပြောပါသည်။

ဗိုလ်ချုပ်မှာ မိမိအတွက် အားလုံးစီစဉ်ထားပြီးဖြစ်နေ၍ ကျနော် ပဲခူးပြန်မသွားဘဲ စစ်ဝန်ကြီးရုံးမှာပင် နေပါသည်။ ထောက်ပံ့ရေးဌာနက ကျနော့်ကို ဦးဝိစာရလမ်းရှိ ဝင်းခြံနှင့် တထပ်တိုက်ကလေးရှိသောအိမ်ကို ပေးပါသည်။ ခြံထဲတွင် အစေခံတန်းလျား တိုက်ခန်းကောင်းလေးများလည်း ရှိပါသည်။ ထိုတထပ်တိုက်ကလေးမှာလည်း အတော်ကောင်းမွန်ပါသည်။ ထိုအစေခံတိုက်ခန်းများတွင် ကျနော့်ကိုယ်ရံရဲဘော် ကိုထွန်းရင်ဆိုသောရဲဘော်ကို ထားပါသည်။

ကျနော်စစ်ဝန်ကြီးရုံးတွင် ရုံးတက်နေရသော်လည်း ကိုပါ့ကိစ္စကို မှုပန်နေမိပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို မစိုးရိမ်ရန် ပြောခဲ့သော်လည်း ကျနော်ကတော့ စိုးရိမ်နေပါသည်။ သိပ်ညဉ်းပန်းနှိပ်စက်လျှင် ကိုပါက ဖွင့်ပြောလိုက်မှာ စိုးရိမ်နေပါသည်။

သို့သော် မကြာခင်မှာပင် ကိုပါလွှတ်လာပြီဆိုသော သတင်းကို ကြားရပါသည်။ ဂျပန်များက ဗိုလ်ချုပ်အောင်ဆန်း – ဗိုလ်ကျော်ဇောအိမ်တွင် ဘယ်သူနှင့်တွေ့သလဲဟု မေးသည်။ ကိုပါက ဗိုလ်ချုပ်အောင်ဆန်းဟာ ကျနော့်ဗိုလ်မှူးအခန်းထဲတွင် ဗိုလ်မှူးနှင့်သာ နှစ်ယောက်သား စကားပြောကြသည်ဟု တလျှောက်လုံး တသမတ်တည်း ပြောသည်။ အနည်းငယ် ညှင်းပန်းပြီး ထပ်စစ်ဆေးလည်း ယခင်အတိုင်းပင် ပြောနေသဖြင့် လွှတ်လိုက်ကြောင်း သိရပါသည်။

ကိုပါမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျနော်တို့ကိုသာ ကာယတင်လိုက်ရုံမက ဖက်ဆစ်တော်လှန်ရေးကြီးကိုပါ လုံးဝမထိခိုက်အောင် ကာယတင်လိုက်ရာ ကျသဖြင့် ကိုပါကို ကျနော်တို့ အလွန်ကျေးဇူးတင်ရပါတော့သည်။ ကိုပါကို ကျနော်တို့သာမက တိုင်းပြည်ကပါ ကျေးဇူးတင်သင့်ပေသည်။

ကိုပါမှာ ထောင်ကလွတ်ပြီးသောအခါ ကျနော့်ထံ ပြန်မလာတော့ဘဲ သူ့လဲအတော်နိုးကြားနေပြီဖြစ်၍ အပြင်ထွက်ပြီး နိုင်ငံရေးလုပ်ပါတော့သည်။

ကိုပါမှာ ပြည်သူ့ရဲဘော်အဖွဲ့ဝင်ပြီး နိုင်ငံရေးဆောင်ရွက်ရာ၊ မကြာမီပင် ဗိုလ်နန္ဒဟူသောအမည်ဖြင့် ထင်ရှားသော ပြည်သူ့ရဲဘော်ခေါင်းဆောင် လူကြီးတဦး ဖြစ်လာပါတော့သည်။ သူသည် ဓာရိတ္တလည်း ကောင်းမွန်သူဖြစ်သဖြင့် ခေါင်းဆောင်တဦး ဖြစ်လာပါသည်။

ကိုပါသည် ကျနော်တပ်မတော်က ထွက်ရပြီး စမ်းချောင်းအိမ်ကလေးတွင် နေထိုင်နေစဉ်က ကျနော့်အိမ်သို့ ၁ ကြိမ် ၂ ကြိမ် လာရောက်လည်ပတ်ခဲ့ပါသေးသည်။ သူ့ကို ကျနော်က လူကြီးတယောက်အဖြစ် ကောင်းစွာညှိခံခဲ့ပါသည်။ ၁၉၇၆ ခုနှစ် ကျနော်တို့ မိသားစု ဗမာပြည်ကွန်မြူနစ်ပါတီရှိရာသို့ တောခိုလာပြီးနောက် သူနှင့်အဆက်ပြတ်သွားပါတော့သည်။ ယခုအခါ သူကွယ်လွန်သွားခဲ့ပြီ ဖြစ်ကြောင်း သိရပါသည်။ သူသည် တိုင်းပြည်ခေါင်းဆောင်ကောင်းတယောက် ဖြစ်ခဲ့ပါသည်။

## ၁၉

ကျနော်သည် သခင်စိုးကို ၁၉၄၄ ခုနှစ် ကုန်ခါနီး ဒေးဒရဲကို လိုက်ပို့ပြီးသည့်နောက် ကျနော့်လူမှုရေးဘဝလည်း အပြောင်းအလဲလုပ်ရန် စိတ်ကူးလာပါတော့သည်။ ကျနော် ယခင်က ကျနော့်အိမ်ထောင်ရေးကိစ္စကို ဗမာပြည်လွတ်လပ်ရေးရပြီးမှ အိမ်ထောင်ပြုလက်ထပ်မည်ဟု ဆုံးဖြတ်ထားရာ သခင်စိုးနှင့်ကျနော် အိမ်ထောင်ရေးဆွေးနွေးရာမှ ထိုမျှအထိ မသေချာမရေရာ စောင့်ဆိုင်းမနေဘဲ၊ ယခုဂျပန်ခေတ် – ဘီဒီအေ တပ်မတော်ကာလတွင်ပင် လက်ထပ်လိုက်ရန် ဆုံးဖြတ်လိုက်ပါသည်။ ကျနော့် အသက်လည်း ၂၅ – ၂၆ ရှိနေပေပြီ ဖြစ်သည်။

ထို့ကြောင့် ကျနော်ပထမဆုံး ကျနော့်တော်လှန်ရေးရဲဘော်များဖြစ်သော ကိုကြီးမြင့်နှင့်ကိုထွန်းစိန်တို့အား ပြောပြပါသည်။ သုံးဆယ်မြို့တွင် ကျနော့်ငယ်ရီးစား ရှိသည်ဆို၍ သူတို့က အံ့သြကြပါသည်။ ကျနော့်ဇနီးလောင်းမှာ သာယာဝတီအရေးပိုင် ရုံးအုပ်စာရေးကြီး၏ တဦးတည်းသော သမီးအဖြစ် ချမ်းချမ်းသာသာ နေထိုင်လာခဲ့ရာမှ ကွန်မြူနစ်တော်လှန်ရေးသမားတဦး၏ ဇနီးအဖြစ် နောင်အခါ ဆင်းဆင်းရဲရဲနေထိုင်နိုင်ပါ့မလားဟုလည်း သူတို့ စိတ်ပူကြပုံရသည်။ ထို့ပြင် ကျနော့်ဇနီးမှာ ပညာတတ်တဦး မဟုတ်၍ နိုင်ငံရေးတွင် ကျနော့်အတွက် အကူအညီရပါ့မလားဟုလည်း စိတ်ပူကြပုံရပါသည်။ ကိုထွန်းစိန်မှာ လူပျိုဖြစ်ပြီး ကိုကြီးမြင့်သာ အိမ်ထောင်ရှိသည်။ ကိုကြီးမြင့်ဇနီးမှာ စီးပွားရေးချောင်လည်သော်လည်း ပညာတတ်အမျိုးသမီး မဟုတ်ပေ။ သို့သော် သူတို့ ဇနီးမောင်နှံမှာ ငယ်ရီးစားများဖြစ်ကြပြီး တဦးနှင့်တဦး အတော်ချစ်ခင်မြတ်နိုးကြသည်။ ကျနော့်ဇနီးလောင်းမှာလည်း ကျနော်နှင့် ငယ်ရီးစားများ ဖြစ်နေသည်ကိုတော့ သူတို့က သဘောကျကြသည်၊ ကိုကြီးမြင့်ကိုယ်တိုင်လည်း ကျနော့်ဇနီးလောင်း နေထိုင်ရာ သုံးဆယ်မြို့သို့ သွားရောက်ပြီး လေ့လာကြည့်ရှုပေးပါသည်။

ကျနော်တို့ လက်ထပ်ရန်ကိစ္စ ကျနော့်ဇနီးလောင်း၏ မိဘများကို တောင်းရမ်းစေ့စပ်ရေးကို စဉ်းစားပါသည်။ ကျနော့် ဇနီးလောင်း၏ မိခင်ဖြစ်သူ ဒေါ်တင်မှာ စိတ်သဘောထား နူးညံ့ကောင်းမွန်သောအမျိုးသမီးကြီး ဖြစ်သည်။ ကျနော့်အဖေ၏ အဒေါ်တော်စပ်ပြီး အဖေ့အပေါ်လည်း လေးစားချစ်ခင်သည်။ ကျနော်ကိုလည်း ခင်မင်ပုံရသည်။ ကျနော်နှင့် သူ့သမီးကို သဘောတူနိုင်ပုံ ရသည်။ ဖခင်ဖြစ်သူဦးဘအုံးမှာ ကျနော်တို့နှင့် ဒေါ်တင်လောက် မကျွမ်းသော်လည်း သမီးကို အလွန်ချစ်သူဖြစ်သဖြင့်လည်းကောင်း၊ ကျနော့်တွင် ဘာအပြစ်မှမရှိ၍လည်းကောင်း သမီးဆန္ဒအတိုင်း သဘောတူမည် ထင်ရပါသည်။

ထို့ကြောင့် ကျနော့်လက်ထပ်ရေးအတွက် တောင်းဆိုနားဖောက်ပေးမည့်သူကို စဉ်းစားရာ ကျနော့်အဖေ၏ညီအရင်း ဦးလေးခန့်ကို ရွေးခြယ်လိုက်ပါသည်။

ဦးလေးခန့်မှာ ကျနော့်ကို ငယ်စဉ်ကတည်းကပြီး အလွန်ချစ်ခင်ပါသည်။ မိုးရာသီတွင်း သူ့လယ်ယာလုပ်ငန်းပြီးသောအခါ ညနေ ထမင်းစားပြီးချိန်များ၌ ဦးလေးသည် ကျနော်တို့အိမ်သို့လာပြီး ကျနော့်ကို သုံးဆယ်မြို့သို့ခေါ်သွားကာ တရုတ်စီနိဝင်းရုပ်ဆိုင်တွင် မုန့်နှင့်ကော်ဖီများ တိုက်ကျွေးပြီး ရုပ်ရှင်ပြတတ်ပါသည်။ ရုပ်ရှင်ပြပြီးနောက် "ရွာမ" ရှိ သူ့အိမ်တွင် ကျနော့်ကို တညသိပ်ပြီးမှ နံနက်စာ ကျွေးမွေးကာ ၅ ဖာလုံခန့်ဝေးသော ကျနော့်အိမ်ကို ပြန်လွှတ်တတ်သည်။ နောက် ဦးလေးခန့်မှာ ကျနော့်ဇနီးလောင်း အိမ်သို့လည်း သွားလာဝင်ထွက်နေသူလည်း ဖြစ်ပေသည်။ ထို့ပြင် ဦးလေးခန့်မှာ ကျနော်တို့နှစ်ဦး မေတ္တာရှိနေသည်ကိုလည်းသိပြီး များစွာ လိုလားသူလည်း ဖြစ်ပါသည်။

ထို့ကြောင့် ဦးလေးခန့်ကို ကျနော့်ဇနီးလောင်း၏ မိဘများထံသို့ သမီးကို တောင်းရမ်းစေ့စပ်ပေးရန် ပန်ကြားဖို့ စေလွှတ် ရပါသည်။

ဦးလေးခန့်ကလည်း သူတို့တွေ မင်းနှင့်သဘောတူကြမှာပါပဲ။ အဆင်ပြေပါလိမ့်မယ်ဟု ပြောပါသည်။

ထို့နောက် ဦးလေးခန့်သည် ကျနော့်ဇနီးလောင်း၏ မိဘများထံသွား၍၊ ကလေးချင်း မေတ္တာရှိနေပြီဖြစ်ရာ ကလေးတွေကို လက်ထပ်ထိမ်းမြားခွင့်ပြုရန် တောင်းရမ်းနားဖောက်ပါတော့သည်။

ယင်းတွင် မထင်မှတ်သောကိစ္စ ကြုံရပါတော့သည်။ ကျနော့်ဇနီးလောင်း၏ဖခင် ဦးဘအုံးက ပြန်ပြောသည်မှာ "သူတို့လက်ထပ်ရေးကိုတော့ တို့ကသဘောတူပါတယ်။ ဒါပေမဲ့ စစ်ကြီးပြီးမှ လက်ထပ်စေချင်တယ်။ စစ်ပြီးတဲ့နောက် မောင်ရွှေ (ကျနော့်ငယ်နာမည်) ဘယ်ဘဝပဲဖြစ်ဖြစ် သဘောတူမှာပဲ။

ငါက ဆီးပြီးပုဆိုးဆင်ပေးရ ပေးရပဲ။ လက်ထပ်ပေးမှာပဲ။ စစ်ကြီးအတွင်းတော့ သဘောမတူနိုင်ဘူး။ ငါ့သမီးလေး ဘယ်တော့မှဆိုးမ ဖြစ်မလဲဆိုတာ နေ့တိုင်း ပူပန်နေရတဲ့ဘဝတော့ ငါမရောက်ချင်ဘူး” လို့ ဆိုပါတော့သည်။

ဦးကြီးဦးဘအုံးမှာ သမီးကိုအလွန်ချစ်သူ ဖြစ်သည်။ သမီးကို စစ်အတွင်း စစ်သားတယောက်နှင့် လက်ထပ်ပေးပြီး ထိုစစ်သားနောက် ထည့်လိုက်ရမှာကို ပူပန်ခြင်းဖြစ်ဟန် ရှိနေပေသည်။

ဦးလေးခန့်လည်း စိတ်ပျက်ပြီး ပြန်လာကာ အကျိုးအကြောင်းတွေ ပြောပြပါသည်။ ကျနော်လည်း စိတ်ပျက်ပြီး ဘာဆက်လုပ် ရမည်မသိ၊ အချိန်ရှည်လျားစွာ စောင့်ရမည့်သဘော ဖြစ်နေပါတော့သည်။

## ၂၀

ကျနော်သည် ရန်ကုန်မြို့ ဦးဝိစာရလမ်းတွင် နံနက်တိုင်း စောစောထပြီး ၂ မိုင်ကျော်မျှ လမ်းလျှောက်နေကျဖြစ်ရာ၊ ယခုတလော လမ်းမလျှောက်ဖြစ်တာ တပတ်ကျော်လောက်ရှိသွားပြီး၊ ယနေ့မှ ထလမ်းလျှောက်မိပါသည်။ လမ်းလျှောက်မှအပြန် အိမ်ရောက်ခါနီးတွင် ဦးလေးခန့်တယောက် လမ်းအတိုင်းမိမိဆီ လျှောက်လာတာတွေ့ရ၍ ဘာများဖြစ်ပြန်ပြီလဲဟု စိတ်ပူသွားမိပါသည်။ တွေ့ဆုံမိတော့ဦးလေးက ပြောသည်မှာ ကျနော့်ဇနီးလောင်းစိန်စိန် သူ့အိမ်မှထွက်လာပြီး ငါ့အိမ်ရောက်လာကာ မင်းဆီကိုလိုက်ပို့ပေးဖို့ပြောလို့ ငါခေါ်လာပြီ။ အခုမင်းဒေါ်လေးစောအိမ်တွင် ထားခဲ့သည်။ မင်းကိုပြောပြဖို့ ငါလာတာပဲဟု ဆိုပါသည်။

ကျနော်က ဦးလေးခန့်ကို ပြန်နှင့်ပါ။ ကျနော်အဝတ်အစားလဲပြီး ချက်ချင်းကားနှင့် လာခဲ့ပါမယ်။ ကျနော်တို့မှာ သူမကိုစောင့်ရှောက်ရမယ့်ဝတ္တရား ရှိပါတယ်။ ကျနော်ဝတ္တရားအတိုင်း လုပ်မှာပါဟုပြောပြီး ဦးလေးကို ပြန်လွှတ်လိုက်ပါသည်။

ကျနော်အိမ်အမြန်ပြန် အဝတ်အစားလဲပြီးကားဖြင့် ကျနော့်အဒေါ်အိမ်ကိုလိုက်သွားကာ သူမနှင့်တွေ့ဆုံပါသည်။ ကျနော့်ဇနီးလောင်းစိန်စိန်က ပြောပြသည်မှာ ကျမဟာမောင်လက်ထပ်နိုင်မယ့်ရက်ကို အကြာကြီးစောင့်နေခဲ့ရပါပြီ။ အခုမောင်ကလက်ထပ်နိုင်ပြီ ပြောပြန်တော့လဲ အဖေကမသေမချာ မရေမရာနဲ့ စစ်ပြီးမှ လက်ထပ်ပေးမယ်လို့ပြောပြန်တယ်။ အခုတော့ကျမက မောင်ခေါ်တဲ့အတိုင်းမောင်နောက် လိုက်ခဲ့ပြီလို့မျက်ရည်များနှင့် ကျနော့်ကို ပြောပြပါသည်။

ကျနော်က – မင်းဘာမှမပူနဲ့၊ မင်းကိုငါစောင့်ရှောက်မှာပါ။ တို့မကြာခင်ဒီရန်ကုန်မှာပဲ လက်ထပ်ကြတာပေါ့။ အခုတော့ ဒေါ်လေးအိမ်မှာပဲ ခေတ္တနေခဲ့ပါဟု ပြောခဲ့ပြီး ဒေါ်လေး – ဦးလေးတို့နှင့် ခေတ္တတွေ့ဆုံအပ်နှံကာ ကျနော့်အိမ်ကိုပြန်ခဲ့ပါသည်။

ကျနော်တို့လက်ထပ်ဖို့အတွက် ကျနော်ငွေရှာဖို့လိုပါသည်။ ကျနော့်တွင် ယခင်ဘီအိုင်အေခေတ်ကတည်းက ကျနော်စီးနေသော မော်တော်ဆိုင်ကယ်တစီး အတော်အသင့်ကောင်းမွန်စွာ ရှိပါသည်။ ယခုကျနော်စစ်ဝန်ကြီးရုံး လေ့ကျင့်ရေးဌာနချုပ်မှူးကြီးဖြစ်လာ၍ စစ်ဝန်ကြီးရုံးကကျနော်စီးဖို့ ကိုယ်ပိုင်ကားတစီး၊ ဒရိုင်ဘာရဲဘော်နှင့်တကွပေးထားသဖြင့် ထိုမော်တော်ဆိုင်ကယ်ကို ကျနော်တနေရာတွင် သိမ်းထားပါသည်။

ထိုမော်တော်ဆိုင်ကယ်ကို စစ်ဝန်ကြီးရုံး ထောက်ပံ့ရေးဌာနသို့ ကျနော်ရောင်းချရန်စီစဉ်ပါသည်။ စစ်ဝန်ကြီးရုံးထောက်ပံ့ရေးမှူးဗိုလ်မှူးဗိုလ်ဝင်းထံ သွားတွေ့ပြီး ကျနော်လက်ထပ်ဖို့ငွေလိုသဖြင့် ကျနော့်မော်တော်ဆိုင်ကယ်ကို ရောင်းလိုကြောင်းပြောပြရာ သဘောတူကြပြီး ကျနော့်မော်တော်ဆိုင်ကယ်ဖိုး မြန်မာငွေကျပ်ငါးသောင်း ဗိုလ်မှူးဝင်းကပေးပါသည်။ ထိုစဉ်ကမြန်မာငွေတန်ဖိုးလည်း အသင့်အတင့်ရှိနေ၍ လက်ထပ်စားရိတ်အတွက် ကောင်းစွာလုံလောက်နိုင်ပါသည်။

ကျနော်ချက်ချင်းပင် ထိုငွေငါးသောင်းကိုယူပြီး ကျနော်တို့ကိုလက်ထပ်ပေးဖို့ ဦးလေး – ဒေါ်လေးတို့ကိုပြောပြီး ထိုငွေများကို အပ်ပေးလိုက်ပါသည်။

နောက် ကျနော်သည်ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာထံသွားပြီး ကျနော့်ဇနီးလောင်းလိုက်လာသောအခြေအနေကို ပြောပြကာ မကြာခင် ရန်ကုန်တွင်ပင် လက်ထပ်တော့မည့်အကြောင်း ပြောပြပါသည်။

နောက် ဗိုလ်လက်ျာနှင့် လက်ထပ်မည့်အစီအစဉ်များ ဆွေးနွေးတိုင်ပင်ကြပါသည်။ ဗိုလ်လက်ျာမှာကောင်းစွာမကျန်းမာ၍ ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက် ကုသနေသောကာလ ဖြစ်ပါသည်။

၁၉၄၅ ခုနှစ်၊ ဇန္နဝါရီလ ၁၅ ရက်နေ့တွင် ကျနော်တို့လက်ထပ်ကြပါသည်။ လက်ထပ်ပွဲကိုဗိုလ်လက်ျာစီစဉ်ပေးသည့်အတိုင်း ခေါင်းဆောင်ကြီး သာယာဝတီသခင်မြအိမ်တွင် ပြုလုပ်ပါသည်။ လက်ထပ်ပေးသူများမှာ ထိုအချိန်ကနိုင်ငံခြားရေးဝန်ကြီးဖြစ်ဟန်ရှိသော သခင်နုတို့ ဖြစ်ပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မင်္ဂလာသြဝါဒစကား ပြောကြားချီးမြှင့်ပါသည်။

လက်ထပ်ပွဲမှာ ခပ်ကျဉ်းကျဉ်းဖြစ်သော်လည်း သိုက်သိုက်မြိုက်မြိုက် ဖြစ်ပါသည်။ ကျနော်တို့၏ခေါင်းဆောင်လူကြီးများ၊ မိတ်ဆွေများ၊ ရဲဘော်များ တက်ရောက်ကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်ဇနီးမောင်နှံလည်း တက်ရောက်လာပါသည်။ ဗိုလ်ချုပ်တို့ကျနော်တို့နှစ်ယောက်ထံ လာပြီးလက်ဆွဲနှုတ်ဆက်ကာ ဗိုလ်ချုပ်ကနောက်ပြောင်စကားများ ဆိုပါသည်။ ဘာမှန်းကျနော်မမှတ်မိတော့ပါ။ လက်ထပ်ပွဲသို့ ဆေးရုံတက်နေသော ဗိုလ်လက်ျာတဦးတည်းသာ မလာဖြစ်ပါ။ ကျနော့်ဇာတိသုံးဆယ်မှ ကျနော့်မိဘများနှင့် ဆွေမျိုးအချို့လည်းလာကြပါသည်။ စိန်စိန်၏အဒေါ် ဒေါ်ကြည်လည်း သုံးဆယ်မြို့မှ လာပြီးတက်ရောက်ပါသည်။ မင်္ဂလာပွဲမှာအားလုံးချောချောမောမောနှင့် ပြီးဆုံးသွားပါသည်။

ကျနော့်လူပျိုရံတော်ကြီးများဖြစ်သော ဗိုလ်ရန်အောင်၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်မြင့်အောင်တို့မှာလည်း များစွာပျော်ရွှင်ကြပြီး ကျနော့်ကိုဝိုင်းကာစနောက် ပြောင်နေပါတော့သည်။

လက်ထပ်ပွဲပြီးနောက် ကျနော်တို့အားလုံးတပျော်တပါးကြီး ကျနော်၏ဦးဝိဇာရလမ်းအိမ်သို့ ပြန်လာကြပါသည်။ အလွန်ပျော်ရွှင်နေသော ဗိုလ်မြင့်အောင်ကြီးက တို့သိပ်ပျော်တယ်၊ ဒီညဒီမှာပဲကြက်သားဟင်း ချက်စားကြမယ်ဟုပြောဆိုကာ စီစဉ်ကြပါ တော့သည်။ (ထိုစဉ်က ဗိုလ်မြင့်အောင်ကြီး မကွယ်လွန်သေးပါ)

ကျနော်တို့က ကြက်ဝယ်ရန်စီစဉ်ရာ ဗိုလ်မြင့်အောင်ကြီးက ဒီလိုညဟင်းဆိုတာဝယ်တဲ့ကြက်နဲ့ ချက်စားတာမဟုတ်ဘူး ခိုးရတဲ့ကြက်နဲ့ချက်စားမှ အရသာရှိတာဗျဟု သူငယ်စဉ်ဘဝကအတိုင်း ပျော်ရွှင်စွာပြောလာပါသည်။

ညမိုးနည်းနည်းချုပ်လာသောအခါ ဗိုလ်မြင့်အောင်ကြီးက ကြက်သွားခိုးရန်ကျနော့်ကိုခေါ်ပြီး မြေနီကုန်းရှိကုလားရပ်ကွက်သို့ သွားကာခြံတခြံကို ကျော်ဝင်ပါတော့သည်။

ကျနော့်မှာဤသို့ခိုးဝှက်ရသည့် အလုပ်ကိုတခါမျှ လုပ်ဖူးသူမဟုတ်သဖြင့် ထိတ်လန့်ပြီး ကြောက်ဒူးတုန် ရင်ခုန်နေသည်ကို ယခုတိုင် မှတ်မိနေပါသည်။

ဗိုလ်မြင့်အောင်ကြီးသည် ရဲရဲတင်းတင်းပင် ကြက်တန်းရှိရာနေရာသို့ သွက်လက်စွာလျှောက်သွားပါသည်။ ကျနော်လည်းသူ့နောက်က ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖြည်းဖြည်းလိုက်သွားပါသည်။

ဗိုလ်မြင့်အောင်ကြီးသည် ကြက်တန်းသို့ရောက်သောအခါ ကြက်တန်းပေါ်ရှိကြက်တကောင်အနီး သူ့လက်တဖက်ကို တင်လိုက်ပါသည်။ ကြက်တကောင်က ပြောင်းရင်းရွှေ့ရင်း ဗိုလ်မြင့်အောင်ကြီးလက်ပေါ်သို့ ကြက်ခြေထောက်များ ရောက်လာသောအခါ ဗိုလ်မြင့်အောင်ကြီးက တခြားလက်တဖက်ဖြင့် ထိုကြက်၏လည်ပင်းကို ဖြစ်ကိုင်လိုက်ပြီးမအော်နိုင်အောင် ညှစ်သတ်လိုက်ပြီး ခြံအပြင်ကို ပြန်ထွက်လာပါသည်။

ကျနော့်အိမ် ပြန်ရောက်မှ ကျနော်ရင်တုန်ပြေပါသည်။

ဗိုလ်မြင့်အောင်ကြီးက ကြက်သားဟင်းချက်နေစဉ် ကျနော့်ကိုပြောသည်မှာ သူဗိုလ်ရန်အောင်ကြီးကို ခေါ်ထားပြီးဖြစ်သည်၊ ကျနော်ကဗိုလ်ရဲထွန်းကို ထမင်းစားရန်လှမ်းခေါ်ပါဟု ခိုင်းပါတော့သည်။

ထိုစဉ်ကဗိုလ်ရဲထွန်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ အတွင်းရေးမှူးဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းအိမ်တွင် နေပါသည်။ ဗိုလ်ချုပ်အိမ်ကို ဖုန်းဆက်လျှင် ယေဘုယျအားဖြင့် အတွင်းရေးမှူးကသာ ပထမဖုန်းကိုင်တတ်ရာ ကျနော်ဖုန်းဆက်လျှင် ပထမဗိုလ်ရဲထွန်းနှင့်သာ တွေ့ရမည်ဟု ယူဆပြီးဖုန်းဆက်လိုက်ပါသည်။

သို့သော်ပထမဖုန်းလာကိုင်သူမှာ ဗိုလ်ရဲထွန်းမဟုတ်ဘဲ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖြစ်နေပါတော့သည်။

ကျနော်လည်းပထမတော့ စိတ်လှုပ်ရှားသွားပြီးနောက်မှ စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်မိပါတော့သည်။ ကျနော့်အိမ်တွင်ဗိုလ်မြင့်အောင်၊ ဗိုလ်ရန်အောင်တို့ ညဟင်းကြက်သားဟင်း ချက်စားနေကြကြောင်း။ ဗိုလ်ရဲထွန်းကိုညဟင်းစားဖို့ ခေါ်ချင်ကြောင်းပြောလိုက်ရာ ဗိုလ်ချုပ်ကဗိုလ်ရဲထွန်းကိုခေါ်ပြီး ဖုန်းကိုပေးလိုက်ပါသည်။ ကျနော်လည်း ဗိုလ်ချုပ်ကိုအားနာစွာဖြင့် ဗိုလ်ရဲထွန်းကိုထမင်းစားဖိတ်ရပါတော့သည်။

ဗိုလ်ရဲထွန်းမကြာမီပင် ကျနော့်အိမ်သို့သူ့ကားလေးဖြင့် ရောက်ချလာပါသည်။

ထိုညကျနော့်အိမ်တွင် ဗိုလ်မြင့်အောင်၊ ဗိုလ်ရန်အောင်၊ ဗိုလ်ရဲထွန်း၊ ကျနော်နှင့်ကျနော့်ဇနီးပါ တပျော်တပါးကြီး ညဟင်းစားကြပါသည်။

ကျနော့်ဇနီးမှာ ကျနော်တို့ရဲဘော်ကြီးများနှင့် နောက်ပိုင်းတွင်တဖြည်းဖြည်း ရင်းနှီးခင်မင်လာပြီး အားလုံးကိုချစ်ခင်လေးစား လာပါသည်။

သို့သော်ဗိုလ်ရန်အောင်ကြီးအပေါ်တွင် ကျနော့်ဇနီးကတဖက်က ချစ်ခင်လေးစားသော်လည်း တဖက်ကအစောပိုင်းတွင် ကြောက်ရွံ့စိတ်ရှိနေပါသည်။ ထိုကဲ့သို့ကြောက်ရွံ့စိတ်ရှိနေရသည့် အကြောင်းမှာဗိုလ်ရန်အောင်ကြီးမှာ ကျနော်တို့ကိုမြင်တွေ့လိုက်ရသည်နှင့် တပြိုင်နက်တည်း အလွန်အားရရွှင်လန်းစွာအော်ကြီးဟစ်ကျယ်နှင့် နောက်ပြောင်နှုတ်ဆက်တတ်၍ ဖြစ်ပါသည်။ နောက်ပိုင်းကျမှတဖြည်းဖြည်း ရင်းနှီးလာပါသည်။

နောက်ရက်သိပ်မကြာမီ ကျနော်တို့အိမ်သို့ဗိုလ်မှူးဗထူးလာ၍ လည်ပတ်ပါသည်။ ဗိုလ်မှူးဗထူးမှာနယ်တွင်တာဝန် ကျနေသူဖြစ်၍ ကျနော့်လက်ထပ်ပွဲမတက်နိုင်ခဲ့ပါ။ ယခုမှရန်ကုန်ကိုတာဝန်ဖြင့်ရောက်ရှိလာစဉ် လာလည်ပတ်ခြင်း ဖြစ်ပါသည်။

ကျနော့်ဇနီးမှာဗိုလ်ဗထူး၏အမည်ကို စောစွာကပင်ကြားသိပြီးဖြစ်၍ အိမ်ရောက်လာသည့်အခါ ချက်ချင်းပင်လေးလေးစားစား ဧည့်ဝတ်ပြုပါသည်။ ကျနော်တို့အတော်ကြာ ရင်းရင်းနှီးနှီးစကားပြောကြပြီးနောက် ဗိုလ်မှူးဗထူးပြန်သွားပါသည်။

ပြန်ခါနီးဗိုလ်မှူးဗထူးသည် ကျနော့်ဇနီးထံချဉ်းကပ်ပြီး သူ့အရေးအကြောင်းရှိက သုံးစွဲဖို့ဆောင်ထားဟန်ရှိသော ရွှေလက်ကောက်လေး ၂ ကွင်း ၃ ကွင်း (တကွင်း ပုံစံတမျိုးစီရှိ) ကိုလက်ဖွဲ့လက်ဆောင်အဖြစ် အတင်းထိုးပေးသွားပါသည်။

ကျနော်မှာဤအကြောင်းအရာတွေကို ရေးနေစဉ်ကွယ်လွန်ကြပြီဖြစ်သော ရဲဘော်ဟောင်းကြီးများဖြစ်ကြသော ဗိုလ်ရန်အောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်ဗထူး စသူတို့ကို သတိရပြီး လွမ်းဆွတ်ကြေကွဲနေမိပါသည်။ သူတို့သည်တိုင်းပြည်တာဝန် ကျေပွန်ခဲ့ကြသူများ ဖြစ်ပါသည်။ ထို့အတူ ကွယ်လွန်ကုန်ကြပြီ ဖြစ်သောကျနော့် မိဖနှစ်ပါး၊ ဇနီးသည်နှင့်သားငယ်ထွန်းအေးကျော်ဇော တို့ကိုလည်းသတိရလွမ်းဆွတ်မိပါသည်။

ကျနော်ကိုယ်တိုင်လည်း ဤစာရေးနေသည့် ၂၀၀၃ ခုနှစ်တွင် ကျနော့်အသက် (၈၄) နှစ်ပြည့်ရန် ရက်ပိုင်းလောက်သာ လိုတော့သည်ဖြစ်၍ ကွယ်လွန်ကုန်ကြပြီဖြစ်သော ရဲဘော်ကြီးများနောက်သို့ မကြာခင်လိုက်ရတော့မည် ဖြစ်ပါသည်။

ကျနော်တို့သည် စီးပွားရေးအရမြန်မာပြည်သူတို့ ချမ်းသာဝပြောစေရန်လည်းကောင်း၊ နိုင်ငံရေးအရ ဒီမိုကရေစီထွန်းကား လွတ်မြောက်စေရန်လည်းကောင်း အားထုတ်လုံးပန်းခဲ့ရာ ယခုထိမအောင်မြင်နိုင်သေးသဖြင့် ဝမ်းနည်းစိတ်မကောင်း ဖြစ်ရပေသည်။ ယခုအသိစစ်အာဏာရှင် အစိုးရကို ဆက်ပြီးတိုက်ပွဲဆင်နေရတုန်း ဖြစ်ပါသည်။ မြန်မာပြည်သူတို့သည် ဆင်းရဲခြင်းမှလွတ်မြောက်ပြီး ချမ်းသာဝပြောလာရေးနှင့် ဖိနှိပ်ချုပ်ခြယ်မှုမှ လွတ်မြောက်လာရေးသည် ရှေ့တွင်ဖြစ်လာမည်ဟု ကျနော်တို့လုံးဝယုံကြည်ပါသည်။

## (၂၀)
## ဖက်ဆစ်ဆန့်ကျင်ရေး အပိုင်း (၁)

ဖက်ဆစ်ဝါဒကို ဂျာမဏီ၊ အီတလီ၊ ဂျပန်တို့ (၃) နိုင်ငံပေါင်းထူထောင်ခဲ့ကြပြီး ၁၉၄၁ ခုနှစ်တွင် ဂျာမဏီဖက်ဆစ်တို့က ဥရောပအနောက်ပိုင်း တပိုင်းလုံး ပြင်သစ်ပြည်ကြီးအပါ သိမ်းပိုက်ခဲ့ကြသည်။ ဗြိတိန်ကျွန်းသာ ပင်လယ်ခြားနေ၍ မသိမ်းပိုက်နိုင်ဘဲ လေကြောင်းကသာ အကြီးအကျယ် တိုက်ခိုက်ခဲ့သည်။ ၎င်းဂျာမဏီဖက်ဆစ်တို့ဟာ ဆိုဗီယက်ရုရှားပြည်ကြီးကိုဆက်ပြီး ၁၉၄၁ ခု၊ ဇွန်လကစဝင်တိုက်ရာတွင် သုံးနှစ်အတွင်းဆိုဗီယက်ရုရှားမှ စတာလင် ခေါင်းဆောင်ပြီး ခုခံလို့ ဂျာမန်တွေ အတော်အထိနာသည်။ ၁၉၄၃ ခုနှစ်တွင်အပြင်းဆုံး ဖြစ်သည်။ ဆိုဗီယက်ရုရှားတွေကတပြည်းပြည်းခံစစ်မှ ထိုးစစ်သို့ စတင်ပြောင်းပြီးတိုက်ရာ ဂျာမန်ဖက်ဆစ်တွေကို ရုရှားမှမောင်းထုတ်လိုက်နိုင်ပြီး ဥရောပအတွင်းပိုင်းအထိ နောက်ကထပ်ချပ်လိုက်ကာ တိုက်သည်။ ထိုအချိန်တွင် အမေရိကန်အင်္ဂလိပ်မဟာမိတ်တပ်ဖွဲ့ကြီးက ၁၉၄၄ ခုနှစ်၊ ဇွန်လ (၆) ရက်တွင် ပြင်သစ် နော်မန်ဒီကမ်းခြေသို့တက်ပြီး ဂျာမန်တို့ကိုတိုက်ပွဲကြီး ဆင်နွှဲပါတော့သည်။ သို့ဖြင့်ရုရှားပါပေါင်းကာ ဖက်ဆစ်တိုက်ကိုတိုက်ရာ ဥရောပတွင်ဂျာမန်ဖက်ဆစ်နှင့် အီတလီဖက်ဆစ်တို့ အရေးနိမ့်ပြီးလက်နက်ချရတော့သည်။

နောက်အာရှတိုက်တွင်လည်း ဂျပန်ဖက်ဆစ်တို့ကမြန်မာအပါ တိုင်းပြည်အများကိုတိုက်ခိုက်သိမ်းပိုက်ထားရာ မဟာမိတ်တွေက ပြန်တိုက်လာသည်။ ဆိုဗီယက်ရုရှားကလည်း တိုက်ပွဲပြီးသွားသော ဥရောပက သူ့တပ်တွေကိုအာရှတိုက်ဘက်သို့ ရွှေ့ယူလာပြီး ဂျပန်ဖက်ဆစ်တို့ကိုဦးတည်ပြီး တိုက်ခိုက်ရာ နောက်ဆုံးဂျပန်ပြည်မပေါ်ကမ်းတက်ပြီး တိုက်တော့မည့်အခြေအနေသို့ ဆိုက်နေပေသည်။ ထိုအတွင်းအမေရိကန်က ဂျပန်ပြည်ဟီရိုရှီးမားနှင့် နာဂါဆာကီးမြို့တွေကို ၁၉၄၅ ခု ဩဂုတ်လ ၆ ရက်နှင့် ၉ ရက်နေ့မှာ အနုမြူဗုံးများကိုပထမဆုံးချလိုက်သည်။ ဂျပန်တို့လည်း ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် လက်နက်ချလိုက်သဖြင့် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခြင်းသို့ ရောက်လေသည်။

## (၂၂)
## ဖက်ဆစ်ဆန့်ကျင်ရေး အပိုင်း (၂)

"ဗမာပြည်ဖက်ဆစ်ဆန့်ကျင်ရေး" ကို စတင်အကောင်အထည်ဖော်ခြင်းမှာ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်မှ ၇ ရက်အကြာ ပဲခူးမြို့ ကျွန်းနော် ဗိုလ်ကျော်ဇောအိမ်တွင် ၁၉၄၂ ခုနှစ်ကတည်းက ဖက်ဆစ်တော်လှန်ရေးကိုစည်းရုံးလုပ်ကိုင်နေသူ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်စိုးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ သုံးရက်ကြာလျှို့ဝှက်ဆွေးနွေးပွဲမှ စတင်ကြခြင်း ဖြစ်ပေသည်။ ၎င်းတွင်ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ နောင် ဖဆပလ) ကိုစတင်ဖွဲ့စည်းကြသည်။ ထိုစဉ်ဖက်ဆစ်ဆန့်ကျင်ရေး စခါစတွင်အဖွဲ့ (၄) ဖွဲ့ ပါဝင်ပါသည်။ ၎င်းတို့မှာဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီ (ဆိုရှယ်လစ်ပါတီ)၊ အာရှလူငယ်အဖွဲ့တို့ ဖြစ်ပါသည်။ ထိုဆွေးနွေးပွဲတွင်ဗိုလ်ချုပ်အောင်ဆန်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီမှအပ ကျန်အဖွဲ့တို့၏ကိုယ်စားလှယ် ဖြစ်ပါသည်။

ဗမာပြည်ဖက်ဆစ်ဆန့်ကျင်ရေးစတင်သူတို့မှာ ရခိုင်တိုင်းကဖြစ်ပြီး ၁၉၄၄ ခုနှစ်ကုန်လောက်မှစတင်ခဲ့ရာအောင်မြင်မှုရခဲ့ကြပါသည်။ ၁၉၄၅ ခုနှစ် ဇန္နဝါရီပထမပတ်မှစ၍ ရခိုင်တိုင်းတွင်ဦးပညာသီဟ၊ ဦးစိန္တာနှင့် ကိုညိုထွန်း၊ ဗိုလ်ကြာလှအောင်တို့ဦးဆောင်၍ မဟာမိတ်စစ်တပ်များနှင့် တွဲဖက်ကာ ဖက်ဆစ်ဂျပန်တို့အား လက်နက်ကိုင်၍ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

တပြည်လုံးဖက်ဆစ်တော်လှန်ရေးအတွက် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် (နောင် ဖဆပလ) ခေါင်းဆောင်များသည် ၁၉၄၅ ခုနှစ် မတ်လ (၁) ရက်နေ့မှ (၃) ရက်နေ့အထိ (၃) ရက်တိုင်တိုင် ရန်ကုန်မြို့ပတ်လမ်း (ယခု နတ်မောက်လမ်း) ရှိ ဗိုလ်ချုပ်အောင်ဆန်း အိမ်တွင် ဖက်ဆစ်တော်လှန်ရေးအတွက် စုဝေးတိုင်ပင်ကြလေသည်။

ထိုအစည်းအဝေးသို့ တက်ရောက်သူများမှာ – (၁) ဗိုလ်ချုပ်အောင်ဆန်း၊ (၂) ဗိုလ်မှူးကြီးလက်ျာ၊ (၃) ဗိုလ်မှူးကြီးနေဝင်း၊ (၄) ဗိုလ်မှူးကြီးဇေယျ၊ (၅) ဗိုလ်မှူးစောကြာဒိုး၊ (၆) ဗိုလ်မှူးကျော်ဇော၊ (၇) ဗိုလ်မှူးဗထူး၊ (၈) ဗိုလ်မှူးရန်အောင်၊ (၉) ဗိုလ်မှူးရဲထွဋ်၊ (၁၀) ဗိုလ်မှူး ဗိုးကွန်း၊ (၁၁) ဗိုလ်အောင်ကြီး၊ (၁၂) ဗိုလ်မောင်မောင်၊ (၁၃) ဗိုလ်စိန်မှန်၊ (၁၄) ဗိုလ်ခင်မောင်ကလေး၊ (၁၅) သခင်စိုး၊ (၁၆) သခင်သန်းထွန်း၊ (၁၇) ဦးဗဆွေ၊ (၁၈) သခင်ချစ်၊ (၁၉) ဦးကျော်ငြိမ်း၊ (၂၀) ဦးလှမောင်၊ (၂၁) သခင်တင်မြတို့ ဖြစ်သည်။ (သခင်တင်မြ၏ တိုင်းကြီး ၁၀ တိုင်း နှာ (၃၇) )

ထိုအစည်းအဝေးမှ အရေးကြီးသော ဆုံးဖြတ်ချက်များမှာ –

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည် ဖက်ဆစ်ဂျပန်တို့အား ဗမာပြည်တဝှမ်းလုံးတွင် တပြိုင်တည်းတော်လှန်တိုက်ခိုက်ကြမည်။

မဟာမိတ်စစ်ဌာနချုပ်နှင့် သဘောတူချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည် ဖက်ဆစ်ဂျပန်တို့အား လက်နက်ကိုင်တော်လှန်ရေး တပြည်လုံးစတင်ပြုလုပ်ရန် စသည်တို့ကိုဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အနေဖြင့် အောင်မြင်ပြီးဆုံးသည်အထိ ဦးဆောင်သွားရန်အတွက် ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ ဦးစီးအဖွဲ့ကိုပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြင်ဆင်ဖွဲ့စည်းလိုက်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်၏ ဦးစီးအဖွဲ့မှာ –

(က) တပ်မတော်ကိုယ်စားလှယ် ၃ ဦး၊ (၁) ဗိုလ်ချုပ်အောင်ဆန်း
(၂) ဗိုလ်မှူးကြီးလက်ျာ
(၃) ဗိုလ်မှူးကြီးနေဝင်း

(ခ) ပြည်သူ့အရေးတော်ပုံပါတီ (ဆိုရှယ်လစ်ပါတီ) ကိုယ်စားလှယ် ၃ ဦး။

(၄) ဦးဗဆွေ

(၅) ဦးကျော်ငြိမ်း

(၆) သခင်ချစ် (မှတ်ချက်။ ။ သခင်ချစ်မှာ နောင်ကွန်မြူနစ်ပါတီသို့ ပြောင်းသည်။)

(ဂ) ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ် ၃ ဦး။

(၇) သခင်စိုး

(၈) သခင်သန်းထွန်း

(၉) သခင်တင်မြ။ ပေါင်း (၉) ဦး ဖြစ်ပါသည်။

ထိုဦးစီးအဖွဲ့ဝင်များထဲမှ အာဏာပိုင်ခေါင်းဆောင် (၃) ဦး ထပ်ပြီးရွေးကြပါသည်။

နိုင်ငံရေးခေါင်းဆောင် ... ... သခင်စိုး

စစ်ရေးခေါင်းဆောင် ... ... ဗိုလ်ချုပ်အောင်ဆန်း

နိုင်ငံခြားဆက်သွယ်ရေးခေါင်းဆောင် ... ... သခင်သန်းထွန်း

မှတ်ချက် (၁) သခင်သန်းထွန်းသည် ကွန်မြူနစ်ပါတီ၏အတွင်းရေးမှူးချုပ်လည်း ဖြစ်သည်။

(၂) ထိုအစည်းအဝေးတွင် မူလအမည်ဖြစ်သော "ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်" ကို "ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်" ဟု ပြင်ဆင်သည်။

ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ကို ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းနှင့် ဆီလျော်စေရန် "မျိုးချစ်ဗမာ့တပ်မတော်" (ပီဘီအက်ဖ်) အတိုကောက် အားဖြင့် "ဗမာ့တပ်မတော်" ဟု အမည်ပြောင်းလဲရန် သဘောတူကြပါသည်။

ထိုအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်များကို လက်နက်ကိုင်၍စတင်တိုက်ခိုက်ရန်အတွက် ဗမာပြည်တဝှမ်းလုံးရှိ တပ်မတော်တပ်ဖွဲ့များနှင့် ဖတပလ အဖွဲ့ခွဲများသို့ ဖက်ဆစ်တော်လှန်ရေးညွှန်ကြားချက်များ ထုတ်ပြန်ရန်ဆွေးနွေးအတည်ပြုကြသည်။

မှတ်ချက်။ ။ဖက်ဆစ်ဂျပန်တော်လှန်တိုက်ခိုက်ရေးတွင် လက်နက်ကိုင်တပ်များအနေဖြင့် အသွင် (၂) မျိုးရှိသည်။ တခုမှာ ဗမာ့တပ်မတော်က ဦးဆောင်သော တပ်ဖွဲ့များ ဖြစ်ပြီးနောက် အနည်းစုလက်နက်ကိုင် တပ်ဖွဲ့တမျိုးမှာ အဓိက ဗမာပြည်ကွန်မြူနစ်ပါတီစသည်တို့က ဖွဲ့စည်းထားသော လူထုလက်နက်ကိုင် ပြောက်ကျားတပ်များ ဖြစ်သည်။ ထိုလူထုပြောက်ကျားတပ်များမှာ အသွင်အပြင်အားဖြင့် မှေးမှိန်သော်လည်း သူတို့၏တိုက်စွမ်းရည်မှာ ကြီးမားသည်။ ထောက်လှမ်းရေးသတင်း အချက်အလက်များလည်း များစွာရရှိသဖြင့်အကျိုးပြုမှုကြီးသည်။ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းတခုတွင်ပါသော ရန်သူဂျပန်တပ်မ (၅၄) ၏ စစ်ဌာနချုပ်ကိုဝင်တိုက်ရသည့် တိုက်ပွဲတွင်ဂျပန်စစ်ဗိုလ်ချုပ် (၃) ဦးနှင့် ဂျပန်စစ်အရာရှိကြီးများကို သုတ်သင်တတ်ဖြတ်နိုင်ခဲ့သော တိုက်ပွဲမှာ ထိုလူထုပြောက်ကျားတပ်တတပ်က တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ထိုလူထုပြောက်ကျားတပ်များတွင် ကျေးရွာလူထုကိုယ်တိုင်က ရတ်တရက်မိမိဘာသာ တပ်ငယ်လေးများ ယာယီဖွဲ့၍ကွဲပြလာသော ဂျပန်တပ်ကလေးများကို လိုက်တိုက်ခိုက်ချေမှုန်းသော တိုက်ပွဲများလည်း ပါဝင်သည်။

## (၂၃)

အထက်ပါအစည်းအဝေး၏ နောက်ဆုံးနေ့တွင်ဗမာပြည်ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အောက်ပါအတိုင်းစစ်တိုင်းများဖွဲ့ရန် ဆုံးဖြတ်ကြသည်။

တိုင်း (၁) ပြည်၊ သာယာဝတီ၊ အင်းစိန်နှင့် ဟင်္သာတ အရှေ့ခရိုင်များ

တိုင်း (၂) ဟံသာဝတီ၊ ဖျာပုံနှင့် မအူပင်ခရိုင်များ

တိုင်း (၃) ပုသိမ်၊ ဟင်္သာတ (အနောက်) နှင့် မြောင်းမြခရိုင်များ

တိုင်း (၄) ပဲခူး၊ ရွှေကျင်၊ သထုံနှင့် တောင်ငူတောင်ပိုင်းခရိုင်များ

တိုင်း (၅) မော်လမြိုင်၊ ထားဝယ်နှင့် မြိတ်ခရိုင်များ

တိုင်း (၆) မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်း ရှမ်းပြည်ခရိုင်များ

တိုင်း (၇) သရက်၊ အာလံ၊ မကွေး၊ မင်းဘူးခရိုင်များ

ထိုစစ်တိုင်း (၇) တိုင်းအပြင် နောက်ထပ် စစ်တိုင်း (၃) တိုင်း ထပ်ဖွဲ့သည်။

(၁) ရခိုင်တိုင်း၊

(၂) အထက်ဗမာပြည်တိုင်း၊

(၃) ရန်ကုန်တိုင်း (ရန်သူသိမ်းပိုက်ထားရာဒေသ) ဟူ၍ ထပ်မံခွဲခြားသတ်မှတ်ပါသည်။ (သခင်တင်မြ၏ တိုင်းကြီး ၁၀ တိုင်း၊ နှာ၊ ၄၃)

ထိုဖက်ဆစ်တော်လှန်ရေးစစ်တိုင်းများကို ခေါင်းဆောင်သွားကြမည့်နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များကို အစည်းအဝေးက တာဝန်ခွဲပေးလိုက်သည်။

| တိုင်း | စစ်ရေးခေါင်းဆောင် | နိုင်ငံရေးခေါင်းဆောင် |
|---|---|---|
| (၁) | ဗိုလ်ချုပ်အောင်ဆန်း | သခင်ဗဟိန်း |

| | | |
|---|---|---|
| (၂) | ဗိုလ်မှူးကြီးနေဝင်း | သခင်စိုး |
| (၃) | ဗိုလ်မှူးကြီးစောကြာဒိုး | မရှိ |
| (၄) | ဗိုလ်မှူးကျော်ဇော | သခင်ချစ် |
| (၅) | ဗိုလ်ကြီးတင်ထွန်း | သခင်ဗသိန်းတင် |
| (၆) | ဗိုလ်မှူးရဲထွဋ် | ဦးကျော်ငြိမ်း |
| (၇) | ဗိုလ်မှူးအောင် | သခင်တင်မြ |

ဗိုလ်မှူးကြီးလက်ျာက တိုင်း (၂) နှင့် တိုင်း (၃) ကို ဆက်သွယ်ရေးတာဝန်ယူရန် အထူးဒေသများဖြစ်သောတိုင်း (၃) တိုင်း တွင်လည်း အောက်ပါ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များကို တာဝန်ပေးခဲ့ပါသည်။

| တိုင်း | စစ်ရေးခေါင်းဆောင် | နိုင်ငံရေးခေါင်းဆောင် |
|---|---|---|
| ရခိုင်တိုင်း | ဦးညိုထွန်း | ဦးညိုထွန်း |
| အထက်ဗမာပြည် | ဗိုလ်မှူးဗထူး | ကိုစံညွန့် |
| ရန်ကုန်တိုင်း | ဗိုလ်မှူးခင်ညို | ကိုကျော်ငြိမ်း (အာအိုးတီ) |

(ကိုဗဆွေက ရန်ကုန်တာဝန်ခံအဖြစ် ဆောင်ရွက်ရန်)။

နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံဖြစ်သော သခင်သန်းထွန်းကတိုင်း (၆) ဒေသအတွင်းရှိ ဖြူးမြို့နယ်သို့သွားရောက်၍ မဟာမိတ်စစ်ဌာနချုပ်မှ ပို့ပေးမည့်တပ်ဖွဲ့ ၁၃၆ ဆက်သွယ်ရေးတာဝန်ခံမေဂျာကရူးနှင့် ပူးပေါင်း၍ဆောင်ရွက်ရန် ဖြစ်ပါသည်၊

မှတ်ချက် (၁) သခင်ဗဟိန်းကိုတိုင်း (၁) နိုင်ငံရေးမှူးအဖြစ် ရာထားခဲ့သော်လည်းတိုင်း (၁) စစ်ရေးခေါင်းဆောင်အဖြစ် ဗိုလ်မှူးမောင်မောင် (ကာနယ် မောင်မောင် – နောင် ဗိုလ်မှူးချုပ်) ကို တာဝန်ပေးလိုက်သောအခါ သခင်ဗဟိန်းကိုတိုင်း (၁) သို့ မခေါ်ယူတော့ဘဲတောင်ငူနယ်တွင်းပင် တာဝန်ပေးလိုက်သည်။

(၂) တိုင်း (၆) တာဝန်ကျသောဦးကျော်ငြိမ်းကိုတိုင်း (၆) သို့မပို့တော့ဘဲရန်ကုန်တွင်ကို ဗဆွေနှင့်တွဲဘက်တာဝန်ပေးသည်။ တိုင်း (၆) နိုင်ငံရေး မှူးအဖြစ် သခင်တင်ထွန်း (နောင် – တောဒို ကွန်မြူနစ်ပါတီမှ) ကို တာဝန်ပေးသည်။

(သခင်တင်မြ၏ တိုင်းကြီး ၁၀ တိုင်း – နာ – ၄၄ )

(၃) ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဦးကျော်ငြိမ်းမှာဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ဘယ်စစ်တိုင်းဘယ်နေရာကိုမှ တာဝန်မယူခဲ့၊ ပထမတိုင်း (၄) နိုင်ငံရေးမှူးတာဝန်ရာထားရာကိုလည်းမသွား၊ နောက် တိုင်း ၆ နိုင်ငံရေးမှူးတာဝန်ကိုလည်းသွားမယူဘဲ၊ တနေရာလုံခြုံရာတွင် မိမိတသာသပုန်းခိုနေပြီး ရန်ကုန်မှ ဂျပန်တပ်များဆုတ်ခွာပြီးတော့မှ ရန်ကုန်တိုင်းကိုဗဆွေထံသွား၍ ပူးပေါင်းနေခဲ့သူ ဖြစ်သည်။

(၄) ၁၉၅၂ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီခေါင်းဆောင်ဝန်ကြီးအဖြစ် ဦးကျော်ငြိမ်းသည်အနောက်နိုင်ငံအချို့သို့ လှည့်လည်လေ့လာကြည့်ရှုရေးအဖွဲ့ ခေါင်းဆောင်အဖြစ် သွားရောက်ရာတွင်ကျနော်လည်း ထိုအဖွဲ့တွင်ပါဝင်လိုက်ပါသွားရာ အင်္ဂလန်လန်ဒန်မြို့တွင်ကျနော်တို့လူချင်းလည်း ရင်းနှီးနေ၍၊ ကျနော်က ဖက်ဆစ်တော်လှန်ရေးတွင်ကျနော်ဦးစီးသော တိုင်း (၄) တွင်ခင်ဗျားပထမနိုင်ငံရေးမှူးတာဝန်ကျရာသို့ မလာဘဲဘာကြောင့် သခင်ချစ်ကို လွှတ်ရ သလဲဟုမေးရာ ဦးကျော်ငြိမ်းကခပ်ပြောင်ပြောင်ပင် ခင်ဗျားကြီးကိုကြောက်လို့မလာတာဟုပြောသည်၊ အဓိပ္ပာယ်မှာကျနော်တို့က ဂျပန်ကိုဖိတိုက်ရင် ဂျပန်က ကျနော်တို့ကို ပြန်တိုက်မည်။ ထိုဒဏ်ကို သူမခံနိုင်လို့မလာသည့်သဘော ဖစ်သည်၊ ဦးကျော်ငြိမ်းမှာအနာမခံလိုသော နိုင်ငံရေးအချောင်သမားကြီး ဖြစ်သည်ကို သိနိုင်ပေသည်။

## ဗမာပြည်ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် ရက်သတ်မှတ်ခြင်း

ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ရက်သတ်မှတ်ရန် တော်လှန်ရေးကောင်စီကဗိုလ်ချုပ်အောင်ဆန်းကို တာဝန်ပေးထားရာ ဗိုလ်ချုပ်အောင်ဆန်းက အရပ်ရပ်အခြေအနေများကို လေ့လာထောက်ထားပြီးပထမတော်လှန်ရန် ရက်ကို ၁၉၄၅ ခုနှစ် မတ်လ (၂၅) ရက်၊ ည (၆) နာရီဟု သတ်မှတ်လိုက်သည်။ မိမိတို့တပ်များ ထိုရက်အတွင်းတော်လှန်ရန်အသင့်ဖြစ်နေရန် ဖြစ်သည်။ သို့ရာတွင်ဗိုလ်ချုပ်သည် ထိုအတွင်းဂျပန်ဘက်မှ အခြေအနေပြောင်းလဲမှုတခုကြောင့် တော်လှန်ရန်ရက်ကို ၁၉၄၅ ခုနှစ် ဧပြီလ ၂ ရက်နေ့ ည (၇) နာရီတွင် စတင်တော်လှန်ရန် ရက်ကိုရွှေ့လိုက်သည်။

ထိုအတွင်း ဗမာ့တပ်မတော် တပ်မှူးအများက ဂျပန်တော်လှန်တော့မည် ဖြစ်သဖြင့် မိမိတိမိထောင်သားသမီးဇနီးတို့ကို ရန်ကုန်မြို့သို့ ပို့ကြတာတွေ ရှိလာသည်။

ထိုအကြောင်း အမျိုးမျိုးကြောင့် ရန်ကုန်မြို့နှင့် ပဲခူးမြို့လူထုအတွင်း ဗမာ့တပ်မတော်က ဂျပန်တို့ကို တော်လှန်တိုက်ခိုက်တော့မည့် သတင်းအစအန များ ပျံ့နှံ့လာသည်။ ထိုသတင်းတိုင်း (၄) စစ်ကော်မတီကသိရှိလာသောအခါ တိုင်း (၄) စစ်ကော်မတီများဖြစ်ကြသော ကျနော်၊ သခင်ချစ်၊ ဗိုလ်သိန်းတန်၊ ဗိုလ်ဝတင်၊ ဗိုလ်အောင်ရှု (ယခု NLD) တို့ ချက်ချင်းအစည်းအဝေးထိုင်၍ ဘယ်လိုလုပ်ကြမလဲ တိုင်ပင်ကြသည်။

အစည်းအဝေးတွင် အားလုံးကတော်လှန်မည့်ရက် ဧပြီလ (၂) ရက်နေ့မတိုင်မီ ဂျပန်ကိုတော်လှန်မည့်သတင်းပေါက်ကြား နိုင်သည်ဟုယူဆလာ ကြသည်။

သတင်းပေါက်လျှင် ဂျပန်ကလက်ဦးမှုယူပြီး ဗမာ့တပ်မတော်စစ်ခေါင်းဆောင်များကို ချက်ချင်းဖမ်းဆီးခြင်းနှင့် ဗမာ့တပ်မတော်အချို့ကိုဝိုင်းပြီး လက်နက်ပြုတ်ခြင်းများ လုပ်နိုင်သည်။ ဂျပန်ဖက်ဆစ်တော်လှန်ရေးကြီးကို များစွာထိခိုက်သွားနိုင်သည်။ ဖရိုဖရဲ ဖြစ်သွားနိုင်သည်။

ဂျပန်၏သေနင်္ဂဗျူဟာအရန်တပ်ဖွဲ့မှာ ရန်ကုန်အနီး "အင်းတိုင်" စသည်တွင် ချထားရာ ရန်ကုန် ပဲခူးဒေသတဝိုက်မှ ဗမာ့တပ်မတော်များ အရင်ဆုံး ဖမ်းဆီးခြင်း၊ လက်နက်ဖြုတ်ခြင်းခံရမည် ဖြစ်သည်။ ဂျပန်ကလက်ဦးမှုရလျှင် တော်လှန်ရေးကြီးထိခိုက်နိုင်သည်ဟု ယူဆကြသည်။

ထို့ကြောင့်တော်လှန်ရက်ကို ဧပြီလ ၂ ရက်ထက်စောပြီး ဗိုလ်ချုပ်အောင်ဆန်းထံနှင့် တပ်ဖွဲ့အသီးသီးသို့ သတင်းအစောဆုံး အရောက်ပို့နိုင်မည့် ရက်တွင် စတင်တော်လှန်ရန်ယူဆလာကြပါသည်။

ထိုအစောဆုံးဖြစ်နိုင်မည့်ရက်မှာ ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်ဖြစ်နိုင်၍ ထိုမတ်လ (၂၇) ရက်နေ့ ည (၇) နာရီတွင် စတင်တော်လှန်ရန်ဆုံး ဖြတ်သည်။

ကျနော်မှာနောင်ဗိုလ်ချုပ်အောင်ဆန်း၏ အပြစ်တင်ခံရမည်ကိုစိုးရွံ့နေ၍ အင်တင်တင်ဖြစ်နေရာ နောက်ဆုံးအစည်းအဝေး တက်သူအားလုံးနှင့် သဘောတူလိုက်ရပါသည်။

ကျနော်သည်ချက်ချင်းပင် ထိုသို့ရက်ရွှေ့သည့်ကိစ္စကို ဗိုလ်ချုပ်နှင့်တပ်ဖွဲ့အသီးသီးသို့ အကြောင်းကြားရန် ဆက်သားများနှင့် ကျနော့်စာကို ပို့ပေးရန် စီစဉ်ရတော့သည်။

သို့ဖြင့်မြန်မာပြည်သူတို့၏ သမိုင်းတွင်သောဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးမှာ ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက် ည (၇) နာရီတွင် တပြည်လုံး မိမိတို့က လက်ဦးမှုရှိစွာအောင်မြင်စွာ စတင်နိုင်ကြတော့၏။

## (၂၄)

ကျနော်သည် ထိုမတ်လ (၂၇) ရက် ညဦး (၇) နာရီတွင် ပဲခူးဒေသရှိ စစ်ရေးပြကွင်းတွင် တပ်အားလုံးတပ်ထွက်ရန် အသင့်တန်းစီစုဝေးစေပြီး ယခုအချိန်ကစ၍ ဗမာပြည်သူများနှင့် ဗမာ့တပ်မတော်တရပ်လုံးက ဖက်ဆစ်ဂျပန်တို့ကိုစတင်တော်လှန် တိုက်ခိုက်ကြပြီဟု ကြေညာပြီးဗိုလ်ချုပ်အောင်ဆန်း၏ ဂျပန်တပ်အပေါ် စစ်ကြေညာစာတမ်းကိုဖတ်ပြကာ စကားအနည်းငယ်ပြောပြီး တပ်အသီးသီးကတော်လှန်ရန်ကြိုတင် စီစဉ်ထားသော နေရာဒေသ အသီးသီး သို့ လူစုခွဲ၍ချီတက်သွားကြပါတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်ဂျပန်တော်လှန်ရေးစတော့မည်ဆိုသောအခါ ဖက်ဆစ်တော်လှန်ရေးနိုင်ငံရေးသဘော တရားများကို အထူးသဖြင့် ဗမာ့တပ်မတော် တပ်မှူး၊ တပ်ကြပ်များ နားလည်သိရှိလာစေရန် ဗမာပြည်ကွန်မြူနစ်ပါတီမှကေဒါများကို တပ်မတော်တပ်အသီးသီးသို့ ဝင်စေပြီးနိုင်ငံရေး သင်တန်းများ ပေးစေခဲ့သည်။ ထို့ကြောင့်တပ်မတော်နှင့် ကွန်မြူနစ်ပါတီတို့ဆက်ဆံရေးလည်း များစွာတိုးတက်ကောင်းမွန်လာသည်။ ထို့အပြင်ဘိုဒိုင်အေ ကာလတွင် စည်းကမ်းလျော့ရဲ နာမည်ပျက်စပြုနေသော ဗမာ့တပ်မတော်လည်းစည်းကမ်းသေဝပ်ပြီး ခိုင်မာတောင့်တင်းလာပါတော့သည်။ ထို့ကြောင့် ဖက်ဆစ် တော်လှန်ရေးကြီး စတင်လာသောအခါဗမာ့တပ်မတော်သည် ရဲရင့်ပြောင်မြောက်စွာရှေ့တန်းမှ တိုက်ခိုက်ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တော်လှန်ခါနီးတွင် သူကိုယ်တိုင်ဖက်ဆစ်တော်လှန်ရေး သဘောတရားအမိန့်စာတမ်းများလည်း ထုတ်ပြန် ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တို့ကိုတော်လှန်တိုက်ခိုက်ရန် ဗမာ့တပ်မတော်တပ်အသီးသီးကို တော်လှန်တိုက်ခိုက်မည့် စစ်တိုင်း အသီးသီးသို့ ကြိုတင်တပ်ဖြန့်ရာတွင် အင်္ဂလိပ်တပ်များဝင်လာလျှင် ဗမာ့တပ်မတော်မှခုခံတိုက်ခိုက်ရန်ဟု ဂျပန်များကိုလှည့်ဖြားပြောဆို တိုင်ပင်ပြီး တပ်အသီးသီးကို အင်္ဂလိပ်တိုက်မည့်ဟန်နှင့် တပ်ဖြန့်ရသည်။ ဂျပန်များကယုံကြည်ပြီး များစွာကျေနပ်ကြသည်။ ဗိုလ်ချုပ်သည်ထိုတပ်ဖြန့်အမိန့်တုများလည်း ထုတ်ပြန်ခဲ့ရသည်။

ကျနော်သည်ဖက်ဆစ်တော်လှန်ရေးအတွင်း ကျနော့်ဇနီးကိုဦးလေးခန့်ထံ အပ်နှံထားရာဦးလေးခန့်က သူမကိုသုံးဆယ်မြို့အနီးရွာတရွာရှိသူ့ သူငယ်ချင်းအိမ်တွင်သွား၍ ဝှက်ထားပေးသည်။

ကျနော်သည် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ညဦး ပဲခူးဒေသရှိ မိမိတပ်ဖွဲ့အသီးသီးစုဝေးစေပြီးမိမိတို့သည် ယနေ့မှစ၍ဖက်ဆစ်ဂျပန်ကို တတိုင်းပြည်လုံးတွင် ဆန့်ကျင်တိုက်ခိုက်ကြပြီဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ ဂျပန်စစ်ကြေညာချက်ကို ဖတ်ပြပြောဆိုပြီးနောက် ဖက်ဆစ်တော်လှန်ရေး အတွင်း ပထမ တိုင်း (၄) စစ်ဌာနချုပ် အခြေစိုက်မည့် ပဲခူးခရိုင် အရှေ့မြောက်ရှိ "မြစ်ကျိုး" ဒေသသို့မိမိတို့တပ်များနှင့်အတူ ချက်ချင်းပင်ထွက်ခွာချီတက် ပါတော့သည်။

မိမိတို့တပ်ဖွဲ့များ မိမိတို့တော်လှန်ရေးတာဝန်ကျရာ ဒေသအသီးသီးသို့ချီတက်ကြပါပြီ။ ကျနော်မှာထိုညကိုတန်ခူးလပြည့်ညဟု ကောင်းစွာမှတ်မိ နေပါသည်။ လရောင်အောက်တွင်မြင်းပေါ်တွင်ထိုင်လိုက်သွားရင်း စိတ်တွင်များစွာပေါ့ပါးရွှင်မြူးပျော်ရွှင်နေပါသည်။ ကျနော်တို့သည်ယခုတလော ဖက်ဆစ် ဂျပန် တိုက်ခိုက်မည့် သတင်းပေါက်ကြားပြီး ဂျပန်ဘက်ကြိုတင်လက်ဦးမှုရယူကာ အရေးယူဆောင်ရွက်လိုက်လျှင် ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီး ထိခိုက်ကာ ဖရိုဖရဲဖြစ်သွားမှာကို အလွန်စိုးရိမ်ပူပန်ကြောင့်ကြနေကြရာမှ ယခုကျနော်တို့ကလုံးဝလက်ဦးမှုရပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို အစီစဉ်ရှိစွာကျကျနန ဆောင်ရွက်နိုင်ကြပြီဖြစ်၍ နှစ်အချို့ကြိုတင်စီစဉ်ခဲ့ရသော အရေးတော်ပုံကြီးအတွက် များစွာကြည်နူးဝမ်းသာရတော့သည်။

နံနက်မိုးလင်းသောအခါ ကျနော်တို့တိုင်း (၄) ဌာနချုပ်တပ်ဖွဲ့မှာ ပဲခူးခရိုင်ဇေယျာဝတီကလေးသို့ရောက်ပါသည်။ စောင့်ကြိုနေသော ဝေါဒေသ မြေအောက် တာဝန်ခံ ရဲဘော်တင်ရီ (ထိုစဉ်က ပဲခူး နေဝင်း) ကို တွေ့ရပါသည်။

ရဲဘော်တင်ရီမှာ နောင်အခါဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရို လူကြီးတဦးဖြစ်လာပြီး ယခုအခါတွင်တရုတ်ပြည် စစ်ချွမ်ပြည်နယ် ချင်တူးမြို့တွင် အနားယူနေထိုင်လျက် ရှိပါသည်။

ကိုတင်ရီ၏ပြောပြချက်အရဝေါမြို့ သူကြီးအိမ်တွင် ဂျပန် (၂) ယောက် ရောက်နေကြောင်းနှင့်ဝေါဘူတာရုံတွင် ဂျပန် (၃) ယောက် ရောက်ရှိနေကြောင်း ဝေါတွင်ဂျပန်တို့မှုသာရှိကြောင်း ပြောပြပါသည်။ ထိုဂျပန်များကိုတိုက်ခိုက်ရန် စီစဉ်ရပါတော့သည်။

တိုင်း (၄) စစ်ဌာနချုပ်ရုံးအဖွဲ့တွင် လူ (၂၀) ကျော်မျှ လိုက်ပါလာရာထိုမှတိုက်ခိုက်ရေးနှင့် သင့်တော်မည့်ရဲဘော်အချို့ကိုရွေးခြယ်ပြီး သူကြီးအိမ်မှဂျပန် (၂) ယောက်ကို သွားရောက်သတ်ဖြတ်တိုက်ခိုက်ရန် ရဲဘော် (၃) ယောက်ကို ရွေးပြီးလွှတ်လိုက်ပါသည်။ နောက်ထပ်ရဲဘော် (၄) ယောက်ကိုရွေးပြီး ကျနော်ကိုယ်တိုင်ဦးဆောင်ကာ ဘူတာရုံရှိဂျပန် (၃) ယောက်ကို သတ်ဖြတ်ရန်သွားပါတော့သည်။

ဝေါမြို့ဘူတာရုံအနားရောက်သောအခါ မမျှော်လင့်ဘဲဂျပန်စစ်သား ၄ – ၅ ယောက်က ဘူတာရုံပလက်ဖောင်းပေါ်တွင် ပစ္စည်းတွေ ချလိုက်စီလိုက်လုပ်နေတာ တွေ့ရပါသည်။ ကျနော်သည်တိုက်ပွဲဆက်တိုက်ရန် ဆုံးဖြတ်လိုက်ပြီး ကျနော်နှင့်ပါလာသူရဲဘော် (၄) ယောက်မှ ခေါင်းဆောင်အဖြစ် သတ်မှတ်ထားသောသူကို အနားသို့ခေါ်လိုက်ပြီးကျနော်က ပလက်ဖောင်းပေါ်က ၄၊ ၅ ယောက်ကို ဝါကကပ်ပြီးပစ္စတိုနဲ့ပစ်ပြီး ဓားနဲ့လဲခုတ်သတ်မယ်မင်းတို့က ဘူတာရုံက ဂျပန် (၃) ယောက်ကိုသွားသတ်ကြဟု အမိန့်ပေးလိုက်ပါသည်။

သို့သော် ချက်ချင်းလိုပင် ထိုရဲဘော်ကျနော့်ဘက်ပြန်လှည့်လာကာ ကျနော့်ကိုတနေရာသို့မေးထိုးပြပါသည်။ ကျနော်သူပြရာသို့ကြည့်လိုက်ရာဘတ်စ်ကား (၃) စီးလောက် ဘူတာရုံအနားရပ်ထားရာ ထိုဘတ်စ်ကားပေါ်တွင်ဂျပန်တပ်ခွဲတခွဲစာလောက် ထိုင်နေသည်ကိုတွေ့ရသည်။ ထိုအတွင်း သူကြီးအိမ်ဘက်မှ သေနတ်သံတွေပေါ်ထွက်လာသည်။ ကျနော်တို့ရဲဘော်တွေသူကြီးအိမ်က ဂျပန် (၂) ယောက်ကိုသတ်ဖြတ်နေဟန်ရှိပါသည်။

ထိုအတွင်းဂျပန်အရာရှိတဦးသည် ထိုင်နေသောကားပေါ်မှ ဆင်းလာကာအရာရှိအဝတ်အစားနှင့်ပင် ရှိနေသေးသောကျနော့်ထံ အမြန်ချဉ်းကပ်လာပြီး သေနတ်သံကြားရာနေရာသို့ လက်ညှိုးညွှန်ပြီးဘာဖြစ်တာလဲဟုမေးပါသည်။ ကျနော်ကရုတ်တရက်ပင် "ကြိုယင်" (စစ်လေ့ကျင့်နေတာဟု အဓိပ္ပာယ်ရသည့် ဂျပန်စကား) ဟု ပြောလိုက်တော့မှ ပြန်တက်သွားသည်။

ကျနော်သည်ဂျပန်ကများနေ၍ ဝေါမြို့လုပ်ကြံမှုကိုဆက်လုပ်ရန်မသင့် အမြန်ဆုတ်ခွာမှဖြစ်မည်ဟု စဉ်းစားမိသည်။ ဂျပန်တပ်ခွဲတခွဲလွှန်ခဲ့တဲ့ညက ဝေါကိုရောက်နေတာ ကိုတင်ရီမသိ၍ဖြစ်မည်ဟုယူဆပြီး မူလတပ်စုရာ နေရာသို့ အမြန်ပြန်ဆုတ်ပြီးကျနော်၏ တိုင်း (၄) စစ်ဌာနချုပ်ကို မူလရည်ရွယ်သောမြစ်ကျိုးဒေသသို့ အမြန်ဆုတ်ခွာလာရပါတော့သည်။ ကျနော်သည်ဖက်ဆစ်ဂျပန်တော်လှန်ရေး ပွဲဦးထွက်တွင်တိုင်း (၄) စစ်ဌာနချုပ်က တိုက်ပွဲကလေးတပွဲဖော်ရန်ရည်ရွယ်ချက်မှာ အထမမြောက်ခဲ့ပေ။

ဤသည်တို့မှာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ ဗမာပြည်ဖက်ဆစ်တော်လှန်ရေး စတင်ရာတွင် စစ်တိုင်း (၄) ၏ အဖြစ်အပျက်အချို့ပင်တည်း။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်သောဗမာပြည်ဖက်ဆစ်ဂျပန်ဆန့်ကျင်တော်လှန်သော အရေးတော်ပုံတွင်စစ်တိုင်း (၄) မှ တော်လှန်တိုက်ခိုက်ခဲ့ပုံများကို ရေးသားရပါတော့မည်။

## (၂၅)

၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့တွင်ဗမာ့လွတ်လပ်ရေးသမိုင်း၏ မှတ်တိုင်တတိုင်ဖြစ်သော ရန်ကုန်မြို့ နေသူရိန်ပြည်သူ့အစည်းအဝေးကြီးတွင် မျိုးချစ်တပ်မတော်တိုင်း (၄) တိုင်းမှူးကျနော်ဗိုလ်မှူးကျော်ဇောက တတိုင်းပြည်လုံးလွတ်လပ်ရေး တိုက်ပွဲကြီးအတွက်နိုင်ငံရေးပါတီများ၊ ပုဂ္ဂိုလ်များ ညီညွတ်စည်းလုံးကြရန် အဆိုကိုတင်သွင်းခဲ့ပါသည်။

၎င်းကျနော့်၏အဆိုမိန့်ခွန်းတွင် ၁၉၄၅ ခုနှစ် ကျနော်တို့ဗမာပြည်သူများ၏ ဖက်ဆစ်တော်လှန်ရေးအရေးတော်ပုံအတွင်း ကျနော်တို့ဦးစီးသော စစ်တိုင်း (၄) မှ ဖက်ဆစ်ဂျပန်တို့ကိုတော်လှန်တိုက်ခိုက်ခဲ့ပုံများကို အတော်အတန်ပြည့်စုံစွာ ဖော်ပြထားပါသည်။ ထိုအဆိုမိန့်ခွန်းကော်ပီကျနော်ထံတွင် ရှိနေရာထိုအထဲမှ အကျဉ်းထုတ်နုတ်ပြီးစစ်တိုင်း (၄) အတွင်း ၁၉၄၅ ခုနှစ်က ဖက်ဆစ်ဂျပန်ကိုတိုက်ခိုက်ခဲ့ပုံအချို့ကို ဖော်ပြပါမည်။

"၁၉၄၅ ခုနှစ်၊ မတ်လ (၇) ရက်နေ့ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းအိမ်မှာ တော်လှန်ရေးကောင်စီအစည်းအဝေးကျင်းပပါတယ်။ ဒီကောင်စီက ကျနော့်ကိုတိုင်း (၄) ကို တာဝန်ပေးပါတယ်။ ပဲခူးဒေသရှိ တပ်တွေကိုစုရုံးဖွဲ့စည်းပြီး ပဲခူးခရိုင်၊ သထုံခရိုင်၊ ဖာပွန်ခရိုင်၊ တောင်ငူတောင်ပိုင်းနယ် ဒေသတွေမှာ ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်ဖို့ရက်ချိန်းနှင့်တကွ အမိန့်ပေးလိုက်ပါတယ်။ အဲဒီကောင်စီကပဲအောက်ဗမာပြည်အတွက် တော်လှန်ရန်တိုင်း (၇) တိုင်း ခွဲပေးပါတယ်။"

"တိုင်း (၁) က သာယာဝတီနှင့် ပြည်။ တိုင်း (၂) က မြစ်ဝကျွန်းပေါ်ရေ့ပိုင်း။ တိုင်း (၃) မြစ်ဝကျွန်းပေါ်အနောက်ပိုင်း။ တိုင်း (၅) က တနင်္သာရီတိုင်း။ တိုင်း (၆) က ပျဉ်းမနား၊ မိတ္ထီလာနှင့် ရှမ်းပြည်နယ်။ တိုင်း (၇) က အင်းလုံ၊ သရက်၊ ရေနံချောင်း ဖြစ်တယ်။"

"နောက် အထက်ဗမာပြည်တိုင်းကိုတော့ ဗိုလ်မှူးဗထူးကိုတာဝန်ပေးပါတယ်။"

"တိုင်း (၄) က အထက်ဖော်ပြပါအတိုင်းဖြစ်ပြီး ကျနော်နှင့်အတူနိုင်ငံရေးမှူးနှင့် လူထုစည်းရုံးရေးတာဝန်ခံအဖြစ် သခင်ချစ်ကိုတွဲဖက်တာဝန်ပေးလိုက်ပါတယ်။"

ထိုစဉ်ကသခင်ချစ်မှာ ဦးဗဆွေ – ဦးကျော်ငြိမ်းတို့၏ နောင်ဆိုရှယ်လစ်ပါတီဖြစ်လာမည့် ပြည်သူ့အရေးတော်ပုံပါတီမှ ဖြစ်ပါသည်။ သခင်ချစ်သည် နောင်ဗမာပြည်ကွန်မြူနစ်ပါတီသို့ ပြောင်းပြီးနောက်ပါတီ၏ အတွင်းရေးမှူးအဖြစ်ထမ်းဆောင်ရင်း အစိုးရနှင့်တိုက်ပွဲတပွဲတွင် ၁၉၇၅ ခုနှစ် ပဲခူးရိုးမ၌ ကျဆုံးသွားရသော ထင်ရှားသောတော်လှန်ရေးအမျိုးသားခေါင်းဆောင်ကြီးတဦး ဖြစ်ပါသည်။

"ကျနော်နှင့်သခင်ချစ်တို့ (၂) ယောက် အမိန့်ရရချင်း ပဲခူးကိုပြေးပြီးကျနော်ကစစ်တပ်တွေကို တိုက်ဖို့ပြင်ဆင်သခင်ချစ်ကဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင်တွေနှင့် တော်လှန်ရေးမှာတပ်မတော်နှင့် ဘယ်လိုပူးပေါင်းဆောင်ရွက်မယ်ဆိုတာကို ရှင်းပြနိုင်းပြင်းကြတယ်။"

ကျနော်တို့တိုက်ပွဲတွင် အထူးဂရုစိုက်သည့်အချက်တခုမှာ ကျနော်တို့တပ်မတော်သည် ဖက်ဆစ်ရန်သူကိုတိုက်လျှင်ပြည်သူများ၏ ရွာထဲမှနေပြီး ဘယ်တော့မှ မတိုက်ရဖြစ်သည်။ ထိုသို့တိုက်မိလျှင်နောင်ဂျပန်ဖက်ဆစ်တို့က ရွာကိုဝင်ပြီးဖျက်ဆီးကာ ပြည်သူတွေကိုသတ်ဖြတ်နိုင်သည်။ ကျနော်တို့သည် လူထုကို ကာကွယ်ရမည်ဖြစ်သည်။

တိုင်း(၄) တွင် ဗမာ့တပ်မတော်က တပ်ရင်း (၉) ရင်း ရှိနေရာ ၎င်းကို တပ်ရင်းသစ်၊ နာမည်သစ်များပေးပြီး ဒေသ (၉) ခု ခွဲကာ တော်လှန်ရန် စီစဉ်သည်။

မိမိတို့တပ်ရင်းတရင်းတွင် အင်အား ၅၀၀ မှ ၁၀၀၀ အကြားရှိပါသည်။ ၎င်းထဲတွင် ရပ်ရွာဒေသမှပြောက်ကျားတပ်များ မပါပါ။

တိုင်း (၄) နယ်တွင် တပ်ရင်း (၉) ခု တပ်ဖြန့်ထားပုံမှာ –

(၁) ၁၀၁ – တပ်ရင်း – ညောင်လေးပင်၊ ဒိုက်ဦး၊ ရွှေကျင်

(၂) ၁၀၂ – တပ်ရင်း – ပဲခူးချောင်းဖျား သနပ်ပင်၊ ဝေါနှင့် စစ်တောင်း

(၃) ၁၀၃ – တပ်ရင်း – ပဲခူး ကဝနယ်နှင့် ဟံသာဝတီအရှေ့

(၄) ၁၀၄ – တပ်ရင်း – သထုံခရိုင်

(၅) ၁၀၅ – တပ်ရင်း – စစ်တောင်းမြစ် အရှေ့ဘက်ကမ်း

(၆) ၁၀၆ – တပ်ရင်း – ပဲခူးမြို့ကိုစီးနင်းတိုက်ခိုက်ရန် ပဲခူးအနောက်တောင်ခြေမှာ ဖြန့်ထားပါသည်။

(၇) ၁၀၇ – တပ်ရင်း – (၈) ၁၀၉ တပ်ရင်း ၂ ရင်းကို မော်လမြိုင်နယ်နှင့် တနင်္သာရီခရိုင်တို့မှာ တိုက်ပွဲဝင်ဖို့ကြိုတင်ပြီးစေလွှတ်ရာ ခက်ခက်ခဲခဲဖြင့် ကုန်းလမ်းရေလမ်းခရီးများဖြင့် သွားကြရပါသည်။ တချို့ထိုနယ်များသို့မရောက်ဘဲလမ်းတွင် အဖမ်းအဆီးခံရသည်ဟုကြားရပါသည်။

(၉) ၁၀၈ – တပ်ရင်း – ဘီးလင်းနှင့် ဖာပွန်လမ်းမှာ တိုက်ခိုက်ဖို့ ဖြန့်ထားပါသည်။

"အဲဒီတပ်တွေသက်ဆိုင်ရာ နယ်ဒေသတွေရောက်ဖို့အတွက် ဂျပန်တွေရဲ့မျက်စိအောက်မှာ ဘယ်လိုသွားရတယ်ဆိုတာပြောရရင် အလွန်ကြောက်မက် စိုးရိမ်စရာကောင်းတဲ့အချက်တွေ အများကြီးပါ။ ပြောလို့မဆုံးပါဘူး။ တချို့ပင်လယ်ထဲမှာလှိုင်းလေလွင့်ပြီး တပ်ကွဲသွားတာတွေလဲရှိတယ်။ တချို့ရည်မှန်းချက်နေရာမရောက်မီ ရန်သူကဖမ်းမိပြီးသတ်ဖြတ်လိုက်တာတွေလဲရှိတယ်။ လမ်းခရီးမှာ ဒုက္ခအဖုံဖုံကိုဖြတ်ကျော်ခဲ့ရတာပါ။"

"တချို့ဖျားနာလို့ပဲခူးဒေသမှာ ဝှက်ထားခဲ့လို့ကျန်ရစ်ခဲ့တဲ့ရဲဘော်တွေနဲ့ ခွင့်ရက်စေ့လို့ပဲခူးပြန်လာတဲ့ရဲဘော်တွေ စုစုပေါင်း (၅၀) လောက်ကို ဂျပန်ကင်ပေတိုင်ရောခံလိုက်ဖမ်းပြီး ပထမထမင်းအဝတ်ထား၊ အမျိုးမျိုးနှိပ်စက်၊ နောက်ဆုံးကမ်းနားထိပ်မှာ ကြိုးတုပ်ပြီးလှံစွပ်ထိုးသတ်၊ ရေထဲပစ်ချခဲ့တယ်။ တချို့မသေမရှင်နဲ့ သွေးတွေယိုစီးပြီးချောင်းထဲကျကာ မရှုနိုင်၊ မရှိက်နိုင်၊ မချိမဆန့်နဲ့မရှုမလှအသေဆိုးနဲ့ သေခဲ့ကြရတယ်။"

"ကျနော်တို့ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်တိုက်ခိုက်မယ့်ရက်ဟာ ၁၉၄၅ ခုနှစ် မတ်လ (၂၇) နေ့ ဖြစ်တယ်။ ဂျပန်တပ်ကလဲ ကျနော်တို့ လှုပ်ရှားမှုကိုစောင့်ကြည့်နေကြတယ်။ မတ်လ (၂၃) ရက်ကစပြီးကျနော်တို့တပ်မှူးတွေဟာဘယ်သူမှ ညမအိပ်ရဘူး။ မိမိတို့ရဲ့တော်လှန်ရေးရက်မရောက်မီ ဂျပန်လက်ဦးမှာစိုးလို့ အမြဲအသင့်ပြင်ထားရတယ်။ ဒီတုန်းကသာတဦးတယောက်ကသစ္စာဖောက်လိုက်လျှင် ဘယ်လောက်ဆိုးဝါးသွားမယ်ဆိုတာ စဉ်းစားကြည့်နိုင်ပါတယ်။"

"ကျနော်တို့ဟာ အင်္ဂလိပ်ကိုတိုက်ဖို့ တပ်ထွက်တော့မယ့်ဟန်ဆောင်ပြီး တပ်ထဲမှာတော်လှန်ရေးရက်နီးလာတော့ ပွဲတခြိမ့်ခြိမ့်ညစဉ်ခံနေရတယ်။ နောက် မတ်လ (၂၈) ရက်နေ့မှာ တပ်ထွက်နှုတ်ဆက်ထမင်းစားပွဲကြီးတခု ကျင်းပရန်ဟန်ပြစီစဉ်ခဲ့ရသေးတယ်။" (စစ်ကြီးပြီးပြီး ကျနော်စစ်တပ်အပြင်ရောက်မှ ထိုစဉ်က ထမင်းစားပွဲကြီးအတွက်ဟန်ပြစီစဉ်ခဲ့ရာမှာ ကုန်ကျခံခဲ့ရတဲ့ရဲဘော်ကြီးတယောက်က ကျနော့်ထံလာပြီးကြွေးတောင်းလို့ ကျနော်ကတောင်းပန်ပြီး ငွေအနည်းငယ် စိုက်ထုတ်ပေးခဲ့ရသည်ကို ကျနော်မှတ်မိနေပါသည်။)

ကျနော်တို့ဂျပန်ကိုဤသို့ပရိယာယ်များဆင်ပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို ၁၉၄၅ ခုနှစ် မတ်လ (၂၇) ရက်နေ့တွင် တပြည်လုံးအောင်မြင်စွာ ဆင်နွှဲခဲ့ကြပါတယ်။

"ကျနော်တို့ဟာဗမာ့လွတ်လပ်ရေးအတွက် မသေမချင်းတိုက်ခိုက်ပါမည်ဟု ကျမ်းသစ္စာတပြိုင်တည်းဆိုကြပါတယ်။ နောက်တန်းဖြုတ်ပြီး တပ်ဖွဲ့အသီးသီးဟာ တာဝန်ကျရာ နယ်မြေကို ချီတက်ကြတယ်။ အဲဒီနေ့ဟာတန်ခူးလပြည့်နေ့ဖြစ်ပြီး လဟာထိန်နေတာပဲ။ လသာထဲမှာ လယ်ပြင်တွေ ဖြတ်ပြီး ချီတက်သွားတဲ့ကျနော်တို့တပ်တွေ မြင်းတွေကို တွေ့မြင်ခဲ့ရတာဟာ တသက်မေ့နိုင်မယ်မဟုတ်တော့ပါ။"

"အဲဒီလိုချီတက်သွားတဲ့တပ်တွေနဲ့ ကြိုတင်လွှတ်ထားတဲ့တပ်တွေပေါင်းပြီး စတင်တော်လှန်တဲ့ မတ်လ (၂၇) ရက်ညကစပြီး အနှံ့အပြား တိုက်ခိုက်ခဲ့ကြပါတယ်။ ပျမ်းမျှခြင်းအားဖြင့်ကြည့်မယ်ဆိုရင် ၂၄ နာရီ – တရက်အတွင်းခရီယာ ၁၀ စတုရန်းမိုင်အတွင်းမှာ တိုက်ပွဲတပွဲအနည်းဆုံးဖြစ်လျက်ရှိတယ်။ အဲဒီတိုက်ပွဲတွေဟာ များပြားလွန်းလှပါတယ်။ ကျနော်တို့ရဲ့တပ်စိတ်၊ တပ်စုကလေးတွေဟာ နေရာအနှံ့အပြားကအချိန်မရွေးတိုက်ခိုက်လျက်ရှိတယ်။"

"ဥပမာပြောရရင် စတင်တော်လှန်တဲ့ မတ်လ (၂၇) ရက် ညတညထဲမှာပဲ –

(၁) ဒိုက်ဦးမြို့ကို (၁၀၁) (က) တပ်က ဝင်စီးတယ်။

(၂) ၁၀၁ (င) တပ်ဟာ မောင်တော်သီနဲ့ ပုရွက်ရွာကိုဝင်စီးတယ်။ ဂျပန် (၈) ယောက် ကျတယ်။ (၂) ယောက် ဒဏ်ရာ ရတယ်။

(၃) အမှတ် ၁၀၀ နှင့် ၁၀၈ (က) တပ်ဟာ မြစ်ကျိုးအုတ်ဖိုကိုဝင်စီးတယ်။

(၄) ၁၀၈ (ဂ) တပ်ဟာ ရွှေကျင်ကိုဝင်စီးတယ်။ ဒီတပ်ဟာ ၁၀ ရက် လုံးလုံးရွှေကျင်ကို သိမ်းထားနိုင်ခဲ့တယ်။

(၅) ၁၀၃ တပ်ရင်းဟာ ဒီညမှာပဲ အုံးနဲ့နဲ့ ကဝကိုဝင်စီးတယ်။ နောက် ဒါးပိန်တယ်လီဖုန်းရုံးကိုဝင်ရောက်စီးနင်း မီးရှို့လိုက်တယ်။"

"နောက် ဒီပြင်တပ်ရင်းတွေလဲ တညထဲမှာပဲ ဒီလိုဆိုင်ရာဆိုင်ရာနယ်တွေမှာဝင်စီးကြတယ်။ ဒီအချိန်မှာ အောက်ဗမာပြည်တပြည်လုံး ဒီလိုပဲ တိုက်နေကြတာပဲ။ အဲဒီအချိန်ကစပြီးနောက် ၁၂ ရက်လောက်အထိ ရန်သူဟာအငိုက်မိတုန်း။ ကျနော်တို့တပ်တွေဟာ တရှိန်ထိုးတိုက်စစ်ဆင်နေတယ်။"

"သထုံနယ်မှာဆိုရင်လဲ ကျိုက်ထို၊ အပေါင်စတဲ့ မြို့ကြီးတွေကို ဝင်စီးကြတယ်။ ကျိုက်ထိုမှာကျနော်တို့ရဲ့အကြီးဆုံးအောင်ပွဲတခုက ၁၀၄ (ခ) တပ်က မီးရထားလမ်းကိုဖျက်ထားတယ်။ ရန်သူဂျပန်အပြည့်ပါလာတဲ့ မီးရထားကိုလက်ပစ်ဗုံးနဲ့ အောင်ပေါ်ကနေဆီးပစ်တယ်။ စက်သေနတ်တွေနဲ့လဲပစ်လို့ ဂျပန်တွေ အတုံးအရုံးသေကျေကုန်တယ်။ ဒီသတင်းဟာ အဲဒီတုန်းက အတော်ပဲပျံ့နှံ့ခဲ့တယ်။"

"အဲဒီရက်အတွင်းပဲခူးနှင့် ပဲခူးယ်ကုန်းအကြား စစ်တောင်းနှင့် မုတ္တမအကြား မီးရထားလမ်းနှင့်မော်တော်ကားလမ်းကို အဓိကထားပြီး တိုက်ခိုက်ခဲ့တယ်။ မိုင် ၂၀ အတွင်း ကျနော်တို့တပ်တွေဟာမီးရထားလမ်းနှင့် တယ်လီဖုန်းကြိုးတွေကိုဖျက်၊ မော်တော်ကားကိုချောင်းပစ်၊ အဲဒီ (၃) မျိုးစလုံး တနေ့တကြိမ်မှန်မှန်လုပ်ကြတယ်။ နောက်အဲဒီကားလမ်းများနှင့် မီးရထားလမ်းများကို မသုံးရဲအောင်ဖြစ်သွားတော့တယ်။"

"နောက်ဧပြီလလယ်ကစလို့ ဂျပန်တွေပရမ်းပတာနဲ့ဆုတ်ခွာတဲ့အထိ ကျနော်တို့တိုက်ပွဲတွေဟာအလွန်ခက်ခဲလာပါတယ်။ အထူးသဖြင့် ပဲခူးနယ်ဟာ ဂျပန်တွေနောက်ဆုံးဆုတ်ခွာမယ့်လမ်းကျတဲ့နေရာဖြစ်လို့ ကျနော်တို့တပ်တွေကအလုံးအရင်းနှင့် ထိုဒေသမှာဖိပြီးတိုက်ရပါတယ်။ ပဲခူး၊ စစ်တောင်းနယ်ဟာ ပုလင်းလည်ပင်းနဲ့တူနေပါတယ်။ တပြည်လုံးကဂျပန်တွေဆုတ်ခွာရာမှာ ထိုဒေသကို အားလုံးဖြတ်သန်းဆုတ်ခွာရပါတယ်။ ဒီကြားထဲက ကျနော်တို့တပ်တွေဟာ တနေ့မှ တိုက်ပွဲမပြတ်ခဲ့ပါဘူး။ ကျနော်တို့တပ်တွေဟာ ပဲခူး – မွန်လေးနှင့် ပဲခူး – မော်လမြိုင်မီးရထားလမ်းများနှင့် မီးရထားတွေကို ဂျပန်တွေမသုံးနိုင်အောင် ဖျက်ဆီးပစ်ကြတယ်။"

"ဂျပန်တွေပရမ်းပတာဆုတ်ခွာသည့်အချိန်မှာ ကျနော်တို့အောင်ပွဲတွေဆင်ခဲ့ပါတယ်။ ကျနော်တို့က ပဲခူး – မွန်လေးလမ်း၊ ပဲခူး – စစ်တောင်းလမ်းကိုဖြတ်တောက်လိုက်တော့ ကျနော်တို့ထင်တဲ့အတိုင်းဂျပန်တွေဟာ လမ်းရိုးရိုးကမဆုတ်နိုင်တော့ဘဲ ရောက်တဲ့နေရာကစစ်တောင်းမြစ်ကိုဖြတ်၊ နောက်မော်လမြိုင်ကို ဆုတ်ရလိမ့်မယ်လို့ရည်ရွယ်တယ်။ သူတို့ဆုတ်လမ်းဟာ ပဲခူး – မုတ္တမလမ်း၊ ဖာပွန် – ဘီးလင်းလမ်း၊ နောက်စစ်တောင်းမြစ်ရိုးတလျှောက်တလမ်း ဆုတ်ကြတယ်။ ကျနော်တို့က ဒီအချက်ကိုကြိုတင်မြင်လို့ သထုံနယ်ကမိမိတပ်တွေကိုဒီလမ်း (၃) လမ်းမှာအသင့်ချထားတယ်။ မဟာမိတ်တွေ ပဲခူးသိမ်းပြီး လောက်တဲ့အချိန်မှာ ဂျပန်တွေ ဒီလမ်း (၃) လမ်းကကျနော်တို့ထင်တဲ့အတိုင်း ပရမ်းပတာဆုတ်ခွာတဲ့အချိန်ပဲ။ ဒီအချိန်မှာစောင့်နေတဲ့ ကျနော်တို့တပ်တွေက နေ့ညမစဲ ဒလစပ်တိုက်ခိုက်ကြတော့တာပဲ။ တိုက်ပွဲတွေဟာများလှပါတယ်။ ပြောမဆုံးပါ။ ဒီအထဲကတိုက်ပွဲသဏ္ဍာန် သာဓက တခုကိုပြောပြပါ့မယ်။"

"ဘီးလင်း ဖာပွန်လမ်း ဆည်တော်ရွာအနီးတိုက်ပွဲမှာ ရန်သူဂျပန် (၁၅၀) မျှ လှည်း ၃ စီး၊ မြင်း ၆ ကောင်နှင့် စက်သေနတ်ကြီးတွေနဲ့ ဆုတ်လာကြပါတယ်။ တောစပ်နှစ်ဘက်တောင်စောင်းပေါ်က အသင့်စောင်နေတဲ့ကျနော်တို့တပ်တွေကပစ်ကွင်းသတ်ကွင်းထဲ ဝင်လာတာနဲ့တပြိုင်နက် လက်ပစ်ဗုံး၊ ရိုင်ဖယ်၊ စက်သေနတ်ကလေး၊ နောက်တော်မီဂန်းစတဲ့ ရှိသမျှလက်နက်ခဲယမ်းမီးကျောက်တွေကို စုပြုံပြီးတစ်ခနက်ပစ်သွင်းလိုက်တာပဲ။ အင်မတန်ကံကောင်းတဲ့ ရန်သူ (၁၀) လောက်ပဲ လွတ်သွားတယ်။ အားလုံးအတုံးအရုံးစုပုံသေကျန်ရစ်တာပဲ။"

အဲဒီတိုက်ပွဲတွေမှာ ကျနော်တို့တပ်တိုက်ပုံခိုက်ပုံတွေကို လိုက်ကြည့်ရှုသည့်မဟာမိတ် ၁၃၆ လေထီးဆင်းတပ်မှ မဟာမိတ်တပ်မှူးများသည် ကျနော်တို့တပ်တိုက်ခိုက်ကြပုံကို ချီးကျူးပါတော့သည်။ (ဤသည်များကို တွေ့မြင်သိရှိခဲ့ကြသည့် ဗြိတိသျှတို့သည် ဗမာ့လွတ်လပ်ရေးတိုက်ပွဲကို စစ်ပွဲဖြင့် ဆက်၍မဖိတော့ဘဲ ဆွေးနွေးပြီး ပေးခဲ့ရတာ ဖြစ်ပါသည်။)

"အဲဒီလမ်း ၃ လမ်းမှာ ဂျပန်နဲ့ဖြစ်တဲ့တိုက်ပွဲတွေဟာ တနင်္ဂနွေ ၂ ပတ်အတွင်းရန်သူဂျပန် (၈၀၀ – ၅၈၃) လောက်ကိုသတ်ဖြတ်နိုင်ခဲ့တယ်။ ၂၇၁ ယောက်ကို ဒဏ်ရာအကြီးအကျယ် ရစေတယ်။ ဒီအထဲမှာဂျပန်ဘုရင်ရဲ့ သွေးရဲကောင်းတံဆိပ်ရတဲ့ဗိုလ်မှူးကြီး (ကာနယ်) တယောက် ပါဝင်တယ်။ မော်တော်ကားတွေလဲ အများအပြားဖျက်နိုင်ခဲ့တယ်။"

"အဲဒီလို ကျနော်တို့ကထိုးစစ်ဆင်ပြီးနောက်မှာ ဂျပန်တို့ကပြန်ပြီးတိုက်စစ်ဆင်လာတယ်။ ဂျပန်တို့ထင်မြင်ချက်ဟာ မဟာမိတ်တပ်တွေ ရန်ကုန်သိမ်းပြီးတဲ့နောက် မဟာမိတ်တပ်တွေအနေနဲ့ သထုံ၊ မော်လမြိုင်တို့ကို ဆက်ပြီးထိုးလာမယ်ထင်ပြီး ဂျပန်ဟာမော်လမြိုင်ကို တောက်လျှောက်ဆုတ်ခွာခဲ့တယ်။"

"ဒါပေမဲ့ဆက်မလိုက်လာမှန်း သိရတာကတကြောင်း၊ ပဲခူးရိုးမမှာကျန်နေတဲ့ ဂျပန်နှစ်သောင်းခန့်ကိုစစ်တောင်းမြစ်ကို ဖြတ်ကူးနိုင်ရန် အတွက်တကြောင်း၊ စစ်တောင်းမြစ်ကမ်းတဝိုက်က ရှိနေတဲ့ကျနော်တို့တပ်မတော်ကို ချေမှုန်းပစ်ဖို့စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရောက်နေတဲ့ သူတို့ရဲ့ (၁၈) နံပါတ်တပ်မနဲ့ (၅၃) နံပါတ်တပ်မ – ဒီဗီဇံတပ်မကြီး ၂ တပ်ကို မော်လမြိုင်ကပြန်လွှတ်ပြီး ပထမဆုံးစစ်တောင်းမြစ်ကမ်းရှိ ကျနော်တို့တပ်ကို ချေမှုန်းတော့တာပဲ။ အဲဒီတုန်းကကျနော်တို့အင်အားဟာ စစ်တောင်းမြစ်ကမ်းပေါ်မှာ စုစုပေါင်း (၅၀၀) လောက်သာရှိပြီးရန်သူ့အင်အားဟာ တစ်သောင်းလောက် ရှိလိမ့်မယ်။ ကျနော်တို့တပ်တွေဟာ ဒီလောက်အင်အားကြီးမားတဲ့ ရန်သူ့အင်အားအလယ်မှာ ပိတ်ဆို့တာခံနေရပါတယ်။"

"တနေရာမှာတော့ စစ်တောင်းမြစ်ကမ်းနှင့် ဘီးလင်း – ဖာပွန်လမ်းအကြားရှိ တောနက်ကြီးထဲမှာ (၁၀) ရက်ကျော်ကျော် အဝတ်အပြတ်ခံပြီး ရန်သူရဲ့ပိတ်ဆို့ခြင်းကို ခံနေရပါတယ်။ ဒီတုန်းက ရဲဘော်တွေမိုးရွာကြီးထဲမှာမိုးကာမရှိ ဆန်နည်းနည်းနဲ့တောထဲမှာရှိတဲ့ သစ်ရွက်အချို့ရောပြုတ်စားခဲ့ရတယ်။ ဒီတောနက်ထဲမှာ မျှော့ခြင်တို့ရဲ့ဘေး၊ ငှက်ဖျားရောဂါထူထပ်တဲ့ဘေးတွေကိုလဲ ခံခဲ့ရတယ်။"

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမိန့်အရစစ်တောင်းမြစ်အနောက်ဘက်ကမ်းကို ဖောက်ထွင်းဆုတ်ခွာဖို့ တသောင်းသောရန်သူတွေအကြားက ခဲခဲယဉ်းယဉ်း ဖောက်ထွက်လာခဲ့ရတယ်။ တချို့ရဲဘော်တွေဖျားနာပြီး ဒီတောထဲမှာပဲပိုးစိုးပက်စက် သေကျေကျန်ရစ်ခဲ့တာလဲရှိပါတယ်။"

"ဒီတိုက်ပွဲတွေမှာ နောက်ခံတပ်အဖြစ်ကျန်ရစ်ခဲ့တဲ့ သထုံနယ်ဒုတိယစစ်ခေါင်းအောင် ဗိုလ်အောင်ဇေယျာဟာတိုက်ပွဲမှာ မချိမဆန့်ဒဏ်ရာနဲ့ ရန်သူ့လက် ပါသွားရရှာပါတယ်။"

"တခြားတနေရာဖြစ်တဲ့ ကျိုက်ထိုနှင့်မုတ္တမအကြားမှာရှိတဲ့ ကျနော်တို့တပ်သား (၂၀၀) ကျော်ဟာ ဒီလိုရန်သူတွေအကြားကအခု ကျနော်စကားပြောနေချိန်အထိ ဖောက်ထွင်းမထွက်နိုင်သေးဘဲ အမျိုးမျိုးသော ဒုက္ခတွေကိုခံနေရလျက် ရှိပါတယ်။ တချို့ရုပ်ဖျက်ပြီးမထင်မရှား နေခဲ့ရတယ်။"

"ကျနော်တို့ရတဲ့သတင်းအရ တချို့ရန်သူ့ဖမ်းမိသွားပြီးရက်ရက်စက်စက် လှံစွပ်နဲ့ကစား၊ ဓားနဲ့ကစားခံရပြီးမှ အပိုင်းပိုင်းအစိတ်စိတ် သေကျေကြရပါတယ်။ သထုံနယ်မှာကျုပ်တို့ရဲ့ရဲဘော်တွေသာမက ပြည်သူပြည်သားတွေပါရက်ရက်စက်စက် သတ်ဖြတ်နှိပ်ကွပ်ခြင်းခံရလို့ တခါမှမကြုံဖူးတဲ့ လူသတ်ပွဲ၊

လုယက်ပွဲ၊ ကာမဓားပြပွဲတွေဟာမကြားဝံ့အောင် ဖြစ်ခဲ့ပါတယ်။ ဒါတွေကိုကြားရတော့ သထုံနယ်ကပြန်ဆုတ်လာတဲ့ တပ်သားတပ်မှူးတွေဟာ ငါတို့တာဝန်ကျတဲ့နယ်မှာ ငါတို့တာဝန်မကျေလို့ အခုလိုကျန်ရစ်ခဲ့တဲ့ပြည်သူပြည်သားတွေရဲဘော်တွေ ဒုက္ခရောက်ရတယ်ဆိုပြီးယူကြုံးမရ ဖြစ်ကြရပါတယ်။"

"ဒီအကြောင်းအရာတွေဟာ ကျနော်တို့တပ်တွေနဲ့မဟာမိတ်တပ်တွေ မတွေ့ဆုံရသေးခင်ကဖြစ်ခဲ့တဲ့တိုက်ပွဲတွေပါ။ နောက်မဟာမိတ်တပ်တွေနဲ့ ကျနော်တို့တပ်တွေ တွေ့ဆုံပြီးနောက်ပူးပေါင်းပြီးတိုက်တဲ့ တိုက်ပွဲတွေကိုလဲ အကျဉ်းချုံးပြီးနည်းနည်း ပြောလိုပါတယ်။"

"မဟာမိတ်တပ်တွေ ရန်ကုန်မြို့သိမ်းပြီးနောက် ရန်သူ့အခြေအနေဟာ ရန်သူစစ်မျက်နှာ (၂) ဘက်ရှိနေပါတယ်။ စစ်မျက်နှာ တဖက်က ပဲခူး – မွန္တလေးရထားလမ်းရဲ့ အနောက်ဘက်ပဲခူးရိုးမဖြစ်တယ်။ တခုကတော့စစ်တောင်းမြစ်ကမ်း ဖြစ်ပါတယ်။"

"ဗမာ့တပ်မတော်စစ်တိုင်းအသီးသီးဟာလဲ ဒီရန်သူကိုသူတို့သက်ဆိုင်ရာနယ်တွေမှာ တိုက်ခိုက်နေကြပါတယ်။ ကျနော်တာဝန်ကျတဲ့ တိုင်း (၄) စစ်နယ်အတွင်းမှာ ဒီရန်သူစစ်မျက်နှာ ၂ ဘက်ကိုတိုက်ဖို့တပ် (၅) တပ် ဖွဲ့တယ်။ တတပ်ကိုအနောက်ဘက် ပဲခူးရိုးမကရန်သူတွေကိုမောင်းထုတ်ရန်၊ ကျန် (၄) တပ်ကိုပဲခူးရိုးမကစစ်တောင်းမြစ်ကို ဖြတ်ကျော်ပြေးတဲ့ ရန်သူတွေကိုချောင်းမြောင်းပြီးတိုက်ရန်နှင့် စစ်တောင်းမြစ်ကမ်းက အနောက်ဘက်ကို ကျော်လာပြီး ပဲခူးဘက်ကို ထိုးဖောက်နေတဲ့ ရန်သူကို တွန်းလှန်တိုက်ခိုက်ရေးကို ပြုခဲ့ရတယ်။"

"ပဲခူးအနောက်စစ်မျက်နှာဆိုရင် လှည်းကူးမြို့ကိုဖြတ်ဆင်းတဲ့ ငမိုးရိပ်ချောင်းနဲ့ ပဲခူးမြို့ကိုဖြတ်ဆင်းတဲ့ ပဲခူးချောင်းဖျား အကြားမှာရှိတဲ့ရန်သူတွေကို ဇူလိုင် (၁) ရက်နေ့ကစပြီး ဇူလိုင် (၂၈) ရက်နေ့အထိ ငမိုးရိပ်ချောင်းကမ်းကနေ တဖြည်းဖြည်းတောနက်ကြီးထဲမှ စတင်ရှင်းလင်းတိုက်ခိုက်ခဲ့တာ၊ ဇူလိုင် (၂၈) ရောက်တဲ့အခါ ဒီချောင်းနှစ်ခုကြားမှာရှိတဲ့ရန်သူတွေဟာ ရှင်းလင်းသွားတာပဲ။"

"အဲဒီလိုရှင်းသွားတယ်ဆိုရင်ပဲ မောင်ကြီး၊ ထန်းတောကြီး၊ ခေါင်းတို၊ ဇီးတောအစရှိတဲ့ ရွာအပေါင်းကလူတွေဟာ အင်မတန်ဝမ်းမြောက်ကြပါတယ်။ ပဲခူးကွင်းမှာလယ်လုပ်ဖို့အတွက် သစ်၊ ဝါး၊ ဓနိစတာတွေလဲပဲဒီနယ်တွေကို သိမ်းလိုက်နိုင်တဲ့အတွက်ရခဲ့ပါတယ်။ ဒီနယ်ထဲကလူတွေဟာ တပ်မတော်တနေရာရွှေ့မယ်လို့ အထုပ်အပိုးပြင်တယ်ဆိုရင် အုယားဖားယားပြေးလာကြပြီးငိုကြီးချက်မနှင့် မပြောင်းရွှေ့ကြရန်တောင်းပန်ကြတော့တာပဲ။ ရဲဘော်တွေဟာ သူတို့မျက်နှာကြောင့်မပြောင်းရွှေ့ရက်တော့ဘဲ အမျိုးမျိုးသောငှက်ဖျားရောဂါနှင့်တပ်မှတ်ခေါင်းပါးတဲ့ ဘေးဒုက္ခတွေကိုခံနေကြရတယ်။ ဒီတိုက်ပွဲတွေမှာ သယ်ယူပို့ဆောင်ဖို့လမ်းဟာ အင်မတန်ခဲယဉ်းတယ်။ ရိက္ခာတွေကိုသထုံကရလာတဲ့ ဆင်၊ မြင်းတွေနဲ့ပို့ရတယ်။ တချို့ရန်သူကလမ်းကဖြတ်တိုက်လို့ ရဲဘော်တွေ အငတ်တော်အပြတ်ပြတ်ဖြစ်ခဲ့ရတယ်။ ရဲဘော်တွေရှိတက်ရတဲ့လမ်းဟာ ချောင်းမြောင်းတွေကြားကရှိတက်ရလို့ ရေလည်ပင်းလောက်ကို မျှော၊ ကျွတ်တွေအကိုက်ခံရင်း ပြောက်ကျားခုခံနေတဲ့ ရန်သူတွေကိုလဲရှင်းလင်းရင်း ဒီတောကြီးတွေကိုနင်းကျော်ခဲ့ရတယ်။ ကျနော်တို့တပ်တွေမှာ ခြင်ထောင်မရှိလို့ ရဲဘော်တွေ ညအိပ်တဲ့အခါ တယောက်ကအိပ်နေရင် တယောက်ကယပ်ခတ်ပေးရတယ်။ ရွာတရွာသိမ်းပြီဆိုရင်လဲ ရန်သူကဖျက်ဆီးမီးရှို့သွားပြီးဖြစ်လို့ နေစရာတဲမရှိ၊ မိုးရွာကြီးထဲမှာ အမိုးမရှိ သစ်ပင်၊ ဝါးပင်အောက် ဖြစ်သလို နေခဲ့ရတယ်။"

"ဒီလိုဒုက္ခအပေါင်း ပြည့်နှက်နေတဲ့စစ်မြေပြင်မျိုး ဘယ်စစ်တပ်မျိုးမှအခုခေတ်မှာ တိုက်ကြမှာမဟုတ်ဘူး။ ကျနော်တို့အဖို့ကတော့ကြီးမားတဲ့ ယုံကြည်ချက်ကြောင့် တိုက်ခဲ့ရတယ်။"

"စစ်တောင်းစစ်မျက်နှာကို ပြောပါဦးမယ်။ ကျနော်တို့တိုက်ခဲ့ရတဲ့ စစ်တောင်းစစ်မျက်နှာမှာ ရန်သူဘက်မှစစ်ကြောင်း (၃) ကြောင်းဖြန့်ပြီး ခုခံတာတွေ့ရတယ်။"

"ပထမစစ်ကြောင်းဟာ မြစ်ကျိုး၊ ဒုတိယစစ်ကြောင်းဟာ ညောင်ခဲရှည်၊ တတိယစစ်ကြောင်းဟာ ရေလ၊ ချောင်းကြီး၊ ကွမ်းယားရှည်၊ တံခွန်တိုင်၊ ဝဲပြန် စတဲ့နေရာတွေ ဖြစ်တယ်။"

"ရန်သူ့ရည်ရွယ်ချက်ဟာ မဟာမိတ်ယန္တရားတပ်တွေစစ်တောင်းမြစ်ဖြတ်ပြီး သထုံနယ်ထဲဝင်မလာနိုင်အောင် စစ်တောင်းမြစ်အနောက်ဘက်ကမ်းက အထက်ပါသုံးနေရာကခုခံတာပါပဲ။"

"ပထမမြစ်ကျိုးစစ်ကြောင်းရဲ့ ရည်ရွယ်ချက်ကတော့မြစ်ကျိုးဟာ ပဲခူး – မွန္တလေးမော်တော်ကားလမ်းကနေပြီး မြစ်ကျိုးထိအောင် ဖောက်လုပ်ထားတဲ့ ရေကာတာကြီးဆုံရာနေရာဖြစ်တယ်။ အဲဒီရေကာတာကြီးဟာမဟာမိတ် မော်တော်ကားတွေရှိတက်သွားနိုင်တယ်။"

"နောက် ပဲခူး စစ်တောင်းတူးမြောင်းဆုံရာနေရာလဲဖြစ်တယ်။ ဒိုက်ဦးကိုဖြတ်ပြီးစီးလာတဲ့ ခမုံချောင်းဆုံနေရာလဲဖြစ်တယ်။ အဲဒီလမ်း (၃) လမ်းက မဟာမိတ်ယန္တရားတပ်တွေဟာ စစ်တောင်းမြစ်ကိုဖြတ်ပြီးရွှေ့ဆိုတဲ့နေရာကို ကူးနိုင်တယ်။ ဒါကြောင့်ရန်သူဟာ ဒီလမ်း (၃) လမ်းဆုံတဲ့ မြစ်ကျိုးဆိုတဲ့နေရာကို မရရအောင် သိမ်းထားတာပဲ။"

"ဒုတိယစစ်ကြောင်းကတော့ ပဲခူး – မော်လမြိုင်လမ်း စစ်တောင်းမြစ်ကိုဖြတ်တဲ့နေရာပဲ။ စစ်တောင်းတံတားကြီးကျိုးနေပေမယ့် မဟာမိတ်ယန္တရားတပ်တွေဖြတ်ကူးမှာစိုးလို့ စစ်တောင်းမြစ်အနောက်ဘက်ကမ်း မီးရထားလမ်းပေါ်မှာရှိတဲ့ညောင်ခဲရှည် ဆိုတဲ့နေရာကိုရန်သူဟာ အရသိမ်းပိုက်ထားပြီး ရှေ့ကိုစစ်မျက်နှာတိုးချဲ့နေတယ်။"

"တတိယစစ်မျက်နှာကတော့ ဗမာ့ပြောက်ကျားတပ်တွေ သထုံနယ်ထဲဝင်လာနိုင်တဲ့လမ်းဖြစ်လို့ ပိတ်ဆို့တားဆီးထားတယ်။ နောက်စစ်ကြောင်း (၃) ကြောင်းမှာ ရန်သူ့ရည်ရွယ်ချက်တခုလဲရှိသေးတယ်။ အဲဒါကအနောက်ဘက်ကမ်းမှာရှိတဲ့ရွာကြီးတွေက အရှေ့ဘက်ကမ်းမှာရှိတဲ့တပ်တွေအတွက် ရိက္ခာရဖို့ပဲ။"

"အဲဒီစစ်ကြောင်း (၃) ကြောင်းမှာတကြောင်းစီမှာ ရန်သူအင်အားအနည်းဆုံး (၁၅၀၀) ရှိတယ်။ ကျနော်တို့ဘက်ကတော့ လူ (၄၀၀) မျှဖြင့် တိုက်ရတယ်။ ရန်သူဟာလေးရက်တပတ်၊ ငါးရက်တပတ်လူလဲပြောင်းပေးနိုင်တယ်။ ကျနော်တို့ဘက်ကတခါမှမပြောင်းနိုင်ဘူး။ အဲဒီစစ်ကြောင်း (၃) ကြောင်းလုံးရဲ့ မြေအခြေအနေဟာ ရေဖုံးလွှမ်းလျက်ရှိတယ်။ ရွာတွေကိုရေဝိုင်းလျက်ရှိတယ်။ မြွေပွေးနဲ့မျှော့လဲ အင်မတန်ပေါတယ်။ ခြင်အလွန်ကိုက်တယ်။ တိုက်ခိုက်ရတဲ့တိုက်ပုံတိုက်နည်းကလဲ ရန်သူရှိတဲ့ရွာတရွာကို တိုက်တော့မယ်ဆိုရင်ရန်သူ့နေရာဟာရေပတ်လည်ဝိုင်းနေတဲ့ ကုန်းမြင့်ရွာထဲမှာ သေချာစွာခုခံဖို့ ပြင်ဆင်ထားတဲ့မြေကတုတ်၊ အဲဒီကနေရန်သူကလှမ်းပစ်တာ ကျနော်တို့ကအကာအကွယ်မရှိ ရေထဲမှာမတ်တတ်ရပ်ပြီး အသေခံတိုက်ရတယ်။

သေနတ်ပစ်ရင်လဲ မတ်တတ်ရပ်ပစ်ရတယ်။ စက်သေနတ်ကလေးခြေထောက်ချစရာမရှိလို့ ရဲဘော်တယောက်ကရှေ့ကအသေခံပြီး စက်သေနတ် ခြေထောက်ကိုင်ပေးပြီး တိုက်ခိုက်ရတယ်။ လက်နက်ချင်းစာလိုက်ရင်လဲ ကျနော်တို့မှာ ရှေ့ကတက်တဲ့ ရဲဘော်တွေကို ကာကွယ် ပေးနိုင်တဲ့ အပေါ်ကျော်ပစ်ပေးနိုင်တဲ့ အမြောက်၊ စိန်ပြောင်းလုံးဝမရှိဘူး။ ရှေ့တည့်တည့်သာပစ်နိုင်တဲ့သေနတ်ကလေးများနဲ့သာ တိုက်ရတယ်။ အဲဒီသေနတ်တွေဟာလဲတချို့ဟာ ဂျပန်လက်နက်တွေဖြစ်လို့ ဂျပန်ကျည်ဆံမရှိတဲ့အတွက် ချွေတာပြီးပစ်ရတယ်။ ရန်သူဘက်ကဆိုရင်မြေကတုတ်ထဲကလဲပစ်ရတယ်၊ စက်သေနတ်အားလဲ ကျနော့်တို့ထက်များတယ်။ ကျော်ပစ်တဲ့စိန်ပြောင်းကိုလဲသုံးတယ်။"

"မြစ်ကျိုးစစ်မျက်နှာမှာဆိုရင် ပထမကျနော်တို့ဘက်က လူ (၁၀၀) မျှသာရှိတဲ့ တပ်တတပ်နဲ့မဟာမိတ်တပ်ရင်း တတပ်သာမြစ်ကျိုးမှာချ ရပ်ထားတယ်။ ဇူလိုင်လဆန်းလောက်မှာ ရန်သူတွေဟာမြစ်ကျိုးကိုသိမ်းဖို့ သုံးဘက်သုံးတန်က အင်အား (၁၅၀၀) နဲ့ တိုက်စစ်ဆင်ကြတယ်။ မဟာမိတ်တပ်နဲ့ ကျနော်တို့တပ်ဟာရန်သူအင်အားကြီးမားတဲ့အတွက် မြစ်ကျိုးကနေ ဇူလိုင်လ (၁၀) ရက်နေ့မှာ ဆုတ်ခွာပေးခဲ့ရတယ်။ မဟာမိတ်တပ် အရင်ဆုတ်သွားပြီးနောက် ကျနော်တို့မဆုတ်သေးဘဲမြစ်ကျိုးက စစ်ဘေးဒုက္ခသည်များအပြီးအပိုင် ပြောင်းရွှေ့နိုင်သည့်တိုင်အောင် ခုခံကာကွယ်ပေးထားရတယ်။ အရေးကြီးတဲ့ ဆန်၊ စက်ကရိယာတွေ၊ အခြားပစ္စည်း ဖြုတ်၊ ဖျက်၊ ဖုက်ပြီးမှ ရန်သူကိုဖောက်ထွင်းပြီးဆုတ်ခဲ့ရတယ်။ ဒါပေမဲ့ကျနော်တို့တပ်ဟာ မြစ်ကျိုးနဲ့ (၆) ဖာလုံလောက်သာဝေးတဲ့ လေးအိမ်စုရွာမှာအခြေစိုက်ပြီး ရန်သူများမြစ်ကျိုးကရှေ့ကို မတက်နိုင်အောင်အမျိုးမျိုးခဲခဲယဉ်းယဉ်းနဲ့ အနှောင့်အယှက် ပေးရတယ်။ ဒီအတွင်းကျနော်တို့ဘက်က (၁၀၄) တပ်ရင်းကိုမြစ်ကျိုးနောက်ဘက်သို့ စစ်ကူလွှတ်ရတယ်။ ရန်သူရဲ့အလုံးအရင်းဟာ မြစ်ကျိုးကို အခြေမစိုက်နိုင်အောင် အမျိုးမျိုးအနှောင့်အယှက်တွေပေးပြီး တိုက်ခိုက်ဖို့ပဲ။"

"ကျနော်တို့မြစ်ကျိုးကို လက်မလွှတ်နိုင်တဲ့အကြောင်းရင်းကတော့ ရန်သူအလုံးအရင်းဟာမြစ်ကျိုးကို ပိုင်ပိုင်နိုင်နိုင်သိမ်းထားနိုင်ရင် "ကပင်" ရေကာတာနဲ့ "ပကိုင်" ရေကာတာနှစ်ခုကို ရန်သူကချိုးဖောက်လိုက်ရင်ပဲခူးတနယ်လုံး ရေလွှမ်းပြီးလူတွေသိန်းချီ ဒုက္ခရောက်ကြမှာကြောင့် ကျနော်တို့တပ်တွေဟာ ရှိစုမဲ့စုအင်အားကလေးနဲ့ ခုခံနေရတာပါ။"

"ဒီလိုခုခံမှုကြောင့် ရန်သူဂျပန်တို့ဟာရှေ့မတက်နိုင်ဘဲ မြစ်ကျိုးတွင်ပဲအခြေစိုက်ကာ သူတပြန်ငါတလှည့်တိုက်နေရကာ နောက်ဆုံး ဂျပန်စစ်တပ်ကြီး လက်နက်ချတဲ့အချိန်ထိ ဖြစ်ခဲ့ရပါတယ်။"

"အဲဒီမြစ်ကျိုးတိုက်ပွဲတွေမှာဆိုရင် သထုံနယ်တိုက်ပွဲတွေမှာနာမည်ကောင်းနဲ့ ကျော်ကြားခဲ့တဲ့ကျနော်တို့တပ်မှူး (၂) ယောက် ဒီရေကာတာကြီးပေါ်မှာ ကျဆုံးခဲ့ရပါတယ်။ နေ့စဉ်လိုလိုဒီရေကာတာကြီးအနားမှာ မပြတ်ကင်းထောက်တိုက်ပွဲလေးတွေ ဖြစ်ခဲ့ရတယ်။ ကျနော်တို့တပ်ဟာ ဒီရေကာတာကြီးတလျှောက် နေ့ညမပြတ်မျက်ခြည်မပြတ်အောင် စောင့်ရှောက်ခဲ့ရတယ်။ ကျနော်တို့အဖို့ဒီရေကာတာကြီး ရန်သူတွေလက်မရောက်ခဲ့ရအောင် ထိန်းသိမ်းတိုက်ခိုက် နိုင်တဲ့အတွက်ဘယ်တော့မှ မမေ့နိုင်မယ်မဟုတ်ပါ။"

"ရန်သူဟာ ကျနော်တို့ တပ်စခန်းတွေကိုအမြောက်နဲ့လှမ်းပစ်၊ စိန်ပြောင်းနှင့်ပစ်၊ စစ်သေနတ်တွေနဲ့ပစ်သော်လဲ ကျနော်တို့နောက်မဆုတ်ဘဲ တွန်းလှန်နိုင်ခဲ့တဲ့အတွက် မြစ်ကျိုးရေကာတာကြီးဟာ ကျနော်တို့လက်ထဲမှာနောက်ဆုံးအချိန်ထိရှိခဲ့ပါတယ်။ အဲဒီတိုက်ပွဲမှာကျနော်တို့နဲ့ရန်သူဟာ တဖက်နဲ့တဖက် အနီးကပ်ဆုံးမျက်နှာချင်းဆိုင် ဖြစ်နေခဲ့တယ်။"

"ဒုတိယစစ်ကြောင်းဖြစ်တဲ့ ညောင်ခါးရှည်မှာဆိုရင်လဲမဟာမိတ်တွေနဲ့ပူးပေါင်းပြီး လက်ခဲတောင်ပံကကျနော်တို့ တာဝန်ယူတိုက်ခဲ့ရတယ်။ ဒီစစ်ကြောင်းဟာ ရန်သူအပြင်းတိုက်ခဲ့တဲ့စစ်ကြောင်းပါ။ တနေရာမှာကျနော်တို့ တပ်ခွဲတခွဲကိုနှစ်ဆမျှရှိတဲ့ ရန်သူဟာ သုံးရက်တိတိဝိုင်းပြီးပိတ်ဆို့တိုက်ခိုက်ခြင်းခံခဲ့ရပါတယ်။ ဒါပေမဲ့ကျနော်တို့တတွေဟာ တဖြည်းဖြည်းရန်သူရဲ့စစ်မျက်နှာကို တွန်းလှန်နိုင်ခဲ့တယ်။"

"တတိယစစ်ကြောင်းမှာဆိုလို့ရှိရင် ရန်သူဟာပထမ ပဲခူး – ရန်ကုန်လမ်းနား အတွင်းကျကျရွာတွေထိအောင် နှောင့်ယှက်တိုက်ခိုက်နိုင်တယ်။ အဲဒီမှာ တာဝန်ကျတဲ့ (၁၀၂) (၁၀၃) တပ်ရင်းများဟာ ရက် (၂၀) အတွင်း ဖိပြီးတိုက်ခိုက်ခဲ့တဲ့အတွက် ရန်သူဟာပင်လယ်ကမ်းဘက်ကို တဖြည်းဖြည်းရွှေ့ပြီး နောက်ဆုံး ကုလားချောင်းကြီး၊ တခွန်တိုင်၊ ဝဲပြန်စတဲ့နေရာတွေမှာ ကြံ့ကြံ့ခံနေပါတယ်။ ကျနော်တို့ တပ်တွေဟာရန်သူနဲ့အနီးကပ်ဆုံး နေရာအထိတပ်စွဲပြီး မရပ်မနားတိုက်ခိုက်လေ့ရှိတယ်။ ကျနော်တို့နဲ့ရန်သူဟာ အလွန်ဆုံး နှစ်ဖာလုံ – တမိုင်အတွင်းမှာ မျက်နှာချင်းဆိုင်ပြီး တဦးအလစ်တဦးအမြဲတိုက်လေ့ရှိတယ်။ ညဆိုရင်ဘယ်သူမှမအိပ်ရမြောကျင်းထဲမှာ အားလုံးရပ်စောင့်နေရတယ်။ ညတိုင်းတဦးကမတိုက်ရင် တဦးကလာတိုက်တာ နှစ်ဘက်စလုံးတိုက်နေတဲ့ နေရာတွေဖြစ်တယ်။ ဒါပေမဲ့ရန်သူဟာ ကျနော်တို့တပ်ထက်လူအင်အားငါးဆသာတယ်။ ခဏခဏလဲလူပြောင်းအနားပေးတယ်။ လက်နက်လဲကောင်းတယ်။ ကျနော်တို့ဘက်က လူအင်အားနဲ့လက်နက်လဲညံ့တဖြည်းဖြည်းနဲ့ ဂျပန်ကျည်ဆံကလဲကုန်၊ တပ်သားတွေကလဲအနားမရ၊ အဝတ်အစား၊ ခြင်ထောင် ပြည့်ပြည့်စုံစုံမရှိ၊ တညလုံးရွှံ့ဗွက်ရေအိုင်ထဲ ရပ်နေရတဲ့ဒုက္ခကလဲ အလွန်ကျမ်းမာရေးထိခိုက်ပါတယ်။ ဒါလောက်အနီးကပ်ရန်သူနဲ့နေနေရတာ နောက်ဆုတ်မယ်ဆိုရင်လဲ ရန်သူကရှေ့တိုးလာပြီး ဒီလိုပဲအနီးကပ်အနှောက်အယှက်တွေ လုပ်အုံးမှာပဲ။ ဒီလိုနှောက်ယှက်ပြီးရင် လူထုတွေရှိတဲ့ရွာတွေထဲ ရန်သူတွေဝင်လာနိုင်မှာပဲ။ နောက်ဆုံး လူထုကြီးအန္တရာယ်ကျရောက်မှာကြောင့် ကြိတ်မှိတ်ဒုက္ခခံပြီးရန်သူနဲ့ ယှဉ်ပြိုင်တပ်စွဲနေခဲ့ရတာ ဖြစ်ပါတယ်။"

"ဒါပေမဲ့ကျနော်တို့တပ်တွေဟာ မဟာမိတ်တပ်တွေရဲ့ ဝါဒဖြန့်ချိမှုကိုထိုက်သလောက်မရတဲ့အတွက် ရဲဘော်တွေကအထူးပဲ ဝမ်းနည်းခဲ့ကြပါတယ်။"

"အဲဒီစစ်မြေပြင်တခုလုံးကိုပြန်ကြည့်ရင် ကျနော်တို့တပ်တွေဟာ ဘယ်လောက်အခက်အခဲတွေ ကြားထဲမှာရှိနေတယ် ဆိုတာတွေ့ကြည့်နိုင် ပါတယ်။ အဲဒီတိုက်ပွဲတွေမှာ ကျနော်တို့ဘက်ကအကျအဆုံးလဲများပါတယ်၊ တပ်သားတွေရဲ့စိတ်ဓာတ်မှာ ဒီလိုဆင်းရဲဒုက္ခနဲ့အသက်ဆံဖျားစွန့်ရတဲ့ တိုက်ပွဲတွေကြောင့်စိတ်ဓာတ်တွေ အသွင်ပြောင်းလာပါတယ်။"

"ရဲဘော်တွေမှာသတိထားတာက ဒီစစ်ကြီးပြီးရင်မကြာမီ လွတ်လပ်ရေးရလိမ့်မယ်လို့ယုံကြည်ခဲ့တယ်၊ ဒါပေမဲ့သူတို့စိတ်ကိုထိခိုက်စေတဲ့ အကြောင်းကတော့ သတင်းစာတွေထဲမှာပါတီတွေ နိုင်ငံရေးခေါင်းဆောင်တွေ အလျှိုအလျှိုပေါ်လာတာ တွေ့ရတဲ့အချက်ပဲ၊ သူတို့ကပြောတယ်။ ဒီပါတီ၊ ဒီခေါင်းဆောင်တွေဟာ ဂျပန်တော်လှန်ရေးတုန်းက ဘယ်သွားနေလဲကျုပ်တို့မသိဘူး။ ကျုပ်တို့သိတာကဂျပန်ကိုစစ်ကြေညာတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊

သခင်သန်းထွန်း၊ သခင်ချစ်၊ ဦးကျော်ငြိမ်း စတဲ့လူတွေသာသိတယ်။ ကျုပ်တို့ရဲ့လွတ်လပ်ရေးလမ်းမှာ ဒီလူတွေဝင်ရှုပ်ရင် ကျုပ်တို့လွတ်လပ်ရေး ရပ့်မလားစတဲ့ အချက်တွေပဲ။"

"တိုက်ပွဲတွေကလဲ အင်မတန်ခဲယဉ်းကြမ်းတမ်းတယ်။ မိမိတို့ဟာနာရီပိုင်းအတွင်းသေသွားနိုင်တယ်။ အဲဒီလိုအချိန်မျိုးမှာ ရဲဘော်တွေရဲ့စိတ်မှာ လွတ်လပ်ရေးရမှ ရပ့်မလား။ နိုင်ငံရေးခေါင်းဆောင်တွေဟာ ငါတို့အရိုးပုံပေါ်ခေါင်းပေါင်းစထောင်ပြီး သစ္စာဖောက်ကြအုံးမှာလား။ ဟိုတုန်းကလိုပဲလား စတဲ့ အတွေးအခေါ်တွေဟာ သူတို့ဦးနှောက်ထဲဝင်လာပြီးတိုက်ခိုက်မှုတွေကို ထိခိုက်လာပါတယ်။"

"အချို့ရဲဘော်တွေ စစ်တိုက်ထွက်သွားတယ်ဆိုရင်ပဲ ထွက်သွားခါနီးမှာမချိမဆန့်စိတ်ဆင်းရဲစွာနဲ့ ကျန်နေရစ်တဲ့လူတွေကို ရဲဘော်တို့ပြောလိုက်ပါကွာ နိုင်ငံရေးခေါင်းဆောင်တွေ နောင်တခေတ်မှာငါတို့အရိုးပုံပေါ်ခေါင်းပေါင်းစထောင်ပြီး သစ္စာဖောက်ခဲ့ရင်ဘဝဆက်တိုင်းဆက်တိုင်းဘာဖြစ်စေမယ် ညာဖြစ်စေမယ် စသဖြင့် ပြောသွားတာတွေဟာ အလွန်စိတ်ထိခိုက်စရာ ကောင်းပါတယ်။"

"စစ်တိုက်တယ်ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်တဦးနှင့်တဦး ရင်ဆိုင်ပစ်ကြခတ်ကြ၍ သေကြေကြေကြခြင်းဖြစ်တယ်။ တဦးနဲ့တဦးသေရဲသတ်ရဲတဲ့ စိတ်ဓာတ်ရှိရမယ်။ စစ်တပ်ကောင်းရဲ့အင်္ဂါတရပ်မှာ အဲဒီစိတ်ဓာတ်မျိုးမွေးပေးရတယ်။ ဂျပန်တပ်မှာဆိုရင်သူတို့ရှင်ဘုရင်ကြီးကို ယုံကြည်ချက်နဲ့ တိုက်နေကြတယ်။ အချို့တပ်များမှာတော့ကြေးစားစိတ်နဲ့ ကျေးဇူးသစ္စာတော်ကိုသိရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့တိုက်ရတယ်။ ကျနော်တို့အဖို့တော့ လွတ်လပ်ရေး ရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့တိုက်ခိုက်တယ်။ စစ်တပ်တိုင်းစစ်တပ်တိုင်း၊ ဒီလိုယုံကြည်ချက်မျိုးဟာ အရေးကြီးတယ်။"

"ဒီယုံကြည်ချက် အနည်းငယ်တိမ်းစောင်းရုံနဲ့ ချက်ချင်းတိုက်ခိုက်နေတဲ့သေနတ်သံ၊ အမြောက်သံရပ်စဲသွားနိုင်တယ်။ ကျနော်တို့တပ်သားတွေလဲ လွတ်လပ်ရေးနဲ့ပတ်သက်ပြီး ဒီလိုယုံမှားသံသယနဲ့စိုးရိမ်လာတဲ့အခါ တိုက်စိတ်ခိုက်စိတ်ထိခိုက်လာတာကို တွေ့ရပါတယ်။ နောက်ဆုံးတော့ – ငါတို့ဟာ ဒီစစ်မှာငါတို့မတိုက်ရင် ငါတို့ပြည်သူပြည်သားတွေပဲနစ်နာမယ်။ ဒီစစ်ဟာ ပြည်သူ့စစ်၊ ဒီရန်သူကိုငါတို့ဟာငါတို့တိုက်ရမယ်။ ဘာပဲဖြစ်ဖြစ်လောလောဆယ် ဒီရပ်သူရွာသား ဒုက္ခသည်တွေအတွက်ငါတို့ရှေ့တန်းက အသေခံကြရမယ်။ နောက်မသေလို့ကျန်ခဲ့တဲ့ရဲဘော်တွေဟာလဲ ဗမာပြည်ရဲ့လွတ်လပ်ရေးကို မသေမချင်းတိုက်ခိုက်ပါ့မယ်ဆိုပြီး ကျနော့်တို့ရဲ့ စိတ်ဓာတ်အားကိုအားသစ်မွေးပြီး တိုက်ခဲ့ရပါတယ်။"

"ကျနော်တို့စစ်တိုင်း (၄) က တိုက်တဲ့တိုက်ပွဲ စာရင်းချုပ်ကို ကြည့်မယ်ဆိုရင်စပြီးဖက်ဆစ်ဂျပန်ကို တော်လှန်တဲ့နေ့က ဂျပန်လက်နက်ချတဲ့နေ့ အထိ တိုက်ပွဲပေါင်း (၃၂၄) ပွဲ၊ ရန်သူ (၂၇၄) ယောက် သေပြီး (၁၁၈) ယောက် ဒဏ်ရာရကာ (၂၅) ယောက်ကို သုံ့ပန်းအဖြစ်ဖမ်းမိခဲ့တယ်။ ရန်သူဘက်က လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားရရှိပြီး ရန်သူရဲ့မီးရထားနဲ့ လော်လီကားများကိုလဲဖျက်ဆီးနိုင်ခဲ့တယ်။ ကျနော်တို့ဘက်က (၇၆) ယောက်ကျဆုံးပြီး (၇၂) ယောက် ဒဏ်ရာရခဲ့တယ်။ အဲဒီစာရင်းချုပ်မှာ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ရပ်သူရွာသားပြည်သူများရဲ့ တိုက်ခိုက်မှုများမပါသေးပါ။ ထိုသို့ ပြည်သူပြည်သားတို့က တိုက်ခိုက်တဲ့တိုက်ပွဲများ ကျနော်တို့နှင့်ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တဲ့အခြားအချက်တွေ ချန်လှပ်ထားခဲ့ရပါတယ်။ ပြည်သူပြည်သားတွေ ဂျပန်ဖက်ဆစ်ကို တိုက်တဲ့နေရာမှာတပ်မတော်နဲ့ ပူပေါင်းတိုက်ခဲ့တာတွေ နောင်ဆိုင်ရာကစာအုပ်တွေထုတ်လို့ရှိရင် သိရပါလိမ့်မယ်။"

ဤနေရာတွင်အကြောင်းတိုက်ဆိုင်လာသဖြင့် ကျနော်ဖော်ပြလိုသောအကြောင်းအချက် အချို့ရှိပါသည်။ ကျနော်ဤ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကြီး အဘယ်ကြောင့်အောင်မြင်ခဲ့ရသည်ကို ဆန်းစစ်ရေးသားထားသည့် ဆောင်းပါးတစောင်ရှိခဲ့ပါသည်။ ထိုဆောင်းပါးကို ၁၉၉၅ ခုနှစ် မတ်လထုတ် ဖက်ဆစ်တော်လှန်ရေးရွှေရတုအထိမ်းအမှတ် "ပြည်သူ့အာဏာ" ဂျာနယ်တွင်ဖော်ပြပြီး ဖြစ်ပါသည်။ ထိုဆောင်းပါးမှ အချက်အလက် အချို့ကို ပြန်လည် ဖော်ပြလိုပါသည်။

– အဘယ်ကြောင့် ကျနော်တို့ဤ ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်ခဲ့သနည်း။

– အဓိက အကြောင်းရင်း (၄) ချက်မှုရှိသည်ဟု ကျနော်ယူဆပါသည်။

ပထမမှာတော်လှန်ရေး၏ ခေါင်းဆောင်မှု၊ ရဲရင့်မှန်ကန်ကောင်းမွန်မှုဖြစ်သည်။ ယင်းမှာနိုင်ငံရေးအရ ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှုနှင့် စစ်ရေးအရ ဗိုလ်ချုပ်အောင်ဆန်းတို့၏ ခေါင်းဆောင်မှုအရ သေနင်္ဂဗျူဟာနှင့်နည်းပရိယာယ်လမ်းစဉ် သတ်မှတ်ချက်များ၊ လှုံ့ဆော်စည်းရုံးရေးများ အလွန်ကောင်းမွန်မှန်ကန်မှုပင်ဖြစ်သည်။

ဒုတိယအကြောင်းမှာ တတိုင်းပြည်လုံးစည်းလုံးညီညွတ်စွာဖြင့် (ဖတပလ) (နောင် ဖဆပလ) ဖက်ဆစ်တော်လှန်ရေး အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုအဖွဲ့ချုပ်ကြီးဖွဲ့စည်းပြီး လက်ဝဲ၊ လက်ယာ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ဘာသာရေး ရဟန်းသံဃာများ၊ လူမျိုးစုအဖွဲ့များနှင့် အားလုံးသောလူထုကြီးတရပ်လုံး ပါဝင်လာအောင်စည်းရုံးဖွဲ့စည်းပြီး တော်လှန်နိုင်သောကြောင့်ဖြစ်သည်။

တတိယအကြောင်းက ကျနော်တို့ဖက်ဆစ်တော်လှန်တိုက်ခိုက်ရေးတွင် တော်လှန်သောပြည်သူ့စစ်ပွဲ သဘောတရားနည်းနာများအတိုင်း လုပ်ဆောင်ဖြစ်မှုးခဲ့ခြင်း ဖြစ်သည်။ ယင်းမှာမိမိတို့ဘဝအသိဖြင့် ဖက်ဆစ်တို့ကို အလွန်တုံ့ခံစွာမုန်းတီးရွံရှာနေကြသော ပြည်သူတရပ်လုံးကအဖက်ဖက်က တိုက်ခိုက်ရေး၊ ထောက်ပံ့ကူညီရေးအမျိုးမျိုးတွင်ပါဝင်ကာ ထိုပြည်သူများအတွင်းမှ ပေါင်းစပ်တဲ့ပြည်သူ့စစ်ပွဲကြီးဆင်နွဲနိုင်ပြီးနောက် ပါဝင်တိုက်ခိုက်ကြသူ အားလုံးလိုလိုလောက်ကလည်း အလွန်ရဲရင့်တက်ကြွပြောင်မြောက်စွာ တိုက်ခိုက်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

စတုတ္ထအကြောင်းမှာ ကျနော်တို့တော်လှန်ရေးမှာတဦးတည်းမဟုတ် တကမ္ဘာလုံးကဆန့်ကျင်တိုက်ခိုက်ကြတဲ့ ကမ္ဘာ့ဖက်ဆစ်တော်လှန်ရေး တပ်ပေါင်းစုကြီးထဲ အပါအဝင်ဖြစ်ပြီး ကမ္ဘာ့တော်လှန်ရေးရေစီးကြောင်းကြီးထဲတွင် ပါဝင်တော်လှန်ခဲ့ရသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အမျိုးမျိုးသော အထောက်အပံ့အကူအညီများကို ရရှိခဲ့ခြင်းကြောင့်လည်းဖြစ်သည်။

ဤဖက်ဆစ်တော်လှန်ရေး အောင်ပွဲမှာ ကျနော်တို့ပြည်သူတရပ်လုံး ထာဝရဂုဏ်ယူကြရမည့် သမိုင်းဝင်အရေးတော်ပုံကြီး ဖြစ်သည်။

(ပြည်သူ့အာဏာ၊ အမှတ် ၁၄၊ ၁၉၉၅၊ မတ်လထုတ် – နှာ ၂၉ )

ကျနော် "နေသူရိန်မိန့်ခွန်း" မှ အကြောင်းအရာများကို ဆက်လက် ဖော်ပြပါအုံးမည်။

"ကျနော်တို့ဒီလိုဆင်းဆင်းရဲရဲ ရဲရဲဝံ့ဝံ့တိုက်ခိုက်ခဲ့တာတွေဟာ ဘာကြောင့်လည်းဆိုတာထပ်လောင်းပြီး ရှင်းပြချင်ပါတယ်။"

"မဟာမိတ်တွေက ပြောကောင်းပြောလိမ့်မယ်။ ဗမာတွေဟာသတ္တိရှိတယ်၊ တိုက်စိတ်ခိုက်စိတ်ရှိတယ် စတဲ့လူမိုက်ဂုဏ်ပြောက်စကားမျိုးနဲ့ ချီးမွမ်း ကောင်း ချီးမွမ်းလိမ့်မယ်။ ကျနော်တို့ဟာဒီလိုဦးနှောက်မရှိတဲ့ တိရစ္ဆာန်တွေမဟုတ်ဘူး။ နှစ်ပေါင်း (၁၀၀၀) လောက်က ကမ္ဘာ့ရာဇဝင်မှာရဲစွမ်းသတ္တိရှိတယ် ဆိုတဲ့မိုက်တဲ့လူတွေလိုမဟုတ်ဘူး။ ဒီခေတ်ကြီးမှာလူတွေဟာ အသိပညာနဲ့ယဉ်ကျေးနေတဲ့ လူတွေဖြစ်လို့တဦးနဲ့တဦး အကျိုးမဲ့သတ်ဖြတ်သေကြေတာကို လူတိုင်းကြောက်ပါတယ်။ ကျနော်တို့လဲသေရမှာကြောက်တဲ့လူတွေပါ။ ဒီလိုကြောက်ရဲ့သားနဲ့ဖွတ်တိုးပြီး အသေခံနေရတာတွေဟာ ဒီကမ္ဘာစစ်ကြီးပြီးလို့ရှိရင် ကျနော်တို့ လွတ်လပ်ရေးရတော့မယ် ဆိုတဲ့ယုံကြည်မှုကြောင့်ပါ။"

"လွန်ခဲ့တဲ့ ပထမကမ္ဘာစစ်ကြီးတုန်းက စစ်ပြီးတော့စစ်နိုင်တဲ့နိုင်ငံကြီးတွေဟာ ကိုလိုနီတွေကို ခွဲဝေယူခဲ့ကြတယ်။ ယခုကမ္ဘာစစ်ကြီးမှာဆိုရင်တော့ စစ်ကြီးပြီးရင် တိုင်းငယ်ပြည်ငယ်တွေဟာ ဖက်ဆစ်ကိုတိုက်ခိုက်ခဲ့တာနဲ့အမျှ မဟာမိတ်တွေကိုကူညီခဲ့တာနဲ့အမျှ လွတ်လပ်ရေးကိုရလိမ့်မယ်ဆိုတဲ့ ပြည်သူ့ စစ်သဘောအရ ကျနော်တို့ယုံကြည်ခဲ့တယ်။"

"ကျနော်တို့ဒီယုံကြည်ချက်အရ (၅) လတိတိ ဖက်ဆစ်တွေကိုတိုက်ခဲ့တဲ့တိုက်ပွဲတွေမှာ သေတဲ့သူတွေသေကြပြီး မရှိမဲ့နဲ့တသက်လုံးသုံးမရ အောင်ဒဏ်ရာတွေ အကြီးအကျယ်ရခဲ့တဲ့လူတွေလဲရခဲ့ပါပြီ။ ကမ္ဘာတခွင်မှာဖက်ဆစ်ဝါဒကို တိုက်ခိုက်ခဲ့တဲ့တိုင်းပြည်တွေအနက် ယူဂိုစလပ်ပြည်မှတပါး ပြင်သစ် ထက်ပင် ကျနော်တို့ဗမာပြည်ကသာလွန်တိုက်ခိုက်နိုင်တယ်ဆိုတာ ကမ္ဘာကသိနေပြီ။"

"'ကမ္ဘာသူကမ္ဘာသားတွေအတွက် တိုက်နေရပါတယ်' ဆိုတဲ့ကမ္ဘာ့ခေါင်းဆောင်ကြီး (၅) ဦးမှာတဦးဖြစ်တဲ့ဗြိတိသျှဟာ ကျနော်တို့ကို တန်ဖိုးနဲ့အမျှ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။"

"ကျနော်တို့ရဲ့ နိုင်ငံရေးအခြေအနေကို မျှော်တွေးကြည့်လိုက်ရင် ကျနော်တို့ နှစ်ပေါင်းများစွာက လိုချင်တောင့်တခဲ့တဲ့ လွတ်လပ်ရေးပန်းတိုင်ဟာ အလွန်နီးကပ်နေပြီး ပန်းကိုဆွတ်ခူးရုံလောက်သာ ရှိပါတော့တယ်။"

"အဲဒီလွတ်လပ်ရေးပန်းကို ဆွတ်ခူးဖို့နေရာမှာ တခုတည်းသော အခက်အခဲက ကျနော်တို့နိုင်ငံရေးခေါင်းဆောင်တွေ ပါတီတွေ မညီညွတ်ရင် လွတ်လပ်ရေးဟာ နောက်ထပ် (၅) နှစ်လဲကြာနိုင်တယ်။ (၁၀) နှစ်လဲကြာနိုင်တယ်။ ကျနော်တို့ တတိုင်းပြည်လုံး တညီတညွတ်တည်း တသံထဲထွက်ဖို့ အရေးကြီးနေပါတယ်။ ကျနော်တို့ဝမ်းထဲမှာ ဒီအချက်ဟာ မီးတောက်နေပါတယ်။"

"တိုင်းပြည်တပြည်ရဲ့ စစ်တပ်ဆိုတာဟာ နိုင်ငံရေးရဲ့ အစိတ်အပိုင်းတခုပါ။ တနည်းအားဖြင့်ဆိုလျှင် တိုင်းပြည်ရဲ့ လက်သီးပါ။ ပြည်သူ ပြည်သားတွေဟာ မိမိတို့လိုအင်ဆန္ဒမရရင် ပထမ ပါးစပ်နဲ့တောင်းတယ်။ ပါးစပ်နဲ့တောင်းမရရင် အော်ဟစ်ရန်တွေ့ပြီး တောင်းတယ်၊ ဒီလိုနဲ့ မရသေးရင် နောက်ဆုံး လက်သီးနဲ့ထိုးတောင်းရပါတယ်။ ကျနော်တို့ဗမာပြည်ရဲ့ နိုင်ငံရေးရာဇဝင်ကို ပြန်ကြည့်မယ်ဆိုရင် ရှိုးရှိုးပါးစပ်နဲ့လဲ တောင်းခဲ့တယ်။ အော်ဟစ်ပြီး တော့လဲ တောင်းခဲ့တယ်၊ ကျနော်တို့လိုချင်တဲ့ 'လွတ်လပ်ရေး' မရခဲ့ပါဘူး။ အဲဒီတော့ (၁၉၄၁) ခုနှစ်ကစပြီး ကျနော်တို့လိုချင်တဲ့ 'လွတ်လပ်ရေး'ကို လက်သီးနဲ့ထိုးပြီး တောင်းခဲ့ရတယ်။"

"ယခုအခြေအနေအရ ကျနော်တို့ လွတ်လပ်ရေးခရီးဆုံးကို ကျနော်တို့ ညီညီညွတ်ညွတ် အရေးဆိုခဲ့လို့ရှိရင် ရတော့မယ်လို့ ယုံကြည်နေပါတယ်။"

"ရှေ့အဖို့ ကျနော်တို့ရဲ့လမ်းစဉ်ဟာ ဘုရင်ခံရဲ့အတိုင်ပင်ခံ အမှုဆောင်အစိုးရကို အမျိုးသားယာယီအစိုးရ ဖြစ်အောင် (၉၁) ဌာနအုပ်ချုပ်ရေးအရ ရွေးကောက်မယ့် ရွေးကောက်ပွဲကြီးကို ပြည်သူ့လွှတ်တော်ဖြစ်အောင် ဒီပြည်သူ့လွှတ်တော်ကြီးက ဗမာပြည်ရဲ့ကံကြမ္မာကို လွတ်လွတ်လပ်လပ် ရေးဆွဲနိုင်တဲ့ ဗမာပြည်အုပ်ချုပ်ရေးစည်းမျဉ်း ဖြစ်လာအောင် ဒီအချက်တွေကို ပြည်သူပြည်သားတွေက တညီတညွတ်တည်း ပြုလုပ်ကြမယ်ဆိုရင် လွတ်လပ်ရေးဟာ မကြာခင်အတွင်း ရမှာပဲ။ ကျနော်တို့ မညီညွတ်ရင် ဝေးမှာပဲ။"

"ဒီတော့ တိုတိုပြောရမယ်ဆိုရင် နိုင်ငံရေးမှာ ညာတာဝါးတာ လုပ်မယ့်လူတွေ၊ ပါတီတွေဟာ တိုင်းပြည်နဲ့ ကျနော်တို့ရဲ့ မျက်နှာကိုထောက်ပြီး တညီတညွတ်တည်း ဖြစ်ကြစေချင်တယ်။ ဗမာပြည်ရဲ့ နိုင်ငံရေးအစီအစဉ်တွေကို စနစ်တကျလုပ်သွားမယ့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးထဲသို့ ခြေစုံပစ်ဝင်စေလိုပါတယ်။ တတိုင်းပြည်လုံး ဒီအဖွဲ့ကြီးထဲ ဝင်စေလိုပါတယ်။ ဒီအဖွဲ့ချုပ်ကြီးက ရေးဆွဲတဲ့စည်းကမ်းအတိုင်း အားလုံး ညီညီညွတ်ညွတ် လိုက်နာလုပ်ကိုင်ကြရင် ကျနော်တို့ အင်မတန်လိုလားတဲ့ လွတ်လပ်ရေးဟာ မကြာမီရောက်လာမှာပဲ။ ညီညွတ်ကြပါ။ အားလုံး ညီညွတ်ကြပါလို့ တောင်းပန်တဲ့အနေနဲ့ ကျနော်ဟာ ရဲဘော်တွေရဲ့ ကိုယ်စား နိုင်ငံညီညွတ်ဖို့ ပြောရပါတယ်။"

ဤသည်တို့မှာ ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့တွင် ရန်ကုန်မြို့ နေသူရှိန်ပြည်သူ့အစည်းအဝေးကြီးတွင် တပ်မတော် တိုင်း (၄) တိုင်းမှူးဖြစ်သူ ကျနော်က တတိုင်းပြည်လုံး ညီညွတ်ရေးအတွက် တင်သွင်းသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။

## ( ၂၆ )

ဖက်ဆစ်ဂျပန် ဆန့်ကျင်တော်လှန်သော ကာလများအတွင်းက ဖြစ်ပျက်ခဲ့တဲ့ မှတ်သားဖွယ်ရာ အကြောင်းအချက် (၄) ခုကို ကျနော်မှတ်မိနေ ပါသည်။ ၎င်းတို့မှာ မှတ်သားဖွယ်ရာ၊ သိရှိဖွယ်ရာများဖြစ်၍ ကျနော်အကျဉ်းချုပ်၍ ပြန်လည်ရေးသားဖော်ပြပါဦးမည်။

### ပထမအကြောင်းကိစ္စ

၁၉၄၅ခု၊ မတ်လ (၂၇) ရက်နေ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးစခါနီး မတ်လ (၂၅) ရက်နေ့လောက်တွင် ကျနော်တို့တော်လှန်ရေးအတွက် အလုပ်အလွန်များနေစဉ် ဂျပန်တွေက ကျနော့်ကို ထိုည (၈) နာရီလောက်မှာ သူတို့ထံ လာရောက်တွေ့ဆုံဖို့ ခေါ်ပါသည်။ ထိုကိစ္စမှာ အလွန်အရေးကြီးသဖြင့် တိုင်း (၄) စစ်ကော်မတီဝင်များ အစည်းအဝေးထိုင်ပါသည်။ စစ်ကော်မတီဝင်များမှာ ကျနော်၊ သခင်ချစ်၊ ဗိုလ်သိန်းတန်၊ ဗိုလ်ဗတင်၊ ဗိုလ်အောင်ရွှေတို့ငါးဦး ဖြစ်ပါသည်။ ကျနော်မှလွဲ၍ ကျန် (၄) ဦးက ကျနော်ဂျပန်တွေထံ မသွားရန် အတင်းပြောပါတော့သည်။ ဒါဟာ ဖမ်းဆီးလုပ်ကြံသတ်ဖြတ်နိုင်တဲ့ ကိစ္စဖြစ်တယ်။

သူတို့က လာပြီးဖမ်းရင် ရုတ်ရုတ်ရက်ရက်တွေ ဖြစ်နိုင်လို့ ခေါ်တာပဲဟု ဝိုင်းပြောကြသည်။ အထူးသဖြင့် သခင်ချစ်နှင့် ဗိုလ်ဗထင်က မသွားရန် အတင်းပြောကြသည်။

ကျနော်က ဒီလိုခေါ်တာဟာ ကျနော်တို့တော်လှန်ရေးကိစ္စ တစွန်းတစသိလို့ တော်လှန်ရေးပျက်အောင် ကျနော့်ကို လုပ်ကြံသတ်ဖြတ်ဖို့ ခေါ်တယ်လို့ ကျနော်မထင်ကြောင်း၊ ဘယ်ကမှ သတင်းအစအန ထွက်တာမရှိကြောင်း၊ ဖြစ်နိုင်တာက ကျနော်ဟာ ဂျပန်တွေနဲ့ ဆက်ဆံရေးမှာ လေးလေးစားစား အရှိအသေပေးသင့်သလောက်မပေး၊ ခပ်တည်တည် ဆက်ဆံတတ်မှုကြောင့် ဒီစိတ်ဓာတ်ကို ချိုးနှိမ်ချင်လို့ ဖြစ်ဟန်ရှိကြောင်း၊ ဒါကြောင့် ကျနော်သွားပြီး သူတို့ကိုလေးစားကြောင်း ပြသမယ်။ ကျနော်မသွားရင်တော့ နက်ဖြန်ကျနော့်ကို အတင်းအလင်း လာဖမ်းနိုင်ပြီး ကျနော်သာမက တခြားတပ်မှူး အချို့ပါ အဖမ်းခံရနိုင်ကြောင်း၊ ဒါကြောင့် တော်လှန်ရေးကြီးမထိခိုက်အောင် ကျနော်သွားမယ်ဟု ပြောပါသည်။

ကျနော်တို့ အတန်ကြာ ငြင်းခုန်ကြပါသည်။ သို့သော် ကျနော်မှာ တိုင်း (၄) စစ်ကော်မတီဥက္ကဋ္ဌလဲဖြစ်၊ ကာယကံရှင်လည်းဖြစ်သဖြင့် နောက်ဆုံး ကျနော်၏စကား အတည်ဖြစ်သွားပြီး ကျနော်သွားဖို့ အားလုံးသဘောတူညီ ကြရပါတော့သည်။

နောက်ဆုံး ကျနော်ပြောခဲ့တာက ကျနော်တော်လှန်ရေးကြီး မထိခိုက်အောင်သွားမယ်။ အကယ်၍များ ခင်ဗျားတို့ထင်သလို ကျနော့်ကို လုပ်ကြံသတ်ဖြတ် ဖမ်းဆီးတဲ့ကိစ္စ ပေါ်လာရင် ချက်ချင်းဘာမှ ဆူဆူပူပူမလုပ်ကြဘဲ ရက်နည်းနည်းသည်းခံပါ။ တပြည်လုံး တော်လှန်ရေးရက် အချိန်ရောက်သည်အထိ သည်းခံစောင့်ဆိုင်းပြီး တော်လှန်ရေးကြီးကို ထိထိရောက်ရောက် ဆောင်ရွက်ကြပါ။ ကျနော့်အစား စစ်တိုင်းမှူးအသစ်ရွေးခြယ်ပြီး တော်လှန်ရေးနေ့မှာ တော်လှန်ကြပါဟု မှာကြားခဲ့ပါသည်။

အားလုံး စိတ်မကောင်းစွာနဲ့ ဘာမှပြန်မပြောနိုင်ကြတော့ပါ။ ကျနော် ထိုည (၈) နာရီ မြင်းစီးပြီး ဂျပန်များထံသွားပါသည်။ ကျနော်မြင်းပေါ်တွင် ထိုင်လိုက်ပါလာရင်း ဂျပန်များ ငါ့ကိုလုပ်ကြံ သတ်ဖြတ်မှာလားဟု စိတ်ပူပန်ကြောက်လန့်မိသည်။ သို့သော် ထိုစဉ်က ဤကဲ့သို့ ဆုံးဖြတ်တာဟာ အမှန်ဆုံးဟု တွေးမိပြီး စိတ်သက်သာရာ ရမိသည်။

သို့ဖြင့် ကျနော်မှာ ဂျပန်များနေသည့်အိမ်သို့ ရောက်သွားပါသည်။ ကျနော်တို့အကြံပေး ဂျပန်များမှာ ဂျပန်စစ်တပ်က ဂျပန်များနှင့် အတူမနေ သီးသန့်အိမ်တွင် နေကြပါသည်။ ၎င်းတို့မှာ ကျနော်မှတ်မိသလောက် ကပ္ပတိန်ဗိုလ်ကြီးတယောက်၊ လက်ဖတင်နင်ဗိုလ်တယောက်နှင့် တပ်ကြပ်သုံးယောက်ခန့်ဟု ထင်ပါသည်။

ကျနော်ရောက်လျှင် သူတို့က ကောင်းစွာဧည့်ခံ ကြိုဆိုကြပါသည်။ နောက်စားစရာများချပေးကာ ဧည့်ခံပြီးနောက် သူတို့ ခေါ်ရသော အကြောင်းကို ပြောပြပါသည်။ ကျနော်တို့တပ်တွင်းဖြစ်နေသော အကြောင်းကိစ္စတခု ဖြစ်ပါသည်။ ထိုအကြောင်းအရာကိုတော့ ယခု ကျနော်မေ့နေပါသည်။

ကျနော်က သူတို့ပြောပြသော အကြောင်းအရာအပေါ် ကျနော်၏ထင်မြင်ချက်ကို တင်ပြလိုက်ပါသည်။ နောက် အပြန်အလှန် ထိုကိစ္စကို ဆွေးနွေးကြပြီး အတော်ကြာတော့ ကျနော်တို့ သဘောတူညီမှု ရပါသည်။ ကျနော်တို့ စကားပြောဆိုရာတွင် တဦးနှင့်တဦး ခင်ခင်မင်မင် ပျော်ပျော်ရွှင်ရွှင်ပင် ပြောဆိုခဲ့ကြပါသည်။

ကျနော် စိတ်လက်ပေါ့ပါးစွာနဲ့ စခန်းသို့ ပြန်လာပါသည်။ စခန်းရောက်တော့ တိုင်း (၄) စစ်ကော်မတီဝင် လူကြီးများအားလုံး ကျနော့်ကို စောင့်နေကြရာ အားလုံးဝမ်းသာအားရ ဖြစ်ရပါသည်။

နောက် ကျနော်က ဂျပန်တို့နှင့် ဆွေးနွေးခဲ့ရသော ကိစ္စများကို ပြန်ပြောပြပါသည်။

ကျနော် ထပ်ပြောပြတာက သူတို့ကျနော်ထင်တဲ့အတိုင်း ကျနော်က မလေးစားဘူးထင်ပြီး ကျနော့်စိတ်ဓာတ်ကိုဦးချိုးတာ ဖြစ်နိုင်ကြောင်း ပြောပြပါသည်။ သို့သော် ကျနော်တို့ ဘာမျှဘေးအန္တရာယ် မဖြစ်သဖြင့် အားလုံးစိတ်ချမ်းသာကြရပါသည်။ ထို့အပြင် ဂျပန်များ ကျနော်တို့ တော်လှန်တော့မည် ဆိုသည်ကိုလည်း လုံးဝမသိဟု ယူဆရ၍ ကျနော်တို့ ပိုဝမ်းသာကြရပါသည်။

## ဒုတိယအကြောင်းကိစ္စ။

ဒုတိယအကြောင်းကတော့ ၁၉၄၅ ခုနှစ် ကျနော်တို့ ဖက်ဆစ်တော်လှန်ရေးစခါစက ဖြစ်ပါသည်။ ကျနော်တို့ ဗမာ့တပ်မတော်မှ တပ်စုတစု စစ်တိုင်း (၄) အတွင်းက ရွာတရွာတွင် ဆိုက်ရောက်စခန်းချစဉ် ဖြစ်ခဲ့ပါသည်။ အနားရွာတရွာမှ ရွာသား တဦးက စခန်းချထားသော တပ်မတော်သားများအား လာရောက်ပြောကြားသည်မှာ သူ့အိမ်မှာ ဂျပန်နှစ်ယောက် တည်းခိုနေကြောင်း၊ နက်ဖြန်တွင် ထိုဂျပန်တွေကို လှည်းနဲ့တနေရာ လိုက်ပို့ရမှာဖြစ်ကြောင်း၊ လမ်းခရီးမှာ တောစပ်ကလေးတခုရှိကြောင်း၊ အဲဒီတောစပ်အတွင်းမှ တပ်မတော်သားများက ချောင်းမြောင်းပြီး ပစ်ခတ်သတ်ဖြတ်ရင် ဖြစ်နိုင်ကြောင်း ပြောပြပါသည်။

တပ်မတော်သားများလည်း ဝမ်းသာတက်ကြွစွာဖြင့် ထိုကိစ္စကို အသေးစိတ်အစီအစဉ်ကို ထိုရွာသားနှင့် တိုင်ပင်ညှိနှိုင်းပြီး ထိုရွာသားကို ပြန်လွှတ်လိုက်ပါသည်။

နောက်နေ့ ထိုရွာသားက ဂျပန်နှစ်ယောက်ကို လှည်းပေါ်တင်ပြီး မောင်းလာပါသည်။ သူတို့ချိန်းဆိုထားသည့် တောစပ်ကလေးအတွင်း လှည်းဝင်လာပြီး ပစ်ခတ်ရမည့်နေရာသို့ ရောက်လာပါသည်။ ထိုအချိန်တွင် ချိန်းဆိုထားသည့်အတိုင်း တပ်မတော်ဘက်မှ ဂျပန်ကိုပစ်ခတ်မှု မလုပ်သေးပါ။ ထို့ကြောင့် ထိုရွာသားစိတ်ဆိုးပြီး လှည်းပေါ်ကခုန်ချကာ တောစပ်ဘက်လှည့်ပြီး "ဘာလို့ ဂျပန်တွေကို မပစ်သေးတာလဲ၊ မင်းတို့အဖေတွေ မှတ်လို့လား။ ပစ်ပါတော့လား" ဟု အော်ဟစ်ပြောဆိုပါသည်။

ငြိမ်ပုန်းအောင်းနေသော တပ်မတော်သားများမှာ ဖက်ဆစ်ဂျပန်တော်လှန်ကာစတွင် ကောင်းစွာမပစ်ရဲ၊ မခတ်ရဲ၊ လက်ရှိန်တွန့်ဆုတ် ဖြစ်နေကြရာ ထိုရွာသား ဆူပူကြိမ်းမောင်းတော့မှ သတိဝင်လာကြပြီး ထိုဂျပန်နှစ်ယောက်ကို ပစ်သတ်ကြပါတော့သည်။

ထိုအဖြစ်မှာ ထိုကာလက လူထုက ဗမာ့တပ်မတော်အပေါ် ရယ်စရာလှောင်ပြောင်စရာ ဖြစ်ခဲ့ပါသည်။

## တတိယအကြောင်းကိစ္စ။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီး ပြီးကာစ ၁၉၄၅ ခုနှစ် နှောင်းပိုင်းတွင် ထင်ပါသည်။ ကျနော်တည အိပ်ပျော်နေစဉ် လူတယောက်က ကျနော့်ခြေမကို ကိုင်လှုပ်သဖြင့် လန့်နိုးပြီး လက်တဖက်က ကာဘိုင်သေနတ်ကို ချက်ချင်းကိုင်ကာ လက်တဖက်က လက်နှိပ်ဓာတ်မီးဖြင့် ခြေရင်းတွင်ရပ်နေသော လူတယောက်မျက်နှာကို ထိုးကြည့်လိုက်ပါသည်။ ထိုသူမှာ ရဲဘော်တယောက် ဖြစ်နေပြီး သူ့လက်တဖက်ကို ဆန့်ထုတ်ကာ လက်ဖဝါးပေါ်တွင် “စိန်တုံး” တွေဖြစ်ဟန်ရှိသော လက်လက်အလုံး သုံးလုံးလောက်ကို ထိုးပေးလိုက်ပြီး သူက – ကျနော် ဂျပန်တယောက်သတ်ပြီး ဒီစိန်တုံးတွေ ရလာတယ်။ ကျနော်နက်ဖန် တပ်ကထွက်ပြီး ပြန်တော့မယ်။ ဗိုလ်မှူးဟာ သိပ်အလုပ်များပြီး၊ သိပ်လဲဆင်းရဲတယ်။ တော်လှန်ရေးပြီးနောက် ဗိုလ်မှူးအပြင်ရောက်ရင် ဆင်းဆင်းရဲရဲ မနေရအောင် ကျနော်ရတဲ့ စိန်တုံးတွေထဲက တချို့ပေးခဲ့တာပါလို့ပြောပြီး လက်သန်းထိပ်၊ လက်ညှိုးထိပ်လောက်ရှိတဲ့ “စိန်တုံး” ၃ တုံး ကျနော့်လက်ထဲ ထည့်ပေးခဲ့ပြီး လှည့်ထွက်သွားပါတော့သည်။

ကျနော်မှာ ဘာမှမပြောနိုင်တော့ဘဲ ကျန်ရစ်ပြီး စိန်တုံးတွေကို ကျနော့်ခေါင်းအုံးအောက်ထားကာ ဆက်အိပ်လိုက်ပါသည်။

နောက်နေ့ မိုးလင်းသောအခါ ကျနော်သည် တိုင်း (၄) စစ်ကော်မတီလူကြီးများအားခေါ်ပြီး ညကရရှိထားသော စိန်တုံးများကိုပြပြီး လွန်ခဲ့သော ညက စိန်တုံးများပေးခဲ့သော ရဲဘော်၏ပြောပြချက်များကို ပြောပြကာ ကျနော်စဉ်းစားထားသော အကြံတခုကိုလည်း တဆက်တည်း ပြောပြပါသည်။

ထိုအကြံမှာ စိန်တုံးတွေကို ကျနော်တို့ရဲဘော်တွေ အစားအသောက်ဆင်းရဲလှသဖြင့် ကျနော့်အတွင်းရေးမှူး ဗိုလ်ထွန်းစိန်ကို ပေးပြီး ရန်ကုန်ဆင်း ထုခွဲရောင်းချစေရန်နှင့် ဗိုလ်ထွန်းစိန်က ရောင်းချရသော ငွေအချို့နှင့် ရဲဘော်တွေစားဖို့ ငါး၊ ကုလားပဲများ ဝယ်ပြန်လာရန်နှင့် ကျန်ငွေများကို စစ်တိုင်း (၄) ထောက်ပံ့ရေးဌာနသို့ ပေးအပ်ရန်ပင် ဖြစ်ပါသည်။

ထိုအကြံကို စစ်တိုင်း (၄) ကော်မတီလူကြီးများအားလုံး အားရဝမ်းသာစွာ သဘောတူကြပြီး ဗိုလ်ထွန်းစိန်ကို ရန်ကုန်မြို့သို့ စိန်များထုခွဲရန် စေလွှတ်လိုက်ပါသည်။

ဗိုလ်ထွန်းစိန်မှာ ၄ – ၅ ရက်နဲ့ ပြန်မရောက်လာဘဲ တပတ်ကျော်ကြာမှ ခေါင်းစုတ်ဖွားနဲ့ ပြန်ရောက်လာပါသည်။

တိုင်းကော်မတီလူကြီးများအားလုံး ဗိုလ်ထွန်းစိန်ကိုဝိုင်းပြီး အကျိုးအကြောင်း မေးကြပါသည်။ ဗိုလ်ထွန်းစိန် ပြောပြသည်မှာ ကျနော်တို့ရဲ့ စိန်တွေကို စိန်ဆိုင်ကြီးတဆိုင်က ကုလားကြီးတဦးကို သွားရောင်းတယ်။ ကုလားကြီးက စိန်တွေကို သေသေချာချာကိုင်ကြည့် နောက်မှန်ဘီလူးနဲ့ကြည့်ပြီးမှ ရယ်မောပြီး ဒါတွေ စိန်မဟုတ်ဘူး၊ ဘာတန်ဖိုးမှမရှိတဲ့ သလင်းတုံးတွေလို့ပြောပြီး ပြန်ပေးတယ်။ နောက်တဆိုင်သွားပြလဲ ဒီလိုပဲပြောတယ်။ ဒါကြောင့် ကျနော်စိတ်ပျက်ပြီး ပြန်လာပါတယ်ဟု ပြောပြပါသည်။

တိုင်းကော်မတီလူကြီးအားလုံး စိတ်ပျက်ဝမ်းနည်းသွားကြရပါတော့သည်။

နှောင်း နှစ်အတော်ကြာပြီးနောက် ကျနော် ဗမာပြည်တောင်ပိုင်း စစ်ဌာနချုပ်မှူးဖြစ်လာပြီး ကျနော့်တွင် အဆုတ်တီဘီရောဂါ ဖြစ်လာသောအခါ တပ်မတော်ဆေးမှူးချုပ် ဗိုလ်မှူးကြီးမောင်မောင်ကြီးက မိတ္ထီလာသို့ ဆေးခွင့်နှင့်သွားနားရန် စေလွှတ်ခဲ့ပါသည်။ ထိုစဉ် မိတ္ထီလာမှာ ထိုဂျပန်တော်လှန်ရေး ကာလက စိန်များပေးသွားခဲ့ဖူးသည့် ရဲဘော်မှာ သင်္ကန်းဝတ်နဲ့ရောက်လာပြီး ကျနော်နဲ့တွေ့ဆုံပါသည်။ သူမြင်းခြံမှာ ရဟန်းဘဝနဲ့နေကြောင်း ပြောသွား ပါသည်။ သူ့ကြည့်ရသည်မှာ ခပ်ကြောင်ကြောင် ရူးတူးတူးဖြစ်နေပုံ ရသည်။ ကျနော်လည်း သူ့ဘဝကို များစွာကြင်နာသနားမိသည်။

## စတုတ္ထအကြောင်းအရာ

ဖက်ဆစ်တော်လှန်ရေးအပြီးတွင် ထင်ပါသည်။ ကျနော်ရန်ကုန်မြို့ကို ပြန်ရောက်လာပါသည်။ ထိုစဉ် ရုံးတရုံးရှေ့လမ်းမပေါ်တွင် ဗိုလ်မှူးချုပ် စောကြာဒိုးကို လှမ်းမြင်လိုက်မိပါသည်။ ဗိုလ်ကြာဒိုးကလည်း ကျနော်လမ်းပေါ် ရပ်နေတာလှမ်းမြင်လိုက်ပြီး ကျနော်ထံ ကမန်းကတန်း လျှောက်လာပါသည်။ တွေ့တာနဲ့ ကျနော့်လက်ကိုဆွဲနှုတ်ဆက်ပြီး ခင်ဗျားဗိုလ်ကျော်ဇောနော် – မသေသေးဘူးနော်ဟု ပြောပါသည်။ ကျနော်က ဟုတ်ကြောင်းပြောတော့ သူကျနော့်ကို ဖက်လှဲတကင်းလုပ်ပြီး၊ ဝမ်းသာလိုက်တာဗျာဟု အားရပါးရပြောပါသည်။ သူ့ဓါးပြမှုပုံတို့မှာ နည်းနည်းထူးဆန်းနေ၍ ကျနော်အံ့အားသင့် နေပါသည်။

ဒီတော့မှ ဗိုလ်မှူးချုပ်ကြာဒိုးက ဒီလိုဗျဟု အဖြစ်အပျက်ကို ပြောပြပါသည်။ တော်လှန်ရေးကာလ အစောပိုင်းက ဂျပန်စစ်ဗိုလ်တယောက် မြန်မာအလံတခုကိုင်ပြီး သူ့အခန်းထဲဝင်လာကာ – ဒါဘယ်သူ့အလံလဲဟု အလံကိုပြပြီး မေးပါသည်။ ဗိုလ်ကြာဒိုးမပြောတတ်ဖြစ်နေစဉ် ဟိုဂျပန်ကပင် “ဒီအလံဟာ ဗိုလ်ကျော်ဇော အလံပေါ့၊ ကျနော်တို့ရခဲ့တာ ...” ဟုပြောပြီး ဆက်ပြောတာကတော့ “ဒါပေမဲ့ ဗိုလ်ကျော်ဇောကတော့ သတ္တိပြောင်ပါပေတယ်။” ဟုပြောပြီး ထိုဂျပန် ထွက်သွားပါသည်။ (မှတ်ချက်။ ဂျပန်စစ်တပ်၏ ထုံးစံမှာ မိမိ၏အလံကို မိမိကျဆုံးမှသာ ရန်သူ့လက်ထဲ အရောက်ခံရသည်။)

ထို့ကြောင့် ဗိုလ်ကြာဒိုး၏စိတ်တွင် ဗိုလ်ကျော်ဇောကို သူတို့သတ်ပစ်လိုက်ကြပြီဟု ယူဆနေမိခဲ့သဖြင့် ယခုလို အသက်ရှင်လျက် ပြန်တွေ့ရသော အခါ ဝမ်းသာအားရဖြစ်မိခြင်း ဖြစ်ပါသည်။

## ပဉ္စမအကြောင်းအရာ

ကျနော်အထက်ပါ အဖြစ်အပျက်များကိုရေးရင်း နောက်အကြောင်းအရာတခုကို ထပ်ပြီးမှတ်မိ သတိရလာ၍ ထပ်ပြီးရေးလိုက်ရပါသည်။

ထိုအကြောင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးပြီးကာစ ၁၉၄၅ ခုနှစ်ကုန်ခါနီးကာလဟု ထင်ပါသည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွင်းက သခင်သန်းထွန်းတို့၏ ဖက်ဆစ်ဂျပန်တော်လှန်ရေး ဌာနချုပ်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အကူအညီ တောင်းသဖြင့် ကျနော့်တပ်မှ တပ်စုငယ်တခုကို ပေးပို့ထားပါသည်။

ထိုတပ်စုမှူးမှာ ဗိုလ်တိုးလွင်ဆိုသူ ဒုတိယဗိုလ်ကလေး ဖြစ်ပါသည်။ နောင်ဗမာ့တပ်မတော်တွင် ဗိုလ်မှူးကြီးအထိဖြစ်လာသည် ထင်ပါသည်။ ၎င်းသည် အလွန်ဖျတ်လတ်သွက်လက်ပြီး အမြဲတက်တက်ကြွကြွရှိနေတတ်သူ ထားဝယ်သားမျိုးချစ်ပုဂ္ဂိုလ်တဦး ဖြစ်ပါသည်။

၎င်းဗိုလ်တိုးလွင်သည် ၁၉၄၅ ခုနှစ်ကုန်ခါနီးတနေ့ ကျနော့်ထံရောက်လာပြီး မျက်ရည်များဝဲကာ ပြောပြလာတာကတော့ – သူ့တပ်စု သခင်သန်းထွန်းတို့ဌာနချုပ်က ပြန်လာချင်ပါပြီဟူ၍ပင် ဖြစ်သည်။ ကျနော်က အကျိုးအကြောင်းမေးကြည့်တော့ သူပြောပြတာက – သခင်သန်းထွန်းဟာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း မကောင်းတာတွေ၊ ဆိုးဝါးတာတွေကို၊ ဗိုလ်ချုပ်အတင်းတွေကို တခြားလူနှစ်ယောက်ကို ပြောပြနေတာ သူတယက်ခန်းက အကုန်ကြားရသည်။ ဒီလူကြီးအပေါ် ကျနော်စိတ်ပျက်နေပြီ။ ထို့ကြောင့် ကျနော်ပြန်လာပါရစေဟု ဆိုလာပါသည်။ ကျနော်လည်း ထိုအကြောင်း ကြားလိုက်ရသဖြင့် သခင်သန်းထွန်းအပေါ် စိတ်ပျက်သွားမိသည်။

သို့သော် ကျနော်တို့ဘက်မှ ရပ်မပျက်ရန် ဗိုလ်တိုးလွင်ကို နားချဖို့လိုမည်ဟု ကျနော်ချက်ချင်း ယူဆမိပြီး ဗိုလ်တိုးလွင်ကို ကျနော်နားချပါသည်။

သခင်သန်းထွန်းတို့ ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ ဗမာပြည်တော်လှန်ရေးကို ဟိုရှေးတုန်းကတည်းက အတူဆောင်ရွက်လာကြတဲ့ လူဟောင်းခေါင်းဆောင်ကြီးများဖြစ်ကြောင်း၊ လူဆိုတာ ကိုယ်နဲ့မသင့်မြတ်ရင် တယောက်အကြောင်းတယောက် မကောင်းဘူးထင်တာတွေကို မိမိတို့အချင်းချင်းအတွင်း ပြောတတ်ကြကြောင်း၊ ကောင်းတော့မကောင်းပေမယ့် သိပ်လဲအရေးမကြီးလှကြောင်း – သူတို့အစကတည်းက ဒီလိုပဲ တွဲလုပ်လာခဲ့တာဖြစ်ကြောင်း ပြောပြနားချပါသည်။

ကျနော်ကဆက်ပြီး ပြောသည်မှာ – ဒီလူကြီးတွေ ဗမာ့တော်လှန်ရေးတာဝန် မကျေပွန်ရင် သူတို့ထိုက်နဲ့သူတို့ ခံကြရမှာပဲ။ မိမိတို့အဖို့ကတော့ မိမိတာဝန်မိမိ ကျေပွန်ဖို့အရေးကြီးတယ်။ ဒါ့ကြောင့် ပြန်မလာဘဲ ဆက်နေပါ။ နောက်ထပ် ဗိုလ်ချုပ်အကြောင်းတွေ ဘာဆက်ပြောသလဲ လဲ နားစွင့်နေပါဟု ဖျောင်းဖျနားချ ပြောဆိုရာ အတော်ကြာတော့ ဗိုလ်တိုးလွင်မှာ စိတ်မချမ်းမသာစွာနှင့် ပြန်သွားပါတော့သည်။

သခင်သန်းထွန်းက ဗိုလ်ချုပ်အောင်ဆန်းအပေါ် မကောင်းပြောသည့်ကိစ္စ ကျနော်နောင်မှစဉ်းစား ဆင်ခြင်မိသည်မှာ၊ သခင်သန်းထွန်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီမှ အကြီးအကဲဖြစ်သည်။ ကွန်မြူနစ်ပါတီဆိုသည်မှာ မိမိတို့နှင့် ဆက်ဆံရသည့် လူပုဂ္ဂိုလ်တွေအကြောင်း သူတို့သီးသန့်အဝန်းအဝိုင်းအတွင်း (ဥပမာ – ကလာပ်စည်း သို့မဟုတ် ပါတီကော်မတီအတွင်း) အဆိုးအကောင်း အားလုံးကို ဝေဖန်သုံးသပ်ဆင်ခြင်ကြပြီး တော်လှန်ရေးအတွက် ကောင်းအောင်လုပ်ကြရစမြဲဖြစ်သည်။ ယခုလည်း သခင်သန်းထွန်းက ဗိုလ်ချုပ်အပေါ် သူ၏ဝေဖန်သုံးသပ်ချက်ကို သူတို့အချင်းချင်း တိုင်ပင်ဆွေးနွေးနေတာသာ ဖြစ်သည်၊ အပြင်အပသို့ တစုံတရာပြောကြားတာမဟုတ်ဟု ယူဆရပါသည်။ ထို့ကြောင့် သခင်သန်းထွန်းအပေါ်တွင် သိပ်အပြစ်ရှိသည် မထင်ပါ။ သူတို့ပါတီတွင်း လူကြီးများအတွင်းသာ ဝေဖန်ဆွေးနွေးကြခြင်း ဖြစ်ပုံရပါသည်။ ဒါကိုလည်း ကျနော်နောင်မှ စဉ်းစားတွေးတောဆင်ခြင်မိခြင်း ဖြစ်ပါသည်။

သို့ရာတွင် ဗမာပြည်ဖက်ဆစ်တော်လှန်ရေးအပြီး အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေးတိုက်ပွဲဝင်နေစဉ် အောင်ပွဲရခါနီးတွင် ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးက အများပြည်သူလူထုကို ဟောပြောရာတွင်၊ ဗိုလ်ချုပ်အပေါ် ပုဂ္ဂိုလ်ရေးအရ ဆိုးဆိုးဝါးဝါး ထိုးနှက်တိုက်ခိုက်မှုများဖြင့် အကြီးအကျယ် ရှုတ်ချဝေဖန်ပြောဆိုခဲ့သည်ဟု ကျနော်တို့သိရပါသည်။

ကျနော်တို့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် အများပြည်သူတို့ရှေ့တွင် ပုဂ္ဂိုလ်ရေးရှုတ်ချပြစ်တင်မှု အပုပ်ချမှုများ မပြုလုပ်သင့်ပေ။ ဤသို့ပြုလုပ်သဖြင့် သခင်စိုးမှာ ကြီးမားလှသော နိုင်ငံရေးပြစ်မှုကျူးလွန်သူ ဖြစ်သွားပေသည်။ ပြည်သူများအပေါ်လည်း မလေးမစားရာ ရောက်ပေသည်။ ထို့အပြင် ဤကဲ့သို့သော သခင်စိုး၏ ပြောဆိုမှုများကြောင့် ဗိုလ်ချုပ်နှင့် ကွန်မြူနစ်ပါတီလည်း ဝေးသွားရခြင်း ဖြစ်ပုံရသည်။

ဗိုလ်ချုပ်အောင်ဆန်းမှာ သာမန်ခေါင်းဆောင်မဟုတ်ပေ။ ဗမာပြည်လွတ်လပ်ရေး အရေးတော်ပုံတွင်၊ ဗမာပြည်သမိုင်းတွင် နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲအတွက် ဗမာ့အမျိုးသား လက်နက်ကိုင်စစ်တပ်ရှိဖို့ လိုအပ်လာပြီဟု သမိုင်းကတောင်းဆိုလာသောအခါ၊ ဖြ လက်မခားတောင် ကိုင်ဆောင်ခွင့်မရသော မြန်မာအမျိုးသားတို့အဖို့ စစ်တပ်ထောင်ရန် မစဉ်းစားနိုင်အောင် ခက်ခဲ နေပေသည်။

ထိုစဉ် ထိုသို့သမိုင်း၏လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် ဘဝကိုစွန့်ပြီး ရဲဘော်သုံးကျိပ်ကို ဦးဆောင်ကာ ဂျပန်ပြည်သွား၍ စစ်ပညာတွေသင်ခဲ့သည်။ ထို့နောက် “ထိုင်း”နယ်စပ်ကနေပြီး ခေတ်သစ်ဗမာ့တပ်မတော် စစ်တပ်ကို ထူထောင်ဖွဲ့စည်းခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် သူထူထောင်ခဲ့သော ဗမာ့တပ်မတော်ကို ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းပြီး ဗမာပြည်ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို အောင်မြင်စွာဆင်နွှဲခဲ့သူ ဖြစ်သည်။

ထို့အပြင် ဗိုလ်ချုပ်သည် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရဖို့ ဆက်ပြီးတိုက်ပွဲဝင်နေစဉ် ဗမာပြည်လွတ်လပ်ရေးတံခါး ရောက်ခါနီးမှ နယ်ချဲ့ဗြိတိသျှတို့ လက်ချက်ဖြင့် ကျဆုံးကွယ်လွန်သွားရသော အမျိုးသားခေါင်းဆောင်ကြီးလည်း ဖြစ်ပေသည်။

ဗိုလ်ချုပ်သည် ကွန်မြူနစ်ပါတီ၊ ကွန်မြူနစ်ဝါဒကိုလည်း ဆန့်ကျင်သူမဟုတ်ပေ။ ဗြိတိသျှတို့က ဗိုလ်ချုပ်ကို လုပ်ကြံသတ်ဖြတ်ရသော အကြောင်းရင်းမှာပင် ဗိုလ်ချုပ်သည် နောင်ကွန်မြူနစ်တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဟု ယူဆ၍ လုပ်ကြံရခြင်း ဖြစ်ပေသည်။

ဗိုလ်ချုပ်သည် ကွန်မြူနစ်ဆန့်ကျင်ရေးသမား မဟုတ်ရုံသာမက ၁၉၃၉ ခုနှစ်က ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်ခဲ့သော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပေသည်။

ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူအများ၏ ရှေ့မှောက်တွင် ဝေဖန်ရှုတ်ချမှုမပြုသင့်ပေ။

လူဆိုသည်မှာ မည်မျှပင်ကြီးမြတ်သော ပုဂ္ဂိုလ်ပင်ဖြစ်ပါစေ၊ အမှားအယွင်း ချို့ယွင်းချက်များမှ လုံးဝကင်းစင်သူဆိုသည်မှာ မရှိနိုင်ပေ။

ယခုကျနော်သည် ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးအကြောင်းနှင့် ၎င်းနှင့်ဆက်နွှယ်နေသော အကြောင်းအရာအချို့ကို ရေးသားခဲ့ပါသည်။

ဖက်ဆစ်တော်လှန်ရေးတွင် နောက်ဆုံးရေးစရာတခု ကျနော်မှတ်မိနေတာကတော့ – ဖက်ဆစ်တော်လှန်ရေးတွင် ကျနော်တို့ရန်သူကို ဖိတိုက်နေစဉ်ကာလက ကျနော့်အပေါ်လည်း လူထုက ကျေနပ်ကြပြီး၊ ကျနော်နှင့်ပတ်သက်ပြီး သူတို့စိတ်ကြိုက် သတင်းတွေ ထင်ရာမြင်ရာပြောကြ

လွှင့်ကြသည်။ ၎င်းမှာ – ဟေ့ ဗိုလ်ကျော်ဇောဆိုတာ သာမန်လူမဟုတ်ဘူး။ တန်ခိုးရှိသူဖြစ်တယ်။ ဗိုလ်ကျော်ဇောဟာ တိုင်ကိုကွယ်လိုက်ရင် လူတောင် ပျောက်သွားနိုင်တယ်... စသည်ဖြင့် ပြောဆိုခဲ့ကြပါသည်။

ဤသို့ဖြင့် ဗမာပြည်သူတို့သည် ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို အောင်မြင်စွာဆင်နွှဲခဲ့ကြသည်။

ဂျပန်တို့က ဩဂုတ်လ (၁၀) ရက်တွင် စစ်ပြေငြိမ်းရန်တောင်းဆိုပြီး (၁၄) ရက်တွင်လက်နက်ချသည်။ တရားဝင် လက်နက်ချမှုကို ဂျပန်တွင် ၁၉၄၅ ခုနှစ် စက်တင်ဘာ (၂) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ သို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားခဲ့လေပြီ။

မြန်မာပြည်သူတို့၏ ဖက်ဆစ်ဂျပန်တော်လှန်ရေး တိုက်ပွဲမှာ လအနည်းငယ်အတွင်း ဂျပန်နှစ်သောင်းကျော် ကျဆုံးပြီးနောက် အောင်ပွဲကြီး ရခဲ့ပေသည်။

၎င်းဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်ပွဲကြီးသည် ဗမာပြည်သူတို့၏ လွတ်လပ်ရေးတိုက်ပွဲအောင်ပွဲအတွက် အဆုံးအဖြတ်ပေးသည့် ဗမာ့သမိုင်းဝင် အောင်ပွဲအတွက် အဆုံးအဖြတ်ပေးသည့် ဗမာ့သမိုင်းဝင်အောင်ပွဲကြီး ဖြစ်ခဲ့ပေတော့သည်။

ကျနော်ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွင်း အဖြစ်အပျက်တချို့ သတိထပ်ရလာသဖြင့် ထပ်ရေးရပါအုံးမည်။

ကျနော်ရန်ကုန်မှာရှိနေစဉ်က ဖက်ဆစ်တော်လှန်ရေးအကြောင်း ကျနော့်သားသမီးအိမ်သားများကို ပြောပြရာ အပြီးတွင် နိဂုံးချုပ်ချက်တခုကို ရုတ်တရက်မြင်လာပြီး ပြောမိသည်မှာ – တို့ဖက်ဆစ်တော်လှန်ရေးကြီး ဒီလောက်မြန်မြန်ပြီးမသွားဘဲ နောက်ထပ် ၄ – ၅ – ၆ လဆက်တိုက်ရရင် ဆိုရှယ်လစ်စတဲ့ အရှောင်သမားတွေ ထွက်ပြေးတိမ်းရှောင်ကြမှာမို့ တို့ဗမာပြည်မှာ အရှောင်သမားတွေ အတော်နည်းသွားမှာပဲ။ ဗမာပြည်နိုင်ငံရေးလဲ အတော်ကောင်းသွားမှာ – ဟု ပြောမိသည်ကို သတိရလာသဖြင့် ထပ်ရေးလိုက်ရပါ သည်။

ကျနော်ဘာ့ကြောင့် ထိုကဲ့သို့ထင်မြင်ရသနည်း။ အကြောင်းများ ရှိပါသည်။ ထိုအထဲတွင် ကျနော်စွဲလမ်းမှတ်မိနေသော အကြောင်းတခု ရှိပါသည်။

၁၉၄၅ ခုနှစ် ကျနော်တို့၏ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲအတွင်း တော်လှန်ရေးပြီးခါနီးလောက်တွင် (နောက်ပိုင်း ဆိုရှယ်လစ် ပါတီအကြီးအကဲတဦး ဖြစ်လာပြီး အတော်အသင့်လည်း ရှိသားကာ ပွင့်ပွင့်လင်းလင်း ပြောတတ်သည့်) ဗမာ့တပ်မတော် ဗိုလ်ကြီးတဦးက ကျနော်ကြားနိုင်လောက်တဲ့ နေရာက နေပြီး တခြားလူတယောက်ကို ပြောနေတာကတော့ – ဖက်ဆစ်တော်လှန်ရေးမှာ ငါတို့ကိုနိုင်းတာတွေ ကြည့်ရှုစဉ်းစားပြီးမှ ခိုင်းသင့်ပါတယ်။ ငါတို့ဟာ သူတို့လို ရာနှုန်းပြည့် မျိုးချစ်ကြီးတွေမဟုတ်ဘူးဆိုတာ သူတို့နားလည်မို့ ကောင်းပါတယ်ဟု ငြီးတွားပြောဆိုမှုပါသည်။ ထိုအကြောင်းများ ရှိခဲ့သောကြောင့် ကျနော်အထက်ပါမှတ်ချက်ကို ချမိခြင်းဖြစ်ပါသည်။

နောက် ကျနော်မှတ်မိနေတာတခုလည်း ရှိပါသေးသည်။ ၎င်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဗိုလ်ချုပ်သတ်မှတ်သော ဧပြီလ (၂) ရက်နေ့မှ ကျနော်တို့တိုင်း (၄) အခက်အခဲကြောင့် မတ်လ (၂၇) ရက်နေ့ကို တော်လှန်ရေးနေ့အဖြစ် ကျနော်က ရွှေ့ပြောင်းစီစဉ်ရသဖြင့် ဗိုလ်ချုပ်ကကျနော့်အပေါ် အပြစ်တင်မည်လားဟု စိုးရိမ်နေမိပါသည်။ သို့ရာတွင် ဖက်ဆစ်တော်လှန်ရေး ပြီးကာစ ရန်ကုန်မြို့တွင် ဗိုလ်ချုပ်နှင့်ကျနော်တွေ့သောအခါ ဗိုလ်ချုပ်က "တော်လှန်ရေးရက်ဟာ အားလုံးဟန်ကျကြပြီး အားလုံးအံကိုက် ဖြစ်သွားတာပဲ" ဟုပြောပါသည်။ "အံကိုက်ဖြစ်သွားတာပဲ" ဆိုသည့်စကားကို ကျနော် ယခုထိ ကြားယောင်နေပါသည်။ ကျနော့်မှာ ထိုစကား ဗိုလ်ချုပ်ထံမှကြားရသဖြင့် အလွန်ဝမ်းသာသွားပါသည်။ ထိုအဖြစ်ကို ကျနော်ယခုအထိ မှတ်မိနေပါသည်။

အထက်ပါအကြောင်းအရာတို့မှာ ၁၉၄၅ ခုနှစ် ဗမာပြည် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး တော်လှန်ရေးကြီးတွင် အဓိကအားဖြင့် ကျနော်ပါဝင် လှုပ်ရှားခဲ့ပုံတို့ကို ကျနော်မှတ်မိသတိရသလောက် ပြန်လည်ရေးသားချက်များ ဖြစ်ပါသည်။

**ဒုတိယပိုင်းပြီး။**

## တတိယပိုင်း ပြည်တွင်းစစ်

## ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ်မြောက်ကွန်ဂရက်

ဗမာပြည်သူတို့၏ ဖက်ဆစ်ဂျပန်တော်လှန်ရေးတိုက်ပွဲကြီး အောင်ပွဲရ ပြီးဆုံးခါနီး၊ လူများ စိတ်ရွှင်လန်းကြည်နူးနေသည့်အချိန် ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်၊ ဗားဂရာလမ်း ကွန်မြူနစ်ပါတီဌာနချုပ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ်မြောက် ကွန်ဂရက်ကို ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးနှင့် သခင်သန်းထွန်းတို့ ကြီးမှူးပြီး ကျင်းပလေသည်။

ကွန်ဂရက်သို့ ကျနော့်အား ဖိတ်ကြားသဖြင့် ကျနော်လည်း တက်ရောက်ရသည်။

ဗမာပြည်ကွန်မြူနစ်ပါတီမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ ၁၉၃၉ ခု ဩဂုတ်လ (၁၅) ရက်နေ့ ဖွဲ့စည်းခဲ့ကတည်းကစပြီး မြေအောက်တွင်လျှို့ဝှက်နေပြီး ဗမာပြည်တော်လှန်ရေးကို ဦးဆောင်ပြီး ဆောင်ရွက်ခဲ့ကြရသည်။ ယခု ဖက်ဆစ်တော်လှန်ရေးကြီးတွင် အတိအလင်းမြေပေါ်တက်ပြီး ပြောင်ပြောင်ပင် တော်လှန်ရေးကို ဆောင်ရွက်ခဲ့သည်။ ကွန်ဂရက်ကို ဗမာပြည်တွင်မက နိုင်ငံခြားကပါ အာရုံစိုက်ကြသည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှာ မြေပေါ်တွင် တော်လှန်ရေးကို တိတိလင်းလင်း ဆောင်ရွက်နေသောပါတီကြီး ဖြစ်နေပေတော့သည်။

ကွန်ဂရက်တွင် ဂျပန်နှင့် ရင်ဆိုင်တိုက်ခိုက်နေကြသော ဗမာ့တပ်မတော်အတွင်းမှ ပါတီဝင်များနှင့် ပြောက်ကျားခေါင်းဆောင်များလည်း အမြောက်အမြား တက်ရောက်ကြသည်။ ထို့အပြင် စစ်တောင်းမြစ်တဖက်ကမ်း ရန်သူဖက်ဆစ်ဂျပန်တို့၏ နောက်ကျောမှ တိုက်ခိုက်နေကြသော တပ်သားများလည်း ပါဝင်တက်ရောက်ကြသည်။

ကွန်ဂရက်သဘာပတိ သခင်သန်းထွန်း မိန့်ခွန်းပေးရာတွင် လွန်ခဲ့တဲ့ သုံးနှစ်ပတ်လုံး ပုန်းလျှိုးကွယ်လျှိုးနှင့် မြေအောက်ဖက်ဆစ်တော်လှန်ရေး လုပ်ခဲ့ရတဲ့ ကျုပ်တို့ပါတီဟာ ဂျပန်ဖက်ဆစ်တို့ကို ဗမာပြည်မှာ အောင်နိုင်ပြီး တိတိလင်းလင်း ပေါ်ထွက်လာပါပြီ။ ကျုပ်တို့ပါတီဟာစစ်နိုင်တဲ့ ပါတီအဖြစ်နဲ့ မားမားမတ်မတ်ကြီး ပေါ်ထွက်လာပါပြီ။ ကျုပ်တို့အခု တွေ့ဆုံစည်းဝေးတာဟာ ပထမကွန်ဂရက်လို တထိတ်ထိတ် တလန့်လန့်နဲ့ စည်းဝေးတာ မဟုတ်ဘဲ စစ်နိုင်သူတွေအနေနဲ့ တိတိလင်းလင်း မြေပေါ်မှာ စည်းဝေးကြတာ ဖြစ်တယ်ဟု ပြောခဲ့ပါသည်။

ဗမာပြည်ဖက်ဆစ်တော်လှန်ရေးတွင် အသက်ဆုံးရှုံးကြရတဲ့ ဗမာ့သားကောင်းရတနာများနှင့် ဗမာ့လွတ်လပ်ရေးတွင် ကျဆုံးခဲ့ရတဲ့ ရဲဘော်အပေါင်းကို ကွန်ဂရက်ကြီးက ဝမ်းနည်းကြောင်း မှတ်တမ်းတင်ဖော်ပြကြသည်။

ကွန်ဂရက်တွင် သဘာပတိ သခင်သန်းထွန်းက ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်နှစ်ဦးဖြစ်သော သခင်စိုးနှင့် နိုင်ငံခြားကိုယ်စားလှယ်ဖြစ်သော သခင်သိန်းဖေ (တက်ဘုန်းကြီး) တို့ကို အထူးချီးကျူးဂုဏ်ပြုစကားပြောခဲ့သည်။

သခင်သန်းထွန်းက ပြောသည်မှာ "ခေါင်းဆောင်ကြီး သခင်စိုးဟာ ဂျပန်ဖက်ဆစ်တို့ ကြီးစိုးတဲ့ သုံးနှစ်တာ ကာလပတ်လုံး မြေအောက် ပုန်းအောင်းကာ ကျုပ်တို့ပါတီလုပ်ငန်းတွေကို ရှေ့ဆောင်ခြင်း ပြုခဲ့တယ်။ ဖက်ဆစ်ဂျပန်ရဲ့ လုံခြုံမှုများအောက်က ပွတ်ကာသီကာနဲ့ အနံ့အပြား လျှို့ဝှက်သွားရောက်ပြီး ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းကြီးကို ခေါင်းဆောင်ခဲ့တယ်။ သခင်စိုးရဲ့ ရှေ့ဆောင်မှုမှန်လို့ ကျုပ်တို့ပါတီဟာ စစ်နိုင်သူတို့ရဲ့ပါတီ ဖြစ်ခဲ့ပြီ။ သခင်စိုးကို ကျုပ်တို့ကရော ဗမာပြည်ကပါ အချိုးမြှောက်နိုင်ဆုံး ချီးမြှောက်မှုကို ပြုကြရမယ်" ဟု ပြောခဲ့ပါသည်။

နောက် ကိုသိန်းဖေကိုလည်း သခင်သန်းထွန်းက ချီးကျူးပြောကြားရာမှာ "ကျုပ်တို့ပါတီ လုပ်ငန်းတွေ အောင်မြင်မှု၊ ဖက်ဆစ်ဂျပန်တို့လက်မှ ဗမာပြည်လွတ်မြောက်မှုအတွက် နိုင်ငံခြားသို့ အသက်စွန့်များ စွန့်စားသွားရောက်ပြီး ကမ္ဘာ့ပြည်သူပြည်သား အပေါင်းတို့က ဗမာ့တော်လှန်ရေးကို ကူညီလာအောင် ဆောင်ရွက်တဲ့သူဟာ တက်ဘုန်းကြီး ကိုသိန်းဖေပဲ"

"ကျုပ်တို့ဟာ ဗမာပြည်တွင်း ဂျပန်ဖက်ဆစ်သံကွန်ချာအောက်မှာ နေကြရလို့ တိုးတက်နေသော ကမ္ဘာနဲ့ အဆက်ပြတ်ပြီး ကျုပ်တို့ရဲ့ အယူအဆ၊ အတွေးအခေါ်တွေ မကြာခဏ မှားယွင်းဖောက်ပြန်ခဲ့တယ်။ ကျုပ်တို့ဟာ တိုးတက်နေတဲ့ ကမ္ဘာ့ပြည်သူပြည်သားတွေရဲ့ ခြေလှမ်းကို မလိုက်နိုင်ဘူး။ သို့ပေမယ့် ကမ္ဘာ့တော်လှန်ရေးနဲ့ ရင်ပေါင်တန်းလိုက်နေတဲ့ ကိုသိန်းဖေဟာ နိုင်ငံခြားကနေပြီး ကျုပ်တို့ရဲ့အယူအဆ လွဲတာတွေကို အမြဲတစေ ပြုပြင်ပေးခဲ့တယ်"

"မဟာမိတ်နိုင်ငံများနဲ့ရော၊ မဟာမိတ်စစ်တပ်နဲ့ရော ဗမာပြည်သူပြည်သားတို့ တဦးနဲ့တဦး သဘောပေါက်နားလည်ကြတာလဲ ကိုသိန်းဖေရဲ့ လုံ့လကြောင့်ဖြစ်တယ်။ ကိုသိန်းဖေကျေးဇူးဟာ ဗမာပြည်အပေါ် များပါတယ်။သခင်စိုးလိုပဲ ကျုပ်တို့ရဲ့ ပါတီကရော ဗမာပြည်ကပါ ချီးမြှောက်ကြရမယ်" ဟု ပြောကြားခဲ့ပါသည်။

သခင်သန်းထွန်းက ဆက်၍ပြောသည်မှာ "ကျုပ်တို့အောင်နိုင်နေတဲ့ စစ်ပွဲဟာ မပြီးသေးဘူး။ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှာ ဖက်ဆစ်ဂျပန်တွေ ရှိနေသေးတယ်၊ ဒီဘက်ကမ်းကူးဖို့ အမျိုးမျိုးကြံဖန်ခြောက်နေတယ်၊ ရှမ်းပြည်မှာလဲ နယ်တွေအများကြီး ဂျပန်လက်အောက်က မလွတ်လပ်သေးဘူး။ အာရှတိုက်တောင်ပိုင်းတခုလုံးမှာလဲ ဂျပန်တို့ မဆုတ်ခွာသေးဘူး။ ဂျပန်ကျွန်းမကြီးကို မဟာမိတ်တို့ မှန်မှန်ညက်ညက်ကြေအောင် ထုံးကြပေမယ့် ဂျပန်တို့ဟာတရုတ်ပြည်တွင် (၅) သန်းလောက် အခိုင်အခံ့တပ်စွဲလျက် ရှိနေသေးတယ်။ ကျုပ်တို့ရဲ့ ထင်မြင်ချက်အရ တရုတ်ပြည်မှာ ဂျပန်ဖက်ဆစ်တို့ ဦးမကျိုးသရွေ့ ကမ္ဘာ့ဖက်ဆစ်စနစ်ဟာလဲ ကျဆုံးဦးမှာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်တို့ ဂျပန်လက်အောက်မှာ တော်လှန်ရေးလုပ်တုန်းကထက် အဆပေါင်းများစွာတိုးပြီး ဖက်ဆစ်တိုက်ဖျက်ရေးကို လုပ်ကြရမယ်။ ရှေ့အဖို့မှာ ကျနော်တို့လုပ်ငန်းဟာ ပို၍ကြီးကျယ်လာမယ်။ ပို၍ အားထုတ်ရမယ်" ဟု ပြောပါသည်။

တဖန် သခင်သန်းထွန်းက ဆက်၍ပြောကြားရာမှာ "၁၉၄၁ ခုနှစ်၊ ဇွန်လလောက်ကပင် ကျုပ်တို့ဟာ မဟာမိတ်နိုင်ငံများဘက်မှ တိုက်မယ်လို့ ဆိုင်ရာတွေကို အကြောင်းကြားခဲ့မှုတယ်။ ကျုပ်တို့ရဲ့ လက်ကမ်းချက်ကို အစိုးရက လက်မခံဘူး။ ဂျပန် ဗမာပြည်ဝင်လာတဲ့အခါ ကျုပ်တို့ကို လက်မှ ပစ်ထားခဲ့တယ်။ ကျုပ်တို့အဖို့ အခက်အခဲအမျိုးမျိုးနဲ့ တွေ့ခဲ့ရတယ်၊ ဖြစ်သလို လုပ်ခဲ့ရတယ်။ သို့ပေမယ့် ကျုပ်တို့ယုံကြည်ချက်ကို မစွန့်ဘဲ ဖက်ဆစ်စနစ် တိုက်ဖျက်ရေး လုပ်ခဲ့ကြရတယ်။ အခုလဲ တိုက်နေကြတယ်။ နောက်လဲ ဖက်ဆစ်တွေ မကျမခြင်း တိုက်ရမယ်"

"ဂျာမန်နာဇီစနစ်နဲ့ ဂျပန်ဖက်ဆစ်စနစ်တို့ကို တိုက်ကြတာဟာ သာမန်စစ်ပွဲကလေး မဟုတ်။ ကမ္ဘာမှာ အဆိုးဝါးဆုံးစနစ်နဲ့ ကမ္ဘာ့ပြည်သူ ပြည်သားတို့ တိုက်ကြတဲ့ "လွတ်လပ်ရေးစစ်" သာ ဖြစ်တယ်။ နှစ်တရာ တထောင် ကမ္ဘာတခုလုံး ကျွန်မဖြစ်အောင် တိုက်တဲ့စစ်ဖြစ်တယ်။"

"ဗမာပြည်သူပြည်သားတွေက ကိုယ့်လွတ်လပ်ရေးအတွက် တိုက်ကြတာမှာ မဟာမိတ်နိုင်ငံတွေက လာကူတာဖြစ်တယ်။ 'ပြည်သူ့စစ်'တနည်း 'လွတ်လပ်ရေးစစ်' ဖြစ်တယ်။

"ဂျာမန်တို့ရှုံးအောင် ဘယ်သူလုပ်သလဲ။ ဆိုဗီယက်တပ်နီတော်ကြီးက လုပ်တယ်။ ဒါကြောင့် ဆိုဗီယက်ယူနီယံတန်ခိုး ကြီးတယ်။ ဒုတိယတချက်က ဥရောပတိုင်းပြည်တွေမှာ ကိုယ့်ကြွှာကိုယ် ဖန်တီးလာနိုင်ကြပြီး၊ ဖက်ဆစ်ကို တိုက်ခဲ့တဲ့ တကယ့်မျိုးချစ်တွေ သွေးစည်းမိပြီး အစိုးရအဖွဲ့တွေ ဖွဲ့စည်းကုန်ကြပြီ။ ဒီ အစိုးရတွေထဲမှာ လူထုအကျိုးဆောင်ဖြစ်တဲ့ ကွန်မြူနစ်တွေဟာ အချက်အချာကိုင်တဲ့ ဝန်ကြီးတွေ ဖြစ်နေပြီ။ ဖက်ဆစ်ကို တိုက်နိုင်ရင် တိုက်နိုင်သလောက် ပြည်သူတွေ တန်ခိုးကြီးတာပဲ။ တရုတ်ပြည်မှာလဲ ကွန်မြူနစ်တွေက ဂျပန်ကို ထိထိရောက်ရောက်တိုက်တော့ ကွန်မြူနစ်တွေ လွှမ်းမိုးတဲ့နေရာမှာ ပြည်သူတွေ တန်ခိုးကြီးတာပဲ။ ဗမာပြည်မှာလဲ ပြည်သူတွေ တန်ခိုးကြီးချင်ရင် ဖက်ဆစ်တွေကို နာနာတိုက်ပေးရမယ်"

"ဒီစစ်ဟာ တော်လှန်ရေးစစ် ဖြစ်တယ်"

"ကျုပ်တို့ ကြေညာချက်စာတမ်း (၁) မှာ လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယလို့ ဆိုခဲ့ပါတယ်"

"တရုတ်ပြည်မှာ ဂျပန်အုပ်စိုးနေတာက တဝက်၊ ချန်ကေရှိတ်က လေးပုံတပုံ၊ ကွန်မြူနစ်က လေးပုံတပုံ ဖြစ်နေတယ်။ တရုတ်ပြည်မှာ လွတ်လပ်ရေးရရင် ဒီမိုကရေစီ ဖြစ်မယ်။ လွတ်လပ်ရေးစစ်နှင့် တော်လှန်ရေးစစ်ဟာ ဆက်စပ်နေတယ်"

"ဥရောပကိုကြည့်၊ ဘာဖြစ်နေသလဲ။ လွတ်လပ်ရေးစစ်ပွဲဆင်ရင်း ပြည်သူပြည်သားတွေ မလိုလားတဲ့ အစိုးရတွေ ပြုတ်ကုန်ပြီ"

"ဒါတွေကိုကြည့်ရင် ဒီစစ်ဟာ ပြည်သူ့စစ်၊ လွတ်လပ်ရေးစစ်၊ ပြည်သူတွေ နိုင်တယ်။ တိုက်နိုင်သလောက် ပြည်သူတွေ တန်ခိုးကြီးမယ်"

"အင်္ဂလိပ်ဟာ ဂျာမဏီက အလဲထိုးထားလို့ ကွဲနေပြီ။ အင်္ဂလိပ် ပြန်ထလာနိုင်တာဟာ ပြည်သူပြည်သားတွေက သူတို့မလိုလားတဲ့ ချိန်ဘာလိန် အစိုးရကို ဖြုတ်ချပြီး စစ်ခေါင်းဆောင်အဖြစ် မစ္စတာချာချီကိုတင်၊ ဆိုဗီယက်ရုရှားနဲ့ပေါင်း၊ စစ်အတွက် ပစ္စည်းတွေ သိပ်ထွက်အောင်လုပ်ပြီး ဂျာမန်ကို တိုက်ကြလို့ နာလန်ပြန်ထူလာတာပဲ"

"အင်္ဂလိပ်အရင်းရှင်စနစ်ဟာ နမူးပြဲဒူးကွဲ ဖြစ်ရုံမက ဘိုင်ပြတ်နေတဲ့ လက်ဗွေ့သမား ဖြစ်နေပြီ။ ဒီတော့ ကျုပ်တို့ အထူးစိုးရိမ်စရာမလို။ ကျုပ်တို့ကသာ ဒီစစ်ဟာ ပြည်သူ့စစ်၊ လွတ်လပ်ရေးစစ်ဆိုပြီး ဇွဲသာတိုက်၊ တိုက်သလောက် ပြည်သူတွေ နိုင်မှာပဲ"

"ငြိမ်းချမ်းရေးသာ ရမယ်ဆိုရင် လွတ်လပ်ရေးကိစ္စဟာလဲ အေးချမ်းသာယာတဲ့နည်းနဲ့ ပြီးစရာလမ်းတွေ ရှိတယ်"

"လက်နက်မပါရင် လွတ်လပ်ရေးရပါ့မလား မေးစရာရှိတယ်။ အခုတိုက်နေတာ လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်နေတာပဲ။ လက်နက်နဲ့ ဖက်ဆစ်ကို တိုက်နိုင်သလောက် ဗမာပြည်လွတ်လပ်ရေးအတွက် အင်္ဂလိပ်နဲ့ စကားပြောရာမှာ အေးချမ်းသာယာနိုင်သမျှ သာယာမယ်"

"ဒါကြောင့် ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ ဗမာပြည်လွတ်လပ်ရေးဟာ ရောနေတယ်။ ခွဲလို့ မရဘူး။ ပြည်သူတွေ လွတ်လပ်ရေးလိုချင်ရင် ဖက်ဆစ်ကို အစွမ်းကုန်တိုက်ဖို့ပဲ"

"ဖက်ဆစ်တိုက်ဖျက်နေတုန်း ကျုပ်တို့မှာ အရေးကြီးတဲ့လုပ်ငန်း ရှိတယ်။ တိုင်းပြည်ပြန်လည်ထူထောင်ရေးပဲ။ ကျုပ်တို့တိုင်းပြည်ဟာ ပြာကျနေပြီ။ ဒါကို ဘယ်သူပြန်လည်ထူထောင်မလဲ။ ပြည်သူတွေ ပြန်လည်ထူထောင်ရမယ်။ ဒီတော့ ကျုပ်တို့ဗမာပြည်မှာ ပြန်လည်ထူထောင်ရေးဟာ အဓိကလုပ်ငန်းပဲ"

"ဒါကို လုပ်ဖို့အတွက် ကျုပ်တို့ဟာ အမျိုးသားအစိုးရ လိုတယ်။ အမျိုးသားအစိုးရပေါ်ဖို့ စစ်အုပ်ချုပ်ရေး အမြန်ရပ်စဲဖို့ လိုတယ်"

"ကျုပ်တို့ရဲ့ နိုင်ငံရေးရည်ရွယ်ချက်ဟာ –

(၁) စစ်အုပ်ချုပ်ရေး အမြန်ရပ်ဆိုင်းဖို့

(၂) ယာယီအမျိုးသားအစိုးရ ဖွဲ့စည်းပြီး ရွေးကောက်ပွဲ အမြန်ဆုံးကျင်းပပြီး တိုင်းပြုပြည်ပြုလွှတ်တော်ကြီးခေါ်ဖို့

(၃) တိုင်းပြုပြည်ပြုလွှတ်တော်ကြီးက ဗမာနိုင်ငံအုပ်ချုပ်ရေး ရေးဆွဲဖို့ ဖြစ်တယ်"

"ကျုပ်တို့လုပ်ငန်းမှာ ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးဟာ အဓိကပဲ။ နောက်တတိယက ယာယီအစိုးရဖွဲ့စည်းရေး ဖြစ်ပါတယ်။ ဒါတွေ ဆောင်ရွက်ဖို့ ကွန်မြူနစ်ပါတီဟာ တခြားပါတီနဲ့ ပူးပေါင်းဖို့ အသင့်ပဲ" ဟု ပြောကြားခဲ့ပါသည်။

အထက်ပါတို့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဒုတိယအကြိမ်ကွန်ဂရက်တွင် သခင်သန်းထွန်းပြောကြားခဲ့သော သဘာပတိမိန့်ခွန်းမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။ ထိုအချိန် ပါတီတွင်း၌ လွတ်လပ်ရေးကို ငြိမ်းချမ်းစွာ ရယူနိုင်သည်ဆိုသော ဘရောက်ဒါဝါဒ စတင်ဝင်ရောက်လာပြီ ဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

နောက်ကွန်ဂရက်ကို ဆက်လက်ကျင်းပရာတွင် အဆို (၁၃) ချက်ကို တယောက်ပြီးတယောက် တင်သွင်းကြရာ အရေးကြီးသောအဆိုများမှာ –

(၁) နိုင်ငံပြန်လည်ထူထောင်ရေးအဆို။

(၂) နိုင်ငံအုပ်ချုပ်ရေးအဆို (က) စစ်အုပ်ချုပ်ရေး ရပ်ဆိုင်းပြီးနောက်၊ ယာယီအစိုးရအဖွဲ့တွင် တိုင်းပြည်ကိုယ်စားလှယ်များ ပါဝင်ရေး။ (ခ)ဘုရင်ခံ၏ တန်ခိုးအာဏာများသည် ပြည်သူ့ကိုယ်စားလှယ်များလက်ထဲ ရောက်လာအောင်ကြိုးစားရမည်၊ (ဂ) နိုင်ငံအုပ်ချုပ်ရေး ရေးဆွဲရန် လွှတ်တော်ကြီးအတွက် ရွေးကောက်ပွဲကို တနှစ်အတွင်း ခေါ်နိုင်ရန် ကြိုးစားရမည်။

(၃) လူမျိုးရေး၊ လူနည်းစုပြဿနာအဆို။ လွတ်လပ်သော ဗမာနိုင်ငံသည် ဗမာလူမျိုးတို့၏ တိုင်းပြည်မဟုတ်ဘဲ ဗမာ၊ ကရင်၊ ကချင်စသည်တို့ မိမိတို့သဘောအလျောက် ပေါင်းစည်းထားသော အိမ်ထောင်စုနိုင်ငံ ဖြစ်ရမည်။ ဗဟိုကိုယ်စားလှယ်အဖွဲ့ချုပ်တွင် လွှတ်တော် ၂ ရပ် ရှိရမည်။ လွှတ်တော် တရပ်မှာ လူမျိုးစုလွှတ်တော်ဖြစ်၍ လွှတ်တော်နောက်တရပ်မှာ ပြည်သူ့လွှတ်တော် ဖြစ်သည်။ လူမျိုးစုလွှတ်တော်ကို လူမျိုးချင်းတန်းတူထား၍ တမျိုးလျှင် (၁၀) ယောက်ကျ ကိုယ်စားလှယ်ရွေးကောက်ရမည်။ ဥပမာ – ဗမာ ၁၀ ဦး၊ ကရင် ၁၀ ဦး၊ ရှမ်း ၁၀ ဦး၊ ရခိုင် ၁၀ ဦး၊ ချင်း ၁၀ ဦး၊ ကချင် ၁၀ ဦးစီ ဖြစ်သည်။ အစိုးရအဖွဲ့တွင် ဌာနဆိုင်ရာ ဝန်ကြီးများသာမက လူမျိုးစုဆိုင်ရာ ဝန်ကြီးများပါ ခန့်ထားရမည်။

(၄) ဗမာ့တပ်မတော်အဆို။ အချုပ်အားဖြင့် ဗမာ့တပ်မတော်သည် တိုင်းသူပြည်သားများအား ညှင်းဆဲသည့် ဖျူရီကရေစီစစ်တပ်

မဟုတ်ဘဲ၊ တိုင်းသူပြည်သား တို့၏ အခွင့်အရေးကို ရှေ့ကနေ၍ အသေခံကာကွယ်ပေးသည့် ဒီမိုကရေစီတပ်၊ ပြည်သူ့တပ်မတော် အဆင့်အတန်းသို့ တက်လှမ်းရပေမည်။

မှတ်ချက်။ ကျနော်သည် အထက်ပါသဘာပတိမိန့်ခွန်းနှင့် အဆိုများကို ပြည်သူ့ဘက်တော်သားများ၏ သမိုင်းမှန်ကူကွက် (၂) စာအုပ်မှ ထုတ်နုတ်ကိုးကား ဖော်ပြပါသည်။

– ပါတီကွန်ဂရက်ပြီးဆုံးခါနီးတွင် ကျနော် မကျန်းမမာဖြစ်လာ၍ သဘာပတိကို ခွင့်တိုင်ပြီး ဆေးရုံသို့ ဆွေ့ဘက်ရပါသည်။

– တရက်နှစ်ရက် ကြာပြီးနောက် ပါတီကွန်ဂရက်မှ ရဲဘော်အချို့ ကွန်ဂရက်ပြီးဆုံး၍ ဆေးရုံရှိ ကျနော့်ကို လာရောက်ကြည့်ရှုကြပါသည်။

သူတို့က အားရဝမ်းသာစွာနှင့် ပါတီကွန်ဂရက် နောက်ဆုံးနေ့တွင် ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင်များကို ရွေးကောက်တင်မြှောက်ရာတွင် ကျနော့်ကိုလည်း ပါတီဗဟိုကော်မတီဝင် လူကြီးတဦးအဖြစ် ရွေးတင်ကြသည်ဟု ပြောပြကြပါသည်။

ကျနော်ကတော့ သူတို့လို ဝမ်းမသာနိုင်ဘဲ တာဝန်ကြီးလေးလာ၍ စိတ်လေးသွားပါသည်။

ကျနော့်အား ၁၉၄၄ ခုနှစ် နှစ်လယ်လောက်က ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်တော်လှန်ရေးကိစ္စ ဆွေးနွေးညှိနှိုင်းရန် ဖက်ဆစ်တော်လှန်ရေး အတွက် စည်းရုံးလုပ်ကိုင်နေသော ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးကို မြစ်ဝကျွန်းပေါ်မြေအောက်မှ ပဲခူးသို့ သွား၍ခေါ်ယူခဲ့ရန် ညွှန်ကြားသဖြင့် ထိုတာဝန် ဆောင်ရွက်ခဲ့ရပါသည်။ သခင်စိုးကို ခေါ်ယူခြင်း၊ ပြန်ပို့ခြင်းတာဝန်များ လုပ်နေစဉ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း၏ သဘောတူညီချက်ဖြင့် သခင်စိုး၏ ကွန်မြူနစ်ဝါဒသင်တန်းနှင့် ဆွေးနွေးပွဲများကို ကျနော်တလမျှတက်ပြီး လေ့လာခဲ့ရပါသည်။

ထိုသင်တန်းနှင့် ဆွေးနွေးပွဲများ ပြီးသည့်အခါ သခင်စိုးက ကျနော့်ကို ကွန်မြူနစ်ပါတီဝင်အဖြစ် သိမ်းသွင်းခဲ့ပါသည်။ ထိုမှစ၍ ကျနော် ကွန်မြူနစ်ပါတီဝင်တဦး ဖြစ်လာပါသည်။

ကျနော် ကွန်မြူနစ်ပါတီဝင်တဦး ဖြစ်လာသော်လည်း ကွန်မြူနစ်ပါတီ၏ သီးခြားတာဝန်များကို ကျနော်ထမ်းဆောင်ရခြင်း မရှိဘဲ တိုင်းပြည်တာဝန် တွေသာ လုပ်ဆောင်ခဲ့ရပါသည်။

သို့သော် ကျနော့်ကို ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင် လူကြီးအဖြစ် တင်ကြခြင်းမှာ ကွန်ဂရက်တက်ရောက်ကြသူ ရဲဘော်ရဲဘက်ကြီးများက ကျနော်တိုင်းပြည်အတွက် လုပ်ကိုင်ခဲ့တာတွေ အထူးသဖြင့် ၁၉၄၅ ခုနှစ် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ကျနော်၏ ဆောင်ရွက်ချက်တို့ကို သိမြင် ကြိုက်နှစ်သက်ကြ၍ ရွေးတင်ကြသည် ထင်ပါသည်။

ကျနော်မှာ ကွန်မြူနစ်ပါတီတွင် လေးလေးနက်နက် ဖြတ်သန်းမှုမရှိဘဲ ဗဟိုကော်မတီလူကြီး ဖြစ်လာရသဖြင့် ရှေ့တွင် မိမိသည် လူကြီးတဦး ဖြစ်လာပြီး တာဝန်တွေ ကျေပြွန်စွာ ထမ်းဆောင်နိုင်ပါ့မလားဟု စိတ်ပူစိုးရိမ်မိပါသည်။ သို့သော် တတ်နိုင်သမျှ ကြိုးစားသွားမည်ဟုလည်း စဉ်းစားမိပါသည်။

## နေသူရိန်လူထုအစည်းအဝေးကြီး

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးသမိုင်း၏ မှတ်တိုင်တတိုင်ဖြစ်သော နေသူရိန် လူထုအစည်းအဝေးကြီးကို ရန်ကုန်မြို့တွင် ဖတပလ အဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့ပါသည်။ ဗဟန်းရှိ နေသူရိန်ရုပ်ရှင်ရုံတွင် ကျင်းပပြီး ရပ်ကွက်အလိုက် ပြည်သူလူထုများနှင့် တပ်မတော်သား အများအပြား အလံကိုင်ဆောင်ပြီး ကြွေးကြော်သံများတိုင်ကာ တခဲနက်ညီညွတ်တက်ကြွစွာ ကျင်းပခဲ့ကြပါသည်။ ကြွေးကြော်သံများမှာ လွတ်လပ်ရေးစိတ်ဓာတ်အပြည့် အားမာန်အပြည့်ပင် ဖြစ်သည်။ ရုပ်ရှင်ရုံထဲတွင် လူပရိသတ်မှာ မဆန့်တော့ဘဲ ဘေးတဝိုက်ရှိ ကွက်လပ်မှန်သမျှတွင် ပြည့်နေပါတော့သည်။ အနီခံပေါ်တွင် ကြယ်ဖြူရှိသော တော်လှန်ရေးအလံနီများလည်း တလူလူလွင့်နေပါသည်။ အသံချဲ့စက်များလည်း တပ်ဆင်ထားပါသည်။

ဖတပလ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဦးစီးအဖွဲ့ဝင် မျိုးချစ်ဗမာ့တပ်မတော်မှ တပ်မှူးများအားလုံး စုံစုံညီညီ တက်ရောက် ကြပါသည်။ အစည်းအဝေးသဘာပတိမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပြီး အတွင်းရေးမှူးမှာ သခင်သန်းထွန်းဖြစ်ကာ အခမ်းအနားမှူးမှာ သခင်ချစ် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိမိန့်ခွန်း ပြောကြားပါသည်။ ဗိုလ်ချုပ်က ဖတပလ ဖွဲ့စည်းရသည့် အကြောင်းအရာများ၊ တပ်မတော်နှင့် ပြောက်ကျား တပ်များ၏ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများ၊ ရှေ့လျှောက်လုပ်ရမည့် လွတ်လပ်ရေးလုပ်ငန်းစဉ်များ စသည်များကို ပရိသတ်လက်ခုပ်သံများ ကြားမှ ပြောကြားသွားပါသည်။ ထို့နောက် အဆိုအများအပြား တင်သွင်းပြီး ထောက်ခံဆွေးနွေးသူများကလည်း ထောက်ခံပြောဆိုသွားကြပါသည်။

ထိုအစည်းအဝေးကြီးတွင် ကျနော်က မျိုးချစ်ဗမာ့တပ်မတော်ကိုယ်စား တိုင်း (၄) တိုင်းမှူး ဗိုလ်မှူးကျော်ဇောအနေဖြင့် အဆိုအမှတ် (၃) ဖြစ်သော တနိုင်ငံလုံး ညီညွတ်ရေးအဆိုကို တင်သွင်းခဲ့ပါသည်။

၎င်းညီညွတ်ရေးအဆိုတွင် ကျနော်တင်ပြခဲ့သော အကြောင်းအရာတချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်၊

"ကျနော်တို့အားလုံးရဲ့ ရှေ့ရည်ရွယ်ချက်ဟာ ဘာလဲ။ လွတ်လပ်ရေးပဲ။ အဲဒီလွတ်လပ်ရေးစခန်းကို မရောက်ခင် ဒီစစ်အခြေအနေအရ ပထမက တကယ်အာဏာရှိ အမျိုးသားယာယီအစိုးရ၊ ဒုတိယက အရွယ်ရောက်သူတိုင်းက တင်မြှောက်တဲ့ တိုင်းပြည်ပြုလွှတ်တော်ကြီး တည်ဆောက်ဖို့ပဲ။ နောက် အဲဒီလွှတ်တော်ကြီးကနေပြီး ဗမာပြည်အနာဂတ် အုပ်ချုပ်ရေးကို ဖွဲ့ဖို့ပဲ။ ဒီအချက်တွေ ဖြစ်မြောက်ဖို့ဆိုလျှင် အရေးအကြီးဆုံးအချက်က နိုင်ငံညီညွတ်ရေးပဲ။ ကျနော်တို့နိုင်ငံ မညီညွတ်ရင် လွတ်လပ်ရေးဟာ ဝေးသထက်ဝေးမှာပဲ။ ကျနော်တို့ဝမ်းထဲမှာ ဒီအချက်ဟာ မီးတောက်နေပါတယ်။ ဒါကြောင့် ကျနော်ဝမ်းထဲရှိသမျှ ထုတ်ဖော်ပြောပါရစေ"

"ကျနော်တို့ ဒီလိုဒုက္ခတွေ ခံရတာ၊ အသေအကျေခံရတာတွေကို ထောက်ထားပြီး ညီညွတ်ကြစေချင်လို့ ယခု ကျနော်တို့ရဲ့ တိုက်ပွဲမှာ တစိတ်တပိုင်းဖြစ်တဲ့ ကျနော်တွေ့ကြုံသမျှ လွတ်လပ်ရေးတိုက်ပွဲတွင်း ကျနော်နဲ့အတူ တိုက်ခဲ့တဲ့ရဲဘော်တွေရဲ့ကိုယ်စား အစီရင်ခံပါရစေ" ဟု ကျနော်က ပြောကြားပြီး ကျနော်နှင့် သခင်ချစ်တို့ ခေါင်းဆောင်တဲ့ စစ်တိုင်း (၄) အတွင်း ၁၉၄၅ ခုနှစ်က ကျနော်တို့တိုက်ခဲ့ရတဲ့ ဖက်ဆစ်ဂျပန်ဆန့်ကျင်တော်လှန်ရေး

တိုက်ပွဲအချို့အကြောင်းကို ဦးစွာတင်ပြပြောဆိုခဲ့ပါသည်။

ထိုအကြောင်းအရာများကို ကျနော်သည် ကျနော့်အတ္ထုပ္ပတ္တိဒုတိယပိုင်း ဖက်ဆစ်တော်လှန်ရေးကာလ အကြောင်းအရာများ ရေးသားစဉ်က ထည့်သွင်းဖော်ပြပြီး ဖြစ်သဖြင့် ထပ်မံမရေးသားတော့ပါ။ ယခု ထိုစဉ်က ကျနော်တင်သွင်းသော ညီညွတ်ရေးအဆို၏ အရင်းခံစာသားပိုဒ်သာ တင်ပြပါတော့မည်။ ထိုအဆိုမှာ –

"ထို့ကြောင့် ဤအစည်းအဝေးကြီးက ဗမာနိုင်ငံတွင် ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းတို့က စိတ်ဝမ်းကွဲပြားခြင်း အလျဉ်းမရှိဘဲ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးအတွင်းသို့ ထိရောက်စွာဝင်ရောက်လုပ်ကိုင်ကာ ဗမာနိုင်ငံ လွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအရပ်ရပ်တို့ကို တညီတညွတ်တည်း နှောင့်နှေးဆိုင်းငံ့ခြင်း အလျဉ်းမရှိဘဲ ဆောင်ရွက်ကြရန် ဤအစည်းအဝေးကြီးမှ လေးနက်စွာ တိုက်တွန်းပါကြောင်း"

ထိုအဆိုစာပိုဒ်ကို ကျနော်က ဖတ်ကြားတင်သွင်းပါသည်။ ထိုအဆိုကို ဗိုလ်မှူးရဲထွန်းနှင့် ဖျော်ဘွယ်ဦးမြတို့က ပြောဆိုထောက်ခံသွားလေသည်။ ကရင်အမျိုးသား ခေါင်းဆောင်တဦးဖြစ်သော ဆရာသာထိုနှင့် ဦးဘိုးမြတို့ကလည်း ဗမာနိုင်ငံလွတ်လပ်ရေးအတွက် တမျိုးသားလုံးညီညွတ်ကြဖို့လိုကြောင်း ညီညွတ်ကြမှသာ ဗမာပြည်ကျွန်ဘဝမှ လွတ်မြောက်မည် ဖြစ်ကြောင်းတို့ကို ပြောကြား၍ "တနိုင်ငံလုံး ညီညွတ်ရေးအဆို" ကို ထောက်ခံဟောပြောသွားသည်။ ရုံတွင်းရုံပြင်ရှိ လူထုပရိသတ်ကြီးကလည်း ဩဘာလက်ခုပ်များတီးပြီး ကြွေးကြော်သံများ ဟစ်ကြွေးလျက် တခဲနက်ထောက်ခံကြလေသည်။ တညီတညွတ်တည်း အတည်ပြုလိုက်ကြပါသည်။

ထို့နောက် တပေလ လုပ်ငန်းစဉ်များ ဦးစီးအဖွဲ့ဝင် အမည်စာရင်းများ စသည်တွေ ဖတ်ကြားပြီး နောက်ဆုံးတွင် သဘာပတိ ဗိုလ်ချုပ်အောင်ဆန်းက အစည်းအဝေးနိဂုံးချုပ် ပြောကြားပါသည်။ ထိုအစည်းအဝေးကြီးကို နောက်ဆုံးတွင် လူထုပရိသတ်ကြီးက ကြွေးကြော်သံများ ဟစ်ကြွေးပြီး စိတ်အား တက်ကြွစွာဖြင့် အောင်မြင်စွာ ကျင်းပပြီးဆုံးခဲ့ပါသည်။

ယခု ကျနော်တို့နှင့်အတူ ကွန်မင်းမြို့မှာ နေထိုင်လျက်ရှိသော ဗမာပြည်ကွန်မြူနစ်ပါတီမှ ဒုဥက္ကဋ္ဌဟောင်းတဦးဖြစ်သူ ဦးခင်မောင်ကြီးက သူကြုံတွေ့ခဲ့ရသော ထိုနေ့သူရိန် အစည်းအဝေးကြီးနှင့် ပတ်သက်ပြီး ကျနော့်ကို ပြန်လည်ပြောပြဖူးသည်မှာ သူ ထိုအစည်းအဝေးကြီးကို ဗမာပြည် အာရှလူငယ်အဖွဲ့နှင့်အတူ တက်ရောက်ခဲ့ဖူးကြောင်း၊ ကျနော့်မိန့်ခွန်းကိုလည်း ကြားဖူးကြောင်း၊ အလွန်စိတ်အားတက်ကြွဖွယ်ဖြစ်ကြောင်း၊ အစည်းအဝေးကြီးကလည်း အလွန်ကြီးကျယ် စည်ကားကြောင်း ပြောပြဖူးပါသည်။

ဤတက်ကြွဖွယ် အစည်းအဝေးကြီးက ဗမာပြည်၏လွတ်လပ်ရေး ရှေ့ရေးအလားအလာကို ထွန်းပြောင်စေလိုက်ပါသည်။ တနိုင်ငံလုံးရှိ ပြည်သူအပေါင်းကိုလည်း လွတ်လပ်ရေးတိုက်ပွဲတွင်း နီးကြားစွာ ပါဝင်လာကြရန် လှုံ့ဆော်လိုက်ပါတော့သည်။ ကျနော်တို့တွင် နိုင်ငံရေးအရလည်း ဗိုလ်ချုပ်အောင်ဆန်းဦးစီးပြီး ကျန်နိုင်ငံရေးအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ညီညွတ်စွာဖွဲ့စည်းထားသည့် ဖတပလ အဖွဲ့ချုပ်ကြီး ရှိနေပြီ ဖြစ်သည်။ စစ်ရေး အရလည်း လွတ်လပ်ရေးကို မရအရ တိုက်ပေးမည့် လက်နက်ကိုင်တပ်မတော်လည်း ရှိနေပြီဖြစ်သည်။

လွတ်လပ်ရေးအတွက် အဆင်သင့်ဖြစ်ကြပေပြီ။

## ကန္ဒီအစည်းအဝေးနှင့် စာချုပ်

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့တွင် အရှေ့တောင်အာရှဒေသဆိုင်ရာ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ် မောင့်ဘက်တန်နှင့် မျိုးချစ်ဗမာ့တပ်မတော် ကိစ္စကို တွေ့ဆုံဆွေးနွေးရန် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရေးကို သဘောတူကြောင်းဆုံးဖြတ်ပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ရွေးခြယ်ခဲ့ပါသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း – စစ်သေနာပတိချုပ်၊ မျိုးချစ်ဗမာ့တပ်မတော်။

၂။ ဗိုလ်လက်ျာ – ဒုတိယစစ်သေနာပတိချုပ်၊ မျိုးချစ်ဗမာ့တပ်မတော်။

၃။ ဗိုလ်နေဝင်း – ရှေ့တန်းစစ်ဌာနချုပ်မှူး၊ မျိုးချစ်ဗမာ့တပ်မတော်။

၄။ ဗိုလ်ဇေယျ – စစ်ဦးစီးချုပ်၊ မျိုးချစ်ဗမာ့တပ်မတော်။

၅။ ဗိုလ်ဇော်မင်း – (ဦးမောင်မောင်ကျော်ဝင်း) စစ်ရေးဌာန၊ မျိုးချစ်ဗမာ့တပ်မတော်။

၆။ ဗိုလ်ကျော်ဇော – တိုင်းမှူး၊ မျိုးချစ်ဗမာ့တပ်မတော်။

၇။ ဗိုလ်မောင်မောင် – တိုင်းမှူး၊ မျိုးချစ်ဗမာ့တပ်မတော်။

၈။ ဦးဘပေ – ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်။

၉။ ဓောဘဦးကြီး – ဗဟိုကောင်စီဝင်၊ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်။

၁၀။ ကိုညိုထွန်း – ရခိုင်ပြည်နယ်၊ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်။

၁၁။ သခင်သန်းထွန်း – အထွေထွေအတွင်းရေးမှူး၊ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်။

ကန္ဒီအစည်းအဝေး ခေါ်ယူရခြင်းမှာ မျိုးချစ်ဗမာ့တပ်မတော်မှ တောင်းဆိုသကဲ့သို့ ဗြိတိသျှအာဏာပိုင်များအနေဖြင့်လည်း မျိုးချစ်ဗမာ့တပ်မတော် အရေးကို အပြီးသတ်ဖြေရှင်းနိုင်ရန် မခေါ်လျှင်မဖြစ်သော အခြေအနေကြောင့် ခေါ်ယူကျင်းပရခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကျနော်တို့ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ၁၉၄၅ ခုနှစ် စက်တင်ဘာ (၄) ရက်နေ့တွင် လေယာဉ်ဖြင့် ထွက်ခွာလာခဲ့ရာ ကာလကတ္တားမြို့တွင် ညအိပ်ရပ်နားပြီးနောက် ကန္ဒီမြို့သို့ စက်တင်ဘာ (၅) ရက်နေ့တွင် ရောက်ရှိခဲ့သည်။

၁၉၄၅ ခုနှစ် စက်တင်ဘာ (၆) ရက်နေ့တွင် အရှေ့တောင်အာရှဒေသဆိုင်ရာ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ်

လော့ဒ်လူဝီမောင့်ဘက်တန်၏ ရုံးခန်းမဆောင်၌ ကန္ဒီအစည်းအဝေးကို စတင်ကျင်းပကြပါသည်။

ထိုအစည်းအဝေးသို့ ကျနော်ပါသွားစဉ် မှတ်မိသော အကြောင်းအရာတခုမှာ ကျနော့်အိတ်ထဲတွင် ကိုယ်ပိုင်ငွေ ၂ ကျပ်သာ ပါသွားတာကို မှတ်မိပါသည်။ နောက် ကျနော်ငွေသုံးရန် နည်းနည်းလိုသောအခါ ဦးဘဖေကြီးဆီမှ တောင်းယူသုံးစွဲခဲ့ရပါသည်။ ကန္ဒီမှ ပြန်လာသောအခါ တချို့ ကိုယ်စားလှယ်တွေ အိန္ဒိယမှ နိုင်ငံခြားပစ္စည်းတွေ ဝယ်လာနိုင်ကြသော်လည်း ကျနော်က ဘာလက်ဆောင်ပစ္စည်းမှ ဝယ်မလာနိုင်ချေ။

အစည်းအဝေးတွင် မြန်မာဘက်မှ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် (၁၁) ဦးနှင့် ဗြိတိသျှတို့ဘက်မှ လော့ဒ်မောင်ဘက်တန်၊ ဒုတိယဗိုလ်ချုပ်ကြီးဆလင်းတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၂၅ ဦး တက်ရောက်ကြသည်။ ထိုအထဲတွင် မြန်မာပြည် အစိုးရအဖွဲ့ဝင် အိုင်စီအက်စ် ဦးတင်ထွဋ် ပါဝင်ပါသည်။

အစည်းအဝေးတွင် လော့ဒ်မောင့်ဘက်တန်ကစ၍ ဗြိတိသျှတို့၏ မြန်မာနိုင်ငံ ပြန်လည်သိမ်းပိုက်ရေးအတွက် ဆင်နွှဲခဲ့သည့် တိုက်ပွဲစဉ် တလျှောက် လုံးတွင် ဖတပလ ခေါင်းဆောင်များနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပုံ၊ ဗမာ့တပ်မတော်မှ ပူးပေါင်းပါဝင်ကူညီမှုနှင့် ကြိုးပမ်းဆောင်ရွက်ချက်များကို မည်သို့မည်ပုံ ဝါဒဖြန့်ချိပေးခဲ့ပုံတို့ကို ပြောကြားပြီး အမှတ် (၁၄) တပ်မတော် စစ်သေနာပတိချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆလင်းအား မြန်မာနိုင်ငံ တိုက်ပွဲစဉ်တွင် ဗမာ့တပ်မတော်အင်အားစုများထံမှ ရရှိခဲ့သောအကူအညီနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားစေသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း မိမိတို့ဘက်က ဗြိတိသျှတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်၊ ရသင့်ရထိုက်သည့်အခွင့်အရေးများ၊ တွေ့ရှိရသည့် အခက်အခဲများကို တင်ပြဆွေးနွေးပါသည်။

စက်တင်ဘာ (၇) ရက်နေ့တွင် နှစ်ဘက်ကိုယ်စားလှယ်များ အပြီးသတ်တွေ့ဆုံဆွေးနွေးပြီး မျိုးချစ်ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းရေးနှင့် ပတ်သက်သည့် ကန္ဒီစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ထိုစာချုပ်ကို မြန်မာတို့ဘက်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့က လက်မှတ်ရေးထိုးပြီး ဗြိတိသျှတို့ဘက်မှ မောင်ဘက်တန်က ရေးထိုးသည်။

ထိုစာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်မှ တပ်သားဦးရေ ၅၂၀၀ နှင့်အရာရှိ ၂၀၀ ကို အမြဲတမ်းမြန်မာနိုင်ငံတပ်မတော် **Burma Regular Army** ထဲသို့ ပူးပေါင်းထည့်သွင်းရန် ဖြစ်ပါသည်။ ကန္ဒီစာချုပ်ကို ထိုအချိန် ဘရောက်ဒါဝါဒ ဝင်နေစဉ်ကာလမှာ ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ လွတ်လပ်ရေးကို ငြိမ်းချမ်းသည့်နည်းနဲ့ တောင်းဆိုနိုင်သည်ဆိုသော အယူအဆအောက်မှာ လက်နက်ကိုင်နှစ်သောင်းကျော်ရှိသည့် မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပေး လိုက်ရပါသည်။ သို့သော် တဖက်တွင်လည်း ထိုအထဲမှ လူပေါင်းငါးထောင်ကျော်ကို အမြဲတမ်းတပ်အတွင်းသို့ သွတ်သွင်းလိုက်နိုင်ပါသည်။ ဤသည်ကတော့ အရှုံးထဲကအမြတ် ဖြစ်ပါသည်။

ဤသို့ဖြင့် ကန္ဒီစာချုပ်သဘောတူညီချက်အရ မျိုးချစ်ဗမာ့တပ်မတော်ကို အမြဲတမ်းမြန်မာနိုင်ငံတပ်မတော်ထဲသို့ ပူးပေါင်းသိမ်းသွင်းဖွဲ့စည်းခဲ့ပြီး အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်းကို သံလျင်မြို့၌လည်းကောင်း၊ အမှတ် (၄) ဗမာ့သေနတ်ကိုင်တပ်ရင်းကို ပြည်မြို့၌လည်းကောင်း၊ အမှတ် (၅) ဗမာ့သေနတ်ကိုင်တပ်ရင်းကို ပျဉ်းမနားမြို့၌လည်းကောင်း ဖွင့်လှစ်ခဲ့သည်။

အမှတ် (၃) တပ်ရင်းတွင် ကျနော်၊ အမှတ် (၄) တပ်ရင်းတွင် ဗိုလ်နေဝင်း၊ အမှတ် (၅) တပ်ရင်းတွင် ဗိုလ်ဇေယျတို့က ဗိုလ်မှူး (မေဂျာ) ရာထူးဖြင့် ဒုတိယတပ်ရင်းမှူးများ ဖြစ်ကြပါသည်။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးများမှာ မျက်နှာဖြူအင်္ဂလိပ်လူမျိုးများ ဖြစ်သည်။

မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိ၊ အကြပ်တပ်သားတို့ကိုလည်း ကန္ဒီစာချုပ်တွင် သတ်မှတ်ထားသည့် အရေအတွက်အတိုင်း စစ်ဌာနချုပ်များ၊ လေ့ကျင့်ရေးတပ်များ၊ မိတ္ထီလာရှိ အမြောက်တပ်နှင့် အထက်ပါသေနတ်ကိုင်တပ်ရင်း (၃) ရင်းတို့သို့ ဖြန့်ဝေခဲ့ပါသည်။

သံလျင်စခန်း အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် အိုင်းရစ်လူမျိုး ဒုဗိုလ်မှူးကြီးသန်းဒါးက တပ်ရင်းမှူးဖြစ်ပြီး ကျနော်က ဒုတပ်ရင်းမှူး ဖြစ်ပါသည်။

ကျနော် သံလျင်ခြေလျင်တပ်ရင်း (၃) ဒုရင်းမှူးဖြစ်စဉ်ကာလတွင် ဂျပန်ခေတ် အထူးသဖြင့် ဂျပန်တော်လှန်ရေးကာလ ဆင်းရဲဒုက္ခအဏ်တို့ကြောင့် ကျနော်အနည်းငယ် မကျန်းမမာ ဖြစ်နေပါသည်။

တပ်ရင်း (၃) ၏ တပ်ခွဲမှူးများမှာ ဗြိတိသျှစစ်တပ်နှင့်ပါလာသော မျက်နှာဖြူများ၊ ကပြားများ ဖြစ်ကြ၍ ကျနော်တို့ မြန်မာအရာရှိများမှာ ဒုတပ်ခွဲမှူးနှင့် တပ်စုမှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ထိုဗြိတိသျှတို့နှင့် ပါလာသည့်တပ်ခွဲမှူးတို့က ဒုရင်းမှူးနေရာတွင် ကျနော့်ကို ဖယ်ရှားပြီး သူတို့လိုချင်လာပါသည်။ ထို့ကြောင့် ကာနယ်သန်းဒါးနဲ့ ကျနော့်အကြား တိုက်ခိုက်ကြသဖြင့် ကာနယ်သန်းဒါးက ကျနော့်ကို မလေးမစားဆက်ဆံလာကာ မသင့်မတင့်ဖြစ်လာပါသည်။ ကျနော်လည်း စိတ်ညစ်လာ သဖြင့်၊ နောက် အင်္ဂလိပ်များကိုလည်း မုန်းတီးနေသဖြင့် ၎င်းတို့အောက် မနေတော့ဘဲ တပ်မှထွက်ရန်အထိ စိတ်ကူးပြီး ဗိုလ်ချုပ်အောင်ဆန်းထံ သွား၍ တပ်ကထွက်လိုကြောင်းနှင့် ကာနယ်သန်းဒါးနှင့် မသင့်မမြတ်ဖြစ်ပုံတို့ကို ပြောပြပါသည်။

ဗိုလ်ချုပ်က ခင်ဗျားဟာ တပ်နှင့်သင့်တော်သူ ဖြစ်တယ်။ တပ်မှာ ဆက်နေပါ။ မသင့်တာတွေကတော့ ခင်ဗျားဟာ ရဲဘော်သုံးကျိပ်ဝင်လဲဖြစ်၊ ကန္ဒီစာချုပ်ကိစ္စမှာလဲ ပါဝင်ခဲ့သူဖြစ်လို့ ဒါတွေ သူတို့သိလို့ ဖိနှိပ်တာပဲ။ ခဏတော့သည်းခံပါ။ ရေရှည် သူတို့အာဏာရနေမှာ မဟုတ်ပါဘူးဟု ဖျောင်းဖျပြောဆို သဖြင့် ကျနော်တပ်က မထွက်ဖြစ်ဘဲ တပ်ထဲတွင်ပင် ဆက်နေရန် ဆုံးဖြတ်လိုက်ပါသည်။ သန်းဒါးလို အမှုထမ်းတယောက်က ဗိုလ်ကျတာကို ခေတ္တတော့ သည်းခံရမည်ဟု နားလည်လာပါတော့သည်။

တပ်ရင်း (၃) ၏ ဒုတပ်ခွဲမှူးများမှာ ဗိုလ်ကြီးစိန်မှန် (နောင် ဗိုလ်မှူးကြီးစိန်မှန်) ၊ ဗိုလ်ကြီးသောင်းကြည် (နောင် ဗိုလ်မှူးကြီးသောင်းကြည်)၊ ဗိုလ်ကြီးကျော်ထွန်း (နောင် ဗိုလ်မှူးကျော်ထွန်း)၊ ဗိုလ်ကြီးချစ်မြိုင် (နောင် ဗိုလ်မှူးကြီးချစ်မြိုင်)၊ ဗိုလ်ကြီးစိန်ဝင်း (နောင် ဗိုလ်မှူးချုပ်စိန်ဝင်း)၊ ဗိုလ်ကြီးတင်မောင် (နောင် ဗိုလ်မှူးကြီးတင်မောင်) တို့ ဖြစ်ကြပါသည်။

ထိုစဉ်ကဒုတပ်ခွဲမှူးများ အားလုံးမှာ ဗိုလ်ကြီးရာထူးများနှင့် ဖြစ်ပါသည်။

ကျနော်တို့မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိများသည် မိမိတို့တပ်ရင်းအလိုက် ဂေါ်ရခါးတပ်ကြပ်ကြီးများထံမှ ဗြိတိသျှလက်အောက်ခံတပ်များ၏

စစ်လေ့ကျင့်ရေး အခြေခံစစ်သင်တန်းများကို လေ့ကျင့်သင်ယူရပါသည်။

## အထူးဗိုလ်သင်တန်း

မကြာမီ အယ်လှည့် ညာလှည့် သေနတ်အခြေခံစစ်ရေးပြတို့ကို ကျွမ်းကျင်လာသောအခါ၌ ကျနော်တို့သည် မေမြို့တွင် အထူးဖွင့်လှစ်သော ဗိုလ်သင်တန်းတခုကို တက်ကြရသည်။

ကျနော်တို့အမှတ် ၃ ၊ ၄ ၊ ၅ ဗမာ့သေနတ်ကိုင်တပ်ရင်းတို့မှ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျနှင့် ကျနော်ဗိုလ်ကျော်ဇောတို့ အသီးသီးခေါင်းဆောင်သော အရာရှိအယ်ဦးစီးနှင့် ဗိုလ်အောင်ရွှေခေါင်းဆောင်သော မိတ္ထီလာ၊ မေမြို့မှ မြန်မာအရာရှိ အချို့တို့ဖြစ်သည်။ ထိုသင်တန်းသို့ ဗိုလ်မှူးကြီးလက်ျာလည်း တက်ရောက်သည်။

မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီးနောက် အင်္ဂလိပ်အုပ်ချုပ်သော အမြဲတမ်းစစ်တပ်သို့ ဝင်ရောက်ခဲ့ကြပြီးမှ ပထမဆုံးအကြိမ်အဖြစ် ကျနော်တို့ တစုတဝေးပြန်လည်တွေ့ဆုံကြခြင်း ဖြစ်သည်။

ကျနော်တို့၏ သင်တန်းမှူးမှာ မေဂျာဟတ်ဗိုဒ် ဆိုသူဖြစ်သည်။ ၎င်းမှာ အင်္ဂလိပ်စစ်ပညာအခြေခံများလည်း အတော်ကျွမ်းကျင်ရသည်။ လေ့ကျင့်ရေးများတွင် အပြေးဝါသနာပါပြီး မကြာခဏပြေးခိုင်းတတ်သည်။

သင်တန်းမှာ ခြေလျင်တပ်ရင်းတခုအတွင်းရှိ စစ်အရာရှိတဦး အထူးသဖြင့် တပ်ခွဲမှူး၊ တပ်စုမှူးအဖြစ် လုပ်ဆောင်ရမည့် စစ်ပညာသင်ကြားရေးများကို အဓိကထား သင်ကြားရသည်။

သင်တန်းမှာ တနှစ်ခန့်သင်ကြားရမည့်သင်တန်း ဖြစ်သော်လည်း သုံးလနှင့် တက်သုတ်ရိုက်ပြီး သင်ကြားရသည်။ ကျနော်တို့ ဗိုလ်သင်တန်း ပြီးဆုံးသောအခါ ကျနော်တို့မိမိတပ်ရင်းရှိရာ သံလျင်မြို့ရှိ ခြေလျင်တပ်ရင်း (၃) သို့ ပြန်လာကြပါသည်။

ဗြိတိသျှတို့ ဦးစီးသောစစ်တပ်တွင် စစ်ဗိုလ်ရာထူး ၂ မျိုး ၂ စားရှိသည်။ တမျိုးမှာ ဘုရင့်ကော်မရှင် ထိုကော်မရှင်ရာထူးကို မှူက်နှာဖြူများကိုသာ ပေးလေ့ပေးထရှိသည်။ ဒုတိယအမျိုးအစားမှာ ဘုရင်ခံချုပ်နှင့် ဘုရင်ခံကော်မရှင်တို့ ဖြစ်သည်။ ထိုကော်မရှင်ရာထူးသည် တိုင်းရင်းသား မျက်နှာဝါ၊ မျက်နှာညို၊ မျက်နှာမဲတို့အတွက် ဖြစ်သည်။ သီးခြားတီထွင်ထားခြင်း ဖြစ်သည်။

ထို ၂ မျိုးမှာ ကွာခြားလှသည်။ လစာအဖြင်း များစွာကွာခြားသည်။ နေထိုင်မှုအဆင့်အတန်း ကွာခြားသည်။ သီးခြားရိပ်သာတွင် ခွဲခြားနေထိုင်ကြရသည်။ တို့အပြင် အခေါ်အဝေါ်အားဖြင့်လည်း ခြားနားသည်။

ဘုရင့်ကော်မရှင်စစ်ဗိုလ်ကို စတ္တင်းလက်ဖတင်နင်၊ လက်ဖတင်နင်၊ ကပ္ပတိန် စသဖြင့်ခေါ်သည်။ ဘုရင်ခံချုပ်နှင့် ဘုရင်ခံကော်မရှင်စစ်ဗိုလ်ကို ဂျမာဒါ၊ ဆူဗဒါ စသဖြင့်ခေါ်သည်။ သို့ရာတွင် တာဝန်ထမ်းဆောင်ရာမှာတော့ အတူတူပင် ဖြစ်သည်။

ကျနော်တို့ မျိုးချစ်ဗမာ့တပ်မတော်မှ လာသောစစ်ဗိုလ်များမှာ ဘုရင့်ကော်မရှင်စစ်ဗိုလ်တွေ ဖြစ်သည်။

နောင်မြန်မာအစိုးရ အာဏာတဖြည်းဖြည်းရလာသောအခါ ထိုသို့အရာရှိနှစ်မျိုးကွဲနေမှုကို ဗိုလ်ချုပ်အောင်ဆန်းတို့က ဖျက်သိမ်းလိုက်ပြီး အားလုံး စတ္တင်းလက်ဖတင်နင်၊ လက်ဖတင်နင်၊ ကပ္ပတိန်တို့ ဖြစ်စေသည်။ ဂျမာဒါ၊ ဆူဗဒါ စစ်ဗိုလ်တွေကို လက်ဖတင်နင်၊ ကပ္ပတိန်ရာထူးများသို့ ပြောင်းပေးပြီး လစာတွေလဲ တန်းတူရစေသည်။

## ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်

ထိုစဉ်အတွင်း ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံလိုက်ရပြီဆိုသော သတင်းဆိုးကြီး ကျနော်တို့ကြားရပါတော့သည်။ ကျနော်တို့ကြီးစွာ တုန်လှုပ်သွားကြပါသည်။

ခြေလျင်တပ်ရင်း (၃) တပ်ရင်းမှူးဒုဗိုလ်မှူးကြီး ဖရစ်ဖယ်သည် ချက်ချင်းလိုပင်တပ်ရင်း၏ အရာရှိအားလုံးတို့ကို သူ့ရုံးခန်းသို့ခေါ်ယူပြီးဗိုလ်ချုပ်တို့လုပ်ကြံခံရပုံကို ပြောပြပြီး ရဲဘော်များကို ထိန်းသိမ်းကြရန် ပန်ကြားသည်။ သူ့မျက်နှာလည်း မကောင်းပေ။

ကျနော်တို့ ခြေလျင်တပ်ရင်း (၃) သည် သံလျင်မြို့မှ ရန်ကုန်မြို့ ဂေါ်ရာကုန်းသို့ အပြီးအပိုင် အမြန်ပြောင်းရွှေ့ရပြီး ဗိုလ်ချုပ်တို့ကျဆုံးခဲ့ရခြင်းကြောင့် မတည်ငြိမ်သော ရန်ကုန်မြို့၏ အခြေအနေကို ထိန်းရန်တာဝန်ပေးခြင်း ခံရပေသည်။

ဗိုလ်ချုပ်တို့ လုပ်ကြံခံရသဖြင့် ဗမာပြည်သူတွေများစွာတုန်လှုပ်ပြီး ဘယ်သူလုပ်ကြံတာလဲ၊ ဘာကြောင့်လဲဆိုတာ အားလုံးကသိချင်ပြီး တဖက်က ဒေါသထွက်နေကြကာ တဖက်ကလဲ အလွန်ဝမ်းနည်း နေကြပါသည်။

ထိုအတွင်း ကျနော်တို့နှင့်တကွ ပြည်သူအများကို အသိပညာတိုးတက် ပွင့်လင်းစေသော အချက်ကြီးတချက်ပေါ်ထွက်လာသည်။ ၎င်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူးသခင်သန်းထွန်းက ဗိုလ်ချုပ်တို့လုပ်ကြံခံရတာဟာ ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့လက်ချက် ဖြစ်သည်ဟု ကြေညာလိုက်ခြင်းဖြစ်ရာ ပြည်သူအားလုံးမှာ နိုင်ငံရေးအရ မျက်စိပွင့်သွားလေသည်။

ဗြိတိသျှအစိုးရကလည်း ဗိုလ်ချုပ်တို့ကို လုပ်ကြံသူမှာ ဂဠုန်ဦးစော တို့ဖြစ်သည်ဆိုပြီး တကယ်လည်းလုပ်ကြံခဲ့သော ဦးစောတို့ကို အလျင်အမြန် ဖမ်းဆီးအရေးယူ နေပေသည်။

ပြည်သူအများကတော့ အရင်းခံလက်သည် သည် ဗြိတိသျှနယ်ချဲ့ ဆိုသည်ကို နားလည်ပြီး ဗြိတိသျှတို့အပေါ် အလွန်မုန်းတီး လာကြသည်။ ပြည်သူတို့က ဗြိတိသျှတို့ကိုမောင်းထုတ်ပြီး လွတ်လပ်ရေးတခါတည်း ကြေညာနိုင်ကြသည်၊ သို့သော်တကယ်လက်တွေ့ လုပ်ကြံသူဂဠုန်ဦးစောတို့ ခံနေရှာသာ ဗြိတိသျှတို့ သက်သာတော့သည်။

ဂျွန်ဦးစောမှာ ဂျပန်နှင့် ဟိတ်တဆိတ်ဆက်သွယ်သဖြင့် ဗြိတိသျှတို့က သူ့ကိုဒုတိယကမ္ဘာစစ်ကြီးတခုလုံးအတွင်း အာဖရိက ယူဂန္ဓာသို့ပို့၍ ချုပ်နှောင်ထားသဖြင့် ဒုစစ်ကြီးအတွင်း ဗမာပြည်သူတို့၏ နိုင်ငံရေးအသိ အလွန်မြင့်သွားခဲ့ပြီ ဆိုသည်ကို သူမခံစားရ မသိရပေ။ သူ့အနေဖြင့် စစ်မဖြစ်မီ ဗမာပြည်၏ ၉၁ ဌာနအုပ်ချုပ်ရေး အတွေ့အကြုံသာရှိပြီး အတွေးအခေါ်လည်း အလွန်နောက်ကျနေပုံရသည်။

ဗိုလ်ချုပ်အောင်ဆန်းမရှိတော့ရင် ဦးစောကဝန်ကြီးချုပ်အဖြစ်နှင့် ဦးစောအစိုးရ ဖြစ်နိုင်ချေရှိသည့် သဘောနယ်ချဲ့ဗြိတိသျှတို့၏ အသံကိုလည်း ဦးစောယုံကြည် မျှော်လင့်နေပုံရသည်။

ဗြိတိသျှတို့အပေါ် သခင်သန်းထွန်း၏ စွပ်စွဲချက်သည် နိုင်ငံရေးအရ တရားခံအစစ်ကိုစွပ်စွဲခြင်း ဖြစ်သည်။ ဗြိတိသျှတို့က ဦးစောတို့ကို အရေးယူခြင်းမှာ တိုက်ရိုက်ရာဇဝတ်ကြောင်း အရဖြစ်သည်။

ဗြိတိသျှအစိုးရတို့က ဗိုလ်ချုပ်လုပ်ကြံခံရမှု ကိစ္စတွင်သူတို့ ပါဝင်သည်ဟူသော စွပ်စွဲမှုကို အပြင်းအထန်ငြင်းဆိုပြီး အကြောင်းတိုက်ဆိုင်တိုင်း ထိုကိစ္စကိုကာကွယ် ပြောဆိုခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရမှု အနှစ်ငါးဆယ်မြောက် အထိမ်းအမှတ်အတွက် ၁၉၉၆ ခုနှစ်ကုန် ၁၉၉၇ ခုနှစ်ဆန်းလောက်တွင် အင်္ဂလန်၊ လန်ဒန်မြို့ ဘီဘီစီအသံလွှင့်ဌာနမှ ကျနော်နှင့် တွေ့ဆုံမေးမြန်းပါသည်။ ထိုမေးခွန်းများအနက် ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူတွေလုပ်ကြံသနည်း ဆိုသော မေးခွန်းအပေါ် ကနေ့၏ ပြန်လည်ဖြေကြားချက်ကို ယခုဖေါ်ပြပါမည်။

ဘီဘီစီ၏ မေးခွန်းအမှတ် (၁)။ ဗိုလ်ချုပ်အောင်ဆန်းကို အစစ်အမှန်သတ်သူဟာ ဘယ်သူလို့ ခင်ဗျားထင်မြင်ပါသနည်း။

ဖြေ။ ဗိုလ်ချုပ်အောင်ဆန်းကို အစစ်အမှန်သတ်သူဟာ ဗြိတိသျှအစိုးရ ဖြစ်ပါတယ်။ သူတို့ရဲ့လုပ်ကြံမှုကြီး ဖြစ်ပါတယ်။

ဘီဘီစီ၏ မေးခွန်းအမှတ် (၂)။ ဘာကြောင့်ဒီလိုပြောနိုင်ပါသနည်း။

ဖြေ။ အဘယ်ကြောင့်ဆိုသော် – ဗိုလ်ချုပ်အသတ်ခံရတာမှာ အကြောင်းရင်း (၄) ခုရှိတယ်လို့ ကျနော် ထင်မြင်ပါသည်။

(က) ပထမအကြောင်းကတော့ ဗိုလ်ချုပ်သည် တိုင်းပြည်တပြည်လုံးကို စည်းလုံးညီညွတ်အောင် လုပ်နိုင်သူခေါင်းဆောင် ဖြစ်ပါသည်။ ထို့ကြောင့် ဗြိတိသျှ တို့သည် မြန်မာပြည်တပြည်လုံး စည်းလုံးညီညွတ်သွားမှာကို ကြောက်ကြပါသည်။ ဤသည်မှာ အဓိကအကြောင်းရင်း ဖြစ်သည်။

(ခ) ဒုတိယအကြောင်းမှာ ဗိုလ်ချုပ်သည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြန်ပြီးစည်းလုံးညီညွတ် သွားနိုင်ပါသည်။ ဗြိတိသျှတို့သည် ဤအချက်ကို လည်း ပူပန်စိုးရိမ်ကြသည်။

(ဂ) တတိယအကြောင်းမှာ ဗြိတိသျှတို့အနေနဲ့ ဗိုလ်ချုပ်ကိုဖယ်ရှားနိုင်လိုက်ရင် ဗမာပြည်ကိုလွယ်ကူစွာ ကိုင်တွယ်သွားနိုင်မည်ဟု ယူဆကြသည်။

(ဃ) စတုတ္ထအချက်ကတော့ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာပြည်မှာ ဗြိတိသျှတို့၏ အုပ်စိုးမှုကို "လက်နက်ကိုင်"ပြီး လွတ်လပ်ရေးအတွက် တိုက်ခဲ့သူ ဖြစ်သဖြင့် နောင်ဤကဲ့သို့မျိုး ဗြိတိသျှအင်ပါယာမှာ မပေါ်ရအောင် လက်စားချေဆုံးမရန်အတွက် ကန့်ပြန်သတ်ဖြတ်လိုခြင်း ဖြစ်ဟန်ရှိသည်။

ဤအဖြေအတွက် အထောက်အထား အချက်အလက်များ ထင်မြင်ချက်များပေးရန် လိုတဲ့အတွက် အောက်ပါအတိုင်း အချက်တချို့ကို တင်ပြ လိုက်ပါသည်။

၁။ ပထမအထောက်အထား။

ဦးစော လက်နက်ကိုင်ရာဇဝတ်မှုကြီး တခုအတွက် စီစဉ်လှုပ်ရှားနေသည်များကို ဗြိတိသျှအစိုးရက ကြိုတင်သိရှိနေခဲ့ပါသည်။ ထိုလှုပ်ရှားမှု များသည် ဗိုလ်ချုပ်အောင်ဆန်းကို ဦးတည်နေသည် ဆိုသည်ကိုလည်း ၎င်းတို့နားလည်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သတ်၍ ကျနော်မှတ်မိနေတာ (၂) ချက် လောက် ရှိပါသည်။

ပထမအချက်။ အစိုးရပုလိပ်အဖွဲ့က ဗိုလ်ချုပ်တို့လုပ်ကြံမှု အရေးအခင်းမပေါ်ခင်ကတည်းက ဦးစောရဲ့အိမ်ကို အိမ်နီးချင်းခြံတခြံအတွင်းက သစ်ပင် ပန်းပင်တွေအကြား အမြဲစောင့်ကြည့်ဖို့ အလှည့်ကျတာဝန်ချပြီး စောင့်ကြည့်ရတဲ့အထဲမှာ ကျနော်နှင့် ဆွေမျိုးနီးစပ်တော်သူ ပုလိပ်ကလေး မောင်မောင်ဆိုသူ (နောင် စစ်တပ်တွင်းပြောင်းလာသည်။) က ကျနော့်ကိုပြောပြဖူးတာတွေ ရှိပါသည်။ ဦးစောနှင့် ခြံအတွင်းလှုပ်ရှားနေပုံတွေကို အခင်းမဖြစ်မီ တပတ်အလို သူစောင့်ကြည့်တာဝန်ကျစဉ် တွေ့ရသမျှကို အထက်ကိုအစီရင်ခံရကြောင်း သူတာဝန်မကျစဉ် အချိန်ကတည်းက စောင့်ကြည့်နေကြတာဖြစ်လို့ ဒီလို စောင့်ကြည့်နေတာဟာ တပတ်မကနိုင်ကြောင်း ဆိုပါတယ်။

ဒုတိယအချက်။ ၁၉၆၀ ခုနှစ်နှင့် (၇၀) ခုနှစ်များအတွင်း ဗိုလ်ချုပ်တို့ ကျဆုံးသော အာဇာနည်နေ့မှာ မြန်မာသတင်းစာတစောင်ထဲတွင် ထိုနေ့ အတွက် ဆောင်းပါးတစောင် ပါလာပါသည်။ ဦးစောနေထိုင်သည့် အေဒီလမ်းနှင့် ဆိုင်သည့် ဖရမ်းကုန်းပုလိပ်ဌာနမှာ ထိုစဉ်ကဌာနအုပ်ဖြစ်ခဲ့သူ ပင်စင်စားပုလိပ် အရာရှိကြီးတဦးရေးသားသည့် ဆောင်းပါးထဲတွင် ဖွင့်ချထားသည်မှာ – ဗိုလ်ချုပ်တို့အရေးအခင်းမဖြစ်မီ ဦးစောအိမ်ခြံအတွင်း လှုပ်ရှားဖြစ်ပျက်နေမှုတွေကို သူတို့ပုလိပ်ဌာနက ထောက်လှမ်းသိရှိပြီး အထက်သို့အစီရင်ခံစာတွေ ရေးနေရသည်မှာ အတော်ကြာကြောင်း သူတို့လှုပ်ရှားသွားလာနေတာတွေ တွေ့ပြီး တခုခုရာဇဝတ်မှုကြီး လုပ်တော့မည်ဆိုသည်ကို သိနိုင်သော်လည်း အဘယ်ကြောင့်အရေးယူ ဖမ်းဆီးမှုတွေလုပ်ရန် အမိန့်မပေးသနည်း ဆိုသည်ကိုနားမလည် ကြောင်း ရေးသားထားပါသည်။

ဤကိစ္စတွင် ဦးစောလှုပ်ရှားမှုတွေက ရာဇဝတ်မှုကြီးတခုခု လုပ်တော့မည်ဆိုသည်ကို ဗြိတိသျှအစိုးရအနေနှင့် တော်တော်စောစောကတည်းက သိနေပြီး၊ ၎င်းသည်လည်း ဘာကိုရည်ရွယ်သည်ဆိုတာလည်း သိနားလည်နိုင်ပါလျက် ထိထိရောက်ရောက် ကြိုတင်အရေးယူမှု ဘာမှမလုပ်ကြသည်မှာ ထင်ရှားပါသည်။

၂။ ဒုတိယအထောက်အထား။

က။ ထိုကာလထုတ်ဝေသော သတင်းစာ၊ စာနယ်ဇင်းနှင့် စာအုပ်များအရ သိရှိချက်များ ဖြစ်ပါသည်။ အင်္ဂလိပ်လူမျိုး ကပ္ပတိန်ဗီဗီယန်းနှင့် ဘရင်းဂန်းအလက် (၂၀၀) လက်နက်မှုကြီး ဖြစ်ပါသည်။ ဗီဗီယန်းသည် စစ်ဘက်မှ ပုလိပ်ဘက်သို့ မကြာမီကမှပြောင်းလာသူ ဖြစ်ပါသည်၊ ပုလိပ် လက်နက်ပစ္စည်း ထောက်ပံ့ရေး ဌာန ရာဇဝတ်ဝန်ကလေး ဖြစ်သည်။ ဗီဗီယန်းက ဦးစောကို ဘရင်းဂန်းအလက် (၂၀၀) ထုတ်ပေးခဲ့သည်၊ ၂၄ . ၆ . ၄၇

၇

နေ့တွင် ဦးစော၏ လူရင်းဖော်ကောင် ဘညွန့်နှင့် အဖွဲ့က ပုလိပ်ယောင်ဆောင်၍ ဗိုလ်တထောင် အမှတ် ၂၂၆ (BOD) အခြေစိုက် လက်နက်တိုက်မှ ဗီဗီယန်နှင့် ဦးစောတို့၏ စီစဉ်ပေးမှုဖြင့် လာရောက်ထုတ်ယူသွားခဲ့သည်။ ထိုစဉ်က ထုတ်ယူသွားသည့် လက်နက်များမှာ ဘရင်းဂန်းသေနတ် အလက် (၂၀၀)၊ ပြောင်းတို (၂၀၀) နှင့် မဂ္ဂဇင်း ကျည်ကပ် (၈၀၀) တို့ကို အလွယ်တကူထုတ်ယူ သွားခဲ့ကြသည်။

ခ။ ဒုတိယအကြိမ် ဗီဗီယန်းက ဦးစောအား ခဲယမ်းကျည်ဆန်များ နောက်ထပ်ထုပ်ပေးပြန်ရာ အရစ်တခေါက်အတိုင်း ဦးစော၏ လူရင်းဖော်ကောင် ဘညွန့်နှင့် အဖွဲ့က ၁၀ . ၇ . ၄၇ နေ့က (၁၆) မိုင်ရှိ မင်္ဂလာဒုံအခြေစိုက် ခဲယမ်းမီးကျောက်တပ်မှ သွားထုတ်ယူခဲ့သည်။ ထုတ်ယူသွားခဲ့သော ပစ္စည်းများမှာ မှိုင့် (၃၀၃) ရိုင်ဖယ်နှင့် ဘရင်းသေနတ်ကျည်ဆံ (၁၀၀,၀၀၀)၊ စတင်းကျည်ဆံ (၂၅,၆၀၀) (စစ်တပ်ထုတ် တပ်မတော်သမိုင်းတတိယတွဲ–နာ ၁၄၉ တွင် ၎င်းကျည်ဆံ (၂၅,၆၀၀) လို့သာဆိုထားရာ ထိုဂဏန်း ပိုမှန်နိုင်) လက်ပစ်ဗုံး (၂၀၀) တို့ဖြစ်သည်။ ထိုစာရင်းတွင် စတင်းဂန်းမည်မျှဟု မပါသော်လည်း အရေးအခင်းကြီးပြီး (၂၀ . ၇ . ၄၇) နေ့တွင် ဦးစောအိမ်အနီးရှိ ရေကန်ထဲတွင် သတင်းအရရှာဖွေရာတွင် ရေကန်အတွင်း ရေအောက်ဧလေလုံသေတ္တာတွေ အတွင်းတွင် ထည့်ထားသော ဘရင်းဂန်းအလက် (၁၇၀) နှင့် စတင်းဂန်းအလက် (၁၁၀) တို့ကို တွေ့ရှိရမိသည်ဟု ထိုကာလ စာနယ်ဇင်းများတွင် ဖော်ပြခဲ့ပါသည်။

ဂ။ ထိုဘရင်းဂန်း အလက် (၂၀၀) နှင့် ကျည်ဆံများကိစ္စမှာ လုပ်ကြံမှုကြီးတွင် ဗြိတိသျှအစိုးရတို့ပါဝင်ကြောင်း ကြီးမားသော အထောက်အထားကြီး ဖြစ်ပေသည်။ ဤမျှလောက်များပြားသော (အစိုးရခြေလျင်တပ်ရင်း ၆ ရင်းစာခန့်ဖြစ်ပြီး ထိုကာလ ဗမာ့တပ်မတော် တပ်ရင်းများ၏ ထက်ဝက်စာဖြစ်သည်။) လက်နက်များကို ဦးစောဝယ်ယူတာလည်းမဟုတ်၊ ဗီဗီယန်းက ထုတ်ပေးတာသာဖြစ်သည်။ ဤမျှလောက်များပြားသော လက်နက်ခဲယမ်းများကို အထက်အာဏာပိုင်တို့၏ သဘောထားမပါဲ ထုတ်ပေးတာမဖြစ်နိုင်။ ဗီဗီယန်းအတွက် ကိုယ်ကျိုးငွေကြေး ရရှိတာလည်း မရှိပေ။ အလွန်ထင်ရှားသည့် အချက်ကြီး ဖြစ်ပေသည်။

ဃ။ ထိုလက်နက်များ ထုတ်ပေးခဲ့ခြင်းသည် ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံသတ်ဖြတ်ရေးအတွက် တွန်းအားပေးခြင်းသာမက ၎င်းနောက်တွင် ကြီးမားသော ကြံစီချက်ကြီးတခုလည်း ရှိနေသည်ကို ကျနော်တို့မြင်နိုင်ပေသည်။ ဤမျှများပြားသော လက်နက်ခဲယမ်းများကြောင့် ဦးစောက ဗိုလ်ချုပ်တို့ကို လုပ်ကြံသတ်ဖြတ်ရုံမျှမက နောက်ထပ်ဆက်ပြီး ဗမာပြည်တွင် သူအာဏာရရှိရေးအတွက် ပုန်ကန်ထကြွမှုကြီး ဖြစ်သွားနိုင်အောင်အတွက်ပါ ရည်ရွယ်ချက်နှင့် ပေးသည်ဟုလည်း ကောင်းစွာထင်ရှား သိနိုင်သည်။ သို့ဖြင့် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို ပြည်တွင်းစစ်ကြီးဖြင့် ပြိုကွဲအားနည်းသွားစေရန် ကြံစည် အားထုတ်ခဲ့ကြောင်းလည်း ခန့်မှန်းသိရှိနိုင်ပေသည်။

၃။ တတိယအထောက်အထား။

က။ ဦးစောသည် လုပ်ကြံမှုကြီးအတွက် ၁၉၄၆ ခုနှစ် ကစပြီး လက်နက်ခဲယမ်းများ စုဆောင်းနေရာ ကုဏ္ဍိုင်း အမှတ် (၁) ဘီအီးအမ်အီးတပ်မှ တပ်မှူး အင်္ဂလိပ်လူမျိုး မေဂျာ စီ၊ အိပ်ချ်၊ ဒီဗိန်ချ်၊ ရန်းနှင့် ၎င်းနှီးကြပြီး ၎င်းထံမှ ဆပ်မရှင်းဂန်းတလက်၊ အမေရိကန်ကာဘိုင် (၃) လက်၊ စတင်သေနတ် (၁) လက်၊ တော်မီသေနတ် (၂) လက်၊ လူဂါမ္ဘတို (၁) လက်၊ ခြောက်လုံးပြူးသေနတ် (၂) လက် နှင့် ယမ်းတောင့်များကို ရယူခဲ့သည်။

ခ။ ထို့ပြင် အင်္ဂလိပ်လူမျိုး ဗိုလ်မှူးလန်းစ်ဒိန်းထံမှလည်း စပရင်းဖီးရိုင်ဖယ်သေနတ် (၁) လက်၊ တော်မီသေနတ် (၂) လက်၊ ကာဘိုင်သေနတ် (၁) လက် နှင့် ယမ်းတောင့်များကို ရရှိခဲ့သည်။ (၎င်းလက်နက်များမှာ အချို့ကိုငွေပေး ဝယ်ယူပုံရသည်။)

ဂ။ ထို့ပြင်သတင်းစာများ အဆိုအရ ဗိုလ်ချုပ်ကိုပစ်သတ်သော ကျည်ဆံမှာ ဒန်ဒန်ခေါ် အလွန်ပြင်းထန်ပြီး အဆိပ်ပါသောကျည်ဆံဟု ဆိုကြသည်။ မိုင်းပွန်စော်ဘွားကြီး ဒဏ်ရာမပြင်းဘဲ သေဆုံးရသည်ဟု ဆိုသည်။

ဃ။ ၎င်းလက်နက်များမှာ လုပ်ကြံမှုကြီးအတွက် အင်္ဂလိပ်ဗိုလ်မှူး နှစ်ဦးထံမှ ဦးစောကအခိုင်အမာ ကြိုတင်ရရှိထားခြင်းဖြစ်သည်။

အထက်ပါဒုတိယနှင့် တတိယအထောက်အထားကြီး နှစ်ခုသည် လုပ်ကြံမှုတွင် ဗြိတိသျှအစိုးရ ပါဝင်ကြောင်း အလွန်ထင်ရှားသော အထောက်အထားများဖြစ်သည်။

၄။ နောက်အထောက်အထား အချို့ကတော့၊ ဗိုလ်ချုပ်လုပ်ကြံခံရမှု လိုက်လံစုံစမ်းစစ်ဆေးရာမှာ ပါဝင်ခဲ့တဲ့ ထိုစဉ်က ဒုတိယပုလိပ်မင်းကြီး ဖြစ်ခဲ့သူ ကွယ်လွန်သူ ဦးထွန်းလှအောင်၏သား ဦးခင်အောင်က ၁၉၉၃ ခုနှစ်လောက်က ရေးခဲ့တဲ့ "အောင်ဆန်းကို ဘယ်သူသတ်သလဲ" စာအုပ်မှ လိုရင်းကို ဘီဘီစီက ၁၉၉၃ ခုနှစ်အတွင်း အသံလွှင့်ချက်များကို ကျနော်ရရှိထားရာ ထိုအထဲမှ အထောက်အထားအချို့ကို ဆက်လက်တင်ပြသွားပါမည်။

၅။ စတုတ္ထအထောက်အထားမှာ။

က။ ဦးခင်အောင်စာအုပ် ဖော်ပြချက်အရ၊ ဗိုလ်ချုပ်တို့လုပ်ကြံခံရပြီး တပတ်လောက်တွင် ဇူလိုင် (၂၅) ရက်နေ့လောက်တွင် ဗြိတိသျှအစိုးရ ဤလုပ်ကြံမှုကြီးမှာ ပါဝင်ပတ်သက်နေသည်ဆိုသည့် ကောလာဟလများ ပျံ့နှံ့နေခဲ့မှုကြောင့် ဦးနုအစိုးရသည် ဗြိတိသျှတို့၏ ဆန္ဒနှင့်လည်း ကိုက်ညီအောင် အောက်ပါကြေညာချက်တခု ထုတ်ရန်စီစဉ်ခဲ့သည်။ ၎င်းမှာ "ဤလုပ်ကြံမှုကြီးတွင် အင်္ဂလိပ်ကိုလိုနီအစိုးရတို့ မပါဝင်ကြောင်း၊ အင်္ဂလိပ်အစိုးရနှင့်အတူ ဤလုပ်ကြံမှုကြီး၏ တရားခံအစစ်ကိုရဖို့ ကြိုးစားရှာဖွေလျက်ရှိကြောင်း" ဆိုသောတရားဝင် ကြေညာချက်ထုတ်ဖို့ပင် စီစဉ်ခဲ့ရသည်အထိ ဖြစ်ခဲ့ပါသည်။

ခ။ သို့သော် ၂၈.၇.၄၇ နေ့ထုတ် ရန်ကုန်လမ်းညွှန် သတင်းစာကြီးတွင် ပါလာသော သတင်းတပုဒ်ကြောင့် အခြေအနေပိုဆိုးဝါး လာခဲ့ရသည်။ ၎င်း သတင်းဖော်ပြချက်မှာ "ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့ ၁၉၄၇ ခုနှစ် ဇန္နဝါရီလ အောင်ဆန်း – အက်တလီ စာချုပ် ချုပ်ဆိုဖို့အတွက် အင်္ဂလန်ရောက်ခဲ့စဉ်က ဦးစောနှင့် သခင်ဗစိန်တို့က လက်မှတ်ထိုးဖို့ ငြင်းပယ်ခဲ့ကြသည်။ ဦးစောသည် ဖဆပလကြီးအား ဖြိုခွဲရန်ရည်ရွယ်ချက်ဖြင့် အင်္ဂလန်မှာနေရစ်ခဲ့ကြောင်း၊ ထို့အပြင် လူပြူများ၏ အကူအညီဖြင့် ဦးစော ငွေ (၅) သိန်း လက်ခံရရှိခဲ့ကြောင်း၊ အင်္ဂလန်မှ အရင်းရှင်အချို့က ဦးစောအား ငွေအမြောက်အမြား ပေး ခဲ့ကြောင်း စသဖြင့်ရေးသားထားပါသည်။ ထိုသတင်းကြောင့် ဦးနုအစိုးရ၏ အထက်ပါကြေညာချက်ထုတ်ရေးအစီအစဉ်ကို မပြုလုပ်ဖြစ်ဘဲ ရုပ်သိမ်းခဲ့ရပါသည်။

ဂ

ဂ။ ထိုကိစ္စမှာ ဗြိတိသျှအစိုးရနှင့် ပဋိပက္ခမဖြစ်လိုတဲ့အပြင် ဗြိတိသျှတို့အပေါ် ကောလာဟလဖြစ်မှုတွေမှ ကာကွယ်ပေးလိုသော ဦးနုအစိုးရသည်ပင်လျှင် ထိုကာလက ဗြိတိသျှတို့နှင့် ပတ်သက်နေတဲ့ အထက်ပါလို သတင်းအမျိုးမျိုးများကြောင့် ကာကွယ်ပေးတဲ့ ကြေညာချက်မျိုးတောင် မထုတ်ရဲအောင် ဖြစ်ခဲ့ရသည်မှာလည်း ထင်ရှားတဲ့အချက်တခု ဖြစ်ပါသည်။

၆။ ပဥ္စမအထောက်အထား။ ဤတွင်အချက်နှစ်ချက် ပါဝင်ပါသည်။

က။ ပထမ – ဦးစောသည် လက်စားချေရေး သက်သက်သာရည်ရွယ်ပါက ဗိုလ်ချုပ်အောင်ဆန်း တဦးတည်းသာ သတ်ဖြတ်ဖို့ဖြစ်နိုင်သည်။ ယခုမူ ဗိုလ်ချုပ်သာမက အစိုးရတဖွဲ့လုံးနှင့် ဦးနုကိုပါ လုပ်ကြံသတ်ဖြတ်တာဖြစ်သည် (ဗိုလ်ချုပ်အပါဝန်ကြီး (၇) ဦး၊ အတွင်းဝန် (၁) ဦးနှင့် သက်တော်စောင့် (၁) ဦးတို့ ကျဆုံးရပြီး ကျန်ဝန်ကြီးအချို့ ကျည်ဆံမထိလို့ လွတ်မြောက်ရသည်) ထို့ကြောင့် လက်စားချေရေး သက်သက်မဟုတ်နိုင်၊ ပြီးရင်အစိုးရသစ် ရာထူးအတွက်ပါ ရည်ရွယ်သည်မှာ ထင်ရှားပါသည်။

ခ။ ထိုလုပ်ကြံမှုကြီးပြီးလျှင် ဘုရင်ခံက ဦးစောကို အစိုးရသစ်ဖွဲ့ဖို့ ဖိတ်ခေါ်လိမ့်မည်လို့ ဦးစောကမျှော်လင့်ချက် ရှိနေသည်။ ဦးစောကိုဖမ်းရာတွင် သူ့အိမ်၌ "ဦးစော၊ ဝန်ကြီးချုပ်" ဆိုသောစာတန်းနှင့် လုပ်ထားသော တံဆိပ်တုံးကိုပင် တွေ့ရကြောင်း ဦးခင်အောင်စာအုပ်အရ သိရသည်၊ ထိုကိစ္စကို သတင်းစာများနှင့် ဘီဘီစီ အသံလွှင့်ချက်များတွင်လည်း ဖော်ပြကြသည်။ ထိုသို့ဖြစ်လျှင် ဤကဲ့သို့မျှော်လင့်ချက်မျိုး ရှိလာအောင် မည်သူတွေက လမ်းခင်းပေးသနည်း။ ဤသည်မှာ ဦးစောက လုပ်ကြံလာဖို့ လှုံ့ဆော်တိုက်တွန်းပေးသည့် အချက်ကြီးမဟုတ်ပါလား။ ဤသည်မှာ လုပ်ကြံမှုကြီးဖြစ်လာအောင် မြှောက်ပင့်လှုံ့ဆော်ပေးတဲ့ မက်လုံးကြီး မဟုတ်ပါလား။

အထက်ပါအချက် (၂) ချက်ကြောင့်လည်း ဤလုပ်ကြံမှုကြီးတွင် ဗြိတိသျှအစိုးရတို့ ပါဝင်နိုင်ပုံကို သိရှိနိုင်သည်။

၇။ ဆဋ္ဌမအထောက်အထား။

ဦးခင်အောင်စာအုပ်တွင် အချက်နှစ်ချက်ထပ်တွေ့ရပါသည်။

က။ ပထမက ဦးစော၏ရှေ့နေဖြစ်သူ အင်္ဂလန်မှ အင်္ဂလိပ်လူမျိုးရှေ့နေ "ဖရက်ဒရစ်ဟင်နရီ" သည် အင်္ဂလန်ရှိ သူ့အခန်းတွင် ရုတ်တရက်လုပ်ကြံသတ်ဖြတ်ခံရသည်။

ခ။ ဒုတိယက ဗိုလ်ချုပ်တို့လုပ်ကြံမှုကြီးကို အလွတ်စုံထောက်နေသူ အင်္ဂလိပ်လူမျိုး "အက်ဖ်ကိုလင်" မှာလည်း သူ၏စာရွက်စာတမ်းများ ပျောက်ဆုံးသွားကာ သူလည်းရုတ်တရက် သေဆုံးသွားရသည်။ ထိုနှစ်ဦးသေဆုံးကြောင်း ယခင်က ကျနော်တို့မသိခဲ့ရ၊ ဦးခင်အောင်စာအုပ်အရသာ သိရသည်။ အလွန်စဉ်းစားကြည့်စရာများ ဖြစ်ပါသည်။ အမှုကြီး၏အရင်းခံ အဖြစ်အပျက်အချို့ကို သူတို့သိနေသဖြင့် နောင်ပေါက်ကြားမှာစိုး၍ ယခုလို အဆုံးစီရင်လိုက်ပုံရသည်။

ဤကိစ္စသည်လည်း လုပ်ကြံမှုကြီးတွင် ဗြိတိသျှအစိုးရတို့ ပါဝင်နိုင်ပုံကို များစွာသံသယဝင်ဖွယ် ဖြစ်သည်။

၈။ သတ္တမအထောက်အထား။

ဦးခင်အောင်စာအုပ်အရ သိရသည်မှာ ဦးစောသေဒဏ်စီရင်ချက် ချခံရပြီးနောက် ကြိုးမိန့်ပေးခံရသူများ၏ အကျဉ်းထောင်အခန်းတွင်း နေရစဉ် သူလွတ်မြောက် ထွက်ပြေးရေးအတွက် ဗြိတိသျှအရာရှိများထံ အကူညီတောင်းခံမှုဖြစ်သည်။ ဦးစောသည် ထိုကာလတွင်းက ထောင်မင်းကြီးဦးစံတင်ကို လွတ်မြောက်မှုအတွက် ငွေအမြောက်အမြားပေးမည်ဟု ဆိုပြီး ချဉ်းကပ်ခဲ့ဖူးသည်။ ဦးစံတင်က ဦးထွန်းလှအောင်နှင့် တိုင်ပင်ပြီး စိမ်ချက်တခုလုပ်ကာ ငွေပေးရင်လုပ်ပေးမည်ဟုပြောရာ ထိုမှစပြီး ဦးစော၏ငွေရှာပုံတော်ကြောင့် ဦးစောနှင့်ဆက်စပ်သူ အင်္ဂလိပ်များအကြောင်း အံ့ဩဖွယ် တွေ့ရတော့သည်ဟု ဆိုထားပါသည်။ ၎င်းငွေတောင်းစာများတွင် နာမည်ဝှက်များနှင့် စကားလုံးတွေပါ ရေးထားသည်။

က။ ပထမဆုံး ဦးစောငွေတောင်းသူကတော့ ကပ္ပတိန်ဗီဗီယန်း ဖြစ်ပါသည်။ (ဦးစောကို ဘရင်းဂန်း ၂၀၀ နှင့် ခဲယမ်းများ ထုတ်ပေးသူဖြစ်သည်။) ဦးစောသည် ၎င်းဗီဗီယန်း – လက်နက်ထုတ်ပေးမှုဖြင့် ထောင်ထဲရောက်နေမှန်း မသိပေ။ ဗီဗီယန်းက ဦးစောထံပြန်ပေးစာတွင် "ငါတို့အားလုံး စီစဉ်ပေးနိုင်သည်။ မင်းဘာလို့ လူရည်ကြီးကို မဆက်သလဲ" ဟု ရေးထားသည်ဟုဆိုထားသည်။

ခ။ ဦးစော ဒုတိယအရေးတကြီး ဆက်သွယ်သူမှာ ရန်ကုန်မြို့၊ ဗြိတိသျှကောင်စယ်က မစ္စတာ ဂျွန်စတီးဝပ်ဘင်ကလင် ဖြစ်ပြီး ငွေတောင်းစာရေးပြီး ဆက်သွယ်တာဖြစ်သည်။ (၎င်းမှာ ဗြိတိသျှသံတမန်ဖြစ်၍ နိုင်ငံရေးအရ ပိုအရေးကြီးသူဖြစ်သည်) ဘင်ကလင်က ထိုစာကိုဖတ်လိုက်ရတော့ သိပ်ခြောက်ခြားပြီး စာကိုဖျက်ဆီးကာ စာလာပို့သူ ပုလိပ်အရာရှိကို မောင်းထုတ်လိုက်သည်။ နောက်ဦးစောက ၎င်းဘင်ကလင်ထံ ဩဂုတ်လ ၂၂ – ၂၃ ရက်နေ့များမှာ စာတွေထပ်ပို့သည်။ ငွေတောင်းတာသာမက ခြိမ်းခြောက်သည့်စာများပါ ရေးခဲ့သည်ဟု ဆိုပါသည်။ သို့ရာတွင် ဘင်ကလင်ထိုစာများ မရတော့ပါ။ အကြောင်းမှာ ဦးစော၏ ပထမစာရပြီးကတည်းက သူမောပြည်မှ ထွက်ခွာဖို့ပြင်ဆင်ပြီး နေအိမ်မှ ကမ်းနားလမ်းဟိုတယ်သို့ ပြောင်းနေခဲ့သည်။ သူထွက်ခွာဖို့ စီစဉ်နေတုန်း သူ့ကိုဖမ်းဖို့ ဦးထွန်းလှအောင်က ထိုစဉ်က ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းထံ အကြောင်းကြားခဲ့သည်။ ဦးကျော်ငြိမ်းက ဘုရင်ခံထံတင်ပြရာ ဘုရင်ခံက သက်သေအထောက်အထားတွေ ထပ်မံတောင်းဆိုသည်ဟု ဆိုသည်။ နောက်တနေ့ ဦးထွန်းလှအောင်က သူမထွက်ခွာမီ ရုတ်တရက် ထပ်သွားပြီး ဦးစော၏နောက်ဆုံးစာကိုပြသည်။ ဘင်ကလင်က ထိတ်လန့်ကြောက်ရွံ့သွားပြီး သူ့ကိုဖမ်းလို့မရကြောင်း သူ့အနေဖြင့် သံတမန်ရေးရာ အကာအကွယ်များ ရှိထားကြောင်း ပြောပါသည်။ ဤကိစ္စအပေါ် ဦးခင်အောင်ရေးထားသည်မှာ "အမှန်ကတော့ မစ္စတာဘင်ကလင်အနေနှင့် ဗိုလ်ချုပ်တို့ လုပ်ကြံခံရမှုမှာ ၎င်းဘယ်လိုပတ်သက်သလဲဆိုတာ အသေအချာသိလို့ပဲ ဖြစ်တယ်" ဟု ဆိုထားပါသည်။ ဦးထွန်းလှအောင်က သူ့ကိုမြန်မာနိုင်ငံမှ အပြီးအပိုင် ထွက်သွားရန်ပြောခဲ့သည်ဟု ဆိုပါသည်။ ထိုနေ့ ၄ - ၉ - ၄၇ နေ့ကစပြီး ၎င်းဘယ်ရောက်သွားသည် အစမပေါ်တော့ ဟုဆိုသည်။

ဂ။ ဗိုဗိုယန်သည် ဘရင်းဂန်း (၂၀၀) နှင့် ကျည်ဆံများစွာ ဦးစောကိုထုတ်ပေးခဲ့သူဖြစ်၍ ဤလုပ်ကြံမှုနှင့် ပတ်သတ်ရာတွင် အရေးအပါဆုံးသူ ဖြစ်သည်။ နောက်ဘင်ကလင်ဆိုသူမှာလည်း ဗြိတိသျှသံတမန်ဖြစ်၍ အရေးပါသူပင်ဖြစ်သည်။ ဗိုလ်မှူးယန်းကို ဖမ်းဆီးပြီးစစ်ဆေးသောအခါတွင်လည်း ၎င်း၏ ဖြောင့်ချက်အရ ဦးစောနှင့် ဗြိတိသျှကောင်ဆယ်မှ ဘင်ကလင်တို့၏ ဆက်သွယ်မှုသည် သာမန်ထက်ပို၍ ဆက်သွယ်မှုရှိကြောင်း ဆိုထားပါသည်။ ဗြိတိသျှအစိုးရမှ ထိုအရေးပါသူ (၂) ဦးထံသို့ ဦးစောက အရေးကြုံသောအခါ ငွေတွေအတင်းလှမ်းတောင်းယူပုံတွေကို ထောက်ရှု၍ ထိုလုပ်ကြံမှုတွင် ဗြိတိသျှအစိုးရတို့ပါဝင်နိုင်ပုံကို သိမြင်ယူဆနိုင်ပေသည်။

ဃ။ နောက်ဆုံး အဋ္ဌမအထောက်အထားမှာ –

ဦးခင်အောင်စာအုပ်အရ အထက်ပါဗိုဗိုယန်း၏ နောက်ဆုံးအဖြစ်အပျက်ပင် ဖြစ်ပေသည်။ ဖော်ပြထားပုံအရ ၎င်းဗိုဗိုယန်းသည် ၁၉၄၉ ခုနှစ် မေလ အင်းစိန်တိုက်ပွဲမှ ကရင်များဆုတ်သွားရာတွင် အင်းစိန်ထောင်မှ လိုက်ပါသွားပြီး ၁၉၅၀ ခုနှစ်အထိ ကော့ကရိတ်မြို့အနီးတွင် စောဘဦးကြီးနှင့် အတူ ရှိနေခဲ့သည်။ မြန်မာအာဏာပိုင်များက သူ့ကိုသတ်လိုက်ပြီဟု ဆိုသော်လည်း သူသည် ၁၉၅၀ ခုနှစ် အလယ်ပိုင်းလောက်တွင် ထိုင်းနိုင်ငံမှတဆင့် အင်္ဂလန်သို့ ပြန်သွားပြီး ၁၉၈၀ ခုနှစ်လောက်တွင်မှ ကွယ်လွန်သွားသည်ဟု ဆိုထားပါသည်။ အမှုကြီးအတွက် အရေးကြီးပုဂ္ဂိုလ်လွတ်မြောက်သွားပုံ ဖြစ်ပါသည်။ ဤတွင်လည်း ဗြိတိသျှအစိုးရတို့ ပါဝင်နိုင်ပုံကို ထင်ဟပ်သည်။

အထက်ဖော်ပြပါ အထောက်အထားများကြောင့် ဗိုလ်ချုပ်တို့လုပ်ကြံမှုကြီးတွင် ဗြိတိသျှအစိုးရတို့ ပါဝင်ကြောင်း ကျနော်ကောင်းစွာထင်မြင် ယူဆပါသည်။ အထက်ဖော်ပြပါ အထောက်အထားများအနက် နံပါတ် (၂) ဗိုဗိုယန်းက ဦးစောအား ဘရင်းဂန်း (၂၀၀) နှင့် ကျည်ဆံများထုတ်ပေးမှုသည် ဗြိတိသျှအစိုးရတို့ ပါဝင်ကြောင်းအထင်အရှားဆုံး အချက်ကြီးဖြစ်သည်။ ဒုတိယထင်ရှားသည့်အချက်မှာ နံပါတ် (၃) အရ လုပ်ကြံရေးအတွက် လက်နက်များ ကျည်ဆံများရောင်းတဲ့ ဗိုလ်မှူးယန်းနှင့် လန့်စဒိန်းတို့ အမှုဖြစ်သည်။ ဗိုဗိုယန်း၏ ဘရင်းဂန်း (၂၀၀) နှင့်ကျည်ဆံများ ဦးစောအားထုတ်ပေးမှုသည် လုပ်ကြံမှုကြီး ဖြစ်ရန်တွန်းဆော်ပေးရုံမျှမက နောက်ပိုင်းဦးစော အာဏာရရေး ပုန်ကန်ထကြွရေးအတွက်ပါ ရည်ရွယ်သည်ဖြစ်သဖြင့် ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း၏ ဖဆပလ တပ်ပေါင်းစုကြီးအောက်တွင် စည်းလုံးညီညွတ်လာနေသော မြန်မာပြည်ကြီးကိုလည်း ပြည်တွင်းစစ်ဖြင့် ဖြိုခွဲအားနည်းသွားစေရန် လုပ်သော လုပ်ကြံမှုကြီးတခု လည်းဖြစ်သည်။ ၎င်းမှဆက်၍ တွေးခေါ်နိုင်သည်မှာ ဦးစောလုပ်မသွားနိုင်သည့် နောက်ပိုင်းဖြစ်လာသော ဗမာပြည်၏ ပြည်တွင်းစစ်များ ဖြစ်လာအောင် လုပ်ရာတွင်လည်း ဗြိတိသျှအစိုးရတို့ တနည်းတဖုံပါဝင်ကြသည်ကို မျှော်မှန်းသိမြင်နိုင်ပေသည်။

အထက်ပါအကြောင်းများကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ခေါင်းဆောင်ကြီးများ လုပ်ကြံသတ်ဖြတ်မှုတွင် ဗြိတိသျှအစိုးရတို့ ပါဝင်သည်ကို ကျနော် ထင်မြင်ယုံကြည်ရုံမျှမက ယခုနှစ် (၅၀) ကျော်ကြာ ဗမာပြည် ပြည်တွင်းစစ်ကြီး ဖြစ်လာအောင် ဖန်တီးကြရာတွင်လည်း ဗြိတိသျှအစိုးရတို့ တနည်းတဖုံပါဝင် နိုင်ကြောင်းလည်း ကျနော်ထင်မြင်ယူဆပါသည်။

ဤသည်များမှာ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရမှု အနှစ် (၅၀) မြောက် အထိမ်းအမှတ်အတွက် ဘီဘီစီအသံလွှင့်ဌာနမှ ကျနော်နှင့် တွေ့ဆုံ မေးမြန်းခန်းမှ မေးခွန်း အမှတ် (၁) (၂) နှင့် ၎င်းတို့အပေါ် ကျနော်၏ ပြေကြားချက်များ ဖြစ်ပါသည်။

ထိုမေးမြန်းခန်းတွင် မေးခွန်းပေါင်း (၁၃) ခု မေးခဲ့ရာ တချို့မေးခွန်းများမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရော ထိုခေတ် ထိုကာလ (၁၉၄၇ - ၄၈) အတွင်းက နိုင်ငံရေးအခြေအနေများနှင့်ပါ ပတ်သတ်နေရာ ထိုမေးခွန်းများနှင့် အဖြေများကိုလည်း ယခုထည့်သွင်းဖော်ပြလိုက်ပါသည်။

မေးခွန်းအမှတ် (၁၁)။ ။ ဗိုလ်ချုပ်မကွယ်လွန်မီ ရက်သတ္တပတ်အချို့အတွင်း ကွန်မြူနစ်များနှင့် ဆက်ဆံရေးမည်သို့ ရှိပါသလဲ။

ဖြေ။ ။ ထိုကာလအခြေအနေများ ကျနော်တိတိကျကျ မမှတ်မိတော့ပေ။ သို့ရာတွင် ထိုဝန်းကျင်ကာလ ယေဘုယျအခြေအနေ ကျနော်လေ့လာသိရှိမှတ်သား မိသလောက် ပြောပြပါမည်။

၁။ ၁၉၄၆ နှစ်ဦးပိုင်းလောက်ကစပြီး ဗမာပြည်တွင် ကွန်မြူနစ်ပါတီ (၂) ခု ဖြစ်နေပါသည်။ ပထမက ယခုလက်ရှိ ဗမာပြည်ကွန်မြူနစ်ပါတီ **CPB** ဖြစ်ပါသည်။ ဒုတိယမှာ **CPB** ပါတီမှ ၁၉၄၆ ဖေဖော်ဝါရီလတွင် ခွဲထွက်သွားသော ထင်ရှားသော သခင်စိုးဦးဆောင်သည့် အလံနီကွန်မြူနစ်ပါတီ ဟူ၍နစ်ပါတီ ဖြစ်နေပါသည်။

၂။ ခွဲထွက်သွားသော အလံနီကွန်မြူနစ်ပါတီမှ ခေါင်းဆောင် သခင်စိုးက ထိုကာလ ဗမာ့တော်လှန်ရေး၏ ကျောရိုးမဏ္ဍိုင် ဖြစ်နေသော ဗိုလ်ချုပ်အောင်ဆန်း (**CPB**) ပါတီနှင့် ဗိုလ်ချုပ်ဦးဆောင်သော အမျိုးသားညီညွတ်ရေးတပ်ဦး ဖြစ်သော ဖဆပလ အဖွဲ့တို့ကို ဦးစွာ ဆန့်ကျင်တိုက်ခိုက်ပါသည်။ အထူးသဖြင့် **CPB** နှင့် ဗိုလ်ချုပ်အောင်ဆန်းကို ဖြစ်ပါသည်။ ဗိုလ်ချုပ်ကို တိုက်ခိုက်ရာတွင် ပုဂ္ဂိုလ်ရေးတွေပါ နှိမ့်ကျပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်။ ၎င်းတိုက်ခိုက်မှုများမှာ ၁၉၄၇၊ ဇူလိုင်လ ဗိုလ်ချုပ်တို့ကျဆုံးခါနီးအထိ ဖြစ်နေသည်ဟု ထင်ရပါသည်။

၃။ (**CPB**) ကလည်း ၁၉၄၇ ခုနှစ် စောစောပိုင်းကတည်းက ဖဆပလ နှင့် ညီညွတ်ရေးကြေးကြော်နေရင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ တို့ကို အပြန်အလှန် တိုက်ခိုက်ကြပါသည်။ အထူးသဖြင့် ထိုနှစ်ဧပြီလ ရွေးကောက်ပွဲကာလအတွင်း ဖြစ်သည်။ သူတို့၏တိုက်ခိုက်မှုမှာ ဗိုလ်ချုပ်တို့ ဘုရင်ခံ အစိုးရအဖွဲ့တွင် ပါဝင်မှုနှင့် အောင်ဆန်း – အက်တလီစာချုပ်ပေါ် အဓိကထားသည်။ သို့သော် မေလလောက်ကစပြီး ကွန်မြူနစ် – ဖဆပလညီညွတ်ရေး ရှေ့တန်းတင်ပြီးနောက် တိုက်ခိုက်မှုများ လျော့နည်းလာသည်။ ဗိုလ်ချုပ်က ထိုနှစ်စောစောပိုင်းက (၁၅ - ၂ - ၄၇) က ဖဆပလ ဦးစီးအဖွဲ့အစည်းအဝေးတွင် ပြောသည်မှာ "ပေါင်းချင်ရင် (သိန်း–သန်း) (**CPB**) ပါတီနဲ့တော့ ပေါင်းနိုင်တယ်"ဟု ပြောခဲ့ဖူးသည်။ နောက်ကျဆုံးခါနီး ၁၃ - ၇ - ၄၇ နေ့ ဗိုလ်ချုပ်မိန့်ခွန်းတခု တွင် "ဗမာပြည်မှာ လူမျိုးအချင်းချင်းမကွဲဖို့ လူငယ်ပိုင်းဖြစ်တဲ့ လက်ဝဲသမားအချင်းချင်းမကွဲဖို့ သတိပေးလိုတယ်"ဟု ပြောခဲ့သည်။ ဤသည်မှာ (**CPB**) ကို ရည်ရွယ်ပြီးပြောတာ ဖြစ်ပါသည်။ (**CPB**) ၏ ဖဆပလနှင့် ပြန်ပေါင်းရေးကြေးကြော်သံကြောင့် ကျဆုံးခါနီးတွင် (**CPB**) နှင့် အတိုက်အခိုက် လျော့နည်း လာပုံရသည်ကို သတိ ထားမိသည်။ ကျနော်ထိုကိစ္စ ဤမျှလောက်သာ ပြောနိုင်ပါသည်။ (မှတ်ချက်– ၁၉၄၆ အောက်တိုဘာတွင် ဖဆပလမှ (**CPB**) ထုတ်ပယ်ခံရသည်။)

မေးခွန်းအမှတ် (၁၂)။ ။ ကွန်မြူနစ်များတောမခိုနိုင်အောင် သူကာကွယ်နိုင်မလား။ ကာကွယ်နိုင်မယ်ဆိုရင် ဘယ်လိုနည်းနဲ့ ကာကွယ်နိုင်မလဲ။

ဖြေ။ ။ ကွန်မြူနစ်များတောမခိုအောင် ဗိုလ်ချုပ်ကာကွယ်နိုင်မယ်လို့ ကျနော်ယုံကြည်ပါသည်။ ဤသည်ကို ထိုခေတ်နိုင်ငံရေးခေါင်းဆောင်အများကလည်း

သဘောတူနိုင်ပါသည်။

ဒါကိုကာကွယ်မည်ဆိုလျှင် မည်သည့်နည်းနဲ့ ကာကွယ်မလဲ။

ဒါကိုရှင်းပြရန်မှာ ဗိုလ်ချုပ်သည် ကွန်မြူနစ်များ စောမဝိုစေလိုသော ဆန္ဒအလွန်ကြီးမားစွာ ရှိခဲ့ပါသည်။ ၎င်းသည်မှာ တိုင်းပြည်စည်းလုံးညီညွတ်မှု ပြိုကွဲမှာစိုးရိမ်လို့တကြောင်း နောက်ဒီမိုကရေစီတရား ပျက်သွားမှာစိုးရိမ်လို့တကြောင်း အဓိက ထိုအချက် (၂) ရပ်ကြောင့် ဖြစ်ပါသည်။ ထိုပြင် ကွန်မြူနစ်များ အပေါ် အားထားမျှော်လင့်ချက်များလည်း ရှိနေပါသေးသည်။ ထို့ကြောင့်စောမဝိုဖြစ်အောင် သူသာရှိနေလျှင် ငြိမ်းချမ်းစွာ ခံကာကွယ်မှာ ဖြစ်ပါသည်။ ကာကွယ်နိုင်သော အင်အားနှင့် စွမ်းရည်လည်းရှိနေပါသည်။ ၎င်းသည်ကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြသွားပါမည်။

ပထမ တိုင်းပြည်စည်းလုံးညီညွတ်ရေးအတွက် သူ့ဆန္ဒ၊ သူ့ပြောပုံ၊ သူလုပ်ကိုင်ခဲ့ပုံတချို့ကို အကျဉ်းတင်ပြပါမည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တော်လှန်ရေးအတွက် လက်နက်ကောင်း (၃) လက်ကို ဖန်တီးတည်ဆောက်ပေးခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ပထမ တော်လှန်ရေးကို ဦးဆောင်ရန်အခြေခံ ကောင်းသော လူတန်းစားပါတီတရပ် ရှိအပ်သည်ဟု ယူဆပြီး ယခုလက်ရှိ (CPB) ကို ၁၉၃၉၊ ဩဂုတ်လမှာ စတင်ဖွဲ့စည်းခဲ့သည်။ ဒုတိယ ဗမာ့တော်လှန်ရေး တွင် ခွန်အားစွမ်းအင်ရှိသော အမျိုးသားလက်နက်ကိုင် စစ်တပ်ကြီးတရပ် ရှိရမည်ဆိုပြီး ၁၉၄၀–၄၁ မှာ လက်ရှိဗမာ့တပ်မတော်ကြီးကို စတင်ထူထောင် ဖွဲ့စည်းပေးခဲ့သည်။ တတိယ နယ်ချဲ့နှင့် ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ပြီး လွတ်လပ်ရေးကို ရယူရန်အတွက်လည်းကောင်း၊ လွတ်လပ်ပြီး တိုင်းပြည် တည်ဆောက်ရန်လည်းကောင်း၊ တိုင်းပြည်ညီညွတ်ဖို့ လိုသည်ဆိုပြီး အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုကြီးများ ဖွဲ့စည်းခဲ့ခြင်းတို့ ဖြစ်ပါသည်။

ဗိုလ်ချုပ်က ညီညွတ်ရေးသည် တိုင်းပြည်၏ အင်အားဖြစ်သည်။ တော်လှန်ရေးတလျှောက်လုံးအတွက် ပင်မအုတ်မြစ်ဖြစ်သည်။ လွတ်လပ်ရေး အတွက်သာမက လွတ်လပ်ပြီးတိုင်းပြည်သစ် ထူထောင်ရေးတလျှောက်လုံးလည်း လိုအပ်သည် ပြန်လည်ထူထောင်ရေးမှာဖြစ်စေ၊ တိုင်းပြည်ကာကွယ်ရေးမှာ ဖြစ်စေ အားလုံးမှာ ညီညွတ်ရေးရှိဖို့လိုသည်။ ညီညွတ်ရေးသည်ထာဝရနှင့် အရာရာမှာလိုအပ်သည့် သဘောများပြောကြားခဲ့ပါသည်။ နောက်ကျဆုံးခါနီး ဇူလိုင် (၁၃) ရက်မှာပင် ညီညွတ်ဖို့ပြောသွားပါသေးသည်။ သူ့မိန့်ခွန်းများစွာတွင် ညီညွတ်ရေးအရေးကြီးမှုကို များစွာပြောခဲ့ပါသည်။

ညီညွတ်ရေးအတွက် ဗိုလ်ချုပ်၏ဆောင်ရွက်ခဲ့ပုံများကို ပြန်ကြည့်လျှင် ပထမဆုံး ဒုတိယကမ္ဘာစစ်ကြီးစချိန် နယ်ချဲ့တော်လှန်ရေးအတွက် ၁၉၃၉ ခုနှစ်တွင် မြန်မာတိုင်းရင်းသားအရင်းရှင်များ အဓိကဖြစ်သော ဗမာ့ထွက်ရပ်ဂိုဏ်း အဖွဲ့ကြီးကို တို့ဗမာအစည်းအရုံးကြီးကို အခြေခံ၍ ဖွဲ့စည်းခဲ့သည့် နောက် ၁၉၄၄ ဩဂုတ်လတွင် ဖက်ဆစ်တော်လှန်ရေးအတွက် ကွန်မြူနစ်ပါတီတို့နှင့်တွဲ၍ ဖဆပလအမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီး ဖွဲ့စည်းခဲ့သည်။ နောက်ဗမာ့လွတ်လပ်ရေးနှင့် အနာဂတ်အရေးအတွက် မြန်မာတိုင်းရင်းသားလူမျိုးစုတို့နှင့် သွေးစည်းညီညွတ်ရေး ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ဖေဖော်ဝါရီမှာ ချုပ်ဆိုနိုင်ခဲ့သည်။ လူမျိုးစုကြီးတစုဖြစ်သော ကရင်အမျိုးသားတို့နှင့်မူ ၁၉၄၅–၄၆ ကတည်းက ကရင်အမျိုးသား လက်နက်ကိုင်တပ်ရင်းတရင်း ဖွဲ့ပေးပြီး စတင်စည်းရုံးနိုင်ခဲ့ပါသည်။

ဗိုလ်ချုပ်ဟာ တိုင်းပြည်စည်းလုံး ညီညွတ်ရေးအတွက် သူ၏ဆန္ဒပြောဆိုချက်နှင့် လုပ်ဆောင်ချက်များကြောင့် မြန်မာ့သမိုင်းပညာရှင်များက ချီးကျူး ခဲ့ကြသည်။ ဗြိတိသျှလူမျိုးသမိုင်းပါမောက္ခ လု(စ်)က ၁၉၄၈ လောက်က ပြောခဲ့သည်မှာ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့သမိုင်းတွင် စတုတ္ထမြောက် တနိုင်ငံလုံးကို စည်းလုံးသွားနိုင်သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ သူ့အရင် (၃) ဦးမှာ ပထမ ဘုရင်နော်ရထာ (AD ၁၀၄၄–၁၀၇၇) ဒုတိယ ဘုရင်နောင်ဘုရင် (AD ၁၅၅၀–၁၅၈၁) တတိယ ဘုရင် အလောင်းဘုရား (AD ၁၇၅၂–၁၇၆၀) တို့ဖြစ်သည်။ စတုတ္ထမှာ ဗိုလ်ချုပ်အောင်ဆန်း (AD ၁၉၁၅–၁၉၄၇) ဖြစ်သည်ဟု ချီးကျူးခဲ့ကြသည်။ ထို့အပြင် ဗိုလ်ချုပ်သည် လက်ရုံးရည်နဲ့မဟုတ် နှလုံးရည်နဲ့သာ တည်ဆောက်သည်ဟုလည်း ပြောကြသည်။ တချို့သမိုင်း ဆရာများက ပြောကြသေးသည်မှာ ဗမာနိုင်ငံတွင် ငြိမ်းချမ်းစွာနှင့် လူမျိုးစုအားလုံးကို ပါဝင်အောင် စည်းရုံးပြီးနိုင်ငံတည်ဆောက်နိုင်သူမှာ ကျန်စစ်သားဘုရင်က လွဲလျှင် ဗိုလ်ချုပ်အောင်ဆန်းတဦးတည်းသာ ရှိသည်ဟု ဆိုကြပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တော်လှန်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို သိပ်လိုလားပြီး ရအောင်လဲ တည်ဆောက် ခဲ့သူ၊ တည်ဆောက်နိုင်သူ ဖြစ်သည်။ ၎င်းသည်မှာလည်း သူလုပ်ကြံခံရသော အကြောင်းရင်းတခု ဖြစ်သည်ဆိုသည်ကို ရေးခဲ့ပြီးဖြစ်ပါသည်။ ၎င်းကဲ့သို့ အမျိုးသားစည်းလုံး ညီညွတ်ရေးကို တလျှောက်လုံး လိုလားတည်ဆောက်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားညီညွတ်ရေးကို ပြိုကွဲရေးဖြစ်စေမည့် ကွန်မြူနစ်များ တောခိုမည့်အရေးကို မည်သို့မှုလိုလားမည်မဟုတ် နည်းလမ်းရှိသမျှကာကွယ်မှာ ဖြစ်ကြောင်းရှင်းလင်းစွာ မြင်နိုင်ပေသည်။ ၎င်းသည်မှာ ပထမအကြောင်းရင်း ဖြစ်ပါသည်။

ဒုတိယအကြောင်းရင်းမှာ ဗိုလ်ချုပ်၏ ဒီမိုကရေစီစိတ်ဓာတ် ဖြစ်ပါသည်။ ဗိုလ်ချုပ်သည် သူရသတ္တိရှိပြီး မိမိကိုယ်မိမိယုံကြည်သူလည်းဖြစ်ကာ နိုင်မာသည့်စာရိတ္တနှင့် တရားမျှတစိတ်ဓာတ်ရှိသူ၊ အချုပ်မှာ ဒီမိုကရေစီစိတ်ဓာတ် အပြည့်အဝ ရှိသူဖြစ်သည်။ သူ့မိန့်ခွန်းများအရ ဘယ်လိုဗမာပြည်မျိုး တည်ဆောက်လိုသည် ဆိုရာမှာ လွတ်လပ်ပြီးနောက် တည်ဆောက်မည့်နိုင်ငံ၏ အခြေခံ (၃) ချက်ကို ပြောခဲ့သည်။ စီးပွားရေးနှင့် ယဉ်ကျေးမှုအရ ဆင်းရဲခြင်း ပပြောက်တဲ့ ခေတ်မီနိုင်ငံတော်သစ်ဖြစ်ဖို့ နိုင်ငံရေးအရဒီမိုကရေစီကျဖို့နှင့် တတိယမှာ တည်ငြိမ်အေးချမ်းသော နိုင်ငံဖြစ်ဖို့ဟူသော အချက် (၃) ချက်ကို ဦးတည်ပြီးပြောခဲ့သည်။ ၁၉၄၅ ခုနှစ် စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များအစည်းအဝေးတွင် ပြောသည်မှာ "ဒီမိုကရေစီဝါဒသာလျှင် လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာငြိမ်းချမ်းရေးကို အားပေးတယ်။ ဒီဝါဒကိုသာ ကျနော်တို့ရည်ရွယ်တယ်။" လို့ပြောခဲ့သည်။ ဗိုလ်ချုပ်တို့ ခေါင်းဆောင်များသည် ၁၃ဝဝပြည့် (၁၉၃၈–၃၉) ကာလမှစ၍ ဗမာ့တော်လှန်ရေးလမ်းကြောင်းကိုသုံးဆင့်ခွဲ၍ ညွှန်ပြခဲ့သည်။ ပထမအဆင့်က လွတ်လပ်ရေး၊ ဒုတိယအဆင့်က ဒီမိုကရေစီရေး၊ တတိယအဆင့်ကျမှ ဆိုရှယ်လစ်ရေးဖြစ်သည်။ ဗိုလ်ချုပ်သည် ပထမအဆင့် လွတ်လပ်ရေးကိုသာ အကောင်အထည်ဖော်နိုင်ပြီး ဒုတိယအဆင့် ဒီမိုကရေစီရေးအတွက် မိန့်ခွန်းများသာ အဓိကပြောခဲ့နိုင်ပြီး ကွယ်လွန်ခါနီး တစိတ်တပိုင်း အာဏာရခဲ့သည့် ကာလအတွင်းတွင်သာ ဒီမိုကရေစီလုပ်ဟန်တချို့ ပြသွားနိုင်ခဲ့ပါသည် ဗိုလ်ချုပ်သည် ဂျပန်ဖက်ဆစ်စိုးမိုးထားသည့် ကာလမှာပင် ဒီမိုကရေစီတိုက်ပွဲဝင်ခဲ့သည်။ ၁၉၄၃ ဩဂုတ်လ (၁) ရက် ဂျပန်က လွတ်လပ်ရေးအတု ပေးသည့်အပေါ် ဒီမိုကရေစီနှင့် မကိုက်ညီသော လွတ်လပ်ရေးမျိုးဖြစ်သည် ဆိုသည်ကို အခွင့်ကြုံတိုင်းတလျှောက်လုံး ပြောခဲ့သည်။ အပြင်းအထန်ဆုံးပြောသည်မှာ ၁၉၄၃ ခုနှစ်ကုန်ခါနီး ကိုယ့်မင်းကိုယ်ချင်း (ချာချီလမ်း) အာရှလူငယ်များအစည်းအရုံးတွင် လူငယ်ခေါင်းဆောင်တွေနှင့် စစ်ဘက်ခေါင်းဆောင်တွေကို ပြောသည့်မိန့်ခွန်း ဖြစ်သည်။ ဘာလုပ်ကြမည်နည်း ဆိုသည်ကို ညွှန်းသည့်သဘောလဲ ပါပါသည်။ ဗိုလ်ချုပ်၏ ဒီမိုကရေစီ

ကြေးကြော်သံမှာ "လူအများဆုံးအတွက် အကောင်းဆုံးအကျိုးပြုနိုင်မယ့် လူများစုကကြိုးကိုင်နိုင်တဲ့ ဒီမိုကရေစီ"ဟု အကြိမ်ကြိမ်ပြောခဲ့သည်။ နောက်တနေရာမှာ ပြောသည်မှာ "လူတန်းစားတွေ ကွဲနေသမျှကာလပတ်လုံး အားလုံးအတွက်ကောင်းမယ့် ဒီမိုကရေစီမဖြစ်နိုင်သေးဘူး ဒါပေမဲ့ အစိုးရကလူများစု ဆင်းရဲသားတွေကိုပင်းတဲ့ ဒီမိုကရေစီမျိုး ဖြစ်ရမယ်။" ဟုပြောခဲ့သည်။ "အနောက်တိုင်းဒီမိုကရေစီလို အရင်းရှင်လူတန်းစား တဦး တည်းကသာ ကြိုးကိုင်တဲ့ဒီမိုကရေစီမျိုးမဟုတ်ဘဲ လူများစုဖြစ်တဲ့ အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားများ အခြေခံပြီး အမျိုးသားအရင်းရှင်များပါ ပါဝင်တဲ့တပ်ပေါင်းစု ဒီမိုကရေစီမျိုးလိုတယ်" ဟုလည်း တနေရာမှာဆိုခဲ့ပါသည်။ "ဂျပန်ပြည်မှာလို စစ်ဘက်က လက်ဝါးကြီးအုပ်ပြီး တိုင်းပြည်လွှတ်တော်က ဘာမှအစိုးမရတဲ့ စစ်အာဏာရှင်ဝါဒမျိုး မရှိအောင် စစ်ဘက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးနိုင်ခွင့်ရှိရမယ်။ နောက်လွတ်လပ်စွာ ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စီတန်းလမ်းလျှောက်ခွင့်များ ရှိရမယ်" ဟုလည်း တကြိမ်မကပြောဖူးပါသည်။ နောက် ဂျပန်မှာ စစ်ဝါဒလွှမ်းလို့ အာရတိုက်ကြီးနှင့် သူ့တိုင်းသူပြည်သား လူထုကြီးပါ ထိခိုက်နစ်နာရပုံတွေလဲ မကြာခဏပြောခဲ့ပါသည်။

ဗိုလ်ချုပ်သည် ဒီမိုကရေစီလုပ်ငန်းကို အကောင်အထည်ဖော် မသွားနိုင်ခဲ့၊ အဓိကအားဖြင့် မိန့်ခွန်းများလောက်သာ ထားသွားနိုင်ခဲ့သည်။ သို့သော် ၁၉၄၆ – ၄၇ ခုနှစ်များအတွင်း တစိတ်တပိုင်းအာဏာအတွင်း ခေတ္တ – လပိုင်းမျှ အာဏာကိုင်သွားရစဉ် သူ၏ဒီမိုကရေစီလုပ်ဟန်များ အများကြီးကို ကျနော်တို့ တွေ့ခဲ့ရပါသည်။ ပထမ မှာ သူ့ကိုပုဂ္ဂိုလ်ရေးအရပါ ပြင်းထန်စွာ တိုက်ခိုက်နေသော သခင်စိုး၏အလံနီကွန်မြူနစ်ပါတီ မတရားသင်း ကြေညာခံထားရမှုကို သူ့ဘုရင်ခံအမှုဆောင် အစိုးရအဖွဲ့ထဲ ၁၉၄၆ အောက်တိုဘာလလောက်က ဝင်ပြီးနောက် နိုဝင်ဘာ – ဒီဇင်ဘာလောက်တွင် တရားဝင် အသင်း အခွင့်အရေးများ ချက်ချင်းပြန်ပေးသည်။ ထိုကာလ အတောအတွင်းမှာလည်း စစ်ပြီးနောက် ထုတ်ထားသော ကာကွယ်ရေးဥပဒေများ ရုပ်သိမ်းပေးခဲ့ သည်။ ပြီးနောက် စစ်ကြီးအတွင်းက ဖြစ်ခဲ့သော အမှုမှုများကို ပလပ်ပစ်ရန် ဥပဒေပြုခဲ့သည်။ တိုင်းပြည်တွင်း ဆူပူထကြွမှုများကို လွတ်ငြိမ်းချမ်းသာခွင့်များ ကြေညာခဲ့သည်။

ဗိုလ်ချုပ်၏ မြင့်မားသော ဒီမိုကရေစီစိတ်ဓာတ်ကို ကျနော်တို့အားလုံး မြင်တွေ့နိုင်သည့် ထင်ရှားသော တချက်မှာ ဖက်ဆစ်တော်လှန်ရေးအပြီး ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားပြီးနောက် ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် စစ်တပ်အတွက် ကန္ဒီစာချုပ် ချုပ်ပြီးသည့်နောက်တွင် သူ့အနေဖြင့် တိုင်းပြည် အကျိုးကို စစ်သားဘဝထက် နိုင်ငံရေးဘက်ပိုလိုအပ်မည်ထင်ပြီး နိုင်ငံရေးဘက်သို့ ကူးပြောင်းသွားသည့်အခါ သူဖွဲ့စည်းတည်ထောင်ခဲ့သည့် တပ်မတော်အပေါ် သံယောဇဉ်နှင့် တပ်ကောင်းရေး စေတနာတွေသာရှိပြီး စစ်တပ်၏အခွင့်အရေး အရှိန်အဝါများကို သူ့နိုင်ငံရေးအတွင်း ဖွဲ့ယူအသုံးချခြင်းမရှိ သန့်သန့်ရှင်းရှင်းနှင့် ရိုးသားစွာ နိုင်ငံရေးဘက်သို့ ကူးပြောင်းသွားခြင်းကို မြင်တွေ့နိုင်ပေသည်။

အထက်ဖော်ပြပါ အချက်အချို့များကပင် ဗိုလ်ချုပ်၏ ဒီမိုကရေစီစိတ်ဓာတ် အဘယ်မျှ ရင့်သန်ခိုင်မာနေသည်ကို ပြဆိုနေပေသည်။ ထို့ကြောင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးအောက်တွင် ကွန်မြူနစ်တွေကို ဒီမိုကရေစီမပေးဘဲ ဥပဒေပြင်ပတောတွင်းတွန်းပို့မည့် လုပ်ရပ်များကို ကြည့်နေမည်မဟုတ်၊ မုချပင် ဖယ်ရှားပစ်မည်ဆိုသည်ကို အားလုံးသိမြင်နိုင်ပါသည်။ ဤသည်မှာ ကွန်မြူနစ်များ တောတွင်းမရောက်အောင် မုချကာကွယ်ဖယ်ရှားမည့် ဒုတိယအကြောင်း ဖြစ်ပါသည်။

တတိယအကြောင်းတချက်လည်း ကျနော့်စိတ်တွင် ရှိနေပါသေးသည်။ ထိုအကြောင်းမှာ **(CPB)** ပါတီသည် သူကိုယ်တိုင်ဦးဆောင်ပြီး ၁၉၃၉ ခုနှစ် ဩဂုတ်လ (၁၅) ရက်နေ့တွင် စတင်တည်ထောင်ပေးခဲ့သော ပါတီဖြစ်သည်။ သံယောဇဉ်တစုံတရာ ရှိနေနိုင်မှာကိုလည်း ကျနော်တို့ သိမြင်နိုင်သည်။ နောက် ဗိုလ်ချုပ်သည် ကွန်မြူနစ်ဝါဒနှင့် ကွန်မြူနစ်ပါတီအပေါ် ရန်သူကဲ့သို့ ဘယ်တုန်းကမှ သဘောမထားခဲ့၊ ထိုသို့ သဘောမထားရုံမျှမက အနာဂတ် ဗမာ့တော်လှန်ရေးနှင့် တည်ဆောက်ရေးတွင် ကောင်းမွန်ဖို့နှင့် စည်းလုံးညီညွတ်ကြရန်အတွက် လူငယ်လက်ဝဲသမားအချင်းချင်း စည်းလုံးညီညွတ်ကြရန် မကြာခဏ ပြောခဲ့ပေသည်။ ကျဆုံးခါနီး ဇူလိုင် (၁၃) ရက်နေ့က ထပ်ပြီးပြောခဲ့ပါသေးသည်။ ထိုကာလတော်လှန်ရေး၏ အခြေခံအင်အားဖြစ်သော လက်ဝဲသုံးပါတီ **CPB**, ဆိုရှယ်လစ်ပါတီ, ပြည်သူ့ရဲဘော်ပါတီတို့ကို ညီညွတ်စေရန် ကိုယ်တိုင်ရင်ကြားစေ့ အားထုတ်ပေးခဲ့သည်။ ဆက်ပြီး အားထုတ်မှာလည်း ဖြစ်ပါသည်။ ဤသည်တို့မှာ ဗိုလ်ချုပ်၏ ကွန်မြူနစ်များအပေါ် သံယောဇဉ်ရှိခြင်း၊ တိုင်းပြည်ကောင်းမွန်ရေးအတွက် များစွာအားထား မျှော်လင့်ခြင်း စသည့် ဗိုလ်ချုပ်၏ စိတ်ဓာတ်ဆန္ဒကို ပြခြင်းဖြစ်သည်။ ထို့ကြောင့် သူလုပ်ကြံခံရသည့် အကြောင်းရင်းတရပ်မှာ ကွန်မြူနစ်များနှင့် ပြန်ပေါင်းစည်းနိုင်သော အကြောင်း ရှိသည်ဟူသော အချက်ကြောင့်တကြောင်း ဖြစ်ခဲ့ရသည် မဟုတ်ပါလော။

ထိုသို့ကွန်မြူနစ်များကို ရန်သူလို ဘယ်တုန်းကမှ သဘောမထားဘဲ များစွာအကျိုးပြုနိုင်သည့်ဘက်သို့ မျှော်လင့်အားထားပြီး လက်ဝဲညီညွတ်ရေး ကိုယ် ကြိုးစားအားထုတ်နေသော ဗိုလ်ချုပ်သည် ကွန်မြူနစ်များ ကွဲပြဲလွင့်စင်ပြီး တောတွင်းလက်နက်ကိုင်လမ်းနှင့် ရန်သူအဖြစ်သို့ ရောက်သွားအောင် ဖန်တီးပြုလုပ်မှုများကို တွေ့ရှိရသော် အဘယ်မျှလျှင် မတားဆီးမကာကွယ်ဘဲ လစ်လျူရှုနေနိုင်မည်နည်း။ မုချပင် ကာကွယ်မည်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကွန်မြူနစ်များ တောခိုရသည့်အခြေအနေ ရောက်သွားသော် ဖြစ်လာနိုင်သောအချက်ကြီး (၃) ချက်ဖြစ်သည့် တိုင်းပြည်စည်းလုံးညီညွတ်ရေး ပြိုကွဲလာမှာကို လည်းကောင်း၊ တိုင်းပြည်ဒီမိုကရေစီ အားနည်းပျက်စီးရာ ကျမှာကိုလည်းကောင်း၊ စည်းလုံးညီညွတ်မှုရှိစွာ တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင်သွားနိုင်ဖို့ များစွာ မျှော်လင့်အားထားနေသည့် လက်ဝဲအင်အားစုလည်းဖြစ်ပြီး တိုင်းပြည်ရဲ့ အခြေခံအမာခံ အင်အားစုလည်းဖြစ်သည့် ကွန်မြူနစ်များ ပြွတ်ထွက်သွားရုံမက ရန်သူအဖြစ် ရင်ဆိုင်ရမှာကိုလည်းကောင်း တူးခါးစွာမလိုလားသည့် ဗိုလ်ချုပ်သည် ထိုကွန်မြူနစ်များ တောတွင်းရောက်ရေး တွန်းပို့လုပ်ဆောင်ချက်များကို မြင်တွေ့ရသော် မုချပင် မိမိစွမ်းအားကိုသုံးပြီး အစွမ်းကုန် ကာကွယ်သွားမှာသာ ဖြစ်သည်ဆိုသည်ကို ကျနော်တို့အားလုံး ယုံကြည်နိုင်ပါသည်။

ကွန်မြူနစ်များတွင် အဓိကဖြစ်သော **CPB** ပါတီ တောခိုရတဲ့ အခြေအနေမျိုးမရောက်အောင် တားဆီးနိုင်တဲ့ တိုက်ရိုက်နည်းလမ်းကတော့ ဗိုလ်ချုပ်သည် သူ၏ကြီးမားလှသော နိုင်ငံရေးအင်အားနှင့် ဩဇာနှင့် ထိုစဉ်ကာလက အရေးကြီးတဲ့ လက်ဝဲပါတီသုံးပါတီကြား ဝင်ရောက်ဖြန်ဖြေ တားဆီးရေး သာ ဖြစ်ပါသည်။

ထိုစဉ်က ဗမာ့နိုင်ငံရေးတွင် ဦးဆောင်လုပ်ကိုင်နေကြသော အဓိကပါတီများသည် လက်ဝဲသုံးပါတီ ဖြစ်ပါသည်။ ၎င်းတို့မှာ **CPB.** ဆိုရှယ်လစ် ပါတီနှင့် ပြည်သူ့ရဲဘော်ပါတီတို့ ဖြစ်ပါသည်။ ဗိုလ်ချုပ်ကိုင်တွယ်ရမည့် ထိုပါတီသုံးရပ်၏ ထိုကာလမှာ တည်ရှိနေသော အခြေအနေ သဘောသဘာဝကို

ပထမ ဖော်ပြလိုပါသည်။

ပထမ တောခိုကိစ္စ၏ မူရင်းဖြစ်နေတဲ့ **CPB** ပါတီ၏ ထိုစဉ်ကာလ အခြေအနေကို တင်ပြရသော်၊ သူတို့သည် လက်နက်ကိုင်တိုက်ပွဲ ဆင်နွဲလိုသော ပါတီမဟုတ်၊ သူတို့မှာ လူထုလူတန်းစား အခြေခံအားရပ်တည်မှု အတော်ကြီးကြီးရှိသော ပါတီဖြစ်သည်။ ၁၉၄၆ – ၄၇ ခုနှစ်များတွင် ၎င်းတို့၏ ဖြူးမြို့နှင့် ပျဉ်းမနားမြို့များမှာ ပြုလုပ်သည့် ညီလာခံ လူထုအစည်းအဝေးကြီးများဟာ သမိုင်းတွင်အကြီးဆုံး လူထုတက်ရောက်မှု အင်အားအကြီးဆုံးဟု ထိုစဉ်က ဆိုကြသည်။ ဒီမိုကရေစီ အတော်အတန်ရှိသည့်အောက်တွင် ငြိမ်းချမ်းစွာ လှုပ်ရှားခွင့်ရလျှင် မိမိတို့လမ်းစဉ်ကို တင်ပြပြီး အောင်မြင်အောင် ချီတက်သွားနိုင်မည် ဆိုသည်ကို ကောင်းစွာယုံကြည်သော ပါတီဖြစ်သည်။ ၎င်းတို့သည်ပြည်သူများ ကြီးစွာဒုက္ခမရောက်စေဘဲ သူတို့လမ်းစဉ်ကို ငြိမ်းချမ်းစွာ စည်းရုံးလှုပ်ရှားပြီး သဘာဝအရ ငြိမ်းချမ်းစွာ၊ အေးဆေးစွာ ဆောင်ရွက်သွားလိုကြသည်။ အောင်မြင်နိုင်သည်ကိုလည်း ယုံကြည်ထားသည်။ သို့ဖြစ်၍ သူတို့အလိုအလျောက် တောခို၊ လက်နက်ကိုင်၊ ပြည်တွင်းစစ်တိုက်ရေး မဖြစ်နိုင်ပါ။

ပြည်သူ့ရဲဘော်ပါတီမှာ အဓိကအများစုသည် တော်လှန်ရေးတွင်ပါဝင်ခဲ့သော ရဲဘော်ဟောင်းများဖြစ်သည်။ ဗိုလ်ချုပ်၏ပါတီဟုပင် ပြောနိုင်သည်။ ဗိုလ်ချုပ်စကားနားထောင်ပြီး ဗိုလ်ချုပ်သဘောမတူဘဲ ဘာမှုလုပ်မည့်ပါတီ မဟုတ်ပေ။ သူတို့အလိုအလျောက် တောခိုလက်နက်ကိုင်မည့် လမ်းစဉ်လည်း မရှိပေ။ **CPB** ကိုလည်း တောတွင်းမောင်းချရေးလမ်းသို့ ပို့မည်မဟုတ်။ သူ့ရပ်တည်ချက်အတွက် ဗိုလ်ချုပ်ရှိနေပြီးဖြစ်သည်။

ဗိုလ်ချုပ်ဤကိစ္စအတွက် ချုပ်ကိုင်ရမှာ အခက်ခဲဆုံးဖြစ်သော ပါတီမှာ ဆိုရှယ်လစ်ပါတီပင်ဖြစ်သည်။ ထိုပါတီမှာ ပြည်သူလူထုအတွင်း သူ့ဟာသူ ရပ်တည်နိုင်ဖို့ ပြည်သူလူထု ထောက်ခံမှု သိပ်မရှိလှသော ပါတီဖြစ်သည်။ ဤပါတီ၏သမိုင်းတလျှောက်မှာ ထင်ရှားသည့် ခေါင်းဆောင်တဦးဦးနှင့် အစိုးရအာဏာအတွင်း ဖက်ဆစ်ဆန်မှုအပေါ် အားထားရပ်တည်ခဲ့ရပေသည်။ ဗိုလ်ချုပ်ရှိစဉ် ဗိုလ်ချုပ်အား မှီခိုရပ်တည်ခဲ့ရသည်။ ဗိုလ်ချုပ်ကွယ်လွန်သောအခါ ဦးနုအား အဓိကမှီခိုပြီး တဖက်က နိုင်ငံရေးအာဏာဖြင့် ဖက်ဆစ်ဆန်မှုနှင့် ရပ်တည်ခဲ့ရသည်။ ၁၉၅၈ ခုနှစ် ဦးနုနှင့်ကွဲသောအခါ ၁၉၆၀ ပါလီမန် ရွေးကောက်ပွဲတွင် ပြည်သူတွေ၏ လုံးဝစွန့်ပစ်လိုက်ခြင်းခံရပြီး အာဏာမဲ့သွားသော မကြာခင်လပိုင်းအတွင်း ဗမာ့သမိုင်းဇာတ်ခုံပေါ်ကဆင်းပြီး ကွယ်ပျောက်သွားရသော ပါတီဖြစ်ပါသည်။

ထိုဆိုရှယ်လစ်ပါတီသည် ဗိုလ်ချုပ်ကွယ်လွန်ပြီးနောက် ဦးနုကိုတဖက်ကမှီခိုပြီး တဖက်ကဖက်ဆစ်အာဏာ တစိတ်တပိုင်းဖြင့် ရပ်တည်နေရသည်။ ပြည်သူလူထုအတွင်းတွင် **CPB** နှင့်ယှဉ်ပြိုင်ပြီး ရပ်တည်မနေနိုင်။ ဗိုလ်ချုပ်ကွယ်လွန်ပြီး တနှစ်အတွင်းမှာပင် **CPB** ကို ဖိနှိပ်လာသည်။ နောက်ဆုံး **CPB** ကို တောတွင်းမောင်းချရေး ဖြစ်စေသော ရန်ကုန်နှင့်တကွ တပြည်လုံးရှိ ကွန်မြူနစ်ပါတီဝင်များကို တပြိုင်တည်း အစုလိုက်အပြုံလိုက် ဖမ်းဆီးတော့သည်။ သို့သော်ခေါင်းဆောင်အများသည် မျိုးချစ်ပြည်ချစ်နှင့် လိုလားသူများ၏ ကြိုတင်သတင်းပေးမှုကြောင့် နာရီပိုင်းအတွင်း အချို့လည်း ညအိပ်နေရာမှ ထွက်ပြေးလွတ်မြောက်သွားပြီး တောတွင်းမှ မီးကျိုးမောင်းပျက်လက်နက်နှင့် ခုခံရသည်။ သို့ဖြင့် လူထုတွင်းမရပ်တည်နိုင်သော ဆိုရှယ်လစ်များသည် ဤနည်းဖြင့် **CPB** ကို တောတွင်းမောင်းချပြီး သောင်းကျန်းသူဆိုကာ ဆိုရှယ်လစ်လွှမ်းထားသော စစ်တပ်သို့လွှဲအပ်ဖိနှိပ် ပါတော့သည်။ ဤနည်းဖြင့် ဆိုရှယ်လစ်များသည် စစ်တပ်အားကိုး နယ်ချဲ့အားကိုးဖြင့် ပြည်တွင်းစစ်ကြီးကို ဖန်တီးလိုက်ပါတော့သည်။ ထိုကိစ္စကို ပုဂ္ဂိုလ်အရဦးဆောင် ဆောင်ရွက်သူမှာ ထိုစဉ်က ပြည်ထဲရေးဝန်ကြီးဖြစ်သော ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဦးကျော်ငြိမ်းပင်ဖြစ်သည်။ သူသည် ဗမာပြည် ပြည်တွင်းစစ်၏ ပုဂ္ဂိုလ်အရတာဝန်ခံနံပတ် (၁) ဖြစ်သည်။

အထက်ပါ အခြေအနေတွင် ဗိုလ်ချုပ်က ကွန်မြူနစ်များတောခိုရသည့် ဘဝမရောက်အောင်ဝင်ပြီး ဖျန်ဖြေတားဆီးရလျှင် မည်သို့ဖြစ်မည်နည်း။

– **CPB** က မိမိတို့အတွက် ပိုမိုဆိုးဝါးသည့် တောခိုရမည့်လမ်း မရောက်မည်မို့ ဗိုလ်ချုပ်ဝင်ရောက်ဖျန်ဖြေမှုကို ကြိုဆိုနာခံကြမှာမလွဲ ဖြစ်ပါသည်။

– ပြည်သူ့ရဲဘော်မှာလည်း သူတို့အနေနှင့် လက်နက်ကိုင်တောခိုဖို့မလို ဗိုလ်ချုပ်ဩဇာရှိပြီးဖြစ်၍ ဗိုလ်ချုပ်ဆန္ဒအတိုင်း ကွန်မြူနစ်များတောခိုရေး လိုလားကြမည် မဟုတ်ချေ။

– ဆိုရှယ်လစ်ပါတီသာ ဗိုလ်ချုပ်စကားနားမထောင် လိုသော်လည်း လက်တွေ့အရ ဗိုလ်ချုပ်ကို ဆန့်ကျင်ပြီးလုပ်ရေးမှာ များစွာအကျပ်တွေ့နေသည်။ ဆိုရှယ်လစ်တို့သည် **CPB** အပေါ်ပြင်းထန်စွာ ဖိနှိပ်လာပြီး နောက်ဆုံး တောခိုသွားရေး ဖြစ်စေသည့် တပါတီလုံးကို တပြိုင်နက်အစုလိုက်အပြုံလိုက် စီးနင်းဖမ်းဆီးမှုမျိုးကို ဗိုလ်ချုပ်ရှေ့မှောက်မှာ လုပ်ရဲကြမည် မဟုတ်ပေ။ ဗိုလ်ချုပ်ကလည်း အခြေအနေတင်းမာလာလျှင် မုချဝင်ရောက်တားဆီးမှာပင် ဖြစ်သည်။ ၎င်းဆိုရှယ်လစ်များသည် ဗိုလ်ချုပ်က ကွန်မြူနစ်များအပေါ် ရန်သူလိုသဘောမထားနိုင်သည်ကို အလွန်မကျေနပ်ကြပေ။ ထို့ကြောင့် ဗိုလ်ချုပ်တို့ လုပ်ကြံခံရစဉ်က ပထမ သခင်စိုး၏ အလံနီပါတီကပင် "ဒါဟာ ဆိုရှယ်လစ်တွေသတ်တာ" ဟူ၍ပင် ကြေညာဖူးသေးသည်။ ဆိုရှယ်လစ်တို့မှာ ဗိုလ်ချုပ်၏ ဖြန်ဖြေမှုကို မကြိုက်သော်လည်း စဉ်းစားရမည့်အချက် (၂) ချက်ရှိသည်။ ပထမက လက်ရှိ ၎င်းတို့၏ ရပ်တည်မှုမှာ ဗိုလ်ချုပ်ဦးဆောင်ထားသော ဖဆပလ အဖွဲ့ချုပ်တွင်းက ဗိုလ်ချုပ်ကိုမှီပြီး ရပ်တည်နေရသည်။

နောက်တချက်မှာ ဗိုလ်ချုပ်နှင့်ဆန့်ကျင်ပြီး တသီးတခြားရပ်တည်ရန် ၎င်းတို့သည် လူထုအခြေခံမရှိ၍ မဖြစ်နိုင်သောဘဝဖြစ်သည်။ နောက် ဗိုလ်ချုပ်သည် အင်အားကြီးမားပြီး ဩဇာကြီးလှသည်။ ဆန့်ကျင်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် မလွှန်ဆန်နိုင်ဘဲ ဗိုလ်ချုပ်ဖျန်ဖြေတားဆီးမည့် လမ်းကိုမုချလိုက်ရပေမည်။ သို့ဖြင့် ကွန်မြူနစ်များတောခိုမည့် အခြေအနေမျိုးမရောက်ရန် ဗိုလ်ချုပ်က မုချဖျန်ဖြေတားဆီးနိုင်ပေမည်။

ထို့ကြောင့် အထက်ပါမေးခွန်း (၁၂) အရ ကွန်မြူနစ်များ တောမခိုနိုင်အောင် ဗိုလ်ချုပ်က မုချကာကွယ်နိုင်မည် ဖြစ်သည်။

ကာကွယ်နိုင်သည့်နည်းလမ်းမှာ အထက်တွင် ကျနော်ဖော်ပြခဲ့သလို အဓိကအင်အားများဖြစ်သော **CPB** ၊ ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်ပါတီတို့အကြားဝင်ပြီး ဖျန်ဖြေတားဆီးသော နည်းလမ်းပင် ဖြစ်ပေသည်။

ဤသည်များမှာ ကျနော်နှင့် ဘီဘီစီသတင်းထောက်တို့ မေးမြန်းခန်းမှ ကျနော်ထုတ်ဖော်တင်ပြလိုသော အကြောင်းအရာတချို့ ဖြစ်ပါသည်။

ဤနေရာတွင် ကျနော်ရေးဖို့ကျန်ခဲ့သည့် ကိစ္စတခုရေးသားရပါဦးမည်။ ဗိုလ်ချုပ်မကွယ်လွန်မီက ကျနော့်ကို စေခိုင်းခဲ့သည့်ကိစ္စတခုရှိပါသေးသည်။ ထိုကိစ္စမှာ –

ဗိုလ်ချုပ်သည် ဖက်ဆစ်တော်လှန်ရေးပြီးနောက် သူစစ်တပ်ကထွက်ပြီး နိုင်ငံရေးဘက်ကူးပြောင်းလိုက်ရန် ဆုံးဖြတ်ပြီးနောက် တပ်မတော်ကို သူ့ကိုယ်စား ထိန်းသိမ်းအုပ်ချုပ်ရန် လွှဲအပ်ခဲ့ဖို့ ပုဂ္ဂိုလ်ကိုစဉ်းစား ရှာဖွေခဲ့သည်။ သူတည်ထောင်လာခဲ့သော တပ်မတော် အင်္ဂလိပ်တို့နှင့် ပေါင်းစည်းရသည့်

နောက်တွင် ဖောက်ဖောက်ပြားပြားတွေ ဖြစ်လာမှာအလွန်စိုးရိမ်ပုံရသည်။ ရာထူးစဉ်လာ ဝါစဉ်အရ ထိုစဉ်သူ့လက်အောက် ဒုစစ်သေနာပတိ ဖြစ်နေသော ဗိုလ်လက်ျာကိုသာ လွှဲအပ်ရမည်ဖြစ်ရာ ဗိုလ်လက်ျာအပေါ်နိုင်ငံရေးအရ စိတ်ချရမည်ဖြစ်သော်လည်း ကျမ်းမာရေးအရ ရေရှည်အတွက် စိတ်မချရဟု ထင်မြင်ပုံရပါသည်။ ထို့ကြောင့် နိုင်ငံရေးအရ မဖောက်မပြန်စိတ်ချရပြီး အများလေးစားခြင်းလည်းခံရကာ ပါတီအများနှင့်ဆက်ဆံရေးလည်း ကောင်းမွန်သော ကွန်မြူနစ်ပါတီခေါင်းဆောင် တဦးဖြစ်သော သခင်ဗဟိန်းကို စစ်တပ်အား သူ့ကိုယ်စားလွှဲအပ်ဖို့ စိတ်ကူးဆန္ဒဖြင့် ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် ခန့်မှန်းခြေ ၁၉၄၅ ဇူလိုင်လတွင်းလောက်ထင်သည် ဗိုလ်ချုပ်အောင်ဆန်း ကျနော့်ကိုခေါ်ပြီး သခင်ဗဟိန်းကိစ္စ သူ၏ဆန္ဒနှင့် ဆုံးဖြတ်ချက်ကို ပြောပြကာ သခင်သန်းထွန်းထံစေလွှတ်၍ သခင်ဗဟိန်းကို စစ်တပ်ကိုလွှဲရန် ပေးဖို့ရန်သွားတောင်းခိုင်းပါသည်။ ကျနော် သခင်သန်းထွန်းထံ သွား၍ ထိုကိစ္စကို ပြောပြပါသည်။

ထိုစဉ်ကာလက ကျနော်တို့ဗမာပြည်ကွန်မြူနစ်ပါတီမှာ ဘရောက်ဒါဝါဒဝင်နေရာ အနာဂတ်လွတ်လပ်ရေး တော်လှန်ရေးလုပ်ငန်းများမှာ စစ်ရေးအရ အကြမ်းဖက်လှုပ်ရှားမှုများမလိုဘဲ ငြိမ်းချမ်းစွာဖြင့် လူထုစည်းရုံးလှုပ်ရှားမှုဖြင့် အောင်မြင်နိုင်သည်ဟူသော အယူအဆစွဲမြဲစွာ ယုံကြည်နေသည့် ကာလဖြစ်ရာ စစ်တပ်လုပ်ငန်းအပေါ် ဒါလောက်အာရုံမထားတော့ဘဲ လူထုလူတန်းစား စည်းရုံးရေးသာ အဓိကအာရုံထားနေသော ကာလဖြစ်သည်။

သခင်သန်းထွန်းက ရှေ့မှာစစ်တပ်လုပ်ငန်းဟာ ဒါလောက်အရေးပါတော့မှာ မဟုတ်ပါ လူထုစည်းရုံးရေးသာ အဓိကဖြစ်ရာ ကိုဗဟိန်းမှာ အလွန်အရေးပါပြီး လူထုအတွင်းသြဇာကြီးသူ ဖြစ်သည်။ သူ့ကိုအရေးကြီးသည့် အလုပ်သမားသမဂ္ဂတွေ ကိုင်ခိုင်းဖို့စီစဉ်ထား၍ မပေးနိုင်ကြောင်းပြောပါသည်၊ စစ်တပ်ကို အစဉ်အလာရှိသည့် ခင်ဗျားတို့တွေပဲ တပ်မှာသြဇာရှိအောင် လုပ်ပြီးထိန်းသိမ်း သွားကြပါဟု ပြောပါသည်။

ကျနော်ထိုကိစ္စ ဗိုလ်ချုပ်ကိုပြန်အစီရင်ခံတော့ ဗိုလ်ချုပ်က ကိုဗဟိန်းမပေးနိုင်ရင် ဖြူးနယ်မှ ကွန်မြူနစ်ပါတီခေါင်းဆောင်တဦးဖြစ်သော သခင်သန်းမေရော မပေးနိုင်ဘူးလားဟု ထပ်မေးခိုင်းပါသည်။ သခင်သန်းထွန်းက သခင်သန်းမေကိုလည်း မပေးနိုင်ကြောင်း အကြောင်းပြန်ပါသည်။

ဗိုလ်ချုပ်လည်း အတော်စိတ်ပျက်သွားပုံရသည်။ နောက်ဆုံး ဗိုလ်မှူးကြီးလက်ျာကိုဘဲ သူ့ကိုယ်စားသူ့နေရာဆက်ခံဖို့ ရွေးချယ်ပြီး ဗြိတိသျှတို့အောက်တပ်မတော် ဒုစစ်ဆေးရေးအရာရှိချုပ်နေရာသို့ ဝင်ယူစေပါတော့သည်။ နောက်ဗိုလ်ချုပ်တို့ အစိုးရအဖွဲ့တွင်းဝင်လာသောအခါ ဗိုလ်ချုပ်သည် ကာကွယ်ရေးဝန်ကြီး တာဝန်ပါယူထားပြီး တပ်ကိုသူတဖက်က ထိမ်းသိမ်းသွားမည်ဟု စိတ်ကူးထားပုံရသည်ဟု ယူဆရပါသည်။

ထိုကိုဗဟိန်းကိစ္စကို ထိုစဉ်က ဆိုရှယ်လစ်များသိသွားပုံရသည်။ ဗိုလ်အောင်ကြီးက ဗိုလ်နေဝင်းထံပေးစာများတွင် ထိုကိစ္စပါလာပြီး ဆိုရှယ်လစ်တွေ မကျေမနပ်ဖြစ်ပုံကို ၁၉၈၈ ဝန်းကျင်က ဖတ်ရှုလိုက်ရပါသည်။

ဤသည်မှာ ဗိုလ်ချုပ် မကွယ်လွန်မီက ကျနော်အားစေခိုင်းခဲ့သည့် ကိစ္စတခု ဖြစ်ပါသည်။

ဗိုလ်ချုပ်က ကျနော့်အားပညာပေးခဲ့သည့် ကိစ္စတခုလည်း ရှိပါသေးသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ (၀၂) ရက် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် နောက် ၁၀ နှစ်ကြာလျှင် ရှမ်းပြည်အနေနဲ့ ခွဲထွက်ချင်ခွဲထွက်ခွင့်ပြုမည်ဆိုသောအချက်အပေါ် ကျနော်က ဗိုလ်ချုပ်အားမေးမြန်းကြည့်ရာတွင် ဗိုလ်ချုပ်က ကဲ မင်းဗမာပြည်မြေပုံကိုကြည့်စမ်း တို့လွတ်လပ်ရေးရတဲ့အခါ ရှမ်းပြည်မပါရင် တို့မြေပုံဘယ်လိုဖြစ်သွားမလဲ ဒါကြောင့် လွတ်လပ်ရေးယူတဲ့အခါ တပေါင်းတစည်းထဲရဖို့လိုတယ်။ ဟုပြောပြဆွေးနွေးပြီး ထပ်၍ပြောပြသည်မှာ တို့တတွေက ငါးနှစ်စီမံကိန်း ၂ ခုလောက်လုပ်ပြီး နိုင်ငံကိုတည်ဆောက်ပြရင် တို့တတွေနဲ့အတူနေချင်လာမှာပါကွာ ဟုလည်းနှစ်သိမ့်ပြောဆိုပါသည်၊ ဗိုလ်ချုပ်ကဆိုလိုသည်မှာ (ငါးနှစ်စီမံကိန်း ၂ ခု) ၁၀ နှစ်ကြာ တိုင်းပြည်တည်ဆောက်ရေးကို အတူတကွလုပ်ဆောင်ကြပြီးရင် ခွဲထွက်ချင်မှာမဟုတ်တော့ ဟုဆိုလိုပါသည်။

ထို့ပြင် ဗိုလ်ချုပ်လုပ်ကြံမခံရမီကလေးမှာပင် လွတ်လပ်ရေးအတွက် အပြင်းအထန် ဆွေးနွေးညှိနှိုင်းနေစဉ် ကျနော်နှင့်တွေ့စဉ် ပြောသည်မှာ လွတ်လပ်ရေးအတွက်တော့ အစအဆင်ပြေနေတာပဲ ဘာတွေဖြစ်လာအုံးမလဲတော့ မသိဘူးကွာ ဟူ၍ဖြစ်ပါသည်။ ကျနော့်စိတ်တွင် စဉ်းစားမိသည်မှာ ဗိုလ်ချုပ်သည် အင်္ဂလိပ်နယ်ချဲ့သမားအား သိပ်ယုံကြည်မှုမရှိလှဘဲ တစုံတခုအပေါ် စိတ်နည်းနည်းလေးနေပုံရသည်ဟု ထင်မြင်ခဲ့မိပါသည်။

ဤသည်များမှာ ဗိုလ်ချုပ်နှင့်ပတ်သက်၍ ကျနော်၏ ထိတွေ့ခံစားရချက်အချို့ ဖြစ်ပါသည်။

## သေနတ်ကိုင်ခြေလျင်တပ်ရင်း (၃) ရန်ကုန်မြို့သို့ပြောင်းရွှေ့ရခြင်း

ဗိုလ်ချုပ်တို့ကျဆုံးပြီးနောက် ရန်ကုန်မြို့ကို ထိန်းသိမ်းရန်အတွက် ကျနော်တို့ သေနတ်ကိုင်ခြေလျင် တပ်ရင်း (၃) ကို ရန်ကုန်သို့ရွှေ့ပြောင်းပြီး မြို့လုံခြုံရေးကို ပုလိပ်အဖွဲ့နှင့်တွဲ၍ ကိုင်ရပါသည်။

ထိုကာလတွင် ဗမာ့တပ်မတော် တပ်မှူးများနေရာကို အင်္ဂလိပ်များ မကိုင်တော့ဘဲ မြန်မာတိုင်းရင်းသားများကို လွှဲအပ်လာပါသည်။ ဗမာ့လွတ်လပ်ရေးပေးရန် ရက်နီးကပ်လာ၍ ဖြစ်ဟန်ရှိပါသည်။ ကျနော်မှာ တပ်ရင်း (၃) တပ်ရင်းမှူးဖြစ်လာပြီး ရာထူးလည်း ဒုဗိုလ်မှူးကြီး (လက်ဖတင်နင်ကာနယ်) ဖြစ်လာပါသည်။

## ရခိုင်ပြည်နယ်ဆူပူ ပုန်ကန်မှု

၁၉၄၇ ခုနှစ်တွင် ဗမာပြည် ရခိုင်ပြည်နယ်တွင် ဗမာပြည်သခင်စိုးဦးစီးသော အလံနီကွန်မြူနစ်ပါတီ၏ အဖွဲ့ဝင်ဖြစ်ကြသော ဗုံပေါက်သာကျော်ဆိုသူနှင့် ဘုန်းတော်ကြီး ဆရာတော်ဦးစိန္တာတို့ ခေါင်းဆောင်သော ရခိုင်သူပုန်လှုပ်ရှားမှု ပေါ်ပေါက်နေပါသည်။

၎င်းတို့နှစ်ဦးသည် ၁၉၄၇ ခု ဧပြီလ၌ပြုလုပ်သော ရခိုင်ပြည်မြေပုံညီလာခံ နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် အစိုးရကို ဆန့်ကျင်ကာ ခင်ပွင့်အစိုးရထောင်ပြီး တောခိုကာ လက်နက်ကိုင်ပြောက်ကျားသူပုန်များ ဖြစ်လာကြသည်။

ရခိုင်ပြည်နယ်တွင် ဗမာ့တပ်မတော်မှ သေနတ်ကိုင်တပ်ရင်း (၅) နှင့် ချင်းတပ်ရင်းတရင်း ရှိနေရာ ၎င်းတို့ကို အင်္ဂလိပ်တပ်ရင်းမှူးများက ကိုင်ထားပြီး သူပုန်တွေကို လဲဗီးတပ်၊ ရဲတပ်တို့နှင့်ပူးပေါင်းကာ တိုက်ခိုက်နေပါသည်။

ရခိုင်ပြည်နယ်သူပုန်များ ကြီးထွားလာမှာစိုးသဖြင့် အစိုးရက နောက်ထပ်ယူအမ်ပီ တပ်ရင်းတရင်းနှင့် ဗမာ့သေနတ်ကိုတပ်ရင်း (၃) ကို ရခိုင်သို့ ထပ်ပို့ပြီး ကျနော့်ကို ရခိုင်ပြည်နယ်သူပုန်များကို နှိမ်နင်းရန် ရခိုင်ပြည်နယ် အစိုးရတပ်ပေါင်းစုမှူးအဖြစ် ခန့်အပ်ပြီး တာဝန်လွှဲပေးပါသည်။ ကျနော် ရခိုင်ပြည်နယ် သွားခါနီးတွင် ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းထံသွားတွေ့ပြီး ကျနော်၏ ရခိုင်ပြည်နယ်တာဝန်ကို ပြောပြပြီး ဘာများမှာကြားလိုပါသနည်း ဟုမေးပါသည်။ ကျနော်မှာ ကွန်မြူနစ်ပါတီဝင် ဖြစ်နေ၍ဖြစ်ပါသည်။

ဥက္ကဋ္ဌသခင်သန်းထွန်းလည်း အလုပ်အလွန်များနေပုံရပါသည်။ အထူးအထွေသိပ်မပြောတော့ဘဲ ရခိုင်ပြည်နယ် ကွန်မြူနစ်ပါတီခေါင်းဆောင် ရဲဘော်ကျော်မြထံသို့သာ စာတစောင်ပေးလိုသည်ဆိုပြီး ချက်ချင်းစာရေးပေးပါသည်။

ကျနော် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်သောအခါ စစ်အရာရှိတယောက်ကို ရဲဘော်ကျော်မြကို အခေါ်ခိုင်းပါသည်။ ရဲဘော်ကျော်မြ ရောက်လာသောအခါ သခင်သန်းထွန်း၏စာကိုပေးလိုက်ပြီး စကားအနည်းငယ်ပြောကာ ရင်းနှီးလာကြပါသည်။

၎င်းရဲဘော်ကျော်မြမှာ အခြားလူမဟုတ်ပါ။ ယခုအခါတရုတ်ပြည် ခွန်မင်းမြို့၌ ကျနော်တို့နှင့်အတူတကွ ရောက်ရှိနေသော ဦးကျော်မြပင်ဖြစ်သည်။ ယခုအခါ အသက် (၉၀) နီးပါးရှိပြီး ကျနော်တို့လူစုတွင် အသက်အကြီးဆုံးဖြစ်ကာ အားလုံးကဗိုင်း၍ လေးစားကြပါသည်။ ဦးကျော်မြသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ (ပေါလစ်ဗျူရို) နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် လူကြီးဖြစ်ပြီး သူနှင့်အတူမိသားစုပါ အတူရှိနေပါသည်။

ရခိုင်စစ်တွေတွင် ကျနော်နှင့် ဦးကျော်မြ အတော်ကြာ စကားစမြည်ပြောပြီး ပြန်သွားပါသည်။ ကျနော်က ရခိုင်တွင် မိမိ၏တာဝန်လုပ်ငန်းကိုလည်း ပြောပြလိုက်ပါသည်။ ကျနော့်ထံအကြောင်းရှိတိုင်း အချိန်မရွေးလာရန်လည်း ဖိတ်ကြားလိုက်ပါသည်။

ရခိုင်ပြည်နယ်သူပုန်များ ထကြွလှုပ်ရှားသည့်နေရာမှာ ပထမက ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပါသည်။ သူပုန်များမှာ တထောင်ကျော်မည် ထင်ပါသည်။ ကျနော့်လက်အောက်တွင် ဗမာ့တပ်တော်အမြဲတမ်း ခြေလျှင်တပ်ရင်း (၃) ရင်း၊ ယူအမ်ပီ (စစ်ရဲ) တပ်ရင်းတရင်း ပေါင်း အဓိကတပ်ရင်း (၄) ရင်းရှိနေပါသည်။ မိမိတပ်အင်အားမှာ ကောင်းစွာလုံလောက်ပါသည်။

ကျနော် ရခိုင်သူပုန်တိုက်နေစဉ် ဗိုလ်မှူးကြီး (ကာနယ်) ရာထူးသို့ တိုးမြှင့်ခြင်းခံရပါသည်။

ကျနော်သည် ရခိုင်ပြည်နယ်သူပုန်များကို ယခင်က အင်္ဂလိပ်များဦးစီးသော တပ်ရင်းများကတိုက်ခိုက်သလို "ဆန်စင်ရာ ကျည်ပွေ့လိုက်သလို" လိုက်ပြီးမတိုက်ဘဲ အကွက်ချပြီး စုစုစည်းစည်း အလုံးအရင်းနှင့် အနံ့အပြား၊ စေ့စေ့စပ်စပ် တိုက်ခိုက်သဖြင့် သူပုန်များ အခြေအနေပျက်ချက်မျက်ပြီး ပြေးလွှား၍သာနေကြရာက စိတ်ဓာတ်ကျဆင်းလာပြီး သူတို့၏ အဓိကအင်အားကို ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ရွှေ့ပြောင်းပုန်းအောင်းကြရန် အမြန်စီစဉ်ပြီး တောင်ပိုင်းသို့ လျှို့ဝှက်စွာ ချီတက်ရွှေ့ပြောင်းကြပါသည်။

အတန်ကြာသောအခါ သူပုန်များ တောင်ပိုင်းသို့ ပြောင်းရွှေ့ဆုတ်ခွာကြောင်း ကျနော်တို့သိလာသဖြင့် ကျနော်တို့တပ်များ တောင်ပိုင်းသို့ လိုက်ကြပါသည်။ သူပုန်များမှာ ခြေလျင်မြစ်ချောင်းများကို ဖြတ်ကျော်ပြီး ပင်ပန်းကြီးစွာ မိုင် (၁၀၀) ခန့်ချီတက်သွားကြရတာ ဖြစ်ပါသည်။ သူတို့အလွန်ပင်ပန်းကြပါသည်။ ကျနော်တို့တပ်များကမူ သင်္ဘောများ၊ မော်တော်ကားများစီးပြီး လိုက်ရသဖြင့် မပင်ပန်းဘဲ မြန်ဆန်ပါသည်။

ထို့ကြောင့် ရခိုင်သူပုန်များ တောင်ပိုင်းရောက်ပြီး ချက်ချင်းလိုပင် ကျနော်တို့တပ်များက ထက်ကြပ်မကွာ တောင်ပိုင်းသို့ ရောက်ရှိလာပြီး လိုက်လံတိုက်ခိုက်နိုင်ပါတော့သည်။

ဤတွင် ရခိုင်ပျောက်ကြားသူပုန်များ များစွာအုံ့သြကြပြီး အကြီးအကျယ်စိတ်ဓာတ်များ ကျဆင်းကာ ပြေလွှားရှောင်တိမ်း နေကြရပါသည်။ နောက်ဆုံး ၎င်းတို့ပင်ပန်းလွန်း၍ တချို့အဖမ်းခံလက်နက်ချပြီး အများအပြားမှာ မိမိတို့၏သူပုန်လုပ်ငန်းကို စွန့်လွှတ်ကာ မိမိအိုးအိမ်ဇာတိသို့ ထွက်ပြေးတိမ်းရှောင်သွားကြသဖြင့် သူပုန်တပ်အလုံးအရင်းမှာ ပျက်ပြားသွားပါတော့သည်။ တချို့အနည်းငယ်မျှ ရခိုင်ရိုးမတောင်တန်းပေါ် တက်ပြေးကြသူများလည်း ရှိသည်ဟု ကြားရပါသည်။

အချုပ်မှာ ရခိုင်သူပုန်မှာ ပြိုကွဲပျက်စီးသွားသလောက် ဖြစ်သွားပါသည်။ ကျနော်တို့လည်း အသေးအဖွဲ့များကို လိုက်လံတိုက်ခိုက်နေရပါသည်။

ထိုအတွင်း ကျနော်မှတ်မိတာတခုမှာ သူပုန်များလိုက်ပြီး အနံ့အပြားတိုက်ခိုက်နေစဉ် ကျနော်တို့ရခိုင်ပြည်နယ် "မြေပုံမြို့နယ်" အတွင်း တိုက်ခိုက်နေကြစဉ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ရောက်လာပြီး ဗမာပြည်လွတ်လပ်ရေး ကြေညာသံကို ကြားရပါသည်။

ကျနော်တို့သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်တွင် ကျနော်တို့ဘိုးစဉ်ဘောင်ဆက် လိုချင်တောင့်တပြီး တိုက်ပွဲဝင်ခဲ့ကြသည့် မြန်မာ့လွတ်လပ်ရေး ရပါတော့သည်။ ထိုစဉ် ကျနော်မှာ ဗိုလ်မှူးကြီးရာထူးနှင့် ဖြစ်နေပါသည်။

ရခိုင်သူပုန်တိုက်ပွဲပြီးဆုံးခါနီးတွင် ကျနော်မှာငှက်ဖျား ဝင်လာသည်ထင်ရသည်။ မကျန်းမမာဖြစ်လာ၍ စစ်တွေသို့ပြန်လာရပြီး ဆေးရုံတွင် လဲပါတော့သည်။

ကျနော့်ကျန်းမာရေးမှာ တိုးတက်ကောင်းမွန်မလာဘဲ ဆိုးဝါးလာသဖြင့် ရခိုင်မှ ရန်ကုန်သို့ ပြန်ပို့ပေးကြပါသည်။

ဗမာ့တပ်မတော် ဆေးမှူးချုပ်ဖြစ်သူ ကာနယ်ဦးမောင်မောင်ကြီးမှာ ကျနော်တပ်တွင်း၌ အားကြီးမာန်တက် ပြင်းထန်စွာအလုပ်လုပ်ပုံတွေကို သိရှိပြီး ကျနော့်ကို အချိန်မှန်လုပ်ဖို့၊ ကျန်းမာရေးနှင့်လျော်ညီစွာ စားသောက်နေထိုင်ဖို့ မကြာခဏသတိပေး ပြောကြားခဲ့သူဖြစ်ပါသည်။ ကျနော့်ကိုလည်း များစွာ ခင်မင်လေးစားသူ ဖြစ်ပါသည်။ တပ်မတော်တွင် ကျနော်သည် မရှိမဖြစ်လိုအပ်သူဟု ယူဆထားသူလည်း ဖြစ်ပါသည်။ (ကာနယ်ဦးမောင်မောင်ကြီးသည် ကျနော်တပ်မတော်မှ နောင်အခါထွက်ရသောအခါ ကျနော့်ထံလာရောက် တွေ့ဆုံလိုသော်လည်း မသင့်တော်၍မလာဖြစ်ထင်ပါသည်။ ကျနော်တပ်အပြင် ရောက်ပြီးနောက် ကျနော့်သားငယ် ထွန်းအေးကျော်ဇော (တွတ်တွတ်) ကွယ်လွန်သောအခါမှ ရျာပနမေး ကျနော့်အိမ်ရောက်လာပါသည်။ ကျနော့်အကြောင်းတွေကို မေးမြန်းသိရှိထားပုံရပါသည်။ ကျနော့်သမီးတယောက် ဆေးတက္ကသိုလ်တက်နေသည်ဟု ကြားရကြောင်းပြောသဖြင့် သမီးလှလှနှင့် မိတ်ဆက်ပေးလိုက်ရပါသည်။)

ကျနော်စစ်တွေမှ ရန်ကုန်ပြန်ရောက်သောအခါ ရန်ကုန်မြို့တွင် စစ်ဘက်ဆေးရုံမရှိသေးသဖြင့် ကာနယ်ဦးမောင်မောင်ကြီးက ကျနော့်ကို အရပ်ဘက် ရန်ကုန်ဆေးရုံကြီးသို့ တင်လိုက်ပါသည်။

ရန်ကုန်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဘသန်းတို့ကလည်း ကျနော့်ကို ဂရုစိုက်ကြပါသည်။

ကျနော်ရန်ကုန်ဆေးရုံကြီးရောက်မှ စစ်ဆေးကြည့်ရှုချက်များအရ ကျနော့်တွင် တီဘီအဆုတ်ရောဂါ စတင်ရှိနေပြီကို သိရပါတော့သည်။ ထိုစဉ် တီဘီရောဂါပျောက် ဆေးများလည်း မပေါ်သေးပါ။ ထိုခေတ်တီဘီရောဂါဖြစ်လျှင် ယခုခေတ် ကင်ဆာရောဂါလို သေခြင်းတရားကို တဖြည်းဖြည်း ရင်ဆိုင်ရတော့မည်ဟု သိထားရ၍ ကျနော်လည်းများစွာ စိုးရိမ်သွားပါသည်။

နောက်ကာနယ်ဦးမောင်မောင်ကြီးက ကျနော်နှင့်တွေ့ပြီး တီဘီရောဂါအတွက် သိပ်စိတ်မပူဖို့၊ ကောင်းကောင်းမွန်မွန် နေထိုင်စားသောက်ပြီး ဆေးဝါးကောင်းများ စားသောက်သွားလျှင် ရောဂါပျောက်ကင်း သက်သာသွားနိုင်ကြောင်း အားပေးစကား ပြောပါသည်။

ကျနော်ရန်ကုန်ဆေးရုံကြီးတွင် တလခန့်မျှနေရပြီး ကျန်းမာလာ၍ ဆေးရုံမှဆင်းခွင့်ရပါသည်။

ထို့နောက် တပ်မတော်ဆေးမှူးချုပ် ကာနယ်ဦးမောင်မောင်ကြီးက ကျနော့်ကိုဆေးခွင့် (၆) လ ရက်ရှည်ယူစေပြီး တီဘီရောဂါသက်သာစေသော ရာသီဥတုရှိသည့် မိတ္ထီလာမြို့တွင် သွားနေ၍ ကောင်းသော စားဆေး၊ ထိုးဆေးများကိုသုံးစွဲပြီး ကောင်းကောင်းအနားယူ စားသောက်နေထိုင်ဖို့ ပြောပါသည်။

ကျနော်သည် စစ်ပွဲတွင်းသေရမှာကို သိပ်မကြောက်ခဲ့သော်လည်း ယခုလိုတီဘီအဆုတ်ရောဂါနှင့်တော့ မသေချင်လှပါ။ တိုင်းပြည်တာဝန်တွေကို ဆက်ပြီးထမ်းဆောင်ချင်နေပါသည်။ ထို့ကြောင့် ဆေးဘက်က ညွှန်ကြားထားသည့်အတိုင်း ကျနော်အားလုံးကို လိုက်နာခံယူလုပ်ဆောင်ပါသည်။

ကျနော်သည် ဆေးခွင့် (၆) လယူပြီး မိတ္ထီလာမြို့သို့ ကျနော့်အိမ်ထောင်နှင့်အတူ သွား၍ တီဘီရောဂါ သက်သာရေးအတွက် အနားယူနေခဲ့ပါသည်။ ထိုအတွင်း နိုင်ငံရေးစာအုပ်များလည်း အတော်အတန်ဖတ်ချိန် ရလိုက်ပါသည်။

## တီဘီအဆုတ်ရောဂါ ကုသနေစဉ်အတွင်း အဖြစ်အပျက်များ

ကျနော်တီဘီအဆုတ်ရောဂါ ကုသနေစဉ် တိုင်းပြည်တွင်အရေးကြီးသော အဖြစ်အပျက်အချို့ ဖြစ်ခဲ့ပါသည်။

ထိုကာလအတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီက ယခု ၁၉၄၈ ခုနှစ် ဇန္နဝါရီလ (၄) ရက် လွတ်လပ်ရေးမှာ မစစ်မှန် မပြည့်စုံကြောင်း ဝေဖန်သုံးသပ်ချက်များ ကြားသိလာရသဖြင့် ထိုမပြည့်စုံသော လွတ်လပ်ရေးအတွက် များစွာစိတ်မကောင်း ဖြစ်ရပါသည်။

ထိုအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီမှ လွတ်လပ်ရေးအပေါ် ဝေဖန်မှုမှအစပြုပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဖဆပလအဖွဲ့မှ ဆိုရှယ်လစ်ပါတီတို့ အကြီးအကျယ် စကားများကြပြီး အာဏာရဆိုရှယ်လစ်ပါတီမှ ကွန်မြူနစ်ပါတီခေါင်းဆောင်များကို သိမ်းကြုံးဖမ်းဆီးသဖြင့် ကွန်မြူနစ်ခေါင်းဆောင်များ ရှောင်တိမ်းနေရသည်။

ထို့နောက်ပိုင်း ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်တို့က ဗိုလ်နေဝင်းနှင့်ပေါင်းပြီး လက်ဝဲညီညွတ်ရေးရဖို့ ပြန်ပေါင်းရေးကြိုးစားကြသောလည်း မရတော့ပေ။

ထို့ကြောင့် ကွန်မြူနစ်ပါတီမှ ကွန်မြူနစ်များအဖမ်းမခံဘဲ တောခိုရန်ညွှန်ကြားချက် ထုတ်ရသည်။ နောက်ဗမာ့တပ်မတော်တွင်းရှိ ကွန်မြူနစ်ပါတီဝင် အားလုံးကိုလည်း တောခိုကြရန် တောတွင်းကျမှ လက်နက်နှင့်ပြန်လည်ခုခံကြရန် ညွှန်ကြားသဖြင့် တပ်မတော်တွင်းရှိ ကွန်မြူနစ်များ ၁၉၄၈ ခုနှစ် ဩဂုတ်လတွင် တောခိုကြပါသည်။

သို့သော် ကျနော့်အတွက် ထိုတောခိုလက်နက်ကိုင်ရန် ညွှန်ကြားချက်မှာ အခက်အခဲကြီး ဖြစ်နေပါသည်။

ကျနော့်မှာ ဆီဘီအဆုတ်ရောဂါကြီး စွဲကပ်နေပြီး ဒီအတိုင်းတောခိုသွားခဲ့သော် တောတွင်းဆင်းရဲ ပင်ပန်းသောဒဏ်ဖြင့် မကြာမီအိပ်ရာထဲ ဘုန်းဘုန်းလဲပြီး မကျန်းမမာဖြစ်ကာ ဘာမျှလုပ်နိုင်မည်မဟုတ်ဘဲ နောက်မကြာခင်မှာပင် သေဆုံးသွားနိုင်သည်ဟု ကျနော်မြင်ပါသည်။

ထိုစဉ်က ကျနော့်အသက်မှာ (၃၀) ဝန်းကျင်မျှလောက်သာ ရှိသေးသဖြင့် သာမန်ရောဂါနှင့်လည်း မသေချင်သေးပါ။

တောတွင်းလိုက်သွားပြီး ကြာကြာဘာမှမလုပ်နိုင်ဘဲ မကြာခင်လူမမာကြီးဘဝ အဖြစ်လည်းမရောက်ချင်ပေ။

နောက်ဆုံး ထိုကိစ္စကျနော်များစွာ စိတ်ဆင်းရဲပြီးနောက် ကျနော်တောမခိုတော့ရန် စိတ်နာကြည်းစွာဖြင့် ဆုံးဖြတ်လိုက်ပါတော့သည်။

ယခုမှကျနော် ပြန်စဉ်းစားမိသည်မှာ ကျနော်ယခုလို ပါတီ၏ညွှန်ကြားချက်ကို မလိုက်နာ ပယ်လှန်ခဲ့သောကိစ္စမှာ အကြောင်းကြီး ၂ ချက်ကြောင့်ဟု ယူဆမိပါသည်။

ပထမနှင့် အဓိကအကြောင်းကြီးမှာ ကျနော့်တွင် မကျန်းမမာဖြစ်ပြီး သေသွားနိုင်သော တီဘီအဆုတ်ရောဂါကြီး ရှိနေပြီဖြစ်၍ သူများကိုဒုက္ခမပေးချင် ဒီရောဂါနှင့်လည်း မသေချင်၍တကြောင်း ဖြစ်ပါသည်။ ထိုအချိန်က ကျနော်၏ ဖခင်နှင့်ညီငယ်တဦးမှာလည်း တီဘီရောဂါများနှင့် ကွယ်လွန်ပြီးဖြစ်သည်။

နောက်တကြောင်းမှာ ကျနော်သည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီလူကြီးတဦး ဖြစ်နေသော်လည်း ကွန်မြူနစ်ပါတီအတွင်း ကလာပ်စည်းများတွင် ခနစ်တကျ စည်းကမ်းတကျ နေထိုင်ခဲ့ရခြင်းမရှိခဲ့ပေ။ တသီးပုဂ္ဂလိက ကွန်မြူနစ်ကြီးတယောက်လို နေထိုင်လာခဲ့ရသဖြင့် ကွန်မြူနစ်ပါတီ၏ စည်းရုံးရေး စည်းကမ်းများကို ကောင်းစွာမသိ မလေ့နက်ခဲ့ပေ။ ပေးသည့်တာဝန်ကို မလုပ်နိုင်သည့် အခြေအနေကြောင့် မလုပ်ဆောင်နိုင်ကလည်း ဤမျှအရေးမကြီးလှပဟု သာမန်နိုင်ငံရေးသမားတဦးလို တွေးခေါ်မိပါသည်။ အမှန်မှာ ဘာပဲဖြစ်ဖြစ်ညွှန်ကြားချက်အတိုင်း လိုက်နာရမည်ကို ဤမျှမလေးနက်ခဲ့ပေ။ ထို့ကြောင့်လည်း ကျနော်သည် ထိုအမှားကို ကျူးလွန်မိခဲ့ခြင်း ဖြစ်သည်။

ကျနော့်ကို ပါတီကခိုင်းသည့်အတိုင်း တောမခိုဘဲနေသဖြင့် တချို့ရဲဘော်များက ပါတီမှထုတ်ပစ်ရန် သခင်သန်းထွန်းကို တိုက်တွန်းသော်လည်း သခင်သန်းထွန်းက ကျနော့်ကို ပါတီမှမထုတ်ပစ်ပေဟု နောင်မှကျနော်သိရသည်။

ထို့နောက် ကျနော်ပါတီနှင့် အဆက်အသွယ်ပြတ်သွားပါတော့သည်။

## မြောက်ပိုင်းတိုင်းမှူး

ကျနော်ခွင့် ၆ လယူပြီး အနားယူ၍ ပြန်နေကောင်းလာသောအခါ ကျနော့်ကို မြောက်ပိုင်းတိုင်းမှူးအဖြစ် မေမြို့တွင် တာဝန်ခန့်လိုက်ပါသည်။

နောက် ၁၉၄၉ ခုနှစ်ဆန်းလောက်တွင် မြောက်ပိုင်းစစ်တိုင်းမှူးဖြစ်စဉ် စစ်ရုံးချုပ်၏အစီအစဉ်အရ ကရင်တပ်များ လှုပ်ရှားလာသဖြင့် မြောက်ပိုင်းရှိ ကရင်တပ်အချို့ကို လက်နက်ဖြုတ်ရသည်။ ထိုကိစ္စမှာ လွယ်သည်မဟုတ် ကရင်များက ကျနော့်အပေါ်ယုံကြည်သဖြင့် လက်နက်အပ်ကြသည်။ ကရင်တပ်သားများကိုမူ မေမြို့အချက်ပြတပ်ရင်းတွင် ထားသည်။ (ထို ကျနော် လက်နက်ဖြုတ်ပြီး ထိန်းသိမ်းခဲ့ဖူးသည့် ကရင်၊ ကချင်ရဲဘော်အချို့နှင့် ကျနော် နောင်နှစ်ပေါင်းများစွာ ကြာပြီးနောက် ပြန်လည်ဆုံတွေ့ကြရပါသည်။ သူတို့မှာ ဗိုလ်နော်ဆိုင်းတပ်နှင့်အတူ တရုတ်ပြည်ပါသွားပြီး ထိုမှတဆင့် ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်တော်လှန်ရေးဒေသ အရှေ့မြောက်စစ်ဒေသသို့ ပြန်လည်ရောက်ရှိလာပြီး ကျနော့်မှာလည်း ၁၉၇၆ ခုနှစ်မှာ တောခိုကာ ဗမာပြည်ကွန်မြူနစ်ပါတီသို့ ရောက်ရှိလာရာတွင် အရှေ့မြောက်စစ်ဒေသ ဌာနချုပ်ရှိရာ ပန်ဆန်းမြို့တွင် ပြန်လည်ဆုံစည်းမိကြပါသည်။)

ထိုအတွင်းမှာပင် မေမြို့လေယာဉ်ကွင်းမှ ဗိုလ်ချုပ်စမစ်ဒွန်း ဖုန်းဆက်သဖြင့် လေယာဉ်ပျံကွင်းဆင်းပြီး ဗိုလ်ချုပ်စမစ်ဒွန်းတို့ ဇနီးမောင်နှံကို သွားတွေ့ကာ ကျနော့်အိမ်သို့ ခေါ်လာရသည်။

ထိုမှသိရသည်မှာ ဗိုလ်ချုပ်စမစ်ဒွန်းသည် ကလောမြို့သို့သွားရန် ရန်ကုန်လေဆိပ်သို့ လာကြရာတွင် လေဆိပ်အနီးတွင် တစုံတဦးက သေနတ်ဖြင့် ချောင်းမြောင်း ပစ်ခတ်လုပ်ကြံခြင်း ခံရပါသည်။ ကံသီ၍ဘာမျှမထိခိုက်ဘဲ လွတ်မြောက်ခဲ့ရသည်။

ဤတွင် ဗိုလ်ချုပ်စမစ်ဒွန်းက စဉ်းစားမိသည်မှာ ယခုလိုသူ့အတွက် အန္တရာယ်များသောကာလတွင် မိတ်ဆွေမြန်မာ အရာရှိကြီး တဦးဦးကိုမှီခိုပြီး နေထိုင်မှုဖြစ်မည် စိတ်ကူးပြီ မှီခိုရမည့်သူအဖြစ် ကျနော့်ကိုရွေးချယ်ပြီး ကျနော်ရှိရာမေမြို့သို့ လာ ကြခြင်းဖြစ်သည်ဟု ဆိုပါသည်။ ကျနော်က ဝမ်းမြောက်ဝမ်းသာ လက်ခံပြီး ကျနော့်အိမ်တွင် ကြိုက်သလောက် နေရန်ပြောပြီး အိမ်တွင်ထားပါသည်။

ဗိုလ်ချုပ်စမစ်ဒွန်းတို့ ကျနော့်အိမ်တွင်နေစဉ် ကျနော့်သမီးငယ် စန်းစန်း ၁ နှစ်ခွဲရွယ် သမီးကိုသူအတော်ချစ်သည်။ ပါးဖောင်းကြီး ပါးဖောင်းကြီးဟု နံမည်ပေး၍ ခေါ်တတ် မြှူတတ်ပါသည်။ ကျနော့်သမီးအကြီး လှလှ ၃ နှစ်သမီးမှာ ဓာတ်ပုံးဆယ်မြို့တွင် ကျနော့်ယောက္ခမများနှင့် ကျန်ရစ်ခဲ့ပါသည်။

နောက်တနေ့တွင် ကရင်အရာရှိတချို့ ကျနော့်အိမ်ရောက်လာပြီး ဗိုလ်ချုပ်စမစ်ဒွန်းကို တွေ့လိုကြောင်း ခွင့်တောင်းပါသည်။ ကျနော်က ခွင့်တောင်းစရာမလိုပါ၊ တွေ့ချင်တာတွေ့ရပါတယ် ဟု ပြောပြီး ဗိုလ်ချုပ်စမစ်ဒွန်းရှိရာ အိမ်ပေါ်ထပ်သို့တက်သွားပြီး "ကရင်အမျိုးသား အရာရှိတချို့ ဗိုလ်ချုပ်ကိုလာတွေ့ပါတယ်။ ကျနော်သူတို့ကိုဧည့်ခန်းမှာ စောင့်ခိုင်းထားပါတယ်" ဟုပြောပြီးမှ "ကျနော်ကထပ်ပြောသည်မှာ ဗိုလ်ချုပ်ခင်ဗျား သူတို့က ဗိုလ်ချုပ်ကို ကျနော့်အိမ်မှာ ပမ်းဆီးထားတယ်လို့ ထင်မြင်နေပုံရပါတယ်။ မဟုတ်ကြောင်း ပြောပေးပါခင်ဗျာ" ဟု ပြောရပါသည်။ ဗိုလ်ချုပ်စမစ်ဒွန်းလည်း ဧည့်ခန်းဆင်းသွားပြီး ၎င်းအရာရှိတို့နှင့် ရယ်ရယ်မောမော စကားပြောနေသည်များကို ကြားရပါသည်။

နောက်ရက်အချို့ကြာသောအခါ ဗိုလ်ချုပ်စမစ်ဒွန်းက ကျနော်တို့အိမ်မှာ နေရတာအားနာလာ၍ သူတို့အတွက် အိမ်တလုံးရှာပေးပါရန် လေးလေးနက်နက် တောင်းဆိုလာပါသည်။ ကျနော်က ဒီကာလမှာ ဗိုလ်ချုပ်နှင့် ကျနော်အတူနေကြတာ နှစ်ဦးစလုံးအတွက် လုံခြုံကောင်းမွန်သည် ဗမာတချို့က ဗိုလ်ချုပ်ကိုလုပ်ကြံရန် ကြံစည်လျှင်ကျနော်ရှိနေ၍ ခက်မည် တဖန်ကရင်တချို့က ကျနော့်ကို လုပ်ကြံရန် ကြံစည်လျှင်လည်း တဖက်တွင် ဗိုလ်ချုပ်ရှိနေ၍ခက်မည် ထို့ကြောင့် ကျနော်တို့ ပိုလုံခြုံနိုင်ကြပါမည်။ ထို့ကြောင့် မပြောင်းရန်နှင့် အားမနာရန် ပြောပါသည်။

ထိုသို့ကျနော်တို့အပေါ် အားမနာဖို့ပြောသော်လည်း အတင်းသာပြောင်းဖို့ ဖိပြောလာသဖြင့် မြောက်ပိုင်းစစ်ဌာနချုပ်ရှိ အရာရှိရိပ်သာမှာ လူမရှိသဖြင့် ထိုရိပ်သာသို့ ပြောင်းနေဖို့ စီစဉ်ပေးရပါသည်။ အိမ်ထောင်ပရိဘောဂ အိုးခွက်တွေလဲ အသင့်ရှိသည့်နေရာ ဖြစ်ပါသည်။ ကျနော်က ညနေ ရုံးဆင်းတိုင်း သူတို့အိမ်ဝင်၍ နှုတ်ဆက်မေးမြန်း တတ်ပါသည်။ တညနေ ကျနော်ရောက်သွားစဉ် ဗိုလ်ချုပ်စမစ်ဒွန်းမှာ အတော်မျက်နှာမကောင်းပါ။ ကျနော်က ထုံးစံအတိုင်း နေထိုင်ကောင်းမကောင်း လိုအပ်တာရှိမရှိ မေးမြန်းပြီး ပြန်ထွက်လာကာ ကင်းစောင့်ရဲဘော်ကို ထိုနေ့က ဒီအိမ်ကိုဘယ်သူလာသလဲဟု မေးမြန်းစစ်ဆေးရာ ဗမာစစ်အရာရှိတဦးလာကြောင်း ပြောသဖြင့် ပုံပန်းသဏ္ဌာန်ပါ ဆက်မေးသောအခါ တပ်တွင်းမှ ဆိုရှယ်လစ်တပ်မှူးတဦး ဖြစ်နေပါသည်။ ထိုဆိုရှယ်လစ်တပ်မှူးက ဗိုလ်ချုပ်စမစ်ဒွန်းအား ဘာများပြောသွားသည်မသိပါ။ ဗိုလ်ချုပ်စမစ်ဒွန်းမှာ အတော်ပင်မျက်နှာပျက် နေရှာပါသည်။ ကျနော့်ကိုတော့ ဘာမျှပြောမပြပါ။

ထိုကာလတွင် ၁၉၄၉ ခုနှစ် ဇန္နဝါရီလကုန်ခါနီးတွင် တောင်ငူမြို့ကိုလည်းကောင်း၊ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် တောင်ပိုင်းတိုင်း အတွင်းရှိ အင်းစိန်မြို့ကိုလည်းကောင်း ကရင်အမျိုးသား ကေအင်ဒီအိုသူပုန်တပ်တို့က သိမ်းပိုက်လိုက်ကြောင်း သတင်းများထွက်ပေါ်လာပါသည်။

ထိုအတွင်း ကျနော့်အား ရန်ကုန်စစ်ရုံးချုပ်က ဆွေးနွေးဆင်းလာဖို့ ခေါ်သဖြင့် ကျနော်ရန်ကုန်ဆင်းသွားပါသည်။ စစ်ဦးစီးချုပ်မှာ ဗိုလ်ချုပ်စမစ်ဒွန်း မဟုတ်တော့ဘဲ ဗိုလ်ချုပ်နေဝင်းဖြစ်နေ၍ စစ်ရုံးချုပ်ရှိ ဗိုလ်ချုပ်နေဝင်းထံသွား၍ သတင်းပို့ပါသည်။

ဗိုလ်ချုပ်နေဝင်းအခန်းသို့ ကျနော်ရောက်ကြောင်း သတင်းပို့ရန် ဝင်သွားသောအခါ ဗိုလ်ချုပ်နေဝင်းမှာ လက်တဖက်က မြေပုံကြီးတချပ်ကို ကိုင်ထားပြီး လက်တဖက်က ကြက်ဥနှင့်ဘရန်ဒီရောထားသော အရက်ခွက်ကိုကိုင်ထားကာ မျက်နှာသုန်သုန်မှုန်မှုန်နှင့် (ကျနော်မှတ်မိသလောက်) ကျနော့်ကိုပြောသည်မှာ - ယခုအင်းစိန်ကိုကရင်သိမ်းလိုက်ပြီ။ အင်းစိန်တိုက်ပွဲကြီး ဖြစ်နေပြီ။ ခင်ဗျား တောင်ပိုင်းစစ်တိုင်းမှူး ဦးအောင်သင်းနေရာ အမြန်သွားလဲပြီး အင်းစိန်တိုက်ပွဲ တိုက်ပေတော့... ဆိုကာ သူကိုင်ထားသော မြေပုံကြီးကိုထိုးပေးပြီး ခဏအကြာ အခန်းမှထွက်သွားပါတော့သည်။

ကျနော့်မှာ ဗိုလ်ချုပ်နေဝင်းက တာဝန်လွှဲပေးသွားသဖြင့် တောင်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်ဦးအောင်သင်းထံမှ တာဝန်လွှဲပြောင်းယူရမည့်အကြောင်း ဆက်၍ရေးသားရမည်ဖြစ်ရာ ထိုအတွင်း ဗိုလ်မှူးချုပ်အောင်သင်းအကြောင်း ဟူသော ခေါင်းစဉ်ဖြင့် ကျနော်ရေးသားထားသော စာတမ်းတစောင်ကို ကျနော့်ဗိုင်တွဲဟောင်းတခုမှ ကျနော့်သမီးကြီး လှလှကတွေ့ရှိပြီး ကျနော့်ကိုပေးရာ ကျနော်ဖတ်ကြည့်သောအခါ ထိုစာတမ်းတွင် ကျနော်ရေးလိုသော အကြောင်းအရာများကို ပိုမိုပြည့်စုံစွာနှင့် ခိုင်လုံတိကျစွာ ရေးထားတာတွေ့ရပါသည်။ ထိုစာတမ်းကို ၁၉၈၁ ခုနှစ်က ဗမာပြည်ကွန်မြူနစ်ပါတီ မော်ကွန်းတိုက် အတွက် ရေးပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ထိုကိစ္စကို အသစ်မရေးတော့ဘဲ ပိုမိုပြည့်စုံနေသည့် ထိုစာတမ်းကို ကူးယူဖော်ပြလိုက်ပါသည်။

# ဗိုလ်မှူးချုပ်အောင်သင်းအကြောင်း

ဦးအောင်သင်း၏ဇာတိမှာ ကျနော့်ဇနီးအဆိုအရ ကျနော်တို့ဇာတိ သုံးဆယ်မြို့ဒေသကပဲဖြစ်ပြီး မိဘတွေမှာ မြေရှင်ကြီးမျိုးရိုးတွေဖြစ်ပါသည်။ ၎င်းတို့ညီအစ်ကိုတစုမှာ ပညာတတ်များဖြစ်ပြီး ဗြိတိသျှအောက် အစိုးရအမှုထမ်းကြီးများ ဖြစ်ခဲ့ပါသည်။ သူ၏ညီဦးတင်ထွန်းဆိုသူမှာ ခရိုင်ဂျက်ရှင်တရားသူကြီး တဦးဟု ကြားဖူးပါသည်။ ဗမာပြည်လွတ်လပ်ရေးရပြီးစ ပထမဆုံး အမေရိကန် သံအမတ်ကြီးဖြစ်သူ ဦးစိုးညွန့်မှာ သူ၏အစ်ကိုဖြစ်ပါသည်။ ဦးအောင်သင်း ကိုယ်တိုင်လည်း အင်္ဂလန်မှာ ဥပဒေပညာ သွားသင်ခဲ့သူ ဖြစ်သည်ဟု ကြားဖူးပါသည်။

ကျနော် ၁၉၃၆ – ၃၇ ခုနှစ်ကတည်းက ဗြိတိသျှအောက် ဗမာ့စစ်တပ်ထဲတွင် မေဂျာ (ဗိုလ်မှူး) ဦးအောင်သင်း ဆိုသူတဦးရှိကြောင်း သိထားပါသည်။ ၁၉၃၇ ခုနှစ် ပတ်ဝန်းကျင် ကျနော်ဒုရင်းမှူးဖြစ်စဉ် သူသည် စစ်တရားရုံးတခုတွင် ဥက္ကဋ္ဌအဖြစ် ကျနော့်တပ်အနီး တနေရာတွင် လာရုံးဖွင့်စစ်ဆေးသွားတာ သိခဲ့ရပါသည်။ လူချင်းတော့ မတွေ့လိုက်ရပါ။

၁၉၄၈ ဇန္နဝါရီ ဗမာ့လွတ်လပ်ရေးရသောအခါ ဗမာ့စစ်တပ်ကို ဗမာအစိုးရသို့ အင်္ဂလိပ်ကလွှဲစဉ် ဗမာပြည်တောင်ပိုင်း စစ်ဌာနချုပ်တိုင်းမှူးတာဝန်ကို ဗိုလ်မှူးချုပ်ရာထူးဖြင့် တာဝန်ပေးခြင်းခံရပါသည်။ ထိုစဉ်က မြောက်ပိုင်းတိုင်းမှူးမှာ ဗိုလ်ချုပ်နေဝင်း ဖြစ်သည်။ (ထိုစဉ်က ဗမာပြည်တွင် စစ်တိုင်း ၂ တိုင်း တောင်နှင့်မြောက်သာရှိ)

ကျနော်မိတ္ထီလာမှ ခွင့်ပြန်လာပြီးနောက် ၁၉၄၈ နောက်ဆုံးပိုင်းများတွင် ဗိုလ်မှူးကြီးရာထူးဖြင့် မြောက်ပိုင်းတိုင်းမှူး ဖြစ်လာပါသည်။

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလဆန်း (၁) ရက်နေ့တွင် အင်းစိန်မြို့ကို ကရင်များသိမ်းပြီးနောက် တိုက်ပွဲများစတင်ပါတော့သည်။ ထိုစဉ် အစိုးရက ကျနော့်ကို မြောက်ပိုင်းတိုင်းမှူး ဖြစ်နေရာက ရန်ကုန်သို့ဆင်းလာဖို့ ခေါ်ပါသည်။ ရန်ကုန်၌ ဦးစီးချုပ်ဗိုလ်နေဝင်းနှင့် တွေ့တွေ့ချင်း ကျနော့်ကို တောင်ပိုင်းတိုင်း စစ်တိုင်းမှူးခန့်လိုက်ပြီး ယခုချက်ချင်း ဦးအောင်သင်းနေရာ သွားလဲယူရန်နှင့် အင်းစိန်တိုက်ပွဲ တိုက်ရန် ညွှန်ကြားပါသည်။

ကျနော်ဝန်ကြီးချုပ်ဦးနုကို သွားတွေ့သတင်းပို့ပြီး မင်္ဂလာဒုံရှိ တောင်ပိုင်းစစ်ဌာနချုပ်ရှိ ဦးအောင်သင်း၏ ရုံးခန်းသို့ သွားပါသည်။ ဗိုလ်မှူးချုပ် ဦးအောင်သင်းမှာ သူ့စားပွဲမှာ မျက်နှာမကောင်းစွာနှင့် ထိုင်နေပြီး ကျနော်သူ့အခန်းထဲ ဝင်သွားတာနဲ့ "လာဗျို့… ခင်ဗျားကို ချက်ချင်းတာဝန်လွှဲဖို့ အမိန့်ရပြီးလို့ စောင့်နေတယ် "– ဟုပြောပါသည်။ ကျနော်က ဗိုလ်ချုပ်ရော ဘယ်သွားရမလဲ ဟု မေးတော့ သူခွင့်နှင့် အနားယူတော့မယ်ဟု ပြောသည်။

ဤတွင် ကျနော်စိတ်မကောင်းပါ။ များစွာလဲအားနာသွားပါသည်။ အသက်လည်း ကျနော့်ထက် ၁၀ နှစ်မျှကြီးပြီး ကျနော့်ထက် ရာထူးကြီးသူလည်း ဖြစ်၊ လူကြီးလူကောင်းတဦးလည်းဖြစ်လို့ ချက်ချင်းပင် – ဒီလိုတော့မကောင်းပါဘူး။ ဗိုလ်ချုပ်က တိုင်းမှူးအဖြစ် ဆက်လုပ်ပါ။ ကျနော်က ဗိုလ်ချုပ်အောက်မှာ တပ်မှူးကြီးတဦးအနေနဲ့ အင်းစိန်စစ်မျက်နှာ တာဝန်ယူပါ့မယ်ဟု ပြောကာ ဒီကိစ္စကျနော် အခုဘဲစစ်ရုံးပြန်သွားပြီး အမိန့်ပြင်ပေးဖို့ပြောမယ်ဆိုပြီး ရန်ကုန် စစ်ရုံးသို့ ချက်ချင်းပြန်ထွက်လာပါသည်။

စစ်ရုံးရောက်သောအခါ ဗိုလ်နေဝင်းကို မတွေ့ရတော့၍သူ့စစ်ဦးစီး (ပ) နှင့်သာ တွေ့ရတော့သည်။ (ထိုစဉ်က စစ်ဦးစီး (ပ) မှာ ဗိုလ်နေဝင်း၏ လက်ထောက်လိုပင် ဖြစ်သည်။) ကျနော်က ဦးအောင်သင်းကို ပြောခဲ့သလိုပင် အမိန့်ကိုပြင်ပေးရန် ပြောသောအခါ ဒါဟာ မဖြစ်နိုင်တော့ကြောင်း ကျနော့်ကို မြောက်ပိုင်းက ခေါ်စဉ်ကတည်းက ဤတာဝန်ကိုလွှဲပေးဖို့ အဓိုင်အမာဆုံးဖြတ်ပြီးမှ ခေါ်တာဖြစ်ကြောင်း ဒီနေ့ရုံးမဆင်းမီ တာဝန်လွှဲယူဖြစ်အောင်ယူပါဟု အတင်းအကျပ် ပြောပါတော့သည်။ ဘယ်လိုမှ ပြန်ပြင်ရန်ပြောမရတော့ပါ။ ကျနော် မင်္ဂလာဒုံသာ ပြန်လာခဲ့ရပါသည်။

ကျနော်စိတ်မကောင်းစွာနှင့် ပြန်လာပြီး ဦးအောင်သင်းအခန်း ရောက်သောအခါ သူ့ကိုမတွေ့ရတော့ဘဲ စားပွဲပေါ်တွင် ကျနော့်အတွက် စာတစောင် ရေးထားခဲ့ပါသည်။ သူထွက်သွားပြီဖြစ်ကြောင်း တာဝန်လွှဲစာကို သူလက်မှတ်ထိုးပြီး စားပွဲပေါ်မှာ တင်ထားကြောင်း စသာတွေရေးထားပါသည်။

ကျနော့်အထင် ကျနော်စစ်ရုံးက မင်္ဂလာဒုံပြန်လာစဉ် စစ်ရုံးကသူကို ဖုန်းဖြင့်အမြန်ထွက်သွားရန် အမိန့်ပေးလိုက်ဟန် တူပါသည်။ ကျနော်သူ့အိမ် ဖုန်းဆက်သော်လည်းမရပါ။ ဤသို့ဖြင့် ကျနော်လည်း တောင်ပိုင်းစစ်တိုင်းမှူးတာဝန်ယူပြီး အင်းစိန်တိုက်ပွဲ ဝင်ရပါတော့သည်။

ကျနော် ၁၉၅၃ ခု ဇူလိုင်လတွင် တရုတ်ဖြူတိုက်ဖို့အတွက် မြောက်ပိုင်းတိုင်းမှူးအဖြစ် မေမြို့ကိုပြောင်းရပြီးနောက် တရုတ်ဖြူတိုက်ရေး စီစဉ် ရပါသည်။ သို့အတွင်း သံလွင်အရှေ့ တောင်တန်းများအပေါ် စစ်ချီသောအခါ ကျည်ဆံပို့သယ်ယူနိုင်ဖို့ စစ်ပစ္စည်းများ အနည်းဆုံး အပေါ့ဆုံးသာ သယ်ဖို့ကိစ္စ ကျနော်စဉ်းစား တွက်ချက်နေမိပါသည်။ အဓိကအကြောင်းတခုမှာ လက်ရှိတပ်သားများအား ထုတ်ပေးထားသော စစ်သုံးသဏ္ဍာလပ်စောင်သည် ထူပြီးလေးလံ နေသဖြင့် နွေးလဲနွေးပြီးပေါ့သည့်စောင်ဆိုလျှင် ကျည်ဆံပိုသယ်နိုင်မည်ဖြစ်၍ မည်သူ့ကိုမေးမြန်းသင့်သနည်း ဆိုသည်ကိုစဉ်းစားသောအခါ ဒုတိယကမ္ဘာစစ်ပွဲ အတွင်းက ဝင်းဂိတ်၏ ထိုးဖောက်ပွဲကို သတိရမိသည်။ ထို့အပြင် ဝင်းဂိတ်နှင့် ထိုစဉ်က ဝင်းဂိတ်အနားတွင်ရှိသူ ဦးအောင်သင်းတို့ အကြောင်းကိုလည်း ဖတ်ဖူးထားတာ သတိရမိသည်။ ကျနော်တို့စစ်တပ်၏ ပထမဆုံး စစ်တိုင်းဖွံ့ဖြိုးရေးသိပ္ပံကျောင်းအုပ်ကြီး လုပ်ခဲ့သူ ဗိုလ်မှူးထွန်းမြတ် ရေးသော စာအုပ်ဖြစ်သည်။ ထိုစာအုပ်ငယ်ကို ကျနော်ဖတ်ဖူးတာ သတိရမိသည်။ (ဗိုလ်မှူးထွန်းမြတ်၏ ဇနီးမှာလည်း သုံးဆယ်မြို့သူဖြစ်၍ သူတို့နှင့် ဦးအောင်သင်း ဆွေနီးမျိုးစပ် တော်ဟန်ရှိ၍ ဂုဏ်ယူပြီး ထိုစာအုပ်ရေးပုံရသည်။) ထို့ကြောင့် ရန်ကုန်ဆင်းသည့်အခါ ဦးအောင်သင်းနှင့်တွေ့ပြီး ဝင်းဂိတ်နှင့်လိုက်ရစဉ် အတွေ့အကြုံများကို မေးကြည့်ဖို့ စိတ်ကူးမိပါသည်။

နောက်တရုတ်ဖြူကိစ္စအတွက် ရန်ကုန်ဆင်းလာသောအခါ ကျနော်ဗိုလ်မှူးထွန်းမြတ်ကို ရှာခေါ်ကာ ဦးအောင်သင်းထံ သွားကြပါသည်။ (စကားပြောဆို ဆွေးနွေးရင်း ဗိုလ်မှူးထွန်းမြတ်သည် မျိုးချစ်စိတ်နှင့် ဒီမိုကရေစီစိတ်ရှိသူဖြစ်ပြီး သုံးဆယ်ရှိ ကျနော့် ဆွေမျိုးများနှင့် သိကျွမ်းနေတာကိုလည်း သိလာရပါသည်။ ဦးအောင်သင်းအကြောင်း ရေးရာမှာလည်း ဗမာတဦးအကြောင်း မျိုးချစ်စိတ်နှင့် ရေးသည်ဟု ယူဆရပါသည်။)

ဦးအောင်သင်းအား အင်းစိန်ကြို့ကုန်းရှိ ဘုန်းကြီးကျောင်း တကျောင်းအနီးရှိ မြေစိုက်အိမ်ငယ်လေးတလုံးအတွင်း တွေ့ရပါသည်။ အရက် အလွန် အကျွံ သောက်မှုကြောင့် အရွယ်ရော ရုပ်ရည်ပါ ရင့်ရော်နေတာ တွေ့ရပါသည်။ သူသည် နောက်ကြောင်းဖြစ်ရပ်များကို ကောင်းစွာမပြောပြနိုင်တော့ပါ။ ဝင်းဂိတ်က ဗမာပြည်အကြောင်း ကောင်းကောင်းအကြံပေးနိုင်မည့် သူတယောက် သူ့အနားသို့ပေးရန်တောင်းသဖြင့် သူ့အနေဖြင့် ဝင်းဂိတ် အတွင်းရေးမှူးလို အနားကပ်လိုက်ရကြောင်း ဝင်းဂိတ်ဟာ ချင်းတွင်းမြစ်ကို လက်ပစ်ဖြတ်ကူးကြောင်း စတာတွေသာ ပြောပြပြီး တခြားကိစ္စများ မေးမြန်း မရတော့ပါ။ စောင်ကိစ္စမှာတော့ သူသတိရသလောက် ဩစတြေးလျ သဏ္ဍာလပ်စောင်အပါးတွေဖြစ်ကြောင်း သိခဲ့ရပါသည်။ အရာရှိများအတွက် ထုတ်ပေး

၁၈

သော စောင်အစိမ်း အပါးကလေးများဖြစ်ပြီး ပေါ့ပါးပြီး နွေးကြောင်းလဲ ပြောပါသည်။ သူကကျနော်တို့ကို လိုက်လိုက်လှဲလှဲ ညှော်ခံစကား ပြောရှာပါသည်။ တခြားလည်း သိပ်မေးမရတော့၍ ကျနော်တို့ ပြန်ခဲ့ရပါသည်။ သူ့ဘဝအတွက်လဲ စိတ်မကောင်းလှပါ။ (မှတ်ချက် – ဝင်းဂိတ်မှာ ၁၉၄၃ – ၄၄ ခုနှစ်အတွင်း မြန်မာပြည်မြောက်ပိုင်းသို့ ဝင်ရောက်လာသည့် ဗြိတိသျှတပ်မှ ဗြိတိသျှတပ်မှူးကြီး ဖြစ်သည်။)

ကျနော် စစ်တပ်အပြင်ရောက်ပြီး ၁၉၆၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စဉ်က အတွင်းရေးမှူးအဖြစ် လာကူညီနေတဲ့ သုံးဆယ်ဒေသသား ဆွေနီးမျိုးစပ်တော်သူတဦး ရှိပါသည်။ သူလည်းသုံးဆယ်ဇာတိသားချင်း ဖြစ်သဖြင့် ဦးအောင်သင်းနှင့်လည်း နီးစပ်သိကျွမ်းဟန် ရှိပါသည်။ သူက ပြန်ပြောပြသည်မှာ – ဦးအောင်သင်းက ကျနော့်အကြောင်း မကြာခဏပြောကြောင်း ပြောရာတွင်လည်း ဗိုလ်ကျော်ဇော အင်္ဂလိပ်တိုက်ခဲ့တာ သိပ်ကောင်းကြောင်း သိပ်မှန်ကြောင်းနှင့် ဗိုလ်ကျော်ဇောဟာ တကယ်ပဲစိတ်ထား ကောင်းမွန်သူဖြစ်ကြောင်း ပြောပြတတ်ပြီး အထက်တွင် ကျနော်ရေးခဲ့သည့် အတိုင်း သူနှင့် တာဝန်သွားလဲစဉ်က အဖြစ်အပျက်များကို ပြောပြတတ်သည်ဟု ဆိုပါသည်။ ဦးအောင်သင်းမှာ မူလက အင်္ဂလိပ်များအပေါ် လိုလားသူ ဖြစ်ခဲ့သော်လည်း အင်္ဂလိပ်ကို တိုက်တာမှန်ကန်ကြောင်း သိလာ၍တကြောင်း စိတ်နာစရာတွေ ရှိဟန်ရှိလို့လည်းတကြောင်း ဤကဲ့သို့ ပြောဟန်တူပါသည်။

၁၉၇၀ ဖြတ်ကက ကျနော့်အိမ်ဝင်ထွက်နေတဲ့ ပင်စင်စားဗိုလ်ကြီးဘကြိုင် ဆိုသူရှိပါသည်။ သူသည် ကျနော်တရုတ်ပြည်တိုက်စဉ် ကျနော်၏ အင်ဂျင်နီယာ အကြံပေးလဲဖြစ် အတွင်းရေးမှူးလည်းဖြစ်ခဲ့ပြီး အင်္ဂလိပ်တပ်ဟောင်းမှလည်း ဖြစ်ပါသည်။ တနေ့တွင် သူက ဦးအောင်သင်းကို ကျနော့် စမ်းချောင်းအိမ်သို့ ခေါ်လာခဲ့ပါသည်။ ထိုနေ့က ကျနော်တို့အိမ်တွင် အုန်းနို့ခေါက်ဆွဲ ချက်စားသည်နှင့် တိုးနေသဖြင့် သူတို့ကိုလည်း ကျွေးမွေးဧည့်ခံ လိုက်ပါသည်။ ဦးအောင်သင်းမှာ အဆစ်အမြစ်ကိုက် ရောဂါရနေပြီဖြစ်၍ အထိုင်အထ တွဲထူတွဲထ ပေးရပါသည်။ ကျနော်တို့လည်း ရေးဟောင်းနှောင်းဖြစ်များကို ပြောဆိုကြပြီးနောက် သူတို့ပြန်သွားကြပါသည်။ စကားပြောရင်း မှတ်မိလိုက်သည်မှာ သူ့မှာသမီးတယောက်ရှိပြီး မြန်မာလေကြောင်းကုမ္ပဏီတွင် အလုပ်လုပ်နေကြောင်း ပြောသွားပါသည်။

ဦးအောင်သင်းကို ဗိုလ်နေဝင်းတို့က အမြန်ဖြုတ်ပစ်လိုက်သည့် အကြောင်းကို ကျနော်မှန်းဆကြည့်ရာတွင်လည်းကောင်း၊ ထိုတိုင်းစစ်ဌာန ထောက်လှမ်းရေးမှူး ဗိုလ်ကြီးစိုးမင်း (ကျဆုံး ကွယ်လွန်) ကို ထိုကိစ္စကို တီးခေါက်ကြည့်ရာတွင် သိလာရသည်များ အရလည်းကောင်း ကျနော်နားလည် သဘောပေါက်သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးအောင်သင်းနှင့် စောဘဦးကြီး (ကေအင်ဒီအို ဥက္ကဋ္ဌ) တို့မှာ လန်ဒန်၌ ဥပဒေပညာသင် ကျောင်းတက်ဘက်များ ဖြစ်ခဲ့ပြီး စောဘဦးကြီးမှာ တခါတရံ ဦးအောင်သင်း၏ မင်္ဂလာဒုံရှိ တိုင်းမှူးနေအိမ်သို့ လာလည်စားသောက်တတ်ပြီး ညဦးနက်မှပြန်တတ်ကြောင်း သိရပါသည်။ ကျနော်နှင့်တာဝန် မလဲမီကလေးမှာပင် (၁၉၄၉ ခုနှစ် ဇန်နဝါရီလကုန်ပိုင်း လောက်တွင်) မင်္ဂလာဒုံရှိ ကရင်တပ်များ အစိုးရကို ပုန်ကန်ပြီး တောင်ပိုင်းစစ်ဌာနချုပ်ကိုပင် ခွေ ဝင်စီးခဲ့ပြီး အင်းစိန်ထဲဝင်သွားကြပါသည်။ ထို့ကြောင့် သူ့အပေါ်မယုံကြည်ခြင်း၊ သူ၏လုပ်ရည်ကိုင်ရည်အပေါ် မကျေနပ်ခြင်း တခြားကျနော်မသိသည့် ပုဂ္ဂိုလ်ရေး အကြောင်းများကြောင့် ဖြုတ်ပစ်လိုက်ဟန် တူပါသည်။

ဦးအောင်သင်းသည် ကျနော်မှတ်မိသလောက် ကျနော်လွှတ်မြောက်နယ်မြေမထွက်မီ ၁၉၇၀ နှင့် ၇၅ ခုနှစ်အကြား ကွယ်လွန်သွားပြီးဖြစ် ထင်ပါသည်။

ဤသည်မှာ ၁၉၉၁ ခုနှစ်က ကျနော်ရေးခဲ့သည့် ဦးအောင်သင်းအကြောင်း – စာတမ်း ဖြစ်ပါသည်။

ဦးအောင်သင်းနှင့် လဲလှယ်ဖို့ကျနော့်ကို အစိုးရက မြောက်ပိုင်းတိုင်းမှ အမြန်ခေါ်ယူရသော အကြောင်းရင်းကို ကျနော်ထင်မြင် ယူဆရသည်မှာ အထက်ပါစာတမ်းတွင် အနည်းငယ်ရေးသား ဖေါ်ပြခဲ့သလို ဗိုလ်မှူးချုပ်ဦးအောင်သင်း၏ တောင်ပိုင်းစစ်ဌာနချုပ်အောက် ဗမာ့တပ်မတော်မှ ကရင်တပ်သား ၁၀၀ လောက်စုရုံးပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းမှာ ဦးအောင်သင်း၏ တောင်ပိုင်းစစ်ဌာနချုပ် နေရာအပါအဝင် တချို့နေရာတွေကို ရုတ်တရက်ထပြီး တိုက်ခိုက်သည်။ တောင်ပိုင်းစစ်ဌာနချုပ်ကိုလည်း ခွေဝင်စီးနင်းလိုက်သေးသည်။ လက်နက်ခဲယမ်းတွေသယ်ယူပြီး အင်းစိန်ထဲဝင်သွားကြသည့် ကိစ္စ ပေါ်ခဲ့သည်။ ထိုကိစ္စကြောင့် အစိုးရ စိုးရိမ်ထိတ်လန့်သွားပုံရသည်။ အစိုးရကို အနီးကပ်ကာကွယ်ရေးမှာ အဓိကတောင်ပိုင်းစစ်ဌာနချုပ် တာဝန်ဖြစ်ရာ ၎င်းဌာနချုပ်ပင်လျှင် အစီးနင်းခံရသဖြင့် အစိုးရ စိုးရိမ်သွားပုံရသည်။ ထို့ကြောင့် ဦးအောင်သင်းနေရာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ကျနော့်ကို ပြောင်းလဲယူရန် ကျနော့်ကိုခေါ်ယူခြင်း ဖြစ်ပုံရသည်။

ထို့ကြောင့် ဗိုလ်နေဝင်းက ကျနော့်ကိုတွေ့လျှင်တွေ့ချင်းပင် သူကြည့်နေသော အင်းစိန်မြေပုံကြီးကို ထိုးပေးပြီး ဦးအောင်သင်းထံမှ တာဝန် အမြန်သွားလွှဲပြောင်းယူဖို့နှင့် အင်းစိန်တိုက်ပွဲတိုက်ရန် ညွှန်ကြားခြင်း ဖြစ်ပေသည်။ ထိုစဉ် မြောက်ပိုင်းတိုင်းကို မေမြို့ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး မောင်မောင်ကို တာဝန်ယူစေခဲ့သည်။

## အင်းစိန်တိုက်ပွဲကြီး

ကျနော်သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ်နှင့် အင်းစိန်မြို့တိုက်ပွဲကြီးကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလဆန်းကစပြီး ဦးစီးတိုက်ခိုက ခဲ့ရပါသည်။ အင်းစိန်မြို့ကို ကေအင်ဒီအိုများက ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ကစပြီး သိမ်းခဲ့သည်။ ထိုတိုက်ပွဲအကြောင်းကို ရေးရပါတော့မည်။ အင်းစိန်တိုက်ပွဲနှင့် ပတ်သက်၍ ကျနော်၏မှတ်စု မှတ်တမ်းများမှာ ကျနော်၏ရန်ကုန်အိမ်တွင် သာကျန်ရစ်ခဲ့ရာ ထိုမှတ်စုစာတမ်းများကို ကျနော်တို့ တောခိုလာပြီးနောက် အစိုးရက ကျနော့်အိမ်မှ ကားတစီးတိုက် လာသိမ်းယူ သွားကြောင်း အိမ်တွင်ကျန်ရစ်သော သမီးအငယ် စန်းစန်းက ပြောပြပါသည်။

အင်းစိန်တိုက်ပွဲအကြောင်း အချက်အလက်ရှာဖွေရန် ကျနော့်သား ကိုမြမောင်ရှာပေးထားသော စာအုပ်စာတမ်းအချို့ ကျနော့်ထံတွင် ရှိနေပါသည်။ ဗိုလ်မှူးကြီး (ဟောင်း) တင်မောင် ရေးသားသော "တိုင်းပြည်ကနေ့ မုန်တိုင်းကထန်ထန်"၊ မိုးမိုးဘာရောစန် (ဗိုလ်မှူးကြီး ခင်မောင်သောင်း) ရေးသားသော "မုန်တိုင်းကိုမမှု အနိတုလေသော် " နှင့် စစ်သမိုင်းပြတိုက်မှ ထုတ်ဝေသော "တပ်မတော် သမိုင်း" စာအုပ်များ ဖြစ်ပါသည်။ ကျနော်ထိုစာအုပ်များကို အချိန်ယူဖတ်ကြည့်ပါသည်။ စာအရေးအသားကောင်းကြပါသည်၊ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များလည်း ဖြစ်ပါသည်။ ကျနော့်အတွက် တိုက်ရိုက်သက်ဆိုင်သော အချက်များ သိပ်မတွေ့ရသော်လည်း သွယ်ဝိုက်သက်ဆိုင်သော အချက်အချို့ကို တွေ့ရပါသည်။ ထို့ကြောင့်

အင်းစိန်တိုက်ပွဲ အကြောင်းကို ကျနော်မှာ ကျနော့်စိတ်တွင် မှတ်သားစွဲမြဲမိသမျှကိုသာ အဓိကအခြေခံပြီး ရေးသားရပါတော့မည်။

အထက်ပါစာအုပ်များကို ပြန်လည်ဖတ်ရှုပြီးနောက် ကျနော်တို့ ဖြတ်သန်းတိုက်ခိုက်လာရသော ကျနော့်တိုင်းပြည်၏ ပြည်တွင်းစစ်ကြီးအပေါ် ပြန်ဆင်ခြင်တွေးတောမိပြီး များစွာရင်နာစိတ်မကောင်း ဖြစ်မိပါသည်။ ကျနော်သည် နောက်ကြောင်း ဖြစ်ရပ်တွေကို ပြန်စဉ်းစားပြီး များစွာလည်း စိတ်ထိခိုက်မိသည်။

ပြည်တွင်းစစ်ကြီးအတွင်းမှာ တချိန်က ဗမာ့လွတ်လပ်ရေးအတွက် အတူတိုက်ပွဲဝင်လာခဲ့ကြသူများ အချင်းချင်းအကြား ပြန်လည်တိုက်ခိုက်ကြရပြီး ဗမာ့သားကောင်း သမီးကောင်းမြောက်မြားစွာ သေကျေခဲ့ကြရပေသည်။ တိုင်းပြည်အတွက် နမျှောတသစရာ ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ အချင်းချင်းကြား မတိုက်ကြရဘဲ မသေဆုံးကုန်ကြဘဲ အားလုံးတိုင်းပြည် ပြန်လည်ထူထောင်ရေး တည်ဆောက်ရေးများမှာသာ ဝိုင်းအလုပ်လုပ်ကြမည်ဆိုလျှင် တိုင်းပြည်အတွက် ဘယ်လောက်ကောင်းလိုက်မလဲဟုလည်း ယူဆစဉ်းစား နေမိပါသည်။ ပြည်တွင်းစစ်သည် ကျနော်တို့ တိုင်းပြည်တိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စေခဲ့သော အကြောင်းဆိုးကြီး ဖြစ်ခဲ့သည်ဟု ကျနော့်စိတ်တွင် ထင်မြင်မိသည်။

ဤသို့ ကျနော်ရေးသဖြင့် ကျနော့်ကိုတော်လှန်ရေးသမားထက် ငြိမ်းချမ်းရေးသမားဟု ထင်မြင်ကောင်း ထင်မြင်နိုင်မည် ဖြစ်သော်လည်း ပြည်တွင်းစစ်အပေါ် ကျနော်၏ တဒင်္ဂထိတွေ့ခံစားရမှုကို ဝမ်းနည်း နာကျည်းစွာ ဖော်ပြမိခြင်းသာ ဖြစ်ပါသည်။

အမှန်တော့လည်း အင်းစိန်တိုက်ပွဲ ပြည်တွင်းစစ် စသည်တို့မှာ နယ်ချဲ့ပယောဂနှင့် မကင်းပေ။

ကျနော်သည် "စစ်" ၏သဘောကို ဆက်၍စဉ်းစားနေမိပါသည်။

"စစ်" ဆိုသည်မှာ လူတန်းစားတိုက်ပွဲ၏ အဆင့်အမြင့်ဆုံး တိုက်ပွဲပင်ဖြစ်သည်။

ကမ္ဘာ့သမိုင်းဆိုသည်မှာလည်း အခြေခံအားဖြင့် လူတန်းစားတိုက်ပွဲ၏ သမိုင်းသာဖြစ်ပေသည်။

ထို့ကြောင့် လူတန်းစားတိုက်ပွဲ၏ အမြင့်ဆုံးသဏ္ဍာန်ဖြစ်သော "စစ်" ဆိုသည်မှာလည်း ကမ္ဘာ့သမိုင်းတွင် ပါဝင်တွန်းဆော်နေပေသည်။

စစ်ဆိုသည်မှာ အနိဋ္ဌာရုံဖြစ်၍ ကျနော်တို့က စစ်အားလုံးကို မုန်းတီးဆန့်ကျင်ရန် မသင့်ပေ။ စစ်ဆိုသည်မှာ လူတန်းစား တိုက်ပွဲပင်ဖြစ်၍ အဆိုးအကောင်း၊ တရားတဲ့စစ်၊ မတရားတဲ့စစ် ဟူ၍ နှစ်မျိုးနှစ်စား အမြဲရှိနေပေသည်။ ကျနော်တို့သည် မတရားသောစစ်ကို မုန်းတီးဆန့်ကျင်ရမည် ဖြစ်သော်လည်း တရားသောစစ်ကိုမူ ထောက်ခံအားပေးရမည် ဖြစ်ပေသည်။ သို့မှသာ ကမ္ဘာကြီး တိုးတက်လာမည် ဖြစ်ပါသည်။

ထို့ကြောင့် စစ်ဆိုသည်မှာ လူ့သမိုင်း ဖြစ်ပေါ်တိုးတက်မှုနှင့် မကင်းနိုင်၊ ထို့ကြောင့်ပင် ကျနော်တို့သည် တရားသောစစ်ကို ထောက်ခံအားပေးပြီး မတရားသောစစ်ကို ဆန့်ကျင်ရှုတ်ချ ပယ်ပယ်ရပေမည်။

ကျနော်တို့သည် "အင်းစိန်တိုက်ပွဲကြီး" ကို မလွှဲသာ၍ တိုက်ရပေတော့သည်။ နှစ်ဘက်စလုံး ကိုယ့်ဘက်ကအမှန်ဟု ယူဆနေကြပေမည်။

အင်းစိန်စစ်ပွဲသည် ကျနော်၏ ပထမဆုံးစစ်တက္ကသိုလ် ဖြစ်ခဲ့ပါသည်။ ကျနော်သည် ဤစစ်ပွဲမှ စစ်အတတ်ပညာ၏ အနှစ်သာရကို အခြေခံသဘောပေါက် နားလည်လာခြင်းဖြစ်ပါသည်။

ထို့ပြင် အင်းစိန်တိုက်ပွဲကြီးသည် ကျနော်၏ စစ်သားဘဝတွင် အခက်ခဲဆုံး၊ အပင်ပန်းဆုံး၊ အကျပ်အတည်းအရှိဆုံး၊ သေအန္တရာယ်အများဆုံးနှင့် ထိခိုက်ကျဆုံးမှုအများဆုံး၊ အချိန်အကြာဆုံး ဆင်နွှဲခဲ့ရသော တသက်မမေ့နိုင်သည့် တိုက်ပွဲကြီးပင် ဖြစ်ပေသည်။

အင်းစိန်တိုက်ပွဲသည် ကျနော်၏ ပထမဆုံးစစ်တက္ကသိုလ်ဟု ပြောရခြင်းမှာ ဒီအရင်က ကျနော်တို့တိုက်ခဲ့ရသော စစ်အတွေ့အကြုံများမှာ အဓိကအားဖြင့် ပြောက်ကျားစစ်ပွဲများသာ များခဲ့ပါသည်။ ကျနော်တို့၏ အဓိက စစ်အတွေ့အကြုံမှာ ၁၉၄၅ ခုနှစ် ဖက်ဆစ်ဂျပန်တော်လှန်ရေး စစ်ပွဲပင်ဖြစ်သည်။ ဂျပန်တိုက်ခိုက်ရေးတွင် အဓိကတပ်များမှာ မဟာမိတ်စစ်တပ်များဖြစ်ပြီး ကျနော်တို့က တပ်ခွဲငယ်များသာဖြစ်သည်။ ထို့ကြောင့်ကျနော်တို့၏ တိုက်ပွဲပုံစံမှာလည်း ပြောက်ကျားစစ်သာ အဓိကဖြစ်ပြီး နေရာယူစစ်များမှာ ရက်အနည်းသငယ်နှင့် ခေတ္တခဏ တစိတ်တပိုင်းများသာ ဖြစ်ခဲ့သည်။

စစ်တွင် နေရာယူစစ်များသာ တကယ့်စစ်ပွဲဖြစ်၍ ပြောက်ကျားစစ်မှာ ယေဘုယျ အများအားဖြင့် နေရာယူစစ်ပွဲ၏ အထောက်အကူသာ ဖြစ်သည်။ ပြောက်ကျားစစ်သာ အဓိကတိုက်ခဲ့ရသော ကျနော်တို့မှာ အင်းစိန်တိုက်ပွဲတွင် တလျှောက်လုံး "လ" အချို့ကြာအောင် ခေါင်းမာသောရန်သူများနှင့် နေရာယူစစ်ပွဲကြီးကို စတင်တွေ့ကြုံဆင်နွှဲရသဖြင့် ၎င်းသည်ကျနော်တို့၏ ပထမ စစ်တက္ကသိုလ် ဖြစ်ရပေတော့သည်။

နေရာယူစစ်ပွဲဆိုသည်မှာ တဖက်နှင့်တဖက် ကျကျနနအတိအကျ နေရာခံကတုတ်များစွဲပြီး အချိန်ရှည်လျားစွာ တိုက်ရပြီး ပြောက်ကျားစစ်မှာတော့ ခံကတုတ်များ စွဲမထားဘဲ မိမိအတွက်အခွင့်သာမည့် နေရာနှင့် အခွင့်သာမည့်အချိန်တွင် ရုတ်တရက် အလစ်ဝင်ရောက်ပြီး ထိုးသုတ်တိုက်ခိုက်ရခြင်းဖြစ်သည်။ ထိုသို့တိုက်ခိုက်ပြီး ရန်သူ့ဘက်ကပြန်လှန်၍ တုံ့ပြန်တိုက်ခိုက်နိုင်ခြင်း မရှိမီ ရသမျှ လက်နက်ပစ္စည်းများယူပြီး ချက်ချင်းဆုတ်ခွာ ကွယ်ပျောက်သွားရခြင်းမျိုးဖြစ်သည်။

ပြောက်ကျားစစ်မှာ ယေဘုယျအားဖြင့် ချီတက်လှုပ်ရှားနေသော ပေါ်လွင်နေသောရန်သူကို ပုန်းလျှိုးလာပြီး သင့်တော်သောနေရာတွင် အလစ်အငိုက်တွင် ရုတ်တရက် ဝုန်းကနဲဝင်ရောက်ထိုးသုတ် တိုက်ခိုက်ခြင်းဖြစ်၍ မိမိဘက်က အထိအခိုက်အကျအဆုံး မများပေ။ "မ, စ" သော လက်နက်ကြီး၊ သံချပ်ကာကား စသည့် အကူအညီများ သိပ်မလိုအပ်ပေ။ (သို့သော် လက်နက်ကြီးများ၊ သံချပ်ကာကားအကူအညီနှင့် ရုတ်တရက်ဝင်တိုက်သော ပြောက်ကျားစစ်များလည်း ရှိကြပါသည်။ အလွန်နည်းပါသည်။)

နေရာယူစစ်မှာ ယေဘုယျအားဖြင့် ခံကတုတ်ဖြင့် ကျကျနန အသေအချာစွဲထားသော ရန်သူကို မိမိလက်နက်ကြီးဖိအား၊ သံချပ်ကာကား အကူတို့ဖြင့် ကျကျနနစီစဉ်ပြီး တိုက်ရပေသည်။

ယေဘုယျအားဖြင့် ပြောက်ကျားစစ်မှာ လှုပ်ရှားနေသော၊ ပေါ်လွင်နေသောရန်သူကို လျှို့ဝှက်ပုန်းအောင်းပြီး ရုတ်တရက် ဝင်တိုက်ခြင်းဖြစ်သည်။

နေရာယူစစ်တွင် ခံစစ်စွဲထားသော ရန်သူကို "မ, စ" သော မီးအား၊ သံချပ်ကာကားအကူမပါဘဲ တခါတရံ အလစ်ထိုးဖောက်ပြီး ထိုးသုတ်တိုက်ခိုက်ခြင်းမျိုးလည်း အခါကောင်းအခွင့်ကောင်းတွင် တိုက်ခိုက်နိုင်ခြင်းလည်း ရှိပေသည်။

အင်းစိန်တိုက်ပွဲသည် ကျနော်၏ စစ်သားဘဝတွင် အခက်အခဲဆုံး၊ အကျပ်တည်းဆုံး ဖြစ်ခဲ့ရသည်မှာ အကြောင်းရင်းများစွာ ရှိပါသည်။

ပထမဆုံးအကြောင်းမှာ ထိုစဉ်က ကျနော့်မှာ စစ်အတွေ့အကြုံ ပညာဗဟုသုတ အားနည်းနေသေးခြင်းသည် အဓိကအကြောင်းရင်း ဖြစ်နေပါသည်။ ကျနော်သာ အတွေ့အကြုံအားနည်းနေသည်သာမက ထိုစဉ်က အင်းစိန်တိုက်ပွဲတွင် ကျနော်နှင့်အတူ ပါဝင်တိုက်ခိုက်နေကြသော တပ်မှူးကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးဘလိုင်၊ ဒုဗိုလ်မှူးကြီးချစ်မြိုင်၊ ဒုဗိုလ်မှူးကြီး ကြည်မောင်၊ ဒုဗိုလ်မှူးကြီးစောမြင့် စသူတို့မှာလည်း ကျနော့်လိုပင် အတွေ့အကြုံအားနည်းနေသော ကာလဖြစ်နေပေသည်။ သို့သော် ကျနော်တို့အားလုံး တတ်နိုင်သမျှ စည်းလုံးညီညွတ်စွာဖြင့် တိုင်တိုင်ပင်ပင် ဆွေးနွေးလုပ်ကိုင် ဆောင်ရွက်ခဲ့ကြပါသည်။

ဒုတိယအကြောင်းမှာ ထိုစဉ်က ရန်သူများဖြစ်နေကြသော ကေအင်ဒီအိုတပ်မှူးအချို့မှာ ဗြိတိသျှတပ်မှ ပါလာသူများဖြစ်၍ စစ်ရေးအရတော် အတန် ကျွမ်းကျင်ကြပြီး နေရာယူစစ်ပွဲ အတွေ့အကြုံများ ရှိထားကြသည်။ ထို့အပြင် ကေအင်ဒီအိုတပ်သား များမှာလည်း တိုက်ခိုက်ရေးစိတ်ဓာတ် မြင့်မားပြီး အလွန်ခေါင်းမာ ကြံ့ခိုင်ကြသောသူများ ဖြစ်သောကြောင့်လည်း ဖြစ်သည်။ ဤသို့ဖြစ်ရသည်မှာ ကျနော့်အထင် အချက်အချို့ရှိပါသည်။

ပထမအချက်မှာ ထိုအချိန်ကာလက ကေအင်ဒီအိုတို့မှာ အမျိုးသားရေးစိတ်ဓာတ် အပြင်ထန်ဆုံးကာလ ဖြစ်နေပေသည်။ ဒုတိယအချက်လဲဖြစ် အဓိကအချက်လည်းဖြစ်သည်မှာ ထိုအင်းစိန်ဝန်းကျင်ဒေသမှာ ကရင်အမျိုးသားများစွာ၏ ဇာတိဌာနေဒေသ ဖြစ်ခဲ့သည်။ ထို့ကြောင့် သူတို့စစ်ရှုံး နေသော်လည်း သူတို့၏ဇာတိမှ မိမိအိမ်သားများနှင့် ခွဲခွာပြီးဆုတ်ခွာလို မခွဲခွာလိုကြပေ။ ထို့ကြောင့် ပေတေပြီး ခွဲမြဲစွာ ခုခံကောင်းကောင်းနှင့် ခုခံကြသည်။

ထို့ပြင် အင်းစိန်အဝင်ဝ နှုတ်ခမ်းများတွင်ရှိသော "မင်းမဲ့ကုန်း"၊ "တောင်သုကုန်း" စသော လက်နက်ငယ်ခံစစ်အတွက် များစွာအသုံးဝင်နိုင်သော အချက်အချာကျသည့် တောင်ကုန်းကလေး သုံး လေး လုံးရှိနေရာ ထိုကုန်းတွေပေါ်မှ တပ်စွဲထားသူတို့ကို ကျနော်တို့ခက်ခဲစွာ တိုက်ခိုက်တွန်းလှန်ခဲ့ရပေသည်။

နောက်အကြောင်းတခုမှာ နေရာယူခံစစ် တပ်စွဲထားသောရန်သူကို တိုက်ခိုက်ရာတွင် တိုက်သူဘက်ကလုံလောက်သော အမြောက်ဆံမီးအား သံချပ်ကာအားတို့ ရှိရမည်ဖြစ်ရာ ကျနော်တို့တွင် အမြောက်ဆံ၊ ဗုံး၊ သံချပ်ကာအားတို့ မလုံလောက်ပေ။ အဓိက ခြေလျင်တပ်လက်နက်နှင့်ပင် တိုက်ခဲ့နေ ရသည်။ ၂၅ တန် စတူးဝပ်တင့်ကားလေး နှစ်စီး သုံးစီးရှိသော်လည်း ၎င်း၏အမြောက်ဆံမရှိ၍ စစ်ပွဲတွင် မထိရောက်လှပေ။ ထို့ကြောင့် "မ, စ" သော လက်နက်ကြီးအား မလုံလောက်၍လည်း အင်းစိန်တိုက်ပွဲသည် ခက်ခဲကြန့်ကြာ ရပေသည်။

အလွန်ခက်ခဲ ကျပ်တည်းသွားရသော အကြောင်းကတော့ ဗမာ့တပ်မတော်တွင်းရှိ ကရင်အမျိုးသားသေနတ်ကိုင် တပ်ရင်းနှစ်ရင်း အစိုးရကို ပုန်ကန်သွားခြင်းပင် ဖြစ်ပါတော့သည်။ တောင်ငူရှိ ကရင်တပ်ရင်း (၁) မှာ အင်းစိန်ကို ကေအင်ဒီအိုများ မသိမ်းပိုက်မီကလေးတွင် ၁၉၄၉ ခုနှစ် ဇန္နဝါရီလကုန် (၂၅) ရက်နေ့လောက်တွင် အစိုးရကို ပုန်ကန်ပြီး တောင်ငူမြို့ကို သိမ်းပိုက်လိုက်သည်။ အလားတူ ဖေဖော်ဝါရီ (၄) တွင် ပြည်မြို့တွင် တပ်စွဲထားသော ကရင်အမျိုးသားသေနတ်ကိုင် တပ်ရင်း (၂) က ပြည်မြို့ကို သိမ်းပိုက်လိုက်သည်။

ထိုအချိန် ကရင်အမျိုးသားများ၏ စီမံကိန်းမှာ အင်းစိန်ကိုသာ သိမ်းယူရန်မက ဗမာအစိုးရမြို့တော် ရန်ကုန်မြို့ကိုပါ သိမ်းပြီး ဗမာပြည်ကိုပါ လွှမ်းမိုးအုပ်စိုးနိုင်ရန် ဖြစ်ပါသည်။ (သို့မဟုတ်) ကရင်ပြည်နယ်ကို သူတို့စိတ်ကြိုက် တောင်းဆိုရယူရန် ဖြစ်နိုင်ပေသည်။

ကေအင်ဒီအိုတို့၏ ထိုစဉ်ကစီမံကိန်းမှာ အထက်တွင်ဖော်ပြခဲ့သော တောင်ငူနှင့် ပြည်မြို့မှာရှိသော ကရင်သေနတ်ကိုင် တပ်ရင်း (၂) ရင်းက ရန်ကုန်မြို့တော်ဘက် ဆင်းလာကြပြီး အင်းစိန်တွင် အင်းစိန်မြို့ရှိ ကေအင်ဒီအိုတို့နှင့် ပူးပေါင်းပြီး ရန်ကုန်မြို့တော်ကို တိုက်ခိုက်သိမ်းယူရန် ဖြစ်ပေသည်။

ထိုအချိန်တွင် ကျနော်တို့ ရန်ကုန်ကာကွယ်ရေးအတွက် နယ်မှတပ်များကို သယ်ယူနိုင်သောလမ်းမှာလည်းကောင်း၊ ရန်ကုန်နှင့် နယ်ဒေသ ဆက်သွယ်ရေးမှာလည်းကောင်း၊ မင်္ဂလာဒုံလေယာဉ်ပျံဆိပ်သာ ရှိပေသည်။ အခြားသောရန်ကုန်ဝင်လမ်းများ ပိတ်ဆို့နေပါသည်။

ထိုစဉ်ကအင်းစိန်ရှိ ကေအင်ဒီအိုတို့က စော်ဘွားကြီးကုန်းစစ်မျက်နှာတွင် ၎င်းတို့လက်ရှိစခန်းမှ ရှေ့သို့ကိုက်(၂၀၀) မျှတိုးပြီး တပ်စွဲလိုက်နိုင်လျှင် လေယာဉ်အဆင်းအတက်ကို လက်နက်ငယ်များဖြင့် လက်လှမ်းမီစွာ ပစ်ခတ်နိုင်မည်ဖြစ်၍ မင်္ဂလာဒုံ လေယာဉ်ကွင်းသုံးမရ ဖြစ်ရပေတော့မည်။ အင်းစိန်မှ ၃ လက်မ မော်တာတို့ဖြင့် အလှမ်းမီနိုင်သော်လည်း အင်းစိန်မြို့သိမ်း ကေအင်ဒီအိုတို့တွင် ၃ လက်မ မော်တာများမရှိပေ။ ထို့ကြောင့် ကျနော်တို့၏ တခုတည်းသော ရန်ကုန်မြို့သို့ ဆက်သွယ်ရေး လမ်းကြောင်းဖြစ်သည့် မင်္ဂလာဒုံလေယာဉ်ကွင်းကို လုံခြုံစွာအသုံးပြုနိုင် ခဲ့ကြပေသည်။

ထိုအချိန်သည် ဗမာပြည်အတွက် ဘေးအန္တရာယ်အကြီးဆုံး အစိုးရိမ်ရဆုံးအချိန် ဖြစ်ပေသည်။

ကေအင်ဒီအိုတို့၏ စီမံကိန်းအတိုင်း ၎င်းတို့၏ အင်းစိန်၊ တောင်ငူ၊ ပြည် တပ်သုံးတပ် အင်းစိန်မှာဆုံကြပြီး ရန်ကုန်မြို့ကြီးကို လုပ်ကြံကြလျှင် ကျနော်တို့ ခုခံနိုင်ဖို့ခဲယဉ်းသည်။ အခြေအနေကြီးစွာ ရှုပ်ထွေးသွားတော့မည်ဖြစ်သည်။

ကျနော်သည် မြစ်ဝကျွန်းပေါ်ဒေသ နှုတ်ခမ်းတွင် အသင့်ရှိနေသော ဒုဗိုလ်မှူးကြီးချစ်မြိုင်ခေါင်းဆောင်သော ဗမာ့သေနတ်ကိုင် တပ်ရင်း (၃) မှာ ကျနော်ကိုင်ခဲ့သော မူလတပ်ရင်းဖြစ်၍ ထိုတပ်ရင်းကို အရင်ဆုံးနှင့် အစောဆုံး ရန်ကုန်သို့ခေါ်ယူလိုက်ပါသည်။ ထိုအချိန်က တွံတေးတူးမြောင်းကို ကေအင်ဒီအို တို့ သိမ်းပိုက်တပ်စွဲထားသဖြင့် ထိုတပ်ရင်းမှာ ပင်လယ်ဘက်မှ လှေများဖြင့် ခဲယဉ်းစွာ ဖြတ်လာရပြီး ကျနော်တို့ရှိရာ ရန်ကုန်သို့ ချောမောစွာ ရောက်ရှိခဲ့ ပါသည်။ ထိုတပ်ရင်းကိုပင်ပြည်မြို့က ရန်ကုန်သိမ်းရန်ဆင်းလာသော ဒုဗိုလ်မှူးကြီးစောမြမောင်ဦးစီးသည့် ကရင်သေနတ်ကိုင် တပ်ရင်း(၂) ကို လမ်းမှကြို တိုက်ရန် တာဝန်ပေးရပါသည်။

ဒုဗိုလ်မှူးကြီးချစ်မြိုင်တို့ အမြန်ချီတက်သွားရာ လမ်းရှိ သာယာဝတီခရိုင်၊ နတ္တလင်းမြို့နယ် "ဝက်ကော်"ရွာတွင် ပြည်မြို့က ဆင်းလာသော ကရင်သေနတ်ကိုင် တပ်ရင်း (၂) နှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ကြပါသည်။

ကရင်သေနတ်ကိုင်တပ်ရင်း (၂) တပ်ရင်းမှူးမှာ စစ်အတွေ့အကြုံအားနည်းသဖြင့် ထိုဝက်ကော်တိုက်ပွဲတွင် ဒုဗိုလ်မှူးကြီး ချစ်မြိုင်ဦးစီးသော ဗမာ့သေနတ်ကိုင်တပ်ရင်း (၃) က လုံးဝအောင်နိုင်ခဲ့ပြီး ကရင်သေနတ်ကိုင် တပ်ရင်း (၂) မှာ လုံးဝဖရိုဖရဲ ပြိုကွဲသွားပါသည်။ ကျနော်တို့သည် ပြည်မြို့ဘက်က ဆင်းလာသော ရန်သူအပေါ် လုံးဝအောင်နိုင်လိုက်ပါသည်။

ထိုအချိန်လောက်တွင်ပင် အင်းစိန်ရှိ ကရင်သူပုန်များက အစိုးရနှင့် စေ့စပ်ဆွေးနွေးပြီး ငြိမ်းချမ်းလိုသည်။ အပစ်အခတ်ရပ်စဲ ပေးပါဟု တောင်းဆို လာပါသည်။ ကျနော်တို့ဝမ်းမြောက်စွာ အပစ်အခတ်ရပ်စဲပြီး ၎င်းတို့၏ခေါင်းဆောင်များ ရန်ကုန်မြို့တွင်းရှိ အစိုးရနှင့်တွေ့ရန် စီစဉ်ပေးပါသည်။

ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးကိုယ်တိုင် ခေါင်းဆောင်သော ကရင်အဖွဲ့ရန်ကုန်ထဲဝင်ပြီး အစိုးရအဖွဲ့နှင့် ဆွေးနွေးကြပါသည်။ ကျနော်တို့ဝမ်းသာနေကြသော်လည်း ဆွေးနွေးပွဲ နှစ်ရက်လောက်ကြာပြီးနောက် ကရင်တို့ဘက်က ဆွေးနွေးပွဲ ဖြတ်လိုက်ပြီဟု ကြေညာသည်။ ကျနော့်စိတ်

အထင် တောင်ငူကရင်သေနတ်ကိုင် တပ်ရင်း (၁) က တားမြစ်လို့ဟု သံသယရှိနေပါသည်။

ကျနော်တို့ဆက်ပြီးတိုက်ကြရပါတော့သည်။

တောင်ငူမြို့မှ ဆင်းလာသော ဒုဗိုလ်မှူးကြီး စောမင်းမောင်ဦးစီးသော ကရင်တပ်ဖွဲ့။

၎င်းတပ်ဖွဲ့မှာအမှတ် (၁) ကရင်သေနတ်ကိုင်တပ်ရင်း ဖြစ်ပါသည်။ ၎င်းတပ်သည် ထိုဒေသရှိ ကေအင်ဒီအိုတို့နှင့် ပူးပေါင်းကာ အင်အား (၁၀၀၀) လောက်နှင့် အင်းစိန်ရှိ ကေအင်ဒီအိုတပ်တို့နှင့်ပေါင်း၍ ရန်ကုန်မြို့ကို သိမ်းပိုက်ရန် မော်တော်ယာဉ်များနှင့် မှော်ဘီ – ရန်ကုန် ကားလမ်းအတိုင်း အင်းစိန် ရန်ကုန်ဘက်သို့ဆင်းလာသည်။

ထိုအချိန်အခါတွင် ကရင်သူပုန်တပ်ဖွဲ့များအနက် ဤတပ်ဖွဲ့သည် အင်အားအကြီးဆုံးဖြစ်သည်။ သူတို့က ပဲခူးသိမ်းမယ်၊ ရန်ကုန်သိမ်းမယ် စသည့်ကြွေးကြော်သံများဖြင့် ဆင်းလာကြပြီ ဖြစ်သည်။

မင်္ဂလာဒုံတွင်ရှိနေသော ကရင်အမြောက်တပ်ခွဲသည်လည်း အင်းစိန်ရှိကရင် သောင်းကျန်းသူတို့နှင့် ပူးပေါင်းသွားခဲ့သည်။ အမြောက်များကို ယူမသွားဘဲ ကျည်ရိုက်တံ (**Firing Pin**) များကို ရိုက်ချိုးသွားခဲ့သည်။ မင်္ဂလာဒုံရှိ ကရင်တပ်ဖွဲ့များမှ ကရင်စစ်သည် အများလည်း အင်းစိန်ရှိ ကရင်သောင်းကျန်းသူများနှင့် ပူးပေါင်းသွားကြသည်။

ထိုအချိန်တွင် တနိုင်ငံလုံးရှိ တပ်မတော်အင်အားမှာ အလွန်နည်းပါးလျက်ရှိသည်။ ကရင်သောင်းကျန်းသူများသည် အထက်ဗမာပြည်တွင် မေမြို့၊ မှော်ဘီ၊ မိတ္ထီလာ မြို့ကြီးများ၊ မြစ်ဝကျွန်းပေါ်ရှိမြို့ကြီးတချို့ သထုံခရိုင်အတွင်းနှင့် မော်လမြိုင်မြို့ကြီးများကို ဖေဖော်ဝါရီလတလျှောက်လုံး တမြို့ပြီးတမြို့ သိမ်းပိုက်သွားခဲ့သည်။ ရန်ကုန်မြို့တော်ကိုပင် တိုက်ရိုက်သိမ်းပိုက်ရန် ခြိမ်းခြောက်လျက် ရှိနေပေပြီ။

ထိုအချိန်တွင် နိုင်ငံတော်မှာ ကြီးစွာသောအန္တရာယ်နှင့် ရင်ဆိုင်နေရပေသည်။ ချောက်ထဲကျရန် တံတဲကလေးသာ ကျန်တော့သည်။ လက်တလုံး သာလိုတော့သည်ဟု အချို့သူတို့က ပြောဆိုနေကြပါသည်။ အနောက်နိုင်ငံ စာနယ်ဇင်းများကလည်း ဗမာအစိုးရကို “ရန်ကုန်အစိုးရ” ဟု ပြောင်းပြောင်ခေါ်ခေါ် လာကြပါသည်။

ထိုအချိန်တွင် ကျနော်တို့က အင်းစိန်မြို့ကိုဖိပြီး တိုက်နေရပါသည်။ အင်းစိန်မြို့ကို ရှေ့တည့်တည့် ရန်ကုန်စစ်မျက်နှာက တိုက်နေရုံသာမက အင်းစိန်ကျောနောက်ဘက် မင်္ဂလာဒုံဘက်ကပါ စစ်မျက်နှာဖွင့်ပြီး နှစ်ဘက်ညပ်တိုက်နေရပါသည်။ အင်းစိန်တွင် အင်အားသိပ်မကျန်တော့ပါ။ သို့သော် ကေအင်ဒီအိုများသည် ခေါင်းမာစွာဖြင့် ခုခံနေကြပါသည်။ သူတို့သည်တောင်ငူမြို့ဘက်မှ ထိုးဆင်းလာမည့် အမှတ် (၁) ကရင်သေနတ်ကိုင်တပ်ရင်း၏ စစ်ကြောင်းကို များစွာမျှော်လင့်နေပုံရပါသည်။

တောင်ငူမှထိုးဆင်းလာသည့် ကရင်သေနတ်ကိုတပ်ရင်း (၁) စစ်ကြောင်းကြီးကို တိုက်ဖျက်ရန်မှာ မိမိတို့ဘက်က ဗမာ့သေနတ်ကိုင်တပ်ရင်း (၆) နှင့် တပ်ရင်းမှူးဒုဗိုလ်မှူးကြီးကင်ဦး (ဘု– တင်ဦးဟုလည်းခေါ်သည်) ဦးစီးသော ကျနော်တို့၏ ပဲခူးမြို့ဝန်းကျင်ဒေသမှ တပ်ဖွဲ့များအပေါ် တာဝန်ကျနေ ပေတော့သည်။

ထိုကာလအတွင်း ကျနော့်တသက်မမေ့နိုင်သော တိုက်ပွဲကြီးတပွဲ အင်းစိန်တိုက်ပွဲတွင်း ဖြစ်ပွားခဲ့ပါသည်။ ကျနော်တို့၏ အင်းစိန်စစ်မျက်နှာ တိုက်ပွဲများတွင် ပါဝင်သည့် အဓိကတပ်တတပ်မှာ ဗမာ့သေနတ်ကိုင် တပ်ရင်း (၅) ဖြစ်သည်။ တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီး စောမြင့် ဖြစ်သည်။ ထိုတပ်ရင်း (၅) မှာ ထိုအချိန်က ရခိုင်တွင် မြောက်ကျားသူပုန်များကို တိုက်ခိုက်နေရာမှ အင်းစိန်စစ်မျက်နှာတွင် တာဝန်ပေးရန် ပြန်လည်ခေါ်ယူလာခြင်းဖြစ်သည်။ သူတို့က ပြည်မကို ပြန်လည်ရောက်ရှိလာသဖြင့် များစွာဝမ်းမြောက် တက်ကြွလျက်ရှိသည်။ ၎င်းပြင် သူတို့မှာ ကေအင်ဒီအိုများနှင့် တခါမှ မရင်ဆိုင်ဖူးသေး၍ ခပ်ပေါ့ပေါ့ ပင် သဘောထားနေသည်။

ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် တပ်ရင်း (၅) မှ တပ်ခွဲမှူး ဗိုလ်မှူးလှသောင်း ဦးစီးသောတပ်ကို ပွိုင့် ဝမ်းဝမ်းတူး တောင်ကုန်းရှေ့ရှိ တောင်ကုန်း ငယ်တခုကို တက်ရောက်သိမ်းပိုက်စေရာတွင် မမျှော်လင့်ဘဲ အလွန်ခက်ခဲပြင်းထန်စွာ တိုက်ခိုက်ပြီးမှ ထိုပစ်မှတ်ကို ရရှိခဲ့ပါသည်။ သို့သော်ကျနော်တို့ဘက်မှ ဗိုလ်မှူးလှသောင်းအပါအဝင် အရာရှိအရာခံ အကြပ်တပ်သား (၈၀) ခန့်ကျဆုံး၍ (၁၂၀) မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ကျနော်ကောင်းစွာ မှတ်မိနေပါသည်။ တိုက်ပွဲတိုက်နေစဉ်အတွင်းရှေ့တန်းစစ်မြေပြင်မှ အလွန်ခက်ခဲနေကြောင်း ဗိုလ်မှူးလှသောင်းက အစီရင်ခံသဖြင့် ကျနော်သူရှိရာ ရှေ့တန်းတနေရာကို သွားရောက်တွေ့ဆုံခဲ့ပါသည်။ သူနှင့်ကျနော် သစ်ပင်ကြီးတပင်အောက်တွင် ဝမ်းလျားမှောက်၍ ရှေ့တန်းစစ်ပွဲ အခြေအနေကို ဆွေးနွေးသုံးသပ်ပြီး ရှေ့ဘယ်လိုဆက်လုပ်ရန် တိုင်ပင်ခဲ့ကြပါသည်။ ဆွေးနွေးတိုင်ပင်ပြီးနောက် ထိုသစ်ပင်ကြီးအောက်မှ ကျနော်အရင် ထွက်လာပြီး လူချင်းခွဲခဲ့ကြပါသည်။ (စစ်ထုံးစံအရ ရာထူးပိုမိုကြီးသူက အရင်ထွက်ရပါသည်။) ကျနော်ရှေ့တန်းစစ်မြေပြင် ဌာနချုပ်သို့ ပြန်ရောက်ရောက်ခြင်း မှာပင် ဗိုလ်မှူးလှသောင်း ကျဆုံးသွားပြီဆိုသော သတင်းကို ဝမ်းနည်းဖွယ် ကြားသိလိုက်ရပါသည်။ ကျနော်နှင့်တိုင်ပင်ဆွေးနွေးခဲ့သော သစ်ပင်ကြီးအောက်မှ အထွက် ရန်သူလက်ဖြောင့် တပ်သားလက်ချက်နှင့် ကျဆုံးသွားရခြင်းပင် ဖြစ်ပါသည်။

ထိုတိုက်ပွဲအပြီး ကျနော်သေကျေဒဏ်ရာရသူများစာရင်း ရရှိသောအခါ ဆောက်တည်ရာမရ များစွာတုန်လှုပ် ခြောက်ခြားသွားမိပါသည်။ ကျနော်၏ စစ်သားဘဝသက်တမ်းတွင် တခါမျှ ဤမျှမထိခိုက်ဖူးပေ။ ရဲဘော်အများအပြားလည်း စိတ်ထိခိုက်ကြပြီး ငိုယိုကြသည်။ ကျနော်လည်း ဒါငါ့ကြောင့် ဖြစ်ရတာဟု သောကရောက်ပြီး ကျဆုံးသူများနှင့်အတူ ရောနှောပါဝင်သေဆုံး သွားလိုစိတ်ပင် ဝင်လာပါသည်။ ကျနော့်အနေနှင့် ဆောက်လုပ်ရေး ကောင်း ကောင်းမလုပ်နိုင်ခဲ့မှု၊ အမိန့်ပေးရာတွင် မစေ့စပ်မသေချာမှုကြောင့် ဖြစ်ရတာဟု သုံးသပ်မိပါသည်။ ဒီသင်ခန်းစာကို တသက်လုံးမှတ်ကရော ဟု ကိုယ့်ကိုယ် ကိုယ်လည်း ပြောမိပါသည်။

ကျနော်အမိန့်တရပ် ချက်ချင်းထုတ်ပြန်လိုက်ပါသည်။ တိုက်ပွဲများကိုစီစဉ်ရာတွင် အသေးအကြီး အားလုံးဂရုစိုက်ပြီး လုပ်ဆောင်ကြရန် ဖြစ်ပါသည်။

ထိုနောက်ပိုင်း တိုက်ပွဲများတွင်တော့ ကျနော်သည် ကိုယ်တိုင်တတ်နိုင်သလောက် ကင်းထောက်ခဲ့သည်။ ရန်သူ့တပ်သား၏ အကျီအိပ်တွင် ဖောင်တိန်ချိတ်ထားသည်ကို မှန်ပြောင်းနှင့် မြင်ရသည်အထိ ချဉ်းကပ်ပြီး ကင်းထောက်ခဲ့သည်။ လေယာဉ်နှင့် ကင်းထောက်ရာတွင်လည်း မြေပြင်ကို စနစ်တကျ

ကင်းထောက်ခဲ့ရာ နောင်အခါ ကျနော့်အနေနှင့် လေယာဉ်ပေါ်က အောက်မြေပြင်ကို ကြည့်လိုက်ပါက ဗမာပြည်ဘယ်နေရာလောက်ဖြစ်မည် ဆိုသည်ကို အကြမ်းဖျင်း ခန့်မှန်းတတ်လာသည့် အထိပင် ဂရုတစိုက် လေ့လာခဲ့ပါသည်။

ဤသည်တို့မှာ ကျနော်တသက် မမေ့နိုင်လောက်အောင် ဖြစ်ခဲ့ရသည့် အင်းစိန်တိုက်ပွဲစဉ်အတွင်းက တိုက်ပွဲတပွဲနှင့် ထိုတိုက်ပွဲက ကျနော့်ကို ပေးခဲ့သည့် သင်ခန်းစာများပင် ဖြစ်တော့သည်။

ပဲခူးနယ်ရှိ ကျနော်တို့၏ လက်နက်ကိုင် တပ်အင်အားမှာ ...

က။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးတင်ဦး ဦးစီးသည့် ဗမာ့သေနတ်ကိုင်တပ်ရင်း (၆)။

ခ။ ယူအမ်ပီ ခေါ် ဗိုလ်မှူးအေးငွေဦးစီးသည့် ပြည်ထောင်စုစစ်ရဲတပ်ရင်း (၄)။

ဂ။ ဗိုလ်မှူးဝေလင်းနှင့် ဗိုလ်ကြာညွန့်တို့ဦးစီးသည့် ဘီတီအက်ဖ် ခေါ် မြန်မာနယ်စောင့်တပ်ရင်း။

ဃ။ တပ်ရင်းမှူး ဗိုလ်ကြီးဘသောင်းဦးစီးသည့် ပြည်တောင်စုစစ်ရဲတပ်ရင်း (၃)။

င။ နောက်ပဲခူးဒေသတွင် ရဲဘော်ဖြူအင်အား (၅၀၀၀) ခန့်ရှိရာအစပိုင်း၌ မိမိတို့ကိုခြိမ်းခြောက်နေသော အင်အား ဖြစ်သော်လည်း ဒုဗိုလ်မှူးကြီးတင်ဦး၏ စည်းရုံးမှုဖြင့် ကေအင်ဒီအိုများကို ခုခံတိုက်ခိုက်ရာတွင် မိမိတို့နှင့် လက်တွဲရန် နားလည်မှု ရရှိထားသည်။

စ။ မိမိတို့၏ အဓိကတိုက်ခိုက်ရေးအားဖြစ်သော ဗမာ့သေနတ်ကိုင် တပ်ရင်း (၆) မှ တိုက်ခိုက်ရေးအင်အား ထက်ဝက်ခန့် တပ်ခွဲ ၂ ခွဲကို ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်မောင် (စာရေးဆရာ မြတ်ထန်) ဦးဆောင်၍ အထက်ဗမာပြည် မတ္တီလာဒေသသို့ ပေးပို့လိုက်ရသည်။ နောက် ထပ်မံ၍ အင်အား (၁၀၀) ခန့်ကို အမြောက်တပ်ဖွဲ့စည်းရန် ပေးအပ်ခဲ့ရပြန်သေးသည်။

ဆ။ သို့ဖြစ်၍ ဗမာ့သေနတ်ကိုင် တပ်ရင်း (၆) တွင် အင်အား (၃၀၀) ခန့်သာကျန်ရှိပြီး တိုက်ခိုက်ရေးအင်အား (၂၀၀) ခန့်သာရှိတော့သည်။

ထိုကရင်သောင်းကျန်းသူများ၏ အစီအစဉ်မှာ ပဲခူးမြို့ကိုသိမ်းပိုက်ဖျက်ဆီးမည်။ နောက် ပဲခူးမြို့တောင်ဘက် ၁၀ မိုင်ခန့်ရှိ ထုံးကြီးရွာဒေသမှ ကေအင်ဒီအိုများနှင့် ပေါင်းမည်။ နောက်လှည်းကူးမြို့ အနောက်ဘက် စာဘူးတောင်း ကေအင်ဒီအိုစခန်း ရွာကြီးမှ ကေအင်ဒီအိုအုပ်စုနှင့် ပေါင်းမည်။ ထိုမှ အင်းစိန် – ရန်ကုန်ဘက်သို့ ချီတက်တိုက်ခိုက်မည် ဖြစ်သည်။

ထိုအတွင်း ပဲခူးမြို့တွင်လည်း ရန်သူသတင်းပေါက်ကြား၍ မြို့သူမြို့သားများသည် ပဲခူးချောင်းဖျားသို့လည်းကောင်း၊ သနပ်ပင်မြို့ဘက်သို့လည်းကောင်း တမြို့လုံး ကားများ၊ ရရာယာဉ်များနှင့် ပြေးလွှားနေကြသည်။

ပဲခူးမြို့ပေါ်တွင်လည်း ကရင်သူပုန်၏ ဘက်တော်သား (၁၀၀) ခန့် လက်နက်အပြည့်အစုံနှင့် မြောက်ဘက်ကဆင်းလာမည့် ကရင်သူပုန်တပ်ကြီးကို ကြိုဆိုရန် ပုန်းအောင်းပုံးကွယ်ပြီး စောင့်ဆိုင်းနေကြသည်။

ဒုဗိုလ်မှူးကြီးတင်ဦးသည် ဆင်းလာသော ရန်သူကရင်တပ်ဖွဲ့ကြီးကို ပဲခူးမြို့မြောက်ဘက် (၁၀) မိုင်ကွာ ကားလမ်းမပေါ်ရှိ ဘုရားကြီးရွာတွင် ခံစစ်စခန်း တည်ဆောက်ပြီး ခံစစ်ဆင်ရန်စတင်တော့သည်။

အင်အား (၂၀၀၀) ကျော်ရှိ ရဲဘော်ဖြူတပ်မကြီး ပဲခူးသို့စစ်ကူချီတက်လာရာ ရောက်မလာနိုင်သေးသဖြင့် ပဲခူးတပိုက်က လက်နက်မဲ့ ရဲဘော်ဖြူ (၂၀၀) နှင့် ပဲခူးထောင်ဖွင့်ပြီး ကရင်သူပုန်တိုက်လိုသူ (၃၀၀) ထွက်လာရာ ထိုလူပေါင်း (၅၀၀)ခန့်ကို ဒုဗိုလ်မှူးကြီး တင်ဦးက လက်နက်ချက်ချင်း တပ်ဆင်ပေးပြီး ဘုရားကြီးရွာအနောက်ဘက် ရွာတချို့သို့ ချီတက်တပ်စွဲစေရသည်။ ကရင်သူပုန်များက ဘုရားကြီးရွာမှ ကားလမ်းအနောက်ဘက်က ချီတက်ပြီး ပဲခူးမြို့ကို တိုက်ခိုက်လာမှာကို ကာကွယ်တားဆီးရန်နှင့် သတင်းပေးရန်တို့အတွက် ဖြစ်ပေသည်။

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၄) ရက်နေ့ ညနေ (၄) နာရီခန့်မှစ၍ တောင်ငူစစ်ကြောင်း ကရင်သူပုန်သေနတ်ကိုင် တပ်ရင်း (၁) စစ်ကြောင်းနှင့် မိမိတို့တပ်များ ပဲခူးမြို့မြောက်ဘက် (၁၀) မိုင်ကွာ ကားလမ်းပေါ်ရှိ ဘုရားကြီးရွာတွင် စတင်၍ တိုက်ပွဲဖြစ်ကြပြီ ဖြစ်သည်။

ဒုဗိုလ်မှူးကြီး တင်ဦးသည် သနပ်ပင်ဒေသမှ ကျောင်းသားရဲဘော် (၁၀၀) ခန့်အား လက်နက်တပ်ဆင်ပြီး မြို့လုံခြုံရေးနှင့် ဆက်သားရဲဘော်များအဖြစ် အသုံးပြုခဲ့ရ၏။ ပဲခူးမြို့ပေါ်တွင်လည်း စစ်တပ်အတွက် ထမင်းထုပ် (၂၀၀၀) တောင်းခံလိုက်သည်။ ဤသည်မှာလည်း မြို့လူထုက ပဲခူးမြို့တွင် စစ်တပ်အင်အား စစ်ကူ (၂၀၀၀) ရောက်ရှိလာကာ အင်အားကြီးလာမည်ဟု ထင်မြင်ယူဆလာရန် ပရိယာယ်ဆင်၍ လုပ်ဆောင်ရခြင်းဖြစ်သည်။ မြို့လူထု စိတ်အားတက်ကြွလာစေရန် ဖြစ်ပေသည်။

တိုက်ပွဲဖြစ်သည့် ဖေဖော်ဝါရီလ (၄) ရက်နေ့ည (၁၀) နာရီကျော်တွင် ဘုရားကြီးတွင် ကရင်သူပုန်တို့နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ရာ မိမိတို့တပ်များ မခံနိုင်၍ တပ်ဆုတ်ခွာလာပြီး ပဲခူးမြို့အဝင် ကလိကိတ်တွင်နေရာယူထားရသော အခြေသို့ ရောက်ခဲ့သည်။ မိမိတို့တပ်များ ပဲခူးမြို့ကပဲ အသေခံ ခုခံတိုက်ခိုက်ရမည့် ဘဝသို့ ရောက်ခဲ့သည်။

သို့သော် ည သန်းခေါင် ၁၂ နာရီလောက်တွင် ပဲခူးမြို့သို့ စစ်ကူလာနေသော ယူအမ်ပီ စစ်ရဲတပ်ရင်း ဝေါသို့ ရောက်နေရာမှ ၎င်း၏တပ်ရင်းမှူး ဗိုလ်မှူးအေးငွေက ဆက်သားနဲ့ စာတစောင် ပဲခူးရှိဒုဗိုလ်မှူးကြီး တင်ဦးထံရောက်ရှိလာသည်။ ထူးဆန်းနေသည်မှာ ထိုဆက်သား ရဲဘော်သည် စက်ဘီးဖြင့်ဝေါမှ ဘုရားကြီးရွာကိုဖြတ်၍ ပဲခူးကိုရောက်လာခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားကြီးရွာသို့ ကရင်သူပုန်တွေ မဝင်ရောက်သေးကြောင်း သိလိုက်ရသည်။

စစ်သမိုင်းများတွင် နှစ်ဘက်ရန် /ငါ တိုက်ခိုက်ကြစဉ် နှစ်ဘက်စလုံးမှ သူများက တဖက်ရန်သူ ဆုတ်ခွာမှန်းမသိဘဲ နှစ်ဘက်စလုံး ဆုတ်ခွာကြရာ တဖက်သူဆုတ်မှန်း အရင်သိသူက နေရာပြန်ဝင်ယူပြီး အနိုင်ရရှိကြပုံတွေ ရှားရှားပါးပါး ရှိကောင်းရှိမည် ဖြစ်သည်။

ယခုလည်း ဘုရားကြီးရွာ တိုက်ပွဲတွင် ဤအတိုင်းဖြစ်လာရာ ကျနော်တို့ဘက်က ကရင်သူပုန်များ ဆုတ်မှန်းအရင်သိလိုက်ပြီး မိမိတပ်များကို အမြန်ပြန်၍ ဘုရားကြီးရွာသို့ ပြန်ဝင်ယူလိုက် ပါတော့သည်။

ထိုဆက်သား ရဲဘော်ကိုလည်း ဝေါမြို့သို့ ပြန်လွှတ်ပြီး ဗိုလ်မှူးအေးငွေအား စာရလျှင်ရချင်း သူ့တပ်နှင့် ဘုရားကြီးသို့ အမြန်ဝင်ပူးပေါင်းရန် ဒုဗိုလ်မှူးကြီးတင်ဦးက ညွှန်ကြားလိုက်သည်။

နောက်နေ့ ဖေဖော်ဝါရီလ (၅) ရက် နံနက် ၄ နာရီခန့်တွင် ဘုရားကြီးရှာတွင် ကျနော်တို့တပ်များ ခံကတုတ်များ အခိုင်အမာချထားပြီးကြောင်း တယ်လီဖုန်းဖြင့် သတင်းပို့ချက်ကို ပဲခူးကရပြီဖြစ်၍ ကျနော်တို့ အင်းစိန်စစ်မျက်နှာက လူများအတော် စိတ်အေးသွားရပါသည်။

ဖေဖော်ဝါရီ (၅) ရက် နံနက်စောစောမှာပင် ပဲခူး၊ သနပ်ပင်သို့ စစ်ကူရဲဘော်ဖြူအင်အား (၂၀၀၀) ကျော် ယာဉ်နက်စုံဖြင့် ရောက်ရှိလာပါတော့သည်။ ချက်ချင်းပင် သနပ်ပင်မှ ဘုရားကြီးစစ်မျက်နှာသို့ မော်တော်ယာဉ်များဖြင့် ပေးပို့အားဖြည့် နိုင်ပါတော့သည်။

သို့ဖြင့် တောင်ငူစစ်ကြောင်း ကရင်သူပုန်ရန်ကို ကောင်းစွာခုခံကာကွယ် တွန်းလှန်နိုင်သော အခြေအနေသို့ ရောက်လာပြီဖြစ်၍ ကျနော်တို့ဘက်မှ အတော်စိတ်အေး သက်သာလာပါတော့သည်။

အထက်ပါတို့မှာ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၄) ရက်နေ့ ပဲခူးစစ်မျက်နှာ ဘုရားကြီးတိုက်ပွဲနှင့် ပတ်သက်၍ ယခုကျနော့်ထံတွင် ရှိနေသော စာအုပ်စာတမ်းများအရ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

သို့သော် ထိုကာလအတွင်း ကျနော်ကြုံတွေ့ ဖြစ်ပျက်ခဲ့ရသော အဖြစ်အပျက် ကျနော်မှတ်မိသလောက်နှင့် ကွဲလွဲနေသည်များ ရှိနေပါသည်။ ထိုစာအုပ်စာတမ်းများအရ ဒုဗိုလ်မှူးကြီးတင်ဦးတို့အဖွဲ့ ပဲခူးတွင် အသေခံခုခံမည်ဟု ဆိုထားပါသည်။

ကျနော်သတိရ မှတ်မိတဲ့အချက် အချို့ကဤသို့ ဖြစ်ပါသည်။

ကျနော်သည် ဗမာပြည်တော်ပိုင်း စစ်ဌာနချုပ်မှူးအဖြစ် မင်္ဂလာဒုံတွင် ဆောင်ရွက်နေစဉ် အင်းစိန်တိုက်ပွဲကိုလည်း ကိုယ်တိုင်ဦးစီးပြီး တိုက်ခိုက်နေရပါသည်။

ထိုစဉ် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ (၄) ရက်လောက်က ကျနော့်ကို ပဲခူးမှ ဒုဗိုလ်မှူးကြီးတင်ဦးက ဝိုင်ယာလက်စက်နှင့် စကားပြောလိုသည်ဆို၍ ဝိုင်ယာလက်အခန်းကို သွားရပါသည်။ ဗိုလ်မှူးတင်ဦးက သူ့တပ်များဘုရားကြီးတိုက်ပွဲက ဆုတ်လာပြီး ပဲခူးပြန်ရောက်လာကြပြီး သူတို့၏မူလအစီအစဉ်အတိုင်း ဘုရားကြီးကျသွားပြီးရင် ပဲခူးမြို့ကျယ်ကြီးက မခုခံတော့ဘဲ ပဲခူးက သနပ်ပင်သို့ ဆုတ်ခွာ ဖယ်ပေးတော့မည် ဖြစ်သည့်အတိုင်း ယခုသူတို့ ပဲခူးမှ သနပ်ပင်သို့ ဆုတ်တော့မည်ဟု ဆိုပါသည်။ ကျနော်များစွာ စိတ်ထိခိုက်တုန်လှုပ် သွားပါသည်။ ထိုရန်သူကို ရန်ကုန်မြို့ကြီးက ခုခံတိုက်ခိုက်ရန် အလှည့်ရောက်ခဲ့တော့မည်ကို သိမြင်၍ ဖြစ်ပါသည်။ သို့သော် ကျနော်ဘာမှ မတတ်နိုင်ပါ။ – ခင်ဗျားတို့ ပဲခူးကဆုတ်ခွာရင် ပဲခူးမြို့အစပ်ရှိ ပဲခူးမြစ်ပေါ်က ပဲခူး – ရန်ကုန်ကားလမ်းတံတားနဲ့ ရထားလမ်းတံတား တို့ကိုတော့ မှချဖျိုးပြီး ဖျက်ဆီးပါ ဟု မှာကြားရပါတော့သည်။

ကျနော်စကားပြောပြီးနောက် ကျနော့်ရုံးခန်းသို့ပြန်လာကာ ရုံးတွင်ရှိနေသော အင်ဂျင်နီယာအရာရှိကို ချက်ချင်းခေါ်ပြီး ယခုချက်ချင်း ပဲခူး – ရန်ကုန်ကားလမ်းပေါ်ရှိ လှည်းကူးမြို့အနီးက "ဝန်းဘော်ဒတ်" တံတားကြီးကိုသွား၍ ဖောက်ခွဲဖျိုးဖျက်ရန် ညွှန်ကြားပါသည်။ စစ်အခြေအနေကိုလည်း အတိုချုပ်၍ ပြောပြလိုက်ပါသည်။

ထို့နောက် ကျနော်စိတ်သောကကြီးစွာနှင့် ရန်ကုန်မြို့မှ ခုခံကာကွယ်ရေးကို စဉ်းစားနေမိပါသည်။ ကျနော်မှတ်မိ နေပါသေးသည်။ ကျနော့်ရုံးခန်းမှ မတ်တတ်ရပ်ပြီး ကြည့်လိုက်လျှင် ပြတင်းပေါက်မှ ကိုက် ၁၅၀ လောက်ဝေးသော ပြည် – ရန်ကုန် ကားလမ်းမကြီးကို မြင်နေရရာ ပဲခူးဘက်မှ ထင်ရသော အရပ်သူအရပ်သားအချို့ မော်တော်ကားများပေါ် ပစ္စည်းများအပြည့် အနက်တင်ကာ ရန်ကုန်မြို့တွင်းသို့ ဗိုအောင်းရန် အပြေးအလွှား ဝင်ရောက်နေကြသည်ကို တွေ့မြင်နေရပါသည်။ ဟာ … လူတွေက ရန်ကုန်မြို့လုံခြုံမယ်ထင်ပြီး ပြေးဝင်နေကြပြီ ငါဘယ်လိုလုပ် ကာကွယ်နိုင်ပါ့မလဲ ဟု မိမိတာဝန်အတွက် စိတ်သောကကြီးစွာ ရောက်နေစဉ် ခဏအကြာ၌ နောက်ထပ် ပဲခူးမှ ဝိုင်ယာလက် စကားပြောလိုကြောင်း လာပြောပြန်သဖြင့် ကျနော်ထလိုက်သွားပြီး ဝိုင်ယာလက်ပြောသောအခါ အခြေအနေမှာ များစွာဝမ်းသာဖွယ် ပြောင်းလဲသွားသည်ကို တွေ့ရပါတော့သည်။

အကြောင်းမှာ ဒုဗိုလ်မှူးကြီးတင်ဦးက ယခုအခြေအနေတွေ ပြောင်းသွားပြီဘုရားကြီးမှ ရန်သူကေအင်ဒီအိုတပ်တွေ ဆုတ်ခွာသွားကြပြီ ကျနော်တို့ ကသူတို့ဆုတ်ခွာကြောင်း အရင်စောသိရလို့ ကျနော့်တို့တပ်တွေ ဘုရားကြီးရွာသို့ အမြန်ပြန်ပြီး ခံစစ်နေရာယူရန် ပြန်ဝင်နေကြပြီ ဟု အစီရင်ခံပါသည်။

ကျနော်အတိုင်းမသိ ဝမ်းမြောက်သွားပါတော့သည်။

သို့ရာတွင် ကျနော်က "ဝန်းဘော်ဒတ်" တံတားကြီးကို ဖျိုးဖျက်ခိုင်းထားတာကို ချက်ချင်းသတိရပြီး တာဝန်ပေး စေလွှတ်ထားသော အင်ဂျင်နီယာ အရာရှိ သွားပြီးလားဟု ချက်ချင်းမေးရာ ထွက်သွားပြီ ဟု သိရပါသည်။ ထိုစဉ် ကျနော် စဉ်းစားမိသည်မှာ တံတားမဖျိုးခင် မီအောင်လေယာဉ်ပျံနှင့် လိုက်ပြီး စာချပေးရင် မီနိုင်သည်ဟု တွက်ချက်လိုက်ပါသည်။

ကျနော်က ဗမာ့လေတပ်မတော်မှ လေယာဉ်တစ်စီး အရေးပေါ်ကိစ္စကြုံလျှင်သုံးရန် အသင့်အမြဲရှိနေဖို့ တာဝန်ပေးထားရာ ထိုလေယာဉ်လည်း အဆင်သင့် ရှိနေပါသည်။

ကျနော်က ထိုအင်ဂျင်နီယာ အရာရှိသို့ အမိန့်စာတိုလေး တစောင်ရေးပါသည်။

"ဘုရားကြီးရွာမှ ရန်သူများဆုတ်သွားပြီ မိမိတို့တပ်များ ဘုရားကြီးရွာကို ဝင်သိမ်းပြီး နေရာယူပြီးပြီ၊ ဝန်းဘော်ဒတ် တံတားကို ဖျိုးဖျက်စရာမလို တော့ ပြန်လာပါ" ဟူသော သဘောပါသည့်အမိန့်စာကို ကျနော်လက်မှတ်ထိုးပြီး နောက်ထပ် အရာရှိတဦးကို လေယာဉ်နှင့် လိုက်ပြီးထိုစာကို 'ချ'ပေးရန် စာကို သံဘူးငယ်တခုတွင် ထည့်ပေးပြီး လေယာဉ်နှင့် အမြန်စေလွှတ်လိုက်ပါသည်။

ထိုလေယာဉ်က ဝန်းဘော်ဒတ် တံတားပေါ်ရောက်သောအခါ တံတားအနီးတွင် ကားတစီးရပ်ထားတာ မြင်ရသဖြင့် လေယာဉ်ကို နိမ့်နိမ့်ဆင်းပြီး ဝဲနေပါသည်။ တံတားကို ဖျက်ခိုင်းထားသော အင်ဂျင်နီယာ အရာရှိလည်း တံတားတွင် ဗိုင်းနမိုင်းများ ချည်နှောင်ရန်လုပ်နေပါသည်။ ထိုစဉ်ခေါင်းပေါ်တွင် လေယာဉ်ဝဲလာသဖြင့် ထူးခြားသည်ဟု ယူဆပြီး တံတားမှခွာပြီး လေယာဉ်ကို မော့ကြည့်စဉ် လေယာဉ်ပေါ်မှ သံဘူးကလေးကျလာပြီး ကျနော့်စာကို ဖတ်ရကာ မဖောက်ခွဲတော့ဘဲ ပြန်လာနိုင်ပါတော့သည်။

ဤတွင် ကျနော်တို့အခြေအနေ ချေမောသွားပါတော့သည်။

ဤသည်တို့မှာ ပဲခူးစစ်မျက်နှာ ဘုရားကြီးရွာကိစ္စ ကျနော်မှတ်မိနေသော အကြောင်းအရာ ဖြစ်ပါသည်။

ကွဲလွဲချက်မှာ စာအုပ် စာတမ်းများရေးသားချက်အရ မိမိတို့တပ်များ ဘုရားကြီးမှ ဆုတ်လာရစဉ် ဒုဗိုလ်မှူးကြီးတင်ဦးတို့က ဘာပဲဖြစ်ဖြစ် ပဲခူးမြို့ကပဲ

အသေခံပြီး ခုခံတိုက်ခိုက်ရန် ဆုံးဖြတ်ပြီး လုပ်စရာရှိသည်များကို ဆက်လက်လုပ်ဆောင်ကြောင်း ဆိုထားပါသည်။

ကျနော် မှတ်မိသလောက်မှာ ဘုရားကြီးရွာမှ ဆုတ်ခွာလာပြီးနောက် မူလအစီအစဉ်အတိုင်း ပဲခူးမှမခံဘဲ သနပ်ပင်မြို့ကလေးသို့ ဆုတ်ခွာမည်ဟု ဒုဗိုလ်မှူးကြီးတင်ဦးက အစီရင်ခံမှုပင် ဖြစ်သည်။

တူညီမှုကတော့ ဒုဗိုလ်မှူးကြီးတင်ဦးတို့ ဆက်လုပ်ဆောင်စရာရှိသည်များကို ဆက်လက်လုပ်ဆောင်နေစဉ်မှာပင် နှစ် နာရီ လောက်အတွင်း ကေအင်ဒီအိုရန်သူများလည်း ဘုရားကြီးရွာက ဆုတ်ခွာသွားကြောင်း မိမိတို့ဘက်က ကြိုတင်သိရပြီး ဘုရားကြီးရွာသို့ မိမိတို့တပ်များ အမြန်ပြန်ဝင်ကာ နေရာယူတပ်စွဲလိုက်သည့် အကြောင်းပင် ဖြစ်သည်။

ဤကွဲလွဲချက်အပေါ် ကျနော်၏ တွေးခေါ်ယူဆချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပထမ မိမိတပ်များ ဘုရားကြီးရွာတိုက်ပွဲက ဆုတ်လာစဉ် ဒုဗိုလ်မှူးကြီးတင်ဦးသည် မူလအစီအစဉ်အတိုင်း ပဲခူးက မခုခံဘဲ သနပ်ပင်မြို့ကလေး (ပဲခူးမြို့ အရှေ့မြောက်ကားလမ်းမ (၇) မိုင်ကွာ လောက်တွင်ရှိသည့်နေရာ) သို့ ဆုတ်ခွာရန် ဆုံးဖြတ်ခဲ့ပုံရပါသည်။ သို့ရာတွင် လုပ်ရင်းကိုင်ရင်းမှာပင် သနပ်ပင်ဆုတ်ရေးမှာ မသင့်တော် ပဲခူးမြို့ကပဲ အသေခံတိုက်တော့မည်ဟု နောက်ထပ်ဆုံးဖြတ်ချက် ပြင်ပြီးလုပ်ကိုင်နေပုံရသည် ထင်ပါသည်။ ဤအတွင်းမှာပင် ဘုရားကြီးရွာ စစ်မျက်နှာသို့ ပြန်ဝင်နေရာယူနိုင်သည့် ကိစ္စပေါ်လာခြင်း ဖြစ်ဟန်ရှိပါသည်။

## သူပုန်တို့၏ ဒုတိယအကြိမ် ထိုးစစ်

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၄) ရက် ကေအင်ဒီအိုတို့၏ ပထမထိုးစစ်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အရေးနိမ့် တပ်လန်သွားပြီးနောက် မိမိတို့ဘက်က မျှော်လင့်ထားသည့်အတိုင်း နောက် (၃) ရက်ကြာသောအခါ ကေအင်ဒီအိုများသည် အင်အားပြန်လည်စုရုံးပြီး ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ဒုတိယအကြိမ် ထိုးစစ်ကြီးကို စတင်ပါတော့သည်။

သို့ရာတွင် မိမိတို့အစိုးရတပ်ဖွဲ့များက "ဘုရားကြီး" ခံစစ်စခန်းတွင် အင်အားအလုံအလောက် သွင်းထားပြီးဖြစ်၍ မိမိတို့ကို မလှုပ်နိုင်တော့ပေ။ တယန်မိမိတို့က တန်ပြန်ထိုးစစ်ဆင်ရာ ၎င်းတို့မတတ်နိုင်တော့ဘဲ ဆုတ်ခွာရပါတော့သည်။

ထိုအခါ မိမိတို့တပ်ပေါင်းစု တပ်များက ချက်ချင်းတောက်လျှောက် ဆုတ်ခွာပြေးသော ရန်သူကိုဖိ၍လိုက်ရာ ထိုနေ့ညနေ နေဝင်ချိန်တွင် မိမိတို့ တပ်များ ပဲခူးမြို့မြောက်ဘက် မိုင် (၃၀) အကွာရှိ ဒိုက်ဦးမြို့အထိ ချီတက်သိမ်းပိုက် လိုက်နိုင်ပေသည်။

ဤတွင် ရန်ကုန်မြို့တော်ကြီးကို ခြိမ်းခြောက်နေသော ကေအင်ဒီအိုတို့၏ စစ်ကြောင်းအန္တရာယ်ကို ဖယ်ရှားလိုက်နိုင်ပြီးဖြစ်၍ ကျနော်တို့ အားလုံးများစွာ ဝမ်းသာရွှင်လန်းသွားကြပါသည်။

## အင်းစိန်တိုက်ပွဲ အဆုံးသတ်

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့က စတင်ခဲ့သော အင်းစိန်တိုက်ပွဲကြီးမှာလည်း ပဲခူးစစ်မျက်နှာမှ ကေအင်ဒီအိုတို့ ဆုတ်ခွာသွားပြီးသည့်တိုင် အချိန်အတော်ကြာ ဆက်တိုက်ရတုန်း ဖြစ်ပါသည်။

သို့သော် ကေအင်ဒီအိုတို့သည် တတိတတိဖြင့် အင်းစိန်တွင်အတော်နေရာ ကျဉ်းမြောင်းလာသည့်အပြင် အဓိကအားဖြင့် သူတို့ကိုလာပြီး ပေါင်းစီးအကူအညီပေးရန် အလားအလာများ မရှိတော့ပြီဖြစ်၍ အင်းစိန်မှ ၁၉၄၉ – မေလ (၂၁) ရက်နေ့ညတွင် အင်းစိန်မြို့ကျောဘက်ရှိ လှိုင်မြစ်ကိုဖြတ်ကာ မြစ်ဝကျွန်းပေါ်သို့ ဆုတ်ခွာထွက်ပြေးကြလေတော့သည်။

သို့ဖြင့် ၁၉၄၉ ဖေဖော်ဝါရီ (၁) ရက်မှ မေလ (၂၂) ရက်အထိ ၃ လနှင့် ၂၂ ရက်ကြာပြီး များစွာအသေအပျောက် ထိခိုက်ကျဆုံးမှုများခဲ့သော သမိုင်းဝင်အင်းစိန်တိုက်ပွဲကြီးမှာ ပြီးဆုံးခြင်းသို့ ရောက်ရှိသွားပေတော့သည်။

အင်းစိန်တိုက်ပွဲတွင်း ကိစ္စအချို့ကျန်ရစ်နေ၍ ထပ်ရေးရပါဦးမည် – အင်းစိန်တိုက်ပွဲအတွင်း တနေ့ မနက်အစောကြီး ကျနော်တို့အိပ်ရာ ထခါစ အချိန် ဗိုလ်ချုပ်နေဝင်းသည် သူ့ကားလေးနှင့် ကျနော်တို့၏ အင်းစိန်တိုက်ပွဲ ရှေ့တန်းဌာနချုပ်ရုံးသို့ ရောက်လာပြီး ကျနော့်ကိုတွေ့ဆုံပြီး ပြောပြသည်မှာ တနေ့က ဗိုလ်မှူးကြီးဘလိတ် သူ့ထံလာပြီးတိုင်ကြားတာကတော့ ဗိုလ်ကျော်ဇောက သူကိုကြိမ်းမောင်းပြစ်တင်တယ် လို့ပြောပါသည်။ ၎င်းပြင် ဗိုလ်မှူးကြီးဘလိတ်အား လေးလေးစားစား ကောင်းကောင်း မွန်မွန်ဆက်ဆံရန်လည်း ကျနော့်ကိုသတိပေးပြီးနောက် သူပြန်ထွက်သွားပါသည်။

ဗိုလ်မှူးကြီး ကြည်မောင်လည်း ကျနော့်အနီးရောက်လာသဖြင့် ကျနော်က ဗိုလ်ချုပ်နေဝင်းလာပြောပြသွားသောကိစ္စ သူ့ကိုပြောပြလိုက်ပြီး တဆက်တည်းမှာပင် နေပါအုံးဗျ ဒီလိုဆိုတော့လဲ ဗိုလ်နေဝင်းက လုံ့လဝီရိယအရှိသားပဲ ကျနော့်ဆီ မနက်အစောကြီးကို ရောက်ချလာတာ ဟု ကျနော်က ပြောမိတော့ ဗိုလ်မှူးကြီးကြည်မောင်က ဘာအခန်းသလဲဗျာ သူ့အလုပ်ကာမှ မရှိတာ ဒီလောက်တော့ လုပ်ပြရမှာပေါ့ ဟု ဆိုပါသည်။

ကျနော်လည်း ဗိုလ်မှူးကြီးဘလိတ် ကျနော့်အပေါ် စိတ်ဆိုးနေတာ ဘယ်လိုတောင်းပန်ရပါ့မလဲဗျာ ကျနော်လဲအလုပ်များပြီး စိတ်ရှုပ်တော့ တခါတရံ ပြောမိဆိုမိသလားလဲ မသိဘူးဗျာ ဟု ညည်းတွားမိရာ ဗိုလ်မှူးကြီးကြည်မောင်က (သူကိုယ်တိုင်လဲ ဗိုလ်မှူးကြီး ဘလိတ်နှင့် အတော်ရင်းနှီးသူဖြစ်ရာ) ဒီကိစ္စ သိပ်စိတ်မပူပါနဲ့ ဗိုလ်မှူးကြီးဘလိတ်ဟာ စိတ်ရင်းကောင်းသူ ဖြစ်ပါတယ်။ သူဟာတခါတရံ စိတ်တိုပြီး ဒါမျိုးဖြစ်တတ်ပါတယ် နောက်တောမှာပဲ မေ့မေ့ ပျောက်ပျောက် ဖြစ်သွားတတ်ပါတယ်။ ကျနော်ကြည့်ပြောလိုက်ပါ့မယ်။ နောင်သာကောင်းကောင်းမွန်မွန် သတိထားဆက်ဆံပေါ့ ဟု ပြောပါသည်။ ဗိုလ်မှူးကြီးဘလိတ်လဲ ဒီကိစ္စသတိရမှာ မဟုတ်တော့ပါဘူး။ မေ့လောက်ပြီထင်ပါတယ် ဟု လည်းဆက်ပြောပါသည်။ ကျနော်လည်း အတော် စိတ်သက် သာသွားပါသည်။ နောက်ပိုင်းကျနော်သည် ဗိုလ်မှူးကြီးဘလိတ်နှင့် ပြေလည်ရင်းနှီးပြီး အတော်ခင်မင်သော မိတ်ဆွေကြီးများ ဖြစ်သွားကြပါတော့သည်။

ဗိုလ်မှူးကြီးကြည်မောင်မှာလည်း ကျနော်နှင့် နှစ်အတော်ကြာ ရင်းရင်းနှီးနှီး အလုပ်အတူတွဲပြီး လုပ်ခဲ့သဖြင့် ကျနော့်စိတ်နေ သဘောထားကို

လည်းကောင်း၊ အကျွန်စာရိတ္တကိုလည်းကောင်း သိရှိပြီး အပြန်အလှန်လေးစား ချစ်ခင်ကြသော မိတ်ဆွေကြီးများ ဖြစ်လာကြပါသည်။

ကျနော် ကွန်မြူနစ်နှင့် ဆက်သွယ်သည်ဟူသော စွပ်စွဲချက်နှင့် တပ်မတော်က ၁၉၅၇ ခုနှစ်က ထွက်ရပြီး နောက်ပိုင်းတွင်းလည်း ဗိုလ်မှူးကြီး ကြည်မောင်သည် မိတ်ဆွေမပျက် ကျနော့်အိမ်ကိုဝင်ထွက် သွားလာဆက်ဆံနေပါသည်။ သူတွင်မက သူ့ဇနီးနှင့် မိသားစုဝင်များပါ ကျနော့်အိမ်သားများနှင့် ရင်းနှီးခင်မင်လာကြပါသည်။

ကွန်မြူနစ်ဟု ယူဆရသူကျနော့်အပေါ် ဗိုလ်မှူးကြီးကြည်မောင်က ခင်ခင်မင်မင်လေးလေးစားစား ဆက်ဆံနေခြင်းနှင့် ကွန်မြူနစ်များကို မုန်းတီး ဆန့်ကျင်သူ ဗိုလ်မှူးကြီးကြည်မောင်အပေါ်လည်း ကျနော်က လေးလေးစားစား ဆက်ဆံနေခြင်းများကို လူအချို့က အံ့သြနေကြပေသည်။

ဆန့်ကျင်ဘက်ဖြစ်ကြသော ကျနော်တို့နှစ်ဦး မိတ်ဆွေကြီးများ ဖြစ်နေရခြင်းမှာ ကျနော်တို့ ၂ ဦးအတွင်း တဦးအားကောင်းချက်ကို တဦးကလေးစား ချစ်ခင်ကာ တဦးအားနည်းချက်ကို တဦးကခွင့်လွှတ်နိုင်ကြခြင်းတို့ကြောင့် ဖြစ်မည်ထင်ပါသည်။

ဗိုလ်မှူးကြီးကြည်မောင်သည် တပ်မတော်မှ အနားယူပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ခေါင်းဆောင်တဦး အဖြစ်ဝင်ရောက် လုပ်ဆောင် ခဲ့ရာ၊ ယခုအခါ အသက်အရွယ်ကြီးရင့်လာပြီးဖြစ်၍ (ကျနော့်ထက် ၂ နှစ်ခန့်ကြီးပါသည်။) ရန်ကုန်တွင် အနားယူနေထိုင်လျက်ရှိကြောင်း သိရပါသည်။

ဤစာရေးရင်း ဤကဲ့သို့ အလားတူ ကွန်မြူနစ်ကို ဆန့်ကျင်သော်လည်း ကျနော်နှင့် မိတ်ဆွေကြီးဖြစ်နေခဲ့သော ပုဂ္ဂိုလ်တဦးကို သတိရမိပါသည်။ ထိုပုဂ္ဂိုလ်မှာ ဗိုလ်မှူးကြီးချစ်မြိုင်ဖြစ်ပြီး ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်လျက်ရှိပါသည်။

ထိုအင်းစိန်တိုက်ပွဲကို အပြင်းအထန်တိုက်ခိုက် နေစဉ်အတွင်း မတ်လဆန်းလောက်တွင် ထင်ပါသည်။ ကျနော်မေမြို့တွင် ချန်ထားရစ်ခဲ့သော ဇနီးသည်နှင့် သမီးငယ်တို့ ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာပါသည်။

ကျနော်မေမြို့၌ မြောက်ပိုင်းတိုင်းမှူး တာဝန်ထမ်းဆောင်နေရာမှ ဗိုလ်ချုပ်နေဝင်းက ရန်ကုန်သို့ဆင်းလာရန် ခေါ်ပြီး တောင်ပိုင်းတိုင်းမှူး တာဝန်ပေးကာ အင်းစိန်စစ်မျက်နှာကို ကြီးကြပ်ရန် စေလွှတ်လိုက်သဖြင့် သူတို့သားအမိ မေမြို့တွင်သောင်တင် ကျန်ရစ်ပါသည်။

သူတို့ကိုခေါ်ပေးရန်သွားသော ယူဘီအေ လေယာဉ်မှာ မိတ္ထီလာသို့ ဆင်းမိရာ ထိုနေ့နံနက်စောစောက မိတ္ထီလာကို သိမ်းပိုက်လိုက်သော ဗိုလ်နော်ဆိုင်း ဦးစီးသည့် ကရင်သောင်းကျန်းသူများက ထိုလေယာဉ်ပျံကို စီးနင်းသိမ်းပိုက် လိုက်ပါသည်။ ထိုကရင်တပ်များမှာ ပဲခူးစစ်မြေပြင်မှ ဆုတ်လာသော တပ်များ ဖြစ်ပေသည်။ ထိုနေ့မှာ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ ဖြစ်သည်။

ဗိုလ်နော်ဆိုင်းသည် ထိုလေယာဉ်ဖြင့် မေမြို့သို့သွားကာ မေမြို့အချက်ပြဆက်သွယ်ရေးတပ်ဝင်းအတွင်း ကျနော် လက်နက်ဖြုတ်ထားသော ကရင် တပ်သားများကို လက်နက်တပ်ဆင်ပေးပြီး ထိုနေ့မှာပင် မေမြို့ကို သိမ်းလိုက်ပါသည်။

ကျနော့်ဇနီးမှာ ထိုနေ့က ရန်ကုန်ကလေယာဉ် လာခေါ်မည်ဟု အကြောင်းကြားထား၍ အထုပ်အပိုးပြင်စောင့်ဆိုင်းနေရာ ညနေစောင်းသည်အထိ လာခေါ်ခြင်းမရှိဘဲ မေမြို့ကရင်သူပုန်များလက် ကျရောက်သွားပြီဟူသော သတင်းသာရရှိလိုက်ပါတော့သည်။ ထိုညတွင်းချင်းမှာပင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် အရာရှိရိပ်သာတွင် ကျနော်နေရာချထားပေးသော ဗိုလ်ချုပ်စမစ်ဒွန်းက လူလွှတ်၍ သူနှင့်လာနေရန် သူတို့သားအမိကို လာခေါ်သဖြင့် သူတို့ လိုက်သွားကြပြီး ဗိုလ်ချုပ်စမစ်ဒွန်းတို့ မိသားစုနှင့် ပေါင်းနေခဲ့ကြပါသည်။ ဗိုလ်ချုပ်စမစ်ဒွန်းက ဗိုလ်ကျော်ဇောက ကျုပ်ကိုကယ်တင်စောင့်ရှောက်ခဲ့တယ်။ ဒါကြောင့်ကျုပ်ကလဲ ခင်ဗျားကိုစောင့်ရှောက်မယ်။ ကျုပ်အသက်ရှင်နေသရွေ့ ခင်ဗျားဘာမှမဖြစ်စေရဘူး စိတ်ချပါ ဟု သူ့ကိုအားပေးကြောင်း ကျနော့်ဇနီးက ကျနော့်ကို ပြန်ပြောပြပါသည်။

နောက်ရက်အချို့ကြာပြီးနောက် ဗိုလ်ချုပ်စမစ်ဒွန်းတို့ မိသားစုက မြစ်ကြီးနားသို့ ပြောင်းချင်ကြောင်း အကြောင်းကြားလာသဖြင့် ဗိုလ်ချုပ်စမစ်ဒွန်း မိသားစုကို မြစ်ကြီးနားသို့ပို့ပေးမည် အပြန်အလှန်အားဖြင့် ဗိုလ်ကျော်ဇောမိသားစုကို ရန်ကုန်ခေါ်မည်ဟု အစိုးရနှင့် ကေအင်ဒီအိုတို့ အပေးအယူလုပ်ကာ ယူဘီအေ လေယာဉ်ပျံနှစ်စီးဖြင့် စီစဉ်လိုက်မှုကြောင့် သူတို့သားအမိ ရန်ကုန်ရောက်လာခြင်း ဖြစ်ပါသည်။ ကျနော်တို့လည်းထိုအချိန်က၍ ဗိုလ်ချုပ်စမစ်ဒွန်းနဲ့ ကွဲသွားရာ ပြန်လည်ဆုံတွေ့နိုင်ခြင်း မရှိတော့ပေ။

ကျနော်မင်္ဂလာဒုံလေဆိပ်သို့ အကြိုလွှတ်လိုက်သော အရာရှိနှစ်ယောက်နှင့်အတူ သူတို့သားအမိ ရောက်လာရာ ကျနော်က ထိုအရာရှိများကို သူတို့အားတခါတည်း သုံးဆယ်မြို့ သူ့မိဘများထံပြန်ပို့ရန် စေခိုင်းလိုက်ပါသည်။

ကျနော်လည်း တဖက်တလမ်းက စိတ်အေးသွားရပါသည်။ မေမြို့ကျသွားကြောင်း ကျနော်ကြားရကတည်းက ကျနော့်ဇနီး တခုခုဖြစ်သွားက သူ့မိဘများကို ဘယ်လိုပြောရမလဲဟု ပူပန်နေမိရာ ယခုတော့ တပူအေးသွားပါတော့သည်။

ကျနော်အင်းစိန်တိုက်ပွဲအကြောင်း ရေးနေစဉ် အချက်အလက် အတော်များများကို မေ့လျော့နေပြီဖြစ်၍ ကျနော်လက်ဝယ် ရှိနေသော စာအုပ် စာတမ်းများကိုလည်း မကြာခဏ ပြန်လည်ဖတ်ရှုရပါသည်။ ထိုအထဲက "တပ်မတော်သမိုင်း" စတုတ္ထတွဲ (၁၉၄၈ – ၁၉၆၂) စာအုပ်တွင် အသေးစိတ်အချက် အတော်များများ ထပ်မံတွေ့ရှိရသဖြင့် ကျနော့်ရေးသားချက်များ ပြည့်ဝပြည့်စုံ သွားစေရန်အလို့ငှာ ထပ်မံဖြည့်စွက်ပြီး ကူးယူဖော်ပြလိုက်ရပါသည်။

အင်းစိန်စစ်မျက်နှာ

တပ်မတော်မှ ကရင်သေနတ်ကိုင် တပ်ရင်းများသည် ကေအင်ဒီအိုများနှင့် ပူးပေါင်း၍ အတိအလင်း ပုန်ကန်သဖြင့် အစိုးရက ကရင်တပ်များမှ လက်နက်သိမ်းယူရန် ၁၉၄၉ ခုနှစ် ဇန္နဝါရီလ (၃၀) နေ့တွင် အမိန့်ထုတ်ပြန်၍ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းကို စစ်ဦးစီးချုပ်ခန့်သည်။ ဇန္နဝါရီလ (၃၁) ရက်နေ့တွင်ပင် မင်္ဂလာဒုံရှိ ဆက်သွယ်ရေးတပ်ရင်း၌ ကရင်ရဲဘော်များသည် အရာရှိတဦးကို ပစ်သတ်ကာ လက်နက်များယူဆောင်၍ အင်းစိန်မြို့တွင်းသို့ ဝင်သွားကြသည်။ နောက်တနေ့ဖေဖော်ဝါရီ (၁) ရက်နေ့တွင် အင်းစိန်မြို့တွင်းမှ ကေအင်ဒီအိုများ ထွက်လာသည်။ တောင်ပိုင်းစစ်ဌာနချုပ်နှင့် လေတပ်တို့မှ လက်နက်များ သိမ်းဆည်းကာ အင်းစိန်သို့ပြန်သွားကြသည်။ ဤသို့ဖြင့် အင်းစိန်မှ ကေအင်ဒီအိုများသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော် တို့ကို အတိအလင်းစိန်ခေါ်သော အပြုအမူများ လုပ်ဆောင်လာသဖြင့် ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် မြောက်ပိုင်းတိုင်းမှူးဗိုလ်မှူးကြီးကျော်ဇောသည် တောင်ပိုင်းတိုင်းမှူး တာဝန်ကို ဗိုလ်မှူးချုပ်အောင်သင်းထံမှ လွှဲပြောင်းလက်ခံရယူလျက် မင်္ဂလာဒုံတဝိုက်ရှိ တပ်များ၊ တပ်မှူးများနှင့် ဆွေးနွေးသည်။ ထို့နောက်

ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင်သမိုင်းရှိ အင်းစိန်စစ်မျက်နှာ နည်းဗျူဟာဌာနချုပ်သို့ ကိုင်တိုင်လာရောက် ကွပ်ကဲသည်။ ထိုအချိန်မတိုင်မီက ဗိုလ်မှူးကြီး ကြည်မောင်သည် ရန်ကုန်ပြည်ထောင်စုအရံတပ်ရင်း (ယူအေအက်ဖ်တပ်ရင်း) ကို ကွပ်ကဲလျက် သမိုင်းစစ်မျက်နှာတွင် ယာယီဦးစီးလျက်ရှိသည်။ ထိုစဉ်က ယင်းစစ်မျက်နှာတွင်ရှိသော ပြည်ထောင်စု အစိုးရတပ်ဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ရန်ကုန်ပြည်ထောင်စု အရံတပ်ရင်း (ယူအေအက်ဖ်)

၂။ အမှတ် (၁၈) ပြည်ထောင်စုစစ်ရဲ

၃။ အမှတ် (၂၀) ပြည်ထောင်စုစစ်ရဲ

၄။ အမှတ် (၁၅) ပြည်ထောင်စုစစ်ရဲ

၅။ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ရန်ကုန်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်ရင်း (၁) မှ တပ်စုနှစ်စုကို အမှတ် (၁) ခြေလျင်တပ်ရင်းမှ လက်နက်တပ်ဆင်ပေးပြီး မိမိတပ်စုတစုနှင့်ပေါင်း၍ မော်တာတပ်ဖွဲ့ပါ တပ်ခွဲအဖြစ် သမိုင်းစစ်မျက်နှာတွင် တာဝန်ပေးသည်။ အဆိုပါတပ်ရင်း (၁) ရဲဘော်များသည် သရက်မှတောခိုသွားခဲ့သော တပ်ရင်းမှဖြစ်၍ စစ်ကြောရေးစခန်းတွင် ထိန်းသိမ်းထားခြင်း ဖြစ်ပေသည်။

၆။ အရံစစ်ရဲတပ်များ၊ စစ်ဝန်ထမ်းများ၊ ကျောင်းသားရဲဘော်နှင့် သံမဏိတပ်များ

၇။ ချင်းသေနတ်ကိုင် တပ်ရင်း (၁)

၈။ ဖေဖော်ဝါရီလ ၆ ရက်မှ ၈ – ရက်အတွင်း မော်လမြိုင်ရှိ အမှတ် (၂) ကချင်သေနတ်ကိုင်တပ်ရင်းကို လေယာဉ်ဖြင့် အင်းစိန်စစ်မျက်နှာသို့ ပို့ပေးသည်။

၉။ အမှတ် (၁) ခြေလျင်တပ်ရင်း။ ဖေဖော်ဝါရီလ ၅ – ရက်နှင့် ၆– ရက်နေ့များတွင် အမှတ် (၄) ခြေလျင်တပ်ရင်းမှ တပ်စု (၂) စု အားဖြည့်ပေးထားသည်။

၁၀။ အမှတ် (၅) ဗမာ့သေနတ်ကိုင်တပ်ရင်း။ အစပိုင်းက ဗိုလ်မှူးလှသောင်း တပ်ဖွဲ့သာရှိခဲ့ပြီး ဖေဖော်ဝါရီလ ၈၊ ၉၊ ရက် နေ့များတွင် စစ်တွေရှိ တပ်ရင်းမှူးနှင့် တပ်ဖွဲ့များကို လေယာဉ်ဖြင့်ရွှေ့ပြောင်း ပေးပို့သည်။

၁၁။ အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်း ဖျာပုံမှ ဖေဖော်ဝါရီ ၇ – ရက်နေ့တွင် ရန်ကုန်သို့ ရောက်ရှိလာသော်လည်း နောက်တနေ့တွင် ပြည်မှဆင်းလာသော အမှတ် (၂) ကရင်တပ်ရင်းကို ဟန့်တားတိုက်ခိုက်ရန် သာယာဝတီသို့ ချီတက်ရသည်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ အင်းစိန်စစ်မျက်နှာတွင် ပါဝင်တိုက်ခိုက်နိုင်သည်။

၁၂။ ရေတပ်မှ အော်လီကွန်စက်အမြောက်နှင့် ၂၅ ပေါင်ဒါ အမြောက်တပ်ဖွဲ့။

အင်းစိန်စစ်မျက်နှာတွင် တိုက်ပွဲများစတင် ဖြစ်ပွားသည်မှာ ထိုအချိန်ထုတ် သတင်းစာများအလိုအရ ၁၉၄၉ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့မှပင် စတင်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုနေ့တွင် ဗိုလ်မှူးစိုးရ၊ ဗိုလ်ညွန့်ဝင်း၊ ဗိုလ်စံလှဘော်နှင့် ဗိုလ်ကျော်ဒင် တို့ဦးစီးသော ပြည်ထောင်စု စစ်ရဲတပ်ရင်းသည် သမိုင်းရှိ ခဲပဲခြံကို ဝိုင်းထားပြီး လက်နက်ချခိုင်းကာ ကျိုက္ကလာနှင့် အင်းစိန်လမ်းထောင့် ရထားတွဲမျက်များ ရှိရာနေရာအထိ တိုက်ပွဲများဖြစ်ပွားပြီး စစ်ရဲတပ်မှ နဂါး၊ သူရိယ၊ ရွှေပြည်အေး စသော သံချပ်ကာကား ၈ စီးဖြင့် တိုက်ခိုက်သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၅ နာရီတွင် ကရင်ကုန်း၌ တိုက်ပွဲဖြစ်ပွားပြီး ကရင်တပ်များနှင့် အစိုးရအရံတပ်ဖွဲ့များ အပြင်းအထန် တိုက်ခိုက်ကြသည်။ ၂ ရက်နေ့တွင် နံနက် ၇ နာရီ၌ ကြို့ကုန်းတိုက်ပွဲ ဖြစ်ပွားပြီး အင်းစိန်ရှိ ကရင်တပ်များကို တက္ကသိုလ် ဘွဲ့နှင်းသဘင်အနီး အင်းလျားကန်စောင်းမှ ၂၅ ပေါင်ဒါ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဗိုလ်မှူး လှသောင်း ဦးစီးသော တပ်ရင်း (၅) သည် စော်ဘွားကြီးကုန်းနှင့် ပြည်လမ်းဆုံရှိ တောင်ကုန်းကို ရယူတိုက်ခိုက် အောင်မြင်သည်။ ၁၁ ရက်နေ့တွင်မှ ခဲပဲခြံကို သိမ်းယူ ရရှိသည်။ ၁၃ ရက်နေ့ နံနက် ၅ နာရီခွဲတွင် အစိုးရတပ်များသည် သမိုင်းတခိုက် ထိုးစစ်ဆင်ရာ ရန်ကုန် ပြည်ထောင်စုအရံတပ်ရင်းက ဦးသော် ပန်းကန်စက်ကို သိမ်းပိုက်ပြီး ချင်းတပ်ရင်း (၁) က ပြည်ထောင်စုအရံတပ်ရင်း၏ ညာတောင်ပံဖြစ်သော နေရာကိုသိမ်းယူလျက် ချင်းတပ်ရင်း (၁) ၏ ညာတောင်ပံရှိ အိမ်ဝါကြီးကို ကချင်တပ်ရင်း (၂) က သိမ်းပိုက်သည်။ ခြေလျင်တပ်ရင်း (၄) က ကချင်တပ်ရင်း (၂) ၏ အရှေ့ဘက် မျက်နှာစာဒေသကို သိမ်းယူသည်။ ကြို့ကုန်းစစ်မျက်နှာတွင်လည်း တပ်ရင်း (၅) နှင့် ကရင်တပ်များ ပစ်ခတ်တိုက်ခိုက်ကြပြီး ကေအင်ဒီအို ၃၀ ခန့်သည် ဝါးကင်းကုန်းသို့ ဆုတ်ခွာသည်။ အင်းစိန်တိုက်ပွဲတွင် အစပိုင်း၌ အရံတပ်ရင်း၊ စစ်ရဲ စသည်တို့ဖြင့် တိုက်ခိုက်နေရာမှ တပ်မတော်ပုံမှန်တပ်ရင်းများ ပါဝင်လာကြောင်း တွေ့ရပေသည်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ရော်ဘာခြံတိုက်ပွဲ၊ ၁၅ ရက်နေ့တွင် စေတာင်ဆင်ခြံတိုက်ပွဲများ ဖြစ်ပွားပြီး ကရင်တပ်များသည် ဦးစက္ကိန် ဘုန်းကြီးကျောင်းကို ပင်မအခြေခံပြု အလုံးအရင်းနှင့် ခံနေသည်။ ဦးစက္ကိန်ကျောင်း တည်နေပုံမှာ စနစ်တကျ ဆောက်လုပ်ထားသော ခံတပ်နှင့်တူသည်။ ကျောင်းသည် တောင်ကုန်းအမြင့်ပေါ်တွင် တည်ရှိ၍ ပတ်ပတ်လည်တွင် တိုက်ကျောင်းများ ရှိပြီး ယင်းတိုက်ကျောင်းများကိုလည်း သစ်ပင်များက အုပ်မိုးထားသည်။ ချဉ်းကပ်လာသမျှ ရန်သူကို ကုန်းမြင့်ပေါ်မှ အပေါ်စီးပစ်ခတ် တိုက်ခိုက်နိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ အင်အား ၁၀၀ ကျော်ရှိ တပ်ရင်း ၅ တပ်ဖွဲ့သည် အကျပ်အတည်း တွေ့နေရသည်။ ဤတွင် ချင်းတပ်ရင်းက ဗိုလ်တိုက်ချွန်နှင့် ရဲဘော် ၄ ဦးတို့သည် ယခုစက်မှုတက္ကသိုလ်ဝင်း တည်ရာ ဝါးတောမှချဉ်းကပ်၍ ကျောင်းတွင်းသို့ ဝင်ရောက်ကာ ဓားကင်း၊ ဘရင်းများနှင့် လျှပ်တပြက်တိုက်ခိုက် သိမ်းပိုက်ရသည်။ ဦးစက္ကိန်ကျောင်းမှ ဆုတ်ခွာသွားသော ကေအင်ဒီအိုတို့သည် သံဒုးကြိုးဝင်းခတ်ထား၍ မြေကတုတ်ကျင်းများ သစ်ပင်အုပ်များရှိ လင့်စင်များနှင့် အခိုင်အမာရှိနေသော ပြည်သူ့လုပ်ငန်း ဘန်ဂလိုတွင် တပ်စခန်းချသည်။ သို့ဖြစ်၍ ဝင်ရောက်တိုက်ခိုက်သော တပ်မတော်ဘက်မှ အထိအခိုက်များပြားနေသည်။ ဤတွင် ဗိုလ်တိုက်ချွန်နှင့်ရဲဘော် ၅ ဦးက ညတစ်နာရီတွင် သံဆူးကြိုးကို တိတ်တဆိတ်ဖြတ်၍ ဝင်ရောက်တိုက်ခိုက်သည်။ ပစ်ခတ်သံများ ကြားရချိန်တွင် နောက်မှတပ်ဖွဲ့များဝင်ရောက်လိုက်ပါပြီး တိုက်ခိုက်ရာ ရန်သူများထွက်ပြေးကြသည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် တပ်ရင်း (၅) သည် အထိအခိုက် အကျအဆုံးများစွာဖြင့် မင်းဓမ္မကုန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ သာယာဝတီ ဝက်ကော်တိုက်ပွဲတွင် ကရင်တပ်ရင်း (၂) ၏ ထိုးစစ်ကို အောင်မြင်စွာ ရိုက်ချိုးခဲ့သော အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်းသည် ရန်ကုန်သို့ ပြန်လည်

ရောက်ရှိလာပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အင်းစိန်စစ်မျက်နှာ၌ ပါဝင်လာကာ ၁၉ ရက်နေ့ နေ့တစ်နာရီတွင် အငိုက်ဖမ်း၍ ကြို့ကုန်းတိုက်ပွဲဆင်နွှဲသည်။ ထိုစဉ်က အင်းစိန်စစ်မျက်နှာတွင် အာရုဏ်ဦးတိုက်ပွဲများသာ ဆင်နွှဲလေ့ရှိကြပြီး နေ့လည်နေ့ခင်းတွင် နားနေလျက် လက်ဖြောင့်တပ်သားများ၏ ပစ်ခတ်မှုများသာ ရှိတတ်သည်။ ဤသို့သော အခြေအနေကို တပ်ရင်း (၃) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးချစ်မြိုင်က သုံးသပ်၍ တိုက်ခိုက်ခြင်းဖြစ်ပေသည်။ တိုက်ခိုက်ရာတွင်လည်း တပ်ရင်း (၃) ကအင်းစိန်လမ်းမကြီး၏ အနောက်ဘက်ခြမ်းကိုလည်းကောင်း၊ တပ်ရင်း (၁) တပ်ခွဲနှင့် အမှတ် (၁) ခြေလျင်တပ်ရင်း တပ်ခွဲတို့က တပ်ရင်း (၃) ၏ ညာတောင်ပံ လမ်းမအရှေ့ဘက်ခြမ်း ကိုလည်းကောင်း၊ တိုက်ခိုက်ခဲ့ရာ ရန်သူတို့မမျှော်လင့်ထားသော အချိန်ဖြစ်၍ တနာရီအတွင်း ရည်မှန်းချက်များကို သိမ်းပိုက်နိုင်ခဲ့သည်။ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် တပ်ရင်း (၅) သည် ပွိုင့် ဝမ်းဝမ်းတူး တောင်ကုန်းရှေ့ရှိ တောင်ကုန်းငယ်ကို တိုက်ခိုက်သိမ်းပိုက်ရာ ဗိုလ်မှူးလှသောင်း အပါအဝင် အရာရှိအရာခံ အကြပ်တပ်သား ၈၀ ခန့် ကျဆုံး၍ ၁၂၀ မျှ ဒဏ်ရာရခဲ့ခြင်းကြောင့် တပ်ခွဲနှစ်ခွဲစာအင်အား လျော့နည်းသွားခဲ့သည်။ (မှတ်ချက်။ ထိုတိုက်ပွဲအသေးစိတ်ကို ကျနော်ရှေ့ပိုင်းတွင် ရေးသားခဲ့ပြီးဖြစ်ပါသည်။) သို့ဖြစ်၍ ပွိုင့် ဝမ်းဝမ်းတူး ရန်သူစခန်းကို သိမ်းပိုက်ရန်တာဝန်ကို တပ်ရင်း (၃) က လွှဲပြောင်းယူခဲ့ရသည်။

ထိုအချိန်က ဦးစက္ကိန်ကျောင်းတွင် ဗမာ့တပ်မတော် ချင်းတပ်ရင်း (၁) ကလည်းကောင်း၊ နတိုးကုန်းနှင့် မင်းဓမ္မတောင်ကုန်းတို့တွင် တပ်ရင်း (၅) ကလည်းကောင်း တပ်စွဲထားပြီးဖြစ်သည်။ တပ်ရင်း (၅) တွင် အမှတ် ၁၆ ပြည်ထောင်စု စစ်ရဲတပ်မှ တပ်အချို့လည်းပါရှိသည်။ မင်းဓမ္မကုန်းမှ မြေပြင်သည် မတ်စောက်ဆင်းသွားပြီး လျှိုတခုဖြစ်ပေါ်စေကာ ထိုမှတဖန် ဝမ်းဝမ်းတူး တောင်ပေါ်သို့ မတ်စောက်စွာ တက်သွားပြန်သည်။ သို့ဖြစ်လေရာ ပွိုင့် ဝမ်းဝမ်းတူးရန်သူ့စခန်းကိုတိုက်ခိုက်ရန်မှာ အမြင့်ရှိရန်သူကို အောက်မှဆန်၍တိုက်ရမည်ဖြစ်သည်။ ဤတွင် တပ်ရင်း (၃) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးချစ်မြိုင်သည် ဗိုလ်လှမောင်ဦးစီးသော ကွန်မန်ဒိုတပ်စု၊ ဗိုလ်ကြီးစိန်မြဦးစီးသော ကွန်မန်ဒိုတပ်ခွဲ၊ ဗိုလ်ကြီးမောင်ကျော်ဦးစီးသော နောက်ရံတပ်ခွဲ၊ ဗိုလ်ထွန်းလှဦးစီးသော စိန်ပြောင်းတပ်ခွဲများ ဖွဲ့စည်းလေ့ကျင့်ပေးသည်။ ၁၉၄၉ ခုနှစ် မတ်လ ၉ ရက်နေ့ နံနက် ၂ နာရီခွဲတွင် ရည်မှန်းချက် (၁) အဖြစ် သတ်မှတ်ထားသော ပွိုင့် ဝမ်းဝမ်းတူး ဘယ်တောင်ပံကို ကွန်မန်ဒိုတပ်စုက ဝင်ရောက်တိုက်ခိုက်ရာ မိနစ်ပိုင်းအတွင်းမှာပင် သိမ်းပိုက်ရမိသည်။ ရည်မှန်းချက် (၁) ကိုသိမ်းပိုက်ပြီးကြောင်း သတင်းပို့ချိန်တွင် စိန်ပြောင်းတပ်ခွဲက ရည်မှန်းချက် (၂) အဖြစ် သတ်မှတ်ထားရာသို့ မော်တာ ၁၀ လက်ဖြင့် ဆက်တိုက်ပစ်ခတ်သည်။ သိမ်းပိုက်ပြီးဖြစ်သော ရည်မှန်းချက် (၁) နှင့် ရည်မှန်းချက် (၂) တို့မှာ ကိုက် ၅၀ ခန့်သာ ကွာဝေး၍ မိမိတပ်များတွင်လည်း အထိအခိုက်ရှိခဲ့သည်။ မော်တာအပစ်ရပ်လျှင် ကွန်မန်ဒိုတပ်ခွဲမှ တပ်စုတစုက ရည်မှန်းချက် (၂) အား တိုက်ခိုက်သိမ်းပိုက်သည်။ ထို့နောက် စိန်ပြောင်းတပ်ခွဲက ရည်မှန်းချက် (၃) နေရာသို့ ပစ်ခတ်ပြီး တက်ရောက်သိမ်းပိုက်သည်။ ထိုတိုက်ပွဲတွင် တပ်မတော်မှ စတီးဝပ်တင့်ကား တစီးပါဝင်ခဲ့သည်။ စစ်ဆင်ရေးအစီအစဉ်တွင် တပ်ရင်း (၃) က ပွိုင့်ဝမ်းဝမ်းတူးအား တိုက်ခိုက်၍ ရန်သူအခြေပျက်ချိန်တွင် ပွိုင့်ဝမ်းဝမ်းတူး၏အရှေ့မြောက်ဘက် အုန်းယင်စုကို အမှတ် (၁၆) ပြည်ထောင်စုစစ်ရဲကလည်းကောင်း၊ ဇော်ဘွားကြီးကုန်းရှိ အင်္ဂလိပ်သင်္ချိုင်းကို ကချင်တပ်ရင်း (၂) ကလည်းကောင်း တိုက်ခိုက်ရန် ဖြစ်သော်လည်း ထိုတပ်များတိုက်ခိုက်မှု နောက်ကျ၍ ထိုနေရာများမှ ရန်သူများပစ်ခတ်ခြင်း ခံရသော တပ်ရင်း (၃) တွင် အထိအခိုက်များခဲ့သည်။

သို့ဖြင့် မတ်လတလလုံး တိုက်ပွဲများဖြစ်ပွားပြီး ဧပြီလ ၄ ရက်နေ့တွင် စောဘဦးကြီးနှင့်အဖွဲ့က အစိုးရနှင့်ဆွေးနွေးရန် အင်းစိန်မှထွက်လာပြီး ဧပြီလ ၅ ရက်မှ ၈ ရက်နေ့အထိ အပစ်အခတ်ရပ်စဲကာ ဆွေးနွေးကြသည်။ သို့ရာတွင် မအောင်မြင်၍ ဧပြီလ ၈ ရက်နေ့ ညနေပိုင်းတွင် တိုက်ပွဲများ ပြန်လည်စတင် ဖြစ်ပွားသည်။ ဧပြီလ ၂၉ ရက်နေ့တွင် တပ်မတော်လေက အင်းစိန်အစိုးရ အထက်တန်းကျောင်းနယ်မြေ၊ အင်းစိန်တောင်၏ တောင်ဘက်နယ်မြေများကို ဗုံးကြဲတိုက်ခိုက်ပြီး မေယုစစ်သင်္ဘောမှလည်း စက်မှုကျောင်းနယ်မြေ၊ ကမ်းနားဆန်စက်များ နယ်မြေတို့ကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ ၁၄ ရက်မှ ၁၆ ရက်နေ့အတွင်း တပ်မတော်က တိရိစ္ဆာန်ဆေးကုသရေး သိပ္ပံကျောင်းကို တိုက်ခိုက်သိမ်းပိုက်ရရှိသည်။ မေလတွင် ချင်းတပ်ရင်း (၁) နှင့် (၂) တို့သည် မင်္ဂလာဒုံဘက်မှ စဉ့်ကူး၊ ဖော့ကန်၊ အောင်ဆန်းတို့ကို သိမ်းပိုက်လာခဲ့ရာ မေလ ၂၁ ရက်နေ့တွင် အောင်ဆန်းမြို့အလွန် စွပ်ကျယ်စက်ရှိ ကေအင်ဒီအိုများကို တိုက်ခိုက်၍ စွပ်ကျယ်စက်ကို ရရှိသည်။ သို့ဖြင့် ၁၉၄၉ ခုနှစ် မေလ ၂၂ ရက်နေ့တွင် အင်းစိန်မြို့ကို တပ်မတော်က အပြီးအပိုင်သိမ်းပိုက်နိုင်ခဲ့ပေသည်။

ဤသည်တို့မှာ တပ်မတော်သမိုင်း စတုတ္ထတွဲ စာအုပ်မှ ကူးယူဖော်ပြချက် အဓိကဖြစ်ပါသည်။

ကျနော်ကိုယ်တိုင် မှတ်မိနေတာကလည်း ၁၉၄၉ ခုနှစ် မေလ ၂၁ ရက်ည၌ အင်းစိန်ကေအင်ဒီအိုတပ်များ အင်းစိန်ကျော ဘက်ရှိ လှိုင်မြစ်ကိုဖြတ်ပြီး မြစ်ဝကျွန်းပေါ်ဒေသသို့ ဆုတ်ခွာသွားကြောင်း ဖြစ်ပါသည်။ မိမိတို့ အစိုးရတပ်က ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ကစတင်ခဲ့သော အင်းစိန်တိုက်ပွဲကို မေလ (၂၂) ရက်နေ့ အင်းစိန်ကိုဝင်ပြီး သိမ်းပိုက်လိုက်ခြင်းဖြင့် ပြီးဆုံးစေခဲ့ပါသည်။

ကျနော်သည် ဤအကြောင်းများကို ပြန်လည်ရေးသားရင်း ထိုစဉ်ကာလက ကျနော်နှင့်အတူ ဗမာ့လွတ်လပ်ရေးနှင့် နိုင်ငံရေးအတွက် တိုက်ပွဲတွေ အတူဝင်ခဲ့ကြသည့် သူများအတွင်းမှ ကွယ်လွန်ကုန်သူများ၊ ကျဆုံးခဲ့ရသူများကို ပြန်လည်သတိရ လွမ်းဆွတ်မိပါသည်။

ထိုသူများထဲတွင် ဗိုလ်မှူးကြီးတာဝန်ဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူပြီးမှ ကွယ်လွန်သွားသော ဗိုလ်မှူးကြီးတင်မောင် (စာရေးဆရာ မြတ်ထန်) ကိုလည်းကောင်း၊ အင်းစိန်တိုက်ပွဲအတွင်းမှာ ကျဆုံးသွားရသော ချင်းသေနတ်ကိုင်တပ်ရင်း (၁) မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဟရန်သီယို တို့ကိုလည်းကောင်း သတိရလွမ်းဆွတ် နေမိပါသည်။

ဗိုလ်မှူးကြီးတင်မောင်မှာ လူပုံပန်းက ပျော့ပျောင်းသော်လည်း တိုက်ပွဲတွင်းတွင် အလွန်တည်ငြိမ်သူဖြစ်သည်။ တာဝန်ပေးလိုက်လျှင်လည်း ချက်ချင်းလိုပင် သဘောပေါက်နားလည်ပြီး သူ့ဟာသူလည်း ထိုးထွင်းလုပ်ဆောင်တတ်သူ ဖြစ်သည်။ ကျနော်နှင့်အတူတွဲ တိုက်ခိုက်ခဲ့ရသူများထဲတွင် ကျနော် သဘောကျ နှစ်သက်မိသော တပ်မှူးကောင်းတယောက်ဖြစ်သည်။

ဒုဗိုလ်မှူးကြီး ဟရန်သီယိုမှာ ကျနော်နှင့် အင်းစိန်တိုက်ပွဲအပြင် တခြားတိုက်ပွဲများတွင်ပါ အတူတကွ နီးနီးကပ်ကပ် ပူးတွဲဆောင်ရွက်ခဲ့ဖူးသူဖြစ်ပြီး အလွန်ရဲရင့်သတ္တိနှင့် ပြည့်ဝကာ ဘောလုံးကန်လည်းကောင်းသော ကျနော်၏မိတ်ဆွေ ရဲဘော်ကြီးဖြစ်ပါသည်။

နောက်သတိရမိသူတဦးမှာ အင်းစိန်စစ်မျက်နှာတွင် ရှေ့တန်းစစ်မြေပြင် တနေရာ၌ ရန်သူပစ်ခတ်နေသော ကျည်ဆံများအောက် မိမိနှင့်အတူ အားလျားမှောက်ပြီး စစ်ရေးကိစ္စဆွေးနွေးအပြီး ကိုယ့်နေရာအသီးသီးသို့ ထပြန်ရာတွင် ရန်သူ့ကျည်ဆံထိမှန် ကျဆုံးသွားရရှာသော တပ်ရင်း (၅) မှ

ဗိုလ်မှူးလှသောင်း ပင်ဖြစ်ပါသည်။

ကျနော်နှင့်တိုက်ဖော်တိုက်ဖက် ရဲဘော်အပေါင်းများများ ကွယ်လွန်ကျဆုံးကုန်ကြသော်လည်း ကျနော်မှာ ထိုသေဘေး အမျိုးမျိုးကြားမှ လွတ်မြောက်ခဲ့ပြီး ယခုအသက် ၈၅ နှစ်အထိ ကျန်းမာစွာရှိနေခြင်းမှာ ကျနော့်ကံကြမ္မာဟုပင် ပြောရမည်ထင်ပါသည်။

အင်းစိန်တိုက်ပွဲတိုက်နေရစဉ်အတွင်း အခြားအဖြစ်အပျက်များလည်း တချိန်တည်းလိုလို ပေါ်ပေါက်နေပါသည်။ ဧပြီလ (၄) ရက်မှ (၈) ရက်နေ့အထိ ဝန်ကြီးချုပ်ဦးနုနှင့် စောဘဦးကြီးတွေ့ဆုံ ဆွေးနွေးနေ၍ ကျနော်တို့အင်းစိန် စစ်မျက်နှာတွင် အတိုက်အခိုက် ရပ်စဲထားရပါသည်။ ထိုအချိန်တွင် သာယာဝတီဘက်တွက်လည်း ပြည်မြို့မှကွန်မြူနစ်သူပုန် (ရဲဘော်ဖြူ) တပ်ဖွဲ့က ဥက္ကံနှင့် သာယာဝတီကို သိမ်းသည်။ နောက် သာယာဝတီနယ်ကို ကာကွယ်နေသော စစ်ရဲတပ်ရင်း (၂၁) လည်း သူပုန်တို့နှင့် ပူးပေါင်းသွားသည်။

ဤတွင် ကျနော့်ဇနီးလည်း သာယာဝတီ သုံးဆယ်မြို့ သူမ၏မိဘများနှင့် နေထိုင်နေရာမှ မိဘများကိုပါခေါ်ကာ သမီးနှစ်ယောက်နှင့် အတူ ကျနော်ရှိရာ မင်္ဂလာဒုံသို့ ရောက်ရှိလာကြပါသည်။

သူပုန်များသိမ်းထားသော သာယာဝတီသို့ တပ်မတော် (လေ) မှ ဗိုလ်မှူးခင် ဦးဆောင်သော လေယာဉ် (၃) စီးသည် ဧပြီလ (၇) ရက်နေ့တွင် သွားရောက်ဗုံးကြဲတိုက်ခိုက်ရာ အောက်မှပြန်လည်ပစ်ခတ်သဖြင့် လေယာဉ်တွင်လိုက်ပါလာသော ဗိုလ်မှူးစိန်မှန် ကျည်သင့်၍နောက်ပိုင်းတွင် ထိုဒဏ်ရာဖြင့်ပင် ကွယ်လွန်သွားပါသည်။

၁၉၄၉ ခုနှစ်ဦးပိုင်းတွင် သာယာဝတီ စစ်မျက်နှာ၊ ပဲခူးစစ်မျက်နှာတို့တွင် ကေအင်ဒီအိုတို့၏ ထိုးစစ်များ နောက်ပြန်လန်သွားသော်လည်း ထိုလန်သွားသောတပ်ဖွဲ့ အချို့တို့သည် ၁၉၄၉ ခု ဧပြီလတွင် တခြားသူပုန်တပ်ဖွဲ့များဖြစ်သော ကချင်တပ်ရင်း (၁) မှ တောခိုသွားသော ဗိုလ်နော်ဆိုင်းအဖွဲ့၊ မှော်ဘီမြို့မှ ကရင်တပ်ရင်းများ၊ မော်လမြိုင်မြို့အချက်ပြဆက်သွယ်ရေး ဗဟိုတပ်ရင်း၊ စစ်ရဲတပ်ရင်း စသည်တို့မှ ကရင်တပ်သားများနှင့် ပေါင်းစပ်စုစီးပြီး ကျနော်တို့၏ ရေတန်းစခန်းဖြစ်သော ဒိုက်ဦးမြို့ကို တိုက်ခိုက်ရာ ဧပြီလ (၂၄) ရက်နေ့တွင် ဒိုက်ဦးမြို့ ကရင်တို့လက်သို့ ကျရောက်သွားသည်။

ဒိုက်ဦးမြို့တောင်ဘက်တွင် အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲနှစ်ခွဲ၊ အမှတ်လေး ခြေလျင်တပ်ရင်းမှ ဝေါရခါးတပ်ခွဲတခွဲ၊ အမှတ် (၆) သေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲတခွဲ စသည်တို့ရှိရာ ထိုတပ်များပါ ဆုတ်ခွာ၍ ဒိုက်ဦးနှင့် ဖောင်တော်သီ လမ်းဆုံအကြား ရှမ်းစုရွာတွင် တပ်စွဲသည်။

ရှမ်းစုရွာသည် ရန်ကုန်မန္တလေးကားလမ်း မိုင်တိုင် (၈၁) ရှိ လမ်း၏အရှေ့ဘက်တွက်ရှိ၍ အနောက်ဘက်တွင် ညောင်ပင်သာရွာရှိသည်။ ထိုမှ မိုင်တိုင် (၇၉) တွင် ပေါက်တပင်တာဆုံခေါ် ဖောင်တော်သီလမ်းခွဲရှိရာ လမ်း၏တောင်ဘက်တွင် ဗိုလ်ကြီးရဲထွန်းဦးစီးသော ၂၅ ပေါင်ဒါ အမြောက်နှစ်လက်ပါသည့် အမြောက်တပ်ဖွဲ့ရှိသည်။

ကျနော်တို့တပ်၏ ရှမ်းစုရွာခံစစ်စခန်းကို ဧပြီလ (၂၇) ရက်နေ့တွင် ကျနော်ကိုယ်တိုင် သွားရောက်စစ်ဆေးကြည့်ရှုသည်။ အင်းစိန်စစ်မျက်နှာမှ ထုတ်နှုတ်နိုင်သမျှ အင်အားကိုလည်း ပို့ပေးခဲ့သည်။

၁၉၄၉ ခုနှစ် ဧပြီလ ၂၈ ရက်နေ့ည သန်းခေါင်ကျော်တွင် ကေအင်ဒီအိုတပ်များက ရှမ်းစုရွာခံစစ်နေရာကို နောက်ဘက်မှ ဝင်ရောက်တိုက်ခိုက် စီးနင်းလိုက်သည်။ ထိုတိုက်ပွဲတွင် ခြေလျင်တပ်ရင်း (၃) မှ အရာရှိအကြပ်တပ်သား (၁၀၀)ခန့်ကျဆုံးပြီး ကတုတ် ဘုရားကြီးရွာသို့ ဆုတ်ခွာခဲ့ကြရသည်။

ထိုတိုက်ပွဲတွင် မိမိတို့တပ်ဖွဲ့ဝင်များ ဆုတ်ခွာနိုင်ရေးအတွက် အသေခံ၍ ကာပစ်ပေးခဲ့သော တပ်သားလှသောင်းသည် "အောင်ဆန်းသူရိယ" ဘွဲ့ကို ရရှိသည်။

ထိုရှမ်းစုရွာအနီးတွင် ခြေလျင်တပ်ရင်း (၃) က ကျဆုံးသွားရသော စစ်သည်အပေါင်းအား ရည်စူး၍ လွမ်းစေတီလေးတဆူ တည်ထားခဲ့ကြပါသည်။

ကတုတ်ဘုရားကြီးတွင် ခံစစ်စခန်းပြင်ဆင်ရာတွင် ကျနော်ကိုယ်တိုင်တက်သွားပြီး ခံစစ်ကတုတ်စခန်းများ နေရာချထားမှုကို စီစဉ်ညွှန်ကြားသည်။

ကတုတ်ဘုရားကြီး၏ ခံစစ်ကို နောက်ဆုံး ဂျပန်စစ်တပ်၏ ခံစစ်ပြင်ပုံ စနစ်ပုံစံအတိုင်း လုပ်ဆောင်ခဲ့သည်။ နောက်ဆုံးအသုတ် အဖြစ် ဂျပန်မှ ပြန်လာသော ဗိုလ်မှူးတင်မောင် (မြတ်ထန်) က ဦးဆောင်ဆွေးနွေးတင်ပြသည့် ပုံစံပင်ဖြစ်သည်။

၎င်းမှာ မိမိခံစစ်ဒေသ၏ နှုတ်ခမ်းပတ်လည်တွင် ခံစစ်ကတုတ်များ တည်ဆောက်ရုံမျှမက ခံစစ်အတွင်းပိုင်းတွင် တပ်စုလိုက်၊ တပ်ဖွဲ့လိုက် ခံစစ်ဝိုင်းကလေးများလည်း တည်ဆောက်ထားသည်။ အတွင်းသဘောမှာ ခံစစ် "တောင်း" တလုံးတွင် တောင်း၏ နှုတ်ခမ်းများတွင်သာ ခံစစ်ကတုတ်များ လုပ်ထားသည်သာမက "တောင်း" ထဲတွင်လည်း ကျောက်ခဲတုံးများ ထည့်ထားသကဲ့သို့ ခံစစ်ဝိုင်းကလေးများ ဖွဲ့တည်ထားရာ နှုတ်ခမ်းကို ဖောက်ဝင်လာနိုင်သည့်တိုင် "တောင်း" ထဲတွင်ရှိသော ကျောက်ခဲတုံးများနှင့် တူသော ခံစစ်ဝိုင်းကလေးများကိုလည်း အဆင့်ဆင့် ကျော်ဖြတ်ရဦးမည်ဖြစ်၍ များစွာအကျအဆုံး များနိုင်သည်။ ဤပတ်လည်ခံစစ်တွင် ယခင်ကျနော်တို့ အသုံးပြုခဲ့သော တန်းစီ၍ခံသော "မျဉ်းခံစစ်" နှင့် မတူသောအချက်များ ပိုမိုအားကောင်းသော အချက်များရှိသည်။

"မျဉ်းခံစစ်"တွင် တန်းစီ၍ တပ်ဖြန့်သောကြောင့် ရန်သူသည် ဓားကလေးဖြင့် ထိုးဖောက်နိုင်သည်။ တခါရန်သူသည် အလုံးအရင်းဖြင့် ကျောဘက်မှလည်း တိုက်လို့ရသည်။

ပတ်လည်ခံစစ်၏ ပုံသဏ္ဍာန်မှာ အရပ်ရှစ်မျက်နှာသို့လှည့်၍ပြင်ဆင်ထားသော "ခံစစ်ဝိုင်း" ပင်ဖြစ်သည်။ တပ်ခွဲလိုက် ထိုသို့ပြင်ဆင်ထားသော ခံစစ်ဝိုင်းတို့သည် တဦးနှင့်တဦး ပစ်ခတ်မှုအကူအညီပေးနိုင်သည့်အပြင် အကယ်၍ ထိုခံစစ်ဝိုင်းတခု ရန်သူ့လက်တွင်းသို့ ကျသွားစေကာမူ အခြားခံစစ်ဝိုင်းတို့က ဆက်လက်ခုခံနိုင်သည်။ တန်ပြန်ထိုးစစ်ဆင်နိုင်သည်။ ဤနည်းဖြင့် စစ်မျက်နှာ၏ ရှေ့နောက်ဝဲယာ မရှိတော့၊ တနေရာတွင်အဖောက်ခံရသဖြင့် ကျန်တပ်များဆုတ်ရခြင်း၊ နောက်ပိုင်းမှ အတိုက်ခံရသဖြင့် ရှေ့ပိုင်းပြိုရခြင်းဟူသော မျဉ်းခံစစ်၏ ပျော့ကွက်၊ ဟာကွက်တို့ကို ဖယ်ရှားလိုက်ခြင်းဖြစ်သည်။

ဤသည်မှာ "ပတ်လည်ခံစစ်" ၏ အားသာချက်ဖြစ်သည်။

ကတုတ်ဘုရားကြီးရွာ တပိုက်တွင် တပ်အင်အားထက်ဝက်ကျော်ကို ခံစစ်ဝိုင်း (၃) ဝိုင်းဖြန့်ထားပြီး ဘုရားကြီးရွာ၏တောင်ဘက် ကိုက် (၁၀၀၀) ခန့်ရှိ လက်ခုပ်ကွင်းရွာတွင် ကျန်တပ်များကို ကားလမ်းမ၏ တဖက်တချက်၌ ခံစစ်ဝိုင်းတဝိုင်းစီ ချထားသည်။ အမြောက်ကို အရှေ့ဘက်ခံစစ်ဝိုင်း၌ နေရာချထားသည်။ ကရင်သူပုန်များသည် ရှမ်းစုရွာတိုက်ပွဲမှာ ကဲ့သို့ပင် ခံစစ်၏နောက်တန်းဖြစ်သော လက်ခုပ်ကွင်း အရှေ့ဖက်ခြမ်းကို အတင်းဖိတိုက်

တော့သည်။ ရန်သူများအတင်းထိုး အတင်းဖိဝင်လာချိန်တွင် မိမိတပ်များကို အမြောက်များနှင့်အတူ ဝမ်းဘဲအင်းနှင့် ရွာအနောက်ခြမ်းသို့ ဆုတ်ခွာခိုင်းပြီးမှ ထိုဆုတ်လာသော အမြောက်များ၊ စိန်ပြောင်းများအားလုံးအားစု၍ အရှေ့ခြမ်းကို ပြန်တိုက်ရသည်။ ညနေစောင်း စစ်ကူအချို့ ရောက်လာကြတော့ အရှေ့ခြမ်းကို လှံစွပ်တက်ထိုးပြီး လက်ခုပ်ကွင်းရွာကို ပြန်သိမ်းပိုက်လိုက်ပါတော့သည်။ ကေအင်ဒီအိုများ အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားရသဖြင့် ၎င်းတို့၏ တိုက်စစ်အရှိန်အဟုန်မှာ ရိုက်ချိုးခြင်းခံရသကဲ့သို့ ဖြစ်သွားပါတော့သည်။ ထိုနေ့မှာ ၁၉၄၉ ခုနှစ် မေလ (၃) ရက်နေ့ဖြစ်ပါသည်။

ကေအင်ဒီအိုတို့၏ ထိုးစစ်အရှိန်များ ကျသွားပြီဖြစ်သော်လည်း သူတို့သိမ်းထားသော နယ်မြေများ အများအပြား ကျန်နေပါသေးသည်။ တပြည်လုံးလဲ လမ်းပန်းဆက်သွယ်ရေးကအစ ပြတ်တောက်နေပါသည်။ ထို့ကြောင့် ကျနော်သည် အင်းစိန်ကို မေလ ၂၀ – ၂၂ ရက်မှာ သိမ်းပိုက်ပြီးနောက် ပဲခူးစစ်မျက်နှာသို့ ရောက်ရှိသွားပါသည်။ ပဲခူးနှင့် ရန်ကုန်အကြား မီးရထားလမ်းသည် ပြတ်နေသည်။ ကေအင်ဒီအိုသူပုန်တို့သည် ထုံးကြီးရွာကြီးနှင့် ထိုတခိုက်ကို အခိုင်အမာတပ်စွဲထားသေးသည်။ ထို့ကြောင့် ကားလမ်းမှာလည်း အန္တရာယ်မကင်းပါ။ ထို့ကြောင့် ထုံးကြီးကိုပြန်လည်သိမ်းပိုက်ရန် ပြင်ဆင်ရပါတော့သည်။

ထိုထုံးကြီးတိုက်ပွဲတွင် ပါဝင်သောတပ်များမှာ ဗမာ့သေနတ်ကိုင်တပ်ရင်း (၆)၊ ၂၅ ပေါင်ဒါအမြောက်တပ်စုနှင့် ခြေလျင်တပ်ခွဲတခွဲ သယ်ယူနိုင်သည့် ဘရင်းကယ်ရီယာ သံချပ်ကာကားများ ပါဝင်သည်။

ဤထုံးကြီးတိုက်ပွဲ၏ ထူးခြားချက်မှာ ကယ်ရီယာယာဉ်ခေါ်သည့် အမိုးမပါရှိသော သံချပ်ယာဉ်များကို စတင်သုံးစွဲခြင်းဖြစ်သည်။ ထို့ကြောင့် အကျအဆုံးအထိအခိုက် နည်းပါးပြီး တိုက်ပွဲမှာလည်း မြန်ဆန်ခဲ့သည်။

ထိုတိုက်ပွဲကို ကျနော်ကိုယ်တိုင် ဦးဆောင်ခဲ့သည်။ အမြောက်နှင့် မော်တာကျည်ဆံများ ဖောဖောသီသီသုံး၍ ရန်သူကတုတ်ကျင်းများကို ဖျက်ဆီးနိုင်ကြသည်။ ကယ်ရီယာပေါ်မှ စက်သေနတ်ပစ်ခတ်မှု နောက်ကွယ်မှ ကျနော်တို့တပ်သားများ လှံစွပ်များတပ်၍ မရပ်မနားတောက်လျှောက် အပြေးချီတက်ပြီး ထိုနေရာတခိုက်ကို သိမ်းပိုက်ရပါသည်။ ရန်သူက လှုပ်ရှားခံစစ် အသွင်ဖြင့် ခံသည်။ သို့သော် နောက်တနေ့နံနက်စောစောတွင် ထုံးကြီးမှ ဆုတ်ခွာသွားပြီး စာဘူးတောင်းသို့ ဆုတ်သွားကြ ပါတော့သည်။

စာဘူးတောင်းရွာကြီးမှာ ရန်ကုန် – ပဲခူးအကြားရှိ လှည်းကူးမြို့အနီးတွင် တည်ရှိပြီး ထိုအချိန်က တောင်ငူ၊ အင်းစိန်၊ ပြည်၊ မြစ်ဝကျွန်းပေါ် အစရှိသောဒေသများရှိ ကေအင်ဒီအိုတို့၏ ဆက်သွယ်ရေးလမ်းဆုံ၊ အရေးပါအရာရောက်လှသော အခြေခံစခန်းကြီးတခုဖြစ်ပြီး တခြားနေရာများမှ ဆုတ်ခွာခဲ့ကြရပြီ ဖြစ်သော်လည်း ထိုစခန်းကြီးမှ ကရင်သူပုန်များသည် အညံ့မခံဘဲ ကြံ့ကြံ့ခိုင် ခံနေဆဲဖြစ်သည်။

၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ကျနော်ကိုယ်တိုင် ဦးစီးပြီး စာဘူးတောင်းစစ်ဆင်ရေးကို စတင်ဆင်နွှဲခဲ့သည်။ ပါဝင်ကြမည့် တပ်များမှာ ဗိုလ်မှူးစိန်ဝင်း (နောင် မဆလခေတ် ဝန်ကြီးချုပ်) ၏ ခြေလျင်တပ်ရင် (၁)၊ ဗိုလ်ချစ်မြိုင်၏ သေနတ်ကိုင်တပ်ရင်း (၃)၊ ဗိုလ်မှူးတင်မောင်၏ သေနတ်ကိုင်တပ်ရင်း (၆)၊ ဗိုလ်မှူးရော့ဒရစ်၏ ၂၅ ပေါင်ဒါအမြောက် (၈) လက်၊ ဗိုလ်ကြီးသီလု၏ သံချပ်ကာကားတပ် (ကယ်ရီယာသံချပ်ကာကားများနှင့် စစ်ရုံတပ်က ပြုပြင်ထားသော ရှားမင်းအမျိုးအစား သံချပ်ကာကားကြီး တစီးနှင့် စတူးဝပ်အမျိုးအစား သံချပ်ကားငယ် ၂ စီးတို့ပါဝင်သည်။) ထို့ပြင် ဗိုလ်ကြီးတင်အောင်၏ အင်ဂျင်နီယာတပ်နှင့် ဗိုလ်ကြီးထွန်းမြင့်၏ ဆက်သွယ်ရေးတပ်များ ပါဝင်ကြသည်။ စစ်ဆင်ရေးမစမီ ဒီဇင်ဘာ (၁၇) နေ့တွင် ပါဝင်သည့်တပ်များအားလုံး လှည်းကူးမှာ စုရုံးထားရှိသည်။

စာဘူးတောင်းရွာမှာ လှည်းကူးနှင့် မောင်ကြီးသွားရာလမ်း၏ ညာဘက်တွင်ရှိပြီး လှည်းကူးမှ ၇ မိုင်အကွာတွင်ရှိသည်။ ကရင်သူပုန်များသည် ထိုလမ်းတလျှောက်နှင့် ထိုတခိုက်ရှိရွာအားလုံး ပတ်ပတ်လည်တွင် ဝါးချွန်၊ ကြောင့် များကို ခြေချ၍မရအောင် စိုက်မြှုပ်ထားကြသည်။ ကျနော်တို့က ကယ်ရီယာယာဉ်ကလေးများ အတော်သုံးနိုင်၍သာ သက်သာရာရတော့သည်။ ထို့ပြင်လမ်းတလျှောက်ရှိ တံတားများကိုလည်း ကရင်သူပုန်များက ဖျက်ဆီးထားပါသည်။

ကျနော်ကစစ်ဆင်ရေး မစတင်ခင် (၂) ရက်ခန့်ကြို၍ ဗိုလ်မှူးတင်မောင်ကို ခရီးတိုထိုးဖောက်တိုက်ခိုက်ခြင်း **S. R . P (Short Range Penetrahon )** တခု ပြုလုပ်ရန် စေလွှတ်လိုက်ပါသည်။

**S. R . P** ခေါ်ခရီးတိုထိုးဖောက် တိုက်ခိုက်ခြင်းဆိုသည်မှာ အကြမ်းအားဖြင့် ရန်သူ၏ရှေ့တန်း ခံစစ်မျဉ်းမှဖြစ်စေ၊ ဘေးပန်းမှဖြစ်စေ၊ ရန်သူ၏နောက်ပိုင်းသို့ တိတ်တဆိတ်ချီတက်ခြင်းဖြစ်သည်။ ရန်သူ၏နောက်ပိုင်းသို့ ရောက်လျှင် "အရေးကြီးသောနေရာ ဌာနတခုခုကိုဝင်ရောက်စီးနင်း တိုက်ခိုက်ရန်ဖြစ်သည်။ ထိုနည်းဖြင့် ရန်သူအားချောက်ချားသွားစေရန်နှင့် အခြေအနေယိမ်းယိုင်သွားစေရန် ရည်ရွယ်သည်။ အောင်မြင်သောအခါတို့တွင် လွန်စွာပင် ထိရောက်သော တိုက်ခိုက်နည်း ဖြစ်သည်။

ထိုတပ်ခွဲသည် စစ်ဆင်ရေးမစမီ (၂) ရက်ခန့် အလိုမှစ၍ တောလမ်းခရီးမှ တိတ်တဆိတ်ချီတက်ပြီး ရန်သူ၏ရှေ့တန်းအား ပင်မအလုံးအရင်းအင်အားဖြင့်တိုက်ခိုက်သည့်အချိန်နှင့် တချိန်တည်း ရန်သူ၏နောက်ပိုင်းရှိ စာဘူးတောင်းရွာကြီးကို မော်တာဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ဖြစ်သည်။

၁၉၄၉ ခုနှစ် ဒီဇင်ဘာ (၁၈) ရက် နံနက်စောစောတွင် ကျနော်တို့သည် လှည်းကူးမှ မောင်ကြီးသွားကားလမ်းအတိုင်း ချီတက်ခဲ့ကြသည်။ ရန်သူက ကာကင်းများနှင့် လက်ဖြောင့်တပ်သားများ **(Suiper)** များကို အထပ်လိုက် အဆင့်လိုက်ချထားပြီး 'ဒု' နှင့် ခံစစ်ချထားသည်။ ကျနော်တို့တပ်သားများ ကရင်လက်ဖြောင့်တပ်သားများ လက်ချက်ကြောင့်လည်းကောင်း၊ ကြောင့်များစူးကျွန် သောကြောင့်လည်းကောင်း အထိအခိုက်အကျအဆုံးများသည်။

ဖျက်စီးနေသောတံတားများကို အင်ဂျင်နီယာတပ်က အမှတ်ပြင်းပြင်ဆင်ပေးသဖြင့် ခြေလျင်တပ်များ ဖြတ်ကူးလာနိုင်သည်။ ကယ်ရီယာအချို့ ချောင်းအတွင်းနစ်ကျွံကြပြီး ကယ်ရီယာပေါ်မှ ရဲဘော်များဆိုဒိုက် ကျဆုံးကုန်သည်။

ကျနော်တို့တပ်များသည် (၆) မိုင်ခန့်အထိ ကားလမ်းအတိုင်း ချီတက်ရပြီး ၆ မိုင်အရောက်တွင် ရွာ၏အရှေ့ဘက်သို့ စစ်ကြောင်းတကြောင်း ခွဲလွှတ်ကာ စစ်ကြောင်းနှစ်ကြောင်းဖြင့် ပိတ်ဆို့တိုက်ခိုက်ကြပါသည်။ **S. R . P** သွားသည့် တပ်ခွဲကလည်း စိန်ပြောင်းများနှင့် စတင်တိုက်ခိုက်ပါတော့သည်။ တင့်ကားများမှ စက်သေနတ်များကလည်း ပစ်ကူပေးပါသည်။ စိန်ပြောင်းပစ်ခတ်မှုဖြင့် ခြေလျင်တပ်များ ရွာဆီကိုတဖြည်းဖြည်းတိုးတက်ကြရာ ညနေ (၅) နာရီခန့်တွင် ကျနော်တို့တပ်များ ကေအင်ဒီအိုတို့၏ ခံတပ်ဟုအမည်ရခဲ့သော စာဘူးတောင်းရွာကြီးတွင်းသို့ ဝင်နိုင်ခဲ့ကြသည်။ ထိုတိုက်ပွဲတွင် တပ်မတော် (လေ) မှ ပစ်ကူပေးခဲ့သော လေယာဉ် (၁) စီး ပျက်ကျဆုံးရှုံးခဲ့ပါသည်။

ရန်ကုန်နှင့် ပဲခူးအကြား ရန်သူရှင်းသွားပါပြီ။

## မိုးကြိုးစစ်ဆင်ရေး

၁၉၄၅ ခုနှစ် ဇန်နဝါရီလထဲတွင် ကေအင်ဒီအိုတို့၏ မြို့တော်တောင်ငူကို ချီတက်သိမ်းပိုက်ရန် ပြင်ဆင်ရပါသည်။ ပါဝင်သည့်တပ်များမှာ စာဘူးတောင်း တိုက်ပွဲတွင်ပါဝင်ခဲ့သည့် တပ်များအပြင် ဗိုလ်မှူးဇန်ကူးလ်၏ ချင်းသေနတ်ကိုင်တပ်ရင်း (၁)၊ ဒုဗိုလ်မှူးကြီးလျှင်ချင်ခန်၏ ချင်းသေနတ်ကိုင်တပ်ရင်း (၃) တို့ပါ ပါဝင်လာပါသည်။

ထိုစစ်ဆင်ရေးကြီးသည် ထိုအချိန်ထိ တပ်မတော်၏သမိုင်းတလျှောက်တွင် စစ်ဆင်ရေးစီမံချက် ရေးဆွဲကာ စနစ်တကျအရှိဆုံး ပြုလုပ်မည့် သမိုင်းကျစစ်ဆင်ရေးကြီး ဖြစ်သည်။ ကျနော်ကိုယ်တိုင် ဦးစီးပြီး စစ်ဆင်ရေးစီမံချက်များ ရေးဆွဲရာတွင် ခြေလျင်တပ်နှင့် တင့်ကား၊ သံချပ်ကာကား၊ ကာယရီတပ်များအကြား ဟန်ချက်ညီညီ ပူးပေါင်းလှုပ်ရှားမှု၊ ခြေလျင်တပ်များ ခရီးတိုချီတက် ထိုးဖောက်မှု **(SRP)** တို့ ပါဝင်သည်။ အမြောက်တပ်ကိုလည်း ကျနော်ကိုယ်တိုင် ပစ်ခတ်မှုစီမံချက် **(Fire Plan)** ရေးဆွဲပြီး ကိုယ်တိုင်ကိုင်တွယ် ညွှန်ကြားသည်။ အမြောက်တပ်အရာရှိ တဦးကိုလည်း ကျနော့်အနီးမှာပင် ခေါ်ထားပြီး တိုက်ရိုက်အမိန့်ပေး ညွှန်ကြားပါသည်။ ထိုအကြောင်းများကို ထိုစဉ်က အမြောက်တပ်အရာရှိ တဦးဖြစ်သည့် ဗိုလ်ခင်မောင်သောင်း (မိုးမိုးတာရေချန်) က "မုန်တိုင်းကိုမမှု အံ့တုလေသော်" စာအုပ်တွင် တော်တော်ပြည့်ပြည့်စုံစုံ ရေးထားတာ တွေ့ရပါသည်။ သူက ထိုဆောင်းပါးများကို ၁၉၉၀ ခုနှစ်များတွင် ရေးသားသောကြောင့် (ကျနော်ကကွန်မြူနစ်ပါတီသို့ ရောက်ရှိနေပြီ ဖြစ်သောကြောင့်) ကျနော့်ကို နာမည်မဖော်ပြနိုင်ဘဲ တိုင်းမှူးဟုသာ ရေးသားဖော်ပြထားပါသည်။ သူကကျနော့်ကို တိုင်းမှူးသည် "မဖြစ်နိုင်တာမရှိစေရ၊ လုလုပ်လျှင် ဘာမဆိုဖြစ်ရမည်" ဟူသော စိတ်ဓာတ်ဖြင့် ဖွတ်လုပ်တတ်သူဟု ရေးသားထားပါသည်။

မိုးကြိုးစစ်ဆင်ရေးကို ၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မိုးကြိုးစစ်ဆင်ရေးကြီး စပါသည်။ ကရင်သူပုန်များသည် ထိုအချိန်က ပြွန်တန်ဆာမြို့တွင် လက်နက်ကြီးအတော်များများဖြင့် အခိုင်အမာတပ်စွဲထားကြသည်။ ကျနော်တို့က ထိုလက်နက်ကြီးများကို အမိအရသိမ်းဆည်းနိုင်ဖို့ အရေးကြီးသည်။ ထို့ကြောင့် ပြွန်တန်ဆာကို နှစ်ဘက်ညှပ်၍တိုက်ရန် စီစဉ်ရသည်။ ကျနော်က ထိုးမည့်တပ်အလုံးအရင်းကို ကားလမ်း၊ မီးရထားလမ်းအတိုင်း မြို့တောင်ဘက်မှ ဝိုင်း၍တိုက်ခိုင်းသည်။ ဗိုလ်မှူးတင်မောင်၏ တပ်ရင်း (၆) ကို ရန်သူ၏ကျောနောက်ပိုင်း ပြွန်တန်ဆာနှင့် ညောင်လေးပင်အကြား ကားလမ်း၊ မီးရထားလမ်းတို့ကို ပိတ်ဆို့၍တိုက်ရန် စီစဉ်သည်။

ထိုကဲ့သို့ နှစ်ဘက်ညှပ်တိုက်ရာတွင် ကျန်တပ်ဖွဲ့အသီးသီးကလည်း ဟန်ချက်ညီညီ ပူးပေါင်းနိုင်မှုကြောင့် ဖေဖော်ဝါရီ (၂၅) ရက် မွန်းလွဲပိုင်းတွင် ပြွန်တန်ဆာကို ကျနော်တို့တပ်များ သိမ်းပိုက်လိုက်နိုင်ပါသည်။

ရန်သူသည် အတော်ကလေး အထိနာသွားသည်။ အကျအဆုံးအထိအခိုက်များသည်။ ထို့ထက်အရေး ကြီးသည်မှာ သူတို့၏ သံချပ်ကာမီးရထား၊ သံချပ်ကာကားများ၊ ၆ ပေါင်ဒါအမြောက်၊ ခုလက္ခ မော်တာအချို့နှင့် ခဲယမ်းမီးကျောက်များကို ဖမ်းဆီးရလိုက်မိခြင်းပင် ဖြစ်တော့သည်။

ဤပြွန်တန်ဆာတိုက်ပွဲနှင့်ပတ်သက်သော စစ်သဘောတရားအချို့ကို ရေးရဦးမည်။

ကျနော်တို့မှာ ပြွန်တန်ဆာမြို့တွင်းရှိ ကေအင်ဒီအိုတို့၏ လက်နက်ကြီးများကို သိမ်းဆည်းရနိုင်ဖို့လိုသည်။ ဤလိုစစ်ဆင်ရေးမျိုး၏ သဘောမှာ စစ်ဆင်သူဘက်တွင် တပ်များအနေနှင့် တိုက်ခိုက်သိမ်းပိုက်ပြီး တပ်များစွဲမထားရသေးသော ပထမဆုံးတိုက်ပွဲဖြစ်ရာ တပ်အင်အားအလုံးအရင်း ကြီးမားစွာ ရှိနေသည်။ ရန်သူတို့ဘက်ကမူ တလျှောက်လုံး အဆင့်ဆင့် နေရာအနှံ့အပြား ခံစစ်တပ်စွဲထားရသဖြင့် သူ့တပ်အင်အား ကုန်ခမ်းပြီး အရံတပ်များ အလွန်အားနည်းနေသော ကာလမျိုးဖြစ်ရာ ထိုးစစ်ဆင်သူဘက်က မိမိလက်ထဲရှိနေသော စစ်အင်အားကြီးဖြင့် ပထမဆုံး ရန်သူ့ရှေ့တန်းတပ်စခန်းများကို အလုံးအရင်းဖြင့် ဝိုင်းရံပိတ်ဆို့ပြီး ရန်သူ့ဘက်ကို အတော်ကြီးထိခိုက် နာကျင်သွားအောင် ချေမှုန်းတိုက်ခိုက်နိုင်ပေသည်။

ယခုတောင်ငူ "မိုးကြိုးစစ်ဆင်ရေး"တွင် ကေအင်ဒီအိုတို့၏ ရှေ့ဆုံးခံစစ်စခန်းဖြစ်သော ပြွန်တန်ဆာမြို့ တိုက်ပွဲတွင် ကျနော်သည် အထက်ဖော်ပြပါ စစ်သဘောတရားအတိုင်း လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ကေအင်ဒီအိုတို့၏ ပြွန်တန်ဆာမြို့ကို ကျနော်၏ အင်အားကြီးမားလှသောတပ်ဖြင့် ရှေ့တည့်တည့်မှ တိုက်ခိုက်ရုံမျှမက ပြွန်တန်ဆာမြို့၏ နောက်ကျောကိုပါ မိမိ၏တပ်များက ထိုးဖောက်ပြီး နောက်ပိုင်းနှင့် ဘေးဘက်များကပါ လေးဘက်ဝိုင်းရံပြီး တိုက်ခိုက်ပါတော့သည်။

ကေအင်ဒီအိုတပ် အစိတ်စိတ်ပြိုကွဲသွားပြီးနောက် ၎င်းတို့၏ ခြေလျင်တပ်များ တယောက်စီ၊ နှစ်ယောက်စီ အစုစုကွဲပြီး ဝိုင်းထားသောစစ်မြေပြင်မှ အတော်များများ လွတ်မြောက်သွားကြသည်။ ကိုယ့်တိုင်းပြည်သူ အချင်းချင်းကြားဖြစ်သည့် ပြည်တွင်းစစ်ပွဲဖြစ်သဖြင့် အရောရောအနှောနှောဖြစ်ကာ အရပ်သားများနှင့် ရောထွေးလွတ်မြောက် ထွက်ပြေးသွားနိုင်ခြင်း ဖြစ်ပေသည်။ သို့သော်လည်း သယ်ယူရန်ခက်ခဲသော စိန်ပြောင်း၊ မော်တာနှင့် ၆ပေါင်ဒါ ကာပစ်အမြောက် စသည်များ မီးရထား၊ သံချပ်ကာကားများ၊ ခဲယမ်းမီးကျောက် စသည့် ၎င်းတို့ထံတွင် ရှိနေသော လက်နက်ကြီးအားလုံး ကျနော်တို့ သိမ်းဆည်း ရမိလိုက်သည်။

ပြွန်တန်ဆာမြို့ဝန်းကျင်မှာ နှတ်ခမ်းမွေးများ ထွက်နေသကဲ့သို့ ကားထွက်ပြီး ကျယ်ပြန့်နေသဖြင့် ကျနော်တို့တပ်များက မြို့ကိုစေ့စေ့စပ်စပ် မဝိုင်းနိုင်သဖြင့် သူတို့ခြေလျင်တပ်သားများ အတော်လွတ်မြောက်သွားရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် တောင်ငူသို့ ချီတက်ရာလမ်းမကြီး ပွင့်သွားပါတော့သည်။

ထိုပွဲတွင် ကျနော်၏ထောက်လှမ်းရေးတာဝန်ခံ ဗိုလ်ကြီးစိုးမင်း ကျဆုံးသွားပါသည်။ ကျနော်ကသူ့ကို ရှေ့တန်းစစ်မြေပြင်သို့လွှတ်၍ စုံစမ်းထောက်လှမ်းရေးလုပ်ရန် စေခိုင်းခဲ့ခြင်းဖြစ်ပါသည်။ သူကလည်းနောက်တန်းရုံးတွင် မထိုင်ချင် ရှေ့တန်းသွားရန်သာ တောင်းဆိုနေသဖြင့် လွှတ်လိုက်ရခြင်းဖြစ်သည်။ ဂျူပန်ပြန်လေးဖြစ်၍ လူတော်လေးဖြစ်ပါသည်။ ကျနော်လည်း အတော်နှမြော စိတ်မကောင်းဖြစ်မိသည်။

ရန်သူသည် ပြွန်တန်ဆာမှ ဆုတ်ခွာပြီးနောက် ခုခံမှုမရှိသလောက်ပင် ဖြစ်ခဲ့သည်။ လမ်းတလျှောက်ရှိ မြို့များကို တမြို့ပြီးတမြို့ ဝင်သိမ်းကြသည်။

မြို့သူမြို့သားများလည်း ဝမ်းသာအားရ ထွက်ကြိုကြ၊ စားဘွယ်သောက်ဘွယ်များ ဝေငှပေးကမ်းကြပါသည်။

၁၉၅၀ ခုနှစ် မတ်လ (၅) ရက်နေ့မှာ ကေအင်ဒီအိုများ အလုံးအရင်းနှင့် ရှိနေသေးသည်ဆိုသော "ဖြူး" မြို့သို့ ကယ်ရီယာများဖြင့် ကျနော်သည် ဗိုလ်မှူးချစ်မြိုင်၊ ဗိုလ်မှူးတင်မောင်တို့နှင့် အတူ ဝင်ရောက်သွားခဲ့ပါသည်။ မြို့သည် တစပြင်ကဲ့သို့ တိတ်ဆိတ်နေပြီး အိမ်တိုင်းလည်း တခါးများပိတ်ထားပါသည်။ လူရိပ်လူယောင်လည်း မတွေ့ရပါ။ မကြာမီမှာပင် ဓားအဏ်ရာများဖြင့် သေဆုံးနေကြသော အလောင်းများကို အစုလိုက်အပြုံလိုက် တွေ့ရပါတော့သည်။ ကျနော်တို့အားလုံး အကြီးအကျယ် ထိခိုက်တုန်လှုပ် သွားပါသည်။ ကရင်သူပုန်များသည် ဖြူးမှအဆုတ် မြို့သူမြို့သားများကို သတ်ဖြတ်သွားခြင်း ဖြစ်ပါသည်။ ကျနော်မှတ်မိသလောက် အလောင်းပေါင်း ၂၀၀ ကျော်ခန့်ရှိပါသည်။ ဤကိစ္စကို "မြန်မာ့အသံ" မှ ဗိုလ်ဇကိုက အသံလွှင့် ပြောကြားရာတွင် "ဤဖြစ်ရပ်ကြောင့် သင်တို့ ဗမာပြည်သူများအကြားတွင် ရပ်တည်ရန် ခက်ခဲချေပြီ" ဟု ပြောဆိုသွားခဲ့သည်။

ထို့ကြောင့် ကျနော်တို့မရပ်မနား ဆက်လက်ချီတက်ကြရာ မတ်လ ၁၅ ရက် ညနေ ၅ နာရီခန့်တွင် ရန်သူ၏ အနည်းငယ်မျှသော ခုခံမှုကို တွန်းလှန်၍ တောင်ငူမြို့ကို သိမ်းပိုက်လိုက်ပါသည်။ ကရင်သူပုန်များ သံတောင်ဒေသသို့ ဆုတ်ခွာသွားရာ မိတ္ထီလာ၌ ဖမ်းမိခဲ့သော မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးမောင်မောင်နှင့် အဖွဲ့ကိုလည်း ၎င်းတို့နှင့်အတူ ခေါ်ဆောင်သွားပါသည်။ ကျနော်တို့တောင်ငူသိမ်းပြီး တပတ်ခန့်နားကြပါသည်။ ဤအတွင်း ဗိုလ်ချုပ်နေဝင်း ရေ့တန်းသို့ ရောက်ရှိလာပါသည်။ သူက ဤကဲ့သို့ မျက်နှာထွက်ပြသည့် အလုပ်မျိုးကို ကောင်းကောင်းလုပ်တတ်ပါသည်။

တောင်ငူမြို့ကိုရရှိပြီးသော်လည်း မြို့၏လုံခြုံမှုအတွက် အနီးပတ်ဝန်းကျင်ကို ဆက်လက်ရှင်းလင်းရဦးမည်။ ထို့ကြောင့် တောင်ငူတွင် တပတ်ခန့်နားပြီး ကျနော်သည် ဗိုလ်မှူးတင်မောင်နှင့် သူ၏တပ်ရင်း (၆) နှင့်အတူ သံတောင်ကားလမ်းအတိုင်း ချီတက်ကြရပြန်သည်။ အင်းတိုင်ကုန်းတွင် ကျနော်တို့၏ သံချပ်ကာကားတစီး အမြောက်ထိပြီး ရပ်သွားရာ သံချပ်ကာကားကိုရော အထဲရှိရဲဘော်များကိုရော ကယ်ဆယ်ရန် ကြိုးစားရာ နောက်ထပ်ရဲဘော်များ အကျအဆုံး များလာသဖြင့် လက်လျှော့လိုက်ပြီး ညနေစောင်းလာမှ အမြောက်များစုပစ်ပေးရာ ထိုသံချပ်ကာကားထဲမှ တဦးတည်းအသက်ရှင်ကျန်ရစ်သော ရဲဘော်တယောက် သံချပ်ကာကားအမိုးဖွင့်၍ ထွက်ပြေးလွတ်မြောက်လာပါသည်။ ကျနော်တို့အမြောက် ပစ်ပေးသည့်ရည်ရွယ်ချက်ကလည်း သံချပ်ကာကားထဲက အသက်ရှင်နေသူရှိက ထွက်လာနိုင်အောင်ပင် ဖြစ်သည်။ ထိုညက ကျနော်တို့တောင်ငူသို့ ခြေကုန်လက်ပန်းကျပြီး ပြန်လာရပါသည်။

တောင်ငူပတ်ဝန်းကျင်ကို ဆက်လက်ရှင်းလင်းရာမှာ ထန်းတပင်ဒေသ စစ်ဆင်ရေးလုပ်ရန် လိုအပ်လာပါသည်။ ကျနော်ကိုယ်တိုင် ဦးစီးရန်ပြင်ဆင်ရာတွင် တောင်ငူတွင်ဖွဲ့စည်းမည့်တပ်မဟာဌာနချုပ်၏ တပ်မဟာမှူးအဖြစ်ရောက်လာသော ဗိုလ်မှူးကြီးတင်ဖေ (နောင်တော်လှန်ရေးကောင်စီဝင်ဗိုလ်မှူးချုပ်) ကလည်း လိုက်ပါလာပါသည်။ ကျနော်တို့သည် နံနက်အရုဏ်ဦးတွင် တောင်ငူမှ စတင်ထွက်ခဲ့ရာ မနက်မိုးလင်းတာနှင့် ချောင်းကလေးတခုကို ရောက်လာသည်။ ထိုချောင်းကို အင်ဂျင်နီယာတပ်က ဘုံတားကလေးတခု အမြန်ခင်းပေးပါသည်။ ကျနော်တို့ထိုချောင်းကို ကူးအပြီး မလှမ်းမကမ်းရှိ ဒိုးသောင်ရွာကို သိမ်းပိုက်ဖို့ ချီတက်ရန်စီစဉ် ကြပါသည်။ ထိုအတွင်းချောင်းဘေးရှိ တောင်ကုန်းကလေးတခုပေါ်မှ ရန်သူသည် မော်တာဖြင့်စထုပါတော့သည်။ အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီးတင်အောင်မှာ ဘုံတားပြင်နေရင်း မော်တာများကျလာရာ မျက်လုံးမှာဒဏ်ရာရသွားပါတော့သည်။ နောက်တချီ မော်တာများကျလာသောအခါ သံချပ်ကာကားဘေးမှ ရှေ့ချီတက်နေသော ရဲဘော်များကို မှန်ပြောင်းနှင့်ကြည့်နေမိသော ကျနော့်ကို ထိပါတော့သည်။ ကျနော့်ညာဖက်ပေါင်ကို မော်တာကျည်ဆံ မှန်ခြင်းဖြစ်သည်။

ကျနော်နှင့်ဗိုလ်ကြီးတင်အောင်တို့အား ကယ်ရီယာတစီးပေါ် တင်ပေးကြပြီး တောင်ငူသို့ ပြန်ပို့ပေးကြပါသည်။ ကျန်သူများက ထန်းတပင်မြို့ကို ဆက်လက်ချီတက်ကြပြီး ထိုနေ့ညနေစောင်းမှာပင် ထန်းတပင်မြို့ကို သိမ်းပိုက်လိုက်ကြ ပါတော့သည်။

မိုးကြိုးစစ်ဆင်ရေးကြီးလည်း ပြီးဆုံးသွားခဲ့ပေပြီ။ ဤစစ်ဆင်ရေးကြီး တလျှောက်တွင် ပြန်ကြားရေးအဖွဲ့မှ ဓာတ်ပုံဆရာ ကိုမိုးမြင့်သည် ကျနော်တို့ တပ်ဖွဲ့များနှင့်အတူ လိုက်ပါလာပြီး ရုပ်ရှင်ရိုက်ကူးပါသည်။ ထိုရုပ်ရှင်သတင်းကားများ တပ်မတော်မော်ကွန်းတိုက်တွင် ရှိနိုင်ပါသည်။

ကျနော့်ဒဏ်ရာမှာ မပြင်းထန်လှပါ။ အသားပဲ့ရုပ်ထိတာဖြစ်၍ ပေါင်တွင်တထွာခန့် ပြဲသွားရုံသာ ရှိပါသည်။ တောင်ငူပြန်ရောက်ပြီး အနာကို ဆေးထည့် ချုပ်လုပ်ပြီးတာနှင့် ကျနော်စစ်ဆင်ရေးလက်စသိမ်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင် ရပါသည်။ တပတ်ခန့်လုပ်ဆောင်ပြီးမှ မင်္ဂလာဒုံသို့ လေယာဉ်ဖြင့် ပြန်လာခဲ့ပါသည်။

မင်္ဂလာဒုံလေယာဉ်ကွင်းတွင် မိတ်ဆွေအပေါင်းအသင်း အတော်များများ လာရောက်ကြိုဆိုနေကြပါသည်။ ထိုအထဲတွင် စစ်ရုံးချုပ်မှ ဗိုလ်မှူးကြီးအောင်ကြီး (နောင် ဗိုလ်မှူးချုပ်) နှင့် ရန်ကုန်ဆေးရုံကြီးမှ ဒေါက်တာဘသန်း (နောင် ဆေးတက္ကသိုလ် ၁ ပါမောက္ခချုပ်) တို့ပါဝင်ကြပါသည်။ ကျနော့်ဒဏ်ရာမှာ အတော်ကျက်စပြုနေပြီဖြစ်၍ ဆေးရုံသို့မခေါ်သွားတော့ဘဲ ကျနော့်မင်္ဂလာဒုံအိမ်သို့ပဲ ပြန်လာခဲ့ပါသည်။ ဒေါက်တာဘသန်းမှာ ကျနော့်အိမ်အထိ လိုက်လာပြီး အိမ်တွင်ဒဏ်ရာကို ဖွင့်ကြည့်ပါသည်။ ဒဏ်ရာချုပ်ထားတာကိုကြည့်ပြီး "ဒါမောင်မောင်သန်းလက်ရာပဲ" ဟု ဆိုပါသည်။ တကယ်လည်း ကျနော့်ဒဏ်ရာကို ချုပ်ပေးလိုက်သူမှာ တောင်ငူမြို့တွင် ခန်းချထားသော ဆေးတပ်မှ တပ်မှူးဗိုလ်မှူးမောင်မောင်သန်း (နောင် မင်္ဂလာဒုံစစ်ဆေးရုံ ဆေးရုံအုပ်ကြီး) ပင်ဖြစ်ပါသည်။ ၎င်းမှာ ဒေါက်တာဘသန်း၏ တပည့်ရင်းလည်းဖြစ်၍ ဆရာဖြစ်သူက တပည့်၏လက်ရာကို မှတ်မိနေခြင်း ဖြစ်ဟန်တူပါသည်။ ဗိုလ်မှူးမောင်မောင်သန်းမှာ နှုတ်နည်းလှသော လူအေးတဦးဖြစ်သော်လည်း တာဝန်ကိုမူ အလွန်သိပြီး ကျေပွန်အောင် ထမ်းဆောင်တတ်သူ တဦးဖြစ်ပါသည်။ နောင်ကျနော် တရုတ်ဖြူ စစ်ဆင်ရေးများ လုပ်ဆောင်သောအခါ၌လည်း ရှေ့တန်းဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကျနော့်ဒဏ်ရာမှ ချုပ်ရိုးဖြုတ်ပြီးနောက် ကျနော်ခြေထောက်ကျိုးဖြင့် လမ်းလျှောက်နိုင်သည်နှင့် ရုံးပြန်တက်ကာ တိုက်ခိုက်သိမ်းပိုက်ပြီး နယ်မြေများ တည်တန့်တည်ငြိမ်အောင် လုပ်ရပါသည်။ ကျနော့်မှာ ထိုစဉ်တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးတာဝန်သာမက ပဲခူးတိုင်း တိုင်းမင်းကြီးရာထူးကိုလည်း တွဲဖက်ကိုင်တွယ်ပြီး နယ်အုပ်ချုပ်ရေး လုပ်ငန်းများကို ပူးတွဲလုပ်ဆောင် နေရပါသည်။

တိုင်းပြည်အခြေအနေ အတော်တည်ငြိမ် ကောင်းမွန်လာသည့်အခါ ၁၉၅၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျနော်အလွန် ပင်ပန်းနွမ်းနယ်လာသဖြင့် ဆေးခွင့် (၆) လယူပြီး မိတ္ထီလာတွင် သွား၍ အနားယူနေထိုင် ခဲ့ပါသည်။

ထိုအချိန် ကျနော်သားသမီး သုံးယောက်ရှိနေပါသည်။ အင်းစိန်တိုက်ပွဲကာလများအတွင်း ၁၉၄၉ ခုနှစ် ဩဂုတ်လတွင် ကျနော့်သားကြီး အောင်ကျော်ဇော (ကိုမြမောင်) ကို မင်္ဂလာဒုံမှာ မွေးဖွားပါသည်။

ကျနော်သည် မိသားစုနှင့်အတူမိတ္ထီလာမှာ သွားရောက်နေထိုင်ရာ ၁၉၅၁ ခု ဖေဖော်ဝါရီလတွင် မိတ္ထီလာတွင် ရှိနေစဉ်မှာပင်ဒုတိယသား ကျော်ဇောဦး (ကိုခိုင်အောင်) ကိုမွေးဖွားပါသည်။ သူ့မွေးပြီး လသားအရွယ်မှာပင် ကျနော်မင်္ဂလာဒုံသို့ ခွင့်ရက်စေ့၍ ပြန်လာခဲ့ပါသည်။ ကျနော်ခွင့်သွားနေစဉ် ကျနော့်နေရာကို ဗိုလ်မှူးကြီးလှအောင် (နောင် တောင်တက်အသင်း ဥက္ကဋ္ဌ) က ယာယီဝင်ယူပါသည်။

ကျနော်မင်္ဂလာဒုံပြန်ရောက်ပြီး မကြာခင်မှာပင် ဗိုလ်ချုပ်နေဝင်းကခေါ်၍ တာဝန်တခုပေးပါသည်။ ကျနော် ၄၉ ခုနှစ် ကေအင်ဒီအိုတိုက်ရန် တောင်ပိုင်းတာဝန် လွှဲပြောင်းယူရစဉ် မြောက်ပိုင်းတိုင်းမှူးဖြစ်သွားသော ဗိုလ်မှူးကြီးမောင်မောင် (နောင် ဗိုလ်မှူးချုပ်) သည် စစ်စခန်းများကို လှည့်လည်ကြည့်ရှုနေစဉ် မိတ္ထီလာ၌ ကေအင်ဒီအိုတို့၏ အဖမ်းခံသွားရသည်။ သူနှင့်အတူ အရာရှိအချို့လည်းပါသွားပါသည်။ ထို ၁၉၅၁ ခုနှစ် ကသူတို့အား ကေအင်ဒီအိုတို့၏ ကရင်ပြည်နယ် ရေသိုးကြီးရွာတွင် ချုပ်နှောင်ထားရာ ၁၉၅၁ ခုနှစ် ဇွန်လအတွင်း ကွန်မင်ဒိုတပ်ဖွဲ့လေးတဖွဲ့ဖြင့် ဝင်ရောက်ကယ်တင်ရာ အောင်မြင်စွာ ကယ်တင်နိုင်ပြီးမှ အင်အားကြီးမားစွာနှင့် လိုက်တိုက်သဖြင့် ပြန်လည်ဖမ်းမိသွားပါသည်။ သွားကယ်သည့်အဖွဲ့က လူအချို့လည်း ကျဆုံးကျန်ခဲ့ပါသည်။ နောက်သူတို့တတွေ ပိုမိုဝေးလံခေါင်ကျသော ဘောဂလိသို့ ရွှေ့ပြောင်းချုပ်နှောင် ထားလိုက်ပါသည်။ ထိုအခြေအနေများကို ဗိုလ်ချုပ်နေဝင်းက ကျနော့်ကိုပြောပြပြီး ကာနယ်မောင်မောင်တို့ကိုတော့ သူတို့သတ်ပစ်ကြတော့မည်။ ထို့ကြောင့် ကာနယ်မောင်မောင်ကယ်တင်ရေးကို ကျနော်ကိုယ်တိုင် ခေါင်းဆောင်ကွပ်ကဲပြီး လုပ်ဆောင်ပေးပါရန် ပြောကြားလာပါသည်။

ထို့ကြောင့် ကျနော်သည် ရန်ကုန်ဘဆွေအားခေါ်ယူပြီး အခြေအနေအရပ်ရပ်ကို မေးမြန်းလေ့လာပါသည်။ မြေပုံကိုချပြီးတော့လည်း အသေးစိတ် လေ့လာကြည့်ပါသည်။ ထို့နောက် ကျနော်သည် ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့ ကယ်တင်ရေး စစ်သေနင်္ဂဗျူဟာကို ချမှတ်ပါသည်။

ကျနော်မှတ်မိသလောက် ထိုစီမံကိန်း၏အတိုချုပ်မှာ ကယ်တင်ရေးလုပ်ငန်းကို တိုက်ရိုက်မလုပ်ဘဲ သွယ်ဝိုက်သော သေနင်္ဂဗျူဟာနည်းဖြင့်သာ ကယ်တင်ရန်စီစဉ်ပါသည်။

ဗိုလ်မှူးကြီးမောင်မောင်တို့ ကယ်တင်ရေး စစ်လှုပ်ရှားမှုမစမီ သူတို့ကိုဖမ်းချုပ်ထားသော နေရာ၏ အနောက်ဘက် (မြေပုံအရ အရှေ့ဘက်) မိုင် ၄ – ၅ ဆယ်အကွာတွင် တပ်စခန်းချထားသော ကေအင်ဒီအိုတို့၏ ဗဟိုဌာနချုပ်စခန်းကြီးကို မိမိတို့တပ်မတော်မှ စစ်ဆင်ရေးအကြီးစားလုပ်ပြီး ချီတက်တိုက်ခိုက်မည့် "ဟန်ပြစစ်ဆင်ရေး" ကြီး လုပ်နေစဉ်ကာလတွင်မှ ရန်ကုန်ဘဆွေတို့ ဦးစီးသော ကယ်တင်ရေး ပြောက်ကျားတပ်ဖွဲ့က ဗိုလ်မှူးမောင်မောင်တို့အဖွဲ့ကို ဖမ်းချုပ်ထားသော စခန်းကို ဝင်ပြီးတိုက်ခိုက်ထိုးသုတ် ကယ်တင်ရန်ဖြစ်သည်။

ထိုသို့စီစဉ်ပြီးနောက် ကယ်တင်ရေး စစ်ဆင်ရေးကြီးကို စတင်ပါတော့သည်။ ထိုစစ်ဆင်ရေးကို တောင်ငူဒေသရှိ ဗမာ့တပ်မတော်အမှတ် (၂) ခြေမြန်တပ်မဟာ၊ တပ်မဟာမှူး ဗိုလ်မှူးကြီးစောမြင့်က နောက်တန်းမှနေ၍ ကွပ်ကဲအုပ်ချုပ်စီမံပါသည်။ ပါဝင်သောတပ်များမှာ ခြေလျင်တပ်ရင်း ၄ ခုပါရှိသော အမှတ် (၃) ဗမာ့သေနတ်ကိုင်တပ်ရင်း (၎င်းတပ်ရင်းမှာ ၁၉၄၅ – ၄၆ က ဘီအိုင်အေ တပ်သားဟောင်းများဖြင့် ကျနော်စတင်ဖွဲ့စည်း ကိုင်တွယ်ခဲ့သော တပ်ရင်း) နှင့် ရန်ကုန်ဘဆွေခေါင်းဆောင်သော ပြောက်ကျားတပ်ဖွဲ့တဖွဲ့ တို့ပင်ဖြစ်သည်။ အားလုံးကို ကျနော်က ကြီးကြပ်ဦးစီးပါသည်။

စစ်ဆင်ရေးတွင် ဗိုလ်မှူးကြီးမောင်မောင်တို့ တိုက်ရိုက်ကယ်တင်ရေးကို ဗိုလ်မှူးကြီးစောမြင့်နှင့် ရှေ့တန်းရှိ ရန်ကုန်ဘဆွေတို့ကို တိုက်ရိုက်ကွပ်ကဲစေပြီး ကျနော်က ကေအင်ဒီအိုဗဟိုဌာနချုပ်ကြီးကို တိုက်ရိုက်တိုက်ခိုက်သိမ်းပိုက်ရေး "ဟန်ပြတိုက်ခိုက်ရေး" ကို ဗမာ့တပ်မတော်လေ တပ်အထွယ်နှင့်ပေါင်း၍ လုပ်ဆောင်ပါသည်။

ကျနော်သည် သံတောင်နှင့် ဘောဂလိကြီးကိုလည်း ဟန်ပြတိုက်ခိုက်ရေး လုပ်ခဲ့သေးသည် ထင်ပါသည်။ (တကယ်တော့ ၁၉၅၃ ခုနှစ်ကျမှ စစ်ဆင်ရေးကြီးတရပ် ဆင်နွှဲပြီး သိမ်းပိုက်နိုင်ပါသည်။) တချိန်တည်းမှာပင် ကေအင်ဒီအိုတို့၏ ဗဟိုစစ်ဌာနချုပ် စခန်းကြီးကို ဦးတည်ပြီး ၎င်းဗဟိုစခန်းကြီးရှိရာ ဘောဂလိဒေသ၏ ကေအင်ဒီအိုတို့၏ အမြင်ကာကွယ်ရေးစခန်းများကို စတင်တိုက်ခိုက်ရန် ပြင်ဆင်ပြီး ၎င်းစခန်းကြီးကိုလည်း လေတပ်မှ လေယာဉ်ဖြင့် ကောင်းကင်မှဝဲပြီး ထောင့်အမျိုးမျိုးက လေကြောင်းဓာတ်ပုံ ရိုက်စေပါသည်။ ကျနော်တို့ဘက်က ပထမ ဦးတည်တိုက်ခိုက်မည့် ရန်သူဗဟိုစခန်းကြီးကို ကာကွယ်ထားသော စခန်းငယ်များကိုပါ လေကြောင်းမှ ဓာတ်ပုံရိုက်ကူးစေပါသည်။ ၎င်းလုပ်နည်းမှာ ဗမာ့တပ်မတော်မှ တိုက်ပွဲကြီးများတွင် စစ်ဆင်ရေးကြီးများ မစမီ စီမံကိန်းဆွဲရန်အတွက် တိုက်မည့်ရန်သူ့ဒေသ စခန်းနေရာများကို ကောင်းကင်မှ ဓာတ်ပုံရိုက်ယူ ထောက်လှမ်း ကြည့်ရှုရာတွင် လုပ်လေ့လုပ်ထရှိသော လုပ်နည်းဖြစ်ပါသည်။ ထိုတိုက်မည့်ရန်သူ့စခန်းနှင့် ဝန်းကျင်ဒေသများ အပေါ်သို့လည်း လေတပ်လေယာဉ်ဖြင့် ကြော်ငြာစာရွက်များကို ကြဲချပါသေးသည်။ ထိုကြော်ငြာမှာ – မိမိတို့တပ်မတော်က သင်တို့ကို တိုက်ခိုက်တော့မည်။ သင်တို့အသေခံပြီး ခုခံတိုက်ခိုက်မနေဘဲ မိမိတို့တပ်မတော်သို့ လက်နက်များ ချကြရန်နှင့် လက်နက်ချသူများကို ကောင်းစွာစောင့်ရှောက်မည် ... စသည်များ ရေးသားထားပါသည်။ ထိုစဉ်က ကျနော်တို့လုပ်လေ့လုပ်ထရှိသည့်အတိုင်း ရန်သူ့စိတ်ဓာတ်ကျအောင် ဖြိမ်းခြောက်ထားသော စာရွက်စာတမ်းများဖြစ်ပါသည်။ နောက် ရန်သူ့ဗဟိုကာကွယ်ရေး စခန်းကိုလည်း စပြီးတိုက်ပါတော့သည်။ ထိုအခါ ကရင်သူပုန်များသည် တခြားဘာကိုမှ မစဉ်းစား၊ မကာကွယ်နိုင်တော့ဘဲ သူတို့ဗဟိုစခန်း ကာကွယ်ရေးကိုသာ အဓိကအာရုံထား လုံးပန်းလာ ကြပါသည်။

ထိုတချိန်တည်းမှာပင် ဗိုလ်မှူးကြီးစောမြင့်နှင့် ရန်ကုန်ဘဆွေတို့ တပ်ဖွဲ့က ဗိုလ်မှူးကြီးမောင်မောင်တို့အဖွဲ့ ကယ်တင်ရေး တိုက်ပွဲကို စတင်တိုက်ခိုက်ရာ ကောင်းစွာအောင်မြင်ထမြောက်ပြီး ထိုအဖွဲ့မှာ ၁၉၅၁ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် လွတ်မြောက် လာပါတော့သည်။

ထို့နောက် ကျနော်လည်း ရန်သူ့ဗဟိုစခန်းကို ဟန်ပြတိုက်ခိုက်နေမှုကို ရပ်စဲလိုက်ပြီး စစ်ဆင်ရေးကို ခေတ္တရပ်ဆိုင်း လိုက်ပါတော့သည်။

## တရုတ်ဖြူပြဿနာ

### ၁။ ဗိုလ်ချုပ်နေဝင်း အနောက်နိုင်ငံများသို့ ခရီးထွက်ခြင်း

၁၉၅၉ ခုနှစ်၊ ဇူလိုင်–ဩဂုတ်လမှာ စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းသည် ဗြိတိန်နှင့် အမေရိကန်နိုင်ငံများသို့ သွားရောက်ခဲ့ပါ သည်။ ဤသည်မှာ ဗမာပြည်၏ ပထမဆုံးသော စစ်ဘက်လေ့လာရေးမစ်ရှင် ဖြစ်ပါသည်။ ဗမာပြည်တွင် အဓိက အကျပ်အတည်းကြီး ဆိုက်ခဲ့ရသော အင်းစိန်တိုက်ပွဲကြီး ပြီးဆုံးပြီးနောက် သွားခြင်းဖြစ်ပါသည်။

ဗမာပြည် ပြည်တွင်းစစ်တွင် အစိုးရဘက်မှ ကြီးမားသော အန္တရာယ်မှ လွတ်မြောက်ပြီး၊ အောင်မြင်မှုဘက် အပေါ်စီးရလာမှ သွားခြင်းလည်း ဖြစ်ပါသည်။

ဤသို့ ဗိုလ်ချုပ်နေဝင်း ခရီးထွက်သွားခြင်း ကိစ္စမှစ၍ ကျနော့်ဘဝကို အကြီးအကျယ် အပြောင်းအလဲ ဖြစ်စေမည့် ကိစ္စကြီးတခု စတင် တွေ့ကြုံလာရပါတော့သည်။

ထိုအဖြစ်အပျက်မှာ အင်္ဂလန်မှ ဝယ်ယူခွင့်ပြုရန် လက်နက်ခဲယမ်း မီးကျောက်စာရင်းများကို ဗဟိုတပ်မတော် ထောက်ပံ့ရေး ဌာနက ပြုစုပြီး အင်္ဂလိပ်အစိုးရထံ တင်ပြတောင်းဆို ဝယ်ယူရန် ဗိုလ်ချုပ်နေဝင်းနှင့် ပေးလိုက်ရာ၊ ထိုတင်ပြသော စာရင်းအတိုင်း လက်နက်ကျည်ဆံအားလုံး နီးပါးကို အင်္ဂလိပ်အစိုးရက ပေးလိုက်ခြင်းဖြစ်ပါသည်။ ကျနော် အလွန်မှပင် အံ့ဩသွားပါသည်။

၎င်းဝယ်ယူရရှိသော လက်နက်ကျည်ဆံများအထဲတွင် ဗမာပြည် ပြည်တွင်းစစ်အရှိန်ကို များစွာယုတ်လျော့ ကျဆင်းထိခိုက်စေမည့် လက်နက် တမျိုး ပါဝင်ရာ၊ ၎င်းကို တောင်းဆိုတင်ပြသော စာရင်းအတိုင်းနီးပါး ရရှိခဲ့သဖြင့် အစိုးရအတွက် များစွာအကျိုးရှိခဲ့ပေသည်။

ထိုလက်နက်မှာ ခွေးသွားစိတ် ချိန်းကြိုးနှင့် မောင်းနိုင်သော မောင်းသူအပါ လူ (၆) ယောက်စီး၊ အမိုးမပါသော ပက်လက်သံချပ်ကာ ယာဉ်ကလေးများ ဖြစ်သည်။ ထိုသံချပ်ကာ ယာဉ်ကလေးပေါင်းအစီး (၂၀၀) နှစ်ရာကျော် ရရှိခဲ့ပေသည်။ ထိုယာဉ်ကလေးကို ရဲဘော်များက 'ချိန်းပက်လက်' ဟု ခေါ်ကြသည်။

၎င်းယာဉ်ကလေးများသည် ဗမာပြည်၏ တောတောင်ထူထပ်သောနေရာ၊ ရွှံ့နွံထူထပ်သောနေရာတို့မှတပါး မည်သည့်နေရာတွင်မဆို မောင်းနိုင်သည်။ ခြေလျင်တပ် လက်နက်ငယ် ကျည်များကိုလည်း ကာကွယ်နိုင်ရာ ခြေလျင်တပ် လက်နက်ငယ်များကိုသာ ကိုင်စွဲနိုင်သည့် သူပုန်များနှင့် ရင်ဆိုင်ရာတွင် အစိုးရတပ်အဖို့ တပန်းသာနေပေသည်။ ၎င်းယာဉ်ကလေး သွားနိုင်သည့် မြေပြန့်များ၊ ဆင်ခြေလျော တောင်ကမူစသည်တို့တွင် သူပုန်တို့ကို အစိုးရစစ်တပ်အနေနှင့် ထိုယာဉ်ကလေးများနှင့် ထိုးဖောက်နိုင်သဖြင့် သူပုန်တို့အဖို့ အစိုးရတပ်ကို အန်တုပြီး နေရာယူစစ်ပွဲ မဆင်နွှဲ နိုင်တော့ဘဲ အဓိကပြောက်ကျားစစ်ပွဲအဆင့်သို့ လျှော့ချလိုက်ကြရပါတော့သည်။

ထိုချိန်းပက်လက်သံချပ်ကာ ယာဉ်ကလေး (၂၅) စီးပေါ်တွင် သံမောက်ဆောင်းထားသော ခြေလျင်တပ်ခွဲတခွဲကို ယာဉ်တစီး လူ (၅) ယောက် စီမျှ တင်ပြီး၊ နောက်ကတပ်တချို့နှင့် သူပုန်တို့၏ နေရာစွဲထားသော တပ်စခန်းတို့ကို ထိုးစစ်ဆင်ပြီး တပ်စွဲစေရာ သူပုန်တို့မှာ မခုခံနိုင်တော့ဘဲ ဆုတ်ခွာထွက်ပြေးပြီး၊ အခြေချ စခန်းမထားနိုင်သော ပြောက်ကျားစစ်ဘဝသို့ ရောက်ရှိသွားပြီး တောတောင်များသို့သာ အမှီပြုကြရပါတော့သည်။ သူတို့သည် မြို့ရွာ လူနေများသော ဒေသတို့တွင် အထင်ကရ တပ်မစွဲနိုင်တော့ပေ။

သူပုန်များအနေနှင့် တိုက်ပွဲများအတွင်း ၎င်းချိန်းပက်လက်ယာဉ်များအနီးသို့ ချဉ်းကပ်ပြီး ထိုအမိုးမပါသော ယာဉ်ပေါ်လက်ပစ်ဗုံး ပစ်သွင်းနိုင်လျှင် ထိုယာဉ်မှ လက်ပစ်ဗုံးအဟုန်ကြောင့် ရပ်ဆိုင်းသွားနိုင်ပြီး ထိုယာဉ်ကိုပင် သူတို့သိမ်းဆီးနိုင်ပေသည်။ သို့သော် သူတို့ထိုသို့မလုပ်နိုင်ပေ။

သို့ဖြင့် ဗမာပြည် ပြည်တွင်းစစ်မှာ ညှိုးခြောက်အားနည်းလာရပေသည်။ ဤသို့ညှိုးခြောက်လာရသော အကြောင်းတွင် နိုင်ငံရေးရာ အကြောင်းသည် အဓိကဖြစ်သော်လည်း စစ်မှုရေးရာတွင် ထိုအင်္ဂလိပ်တို့က ပေးသောလက်နက်များသည် အဓိက အကြောင်းတရား ဖြစ်သည်။ အိန္ဒိယက နေရူးအစိုးရကလည်း ဝန်ကြီးချုပ်ဦးနု၏ မေတ္တာရပ်ခံချက်အရ လက်နက်အတော်များများ ပေးအပ်လာပါသည်။ ထို့ပြင် အင်္ဂလိပ်တို့က ဗမာနိုင်ငံကို ချေးငွေအများအပြားလည်း ထုတ်ပေးခဲ့ပါသည်။

ဤတွင် ကျနော်သည် ဗမာပြည်၏ အခြေအနေကို ပြန်လည်စဉ်းစားလာမိသည်။ ယခင်က ကျနော်၏ ထင်မြင်မှုမှာ ဗမာပြည်ကို အုပ်စိုးရာတွင် အင်္ဂလိပ်တို့က သူတို့စိတ်ကြိုက်ဆက်လက် လွှမ်းမိုးနိုင်ရန် သူတို့ အင်္ဂလိပ်များကို လိုလားသော ကရင်အ မျိုးသားများကိုသာ ကူညီမန်တီးပေးလိမ့်မည် ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် ကရင်အမျိုးသားတို့၏ ပုန်ကန်မှုကို ကျနော့်အနေနှင့် နယ် ချဲ့အင်္ဂလိပ်၏ ပယောဂအဖြစ် ကြည့်မြင်ပြီး ကျနော်ဦးဆောင်ပြီး တိုက်ခိုက်နှိမ်နင်းခဲ့ခြင်း ဖြစ်ပေသည်။

သို့ရာတွင် လက်တွေ့တွင်မူ အင်္ဂလိပ်တို့သည် ဗမာပြည်တွင် ကြီးစိုးလွှမ်းမိုးရန် လက်တွေ့လည်း တကယ်ဖြစ်နိုင်သော မြန်မာ လူမျိုးကြီးထဲမှ သူတို့ကို မဆန့်ကျင်သော အင်္ဂလိပ်ဘက်သား ဖြစ်နိုင်သော ဗမာပြည်ခေတ်သစ် နိုင်ငံရေးတွင်လည်း အတော်အတန် ပါဝင်ခဲ့ပြီး ပြည်သူကြားတွင်လည်း ဩဇာအသင့်အတင့်ရှိသူ၊ မြန်မာ အလိုတော်ရိများကိုသာ ပိုအလိုရှိပြီး၊ ထိုလူမျိုးများကိုသာ အင်္ဂလိပ်တို့က ကူညီလာကြလိမ့်မည်ဟု ကျနော် သိမြင်လာပါသည်။ ကရင်ပုန်ကန်မှုကို အင်္ဂလိပ်တို့က အားပေးခဲ့သည်မှာလည်း ကရင်များ အာဏာရလာရေးအတွက် မဟုတ်ဘဲ လက်ရှိဗမာအစိုးရ အကျပ်အတည်းဆိုက်ပြီး အင်္ဂလိပ်များထံ ရိုကျိုးအောက်ကျို့ ဆက်ဆံလာရန်သာ အဓိကဖြစ်သည်ကို ကျနော်နားလည်လာပါသည်။

ဤကာလအတွင်း ဝန်ကြီးချုပ်ဦးနုက မြစ်ဝကျွန်းပေါ်အရပ်များသို့ သင်္ဘောနှင့် စည်းရုံးရေးထွက်ရာတွင် ကျနော့်ကိုပါ ခေါ် သွားပါသည်။ ဦးနုသည် သွားလေရာရာကို ဗေဒင်ဆရာများ၊ နက္ခတ်ဆရာများ တရုန်းရုန်းနှင့် သွားလာနေပြီး၊ အချိန်နာရီကအစ ထိုဆရာများ ၏ ညွှန်ကြားချက်များကို ခံယူနေခြင်း၊ တိုင်းရေးပြည်ရေး ဆွေးနွေးပြောဆိုနေမှုများထက် ဘုရားရှိခိုးချိန်၊ ပုတီးစိပ်ချိန်က များနေခြင်း၊ တခါတရံ အရေးကြီးကိစ္စများဖြစ်နေသော်လည်း

သူ့ဘုရားရှိခိုးပြီးချိန်များအထိ စောင့်စိုင်းနေရခြင်း စတာများကို ကျနော် မြင်တွေ့လာရပါသည်။ ဤ ဦးနု၏ နိုင်ငံရေးသမား၊ တိုင်းပြည်ခေါင်းဆောင် မဆန်မှုများအပေါ် ကျနော်စိတ်ပျက်လာပါသည်။ ထို့ကြောင့် ကျနော်က ဦးနုကို ခပ်တန်းတန်းပင် ဆက်ဆံမိပါသည်။ ဦးနုက ဤခရီးတွင် ကျနော့်ကို ခေါ်သွားခြင်းမှာ သူ့ဘက်သားအဖြစ် သိမ်းသွင်းရန် ရည်ရွယ်ပုံ ရသည်။ သို့သော် ဤခရီးက ပြန်လာပြီးနောက် ကျနော်နှင့်ဦးနု၏ ဆက်ဆံရေးမှာ အတော်ပင် တန်းသွားပါတော့သည်။

ထို့ကြောင့် ကျနော်သည် နယ်ချဲ့အင်္ဂလိပ်တို့၏ အလိုတော်ရိုဖြစ်နေသော ဖဆပလ အစိုးရလက်အောက်တွင် ဆက်လက်အမှု ထမ်းလိုစိတ် မရှိတော့ပါ။ သင့်လည်းမသင့်လျော်တော့ဟု ထင်မြင်လာမိပါသည်။ ထို့ကြောင့် ရှေ့မှာ ကျနော် ဘာဆက်လုပ်သင့်သည်ကို စဉ်းစားလာရပါသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကျနော်ကွန်မြူနစ်ပါတီနှင့် တိုင်ပင်လိုသော်လည်း ကွန်မြူနစ်ပါတီနှင့် ကျနော် အဆက်အသွယ်မရှိပါ။ ဤကိစ္စမှာ ကျနော့်ပုဂ္ဂိုလ်ရေးသာမက၊ တိုင်းပြည်အတွက်ပါ အရေးကြီးသောကိစ္စကြီးဖြစ်နေ၍ ဆုံးဖြတ်ချက် မမှားရန် လိုပါသည်။ ထို့ ကြောင့် တိုင်ပင်သင့်သူများနှင့် တိုင်ပင်ကြည့်ရန်နှင့် စိတ်ချယုံကြည်စွာ ကျနော့်ကို အကြံဉာဏ်ပေးနိုင်မည့်သူကို စဉ်းစားရာ ကျနော်၏ ဂျပန်ခေတ် တိုက်ဖော်တိုက်ဖက်ရဲဘော်ကြီးဖြစ်ခဲ့သူ ကွန်မြူနစ်ပါတီမှ ကိုကြီးမြင့်ကို သတိရမိပါသည်။

ကိုကြီးမြင့်သည် ၁၉၄၈ ကတည်းက ကွန်မြူနစ်ပါတီနှင့်အတူ တောခိုသွားခဲ့ပြီး၊ တောတွင်းတိုက်ပွဲတပွဲတွင် ဗမာ့တပ်မတော်မှ တောခိုသွားခဲ့သူ ဗိုလ်အေးမေနှင့်အတူ အစိုးရတပ်၏ ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ ဗိုလ်အေးမေမှာမူ(အလွန်စိတ်မကောင်းဖွယ်) သေဒဏ်အပြစ်ပေးခံလိုက်ရပြီး၊ ကိုကြီးမြင့်ကိုတော့ ထောင်ထဲထည့်ထားသည့် အချိန်ဖြစ်နေပါသည်။

ကိုကြီးမြင့်မှာ ကျနော်နှင့်အတူ ဗမာ့တော်လှန်ရေး ကိစ္စတာဝန်များကို ဂျပန်ခေတ်တလျှောက်လုံး လုပ်ကိုင်ခဲ့ကြသော မျိုးချစ်တော်လှန်ရေး ရဲဘော်။ ကျနော်နှင့်လည်း အလွန်ရင်းနှီးသော မိတ်ဆွေရဲဘော်ကြီး ဖြစ်သည်။ ထို့ကြောင့် ကျနော့်မှာ တတ်နိုင်သမျှ ကူညီရမည့် ဝတ္တရားလည်း ရှိ၍နေသည်။ အထက်မှာ ရေးခဲ့သလို ကျနော့်၏ ရှေ့ရေးကိစ္စကိုလည်း တိုင်ပင်ဆွေးနွေးချင်နေတာလည်း ရှိသည်။ ထိုအကြောင်း နှစ်ရပ်ကြောင့် ကျနော် ကိုကြီးမြင့်ကို ထောင်မှလွတ်အောင် လုပ်ရန်စိတ်ကူးလာပါသည်။

ထို့ကြောင့် ကျနော် ဗိုလ်ချုပ်နေဝင်းထံသွားပြီး ကိုကြီးမြင့်ကို လွှတ်ပေးပါရန် ပန်ကြားပါသည်။ ကိုကြီးမြင့်မှာ **B.I.A** (ဘီအိုင်အေ) တပ်မှူးကြီး ဖြစ်ခဲ့ရာမှ ၁၉၄၃ခုနှစ်၊ ဘီအိုင်အေတပ်များကို **B.D.A** (ဘီဒီအေ) သို့ ပြောင်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းက ဘီအိုင်အေမှ တချို့တပ်မှူးများကို ဘီဒီအေသို့ မပြောင်းစေဘဲ အပြင်အရပ်သားအဖြစ် နေရစ်စေပြီး ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်လုပ်ဆောင်စေရာတွင် သူသည် ဗိုလ်ချုပ်၏ ညွှန်ကြားချက်အတိုင်း ဘီဒီအေတပ်မှူးအဖြစ် မပြောင်းတော့ဘဲ အပြင်အရပ်သားအဖြစ် ဆင်းဆင်းရဲရဲ နေထိုင် ကာ ဂျပန်တော်လှန်ရေး လုပ်ခဲ့သူဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာ ကျောင်းသားလည်းဖြစ်ကြောင်း စသည်တို့ကို ကျနော်က ဗိုလ်ချုပ်နေဝင်းကို ပြောပြပြီး လွှတ်ပေးပါရန် ပန်ကြားပါသည်။

ကျနော်မှာ တိုင်းပြည်၏ သေရေးရှင်ရေးတာဝန်ကြီးများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သော်လည်း မိမိကိုယ်ရေးကိုယ်တာအကျိုးအတွက် ဘာမှပြောဆိုခဲ့မှုခြင်း မရှိသဖြင့်၊ ထိုကဲ့သို့ မပြောစဖူး လာ၍ပြောသော ကျနော့်ကို ဗိုလ်ချုပ်နေဝင်းက များစွာအားနာနေပုံရပါသည်။ သူကိုယ်တိုင်လည်း ကိုကြီးမြင့်အကြောင်း နည်းနည်းသိထားပုံ ရပါသည်။ ထို့ကြောင့်ပင် သူက ကျနော်ကြည့်ပြီး စီစဉ်ပါဦးမည်ဟု ပြောလိုက်ပါသည်။

သို့ဖြင့်ပင် ကိုကြီးမြင့်လွှတ်လာပြီး ကျနော့်အိမ်သို့ ရောက်လာပါသည်။ ၁၉၅၁ခုနှစ်တွင် ဖြစ်ပါသည်။ သူသည် ကျနော်က သူ့အတွက် ဆောင်ရွက်ခဲ့သည်တို့ကို သိရှိပြီး ရဲဘော်ရဲဘက်များလည်း ဖြစ်ခဲ့၍ များစွာယုံကြည်အားထားပါသည်။ အပြင်အရပ် ထဲတွင် လည်း မနေရသဖြင့် ကျနော့်မင်္ဂလာဒုံ အိမ်မှာသာ နေပါတော့သည်။ ကျနော်တို့ကလည်း ကောင်းစွာပြုစုထားပါသည်။

ဤနေရာတွင် ကျနော်ကိုကြီးမြင့်အကြောင်း အနည်းငယ် ရေးသားလိုပါသည်။ တကယ်တော့ ကျနော့်ကို ခိုင်မာသော ကွန်မြူနစ်ဖြစ်အောင် ကူညီပေးခဲ့သော ပုဂ္ဂိုလ် (၂) ဦး ရှိပါသည်။

ပထမတဦးမှာ သခင်စိုး ဖြစ်ပေသည်။ သူသည် ၁၉၄၄ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖက်ဆစ်တိုက်ဖျက်ရေး - ပြည်သူ့လွတ် လပ်ရေး (ဖတပလ) ဖွဲ့ရန် တွေ့ဆုံကြဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်း၏ ညွှန်ကြားချက်အတိုင်း ကျနော်က စီစဉ်ဆောင်ရွက်ပေးရစဉ် ကာလက ကျနော့်ကို ကွန်မြူနစ်ဝါဒနှင့်ပတ်သက်၍ အရက် (၂၀)ကျော် သင်တန်းပေးခဲ့ပြီး ကျနော့်ကိုလည်း ကွန်မြူနစ်ပါတီဝင်အဖြစ် သိမ်းသွင်းပေးခဲ့ပါသည်။ ဤ အကြောင်းများကို ကျနော် အသေးစိတ်ရေးပြီး ဖြစ်ပါသည်။

နောက်တဦးမှာမူ ကိုကြီးမြင့်ဖြစ်ပါသည်။ သူကျနော်၏ မင်္ဂလာဒုံအိမ်တွင် ၁၉၅၁ ခုနှစ်က ရောက်ရှိလာပြီး အတူနေထိုင်စဉ်အတွင်း ညတိုင်း လိုလို လအချို့ကြာအောင် ကွန်မြူနစ်ဝါဒအကြောင်း ဆွေးနွေးပြောဆိုကြရသဖြင့် ကျနော်သည် ကွန်မြူနစ်ဝါဒအကြောင်း အတော်ကြီး နားလည် လာပါသည်။

ကျနော်ကိုကြီးမြင့်ကို ဘီအိုင်အေအတွင်းက စတင်သိရှိခဲ့ပါသည်။ ၁၉၄၂ခုနှစ်က ရန်ကုန်မင်္ဂလာဒုံတွင် ကျနော်သည် ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ပေးချက်အရ ဘီအိုင်အေ စစ်ဗိုလ်သင်တန်းကျောင်း တခုဖွင့်၍ စစ်ပညာများသင်ကြားပေးနေရပါသည်။ ထိုသင် တန်းတွင် ကိုကြီးမြင့်ပါဝင်လာပြီး သူသည်သင်တန်းတွင်လည်း ထင်ရှားလာရာ ကျနော်နှင့် ရင်းနှီးသိကျွမ်းလာပါသည်။ သူသည်စစ်ကြီး မဖြစ်မီက ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာ ကျောင်းသားတဦးလည်း ဖြစ်ပါသည်။ ထိုသင်တန်းပြီးနောက် သင်တန်းဆင်းများအားလုံး ဘီအိုင်အေ စစ်ဗိုလ်များအဖြစ် တာဝန်များ ပေးအပ်ခဲ့ရာ ကိုကြီးမြင့်သည် ပုသိမ်ခရိုင်တွင် ဘီအိုင်အေ တာဝန်ခံ တပ်မှူးဖြစ်ခဲ့သည်ဟု ထင်ပါသည်။ ဘီအိုင်အေတပ်များက အင်္ဂလိပ်တပ်များကို တိုက်ခိုက်ရာတွင် သူပါဝင်ခဲ့ပါသည်။

ကျနော်တို့၏ ဘီအိုင်အေ(ဗမာ့လွတ်လပ်ရေးတပ်မတော်)ကို ဘီဒီအေ (ဗမာ့ကာကွယ်ရေးတပ်မတော်) အဖြစ် ၁၉၄၂ခုနှစ်၊ ဇူလိုင်လမှာ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

ထိုသို့ပြောင်းလဲဖွဲ့စည်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းက ကျနော်တို့ကို လျှို့ဝှက်ညွှန်ကြားချက်တခု ပေးပါသည်။ ထိုညွှန်ကြားချက်မှာ ဘီအိုင်အေတပ်မှ လူအားလုံး ဘီဒီအေသို့ မဝင်ကြဘဲ တချို့လူများကို အရပ်သားအဖြစ်နေရစ်စေပြီး ဂျပန်တော်လှန်ရေးအ တွက် ပြင်ဆင်ကြရန်ဖြစ်သည်။

ကျနော်မှာ ကိုကြီးမြင့်ကို မျက်စိကျနေသဖြင့် သူ့ကို ဗိုလ်ချုပ်၏အမှာစကားကို ပြောပြရာ ဒီလိုဆိုရင် သူဘီဒီအေထဲ မဝင် တော့ဘဲ အပြင်တွင် အရပ်သားအဖြစ်နေကာ ဂျပန်တော်လှန်ရေး ဆက်လုပ်မည်ဟုဆိုကာ စစ်တပ်က ထွက်လိုက်ပါသည်။ သူ့အပြင် တခြားလူတချို့ (ကိုပေညွန့်၊ ကိုထွန်းစိန်စသူများ) ကိုလည်း ကျနော်က ထိုကိစ္စ ပြောပြပြီး တပ်ပြင်မှာ နေရစ်စေခဲ့ပါသည်။ သူတို့တတွေ တပ်ပြင်မှာ အရပ်သားအဖြစ် ဆင်းဆင်းရဲရဲ နေကြပြီး ဗိုလ်ချုပ်၏ တာဝန်ပေးချက်များကို လျှို့ဝှက်စွာ လုပ်ကိုင်နေခဲ့ကြပါသည်။ တပ်တွင်း ဆက်နေကြလျှင် တပ်မှူးကြီးများ ဖြစ်လာနိုင်သည့် သူများ ဖြစ်ကြပါသည်။

ထိုသို့တပ်အပြင်မှာ နေပြီး ဂျပန်တော်လှန်ရေးအတွက် လျှို့ဝှက်ပြင်ဆင်နေကြရင်း ကွန်မြူနစ်ဝါဒ စာပေများကို များစွာဖတ် ချိန်ရပြီး နောက်ပိုင်းကိုကြီးမြင့်မှာ ကွန်မြူနစ်ဝါဒအပေါ် ပိုမိုနက်ရှိုင်းစွာ သိမြင်လာပြီး ကွန်မြူနစ်ပါတီနှင့်လည်း ဆက်သွယ်မိသွားပါသည်။ ကျနော်နှင့် ကိုကြီးမြင့်မှာလည်း ရင်းနှီးသော မိတ်ဆွေရဲဘော်ကြီးများ ဖြစ်လာပါသည်။ ထို့ကြောင့်ပင် ကျနော်က ဂျပန်တော်လှန်ရေးအတွက် ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ရန် သခင်စိုးကို သွားရောက်ခေါ်ယူရသည့်အခါ လျှို့ဝှက်ရေးအတွက် အရေးကြီးလှသဖြင့် သူတို့အုပ်စုကိုသာ ကျနော် ခေါ်သွားခြင်း ဖြစ်သည်။ ထိုအကြောင်း ကျနော် အကျယ်ရေးပြီး ဖြစ်ပါသည်။

၁၉၄၅ခုနှစ် မတ်လ ဂျပန်တော်လှန်ရေးတွင်လည်း ကိုကြီးမြင့်မှာ ကွန်မြူနစ်ပါတီမှ တာဝန်ရှိသော ပုဂ္ဂိုလ်တဦးအနေနှင့် အရေးပါသော အခန်းမှ ပါဝင်ထမ်းဆောင်ခဲ့ပေသည်။

ဖက်ဆစ်တော်လှန်ရေးပြီးနောက် ကျနော်နှင့် ကိုကြီးမြင့် အဆက်အသွယ်ပြတ်သွား ပါတော့သည်။

ဤနေရာတွင် အကြောင်းတိုက်ဆိုင်နေသဖြင့် ကျနော်ပြောပြချင်သော လူတယောက် ရှိနေပါသေးသည်။ ထိုသူမှာ ဒလ – ဗိုလ်ထွန်းစိန် ဖြစ်ပါသည်။ ကျနော်၊ ကိုကြီးမြင့်နှင့် ကိုထွန်းစိန်တို့သုံးဦး အလွန်ရင်းနှီးခဲ့ကြသော ရဲဘော်ရဲဘက်ကြီးများ ဖြစ်ခဲ့ပါသည်။ သူ သည် ဒလမြို့သား ဖြစ်ပြီး မြို့မကျောင်းသားတဦးလည်း ဖြစ်သည်ထင်ပါသည်။ သူသည်အလွန်ရိုးသားသူ တဦးဖြစ်ပြီး ကျနော်နှင့် ကိုကြီးမြင့် အပေါ်မှာလည်း အလွန်အားကိုး လေးစားသူ ဖြစ်သည်။ သူ၏ ဇနီးမှာ ကိုကြီးမြင့်၏ခယ်မ ဖြစ်ပါသည်။

ဗိုလ်ထွန်းစိန်သည် ဂျပန်ခေတ်က တပ်မတော်တွင်းတွင် ကျနော်၏ အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပါသည်။ ကျနော်နှင့်လည်း ညီရင်းအစ်ကိုလို ရင်းနှီးပြီး ကျနော့်မိသားစုနှင့်ပင် ဆွေမျိုးသားချင်းလို ရင်းနှီးလာခဲ့ပါသည်။

သူသည် ကွန်မြူနစ်ပါတီဝင် တပ်မှူးအဖြစ် ပါတီတောခိုရာ ပါသွားခဲ့ပြီးနောက် တောတွင်းတိုက်ပွဲတခုတွင် ဖမ်းမိကာ ထောင်ချ ထားခဲ့ရာက ကိုကိုးကျွန်းသို့ပင် ပို့ခြင်းခံရပါသည်။ ထောင်မှ လွတ်လာပြီးနောက် မကြာမီမှာပင် အစာအိမ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့ ရပါသည်။ ၁၉၇၀ ခုနှစ် လွန်များ အတွင်းက ဖြစ်ပါသည်။ ကွယ်လွန်ချိန်တွင် အသက် (၆၀) ပင် မပြည့်သေးပါ။

ဤသည်မှာ ကျနော်နှင့် ရင်းနှီးခဲ့သော ရဲဘော်ရဲဘက်ကြီး ဒလ – ဗိုလ်ထွန်းစိန်အကြောင်းပင် ဖြစ်ပါသည်။

ကျနော့်အကြောင်းကို ဆက်ရပါဦးမည်။ ၁၉၅၁ခုနှစ်အတွင်းတွင် ကိုကြီးမြင့်ထောင်က လွတ်လာပြီး ကျနော့်မင်္ဂလာဒုံအိမ်ကို ရောက်လာပါသည်။ သူ့တွင် ကျောက်ကပ်ရောဂါ ပါလာရာ၊ ကျနော်က ဆရာဝန်ကြီး ကာနယ်မင်းစိန်ထံခေါ်သွားပြီး ကုသပေးခဲ့ပါသည်။ လအချို့ ကြာပြီးနောက် ထိုရောဂါ ပျောက်ကင်းသွားပါသည်။

ကိုကြီးမြင့် ကျနော့်အိမ်ရောက်လာပြီး မကြာမီမှာပင် သူ၏ဇနီး မခင်ကြည်နှင့် အငယ်ဆုံးသမီးလေးတို့ ရောက်လာကြပါ သည်။ အကြီးကလေး (၂) ယောက်ကိုတော့ သူ့မိဘများ၏ ပဲခူးအိမ်တွင် ထားခဲ့ကြောင်း ပြောပါသည်။ ကျနော်က သူတို့မိသားစု (၃) ဦး စလုံးကို စောင့်ရှောက် ကျွေးမွေးထားခဲ့ပါသည်။

ကျနော်က ကိုကြီးမြင့်အား ဖဆပလအစိုးရသတင်းများနှင့် တပ်မတော် တပ်သစ်များ ဖွဲ့စည်းမည့်သတင်းများကို ပြောပြရာ ကိုကြီးမြင့်က ဒီသတင်းတွေ အရေးကြီးသည် တောတွင်းသခင်သန်းထွန်းတို့ အမြန်သိဖို့ လိုသည်ဆိုပြီး သူ့ယခင်ကတည်းက သိထားသော ရန်ကုန်မြေအောက် ကွန်မြူနစ်ပါတီနှင့် ဆက်ပြီးတောတွင်းသို့ ကျနော်ပြောပြသော သတင်းများကို ပေးပို့ပါသည်။

ကိုကြီးမြင့်နှင့် ကျနော်သည် ညစဉ် ကျနော့်စာဖတ်ခန်းအတွင်း နှစ်ဦးသား ဆွေးနွေးပွဲထိုင်ကြပါသည်။ ကျနော်သည်လည်း ဤအစိုးရ အောက်တွင် စစ်မှုမထမ်းချင်တော့ဘဲ ရှေ့ဘာဆက်လုပ်ရန် ကိစ္စဆွေးနွေးကြရာ နောက်ဆုံး ကျနော်တို့ နှစ်ယောက်စလုံး တောခိုကြရန် သဘောပေါက် လာပြီး ထိုကိစ္စကို တောတွင်းရှိ သခင်သန်းထွန်းတို့ထံ တင်ပြရန် စီစဉ်ကြပါသည်။ နောက် ထိုကိစ္စကို ကျနော်ရော ကိုကြီးမြင့်ရော သခင်သန်းထွန်းထံ စာရေးကြပါသည်။ ဤတွင် ကျနော် – ပါတီနှင့်ပြန် အဆက်ရလာပါသည်။

ချက်ချင်းလိုပင် သခင်သန်းထွန်းထံမှ စာပြန်လာပါသည်။ ကျနော်နှင့်ပတ်သက်၍မူ ရန်သူ့စစ်တပ်ကြီးထဲတွင် ဒီလောက်ရာထူး တာဝန်မြင့်သော ကွန်မြူနစ်တဦး ရှိနေဖို့ လွယ်ကူသည့် ကိစ္စမဟုတ်။ ကျနော့်အနေနှင့် တပ်တွင်း တတ်နိုင်သမျှ ဆက်နေပြီး ဒီလိုပဲ သတင်းများ ဆက်ပေးနေဖို့နှင့် ကိုကြီးမြင့်ကိုလည်း ကျနော်နှင့် အတူဆက်ရှိနေဖို့ ညွှန်ကြားလာပါသည်။

သခင်သန်းထွန်းမှာ ဂျပန်ခေတ်တွင် မြန်မာအစိုးရဝန်ကြီးရာထူးကြီးနှင့် ဂျပန်တော်လှန်ရေးတွေ လျှို့ဝှက်လုပ်ကိုင်ခဲ့သော အတွေ့ အကြုံရှိထားသူ ဖြစ်၍ ထိုသို့ကျနော်တို့ကို အရှည်အကျိုး မျှော်တွေးပြီး ဆက်နေနိုင်ခြင်းဖြစ်ပုံ ရပါသည်။

သို့ဖြင့် ကျနော်သည် တတ်နိုင်သမျှ ကျနော်ရရှိ၊ သိရှိထားသော သတင်းများ၊ ထိုသတင်းများအပေါ် သုံးသပ်ချက်များ အကြံပေးချက်များကို ကိုကြီးမြင့်ကတဆင့် ရေးပြီး တောတွင်းသို့ ပို့ပေးနေရပါသည်။

ကျနော်နေထိုင်နေသော မင်္ဂလာဒုံအိမ်ကြီးမှာ အင်္ဂလိပ်များ ဆောက်လုပ်နေထိုင်ခဲ့သည့် အိမ်ကြီးဖြစ်သဖြင့် အလွန်ကြီးမား ကျယ်ဝန်း သောကြောင့် ကိုကြီးမြင့်တို့ မိသားစုအနေနှင့်အားနာရန်မလိုဘဲ ကောင်းစွာနေလောက်ပါသည်။ ကျနော့်ဇနီးကလည်း ကောင်းမွန်စွာ ကျွေးမွေး စောင့်ရှောက်ပါသည်။ အိမ်တွင် ထမင်းချက်တွေရော၊ အကူမိန်းကလေးများရော ရှိသဖြင့် ကောင်းမွန်စွာ ချက်ပြုတ် ကျွေးမွေးပြုစုပါသည်။

ကျနော်သည် ကျနော့်ဇနီးနှင့် လက်မထပ်မီကတည်းကပင် ဆွေးနွေးထားသည့် အချက်များ ရှိထားခဲ့ပါသည်။ ကျနော်တို့ ဂျပန်မှာ

စစ်ပညာသင်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းက – ဂျော့ဝါရှင်တန်တို့ အမေရိကန်လွတ်လပ်ရေးအတွက် (၇) နှစ်တိုက်ခဲ့ရသလို ကိုယ်တို့များရဲ့ လွတ်လပ်ရေး တိုက်ပွဲလည်း ရေရှည်တိုက်ရင် တိုက်ရနိုင်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ဒါကို ကျနော်သူ့ကို ပြန်ပြောပြထားပါသည်။ နောက် ကျနော် ကွန်မြူနစ် ဖြစ်လာပြီးနောက် ရေ့ရေးဘေးဒုက္ခမျိုးစုံ ကြုံလာနိုင်ရသည့်အတွက် မိမိနှင့် အိမ်ထောင်ပြုလျှင် မိမိမှာ နိုင်ငံ ရေးသမားဖြစ်သဖြင့် ရှေ့တွင်ဘေးဒုက္ခမျိုးစုံ တွေ့နိုင်သည်။ ဆင်းရဲကျပ်တည်းမှုတွေလည်း ရှိမည်။ ဒီဒုက္ခမျိုးတွေကို ရင်ဆိုင်နိုင်မှ မိမိနှင့် လက်ထပ်ရန် စိတ်ကူးဖို့ ပြောပြဆွေးနွေးခဲ့ဖူးပါသည်။

ဤသို့ ပြောရခြင်းမှာလည်း ကျနော့်ဇနီးမှာ ငယ်စဉ်ကတည်းကစပြီး တလျှောက်လုံး ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနှင့် အေး ချမ်းသည့်ဘဝတွင် နေထိုင်လာခဲ့ရသူ ဖြစ်နေ၍ ဖြစ်ပါသည်။ ထို့အပြင် သူသည် နိုင်ငံရေးသမား တဦးလည်းမဟုတ်ဘဲ၊ လင်ယောကျ်ားအပေါ် မေတ္တာစိတ်အရင်းခံ သက်သက်သာ ရှိနေမည်ဖြစ်၍ ပြောရခြင်းဖြစ်ပါသည်။

ထိုစဉ်ကတည်းက သူက လင်ရယ်မယားရယ် ဖြစ်လာမှတော့ ဆင်းရဲအတူ ချမ်းသာအမျှပေါ့။ ကျမ ဒီလိုဒုက္ခတွေ တွေ့လာရ လျှင်လည်း ရင်ဆိုင်သွားပါ့မယ်ဟု ပြောခဲ့ဖူးပါသည်။ တကယ်လည်း သူ့စကားတည်ပါသည်။ ဘာမှ ငြီးငြင်ပူပင်ခြင်းမပြုပါ။ တွေ့လာသမျှ ဒုက္ခဆင်းရဲဟူသမျှ ခါးစည်းခံခဲ့ပြီး ကျနော့်စိတ်ကြိုက်လိုက်လျော နေထိုင်ခဲ့ရှာပါသည်။ ထို့ကြောင့်ပင် ကိုကြီးမြင့်တို့ တမိသားစုလုံးကို ကျနော့်အိမ်ပေါ်တင်ထားရာတွင် သူက ငြီးငြင်မှုမရှိဘဲ ကြည်သာစွာ ဆက်ဆံနေထိုင်ခဲ့ပါသည်။ ကျနော်တို့ ဘာတွေလုပ်နေသည်ဆိုသည်ကိုလည်း သူတစုံတရာ ရိပ်မိသိရှိနိုင်ပါသည်။ သို့သော် ဘာမှမပြောပါ။ မသိလိုက် မသိဟန်သာသာ နေခဲ့ပါသည်။

ကိုကြီးမြင့်နှင့် ကျနော်မှာ နေ့စဉ်ညတိုင်းလိုလို ရက်ပေါင်းများစွာ ကျနော့်စာကြည့်ခန်းတွင် နိုင်ငံရေးဆွေးနွေးကြပါသည်။ ကိုကြီးမြင့်မှာ မာ့က်စ်ဝါဒ အကြောင်း အတော်လေ့လာထားပြီးဖြစ်ရာ လက်တွေ့လည်းရှိခဲ့သူ ဖြစ်သဖြင့် ကျနော်က မာ့က်စ်ဝါဒအကြောင်း သိလိုသမျှကို သူ့ထံမှ မေးမြန်းလေ့လာခဲ့ရပါသည်။ ကျနော်လည်း ဤနည်းဖြင့် မာ့က်စ်ဝါဒအကြောင်း အတော်သိနားလည် လာပါတော့ သည်။

ကျနော့်ကို မာ့က်စ်ဝါဒ ပညာပေးခဲ့သူများမှာ အထက်တွင် ဖော်ပြခဲ့သလို သခင်စိုးနှင့် ကိုကြီးမြင့်တို့ နှစ်ဦးဖြစ်ကြပါသည်။ ဒီအတွက် သူတို့ (၂) ဦးကို ကျနော် ကျေးဇူးတင်ရပေသည်။

### ၂။ ကျနော်၏ နိုင်ငံခြားခရီးများ

#### (က)မလေးရှားနှင့်စင်္ကာပူသို့–

၁၉၅၂ ခုနှစ် မေလအတွင်းတွင်၊ ကျနော်ခေါင်းဆောင်ပြီး စစ်မစ်ရှင်အဖွဲ့ကလေးတဖွဲ့သည် စင်္ကာပူနှင့် မလေးရှားရှိ စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးစခန်းများနှင့် စစ်ဌာနချုပ်များကို လေ့လာရန်အတွက် ခရီးထွက်ခဲ့ကြပါသည်။ ထိုစဉ်က စင်္ကာပူသည်လည်း ကောင်း၊ မလေးရှားသည် လည်းကောင်း လွတ်လပ်ရေးမရကြသေးဘဲ၊ လွတ်လပ်ရေးအတွက် တိုက်ပွဲပုံစံအမျိုးမျိုးဖြင့် တိုက်ပွဲဝင်လုံးပန်းနေသည့် ကာလဖြစ်သည်။ ဗြိတိသျှစစ်တပ်က အုပ်ချုပ်ထားရာ ထိုစစ်တပ်များကို ကျနော်တို့က သွားရောက်လေ့လာရခြင်း ဖြစ်သည်။ ထို စစ်တပ်များက မလေးရှားသူပုန်များကို ကွန်မြူနစ်များဟု တံဆိပ်တပ်ကာ ချေမှုန်းတိုက်ခိုက်နေရာ ကျနော်တို့က သူတို့၏ လုပ်နည်းလုပ်ဟန်များနှင့် အခြေအနေအရပ်ရပ်ကို လေ့လာရန် သွားရောက်ကြခြင်း ဖြစ်သည်။

ထိုအဖွဲ့ကို ခေါင်းဆောင်အဖြစ် ကျနော်က တာဝန်ယူပြီး ကျန်အဖွဲ့ဝင်များမှာ ဗိုလ်မှူးကြီးကျော်စိုး၊ ဒုဗိုလ်မှူးကြီးမောင်ဘိုနှင့် ဒုဗိုလ်မှူးကြီး တင်မောင် (စာရေးဆရာ မြတ်ထန်) တို့ ဖြစ်ကြသည်။ ကျနော်သည် ထိုစဉ်က ဗိုလ်မှူးချုပ်ရာထူးနှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တိုင်းမှူးဖြစ်နေသည်။ လေ့လာချိန်မှာ ရက်သတ္တ (၂) ပတ်သာ ဖြစ်သည်။

ဗိုလ်မှူးကြီး ကျော်စိုးနှင့် ဒုဗိုလ်မှူးကြီး မောင်ဘိုတို့ကို စင်္ကာပူတွင် လေ့လာရန် ထားခဲ့ကြရပြီး ကျနော်နှင့် ကိုတင်မောင်မှာ မလေးရှားသို့သွား လေ့လာပါသည်။ မလေးရှားတွင်လည်း ကျနော်နှင့် ကိုတင်မောင်တို့လူချင်းခွဲပြီး လေ့လာရပါသည်။ ကွာလာလမ်ပူရှိ ဗြိတိသျှတပ်မဟာဌာနချုပ်တွင် ကျနော်က ကျန်ရစ်ပြီး ကိုတင်မောင်ကတော့ ဗြိတိသျှတပ်ခွဲတခုရှိရာ တောရွာလေးတရွာသို့ ဆက်လက်ထွက်ခွာသွားပါသည်။

မလေးရှားတွင် ကျနော်လေ့လာနေစဉ် ကျနော့်ဘဝတွင် မမေ့နိုင်သော အဖြစ်အပျက်တခု တွေ့ကြုံရပါသည်။ ၎င်းမှာ မလေးရှားအစိုးရက တနေ့ အခမ်းအနားညစာ စားပွဲတခု ကျင်းပပါသည်။ ထိုညစာစားပွဲကို တက်ရောက်ရန် ကျနော့်အားလည်း ဖိတ်သဖြင့် ကျနော်တက်ရောက်ခဲ့ပါသည်။ ထိုညစာ စားပွဲ၌ ကျနော့်ဘေးကပ်လျက် ထိုင်သူတဦးမှာ မလေးရှားသို့ တာဝန်နှင့်ရောက်ရှိနေသော ဗြိ တိသျှလူမျိုး ဒုဗိုလ်မှူးကြီးတဦးဖြစ်ပြီး သူက ထိုစဉ်က ကျနော့်တို့ ဗမာပြည်တွင် စတင်နေပြီဖြစ်သော တရုတ်ဖြူတပ်များ ဝင်ရောက်ကျူး ကျော်လာမှုကိစ္စများ အကြောင်းကို မေးမြန်းပါသည်။

ကျနော်ကလည်း တရုတ်ဖြူများ ဝင်လာပုံ သမိုင်းကို ပြောပြပြီး သူတို့ဝင်ကာစက လူ (၈၀၀) လောက်ပဲ ရှိကြောင်း၊ နောက် များလာကြောင်း၊ မိမိတို့တပ်မတော်မှာလည်း ပြည်တွင်းသူပုန်များကြောင့် ဒီတရုတ်ဖြူကျူးကျော်တပ်များကို အပြတ်မတိုက်နိုင်သေးကြောင်း၊ တဖြည်းဖြည်းချင်းသာ တိုက်နေ ရကြောင်း စသည်များကို ပြောပြပါသည်။

ထိုအခါ ၎င်းအင်္ဂလိပ်စစ်ဗိုလ်က ခပ်တည်တည်ဖြင့် “ဒီလိုသာ မင်းတို့ကျူးကျော်သူ တရုတ်ဖြူတွေကို မတိုက်နိုင်ရင် ဘာကြောင့် မင်းတို့ လွတ်လပ်ရေး ယူခဲ့ကြသေးသလဲ။ မင်းတို့ ကျွန်းကလေး တကျွန်းပေါ် သွားနေကြပါလား” စသည့် သဘောထားများပါသည့် စကားများကို ခပ်တင်းတင်းနဲ့ ပြောချလိုက်ပါသည်။

ကျနော်မှာ ဟုန်းကနည်း ဒေါသများ ထွက်ပြီး၊ လူလည်းမှုန်ထူသွားပါသည်။ ညေ့သည်ဖြစ်နေ၍ ရန်ဖြစ်ရန် မသင့်လို့ တချက်လောက်သာ ပြန်ဝေါက်ငမ်းလိုက်ပြီး ကျနော်ဆက်စကား မပြောတော့ပါ။ ကျနော်စိတ်ဆိုးသွားမှန်း သူလည်းသိပြီး ငြိမ်သွားပါသည်။ ကျနော် ထမင်းစားပြီးလျှင်ပြီးချင်းပင် အိမ်ရှင်မလေးရှားများကို ကျနော်ကောင်းကောင်း နေမကောင်း၍ စောစောတည်းခိုခန်း ပြန်လိုကြောင်း ပြော၍ ပြန်လာခဲ့ပါသည်။

တည်းခိုခန်းသို့ မကြာမီ ဗိုလ်မှူးကြီးတင်မောင်လည်း ပြန်ရောက်လာပါသည်။ သူလည်း အင်္ဂလိပ်စစ်ဗိုလ်များနှင့် ပြဿနာတက်ပြီး ပြန်ရောက်လာခြင်း ဖြစ်သည်။ ကျနော်တို့ နှစ်ဦးလည်း ငါတို့ကို ချက်ချင်းပြန်ပို့ပါ – ဟု အရေးဆိုပြီး ပြန်ပို့ခိုင်းသဖြင့် သူတို့ ကျနော်တို့ကို စင်္ကာပူသို့

ပြန်ပို့ပြီး ထိုမှတဆင့် ထိုင်းသို့ပြန်ပို့ပေးပါသည်။

ထိုင်းတွင် (ကျနော်တို့ ထိုစဉ်က ယိုးဒယားဟု ခေါ်ပါသည်) ခေတ္တနေစဉ် ထိုင်းအစိုးရ၏ တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရပါသည်။ ထိုအခမ်းအနားသို့ ကျနော်တို့ တက်ရောက်ကြပြီး ထိုင်းစစ်ဗိုလ်များနှင့် စကားပြောဆို ဆွေးနွေးကြတော့မှ ထိုင်းတပ်မတော်နေ့ ဆိုသည်မှာ ထိုင်းပြည်သူများက ဗမာပြည်က လာရောက်ကျူးကျော်တိုက်ခိုက်သော ဘုရင့်နောင် တပ်များကို ပြန်လှန်တွန်းလှန်သောနေ့ဟူ၍ သိရပါသည်။ ကျနော်တို့လည်း အတော်အားနာသွားပါသည်။ ထိုင်းစစ်ဗိုလ် တဦးကတော့ "ဟိုခေတ်ကတော့ဗျာ ဘုရင်တဦးတည်းကသာ အုပ်ချုပ်မင်းလုပ်တဲ့ခေတ်ပါ။ အခုတော့ ပါလီမန်တို့၊ ရွေးကောက်ပွဲတို့၊ ဒီမိုကရေစီတို့ ခေတ်ဖြစ်သွားပါပြီ"လို့ ပြေပြေပြေ ပြောပါသည်။

ကျနော် ဗမာပြည်ပြန်ရောက်တော့ မလေးရှားမှာ ဖြစ်ခဲ့သည့် ကိစ္စကို ပြန်လည်ပြောပြရာမှာ ဆိုရှယ်လစ်များက ကျနော်သံရေးတမန်ရေး ဆက်ဆံရေးများမှာ မလည်ဝယ်လို့ဟု ပြစ်တင်စကား ပြောချင်လာပါသည်။ ကျနော်က သူတို့လည်း ဒါမျိုးကြုံခဲ့ဟန်ရှိရာ ငြိမ်ခံနေခဲ့ကြပုံ ရသည်လို့ ပြန်ပြောလိုက်တော့မှ ငြိမ်သွားကြပါတော့သည်။

ဤမလေးရှား ခရီးစဉ်အတွင်း ထိုအင်္ဂလိပ်စစ်ဗိုလ်ပြောခဲ့သည့် "မင်းတို့ ကျွန်းကလေးတကျွန်းပေါ် တက်နေပါလား"ဆိုသည့် စကားကို ကျနော်ဘယ်တော့မှ မမေ့တော့ပါ။

### *(ခ) အနောက်နိုင်ငံများသို့*

၁၉၅၀၊ ၅၀–၅၁ခုနှစ်များအတွင်း ဗမာပြည်ကြီးအား ဖြိမ်းခြောက်ခဲ့သည့် ပြည်တွင်းဆူပူမှုများ အထူးသဖြင့် ကေအင်ဒီအိုတို့၏ တော်လှန်ပုန်ကန်မှုများကို ကျနော်ဦးစီးပြီး အတော်ငြိမ်သက်အောင် ဖြေရှင်းလိုက်နိုင်သည့်အတွက် ထိုကာလက ကျနော်သည် တိုင်းပြည်တွင် ထင်ရှားကျော်ကြားလာပါသည်။

ထိုစဉ်က ဗမာပြည်၏ အာဏာရ (ဖဆပလ) – ဆိုရှယ်လစ်ပါတီခေါင်းဆောင်၊ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းသည် ဤကျော်ကြားလာသော ကျနော်၏ အခြေအနေကြောင့် ကျနော့်ကို သူ့ဩဇာအောက် သိမ်းသွင်းရန် ကြံစည်စိတ်ကူးလာပါသည်။ ထို့အပြင် ထိုစဉ်က စစ်ဦးစီးချုပ်ဖြစ်နေသော ဗိုလ်ချုပ်နေဝင်းကိုလည်း သူက သိပ်မကြိုက်တော့ပေ။ ဗိုလ်နေဝင်းမှာ ဘာအရည်အချင်းမှ မရှိသည်ကိုလည်း သူကသိသည်။ ထို့အပြင် နောင်တွင် သူ့ဩဇာကိုက်တဲ့ တန်ပြန်အုပ်စုရာယ်ပင် ဖြစ်လာနိုင်သည်ဟုလည်း ထင်မြင်နေဟန်ရှိသည်။ (ထိုကာလက ဗိုလ်နေဝင်းက အိမ်ထောင်ရှိ–ကစ်တီဘသန်း (ခင်မေသန်း) ကို ယူလိုက်သည့်အတွက် ဖဆပလအတွင်း ဗိုလ်နေဝင်း ဖြုတ်ချရေးအတွက် အတော်ပြောဆိုနေသော ကာလလည်း ဖြစ်သည်။)

ထို့ကြောင့်ပင် ဦးကျော်ငြိမ်းသည် ဗိုလ်နေဝင်းကိုဖြုတ်ပြီး ကျနော့်အား တင်မြှောက်ရန် စိတ်ကူးခဲ့ပေသည်။ သို့သော်လည်း ကျနော့်တွင် ကွန်မြူနစ်စိတ်ဓာတ် အနည်းအကျဉ်းရှိနေသည်ဟု သူကယူဆပြီး ထိုစိတ်ဓာတ်ပျောက်အောင် လုပ်ရန် ကြံစည်စိတ်ကူးလာဟန် ရှိသည်။

ထို့ကြောင့် ဦးကျော်ငြိမ်းသည် အနောက်နိုင်ငံများသို့ ခရီးထွက်ရာတွင် ကျနော့်ကို ခေါ်သွားခဲ့ပါသည်။ ထိုအနောက်နိုင်ငံသွား စစ်ဖက်လေ့လာရေး ခေါင်းဆောင်မှာ ဦးကျော်ငြိမ်းကိုယ်တိုင်ဖြစ်ပြီး ဒုခေါင်းဆောင်မှာ ကျနော်ဖြစ်ပါသည်။ ထိုအဖွဲ့တွင် ဆိုရှယ်လစ်ပါတီ မှ လူအများအပြားလည်း ပါဝင်ပါသည်။ ဝန်ကြီးသခင်ချစ်မောင်၊ တပ်မတော်အတွင်းမှာ ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီးခင်ညို၊ ဗိုလ်မှူး ကြီး သိန်းမောင်၊ ရေတပ်မှ ဗိုလ်မှူးတင်သိန်းလှ၊ လေတပ်မှ ဗိုလ်မှူးစိုးလှိုင်၊ ဗိုလ်မှူး (ပြည်) လှမေ (အဆိုတော်) စသူများ ပါဝင်ပါသည်။

ကျနော်တို့သည် အင်္ဂလန်၊ ပြင်သစ်စသည့် ဥရောပနိုင်ငံကြီးများသာမက ဘယ်လ်ဂျီယန်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ဒိန်းမတ်စသည့် အရင်းရှင်ဒီမိုကရေစီစနစ်ဖြင့် တည်ငြိမ်အေးချမ်းပြီး၊ သာယာဝပြော ချမ်းသာနေသော အရင်းရှင် နိုင်ငံငယ်ကလေးများတွင် တနင်္ဂနွေတပတ်စီမျှ လည်ပတ်ကြည့်ရှုခဲ့ပါသည်။ ထိုချမ်းသာနေသော အရင်းရှင်နိုင်ငံငယ်ကလေးများကို ကျနော့်အား တမင်ပြသခြင်း ဖြစ်ပုံရပါသည်။

ထိုနိုင်ငံများတွင် သင်္ဘောကျင်းများ၊ လေ့ကျင့်ရေးကျောင်းများ၊ စစ်တက္ကသိုလ်များ၊ စစ်လေ့ကျင့်ရေးစခန်းများ၊ လက်နက်ငယ် စက်ရုံများကို လှည့်လည်ကြည့်ရှုခဲ့ရပါသည်။ ကျနော်တချို့ နိုင်ငံများသို့ရောက်စဉ် ထူးခြားတဲ့ဖြစ်ရပ်များကို တွေ့ခဲ့ရပါသည်။

မိမိက နယ်ချဲ့နိုင်ငံလည်း မဖြစ်ဖူးခဲ့၊ မိမိကိုယ်တိုင်လည်း ကိုလိုနီနိုင်ငံ မဖြစ်ဖူးခဲ့သော နိုင်ငံများ။ ဥပမာ – ဆွစ်ဇာလန်၊ ဆွီဒင် စသည့်နိုင်ငံများမှ သူများကို ဆက်ဆံရသည်မှာ အလွန်ပေါ့ပါး ကောင်းမွန်ခြင်းပင် ဖြစ်ပါသည်။ ထိုသူများသည် လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးဖြင့် ကျနော်တို့ကို ကောင်းမွန်စွာ တန်းတူဆက်ဆံပါသည်။ အလွန်ခင်မင်ဖွယ် ကောင်းပါသည်။ သူတို့အချင်းချင်းကြားတွင်လည်း အထက်ဆင့် အောက်ဆင့် ခွဲခြားဆက်ဆံသည့် ဖျူရိုကရက်လုပ်ဟန်များ သိပ်မတွေ့ရချေ။

နော်ဝေးနိုင်ငံတွင် တညနေစာစားပွဲတခု၌ ဗြိတိသျှသံမှူးတဦးက ကျနော်တို့ အဖွဲ့ဝင်များနှင့်စကား ပြောဆိုနေစဉ် "ခင်ဗျားတို့အထဲမှာ သစ္စာဖောက်တဦးပါတယ်"ဟူသော သဘောပြောဆိုလိုက်တာကို ကျနော်ကြားလိုက်မိပါသည်။ ကျနော်သိပ်မသဲကွဲလိုက်ပါ။ ည တည်းခိုသည့် ဟော်တယ်ပြန်ရောက်မှ ဗိုလ်မှူးကြီးခင်ညိုကို ကျနော်အဲသလို ကြားလိုက်သည်။ ဟုတ်သလား – ဟု မေးမြန်းကြည့်ရာ သူက ဟုတ်ကြောင်းပြောသဖြင့် ဘယ်သူ့ကို ပြောတာလဲ – ဟု ထပ်မံမေးမြန်းတော့၊ သူက ရယ်မောပြီး ဗိုလ်ချုပ်ကို ပြောတာပေါ့ – ဟု ဆိုပါသည်။ ကျနော်က ဟာ – ခင်ဗျားက စောစောက ပြောရောပေါ့။ ဒီလိုပြောမှန်းသိရင် ကျနော် ထ – ပြန်မှာပေါ့ဟု ဆိုမိပါသည်။ ကျနော်တို့ ရဲဘော်သုံးကျိပ်များကို သူတို့က ဒီလို သဘောထားပါသည်။

ဒီနိုင်ငံများကို ကျနော့်ကို ခေါ်သွားခြင်းမှာ ကွန်မြူနစ်စနစ်မှ မဟုတ်ဘဲ အရင်းရှင်ဒီမိုကရေစီအောက်မှာလည်း နိုင်ငံများ၊ ပြည်သူများ ချမ်းသာဝပြောနိုင်ကြောင်းကို ပြသရန်ရည်ရွယ်ပုံရပါသည်။

ကျနော်တို့အဖွဲ့ တလနီးပါး အချိန်ယူလေ့လာ လည်ပတ်ခဲ့သည့် အဓိကနိုင်ငံမှာ ယူဂိုစလားဗီးယားဖြစ်ပါသည်။ ထိုစဉ်က ဆိုဗီယက်ရုရှား ကွန်မြူနစ်များကို ဆန့်ကျင်သဖြင့် ကမ္ဘာ့ပေါ်တွင် ကျော်ကြားလာနေသော မာရှယ်တီးတိုးနှင့် တွေ့ဆုံရခြင်းပင် ဖြစ်ပါသည်။

မာရှယ်တီးတိုးမှာ ဂျာမန်ဖက်ဆစ်လက်အောက်ရောက်နေသော သူ့နိုင်ငံကို ပြောက်ကျားစစ်ပွဲ ဆင်နွှဲပြီး တော်လှန်အောင် မြင်ခဲ့သည့် ယူဂိုစလပ်ကွန်မြူနစ်တော်လှန်ရေး ခေါင်းဆောင်တဦးအဖြစ် အလွန်ကျော်ကြားခဲ့သူ တဦးဖြစ်ကာ ကျနော်တို့ကိုယ်တိုင်လည်း အလွန်လေးစား

ကြည်ညိုခဲ့ပါသည်။ သူသည်အစောပိုင်းက ဆိုဗီယက်ယူနီယံ ရုရှားကွန်မြူနစ်များနှင့် အတူယှဉ်တွဲပြီး ဒုတိယကမ္ဘာစစ်အတွင်းက ဖက်ဆစ်ဂျာမန်များကို တိုက်ခိုက်ခဲ့သော်လည်း၊ နောက်ပိုင်းတွင် ရုရှားတို့နှင့်ကွဲကာ ရုရှားဆန့်ကျင်ရေး ဖြစ်လာ နေရာမှ နောက်ပိုင်းကွန်မြူနစ် ဆန့်ကျင်ရေးပါဖြစ်လာသဖြင့် အမေရိကန်၏ မြှောက်စားခြင်းကို ခံနေရချိန်ဖြစ်ပါသည်။

ကျနော်တို့သည် ယူဂိုစလပ်တွင် ရုရှားမကောင်းကြောင်း၊ ကွန်မြူနစ်ဝါဒ မကောင်းကြောင်းတွေကို သူတို့ယူဂိုစလပ်များ ပြောသမျှကို တဝကြီးနားထောင်ခဲ့ရပါသည်။

ယူဂိုစလပ်တွင် ကျနော်တို့ လှည့်လည်ကြည့်ရှုနေရင်းက တနေ့တွင် လူအုပ်ကြီးတအုပ် မာရှယ်တီးတိုးကို ချီးကျူးသြဘာပေးပြီး ကြွေးကြော်အော်ဟစ်ကာ ကျနော်တို့ ဟော်တယ်အနီးသို့ ရောက်လာရာ ကျနော်တို့နှင့်အတူရှိနေသော ယူဂိုစလပ်ဗိုလ်ချုပ်က ကျနော့်အား ထိုလူအုပ်ကြီးကို မိန့်ခွန်းပြောရန် အတင်းတိုက်တွန်းပြီး လူအုပ်ကြီးအားလည်း ဧည့်သည်ဗမာဗိုလ်ချုပ်က မိန့်ခွန်းပြောမည်ဟု ကြေညာလိုက်ပါတော့သည်။

ကျနော်လည်း မလွဲသာတော့ဘဲ မိန့်ခွန်းတိုလေး ပြောရပါသည်။ ကျနော်က မာရှယ်တီးတိုးခေါင်းဆောင်သော ယူဂိုစလပ်ပြည်သူတွေ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျာမန်ဖက်ဆစ်တို့ကို စွမ်းစွမ်းတမံ ပြန်လည်တွန်းလှန်တိုက်ခိုက်မှုကို ချီးကျူးပြောဆိုပြီး၊ ပုဂ္ဂိုလ်အရလည်း ခေါင်းဆောင် မာရှယ်တီးတိုးကို အလွန်ချီးကျူးပြောဆိုလိုက်ပါသည်။ အထူးသဖြင့် မာရှယ်တီးတိုး၏ သူရသတ္တိကို ချီးကျူးပြောဆိုခြင်း ဖြစ်ပါသည်။ ဤသည်မှာ ထိုစဉ်က ၎င်းတို့လုပ်ဆောင်နေကြသော ရုရှားကွန်မြူနစ် ဆန့်ကျင်တော်လှန်နေမှုများကို ထောက်ခံချီးကျူးရာပါ ရောက်သဖြင့်တကြောင်း၊ ဘာသာပြန်သူမှာလည်း အာဝဇ္ဇန်းအလွန်ရွှင်သဖြင့်တကြောင်း လူထုကအလွန်သဘောကျသွားပြီး များစွာသြဘာပေးပါတော့သည်။ ထိုမိန့်ခွန်းကိုလည်း ယူဂိုစလပ် စာ – နယ် – ဇင်းများတွင် အပြည့်အစုံ ထည့်သွင်းဖော်ပြသည်ဟု နောက်ပိုင်းတွင် သိရပါသည်။ ထို့ကြောင့် ကျနော့်မှာ ယူဂိုစလပ်တွင်လည်း ထင်ရှားသွားပါသည်။

ကျနော့်မှာ မိမိစိတ်နှင့် ဆန့်ကျင်ဘက်များကို ပြောဆိုလုပ်ကိုင်နေရသဖြင့် အထူးသတိထားနေ–နေရပါသည်။ ဦးကျော်ငြိမ်းမှာလည်း အလွန်သတိကြီး၊ ပါးနပ်သူဖြစ်ရာ ကျနော့်အကဲကို ခတ်နေ၊ လေ့လာနေသည် ထင်ပါသည်။

ကျနော်လည်း ဦးကျော်ငြိမ်းက ယူဂိုစလပ်အပေါ် ဤမျှလောက် လေးလေးစားစား ဆက်ဆံပြုမူနေမှုအပေါ် သံသယရှိလာပါသည်။ ဦးကျော်ငြိမ်း အနေဖြင့် ယူဂိုစလပ်ခေါင်းဆောင်များကို ဗမာပြည်သို့ ဖိတ်ခေါ်ပြီး ဗမာပြည်တွင် ရုရှားမကောင်းကြောင်း၊ ကွန်မြူနစ်ဝါဒ မကောင်းကြောင်း၊ ကွန်မြူနစ်ဆန့်ကျင်ရေးတွေ ဝါဒဖြန့်ပြောဆိုစေလိမ့်မည်။ ထိုအရေးတွင် ကျနော့်ကိုလည်း အိမ်ရှင်အဖြစ် ယူဂို စလပ်အဖွဲ့ကို ကြိုဆိုဧည့်ခံရာတွင် ပါဝင်စေပြီး၊ ကွန်မြူနစ်ဆန့်ကျင်ရေးတွင် ကျနော်ရောနှောပါဝင်လာစေရန် ရည်ရွယ်လုပ်ကိုင်နေသည်ဟု ကျနော်ထင်မြင်ယူဆ လာနေပါသည်။

ထို့ကြောင့် ကျနော်သည် ထိုအရေးကို မဖြစ်စေရန်၊ အနိမ့်ဆုံး ထိုကိစ္စတွင် ကျနော်ပါဝင် ပတ်သက်ခြင်းမရှိစေရန် လုပ်ကိုင်ဆောင်ရွက်ရမည်ဟု ထင်မြင်လာပါသည်။

ထိုအတွင်း ယူဂိုစလပ်မှ လှည့်ပတ်ကြည့်ရှုမှုများ ပြီး၍ ကျနော်တို့ ပြန်ခါနီးအချိန်ရောက်လာရာ၊ ဗိုလ်မှူးကြီးကျော်စိုးက ကျနော့်ထံ ရောက်လာပြီး စကားစမြည်ပြောရင်းက ယူဂိုစလပ်အပေါ် ကျနော့်ထင်မြင်ချက်ကို မေးမြန်းပါတော့သည်။

ကျနော်ကလည်း ဤမေးခွန်းသည် ဦးကျော်ငြိမ်းက မေးခိုင်းတာဖြစ်ရမည်ဟု နားလည်လိုက်ပါသည်။ ထို့ကြောင့် နောက်နောင် ကျနော့်ကို ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေးတွင် အသုံးမချနိုင်ရန် အပြတ်ပြောမှ ကောင်းမည်ဟုယူဆပြီး၊ ကျနော်က ပြန်ပြောဆိုရာတွင် မှတ်မိသလောက်မှာ– ယူဂိုစလပ်တိုင်းပြည်သည် ကျနော်တို့တိုင်းပြည်ထက်ပင်ငယ်သည့် ဥရောပမှ ဆင်းရဲသည့်နိုင်ငံငယ်လေးတရပ်သာဖြစ်ကြောင်း၊ မာရှယ်တီးတိုး၏ လက်ထက်တွင်လည်း ဘာမျှကြီးကြီးကျယ်ကျယ် တိုးတက်နေတာလည်း မတွေ့ရကြောင်း၊ ယောက် ပြန်တဲ့ အမေရိကန်နဲ့သာ ပူးပေါင်းလုပ်ကိုင်နေပြီး ရုရှားဆန့်ကျင်ရေးတွေသာ ပြောဟောအချိန်ကုန်နေကြတာဖြစ်ကြောင်း စတာတွေ ပြောလိုက်ပါတယ်။ ထို့ပြင် ကျနော်တို့မတော်တဆ တွေ့မြင်လိုက်ရတဲ့ ယူဂိုစလပ်စစ်ဗိုလ်တချို့ရဲ့ မဖွယ်မရာ၊ ကရော်ကမည် လှုပ်ရှားမှုများကိုလည်း ထောက်ပြလိုက်ပြီး ဤလိုသေးငယ်လှသည့် ယူဂိုစလပ်လိုနိုင်ငံမှာ ကျနော်တို့ လေ့လာအတုယူစရာ မရှိဟု ပြောလိုက်မိပြီး ကျနော်လေ့လာ ဖတ်ရှုထားရသော ယူဂိုစလပ် မကောင်းကြောင်းအချက်အလက်တွေကိုလည်း ပြောပြ လိုက်မိပါသည်။

ထိုစဉ်က ဗိုလ်မှူးကြီးကျော်စိုးကိုလည်း ဆိုရှယ်လစ်ပါတီမှ အမာခံလူရင်းဟု မထင်ခဲ့မိ။ မလွဲသာ၍ ဆိုရှယ်လစ်ထဲ ရောနေရသည်ဟု ထင်မြင်ခဲ့မိသည်။ နောင်မှသာ သူသည် ဆိုရှယ်လစ်လူရင်းတဦးဖြစ်ကြောင်း သိလာရပါသည်။

ဤသို့ကျနော်က ဗိုလ်မှူးကြီးကျော်စိုးကို ပြောဆိုလိုက်မှုမှာ ကျနော့်ဘဝအတွက် ကြီးစွာထိခိုက်သွားခဲ့ကြောင်းကို နောက်ပိုင်း ကျမှ သိခဲ့ရပါသည်။ တိုင်းပြည်အတွက်ရော၊ တပ်မတော်အတွက်ပါ နစ်နာသွားခဲ့ရပါသည်။

ကျနော်၏ သဘောထားများကို သိရှိသွားသူ ဦးကျော်ငြိမ်းမှာ ကျနော်သည် သာမန်လူရိုးတဦးမဟုတ်။ အတော်နိုင်မာသော ကွန်မြူနစ် တယောက်ဟု ယူဆလိုက်ပုံရပါသည်။ ကျနော့်ကို သူ့ခြံစာအောက်သိမ်းသွင်းပြီး ဆိုရှယ်လစ်ပါတီဘက်ပါလာအောင် လုပ်နိုင်မည်မဟုတ်ရုံမက ကျနော့်အန္တရာယ်ပါ မြင်လာပုံရပါသည်။ ထို့ကြောင့်ကျနော့်ကို ဗိုလ်နေဝင်းထက်ပင် အန္တရာယ်များသူဟု မြင်လာပုံရ ပြီး ကျနော့်အပေါ် ဖိနှိပ်ရေးကို ဗိုလ်အောင်ကြီးနှင့် တတန်းတည်းဖြစ်လာကာ ကျနော်၏ ရန်သူတော်ကြီး ဖြစ်သွားပါတော့သည်။ ထို့ကြောင့်ပင် နောက်ပိုင်းတွင် ကျနော့်ကို တပ်မတော်မှ ထုတ်ပစ်ရေးကို ဗိုလ်အောင်ကြီးနှင့်အတူ ကြိုးစားလေတော့သည်။

ကျနော်တို့ အနောက်နိုင်ငံ အတော်များများကို လှည့်လည် ကြည့်ရှုပြီးနောက်၊ အထူးသဖြင့် ယူဂိုစလပ်တွင် တလနီးပါးမျှ လေ့လာ နေထိုင်ပြီးနောက် အင်္ဂလန်သို့ပြန်လာကြပါသည်။ ယူဂိုစလပ်တွင် တလလုံးလုံး ထမင်းမစားဘဲ ပေါင်မုန့်သာစားနေရရာ ကျနော်တို့ အင်္ဂလန် ရောက်သည့်နေ့တွင် ဗမာမုန့်ဟင်းခါးဆိုင်တဆိုင်ကို ရှာပြီး ဆိုင်ပိတ်ခိုင်းလိုက်ပြီး ကျနော်တို့စားချင်သည့် ဗမာ အစားအစာများနှင့် ထမင်းကို အားရပါးရ ချက်ပြုတ်စားသောက်ခဲ့ကြရသည့် အဖြစ်အပျက်တခုကိုလည်း မှတ်မိနေပါသည်။

အင်္ဂလန်တွင် ဦးကျော်ငြိမ်းက တပတ်မျှ မိမိတို့ သွားချင်လည်ပတ်ချင်သည်များကို လည်ပတ်သွားရောက်ခွင့်ပြုရာ ကျနော် သည် နံနက်တွင်

ပေါင်မုန့်အသားညှပ်မုန့်များ ဝယ်သွားပြီး၊ လန်ဒန်ပြတိုက်ကြီးထဲတွင် တနေကုန် ဗမာပြည်အကြောင်း ရေးသားထားချက်များ၊ ကမ္ဘာ့စစ်ပွဲကြီးများ အကြောင်း၊ ကမ္ဘာ့စစ်သူကြီးများနှင့် နိုင်ငံရေးသမားများအကြောင်း စာတွေကို သွားရောက် ဖတ်ရှုလေ့လာခဲ့ပါသည်။ ကျနော့်အတွက် အတော် အဖိုးတန်သော ဗဟုသုတများကို လေ့လာရရှိခဲ့ပါသည်။ ဗိုလ်မှူးကြီးခင်ညိုနှင့် ကျန်အဖွဲ့ဝင်အချို့ကလည်း စကော့တလန်သို့ သွားရောက် လည်ပတ်ကြပါသည်။

အင်္ဂလန်တွင် ရေတပ်လေ့ကျင့်ရေး၊ ကမ်းရိုးတန်းကာကွယ်ရေး၊ ကမ်းတက်တပ်များ၏ ကွန်မင်ဒိုလေ့ကျင့်ရေးများကို လေ့လာခဲ့ ကြပါသည်။ ထို့နောက် ကျနော်တို့ အနောက်နိုင်ငံသွား လေ့လာရေးအဖွဲ့ ဗမာပြည်သို့ ပြန်လာခဲ့ပါသည်။

ကျနော်တို့ မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်လာသောအခါ လေယာဉ်ကွင်းတွင် လူအများအပြား လာရောက်ကြိုဆိုနေတာကို တွေ့ရပါသည်။ ကျနော်ခရီးထွက်နေစဉ်အတွင်း တပ်တွင်း၌ ဤတခေါက် ကျနော်ပြန်ရောက်လျှင် ဒု–ကာကွယ်ရေးဦးစီးချုပ်ရာထူးပေး တော့မည်ဟူသော သတင်းထွက်နေပြီး လူအများကလည်း ဒီသတင်းဟုတ်မဟုတ် မိမိကို မေးမြန်းကြောင်း ကျနော် ပြန်ရောက်လာချိန်တွင် ကျနော့်ဇနီးက ပြောပြပါသည်။

ထိုနေ့က လာရောက်ကြိုဆိုသူများကြားတွင် စစ်ဦးစီးချုပ် ဗိုလ်နေဝင်းလည်း ပါ–ပါသည်။ သူက ကျနော့်ကို လေယာဉ်ပျံကွင်းမှ တောင်ပိုင်းစစ်ဌာနချုပ်ရုံးရှိ ကပ္ပခန်းမဆောင်သို့ ခေါ်သွားပြီး ခရီးစဉ်အကြောင်း အသေးစိတ်မေးမြန်းပါသည်။ ကျနော်က သူနှင့်ကျနော် အပြန်အလှန် ပြောဆိုချက်များကို မမှတ်မိတော့ပါ။ ပြောရိုးပြောစဉ် ပြောခဲ့ကြသည်ဟုသာ သဘောထားခဲ့ပါသည်။

သို့သော် ဗိုလ်နေဝင်းအတွက်သော် ထိုသို့မဟုတ်ချေ။ သူက ရာထူးတည်မြဲရေးအတွက် ပူပန်နေရသောအချိန် ဖြစ်သဖြင့်လည်းကောင်း၊ ဦးကျော်ငြိမ်းက ကျနော့်ကို ခေါ်သွားသည့် ရည်ရွယ်ချက်ကိုလည်း ရိပ်မိနေ၍လည်းကောင်း၊ ကျနော့်စိတ်ကို စမ်းသပ်ဟန် ရှိပါသည်။ ဗိုလ်နေဝင်းက ကျနော့်ကို ထိုခန်းမဆောင်တွင်း ခေါ်မသွားခင် ခန်းမဆောင်အတွင်းရှိ ဇာတ်ရုံကန့်လန့်ကာနောက်တွင် ဗိုလ်ချစ်ခင် (နောင် မဆလခေတ် ထောက်လှမ်းရေးမှူး) ကို ပုန်းအောင်းနေစေပြီး ကျနော်ပြန်ပြောချက်များကို မှတ်သားစေခဲ့ပါသည်။ နောင် ဗိုလ်ချစ်ခင်က ကျနော့်ကို ပြန်ပြောပြ၍ ကျနော်သိရသည်မှာ ကျနော်က ဗိုလ်နေဝင်းကို ကျနော့်အနေနှင့် ဗိုလ်ချုပ်လက်အောက်မှာနေပြီး တပ်မတော်ကောင်းရေးအတွက်ပဲ ရည်ရွယ်ပါသည်။ တခြားပုဂ္ဂိုလ်ရေး ရည်ရွယ်ချက် ကျနော့်မှာ မရှိပါဟု ပြောလိုက်သည်တွင် ဗိုလ်နေဝင်း အတော်စိတ်သက်သာရာ ရသွားသည်ဟု ဆိုပါသည်။

ထို့အပြင် ထိုကာလက ဆိုရှယ်လစ်တပ်မှူးအချို့ ဗိုလ်နေဝင်းကို အိမ်ထောင်ရေးကိစ္စကို အကြောင်းပြု၍ ဖြုတ်ပစ်ရန် ကျနော့်ကို လာဖွယ် ကြပါသေးသည်။ ကျနော်က နောင်လာမည့် မောင်ပုလဲ ဒိုင်းဝန်ထက် ကဲမည်ကို မြင်သဖြင့်၊ ဒါက ကိုယ်ရေးကိုယ်တာကိစ္စပဲဗျာ။ တပ်လည်း ဘာမှ ထိခိုက်တာမဟုတ်ဘဲဟု ပြောပြီး ပယ်ချလိုက်ပါသည်။

ဗိုလ်နေဝင်းသည် ကျနော်နှင့် ဆက်ဆံရာတွင် တခြားဆိုရှယ်လစ်များနှင့်မတူဘဲ၊ အတော်ထောက်ထောက်ထားထား ဆက်ဆံသည်ကို တွေ့ရပါသည်။ တိုင်းပြည်တွင် စစ်ရေးစစ်ရာပြဿနာ ပေါ်လာပါက အချိန်မရွေးခေါ်ယူ ဖြေရှင်းနိုင်ရန် ကျနော့်အပေါ်အားကိုးသည့် သဘောထားဟန် ရှိပါသည်။ ကျနော့်မှာလည်း ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြီးပွားလိုစိတ်၊ နေရာယူလိုစိတ် နည်းပါးမှုန်းလည်း သူသိပုံရပါသည်။ ထို့အပြင် နောက်ပိုင်းကျမှ ကျနော်စဉ်းစားမိသည်မှာ ကျနော်တပ်ထဲတွင် ရှိနေသရွေ့ သူ့အတွက် လုံခြုံသလို ဖြစ်နေပါသည်။ သူ့ကို ဖဆပလထဲမှ နိုင်ငံရေးသမားအချို့က မကြိုက်နှစ်သက်ကြသော်လည်း၊ သူ့ကို ဖယ်ရှားလိုက်လျှင် ကျနော့်ကိုပဲ တင်ရတော့မည် ဖြစ်သဖြင့်၊ ဒါကို ထိုနိုင်ငံရေးသမားများ၊ ဆိုရှယ်လစ်များက ကြိုက်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် သူ့ပဲဆက်ထားရပါလိမ့်မည်။ ဤအကြောင်းများကြောင့် ကျနော့်အပေါ် ဗိုလ်နေဝင်း၏ ဆက်ဆံရေးမှာ အတော်အသင့် ကောင်းမွန်ပြေပြစ်ခဲ့ဟန် ရှိပါသည်။

ဤကာလအတွင်း ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာတခုကိုလည်း မှတ်မိနေပါသည်။ တိုင်းပြည်တွင် ထင်ရှားခဲ့သည့် ကိစ္စတခု ဖြစ်ခဲ့၍လည်း ကျနော်တတ်နိုင်သမျှ ပြန်လည်စဉ်းစား ရေးသားရပါဦးမည်။

၁၉၅၂ ခုနှစ်လောက်ကပဲဟု ထင်ပါသည်။ သာယာဝတီ၊ မင်းလှမြို့တွင် ထင်ရှားသော အတိုက်အခံ (နောင်တွင် ပမညတဖြစ်လာ) ခေါင်းဆောင်တဦးဖြစ်သော ဦးဘငြိမ်း ကြီးမှူးကျင်းပသော လူထုတရားပွဲကို ဗမာ့တပ်မတော်အတွင်းရှိ ဆိုရှယ်လစ်ဘက်သား စစ်ဗိုလ်တဦးအမိန့်ဖြင့် တပ်ကြပ်–တပ်သားတစုက ဝင်ရောက်ရိုက်နှက်ပြီး တရားပွဲကို ဖျက်ခဲ့မှုဖြစ်ပါသည်။ ဦးဘငြိမ်းကိုယ်တိုင်ပင် ဦးခေါင်းတွင် ဒဏ်ရာရသွားပါသည်။

ထိုကိစ္စ သတင်းစာများတွင်လည်း ပါလာရာ၊ ဗမာပြည်လူထုကြီးက မကျေမနပ်ဖြစ်လာပြီး ဆန့်ကျင်လှုပ်ရှားလာပါသည်။ ထို့ ကြောင့် အစိုးရက ကြေညာချက်တစောင် ထုတ်ပြန်ရပါသည်။ — မင်းလှမြို့ လူထုတရားပွဲ ဝင်ရောက်ရိုက်နှက်သည့် ကိစ္စကို အစိုးရက စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ပြီး စစ်ဆေးအရေးယူမည်။ စုံစမ်းစစ်ဆေးရေး ကော်မရှင် ဥက္ကဋ္ဌအဖြစ် ဗမာ့တပ်မတော်၊ တောင်ပိုင်းတိုင်း–တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဇောကို တာဝန်ပေးမည်ဟူသော ကြေညာချက်ဖြစ်သည်။

ထိုအခါ ပြည်သူလူထုမှာလည်း ကျနော်သည် မှန်သည့်အတိုင်းလုပ်မည်ကို ယုံကြည်သဖြင့် ငြိမ်ကျသွားပါသည်။

ကျနော်၏ စုံစမ်းရေးကော်မရှင်တွင် ဗိုလ်မှူးကြီးသန်းစိန်ကိုလည်း ထည့်သွင်းထားပါသည်။ ဗိုလ်သန်းစိန်မှာ ဗမာ့တပ်မတော်ရှိ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင် ဗိုလ်အောင်ကြီး၏ နောက်လိုက်လူရင်း ဆိုရှယ်လစ်ပါတီ ဘက်တော်သားကြီး ဖြစ်သည်။ သူ့ကိုထည့် သွင်းခြင်း၏ ရည်ရွယ်ချက်မှာ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းကို ဖျက်ဆီးနှောက်ယှက်ရန် ဖြစ်ပုံရပါသည်။

ကျနော်တို့ စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များ မင်းလှမြို့ကို သွားပြီး စုံစမ်းစစ်ဆေးမှုကို စတင်ပါသည်။ ကျနော်တို့သည် မင်းလှတွင် ထိုတရားပွဲကို တက်ရောက်ခဲ့သည့်သူ ၂ ဦး–၃ ဦးကို ခေါ်ယူစစ်ဆေးရာ၊ ၎င်းတို့အားလုံးက စစ်သားများ တရားပွဲကို ဝင်ရိုက်နှက်ဖြိုခွဲကြောင်း အားလုံးတသံတည်း ထွက်ဆိုကြပါသည်။

ဤတွင် ဗိုလ်မှူးကြီးသန်းစိန်က လူထုထောင်ချီရှိတဲ့ တရားပွဲကို တပ်သားတဦးနှစ်ဦးက ဝင်ပြီးရိုက်ရဲပါ့မလား။ မဖြစ်နိုင်ဟု ပြောဆိုလာပါသည်။ ကျနော်သူ့ကို ဘာမျှပြန်မပြောဘဲ၊ တရားပွဲ တက်ခဲ့သူများကို စစ်ဆေးပြီးသောအခါ တရားပွဲအနီးရှိ အိမ်များမှ လူ များကို ဆက်ပြီးစစ်ဆေး မေးမြန်းပါသည်။

ဤတွင် တရားပွဲ အဝင်ဝရှိ အိမ်တအိမ်မှ အမျိုးသမီးတဦးကို စစ်ဆေးရာတွင် အရေးကြီးသော ထူးခြားချက်များကို တွေ့ရပါ တော့သည်။

ထိုအမျိုးသမီးပြောပြသည်မှာ ကျမ တရားပွဲက ဆူဆူညံညံသံတွေ ကြားရလို့ ကျမအိမ်ပြတင်းပေါက်က ထွက်ကြည့်တော့ တရားပွဲအဝင်လမ်းပေါ်မှာ အလံနီကလေး တလက်လက် လှုပ်ရှားနေတာ တွေ့ရပါတယ်။ အလံနီကလေးဟာ တဖွာလောက်ပဲ ရှိမယ်။ ဒါကို သေသေချာချာ သိရအောင်လို့ အိမ်ပြင်ထွက်ကြည့်တော့ အလံနီကလေးရဲ့ အောက်မှာ ကားမဲမဲကြီးတစီး တွေ့ရတာ။ ဒါဟာသံချပ်ကာ–ကားကြီးဆိုတာ ကျမသိပါတယ်လို့ ထွက်ဆိုသွားပါသည်။

ကျနော်က ထိုအမျိုးသမီး ထွက်ဆိုချက် မည်မျှလက်တွေ့မှာ မှန်ကန်နိုင်ကြောင်း သိရှိဖို့အတွက် တပ်မှသံချပ်ကာ ကားတစီး မောင်းယူလာစေပြီး ထိုအမျိုးသမီး အလံနီကလေး မြင်ရသောနေရာတွင် ရပ်ထားစေပါသည်။ ထိုသံချပ်ကာ ကားကြီး ရပ်ထားရာ လူသွားလမ်းကလေးမှာလည်း အုတ်နီခဲများ ခင်းထားရာ အုတ်နီခဲတချို့ ကျိုးပဲ့နေတာကို မြင်ရသဖြင့် ယင်းသံချပ်ကာကားကြီး ရပ်စဉ်က တိုက်မိနိုက်မိခဲ့ပုံရပါသည်။

နောက် ထိုအမျိုးသမီးပြောသော သူ့အိမ်ထဲမှ ထိုနေရာကို ကြည့်ရှုရာတွင်၊ သူပြောသလိုပင် အလံနီကလေးကို တွေ့ရပါသည်၊ ဗမာ့တပ်မတော်မှ သံချပ်ကာကားများတွင် ကားထိပ်ညာဘက်စောင်းတွင် (၆) လက်မနီးပါးရှိ ကြက်လျှာအလံနီ အဝတ်စလေးတခုကို သံချောင်းမှာ ချည်ပြီးစိုက်ထားမြဲဖြစ်ရာ ထိုအမျိုးသမီး၏ ထွက်ဆိုချက်များ မှန်ကန်ကြောင်း သိနိုင်ပါသည်။ ဗိုလ်သန်းစိန်လည်း ဝင် ကြည့်ပါသည်။

၎င်း၏သဘောမှာ ဝင်ရိုက်သူတို့မှာ အနည်းစုသာ ဖြစ်သဖြင့် သူတို့ချည်း မရိုက်ရဲဘဲ၊ လူထုတရားပွဲကြီးကို သံချပ်ကာကားကြီးဖြင့် ခြိမ်းခြောက်ထားပြီးမှ ဝင်ရိုက်ကြခြင်း ဖြစ်ကြောင်း ထင်ရှားနေပါသည်။

သံချပ်ကာကားကြီးများတွင် ကျနော်သိသလောက် (၃.၇) လက်မ စက်အမြောက် တလက်နှင့် စက်သေနတ်ကြီးတလက် တပ်ဆင်ထားတတ်ပါသည်။ ကောင်းစွာ ခြိမ်းခြောက်နိုင်ပါသည်။

ဤအမျိုးသမီးကို စစ်ဆေးပြီးနောက် ကျနော်တို့၏ စုံစမ်းစစ်ဆေးမှုမှာ ပြည့်စုံလုံလောက်သွားပါသည်။ တပ်မတော်သား ရဲဘော်များက တရားပွဲ ဝင်ရိုက်သည်မှာ မှန်ကန်ကြောင်း ထင်ရှားလာသဖြင့် ကျနော်တို့၏ စုံစမ်းစစ်ဆေးမှုကို အဆုံးသတ်လိုက်ပါသည်။

ကျနော်က မင်းလှတရားပွဲကို ကျနော်တို့ တပ်မတော်သားများက ဝင်ရိုက်နှက်ပြီး တရားပွဲကို ဖြိုခွဲကြောင်း ကျနော်တို့ စစ် ဆေးချက်အရ မှန်ကန်သည်ဟု ယူဆကြောင်းကို သက်သေခံ ထွက်ချက်များနှင့် ပူးတွဲပြီး စစ်ရုံးချုပ်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစီရင်ခံ စာ တင်တော့မည်၊ အကယ်၍ ဗိုလ်မှူးကြီးသန်းစိန်က သဘောမတူလျှင် သီးခြားအစီရင်ခံစာ တင်နိုင်ကြောင်း ပြောပြီး၊ စုံစမ်းစစ်ဆေးမှု ကို ရပ်လိုက်ပါသည်။ ဗိုလ်မှူးကြီးသန်းစိန်ကလည်း သီးခြားတင်စရာ မရှိတော့ဟု သဘောတူလာပါသည်၊ ထို့ကြောင့်အထက်ပါ အစီရင်ခံစာကို တင်လိုက်ပါသည်။ သို့သော် ဘာကြောင့်မှန်းမသိ၊ သက်ဆိုင်ရာတို့က ထိုအစီရင်ခံစာအရ ဘာမှဆက်မလုပ်ပါ။ လူထုကလည်း ငြိမ်သက်သွားပါသည်။

ဤသည်မှာ ထိုခေတ်ထိုကာလက တပ်တွင်းဆိုရှယ်လစ်များ၏ ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးများကို စောင့် ပိတ်ဆို့လာမှုများ၏ တကွက်တကွင်းအခြေအနေ ဖြစ်ပါသည်။ မရဲတရဲ သွေးတိုးစမ်းလာမှုလည်း ဖြစ်ပါသည်။

ကျနော်အနောက်နိုင်ငံ လေ့လာရေးခရီးမှ ပြန်လာပြီးနောက်တွင် တိုင်းပြည်တွင် တရုတ်ဖြူကျူးကျော်မှုအန္တရာယ် ကြီးမားလာသဖြင့် ထိုကျူးကျော်မှုကို နှိမ်နင်းရန် တာဝန်ပေးအပ်ခြင်းခံရပြီး ၁၉၅၃ခုနှစ်၊ ဇူလိုင်လတွင် မြောက်ပိုင်းတိုင်းမှူးအဖြစ် ခန့်အပ်လိုက်ပါသည်။

## *တရုတ်ဖြူ သို့မဟုတ် ကူမင်တန်များ၏ ကျူးကျော်မှု သမိုင်းအကျဉ်းချုပ်*

တရုတ်ပြည်ကြီးတွင် ချန်ကေရှိတ် ဦးဆောင်သည့် ကူမင်တန်အစိုးရနှင့် မော်စီတုန်းဦးဆောင်သည့် ကွန်မြူနစ်ပါတီတို့ ၂ဘက် နှစ်ရှည်ကြာများ ပြည်တွင်းစစ် ဆင်နွှဲရာမှ ၁၉၄၉ခုနှစ် အောက်တိုဘာလတွင် ကွန်မြူနစ်များက တပြည်လုံးတွင် အောင်ပွဲခံသွားပါတော့ သည်။ ချန်ကေရှိတ်အပါအဝင် ထိပ်သီးကူမင်တန်များ ထိုင်ဝမ်သို့ထွက်ပြေးသွားနိုင်သော်လည်း ကျနော်တို့နိုင်ငံနှင့် နယ်ချင်းဆက်နေသည့် ယူနန်ပြည်နယ်မှ စစ်ရှုံးကူမင်တန် တပ်ပျက်အချို့မှာ ကျနော်တို့၏ အရှေ့ဘက် နယ်နိမိတ်များကို ဖြတ်ကျော်ပြီး ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်ထဲသို့ စတင်ကျူးကျော်ဝင်ရောက်လာပါသည်။

ဝင်လာစက အင်အားမှာ (၈၀၀) လောက်သာဟု ယူဆရပါသည်၊ နောင်မှ တဖြည်းဖြည်း များလာခြင်း ဖြစ်ပါသည်။ ၁၉၅၀ ဇန်နဝါရီလတွင် တရုတ်ဖြူများက ကျိုင်းတုံမြောက်ဘက်ရှိ မိုင်းယန်းမြို့ကို သိမ်းပိုက်တပ်စွဲလိုက်ပါသည်။ မတ်လထဲတွင် ကျိုင်းတုံအရှေ့ ပိုင်းသို့ ဝင်ရောက်လာပြီး နောက်ပိုင်းအိမ်ထောင်သည်များပါ လိုက်လာပါသည်။

ကျိုင်းတုံအရှေ့တောင်ဘက် 'မောင်းလင်း'မှာ အခြေချပြီး အရှေ့ဘက် မဲခေါင်မြစ်(လာအို–မြန်မာ နယ်စပ်)အနောက်ဘက် ကျိုင်းတုံ – တာချီလိတ်လမ်း တောင်ဘက်၊ ယိုးဒယား – မြန်မာနယ်စပ်၊ တြိဂံနယ်မြေတွင် တပ်ပြန့်ပြီး တပ်စွဲနေထိုင်ခဲ့ကြပါသည်။

၎င်းတို့သည် ယူနန်ပြည်နယ်၊ ကေအမ်တီ (KMT) အမှတ်(၈)တပ်မတော်နှင့် အမှတ်(၂၆)တပ်မတော်တို့မှ တပ်ကြွင်းတပ် ကျန်များဖြစ်ပြီး အမှတ်(၈)တပ်မတော်ကို ဗိုလ်ချုပ်လီမီဦးဆောင်ပြီး၊ အမှတ်(၂၆)ကိုမူ ဒု–ဗိုလ်ချုပ်လူကိုချန်းက ဦးဆောင်ပါသည်၊ တချို့ တပ်သားများမှာ ကျိုင်းတုံမြို့တွင်းသို့ပင် တဖြည်းဖြည်း ရှပ်ဖျက်ပြီး စိမ့်ဝင်လာနေပါသည်။

ဗမာ့တပ်မတော်က ၁၉၅၀ ခုနှစ် ဇွန်လဆန်းတွင် လက်နက်ချရန်သို့မဟုတ် တိုင်းပြည်နယ်မြေမှ ထွက်သွားရန် တရုတ်ဖြူများကို ရာဇသံ ပေးလိုက်ပါသည်၊ တရုတ်ဖြူများက သူတို့ကိုတိုက်လျှင် သူတို့ကပြန်တိုက်ဖို့ အသင့်ရှိကြောင်း တင်းတင်းမာမာ ပြန်ကြားသည့် အပြင် တချိန်တည်းမှာပင် ယိုးဒယား – မြန်မာနယ်စပ်နှင့် တာချီလိတ်မြို့ကလေးပါ တာချီလိတ်လမ်း – မိုင်တိုင် (၈၁) မှစ၍ ၎င်းတို့က တိုးချဲ့သိမ်းပိုက်လိုက်ပါသည်။

ဗမာ့တပ်မတော် (ထိုစဉ်က ပြည်ထောင်စုတပ်များဟု ခေါ်ပါသည်။) က ကျိုင်းတုံမြို့ထဲ ရှပ်ဖျက်ဝင်ရောက်နေသည့် တရုတ်ဖြူ (၂၀၀) လောက်ကို ဖမ်းဆီးပြီး မိတ္ထီလာ၊ မှူးလေးသို့ပို့ ချုပ်နှောင်ထားလိုက်ပါသည်။ တာချီလိတ်ကိုလည်း ပြန်လည်တိုက်ခိုက် သိမ်းပိုက်လိုက်နိုင်ပါသည်။

သို့သော် ၁၉၅၁ ခုနှစ်တွင် တရုတ်ဖြူများသည် ထိုင်ဝမ်နှင့်အဆက်အသွယ် ရသွားကာ သူတို့၏ ကျူးကျော်ရေးစီမံကိန်းကို စနစ်တကျ ပြင်ဆင်လှုပ်ရှားလာပါတော့သည်၊ အမေရိကန်များကလည်း ဝင်ရောက်ကိုင်တွယ် နေကြသည်။

၁၉၅၁ ခုနှစ်နှစ်ဦးတွင် ဗိုလ်ချုပ်လီမီ ဦးဆောင်သည့် တရုတ်ဖြူအင်အား (၁၀၀၀–၁၅၀၀)မျှသည် ကျိုင်းတုံခရိုင် အနောက် တောင်ပိုင်း

'မိုင်းဆတ်' မြို့ကလေးမှာ မိုင်းဆတ်လွင်ပြင်ကို အခြေပြုပြီး အခြေခံစခန်းသစ် ဖွဲ့စည်းတည်ထောင်ကြပါသည်။ နောင်တွင် ထို စခန်းမှာ ဗမာပြည်တရုတ်ဖြူ ကျူးကျော်မှု ဌာနချုပ်ကြီး ဖြစ်လာပါတော့သည်။ ကျိုင်းတုံမြောက်ဘက် မိုင်(၅၀)ကွာရှိ 'မိုင်းယန်း' မြို့ကလေးနှင့် ကျိုင်းတုံအရှေ့တောင် (၆၅) မိုင်ကွာရှိ 'မိုင်းယောင်း' မြို့ကလေးများတွင်လည်း တရုတ်ဖြူစစ်သား စုဆောင်းရေးနှင့် စစ်လေ့ကျင့်ရေးစခန်းများ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ နေရာအနှံ့အပြားမှ စစ်သားများလည်း စုဆောင်းကြပါသည်။ ထိုင်ဝမ် (ဖော်မိုဆာ) မှ လေ့ကျင့်ရေးမှူးများလည်း ရောက်ရှိလာပြီး စစ်သင်တန်းများပေးကာ တပ်သစ်များ ဖွဲ့စည်းကြပါသည်။ ထိုင်းက ထိုလေ့ကျင့်ရေးမှူးများနှင့် စစ်ပစ္စည်းလက်နက်ခဲယမ်းများကို ဗမာပြည်နယ်စပ် 'ပွန်ပါကျင်' သို့ ကားနှင့်ပို့ပေးသည်။ တချို့ကို လေထီးနှင့် ချပေးသည်။

ဤသို့ဖြင့် တရုတ်ဖြူ၏ ကျူးကျော်မှုမှာ သံလွင်မြစ်အရှေ့ဘက်တခြမ်းလုံး ပျံ့နှံ့သွားပြီး မြောက်ဘက်သို့ချဲ့ရာ 'ဝ–နယ်' 'ကိုးကန့်နယ်' 'သိန္နီနယ်' များအထိ တိုးချဲ့သွားပြီး၊ အင်အားမှာလည်း (၄၀၀၀) ခန့် ရှိလာပါသည်။ အချက်အချာကျသည့် မြို့ကလေးများတွင်လည်း အခြေခံ စခန်းများ ဆောက်ပြီး အခိုင်အမာ နေထိုင်လာကြပါသည်။ ထို့အပြင် ဗမာပြည်အတွင်းပိုင်းဝင်ရန် ရည်ရွယ်ချက် ဖြင့် သံလွင်မြစ်အနောက်ဘက်ကမ်းသို့ ကူးလာကာ ဗမာပြည်တောင်ပိုင်း ကယားပြည်နယ်စပ်၊ ကဒူးကြီး ဒေရိယာအတွင်းထိပင် ဝင်လာ ပြီး တပ်စွဲလိုက်ပါသည်။ ၁၉၅၁ ခုနှစ် ဇူလိုင်လထဲတွင် ဖြစ်ပါသည်။

၁၉၅၁ ခုနှစ် မေလထဲတွင် လီမီသည် ဝ – နယ်မှနေပြီး တရုတ်ပြည်မကြီးကို ကော်လံ (၂) ခု ခွဲပြီး ဝင်တိုက်ပါသည်။ အမေရိကန်များက လေယာဉ်များနှင့် ရိက္ခာများ လိုက်ချပေးပါသည်။ သို့သော် တရုတ်လွတ်မြောက်ရေး တပ်မတော်က တိုက်ထုတ်၍ ပြည်မအတွင်း မိုင် အနည်းငယ်သာ ဝင်နိုင်ပြီး (၂) ပတ်အတွင်း အကျအဆုံးများစွာနှင့် ဆုတ်ခွာလာရပါသည်။

ဤမပြစ်စလောက် အင်အားကလေးနှင့် ပြည်မကြီးကို ဝင်တိုက်သည်မှာ ထူးဆန်းသဖြင့် ကျနော်က သူတို့၏ရည်ရွယ်ချက်ကို စဉ်းစားကြည့်ရာတွင် စစ်ရေးထက် နိုင်ငံရေး ရည်ရွယ်ချက်ဖြစ်မည်ဟု ယူဆရပါသည်။ တရုတ်ပြည်တွင်း မငြိမ်မသက် ဖြစ်နေသည့်သဘော၊ တရုတ်အစိုးရ တရားဝင်အစိုးရ မဖြစ်နိုင်သည့်သဘော ပေါ်လွင်စေချင်ဟန် ရှိသည်။ ထိုအချိန်က ကိုးရီးယားစစ်ပွဲလည်း ဖြစ်နေသဖြင့် ပြည်မကြီးအတွင်း ကျန်ခဲ့သည့် ကူမင်တန် လူဟောင်းများ အားတက်ပြီး ပုန်ကန်ထကြွစေလိုဟန်လည်း ရှိသည်။ ဤကဲ့သို့ ဝင်တိုက်တာကိုလည်း အကြီးအကျယ် တိုက်နေသလို ဖါဒလည်း ဖြန့်သည်။ ထို့ကြောင့် နောက်ထပ်ယူဆစရာ အချက်တရပ်မှာ အမေရိကန်ပြည်သူများက ချန်ကေရှိတ်ကို ဆက်ပြီးဒေါ်လာတွေ၊ အကူအညီတွေ ထောက်ပံ့ဖို့ အကျိုးခံစားရမည့် အမေရိကန်အချို့နှင့် ချိန်ကေရှိတ်တို့ ပူးပေါင်းကြံရွယ်ချက်လည်း ဖြစ်ဟန်ရှိသည်။

သို့သော် တရုတ်အစိုးရတပ်များက တိုက်ထုတ်လိုက်လို့၊ ထို့နောက်ပိုင်းတွင်တော့ ဗမာပြည်အတွင်းပိုင်းကိုသာ ရည်ရွယ်လာပါတော့သည်။ ၁၉၅၁ ခုနှစ် အကုန်တွင် တရုတ်ဖြူအင်အား (၆၀၀၀) ကျော်ထောင် ကျော်လာပါသည်။ လီမီလည်း လေ့ကျင့်ရေးလူ (၇၀၀) ခေါ်ကာ ထိုင်းမှတဆင့် ထိုင်ဝမ်သို့ ခွေ့ပြန်သွားပါသည်။

၁၉၅၂ ခုနှစ်မှာတော့ တရုတ်ဖြူအင်အား အမြင့်မားဆုံးအထိ တိုးချဲ့ပြီး အလုံးအရင်းနှင့် သံလွင်မြစ်ကို ဖြတ်ကျော်ကာ မြောက်ဘက် ကချင်ပြည်နယ်၊ ဗန်းမော်၊ မြစ်ကြီးနားမှစ၍ တောင်ဘက် မွန်ပြည်နယ်၊ မော်လမြိုင်အထိ ထိုးဖောက်ကျူးကျော်သည့်နှစ် ဖြစ်ပါသည်။ တပ်သားသစ် စုဆောင်းရေးတွင်လည်း ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တွင်းရှိ တရုတ်လူမျိုးများသာမက၊ ယိုးဒယားပြည် တွင်းက တရုတ်များကိုပါ စုဆောင်းပါသည်။ နောက်အင်အားတသောင်းရှိလာသောအခါ ဒီဗီဇံတပ်မ (၃) တပ် အသစ်ဖွဲ့ပြီး ဤတပ်များသည် သံလွင်မြစ်ကူး၍ ဗမာပြည်အတွင်းပိုင်းကို ဝင်ရောက်သည့် အဓိကတပ်များ ဖြစ်လာသည်။

ပြောက်ကျား တပ်ခွဲကလေးများကိုလည်း သီးသန့်ဖွဲ့စည်းခဲ့ကြသေးသည်။ ထိုတပ်များကတော့ သံလွင်မြစ်အရှေ့ပိုင်း၌သာ ထားခဲ့သည်။ တရုတ်ဖြူတပ်အားလုံး၏ စစ်သေနာပတိကို ဗိုလ်ချုပ်လီမီကို ထားပြီး၊ တပ်ဖွဲ့များကိုတော့ "ယူနန်နယ်၊ ကွန်မြူနစ်ဆန့်ကျင်ရေး –ပြည်သူ့ကယ်တင်ရေး တပ်မတော်" ဟူသော အမည်နှင့် ဖွဲ့စည်းခဲ့သည်။

၁၉၅၂ ခုနှစ်ဖေဖော်ဝါရီလတွင် မိုင်းဆတ်လေယာဉ်ကွင်းကို တရုတ်ဖြူများက ပြင်ဆင်ဖွင့်လှစ်လိုက်နိုင်သည့်အတွက် အရေးကြီးသည့် စစ်လက်နက်၊ လူ (အရာရှိများ)၊ ပစ္စည်းအကူအညီများ ဖော်မိုဆာ (ထိုင်ဝမ်) မှ တိုက်ရိုက်လည်းကောင်း၊ ထိုင်းမှတဆင့်လည်းကောင်း သယ်ယူပို့ဆောင် လာနိုင်ကြသည်။ ထိုင်ဝမ်သို့ ခွေ့ပြန်သွားသည့် ဗိုလ်ချုပ်လီမီလည်း နည်းပြဆရာများ အပါအဝင် သင်တန်းဆင်း လူအင်အား (၇၀၀) နှင့်အတူ လေယာဉ်များနှင့် ထိုမိုင်းဆတ်သို့ ပြန်ရောက်လာသည်။ ထို့နောက် တပ်အင်အားများ စနစ်တကျ တိုးချဲ့ပြီး သင်တန်းများ ဖွင့်လှစ်ခဲ့သည်။

ထိုသို့ အင်အားတိုးချဲ့ပြီးနောက် ၁၉၅၂ ခုနှစ် တနှစ်လုံး ဗမာပြည်အတွင်းပိုင်းသို့ ဝင်ရောက်ရေးကို လျင်မြန်စွာ တိုးချဲ့ပြုလုပ် လာကြသည်။ ဗမာပြည်တွင်းမှ ပုန်ကန်ထကြွနေသည့် အစိတ်အပိုင်းများကိုလည်း သွေးဆောင်စည်းရုံးနိုင်ကြသည်။ ထိုသူများမှတဆင့် အတွင်းပိုင်းသို့ စိမ့်ဝင်လာရာ ကရင်သူပုန်များရှိရာ ဓမ်ရှိုမိုင်းဒေသ၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်စပ်ရှိ ကဒူးကြီးဒေသများအထိ၊ ဝင်ရောက် အခြေချလာနိုင်ပါတော့သည်။

ဤသည်မှာ အချက်အချာကျလှသော မွှေလေးလမ်းမကြီးကို စစ်တောင်းအရှေ့ဘက် တောင်တန်းများပေါ်မှနေ၍ စတင်ခြိမ်းခြောက်ရန် ခြေကုတ်ယူနေခြင်း ဖြစ်ပါသည်။

ထို့နောက် တရုတ်ဖြူဒီဗီဇံတပ်တတပ်သည် ဩဂုတ်လတွင် မော်ချီးမှ 'ဖာပွန်' ကိုဖြတ်ကာ 'မော်လမြိုင်'၊ 'ကျိုက္ကမီ' ခရိုင် အတွင်း ဝင်ရောက်ကာ မွန်ဒေသ ပင်လယ်ကမ်းစပ်များ (ကရင်ပြည်၊ ပဌ၊ ကော့ခွက်) အထိ ချီတက်တပ်စွဲ ခဲ့ကြပါသည်။ ဤသည်မှာ တောင်ဘက်စစ်ကြောင်းဖြစ်သည်။ ရေကြောင်းဖြင့် အကူအညီများ တိုးချဲ့ပေးပို့နိုင်ရန် ဖြစ်သည်။

အလယ်ပိုင်းစစ်ကြောင်းမှာ ဝ–နယ်၊ 'ပန်ယန်း' တွင် အခြေပြုပြီး သံလွင်မြစ်အနောက်ဘက်ကမ်းကူးကာ လားရှိုးအရှေ့တောင်ဘက်ရှိ မိုင်းရှူးဒေသတွင်းသို့ ကျူးကျော်ဝင်ရောက် တပ်စွဲလာသည်။ တောင်ကြီးမြို့၏ အရှေ့တောင်ဘက် 'မိုးနဲမြို့'အနီးဒေသများကိုလည်း ဝင်ရောက်လာကြသည်။ ကျိုင်းတုံခရိုင်အတွင်းရှိ 'မိုင်းပျဉ်အောင်လွင်ပြင်' ကို ချီတက်တပ်စွဲကြသည်။ ကျိုင်းတုံ – တောင်ကြီးလမ်းမ ကြီးကို ကြီးကျယ်စွာ ခြိမ်းခြောက်လိုက်ခြင်းပင် ဖြစ်သည်။

ဤသို့ ၁၉၅၂ ခုနှစ် တနှစ်လုံး ဗမာပြည်အတွင်းပိုင်းရောက်အောင် တိုးချဲ့ဝင်ရောက်ပြီးနောက် ၁၉၅၃ ခုနှစ် တွင်မူ ကျနော်တို့၏ တပ်များကို

နေရာအနှံ့အပြားမှ စတင်တိုက်ခိုက်ပါတော့သည်။ တဖက်မှာ ဤကဲ့သို့ စတင်တိုက်ခိုက်ပြီး တဖက်မှလည်း သူတို့၏ အင်အားကို တနသ်ာရီပင်လယ် ဘက်က မော်မိုဆာ (ထိုင်ဝမ်) နှင့် တိုက်ရိုက် သင်္ဘောလမ်းဖွင့်ပြီး တိုးချဲ့ဖို့ ကြီးကျယ်သည့် စီမံကိန်းနှင့် ကြိုးစားခဲ့သေးသည်။

၁၉၅၃ ခုနှစ် ဆန်းလျှင်ဆန်းချင်း ရှမ်းပြည်အလယ်ပိုင်းဒေသတွင် အချက်အချာဖြစ်သော မိုင်းရှူးနှင့် 'မုံးအေ့'ကို စတင်တိုက်ခိုက် သိမ်းပိုက်လိုက်ကြသည်။ ဒုတိယ 'လွိုင်ကော်'မြို့ကို တိုက်သော်လည်း အကျအဆုံးများစွာနှင့် ဆုတ်သွားရသည်။ 'မိုင်းပန်'မြို့ကို တော့ ဖေဖော်ဝါရီလတွင် သိမ်းပိုက်ရရှိသွားသည်။ တရုတ်ဖြူများ (၃) ရက်ကြာ သိမ်းထားခဲ့ကြသည်။ တချိန်တည်းမှာလိုပင် ဗမာပြည် မြောက်ပိုင်းသို့ ဝင်ရောက်နေသည့် တရုတ်ဖြူတပ်များသည် တရုတ် – မြန်မာနယ်စပ်မြို့များဖြစ်သည့် 'မုဆယ်' 'ကြူကုတ်' 'မိုင်းယု'မြို့များကို တပြိုင်နက်တည်း ဝိုင်းတိုက်ကြသည်။

မိုင် (၂၈၀) ကျော်ရှိသော တောင်ကြီး – ကျိုင်းတုံလမ်းမကြီးပေါ်တွင်လည်း တရုတ်ဖြူတပ်များ အတော်လှုပ်ရှားကာ၊ တပ်စခန်းများကို ဝင်ရောက်တိုက်ခိုက်ကြသည်။

ဤကဲ့သို့ တရုတ်ဖြူများ ဗမာပြည်တွင်း ကျူးကျော်ဝင်ရောက်လာမှုအပေါ် ဗမာပြည်သူများက အုံကြွဆန့်ကျင်လာပါသည်။ ၁၉၅၂ –၅၃ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ် ဖြစ်သဖြင့် သတင်းစာနယ်ဇင်း လွတ်လပ်ခွင့်များလည်း အသင့်အတင့် ရှိသေးသဖြင့် တိုးတက်သည့် အယူအဆရှိသည့် စာစောင်များ၊ လက်ဝဲစာစောင်များလည်း ထုတ်ဝေလျက် ရှိနေပါသည်။ ထို့ကြောင့်ပြည်သူများ နိုးကြားနေပြီး ထိုအန္တရာယ်ကို ဖြေရှင်းရန် အစိုးရအား တိုးတက်တောင်းဆိုနေကြပါသည်။

ထို့ကြောင့် ဖဆပလ အစိုးရအနေနှင့် တရုတ်ဖြူကျူးကျော်မှုကို တိုက်ထုတ်ရန် စီစဉ်စိုင်းပြင်းရပါတော့သည်။ ၁၉၅၃ ခုနှစ်တွင် တပ်မတော်မှ နေရာအနှံ့အပြားကို အပြင်းအထန် ပြန်လည်တိုက်ခိုက် သိမ်းယူရပါသည်။ တရုတ်ဖြူတပ်များကို သံလွင်မြစ်အရှေ့ဘက် ကမ်းအထိ ပြန်လည် မောင်းထုတ်နိုင်ခဲ့ပါသည်။

တောင်ပိုင်းစစ်ဆင်ရေးတွင်လည်း သံတောင် –မော်ချီလမ်းကို ဗမာ့တပ်မတော်က ပြန်သိမ်းပိုက်လိုက်ပါသည်။ တောင်ငူနယ်ရှိ ကရင်သူပုန်များက တရုတ်ဖြူများကို လက်မခံသဖြင့် အတော်သက်သာသွားခြင်းဖြစ်ပါသည်။ တောင်ငူသာ ရန်သူ့လက်ကျသွားပါက ဗမာပြည် ထက်ပိုင်း ကျိုးသလို ဖြစ်နိုင်ပေသည်။

နောက် တောင်ပိုင်းတွင် ဒုတိယအရေးကြီးသည့် စစ်ဆင်ရေးမှာ 'ကရုပ္ပိ–ပင'ပင်လယ်စပ်တွင် တပ်စွဲထားသော တရုတ်ဖြူတပ်များကို ပင်လယ်ကြောင်းမှရော၊ ကုန်းကြောင်းမှပါ တိုက်ခိုက်မောင်းထုတ်ရခြင်းဖြစ်ပါသည်။ ဤနေရာတွင် တရုတ်ဖြူများ တပ်စွဲရသည့် အကြောင်း၏ နောက်ကွယ်တွင် အလွန်ကြီးမားသည့် စီမံကိန်းရှိနေကြောင်း နောက်ပိုင်းကျမှ သိလာရပါသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ဗမာပြည်တွင်း တရုတ်ဖြူတပ်များအတွက် တပ်သစ်များ တည်ဆောက်ဖို့ လက်နက်ပစ္စည်း တန်ပေါင်းများစွာ လိုအပ်ရုံမက တပ်မှူးတပ်သားအပါအဝင် လူအင်အားလည်း အများအပြား လိုအပ်လျက်ရှိရာ ထိုလိုသမျှ ပစ္စည်းများကို သင်္ဘောဖြင့်ပို့ရန် ပင်လယ်ကမ်းစပ် လိုအပ်ပါသည်။ ထိုမွန်ပြည်နယ် ကမ်းစပ်ဒေသများသည် ရေ (၆) ပေ မှ (၉) ပေကျော်အထိ နက်သဖြင့် သင်္ဘောများ အလွယ်တကူ ကပ်နိုင်ပါသည်။ ထို့ကြောင့် ထိုဒေသမှ တရုတ်ဖြူများကို မောင်းထုတ်လိုက်နိုင်သဖြင့် တရုတ်ဖြူ၏ တပ်နောက်ထပ်တိုးချဲ့ရေး အစီအစဉ်ကို အတော်ပင် အားနည်းသွားစေခဲ့ပါသည်။ ထိုဒေသကို ကျနော်တို့တပ်များ တိုက်နေစဉ်မှာပင် ဖော်မိုဆာ (ထိုင်ဝမ်) မှ ပထမအသုတ် သင်္ဘောများသည် တပ်မှူးများ၊ လက်နက်ပစ္စည်းများ သယ်ဆောင်ကာ မြိတ်ကျွန်းစုသို့ ဆိုက်ရောက်လာကြောင်း နောက်ပိုင်းသိရပါ သည်။ တရုတ်ဖြူများအနေနှင့် ၎င်းတို့တပ်စွဲထားသော ပင်လယ်ကမ်းစပ်များမှ ဆုတ်ခွာထွက်ပြေးနေရသည့်အတွက် ထိုသင်္ဘောစုနှင့် ဝိုင်ယာလက် အဆက်အသွယ်ပြတ်ကာ ဆက်လက်ဝင်မလာနိုင်တော့ဘဲ ဆုတ်ခွာသွားကြရပါတော့သည်။

၁၉၅၃ ခုနှစ် မတ်လတွင် တရုတ်ဖြူများ အခိုင်အမာစွဲထားသည့် မိုင်းတုံနှင့် မိုင်းဆတ်လွင်ပြင်ကို သိမ်းပိုက်ရန်ရည်ရွယ်ချက် အထူး စစ်ဆင်ရေးကြီးတရပ် ပြုလုပ်ရန် မြောက်ပိုင်းတွင် ပြင်ဆင်ပါသည်။ ထိုစစ်ဆင်ရေးမှာ "နဂါးနိုင်စစ်ဆင်ရေး"ပင် ဖြစ်သည်။

သို့သော် ထိုစစ်ဆင်ရေး၏ ပထမအဆင့်မှာပင် မြန်မာတပ်များ လက်နက်ပစ္စည်းရော၊ လူအင်အားအများအပြားပါ ကျဆုံး–ဆုံးရှုံးရပြီး ပြန်ဆုတ်ခဲ့ရပါတော့သည်။ တရုတ်ဖြူတပ်များက ကျနော်တို့တပ်များ သံလွင်မြစ်ကျော်သည်ကို စောင့်ကြည့်နေပြီး သံလွင်မြစ် အရှေ့ဘက်ကမ်း တလျှောက် ပေ (၅,၀၀၀) ကျော်မြင့်သည့် တောင်ထွတ်များပေါ်က ယခင် ဂျပန်ခေတ်စဉ်က ဆောက်လုပ်ထားသည့် ခံတပ်ငယ်များမှ ခံပြီး၊ ကျနော်တို့တပ်များ အကုန်နီးပါး မြစ်ကူးလာပြီးမှ သံလွင်မြစ်နှင့်ပိတ်ပြီး အကြီးအကျယ်တိုက်ခိုက်ရာ ကျနော်တို့တပ်များ လက်နက်ကြီးအမြောက်များ ထားခဲ့ရပြီး မြစ်ကူး ပြန်ပြေးခဲ့ကြရပါသည်။

ဤမျှအရေးပါသည့် စစ်ဆင်ရေးကြီး ကျနော်တို့ဘက်မှ အရေးနိမ့်သွားရသည့်အတွက် တရုတ်ဖြူများ ပိုမိုအားတက်ကာ ခေါင်းမာစွာ ဆက်လက်လှုပ်ရှား လာပါသည်။

ထိုအတွင်းမှာပင် ပြည်သူလူထုကလည်း လှုပ်ရှားအုံကြွလာပြီး တရုတ်ဖြူအန္တရာယ် တားဆီးရေးအတွက် တောင်းဆိုလာမှုကြောင့် ဖဆပလ အစိုးရအနေနှင့် စစ်ရေးအရ အရေးယူမှုများအပြင် သံခင်းတမန်ခင်းအဖြစ် ၁၉၅၃ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးသို့ ကိုယ်စားလှယ်လွှတ် တိုင်တန်းရပါတော့သည်။ သက်သေခံ အလုံအလောက်နှင့် တိုင်ကြားသည့်အတွက် နိုင်ငံအများ၏ ထောက်ခံမှုကို ရရှိခဲ့ပါသည်။

ထို့ကြောင့်ပင် ကျူးကျော်သူတပ်များ ထွက်ခွာပေးရမည်ဆိုသော ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂဝင် နိုင်ငံပေါင်း (၆၀) အနက် (၅၉) မဲ ထောက်ခံချက်ဖြင့် ဆုံးဖြတ်နိုင်ခဲ့ပါသည်။ ကြားနေမဲ ပေးခဲ့သော တဦးတည်းသော နိုင်ငံမှာ တရုတ်ဖြူများပင် ဖြစ်ပါသည်။(ထိုစဉ်က ကုလသမဂ္ဂတွင် တရုတ်ပြည်၏ တရားဝင် ကိုယ်စားလှယ်မှာ တရုတ်ဖြူများပင် ဖြစ်နေပါသေးသည်။)

ထိုစဉ်က ကျူးကျော်သူဟု ဆိုရာတွင် တရုတ်ဖြူဟု နာမည်တပ်ခွင့် မရပါ။ "ကျူးကျော်သူ နိုင်ငံခြားတပ်များ"ဟုသာ အမည်တပ်ရပါသည်။ ကျူးကျော်သူ တရုတ်ဖြူဟု ဆိုလိုက်လျှင် တရုတ်ဖြူများကို ရှုတ်ချဖို့၊ ကုလသမဂ္ဂမှ ထုတ်ပစ်ဖို့များအထိ အရေးယူခိုင်းလာမှုများ ဖြစ်လာနိုင်သည်ကို ကာကွယ်ရန်အတွက်နှင့် တရုတ်ဖြူများ နောက်ကွယ်ရှိ ဆရာရင်း အမေရိကန်များ အထိပါ လိုက်ရှုတ်ချလာနိုင်မှုများကို ကာကွယ်ရန်တို့ အတွက်ပါ ဖြစ်ပါသည်။ ဗမာပြည်ဘက်အနေနှင့်လည်း ထွက်သွားပြီးရော သဘောထား လိုက်လျော ခဲ့ကြရပါသည်။

ထိုဆုံးဖြတ်ချက်ကျပြီးနောက် အကောင်အထည်ဖော်ရန်အတွက် မြန်မာ၊ ထိုင်း၊ အမေရိကန်၊ တရုတ်ဖြူ(၄)နိုင်ငံ စစ်ဖက်ကော် မရှင်တခုဖွဲ့ပြီး ဆောင်ရွက်ရန် စီစဉ်ကြရပါသည်။ ထိုဆွေးနွေးပွဲများကို ၁၉၅၃ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ စတင်၍ ပြုလုပ်သော်လည်း အချိန်ဆွဲရန်သာ ရည်ရွယ်ကြောင်း ထင်ရှားလာပါသည်။ နောက်ဆုံး တရုတ်ဖြူကိုယ်စားလှယ်များက ဆုတ်ခွာရေးကို လုံးဝငြင်းပယ် လိုက်ပါတော့သည်။

ပြည်သူလူထုက ကုလသမဂ္ဂ၏ ဆုတ်ခွာပေးရမည် ဟူသောဆုံးဖြတ်ချက်ကြောင့် အုံကြွမှုအရှိန် ကျသွားပါသည်။ မိုးကလည်း ကျလာပါပြီ။ စစ်ရေးအရလည်း နဂါးနိုင်စစ်ဆင်ရေး အရေးရှုံးနိမ့်မှုကြောင့် ဘာမှ ဆက်မလုပ်နိုင် ဖြစ်နေပါသည်။ ဖဆပလ အစိုးရအနေနှင့်ကလည်း သူ့၏ပင်ကိုယ် ဖောက်ပြန်ရေး အနေအထားကြောင့် ပြည်သူလူထု လုံးဝအုံကြွလာအောင် မလုပ်ရဲပါ။ နဂါးနိုင်စစ်ဆင်ရေး ရှုံးနိမ့်မှုများကို ဖုံးဖိထားခြင်း၊ (၄) နိုင်ငံ ကော်မရှင်အစည်းအဝေးများကို တမင်သက်သက် အချိန်ဆွဲ ပြုလုပ်နေခြင်း စသည့်အချက်များကို ပြည်သူလူထုကို အသိမပေးဘဲ ဖုံးဖိထားပါသည်။

ထိုအချိန်မှာ ကျနော်တို့နိုင်ငံ မျက်နှာအငယ်ဆုံးအချိန် ဖြစ်ပါသည်။ တချို့နိုင်ငံကြီးများက (အထူးသဖြင့် နယ်ချဲ့နိုင်ငံများက) "ဘာကုလသမဂ္ဂ တိုင်ရမှာလဲ။ ကိုယ်မခံချင်ရင် ကိုယ့်ဟာကိုယ်တိုက်ပေါ့"– ဟု ပြောကြပါသည်။ "တရုတ်ကို မနိုင်ရင် ဘာလို့လွတ်လပ်ရေး ယူသေးလဲ။ ကျွန်းကလေး တကျွန်းပေါ် တက်နေကြပါလား"– ဟုပင် ပြောင်လှောင်ပြောဆိုခြင်း ခံလာကြရပါသည်။ အလွန်နာကြည်း ဖွယ်ရာ ဖြစ်ခဲ့သည်။

## မြောက်ပိုင်းတိုင်းမှူးအဖြစ် ပြောင်းရခြင်း

၁၉၅၃ ခုနှစ်၊ ဇူလိုင်လအတွင်း ကျနော့်ကို တရုတ်ဖြူအန္တရာယ်ကို ခုခံတွန်းလှန်ရန်တာဝန်ပေးပြီး မြောက်ပိုင်းတိုင်းမှူးအဖြစ် ပြောင်းရွှေ့ ခန့်ထားလိုက်ပါသည်။ ကျနော်လည်း မင်္ဂလာဒုံတွင် တောင်ပိုင်းတိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေရာမှ မြောက်ပိုင်းတိုင်း ရုံးစိုက်ရာ မေမြို့သို့ ပြောင်းရွှေ့ခဲ့ရပါသည်။

ထိုအချိန်ကာလမှာ ဗမာ့တပ်မတော်အတွင်း ဆိုရှယ်လစ်တပ်မှူးများ အလွန်ခြေရှုပ်လာသော အချိန်လည်း ဖြစ်ပါသည်။ တရုတ်ဖြူအန္တရာယ်ကို ကုလသမဂ္ဂတိုင်ကြားရာတွင်လည်း နိုင်ငံခြားတပ်များ ရုပ်သိမ်းပေးရမည်ဟူသော ဆုံးဖြတ်ချက် ချမှတ်လိုက်နိုင် သဖြင့် တရုတ်ဖြူတပ်များကို အလွယ်တကူ မောင်းထုတ်နိုင်လိမ့်မည်ဟု ထင်မြောင်မှားခဲ့ကြပါသည်။ ထို့ကြောင့်ပင် တပ်မတော်အတွင်းရှိ ဆိုရှယ်လစ်တပ်မှူးများက ဆိုရှယ်လစ်အမာခံ တဦးဖြစ်သည့် ဗိုလ်ကျော်စိုး (နောင် မဆလခေတ် – ပြည်ထဲရေးဝန်ကြီး) ကို ပွဲထုတ်ကာ စစ်ဆင်ရေးမှူးချုပ်ခန့်ပြီး နဂါးနိုင်စစ်ဆင်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြပါသည်။ ထိုကာလက ကုလသမဂ္ဂက ဖွဲ့စည်းပေးခဲ့သည့် (၄) နိုင်ငံ စစ်ကော်မရှင်တွင်လည်း ဗိုလ်အောင်ကြီးက မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ် ပါဝင်ဆောင်ရွက်နေပါသည်။

နဂါးနိုင်စစ်ဆင်ရေး အရေးနိမ့်သွားပြီး (၄) နိုင်ငံ စစ်ကော်မရှင် အစည်းအဝေးကလည်း တိုးတက်မှု တခုမှမရှိလာသည့် အခါကျမှ ကျနော့်ကို တာဝန်ပေးခြင်း ဖြစ်ပါသည်။

ကျနော် မေမြို့သို့ မိသားစုအားလုံးပါခေါ်၍ မိုးတွင်းကြီးမှာ ပြောင်းရွှေ့သွားရပါသည်။ ကျနော့်အငယ်ဆုံးသား တွတ်တွတ်မှာ (၆) လ သားလေးသာ ရှိပါသေးသည်။ သူ့ကို ၁၉၅၂ ခုနှစ်၊ နှိဝင်ဘာလထဲတွင် မင်္ဂလာဒုံ၌ ဖွားမြင်ခြင်းဖြစ်ပါသည်။

ကျနော် မေမြို့ရောက်ပြီး မကြာမီမှာပင် ဘန်ကောက်မြို့၌ ကျင်းပနေသည့် (၄) နိုင်ငံ စစ်ကော်မရှင်က သဘောထားတခု ရရှိလာပါသည်။ အမေရိကန်နှင့် တရုတ်ဖြူကိုယ်စားလှယ်တို့က ဗမာပြည်တွင်းရှိ အရေးကြီးသော တရုတ်ဖြူအခြေခံစခန်းလုပ်ထားသည့် မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းယောင်းတို့ကို ဗမာ့တပ်မတော်သို့ လွှဲပြောင်းပေးပါမည်ဟု ဆိုလာသည်။ သို့သော် ခေါင်းမာသော တရုတ်ဖြူအချို့လည်း ရှိနိုင်သဖြင့် တိုက်ပွဲ အနည်းအကျဉ်းလည်း ဖြစ်နိုင်သည်ဟု ဆိုပါသေးသည်။

ထိုအခါ အစိုးရက အထက်ပါနေရာများကို ဝင်မည်၊ မဝင်မည် သဘောထားပေးရန် ကျနော့်ကို မေးမြန်းလာပါသည်။

မိုးတွင်း အလယ်ကြီးဖြစ်၍ အလွန်မြင့်သော တောင်တန်းများအပေါ် ရေစီးသန်သောမြစ် – ချောင်းများ ဖြတ်ရှိတက်ရမည့် အရေးမှာ မလွယ်ကူလှပါ။ တိုက်ပွဲများလည်း ဖြစ်နိုင်သေးသည်ဟု ဆိုထားသေးသည်။ သို့သော် ကျနော်သည် တပ်မှူးများနှင့်ထိုင် အသေးစိတ် ဆွေးနွေးကြည့်ပါသည်။ ထိုအချိန်က တပ်မှာလည်း နဂါးနိုင်စစ်ဆင်ရေး ရှုံးနိမ့်မှုကြောင့် စိတ်ဓာတ်တစုံတရာ ထိခိုက်ကျဆင်းနေပါသည်။

ကျနော်တို့ အသေးစိတ် တွက်ချက်တိုင်ပင်ပြီးနောက် နွေဥတုတွင် ကြီးကျယ်စွာတိုက်ရသည်ထက် စာလျှင် ယခုဥတုနှင့် တိုက်ပွဲကလေးများကို ရင်ဆိုင်မည်။ သတိ၊ ဝီရိယနှင့် စနစ်တကျ အဆင့်ဆင့် ပြင်ဆင်ပြီး တထစ်ပြီးတထစ် ချီတက်လျှင် အကျအဆုံးနည်းစွာ နှင့် ဖြစ်နိုင်သည်ဟု ထင်မြင်ယူဆပြီး ကျနော်တို့ ချီတက်သိမ်းပိုက်မည်ဟု အကြောင်းပြန်ကြားလိုက်ပါသည်။

သူတို့ပြောဆိုလာသည့် ရက်ချိန်းအမီ သိမ်းနိုင်ဖို့လည်း တပ်တွေကို ခရာခဲဆစ် ပြင်ဆင်ရပါသည်။ တပ်သားများ ရိက္ခာပစ္စည်းများ၊ လက်နက်ကိရိယာများ၊ ဝန်တင်လားမြည်းစသဖြင့် လိုအပ်သမျှ စုစည်းပြင်ဆင်ရပါသည်။ သံလွင်မြစ်ကို ရေစီးအသန်ဆုံးအချိန်ဖြစ် သည့် ဝါဆို – ဝါခေါင်တွင် ဖြတ်ကျော်ပြီး မိုင်းပုအောင်တွင် အားလုံးစု–ရပ်စေရပါသည်။

နောက်ဆုံး ရက်ချိန်းနီးကပ် လာစဉ်မှာပင် ကျနော်တို့ အစောကတည်းက သံသယရှိမိသည့်အတိုင်း အမှန်ဖြစ်လာပါသည်။ တရုတ်ဖြူ ကျူးကျော်သူများက ဗမာ့တပ်များကို သူတို့အခြေခံစခန်းများအတွင်းသို့ ဝင်ခွင့်မပေးနိုင်ဟု ပြောင်ပြောင်ပင် ငြင်းဆိုလိုက်ပါတော့သည်။ အတော်ပင် နာကြည်းခံခက်စရာ ဖြစ်ရပါသည်။

၎င်းတို့ အခြေခံကပင် ရိုးသားမှုမရှိပါ။ မိုးတွင်းကျလာအောင် အချိန်ဆွဲထားပြီး သူတို့ကန့်သတ်ပေးသည့် ရက်ချိန်းအမီ နေရာ လေး – ငါးနေရာကို ဖယ်ပေးမည်၊ ဝင်ရောက်နိုင်လျှင် ဝင်ယူပါဟု ဆိုလာခြင်းဖြစ်သည်။ သူတို့ ရိုးသားလျှင် ထွက်ခွာသွားပေးရုံသာ ရှိသည်။ မိုးတွင်းကြီး ဗမာတပ်များ ဝင်လာရဲမှာမဟုတ်။ ဝင်မလာလျှင် သူတို့တာဝန်ကျေပြီဟု ဝါဒဖြန့်ရန်အတွက်သာ ရည်ရွယ်ရင်း ဖြစ် သည်။ ကျနော်တို့ဘက်က ဘယ်လိုပဲဖြစ်ဖြစ် ဝင်မည်ဟု ဆုံးဖြတ်လိုက်တော့ သူတို့ အကျပ်ရိုက်သွားပြီး ပြောင်ပြောင်ပင် ငြင်းပယ်ရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် (၄) နိုင်ငံအစည်းအဝေးမှ မြန်မာကိုယ်စားလှယ်အဖွဲ့ နုတ်ထွက်လိုက်သဖြင့် ထိုကော်မရှင်လည်း ပျက်သွားပါတော့ သည်။

ဤနေရာက်ပိုင်းတွင်လည်း တရုတ်ဖြူများ ဆုတ်ပေးမည်။ အပစ်အခတ် ရပ်စဲထားပါဟု ဆိုလာပြီး ကလေးလူကြီး အိမ်ထောင်သည်များကို ဆုတ်ခွာခြင်း၊ လက်နက်အညံ့စားများသာ ယူသွားခြင်းစသည့် လုပ်ငန်းများ လုပ်ကြပါသေးသည်။

သို့သော် ကျနော်တို့ စိတ်မဝင်စားတော့ပါ။ တရုတ်ဖြူပြဿနာ ဖြေရှင်းရေးသည် မိမိတိုင်းပြည်အင်အားပေါ်တွင်သာ ရပ်တည်ရတော့မည် ဆိုသည့် သင်ခန်းစာကို ကောင်းစွာရရှိခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့်ပင် ၁၉၅၃ခုနှစ်၊ မိုးဥတုကုန်သောအခါ သံလွင်မြစ်အနောက်ဘက်ကမ်းရှိ တရုတ်ဖြူတပ်များကို ရှင်းလင်းတိုက်ခိုက်ပစ်ရပါသည်။ ဒီဇင်ဘာလ ကုန်တွင်တော့ သံလွင်အနောက်ဘက်ခြမ်းရှိ တရုတ်ဖြူများကို အရှေ့ဘက်ကမ်းသို့ မောင်းထုတ်လိုက်နိုင်ပါတော့သည်။ ကျနော် ဤစာတမ်းကို ရေးနေစဉ်မှာပင် လွန်ခဲ့တဲ့ (၁၀) နှစ်ခန့်က ကျနော်ရေးခဲ့ဖူးသည့် "ဘုရင့်နောင်စစ်ဆင်ရေးမှတ်တမ်း" စာတမ်းကို ပြန်ရှာဖွေ တွေ့ရှိခဲ့ပါသည်။ ထိုစဉ်က ကျနော်သတိရသလောက် အတော်ပြည့်စုံစွာရေးထားသည့် စာတမ်းဖြစ်သဖြင့် ပြန် လည်ဖော်ပြလိုက်ပါသည်။

### ဘုရင့်နောင်စစ်ဆင်ရေးကြီး
### *(၁၉၅၄ခုနှစ်မတ်လ၁–ရက်မှ မေလကုန်အထိ)*

**၁။ နောက်ခံသမိုင်းအကျဉ်း**

(က) ရန်သူ့နောက်ခံသမိုင်းမှာ ရန်သူမှာတရုတ်ဖြူ ကူမင်တန်များ ဖြစ်သည်။ ၁၉၄၉ခုနှစ် တရုတ်ကွန်မြူနစ်ပါတီ ဦးဆောင်မှုဖြင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မှ ကူမင်တန် ချန်ကေရှိတ်တပ်များကို တိုက်ခိုက်ပြီး တရုတ်ပြည်ကို လွတ်မြောက်စေရာ၊ တရုတ်ပြည်အနောက်တောင်ဘက်၊ ယူနန်ပြည်နယ်မှ ကွန်မြူနစ်ဆန့်ကျင်ရေး အမာခံ ဂျင်နရယ်လီမီဦးစီးသော တရုတ်ဖြူ လေး–ငါးထောင်ခန့် သည် ၁၉၄၉ ခုနှစ်ကုန် ၁၉၅၀ ခုနှစ်ဆန်း၊ ကျိုင်းတုံခရိုင်တွင်း ဝင်လာပြီး မိုင်းဆတ်တွင် အခြေချခဲ့သည်။

၎င်းတို့ကို အမေရိကန်စီ–အိုင်–အေနှင့် ပူးပေါင်းပြီး နောက်ထပ်ဝင်လာသူများနှင့် တရုတ်၊ ဗမာ၊ ထိုင်းစသည်တို့မှလည်း ထပ်ပြီး တရုတ်ဖြူစစ်သားစုပြီး၊ ၁၉၅၁ ခုနှစ်ကျော်တွင် စုစုပေါင်းအင်အား (၁၂,၀၀၀) တသောင်းနှစ်ထောင်ကျော်အထိ တိုးချဲ့စည်းရုံးပြီး ပထမ တရုတ်–ဗမာနယ်စပ်မှ ဗမာပြည်အတွင်း သံလွင်မြစ်အကြား ဗမာပြည်တွင်းတလျှောက်မှာ အခြေခံပြီး နောက်တဖက်က တရုတ်ပြည်နယ်စပ်ပိုင်းကို ဝင်နှောက်ယှက်တဲ့ စစ်ဆင်ရေးအသေးစားအချို့ လုပ်ပြီး၊ တဖက်က သံလွင် အနောက်ဘက်ကျော်ကာ ဗမာပြည် အတွင်းပိုင်းသို့ တဆင့်တိုးဝင် ကျူးကျော်ခဲ့သည်။ ထိုအချိန်ကစ၍ ဗမာပြည်သူလူထုထဲတွင် ဗမာပြည်ကွန်မြူနစ်ပါတီက စတင်လှုံ့ဆော်သည့် နယ်ချဲ့နှင့် တရုတ်ဖြူဆန့်ကျင်ရေး လှုပ်ရှားမှုကြီး ပေါ်ထွက်လာခဲ့သည်။

တရုတ်ဖြူများသည် ရှမ်းပြည်နယ်သာမက ကယားပြည်နယ်ကိုပါ ကျူးကျော်ဝင်ရောက်ပြီး တောင်ငူအရှေ့ မော်ချီးမိုင်းဒေသ အထိ၊ ကယားသူပုန်များနှင့် ပူးပေါင်းပြီးနောက်၊ တောင်ပိုင်းမှ ကရင်နှင့် မွန်သူပုန်များနှင့်လည်း ဆက်သွယ်ကာ ၎င်းတို့ကြီးစိုးရာ (ကရင် – ပင) ဆိုသော ပင်လယ်ကမ်းစပ် ရွာကြီးတွေဝင်၊ တပ်ခွဲမှုကို ၁၉၅၂ နှစ်တွင် ပြုလုပ်ခဲ့ကြသည်။ ၎င်း၏ ရည်ရွယ်ချက်မှာ နောက်ထပ်ဗမာ ပြည်တွင် ကူမင်တန် တရုတ်ဖြူတပ်သစ်များကို တိုးချဲ့ရန် ထိုင်ဝမ်မှ ဝေဒါများ၊ လက်နက်ပစ္စည်းခဲယမ်းများ သင်္ဘောနှင့် တိုက်ရိုက်ပို့ရန် ဖြစ်သည်။ ၎င်းကို ၁၉၅၃ – ၅၄ ကျမှ ပိုပြီးရှင်းရှင်းသိလာရသည်။ ထိုနေရာမှ ဗမာပြည်မှ ဘိန်းများကို တိုက်ရိုက်နိုင်ငံခြားသို့ ထုတ်နိုင်သဖြင့် ထိုင်းပုလိပ်ကတဆင့် ရောင်းနေရတာထက် ပိုမြတ်စွန်းနိုင်သည်။ ထို့ကြောင့် ပင်လယ်လမ်းကိုဖောက်ရန် ကြိုးစားခြင်း ဖြစ်ပုံရသည်။

**တရုတ်ဖြူကျူးကျော်လာသည့် ရည်ရွယ်ချက်များမှာ–**

၁။ နယ်စပ်မှ တရုတ်ပြည်မကြီး အစပ်ဝင်ပြီး နှောက်ယှက်နေခြင်းဖြင့်၊ တရုတ်ပြည်တွင် မငြိမ်းချမ်းသေးဟူသော အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂက တရုတ်ပြည်အသိအမှတ်ပြုရေးကို အချိန်ဆွဲထားပြီး တရုတ်ကွန်မြူနစ်တိုင်းပြည်အား ဆန့်ကျင်ရေး ဆက်လုပ်သွားရန်။

၂။ ဗမာအစိုးရကို လုံးဝ အမေရိကန်နောက်လိုက် ဖြစ်စေရန်။

၃။ အလားတူ အရှေ့တောင်အာရှ နိုင်ငံများ၊ ထိုင်းအပါအဝင် အခြားတိုင်းငယ်ပြည်ငယ်တွေအပေါ်လည်း ခြိမ်းခြောက်လွှမ်းမိုးပြီး၊ အမေရိကန်ခြေခံများ ဖြစ်စေရန်။

၄။ လက်တွေ့လုပ်နေရင်းက ရလာတဲ့ ဘိန်းအရောင်းအဝယ် အကျိုးအမြတ်များကလည်း မက်လုံးတလုံးဖြစ်လာဟန် ရှိသည်။

၅။ တရုတ်ပြည်တွင်းရှိ ကွန်မြူနစ်ဆန့်ကျင်ရေးသမားများ၊ ချန်ကေရှိတ်နောက်လိုက်များအတွက်လည်း အမေရိကန်က သူတို့ ဘက်ကနေပြီး ကွန်မြူနစ်တရုတ်ပြည်ကို ဝင်တိုက်ပေးမည့် မျှော်လင့်ချက်ကို ဖြစ်စေပြီး၊ တရုတ်ပြည်တွင်း ခုခံလှုပ်ရှားမှုများကို ဆက်လက်ဖြစ်စေချင်သည့် သဘောလည်း ရှိသည်။

ဗမာအစိုးရ (ဖဆပလအစိုးရ) အနေနှင့်လည်း လူထုအုံကြွလာမှုကြောင့် မလွှဲမရှောင်သာ တရုတ်ဖြူကိစ္စ ကိုင်တွယ်လာရသည်။ ကုလသမဂ္ဂမှာ တိုင်တန်းသည့်အတွက် ထိုနိုင်ငံခြားတပ်များ ဆုတ်ခွာပေးရေးကို တရုတ်ဖြူ ထိုင်း၊ အမေရိကန်နှင့် ဗမာ (၄) နိုင်ငံ အစည်းအဝေးထိုင်ပြီး ဖြေရှင်းရန် ဆုံးဖြတ်ခဲ့ရသည်။ ၁၉၅၃ခုနှစ်တွင် ထိုင်း၌ ထို (၄) နိုင်ငံအစည်းအဝေးများ ကျင်းပခဲ့သည်။ ဗိုလ်နေဝင်းတို့က ထိုဆွေးနွေးမှုများအရ တရုတ်ဖြူအဓိက အင်အားများ ထွက်သွားလိမ့်မည်ဟု ထင်ခဲ့ကြသည်။ ထိုအခွင့်အရေးယူပြီး တပ်တချို့ ဝင်ရောက်ချိတက် တိုက်ခိုက်လိုက်ရင် လွယ်လွယ်နှင့် အောင်နိုင်မည်ဟု တွက်ဆခဲ့ကြသည်။ ထို့ကြောင့် အစဉ်အလာအရရော၊ အဆင့်နေရာအရရောကျော်ကာ၊ သူတို့ဆိုရှယ်လစ်ပါတီမှ တပ်မှူးအချို့နှင့် ဝင်တိုက်ဖို့ စီစဉ်ကြပါသည်။ တပ်တွင်းရှိနေသော ကွန်မြူနစ်ယိမ်းသူများ၊ မျိုးချစ်များကိုကျော်၍ နေရာပေးနိုင်အောင် စီစဉ်ခြင်း ဖြစ်သည်။ ထို"နဂါးနိုင်စစ်ဆင်ရေး"သည် သံလွင်မြစ်ကျော်ဝင်လာသော ဗမာ့တပ်မဟာကို တရုတ်ဖြူတပ်များက သံလွင်အရှေ့ဘက်ကမ်းအတွင်းပိုင်းအထိ ဆုတ်ပေးပြီးမှ သံလွင်နှင့်ညှပ်ပြီး ပြန်တိုက်ချလိုက်လို့ ထိုတပ်မဟာ ပျက်သွားပြီး သံလွင်အနောက်ဘက်ကမ်းသို့ ဖရိုဖရဲ ပြန်ဆုတ်ပြေးလာခဲ့ရရာ လက်နက်ကြီးများ ဆုံးရှုံးခဲ့ရသည်။ ထိုတိုက်ပွဲအပြီး တရုတ်ဖြူများကလည်း သူတို့မဆုတ်နိုင်ဟု ပြောင်ပြောင်းဆန်လိုက်သဖြင့် (၄) နိုင်ငံအစည်းအဝေးမှ

ဗမာကိုယ်စားလှယ်များလည်း အရှက်ကွဲခဲ့ရပြန်သည်။ ဗမာ့စစ်တပ်လည်း စိတ်ဓာတ်ကျဆင်းသွားတော့သည်။

တချိန်တည်းလောက်မှာပင် တောင်ပိုင်းက ဗမာတပ်များက (ကရင်ဦး-ပင) ဒေသ တပ်စွဲထားသည့် တရုတ်ဖြူတွေကို တိုက်ထုတ်လိုက်လို့ ထိုင်ဝမ်က နောက်တပ်မ (၂) ဖွဲ့- ခွဲ့မို့ လက်နက်-ပစ္စည်း-လူများသယ်လာသည့် သင်္ဘောငယ် (၆) စင်းသည်လည်း မြိတ်ကျွန်းစုမှ လှည့်ပြန်သွားရပါသည်။

ဗမာအစိုးရအနေနှင့်ကလည်း တရုတ်ဖြူကိစ္စ ရပ်ထား၍မရ၊ ဆက်ပြီးတတ်နိုင်သမျှ ဖြေရှင်းရန်နှင့် မိမိစစ်တပ် ပြန်လည်စိတ်ဓာတ် တက်ကြွလာစေရန်အတွက် ထိုကိစ္စဖြေရှင်းရန် တပ်တွင်းအစဉ်အလာ ရှိသည့် ကွန်မြူနစ်ဘက်ယိမ်းသည့် မှိုးချစ်တပ်မှူးများကို ၁၉၅၃ ခုနှစ်၊ မိုးရာသီတွင် စလွှဲခဲ့ရပါတော့သည်။

ထို့ကြောင့် ၁၉၅၃-၁၉၅၅ကာလများတွင် ဗမာ့တပ်မတော်သည် သံလွင်အနောက်ဘက်ရှိ တရုတ်ဖြူများကို မော်ချီမိုင်းကစပြီး သံလွင်မြစ်ကမ်းအထိ ပထမ စစ်ဆင်ရေးအငယ်စားများနှင့် ရှင်းပစ်ပြီး၊ ၁၉၅၃ခုနှစ် ဖေဖော်ဝါရီလကုန်ကစ၍ "ဘုရင့်နောင်စစ်ဆင်ရေး" အမည်နှင့် သံလွင်အရှေ့ တရုတ်ဖြူဌာနချုပ်နှင့် အခြေခံစခန်းကြီးကို တိုက်ခိုက်ပြီး၊ တရုတ်ဖြူများကို ထိုင်းနယ်စပ်အထိ မောင်းထုတ်နိုင်ခဲ့ပြီး ဗမာပြည်ပေါ် ခြိမ်းခြောက်နေသည့် တရုတ်ဖြူအန္တရာယ်ကြီးကို ဖယ်ရှားပစ်လိုက်နိုင်သည်။

**၂။ အခြေခံအခြေအနေ အချက်အလက်များ**

(ဤသည်မှာ တိုက်ပွဲတပွဲ၊ ပြဿနာတရပ်ကို ဆင်ခြင်ဖြေရှင်းရန်အတွက် စီမံကိန်းတခု ရေးဆွဲရန် နည်းလမ်းများ ဖြစ်ပေသည်။)

(က) ရည်ရွယ်ချက်-၁။ မိမိတို့၏ တာဝန်ကျေပွန်ရမည်။

၂။ လက်တွေ့အရ ဆောင်ရွက်နိုင်မည့်ဘောင်အတွင်း လုပ်ဆောင်နိုင်စွမ်း ရှိရမည်။

၃။ ဤ ၂ ချက်ပေါ် မူတည်ပြီး ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဖြစ်ရမည်။

**ထည့်သွင်းစဉ်းစားရမည့်အချက်များ**

တရုတ်ဖြူနောက်တွင် အမေရိကန်ရှိခြင်း။ တရုတ်ဖြူများ ကျောပေးလှုပ်ရှားနိုင်သည့် ထိုင်းနယ်စပ်ကြီး ရှည်လျားစွာ ရှိနေခြင်း။

မိမိတပ်အင်အားလည်း သိပ်မရှိ။ မတောင့်တင်း။ တောင်ပေါ်တိုက်ပွဲ အတွေ့အကြုံလည်း မရှိ။ နောက်က ထောက်ပံ့ရေးလမ်း လည်း ရှည်လျားစွာ မလိုက်နိုင်။

ထို့ကြောင့် တရုတ်ဖြူများကို အပြီးအပိုင် ရှင်းလင်းပစ်ဖို့မလွယ်။

ထို့ကြောင့် ရည်ရွယ်ချက် ပထမဆင့်အနေဖြင့် ဗမာပြည်အပေါ် ခြိမ်းခြောက်နေသည့် တရုတ်ဖြူ အန္တရာယ်ကို တွန်းလှန်ဖယ် ရှားပစ်ရန်၊ တရုတ်ဖြူများအား အခြေခံအားဖြင့် ဗမာပြည်အတွင်းပိုင်း ထိုးဝင်ကျူးကျော်နိုင်မည့် နေရာများကနေပြီး 'ထိုင်း' နယ်စပ်သို့ မောင်းထုတ်ရန် ဖြစ်သည်။

ဤကဲ့သို့ မိမိ၏ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိပြီးနောက်တွင် ဘက် (၂) ဘက် (ရန်-ငါနှစ်ဘက်) ၏ ထူးခြားချက်များကို ရှာဖွေရသည်။

(ခ) ရန်သူ

အင်အား ၁။ တသောင်းနှစ်ထောင်ကျော်ရှိပြီး သုံးထောင်ခန့်မှာ မိမိယခု စစ်ဆင်ရေးနှင့် တိုက်ရိုက်မကျသော တောင်ကြီး-ကျိုင်းတုံကားလမ်း မြောက်ဘက် သံလွင်အရှေ့နှင့် တရုတ်နယ်စပ်အကြားတွင် တရုတ်နယ်စပ် နှောက်ယှက်ရေးနှင့် ဘိန်းကိစ္စလုပ်ငန်း များလုပ်နေကြသည်။

၂။ ၉,၀၀၀ခန့်မှာ ထိုလမ်း၏ တောင်ဘက်၊ ဗမာပြည်အတွင်းပိုင်း ကျူးကျော်ရေးလုပ်ငန်းနှင့် ဘိန်းကိစ္စလုပ်ငန်းများလုပ်ရန်ဖြစ်သည်။

၃။ ထိုရန်သူ့အင်အား ၉,၀၀၀ ၏ အနိုင်အမာ တပ်ဖြန့်ပုံမှာ (၁) ပထမလေယာဉ်ကွင်းရှိတဲ့ မိုင်းဆတ်တွင် အခြေခံဌာနချုပ် ထားရာက အတွင်းပိုင်း ပိုမိုလှုပ်ရှားနိုင်ဖို့နှင့် (မိုင်းဆတ်လည်း နာမည်ကြီးလာသဖြင့်) ထိုင်းနယ်စပ်အနီး ပွန်ပါကျင်ဒေသသို့ ၁၉၅၂ ခုနှစ် ကုန်လောက်တွင် ဌာနချုပ်ကို ပြောင်းထားခဲ့သည်။ (၂) မိုင်းဆတ်ဒေသတွင်မူ ကင်းစခန်းသာ ဖွင့်ထားပြီး ကာကွယ်ထားသည်။ (၃) အဓိ က ရှေ့တန်းဌာနချုပ် – မိုင်းတုံတွင်ထားပြီး၊ အဓိက အနိုင်အမာ ခံစစ်နေရာကို မိုင်းတုံဒေသနှင့် သံလွင်မြစ်အကြား မိုင်းတုံမှ (၁၀) ကီလိုမျှ ကွာတဲ့ ပေ ၅,၀၀၀ ခန့်မြင့်တဲ့ တောင်ကုန်း (၃) ခု- ဗိုခုံလောက်ဆိုင်တွင် ခံကတုတ်ကြီး (၃) ခု တည်ဆောက်ထားပြီး အနိုင်အမာ ခံထားသည်။ မိုင်းတုံမှ သံလွင်ကူးတို့ဆိပ် 'ဝမ်ဆလာ' အထိ (၆) မေကျယ် 'လားလမ်း' က၊ ထိုတောင် (၃) လုံးကို ဖြတ်သွားသည်။ (မည်သူမဆို မိုင်းတုံ၊ မိုင်းဟန်၊ ပွန်ပါကျင် မြေပြန့်ကို လွှမ်းမိုးလိုသူအဖို့၊ ၎င်းတောင် (၃) လုံး ကိုလည်းကောင်း။ ၎င်းသံလွင်-မိုင်းတုံလမ်းကိုလည်းကောင်း သိမ်းထားနိုင်မှ ရေရှည်လွှမ်းမိုးနိုင်မည် ဖြစ်သည်။) (၄) ရန်သူ့ရှေ့ဖျား ခံစစ်မှာ သံလွင်ကူးတို့၊ ဝမ်ဆလာနှင့် ၎င်းအနီးကျင်တွင် တပ်စွဲထားသည်။ ယင်းမှာ သံလွင်အနောက်ဘက်ကမ်းမှ ရိုက္ခာစုရန်ဖြစ်သည်။ အခြားနေရာများမှာ (၅) မိုင်းပုလုံတွင်လည်း စခန်းခွဲတခု။ (၆) ၎င်းနောက် ပို အရှေ့ဘက်ကျသော ထိုင်းနယ်စပ်-တာချီလိတ်-မဲဆိုင်ဒေသတွင် စခန်းခွဲကြီးတခု ရှိသည်။ (၇) ရန်သူ၏ သေနင်္ဂဗျူဟာ အရံ တပ်အင်အား (၃,၀၀၀) သုံးထောင်ခန့်ကို မိုင်းဟန်၊ ပွန်ပါကျင်ဒေသတွင် ချထားသည်။ (၈) နည်းပရိယာယ် အရံတပ်အင်အား (၁,၀၀၀) တထောင်ခန့်ကို မိုင်းပုလုံနှင့် အထက်ပါတောင် (၃) လုံးနှင့် မိုင်းတုံအကြားတွင် ချထားသည်။

၄။ ရန်သူတပ်မှူးချုပ်။ ။ ဗိုလ်ချုပ်လီမီ မကျန်းမမာဖြစ်လာ၍ တပ်မှူးအသစ် တင်ရသည်။ ထိုတပ်မှူးအသစ်မှာ ထိုင်ဝမ်ရှိ အကြီးအကဲ တဦး၏သားဖြစ်ပြီး ငယ်စဉ်ကတည်းက အမေရိကန်ရှိ အကယ်ဒမီ ဗိုလ်သင်တန်းကစ၍ တပ်မအဆင့်အထိ သင်တန်းပေါင်း (၈) ခုလောက် တက်ခဲ့ရသူ။ စစ်အတွေ့အကြုံ လုံးဝနီးပါး မရှိသူ။ အထက်လူကြီးများ၏ လူယုံ။ လူလတ်ပိုင်းအရွယ်၊ ဗိုလ်ချုပ်တဦး ဖြစ်သည်။

၅။ ရန်သူတို့၏ စစ်ပညာအဆင့်။ ။ တပ်ရင်းအထက် တပ်မှူး အတော်များများ အတွေ့အကြုံ အသင့်အတင့်မျှသာ ရှိသည်။ ဗိုလ်ချုပ်အဆင့်များမှာ တပ်မှူးဟောင်းများဖြစ်ပြီး အတွေ့အကြုံ အတော်အသင့် ရှိသည်။ သို့သော် ဗိုလ်ချုပ်လီမီလောက် စိတ်ဓာတ်ရော အတွေ့အကြုံပါ ရှိသူများ မဟုတ်ကြပါ။ တပ်သားများမှာ မူလတပ်သားဟောင်းမှာ သုံးပုံတပုံကျော် ခန့်သာရှိပြီး စစ်အတွေ့ အကြုံ အသင့်အတင့် ရှိကြသော စစ်မှုထမ်းများ

ဖြစ်သည်။ ကျန်တပ်သား အများစုမှာ ဒေသအလိုက် စုဆောင်းထားသော တပ်သားသစ်များ ဖြစ်နေကြသည်။

၆။ ရန်သူ့စိတ်ဓာတ်။ ။ (က) ဗမာပြည်သူတို့၏ တခဲနက် အုံကြွဆန့်ကျင်မှု။ (ခ) တရုတ်ပြည်တွင်း တရုတ်ကွန်မြူနစ် အစိုးရအပေါ် လွတ်မြောက်ခါစ လူထု၏ ထောက်ခံတက်ကြွနေမှု။ (ဂ) သူတပါးတိုင်းပြည်အပေါ် မတရား ကျူးကျော်ဝင်နေရမှု။ (ဃ) မိမိတို့၏ အနာဂတ် မရေမရာ ဖြစ်လာမှု – စသည်တို့ကြောင့် တရုတ်ဖြူတပ်သားများအကြား စိတ်ဓာတ်တဖြည်းဖြည်း ကျဆင်းလာနေကြသည်။ ရန်သူအသက် တပ်မှူးကြီးအများစုမှာမူ ဘိန်းမှရရှိသည့် အကျိုးအမြတ်ကြောင့်လည်းကောင်း၊ ဗမာ့တပ်ကို အထင်သေးသ ဖြင့်လည်းကောင်း စိတ်ဓာတ် အတော်အသင့် ခိုင်မာနေပုံရသည်။

သို့သော် ကမ္ဘာ့အခြေအနေ တစုံတရာပြောင်းလဲလာမှုက သူတို့စိတ်ဓာတ်ကို ထိခိုက်လာစေပါသည်။ ၎င်းတို့၏ဆရာ အမေရိကန်အဖို့ ဒုတိယကမ္ဘာစစ်ပြီးကာစ အနုမြူဗုံးကိုင်၍ ဗိုလ်လုပ်နိုင်ခဲ့သော်လည်း နောက်ပိုင်းဆိုဗီယက်ယူနီယံကလည်း အနုမြူဗုံးရှိလာခဲ့သည်။ ထို့ပြင် အမေရိကန်တို့အဖို့ ကိုးရီးယားစစ်တွင် တရုတ်ပြည်အပေါ် ထင်သလို မလွှမ်းမိုးနိုင်ဘဲ စေ့စပ်ပြေငြိမ်းလိုက်ရသဖြင့် ထိုကိုးရီးယားစစ်ကြီးကို မိမိတို့ အနာဂတ်နှင့် ယှဉ်တွဲထားခဲ့သော တရုတ်ဖြူဗိုလ်ချုပ်များ စိတ်ဓာတ် ထိခိုက်သွားခဲ့ကြပုံ ရပါသည်။

၇။ ရန်သူ့လက်နက်။ ။ (၁) တရုတ်ရိုင်ဖယ် အများစု ဖြစ်သည်။ (၂) ၎င်းတို့သည် တပ်မတော်အဆင့်အထိ ဖွဲ့ထားသော်လည်း လက်နက်ကြီးများမှာ တပ်ရင်းသုံးလက်နက်ကြီးများသာ ဖြစ်သည်။ ၆၀ မမ မော်တာနှင့် ကျနော်တို့ တပ်ရင်းသုံး ၃ လက်မ မော်တာနှင့် အလားတူ မော်တာများသာ ရှိသည်။ ၎င်းမော်တာများပင်လျှင် ကျည်များများ မသုံးနိုင်။ တရုတ်ပြည်မှ ထွက်ပြေးလာရသူများ ဖြစ်သဖြင့် လက်နက်ကြီးများ သယ်မလာနိုင်။ အမေရိကန်မှ ဒုတိယကမ္ဘာစစ်ကြီးအပြီး ထုတ်လုပ်သော တောတွင်းသုံး လက်နက်အချို့ ရှိသော်လည်း ပေါ်လွင်သွားမှာစိုး၍ ထုတ်မသုံးရဲပေ။ မိုင်းလည်း မရှိပေ။

၈။ မိမိအခြေအနေ။ ။ **အစိုးရတပ်အခြေအနေ**

အင်အား။ ။(၁) ခြေလျင်တပ်ရင်း (၄) ရင်းနှင့် အရံတပ်များ

- သေနတ်ကိုင်တပ်ရင်း (၁) ...တပ်ရင်းမှူး–ဒုဗိုလ်မှူးကြီး တင်ဦး (ယခုNLD)
- သေနတ်ကိုင်တပ်ရင်း(၂)...တပ်ရင်းမှူး–ဒုဗိုလ်မှူးကြီးမြင့် (ကွယ်လွန်)
- သေနတ်ကိုင်တပ်ရင်း (၅) ...တပ်ရင်းမှူး–ဒုဗိုလ်မှူးကြီးမောင်လွင် (ယခုNLD)
- ချင်းတပ်ရင်း (၃) ...တပ်ရင်းမှူး–ဗိုလ်မှူးရောဘရစ်
- ခြေလျင်တပ်ရင်းများမှ တပ်ခွဲ (၂) ခွဲ
- ကချင်တပ်ရင်း(၄)မှ တပ်ခွဲ (၂) ခွဲ

(၂) မိမိလက်နက်အင်အား

- ၂၅ ပေါင်ဒါ အမြောက်တပ်ခွဲ (၁) ခွဲ...အမြောက် (၈) လက်
- ၆ ပေါင်ဒါ တင့်ကားပစ်အမြောက် (၂) လက်
- ၇၆မမ ယူဂိုစလပ်တောင်ပေါ်ပစ်အမြောက် (၂) လက် (စစ်တိုက်ခါနီးမှ မမျှော်လင့်ဘဲ ကပ်၍ရသည်)
- လေတပ် (ဒုတိယကမ္ဘာစစ်မှ အကျန်များ)
- ဆီးဖိုင်းယား (ခေါ်) ဒုံးကျည်ပစ်တိုက်လေယာဉ် (၉) စီး
- သယ်ယူပို့ဆောင်ရေးနှင့် ရိက္ခာချရန် ဒါကိုတာ (၃) စင်း (ထိုစဉ်က ရဟတ်ယာဉ်များ မရှိသေးပါ)

ထို့ကြောင့် တိုက်ခိုက်ရေး အင်အားပေါင်းမှာ * လူအင်အား ၆,၀၀၀ (ခြောက်ထောင်)

- သယ်ယူရေးအတွက်လား ၁ , ၀၀၀ (တထောင်)
- အထမ်းသမား ၃,၀၀၀ (သုံးထောင်)
- ၆ ပေါင်ဒါအမြောက်နှင့် ကျည်သယ်ရန် ဆင် (၂၅) စီးတို့ ဖြစ်ပါသည်။

(၃) မိမိတို့၏ စစ်ရေးအတွေ့အကြုံ ... (၁) မိမိတပ်များ နိုင်ငံခြားရန်သူနှင့် အကြီးအကျယ် စစ်ဆင်တိုက်ခိုက်သော အတွေ့အကြုံ မရှိ။ အထူးသဖြင့် အမြောက်၊ လေယာဉ်၊ လက်နက်ကြီးများနှင့် ဟန်ချက်ညီညီညာစွာ တွဲတိုက်သည့် အလေ့အထ မရှိခဲ့။ (၂) မိမိတပ်များ တောင်ပေါ်တိုက်ပွဲ အတွေ့အကြုံ လုံးဝမရှိသလောက်ဖြစ်ရာ ယခု တိုက်ရမှာက ပေ (၃,၀၀၀) မှ ပေ (၇,၀၀၀) အမြင့် အကြား တိုက်ရမှာ ဖြစ်သည်။ (၃) မိမိတပ်များမှာ ပြည်တွင်းမှာလည်း တပ်ဖြန့်ပြီး တာဝန်ယူလာခဲ့ရသ ဖြင့် လေ့ကျင့်ရေးလည်း ကောင်းကောင်းမလုပ်နိုင်ကြ။

(၄) မိမိတို့၏စိတ်ဓာတ်။ ။ နဂါးနိုင်စစ်ဆင်ရေး ရှုံးထားသဖြင့် စိတ်နည်းနည်း လေးနေကြသည်။ သို့သော်လူထု၏ ရှေ့တန်းသို့ ထောက်ခံအားပေးမှု၊ စစ်ဆင်ရေးအတွက် ပြင်ဆင်ရာတွင် ဘက်စုံမှ စတာတွေကြောင့် နောက်ပိုင်း အားတက်လာကြသည်။

ဤကဲ့သို့ ဘက်၂ ဘက်၏ အခြေအနေများကို တွက်ချက်ပြီးသောအခါ အခြားထည့်သွင်းစဉ်းစားရမည့် အချက်မှာမှာ ...

ဃ။ မြေအခြေအနေ

၁။ ပေ (၃,၀၀၀) နှင့် ပေ (၇,၀၀၀) အကြား တောင်ပေါ်ဒေသတွင် စစ်ဆင်ရေး လုပ်ရမှာ ဖြစ်သည်။

၂။ မိမိတပ်အနေနှင့် ရန်သူနှင့်တိုက်ဖို့ရှေ့မှာ သံလွင်မြစ်ကြီးက ကာစီးထားသည်။

၃။ ဗမာပြည်မကို တရုတ်ဖြူများ ကျူးကျော်နိုင်ရန် အကောင်းဆုံး အခြေခံရန်ဒေသမှာ မိုင်းတုံ၊ မိုင်းဟန်၊ ပွန်ပါကျင် မြေပြန့်ဒေသ ဖြစ်သည်။ ဤနေရာမှနေ၍ တရုတ်ပြည်နယ်စပ်ကို အနောက်အယှက်ပေးနိုင်သည်။ ၎င်းတို့၏ နောက်ခံအားပေးတိုင်းပြည် 'ထိုင်း' နယ်စပ်နှင့်လည်း နီးသည့်နေရာ ဖြစ်သဖြင့် ၎င်းတို့၏ ဘိန်းလုပ်ငန်းလည်း အဆင်ပြေ၊ ထောက်ပံ့ရေးနှင့် ရိက္ခာကိစ္စပါ ချောမောနိုင်သည့်နေရာလည်း ဖြစ်ပေသည်။

၄။ ၎င်းဒေသကို ထိုးစစ်ဝင်ရန် အကောင်းဆုံးလမ်းမှာ သံလွင်အနောက်ဘက်ကမ်းရှိ မိုင်းပန်မြို့မှ ကားလမ်းကြမ်း တစိတ်တပိုင်း ရှိထားသော

သံလွင်အရှေ့ကမ်း ဝမ်ဆာလာကူးတို့ဆိပ်။ ၎င်းမှ တဆင့် မိုင်းတုံသို့ (၆) ပေ ကျယ်လားလမ်း အတိုင်းဖြစ်သည်။

၅။ မိုင်းပုလုံနှင့် မျက်နှာချင်းဆိုင် သံလွင်အနောက်ဘက်ကမ်းအထိ ကားသွားနိုင်ရန် လမ်းကိုအနည်းငယ်ပြုပြင်ရုံနှင့် ရရှိနိုင်သည်။

၆။ မိုင်းပျဉ်းမှ မိုင်းပုအောင်သို့ နွေဉတု ကားလမ်းရှိပြီး ထိုမှတဆင့် မိုင်းဆတ်သို့ လားလမ်းဖြင့်ချိတ်ဆက်နိုင်သည်။

၎။ ရာသီဥတု။ ။ စစ်တိုက်မည့်အချိန်မှာ နွေဉတု ဖြစ်သဖြင့် အနွေးထည်မလို။ ပေါ့ပေါ့ပါးပါး ချီတက်နိုင်သည်။ သို့သော် မေလ ၂၀ နောက်ပိုင်း၊ မှန်ဆွန်းဝင် မိုးရွာနိုင်သဖြင့် တိုက်ပွဲမြန်မြန် မပြီးပါက တောင်ပေါ်တွင် ဆက်တိုက်ရန် ခဲယဉ်းသည်။

၈။ အချိန်နှင့် အကွာအဝေး။ ။ စစ်ဆင်ရေးအချိန်မှာ မတ်လ (၁) ရက်နေ့မှ စပါက မေလလယ်အထိ အချိန်နှစ်လခွဲ ရမည်။ ထိုကာလအတွင်း မိမိတို့ ရည်မှန်းချက်ထမြောက်လောက်အောင် စစ်ဆင်ရေးလုပ်ချိန် လုံလောက်သည်ဟု ယူဆသည်။ သိမ်းပိုက်သင့်သောဒေသမှာ တရုတ်ဖြူများ ဗမာပြည်အတွင်းပိုင်းသို့ ထိုးဝင်ကျူးကျော် နောက်ယှက်နိုင်မည့် အခြေခံဒေသအဖြစ် လုပ်နိုင်သည့်ဒေသ မိုင်းတုံ၊ မိုင်းဟန်၊ ပွန်ပါကျင် မြေပြန့်နှင့် နောက်တဆင့် မိုင်းဆတ်ပါရကာ ပိုလုံခြုံမည်။

၉။ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့်တိုက်ပွဲနှင့် အကြုံးဝင်မည့် အချက်အလက်များ...

၁ – ကမ္ဘာ့အခြေအနေ–အထက်တွင် အချို့အချက်များ ဖော်ပြပြီးဖြစ်သည်။ အမေရိကန် အနေနှင့် ကိုးရီးယားစစ် အရေးနိမ့်ပြီးကတည်းက ဩဇာကျလာသည်။ အထူးသဖြင့် အာရှတွင် အာရှပြည်သူအများစုက အမေရိကန်မုန်းတီးမှု၊ ဆန့်ကျင်မှုဒီရေ စတင်မြင့်တက်လာနေသော ကာလ ဖြစ်သည်။ ကမ္ဘာ့စစ်လိုလားတဲ့ အားထက်၊ ငြိမ်းချမ်းရေးအားက လွှမ်းမိုးလာနေတဲ့ကာလ ဖြစ်သည်။ ထိုအတွင်း ဖဆပလ အစိုးရက တရုတ်ဖြူ ကျူးကျော်မှုကို ကုလသမဂ္ဂကို တိုင်လိုက်သဖြင့် အမေရိကန် အကျပ်အတည်း တွေ့နေရသည်။

၂ – ဗမာပြည်တွင်းတွင်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ စတင်လှုံ့ဆော်မှုကြောင့်လည်းကောင်း၊ မြေပေါ်လက်ဝဲပါတီများ၏ လှုပ်ရှားမှု (ဥပမာ–ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုများ) များကြောင့် ဗမာပြည်သူများအကြား အမေရိကန်နှင့် နောက်လိုက် တရုတ်ဖြူဆန့်ကျင်ရေးလှိုင်းများ ကြီးထွားလာရာ၊ ဤအခြေအနေများကြောင့် စစ်တိုက်ရမည့် အစိုးရစစ်တပ်အနေနှင့်လည်း စိတ်ဓာတ်မြင့်တက်စေခဲ့ပါသည်။

၃ – ဖဆပလအစိုးရထဲမှ အမေရိကန်ဘက်ယိမ်းသည့် ဂိုဏ်းက တရုတ်ဖြူကျူးကျော်မှုကို မတိုက်လိုသော်လည်း အင်္ဂလိပ်ဘက် ယိမ်းသည့်ဂိုဏ်းက အတော်အသင့်တိုက်လိုသည်။ သို့သော် သူတို့လည်း တကယ်အသေအကျေ မတိုက်ဘဲ၊ တရုတ်ဖြူကိစ္စ ပြီးသွားစေ လိုသည်။ အကြောင်းမှာ အမေရိကန်၏ မျက်မှာနိရှုခြင်းကိုလည်း မခံချင်၊ တရုတ်ဖြူနှင့် စစ်တိုက်ရလျှင် ပြည်တွင်းစစ်တိုက်မည့် အင်အားတွေ လျော့နည်းသွားနိုင်ပြီး ကွန်မြူနစ်များကို မချေမှုန်းနိုင်မှာလည်း စိုးရိမ်စိတ်တို့ကြောင့် ဖြစ်ပေသည်။

၄ – စီးပွားရေး။ ဖဆပလအစိုးရအနေနှင့် ဆပ်းဈေးကောင်းရနေသဖြင့် ပြည်တော်သာခေတ်လို့ပင် ကြွေးကြော်နေသောအချိန် ဖြစ်ရာ ဤစစ်ပွဲမျိုးကို တိုက်နိုင်အောင် ဘဏ္ဍာရေးအခြေအနေ တောင့်တင်းသည်။ လူထုစီးပွားရေး ကျပ်တည်းမှု သိပ်မပြင်းသေးသည့် ကာလလည်း ဖြစ်နေသည်။ သို့ရာတွင် တရုတ်ဖြူတို့ဘက်တွင် တပ်မှူးအများအပြားမှ ဘိန်းလုပ်ငန်းအရသာတွေ့သွားပြီဖြစ်၍ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် အမေရိကန်၏ နိုင်ငံရေး ဆန္ဒ ထပ်တူကျနေ၍ ဤစစ်ပွဲ မြန်မြန်ပြီးပြတ်လိမ့်မည်ဟု မမျှော်လင့်နိုင်။

၅ – ရှမ်းပြည်လူထုမှာ တရုတ်ဖြူတပ်များ၏ ဗိုလ်ကျမှုအမျိုးမျိုးကြောင့် တရုတ်ဖြူကို ဆန့်ကျင်သော်လည်း၊ စော်ဘွားအချို့ကမူ တရုတ်ဖြူနောက်တွင် အမေရိကန်ပါနေသဖြင့် အားကိုးအားထားစိတ်နှင့် ဖိတ်ခေါ်မှုများ ရှိနေသည်။

၆ – ဗမာပြည်တွင်းရှိ လက်နက်ကိုင် ပုန်ကန်နေသူ လူမျိုးစုအဖွဲ့အစည်းအချို့ကလည်း မိမိတို့အတွက် အကူအညီရလိုရငြားစိတ်ဖြင့် ပူးပေါင်း ဆက်ဆံမှုများ ရှိကြသည်။

၁၀။ နှစ်ဘက်၏ အားသာချက်၊ အားနည်းချက် များကို သုံးသပ်ခြင်း

(က) နှစ်ဘက်အင်အား။ ။ အင်အားတွင် ရန်သူက မိမိတို့ထက်သာသည်။ သို့သော်ရန်သူ အနေနှင့် တပ်ကိုနေရာ အများအပြားမှာ ဖြန့်ခွဲချထားရသဖြင့်လည်းကောင်း၊ မိမိတို့ ထိုးမည့်ဘက် စုမသွားစေဘဲ ဆက်ပြန့်နေအောင် ဟန်ပြလုပ်ငန်းများနှင့် ထိန်းချုပ်ထားနိုင်ပါက မိမိတို့ဘက်က တပန်းသာနိုင်သည်။ မထိန်းချုပ်နိုင်ပါက အခက်အခဲ ကြီးမားနိုင်သည်။ အကယ်၍ ရန်သူက မိမိတို့တိုက်မည့်ဘက် မသိဘဲ ယခုလို ခွဲဖြန့်ထားရလျှင် မိမိတို့က ရှိသမျှအင်အားကို အလုံးအရင်းနှင့် ရန်သူအားနည်းသည့် အဓိက နေရာကို ထိုးဖောက်ပါက ထိုစစ်မျက်နှာတွင် အားသာနိုင်သည်။ အဓိက ရန်သူ့တပ်များ ယခုအတိုင်းပြန့်နေအောင် လုပ်ရန်နှင့် ရန်သူ၏ သေနင်္ဂဗျူဟာ အရံတပ်နှင့် နည်းပရိယာယ်အရံတပ်များကို လိုရာမသုံးနိုင်ဘဲ သောင်တင်အောင်လုပ်ရန် အရေးကြီးသည်။ ထိုသို့လုပ်နိုင်ပါက မိမိတို့က ထိုးဖောက်စစ်ကစားနိုင်သည့် အားသာသည့် အခြေအနေ ရောက်နိုင်သည်။

(ခ) ရန်သူတပ်မှူးချုပ်အကြောင်း သိရချက်အရ မိမိတို့အားသာနိုင်သည်။ ထိုတပ်မှူးချုပ်ကို ရွေးချယ်ရာတွင် အတွေ့အကြုံ အ ရည်အချင်းထက် ပုဂ္ဂိုလ်ရေး ယုံကြည်မှုအပေါ် အခြေခံ၍ ရွေးချယ်ခန့်ထားခြင်းဖြစ်သဖြင့် ထိုအတွေ့အကြုံမရှိသည့် တပ်မှူးအပေါ် မိမိတို့က အမြတ်ထုတ် စစ်ကစား၍ စစ်ဆင်ရေးများ လုပ်သွားနိုင်သည်။ ဤသည်မှာ မိမိတို့အတွက် အခွင့်သာချက်ကြီးတခု ဖြစ်သည်။

(ဂ) ရန်သူအောက်ခြေ တပ်မှူးအများစုမှာလည်း စစ်ရေးအတွေ့အကြုံ မေသာ့ယှ အားနည်းသူများ ဖြစ်သည်။ မိမိတို့ စစ်ပရိ ယာယ်ကစားမှု ကောင်းလျှင် မိမိတို့ကစားရာကို ပါလာနိုင်သည်။ မိမိတို့ ဖိဖိစီးစီး လုပ်ကြလျှင် ရန်သူစိတ်ဓာတ်ကျလွယ်မည်။ ဤသည်မှာလည်း ရန်သူ၏ အားနည်းချက်တရပ်ဖြစ်သည်။

(ဃ) ရန်သူတို့၏ စိတ်ဓာတ်တွင် စိုးရိမ်ကြောင့်ကျမှု တခုရှိသည်။ ၎င်းတို့သည် တရုတ်ပြည်မကြီးတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားများ (တရုတ်ကွန်မြူနစ်တပ်များ) နှင့် တိုက်ခဲ့ရာတွင် လေးဘက်လေးတန်ဝိုင်းပြီး နောက်နှင့်လည်း အဆက်ဖြတ်ကာ ဝိုင်းဝန်းချေမှုန်းမှုကို ခံခဲ့ရ၍ ဒါမျိုးကို အလွန်ကြောက်သည်။ အထူးသဖြင့် သူတပါးနိုင်ငံတွင် ဤကဲ့သို့ဝိုင်းပြီး ချေမှုန်းခံရမှာကို အလွန်ကြောက်ရွံ့ ရသည်။ ထို့ကြောင့် မိမိတို့က ဤနည်းကိုသုံးနိုင်သုံး၊ မသုံးနိုင်လျှင်လည်း ဝိုင်းပတ်ဖြတ်တောက်မည့်ဟန် ခြိမ်းခြောက်လျှင် အမြန်ဆုတ်ပြေးဖို့ စိတ်စောမည်။ စိတ်ဓာတ်

အမြန်ကျဆင်း ယိမ်းယိုင်နိုင်သည်။

(င) စိတ်ဓာတ်အရ မိမိတို့တပ်က တရားတဲ့စစ်ပွဲ ဆင်နွှဲရသဖြင့် ဘက်စုံက သာသည်။ နိုင်ငံတကာကလည်း အမေရိကန်ကို ရှုတ်ချနေ၊ ပြည်တွင်းပြည်သူလူထုကလည်း မိမိတို့ကို ထောက်ခံအားပေးနေသဖြင့် မိမိတို့တပ်များ တက်ကြွသည်။

(စ) တောင်ပေါ်တိုက်ပွဲအတွေ့အကြုံအနေနှင့်မှု ရန်သူကသာ၍ ပိုရှိလည်း အပင်ပန်းခံနိုင်သည်။ သို့သော်စစ်ပွဲမှာ နှစ်လ ခွဲသာဖြစ်၍ မိမိတို့သိပ်မပင်ပန်းနိုင်။ (ထို့အတွက် ပြင်ဆင်သည့်အနေနှင့် မိမိတပ်သားများကို နေ့စဉ်ရေပူထဲတွင် ဆားနည်းနည်း ခပ်သောက် စေရမည်။ ရေရှား ရေပြတ်ပါက လေယာဉ်မှ ရေစည်များ၊ ရေခဲတုံးများ ချပေးရန်လည်း စီစဉ်ရသည်။ တောတွင်း ရေရနိုင်သည့် အပင်များ (ဥပမာ-ဝါးပင်) ကို ခုတ်၍ ရေခံရန်လည်း သင်ကြားပေးရသည်။)

(ဆ) စစ်ပညာတွင်မှု နှစ်ဘက် - တဦးနှင့်တဦး သိပ်မထူးခြား။ သို့ရာတွင် မိမိတို့တပ်များအနေနှင့် အမြောက်၊ လေယာဉ်တို့ဖြင့် တွဲဖက်တိုက်ခိုက်သည့်အတွေ့အကြုံ မရှိ။ ထို့ကြောင့် စစ်မတိုက်မီ စုရပ်တွင် ၃ ပတ်မျှ ရှိနေစဉ် လေ့ကျင့်ပေးခဲ့ရသည်။

(ဇ) သို့ရာတွင် စုရပ်တွင် တပ်များစုဝေး ရောက်ရှိပြီးနောက် ကျန်းမာရေးစစ်ဆေးသောအခါ မိမိတပ်များသည် ပေ (၃,၀၀၀) ကျော် တောင်တန်းများပေါ်တွင် စစ်ဆင်ရေးလုပ်နိုင်လောက်အောင် ကျန်းမာရေးအဆင့်မမီကြောင်း ဆရာဝန်များက ပြောလာကြ၍ အစည်းအဝေးခေါ်ကာ ၃ ပတ်အတွင်း ကျန်းမာရေးကောင်းလာရန် နည်းလမ်းများရှာကြရာ အထူးရိက္ခာနှုန်း ထုတ်ပေးခြင်း၊ တနေ့-နေ့ အချိန် အနည်းဆုံး (၄) နာရီမျှ နားချိန်အိပ်ချိန်ပေးခြင်းတို့ လုပ်ရန်ဖြစ်သည်။ အထူးရိက္ခာတွင် နေ့စဉ်အသားနှင့်အရက်နည်းနည်းပါ ပေးကျွေးမွေးသည်။ လေ့ကျင့်ရေးများကိုလည်း သိပ်ပင်ပင်ပန်းပန်း မလုပ်စေဘဲ၊ ကျန်းမာသူများကိုသာ နမူနာပြစေပြီး၊ အများစုကို လိုက်ကြည့် ခိုင်းရုံသာ ကြည့်ခိုင်းသည်၊ သို့ဖြင့်အချိန်မီအသင့်ဖြစ်အောင် လုပ်ရသည်။ ဤကျန်းမာရေး အခြေအနေ အခြေခံအားဖြင့် တောင်ပေါ် တိုက်ပွဲ ရေရှည်မဆင်နိုင်။ ဤသည်မှာ မိမိတို့၏ အားနည်းချက်ဖြစ်သည်။

(ဈ) လက်နက်တွင် မိမိတို့ဘက်မှ အမြောက်နှင့် လေကြောင်းတွင် ရန်သူထက် အရေးသာနေသည်။ သို့ရာတွင် သံလွင်အရှေ့ ဘက်ကမ်းတွင် ကားလမ်းမပေါက်ရသေး၍ အမြောက်များ သယ်နိုင်မည်မဟုတ်၍ အဓိက လေကြောင်းသာ အားကိုးရမည်ဖြစ်ရာ ကတုတ်တိုက်ပွဲများတွင် အကြိတ် အနယ်တိုက်ဖို့ အလွန်ခက်မည်။ ထို့ကြောင့် ဆင်ဖြင့်သယ်ယူနိုင်သော တင့်ကားပစ် (၆) ပေါင်ဒါ ၂ လက်၊ လေယာဉ် (၉) စီးဖြင့်သာ တိုက်ရပေမည်။ ရန်သူမှာ အတွေ့အကြုံနည်းသူများဖြစ်သဖြင့် ဤမျှသော လက်နက်ကြီးများဖြင့်ပင် တိုက်ခိုက်ထိုးဖောက်နိုင်စရာ ရှိသည်။ နောက် ရန်သူ့ထံတွင်လည်း လက်နက်ကြီးမရှိဘဲ တပ်ရင်းလက်နက် (၃) လက်မ မော်တာမျိုးကိုပင် ကျည် များများမသုံးနိုင်၍ မိမိတို့အမြောက်၂ လက်ကို ရန်သူကတုတ်နား တိုက်ရိုက်ကပ်ပြီး ပစ်နိုင်မည်။ မီတာ ၆၀၀ နှင့် ၁,၀၀၀ ကြားထိ ယူသွားပြီး တိုက်ရိုက်ပစ်နိုင်မည်ဖြစ်၍ သိပ်မဆိုးလှပါ။ နောက်ဆုံးတပ်ထွက်ခါနီး ယူ့ဂိုစလပ် ၇၆ မမတောင်ပေါ်ပစ် အမြောက် ၂ လက်ထပ်ရသဖြင့် အတော်အသင့် အားရှိလာသည်။

(ည) မြေအခြေအနေ

၁-ရန်သူ့ဘက်က အခြေခံ အားလုံးနီးပါး အရေးသာနေသည်။

၂-ပထမ ရေစီးသန်လှသော သံလွင်မြစ်ကြီး ကာထားသည်။ သို့ရာတွင် ရန်သူမှာ တဖက်ကမ်းတလျှောက်လုံး တပ်ဖြန့်ထားနိုင်ခြင်းမရှိသဖြင့် ရန်သူမရှိသည့် နေရာသို့ ကူးပြီးမှ အချက်အချာ ကူးတို့ဆိပ်နှင့် ကမ်းပါးတို့၌သာ တပ်စွဲထားသည့် ရန်သူကို တိုက်နိုင်သည်။ မြစ်ကြောင့် စစ်အရှိန် မထိခိုက်ရအောင် ဓာတ်ဆီပီပါ်ပုံးများဖြင့် ပုံချိတ်တပ်ထားသော ကူးတို့ဖောင်ကလေးများစွာလည်း ဖန်တီးပြီး လှေနှင့်ပဲ့စည်းများ ကူးရသည်။ အခက်ဆုံးမှာ လက်နက်ကြီးသယ်ရန် ဆင်အတွက် ဖောင်ကြီးလုပ်ရတာ ဖြစ်သည်။ ဤနည်းများဖြင့် သဘာဝ အရံအတားဖြစ်နေသော သံလွင်၏ အတားအဆီးကို အားပျော့သွားအောင် လုပ်ရသည်။

၃ - တောင်ပေါ်တိုက်ပွဲ တိုက်ရမည်ဖြစ်၍ မိမိတို့က တပန်းရှုံးနေသော်လည်း ထိုအားနည်းချက်ကို ပြန်ထေမိနိုင်အောင် ကားလမ်းများကို တတ်နိုင်သမျှ တောက်လျှောက်ဖောက်သွားရန် ရန်ဖြစ်သည်။ ထို့ကြောင့် တိုက်ကွက်ရွေးရာတွင်လည်း ကားလမ်းအလွယ် ဖောက်နိုင်မည့် နေရာကို ဦးစားပေးရွေးချယ်ရသည်။

၄ - မြေအခြေအနေအရ မိမိတို့တပ်ဘက်မှ အားသာချက်ကြီးတခုမှာ တရုတ်ဖြူတို့က ၎င်းတို့၏ ဌာနချုပ်ကို မိုင်းဟန် - ပွန်ပါကျင်ဘက် ပြောင်းပြီး တပ်စွဲထားသဖြင့် ထိုနေရာကို ဝင်သိမ်းရန် လမ်းများပွင့်သွားခြင်း ဖြစ်သည်။ ထိုနေရာကိုဝင်ရန် တလမ်းမှာ မိုင်းယန် - ဝမ်ဆလာမှ မိုင်းတုံလမ်း(ထိုလမ်းမှာ ကားလမ်းဖြစ်ပြီး အတော်ကောင်းသည်။) နောက်တလမ်းမှာ မိုင်းယန်မှ အရှေ့တည့်တည့် သံလွင်ကျော်ပြီး မိုင်းဟန် - ပွန်ပါကျင်ဘက်သို့ တိုက်ရိုက်ဝင်နိုင်သည့်လမ်း (ဤလမ်းသည် ပထမလမ်းထက် ပိုနီးသည်။ မြောက်ဘက်မှာ တပ်စွဲထားသည့် တရုတ်ဖြူတပ်များနှင့်လည်း ဝေးနေ၍ ရန်သူအားနည်းသည်။) ထို့ကြောင့် တရုတ်ဖြူဌာနချုပ်ကို တိုက်ရိုက်ထိုးနိုင်သည်။ ထိုလမ်းကိုသုံးလျှင် မိမိတို့တပ်၏အားနည်းချက်မှာ ထောက်ပံ့ရေးလမ်းဖွင့်ရန် ခက်ခဲခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မိမိတို့ စစ်ဆင်ရေးစဉ်းစားရာတွင် ဤသည်ကို အဓိကအချက်အဖြစ် ယူဆရမည်၊ သို့သော်မိမိတို့တပ်၏ ရိက္ခာထောက်ပံ့မှုကို လေကြောင်းမှ ချပေးနိုင်စွမ်းရှိသဖြင့် မိမိတို့၏ အားသာချက်တရပ် ဖြစ်လာပေသည်။

၄။ မိမိတို့က လုပ်နိုင်မည့်နည်းလမ်းများ။ ၎င်းအပေါ် ရန်သူတို့က တုံ့ပြန်နိုင်ချက်နှင့် နောက်ဆုံး မိမိတို့လုပ်ရန် နည်းလမ်း များ သုံးသပ်ချက်။

(က) ဘုရင့်နောင် စစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ - တရုတ်ဖြူများ ဗမာပြည်မကို မခြိမ်းခြောက်မလှုပ်ရှားနိုင်ရန်၊ ၁၉၅၃၊ မေလ ၁၅ ရက် မတိုင်မီ (၁) အဓိက မိုင်းတုံ-မိုင်းတန်-ပွန်ပါကျင် မြေပြန့်ကွင်းနှင့် (၂) နောက် မိုင်းဆတ်နှင့် မိုင်းဆတ်ကွင်းကိုပါ သိမ်းပိုက်နိုင်ရန် သတ်မှတ်ထားသည်။

(ခ) အထက်ပါ ရည်ရွယ်ချက် အောင်မြင်ရန် မိမိတို့ဘက်က လုပ်နိုင်မည့် နည်းလမ်းများ-

၁-အထက်ပါ ဒေသနှစ်ခုသို့ ချီတက်နိုင်မည့် လမ်းကြောင်း အဓိက (၄) လမ်း ရှိသည်။

ပထမလမ်း ... မိုင်းပြင်း-မိုင်းပုအောင်မှ မိုင်းဆတ်သို့ နောက်မှ မိုင်းတုံကွင်း။

ဒုတိယလမ်း...သံလွင်မြစ်ကူးပြီး၊ မိုင်းပုလုံကိုသိမ်းပြီး ၎င်းမှတဆင့် မိုင်းဆတ်သို့မဟုတ် မိုင်းတုံဘက်သို့ တဆင့်စီသိမ်းရန်။

တတိယလမ်း...ဝမ်ဆလာကူးတို့မှ မိုင်းတုံကို သိမ်း၊ ၎င်းကွင်းပြင်ကိုသိမ်းပြီးနောက် မိုင်းဆတ်ကွင်းဆက်သိမ်းရန်။

စတုတ္ထလမ်း...မိုင်းပန်မှ အရှေ့သံလွင်ဘက်ချိဖြတ်ပြီး၊ တိုက်ရိုက်မိုင်းဟန်-ပွန်ပါကျင်တို့ကို တိုက်သိမ်းရန်။ နောက်မှ မိုင်းဆတ်ကွင်း ဆက်သိမ်းရန်။

၂-အထက်ပါ လမ်း (၄) ခုတွင် နှိုင်းယှဉ်ချက်အရ လက်တွေ့ပို၍ အခွင့်သာသော လမ်းမှာ တတိယနှင့် စတုတ္ထ (၂) လမ်း ဖြစ်သည်။ ပထမနှင့် ဒုတိယလမ်းမှာ မိမိရည်မှန်းချက်ကို အဓိက တိုက်ရိုက်မရောက်ဘဲ လက်တွေ့လည်း များစွာခက်နိုင်။

၃-တတိယနှင့် စတုတ္ထ နှစ်လမ်းအနက် တိုက်ရိုက်လမ်းဖြစ်သော စတုတ္ထလမ်းသည် စိတ်ကူးအရ စိတ်ဝင်စားဖွယ်ဖြစ်သော်လည်း မိုင်းပန်မှ သံလွင်အထိ ကားလမ်းလုံးဝမရှိ၊ တဖန်သံလွင်ကမ်းမှ မိုင်းဟန်သို့လည်း လားလမ်းပင် ကောင်းကောင်းမရှိ။ လမ်းတွင်လည်းကောင်း၊ မိုင်းဟန်-ပွန်ပါကျင်ကွင်းတွင်လည်းကောင်း ရန်သူက အခိုင်အမာ နေရာစွဲ ခံစစ်ကြိုးဆင်ခဲ့သော် လက်နက်ကြီးများသယ်ရန် ခက်ခဲ၊ ဆက်သွယ်ရေးလမ်း၊ ထောက်ပံ့ရေးလမ်းဖွင့်ရန်လည်း ခက်ခဲပေသည်။ ထို့ကြောင့် တတိယလမ်းကို စဉ်းစားရာတွင် မိုင်းပန်မှ ဝမ်ဆလာအကြား ထက်ဝက်ကျော်မှာ ကားလမ်းရှိပြီးဖြစ်၍ အနည်းငယ် ဆက်ဖောက်လျှင် သံလွင်ကမ်းသို့ ရောက်နိုင်သည်။ နောက်ဝမ်ဆလာမှ မိုင်းတုံအထိ (၆) ပေကျယ် လားလမ်းကြီး ရှိသဖြင့် ပေါ်တာအလုပ်သမား (၃,၀၀၀) ဖြင့် ဒေါ်ကျစ်သွားကားလမ်း ဖောက်ပါက အလွန်ဆုံး တပတ်အတွင်း နွေကားလမ်း ပေါက်နိုင်သည်။ အကယ်၍ ရန်သူက (မိမိတို့ အစိုးရိမ်ဆုံးဖြစ်သော) လမ်းခုလတ်မှလည်းကောင်း၊ မိုင်းတုံကွင်းမှလည်းကောင်း နေရာစွဲခံကတုတ် အဆင့်ဆင့် စစ်ပွဲနှင့်ခုခံလျှင် နောက်ဆုံး နောက်ပိုင်းချန်ထားမည့် (၂၅) ပေါင်ဒါ အမြောက်ကြီးများကို ကားလမ်းအတိုင်း ဆွဲရလာနိုင်ပြီး ပစ်ခတ်မှုမီအား ကြီးကြီးဖြင့် တိုက်ခိုက်နိုင်သည်။ ခဲယမ်းရိပ်ခတ္တု များလည်း အလွယ်တကူ သယ်ယူနိုင်သည်။ ထို့ပြင် ရန်သူက (နောက်တနည်း) မိမိနောက်ပိုင်းကို ပိုင်းပတ်၊ ထိုးသုတ်ချေမှုန်းစစ်ဆင်လျှင် မိမိတို့က ကားလမ်းဝန်ရိုးတလျှောက် အခိုင်အမာ အဆင့်ဆင့် တပ်စွဲထားခြင်းဖြင့် ယင်းသို့တိုက်ခိုက်မှုကိုလည်း ကာကွယ်နိုင်သည်။ နောက် မိုင်းတုံ အစပ်အထိ ကားလမ်းပေါက်ပြီးက၊ ၎င်းမှ ပွန်ပါကျင်အထိကွင်းကို ရှင်းရန်လိုအပ်ပါက နောက်ပိုင်းက သံချပ်ကာကားများပင် ကားလမ်းအတိုင်း ဆွဲတင်နိုင်မည်။ ထိုသို့ဆိုပါက ထိုကွင်းကို လုံးဝလွှမ်းမိုးနိုင်မည်။ ထို့ကြောင့် ထိုတတိယလမ်းကို မိမိတို့၏ အဓိကဗဟိုစစ်ကြောင်း ဝင်ထိုးရန် သတ်မှတ်လိုက်သည်။ ထိုလမ်း၏ နောက်ထပ်အားကောင်းချက်တရပ်မှာ ကားလမ်းပေါက်နိုင်သဖြင့် နောက်ဆက်ပြီး ထောက်ပံ့ရေးလမ်းကြောင်း ဖွင့်ကာ ရှေ့တိုက်ပွဲများကို ဆက်တိုက်နိုင်၊ ထိန်းထားနိုင်ပေသည်။

၄-စတုတ္ထလမ်းမှာ ရန်သူ့ဘက်ကကြည့်လျှင် စိုးရိမ်ဖွယ်ရာကြီး ဖြစ်နေသဖြင့်၊ ၎င်းကိုအသုံးချ စစ်ကစားလျှင် အကျိုးရှိနိုင်မည်။ အကယ်၍ မိမိတို့က ထိုလမ်းက တိုက်မည့်ဟန်၊ ဟန်ပြလုပ်နိုင်လျှင် ၎င်းတို့၏ တပ်မှူးချုပ်မှာ အတွေ့အကြုံ မရှိသူလည်းဖြစ်၍၊ အရေးရှိက မိမိကိုယ်မိမိ ကာကွယ်ရေးသာ စိတ်စောမည်ဖြစ်ရာ သူ့လက်ထဲက သေနင်္ဂဗျူဟာ အရံတပ်ကို အဓိက စစ်မျက်နှာ မိုင်းတုံသို့ မပို့တော့ဘဲ ထိုဟန်ပြစစ်ကြောင်းကိုသာ ကာကွယ်ရန် လုပ်ပေမည်။ ၎င်းမှာ ရန်သူတပ်မှူးအားနည်းချက်နှင့် မြေအခြေအနေအရ မိမိဘက်က တပန်းသာမှုအပေါ်လည်းကောင်း၊ မိမိတို့ဘက်က လေကြောင်းသယ်ယူပို့ဆောင်မှု အရေးသာမှုအပေါ်တွင်လည်းကောင်းမှီ၍ မိမိတို့က အမြတ်ထုတ်ခြင်း ဖြစ်သည်။ ဤကဲ့သို့သော တောင်ပေါ်စစ်ပွဲတွင် ရန်သူ့သေနင်္ဂဗျူဟာ အရံတပ်ကို ဘေးတနေရာ ရောက်အောင် လည်းကောင်း၊ ဘေးတွင်သောင်တင်သွားအောင်လည်းကောင်း လုပ်နိုင်လျှင် စစ်ပွဲတဝက် နိုင်ပြီ ဖြစ်သည်။

၅-ထိုဟန်ပြ စစ်ကြောင်းလုပ်ခြင်းဖြင့် နောက်ထပ်ရနိုင်သည့် အကျိုးကျေးဇူးမှာ (အဓိကထိုးစစ်ဘက်) မိုင်းတုံမှ ရန်သူများအဖို့ ၎င်းတို့ကို နောက်ကဖြတ်ပိုင်းတော့မည် သို့မဟုတ် ၎င်းတို့ဌာနချုပ်ကို တိုက်ရိုက်တိုက်တော့မည်ဟု ခြိမ်းခြောက်ရာ ရောက်သဖြင့်၊ ၎င်းတို့ အကြောက်ဆုံး အပိုင်းခံ ချေမှုန်းခံရမှာကို ကြောက်၍ပြီး စိတ်ဓာတ်ပျက်ပြားစေနိုင်ခြင်းပင် ဖြစ်သည်။ ဤသည်မှာ အဓိက ထိုးစစ် မိုင်းတုံစစ်မျက်နှာတွင် မိမိတို့ဘက်က များစွာ အရေးသာမှုကို ရစေနိုင်သည်။

၆-အကယ်၍ ရန်သူက သူ၏ သေနင်္ဂဗျူဟာ တစိတ်တပိုင်းကို မိုင်းတုံစစ်မျက်နှာဘက်သို့ ပို့ပြီး ထိုနေရာတွင် ရေရှည်မြေကတုတ်စစ်ဖြင့် ခံလျှင်လည်း ထိုဟန်ပြစစ်ကြောင်းက မိုင်းတုံနှင့် မိုင်းဟန်အကြား ဝမ်မဲခင်ကို ဝင်သိမ်းပြီး ရန်သူဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်ကာ တောင်ဘက် ကနေ၍ မိုင်းတုံကို ခြိမ်းခြောက်နိုင်သည်။ သို့မဟုတ် ရန်သူ့ဌာနချုပ်ကိုပင် ဆက်လက်ခြိမ်းခြောက်ရေး လုပ်နိုင်သည်။ သို့သော် ရန်သူ့တပ်မှူး၏ ထူးခြားချက်အရ သူ့အရံတပ်ကို အဝေးမလွှတ်ရဲဘဲ အနီးကရန်သူကိုဘဲ ရင်ဆိုင်နိုင်းဖို့ များသည်။ ဤ နည်းဖြင့် အရံတပ်ကြီး သောင်တင်နိုင်သည်။

(ဂ) သို့ဖြင့် မိမိတို့ အနေနှင့် ပထမအဆင့်အဖြစ် အရေးကြီးသော ဆုံးဖြတ်ချက်နှစ်ချက်ကို ချလိုက်နိုင်ပေသည်။

၁-မိမိတို့ အဓိကထိုးမည့် စစ်လမ်းကြောင်းမှာ တတိယလမ်း-ဝမ်ဆလာမှ မိုင်းတုံလမ်းကြောင်းကိုရွေးချယ်လိုက်ပြီး-

၂-စတုတ္ထလမ်းဖြစ်သည့် မိုင်းဟန်-ပွန်ပါကျင်ဘက်ထိုးမည့် ဟန်ပြစစ်ကြောင်းတကြောင်းကို ခရီးတိုထိုးဖောက်နည်းဖြင့် ထိုးသွင်းခြိမ်းခြောက်ပြီး အဓိကအားဖြင့် ရန်သူ့သေနင်္ဂဗျူဟာ အရံတပ်ကို ထိန်းချုပ်ရန် ဆုံးဖြတ်လိုက်သည်။

(ဃ) ထို့ပြင် တခြားစစ်ကြောင်း၊ စစ်မျက်နှာများမှ ရန်သူများကို နည်းမျိုးစုံဖြင့် ဆွဲထားရန် ဟန်ပြခြိမ်းခြောက်မှုများ ထိထိမိမိ လုပ်ရန်လည်း ဆုံးဖြတ်ကြသည်။ အခိုင်အမာ လုပ်ငန်းများမှာ-

၁-မိုင်းဆတ်သို့ချီတက်မည့် ဟန်ဖြင့် မိုင်းပုအောင်တွင် လေယာဉ်ကွင်းငယ်တခု တည်ဆောက်ခြင်း။

၂- မိုင်းပုလုံကို ထိုးမည့်ဟန်ဖြင့် သံလွင်ကူးတို့ဆိပ်သွားရာ အနောက်ဘက်ကားလမ်းကို ပြင်ဆင်ခြင်း၊ ကူးတို့ဆိပ်ကို တိုက်မည့်ဟန် (၂၅) ပေါင်ဒါ (၂) လက်ဆွဲသွားပြီး အနောက်ဘက်ကမ်းမှ တိုင်းထွာရေး မီးခိုးပုံများဖြင့် ပစ်စမ်းကြည့်ခြင်း။ ဤနည်းဖြင့် ထိုဒေသရှိ ရန်သူနည်းပရိယာယ် အရံတပ်ကို ဆွဲထားနိုင်လိုက်သည်။

၃-ထို့ပြင် တာချီလိတ် စစ်မျက်နှာမှ ရန်သူများကို ထိန်းချုပ်ရန်အတွက် မိုင်းဖြတ်တွင် ကြားဖြတ်ထောက်ပံ့ရေး စခန်းဆုံစံ တဲငယ်များ ထိုးစေခြင်း၊ တာချီလိတ်ဘက် တိုက်မည့်သတင်း ဖါဖြန့်ခြင်း။

၄-မိုင်းပုအောင်မှ မိုင်းဆတ်ကို ချီတက်တိုက်မည့်ဟန်၊ မိမိတပ်ချီတက်စဉ် လေယာဉ်မှလမ်းတလျှောက် ရိက္ခာချပေးသည့်အသွင် ရိက္ခာအတုများကို ချပေးသွားစေခြင်း စသည်တို့ဖြစ်ပေသည်။

(င) မိမိတို့ အဓိကထိုးမည့် ဝမ်ဆလာ–မိုင်းတုံလမ်းကြောင်းတွင်၊ အလယ်တွင်ရှိနေသော ပေ (၅,၀၀၀) ကျော်မြင့် တောင်ကမူ (၃) လုံးမှ မြေကတုတ်ခံစစ်ကို ရန်သူကလုပ်မည့် အန္တရာယ်နှင့် အလားတူ အခြားနေရာ အဆင့်ဆင့်တွင်လည်း ဤကဲ့သို့သော ခံစစ်မျိုးကို လုပ်မည့်အန္တရာယ် ရှိနေပါသည်။ ထိုအန္တရာယ်များအား လျော့သွားစေရန်အတွက် မိမိတို့ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများမှာ–

၁–ဝမ်ဆလာတိုက်ပွဲတွင် (၂၅)ပေါင်ဒါ အမြောက်ကြီး (၈)လက်နှင့် တပ်ရင်းမော်တာ(၃)လက်မ(၈)လက်လောက်နှင့် မြစ်အနောက်ဖျက်နှာချင်းဆိုင်တောင်တန်းပေါ်က လိုတာထက်ပိုပြီး ဖိပစ်ပေးခြင်းဖြင့် ရန်သူအလွန်ထိတ်လန့်သွားပြီးနောက် အဆင့်ဆင့် ခံစစ်ထိုးရေး ကောင်းစွာ မလုပ်ရဲအောင် စီမံရမည်။

၂–အလားတူ ဝမ်ဆလာ တောင်ဘက်ကပ်နေတဲ့ ကမ်းပါးတနေရာ (ရန်သူ၏ တောင်ကမူ (၃) လုံးနေရာကို ထိုးဝင်နိုင်သည့် ကမ်းပါးနေရာ) မှ (၆)ပေါင်ဒါအမြောက်(၂)လက်၊ (၃)လက်မမော်တာ(၂)လက်ဖြင့် ရန်သူ့ကင်းတပ်စိတ်များကို ပြင်းပြင်းထန်ထန် ပစ်ခတ်ရန် (တကယ်တော့ ဤလက်နက်ကြီးများကို သံလွင်မြစ်အရှေ့ဘက်ကမ်းသို့ သယ်ဆောင်ရန်မှာ မလွယ်ကူပါ။ ထို့ကြောင့် ပထမအဆင့် တိုက်ပွဲများတွင် အနောက်ဘက်ကမ်းကနေ၍ အစွမ်းကုန်ပစ်ပြလိုက်ခြင်း ဖြစ်ပါသည်။)

၃–မိမိ၏ လေတပ်ကိုတော့ ဒုတိယအဆင့် တောင်ကမူ (၃)လုံး ကိုထိုးမည့် (ယ+၂)နေ့ကျမှ အရှေ့ဘက်ကမ်းပါးက လာမည့် လက်နက်ကြီးအနည်းငယ်နှင့် ပေါင်းစပ်ပြီး ထိုးဖို့ရည်ရွယ်ထားပါသည်။ ပထမဆင့်(ယ)နေ့တွင်မူ လေတပ်၏ တာဝန်မှာ မိုင်းတုံနှင့် မိုင်း ဟန်အကြားရန်သူ့သေနင်္ဂဗျူဟာ အရံတပ်လှုပ်ရှားမှုကို ကာကွယ်ဖိထားရန်။ တကြိမ်လျှင် လေယာဉ်(၂)စင်း(၃)စင်းဖြင့် တနေ့ပတ်လုံး ဖိနှိပ်ထားရန် ဆုံးဖြတ်ထားသည်။

ဤသည်တို့မှာ ရန်သူ့ခံစစ် အဆင့်ဆင့်ခံမည့် အန္တရာယ်ကို ကြိုတင်၍ ဖြေရှင်းထားသည့် နည်းနာဖြစ်သည်။

(စ) ဟန်ပြစစ်ကြောင်းအတွက် အစီအစဉ်

၁–မိုင်းဟန်–ပွန်ပါကျင် ဌာနချုပ်(ရန်သူ့)ဘက်ကို တိုက်ရိုက်ထိုးမည့်ဟန် ခြိမ်းခြောက် ထိုးဝင်မည့်ခရီးကို ထိုးဖောက်ရေးအတွက် မိမိတပ်အင်အား တရင်းမျှသာ သုံးနိုင်မည်ဖြစ်သည်။

၂–အခိုင်အမာအရ ပထမအဆင့်တွင် မိုင်းတုံဘက်တွင် တိုက်ပွဲကြီးများဖြစ်ပါက ကူညီနိုင်ရန်ပါ သင့်လျော်မည့်နေရာဖြစ်သော မိုင်းဟန်အနောက်မြောက်၊ မိုင်းတုံ–မိုင်းဟန်အကြားလမ်းအလယ်ရှိ ဝမ်မဲခင်ရွာစခန်း၏ အနောက်တောင်ဘက်ရှိ တောင်ကုန်း တခုကို ထိုထိုးဖောက်ရေးတပ်က ခြေကုတ်စခန်းအဖြစ် ထူထောင်လိုက်ရန်။

၃–၎င်းကို အဓိကတပ် ဝမ်ဆလာ စတိုက်တဲ့(ယ)နေ့၊ နံနက်တချိန်တည်းလောက် တက်သိမ်းပြီး၊ မိမိ၏ တရင်းကို ရန်သူက တပ်မဟာတခုအင်အားထင်မှတ်စေရန် အတွက် လှည့်များရန်။

၄–လှည့်များရန်နည်းလမ်းများမှာ–

အဓိက ထိုနေ့နံနက်ဆီးနှင်းကွဲချိန်မှစ၍ မိမိရနိုင်သမျှ လေတပ်မှ ဒါကိုတာသယ်ယူပို့ဆောင်ရေး လေယာဉ်များနှင့် အရပ်ဘက်မှ ငှားရမ်းရရှိသမျှ ဒါကိုတာလေယာဉ်များဖြင့် ၎င်းတောင်ထိပ်ပေါ်သို့ လိုအပ်မည့် ရိက္ခာ၊ ခဲယမ်းများကာကွယ်ရေး ကတုတ်တူးရန် ပစ္စည်းများ အဆက်မပြတ်ချပေးနေရန်။ သို့ဖြင့် ရန်သူက ထိုလေယာဉ်ပျံများကို ကြည့်ရင်း ထိုဘက်တပ်ချထားသော တပ်ရင်းကို တပ်မဟာ တတပ်အဖြစ် ယူဆနိုင်ပြီး ၎င်းတို့၏ ဗဟိုဌာနချုပ်ကို တိုက်ရန် ခြေကုတ်စခန်းကြီးတည်ဆောက်နေသည်ဟု ထင်မြင်စေပြီး အရံတပ်များကို ရှေ့သို့မပို့တော့ဘဲ မိမိကိုယ်ကို ကာကွယ်ရေးအတွက် အသုံးပြုစေရန်။

၅–သို့ဖြင့် ရန်သူ့အရံတပ်များကို ထိန်းချုပ်နိုင်စေရုံမျှမက ဝမ်ဆလာ–မိုင်းတုံစစ်မျက်နှာရှိ ရှေ့တန်းရန်သူ့ တပ်သားများအကြားလည်း မိမိတို့တပ်က နောက်ကလှည့်ဝိုင်းပြီး ချေမှုန်းမည်အထင်ဖြင့် စိတ်ဓာတ်ချောက်ချား စေနိုင်ပါသည်။ ရန်သူ ဗဟိုဌာနချုပ်တပ်များကလည်း မိမိတို့၏ အဓိကထိုးစစ်သည် ၎င်းတို့ရှိရာ မိုင်းဟန်–ပွန်ပါကျင်ကိုသာ တိုက်ရိုက်ဝင်လိမ့်မည်ဟု ထင်နေခဲ့ပြီး သေနင်္ဂဗျူဟာ အရံတပ်များကို ဗဟိုကာကွယ်ရေးအတွက်သာ ကိုင်ထားလိုက်မှာ ဖြစ်သည်။

(ဆ) ဝမ်ဆလာ–မိုင်းတုံအကြား ပေ(၅ယ၀၀၀)ကျော် မြင့်သောတောင်(၃)လုံးမှ ရန်သူက အကြီးအကျယ်ခုခံမည့် ခံစစ်ကတုတ်များ ဖြေရှင်းရန်နည်းနာများ–

၁–ရန်သူ့သေနင်္ဂဗျူဟာ အရံတပ်(၃ယ၀၀၀)ကို မိုင်းတုံစစ်မျက်နှာဘက် မသုံးနိုင်အောင် အထက်(စ)တွင် ဖော်ပြခဲ့သည့် နည်းများကို သုံး၍ ထိန်းချုပ်ရန်။

၂–ရန်သူ့နည်းပရိယာယ် အရံတပ်ကိုလည်း ဟန်ပြလှုပ်ရှားမှုများနှင့် ထိန်းချုပ်ရန်။

၃–သံလွင် အရှေ့ဘက်တွင် မြေကတုတ်စစ်ပွဲ ဆင်နွှဲရလျှင် မိမိတို့ဘက်မှ မီးအားအလွန်ကောင်းမွန် ထိရောက်ဖို့လိုရာ မိမိတို့ မီးအား၏ အဓိကဖြစ်နိုင်သော (၂၅)ပေါင်ဒါ အမြောက်ကြီးများမှာ သံလွင်အရှေ့ကားလမ်းမရှိသဖြင့် ဆွဲမယူနိုင်၍ (၆)ပေါင်ဒါ(၂)လက်၊ (၇၆မမ)တောင်ပေါ်ပစ်အမြောက်(၂)လက်(စီမံကိန်းဆွဲစဉ်ကမရသေး)မိမိလေတပ်၊ တိုက်လေယာဉ်(၃)စင်းနှင့် ခြေလျင်တပ်ရင်းပိုင် (၃)လက်မ မော်တာများသာ ရှိရာ အတော်ပင်အားနည်းလှသည်။ ဤမျှနှင့် တိုက်ခိုက်နိုင်ဖို့ရာ မသေချာလှပေ။ ထို့ကြောင့် ရန်သူက မြေကတုတ်စစ်ပွဲ လုပ်နိုင်မည့် စိတ်ဓာတ်ကိုချောက်ချားနေစေရန်၊ ၎င်း(၂၅)ပေါင်ဒါ အမြောက်ကြီးများ မီးအားဖြင့် တိုက်နိုင်မည့် တိုက်ကွက်ဖြစ်သည့် 'ဝမ်ဆလာ'ကူးတို့ဆိပ်တိုက်ပွဲတွင် ၎င်းအမြောက်ကြီးများကို သံလွင်အနောက်တောင်တန်းပေါ် ခဲယဉ်းစွာ ဆွဲ တင်ပြီး ပြင်းထန်များပြားတဲ့ မီးအားနှင့် တိုက်လိုက်လျှင် အတွေ့အကြုံနည်းသော ရန်သူ့စိတ်ဓာတ်အရ ရှေ့တွင်လည်း ဤလိုပင် အတိုက်ခံရမည်ဟုထင်ကာ ကြောက်လန့်ပြီး ခွဲခွဲမြဲမြဲ မခုခံရဲအောင် စီစဉ်သည်။(အထက်အမှတ်(င)ကိုလည်း ကြည့်ပါ။)

၄–ထို 'ဝမ်ဆလာ'ကူးတို့ဆိပ်တိုက်ပွဲအတွင်း အမြောက်အား ဖိသုံးပြီး ထိုအရှိန်ကို အမြတ်ထုတ်ကာ တောင်(၃)လုံးကို ပထမ အဆင့်စီစဉ်ရန်မှာ 'ဝမ်ဆလာ'တိုက်ချိန်လောက်တွင် ၎င်းတောင်(၃)လုံးကို တိုက်ရန်တာဝန်ကျထားသော တပ်ရင်းက ထိုတောင် (၃)လုံးအနက် အချက်အချာတောင်ကုန်း၏ ခြေရင်းတွင် ပုန်းလျှိုးနေပြီး ဝမ်ဆလာတိုက်ပွဲမှ ပြေးလာသော ရန်သူများ ထိုတောင်ပေါ် ပြေးတက်လျှင်(ထိုတောင်မှာ

သံလွင်အနောက်တောင်ကြောတွင် တင်ထားသော အမြောက်များရှိနေရာမှ ကိုက်(၁,၃၀၀)ကျော်သာ ရှိသဖြင့် (၂၅)ပေါင်ဒါ-ယမ်းပြင်းနှင့် ပစ်ပါက မိသည်။ အမြောက်(၈)လက်က (၂)မိနစ်မျှ ပစ်ကြည့်ရမည်။ (ယမ်းပြင်းနှင့် ကြာကြာပစ်က အမြောက် သိပ်နာသည်။) ထို့နောက်တောင်ခြေက ပုန်းလျှိုးနေသည့် မိမိတပ်က တက်၍ လုံ့စွပ်ထိုးရမည်။ ရန်သူအဖို့ ရေကပြန်ပြေးလာသော သူများ၏ ဖရိုဖရဲ ကြောက်စိတ်နှင့် ခေါင်းပေါ်ကျရောက်နေသည့် ကျည်ဆံအရှိန်တို့ကြောင့် ချောက်ချားလန့်ဖျပ်နေစဉ် မိမိတို့က လုံ့စွပ်တက် ထိုးပါက ထိုစခန်းကတုတ်ကို အလွယ်တကူရနိုင် သိမ်းပိုက်နိုင်သည်။ ထိုအချက်အချာ တောင်းကုန်းရပြီးသော် ကျန်တောင်ကုန်း(၂)လုံး ကို ဆက်တိုက်သွားရမည်။

၅-အကယ်၍ ထိုနည်းဖြင့် မရပါက သုံးရန် ဒုတိယနည်းလမ်းမှာ ဝမ်ဆလာတိုက်ပြီးနောက် (၂)ရက်(ယ+၂)တွင် မိမိမူလ စီစဉ်ထားသော (၆)ပေါင်ဒါ(၂)လက်၊ (ဂွမ်မ-၂လက်)၊ သံချပ်ကာ ဘရင်းဂန်း(၄)လက်၊ တင်ရင်း(၃)လက်မ မော်တာများနှင့် လေတပ်မှ လေယာဉ် (၉)စီးတို့ဖြင့် တိုက်ရန်။ ထိုတိုက်ပွဲတွင် မိမိတို့ လေတပ်စွမ်းအားကို အဓိကထားရမည်ဖြစ်၍ ရန်သူကြိုပြီး အတွေ့အကြုံ မရှိဖြစ်နေစေရန် 'ဝမ်ဆလာပွဲ'တွင် လေတပ်ကို ထည့်မသုံးဘဲ အမြောက်ကိုသာ ဖိသုံးရန် ဖြစ်ပေသည်။

၆-ဤနည်းဖြင့်လည်း မရပါက၊ သုံးရန် တတိယနည်းလမ်းမှာ 'ဝမ်ဆလာတိုက်ပွဲ'ပြီးလျှင်ပြီးခြင်း၊ ကားလမ်းဖောက်ပြီး (၂)ရက် (၃)ရက်အတွင်း (၂၅)ပေါင်ဒါ အမြောက်ကြီးများ ဆွဲလာပြီး ကမ်းမှ(၃-၄)မိုင်အကွာနေရာကောင်းမှ လေတပ်ပါ-အပါ၊ ဖိအား အားလုံး ပေါင်းပြီး၊ အပိုင်တိုက်ရန်ဖြစ်သည်။ ထို့ကြောင့်'ဝမ်ဆလာပွဲ'ပြီးလျှင် ပြီးခြင်း၊ ဝမ်ဆလာ-မိုင်းတုံဘက်ချက်ချင်း ကားလမ်းဖောက်ရန်။ မိုင်းယန်မှ ဝမ်ဆလာကူးတို့ဆိပ်ထိ ကားလမ်းကိုလည်း (ယ-နေ့) မှစ၍ အမြန်သံလွင်မြစ်ထိဖောက်လုပ်ရန် စီစဉ်ရပါသည်။

၇-စစ်ဆင်ရေး ပထမဆင့်-အပိုင်း(၁) ဝမ်ဆလာနှင့် အပိုင်း(၂) တောင်(၃)လုံးကို ရပြီးသော် ရန်သူကို အသက်ရှူပေါက် မပေးဘဲ မိုင်းတုံအထိ ဆက်ပြီးလိုက်တိုက် သိမ်းရန်။ တပြိုင်တည်းမှာပင် ဝမ်ဆလာ-မိုင်းတုံလမ်းကို ပေါ်တာအလုပ်သမား(၃,၀၀၀) အား နှင့် အမြန်ဖောက်ရန်။ မိုင်းဟန်ဘက် ခရီးတိုထိုးဖောက်တပ်က 'ဝမ်မဲခင်'စခန်းရှာကို သိမ်းရန်။

၈-စစ်ဆင်ရေးဒုတိယအဆင့်-မိုင်းတုံသိမ်းရန်။

မိုင်းတုံ အဝင်တောင်ကုန်းများက ရန်သူက ခံစစ်ထိုးဖို့လုပ်သော်၊ သံလွင် အရှေ့ဘက်ကမ်းကို ပါလာသော မိမိတို့၏ လက်နက်ကြီးများ အပြင် လေတပ်ပါ ပူးတွဲတိုက်ရန်။ ထိုနည်းနှင့်မှ မရသော် မိုင်းတုံမှ ၄-၅ မိုင်ကွာအထိ လမ်းဖောက်၍ (၂၅)ပေါင်ဒါ အမြောက်ကြီးများ ဆွဲလာပြီး ဖိအားစုပေါင်းတိုက်ရန်။

မိုင်းတုံရပြီး လမ်းလည်းဖောက်သွားပြီးပါက ဤစစ်ဆင်ရေးကြီး၏ ထက်ဝက်ကျော် အောင်မြင်ပြီဖြစ်သည်။ ဤတွင် အရေးကြီးလှသော မိုင်းတုံ-မိုင်းဟန်-ပွန်ပါကျင်ကွင်းပြင်ဝှမ်းကို မိမိတို့ လွှမ်းမိုးနိုင်ပြီဖြစ်သည်။ မိုင်းတုံရပြီးပါက မိမိတို့ အဓိက တပ်အနေနှင့် မိုင်းဟန်ခရီးကို ထိုးဖောက်တပ်တို့ 'ဝမ်မဲခင်'တွင် ပေါင်းစည်းကြရန် ဖြစ်ပါသည်။

၉-စစ်ဆင်ရေး တတိယအဆင့်-(a) မိုင်းဟန်-ပွန်ပါကျင်ကို အရင်ဆက်တိုက်မလား။ (b) မိုင်းဆတ်ကို အရင်တိုက်မလား။ မိုင်းတုံရပြီးမှ ရန်သူ့အခြေအနေကြည့်၍ ဆုံးဖြတ်ရန်ဖြစ်သည်။ အကယ်၍ ရန်သူက မြေကတုတ်စစ်ပွဲ ခေါင်းမာမာနှင့် ဆက်ဆင်နွှဲမည်ဆိုပါက မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ဗမာပြည်မအပေါ် တရုတ်ဖြူကျူးကျော်လွှမ်းမိုးနိုင်မည့် အခြေခံဒေသ ဖြစ်သော မိုင်းဟန်-ပွန်ပါကျင်ကို အရင်တိုက်ရန်။ သို့မဟုတ် ရန်သူစိတ်ဓာတ် ပြိုကွဲနေလျှင်တော့ မိုင်းဆတ်ကို အရင်တိုက်ပြီးမှ မိုင်းဟန်-ပွန်ပါကျင်ကို တိုက်ရန် ဖြစ်သည်။ အကြောင်းမှာ မိုင်းဆတ်သည် မိမိတို့၏ ရည်ရွယ်ချက်နှင့် တိုက်ရိုက် အဓိက မကျလှသော်လည်း ကမ္ဘာနှင့် ဗမာပြည်သူများ အကြား ဂယက်ရိုက်ခတ်မှု အလွန်ကြီးမားနိုင်၍တကြောင်း၊ ရေရှည် တရုတ်ဖြူ အင်အားကြီးရေးအတွက် အခြေခံဒေသ မပေးရာရောက် သဖြင့်တကြောင်း၊ မိုင်းဆတ်ကို အရင်သိမ်းရန် စဉ်းစားခြင်း ဖြစ်ပါသည်။ ဤသည်မှာ ရန်သူ့စိတ်ဓာတ် ထိခိုက်နေပြီဖြစ်၍ အလွယ်တကူ သိမ်းနိုင်မည်ဖြစ်သောကြောင့် စဉ်းစားခြင်းဖြစ်သည်။ သို့သော် ရန်သူက ခေါင်းမာမာနဲ့ခံသော် မိုင်းဆတ်မှာ အတော်ခက်ခဲမည်။ မိုင်းဟန်-ပွန်ပါကျင်မှာမူ ဖမ်းရန်လက်လှမ်းမီသော ငှက်ဖြစ်နေပြီဖြစ်၍ သိပ်မခက်ခဲလှတော့။ ထို့ကြောင့် မိုင်းဟန်-ပွန်ပါကျင် တိုက်ရေး လွယ်ကူမည်ထင်လျှင် မိုင်းဆတ်ကို အရင်တိုက်ပြီးမှ မိုင်းဟန်-ပွန်ပါကျင်ကို တိုက်သင့် ပေသည်။

ဤသည်တို့မှာ မိမိတို့က လုပ်နိုင်မည့်လမ်းများ၊ ၎င်းအပေါ် ရန်သူက တုံ့ပြန်နိုင်ချက်နှင့် နောက်ဆုံး မိမိတို့ လုပ်ရန်နည်းလမ်း များကို သုံးသပ်ထားချက်များ ဖြစ်ပါသည်။

### ၅။ **စစ်ဆင်ရေးကြီး၏ အမည်ကို ရွေးချယ်ခြင်း**

ဤစစ်ဆင်ရေးကြီးကို ကျနော်က "ဘုရင့်နောင် စစ်ဆင်ရေး" ဟု အမည်ပေးခဲ့ပါသည်။ အကြောင်းမှာ-ဤစစ်ဆင်ရေးကြီးကို အဓိကအားဖြင့် "ထိုင်း-မြန်မာ" နယ်စပ်တွင် တိုက်ကြရမည်ဖြစ်သည်။ ထိုင်းနှင့် မြန်မာလူမျိုးတို့မှာ အတိတ်သမိုင်းကလည်း စစ်တိုက် ခဲ့ကြရသဖြင့် လူမျိုးနှစ်မျိုးအကြား အခုအခံများ ရှိခဲ့ကြသည်။ ထို့ကြောင့် ထိုင်းတို့အနေနှင့် နယ်စပ်တွင် တိုက်နေရသော ကျနော်တို့အပေါ် စိုးရိမ်သောကစိတ် မရှိဘဲ၊ တိုက်ပွဲတွင် လုံးဝကြားနေရန် ကျနော်တို့က လိုလားပါသည်။ ထိုင်း-မြန်မာလူမျိုးနှစ်မျိုးအကြား နားလည် ရင်းနှီးရေး လိုအပ်ပါသည်။

ထိုင်းအမျိုးသားများအကြားတွင် ကမ္ဘာပေါ်၌ သူတို့စံပြအဖြစ် ကြည်ညိုလေးစားသော ပုဂ္ဂိုလ်ကြီး(၄)ဦး ရှိသည်ဟု သိရပါ သည်။ ၎င်းတို့မှာ-

(၁) ကမ္ဘာကျော် ပြင်သစ်စစ်ဘုရင် နပိုလီယံ

(၂) အမေရိကန်သမ္မတကြီး လင်ကွန်း

(၃) မြန်မာဘုရင် ဘုရင့်နောင်

(၄) သူတို့၏ ရှင်ဘုရင်တပါး...တို့ဖြစ်ကြပါသည်။

မြန်မာဘုရင် ဘုရင့်နောင်မှာ စစ်ရေးထူးချွန်ပြီး 'ယိုးဒယား'ကို စစ်နိုင်ပြီး သိမ်းပိုက်အုပ်ချုပ်သောအခါ ယိုးဒယားပြည်သူများ အပေါ် များစွာလေးစား ကြင်နာစွာနှင့် အုပ်ချုပ်ခဲ့သည်။ ရိုင်းစိုင်းခြင်း မရှိဘဲ ယဉ်ကျေးခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် ယိုးဒယား (ထိုင်း) တို့က ဘုရင့်နောင်ကို

လေးစားကြည်ညိုခဲ့ကြပြီး ၎င်းတို့၏ စံပြပုဂ္ဂိုလ်တဦး အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ယိုးဒယား (ထိုင်း) တို့က "ဘုရင့်နောင်"ဟူသောအမည်ကို ကြားလျှင် မြန်မာအပေါ် မုန်းတီးမှု၊ မယုံသင်္ကာဖြစ်မှုများ သက်သာစေနိုင်သဖြင့် ဤအမည်ကို ကျနော်ပေးလိုက်ခြင်း ဖြစ်ပါသည်။

## ၆။ **ကျနော်တို့၏ ဆုံးဖြတ်ချက်များ**

ကျနော်တို့သည် စီမံကိန်း(မည်သည့်စီမံကိန်းမဆို) တခုကိုရေးဆွဲနိုင်ရေးအတွက် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဆင့်ဆင့် သုံးသပ် အကဲဖြတ်ရပေမည်၊ ၎င်းတို့ထဲတွင် ပထမအားဖြင့် အချက်အလက် သတင်းများ ပြည့်စုံ၊ နက်ရှိုင်း၊ မှန်ကန် တိကျဖို့လို သည်။ (ဤအတွက် သတင်းရှာဖွေ ထောက်လှမ်းရေးနှင့် ၎င်းအပေါ်မှန်ကန်စွာ သုံးသပ်တည်းဖြတ်နိုင်မှုများသည် အလွန်အရေးကြီးပေသည်။) ဤနည်းဖြင့် အချက်အလက်များ စုံလင်စွာ ရရှိပြီးလျှင် ဘက်နှစ်ဘက် လုပ်နိုင်ချက်များကို တွက်ချက်ပြီး မိမိတို့အနေနှင့် မည်သည်ကို လုပ်နိုင်သည်၊ လုပ်သင့်သည်တို့ကို ဝေဖန်ပိုင်းခြားရမည်၊ ၎င်းတို့ပြီးလျှင် ဆုံးဖြတ်ချက်များချကာ စီမံကိန်းထွက်လာနိုင်ပေသည်။

ထို့ကြောင့် ကျနော်တို့အနေနှင့် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အဆင့်ဆင့် ဘက်စုံသုံးသပ်ပြီးနောက် ဆုံးဖြတ်ချက်များကို အောက်ပါ အတိုင်း ချမှတ်ခဲ့ပေသည်။

(က) စစ်ဆင်ရေး စတင်မည့် (ယ)နေ့ကို (မိုးရာသီမကျမီ လုပ်ခွင့်ရစေရန်) မတ်လ(၁)ရက်နေ့ စတင်ပြီး၊ စစ်ဆင်ရေးကို မေလ(၁၅)ရက်မတိုင်မီ ပြီးစီးစေရန်။

(ခ) စစ်ဆင်ရေး ရည်ရွယ်ချက် – တရုတ်ပြူတပ်များ ဗမာပြည်ပေါ်ဝင်ရောက် ကျူးကျော်နိုင်မည့် အခြေခံဒေသဖြစ်သော မိုင်းတုံ–မိုင်းပန်–ပွန်ပါကျင် ကွင်းပြင်ဝှမ်းဒေသနှင့် မိုင်းဆတ်ဒေသတို့ကို တိုက်ခိုက်သိမ်းပိုက်ရန်။

(ဂ) အဓိက ထိုးစစ် – စစ်ကြောင်းကို မိုင်းပန်မှ ဝမ်ဆေလာ – မိုင်းတုံလမ်းကို ရွေးချယ်ရန် (၎င်းကို အထူးလျှို့ဝှက် လုပ်ဆောင်ရန်)

(ဃ) ရန်သူ့အရံတပ်များကို ထိန်းချုပ်ရန်နှင့် အဓိကထိုးစစ်ကို ကူညီနိုင်ရန် မိုင်းဟန်ဘက်သို့ (ယ) နေ့ တပြိုင်တည်းခရီးကို ထိုးဖောက်ရေး တပ်တတပ် စေလွှတ်၍ ဟန်ပြခြိမ်းခြောက်ရန်။

(င) အခြားစစ်မျက်နှာများမှ ရန်သူ့တပ်များကို ဆွဲမထုတ်နိုင်အောင် ထိထိမိမိထိန်းချုပ်ရန်။

အထက်ပါ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရန် အနိုင်အမာ နည်းလမ်းများကိုမူ အထက်တွင် (မိမိလုပ်နိုင်သည့်၊ လုပ်ရမည့် အချက်များအပေါ် စဉ်းစားချက်များ အခန်းတွင်) အပြည့်အစုံ ဖော်ပြပြီး ဖြစ်ပါသည်။

(စ) တချိန်တည်း လုပ်ဆောင်ရမည့် အချက်တချက်မှာ မိမိတို့တပ်မှာ (ရန်သူက ထင်ထားသလောက် အင်အားမကြီးသဖြင့်) အလွန်အင်အား တောင့်တင်းပြည့်စုံကြောင်း၊ တချိန်တည်း တိုက်ခိုက်ချေမှုန်းတော့မည် ဖြစ်ကြောင်း အမေရိကန် လိုလားသောသတင်း ထောက်များက တဆင့် ဝါဒဖြန့်ရန်။ (ဤလုပ်ငန်းကိုမူ အစိုးရက လုပ်ရန်)

၎င်းတို့မှာ အခြေခံဆုံးဖြတ်ချက်များဖြစ်သည်။

## ၇။ **ကျနော်တို့၏ စီမံကိန်း**

ဤကဲ့သို့ အနိုင်အမာ ဆုံးဖြတ်ချက်များ ချပြီးနောက် စီမံကိန်းအပြည့်အစုံကို ရေးဆွဲနိုင်ပြီဖြစ်ပေသည်။ အထက်တွင် စဉ်းစားနည်းများ အပြည့်အစုံ ရေးပြီးဖြစ်၍ စီမံကိန်းအနိုင်အမာကို ထပ်မရေးတော့ပါ။

(က) ဤစီမံကိန်းတွင် ထပ်ဖြည့်စရာများ ရှိပါသည်။

–အချင်းချင်းဆက်သွယ်ရေးစနစ်နှင့် ပုံစံ

–လိုအပ်သော ထောက်ပံ့ရေး အချက်အလက်များ

–ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ကုသရေး နည်းလမ်းများ စသည့်အုပ်ချုပ်ရေးဆိုင်ရာ စီမံကိန်းများ…ဖြစ်သည်။

မူလစစ်ဆင်ရေး စီမံကိန်းကို စဉ်းစားပြင်ဆင်ကတည်းက မိမိတို့ဘက်မှ အုပ်ချုပ်မှုအချက်အလက် လုပ်နိုင်စွမ်းအတွင်း၌ ယေဘုယျစဉ်းစား ရေးဆွဲကြစမြဲ ဖြစ်သော်လည်း တခါတရံထူးခြားသော အခြေအနေများတွင် လိုအပ်သော အုပ်ချုပ်မှုအချက်အလက် တောင်းဆိုမှုကို မဖြည့်တင်းနိုင်၍ စစ်ဆင်ရေးစီမံကိန်းကိုပင် တမျိုးတဖုံ ပြုပြင်ပြုလုပ်ရသည်များ ရှိပေသည်။

သို့သော်ကျနော်တို့ ဤစစ်ဆင်ရေးကို ဆင်နွှဲရာတွင် ဖဆပလအစိုးရက လုံးဝထောက်ခံအားပေးခဲ့သည့်အတွက် ကျနော်က ရွှေတန်းက ဘာလိုလို အချိန်မရွေး တောင်းဆိုရယူနိုင်ခဲ့ပါသည်။ တပြည်လုံး ရှိသမျှနေရာမှ လိုချင်တဲ့အရာအားလုံး အချိန်မဆိုင်း တောင်းဆိုရခဲ့ပါသည်။

## ၈။ **နိဂုံးချုပ်**


(က) ဤစစ်ဆင်ရေးတွင် မူလတွေးခေါ်စီမံခဲ့သည့်အတိုင်း ရာနှုန်းပြည့် အောင်မြင်ချောမောခဲ့ပေသည်။

(ခ) ရန်သူ၏ အားသာချက်နှင့် လုပ်နိုင်ချက်များကို မိမိတို့က မိမိအားသာချက်နှင့် လုပ်နိုင်ချက်၊ ရန်သူ့အားနည်းချက်တို့နှင့် ပေါင်းစပ်၍ အားပျော့သွားအောင် သုံးသပ်လုပ်နိုင်ခဲ့သည့်အတွက် ဖြစ်ပါသည်။

(ဂ) ရန်သူ၏ အားသာချက်နှင့် လုပ်နိုင်ချက်ဖြစ်သည့် အဓိက (၂)ချက်

၁–ခေါင်းမာသော နေရာခွဲခံကတုတ် စစ်ပွဲဆင်နွှဲခြင်းနှင့်

၂–အတွင်းဝင်သွားရသော မိမိတို့၏ စစ်ကြောင်းအား အလစ်ထိုးသုတ် ဝိုင်းဝန်းချေမှုန်းစားလိုက်ခြင်း၊ လုပ်နိုင်မှုယ်(၂)မျိုးကို မိမိတို့အားသာချက် ဖြစ်သည့် လက်နက်ကြီးသုံးနိုင်ခြင်းနှင့် ရန်သူ၏ အားနည်းချက်ဖြစ်သော အတွေ့အကြုံနည်းပါးသည့် ဒေသတပ်သားသစ်များ ပါဝင်နေခြင်း ဆိုသည့်အချက်




ဘုရင့်နောင်စစ်ဆင်ရေးမြေပုံကြမ်း

ရည်ညွှန်းချက်

- ကားလမ်း
- လား လူ လမ်း
- လားလမ်းကျယ်
- ဟန်ပြထိန်းချုပ်တပ်
- အဓိကထိုးစစ်ကြောင်း
- ကော်လံတိုထိုးစစ်ငယ်များ

(၂) ချက်ကို ဖွဲ့ပြီးစေပြီး စီမံကိန်းချနိုင်သဖြင့် ချေမှုန်းနိုင်ပြီး အောင်ပွဲရယူ နိုင်ခဲ့ပေသည်။

(ဃ) မိမိတို့၏ စီမံကိန်းအရ အဓိကထိုးစစ်ကို ဝမ်ဆလာ–မိုင်းတုံလမ်းကြောင်းရွေးလိုက်ခြင်းသည်လည်း မှန်ကန်သွားပေသည်။ အကြောင်းမှာ ရန်သူက ခေါင်းမာသော မြေကတုတ်စစ်ပွဲ ဆင်နွှဲသော် မိမိ၏မီးအားနှင့် ပစ်ခတ်အားကို ထပ်ဖြည့်နိုင်ရန် ကားလမ်းပေါက်သည့်နေရာဖြစ်ခြင်း၊ ကားလမ်းပေါက်ပါက မိမိတို့က ရန်သူအပေါ် အဖက်ဖက်က အပေါ်စီးရနိုင်ခြင်း၊ နောင်နယ်မြေ ထိန်းသိမ်းရေးအတွက်လည်း အကျိုးရှိသဖြင့် မိမိ၏ သာလွန်ချက်များကို နိုင်မာနိုင်စေခြင်းများကြောင့် ဖြစ်ပါသည်။

(င) မိုင်းဟန်ခရီးကို ထိုးဖောက်ရာမှာလည်း ရန်သူ၏လုပ်နိုင်ဖွယ် တန်ပြန်ထိုးစစ်အတွက် သေနင်္ဂဗျူဟာ အရံတပ်ကို သောင်တင်သွားစေရန်အတွက် ရန်သူ့တပ်မှူးချုပ်၏ အားနည်းချက်နှင့် မိမိ၏ အားသာချက် မြေအခြေအနေကို အသုံးချပြီး တပ်နည်းနည်းဝင်တာကို အများကြီးဝင်လာသည်ဟု ထင်မြင်စေရန် လေကြောင်းရိက္ခာပစ္စည်းများ တနေကုန်ချပေးနေခြင်းတို့သည် များစွာထိရောက်သွားပြီး ရန်သူ့အရံတပ်သည် စစ်ပွဲတွင် လုံးဝ အသုံးမဝင် ဖြစ်သွားရပေသည်။ သို့ဖြင့် ရန်သူတန်ပြန် ထိုးစစ်ကို ဖျက်ဆီးလိုက်နိုင်သည်။ အဆင့်ဆင့် ခံစစ်လုပ်မှာကိုလည်း ပျက်သွားစေခဲ့ပါသည်။

(စ) ဝမ်ဆလာ တိုက်ပွဲတွင် မိမိတို့ မီးအားကို သံလွင်အနောက်ဘက်ကမ်းမှ ဒီတပွဲသာ မီးအားကြီးမားတဲ့ အမြောက်ကြီးများနှင့် တိုက်နိုင်မည်ဖြစ်ရာ (အတွေ့အကြုံမရှိ၊ လေ့ကျင့်မှုမရှိ) စတဲ့ အားနည်းချက်များရှိတဲ့ ရန်သူကို ဖိပစ်ပေးရာ ထိုပစ်မှတ်တခုတည်း တပ်တခွဲ ကျဉ်းကျဉ်းလေး နေရာပေါ်သို့ (၂၅)ပေါင်ဒါကျည် (၅၀၀) ခန့်၊ (၃) လက်မ မော်တာကျည် (၁,၀၀၀) ခန့် တို့ကို ၁၅ မိနစ်ကြာ ပစ်လိုက်ရာ မျှော်လင့်ထားသည့်အတိုင်း ရန်သူများ အလွန်တုန်လှုပ်သွားပြီး၊ အလယ်–တောင်သုံးလုံးသို့ ထွက်ပြေးရာတွင် (၂၅) ပေါင်ဒါ အမြောက်များက ယမ်းပြင်းများနှင့် ထပ်မံပစ်ပြီး တောင်ခြေတွင် စောစောကတည်းက ပုန်းလျှိုးနေသည့် မိမိတပ်များက လုံ့စွပ်ထိုး၊ တက်သိမ်းရာ အားလုံးချောမောစွာ ရရှိခဲ့ပါသည်။ ရန်သူတုန်လှုပ်မှုကို ပိုပြင်းစေရန် မိမိလေတပ်နှင့် ရိက္ခာပစ္စည်းချပေးသော လေယာဉ်များ ထိုဒေသ ကောင်းကင်တွင် တနေကုန် ပျံဝဲနေစေခဲ့ပါသည်။ တချိန်တည်းမှာပင် မိုင်းဟန်ခရီးကို ထိုးဖောက်ရေးတပ်က လှုပ်ရှားတိုက်ခိုက်လာသဖြင့် ရန်သူများအနေနှင့် သူတို့ဌာနချုပ်ကို တိုက်ရိုက်တိုက်နေပြီဟု ယူဆကာ မိုင်းတုံ စစ်မျက်နှာတွင် အဝိုင်းခံရတော့မည်ဟု တွေးထင်ကာ ချောက်ချားလာမှုများလည်း ရှိပါသည်။

ထိုသို့သော ထိတ်လန့်ချောက်ချားမှုများကြောင့် ရန်သူများသည် မိုင်းတုံမှာ ပြန်လည်စုစည်းခြင်းသော်လည်းကောင်း၊ အဆင့်ဆင့် ခံစစ်လုပ်ရန်သော်လည်းကောင်း မပြုလုပ်နိုင်ကြတော့ဘဲ ထိုင်းနယ်စပ်အထိ ထွက်ပြေးကြပါတော့သည်။ စစ်မျက်နှာ အသီးသီးက ရန်သူကို ထိန်းချုပ် ခြိမ်းခြောက် ဟန်ပြလုပ်ငန်းအားများအားလုံးလည်း ပီပီရိရိရှိသဖြင့် အားလုံးအောင်မြင်ရခြင်း ဖြစ်သည်။ ဤသည်မှာ မျှော်လင့်ထားသည်ထက် ပိုမို အောင်မြင်ပြီး၊ ပိုမိုအကျိုးရှိသွားရပေသည်။

(ဆ) သို့ဖြင့် မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ရန်သူ့အခြေခံ မိုင်းဆတ်နှင့် မိုင်းတုံ–မိုင်းဟန်–ပွန်ပါကျင် ဒေသကြီးကို သိမ်းပိုက်နိုင်ပြီး တရုတ်ဖြူတို့၏ အခြေခံစခန်းကို ဝေးကွာသော ထိုင်းမြန်မာနယ်စပ်မျဉ်းတောင်ကြောများသို့ တွန်းထုတ်နိုင်ခဲ့ပေသည်။ ပွန်ပါကျင် အရှေ့နယ်စပ်အနီး တရုတ်ဖြူဌာနချုပ်ကို စီးမိရာ ခဲယမ်းသောင်းသိန်း နီးပါး၊ ဆေးဝါး၊ စစ်သုံးပစ္စည်း အတော် များများ ရမိပြီး၊ ၎င်းတို့အား မြန်မာပြည်ကို ခြိမ်းခြောက်နိုင်သော အနေအထားမှ လုံးဝတွန်းလှယ်လိုက်နိုင်သည်။

(ဇ) ကြိုတင်ပြင်ဆင်မှုများတွင် အသေးစိတ်လုပ်ရသည့် လုပ်ငန်းများရှိသည်။ ထိုလုပ်ငန်းများအနက် ဥပမာအဖြစ် (အလွန်လည်း အရေးကြီးခဲ့သော) လုပ်ငန်း (၂) ခုကို ဖော်ပြပါမည်။

၁–ရန်သူက နေရာစွဲမြေကတုတ်စစ်ပွဲ ခေါင်းမာစွာလုပ်လျှင် မိမိတို့များစွာ ခက်ခဲမည်။ လက်နက်ကြီးပါမှ ဖြစ်မည်။ အထူးသဖြင့် သံလွင်အရှေ့ဘက် ကမ်းတွင် ဤလိုစစ်ပွဲတိုက်ရပါက မည်သို့လုပ်မည်နည်း။ ကြိုတင်ပြင်ဆင်ရမည်။ ထိုစဉ်က မြန်မာတပ်မတော်တွင် (၂၅) ပေါင်ဒါ အမြောက်နှင့် ဒုတိယကမ္ဘာစစ်ကြီးအကျန် တင့်ကားပစ် (၆) ပေါင်ဒါ အမြောက်များသာ ရှိသည်။ (၂၅) ပေါင်ဒါ အမြောက်များမှာ ကားလမ်းရှိမှ ဆွဲယူနိုင်သည်။ (၆) ပေါင်ဒါမှာမူ ကားဆွဲအမြောက်ပင် ဖြစ်သော်လည်း ဖြုတ်သယ်ယူရန်ဖြစ်သည်။ (၆) ပေါင်ဒါ အမြောက်တခုလုံး အလေးချိန်မှာ ပေါင် (၂,၀၀၀)ကျော်ရှိပြီး အလေးဆုံးအပိုင်းမှာ ပြောင်းပိုင်းဖြစ်သည်။ ပြောင်းသည်လက်မ (၁၀၀) ကျော်ရှည်ပြီး၊ အလေးချိန်မှာ ပေါင် (၅၀၀) ကျော်ခန့် ရှိသည်။ လူနဲ့ထမ်းက ခရီးရှည် မထမ်းနိုင်။ ထို့ကြောင့် ဆင်နှင့်ထမ်းရန် စိတ်ကူးမိသည်။ မြန်မာပြည်ရှိ ဆင်တော်တော်ကြီးကြီးများသာ ပေါင် (၅၀၀) ကို တင်နိုင်မည်။ ဆင်မှာ ဆွဲအားသာရှိသည်။ တင်အားမရှိလှ။ ရှည်လျားပြီးလေးလံလှသော ပြောင်းတန်ကြီး ဆင်ပေါ်တင်နိုင်အောင် ဆင်နံရိုး၊ ကျောရိုး တည်ဆောက်ပုံနှင့် သင့်တော်မည့် ပုခက်တမျိုး တီထွင်နိုင်မှ ဖြစ်နိုင်ပေမည်။ ဆင်အကြောင်း ကျွမ်းကျင်သူများနှင့် ညှိနှိုင်းလုပ်ဆောင်မှုဖြင့် ထိုပုခက်တမျိုး တည်ဆောက်နိုင်ခဲ့သည်။ ထို့ပြင် ထိုဆင်များ သံလွင်ကိုကူးဖို့ ဆင်ဖောင်ကြီးတခုကိုလည်း ကျွမ်းကျင်သူများက စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။ ထိုဆင်သယ်မည့် ဖောင်အတွက် ကြိုးရှာရာတွင် ကြိမ်ကို သံလွင်ရေတွင် တပတ်နှစ်ပတ်စိမ်ရမည်ဟု ဆိုလာသဖြင့် အဘယ်ကြောင့်ထိုသို့လိုအပ်ကြောင်း မေးမြန်းပြီး၊ ထိုကြိုးနှင့်အလားတူမည့် ကြိုးများကို ရန်ကုန်သို့လှမ်းမှာကာ လေယာဉ်နှင့် ချနိုင်းရပါသည်။ သို့ဖြင့် သံလွင်အရှေ့ဘက်ကမ်းတွင် မြေကတုတ် စစ်ပွဲ ဆင်နွှဲရလျှင် အလွန်ထိရောက်မည့် (၆) ပေါင်ဒါ အမြောက် ၂ လက် အသုံးပြုနိုင်ရေး အတွက် ကြံစည်လုပ် ဆောင်ခဲ့ရပါသည်။

၂–ဝမ်ဆလာကို မိမိတို့၏ (၂၅) ပေါင်ဒါ အမြောက်ကြီးများဖြင့် အစွမ်းပြ ခြောက်လှန့်ပစ်ခတ်ရန် အမြောက်များ ဝမ်ဆလာ အနောက် ကမ်းတောင်ကြောပေါ် အရောက်ရန်သူ မသိအောင် သယ်ယူရေးပြဿနာကို ဖြေရှင်းရာတွင်လည်း အလွန်အသေးစိတ် စီစဉ်ခဲ့ ရပါသည်။

မိုင်းပန်မှ ဝမ်ဆလာဘက်လာသော ကားလမ်းမှာ သံလွင်မရောက်မီ (၆–၇) မိုင်လောက် ကားလမ်းပြတ်သွားသည်။ ထို့ကြောင့် အမြောက်ဆွဲရန် ကားလမ်းဖောက်ရလျှင်လည်း အရှေ့ကမ်းမှ ရန်သူသိသွားနိုင်သည်။ အနောက်ဘက်မှ သံလွင်ဘက်စီး သော ချောင်းတချောင်းသည် ၎င်းလမ်းပြတ် တောင်ကြောအောက်က စီးပြီး သံလွင်သို့ ဝမ်ဆလာအနောက်ကမ်း တောင်ဘက်ယွန်းယွန်းသို့ စီးဝင်သည်။ ထို့ကြောင့် မိုင်းပန်မှ ဝမ်ဆလာ (သံလွင်) သွားရာ ကားလမ်းပြတ်နေရာမှ ချောင်းအတွင်းသို့ လမ်းတွင်၍ အမြောက်များ ကိုဆွဲချကာ ချောင်းထဲရောက်သောအခါ အမြောက်ပြောင်းများကို ဖြုတ်ဆိုပြီး ချောင်းအတိုင်း သံလွင်ကမ်းစပ်နားအထိ (၇) မိုင်မျှသောခရီးကို လူအားနှင့်တဖြည်းဖြည်း ခဲယဉ်းစွာ ဆွဲယူသွားပြီး သံလွင်ကမ်းအနီးရောက်မှ အနောက်ဘက်တောင်ကြောပေါ်သို့ လမ်းဖောက်ပြီး လူအားနှင့်ဆွဲတင်ကြရသည်။

ဤသည်တို့မှာ ရန်သူ၏ အားသာချက်ဖြစ်ပြီး မိမိ၏အားနည်းချက်ဖြစ်သော တောတောင်တွင် ပြောက်ကျားစစ်ဖြစ်ခဲ့သော် ဆိုသည့် အချက်အပေါ် တွန်းလှန်ပစ်ရန် စီမံချက်များဖြစ်ပေသည်။

၅။ ဤစစ်ဆင်ရေးတွင် အောင်မြင်မှုရခြင်း၏ အခြေခံအချက်ကြီး (၂) ချက်မှာ…

(၁) အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိမိတို့၏ အားနည်းချက်ဖြစ်သော လမ်းမရှိသည့်တောတောင်အတွင်း ရန်သူက နေရာစွဲ ပြောက်ကျားစစ်ဖွဲ့ဆင်သော် မိမိတို့လိုအပ်သည့် အခြေခံလက်နက်ကြီးများ ခက်ခဲနေမှုများကို ဖယ်ရှားဖြေရှင်းလိုက်နိုင်ခြင်း

(၂) ရန်သူက မိမိထက်အားကြီးပြီး အရံတပ်ဖြင့် တန်ပြန်ထိုးစစ်ဆင်ကာ တွန်းလှန်ပစ်မည့်အန္တရာယ်ကိုလည်း စဉ်းစား၍ (ခရီးတို ထိုးဖောက်ခြိမ်းခြောက်ခြင်း) ရန်သူ့တပ်အများအပြား သောင်တင်အောင်လုပ်နိုင်ခဲ့ခြင်း (ထို့ကြောင့် ရန်သူ့အရံတပ် ရှေ့တန်းမပို့နိုင်၊ အဆင့်ဆင့်ခံစစ်၊ ကတုတ်စစ်မဆင်နိုင်ဖြစ်သွားစေခြင်း)။ အခြားစစ်မျက်နှာ အသီးသီးမှ ရန်သူများကိုလည်း ထိန်းချုပ်ထားနိုင်ခြင်းတို့ ဖြစ်ပါသည်။

ဤသည်တို့မှာ ကျနော်လွန်ခဲ့တဲ့ (၁၀) နှစ်ခန့်က ဘုရင့်နောင်စစ်ဆင်ရေးအကြောင်း ရေးသားထားသော စာတမ်းပင် ဖြစ်ပေသည်။ အတော်ပြည့်စုံသဖြင့် ဤကျနော်၏ အတ္ထုပ္ပတ္တိတွင် ကူးယူဖော်ပြလိုက်ပါသည်။ တချို့ကျန်သောအချက်များကို အောက်တွင်ဆက်လက် ရေးသား ဖော်ပြအပ်ပါသည်။

၁။ ကျနော်တို့ ဤစစ်ဆင်ရေးကြီးဆင်နွှဲသောအခါ သတင်းစာဆရာများ ကျနော်တို့နှင့်အတူပါလာပြီး တိုင်းပြည်သို့ အဆက်မပြတ် ရေးသားတင်ပြပေးနေသည့်အတွက် ပြည်သူများကလည်း အုံကြွထောက်ခံကြပါသည်။ ကျနော်မှတ်မိသလောက် မြန်မာ့အလင်းဦးသန်းညွန့်၊ ရန်ကုန်ဦးကျော်စိန်စသူတို့ဖြစ်၍ အစိုးရကလည်း ရုပ်ရှင်ရိုက်အဖွဲ့ကိုပါ စေလွှတ်ပါသည်။

၂။ ရှေ့တန်းကူညီရေးအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ တပ်မတော်အမျိုးသမီးအဖွဲ့များကလှုံ့ဆော်ပြီး ရှေ့တန်းသို့ ထောက်ခံစာများ၊ အားပေးစာများ၊ လက်ဆောင်ပစ္စည်းများပေးပို့ကြရာ ရှေ့တန်းရှိတပ်မတော်သားများ အလွန်အားတက် လန်းဆန်းကြပါသည်။

၃။ ဤစစ်ဆင်ရေးတွင် အဓိကတိုက်ပွဲကြီးဖြစ်သော ဝမ်ဆေလာကူးတို့ဆိပ် တိုက်ပွဲဦးစီးသူမှာ သေနတ်ကိုင်တပ်ရင်း (၁) တပ်ရင်းမှူး၊ ဗိုလ်မှူးကြီး တင်ဦးဖြစ်သည်။ (ယခု **NLD** ဒုဥက္ကဋ္ဌ ဦးတင်ဦး)

၄။ ဤစစ်ဆင်ရေးကြီးမှာ တရုတ်ဖြူဌာနချုပ်နှင့်တကွ တရုတ်ဖြူတို့၏ ဖမ်းပြည်တွင် အရေးကြီးဆုံးစခန်းဖြစ်သော မိုင်းဆတ် လွင်ပြင်နှင့် မိုင်းတုံ–မိုင်းဟန်–ပွန်ပါကျင်လွင်ပြင်နှင့် မိုင်းပုလွင်ပြင်စတဲ့ လွင်ပြင် (၃) ခုကို တလခွဲအတွင်း သိမ်းပိုက်ရရှိပါသည်။ ဝမ်ဆလာ တိုက်ပွဲပြီးကတည်းက တရုတ်ဖြူများ ဘယ်နေရာမှာမှ ပြင်းပြင်းထန်ထန် ခုခံခြင်းမပြုတော့။ တဆုတ်တည်း ဆုတ်သွားပါတော့သည်။

ကျနော်တို့က မိုင်းဆတ်လေယာဉ်ကွင်းလည်း သိမ်းပိုက်လိုက်နိုင်သဖြင့် အပေါ်စီး ပိုရလိုက်ပါသည်။ နောက်ဆုံးသူတို့ဌာနချုပ် ပွန်ပါကျင်ကိုလည်း ကျနော်တို့က တဆက်တည်း လိုက်သိမ်းရာ အလွယ်တကူပင် သိမ်းပိုက်ရရှိလိုက်ပြီး တရုတ်ဖြူများ ထိုင်းနယ်စပ် လွယ်မဟန်ခန် တောင်တန်းပေါ်က စခန်းတခုသို့ ထွက်ပြေးသွားကြပါသည်။ သူတို့ဌာနချုပ်မှ စစ်လက်နက်ပစ္စည်း အများအပြား သိမ်းပိုက်ရရှိပါ သည်။ ၎င်းတို့တွင် ကားတစီးတိုက် ဆေးဝါးပစ္စည်းများ၊ ကား (၂) စီးတိုက်ခန့် ခဲယမ်းကျည်ဆန်များ၊ ယူနီဖောင်းအသစ်များ အသစ်စက်စက် လေယာဉ်ပစ်အမြောက် (၂) လက်၊ ဝိုင်ယာလက်စက်ပစ္စည်းများအပြင် ဘိန်းစည်ကြီး တစည် သိမ်းပိုက်ရရှိလိုက်ပါသည်။ ကျနော်က ထိုဘိန်းများကို မီးတင်ရှို့နိုင်းရာ အချို့တပ်သားများက အလွန်အဖိုးတန်သဖြင့် ရင်ဘတ်စည်တီး ဖြစ်ကြပါသေးသည်။

၅။ လွယ်မဟန်ခန်တောင်မှာ ထိုင်း–ဗမာ နယ်စပ်မျဉ်းပေါ်တွင် တည်ရှိနေသဖြင့် ဆက်လိုက်တိုက်လျှင် ထိုင်းနိုင်ငံထဲ ကျည်ဆန်များ ကျရောက်နိုင်သဖြင့် ကျနော်တို့စစ်ဆင်ရေးကို ရပ်လိုက်ရပါသည်။ ဒါ့အပြင်ကျနော်တို့ မိုင်းတုံသိမ်းပြီးနောက် ဗိုလ်ချုပ်နေဝင်းရှေ့တန်းသို့ ရောက်ရှိလာပါသည်။ သူကပြောပြရာတွင် ထိုင်းလေတပ်လေယာဉ် (၄) စီးခန့် မော်လမြိုင်နှင့် မုတ္တမကို အဆက်မပြတ် လာဝဲနေသည်ဟု ဆိုပါသည်။ ထို့ကြောင့် ကျနော်တို့အနေနှင့် ထိုင်းနယ်စပ်တွင် ဆက်လက်တိုက်၍ မဖြစ်တော့ပါ။

၆။ ကျနော်တို့ ဤကဲ့သို့ စစ်ရေးလှုပ်ရှားမှုအောင်မြင်လိုက်၍တကြောင်း၊ ပြည်သူလူထု၏ လှုပ်ရှားမှုများကြောင့်လည်းကောင်း၊ တရုတ်ဖြူတပ်များ ဆုတ်ခွာရေးအတွက် သံခင်းတမန်ခင်းလုပ်ဆောင်မှုများ အရှိန်မြင့်လာပြီး (တရုတ်ဖြူတပ်များ စိတ်ဓာတ်ကျ ဖရိုဖရဲဖြစ်မှုများလာသဖြင့်တကြောင်း) ၁၉၅၄၊ စက်တင်ဘာလတွင် အိမ်ထောင်သည် အများအပြားပါဝင်သည့် တရုတ်ဖြူတပ်သား (၅,၀၀၀)ကျော်သည် လက်နက် (၈၀၀) ခန့်နှင့်အတူ ထိုင်ဝမ်သို့ ဆုတ်ခွာသွားကြပါသည်။

၇။ ဤစစ်ဆင်ရေးနှင့် တဆက်တည်းလောက်မှာပင် (၁၉၅၄ခု၊ မေလကုန်တွင်) ထိုင်ဝမ်တွင် ဌာနချုပ်ဖွင့် ရုံးထိုင်နေသော ဗိုလ်ချုပ်လီမီက "ယူနန် ကွန်မြူနစ်ဆန့်ကျင်ရေး၊ အမျိုးသားကယ်တင်ရေးတပ်မတော်"ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်ပါတော့သည်။

၈။ ကျနော်သည် ဘုရင့်နောင်စစ်ဆင်ရေးမှတ်တမ်း နိဂုံးချုပ်တွင် ဤစစ်ပွဲအောင်မြင်ခြင်း၏ အခြေခံအကြောင်းရင်း(၇)ချက် ဖော်ပြခဲ့ရာ၊ ပြည်သူလူထုတိုက်ပွဲနှင့် ပတ်သက်သော အချက် (၃) ချက် ထည့်သွင်းရေးသားမိပါသည်။ ထိုအချက် (၃) ချက်ကို ကျနော်မှတ်မိ သလောက် ဖော်ပြရလျှင်…

(၈ – ၁) – တိုင်းပြည်လူထုလှုပ်ရှားမှု အရှိန်အဟုန်ကြောင့် တပ်မတော်အား တက်ကြွပြီး ရဲရွှမ်းသတ္တိရော လုံ့လဝီရိယပါ စစ်ပြီးခေတ် တပ်မတော် သမိုင်းတွင် မကြုံဖူးလောက်အောင် တက်တက်ကြွကြွရှိခြင်း။

(၈ – ၂) – တိုင်းပြည်လှုပ်ရှားမှုသည် ရန်သူ၏ စိတ်ဓာတ်ကိုပါ ယိမ်းယိုင်အားနည်းစေခြင်း (၎င်းမှာ စစ်မြေပြင်ရှိတိုက်နေသော တရုတ်ဖြူရန်သူများကိုသာ အဓိကဆိုလိုသော်လည်း သူ့နောက်မှ ကြိုးကိုင်သူ နယ်ချဲ့သမားများအဖို့လည်း ထိုထက်ပို၍ စိတ်ထိခိုက်မည်ဖြစ်သည်။)

(၈ – ၃) – မိမိတို့ထိုးစစ်ကြီးဆင်သောအခါ တကယ်အားထက်ပိုမို၍ အင်အားအလွန်ကြီးမားလေဟန် သတင်းစာဆရာများဖြင့် ဝါဒဖြန့်ခြင်း …တို့ဖြစ်ပါသည်။

၉။ တကယ်တော့ လူထုတိုက်ပွဲများ ပါလာမှသာ တဖက်က စစ်ဆင်ရေးရော တိုက်ပွဲမှာပါ အထောက်အကူ ရရှိနိုင်ပါသည်။ ထို့ကြောင့် စစ်ရေးတိုက်ပွဲသော်လည်းကောင်း၊ သံတမန်ရေးတိုက်ပွဲသော်လည်းကောင်း၊ လူထု တိုက်ပွဲပေါ် မှီခိုရပ်တည်ပြီး တိုက်ပွဲဝင်မှသာ ပြတ်သားစွာ

အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်လူထုတိုက်ပွဲမှာ အရေးကြီးဆုံးဖြစ်သည်။ ကျနော့်ကိုယ်တွေ့အရ ပြည်သူလူထု ထောက်ခံလှုပ်ရှားမှုများသည် စစ်မြေပြင်တွင် အကျိုးများစွာရှိခဲ့သည်။ လူထုလှုပ်ရှားမှုနှင့် နီးကပ်စွာ ဆက်စပ်မှုသည် စစ်ရေးတွင် တပန်းသာစေသည်။ တပ်မတော်သားများသည် ဖက်ဆစ်တော်လှန်ရေးနောက်ပိုင်း ဤစစ်ဆင်ရေးတွင်တွေ့ရသော စိတ်ဓာတ်တက်ကြွမှုမျိုး ယခင်က မတွေ့ရဖူးပေ။ ရန်သူအနေနှင့်လည်း စိတ်ဓာတ် တုန်လှုပ်ချောက်ချားရပါသည်။

ဤသို့ တရုတ်ဖြူတပ်များ ထိုင်းနယ်စပ်များပေါ်ရောက်သွား၍ ကျနော်တို့ဆက်တိုက်ရန် မဖြစ်နိုင်တော့သဖြင့် ၁၉၅၅ ခုနှစ် မေလလယ်တွင် ဤစစ်ဆင်ရေးကြီးကို ရပ်ဆိုင်းလိုက်ရပါတော့သည်။

ထို့နောက် ကျနော်တို့ နယ်မြေလုံခြုံရေးများ၊ အုပ်ချုပ်ရေးဌာနများ ဖွင့်လှစ်စီစဉ်ပေးပြီးနောက် ကျနော်တို့တပ်အချို့နှင့် အတူပြန်လာကြပါသည်။ ကျနော်တို့ မေမြို့သို့ပြန်ရောက်သောအခါ တမြို့လုံးထွက်၍ သောင်းသောင်းဖျဖျ ကြိုဆိုကြပြီး ကျနော်တို့ကို ကားတွေပေါ်တင်ကာ တမြို့လုံးလှည့်ပြီး အောင်ပွဲခံကြတာကို မှတ်မိနေပါသည်။

တရုတ်ဖြူအရေး အတော်ရင်အေးသွားရပြီဖြစ်သော်လည်း နယ်စပ်တလျှောက်လှုပ်ရှားနေသော တရုတ်ဖြူများ အချိန်မရွေး ပြန်လည် စုစည်းမိပြီး ခြိမ်းခြောက်မှုအသစ်များ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ဘုရင့်နောင်စစ်ဆင်ရေး တရပ်အပြတ်ဆင်နွှဲရန် ကျနော်က ဖဆပလ အစိုးရကို တင်ပြပါသည်။ ဗမာ့တပ်မတော်က ဗမာပြည်ကွန်မြူနစ်ပါတီကို ထိုးစစ်ဆင်ဖို့ ပြင်ဆင်ချက်များ ရွှေ့ဆိုင်းပြီး ကျနော် အားတပ်များထပ်ဖြည့်ပေးရန်လည်း တင်ပြလိုက်ပါသည်။ တရုတ်ဖြူများကို နာလန်မထူအောင် မလုပ်လိုက်နိုင်လျှင် မိမိတပ်များ စိတ်ဓာတ်ထိခိုက်နိုင်ပြီး ရန်သူကလည်း အားတက်လာနိုင်သည်ဟု ကျနော်က တင်ပြပါသည်။ ထို့ကြောင့် ကျနော်က ၅၅ခုနှစ်တွင် "ရန်ကြီးအောင် စစ်ဆင်ရေး"ကို ဆင်နွှဲရန်ပြင်ဆင်ပါတော့သည်။ ဤစစ်ဆင်ရေးကြီးအတွက် အတားအဆီးအခက်အခဲတရပ်မှာ ထိုင်းနယ်စပ်ပြဿနာ ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော်–

(၁) ဘုရင့်နောင်စစ်ဆင်ရေးတွင် နယ်စပ်မျဉ်းကြောင်းပေါ် ဆုတ်ပြေးသော ရန်သူကို ပွန်ပါကျင်ဘက်မှ လိုက်တိုက်ပါသည်။ သို့သော် လက်တွေ့မှာ အိမ်ခေါင်မိုးမှာ ထိုင်နေသကဲ့သို့ တောင်ကြောပေါ်ထိုင် တပ်စွဲနေသဖြင့် ပစ်ကြခတ်ကြလျှင် ထိုင်းဘက်ကရွာများ ထိခိုက်မှာစိုးနေရပါသည်။ နယ်စပ်အနေအထားအရလည်း ထိုင်းဘက်ကဆိုလျှင် ကျနော်တို့တိုင်းပြည်ဘက်နှင့် မတူပါ။ ထိုင်းဘက်က မြေပြန့်လွင်ပြင်ဖြစ်ပြီး ရွာတွေမြို့တွေ ရှိပါသည်။ ကျနော်တို့ဘက်မှာမူ တောတောင်တွေသာရှိပြီး၊ လူနေအိမ်ခြေမရှိပါ။ ထို့ကြောင့် ထိုင်းအစိုးရထံမှ ခွင့်ပြုချက်မရလျှင် ကျနော်တို့မတိုက်နိုင်ပါ။ ဤသည်မှာ သေနင်္ဂဗျူဟာ အခက်အခဲကြီးတရပ်ဖြစ်သည်။

(၂) ကျနော်တို့ ဘုရင့်နောင်စစ်ဆင်ရေး အတွင်းတုန်းက စမ်း၍ လိုက်တိုက်ကြည့်ဖူးပါသည်။ ကျည်ဆန်ကျော်မသွားအောင် မိမိတို့ဘက်က တောင်စောင်းဘက်ကိုသာ၊ ရန်သူ့အောက်ဘက်ပိုင်းကိုသာ ချိန်ရွယ်ပစ်ခတ်ပြီး လုံ့စွပ်တက်ထိုးရပါသည်။ ရန်သူကို ထိမှန်အောင် တည့်တည့်ပစ်လျှင် ဟိုဘက်ကို ကျော်သွားနိုင်ပါသည်။ ရန်သူကလည်း နောက်ဆုံးအထိ ခုခံပြီး လုံ့စွပ်ထိုးခါနီး ကိုက် (၄–၅) ဆယ်လောက်ကျမှ ဟိုဘက်ဆင်ခြေလျှော ကိုက် (၃၀) လောက် ဆင်းသွားကြလျှင် ကျနော်တို့ဘာမှ ဆက်မလုပ်နိုင်ဘဲ ထိုင်ကြည့်နေလိုက် ရပါသည်။ ရန်သူ့စိတ်ဓာတ်ကိုလည်း ဘာမှထိခိုက်နိုင်ခြင်း မရှိပါ။ ဤကဲ့သို့သော ရန်သူကို သေနတ်နှင့်မပစ်ဘဲ တိုက်လို့မဖြစ်နိုင်ပါ။ တောင်ထွတ်ပေါ်က နေရာစွဲခုခံတဲ့ ရန်သူကို အမြောက်၊ လေယာဉ်စတဲ့ လက်နက်ကြီးတွေ မသုံးဘဲ မရနိုင်ပါ။ ယခုတော့ ရိုးရိုးရိုင်ဖယ် သေနတ်တောင် ပစ်ဖို့ခဲယဉ်းနေပါသည်။

ရန်သူများအနေနှင့် သူတို့ရဲ့ ထာဝရ လုံခြုံတဲ့ နိုင်ငံရေးခံတပ်ဟု ဆိုနိုင်သော ထိုင်း–မြန်မာနယ်စပ် မဲခေါင်မြစ်အထိ မိုင်နှစ်ရာရှည်သော နယ်စပ်မျဉ်းပေါ်တွင် အခြေခံစခန်း (၄) ခု တည်ဆောက်ထားပါသည်။ ဌာနချုပ်ကိုမူ ထိုစခန်း (၄) ခုအနက် လွယ်လန်းစခန်းမှာ ထားရှိပါသည်။

(၃) ကျနော့်အဖို့ ထိုင်းနယ်စပ်တွင် တရုတ်ဖြူတပ်များ တပ်စွဲထားမှုအပေါ် အလွန်ခေါင်းခဲရပါသည်။ ထိုင်းနယ်စပ်သည် ရှမ်းပြည် နယ်သာမက အချက်အချာကျလှသော ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီအထိ ဆက်စပ်နေသဖြင့် ဘယ်နေရာ ကိုမဆို စစ်ဦးဝင်ရောက်လာနိုင်ပါသည်။ သေးစောင်းနံပါးက ဝင်လျှင် ပိုပြီးဗမာပြည်အတွက် အန္တရာယ်များလှပါသည်။ ထို့ကြောင့် ထိုတရုတ်ဖြူများကို ကျိုင်းတုံအရှေ့ဘက် မဲခေါင်ဘက် မောင်းထုတ်နိုင်မှ ဗမာပြည်အတွင်း ပိုင်းစိတ်ချ လုံခြုံမည်ဖြစ်သည်။

တရုတ်ဖြူအနေနှင့်လည်း သူတို့ရည်မှန်းချက်သည် ဗမာပြည်နောက်ယှက်ရန် အဓိက ဖြစ်သဖြင့်၊ အရှေ့မဲခေါင်ဘက် ရွှေ့ရလျှင် သူတို့ မူလသေနင်္ဂဗျူဟာ ရည်မှန်းချက်ကြီးကို ကြီးစွာထိခိုက်မည် ဖြစ်သည်။ ထို့ကြောင့်တွယ်ကပ်နေဖို့ သူတို့အစွမ်းကုန်ကြိုးစားမည် ဖြစ်သည်။

(၄) ကျနော်တို့တပ်များက ဘုရင့်နောင်စစ်ဆင်ရေးအပြီး ရှမ်းပြည်အတွင်းရှိ လွင်ပြင်အားလုံးကို သိမ်းပိုက်လိုက်ပြီဖြစ်သဖြင့် တရုတ်ဖြူများ အနေနှင့် ရိက္ခာကို ထိုင်းကိုသာ အဓိကမှီခိုနေရပေသည်။ ထိုင်းတွင်သူတို့၏ တရုတ်ဖြူသံရုံးလည်းရှိသည်။ ထို့ပြင် ထိုင်းမှာ အမေရိကန် ဩဇာကြီးသဖြင့် တရုတ်ဖြူများအနေနှင့် နိုင်ငံရေးအရရော၊ စစ်ပစ္စည်းလက်နက်ရိက္ခာ ထောက်ပံ့ရေးရော စိတ်ချလွယ်ကူသည်။ စစ်နောက်ပိုင်း လုံခြုံတောင့်တင်းသည်ဟု ဆိုနိုင်ပေသည်။

ထို့ပြင် ထိုင်းဘက်နယ်စပ်ခြမ်းမှာ မြေပြန့်ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းသည်။ သယ်ယူပို့ဆောင်ရေးလည်း ကောင်းသည်။ ထို့ပြင် တခြားလုပ်ငန်းများဖြစ်သည့် ဘိန်းလုပ်ငန်း၊ ဗမာငွေစက္ကူအတုလုပ်ငန်း၊ ကျွန်းသစ်၊ ငွေဖရမ်းစသော သစ်တောထွက်ကုန်များ၊ ဓာတ်သတ္တု ထုတ်လုပ်ရေးလုပ်ငန်း စတာများကိုလည်း လုပ်ကိုင်နိုင်သည်။ ဤစီးပွားရေး လုပ်ငန်းများသည် တရုတ်ဖြူတစိတ်တပိုင်း (အထူးသဖြင့်) အထက်အရာရှိများကို တည်ငြိမ်အောင် ထိန်းသိမ်းထားနိုင်သော (မက်လုံး) ကိစ္စများ ဖြစ်နေပေသည်။ ထိုစီးပွားရေး လုပ်ငန်းများတွင် ထိုင်းမှစစ်ဘက် နယ်ဘက်အရာရှိအတော်များများလည်း ပါဝင်ပတ်သက်နေပါသည်။

ဤအချက်များကြောင့် ထိုင်း–ဗမာနယ်စပ်ပြဿနာသည် ကျနော်တို့ဆက်လက်ဆင်နွှဲမည့် စစ်ဆင်ရေးကြီးအတွက် အခက်အခဲကြီးတရပ်ဖြစ်နေပါတော့သည်။

ဤကဲ့သို့ အခက်အခဲ တွေ့နေစဉ်မှာပင် မမျှော်လင့်သောကိစ္စတရပ် ပေါ်ပေါက်လာပါသည်။ ထိုင်းတွင်ဩဇာကြီးလှသော ပြည်ထဲရေးဝန်ကြီးနှင့် ပုလိပ်မင်းကြီး ဖိုလ်ချုပ်ဖောင်း (Pao) ဗမာပြည်ကို လာရောက်လည်ပတ်ခြင်း ဖြစ်သည်။ သူသည် မေမြို့သို့တက်လာ ပြီး ကျနော်နှင့် လာရောက်

တွေ့ဆုံပါသည်။ ကျနော်နှင့်အတူ ဘုရင့်နောင်စစ်ဆင်ရေးတွင် ပါဝင်ခဲ့သော အရာရှိများနှင့် တွေ့ဆုံပြီး သူက ကျနော်တို့ ယခင်တိုက်ပွဲများတွင် ဘာအခက်အခဲများ ရှိပါသလဲဟု မေးမြန်းစုံစမ်းလာပါသည်။

ကျနော်က ပွင့်ပွင့်လင်းလင်းပင် ထိုင်းနယ်စပ်မှာ စစ်တိုက်ရတဲ့ အခက်အခဲများကို ပြောပြလိုက်ပါသည်။ တရုတ်ဖြူတပ်များ ထိုင်း ဝင်သွားလျှင် ကျနော်တို့ ဘာမှမလုပ်နိုင်တော့ကြောင်း၊ ထို့ကြောင့် တရုတ်ဖြူများကို လိုက်လံတိုက်ခိုက်ရာမှာ ထိုင်းနယ်တွင် သုံးကီလိုမီတာလောက် ဝင်ခွင့်ပေးစေလိုကြောင်း၊ လေယာဉ်များကိုလည်း ငါးကီလိုလောက်အထိ၊ အမြောက်ဆန်များကိုလည်း နှစ်ကီလို လောက်အထိ ကျွံခွင့်ပေးစေလိုကြောင်း ကျနော်က ဆက်တောင်းဆိုလိုက်ပါသည်။ အံ့သြစရာပင် ဗိုလ်ချုပ်မောင်းက ခွင့်ပြုခဲ့ပါသည်။ (နောင်မှ သိရသည်မှာ ဘိန်းလုပ်ငန်းများ လုပ်ရာတွင် ဗိုလ်ချုပ်မောင်းကို တရုတ်ဖြူများက ညစ်လွှတ်လိုက်သည့်အတွက် ဗိုလ်ချုပ်မောင်းက လက်စားချေခြင်း ဖြစ်ပါသည်။) ထိုင်းဘက်မှ စစ်အရာရှိအချို့ကို ကျနော်တို့ စစ်ဆင်ရေးဌာနချုပ်သို့ ဆက်သွယ်လုပ်ဆောင်ရန် ပို့လွှတ်ပေးခဲ့ပါသည်။ ၎င်းတို့မှ တဆင့်ထိုင်းနယ်ထဲဝင်ရောက်ဖို့ ကိစ္စဖြစ်လာပါက ဗိုလ်ချုပ်မောင်းထံ ကြေးနန်းဖြင့်ပို့ အခွင့်တောင်းရန် ဖြစ်ပါသည်။

## ရန်ကြီးအောင် စစ်ဆင်ရေး

မူလက ၁၉၅၅ခုနှစ်တွင်၊ အဓိက စစ်ဆင်ရေးကြီးအဖြစ် "အောင်မာဃစစ်ဆင်ရေး" လုပ်ရန် ပြင်ဆင်ထားခဲ့ပြီး၊ အလယ်ပိုင်း ရော၀တီနှင့် အနောက်ဘက် ဇမာပြည်ကွန်မြူနစ်ပါတီတပ်ကို ထိုးစစ်ဆင်ရန်ဖြစ်သည်။ သို့သော် ၁၉၅၄ မိုးအကုန် ဆောင်းအကူး၊ ထိုင်းမှ ပုလိပ်မင်းကြီး ဗိုလ်ချုပ်မောင်း ဇမာပြည်လာလည်ပြီး ကျနော်တို့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိရာ မေမြို့သို့လာရောက် လည်ပတ်ပါသည်။ ကျနော်တို့နှင့် တရုတ်ဖြူ တိုက်ပွဲများ အကြောင်း ပြောဆိုကြရင်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တရုတ်ဖြူများ တိုက်ခိုက်ရာတွင် ထိုင်းနယ်တွင်းသို့ လိုက်လံဝင်ရောက်တိုက်ခိုက်ခွင့် အစရှိသည်များ ရရှိလိုက်ပါသည်။ ကျနော်ကလည်း သူနှင့်ဆွေးနွေးခဲ့သမျှကို အစိုးရကို တင်ပြခွင့်တောင်းလိုက်ပါသည်။

ထိုစဉ်က တရုတ်ဖြူတို့၏ ဌာနချုပ်မှာ မိုင်းဟန်၏ အရှေ့တောင်ဘက်ကီလို (၃၀) ခန့်ကွာသော ထိုင်းနယ်စပ်မျဉ်းပေါ်ရှိ လွယ်လန်းစခန်းကြီး (နောင် ခွန်ဆာတပ်စွဲထားသောဒေသ) ဖြစ်ပါသည်။ တခြားစခန်းများ ရှိသေးသော်လည်း ဤစခန်းသာလျှင် အဓိကကျသည်။ ဤစခန်းကို သိမ်းပိုက်လိုက်လျှင် တရုတ်ဖြူများ ထိုင်းနယ်စပ်တလျှောက် လှုပ်ရှားစခန်းချဖို့ အလွန်ခက်သွားမည်။ ဇမာပြည်အတွက် အန္တရာယ်ပြုနိုင်တော့မည် မဟုတ်တော့ချေ။ ထိုစခန်းကိုလည်း ရှေ့ကမတိုက်ဘဲ နောက်ကအလစ်အငိုက် ဝင်တိုက်ရလျှင် တပ်နည်းနည်းဖြင့် အလွယ်တကူ ရနိုင်မည်ဟု ထင်မြင်ခဲ့ပါသည်။ ဘုရင့်နောင် တိုက်စဉ်က သေနင်္ဂဗျူဟာ ကောင်းမွန်သဖြင့် အလွယ်တကူ အောင်ပွဲရမှုအပေါ် မိမိကိုယ်မိမိ အထင်ကြီးပြီး အလွယ် သုံးသပ်မိခြင်း ဖြစ်ပါသည်။

အစိုးရမှာ "အောင်မာဃစစ်ဆင်ရေး"လုပ်ရန်သာ အားသန်နေသဖြင့် ကျနော်က အစိုးရထံမှ တပ်ရင်းတရင်းခွဲ၊ မိမိထံမှ နှစ်ခွဲပေါင်း၊ နှစ်ရင်းဖြင့် တလနှင့်အပြီးတိုက်မည်။ မတ်လဆန်းတွင် တရင်းပြန်ပေးမည်။ ထိုအချိန်ကျမှ "အောင်မာဃစစ်ဆင်ရေး"စတင်ပါရန် စစ်ဦးစီးချုပ်ရုံးသို့ လှမ်းအကြောင်းကြားပါသည်။ ဤကဲ့သို့ နယ်စပ်တွင် တိုက်နိုင်မည့်အခွင့်အရေး နောင်ရဖို့ မသေချာ၊ ထို့ကြောင့် ထို အခွင့်အရေး ရတုန်း၊ ကျနော်တို့ လုပ်နိုင်သလောက် လုပ်သင့်သည်ဟု ကျနော်က အကြောင်းပြတင်ပြရာ ခွင့်ပြုချက် ရရှိခဲ့ပါသည်။ ထို့ကြောင့် ကျနော်တို့ ထိုင်းဆက်သွယ်ရေးအဖွဲ့နှင့် ပူးပေါင်းပြီး၊ ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလလယ်လောက်တွင် ရန်ကြီး အောင်စစ်ဆင်ရေးကို စတင်ခဲ့ပါသည်။

ကျနော်တို့တပ်များမှာ–သေနတ်ကိုင်တပ်ရင်း (၁) မှ…၂ခွဲ

(၃ ဗိုလ်မှူးကြီးတင်ဦး–တပ်ရင်းမှူး)

–သေနတ်ကိုင် တပ်ရင်း(၅)မှ…ဗိုလ်ကြီးဘအောင်နှင့် ၂ ခွဲ

–ခြေလျင်တပ်ရင်း(၁၀)…ဒုဗိုလ်မှူးကြီးချစ်ခိုင်

–၇၆မမ…၂လက်

–လေတပ်မှ ပါဝင်ကြသည်။

ပထမအဆင့်–ရန်သူကို ခါးလည်ကဖြတ်သည့် အနေနှင့် ကြားစခန်းတခုဖြစ်သော လွယ်တုန်းကြီးစခန်းကို တိုက်သိမ်းရန်။

ဒုတိယအဆင့်–၎င်းလွယ်တုံးကြီးမှ အနောက်ဘက် မိုင်းယောင်းရွာဘက် ချီရန်။

တတိယအဆင့်–လွယ်လန်းကို တိုက်သိမ်းရန်…တို့ဖြစ်သည်။

လွယ်တုံးကြီးစခန်းမှာ ထိုင်းနယ်စပ်ရှိ ပေ ၇,၀၀၀ခန့်မြင့်သော တောင်တန်းပေါ်တွင် ရှိသည်။ ၎င်းစခန်းကို ဒုဗိုလ်မှူးကြီးတင် ဦး ဦးစီးသော သေနတ်ကိုင် တပ်ရင်း (၁) မှ တပ်ခွဲ(၂) ခွဲ၊ ၇၆ မမ တောင်ပေါ်ပစ် အမြောက် (၂) လက်ဖြင့် တက်တိုက်ရာ အတော်ခဲရာခဲဆစ် တိုက်ယူရပါသည်။ နောက်ဆုံး လုံ့စွပ်တက်ထိုးရာတွင် တပ်ရင်းမှူးဒုဗိုလ်မှူးကြီးတင်ဦးကိုယ်တိုင် တက်ထိုးရပါသည်။ (ထို့ကြောင့် ဒုဗိုလ်မှူးကြီးတင်ဦးကို ကျနော်က စစ်ဆင်ရေးများပြီးသောအခါ "သီဟသူရဘွဲ့"ပေးရန် ထောက်ခံတင်ပြခဲ့သော်လည်း "သူရဘွဲ့"သာ ရခဲ့ပါသည်။)

ဒုတိယအဆင့်အဖြစ် ကျနော်ကိုယ်တိုင် တပ်ရင်းတရင်းခွဲနှင့် မိုင်းယောင်းရွာသို့ ချီတက်ရာ လမ်းခုလတ်က တောင်ကုန်းတခုက ရန်သူ့ ခံတပ်ကိုလည်း မိမိက အမြောက်ကြီး (၂) လက်ဖြင့် တိုက်ခိုက်ပြီး တက်သိမ်းခဲ့သည်။ မိုင်းယောင်းရွာ ဆင်းခါနီး နောက်ဆုံးတောင်ကြောတွင် ကျနော်တို့ ရှေ့ပြေးတပ်ခွဲကို ထောင်ချောက်ဆင် သိမ်းသွင်းပြီးစားလိုက်ရာ၊ မိမိတို့ဘက်က လူ (၂၀) ကျော်ကျကာ ဒဏ်ရာ အများအပြား ရရှိလိုက်ပါသည်။ ရန်သူက မိမိတို့သည် ရှေ့မှမထိုး၊ နောက်မှထိုးမှာ ဖြစ်ကြောင်း၊ ထိုးရာတွင်လည်း တပ်သိပ်မများကြောင်း သိရှိသွားပြီး တခြားစစ်မျက်နှာ (မိုင်းဟန်) ဘက်ချထားသော တပ်တွေကို အမြန်ရွှေ့လာပြီး ကျနော်တို့ တတပ်လုံးကို ဝိုင်းစားဖို့ စီစဉ်တိုက်ခိုက်လာရာ ကျနော်တို့မှာ အဝိုင်းမခံရအောင် အလွန်ခဲရာခဲဆစ်နှင့် ဆုတ်ခွာခဲ့ရပါသည်။

ဒီကာလအတွင်း အဖြစ်အပျက်များကို ကျနော်ပြန်ရေးထားသော မှတ်တမ်းတချို့ကို ကျနော်ပြန်ရထားပါသည်။ (ကျနော်ပင် စင်ယူပြီးနောက်)

၁၉၅၉ ခုနှစ်၊ ဇက်တင်ဘာ (၁) ရက်နေ့ အနှစ် (၂၀) မြောက် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားရသောနေ့ကို အကြောင်းပြု၍ ရန်ကုန်မြို့တွင် "ကမ္ဘာစစ်ဆန့်ကျင်ရေးနေ့" ကျင်းပရာတွင် ဟောပြောခဲ့သော ကျနော်၏ ဟောပြောချက်များထဲမှ "စစ်နှင့်ပတ်သက်၍ ကိုယ်တွေ့ခံစားရချက်များ" အပိုင်းမှ ဖြစ်ပါသည်။ ၎င်းအပိုင်းကို ကျနော်ပြန်လည်ကူးယူ ဖော်ပြပါမည်။

တရုတ်ပြူစစ်မျက်နှာ — နောက်ဆုံး စိတ်ထိခိုက်မှုကတော့ တရုတ်ပြူတိုက်ပွဲမှာ ဖြစ်ပါတယ်။ ဒုတိယနှစ် "ရန်ကြီးအောင် စစ်ဆင်ရေး" ပထမဆင့်မှာ ကျနော်တို့ 'မုံယွင်း(ယောင်း)' 'လွယ်လန်း' ဆိုတဲ့ ယိုးဒယားနယ်စပ်က တရုတ်ပြူပတ်ပြူဒေသနဲ့ အခြေခံ စခန်းကြီးကို ချီတက်လုပ်ကြံခဲ့ကြ ဖြစ်ပါတယ်။

အဲဒီအခြေခံစခန်းကို ရန်သူ့ကျောဘက်က တောကြီးတောင်ကြီးတွေဖြတ်ပြီး တပ်နည်းနည်းနဲ့ ရဲရင့်လျှင်မြန်စွာ ချီတက်တိုက်ခိုက်တဲ့ တိုက်ပွဲစဉ်မှာ တဖြည်းဖြည်းတိုက်ရင်း မုံယွင်းရောက်ခါနီးမှာ နက်ရှိုင်းတဲ့တောကြီးတောင်ကြီးထဲက မမျှော်လင့်ဘဲ ဖြုန်းခနဲ အင်အားတော်တော်ကြီးတဲ့ တရုတ်ပြူတပ်များက ဝိုင်းတိုက်လို့ ဆက်ပြီးတိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ ဆုတ်ခွာဖို့ စီစဉ်ရတယ်။

စစ်ဆုတ်တယ်ဆိုတာ စစ်ထုံးစံတရပ်ပါပဲ။ တိုက်စစ်၊ ခံစစ်၊ တက်စစ်၊ ဆုတ်စစ်ဆိုတာ ရှိစမြဲ။ မိမိရဲ့ ရည်မှန်းချက် မကိုက်သေးရင် မိမိအင်အား မပျက်မယွင်းဘဲ ဆုတ်ခွာနိုင်ဖို့သာ အဓိကလုပ်ငန်းပါပဲ။ ဒါပေမဲ့ ကျနော်တို့ တပ်မတော်အဖို့ ယခုလို အလုံးအရင်းနှင့် တောကြီးတောင်ကြီးထဲမှာ တဖက်က အင်အားကြီးတဲ့ ရန်သူဝိုင်းထားပြီး၊ နောက်ကအတင်းဖိလိုက်မည့် အခြေအနေမျိုးမှာ ဆုတ် ခွာဖို့ဆိုတာ အလွန်အန္တရာယ်ကြီးလှပါတယ်။ စစ်အတွေ့အကြုံအတော်ရှိတဲ့ တပ်ရင်းအမှတ် (၅) ဟာလည်း မနေ့ကတိုက်ပွဲမှာ အတော်ထိခိုက်ကျဆုံးပြီးပါပြီ။ တပ်ရင်းအနေနှင့် မိမိလူနာတွေကိုပင် ခဲခဲယဉ်းယဉ်း သယ်ယူနေရပါတယ်။

နေ့တနေ့မှာ ခက်ခက်ခဲခဲ စစ်ဆုတ်ခဲ့ရတယ်။ ကျနော့်အဖို့ဆိုရင် နောက်ခံတပ်နှင့် အခြေမပျက် အမိန့်ပေးရတယ်။ စစ်သဘောမှာ စစ်ဆုတ်တာဟာ အခက်ဆုံးပါပဲ။ ဘာကြောင့်လဲဆိုရင် စစ်ဆုတ်တဲ့အခါ စစ်တပ်အဖွဲ့အစည်းဟာ ဖွဲ့စည်းပုံ (order) အတိုင်း လှုပ်ရှားနိုင်တော့တာ မဟုတ်ဘူး။ ဘယ်လောက် သေသပ်အောင်လုပ်လုပ် ဖရိုဖရဲနှင့် အလျင်စလိုပြေးလွှား လုပ်ကိုင်နေကြရတော့ အခြေအနေကို တပ်မှူးများသာမက ရဲဘော်တိုင်းသိရှိပြီး တကယ့်အခြေအနေထက်ပိုပြီး တုန်လှုပ်ခြောက်ခြားလာကြတယ်။

ဒါကို နေရာတကာမှာ တည်ငြိမ်အောင် ကွပ်ကဲရတာဟာ မလွယ်ဘူး။ ဒီအတွင်း ရန်သူကလည်း ဆုတ်ခွာမှန်းသိပြီး အတင်း ဖိလိုက်တော့တာပဲ။ ဖိလိုက်တာကို ပြန်တိုက်လိုက်၊ နောက်တခါ ဆုတ်လိုက်နှင့် ဆုတ်ခွာခဲ့ရပါတယ်။

နောက်ဆုံး ဆုတ်ခွာမည့်အခြေခံ "ခံတပ်စခန်း" နေရာကို ရောက်ခါနီးကျမှ အတော်ထိတ်လန့်ဖွယ် တိုက်ပွဲဖြစ်ခဲ့ရတယ်။ အဲဒီခံစစ်ထိုးဖို့ စုရုံးတပ်ချ စီစဉ်နေတုန်း မမျှော်လင့်ဘဲ ရန်သူဟာ အလုံးအရင်းနှင့် စတင်ပြီး ဝဟိုအချက်ကြောင်းဝင်ရိုးတည့်တည့်၊ အပြင်ကာ ကွယ်ရေးခံစစ်လိုင်းကို အလုံးအရင်းနှင့် ရေလာတွေ၊ ဗီဗီတွေမှတ်အော်ဟစ် ညာသံပေးပြီး မှန်တိုင်းဆင် တိုက်ခိုက်တယ်။ ၂ ကြိမ် ၃ ကြိမ် လန်သွားသေးတယ်။ တကြိမ်မှာ ကျနော်တို့ရဲ့ ပထမခံစစ်လိုင်းဟာ တက်နင်းချိုးဖောက်ခြင်း ခံရပြီး၊ ဖရိုဖရဲနှင့် အပြင်ကာကွယ်ရေး နှုတ်ခမ်းက အတွင်းပြေးဝင်လာကြတယ်။ အတွင်းစစ်ကြောင်းမှာလည်း နေရာယူလို့ မပြီးသေးဘူး။ ထိုးဝင်လာတဲ့ တရုတ်တွေကို အချိန်အနည်း ငယ်လေးအတွင်းမှာ မတားဆီးနိုင်ရင် အတွင်းစည်းပါ ကျိုးပေါက်ပြီး၊ တပ်ဖွဲ့တခုလုံး အိုးနင်းခွက်နင်း ဖရိုဖရဲ ဖြစ်ရတော့မယ်။ ရဲဘော်တွေဟာ တောကြီးအလယ် ဟိုတကွဲ၊ သည်တကွဲ၊ အကွဲကွဲနှင့် ရန်သူချေမှုန်းခြင်း ခံရမယ်။ ဒါ့ထက် ဒီစစ်ပွဲရှုံးသွားရင် နောက်တရုတ်ပြူကို ကျနော်တို့ရဲ့ ရဲဘော်တွေ ကြောက်ရွံ့သွားမယ်။ နောက်တရုတ်ပြူက သံလွင် အနောက်ဘက် ကျော်လာနိုင်သည်အထိ ဖမာပြည်ကို ခြိမ်းခြောက်မှာတွေ ဖြစ်လာနိုင်တယ်။ ဒီတိုက်ပွဲရဲ့ အကျိုးဆက်ဟာ ရှေ့မှာ တိုင်းပြည်ကံကြမ္မာကိုပါ ထိခိုက်လာနိုင်တယ်။

အဲဒီအချိန်မှာ ဆုံးဖြတ်ဖို့ မိနစ်ပိုင်းတောင် အချိန်မရ၊ စက္ကန့်ပိုင်းနှင့် ဆုံးဖြတ်ရတာပဲ။

ကျနော်ဟာ ပြေးဝင်လာတဲ့ ရဲဘော်တွေကို "မျက်နှာကို ရန်သူ့ဘက်ပြန်လှည့်ဖို့" နှင့် "လုံ့စွပ်တပ်လိုက်ကြဖို့" အော်ဟစ်ကြွေးကြော်ပြီး ကျိုးပေါက်လာတဲ့ စစ်မျက်နှာဘက်ကို မြင်းနှင့်ပြေးရပါတယ်။ ထိုးဝင်လာတဲ့ ရန်သူနှင့် လမ်းမှာတွေ့ပြီး တိုက်ကြရတော့တာပဲ၊ ဘေးပတ်လည်မှာ ကျနော်နှင့်ရဲဘော် (၂၀-၃၀) လောက် အပြေးလိုက်လာသူများနှင့် ပေါင်းပြီး တိုက်ကြရတယ်။

အဲဒီမှာ တရုတ်တပ်ဦးကျွံလာတာကို ခွေတားထားလိုက်နိုင်တဲ့အတွက် အတွင်းစည်းဝိုင်း ဒုတိယလိုင်းမှာ ခုခံဖို့အသင့်ဖြစ်ကြပြီးနောက်၊ ရန်သူ နောက်ထပ်တိုက်လာတဲ့အခါ တွန်းလှန်နိုင်တော့တယ်။

ဒီတိုက်ပွဲအတွင်းမှာ ကျနော်ဟာ ရန်သူဖမ်းဆီးမိခြင်းခံခဲ့ရဖို့ သို့မဟုတ် သတ်ဖြတ်ခြင်းခံရဖို့တို့မှ သီသီကလေး လွတ်မြောက်ခဲ့ရတယ်။

ဒီတိုက်ပွဲကြီးပြီးတော့ တပ်ကို 'ခံတပ်' တောင်ကုန်းပေါ် ဆုတ်ခွာလုံခြုံစေပြီး နောက်တနေ့ ရန်ကြီးအောင် ဒုတိယစစ်မျက်နှာ ဖွင့်ပြီး 'လွယ်လန်း' ပြန်သိမ်းဖို့ အစီအစဉ်တွေ လုပ်ဖို့ မိုင်းဆတ်ကို သွားရတယ်။ မိုင်းဆတ်မှာ စစ်ရုံးချုပ်က ဦးစီးအရာရှိများ ဆွေးနွေးဖို့ စောင့်နေတယ်။ လမ်းခရီး မြင်းပေါ်မှာ ခံတပ်တောင်ကုန်းက ဆင်းလာတော့ လွန်ခဲ့တဲ့ (၃-၄) ရက်က တိုက်ပွဲကြီးကို ယခုမှ အေးအေးဆေးဆေး တွေးနိုင်တော့တယ်။ ကြောက်မက်ဖွယ် ကောင်းတဲ့တိုက်ပွဲကို ယခုမှပဲ စဉ်းစားနိုင်တယ်။ (၃-၄) ရက်မျှ တွေးချိန်၊ စဉ်းစားချိန်ပင် မရခဲ့ပါဘူး။

ကျနော့်အဖို့ ဒီတုန်းက စိတ်သိပ်ထိခိုက်တာပဲ။ ဘယ်လိုစိတ်ထိခိုက်မှု ဖြစ်ပေါ်ခဲ့တယ်ဆိုတာကိုတော့ မဖော်ပြတတ်ပါ။ ကျနော်ဟာ မနေ့တနေ့က တိုက်ခဲ့ရတဲ့ စစ်မြေပြင်ဘက်လှည့်ပြီး တခါမှ မဖြစ်ဘူးတဲ့ စိတ်မျိုးဖြစ်လာတယ်၊ ကြောက်ရွံ့လို့ဆိုတာတော့ မဟုတ်ပါ။ ကျနော်တို့ဘဝကို နားကြည်းပါတယ်။ နယ်ချဲ့စနစ်ကြီးရှိလို့ ဒါတွေ လုပ်နေရတာ။ နယ်ချဲ့စနစ်ကြီးကို ရွံရှာမိတယ်။ လူ့ဘဝကို စိတ်နာမိတယ်။ ယခုမှ အမှန်ပြောရမယ်ဆိုရင် အဲဒီတုန်းက မျက်ရည်တွေတောင် ဖြိုင်ဖြိုင်ကျဆင်းလာ ပါတယ်။

တခါမှ ယခုလို မျက်ရည်မကျခဲ့ဖူးပါ။ ငါတို့ဘာတွေ လုပ်နေကြတာလဲ။ လူ့ဘဝဟာ ဘယ်မှာမှန်မြတ်လို့လဲ။ ဘာအကျိုးရှိသလဲလို့လည်း နားကြည်းနေမိတယ်။

နောက် ကျနော်ဟာ ဖျားသလို တုန်လာပြီး၊ မြင်းကိုပင် ဆက်မစီးနိုင်လောက်အောင် အားနည်းလာတယ်။ တခါမှ ဒါလောက် ရုတ်တရက်

အင်အားကုန်ခန်းမသွားဖူးဘူး။ သစ်ပင်ကြီးတပင်အောက်ရောက်တော့ ဆက်မသွားနိုင်တော့တာနဲ့ ထိုးအိပ်လိုက်ရတယ်။

(၂) နာရီလောက်အိပ်ပြီး နိုးလာတော့မှ ကျနော်နဲ့ပါလာတဲ့ ရဲဘော်တွေက ပါလာတဲ့လက်ဖက်ရည်အချို့ ကြိုပြီးတိုက်တယ်။ နောက်ပိုင်းယာလက် ရဲဘော်တဦးက သူဘယ်ကရလာသလဲ မသိဘူး။ "နာနတ်ယို"တဘူး လာဖောက်ကျွေးတယ်။ ကျနော် ဒါတွေ စားသောက်ပြီး အင်အားပြည့်လာတာနဲ့ မဖြစ်ဘူး။ အချိန်မရှိဘူး။ ဒီကောင်တွေ ဆက်တိုက်မှ ဖြစ်မှာ။ အချိန်မဖြုန်းနိုင်ဘူးဆိုပြီး အိပ်ရာပြန်သိမ်း၊ မြင်းပေါ်ပြန်တက် မိုင်းဆတ်ကို ဆက်ထွက်ခဲ့ရပါတယ်။

ကဲ–တော်လောက်ပါပြီ။ ကျနော့်ခံစားရချက်ကို တင်ပြပြီးပါပြီ။ စစ်ကိုတိုက်ခိုက်ရတာ ပျော်လို့တော့ မထင်ပါနဲ့။ စစ်ဆိုတာ သေကြေကြရတာပါ။ မသေရင်လည်း ပန်းရော၊ အချိန်ရော ဖြုန်းတီးပစ်ရတာပါပဲ။

ဒါကြောင့် စေ့စေ့တွေးရင် စစ်သားများဟာ စစ်ရဲ့ဒုက္ခကို အသိဆုံးပဲ။ တကယ်တိုက်ရလေ တကယ်သိလေပါပဲ။

ဤသည်တို့မှာ ရန်ကြီးအောင်စစ်ဆင်ရေးကြီးအတွင်း ကိုယ်တွေ့အဖြစ်အပျက်တချို့ကို "ကမ္ဘာ့စစ်ဆန့်ကျင်ရေးနေ့"တွင် ပြောပြခဲ့ချက်များ ဖြစ်ပါသည်။

ဤသို့ ကျနော်ပြန်ဆုတ်ခွာရပြီးနောက် ကျနော်အခြေအနေ အရပ်ရပ်ကို သုံးသပ်ရာတွင် ဤအင်အားမျှလောက်နှင့် စစ်ဆက်တိုက်၍ မဖြစ်နိုင်။ မနှစ်က ဘုရင့်နောင်စစ်ဆင်ရေးလို အင်အားကောင်းကောင်း၊ ပြင်ဆင်မှုကောင်းကောင်းနှင့် ရှေ့ကထိုးမှ ဖြစ်မည်ဟု နားလည်ပြီး စစ်ရုံးချုပ်သို့ ကျနော် လှမ်းအကြောင်းကြားပါသည်။ ယခုအင်အားနှင့်တော့ ဆက်မတိုက်နိုင်။ ဆက်မတိုက်လျှင် မိမိစစ်တပ် စိတ်ဓာတ်ကျမည်၊ ရန်သူက ပိုခေါင်းမာ၊ ခေါင်းထောင်သွားမည်။ ထို့ကြောင့် "အောင်မာဃစစ်ဆင်ရေး"ကို နောက်တနှစ် ရွှေ့ပြောင်းပြီး၊ အောင်မာဃတိုက်မည့်တပ်များ မိမိတက်ပေးပြီး ယခုနှစ်အတွင်း ထိုင်းနယ်စပ်အားလုံးကို ရှင်းလိုက်လျှင် ကောင်းမည်ဖြစ်ကြောင်း တင်ပြလိုက်ရာ၊ စစ်ရုံးချုပ်က သဘောတူပြီး အင်အားထပ်ဖြည့်ပေးပါသည်။

နောက်ဆင် (၇၆ မမ) –၄ လက်၊ (၃ လက်မ) မော်တာ– ၄ လက်

ခြေလျင်တပ်ရင်း(၄)...တပ်ရင်းမှူး–ဒုဗိုလ်မှူးကြီးထွန်းတင် (နောင်မဆလခေတ်–ဝန်ကြီးချုပ်)

ကချင်တပ်ရင်း(၄)...တပ်ရင်းမှူး–ဗိုလ်မှူးနော်လာ

ခြေလျင်တပ်ရင်း(၂၁)...တပ်ရင်းမှူး–ဗိုလ်မှူးသိန်းဒုတ်

ခြေမြန်တပ်ရင်း (၁၀၆)...တပ်ရင်းမှူး– ဗိုလ်မှူးသူရအောင်ဖေ... ...

တပ်ရင်း (၄) ရင်း ထပ်ရသည်။

လေတပ်မှ ဆီးဖြူရီး (၉) စင်း ထပ်ရသည်။

စုရပ်အဖြစ် မိုင်းတုံတွင် ထားပြီး (၃) ပတ်ခန့် ဘုရင့်နောင်စစ်ဆင်ရေးကဲ့သို့ ပြင်ဆင်ကာ အလုံးအရင်းနှင့် တိုက်ခဲ့ကြရသည်။ တိုက်ပွဲ တိုက်နည်းမှာ တလျှောက်လုံး နယ်စပ်ပေါ်တိုက်ရသဖြင့် တိုက်ရိုက် အမြောက်နှင့်ပစ်။ လေယာဉ်ကကူပြီး တိုက်စစ်ဆင် တိုက်ခဲ့ရပါသည်။

ကျနော်လည်း ထိုဒေသကို ကင်းထောက်လေယာဉ်ဖြင့် ပျံသန်းပြီး စုံစမ်းကင်းထောက်ရာ ထိုဒေသရှိ ပေါက်သောသစ်ပင်များမှာ ပေါင်လုံးခန့်သာ ရှိသဖြင့် တရုတ်ဖြူတပ်၏ခံကတုတ်များသည် မိမိတို့ အမြောက်ဒဏ်ခံနိုင်မည် မဟုတ်ဟု တွက်ဆမိပါသည်။

ကျနော်တို့နှင့်အတူ ထိုင်းဆက်သွယ်ရေး အရာရှိများလည်း လိုက်ပါလာပြီး ထိုင်းနယ်စပ်အနား သိပ်ကပ်ရသောအခါများ၊ တခါတရံ တရုတ်ဖြူစခန်းများ နောက်ကိုဝင်ဖို့ ထိုင်းနယ်စပ်တွင်း ဝင်ရသည့်အခါများတွင် ထိုအရာရှိများမှတဆင့် ခွင့်တောင်းခံရပါသည်။ ဤအချက်များကလည်း ဤစစ်ဆင်ရေးကို အတော်ပင် အထောက်အကူပြုခဲ့ပါသည်။

၁၉၅၅ခု၊ ဧပြီလ (၂၂) ရက်နေ့တွင် တရုတ်ဖြူဌာနချုပ် လွယ်လန်းစခန်းကြီးကို ကျနော်တို့ တပ်မတော်က တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။

ကျနော်တို့ ထိုနေ့တွင် တိုက်ပွဲမဆင်ခင် ထိုင်းဆက်သွယ်ရေး အရာရှိတဦးက ကျနော့်ကို အဲဒီစခန်းသိမ်းဖို့ ဘယ်လောက်ကြာကြာ တိုက်ရမလဲဟု မေးလာပါသည်။ ကျနော်က "ငါတို့ မနက် (၈) နာရီ စတိုက်ရင် ညနေ (၄) နာရီမှာ ငါတို့အလံ အဲဒီတောင်ကုန်းပေါ်မှာ တင်မယ်" လို့ ပြန်ပြောလိုက်ပါသည်။ ဤလို ကျနော်တို့၏ အာမခံချက်ကို ရသောအခါ ထိုင်းအရာရှိတချို့ တရုတ်ဖြူများထံ ပြေးသွား ကြပြီး ဘိန်းများကို အမြန်ဆုံးရောင်းပစ်ရန်၊ တိုက်တွန်းကြကြောင်း ကြားသိရပါသည်။ ထိုင်းဘက်ကမ်းမှာလည်း လူအများ ဒီတိုက်ပွဲကို လာရောက်ကြည့်ရှုကြပြီး အရှုံးအနိုင် လောင်းကစားကြသေးသည်ဟုလည်း ကြားရပါသည်။(တရုတ်ဖြူများက သူတို့စခန်းက–လနှင့်ချီ ခံနိုင်သည်ဟု ထိုင်းများကို ပြောထားပါသည်။)

ကျနော်တို့တိုက်ပွဲကို နံနက် (၈) နာရီတွင် စခဲ့ပြီး အမြောက်များစုပြုံပစ်ခဲ့ကြပါသည်။ အမြောက်များကို ခံတပ်များတည့်တည့် ရှေ့အထိ မီတာ (၆၀၀–၈၀၀) အထိ ဆွဲတင်သွားပြီးမှ ပစ်ခြင်းဖြစ်သည်။ အမြောက်ပစ် ရပ်လျှင်ရပ်ခြင်း လုံ့ခွပ်တက်ထိုးပါသည်။ တရုတ်ဖြူ ခံကတုတ်များ ခဏအတွင်း ကြေမွကျသွားပြီး သုံးနာရီအတွင်းစခန်းကို သိမ်းမိပါသည်။ စစ်မြေပြင်ရှင်းလင်းရေး အချို့ပြုလုပ်ပြီးနောက် ညနေ (၄) နာရီတွင် ပြည်ထောင်စု အလံတော်ကို တောင်ထိပ်မှာ လွှင့်ထူလိုက်နိုင်ပါတော့သည်။

ဤတောင်ထိပ်ပေါ်မှာပင် ကျနော်တို့ စေတီတဆူ တည်ဆောက် ထားခဲ့ပါသေးသည်။ ထိုအချိန်မှစ၍ ကျန်တရုတ်ဖြူများ လာ အိုနယ်စပ်၊ မဲခေါင်မြစ်ဘက်ရွှေ့ပြောင်းသွားခဲ့ကြပါတော့သည်။ အင်အား(၃,၀၀၀)ခန့်သာ ကျန်တော့ရာ တချို့အင်အားများလည်း ထိုင်ဝမ်သို့ ပြန်ဆုတ်သွားပါတော့သည်။

ဤပွဲတွင် ကျနော်တို့ဘက်မှ (၄၄) ဦးကျဆုံးပြီး ဒဏ်ရာ (၁၀၀) ကျော်မျှ ရခဲ့ပါသည်။ တရုတ်ဖြူတပ်သား (၁,၅၀၀) ကျော် လက်နက်ချခဲ့ကြပါသည်။

ဤစစ်ဆင်ရေးကြီးအတွင်း အမြောက်(၃) မျိုးနှင့် မော်တာကျည်ဆန် (၁,၅၀၀) ကုန်သည့်အတွက် ကျပ်ငွေတသန်း ကုန်ရသည်။ အခြားလက်နက်ငယ်ကျည်ဆန် မပါ၊ အမြောက်နှင့် မော်တာကျည်ဆန်မိုးသာ ရှိသေးသည်၊ မိုင်းဖယ်နှင့် စက်သေနတ်ကျည်ဆန်မှာ သန်း ချီသုံးစွဲခဲ့ရသည်။

အခြားထင်ရှားသည့် ကုန်ကျစရိတ်များမှာ လား (၁,၀၀၀) ကျော်အတွက် (၅) သိန်းကျော်။ အလုပ်သမား (အထမ်း သမား) (၂,၀၀၀)ကျော်အတွက် (၆) သိန်းကျော်။ ရဲဘော်များ ရိက္ခာငွေအတွက် တသန်း။ စုစုပေါင်း (၃) သန်းကျော် ကုန်ကျခဲ့ပါသည်။ ဤအထဲတွင် ရဲဘော်အသီးသီး၏ လခငွေ၊ လက်နက်ငယ်ကျည်ဆန်၊ လေတပ်ကုန်ကျစရိတ်များနှင့် စက်ဆီ၊ ချောဆီ၊ ယာဉ်စရိတ်များ၊ ပစ္စည်းစရိတ်များ မပါသေးပါ။ ထို့ပြင် တန်ဖိုးနှင့် မဖော်ပြနိုင်သော သားကောင်းရတနာများ ကျဆုံးခဲ့ရပါသည်။

ကျနော်တို့ မေလထဲရောက်လာသောအခါ စစ်ဆင်ရေးကြီးကို ရပ်ဆိုင်းလိုက်ပါတော့သည်။

ဤသည်များမှာ ကျနော်ဦးစီးပြီး တရုတ်ဖြူများအား တိုက်ခိုက်ချေမှုန်းခဲ့သည့် "ဘုရင့်နောင်စစ်ဆင်ရေး"နှင့် "ရန်ကြီးအောင် စစ်ဆင်ရေး" ကြီးများအကြောင်း ကျနော်မှတ်မိသလောက်နှင့် ရရှိစုဆောင်းထားသော မှတ်တမ်းမှတ်ရာအချို့များမှ စုပေါင်းရေးသား တင်ပြခြင်းဖြစ်ပါသည်။ ပြည့်စုံလုံလောက်မှုတော့ မရှိပါ။ ကျနော့်ကိုယ်ပိုင်မှတ်တမ်းများကိုလည်း ကျနော်တောခိုစဉ် (၁၉၇၆ခုနှစ်) က အစိုးရ သိမ်းယူသွားပြီး ဖြစ်သဖြင့် မရှိတော့ပါ။ တပ်မတော် မော်ကွန်းတိုက်တွင်တော့ အသင့်အတင့် ရှိနိုင်ပါသေးသည်။ ထိုကာလကထုတ်သည့် သတင်းစာ၊ စာစောင်များမှလည်းကောင်း၊ ထိုစဉ်က ကျနော်တို့နှင့် အတူပါလာသော ရုပ်ရှင်အဖွဲ့ ရိုက်ကူးထားသော ရုပ်ရှင်များမှလည်းကောင်း ပိုမိုပြည့်စုံသော အချက်အလက်များ ရရှိနိုင်ပါသည်။ ကျနော်ကတော့ ဤမျှသာ တတ်နိုင်ပါတော့သည်။

၁၉၅၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် တပ်မတော်မှအရာရှိကြီးများကို အစိုးရက ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခဲ့ပါသေးသည်။ တိုင်းမှူး၊ ဗိုလ်မှူးချုပ်များကို "သရေစည်သူဘွဲ့"၊ ဗိုလ်မှူးကြီးများကို "စည်သူဘွဲ့"စသဖြင့် ပေးအပ်ခဲ့ရာ ကျနော့်ကိုလည်း "သရေစည်သူဘွဲ့" ပေးခဲ့ပါသည်။ ထိုဘွဲ့တံဆိပ်များမှာ ရွှေများနှင့် လုပ်ထားသဖြင့် "စည်သူ"ဘွဲ့ ရသော ဗိုလ်မှူးကြီးချစ်မြိုင်က အရေးအကြောင်းရှိလို့ လိုလာရင် အဲဒီရွှေတွေ ရောင်းစားကြတာပေါ့များဟု နောက်ပြောင်ခဲ့မှုတာကို သတိရမိပါသည်။

၁၉၅၅ ခုနှစ်၊ ဇက်တင်ဘာလထဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးမှန်တက်ဖိုင် (ပင်တေးဟွေး) ၏ ဖိတ်ကြား ချက်အရ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းဦးစီးသည့် စစ်မစ်ရှင်အဖွဲ့ကြီးတဖွဲ့ တရုတ်ပြည်ကို သွားရောက်ခဲ့ရာ ကျနော်လည်း အဖွဲ့ဝင်တဦးအဖြစ် ပါဝင်သွားပါသည်။ ဆိုရှယ်လစ် တပ်မှူးအတော်များများလည်း ပါဝင်ခဲ့ပါသည်။ ကျနော်တို့သည် တရုတ်ပြည်တွင် စစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများ၊ စစ်လေ့ကျင့်ရေးစခန်းများကို တလခန့် လှည့်လည်ကြည့်ရှုကြသည်။ မြို့ကြီး၊ ပြကြီးများဖြစ်သည့် ရှန်ဟဲ၊ ဟန်ကျိုး၊ ကွမ်ကျိုးစသည့် မြို့ကြီးများကိုလည်း လည်ပတ်ကြပါသည်။

ပီကင်းမှာရှိစဉ် အောက်တိုဘာလ (၁) ရက်နေ့ ထင်အန်မင်တွင် ကျင်းပသည့် နိုင်ငံတော်အခမ်းအနားကိုလည်း တက်ရောက်ကြပါသည်။ ထိုအခမ်းအနားမစမီ ဗိုလ်နေဝင်းနှင့် ကျနော်တို့ (၃-၄) ဦး ဥက္ကဋ္ဌမော်နှင့် တွေ့ဆုံနှုတ်ဆက်ရပါသေးသည်။

ထိုတရုတ်ပြည် ခရီးစဉ်တွင် ကျနော်မှတ်မိတာ တခုရှိပါသေးသည်။ ကျနော်တို့သည် အခမ်းအနားတခု တက်ရောက်တိုင်း တန်းစီနေရာ ယူကြရာ မကြာခဏ ဝါစဉ်အတိုင်း **(protocol)** အတိုင်း ရပ်ကြပါဟု ပြောသံကြားကြားနေရပါသည်။ ကျနော် အစောပိုင်း သတိမထားမိပါ။ နောက်တော့ သင်္ကာမကင်း ဖြစ်လာသဖြင့် အဖွဲ့ထဲမှ ဗိုလ်ခင်ညို (နောင် တော်လှန်ရေးကောင်စီခေတ်၊ မီးရထားဝန်ကြီး) ကို မေးကြည့်ရာ သူက အားနာပါးနာနှင့် ကျနော့်ကို ပြောတာဖြစ်ကြောင်း။ ဗိုလ်မောင်မောင်ကျော်ဝင်း (**B.D.A**ကာလတွင်မှ တပ်တွင်းဝင်လာသော ရွှေနေ၊ ပညာတတ်ကြီး၊ နောင် တရုတ်ပြည်ဆိုင်ရာ သံအမတ်ကြီး) ကို ဝါစဉ်အရ ကျနော့်ရှေ့က ထား--ထားကြောင်း ပြောပြပါသည်။ စစ်ရုံးချုပ်မှ ဆိုရှယ်လစ်တပ်မှူးများ လက်ချက် ဖြစ်ဟန်ရှိသည်။ ကျနော်က ဒါတွေမသိဘဲ ဗိုလ်ကျော်ဝင်း ရှေ့ကရပ်နေမိသောကြောင့် သတိပေးနေခြင်း ဖြစ်ဟန်ရှိပါသည်။ ကျနော်လည်း အတော် စိတ်ဆိုးသဖြင့် ဗိုလ်နေဝင်းကို တိုင်လိုက်ပါသည်။ ဗိုလ်နေဝင်းက "ဟာဒါတော့ ဒီကောင်တွေ သိပ်လွန်တာပဲ" ဟုဆိုပြီး သူပြန်သောအခါ ဗိုလ်ကျော်ဝင်းကို ပြန်ခေါ်သွားပါသည်။ ဗိုလ်နေဝင်းမှာ ကျနော်တို့နှင့် တပတ်လောက်သာ လိုက်ပါပြီး ခရီးဆုံးထိ မလိုက်ပါ။ သူပြန်သွားပြီး လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်တီကလစ်ကို အဖွဲ့မှူးအဖြစ် ထားခဲ့ပါသည်။ (ယခု နအဖခေတ်ထုတ် တပ်မတော်သမိုင်း စာအုပ်များမှာလည်း ထိုခေတ် ထိုအခါက တပ်မှူးများကို ဝါစဉ်အတိုင်း တန်းစီရာ မှာလည်း ထိုဗိုလ်မောင်မောင်ကျော်ဝင်းကို ရှေ့တန်းမှာပဲ နေရာပေးထားတာ တွေ့ရပါသည်။)

တခြား ရယ်ဖွယ်ကိစ္စများလည်း ဖြစ်ခဲ့ကြပါသေးသည်။ တညထမင်းစားပွဲ သွားခါနီး ဗိုလ်ချစ်မြိုင်မှာ ဆံပင်ရှည်နေသဖြင့် ဟော်တယ် အောက်ထပ် ဆံပင်ညှပ်ဆိုင်တွင် ဆံပင်သွားညှပ်ပါသည်။ ဆံပင်ညှပ်သမားက စကားနားမလည်သဖြင့် ဆံပင်ကိုကော်တင်ပြီး အမောက်ထောင်ပေး လိုက်ပါသည်။ သူကလည်း မှန်မကြည့်တာမကြည့် ပြန်လာပါသည်။ အခန်းရောက်မှ မှန်ကြည့်တော့ အမောက်ကြီး တထောင်ထောင် ဖြစ်နေပါတော့သည်။ အချိန်လည်း နီးနေပြီဖြစ်သောကြောင့် ဗိုင်း၍ ဆံပင်ပျော့အောင် ဖီးခြစ်ကဖီးနှင့် ရှိုကြရာ ဆံပင်တချို့ မီးလောင်သွားသဖြင့် အတော်ပင် ကသုတ်ကရက် ဖြစ်လိုက်ကြပါသေးသည်။ ထမင်းစားပွဲအပြီး ဟော်တယ်ခန်းများ ပြန်ရောက်မှ ကျနော်တို့တတွေ ထိုအဖြစ်ကိုပြန်ပြောကြပြီး တသောသော ရယ်ရပါသေးသည်။ ကျနော်တို့တတွေမှာ ရာထူးကြီးမြင့်သော တပ်မှူးကြီးများ ဖြစ်ကြသော်လည်း နိုင်ငံခြားများသို့ ရောက်သောအခါ တာဝန်များလည်း မရှိသဖြင့် စိတ်လွတ်လက်လွတ် လူငယ်များလို နောက်ကြပြောင်ကြ ရယ်မောကြရပါသည်။

ကျနော်တို့ မြောက်ပိုင်းတိုင်းက တပ်မှူးများမှာ အပြန်ခရီးတွင် ယူနန်ပြည်နယ်ကို ကားလမ်းမှ ဖြတ်ပြန်ကြရပါသည်။ ထိုစဉ်က ယူနန်ပြည်နယ်မှာ အတော်ဆင်းရဲ ခေတ်နောက်ကျနေပါသေးသည်။

၁၉၅၆ ခုနှစ်အတွင်း ကျနော်တို့ နယ်နိမိတ်အတွင်းသို့ တရုတ်ပြည်သူ လွတ်မြောက်ရေးတပ်မတော်သား အချို့ဝင်ရောက်လာသဖြင့် ၎င်းတို့ ပြန်ထွက်သွားရေးကိစ္စ၊ တရုတ်--ဗမာ နယ်နိမိတ်ကိစ္စများ ဖြေရှင်းရန် ကျနော်ဝပြည်နယ် မိုင်းမောသို့ သွားရောက်ခဲ့ရပါသေးသည်။ နောက်ပိုင်းတွင် မှားယွင်းဝင်ရောက်လာမိကြောင်း တောင်းပန်ပြောဆိုပြီး တရုတ်တပ်များ အေးချမ်းစွာ ပြန်ထွက် သွားကြပါသည်။

ဤနေရာတွင် ကျနော်နှင့် ဗိုလ်ချုပ်ဘလိတ် (ထိုစဉ်က တောင်ပိုင်းတိုင်းမှူး) တို့အကြား ဆက်ဆံရေးအကြောင်း ရေးလိုပါသေးသည်။

ဗိုလ်ချုပ်ဘလိတ်မှာ အင်္ဂလို-အင်ဒီးယန်းကပြား ဖြစ်ပြီး၊ စောစွာကတည်းကပင် ဗမာပြည် အင်္ဂလိပ်အစိုးရလက်အောက်တွင် စစ်မှုဝင်ပြီး ထမ်းခဲ့သူ ဖြစ်ပါသည်။ ဗမာပြည်လွတ်လပ်ရေး ရသောအခါ ဗမာ့တပ်မတော်တွင် စစ်မှုထမ်းဆက်ဖြစ်လာပါသည်။

ဗိုလ်ချုပ်ဘလိတ်နှင့် ကျနော်မှာ ယခင်အင်္ဂလိပ်ခေတ်ကတည်းကပင် သိရှိလာကြပြီး နောက်ပိုင်းတဦးနှင့်တဦး အလွန်ရင်းနှီးကြသော မိတ်ဆွေကြီးများ ဖြစ်လာကြပါသည်။ ကျနော်တို့နှစ်ဦးလုံးမှာ ထိုစဉ်က နှစ်ခုပဲရှိသေးသည့် စစ်တိုင်းမှူးများဖြစ်ကြပြီး ရာထူးအရလည်း ဗိုလ်မှူးချုပ်များ ဖြစ်ကြပါသည်။ သို့သော် ကျနော်တို့နှစ်ဦးမှာ စိတ်အရင်းခံခြင်းမတူကြပါ။ သူက ကွန်မြူနစ်ဝါဒကို မုန်းတီးဆန့် ကျင်သူဖြစ်ပြီး ကျနော်က ကွန်မြူနစ်ဝါဒကို လျှို့ဝှက်စွာလေးစား ထောက်ခံသူဖြစ်ပါသည်။

သို့သော်ကျနော်တို့ နှစ်ဦးသည် မိမိတို့စိတ်ရင်းကို ဖယ်ရှားပြီး ချစ်ခင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြပါသည်။ ကျနော်တို့နှစ်ဦးမှာ (ကျနော်စိတ်ထင်) မူလလူတန်းစား ဇစ်မြစ်ခြင်း နီးကပ်ကြဟန် တူပါသည်။ သူသည်လည်း အတော်အတန် ဆင်းရဲသော ဇာတိမှ လာသည်ဟု သိရပါသည်။

သူသည် အင်္ဂလိပ်ကပြားဖြစ်သော်လည်း ဗမာစိတ်ဓာတ် အတော်ရှိပါသည်။ ထို့ကြောင့်ပင် ဗမာတပ်မှူး၊ တပ်သားများကလည်း သူ့ကို လေးစားခင်မင်ကြပါသည်။ သူသည်နိုင်ငံရေးကို စိတ်မဝင်စားပါ။ ဗမာပြည် ဆိုရှယ်လစ်ပါတီကိုလည်း ဆန့်ကျင်စိတ် ရှိနေပုံ ရသည်။ သူ့စိတ်တွင် ကွန်မြူနစ်နှင့် ဤဆိုရှယ်လစ်တွေဆိုတာ သိပ်မကွာခြားကြဟုလည်း ယူဆနေပုံရပါသည်။

ထိုစဉ်က ဗမာပြည်ကို စစ်တိုင်းကြီး နှစ်ခုပဲခွဲထားရာ မြောက်ပိုင်းစစ်တိုင်းနှင့် တောင်ပိုင်းစစ်တိုင်းတို့ဖြစ်ပြီး ဗိုလ်ချုပ်ဘလိတ်မှာ တောင်ပိုင်းစစ်တိုင်းမှူးဖြစ်နေပြီး ကျနော်က မြောက်ပိုင်းစစ်တိုင်းမှူး ဖြစ်နေပါသည်။

ဗမာအစိုးရကလည်း အင်္ဂလိပ်က ချန်ထားရစ်သော ဗမာစစ်တပ်ကို ဆက်ကိုင်ရာတွင် အင်္ဂလိပ်–အိန္ဒိယ၊ အင်္ဂလိပ်–မြန်မာ စသော ကပြားများလည်း ဆက်ပါဝင် အမှုထမ်းကြပါသည်။ ဗိုလ်ချုပ်ဘလိတ်မှာ ထိုအထဲမှ ဖြစ်ပြီး၊ သူ၏စစ်သက်တမ်းဝါစဉ်အရ ရာထူးကြီးကို ဆက်ပေးထားခြင်း ဖြစ်ပါသည်။

စစ်တိုင်းမှူးတို့သည် မိမိတို့ စစ်တိုင်းအတွင်း တနှစ်အတွင်းပြုလုပ်မည့် ယေဘုယျစစ်ဆင်ရေး စီမံကိန်းများကို နှစ်စဉ်မိုးရာသီ အစ ဇွန်–ဇူလိုင်တွင် ရေးဆွဲကြပြီး စစ်ရုံးချုပ်သို့ တင်ရပါသည်။

ကျနော်နှင့် ဗိုလ်ချုပ်ဘလိတ်တို့မှာ တဦးနှင့်တဦး စစ်ဆင်ရေးများကို နားလည်ဖို့ရာအတွက် ထိုစီမံကိန်းများ အချင်းချင်း အပြန်ပြန် ဖလှယ်ဖို့သဘောတူထားကြပါသည်။ ထို့ကြောင့် သူ့တိုင်းတွင် လုပ်ဆောင်မည့် အစီအစဉ်များကို ကျနော်ကြိုတင် သိရှိနိုင်ခဲ့ပါသည်။

နောက်ပိုင်း ဆိုရှယ်လစ်တပ်မှူးတချို့က ဗိုလ်ချုပ်ဘလိတ်ရာထူးနေရာကို ယူချင်လာပုံ ရပါသည်။ တနေ့တွင် ဗိုလ်ချုပ်နေဝင်းက ကျနော့်ကို ခေါ်ပြီး ဗိုလ်ချုပ်ဘလိတ်ကို ဒီရာထူးကြီးက ဖယ်ရှားတော့မည့်အကြောင်း ပြောပြပါသည်။ (ကပြား ဖြစ်နေ၍ ဖယ်ရှားမည့်သဘော ပြောပါသည်။) ကျနော်က လူတွေကို နိုင်းတုန်းက နိုင်းကြပြီး တိုင်းပြည်အေးဆေးလာတော့မှ နေရာဖယ်ရှားသည့် သဘောကတော့ မကောင်းလှပါဟု ပြောလိုက်ပါသည်။ ကျနော်က ဗိုလ်ချုပ်ဘလိတ်မရှိလျှင် သူ့တိုင်းမှ စစ်သတင်းများ မရတော့မှာကိုလည်း စိုးရိမ်မိပါသည်။ ဗိုလ်နေဝင်းလည်း တွေဝေသွားပါသည်။ ထို့ကြောင့် ထိုအချိန်က ဗိုလ်ချုပ်ဘလိတ်ကို မဖယ် ရှားသေးခဲ့ပါ။

ကျနော်သည် ကျနော်ရရှိသော သတင်းများကို ဗမာပြည်ကွန်မြူနစ်ပါတီသို့ လျှို့ဝှက်ပေးပို့နေခဲ့ပါသည်။ အထူးသဖြင့် ကိုကြီးမြင့်၊ ရန်ကုန်–မင်္ဂလာဒုံကျနော့်အိမ်တွင် အတူနေစဉ် ကိုကြီးမြင့်မှ တဆင့်ပေးပို့ခဲ့ပါသည်။ အထူးသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဗမာ့တော်လှန်ရေးကို ထိခိုက်နိုင်မည့် သတင်းများကို ဦးစားပေး၍ အမြန်ပေးပို့ခဲ့ပါသည်။ ကျနော်က ပါတီထံသို့ ကျနော်၏အမြင်များ အကြံပေးချက်များကိုလည်း ပေးပို့ခဲ့ပါသည်။

ကျနော်သည် ဗိုလ်ချုပ်ဘလိတ်နှင့် ရင်းနှီးနေပြီး၊ နားလည်မှုလည်း ယူထားသဖြင့် ဗိုလ်ချုပ်ဘလိတ်က သူ့စစ်တိုင်း၏ စီမံကိန်းများပါ ကျနော့်ထံပေးသဖြင့် ထိုစီမံကိန်းများကိုလည်း ကျနော်က ကွန်မြူနစ်ပါတီသို့ ပေးပို့နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ဗမာပြည်ကွန်မြူနစ်ပါတီမှာ ကျနော့်စစ်တိုင်းကရော၊ တောင်ပိုင်းတိုင်းကရော စစ်တိုင်းနှစ်တိုင်းစလုံး (တနည်း) တပြည်လုံး၏ စစ်ရေးစီမံကိန်းများကို ကြိုတင်သိရှိနေပါတော့သည်။ ဤသို့ဖြင့် ဗမာ့တော်လှန်ရေးအတွက် အကျိုးရှိနေပါတော့သည်။

ကျနော် မေမြို့သို့ ပြောင်းရသောအခါ ကွန်မြူနစ်ပါတီသို့ ကျနော်ဆက်သားများနှင့် သတင်းဆက်လက်ပေးပို့ရပါသည်။ ကွန်မြူနစ်ပါတီမှ ဦးဘဦး (ထားဝယ်သားကြီး၊ ယခုကွယ်လွန်) နှင့် ကိုလှမြိုင် (နောက်ပိုင်း လက်နက်ချ၊ လုပ်သားနေ့စဉ်သတင်းစာ အယ်ဒီတာချုပ်ဖြစ်သွား) တို့မှာ ကျနော်၏ ဆက်သားများဖြစ်ပါသည်။

ထိုကာလက အဖြစ်အပျက် (ကျနော်မှတ်မိနေတာ) တချို့ကို ပြန်ပြောပြချင်ပါသေးသည်။

ကျနော် ထိုကဲ့သို့ မြေအောက်လုပ်ငန်းများ လုပ်ကိုင်နေရင်း သတင်းပေါက်သွားပါက လုပ်ရမည့် အစီအစဉ်အချို့ကို ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုက စီစဉ်၍ ကျနော့်ထံပေးပို့လာပါသည်။ ကျနော် အန္တရာယ်တခုခုနှင့် ရင်ဆိုင်လာရပါက တနေရာသို့ သွားတိမ်း ရှောင်နေပြီး ထိုအိမ်မှတဆင့် ကျနော့်ကို ပါတီထံသို့ ပို့ဖို့ဖြစ်ပါသည်။ ကျနော်က အိမ်ကကားကို (ဒရိုင်ဘာရဲဘော်ကို မခေါ်ဘဲ) ကိုယ်တိုင်မောင်းပြီး ထိုအိမ်နေရာကို သွားကြည့်ရာ ဗိုလ်ဇတင် (လက်သီးပုန်း) ၏ အိမ်ဖြစ်နေသည်ကို အံ့ဩဝမ်းမြောက်စွာ သိလိုက်ရပါသည်။ ကျနော်နှင့် ဗိုလ်ဇတင်မှာ ဂျပန်ခေတ်ကတည်းကပင် ပဲခူးစုံပြတပ်ရင်းတွင် အတော်ရင်းနှီးခဲ့ကြသူများဖြစ်ခဲ့သဖြင့် ကျနော် အတော်စိတ်အေးသွားပါသည်။ သို့သော် ထိုစဉ်က သူ့အိမ်သို့ ဝင်ခဲ့ခြင်းလည်းမရှိ၊ သူ့ကို ဤအကြောင်းကို နောက်ပိုင်းလည်း ပြောမပြ ဖြစ်ပါ။

တခါ မေမြို့တွင်လည်း ဆက်သားကိုလှမြိုင် ရောက်နေစဉ် ပြဿနာတခု ဖြစ်ပါသေးသည်။ ကျနော်တို့ မေမြို့အိမ်ကြီးမှာ အပေါ်ထပ်တွင်သာ ရေချိုးခန်း၊ အိမ်သာများ၊ အိပ်ခန်းများနှင့် တွဲလျက်ရှိပါသည်။ အောက်ထပ်မှာ အကူရဲဘော်များ၊ အော်ဒလီများသာ နေတတ်ကြသဖြင့် အိမ်သာကို အိမ်ပြင်တွင် ထားပါသည်။ ထို့ကြောင့် အိမ်အောက်ထပ်နေသူများ အိမ်ပြင်ထွက်အိမ်သာ တက်ရပါ သည်။

ကျနော်တို့၏ အိမ်နောက်ဘက်တွင်လည်း လမ်းသာခြား၍ စစ်တပ်မှ အရာရှိအိမ်များ ရှိပါသည်။ ကျနော့်အိမ်နောက်တွင် နေသူတဦးမှာ ဗိုလ်မှူးကြီးဘရွှေ(ဆိုရှယ်လစ်တဦးဖြစ်ပြီး၊ ဗိုလ်မှူးကြီးခင်ညိုနှင့် သမီးယောက်ဖတော်ကာ တော်လှန်ရေးကောင်စီခေတ်တွင် သံအမတ်ကြီးဖြစ်သွား) ဖြစ်ပါသည်။

ကိုလှမြိုင်ကို ကျနော်က အောက်ထပ်တွင် ထားမိရာ အပြင်ထွက် အိမ်သာအတက်တွင် ဗိုလ်မှူးကြီးဘရွှေက သူ့အိမ်မှ တွေ့ရှိ သွားပုံရပါသည်။

ညပိုင်း ကျနော်ကိုလှမြိုင်နှင့် ဧည့်ခန်းတွင် ထိုင်စကားပြောနေတုန်း ဗိုလ်မှူးကြီးဘရွှေ အကြောင်းမရှိ၊ အကြောင်းရှာပြီး ကျနော့်အိမ် ရောက်လာပါသည်။ ကျနော်ကလည်းသတိရှိစွာဖြင့် အိမ်အပေါ်ထပ် အိပ်ခန်းစသည့်နေရာများတွင် စကားမပြောဘဲ၊ အေးအေးလူလူ ထိုင်စကားပြောသည့်ပုံစံ အောက်ထပ် ဧည့်ခန်းကြီးထဲမှာပင် ပြောင်ထိုင်စကားပြောနေတာ ဖြစ်သဖြင့် သူလည်းဇာတ်ဝင်ထိုင်ပြီး ပြန်သွားပါသည်။ ပြန်ခါနီး ကျနော့်အား ဘယ်သူဘယ်ဝါဖြစ်ကြောင်း သွယ်ဝိုက်မေးလာသောကြောင့် ကျနော်က တောပြန်ရဲဘော်တယောက်ဖြစ်ကြောင်း မြို့ရောက်လာပြီး ငွေရေးကြေးရေးကျပ်တည်းလို့ လာအကူအညီ တောင်းတာဖြစ်ကြောင်း ပြောလိုက်ပါသည်။ သို့သော် သူပြန်သွားသည်နှင့် ကျနော်သည် ကိုလှမြိုင်ကို ချက်ချင်းကားဂိတ်သို့ ပို့၍မှူးလေးသို့ ဆင်းခိုင်းလိုက်ပါသည်။ ဤလုပ်ရပ်မှာလည်း မှန်ကန်သွားပါသည်။ နောက်နေ့မနက်တွင် ဗိုလ်ဘရွှေအစီအစဉ်ဖြင့် ကားဂိတ်အားလုံးက ထွက်သမျှကားများကို ပိုက်စိပ်တိုက် ရှာဖွေကြကြောင်း ကျနော်ကြားရပါသည်။

## ကျနော်ဗမာ့ တပ်မတော်မှ အနားယူ ပင်စင်ပေးခံရပြီးထွက်ခဲ့ရသောကိစ္စ

တရုတ်ဖြူ တိုက်ပွဲကြီးများ အောင်မြင်စွာ တိုက်ခိုက်ပြီးနောက် ၁၉၅၅ခုနှစ်မှစ၍ ကျနော်၏ ဂုဏ်သိက္ခာနှင့် နာမည်မှာ တပ်တွင်း သာမက တပ်ပြင်ပြည်သူများအကြားနှင့် နိုင်ငံခြားအထိပါ ကျော်ကြားလာခဲ့ပါသည်။ ထို့ကြောင့်တပ်တွင်းတွင် ကျနော့်ကို ဒုဦးစီးချုပ်ရာထူးပေးရန် ပြောဆိုသံများ ရှိလာပါသည်။ ထို ရာထူးမှာ ၁၉၅၉ ခုနှစ် ဗိုလ်ချုပ်နေဝင်း (ထိုစဉ်က ဒုဦးစီးချုပ်) က ဦးစီးချုပ်ဗိုလ်ချုပ်စမစ်ဒွန်းကို ဖယ်ရှားပြီး တက်လာကတည်းက မည်သူမျှမပေးဘဲ ကွက်လပ်ထားသောနေရာ ဖြစ်ပေသည်။ ၁၉၅၆ စက်တင်ဘာလတွင် ပြုလုပ်မည့် တပ်မှူးများညီလာခံတွင် ကျနော့်အား ဒုဦးစီးချုပ် တင်ရေး ဝိုင်း၍ အဆိုတင်ရန် စည်းရုံးလှုပ်ရှားလာရာ တပ်တွင်းတချို့ ဆိုရှယ်လစ်တပ်မှူးများပါ ထောက်ခံလာကြပါသည်။ တပ်တွင်းမှ ဆိုရှယ်လစ်အချို့ မပေးချင်နေကြောင်း သိကြသဖြင့် “သူတို့မပေးချင်ရင် သူတို့ ဗိုလ်ချုပ်ကျော်ဇောလို စစ်တိုက်ပြပါလား”ဟူ၍ပင် ဆိုရှယ်လစ် တပ်မှူးအချို့က ပြောလာကြကြောင်း ကြားရပါသည်။ ထို့ကြောင့် ကျနော့်ကို ပုလိပ်မင်းကြီးခန့်ရေး၊ ဗြိတိန်အမြင့်ဆုံးစစ် ကျောင်းဖြစ်သော ကာကွယ်ရေးတက္ကသိုလ်သို့ တက်ရောက်ရန် လွှတ်ရေး စသည့်ကိစ္စများ ပြောဆိုနေကြပြီး ကျနော့်အားတပ်မှ ကင်းကွာရေးအတွက် စတင်လှုပ်ရှားလာကြပါသည်။

ထိုစဉ်မှာပင် “အောင်မာဃစစ်ဆင်ရေး”မှ ဖမ်းဆီးရမိသော ကျနော်နှင့် ပတ်သက်သော ဖိုင်တွဲကိစ္စပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

“အောင်မာဃစစ်ဆင်ရေး”ဆိုသည်မှာ ၁၉၅၆ ခုနှစ် - နှစ်ဆန်းတွင် ဗမာ့တပ်မတော်မှ အထက်ဗမာပြည်၊ ပခုက္ကူ ခရိုင်တွင်း ပြည်တွင်း သူပုန်များ၊ အထူးသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ်ကို ထိုးစစ်ဆင်သော စစ်ဆင်ရေးကြီးဖြစ်သည်။ မြောက်ပိုင်းတိုင်းမှ တပ်မဟာ (၁၀) က ဦးစီးခဲ့ပြီး တပ်မဟာမှူးမှာ ဗိုလ်မှူးကြီးကြည်ဝင်း ဖြစ်သည်။ ဗိုလ်မှူးကြီးကြည်ဝင်းမှာ တပ်တွင်းဆိုရှယ်လစ်ခေါင်းဆောင်တဦးဖြစ်ပြီး ထိုအချိန်က ဒေတ္တဝန်ကြီးချုပ်လုပ်နေသည့် ဦးဘဆွေနှင့် အတော်ရင်းသည့် ဆွေမျိုးဖြစ်သည်။ (သူတို့၏ အိမ်ထောင်ဖက်များဘက်မှ တော်စပ်ကြပာန် ရှိသည်။) ထိုစစ်ဆင်ရေးအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်မှ စာရွက်စာတမ်းအတော်များများ ဖမ်းဆီးမိရာ ထိုအထဲတွင် ဥက္ကဋ္ဌသခင်သန်းထွန်း၏ ထိပ်တန်း လျှို့ဝှက်ဖိုင်တွဲတတွဲ ပါရှိပါသည်။ ထိုဖိုင်တွဲတွင် ပါရှိသော စာအချို့မှအချက်အလက်များအရ သခင်သန်းထွန်းထံ ကျနော်ကရေးပေးသည်ဟု ထင်ရသော အကြောင်းအရာများ ပါရှိနေရာ ထိုကိစ္စကို အကြောင်းပြု၍ ကျနော့်ကို အကြီးအကျယ် အရေးယူရန် တပ်တွင်းတပ်ပြင်ရှိ ဆိုရှယ်လစ်များ စီစဉ်ကြ ပါတော့သည်။

ဤနေရာတွင် ကျနော်နှင့် ထိုခေတ်ထိုအချိန်က နိုင်ငံရေးဇာတ်ခုံများတွင် အရေးပါစွာ ရောက်ရှိနေသူများအကြား ဆက်ဆံရေးကို ရေးပြပါဦးမည်။

ထိုအချိန်ကာလ (၁၉၅၆) ခုနှစ်သည် ဆိုရှယ်လစ်များက တပ်တွင်းတပ်ပြင် ဩဇာလွှမ်းမိုးရေး အကြီးအကျယ်ကြိုးစားနေမှု အရှိန် ရနေချိန်နှင့်လည်း တိုက်ဆိုင်နေပါသည်။ သူတို့သည် ပြင်ပအန္တရာယ်ဖြစ်သည့် တရုတ်ဖြူတိုက်ရေးထက် ပြည်တွင်းစစ်ကိုသာ အလေးပေး အပြုတ်တိုက်ချင်သူများဖြစ်ကြသည်။ ပြည်သူလူထု နီးကြားပြီး တောင်းဆိုလွန်း၍သာ (တဖက်ကလည်း ဗမာပြည်ကွန်မြူနစ် ပါတီက ဖော်ထုတ် ဖွင့်ချနေ၍သာ) တရုတ်ဖြူတိုက်ရေးကို လုပ်ကြခြင်းဖြစ်သည်။ ထိုတိုက်ပွဲများအရှိန်နှင့် ကျနော်ဩဇာကြီးမားလာမှုကို လည်း သူတို့စိုးရိမ်နေကြသည်။ တပ်တွင်းမှာ ဆိုရှယ်လစ်ပါတီ ဆန့်ကျင်သည့် တပ်မှူးများလည်းရှိရာ ကျနော်နှင့် ပူးပေါင်းစည်းရုံးမိပြီး သူတို့ဆိုရှယ်လစ်များကို အာခံခေါင်းမာ လာကြမှာလည်း စိုးရိမ်ကြသည်။ အဓိကမှာ ဆိုရှယ်လစ်များအနေနှင့် တိုင်းပြည်ကို ၎င်းတို့စိတ် ကြိုက် ခြယ်လှယ်လိုကြရာတွင် တပ်မတော်ကို ပထမဆုံး သူတို့စိတ်ကြိုက် အုပ်စီးနိုင်ဖို့ရာမှာ ဆူးညှောင့်ခလုတ်ဖြစ်နေသော ကျနော့်ကို ဖယ်ရှားပစ်ဖို့ လိုပေသည်။

ကျနော် ဤကဲ့သို့ တပ်မှထုတ်ပစ်ရေးကို ပုဂ္ဂိုလ်အရ အဓိကကြိုးစား ကြိုးကိုင်သူ (၃) ဦး ရှိပါသည်။

၁။ ဦးကျော်ငြိမ်း–ဆိုရှယ်လစ်ပါတီမှ ဦးကျော်ငြိမ်းသည် တလျှောက်လုံး ကျနော့်ကို သတိဖြင့် စောင့်ကြည့်ခဲ့ပါသည်။ ဦးကျော်ငြိမ်းသည် ကျနော့်ကို သူ၏ဆိုရှယ်လစ်ပါတီတွင်း ရောက်အောင်များစွာ အားထုတ်လုံးပန်းကြိုးစားခဲ့ပါသည်။ ဆိုရှယ်လစ် ပါတီမှာ ပြည်သူတို့၏ အကျိုးကို ဆောင်ရွက်ဖို့ထက် ကွန်မြူနစ်ပါတီ ဆန့်ကျင်ရေး၊ အပြုတ်တိုက်ရေးကိုသာ အဓိကလုပ်နေသော ပါတီဖြစ်ရာ (အဓိက ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာ လုပ်နေရာ) ကျနော်အနေနှင့် တိုင်းပြည်နှင့်ပြည်သူ့မျက်နှာ မထောက်ဘဲ မိမိတပ်းတခါးအတွက် ဆိုရှယ်လစ်ပါတီဝင် မလုပ်နိုင်ပေ။ ဦးကျော်ငြိမ်းအနေနှင့် ကလည်း ကျနော်၏ ပြင်းပြသော ပြည်ချစ်စိတ်၊ အကျင့်စာရိတ္တ၊ သီလ၊ ရာထူးစည်းစိမ် မမက်မောမှု စတာတွေကိုကြည့်ပြီး သူသိမ်းသွင်းနိုင်မည့်သူ မဟုတ်ရုံမက သူ့ရှေ့ရေးရည်မှန်းချက်ကိုပါ နောက် ယှက်နိုင်သူဟု မြင်နေသဖြင့် ထိုဖိုင်တွဲကိစ္စ ပေါ်လာသောအခါ တပ်တွင်းဆိုရှယ်လစ်များနှင့် ပူးပေါင်းပြီး တက်ကြွစွာ ကျနော့် ကို အရေးယူလုပ်ဆောင်လာခြင်း ဖြစ်ပါသည်။

၂။ ဗိုလ်အောင်ကြီး–၎င်းမှာ နိုင်ငံရေးထက် ပုဂ္ဂိုလ်ရေး ရာထူးအတွက်ပါ ကျနော့်ကို ဆန့်ကျင်သဖြင့် အလွန်ပြင်းထန်ပြီး ကျနော့်အပေါ် ပုဂ္ဂိုလ်ရေးအရလည်း အလွန်မုန်းတီးပါသည်။ ကျနော်တပ်တွင်းရှိနေသရွေ့ သူ့အနေနှင့် ကျနော့်ကို ကျော်ကာ ထိပ်ရောက်ဖို့ မဖြစ်နိုင်ပါ။

၃။ ဗိုလ်နေဝင်းမှာ ကျနော့်ကို ဂျပန်ခေတ်ကတည်းက မလိုလား၊ မနစ်မြို့သော်လည်း လက်တွေ့ထည့်သွင်းစဉ်းစားရမည့် အချက်များ ရှိပါသည်။(ဗိုလ်နေဝင်းသည် တပ်တွင်းဆိုရှယ်လစ်များအနက် ၎င်းကိုယ်ကျိုးစီးပွားနှင့်ပတ်သက်လာလျှင် အလွန်လက်တွေ့ကျစွာ စဉ်းစားနိုင်သူ ဖြစ်သည်။)

၃၀

တိုင်းပြည်တွင် စစ်တပ်က ထမ်းဆောင်ရမည့် တာဝန်ကြီးများ ပေါ်လာပါက သူ့တွင်အားကိုးမရှိပေ။ သူကိုယ်တိုင်က ဘာမှ စွမ်းရည်ရှိသူ မဟုတ်။ သူ့ဆိုရှယ်လစ်တပ်မှူးများကလည်း အားမကိုးရ။ အရေးအကြောင်းဆိုက ကျနော့်ကိုခေါ်ပြီး တာဝန်ပေးရ၊ ကျနော်ကလည်း တခါမှ မငြင်းဆို။ ခေါ် တာဝန်ပေးသမျှ တာဝန်ကျေပြွန်အောင် ထမ်းဆောင်ခဲ့၊ တခါမှလည်း ရာထူးကိစ္စ ကိုယ်ရေးကိစ္စမတောင်းဆိုဖူး။ ထိုအချက်များကြောင့် ကျနော့်ကို တပ်မတော်မှ ထုတ်ပစ်ရေးအထိတော့ သူက အစပိုင်းတွင် မလိုလားခဲ့ ပါ။ သို့သော် နောက်ပိုင်း ကျနော်ကြဲဇာ အရှိန် တက်လာသောအခါ သူသည်လည်း ဗိုလ်အောင်ကြီးနှင့်အတူ ပူးပေါင်းပြီး ကျနော့်ထုတ်ပစ်ရေးကို တက်ကြွစွာ လုပ်လာပါတော့သည်။

ဤသူများအပြင် ဦးနုနှင့် ဦးဗဆွေ (ထိုအချိန်က ဝန်ကြီးချုပ်လုပ်နေသူ) တို့ကလည်း ကျနော့်ကို မလိုလားကြဘဲ ဖြစ်နေပါသည်။ ဦးဗဆွေကတော့ ဆိုရှယ်လစ်ပါတီဂိုဏ်းဖြစ်သဖြင့် တဂိုဏ်းတည်းသားများ၏ ဆန္ဒဖြစ်နေသဖြင့် သိပ်တော့မထူးဆန်းလှပါ။ ဦးနုအနေနှင့်ကလည်း တပ်တွင်း ဆိုရှယ်လစ်ဂိုဏ်းများကို ထောက်ထားဆက်ဆံနေရသူ ဖြစ်သည်။ သူက အစောပိုင်းက ကျနော့်အနေနှင့် ဆိုရှယ်လစ်ဂိုဏ်းနှင့် မသင့်မြတ်လှသဖြင့် သူ့ထံ ချဉ်းကပ်လိမ့်မည်ဟု မျှော်လင့်ပုံ ရပါသည်။ ကျနော်ကလည်း သူ့ထံမချဉ်းကပ်ပေ။ ဦးနုမှာ လက်က ပုတီးကိုင်ထားသော်လည်း ပြည်တွင်းစစ်ကို ဖိတိုက်နေသဖြင့်တကြောင်း၊ နဂါးနီခေတ်က တိုးတက်သော မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း နောက်ပိုင်းတွင်မူ အင်္ဂလိပ်နောက်လိုက် လက်ယာ သမားကြီးဟန် ပေါက်နေ၍ဖြစ်သည်။ ထို့ကြောင့် ကျနော်က ခပ်မှန်မှန် ခပ်တန်းတန်း နေခဲ့ရာ သူကလည်း ထို 'ဗိုင်' ကိစ္စပေါ်လာသောအခါ ကျနော့်ကို ဖယ်ရှားပစ်ရန် လိုလားပုံရပါသည်။

ထို့ကြောင့် ကျနော့်အပေါ် ထိုခေတ်ဖောက်ပြန်နေတဲ့ ဆိုရှယ်လစ်ထိပ်ပိုင်းအားလုံး (တပ်တွင်းတပ်ပြင်) သာမက၊ ဦးနုကပါ မလိုလားဆန့်ကျင် ခဲ့ကြပြီး၊ ထိုဗိုင်ကိစ္စပေါ်လာသောအခါ အားလုံးတညီတညွတ်တည်း စုပေါင်းသွားပြီး ကျနော့်ကို တပ်ကထုတ်ရေး လုံးပန်းကြပါတော့သည်။

ဤကဲ့သို့ သူတို့အားလုံး ဝိုင်း၍ ကျနော်ကိုမုန်းကြရသော အဓိကအကြောင်းမှာ ကျနော်၏ ကွန်မြူနစ်ဝါဒအပေါ်နှင့် ဗမာပြည်ကွန်မြူနစ် ပါတီအပေါ်ထားရှိသော သဘောထားများကြောင့် ပင်ဖြစ်ပါသည်။ ကျနော်သည် ကွန်မြူနစ်ဝါဒကို မဆန့်ကျင်ရုံမက ဤဝါဒ အပေါ်သော်လည်းကောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ်သော်လည်းကောင်း ဆန့်ကျင်ခြင်း၊ ရှုတ်ချခြင်းများ ဘယ်တော့မှ ပြောဆိုခြင်း မပြုမူအပေါ်၊ ၎င်းတို့ အပေါ် မကြိုက်နိုင်ခြင်း ဖြစ်ပါတော့သည်။

သို့ဖြင့် ၁၉၅၆ ခုနှစ် ဧက်တင်ဘာလတွင် ကျင်းပသော တပ်မှူးများညီလာခံတွင် ဤကိစ္စပေါ်ပေါက်လာပြီး ထိုညီလာခံ တက်ရောက်ရန် မင်္ဂလာဒုံသို့ ရောက်ရှိနေသော ကျနော့်အား အိမ်အကျယ်ချုပ်ချထားလိုက်ပါတော့သည်။ ထို့ပြင် ဗိုလ်နေဝင်း (ထိုစဉ်က ကာ ကွယ်ရေး ဦးစီးချုပ်) က ဦးစီး၍ ထိုအမှုကို ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပါတော့သည်။

သူတို့၏ ပထမအစီအစဉ်မှာ စစ်ခုံရုံးဖွဲ့၊ ရုံးတင်စစ်ဆေး၊ အကြီးအကျယ်အရေးယူ အပြစ်ပေးပြီးမှ (ကျနော့်ကို ထောက်ထား သည်ဆိုသော နာမည်ကောင်းနှင့်) တပ်က ပင်စင်ပေးလိုက်ရန် ဖြစ်ပါသည်။

သို့သော် တကယ်ဖြစ်လာသည်မှာတော့ ထိုဗိုင်တွဲကို ဗိုလ်နေဝင်းက သူ့မိတ်ဆွေအရပ်သား ရှေ့နေကြီး ဦးဘစိန်ကို ပေးဖတ် ကာ ကျနော့်ကို ဘယ်လိုတရားစွဲ အရေးယူနိုင်မယ်ဆိုတာတိုင်ပင်ပါသည်။ ဦးဘစိန်ဆိုသည်မှာ ဂျပန်ခေတ် (B.D.A) ကာလက စစ်တပ်အပြင်မှ ရှေ့နေတွေကို တပ်တွင်း ဆွဲသွင်းစဉ်က ပါလာပြီး၊ တပ်မတော်စစ်ဥပဒေဌာနကြီးတာဝန်ခံ၊ ရှေ့နေချုပ်ဓန့်အပ်ခံထားရသူ၊ မျိုးချစ်ပြည်ချစ်စိတ်ရှိသူတဦး ဖြစ်နေပါသည်။ (B.D.A) ကာလ တပ်ထဲမှာနေစဉ် ကျနော်လုပ်ပုံကိုင်ပုံတွေကို သဘောကျပြီး တပ်၏အနာဂတ်တွင် ကျနော်မရှိမဖြစ်၊ အရေးပါသူဖြစ်သည်ဟု ယူဆထားသူလည်း ဖြစ်နေပါသည်။

ရှေ့နေကြီးဦးဘစိန်က ဗိုင်တွဲကို ယူဖတ်ကြည့်ပြီး ဒီစာတမ်းများအရတော့ ဗိုလ်ကျော်ဇောကို အရေးယူအပြစ်ပေးဖို့ မဖြစ်နိုင်။ ဗိုလ်ကျော်ဇော နာမည်လည်း မပါ၊ လက်ရေးလည်း မပါ၊ ဒီဗိုင်တွဲဘယ်က ရသလဲဆိုတာပင် ခက်နေသည်ဟု ဗိုလ်နေဝင်းကို ပြန်ပြောပြီး ဗိုင်တွဲ ပြန်ပေးအပ်ခဲ့သည်။ (ထို "အောင်မာဃစစ်ဆင်ရေး"ကို ဦးစီးခဲ့သူ ဗိုလ်ကြည်ဝင်းမှာ တပ်တွင်းဆိုရှယ်လစ်တပ်မှူး၊ အမာခံတဦးဖြစ်ကြောင်း လူအများသိရှိထားသဖြင့် ထိုဗိုင်တွဲကိစ္စကို လူအများက မယုံမကြည် ဖြစ်နေကြခြင်းလည်း ရှိပါသည်။)

သို့သော် ဗိုလ်နေဝင်းတို့က ကျနော်သည် လူရိုးလူအဖြစ်၍ တရားစွဲလို့ ရနိုင်သည်ဟု ယူဆပြီး ကျနော့်ကိုစစ်ဆေး အပြစ်ပေးရန် ခုံရုံးတရုံး ဖွဲ့ခဲ့ပါသည်။

ထိုအတွင်းမှာပင် ကျနော်နေထိုင်နေသည့် မင်္ဂလာဒုံစစ်တပ်နယ်မြေ၊ ဧည့်ရိပ်သာ **(Guest House)** သို့ ဗမာပြည်ပေါက် အိန္ဒိယလူမျိုး ရှေ့နေကြီး မစ္စတာဂန်ဂူလီဆိုသူ ရောက်လာပြီး သူသည်ဦးဘစိန်၏တပည့်ဖြစ်ကြောင်း၊ ဦးဘစိန်က ကျနော့်ကို အကူအညီပေးရန် စေလွှတ်လိုက်ခြင်း ဖြစ်ကြောင်း မိတ်ဆက်လာပြီး ဗိုင်တွဲအကြောင်းသူသိသမျှ ပြောပြလာပါသည်။ ကျနော်ကို ဘာမှ မစိုးရိမ်ဖို့၊ တရားရုံးမှာ ဥပဒေကြောင်းအရ ကောင်းကောင်းကာကွယ်နိုင်သည်ဟုလည်း အားပေးပြောပြပါသည်။

ထို့အပြင် ကျနော့်ကိုလည်း ဝန်ကြီးအချို့နှင့်တွေ့စကားမပြည်ပြောဖို့ တိုက်တွန်းပါသည်။ သူက ခင်ဗျားမျက်နှာကိုမြင်ရင် သူတို့တတွေ ခင်ဗျားအပေါ် မရက်စက်နိုင်ပါဘူးဟုလည်း ဆိုပါသည်။ ကျနော်၏ တိုင်းပြည်အပေါ် ဆောင်ရွက်ခဲ့မှုများအပေါ် သူတို့တတွေ ထောက်ထားကြလိမ့်မည် ဟု သူက ထင်ပုံရပါသည်။ ကျနော်ကတော့ မထင်ပါ။ သို့သော် သူ့စေတနာ အရင်းခံနှင့် တိုက်တွန်းမှုကို လိုက်လျောသည့်အနေနှင့် သူ့အကြံပေးချက်ကို ကျနော်လိုက်နာခဲ့ပြီး ဖဆပလဝန်ကြီးအချို့နှင့် သူတို့အိမ်များတွင်သော်လည်းကောင်း၊ ဟင်းနစ်ကစားရင်းသော်လည်းကောင်း ကျနော်တွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရင်း သူတို့ကလည်း သူတို့ကြားထားသည့်သတင်းများ၊ အချက်အလက်များကို ကျနော့်ကိုမေးမြန်းရာ ကျနော်ကပြန်လည် ရှင်းလင်းပြောပြ ရပါသည်။

ထို့နောက် ကျနော့်ကို စစ်ခုံရုံးက ခေါ်ယူစစ်ဆေးပါသည်။ ကျနော်ကလည်း မစ္စတာဂန်ဂူလီ သင်ကြားပေးသည့်အတိုင်း ဘယ်လိုမေးလျှင် ဘယ်လိုဖြေဆိုသည့်အတိုင်း ထွက်ဆိုပြီး၊ သူမှာလိုက်သည့်အတိုင်း တချို့မေးခွန်းများကို တရားရုံးကို ပြန်မေးပါသည်။ ဤတွင်တရားရုံးက ကျနော့်ကို ဥပဒေကြောင်းအရ အရေးယူအပြစ်ပေးနိုင်ရန် မလွယ်ကူဆိုသည်ကို သိသွားကြပါသည်။ ကျနော်နှင့်ဝန် ကြီးအချို့ဆွေးနွေးရာတွင်လည်း

သူတို့အမှုဆင်မည့်ကိစ္စများကို ကျနော်အလွယ်တကူချေဖျက်နိုင်ကြောင်း သူတို့သဘောပေါက်နေကြပြီး ဖြစ်သည်။

ဤနေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် ကျနော်ပြောပြလိုသည့် ကိစ္စတခုရှိပါသည်။ ကျနော့်ဘဝ အခက်အခဲတွေ့ဆုံ နေစဉ်၊ ကျနော့်ကို တရားဥပဒေရေးရာဘက်တွင် ကူညီခဲ့ကြသော ရှေ့နေကြီးဦးဘစိန်နှင့် မစ္စတာဂန်ဂူလီကို ကျနော်အမြဲသတိရ ကျေးဇူးတင်လျက် ရှိပါသည်။ မစ္စတာဂန်ဂူလီမှာ ကျနော်တပ်ကထွက်ရလျှင် ကလေးတပြုံကြီးနှင့် ခက်ခဲဆင်းရဲတော့မည့်အဖြစ်ကို အလွန်ကြင်နာစိုးရိမ်ပုံ ရပါသည်။ ထိုကျနော့်အမှု ဖြစ်နေစဉ်အတွင်း ပေမြို့မှာကျန်ခဲ့သော ကျနော့်အိမ်သားများ၊ မင်္ဂလာဒုံရောက်လာပြီး ကလေးများကို ကျောင်းထားရေးကိစ္စများ စီစဉ်နေစဉ်က ကျနော့်ကလေးများ၏ လွယ်အိတ်များညှော်နန်းအတွင်း တိုင်များတွင် ချိတ်ထားသည်ကို ကြည့်ပြီး--ခြော်...ကလေးတွေလည်း ကျောင်းတက်ရဦး မယ်နော်ဟု အတော်မျက်နှာမကောင်းစွာ ပြောဖူးတာကို ကျနော်မှတ်မိနေပါသည်။ ကျနော့်သမီးအငယ် စန်းစန်းကိုလည်း သူကအတော်ချစ်သည်။ စန်းစန်းက ငယ်စဉ်ကတည်းက သပ်သပ်ရပ်ရပ်နေတတ်သည်။ သူက စန်းစန်းကိုတွေ့လျှင် **Princess Margret** လေးဟု ခေါ်ပြီး စတတ် နောက်တတ်သည်။ (ထိုစဉ်က အင်္ဂလန်က မင်းသမီးလေး မာဂရက်မှာ အလွန်လှသည်ဟု နာမည်ကျော်ကြားနေပါသည်။) အမှုပြီးစီး၍ ကျနော်က ရှေ့နေခ ငွေတထောင်ကျပ်ပေးသည်ကို ဘယ်လိုမှ ယူ၍မရ။ မယူပေ။

ထိုသို့ တရားရုံးအနေနှင့် ဆက်စစ်ဆေးရန် မလွယ်ကူတော့သောအခါ၊ စစ်ခုံရုံးအနေနှင့် ကျနော့်ကိုတရက်ပဲ ခေါ်ယူစစ်ဆေးပြီး အမှုကို ဆက်မစစ်ဆေးတော့ဘဲ ရပ်လိုက်ပါတော့သည်။ ကျနော့်ကို တရားစွဲဆိုခြင်းလည်း မပြုတော့ဘဲ စစ်ဦးစီးချုပ်ဗိုလ်ချုပ်နေဝင်း၏ အုပ်ချုပ်ခွင့်အာဏာနှင့် မိမိမကြိုက်သူကို အလုပ်က ထုတ်ပစ်ဖယ်ရှားနိုင်သည့် ဥပဒေနှင့် ကျနော်ဟာ သူပုန်တို့နှင့် ဆက်သွယ်သတင်းပေးနေသည်ဟု ယူဆစရာ ရှိနေ၍ မယုံကြည်ရသဖြင့် တပ်မတော်က ဖယ်ရှားလိုက်ရသည်ဟု ကြေညာလိုက်ပါတော့သည်။

သို့ဖြင့် ကျနော်သည် တပ်မတော်မှ ၁၉၅၇ ခုနှစ်၊ ဧပြီလတွင် အငြိမ်းစားပေးခြင်းခံလိုက် ရပါသည်။ ထိုစဉ်က ကျနော့်အသက်မှ (၃၈) နှစ်သာ ရှိပါသေးသည်။ စစ်မှုထမ်းသက်မှာ (၁၉၄၁) မှစလို့ (၁၆) နှစ်အရတွင် တပ်မတော်မှ ထွက်လိုက်ရခြင်းလည်း ဖြစ်ပါသည်။

**ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏**

**အတ္ထုပ္ပတ္တိ**

**အပိုင်း (၅)**

**ဇွန်၊ ၂၀၀၇ ခုနှစ်။**

**အမှာ**

၁၉၈၉ ခုနှစ် ပါတီတွင်း ဖရိုဖရဲဖြစ်မှုကြီး ပေါ်ပေါက်ပြီးနောက် ဗဟိုကော်မတီခေါင်းဆောင်များ အနားယူကြရန် ဗဟိုက ဆုံးဖြတ်လိုက်ရပါတော့သည်။ ကျွန်တော်အနားယူဖို့ ထွက်ခွာခါနီးတွင် ပါတီဗဟိုကို ဆက်လက်ဦးဆောင်ရန် တာဝန်ပေးခြင်းခံရသည့် ဗဟိုခေါင်းဆောင်ထဲမှ တဦးတည်းကျန်ရစ်သူ၊ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ရဲဘော်ထွန်း (ဗိုလ်ကြင်မောင်) က "အေးအေးဆေးဆေး နားနားနေနေနေရင်း ကိုယ်ရေးအတ္ထုပ္ပတ္တိ ရေးပါလား"ဟု တိုက်တွန်းခဲ့ဖူးပါသည်။

ပြည်တွင်းရှိ ကျွန်တော်နှင့်ခေတ်ပြိုင်မိတ်ဆွေများ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်ဟောင်းများကလည်း လူကြုံများနှင့် လှမ်းတိုက်တွန်းခဲ့ကြပါသည်။

သို့သော် ကျွန်တော်က အတ္ထုပ္ပတ္တိဆိုတာ ကိုယ်သေမှ တခြားလူတွေ ရေးကြလိမ့်မည်ဟု သဘောထားကာ ရေးဖို့စိတ်မကူးခဲ့ပါ။

၂၀၀၃ ခုနှစ်ရောက်တော့ ကျွန်တော် အတ္ထုပ္ပတ္တိရေးချင်လာပါသည်။ ထိုအချိန်တွင် ကျွန်တော့်အသက် ၈၀ ကျော်နေပါပြီ။ အတော်မေ့လျော့စပြုလာသဖြင့် ရေးဖို့မလွယ်ကူတော့ပါ။

သို့သော် ကျွန်တော်ရေးမည်ဆိုလျှင် ရေးနိုင်သည့်အချက်အလက်များ ရှိပါသည်။

၁။ ကျွန်တော့်သားကြီး အောင်ကျော်ဇော (ကိုမြမောင်) မှာ ဆွေလီတွင် နေထိုင်နေရာမှ ဗမာပြည်တွင်းမှ စာအုပ်စာတမ်းများ ရသလောက် ရှာဖွေစုဆောင်းပေးသဖြင့် ကျွန်တော်ယခင်က ရေးသားထုတ်ဝေဖူးသည့် စာအုပ်စာတမ်းများ အားလုံးနီးပါးမျှ ပြန်လည်ရရှိရုံမျှမက နဝတ ခေတ်၊ နအဖ ခေတ် ထုတ်သမျှ သမိုင်းစာအုပ်များလည်း ရရှိထားသဖြင့် လိုအပ်သည့်အချက်အလက် အထောက်အထားများ ရတန်သလောက် ရနိုင်ပါသည်။

၂။ ပါတီမှ ရဲဘော်များသည် ပါတီ့အာဘော် **"ပြည်သူ့အာဏာ"** ဂျာနယ်ကို အဆက်မပြတ် ဆက်လက်ထုတ်ဝေကြရာ ထိုဂျာနယ်အတွက် လိုအပ်သည့်သမိုင်းအကြောင်းအရာ၊ အချက်အလက်များကို ကျွန်တော့်ထံ မကြာခဏ စာရေးမေးမြန်းကြ၊ ဆောင်းပါးများအတွက် အချက်အလက်များ တောင်းခံကြလုပ်ကြရာ၊ ကျွန်တော့်မှာ ထိုပြန်စာများ၏ မိတ္တူများ ရှိနေသဖြင့် အချက်အလက်များ အတော်အသင့် စုံလင်စွာရှိနေပါသည်။

၃။ ထို့ပြင် 'ပြည်သူ့ဘက်တော်သားများစာပေ'မှ ဦးအောင်စောဦးသည် 'သမိုင်းဖြစ်ရပ်မှန် ပေါ်ပေါက်ရေး' ဆိုသော ကြွေးကြော်သံဖြင့် စာအုပ်စာတမ်းများ မကြာခဏထုတ်တတ်ရာ သူက သူ့စာအုပ်များအတွက် ကျွန်တော့်ကို အမှာစာများ၊ ဆောင်းပါးများ တောင်းလေ့ရှိပါသည်။ ထိုဆောင်းပါးများမှာလည်း သမိုင်းဝင်အဖြစ်အပျက်များသာဖြစ်သဖြင့် ကျွန်တော့်အတ္ထုပ္ပတ္တိရေးရာတွင် များစွာအထောက်အကူ ရစေနိုင်ပါသည်။

၄။ ၁၉၈၇ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှု နှစ်ငါးဆယ်ပြည့်အချိန်တွင် BBC မှ အထူးအစီအစဉ်တရပ်အတွက် ကျွန်တော့်ကို စာဖြင့်မေးမြန်းဆက်သွယ်ပြီး တွေ့ဆုံမေးမြန်းခန်းလုပ်ရာတွင် သမိုင်းဝင်အကြောင်းအရာတော်တော်များများ ပါဝင်ပြီး၊ ထိုအမေးအဖြေများကို 'တရားခံအစစ်ဘယ်သူလဲ'ဆိုသော ခေါင်းစဉ်ဖြင့် စာအုပ်တအုပ်လည်း ထုတ်ဖြစ်ခဲ့ပါသည်။ ထိုမှ အဆက်ရကာ ကျန်သတင်းဌာနများကလည်း အခါကြီး၊ ရက်ကြီးများ (ဥပမာ–လွတ်လပ်ရေးနေ့၊ တော်လှန်ရေးနေ့) တွင် တွေ့ဆုံမေးမြန်းခန်းများ အဆက်မပြတ်လုပ်လာရာ၊ ကျွန်တော်၏ ဖြေဆိုချက်များမှာ မိတ္တူများရှိသဖြင့် အချက်အလက် စုဆောင်းပြီးသလို ဖြစ်နေပါတော့သည်။

၅။ ထို့အပြင် ကျွန်တော်ကိုယ်တိုင်လည်း မှတ်မိသမျှတွေကို အကြမ်းဖျင်းချရေးထား၊ နေ့စဉ်မှတ်တမ်းများထဲတွင် ရေးထားမိ စတာများလည်း ရှိနေပါသည်။ ထိုမှလည်း အချက်အလက်များ ရပါသည်။

ထို့ကြောင့် ကျွန်တော် ၂၀၀၃ ခုနှစ်မှစ၍ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို အပိုင်းများခွဲ၍ ရေးသားလာရာ ယခုအပိုင်း ၅ ပြီးသွားပါပြီ။ ၁၉၇၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့တွင် ကျွန်တော်လွတ်မြောက်ဒေသ ဗမာပြည်ကွန်မြူနစ်ပါတီရှိရာသို့ ရောက်ရှိသည့်အကြောင်း ဖော်ပြပြီး အပိုင်း ၅ ကို အဆုံးသတ်လိုက်ပါသည်။ ဤတွင် ကျွန်တော်၏ ပုဂ္ဂလိကဘဝ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ကျွန်တော်ပါတီသို့ ပြန်ရောက်ပြီးနောက်အပိုင်းမှာ ပါတီသမိုင်းနှင့် ဆက်စပ်နေသဖြင့် ကျွန်တော့်သားသမီးများအပါအဝင် နောက်မျိုးဆက် ရဲဘော်များက ဆက်၍တာဝန်ယူ၊ သုတေသနပြု ရေးသားသွားကြရန် တိုက်တွန်းရပေသည်။ ကျွန်တော် ယခု အသက် ၈၈ နှစ် ရှိပြီဖြစ်၍ ကျွန်တော် ဆက်မရေးနိုင်တော့ပါ။ ကျွန်တော် နားပါရစေတော့။

ဤတွင် စကားချပ်အဖြစ် ပြောလိုတာတခု ရှိပါသည်။ ကျွန်တော်ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်တွင် ကျွန်တော် နောက်ဆက်တွဲအဖြစ် ထပ်ထည့်ချင်သည့် စာရွက်စာတမ်းအချို့ ရှိပါသည်။

ပထမစာတမ်းမှာ ကျွန်တော်ပါတီကို ရောက်ပြီးနောက် ၁၉၇၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်တွင် **"ပြည်သူ့အသံ"** မှနေ၍ အသံလွှင့်ခဲ့သော ကျွန်တော်၏ **'တိုင်းပြည်သို့ တင်ပြချက်'**ဖြစ်ပါသည်။

ထို့အပြင် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်နေ့တွင် အသက် ၈၀ ပြည့်သော ကျွန်တော့်အား ဂုဏ်ပြုကဗျာတပုဒ်ကို ကဗျာဆရာ (ကို) ဝင်းတင့်ထွန်းက စပ်ပေးခဲ့ဖူးပါသည်။ ကျွန်တော်အသက် ၈၀ ပြည့်ပြီးနောက်နေ့ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်တွင် ကွယ်လွန်ခဲ့သော ကျွန်တော့်ဇနီးသည် ဒေါ်သန်းစိန်ကို ရည်ညွှန်းပြီး ထိုကဗျာဆရာကပင် ဂုဏ်ပြုကဗျာတပုဒ် ရေးပေးခဲ့ဖူးပါသည်။

ထိုကဗျာနှစ်ပုဒ်မှာ ကျွန်တော့်ဘဝတွင် အရေးကြီးသော အချိန်နှင့်အဖြစ်အပျက်အမှတ်အသားအဖြစ် ရှိနေသဖြင့် ဤစာအုပ်တွင် နောက်ဆက်တွဲ ဒုတိယစာတမ်းနှင့် တတိယစာတမ်းအဖြစ် ထည့်သွင်းဖော်ပြလိုက်ပါသည်။ ထိုကဗျာနှစ်ပုဒ်ကို စပ်ဆိုပေးခဲ့သည့် ကိုဝင်းတင့်ထွန်း အားလည်း ကျေးဇူးအထူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ကျွန်တော့် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးခဲ့ကြသည့် ရဲဘော်များအားလုံးကိုလည်းကောင်း၊ ထုတ်ဝေပေးသည့် 'ရှုဝံစာပေ'ကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

**ဗိုလ်ကျော်ဇော**

**၂၄-၄-၀၇**

## ပဉ္စမပိုင်း

၁၉၅၇ ခုနှစ်၊ ဇူလိုင်လဆန်းမှာ ကျွန်တော် ရန်ကုန်မြို့၊ စမ်းချောင်းရပ်၊ ဆီဆုံလမ်း၊ အိမ်အမှတ် ၃၆သို့ မင်္ဂလာဒုံ ညောင်ခံဂေဟာမှ ပြောင်းရွှေ့သွားခဲ့ပါသည်။ ကျွန်တော်စုဆောင်းထားတဲ့ ငွေလေးက သုံးထောင်ကျော်လောက်ပဲရှိလို့ အဲဒီအိမ်ဝယ်ဖို့ လိုအပ်တဲ့ငွေကို ကျွန်တော့်အစ်ကိုကြီး ဦးပုက ထုတ်ပေးပါသည်။ နောင်ကျမှ ကျွန်တော့်မြေကွက်ကို ရောင်းပြီး ဆပ်နိုင်ပါသည်။ ကျွန်တော့်ဇနီးရဲ့ ဖခင်လည်း ကွယ်လွန်သွားပြီဖြစ်ပြီး၊ သူ့မိခင် ဒေါ်တင်က ကျွန်တော်တို့မိသားစုနဲ့အတူ လိုက်နေတာဖြစ်လို့ သူတို့ရဲ့ သုံးဆယ်အိမ်ကြီးပေါ် လူငှားတင်ပြီး၊ အိမ်ထောင်ပရိဘောဂတွေကိုတော့ ကျွန်တော်တို့ အခုနေမယ့် စမ်းချောင်းအိမ်ကို သယ်ယူပြီး သုံးစွဲခဲ့ရပါတော့သည်။

ကျွန်တော့်သားသမီးများကိုတော့ အိမ်နဲ့နီးသည့် စိန့်ဖီလိုမီနာကွန်ဗင့်ကျောင်း (နောင်စမ်းချောင်း အထက ၂) မှာ ထားပါသည်။ မိန်းကလေးကျောင်းဖြစ်သော်လည်း ယောကျ်ားလေးများကို လေးတန်းအထိ လက်ခံသဖြင့် မောင်နှမ ငါးယောက်စလုံးကို အဲဒီကျောင်းမှာပဲ ထားလိုက်ပါသည်။ ကျွန်တော့်နှစ်မဝမ်းကွဲများမှာ ထိုကျောင်းထွက်များဖြစ်သဖြင့် ထိုကျောင်းမှ ခရစ်ယာန်မယ်သီလရှင်ဆရာမကြီးများနဲ့ ရင်းနှီးသဖြင့် သူတို့တာဝန်ယူ ကျောင်းအပ်ပေးခဲ့ကြပါသည်။ သားသမီးများ ကျောင်းကိစ္စပြီးတာနဲ့ ကျွန်တော် ရှေ့ရေးကိစ္စအတွက် စဉ်းစားလုပ်ဆောင်ရပါတော့သည်။

အဲဒီခေတ် (ဖဆပလ အစိုးရခေတ်) တုန်းက ဒီမိုကရေစီလည်း အသင့်အတင့်ရှိနေတဲ့ကာလဖြစ်လို့ ရှေ့လျှောက် တိုင်းပြည်နဲ့ ပြည်သူလူထုအတွက် နိုင်ငံရေးလုပ်မည်ဆိုလျှင် လုပ်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေပါသည်။ ဒီအတွက် ပြင်ဆင်သည့်အနေဖြင့် ကျွန်တော်တပ်က မထွက်မီ အမျိုးမျိုး ပြောဆိုချက်များကို ရှင်းလင်းပြောပြရန် သတင်းစာရှင်းလင်းပွဲတရပ်ကို ကျွန်တော်ပြုလုပ်ခဲ့ပါ သည်။

၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကျွန်တော်နေထိုင်ရာ နေအိမ်တွင်ပင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ သတင်းစာတိုက်အသီးသီးမှ သတင်းထောက်အတော်များများ တက်ရောက်ခဲ့ပါသည်။ ကျွန်တော့်အနေနဲ့ အဓိကထား ပြောဆိုခဲ့မှုများကတော့ ကျွန်တော့်အပေါ် စွပ်စွဲချက်များ မခိုင်လုံပုံ၊ သက်သေမပြည့်စုံပုံ၊ အထူးသဖြင့် ကျွန်တော့်ကို စနစ်တကျ တရားမျှတမှု ရှိစွာ စစ်ဆေးခြင်း၊ ထုချေခွင့်ပြုခြင်းများ မရှိပုံတွေကို ကျွန်တော်ပြောဆိုရှင်းလင်းခဲ့ပါသည်။

နောက်နေ့သတင်းစာများတွင် ကျွန်တော်၏ ပြောကြားချက်အပြည့်အစုံကို ထည့်သွင်းဖော်ပြကြပြီး အယ်ဒီတာအာဘော် အခန်းများမှလည်း ကျွန်တော်၏ တောင်းဆိုချက်ဖြစ်သော ‘ရုံးတင်စစ်ဆေးပါ’ ဆိုသည့် အချက်ကို အထူးအလေးပေးရေးသားကြပါသည်။ အထူးသဖြင့် လက်ဝဲဘက်ယိမ်းသည့် သတင်းစာများ၊ ဂျာနယ်များက ကျွန်တော်၏ တိုင်းပြည်အပေါ်စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများအပေါ် အကျယ်တဝင့် ရေးသားကြပါသည်။ အချို့တပ်မတော်တွင်းက ကျွန်တော့်ကို လေးစားကြည်ညိုကြသည့် တပ်မှူးတပ်သားများကလည်း ကျွန်တော်နဲ့အတူ တိုက်ပွဲများမှာ ပါဝင်ခဲ့ကြပုံ၊ ကျွန်တော်၏ ဆောင်ရွက်ချက်များ စတာများကို အခန်းဆက်ဆောင်းပါးများအဖြစ် ရေးသားကြပါသည်။

ထိုစဉ်က ဖဆပလ အစိုးရအတွင်း ခြစားမှု၊ လာဘ်စားမှု၊ အချင်းချင်းအပြန်အလှန်စွပ်စွဲမှုများနဲ့ နာမည်ပျက်စပြုလာချိန်နဲ့လည်း တိုက်ဆိုင်နေသဖြင့် အစိုးရကိုတိုက်ခိုက်ဝေဖန်သည့် အရှိန်ဖြင့်လည်း ရောနေပါသည်။

ထိုသတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်တဦးက ပြည်တွင်းစစ်ရပ်စဲရေးနဲ့ ပတ်သက်၍ ကျွန်တော်၏သဘောထားကို မေးမြန်းရာ ကျွန်တော်က သီးခြားထုတ်ပြန်ပါမည်ဟု ပြောဆိုလိုက်ပြီး ကျွန်တော်မကျွမ်းကျင်သည့် နိုင်ငံရေး၊ စီးပွားရေးပြဿနာများကိုပါ အကျယ်တဝင့် အချိန်ယူလေ့လာပြီးမှ အောက်တိုဘာ ၂၇ ရက်တွင် ‘ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကျွန်တော်၏ သဘောထား’ ဆိုသည့် စာတမ်းတစောင် ထုတ်ပြန်လိုက်ပါသည်။ ထိုစာတမ်းကို အပိုင်းများခွဲ၍ သတင်းစာများက ဖော်ပြကြပြီး နောက်ပိုင်းတွင်လည်း စာအုပ်အဖြစ် ထုတ်ဝေခဲ့ပါသည်။

ထိုစာတမ်းငယ်တွင် အပိုင်းလေးပိုင်း ပါရှိပါသည်။

၁။ ပထမပိုင်းတွင် ပြည်တွင်းစစ် ၁၀ နှစ်ခရီးကို အကြမ်းဖျင်း ဖော်ပြထားပါသည်။ ၁၉၄၈ ခုနှစ်ကုန်ခါနီးမှစ၍ တိုက်ခဲ့ရသော ကေအင်ဒီအို (KNDO) တို့အပါအဝင် အခြားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် အလံဖြူ၊ အလံနီ ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ ရခိုင်သူပုန်များစသည့် တပြည်လုံး အတိုင်းအတာနဲ့ အနှံ့အပြားဖြစ်ခဲ့သည့် တိုက်ပွဲများအကြောင်း ဖော်ပြထားပါသည်။

၂။ ဒုတိယပိုင်းတွင် ၎င်း ၁၀ နှစ်ခရီးအတွင်း အစိုးရနှင့်သူပုန်များ နှစ်ဦးနှစ်ဖက်၏ လက်ရှိအခြေအနေများကို ဝေဖန်သုံးသပ်ထားပြီး၊ အကယ်၍ ဤအတိုင်း ဆက်တိုက်ခိုက်ပါက အနာဂတ်၏ အလားအလာကို ကျွန်တော်ဝေဖန်တင်ပြထားပါသည်။

ဤအပိုင်းတွင် ကျွန်တော်က “နိုင်ငံရေးသည် ပြည်တွင်းစစ်အတက်အကျ၏ ကျောရိုးမဏ္ဍိုင်ဖြစ်သည်။ စစ်ရေးသည် အထောက်အကူ အပိုင်းသာ ဖြစ်သည်။ သူပုန်အရေးနိမ့်စေမည့် ထူးခြားသည့် နိုင်ငံရေးပြောင်းလဲမှု မပါဘဲ စစ်ရေးသက်သက်ဖြင့်သာ ရင်ဆိုင်နေလျှင် သူပုန်အရေးမှာ အလွန်ရှည်ကြာခက်ခဲနိုင်ကြောင်း၊ လက်ရှိအစိုးရအနေနဲ့ စစ်ရေးသက်သက်ချည်း အားမကိုးဘဲ နိုင်ငံရေးအရ ကြိုးစားသင့်ကြောင်း၊ ဤအတိုင်း ဆက်သွားနေပါက ပြည်တွင်းစစ်ကြီး ရှည်ကြာသွားမည့် အလားအလာရှိကြောင်း၊ စစ်တပ်တိုးချဲ့ရ၍ ပြည်တွင်းစီးပွားရေးလည်း ကျဆင်းနိုင်ကြောင်း” စတာများကို အသေးစိတ် အချက်အလက်များ ထုတ်ပြ၊ ရှင်းလင်းပြပြီး၊ စစ်ရေးသက်သက်ဖြင့် နောက်ထပ် ၇ နှစ်ဆက်တိုက်လျှင်လည်း၊ သူပုန်အင်အား မကျဆင်းနိုင်ကြောင်း ရေးသားထားပါသည်။

၃။ တတိယပိုင်းတွင် စစ်နှင့်နိုင်ငံရေး၏ ရည်ရွယ်ချက်များ၊ စစ်နှင့်ပြည်သူလူထု၊ စစ်နှင့်နိုင်ငံရေးခေါင်းဆောင်များ၏ တာဝန်ဆက်စပ်နေပုံများကို အကျယ်တဝင့် ရေးသားထားပါသည်။

အထူးသဖြင့် နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် စစ်နိုင်ရေးအတွက်သာမက စစ်ကိုမူလ နိုင်ငံရေးရည်မှန်းချက်မှ သွေဖီမသွားအောင်နှင့် စစ်ပြီးနောက် ငြိမ်းချမ်းရေးကာလတည်ဆောက်ရေးအတွက် တာဝန်ရှိကြောင်းစတာတွေ ပါရှိပါသည်။ စစ်သည် ဖြစ်ရန်လွယ်ကူသော်လည်း အပြီးသတ်ရန် ခက်ခဲတတ်ကြောင်းနှင့် စစ်၏ဒဏ်ကို ပြည်သူလူထုက အဓိက ခံရကြောင်းတွေ ပါရှိပါသည်။

၄။ စတုတ္ထပိုင်းတွင်မူ လက်ရှိပြည်တွင်းစစ်ကို မည်ကဲ့သို့ အဆုံးသတ်သင့်သည်ကို ရေးသားတင်ပြထားပါသည်။ ထိုစဉ်က ဝန်ကြီးချုပ်ဦးနု ပြောကြားသည့် မိန့်ခွန်းကို ကိုးကားပြီး ပြည်သူလူထုက စစ်အတွက် ပေးရသောအဖိုးအခများကို ထောက်ပြပြီး “ပြည်တွင်းစစ်ဖြစ်ရခြင်းအပေါ် နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ တာဝန်ရှိကြောင်း၊ နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ စစ်နဲ့ ပတ်သက်၍ ထင်မြင်ယူဆပုံ ပေါ့ဆမှားယွင်းခြင်းအကြောင်းရင်းမှာ

၂

ဗမာပြည်လွတ်လပ်ရေးရခါစ အတွေ့အကြုံ၊ ဗဟုသုတနည်းပါးမှု ကြောင့်လည်းကောင်း၊ စိတ်ကူးဆန္ဒတွေကိုလည်းကောင်း၊ ဒေါသ – မောဟများကို ရှေ့ထားမိသောကြောင့်လည်းကောင်း မှားခဲ့ကြပုံ၊ ဘယ်သူကြောင့်၊ ဘယ်ဝါ့ကြောင့်ဟု ဆက်လက်အငြင်းမပွားသင့်တော့ဘဲ အမှားဝန်ခံရုံမကဘဲ၊ အမှားကို ရဲရဲဝံ့ဝံ့ပြင်ကြရန်” တိုက်တွန်းထားပါသည်။

လက်ရှိနိုင်ငံရေးခေါင်းဆောင်များအနေဖြင့် လက်ရှိတိုင်းပြည်အခြေအနေ၊ နှစ်ဦးနှစ်ဖက် ရပ်တည်နေရသော အခြေအနေတို့ကို တိတိကျကျ ဆန်းစစ်ကြည့်ရှုပြီး၊ ပြည်သူလူထုအနာဂတ်အကျိုးကို မဆန့်ကျင်စေဘဲ၊ ကျိုးကြောင်းမျှတ၍ ယထာဘူတကျသော နည်းလမ်းဖြင့် ရပ်စဲကြရန် တိုက်တွန်းထားပါသည်။

(ထိုအချိန်က ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးစီး၍ လှုပ်ရှားနေသော ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှု လူထုဆန္ဒပြပွဲကြီးများလည်း တခြိမ့်ခြိမ့်နှင့် တနိုင်ငံလုံး ကျင်းပနေကြပါသည်။)

ကျွန်တော်ထိုစာတမ်းရေးသားရန် ပြည်တွင်းစစ်ပြဿနာကို အသေးစိတ်လေ့လာလေလေ ပြည်တွင်းစစ်ရေရှည်ပြီး ပြည်သူတို့၏ ဆင်းရဲဒုက္ခ အန္တရာယ်များကို မြင်လေလေဖြစ်ကာ ပြည်တွင်းငြိမ်းချမ်းရေးသည်သာ အနာဂတ်နိုင်ငံသစ် ထူထောင်နိုင်ရေးအတွက် သော့ချက်ဖြစ်ကြောင်း ပိုမို၍ သဘောပေါက်လာပါသည်။ လက်ရှိပြည်သူလူထုတို့၏ ဒုက္ခမျိုးစုံ ဆုံချက်ဖြစ်နေသည့် ပြည်တွင်းစစ်ကြီးကို ပြည်သူလူထုအကျိုးစီးပွားပြု နိုင်ငံရေး အခြေခံပေါ်တွင် ရပ်စဲနိုင်ပါက တိုင်းပြည်အပေါ်အကြီးမားဆုံး အကျိုးပြုနိုင်ချက်ဟုလည်း ယုံကြည်လာမိပါသည်။

ထို့ကြောင့်ပင် ကျွန်တော်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ “ပြည်တွင်းငြိမ်းချမ်းရေး ရှစ်ဦးကော်မတီ”အဖွဲ့ဝင်တချို့နှင့် ဆွေးနွေး တိုင်ပင်ပြီး ထိုအဖွဲ့နှင့်ပူးပေါင်းလှုပ်ရှားရန် စီစဉ်ပါတော့သည်။

သို့သော် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလတွင် ပထမအကြိမ် ဗိုလ်နေဝင်းဦးစီး၍ စစ်အာဏာသိမ်းပွဲ ပေါ်ပေါက်လာရာ လှုပ်ရှားမှုများ ခက်ခဲလာပြီး ၁၉၅၉ ခုနှစ်တွင် ထိုပြည်တွင်းငြိမ်းချမ်းရေး ရှစ်ဦးကော်မတီကို ဖျက်သိမ်းပစ်ခဲ့ရသည်။

ဖဆပလ အစိုးရကွဲ၊ သန့်ရှင်းအစိုးရတက်နဲ့ အခြေအနေတွေ ရှုပ်ထွေးနေရာမှ ဝန်ကြီးချုပ်ဦးနုက ဗိုလ်ချုပ်ကြီးနေဝင်းကို အာဏာလွှဲပြောင်း ပေးသည်ဆိုကာ အိမ်စောင့်အစိုးရတက်လာခြင်း ဖြစ်ပါသည်။ အိမ်စောင့်အစိုးရကလည်း ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါ ရီလ ၆ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည်။

ထိုရွေးကောက်ပွဲတွင် ကျွန်တော်သည် တသီးပုဂ္ဂလအမတ်လောင်းအဖြစ် ကြည့်မြင်တိုင်တောင်ပိုင်း မဲဆန္ဒနယ်မှ ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ သန့်ရှင်း ဖဆပလ မှ သခင်စံဝေ၊ တည်မြဲ ဖဆပလ မှ ဗိုလ်စကြာနှင့် ပမညတ မှ နုတ်ထွက်လာပြီး တသီးပုဂ္ဂလအဖြစ် ဝင်လာသည့် ဦးအောင်သန်း (ဗိုလ်ချုပ်အစ်ကို) တို့နှင့် ယှဉ်ပြိုင်ရခြင်း ဖြစ်ပါသည်။

မဲဆွယ်တရားပွဲများ ပြုလုပ်ရာတွင် အစပထမပိုင်းတွင် ကျွန်တော်က တိုင်းပြည်တည်ဆောက်ရေး၊ ထူထောင်ရေး လုပ်ငန်းစဉ်များကိုသာ အလေးပေးဟောပြောရာ လူအများက ကြိုက်နှစ်သက်ခြင်းမရှိလှပေ။ ကျွန်တော်၏ ရွေးကောက်ပွဲကူညီရေး အဖွဲ့ဝင်များက နိုင်ငံရေးအရတိုက်ခိုက် ပြောဆိုနေကြသည့် တခြားအမတ်လောင်းများ၏ ဟောပြောချက်များကို သွားရောက်နားထောင်ကြပြီး ကျွန်တော့်ကို ပြန်လည်ပြောပြကာ ပြန်ရှင်းလင်း ပြောကြားရန် တိုက်တွန်းကြပါသည်။ သို့ဖြင့် ကျွန်တော်မှာ နောက်ပိုင်းမဲဆွယ် တရားပွဲများတွင် နိုင်ငံရေးအရရော၊ ပုဂ္ဂိုလ်ရေးအရပါ ပြောဆိုမှုများ ပါဝင်လာရပါတော့သည်။ အထူးသဖြင့် တည်မြဲ ဖဆပလ (ဆိုရှယ်လစ်များ) အကြောင်း ပြောဟောသဖြင့် တချို့ပြည်သူများ အသိနည်းသေးသော အတွင်းရေးများပါသဖြင့် လူအများ အတော်သဘောကျကြပါသည်။ မဲဆွယ်တရားပွဲများမှာလည်း အလွန်စည်ကား ကြီးကျယ်လာပါသည်။

ကျွန်တော်၏ ရွေးကောက်ပွဲ ကူညီရေးအဖွဲ့တွင် ကျွန်တော်၏ ယခင်တပ်မတော်ထဲတွင် တာဝန်အတူထမ်းဆောင်ခဲ့ဖူးသည့် ရဲဘော် ဟောင်းများ၊ တချို့မှာ တောပြန်လက်နက်ချများ၊ ထိုကြည့်မြင်တိုင် တောင်ပိုင်းမဲဆန္ဒနယ် ရပ်ကွက်အသီးသီးမှ ကျွန်တော့်အား ပုဂ္ဂိုလ်အရ လေးစား ကြည်ညိုသူများ၊ တချို့ကရင်တိုင်းရင်းသား ခေါင်းဆောင်များ စသဖြင့် အလွှာပေါင်းစုံမှ လူပုဂ္ဂိုလ်အမျိုးမျိုး ပါဝင်ခဲ့ကြပါသည်။ နိုင်ငံရေးနယ်ပယ် အထူးသဖြင့် လက်ဝဲဘက်ယိမ်းသည့် အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်အချို့လည်း လာရောက်ကူညီကြပါသည်။ လူအားနဲ့ ကူညီနိုင်သူက ကူညီ၊ ငွေအားနဲ့ ကူညီနိုင်သူက ငွေအားကူညီနဲ့ ဘက်စုံက ဝိုင်းဝန်းကူညီသူ အတော်ပင်များပြားခဲ့ပါသည်။ ထိုသူများအားလုံးကို ကျွန်တော်ယခုအထိ သတိရ ကျေးဇူးတင်လျက် ရှိပါသည်။

သို့ဖြင့် ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် ရွေးကောက်ပွဲတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ရာ ကျွန်တော်ရှုံးနိမ့်သွားပြီး ပထစ အမတ်လောင်း သခင်စံဝေ နိုင်သွားပါတော့သည်။

ကျွန်တော်တို့ ဗမာပြည်သူများသည် နိုင်ငံရေးအရ အလွန်လက်တွေ့ကျစွာ စဉ်းစားတတ်သူများ ဖြစ်ပါသည်။ သူတို့၏အမြင်တွင် တည်မြဲ ဖဆပလ (ဆိုရှယ်လစ်များ) အပေါ် အတော်ပြတ်သားစွာမြင်ထားပြီး ဖြစ်ပါသည်။ ရရှိလာသည့် နိုင်ငံရေးအာဏာကို စစ်တပ်နှင့်ပေါင်းပြီး ကိုယ်ကျိုး စီးပွားလုပ်မည့်သူများ၊ ပြည်သူလူထုအများစုကို နင်းဖိထားမည့်သူများအဖြစ် (လက်တွေ့အရ) သိမြင်ထားပြီး ဖြစ်သည်။

၁၉၅၈ ခုနှစ် ဇွန်လ ၉ ရက်နေ့က တည်မြဲ ဖဆပလ က လွှတ်တော်တွင် သန့်ရှင်း ဖဆပလ ကို အယုံအကြည်မရှိ အဆိုတင်သွင်းပြီး မဲခွဲခဲ့စဉ်က သန့်ရှင်းများဘက်က အသာမဲ ရှစ်မဲလေးဖြင့်သာ အနိုင်ရသွားခဲ့ဖူးပါသည်။ ထိုနေ့က လွှတ်တော်တွင်းအခြေအနေများကို ရေဒီယိုမှ တိုက်ရိုက် အသံလွှင့်ပေးရာ တနိုင်ငံလုံး ရင်တမမဖြင့် နေခဲ့ရသည်ကို တိုင်းသူပြည်သားများက မမေ့နိုင်သေးပါ။ အိမ်စောင့်အစိုးရလက်ထက်တွင်လည်း စစ်ဗိုလ်များ၏ မတရားရမ်းကားမှုကို အမျိုးမျိုးခံခဲ့ရသည့် အဖြစ်သနစ်များကလည်း ရှိနေပါသည်။ ပြည်တွင်းစစ်ကြီးအတွင်း အထူးသဖြင့် တိုင်းရင်းသား ဒေသများနှင့် နယ်များတွင် စစ်တပ်၏လုပ်ရပ်များကိုလည်းကောင်း၊ ပြုစောထီး၊ လဲဗီးစသည့် စစ်တပ်၏ လက်ကိုင်တုတ်များ၏ နှိပ်စက်မှုများကို လည်းကောင်း၊ ရွေးကောက်ပွဲပြင်ဆင်ချိန်ကာလများအတွင်း ဒီမိုကရေစီတစုံတရာ ဖွင့်ပေးထားရချိန်တွင် ပြည်သူအများသိရှိအောင် ပြောဆိုသူများ၊ ရေးသားသူများ ပေါ်ပေါက်ခဲ့ပါသည်။ ထို့ကြောင့်ပင် ပြည်သူလူထုက စစ်တပ်၏ထောက်ခံမှုရနေသည်ဟု ထင်ရသော တည်မြဲကို အပြတ်ဖယ်ရှားပစ် လိုက်ပြီး၊ သန့်ရှင်းကို ပုံအောပြီး အသည်းကြားက မဲပြားများကို ပေးပစ်လိုက်ခြင်းဖြစ်သည်။ တနိုင်ငံလုံး ဝါထိန်သွားပါတော့သည်။ (သန့်ရှင်း၏ အရောင်မှာ အဝါရောင်ဖြစ်ပါသည်။)

ကျွန်တော် ရွေးကောက်ပွဲရှုံးရသည့် အဓိကအကြောင်းရင်းမှာ ဤပြည်သူလူထု၏ သန့်ရှင်း ဖဆပလ များအပေါ် အားကိုးအားထား ပုံအောလိုမှုစိတ်ဓာတ် အခြေခံကြောင့် ဖြစ်ပါသည်။

အခြားအကြောင်း အသေးအမွှားများလည်း ရှိပါသေးသည်။ ဥပမာ တည်မြဲအမတ်လောင်း ဗိုလ်ကြောအတွက် အရန်ထားသောမဲများကို မိမိတို့ မနိုင်နိုင်တော့မှန်းသိလာတဲ့ ညနေပိုင်းတွင် သန့်ရှင်းအမတ်ပုံးထဲပဲ ထည့်ပေးလိုက်မှု၊ သန့်ရှင်းများဘက်က မဲဆွယ်ဟောပြောပွဲများတွင် မိမိတို့က အစိုးရဖွဲ့ဖို့သာ အရေးကြီးကြောင်း၊ မိမိတို့အစိုးရဖြစ်လာလျှင် ဗိုလ်ကျော်ဇောကို ပစ်ထားမှာ မဟုတ်ကြောင်းစသဖြင့် ဟောပြောမှုများ၊ ကျွန်တော်၏ မဲပုံးတွင် ကျွန်တော်စစ်ဝတ်နှင့် ရိုက်ထားသော ဓာတ်ပုံကို ကပ်ထားခြင်း (တချို့က စစ်ဆိုလျှင် ရေတောင် စစ်မသောက်လိုပါဟု ပြောဆိုနေသောအချိန်) စသည်များဖြစ်ပါသည်။

တကယ်တော့ ထိုရွေးကောက်ပွဲမှာ ပြည်သူလူထု၏ "အသံမထွက်သော တော်လှန်ရေးတရပ်"သာ ဖြစ်ခဲ့ပါတော့သည်။ ထိုရွေးကောက်ပွဲဖြင့် ကျွန်တော်တို့ ဗမာပြည်သူများက စစ်တပ်ကို ပထမဦးဆုံးအကြိမ် နိုင်ငံရေးအရ ဖယ်ချလိုက်ခြင်း ဖြစ်ပါသည်။

သန့်ရှင်းအစိုးရ တက်လာပြီးနောက် ဗိုလ်နေဝင်းသည် ထိုလူထု၏ တည်မြဲဆန့်ကျင်ရေးလှိုင်းကိုစီးပြီး၊ တပ်မတော်ထဲမှ "မိမိ၏ဘက်မလိုက်ရေး ညွှန်ကြားချက်ကို မလိုက်နာ"ဟုဆိုကာ ရွေးကောက်ပွဲအတွင်း တည်မြဲဘက်က ပင်းပေးခဲ့သည့် တပ်မှူးကြီးများကို ထုတ်ပယ်ပစ်လိုက်ပါသည်။ ဗိုလ်နေဝင်း၏ တကယ့်ရည်ရွယ်ချက်မှာ သူ့အားပြိုင်ဆိုင်နိုင်သည့် စစ်ဘက်ဝါချင်း မတိမ်းမယိမ်းဖြစ်နေသည့် တပ်မှူးကြီးများကို သူ့ရာထူး လုံခြုံရေးအတွက် ဖယ်ရှားရန်သာ ဖြစ်ပါသည်။ ထိုဖယ်ရှားခံရသည့် တပ်မှူးကြီးများ အုပ်စုတွင် ယခု NLD ဥက္ကဋ္ဌဖြစ်နေသည့် ဦးအောင်ရွှေ (ထိုစဉ်က မြောက်ပိုင်းတိုင်း – တိုင်းမှူး၊ ဗိုလ်မှူးချုပ်) လည်း ပါဝင်သွားပါသည်။ ထိုစဉ်က ပြုတ်သွားသည့် တပ်မှူးများကို နိုင်ငံခြားသို့ သံအမတ်ကြီးများအဖြစ် စေလွှတ်ခန့်ထားမှုများကြောင့် ပြုတ်ချခံရသည့် တပ်မှူးကြီးများကလည်း ကျေနပ်ကြပါသည်။ ပြည်သူအများ၏အမြင်တွင်လည်း ဗိုလ်နေဝင်းမှာ တော်တည့်မှန်ကန်သူဟု ထင်မှတ်သွားနိုင်ပါသည်။

ဤနည်းဖြင့် ဗိုလ်နေဝင်းသည် မိမိအားတင်ပေးခဲ့သည့် ပြည်သူလူထု၏ စွန့်ပစ်ခြင်းခံလိုက်ရပြီဖြစ်သော ဆရာရင်းတည်မြဲများနှင့် လမ်းခွဲလိုက်ပါတော့သည်။ တပ်တွင်းတွင်လည်း တစုံတရာ ဩဇာရှိနေသည့် ဆိုရှယ်လစ်တပ်မှူးများကိုလည်း ဖယ်ထုတ်လိုက်နိုင်ပြီဖြစ်သည်။ ဗိုလ်နေဝင်း၏ ဤလုပ်ရပ်သည် သူ့ကိုယ်ကျိုးအတွက်တော့ အလွန်ပြောင်မြောက်သည့်လုပ်ရပ်တခု ဖြစ်ပါတော့သည်။ ပြည်သူလူထုအတွင်းမှာလည်း သူ့အပေါ် နိုင်ငံရေးအရ အမြင်ကောင်းမွန်စေပြီး စစ်တပ်တွင်းမှာလည်း သူ့အားယှဉ်ပြိုင် နိုင်သည့် အလားအလာရှိသည့် တပ်မှူးအချို့ကို ဖယ်ထုတ်လိုက်နိုင်ပါသည်။

ဤရွေးကောက်ပွဲတွင် အနိုင်ရလာသော သန့်ရှင်းအစိုးရတက်လာသောအခါ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ပြန်လည် အသက်ဝင်လာပါသည်။ ထို့ကြောင့် ၁၉၅၉ ခုနှစ်က ပျက်သွားသော ပထမပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့အစား ဒုတိယပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ဆောင်ရွက်ရန် နိုင်ငံရေးခေါင်းဆောင်အချို့နှင့် ဆွေးနွေးတိုင်ပင်ကြပြီး "ပြည်တွင်းငြိမ်းချမ်းရေး နှိုးဆော်ရေးအဖွဲ့" ကို ၂၂-၅-၆၀ နေ့တွင် ကျွန်တော်အပါ ပုဂ္ဂိုလ်ခြောက်ဦးဖြင့် ဖွဲ့ခဲ့ပါသည်။ ထိုသူများမှာ ၁။ ဆရာကြီးကိုယ်တိုင် ဦးဆောင်ကာ ၂။ ကျွန်တော် ဗိုလ်ကျော်ဇောက အကြံပေးအဖြစ်လည်းကောင်း ၃။ ဦးဘသော် ၄။ ဦးကျော် ၅။ လွှတ်တော်ရှေ့နေကြီး ဦးထွန်းတင်နှင့် ၆။ ဦးသန့်ဇင် (တော်ဘုရားလေး) တို့ ဖြစ်ကြပါသည်။

ထိုအဖွဲ့မှာ နှိုးဆော်ရေးအဖွဲ့သာ ဖြစ်ပါသည်။ ထိုအချိန်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှာ အသက် ၈၀ ကျော်နေပြီဖြစ်သဖြင့် အတော်အင်အား ချည့်နဲ့နေပြီဖြစ်သော်လည်း ကျွန်တော်အပါအဝင် လူတော်တော်များများ ပါဝင်လှုပ်ရှားလာသဖြင့် လည်းကောင်း၊ ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းချက်အသစ်များ ပြုလုပ်လာသဖြင့်လည်းကောင်း အားတက်ရှင်လန်းလာပါသည်။ ဆရာကြီးအတော်အတန်ကျန်းမာလာသောအခါ မျက်စိတွင်းမှ တိမ်ကို ခွဲစိတ်ကုသရန် အရှေ့ဂျာမဏီသို့ ထွက်ခွာသွားပါသည်။

ကျွန်တော်တို့ နှိုးဆော်ရေးအဖွဲ့သည် ပြည်တွင်းငြိမ်းချမ်းရေးအပေါ် ပြည်သူတို့ ပြန်လည်စိတ်ဝင်စား တက်ကြွလာစေရန် နှိုးဆော်ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအပေါ် ထားရှိသည့် ပြည်သူများ၏ သဘောထားနှင့် နိုင်ငံရေး ခေါင်းဆောင်များ၏ သဘောထားများကို တီးခေါက်လေ့လာခြင်း၊ နောင်ဖွဲ့စည်းမည့် "ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့"အတွင်း ပါဝင်မည့်သူများကို ရှာဖွေရွေးချယ်ခြင်းစသည့် လုပ်ငန်းများကို ဆက်တိုက်လုပ်ကိုင်ကြရပါတော့သည်။

ထိုကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ဖွဲ့စည်းရေးအတွက် လုံးပန်းနေစဉ်မှာပင် ဗမာပြည်၌ အမျိုးသားရေးပြဿနာတခု ပေါ်ပေါက်လာပါသည်။ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဗမာ့တပ်မတော်၏ တရုတ်ဖြူတိုက်ရေး မဲခေါင်စစ်ဆင်ရေးကြီးအတွင်း တရုတ်ဖြူစစ်ဌာနချုပ်အတွင်းမှ အမေရိကန်လုပ်လက်နက်များ ဖမ်းဆီးမိခြင်း၊ အမေရိကန်လုပ် စက်လေးလုံးတပ် တရုတ်ဖြူလေယာဉ်ကြီးက တရုတ်ဖြူတပ်တွေအပေါ် ရိက္ခာချပေးနေစဉ် ဗမာ့တိုက်လေယာဉ်နှင့်တိုက်ပွဲဖြစ်ရာ ထိုလေယာဉ်ကြီးလည်း ပျက်ကျပြီး၊ ဗမာ့တိုက်လေယာဉ်တစင်းလည်း ပျက်ကျသွားပါသည်။ ထိုလေယာဉ်မှ လေယာဉ်မှူး ဗိုလ်ပီတာ ကျဆုံးသွားရပါသည်။ ထို့ကြောင့် ဗမာပြည်တွင် တရုတ်ဖြူအရေးအခင်းကြီး ထပ်မံပေါ်ပေါက်လာပြီး လူထုက အမေရိကန်သံရုံးရှေ့ ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့ပါသည်။

ထို့ကြောင့် ထိုအရေးအခင်းကို လူထုသိရှိပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်ရန်ရည်ရွယ်ပြီး ရန်ကုန်မြို့တွင်းရှိ နိုင်ငံရေးပါတီများ၊ ကျောင်းသားအဖွဲ့အစည်းများ၊ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် စုရုံးဆွေးနွေးတိုင်ပင်ကြပြီး "ဗမာပြည် တရုတ်ဖြူ ကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားကော်မတီကြီး"ကို ဖွဲ့စည်းခဲ့ကြပါသည်။ ကျွန်တော့်အား ဥက္ကဋ္ဌ တင်မြှောက်ကြပြီး၊ ဒုဥက္ကဋ္ဌများအဖြစ်တော့ ဗိုလ်အုန်းတင်၊ ဖန်းမော်တင်အောင်စသူများ ဖြစ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့ထဲတွင် ကျောင်းသားခေါင်းဆောင်များ၊ ပြည်သူ့ရဲဘော်ခေါင်းဆောင်များ၊ လူမျိုးစုခေါင်းဆောင်များနှင့် ထိုအချိန်က သေဒဏ်က လွတ်ငြိမ်းချမ်းသာခွင့် ရလာသည့် ဗိုလ်မှူးချစ်ကောင်းလည်း ပါလာပါသည်။ ထိုအဖွဲ့တွင် အလွှာအသီးသီးမှ ပုဂ္ဂိုလ်စုံ ပါလာရာ၊ စာရေးဆရာများ၊ ဂီတစာ ဆိုများ၊ သတင်းစာဆရာများ၊ အမျိုးသမီးအဖွဲ့ ခေါင်းဆောင်များ၊ ရဟန်းသံဃာများစသဖြင့် အတော်ပင်စုံလင်ပါသည်။ အဖွဲ့အစည်းပေါင်း ၂၉ ဖွဲ့နှင့် တသီးပုဂ္ဂလ မျိုးချစ်များ ပါဝင်ကြပါသည်။ ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသ ကျောင်းတိုက်တွင် ကျင်းပခြင်းဖြစ်ပါသည်။ ထိုအစည်းအဝေးကြီးတွင် ကျွန်တော်က တရုတ်ဖြူကျူးကျော်မှုသမိုင်းနှင့် နယ်ချဲ့စွက်ဖက်မှုများကို အတိုချုပ်၍ မြေပုံနှင့်တကွ ရှင်းလင်းတင်ပြပြီး ယင်းအန္တရာယ်များကို မည်ကဲ့သို့ခုခံကာကွယ်ရန်၊ ဆန့်ကျင်ရန်နည်းလမ်းများကိုပါ ဆွေးနွေးတင်ပြခဲ့ပါသည်။

ထိုမိန့်ခွန်း၏ နိဂုံးပိုင်းတွင် ကျွန်တော်က အောက်ပါအတိုင်း တင်ပြခဲ့ပါသည်။

"ယခုအခါ မဲခေါင်စစ်ဆင်ရေးမှာ ဆီတိုး၏လက်ရာဖြစ်ကြောင်း လက်ပူးလက်ကြပ် ပြည်သူတို့ရှေ့မှောက်တွင် မိထားပြီးဖြစ်ပါတယ်။ ဗမာအစိုးရဘက်က သက်ဆိုင်ရာပုဂ္ဂိုလ်များကလည်း ဒီဟာတွေဟာ ဆီတိုးလက်အောက်ခံဖြစ်ကြောင်းနဲ့ တရုတ်ဖြူဟာ အမေရိကန်ရဲ့ တပည့်လက်ရင်းတွေ

ဖြစ်ကြောင်း ပြောခဲ့ပါတယ်။"

"ဒီတော့ ရန်သူရဲ့ ရည်မှန်းချက်များကို အခုအခါ ကျနော်တို့သဲသဲကွဲကွဲ သိကြပြီဖြစ်ပါတယ်။ "

"နယ်ချဲ့သမားများဟာ ဗမာပြည်မှာ သူ့ရဲ့လက်နက်ကိုင်ဖိနှိပ်ရေးတပ် တရုတ်ဖြူတပ်ကိုသာ ချထားတာမဟုတ်ဘူး။ မိမိတို့ရဲ့ အမျိုးသားရေး မကျေမနပ် ပဋိပက္ခဖြစ်နေကြတဲ့ လူမျိုးစုများရဲ့ တချို့သောအစိတ်အပိုင်းများကိုလည်း ဖြားယောင်းသွေးဆောင်ပြီး၊ သူတို့ရဲ့ စစ်အင်အားကို တိုးချဲ့ပြီး တဖက်က ပြည်တွင်းစစ်နက်ရှိုင်းအောင် လုပ်နေတယ်။"

"ဒီမှုနဲ့ပဲ ရန်သူရဲ့ ရည်ရွယ်ချက်ဟာ ရေရှည်ဖိနှိပ်ကျူးကျော်ရေးဖြစ်လို့ အလွန်ကြီးမားကြောင်း ထင်ရှားပါတယ်။ ရန်သူဟာ တကယ်လည်း အင်အားကြီးတဲ့ ရန်သူဖြစ်တယ်။ ဒီလိုအင်အားကြီးတဲ့ ရန်သူက ပြတ်သားတဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ ကျူးကျော် စွက်ဖက်နေတာကို ပေါ့ပေါ့ဆဆ ယူဆရင် မှားပါလိမ့်မယ်။ ဒီပြဿနာဟာ အန္တရာယ်ကြီးမားလှပါတယ်။"

"ဒီရန်သူရဲ့နောက်မှာ ကြီးမားတဲ့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအင်အားရှိနေလို့ ဒီရန်သူကို စစ်ရေးတခုတည်းနဲ့ ဘယ်လို နည်းနဲ့မှ အပြီးတိုင် ဖြေရှင်းနိုင်မယ်မဟုတ်ပါ။ စစ်ရေးသက်သက်ဆိုရင် ရန်သူဆီတိုးစစ်အုပ်စုဟာ စစ်ရေးအင်အားကြီးသူဖြစ်ပါတယ်။ ကြောက်ရွံ့မည် မဟုတ်ပါ။ နောက်ပြီး ဘော်ဒါနယ်စပ်များမှာ နောက်ဆုံးနိုင်ငံရေးနည်းမပါဘဲ၊ သံတမန်ရေးရာ လွှမ်းမိုးမှုမပါဘဲ ရန်သူကို အကုန်မောင်းထုတ်နိုင်သည်ထားဦး၊ အင်အားကြီးတဲ့ ရန်သူ ပြန်မဝင်နိုင်အောင် ဆက်လက်ထိန်းသိမ်း ကာကွယ်ထားဖို့ဟာ မလွယ်ပါဘူး။ "

"ဒါကြောင့် စစ်ရေးသက်သက်သာမက တတိုင်းပြည်လုံး ပြည်သူလူထု စည်းရုံးအုံကြွလှုပ်ရှားမှုမပါဘဲ အပြီးတိုင် မောင်းထုတ်ဖြေရှင်းနိုင်မယ် မဟုတ်ပါ။ နယ်ချဲ့သမားများဟာ ဤတိုင်းပြည်ပေါ်မှာ သူ့ရဲ့ကိုယ်ကျိုးစီးပွားများရှိတဲ့အတွက် ပြည်သူတွေက အုံကြွလှုပ်ရှားလာမှာကို အကြောက်ဆုံး ဖြစ်ပါတယ်။ နောက်ပြီး ကမ္ဘာ့အရပ်ရပ်မှ နယ်ချဲ့ကျူးကျော်မှုများကို တမျိုးသားလုံး ပြည်သူအများ စည်းရုံးလှုပ်ရှားမှုသာ အောင်မြင်ကြစမြဲဖြစ်ပါတယ်။ နယ်ချဲ့သမားများဟာ တခြားအရာထက် ပြည်သူအများ နိုးကြားသိမြင်ပြီး စည်းရုံးဆန့်ကျင်လာမှာကို အစိုးရိမ်ဆုံးဖြစ်တယ်။ အကြောက်ရွံ့ဆုံး ဖြစ်ပါတယ်။ ဒါဟာ ကျူးကျော်လာသူ နယ်ချဲ့တို့ကို တိုက်ထုတ်ရေးမှာ အထိရောက်ဆုံးလက်နက် ဖြစ်တယ်လို့ ယူဆပါတယ်။"

"ဒီလို လူထုတိုက်ပွဲများ ဝင်မှသာ တဖက်က စစ်ဆင်ရေးနှင့် သံတမန်ရေးရာတိုက်ပွဲများမှာ များစွာအထောက်အကူရစေပါတယ်။ ဒါကြောင့် စစ်မျက်နှာ ၃ ရပ်၊ စစ်ရေး၊ သံတမန်ရေး၊ လူထုတိုက်ပွဲနဲ့ တိုက်ပွဲဝင်မှသာ ပြတ်သားစွာ အောင်မြင်နိုင်မယ်ဖြစ်ပါ တယ်။ "

"ဒီအထဲမှာ လူထုတိုက်ပွဲဟာ အရေးအကြီးဆုံး ဖြစ်ပါတယ်။ ကျနော့်ကိုယ်တွေ့အရ ပြည်သူလူထုရဲ့ ထောက်ခံလှုပ်ရှားမှုများဟာ စစ်မြေပြင်မှာ များစွာ အကျိုးရှိစေခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်၊ ဘုရင့်နောင်စစ်ဆင်ရေးမှာ လူထုလှုပ်ရှားမှုနဲ့ နီးကပ်စွာဆက်စပ်မှုနဲ့ တွေ့ကြုံရလို့ စစ်ရေးမှာ များစွာ တပန်းသာခဲ့ပါတယ်။ တပ်မတော်သားတွေဟာ ဖက်ဆစ်တော်လှန်ရေးနောက်ပိုင်းမှာ ဒီတုန်းကလောက် စိတ်ဓာတ်တက်ကြွမှု တခါမျှ မရှိခဲ့ပါ။"

"ရန်သူဆိုရင် စိတ်ဓာတ်တုန်လှုပ်ပါတယ်။ သူများနိုင်ငံ ကျူးကျော်ဖို့လာတဲ့ရန်သူဟာ အိမ်ရှင်တအိမ်လုံးက ဆန့်ကျင်ရင် ဘယ်လို ရေရှည် နေထိုင် အမြတ်ထုတ်ဖို့ ဖြစ်နိုင်ပါ့မလဲ။ အနည်းဆုံး ဒီနိုင်ငံမှာ သူတို့ကိုလက်ခံမယ့် သစ္စာဖောက်နည်းနည်း ရှိမှ၊ ဒီသစ္စာဖောက်တွေကလည်း အိမ်မှာ ဩဇာရှိဦးမှသာ ဖြစ်နိုင်တာ။ ဒီတော့ ဒီလိုပြည်သူလူထုက ဆန့်ကျင်ရင် သူရော သူ့ကိုလက်ခံချင်တဲ့ သစ္စာဖောက်ရော လက်ရွံ့နောက်ဆုတ်ရမှာ မွေတာပါ။"

"ကျနော့်ရဲ့ ဘုရင့်နောင်စစ်ဆင်ရေးမှတ်တမ်း နိဂုံးချုပ်မှာ ဒီစစ်ဆင်ရေး အောင်မြင်ခြင်းရဲ့ အခြေခံအကြောင်းရင်း (၇) ချက်အနက် ပြည်သူလူထုတိုက်ပွဲနဲ့ ပတ်သက်ပြီး (၃) ချက် ထည့်သွင်းရေးသားမိတာကို ဖတ်ပြလိုပါတယ်။ တချက်မှာ 'တိုင်းပြည်လူထု လှုပ်ရှားမှု အရှိန်အဝါကြောင့် တပ်မတော်အားတက်ကြွပြီး ရဲစွမ်းသတ္တိရော၊ လုံ့လဝီရိယပါ စစ်ပြီးခေတ်တပ်မတော်သမိုင်းတွင် မကြုံဘူးလောက်အောင် တက်တက်ကြွကြွရှိခြင်း'။ နောက်တချက်မှာ 'တိုင်းပြည်လှုပ်ရှားမှုဟာ ရန်သူ့စိတ်ဓာတ်ကိုပါ ယိမ်းယိုင်အားနည်းစေခြင်း'(၎င်းမှာ စစ်မြေပြင်ရှိတိုက်နေသော တရုတ်ဖြူရန်သူများ ကိုသာ အဓိကဆိုလိုခဲ့ဟန် ရှိသည်။ သူ့နောက် ကြိုးကိုင်နယ်ချဲ့သမားအဖို့ ထိုထက်ပိုစိတ်ထိခိုက်မည်ဖြစ်သည်။) နောက်တတိယအချက်မှာ 'မိမိတို့က ထိုးစစ်ကြီးစသောအခါ တကယ့်အားထက်ပိုမို၍ အင်အားအလွန်ကြီးမားလေဟန် သတင်းစာဆရာများဖြင့် ဝါဒဖြန့်ခြင်းများ'ဖြစ်ပါသည်။"

ဒါ့ကြောင့်ပဲ ဒီပြဿနာရဲ့ အရင်းခံအဖြေနဲ့ အဓိကအင်အားဟာ လူထုတိုက်ပွဲသာဖြစ်ကြောင်း၊ နောက် ဒီတိုက်ပွဲဟာလည်း ရေရှည် တိုက်ရမှာဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

ဒါ့အပြင် ဒီအစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ ဘယ်လို ပါဝင်မယ်ဆိုတဲ့အကြောင်း ကတိသစ္စာစကားနဲ့အတူ အစိုးရကိုလည်း တိုက်တွန်းပန်ကြားရာမှာ အောက်ပါအတိုင်း ပြောကြားခဲ့ပါသေးသည်။

"ကျနော့်အဖို့ အရင်တုန်းကဆိုရင် အခုလိုနယ်ချဲ့ကျူးကျော်မှုများကို တပ်ဦးကနေပြီး စစ်သားကြီးတယောက်အနေနဲ့ တိုက်ခိုက်ကာကွယ် ခဲ့ပါတယ်။ တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါတယ်။ ယခုလဲ နိုင်ငံသားတယောက်အနေနဲ့ ကျနော်နိုင်ငံရဲ့ နယ်ချဲ့ကျူးကျော်မှု အန္တရာယ်များကို ဘယ်လိုကာကွယ်နိုင်မလဲဆိုပြီး ကျနော်နည်းလမ်းရှာတော့ အထက်ကပြောခဲ့တဲ့ ပြည်သူလူထုက ကျူးကျော်ဆန့်ကျင်မှုတို့ကို ဆန့်ကျင်အုံကြွလှုပ်ရှားတဲ့အခါ လူထုတိုက်ပွဲမှာ ကျနော်ပါဝင်နိုင်ကြောင်း မြင်လာပါတယ်။ ဒီတိုက်ပွဲဟာ ကျနော်ဆောင်ရွက်ခဲ့ဖူးတဲ့ စစ်ရေးတိုက်ပွဲ ထက်ပင် လှုပ်ရှားနိုင်ရင် တန်ခိုးကြီးမားလှကြောင်း ကျနော်ထင်မြင်မိပါတယ်။ ဒီတိုက်ပွဲဟာ ကျနော်ဆောင်ရွက်ခဲ့ဖူးတဲ့ စစ်ရေးတိုက်ပွဲထက်ပင် လှုပ်ရှားနိုင်ရင် တန်ခိုးကြီးမားလှကြောင်း ကျနော်ထင်မြင်မိပါတယ်။ ဒါကြောင့် ဒီလိုနယ်ချဲ့ ကျူးကျော်မှုရန်ကို ကာကွယ်ဆန့်ကျင်ဖို့ ကျနော့်ရဲ့ခွန်အားကို ပြည်သူလူထုနဲ့အတူ အသုံးပြုပြီး ဆန့်ကျင်ကာကွယ်သွားဖို့ ဒီအစည်းအဝေးကြီးမှာ ကျနော်ကတိပြုပါတယ်။"

"နောက်အစိုးရကို ကျနော်ပန်ကြားတိုက်တွန်းလိုတာကတော့-(က) ယခုတိုက်နေတဲ့ စစ်ဆင်ရေးနဲ့ စစ်ရေးအရ ကျန်သေးတဲ့ တရုတ်ဖြူများကို အပြီးအပိုင် တိုက်ထုတ်ရေး ကြိုးပမ်းရန်။ (ခ) နိုင်ငံရေးအားဖြင့် ၎င်းတို့အမြန်ဆုံး လုံးဝဆုတ်ခွာသွားရန် ကုလသမဂ္ဂတွင် ထိထိ ရောက်ရောက် အရေးယူဆောင်ရွက်ရန်။ (ဂ) အစိုးရဟာ အုံကြွတိုက်ပွဲဝင်လာသော ပြည်သူလူထုနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းခေတ်ကလို ပူးပေါင်းလက်တွဲပြီး ကျူးကျော်သူရန်သူများကို ဆန့်ကျင်ကြဖို့ ဖြစ်ပါတယ်။"လို့ နိဂုံးချုပ် ပြောကြားခဲ့ပါသည်။

ဤအမျိုးသားကော်မတီကပင် ၁၉၆၁ ခုနှစ်၊ မတ်လ ၁၂ ရက်တွင် တိုင်းပြည်သို့ နှိုးဆော်ပန်ကြားလွှာတစောင် ထုတ်ဝေပြီး တရုတ်ဖြူ ကျူးကျော်မှုသမိုင်းအကျဉ်းချုပ်ကို ဖော်ပြကာ တရုတ်ဖြူ၏နောက်မှ ကြိုးကိုင်လှုပ်ရှားနေသူ အမေရိကန်နယ်ချဲ့၏ အကြံအစည်များကို ဖော်ထုတ် ရှင်းလင်းပြီး တမျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် အုံကြွဆန့်ကျင်ကြရန် နှိုးဆော်ခဲ့ပါသည်။

ထိုအတွင်း ပြည်သူ့လွှတ်တော်လည်း ကျင်းပနေရာ မတ်လ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုက လွှတ်တော်တွင် တရုတ်ဖြူ ကျူးကျော်မှုနှင့် ပတ်သက်၍ မိန့်ခွန်းရှည်ကြီးတခု ပေးပါသည်။

ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် ထိုအချိန်က တခြားနယ်ချဲ့အကျူးကျော်ခံ နိုင်ငံများဖြစ်သည့် ကွန်ဂိုနှင့် လာအိုနိုင်ငံများအကြောင်းသာ ရှည်လျားစွာ ပြောဆိုသွားပြီး မိမိတိုင်းပြည်၏ အန္တရာယ်ကြီးဖြစ်နေသော တရုတ်ဖြူကိစ္စကို ၁၀ မိနစ်မျှသာ ပြောသွားပေ သည်။ ပြောသမျှအပိုင်းကလေးတွင်လည်း ဤအန္တရာယ်ကြီးကို သာမန်ပြဿနာလေးအဖြစ်သာ တင်ပြသွားသည်။ ဝန်ကြီးချုပ်တဦးအနေဖြင့် မိမိတို့နိုင်ငံ အကျူးကျော်ခံနေရမှုအပေါ် မျိုးချစ်စိတ်နောက်ခံဖြင့်လည်းကောင်း၊ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်လည်းကောင်း နာကြည်းခံခက်စွာ ပြောနေခြင်းနဲ့မတူဘဲ နိုင်ငံတနိုင်ငံအား တောင်းပန်နေသည့်သဘောသာ ဖုံးလွှမ်းနေပေသည်။

ထို့အပြင် တရုတ်ဖြူကျူးကျော်မှုများကို ယခင်အခါများက တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုသာ ရည်ရွယ်ကြောင်း ပြောခဲ့သော်လည်း ဤမိန့်ခွန်းတွင်မူ ဗမာပြည်ကို ရည်ရွယ်သည်ဟု ဆိုလာပါသည်။ သို့သော် အဘယ်ကြောင့် ဤသို့ ကျူးကျော်ရသည်ဆို သည့်ရည်ရွယ်ချက်ကို အကျယ်တဝင့် ဆွေးနွေးထားခြင်း မရှိပါ။ ဤသို့ စစ်မက်ရေးတွင် ရန်သူ၏ နိုင်ငံရေးရည်မှန်းချက်ကို မှန်ကန်စွာ မသုံးသပ်နိုင်ပါလျှင် ထိုပြဿနာကို အောင်မြင်စွာ မဖြေရှင်းနိုင်ရုံမျှမက ပို၍ပင်အန္တရာယ်ကျရောက်နိုင်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ အမျိုးသားကော်မတီက မတ်လ ၁၅ ရက်နေ့တွင် သတင်းစာများသို့ ထုတ်ပြန်ချက်တစောင် ထုတ်ပြန်ပြီး ဦးနု၏ မိန့်ခွန်းသည် အန္တရာယ်ရှိကြောင်း၊ တရုတ်ဖြူကျူးကျော်မှု၏ နောက်ကွယ်မှ နယ်ချဲ့သမားများ၏ သူတို့အကျိုးစီးပွားအတွက် ကမ္ဘာ့အရပ်ရပ် တိုင်းပြည်အများအပြားတွင် ဤနည်းများအတိုင်း စစ်ရေး၊ နိုင်ငံရေး၊ သွေးခွဲရေးနည်းပေါင်းစုံဖြင့် နှောင့်ယှက်ဖိနှိပ်ခြိမ်းခြောက်နေကြောင်း၊ ဤအန္တရာယ်ကြီးကို စစ်ရေးနည်းဖြင့်သာမက နိုင်ငံရေးနည်းဖြစ်သည့် တမျိုးသားလုံး စည်းလုံးညီညွတ်ပြီး ဆန့်ကျင်လှုပ်ရှားကြရန်လိုကြောင်းတို့ကို တင်ပြလိုက်ပါသည်။

ထို့အပြင် ကျွန်တော်တို့သည် ရန်ကုန်မြို့အတွင်း ရပ်ကွက်အသီးသီးတွင်လည်း အဖွဲ့ခွဲများကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ရပ်ကွက်လိုက် ဆွေးနွေးပွဲများဟောပြောပွဲများ ပြုလုပ်ရာ၊ အင်းစိန်ခရိုင်သည် အတက်ကြွဆုံးဖြစ်ခဲ့သည်။ ဆွေးနွေးဟောပြောပွဲများမစမီ ဂီတစာဆိုများဖြစ်သည့် ကိုမြတ်လေး၊ စန္ဒယားချစ်ဆွေ စသူများ ခေါင်းဆောင်သည့် အဖွဲ့က တေးသီချင်းများ၊ သီဆိုဖြေဖျော်ကြပါသည်။ အလွန်တက်ကြွလန်းဆန်းသည့် နိုင်ငံရေးပတ်ဝန်းကျင်တရပ်ကို ဖန်တီးနိုင်ခဲ့ပါသည်။

ဤတရုတ်ဖြူ ကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားကော်မတီ၏ ရုံးကိုလည်း ကျွန်တော်၏နေအိမ် (စမ်းချောင်း၊ အမှတ် ၃၆ – ဆီဆုံလမ်း) မှာပင် သတ်မှတ်ထားပါသည်။

ထိုအမျိုးသားကော်မတီ မဖွဲ့မီလေးမှာပင် ကျွန်တော်က ပုဂ္ဂိုလ်ရေးနှိုးဆော်ချက်စာတမ်းတစောင် ထုတ်ပြန်ခဲ့ပါသေးသည်။ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း မဲခေါင်စစ်ဆင်ရေးနဲ့ ပတ်သက်၍ ကျွန်တော်၏သဘောထားကို ထုတ်ပြန်ခြင်း ဖြစ်ပါသည်။

ထိုစာတမ်းတွင် တရုတ်ဖြူများသည် နယ်ချဲ့အားကိုးဖြင့် ကျွန်တော်တို့၏ လွတ်လပ်ရေးကြီးကို ခြိမ်းခြောက်နေကြောင်း၊ တပ်မတော်သည် ပြင်းထန်စွာ အားမထုတ်ဘဲ အောင်မြင်ထမြောက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအပေါင်းနှင့် ပါတီအဖွဲ့အစည်းအသီးသီးက ဤကဲ့သို့ ခဲယဉ်းပင်ပန်းစွာ တိုက်ခိုက်ပေးနေသည့် တပ်မတော်ကို ဝိုင်းဝန်းထောက်ခံအားပေးရန် ပန်ကြားကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင်များကလည်း ယခင်စစ်ဆင်ရေးကြီးများကဲ့သို့ သတင်းထောက်များကို စစ်မြေပြင်လွှတ်၍ ပြည်သူအများ စိတ်ဝင်စားလာအောင် တင်ပြစေလိုကြောင်း စသည်တို့ ပါရှိပါသည်။

ထို့အပြင် တပ်မတော်တွင်းရှိ တပ်မှူးတပ်သားအပေါင်းကိုလည်း အောက်ပါအတိုင်း ပန်ကြားထားပါသေးသည်။

"တပ်မတော်နှင့် ရှေ့တန်းစစ်ဆင်ရေး ကွန်မင်ဒါများ အမှူးပြုပြီး ရဲဘော်များ၊ အရာရှိများ တပ်မှူးများအားလည်း ပန်ကြားပါသည်။ စစ်ဆိုသည်မှာ မကောင်းသောအရာ၊ သွေးထွက်သံယို ဖြစ်ရသောအရာ၊ အနည်းနှင့်အများ စွန့်စားရသောအရာဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်တို့မှာ နယ်ချဲ့စနစ်အောက်မှာ လူဖြစ်လာရသဖြင့် မလွှဲသာ၍ ဤရန်သူကို အသက်ပေးတိုက်ခိုက်ရပါသည်။ ကျွန်တော်တို့ ဘိုးဘေးများလည်း သူ့ခေတ်နဲ့သူ တိုက်ခဲ့ရပါသည်။ ထို့ကြောင့် ရဲဘော်အပေါင်းမှာ အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်သော်လည်း ထက်သန်သော မျိုးချစ်စိတ်ဖြင့် နောက်ဆုံး ဤနယ်ချဲ့ရန်သူကို ကြိုးစားပြီး တာဝန်ကျေပွန်စွာ တိုက် ခိုက်ကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်သည်။"

"ဤသို့ရဲဝံ့စွာ တိုက်ခိုက်ကြရာတွင် တဖက်တွင် မလိုအပ်သော ထိခိုက်ဆုံးရှုံးမှုများ မဖြစ်ရအောင်နှင့် အောင်ပွဲကို မိမိဘက်မှ အကျအဆုံး နည်းစွာဖြင့် ရရှိအောင် အစွမ်းကုန် စေ့စပ်သေချာမှုနှင့် ကြီးမားသော လုံ့လဝီရိယတို့ဖြင့် ကြိုးစားအားထုတ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။"

"စစ်ဦးစီးဌာနရှိ ရဲဘော်ညီနောင် စစ်ဦးစီးအရာရှိများအားလည်း ပန်ကြားပါသည်။ ကျွန်တော်မှာ ယခု 'မဲခေါင်စစ်ဆင်ရေး' နေရာများကို ၁၉၅၅ ခုနှစ်ကပင် လေကြောင်းကင်းထောက်မှုဖြင့် စေ့စပ်စွာ ကြည့်ရှုလေ့လာပြီးဖြစ်၍လည်းကောင်း၊ တရုတ်ဖြူတို့၏ လုပ်ရည်ကိုင်ရည် အကျင့်လေ့များကိုလည်း ယခင်တိုက်ပွဲများ၏ အတွေ့အကြုံအရ သိပြီးဖြစ်၍လည်းကောင်း၊ တစုံတရာ သိရှိမေးမြန်းလိုသော် အချိန်မရွေးကူညီရန် အသင့်ရှိပါသည်။"

"နိုင်ငံသားတယောက်အနေဖြင့်လည်းကောင်း၊ ကျွန်တော့်အနေဖြင့်လည်းကောင်း ဤသို့ကူညီရန် များစွာလိုလားပါသည်။ ဝတ္တရားလည်း ရှိသည်ဟု ယူဆပါသည်"ဟု ရေးသားပန်ကြားထားပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သော ဦးနုထံသို့လည်းကောင်း၊ စစ်ဦးစီးချုပ်ဗိုလ်ချုပ်နေဝင်းထံသို့လည်းကောင်း သီးသန့်စာများလည်း ရေးသားပေးပို့ခဲ့ပါသည်။ အတွင်းသဘောကတော့ အထက်ပါပန်ကြားလွှာနှင့်အတူတူပင် ဖြစ်ပါသည်။

ထိုစာကို ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ထိုအမျိုးသားကော်မတီကြီးကပင် ဦးစီးပြီး ၁၉၆၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ ကန်တော်မင်ပန်းခြံတွင် မြို့လုံးကျွတ် ဆန္ဒပြပွဲကြီးတရပ်ကို စည်းရုံးကျင်းပခဲ့ရာ လူထုသိန်းချီတက်ရောက်ခဲ့ပါသည်။ ရန်ကုန်မြို့တွင်း ရပ်ကွက်အသီးသီးမှလည်းကောင်း၊ ရန်ကုန်ပတ်ဝန်းကျင်ရှိ မြို့နယ်အသီးသီးမှလည်းကောင်း လူအင်အားအများအပြား တက်ရောက်ရာ သတင်းစာများက လွတ်လပ်ရေး ကြိုးပမ်းသည့်ကာလ ၄၆–၄၇ ခုနှစ်များနောက် အကြီးမားဆုံးသော လူထုဆန္ဒပြပွဲကြီးဟု ရေးသားကြပါသည်။

ထိုဆန္ဒပြပွဲကြီးတွင် ကျွန်တော်မိန့်ခွန်းပြောဆိုရာ အကြောင်းအရာ အတော်များများမှာ ယခင်တင်ပြချက်ထဲမှပင် ဖြစ်ပါသည်။ အမျိုးသားကော်မတီ ဖွဲ့စည်းသည့်နေ့က ကျွန်တော် ရှင်းလင်းတင်ပြခဲ့သည့် မိန့်ခွန်းပေါ်အခြေတည်ပြီး ပြောကြားခဲ့ခြင်း ဖြစ် ပါသည်။

ထိုနေ့က ကျွန်တော်တို့ တင်သွင်းကြသည့် ကြွေးကြော်သံ ၃ ရပ်မှာ–

– တရုတ်ဖြူကျူးကျော်မှု တိုက်ခိုက်ကြ၊ တိုက်ခိုက်ကြ

– အမေရိကန်နယ်ချဲ့စွက်ဖက်မှု ဆန့်ကျင်ကြ၊ ဆန့်ကျင်ကြ

– အမျိုးသားညီညွတ်ရေး တည်ဆောက်ကြ၊ တည်ဆောက်ကြ ... ... ဟူ၍ ဖြစ်ပါသည်။

ဤနယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မတီ လုပ်ငန်းဖြင့် ကျွန်တော်တို့တတွေ အလုပ်များနေကြပြီး၊ တတိုင်းပြည်လုံး လှည့်လည်စည်းရုံးဟောပြောနေရပါသည်။ ဤသည်မှာ နယ်ချဲ့ဆန့်ကျင်ရေးအခြေခံဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုအတွက်လည်း အထောက်အကူ ဖြစ်နေပါသည်။ ထို့နောက် ပြည်တွင်းငြိမ်းချမ်းရေး ဒုတိယအဖွဲ့ကို ၁၉၆၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ဆရာကြီးမှိုင်း၏နေအိမ်၊ စမ်းချောင်း၊ အမှတ် ၅ ချမ်းသာလမ်းတွင် ဖွဲ့စည်းခဲ့ပါသည်။

ထိုအဖွဲ့တွင် ပါဝင်သူများမှာ ဥက္ကဋ္ဌမှာ ဆရာကြီးကိုယ်တိုင်ဖြစ်ပြီး၊ ဒုဥက္ကဋ္ဌအဖြစ် ကျွန်တော်က ဆောင်ရွက်သည်။ ကျန်အဖွဲ့ဝင်များမှာ ၁။ ဦးဘသော် (ယခင် ရှစ်ဦးကော်မတီဝင်) ၂။ ဦးထွန်းတင် (လွှတ်တော်ရှေ့နေကြီး၊ အဖွဲ့၏ အထွေထွေ အတွင်းရေးမှူး) ၃။ ဦးကျော် (နိုးဆော်ရေးအဖွဲ့ဝင်) ၄။ ဦးသန့်ဇင် (တော်ဘုရားလေး၊ နောင် ဦးအောင်ဇေယျ အမည်ပြောင်း) ၅။ ဒေါ်အိမ်စိုး(ဆရာ တော် ဦးဥတ္တမ၏ နှမ) ၆။ မန်းကျော်အုံး (ကရင်အမျိုးသား ခေါင်းဆောင်) ၇။ ဦးဘကျော် (လွှတ်တော်ရှေ့နေကြီး) ၈။ ဦးလှကျော် (လွှတ်တော်ရှေ့နေကြီး) တို့ ဖြစ်ပါသည်။

ထိုဒုတိယ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့တွင် အတွင်းရေးမှူးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ ထိုသူများမှာ – ၁။ စာရေးဆရာကြီး ဇန်းမော် တင်အောင် ၂။ လွှတ်တော်ရှေ့နေကြီး ဦးလှတင် (ကလောင်အမည် မောင်မောင်တင်) ၃။ ဦးတင်ရွှေ (မုံရွာ) ၄။ ဦးစိုးမင်း (ဗလစ) ၅။ စောကျော်စိုး (အင်းစိန်မှ ကရင်အမျိုးသားခေါင်းဆောင်) ၆။ ကျွန်တော် အမည်မမှတ်မိတော့သော တွံတေးမှ ကရင်အမျိုးသားခေါင်းဆောင်တဦးတို့ဖြစ်ကြသည်။ ထိုအတွင်းရေးမှူးအဖွဲ့ဝင်များ၏ တာဝန်များမှာ လိုအပ်သည့် အကူအညီများဖြင့် အဖွဲ့ကို ကူညီပံ့ပိုးခြင်း၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဘက်စုံက လေ့လာသုံးသပ်ပြီး အဖွဲ့ကို အကြံပေးတင်ပြခြင်း၊ ဒေသအသီးသီး၌ ငြိမ်းချမ်းရေးအဖွဲ့များဖွဲ့ရာတွင် လက်လှမ်းမီသလောက် ကူညီဖွဲ့စည်းပေးခြင်း၊ အဖွဲ့ဝင်များနှင့်အတူ နယ်လှည့်ဟော ပြောပွဲများသို့ လိုက်ပါဟောပြောရခြင်းတို့ ဖြစ်ကြပါသည်။ ကျွန်တော်တို့၏ အဖွဲ့ကို ပင်တိုင်အကူအညီ ပေးနေသော ပုဂ္ဂိုလ်အချို့လည်း ရှိကြပါသေးသည်။ ၎င်းတို့မှာ ၁။ သခင်ဘမောင် ၂။ သခင်ထွေးနှင့် ၃။ ကျုံမငေး သခင်တင်မောင်တို့ ဖြစ်ပါသည်။ တပြည်လုံးရှိ နိုင်ငံရေးတက်ကြွသူများ အားလုံးလောက်နီးနီး ပါဝင်လာကြပြီး ငွေရေးကြေးရေးအရလည်း အကူအညီ အတော်ရလိုက်ပါသေးသည်။ နယ်ခရိုင်အတော်များများတွင် အဖွဲ့ခွဲများလည်း ပေါ်ပေါက်လာပါသည်။

တကယ်တော့ ကျွန်တော်တို့ ဤဒုတိယပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ဖွဲ့ရေးပြင်ဆင်ရာတွင် ထင်တာထက် အချိန်အတော်ကြာသွားရသည့် အကြောင်းရင်းမှာ ပထမပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ပျက်သွားသည်ကို စိတ်ပျက်သွားသော ထိုစဉ်က အင်အားအကြီးဆုံး အတိုက်အခံ နိုင်ငံရေး ပါတီကြီးက တော်တော်နှင့် ထောက်ခံမှုမပေးသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့မှာ ဒုတိယအဖွဲ့ကို မလွဲမရှောင်သာ ဖွဲ့လိုက်ရသော်လည်း အားမရလှပါ။ သို့သော် ကျွန်တော်တို့ ထိုအဖွဲ့ဖွဲ့ပြီး စည်းရုံးလှုံ့ဆော်ရာတွင် ကျွန်တော်တို့ မျှော်မှန်းထားသည်ထက် လျင်မြန်စွာသက်ဝင်လှုပ်ရှား ကြီးထွားလာပါတော့သည်။

ဤတွင် ကျွန်တော် သင်ခန်းစာတခု ရရှိခဲ့ပါသည်။ ဤသည်မှာ ပြည်သူတို့ လိုလားတောင့်တသော လမ်းစဉ်အကြောင်းတရား မှန်ကန်ပါလျှင် လူထုကြီးက လျင်မြန်စွာ လှုပ်ရှားထကြွပြီး ထောက်ခံလာတတ်သည်ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ အထူးသဖြင့် လူထုက မိမိတို့ဘက်က ရပ်တည်နေသူများဟု သတ်မှတ်ထားခံရသူများက ဦးဆောင်ပါက ထိုယုံကြည်မှုနှင့်ပင် ပိုမိုမြန်ဆန်စွာ ထောက်ခံလာနိုင်ပါသည်။

ထိုသင်ခန်းစာ ရမှပင် နဂိုက အားမရတရဖြစ်နေသော ကျွန်တော်တို့တတွေလည်း စိတ်သက်သာရာရပြီး တက်ကြွလှုပ်ရှားနေသော လူထုနှင့် အတူ ဆက်လက်ကြိုးစား လှုပ်ရှားရပါတော့သည်။

ကျွန်တော်တို့၏ ဤအဖွဲ့ကို ပထမဆုံးစတင်ပြီး ဖိတ်ခေါ်သော နယ်ခရိုင်မှာ ပုသိမ်မြို့ ဖြစ်ပါသည်။ ၁၉၆၁ ခုနှစ်၊ မေလကုန်ပိုင်းတွင် စတင်သွားရောက်ကြသည်။ ပုသိမ်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကို စတင်ဖွဲ့စည်းပြီး ဖိတ်ခေါ်သူမှာ ဦးအောင်မိုး ဖြစ်ပါသည်။ ပမညတ မှ ခေါင်းဆောင်တဦး ဖြစ်ပါသည်။ ဂျပန် BDA ခေတ်က ကျွန်တော့်တပ်မှ စစ်ဗိုလ်ဟောင်းတဦး (နာမည်မေ့နေ) ကလည်း တက်ကြွစွာ ဦးဆောင်လာပါသည်။ နောက် ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်က ဖိတ်လာ၍ တဆက်တည်းသွားရပါသေးသည်။ ကျွန်တော်နှင့်အတူ ဦးဘသော်၊ ဦးသန့်ဇင်တို့ပါဝင်ပါသည်။ ထို့နောက်တွင်တော့ အောက်ဗမာပြည်၊ အထက်ဗမာပြည် တခွင်တပြင် အနှံ့၊ နယ်အသီးသီးက ဖိတ်ခေါ်လာသဖြင့် ကျွန်တော်နှင့်အတူ အဖွဲ့ဝင်များ သွားရောက်ဟောပြော စည်းရုံးလှုံ့ဆော်ကြပါသည်။ ကျွန်တော်မှာ တရုတ်ဖြူကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မတီကိုလည်း ဦးဆောင်နေရသဖြင့် တခါတရံ ထိုနှစ်ဖွဲ့ (အမျိုးသားကော်မတီနှင့် ပြည်တွင်းငြိမ်းချမ်းရေး) ကိုပေါင်း၍ ဖိတ်ကြားခံရခြင်းများလည်း ရှိပါသည်။ အခြေခံလုပ်ငန်းချင်းကလည်း မကွဲပြားလှပါ။

ရန်ကုန်ခရိုင်အတွင်း တိုက်နယ်တိုင်းလိုလိုမှာလည်း ဟောပြောစည်းရုံးလာရာ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်ခရိုင်၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ တိုက်နယ်ကေဒါပေါင်းစုံ အစည်းအဝေးကြီး လုပ်နိုင်ခဲ့ပါသည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင်ရှိ စလင်းကျောင်းတိုက်အတွင်း ပြုလုပ်ခဲ့ပြီး တိပ်ခွေနှင့်သွင်းထားသော ဆရာကြီး၏ မိန့်ခွန်းကိုလည်း ဖွင့်ပြကြပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှ အတွင်းရေးမှူးအဖွဲ့ဝင်နှင့် ရန်ကုန်ခရိုင်ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့၏အထွေထွေအတွင်းရေးမှူး ဦးတင်ရွှေ (မုံရွာ) က ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ပေါ်ပေါက်ရပုံအကြောင်းနှင့် ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ဖွဲ့စည်းလာရပုံအကြောင်းများကို တင်ပြပါသည်။

ထိုအစည်းအဝေးကြီးတွင် ကျွန်တော်သည် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့၏ သဘောထားများအပေါ်အခြေခံ၍ အကြောင်းအရာ အတော်စုံလင်သည့် မိန့်ခွန်းတရပ်ကို ပြောကြားခဲ့ပါသည်။

ထိုမိန့်ခွန်းတွင် ပြည်တွင်းစစ်ဖြစ်ရခြင်းအကြောင်းများ အထူးသဖြင့် နယ်ချဲ့စနစ်၏ သွေးခွဲရေးနှင့် တိုက်ခိုက်ဖိနှိပ်ရေးနည်းလမ်းများကို ဗမာနိုင်ငံတွင်သာမက တခြားကိုလိုနီနိုင်ငံများ၏ အတွေ့အကြုံအဖြစ်အပျက်များနှင့်ပါ တင်ပြပြောဆိုခဲ့ပါသည်။ ထိုမိန့်ခွန်းအတွင်းမှ တချို့အချက်များကို ထုတ်နုတ်တင်ပြရသော် –

“ဗမာပြည်တွင် ဗိုလ်ချုပ်ကျဆုံးသွားရခြင်းမှာ နယ်ချဲ့သမားနှင့် တိုင်းရင်းသားသစ္စာဖောက်များ ပူးပေါင်းလုပ်ကြံမှုဖြစ်ကြောင်း အားလုံးသိရှိပြီး

ဖြစ်ပါတယ်။ ဒီလို ဗိုလ်ချုပ် ကျဆုံးသွားရတာဟာ ကျွန်တော်တို့တိုင်းပြည်ကို ပြည်တွင်းစစ်ကြီးရဲ့ တံခါးဝကို ပို့ဆောင်လိုက်ခြင်း ဖြစ်ပါတယ်။ ဗိုလ်ချုပ်ဟာ လက်ဝဲအင်အားစုများ ညီညွတ်ရေးနဲ့ တမျိုးသားလုံး စည်းလုံးညီညွတ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ်ပြီး ဗမာပြည်မှာ ကြွင်းကျန်တည်ရှိနေတဲ့ နယ်ချဲ့စနစ်ကို အပြီးတိုင်စာရင်းရှင်း၊ မောင်းထုတ်ပြီးတော့ ပြည့်စုံတဲ့ အမျိုးသားလွတ်လပ်ရေးနဲ့ နယ်ချဲ့အမှီခိုကင်းတဲ့ အမျိုးသားစီးပွားရေး ထူထောင်ရေးကို ချီတက်သွားနိုင်တဲ့ အလားအလာကို နယ်ချဲ့သမားများက သိခဲ့ပါတယ်။ ဒီလိုသာ ချီတက်သွားနိုင်မယ်ဆိုရင် နယ်ချဲ့သမားများဟာ လူပေါင်းသန်း ၂၀ ရှိတဲ့ ဈေးကွက်က သူတို့အကျိုးစီးပွားအားလုံး လက်လွှတ်ဆုတ်ခွာသွားရမယ် ဖြစ်ပါတယ်။ ”

"ဗမာပြည်ကို ဖြိုခွဲရာမှာ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရခြင်းဟာ ပထမအဆင့်သာ ဖြစ်ပါသေးတယ်။ ဒီနောက် ဗြိတိသျှအစိုးရနဲ့ ဗမာအစိုးရတို့ ချုပ်ဆိုတဲ့ နုအက်တလီစာချုပ်ဟာ ကျွန်တော်တို့ ပြိုကွဲရေးအတွက် ဒုတိယအဆင့်ဖြစ်ပါတယ်။ ဒီစာချုပ်ဟာ ဗြိတိသျှအစိုးရအပေါ် စေ့စပ်ချုပ်ဆိုရတဲ့အတွက် ဗမာပြည်လွတ်လပ်ရေးနဲ့ နယ်ချဲ့အမှီခိုကင်းတဲ့ အမျိုးသားစီးပွားရေး တည်ဆောက်မှုအတွက် တိုင်းပြည်သစ်တည်ထောင်နိုင်၊ မတည်ထောင်နိုင်တို့အပေါ် သဘောကွဲလွဲပြီး ပြင်းထန်တဲ့ ပဋိပက္ခများ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများအကြား ပေါ်ထွက်ခဲ့ပါတယ်။ ဒါကို ပြည်သူတွေကို တင်ပြစည်းရုံးကြရင်း နိုင်ငံရေးအကျပ်အတည်း၊ ဒီမိုကရေစီအကျပ်အတည်း ဆိုက်ရောက်ပြီး ပြည်တွင်းစစ်ကြီး ဖြစ်လာတာပါ။"

"ဒါ့အပြင် အာဏာပိုင် အုပ်ချုပ်သူတွေဟာ အရေးတကြီး ဖြေရှင်းရမယ့် လူမျိုးစုရေးရာ ပြဿနာကိုလည်း မှန်ကန်စွာ မဖြေရှင်းနိုင်ခဲ့ဘူး။ နယ်ချဲ့သမားက ဒီအမျိုးသားရေး ပဋိပက္ခများကို သူတို့အကျိုးအတွက် ဝင်အသုံးချခဲ့ကြလို့ ပြည်တွင်းစစ်ကြီးဟာ ပိုနက်ရှိုင်းခဲ့ရတယ်။ အချုပ်မှာတော့ ဒီပြည်တွင်းစစ်ကြီးဟာ နယ်ချဲ့သမားနှင့် တိုင်းရင်းသား ဖောက်ပြန်ရေးသမားများကြောင့် ဖြစ်ခဲ့ရခြင်း ဖြစ်ပါတယ်။ ”

တခြား လွတ်လပ်ခါစ နိုင်ငံများအတွင်း နယ်ချဲ့သမားများ၏ နိုင်ငံရေးနည်းအရ သွေးခွဲပုံများကိုလည်း ဥပမာပေး တင်ပြရာမှာ –

– တရုတ်ပြည်ကို ဖော်မိုဆာကျွန်း (ထိုင်ဝမ်) နှင့် အမေရိကန် ၇ နံပါတ် ရေတပ်ကြီးနဲ့ ခွဲခြားထားပြီး ကုလသမဂ္ဂမှာ လူဦးရေ သန်း ၆၀၀ ကျော်ရှိတဲ့ တရုတ်ပြည်ကြီးကို အသိအမှတ်မပြုဘဲ လူဦးရေ ရှစ်သန်းသာရှိသော ဖော်မိုဆာကို အသိအမှတ်ပြုထားပေးပြီး တရုတ်ပြည် နှစ်ပြည်ဖြစ်ဖို့ ကြံစည်နေပုံ။

အိန္ဒိယမှာလည်း ၁၉၄၇ လွတ်လပ်ရေးပေးပြီးနောက် မူစလင်–ဟိန္ဒူခွဲပုံ၊ ပါကစ္စတန်နှင့် အိန္ဒိယခွဲလိုက်ပုံ၊ အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်အဖြစ် ထပ်မံခွဲလိုက်ပုံ၊ ကက်ရှမီးယားပြဿနာတန်းလန်းဖြစ်အောင် လုပ်ထားပြီး ဟိန္ဒူ–မူဆလင်ပဋိပက္ခ၊ အဓိကရုဏ်းများကြောင့် လူအများအပြားသေကျေနေရပုံ။

အာရှတိုက်ရှိ ပြင်သစ်၏ အကြီးဆုံးအင်ပိုင်ယာကြီး အင်ဒိုချိုင်းနားကို လွတ်လပ်ရေးပေးတဲ့အခါ အစိတ်စိတ်အမြွှာမြွှာတွေ ခွဲပုံ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား ၃ ပိုင်းအပြင်၊ ဗီယက်နမ်ကို မြောက်ပိုင်း၊ တောင်ပိုင်းထပ်ခွဲလိုက်သေးပုံ၊ ယခုလည်း လာအိုကို နှစ်ပိုင်းထပ်ခွဲဖို့ အမေရိကန်က ကြိုးစားနေပုံ။

အာဖရိကမှ ကွန်ဂိုမှာဆိုရင်လည်း ကွန်ဂိုအမျိုးသားခေါင်းဆောင် နယ်ချဲ့ဆန့်ကျင်ရေးသမား လူမွန်ဘာကို သတ်ပစ်ပြီး၊ တိုင်း ပြည်ကိုလည်း အစိတ်စိတ်အမြွှာမြွှာ ခွဲပစ်ပုံ။

အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံတွေထဲမှာလည်း နည်းမျိုးစုံခွဲဖို့ ကြိုးစားကြပုံ၊ ယခင်က မရှိခဲ့တဲ့ အစ္စရေးနိုင်ငံကို အာရပ်တွေ ကြားထဲမှာ တည်ဆောက်ပေးပြီး ပဋိပက္ခတွေ အဆက်မပြတ်အောင် ဖန်တီးနေပုံများနှင့် နယ်ချဲ့စနစ်၏ စစ်ရေးနည်းများ၊ စီးပွားရေးနည်းများဖြင့် တိုင်းပြည်တိုင်းအား ဝင်ရောက်ခြယ်လှယ် လုပ်ဆောင်နေပုံကို ကျွန်တော် အကျယ်တဝင့် ရှင်းပြပါသည်။

ဒါ့အပြင် တိုင်းပြည်တည်ဆောက်ရေးအတွက် လူထုကိုအားမကိုးဘဲ နယ်ချဲ့ကို အားကိုးတဲ့ အစိုးရများဟာ နယ်ချဲ့အကူအညီ နဲ့ ချေးငွေများကို ချေးယူပြီး၊ နယ်ချဲ့စီးပွားရေး စက်ကွင်းအောက် နစ်သထက်နစ်ရပုံ၊ နောက်ဆုံး ပြည်သူများက စီးပွားရေးကျပ်တည်း၍ စီးပွားရေးတိုက်ပွဲများ၊ နိုင်ငံရေးလှုပ်ရှားမှုများ ကြီးထွားလာတဲ့အခါ ထိုလှုပ်ရှားမှုများကို ပါလီမန်ဒီမိုကရေစီမျိုးနဲ့ မထိန်းသိမ်းနိုင်တော့တဲ့အခါ အသင့်ရှိပြီဖြစ်တဲ့ စစ်တပ်များနဲ့ အာဏာသိမ်းကြသဖြင့်၊ ဒီမိုကရေစီ ခမ်းခြောက်ရပုံများကိုပါ ကျွန်တော် ရှင်းပြပါသည်။

ထို့အပြင် ကျွန်တော်တို့ လွတ်လပ်ရေးရပြီးနောက် ဆက်လက်လျှောက်လှမ်းရမည့်လမ်းမှာ ပြည်သူတို့ ချမ်းသာဝပြောတဲ့နိုင်ငံဖြစ်ဖို့ နယ်ချဲ့အမှီခိုကင်းတဲ့ အမျိုးသားစီးပွားရေးနှင့် ဒီမိုကရေစီ တည်ဆောက်ရေးသာဖြစ်ကြောင်း၊ ဤတော်လှန်ရေး လမ်းကြောင်းမှန်အတိုင်းသာ ချီတက်နိုင်ကြမယ်ဆိုရင် ယခုလိုပြည်တွင်းစစ်ကြီးလည်း ပေါ်ပေါက်စရာ မရှိကြောင်း၊ ပြည်တွင်းစစ်ကြောင့် ပေါ်ပေါက်လာသည့် အကျပ်အတည်းများဖြစ်သည့် စီးပွားရေးပြဿနာ၊ လူမျိုးစုပြဿနာ၊ ပညာရေးပြဿနာ၊ ဒီမိုကရေစီရေးပြဿနာများ ပေါ်ပေါက်လာစရာမရှိဘဲ၊ တမျိုးသားလုံး တက်တက်ကြွကြွဖြင့် အမျိုးသားစီးပွားရေးကို ထူထောင်နိုင်မှာ ဖြစ်ကြောင်းတွေကိုလည်း ပြောပြပါသည်။

ပြည်တွင်းစစ်အတွင်း တိုက်ရိုက်နစ်နာဆုံးရှုံးမှုများကိုလည်း ကိန်းဂဏန်းများနှင့်အတူ ကျွန်တော်တင်ပြပြောဆိုခဲ့ပြီး ပြည်တွင်းစစ်ရပ်စဲရေး နည်းနာများကိုလည်း ဆွေးနွေးပြပါသည်။

စစ်ရပ်စဲရာတွင် ပထမနည်းဖြစ်သည့် အပြုတ်တိုက်ရေး၊ လက်နက်ချရေးလမ်းသည် ၁၃ နှစ်ကျော်သည့်တိုင် ဘာမှမထူးခြားဘဲ၊ ပြည်သူတွေသာ နစ်နာပြီးရင်း နစ်နာနေကြောင်း၊ ဤလမ်းသည် မအောင်မြင်နိုင်ကြောင်း ဘဝပေးအသိနှင့် ပြည်သူတွေက သိနေပြီး ဖြစ်သဖြင့် ဒုတိယနည်းဖြစ်သည့် တဖက်နှင့်တဖက် မျက်နှာချင်းဆိုင်ဆွေးနွေးဖြေရှင်းသည့် နည်းလမ်းသာရှိကြောင်း၊ ဤနည်းသည် ပြဿနာများကို ပြေပြေလည်လည် ဖြေရှင်းယူသည့် နည်းလမ်းဖြစ်၍ စစ်ရပ်စဲပြီးသည့်နောက်တွင်လည်း အနာဂတ်ငြိမ်းချမ်းရေးကို ပိုမိုတည်ငြိမ်စေနိုင်မည့် နည်းလမ်းဖြစ်ကြောင်း၊ အနာဂတ်ဒီမိုကရေစီ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း အကျိုးပြုမှာဖြစ်ကြောင်း။

ထို့ကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်တဲ့ ကျွန်တော်တို့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့က ပြည်သူတို့အကျိုးအတွက် ပြည်တွင်းစစ်ကို အပြုတ်တိုက်ရေးနည်းမဟုတ်ဘဲ၊ ဆရာကြီးအစဉ်တစိုက် ပန်ကြားခဲ့တဲ့ ဆွေးနွေးဖြေရှင်းယူတဲ့နည်းနဲ့ ပြေလည်အောင် ဖြေရှင်းပြီး ရပ်စဲဖို့ ပန်ကြားကြောင်း၊ ယခုအစည်းအဝေး တက်ရောက်လာတဲ့ လူပုဂ္ဂိုလ်များဟာလည်း ဘာအခက်အခဲများနဲ့ ရင်ဆိုင်ပါရစေ၊ ကျွန်တော်တို့နှင့် အတူလက်တွဲပြီး မဆုတ်မနစ် ကြိုးစားချီတက်လုပ်ဆောင်ကြဖို့ တိုက်တွန်းနိုးဆော်ပါကြောင်း– နောက်ဆုံးနိဂုံးချုပ်အနေနှင့် ပြောဆိုခဲ့ပါသည်။

နောက်ပိုင်းတွင် ကျွန်တော်တို့၏ မိန့်ခွန်းများကို စုပေါင်းပြီး စာအုပ်ရိုက်နှိပ် ထုတ်ဝေကာ နယ်အသီးသီးသို့လည်း ဖြန့်ချိပေးခဲ့ပါသည်။ ဤနည်းဖြင့် ကျွန်တော်တို့အဖွဲ့သည် ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုအတွင်း ပြည်သူလူထုကြီးပါဝင်လာအောင် စည်းရုံး လှုပ်ရှားကြပါသည်။

၈

ဤနေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် ကျွန်တော်တို့ ရရှိခဲ့သည့် လွတ်လပ်ရေးနှင့်ပတ်သက်သော ကျွန်တော်၏ အမြင်အချို့ကို တင်ပြ လိုပါသည်။

ဤလွတ်လပ်ရေးရဖို့ ကျွန်တော်တို့ ဗမာပြည်သူများ တလျှောက်လုံး တိုက်ပွဲဝင်လာရတဲ့ ရည်ရွယ်ချက်မှာ နယ်ချဲ့စနစ်အောက်မှ လုံးဝလွတ်မြောက်သည့် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်သော၊ အမျိုးသားစီးပွားရေးတည်ဆောက်နိုင်သော နိုင်ငံသစ်တည်ထောင်ဖို့ ဖြစ်ပါသည်။ ဤသည်ကို တလျှောက်လုံး တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြပါသည်။

သို့သော် ကျွန်တော်တို့ အတောင့်တကြီး တောင့်တခဲ့သည့် လွတ်လပ်ရေးကို ရပြီးနောက် ကျွန်တော်တို့နိုင်ငံတွင် ပြည်တွင်းစစ်မီးကြီး တောက်လောင်ပြီး ပြဿနာပေါင်းစုံနှင့် အကျပ်အတည်းများ ဆိုက်ရောက်လာပါတော့သည်။ တိုင်းပြည်တည်ဆောက်ရေးကို တညီတညွတ်တည်း တက်ညီလက်ညီ မလုပ်နိုင်ကြတော့ဘဲ အချင်းချင်းကွဲပြဲ၊ သတ်ဖြတ်၊ စစ်မက်ခင်းကြရပါတော့သည်။

ဤကဲ့သို့ ဖြစ်ရခြင်း အဓိကအကြောင်းမှာ နယ်ချဲ့သမားနှင့် နယ်ချဲ့စီးပွားရေးစနစ်ကြောင့် ဖြစ်ရပါသည်။ နယ်ချဲ့သမားများသည် လွတ်လပ်ခါစ နိုင်ငံများတွင် တော်လှန်ရေးလမ်းကြောင်းအတိုင်း ချီတက်ပြီး အမိုးကင်းသော အမျိုးသားစီးပွားရေးစနစ် ထူထောင်မှုကို အလွန်စိုးရိမ်ပါသည်။ ဒီမိုကရေစီတိုးတက်ထွန်းကားလာမှာ အလွန်စိုးပါသည်။ ဒီမိုကရေစီတိုးတက်ထွန်းကားလာပါက ပြည်သူလူထုကြီးသည် မိမိတို့၏ အကျိုးစီးပွားအတွက် စည်းရုံးလှုပ်ရှားလာကြပြီး နယ်ချဲ့နဲ့အားလုံးအဆက် ဖြတ်တောက်ကာ ကြီးမားတဲ့ နယ်ချဲ့ဆန့်ကျင်ရေးရေစီးကြောင်းထဲမှာ တခဲနက်စုပေါင်းညီညွတ်ပြီး တော်လှန်ရေးကို အဆုံးထိတိုက်ပွဲဝင်ကြမည်ကို သူတို့နားလည်ကြသည်။

ဗမာပြည်တွင် ၁၉၄၅ ခုနှစ် လက်နက်ကိုင် ဖက်ဆစ်တော်လှန်ရေးကြီးနှင့် ၁၉၄၅ – ၄၇ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော လူထုတိုက်ပွဲကြီးများကို တွေ့ကြုံခဲ့ရပြီးဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာသည့် ကိုလိုနီနိုင်ငံများ၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဒီရေအရှိန်ကြောင့် ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးဖို့ ဖြစ်လာသောအခါ လွတ်လပ်ရေးအလံ၊ လွတ်လပ်ရေးသီချင်းစတဲ့ အပေါ်ယံအချက်အလက်ကိုသာ ပေးချင်ပြီး အနှစ်သာရဖြစ်တဲ့ သူတို့၏ စီးပွားရေးကို ထိန်းသိမ်းဖို့ ဆက်လက်တိုးချဲ့နိုင်ဖို့ နည်းလမ်းပေါင်းစုံ သုံးခဲ့ပါတော့သည်။

ထို့ကြောင့်ပင် ဗမာပြည် နယ်ချဲ့ဩဇာအောက်က အပြတ်အသတ်ရုန်းထွက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား စီးပွားရေးကို တည်ထောင်ချင်ပြီး တကယ်လည်း တည်ထောင်နိုင်စွမ်းရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သူ့အစိုးရတဖွဲ့လုံးကို လုပ်ကြံသတ်ဖြတ်ပြလိုက်ပါသည်။ ဤလုပ်ကြံမှုသည် ဗမာပြည်ကိုသာမက အမျိုးသားလွတ်မြောက်ရေးများအတွက် ကြိုးပမ်းနေသည့် နိုင်ငံများနှင့် တော်လှန်ရေးသမားများအားလုံးကို နယ်ချဲ့သမားများက ခပ်ကြမ်းကြမ်း ခြိမ်းခြောက်ပြလိုက်ခြင်းလည်း ဖြစ်ပါသည်။

နယ်ချဲ့သမားများက မိမိတို့၏အကျိုးစီးပွားကို တိုက်ရိုက်ခြိမ်းခြောက်နိုင်သည့် မိမိတို့ဩဇာမကိုက်နိုင်သည့် နိုင်ငံငယ်လေးများမှ အမျိုးသား ခေါင်းဆောင်များကို ဤနည်းများဖြင့် လုပ်ကြံသတ်ဖြတ်လာသည်မှာ ယခုတိုင်ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ဗမာပြည်နိုင်ငံရေး ဇာတ်ခုံပေါ်မှ ဖယ်ရှားပြီးလိုက်သောအခါ ဗြိတိသျှနယ်ချဲ့သမားများ၏ ပြောင်မြောက်လှသည့် နောက်နိုင်ငံရေးအကွက်တကွက် ထပ်ပေါ်ထွက်လာပါသည်။

ဤသည်မှာ ဗမာပြည်သူတွေရဲ့ မျက်စိထဲတွင် အင်္ဂလိပ်အလိုတော်ရိ၊ နယ်ချဲ့နောက်လိုက်ဟု ပေါ်လွင်ပြီးသားသူများ (ဥပမာ – ဘကြီး ဘဖေတို့) ကို စွန့်ပစ်လိုက်ပြီး ဗမာပြည်လွတ်လပ်ရေးတိုက်ပွဲအတွင်းက လွတ်လပ်ရေးသူရဲကောင်းများအဖြစ် ပြည်သူက တစုံတရာ အသိအမှတ်ပြုထားသူများကို ၎င်းတို့၏ လက်ဝေခံအသစ်အဖြစ် မွေးမြူယူလိုက်ခြင်းပင် ဖြစ်ပါသည်။ ဤနည်းဖြင့် ဦးနုနှင့် ဖဆပလ အဖွဲ့ကို အာဏာအပ်လိုက်ပါတော့သည်။ ဦးနုသည် 'လူမွဲတို့၏ ထွက်ရပ်လမ်း'ဆိုသော စာအုပ်ကို ဘာသာပြန်ခဲ့မှု၊ သခင်နုအဖြစ် တို့ဗမာအစည်းအရုံးခေတ်တွင် လှုပ်ရှားခဲ့မှု၊ ကိုကြီးနုအဖြစ် ကျောင်းသားခေါင်းဆောင်များအကြား ကျော်ကြားခဲ့မှုစတာများကြောင့် ဗမာပြည်သူလူထုအတွင်းမှာလည်း တစုံတရာဩဇာရှိပါသည်။ သို့သော် မိမိရှေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကို သတ်ပြထားခြင်းကြောင့်လည်းကောင်း၊ သူ့ပင်ကိုယ် အခြေခံရပ်တည်ချက်ကြောင့်လည်းကောင်း၊ ဦးနုသည် ပျော့ညံ့ယိမ်းယိုင်ပြီး နယ်ချဲ့ အင်္ဂလိပ်ကို အလွန်လိုက်လျောစေ့စပ်ကာ 'နု–အက်တလီစာချုပ်'ကို ချုပ်ဆိုခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်တို့တတွေ နယ်ချဲ့သမားနှင့် မစေ့စပ်ဘဲ လွတ်လပ်ရေးကို ဆက်လက်အပြတ်အသတ် တိုက်ပွဲဝင်ခဲ့ပါက ပြည်တွင်းစစ်ဖြစ်စရာ အကြောင်းမရှိပေ။

သို့သော် 'နု–အက်တလီစာချုပ်' ချုပ်ဆိုလာပြီးနောက် ဤစာချုပ်ကို လက်ခံသူ၊ လက်မခံသူ ကွဲကြရာက ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်လာခဲ့ပေသည်။ ထိုစဉ်က 'နု–အက်တလီစာချုပ်'ကို လက်မခံသူများ၊ ဗြိတိသျှနယ်ချဲ့သမားပေးသော လွတ်လပ်ရေးသည် နိုင်ငံရေးအရပင် ဖြစ်သည်။ စီးပွားရေးအရ မလွတ်လပ်ဟု ပြောဆိုမိခဲ့သူမှန်သမျှကို "ကွန်မြူနစ်တံဆိပ်" တပ်ပေးခဲ့ပါသည်။ သက်သက် ဖဆပလ အစိုးရကို ဆန့်ကျင်ချင်လို့၊ ဆူပူချင်လို့ဟု သမုတ်ခဲ့ပါသည်။

(၁၉၈၈ ခုနှစ်၊ အရေးတော်ပုံကြီးအတွင်း ကျင်းပခဲ့သည့် မဆလ ၏ နောက်ဆုံးအစည်းအဝေးတွင် မဆလ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက အင်္ဂလိပ်တွေက ကျုပ်တို့ကိုပေးခဲ့တဲ့ လွတ်လပ်ရေးဟာ နိုင်ငံရေးအရ လွတ်လပ်တာပဲဖြစ်ပြီး၊ စီးပွားရေးကျတော့ လွတ်လပ်ခွင့် မပေးခဲ့ပါဘူးလို့ ဝန်ခံပြောဆိုသွားတာကို အံ့ဩဖွယ်ကြားရပါသည်။)

ထိုကဲ့သို့ နယ်ချဲ့သမားနှင့် စေ့စပ်ခဲ့ရသောကြောင့် ကျွန်တော်တို့သည် တိုင်းပြည်လွတ်လပ်ရေး ရပြီးသော်လည်း ကိုယ်ပိုင် အမျိုးသား စီးပွားရေးကို အောင်မြင်အောင် မထူထောင်နိုင်ခဲ့ပါ။ တိုင်းပြည်၏ စည်းလုံးညီညွတ်ရေး ပြိုကွဲအောင် ဖဆပလ လက်ယာဂိုဏ်းက ပြုလုပ်ခဲ့သည်ကို ယခုအခါ ဦးနုရေးသည့် 'တာတေစနေသား'တွင် အတော်ပြည့်ပြည့်စုံစုံ တွေ့ရပါသည်။ တကယ်တော့ ဦးနုသည် ကိုယ်လွတ်ရုန်းပြီး ရေးခြင်းသာဖြစ်ကာ၊ ထိုစဉ်က ဦးနုလည်း အလိုတူအလိုပါပင် ဖြစ်ပါသည်။

ထိုစဉ်က ဗမာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ရောက်ရှိနေသည့် ဗမာ့နိုင်ငံရေးခေါင်းဆောင်အားလုံးမှာလည်း အသက်အရွယ် ငယ်ရွယ်နုနယ်ခဲ့ကြပြီး၊ စိတ်ဓာတ်မာန်မာနတွေကလည်း အပြိုင်အဆိုင် ကြီးမားနေခဲ့ကြပါသည်။ နယ်ချဲ့သမား၏ ပရိယာယ်ဝေ့ဝစ်ကိုလည်း မမြင်နိုင်ခဲ့ကြပါ။ ထို့ကြောင့်ပင် အမျိုးသားညီညွတ်ရေးမှာ ပြိုကွဲသွားရခြင်းဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေး ပြိုကွဲလျှင် အမျိုးသားစီးပွားရေးကို လွတ်လွတ်လပ်လပ် တည်ဆောက်နိုင်မည် မဟုတ်ကြောင်း ကောင်းကောင်းသိပြီး အမျိုးသားညီညွတ်ရေးကိုလည်း မပြိုကွဲအောင် ထိန်းသိမ်းနိုင်သည့် အမျိုးသား

ခေါင်းဆောင်အများစုမှာလည်း ထိုအချိန်က လုပ်ကြံခံလိုက်ရပြီး ဖြစ်ပေသည်။

ထိုသို့ နိုင်ငံရေးအရ အမျိုးသားညီညွတ်ရေးကြီး ပြိုကွဲပြီး ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်လာသည့်အခါ ကျန်အကျပ်အတည်း ပေါင်းစုံလည်း ကျရောက်လာပြီး ဖဆပလအစိုးရမှာ လုံးဝပင် နယ်ချဲ့သြဇာခံ၊ အမှီခို ဖြစ်သွားရပါတော့သည်။

ဥပမာ – ထိုခေတ်အချိန်က ဗမာပြည် စီးပွားရေးလုပ်ငန်းကြီးများကို ကြည့်ပါ။ ပထမအချက်မှာ နယ်ချဲ့သမားများက ကိုလိုနီဟောင်းက စီးပွားရေးအခြေခံများကို ပုံစံသစ်တမျိုးနှင့် ဆက်လက်ချုပ်ကိုင်ထားသည်။ ဖဆပလအစိုးရ အနေနှင့် ဘီ–အိုု–စီ ကုမ္ပဏီနှင့် နမ္မတူဘော်တွင်းများတွင် ဖက်စပ်လုပ်ရခြင်း ဖြစ်သည်။ ထိုလုပ်ငန်းများကို တန်ဖိုးဖြတ်ပြီး အစိုးရက တဝက်ကို အစုထည့်ဝင်ပြီး ဖက်စပ်ကုမ္ပဏီ ထူထောင်ရခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ထိုလုပ်ငန်းများကို ပြည်သူပိုင်လုပ်ရမည့်အစား ကိုလိုနီဟောင်းက နယ်ချဲ့စီးပွားရေးကို တရားဝင်တည်ရှိအောင် ကျွန်တော်တို့က ပြည်သူ့ဘဏ္ဍာငွေ အရင်းစိုက်ထုတ်ပြီး လုပ်ပေးခဲ့ကြရပါသည်။ ဤနည်းဖြင့် နယ်ချဲ့သမားများကို ကာကွယ်ပေးပြီး လုပ်ငန်းတိုးချဲ့ အမြတ်ယူဖို့အတွက် လုပ်ပေးခဲ့ရပါသည်။

ထို့အပြင် နယ်ချဲ့သမားများက စေလွှတ်ခဲ့သည့် အကြံပေးဆိုသူများ၊ စီးပွားရေးအကူအညီ၊ ကမ္ဘာ့ဘဏ်ချေးငွေစတာများမှာ လည်း သူတို့၏ စီးပွားရေး စက်ကွင်းထဲက မလွတ်နိုင်အောင် နှောင့်ယှက်ဖျက်ဆီးသည့် လက်နက်များဖြစ်ပါသည်။

ကျွန်တော်တို့ ဗမာပြည်အနေနှင့် လွတ်လပ်ပြီးတဲ့နောက် တောင်သူလယ်သမားများထံမှရသည့် စပါးများရောင်းရငွေပေါ်မှာ ထိုစဉ်က စပါး ဈေးလည်း အလွန်ကောင်းသည့်အတွက် အမြတ်အစွန်း အလွန်ပင်ရခဲ့ပါသည်။ ထိုအမြတ်များနှင့် ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်နိုင် ပါသည်။

သို့သော် ဒါတွေကို လက်တွေ့အကောင်အထည် မဖော်နိုင်အောင် နယ်ချဲ့သမားများသည် ပြည်တွင်းဖောက်ပြန်ရေးသမားများ၊ မကျွမ်းကျင် သူများ၊ မရိုးသားသူများနှင့် လမ်းလွှဲဖျက်ဆီးခဲ့ကြသည်။ ပြည်သူများ ရရှိထားသည့် အမြတ်ငွေများ ရေထဲ အလဟဿ မျောသွားအောင် လုပ်ကြပါသည်။ ကျွန်တော်တို့၏ ကုဋေနှစ်ရာကျော် ကုန်ကျသည်ဟု ဆိုသော ‘ပြည်တော်သာ စီမံကိန်း’ မှာ ဤနည်းဖြင့် လမ်းလွှဲဖျက်ဆီးသည့် နည်းလမ်းဖြစ်သည်။ ထိုစဉ်က ဦးနုက လူတကိုယ်၊ တိုက်တလုံး၊ ကားတစီး၊ လခ ရှစ်ရာကျပ်ဖြင့် ပြည်တော်သာစေရမည်ဟု ကတိပေးကြွေးကြော်ခဲ့ဖူးပါသည်။

ဖဆပလ အစိုးရအနေနှင့် စီးပွားရေးစီမံကိန်းများကို ရေးဆွဲဖို့ အမေရိကန်အကြံပေးများကို ခေါ်ဖိတ်ပြီး စီမံကိန်းများ ရေးဆွဲခိုင်းရာ အလွဲလွဲ အချော်ချော်တွေဖြစ်အောင် လုပ်ပစ်ကြပါသည်။ အဓိကကုန်ပစ္စည်းထုတ်လုပ်ရေးတွင် မမြှုပ်နှံဘဲ ကုန်ပစ္စည်းသယ်ယူဖို့ဆောင်ရေးလမ်းပန်း အဆောက် အအုံလုပ်ငန်းများမှာ ငွေအရင်းအနှီးများ မြှုပ်နှံလိုက်ပါသည်။ တကယ်တော့ ထိုကဲ့သို့ လမ်းများဖောက်လုပ်ခြင်းမှာလည်း နယ်ချဲ့သမားများ၏ စီးပွားရေး၊ ဖိနှိပ်ရေးရည်ရွယ်ချက်များအတွက်ပင် ရည်ရွယ်ပါသည်။ အမျိုးသားစက်မှုလက်မှု ထူထောင်ရေးလုပ်ငန်းများမှာလည်း စေတနာမမှန်တာများကို တွေ့နိုင်ပါသည်။ ဥပမာ – သမိုင်းချည်စက်ကြီးကို ကမ္ဘာ့ဘဏ်က ချေးငွေဖြင့် တည်ဆောက်သည်။ သုံးကုဋေနီးပါး ကုန်ကျသည်ဟု ဆိုသော်လည်း ထိုစက်ကြီးမှာ အမေရိကန်နိုင်ငံမှ စက်အဟောင်းကြီး ဖြစ်သည်။ ထိုစက်နှင့်လည်ရမည့် ဝါဂွမ်းမှာလည်း အမေရိကန်ဝါဂွမ်းနှင့်မှ အထည်ရက်လုပ်နိုင်သည်။ ထို့ကြောင့် အမေရိကန်မှ ဝါဂွမ်းကို မှာယူတင်သွင်းရသည်။ ထို့ကြောင့် ဝါဂွမ်းဈေးကို အမေရိကန်က ကြိုက်သလို ကစားနိုင်သည်။ သို့ကြောင့် နှစ်စဉ် အရှုံးပေါ်သည်။ ကမ္ဘာ့ဘဏ်ချေးငွေ အရင်းမပြောနှင့် အတိုးတောင် မဆပ်နိုင်။ ထို့အတူ အင်္ဂလိပ်နှင့် ဖက်စပ်တည်ထောင်သည့် ဘီ–ပီ–အိုင် ခေါ် ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ သံရည်ကျိုစက်စတာများမှာလည်း ဒီလိုပင် ပြဿနာပေါင်းစုံ ပေါ်ပါသည်။

နယ်ချဲ့ဘဏ်တိုက်ကြီးများအားလုံးကိုလည်း ဆက်လက်ဖွင့်လှစ်ထားရှိခွင့်ပြုပြီး၊ ၎င်းတို့၏ ကြီးမားလှသည့် ငွေအရင်းအနှီး များဖြင့် ဗမာနိုင်ငံ စီးပွားရေးထဲ တိုးဝင်လာသည်ကို လက်ပိုက်ကြည့်နေခဲ့ကြရပါသည်။

ပြည်တွင်းစစ်ကိုလည်း ဖဆပလက တအားဖိတိုက်နေသဖြင့် လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူရန်ငွေ မလုံလောက်သည့်အခါ ကမ္ဘာ့ ဘဏ်စသည့် နယ်ချဲ့ဘဏ်အရင်းအနှီးများကို အားကိုးပြီး အတိုးကြီးပေး ငွေချေးရသည်။ ဝယ်ယူရသည့် ပစ္စည်းများကလည်း နယ်ချဲ့သမားများ၏ လက်နက်ပြိုင်ဆိုင်တပ်ဆင်မှုကြောင့် ခေတ်မမီတော့သည့် (သူတို့အတွက်လည်း အသုံးမကျတော့ဘဲ ပိုလျှံနေသည့်) စစ်လက်နက်ပစ္စည်းများကို သူတို့ ကြိုက်ဈေးနှင့် ဝယ်ယူရပြန်ပါသည်။ နယ်ချဲ့သမားများမှာ ဤနည်းဖြင့် ပစ္စည်းအပေါ်မှာရော၊ ချေးငွေအပေါ်မှာပါ နှစ်ထပ်အမြတ်ရကြပါသည်။ ကျွန်တော်တို့ နိုင်ငံများကတော့ မိအေးနှစ်ခါနာ ဖြစ်ရပါ သည်။

ဤနည်းဖြင့် ဖဆပလ အစိုးရသည် နယ်ချဲ့သမားနှင့်ပေါင်း၍ စီမံကိန်းအမျိုးမျိုး၊ လိုင်စင်အမျိုးမျိုးထွင်ကာ ဗျူရိုကရက်အရင်းရှင်လူတန်းစား တရပ်ကို မွေးမြူပေးလိုက်ပါတော့သည်။ မိမိကိုယ်ကျိုးစီးပွား တိုးတက်ရေးပေါ်မှာသာ အခြေခံလာကြသဖြင့် ပြည်သူလူထုကို အားမကိုးနိုင်တော့ဘဲ၊ နယ်ချဲ့သမားကိုသာ လုံးဝစီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး အားလုံးမှီခိုရသည့် အခြေအနေ ဖြစ်လာပါသည်။ နယ်ချဲ့သမားမျက်နှာသာ ကြည့်နေရသည့်ဘဝ ရောက်ရပါတော့သည်။

ထိုစဉ်က ဝန်ကြီးချုပ်ဦးနု အမေရိကန်နယ်ချဲ့ကို ဘယ်လိုမျက်နှာလုပ်သည်ကို ကျွန်တော့်ကိုယ်တွေ့တခု ပြောပြလိုပါသည်။

၁၉၅၄ – ၅၅ ခုနှစ်၊ ကျွန်တော်တို့ တရုတ်ဖြူတိုက်ခိုက်ရေး စစ်ဆင်ရေးများ လုပ်နေစဉ်ကာလတွင် ဝန်ကြီးချုပ်ဦးနုက ရှေ့တန်းက ရဲဘော်များ အား မေးမြန်းအားပေးစကားပြောကြားရန် ကျွန်တော်တို့ ရှေ့တန်းဌာနချုပ် ရုံးစိုက်ရာ မိုင်းဆတ်သို့ တပ်မတော်လေယာဉ်ငယ်တစင်းနှင့် ရောက်ရှိ လာပါသည်။ ကျွန်တော်တို့က တပ်များကို တန်းစီပေးပြီး ဦးနုကို သြဝါဒစကားပြောကြားရန် တောင်းဆိုရပါသည်။

ဦးနုက တပ်မတော်သားများကို စိတ်ဓာတ်ထက်သန်စွာ၊ သူရသတ္တိပြောင်မြောက်စွာဖြင့် တိုက်ခိုက်ကြရန် တိုက်တွန်းပြီး၊ သူရဲကောင်းတဦးကို ဥပမာပေး ပြောကြားသွားပါသည်။ သူဥပမာပေးပြောကြားသည့် သူရဲကောင်းမှာ ‘ဂျော့ဝါရှင်တန်’ ဦးဆောင်တိုက်ခိုက်ခဲ့သည့် အမေရိကန် လွတ်လပ်ရေး တိုက်ပွဲအတွင်းက အမေရိကန်သူရဲကောင်းလေးတယောက်အကြောင်း ဖြစ်ပါသည်။

အမေရိကန် အားပေးကူညီမှုဖြင့် ဗမာပြည်အား ကျူးကျော်လာသည့် တရုတ်ဖြူများအား အရိုးကြေကြေ အရည်ခန်းခန်း တိုက်ခိုက်ရမည့် သူများကို အမေရိကန်သူရဲကောင်းအကြောင်း အသားပေးပြောကြားသည့် ဦးနုအပေါ် ကျွန်တော်တို့တတွေ အတော်ပင် စိတ်ဆိုးဒေါသထွက်မိကြသည်။ နောက်မှ တွက်မိသည်မှာ ဦးနုက အမေရိကန်အစိုးရကို မျက်ခြေစကားပါးလိုက်တာပဲဟု တွက်ဆမိပါတော့သည်။

ထိုကဲ့သို့ နယ်ချဲ့သမားများကို မျက်နှာလုပ် အကြိုက်ပေး ဆက်ဆံရသည့် ဖဆပလ အစိုးရသည် ဒီမိုကရေစီကိုလည်း ဖိနှိပ်လာရပါသည်။ ကျွန်တော်တို့ လွတ်လပ်ရေးရပြီးလျှင် ဒုတိယအဆင့်မှာ ဒီမိုကရေစီတည်ဆောက်ရေး၊ ထွန်းကားရေးပင် ဖြစ်ပါသည်။ တကယ်တော့ ပြည်သူများ၏

လွတ်လပ်ရေးမှာ ဒီမိုကရေစီအခွင့်အရေးများ မရှိလျှင် အဓိပ္ပာယ် မရှိပါ။ ပြည်သူလူထုအနေနှင့် မိမိတို့အကျိုးအတွက် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ စည်းရုံးခွင့်၊ လုပ်ဆောင်ခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်များ ရှိရပါမည်။ ဤသည်များမှာ ပြည်သူများ၏ အခြေခံအခွင့်အရေးများ ဖြစ်သည်။ ကျွန်တော်တို့သည် ကိုလိုနီဘဝတွင် ဤအခွင့်အရေးများကို နှစ်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ လွတ်လပ်ပြီးရင်တော့ ထိုအခွင့်အရေးများ အပြည့်အဝရရှိဖို့ မျှော်လင့်ခဲ့ကြပါသည်။ ရရှိဖို့ လိုလည်းလိုအပ်ပါသည်။ ထိုဒီမိုကရေစီအခွင့်အရေးများ ရရှိမှသာလျှင် မိမိတိုင်းပြည်၏ အမျိုးသားစီးပွားရေးနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူလူထုကြီးတရပ်လုံး တက်ကြွစွာပါဝင်လာအောင် လှုံ့ဆော်စည်းရုံး နိုင်မည် ဖြစ်ပါသည်။ နယ်ချဲ့အမှီမိုကင်းသည့် အမျိုးသားစိမ်းကိန်းစီးပွားရေးကြီးများကို ပြည်သူလူထု၏ များပြားလှသော တီထွင်ဖန်တီးနိုင်သော အတွေ့အကြုံ အရည်အချင်းများကို အားကိုးအမှီပြု၍ အောင်မြင်ကျယ်ပြန့်စွာ ဖော်ထုတ်နိုင်မှာ ဖြစ်ပါသည်။

သို့သော် ပြည်သူလူထု၏ အကျိုးကို ကိုယ်စားမပြုဘဲ နယ်ချဲ့နှင့်ပေါင်းကာ ကိုယ်ကျိုးစီးပွားရှာ ချမ်းသာလာကြသည့် အုပ်စိုးသူ ဖဆပလ အစိုးရသည် ဖိနှိပ်ရေး ဥပဒေအမျိုးမျိုးကို ပိုမိုဆိုးဝါးစွာ တိုးချဲ့အသုံးချလာပါသည်။ တိုးတက်တဲ့ နိုင်ငံရေးသမားများ၊ သတင်းစာဆရာများ၊ စာရေးဆရာများ၊ ကျောင်းသားများစသည့် တိုင်းပြည်၏ သားကောင်းရတနာ အများအပြားကို နှစ်ရှည်ထောင်ချ နှိပ်စက်ခဲ့ကြပါသည်။

ဤနည်းဖြင့် ဗမာပြည်ကြီးသည် လွတ်လပ်ရေးရပြီးခဲ့သော်လည်း ဖွံ့ဖြိုးတိုးတက်သည့်လုပ်ငန်းများ မလုပ်နိုင်ကြဘဲ၊ ပြည်တွင်းစစ်ချောက်တွင်းကျကာ အကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်လာရခြင်း ဖြစ်ပါသည်။ ဤပဋိပက္ခတိုက်ပွဲများသည် ကျွန်တော်တို့ ရန်သူနယ်ချဲ့သမားများနှင့် တိုက်လာခဲ့ရသည့် တိုက်ပွဲများ၏အဆက် (တနည်း) အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ၏အဆက် ဖြစ်ပါသည်။

ကျွန်တော်တို့သည် နယ်ချဲ့နှင့်မစေ့စပ်ဘဲ အပြတ်အသတ်တိုက်ပွဲဝင်ကာ တော်လှန်ရေးနည်းဖြင့် လွတ်လပ်ရေးကို အရယူကာ၊ နယ်ချဲ့စနစ်မှ လွတ်ကင်းသည့် အမျိုးသားစီးပွားရေးနှင့် ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ခဲ့မည်ဆိုပါက ပြည်တွင်းစစ်ဖြစ်နိုင်စရာ အကြောင်းမရှိပါ။ နယ်ချဲ့သမားများက ၎င်းတို့၏ လက်ဝေခံ ပြည်တွင်းဖောက်ပြန်ရေးသမားများ (ဖဆပလ လက်ယာဂိုဏ်း) ကို အသစ်မွေးမြူပြီး၊ သူတို့အား အသုံးချ၍ ကျွန်တော်တို့နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးလမ်းကြောင်း တလွဲတချော် ဖြစ်သွားအောင် လုပ်လိုက်ခြင်း ဖြစ်ပါသည်။

ဤသည်မှာ ၁၉၄၈ ခုနှစ်က ကျွန်တော်တို့ ရခဲ့သည့် လွတ်လပ်ရေးနှင့် ပတ်သက်သည့် ကျွန်တော့်အမြင် ဖြစ်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးကို မတည်ဆောက်နိုင်ဘဲ၊ အမျိုးသားစီးပွားရေးကို မတည်ဆောက်နိုင်ပါ။ ထို့ကြောင့် အရင်းခံပြဿနာ ဖြစ်သည့် တမျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အလိုအပ်ဆုံးဖြစ်နေသဖြင့် ဤလုပ်ငန်းတွင် ကျွန်တော်ဝင်ရောက်ပါဝင်ခဲ့ရခြင်း ဖြစ်ပါသည်။

## နယ်စည်းရုံးရေးဟောပြောပွဲများ

ကျွန်တော်တို့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကို နယ်များက ၁၉၆၁ ခုနှစ်၊ မေလပိုင်းမှစ၍ လာရောက်စည်းရုံး ဟောပြောပေးရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ခွဲများ ဖွဲ့စည်းပေးရန် ဖိတ်ကြားကြပါတော့သည်။

မြစ်ဝကျွန်းပေါ်ဒေသ (ပုသိမ်ခရိုင်) က ပထမဆုံး ဖြစ်ပါသည်။ ထို့နောက် မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ ဇလွန်စသည့် မြို့များသို့လည်းကောင်း၊ ပဲခူးတိုင်းအတွင်း မြို့အတော်များများ – (ပဲခူး၊ ပြည်၊ ပေါင်းတည်၊ ရွှေတောင်၊ ကြို့ပင်ကောက်၊ မင်းလှ၊ လက်ပံတန်း၊ သာယာဝတီမြို့များ) သို့လည်းကောင်း၊ မန္တလေးတိုင်းအတွင်းလည်း မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း စသည့်မြို့များသို့လည်းကောင်း၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်စသည့် မြို့ကြီးများသို့လည်းကောင်း ထိုနှစ်တနှစ်လုံးနှင့် ၁၉၆၂ ခုနှစ် နှစ်ဆန်းပိုင်းအထိ မရပ်မနား လှည့်လည်သွားခဲ့ရပါသည်။

ကျွန်တော်မှာ တရုတ်ဖြူကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မတီဥက္ကဋ္ဌလည်းဖြစ်နေသဖြင့် ထိုလုပ်ငန်းမှာလည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့်လည်း ဆက်စပ်နေသဖြင့် နယ်များတွင် ထိုအဖွဲ့နှစ်ဖွဲ့ကို တဖွဲ့တည်းလိုပင် သဘောထား၍ လှုပ်ရှားခဲ့ကြရပါသည်။

နယ်များတွင် ကျွန်တော်တို့သည် ည – လူထုတရားဟောပွဲများ ပြုလုပ်ကာ ပြည်သူလူထုကြီးအား ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ရန် လှုံ့ဆော်စည်းရုံးဟောပြောရာ တခါတရံ လူထုဆန္ဒပြပွဲကြီးများသဏ္ဍာန် ဖြစ်သွားတတ်ပါသည်။ မြစ်ဝကျွန်းပေါ်က တချို့ဒေသများမှာ ကျွန်တော်တို့အား လာရောက်ကြိုဆိုသည့် လူထုမှာ ကမ်းလုံးညွတ်မျှပင် ဖြစ်ပါတော့သည်။ နယ်ဒေသ အသီးသီးမှာ ရှိနေကြသည့် နိုင်ငံရေးသမားများ၊ စစ်ပြန်ရဲဘော်များ၊ ပြည်သူ့ရဲဘော်များ၊ ကျောင်းသားများ၊ လက်လုပ်လက်စားရေးသည်များ၊ တောင်သူလယ်သမားများစသဖြင့် အလွှာပေါင်းစုံမှ လူထုများ ပါဝင်လှုပ်ရှားလာကြပါတော့သည်။

တချို့မြို့များတွင် မြို့လုံးကျွတ်မျှ ထွက်ကြိုဆိုကြပြီး ကျွန်တော်တို့တတွေမှာ မြို့လယ်လမ်းမတလျှောက် လမ်းလျှောက်သွားရပြီး နှုတ်ဆက်ကြရပါသည်။ တချို့မြို့ရွာများတွင် ကျွန်တော်တို့ကို ကြိုဆိုသည့်အဖွဲ့များက ကြွေးကြော်သံများ ဟစ်ကြွေးပြီးကြိုဆိုရာ လူထုဆန္ဒပြပွဲကြီး၊ လူထုစီတန်းလမ်းလျှောက်ပွဲကြီးသဏ္ဍာန် ဖြစ်သွားပါတော့သည်။

ကျွန်တော်တို့ ညပိုင်းဟောပြောပွဲများ ပြီးသွားလျှင် တချို့ရွာများက တက်လာသည့် ပြည်သူများသည် မပြန်ကြဘဲ ကျွန်တော်တို့နှင့် တွေ့ဆုံခွင့်တောင်းကာ သူတို့ရဲ့အခက်အခဲ ပြဿနာများကို တင်ပြပြောဆိုကြရာ တခါတရံ မိုးပင်လင်းသွားတတ်ပါသည်။

ကျွန်တော်သည် ဤညပိုင်း ဆွေးနွေးပွဲများကို အလွန်ပင် သဘောကျခဲ့ပါသည်။ နယ်ပြည်သူလူထုနှင့် ကျွန်တော် ပထမဆုံး အကြိမ် ရင်းနှီးစွာ နီးကပ်စွာ တွေ့ဆုံထိတွေ့ခဲ့ရပါသည်။ ဤလိုမျိုး ပြည်သူလူထု၏ ယုံကြည်ရင်းနှီးမှုအပြည့်ဖြင့် မိမိအား သူတို့စိတ်ဆန္ဒ၊ ခံစားချက်များကို ဖွင့်ဟပြောဆိုခြင်းခံရသော မည်သည့်မျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်မဆို ထိုပြည်သူလူထုကြီးကို မေ့ပျောက်နိုင်ခြင်းလည်းမရှိ၊ သူတို့၏ဆင်းရဲဒုက္ခကို ဖြေရှင်းပေးလိုစိတ်၊ စာနာစိတ်ကိုလည်း မေ့ပျောက်နိုင်ခြင်းမရှိဘဲ ထိုပြည်သူများအတွက် ဘဝပေးဆပ်ရ ပေးဆပ်ရ၊ ပေးဆပ်ချင်သည့် သန္နိဋ္ဌာန်မှာ ပိုမိုခိုင်မာ၍ပင် လာပါတော့သည်။ ပြည်သူလူထုသည် ဤမျှပင် အစွမ်းထက်ပါသည်။

ပြည်သူလူထုသည် ငြိမ်းချမ်းရေးကို လှိုက်လှိုက်လှဲလှဲ လိုလားကြပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးသည် သူတို့၏ အဓိကပြဿနာ ဖြစ်နေသည်ဆိုသည်ကိုလည်း သဘောပေါက်ကြသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် သူတို့၏ကိုယ်ရေးကိုယ်တာ ပြဿနာအားလုံးသည် ဤငြိမ်းချမ်းရေး ပြဿနာပေါ်တွင် တည်ရှိနေကြောင်း ပြောဆိုကြပါသည်။ မြစ်ဝကျွန်းပေါ်တွင် ကရင်အမျိုးသားများနှင့်လည်း တွေ့ခဲ့ရာ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး သူတို့က

လိုက်လံရှာ ကြိုဆိုထောက်ခံကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီး အနေနှင့် ဆက်တိုက်အောင်မြင်အောင် ဆောင်ရွက်ဖို့နှင့် သူတို့အဖို့ ပြည်တွင်းစစ်ကြောင့် ရွာပျက်လျှင် မြို့ကိုကပ်နိုင်သူများ မဟုတ်၍ အလွန်ဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးရအောင် ကြိုးစားကြပါလို့ အလွန်လိုက်လံရှာ ပြောဆိုခဲ့ကြပါ သည်။ ထို့ပြင် ကျေးလက်ဒေသများမှ ပြည်သူလူထု၏ ဆင်းရဲကျပ်တည်းမှုများသည် ကျွန်တော်တို့ ထင်တာထက် အများကြီး ပိုမိုဆိုးဝါးတာတွေ့ရပါသည်။ ပြည်သူလူထုသည် ထို ၁၃ နှစ်ကျော်ကာလအတွင်း 'သူပုန်' အမည်တပ်ပြီး ဖြစ်ပွားခဲ့သော အဖိအနှိပ်၊ အထုအထောင်း၊ အခက်အခဲများကြားတွင် ကြီးစွာသောဖွဲ့နှင့် ရပ်တည်ခဲ့ကြရပါသည်။ ထို့ပြင် ကျေးလက်လူထုသည် အပြုတ်တိုက်ရေးဆိုတာကို အလွန်ရွံမုန်းပြီး၊ မနှစ်သက်တာကိုလည်း တွေ့ရပါသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့၏ နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်း အဖြေရှာ၍ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး ကြွေးကြော်သံကို ထောက်ခံကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ဤကဲ့သို့ လှည့်လည်ဟောပြောရာတွင် ကျွန်တော်နှင့်အတူ ပုဂ္ဂိုလ် ၃–၄ ဦး အလှည့်ကျ လိုက်ပါကြပါသည်။ အများစု ပါကြသူများမှာ စာရေးဆရာကြီး ဗန်းမော်တင်အောင်၊ ကျောင်းသားခေါင်းဆောင် ဦးလှဝင်း (နောင် မဆလခေတ် အထူး အရာရှိ)၊ ပြည်သူ့ရဲဘော်ခေါင်းဆောင်ဟောင်းများဖြစ်ကြသော ဗိုလ်အုန်းတင်နှင့် ဗိုလ်အောင်နိုင်၊ ဦးသန့်ဇင် (တော်ဘုရားလေး)၊ ကျုံမငေး သခင်တင်မောင်စသူတို့ ဖြစ်ကြပါသည်။ တခါတရံ ရှေ့နေကြီး ဦးထွန်းတင်လည်း ပါတတ်ပါသည်။ ကျွန်တော်တို့သည် နယ်များတွင် ညတရားပွဲများကျင်းပရုံမက ထိုနယ်များတွင် ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ခွဲလေးများကိုလည်း ဒေသခံနိုင်ငံရေးသမားများကို အခြေခံ၍ ဖွဲ့စည်းပေးခဲ့ကြပါသည်။

ကျွန်တော်တို့တတွေ ဤကဲ့သို တိုင်းပြည်တဝန်း လှည့်လည်စည်းရုံး ဟောပြောလုပ်ဆောင်ရာတွင် ပြည်သူလူထုအများစုမှာ တခဲနက်ကြိုဆိုထောက်ခံအားပေးကြသော်လည်း၊ မနည်းလှသော အနှောင့်အယှက်၊ အဖျက်အဆီးများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါသည်။ ကျွန်တော်တို့အား ဖိတ်ခေါ်သည့် အဖွဲ့ထဲတွင်ရော၊ ကြိုဆိုဧည့်ခံသည့် အဖွဲ့ထဲတွင်ရော၊ တက်ရောက်လာသည့် လူထုပရိသတ်အတွင်းတွင်ရော၊ လမ်းခရီးတလျှောက်မှာရော အထူးထောက်လှမ်းရေးများ၊ စုံထောက်များ၊ သတင်းပေးများ ပါနေတတ်ပါသည်။

ထိုသူများက ကျွန်တော်တို့၏ ခရီးစဉ်များ အဆင်မပြေ၊ မချောမွေ့ရန်၊ အဖုအထစ်များဖြစ်ရန်၊ လူထုက ကျွန်တော်တို့အား ပြဿနာများ မတင်ပြရဲရန် အမျိုးစုံနှောင့်ယှက်ကြပါသည်။ တခါတရံ လူထုတရားဟောပြောပွဲများတွင် တပ်ဆင်သည့် စကားပြောခွက်များ အသံမထွက်တထွက် ဖြစ်နေစေရန်မျိုး၊ တရားပွဲအနီးတွင်ကပ်၍ အငြိမ့်ကတာမျိုး၊ တရားပွဲကျင်းပရန်နေရာ ကျယ်ကျယ်ဝန်းဝန်း မရအောင် လုပ်တာမျိုး၊ အဆောက်အအုံ (ဥပမာ–ရုပ်ရှင်ရုံများ) များ မငှားရမ်းရဲအောင် ပိုင်ရှင်များအား ခြိမ်းခြောက်တာမျိုးစသဖြင့် နည်းလမ်းပေါင်းစုံနှင့် နှောင့်ယှက်ကြပါသည်။

သို့သော် ပြည်သူများက ဒါတွေအားလုံးကို အန်တုရဲပါသည်။ ကျွန်တော်သည် ဤခရီးများ သွားနေစဉ်အတွင်း ကျွန်တော် မသိသော ပြည်သူအများအပြား၏ အကူအညီ၊ ထောက်ခံမှုများကို မရေမတွက်နိုင်အောင် ရရှိခဲ့ပါသည်။ တချို့သူများသည် ကျွန်တော် နားကပ်၍ "ဘယ်သူဟာ စုံထောက်၊ သူ့ကို သတိထားပါ"ဆိုသည့်စကားမျိုး။ "နောက်တွဲမှာ စစ်စုံထောက်နှစ်ယောက် ပါတယ်" ဆိုသည့်သတင်းမျိုး။ "ဘယ်သူကတော့ ဘယ်တုန်းက သစ္စာဖောက်ဖူးတယ်"ဆိုတာမျိုး ပြောကြပါသည်။ တချို့စာလိပ်ကလေးများ အိတ်ထဲထည့်ပေးလိုက်ပါသည်။ ကျွန်တော့်နား တိုက်ရိုက်မကပ်နိုင်သော်လည်း ကျွန်တော့်နားပါသည့် တဦးဦးကို ပြောဆိုတတ်ကြပါသည်။ ဤနည်းဖြင့် ကျွန်တော်တို့သည် ထောက်လှမ်းရေးများ၏ အန္တရာယ်၊ မိမိတို့အတွင်းဝင်၍ လှုပ်ရှားနေသော သူများ၏အန္တရာယ်မှ အတော်အတန် လွတ်ကင်းခဲ့ကြရပါသည်။ နောက်ပိုင်းတွင်လည်း ဤအဖြစ်အပျက်မျိုး အများအပြား ကြုံခဲ့ရပါသည်။

ယခုနောက်ပိုင်း ကျွန်တော်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည် အကြောင်းများကို နိုင်ငံခြားရောက် ဗမာလူမျိုးများနှင့် တွေ့ဆုံဆွေးနွေးရင်း "တချို့လူများက ဒေါ်အောင်ဆန်းစုကြည်က သိပ်လူကဲခတ်တော်တယ်။ တချို့ထောက်လှမ်းရေးတွေ၊ သူလျှိုတွေဆိုရင် သူအရင်သိတတ်တယ်" လို့ ပြောကြပါသည်။ ဤတွင် ကျွန်တော်စဉ်းစားမိသည်မှာ သူ့ကို လည်း ကျွန်တော့်ကို ပြည်သူတွေက အနားကပ် ပြောကြသလို ပြောတာလည်း ပါနိုင်ကြောင်း ထင်မြင်မိပါသည်။ နောက်တကြောင်း ကျွန်တော် စဉ်းစားမိသည်မှာ ကျွန်တော်တို့ လှုပ်ရှားလုပ်ကိုင်နေသော နိုင်ငံရေးမှာ ပြည်သူလူထုအတွက်၊ လူထုအကျိုးစီးပွားအတွက် ဖြစ်လေရာ လူထုကို ဆန့်ကျင်သော၊ လူထုကို ရန်သူလိုသဘောထားသောသူများ (ဥပမာ–ထောက်လှမ်းရေး၊ သူလျှို၊ သတင်းပေးများ) ၏ အပြောအဆို၊ အပြုအမူများမှာ ဘယ်လောက်ပင် ဟန်ဆောင်ကောင်းစေကာမူ၊ တကွက်မဟုတ် တကွက်မှာ ပေါ်လာတတ်ပါသည်။ ကျွန်တော့် အတွေ့အကြုံအရတော့ အထူးသဖြင့် လူထု၏ ဒုက္ခဝေဒနာကို မခံစားနိုင်၊ မစာနာနိုင်နှင့် လက်လွှတ်စပယ် ပြောတတ်ဆိုတတ်၊ လုပ်တတ်ကိုင်တတ်သူများသည် လက်ရှိထောက်လှမ်းရေးသော်လည်းကောင်း၊ နောင်တနေ့ ဖောက်ပြန်သွားသူများ သော်လည်းကောင်း ဖြစ်နေတတ်ပါသည်။ ဗမာပြည် နိုင်ငံရေးမှန်တိုင်းကလည်း အလွန်ပြင်းထန်လေရာ အခြေခံစိတ်များ တကျေ့မဟုတ်တကျေ့ ဖျတ်ခနဲဖျတ်ခနဲ ပေါ်လာတတ်ပြီး အဆင့်တဆင့်ရောက်သည့်အခါ သစ္စာဖောက်များ ဖြစ်သွားကြပါတော့သည်။ နိုင်ငံရေးခံယူချက် ပြတ်သားပြင်းထန်ပါက၊ သတိအလွန်ထားပါက အတော်စောစောကပင် လူတယောက်၏ စိတ်နေစိတ်ထားကို အကဲဖြတ်နိုင်ပါသည်။ သို့သော်လည်း ကျွန်တော်၏ အကဲဖြတ်ချက်များ တခါတရံ မှားယွင်းတတ်သည်လည်း ရှိပါသည်။

ကျွန်တော်တို့၏ ညဆွေးနွေးပွဲများကလည်း အလွန်စည်ကားပါသည်။ အထူးသဖြင့် ကျေးလက်တောရွာက တက်လာသည့် လူထုများက သူတို့ဒေသများတွင် နံမည်အမျိုးမျိုးနှင့် ဖွဲ့စည်းထားသည့် လက်နက်ကိုင်တပ်များ (ပြူစောထီးများ၊ ကာကွယ်ရေးများ) ၏ အနိုင်ကျင့်မှုအမျိုးမျိုး၊ ဒုက္ခအဖုံဖုံတို့ကို ပြောပြတတ်ပါသည်။ အထူးသဖြင့် အိမ်စောင့်အစိုးရလက်ထက် စစ်တပ်၏အမိန့်ဖြင့် ထုတ်ခဲ့သည့်အမိန့်အမျိုးမျိုး၊ လူထုအား အတင်းအကျပ် လုပ်ဆောင်စေခိုင်းသည့် အမှုများစတာတွေ ပါတတ်ပါသည်။ တခါတရံ အမိန့်ထုတ်သည့် တပ်မှူးကြီးများ၏ ကလေးကလား စဉ်းစားနည်းများ၊ ရှေ့နောက်မညီသည့် အမိန့်များစတာတွေ ပြောဆိုကြရင်း ငိုအားထက်ရယ်အားရသည့် အဖြစ်များလည်း ရှိပါသည်။ ပြည်သူများ၏ ဒုက္ခ ဆင်းရဲများကို ကြားရသည်မှာ အလွန်ရင်မောဖွယ်ရာ၊ ရင်နာဖွယ် ဖြစ်ပါတော့သည်။ အလွန်ကြင်နာဖွယ် ဖြစ်ပါသည်။

ကျွန်တော် ပုသိမ်မြို့ကို ရောက်စဉ်က ထိုကဲ့သို့သော ညဆွေးနွေးပွဲများတွင် ပုသိမ်က လူတချို့က အိမ်စောင့်အစိုးရလက်ထက် သူတို့ ပုသိမ်မြို့မှ အိမ်တိုင်းရှိ အိမ်သာများကို သန့်ရှင်းရေးအတွက်ဆိုကာ ချောင်းများ၊ မြစ်များဘက် လှည့်ဆောက်ခိုင်းသဖြင့် ချောင်းရေ၊ မြစ်ရေများ အညစ်အကြေးများဖြင့် ရောနှောသွားကာ သုံးမရဖြစ်သွားရပုံများအကြောင်းပြောပြီး ထိုအမိန့်ထုတ်သည့် အနောက်တောင်တိုင်းမှူး (ထိုစဉ်က ဗိုလ်မှူးကြီးကြည်မောင် ဖြစ်ပါသည်) အကြောင်း ပြဿနာများကို သေသေချာချာ မလေ့လာဘဲ အမိန့်ချလုပ်ဆောင်ပုံတွေအကြောင်းပြောပြီး တသောသော ရယ်မောကြရပါသည်။

နောင် ဗိုလ်မှူးကြီး ကြည်မောင် တပ်ကထွက်ရပြီးနောက် ကျွန်တော့်ဆီ မကြာခဏ လာလည်ရာ တနေ့စကားစပ်မိ၍ ထိုအကြောင်းများကို ကျွန်တော်က သူ့ကိုပြောရာတွင် သူက ဘာမှပြန်မပြောဘဲ ရယ်ကျဲကျဲပဲ လုပ်နေပါသည်။

တကယ်တော့ ဗိုလ်မှူးကြီးကြည်မောင်မှာ တိုင်းချစ်ပြည်ချစ်စိတ် ပြင်းထန်သူ ဖြစ်ပါသည်။ သို့သော် စစ်သားသာဖြစ်သဖြင့် တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်း၊ တိုင်းပြည်အုပ်ချုပ်ရေးလုပ်ငန်းများ မလုပ်တတ်၊ မကျွမ်းကျင်ပါ။ ထို့အပြင် ဒီမိုကရေစီလုပ်ဟန်လည်း မရှိပါ။ ထို့ကြောင့် မိမိစေတနာနှင့် လုပ်တာပဲဟု သဘောထားကာ အကျိုးဆက်ဘယ်လိုရှိမရှိ၊ လူထုကိုလည်း မမေး၊ မစဉ်းစား စွတ်လုပ်မိခြင်းဖြစ်ပါသည်။ တကယ်လည်း ကြိုးစားပန်းစား သူတတ်သမျှ၊ မှတ်သမျှ လုပ်ရှာပါသည်။

သို့သော် ဤကဲ့သို့သော စစ်သားလူရိုးကြီးမျိုးကိုပင် ဗိုလ်နေဝင်းစစ်အာဏာရှင်စနစ်က မကြိုက်နိုင်ခဲ့ပါ။ ကိုကြည်မောင်သည် နှစ်မစေ့ခင်ပင် ပင်စင်ယူခဲ့ရပြီး ပင်စင်လစာလေးဖြင့် အတော်ချို့ချို့တဲ့တဲ့ နေရှာပါသည်။ မိသားစု အသိုင်းအဝိုင်းတောင့်တင်း၍သာ အပေါ်ယံ ဟန်မပျက်နေနိုင်ခြင်း ဖြစ်ပါသည်။

သူပင်စင်ယူပြီးနောက် ကျွန်တော့် စမ်းချောင်း၊ ဆီဆုံလမ်းအိမ်ကိုလည်း မကြာခဏ လာလည်တတ်ပါသည်။ တခါတရံ သူ့ဇနီး ကြည်ကြည် ရော သားသမီးများပါ ပါလာတတ်ပါသည်။ တခါတော့ သူရောက်လာပြီး "ဗိုလ်ချုပ် ကျွန်တော် ဒီနေ့ ဘာနဲ့လာခဲ့သလဲ သိလား" ဟု မေးပါသည်။ ကျွန်တော်က "ဘာနဲ့လာခဲ့သလဲဗျ"ဟု ပြန်မေးတော့၊ သူက "ကျွန်တော် အိမ်ကထွက်တော့ MI နှစ်ကောင် အိမ်ရှေ့မှာ ကားနဲ့ထိုင်စောင့်နေတာ တွေ့တယ်။ ဒါနဲ့ ကျွန်တော်လည်း အဲဒီကားပေါ်တက်ပြီး ကဲ – မင်းတို့လည်း ငါသွားမယ့်နေရာကို လိုက်မှာပဲ၊ ဒီတော့ ငါ့ကိုအဲဒီနေရာသာ လိုက်ပို့ကွာလို့ ပြောပြီး ကျွန်တော် ဗိုလ်ချုပ်အိမ်လိုက်ပို့ခိုင်းလိုက်တာ"ဟု ပြောပြီး တဟားဟား ရယ်နေပါတော့သည်။

သူက အဲသလို လူမျိုးဖြစ်သည်။ ဗိုလ်နေဝင်းကိုလည်း မကြိုက်၊ မကြည်ညို၊ ဗိုလ်နေဝင်းလုပ်နေသည့် မဆလ ဆိုတာကိုလည်း မကြိုက်။ သူ့တိုင်းမှာ ဗိုလ်နေဝင်းတို့က လာကျင်းပသည့် လယ်သမားဆွေးနွေးပွဲကြီးများကိုလည်း မတက်ရောက်၊ ရှောင်နေတတ်တာတွေကို ဗိုလ်နေဝင်းက ငြိုးထားပြီး သူ့ကို တပ်က ထုတ်ပစ်ခဲ့တာဖြစ်ပါသည်။

ကိုကြည်မောင် အနေနှင့် ကွန်မြူနစ်ကို ဆန့်ကျင်တာလည်း ကွန်မြူနစ်တွေမှာ ဒီမိုကရေစီမရှိဟု ထင်မြင်နေတာကြောင့်လည်း ဖြစ်ပါသည်။ ထို့ပြင်သူက အမေရိကန်ဒီမိုကရေစီကိုလည်း အတော်အထင်ကြီးပါသည်။ သူ၏ အဓိကအားနည်းချက်မှာ ဗမာပြည်သူတွေ နိုင်ငံရေးအရ တိုးတက် လှုပ်ရှားပြောင်းသွားသည့်ခေတ် ၁၉၄၂ – ၄၅ အတွင်း သူ ဗမာပြည်မရှိဘဲ၊ ဂျပန်တွင် စစ်ပညာသင် သွားနေရသည့်အတွက် ဗမာပြည်သူများ၏ နိုင်ငံရေးနှင့် သူမကျွမ်းဝင်၊ မရင်းနှီးဖြစ်သွားရခြင်း ဖြစ်ပါသည်။ သို့သော်လည်း ပြည်သူလူထုအပေါ် သူ၏စေတနာကိုမူ ကွယ်လွန်သွားချိန်အထိ တတ်စွမ်းနိုင်သမျှ၊ စွမ်းအားရှိသမျှ ဖော်ပြသွားခဲ့ပါသည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ယာယီဥက္ကဋ္ဌအဖြစ်နှင့် အပြတ်အသတ် အနိုင်ရအောင် စွမ်းဆောင်ပေးသွားခဲ့ပါသည်။ ထိုအချိန်က ဒီချုပ်၏ ကျန်ခေါင်းဆောင်များအားလုံး အကျဉ်းကျနေပါသည်။

ထိုအချိန်က ဗိုလ်မှူးကြီးကြည်မောင်လိုပင် ကျွန်တော့်ဆီကို မကြာခဏလာတတ်သည့် တပ်မှူးကြီးတဦးမှာ ဗိုလ်မှူးကြီးတင်မောင် (စာရေးဆရာ မြတ်ထန်) ဖြစ်ပါသည်။ သူက ရှမ်းပြည်တောင်ကြီးတွင် တပ်မင်းလုပ်နေစဉ် ဗိုလ်စကြာရောက်လာပြီး ခွေ့တည်းခိုကာ သူ့အိမ်မှတဆင့် ထိုင်းသွားပြီး ဦးနုတို့နှင့် ပူးပေါင်းသွားသဖြင့် ဗိုလ်နေဝင်း အကြီးအကျယ် စိတ်ဆိုးကာ ဖမ်း၊ ဖြုတ်၊ ထောင်ချပြီးမှ အငြိမ်းစားပေးခြင်းခံရသူ ဖြစ်သည်။ တကယ်တော့ ဗိုလ်စကြာ၏ အကြံအစည်ကို သူဘာမှ သိတာမဟုတ်။ သူတို့တတွေ ဂျပန်စစ်တက္ကသိုလ်တက်နေစဉ် ဗမာပြည်မှာ ဂျပန်တော်လှန်ရေး ပေါ်ပေါက်ပြီး ဂျပန်စစ်ရုံးကာ လက်နက်ချရသည်။ ထိုစဉ် ဂျပန်တွင် သောင်တင်နေသော သူတို့အားလုံးကို ထိုစဉ်က ဂျပန်ပြည်ရှိ ဗမာပြည်၏ စစ်သံမှူး ဗိုလ်စကြာက ကယ်ထုတ်ခေါ်လာ၍ ရန်ကုန်သို့ ပြန်ရောက်လာခြင်း ဖြစ်သည်။ ဤကျေးဇူးမျက်နှာဖြင့် သူ့ဆီဝင်လာသော ဗိုလ်စကြာကို သူက ညှော်ခံလိုက်ခြင်းပင် ဖြစ်သည်။

ဗိုလ်နေဝင်းက ကိုတင်မောင်ကိုသာ ဖမ်းဆီးထောင်ချရုံမက သူ့ဇနီးကိုပါ ဖမ်း၊ ထောင်ချပစ်သည်။ ကိုတင်မောင်ကို ကျွန်တော်သည် အစောပိုင်း ကတည်းက ရင်းနှီးသိရှိပြီး ဖြစ်သည်။ ကျွန်တော်တို့ ကန္တာချုပ်အပြီး ဖွဲ့စည်းခဲ့သည့် အမှတ် ၃ ဗမာ့သေနတ်ကိုင် တပ်ရင်းမှာ ကျွန်တော် ဒုရင်းမှူးဖြစ်စဉ် သူက ဒုတပ်ခွဲမှူးဖြစ်ခဲ့ပြီး၊ ကျွန်တော်တို့ အတူတူပင် မေမြို့၌ ဖွင့်လှစ်သော အထူးစစ်သင်တန်းကို တက်ခဲ့ကြရပါသည်။ (ဤအကြောင်းအရာ တော်တော် များများကို သူ၏ 'တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်'စာအုပ်တွင် ရေးသားပြီး ဖြစ်ပါသည်။)

ထိုစဉ်က ကျွန်တော်တဦးတည်း အိမ်ထောင်ကျသေးပြီး ကျန်အရာရှိများမှာ လူပျိုလူလွတ်များဖြစ်သည်။ ထိုစဉ်က ကိုတင်မောင် (သူ့ ပထမဇနီး) မေပယ်လ်နှင့် မေတ္တာရှိနေကြသော်လည်း မိန်းကလေးမိဘများက သဘောမတူသဖြင့် လက်မထပ်ရသေးဘဲ ရှိနေပါသည်။ ထိုစဉ်က ချစ်ဒုက္ခရောက်နေသူ နောက်တဦးကတော့ ကိုလှဖေ (နောက်ပိုင်း တောခိုသွားသူ) ပါ။ ကိုလှဖေကလည်း တင်တင် (လူထု ဒေါ်အမာ ညီမ) နှင့် မိဘများက ခွင့်မပြုသဖြင့် လက်မထပ်နိုင် ဖြစ်နေရပါသည်။ ကျွန်တော့်ဇနီးမှာ သူတို့၏ ပုဏ္ဏားတိုင် ဖြစ်နေပြီး၊ တနေ့တမျိုး အမျိုးမျိုးဖြင့် မရိုးနိုင်အောင် သူတို့၏ သောကအတက်အကျကို နားထောင်နေရပါသည်။ နောင် တော့လည်း သူတို့နှစ်တွဲစလုံး ဘေးဘီအကူအညီဖြင့် လက်ထပ်ဖြစ်သွားကြပါသည်။ သို့သော် မေပယ်လ်မှာ သက်ဆိုးမရှည်ပါ။ သူ၏ နောက်ဇနီးမှာ ရှမ်းအမျိုးသမီး ဖြစ်ပါသည်။

ကျွန်တော့်အိမ်တွင် ကိုကြည်မောင်၊ ကိုတင်မောင်နှင့် နောက်တဦး ကိုတင်ထွန်း (ဗိုလ်မှူးကြီး တင်ထွန်း) တို့ဆုံမိကြလျှင် ရှေးဟောင်း နှောင်းဖြစ်သာမက ဗိုလ်နေဝင်းအကြောင်း၊ သူ့ဇနီးခင်မေသန်းအကြောင်း သူတို့သိလာသမျှ ကြားလသမျှ ကောလာဟလ အစုံပြောပြီး တဝေါဝေါနှင့် ပွဲကျနေတတ်ကြပါသည်။ ဗိုလ်စိန်ဝင်း ဝန်ကြီးချုပ်ဖြစ်လာတော့ ဖွတ် – မိကျောင်းဖြစ်၊ မြစ်မချမ်းသာဆိုပြီး ဗိုလ်စိန်ဝင်း ကို့ရို့ကားယား လုပ်သမျှတွေကို ပြောပြီး ရယ်နေတတ်ကြပါသည်။ ထို့ပြင် ထိုစဉ်က ဗိုလ်နေဝင်းအနီး အနားပြာ လုပ်နေသော ဗိုလ်စန်းယု အကြောင်းလည်း ပါတတ်ပါသည်။

ထိုကာလမျိုးတွင် ကျွန်တော့်အိမ်ပတ်လည်ရှိ ထောက်လှမ်းရေးများ အလွန်အလုပ်ရှုပ်သွားတတ်ကြပါသည်။

ကျွန်တော် ဤကာလအတွင်းက ရင်းနှီးခဲ့သည့် အခြားရဲဘော်ရဲဘက်များကိုလည်း ဤနေရာတွင် မှတ်တမ်းတင် ရေးသားလိုပါသည်။ သူတို့အား ကျွန်တော် အထူးပင် သတိရလွမ်းဆွတ်မိပါသည်။

၁။ **ဝန်းမော်တင်အောင်။** ။ ကျွန်တော် သူ့ကို ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများလုပ်ဆောင်နေစဉ်ကာလမှာ စတင်သိ သိရှိရခြင်း ဖြစ်ပါသည်။ ကျွန်တော် တပ်ကထွက်ခါနီးနှင့် ထွက်ခါစကာလများတွင် သူ၏ လင်းယုန်ဂျာနယ်က ကျွန်တော့်အကြောင်း တော်တော်များများ ရေးသားခဲ့တာတွေကို သတိထားမိသည်။ ကျွန်တော်က သူ့ကို 'ဦးတင်အောင်'လို့ပဲ ခေါ်ပါသည်။

သူသည် ကျွန်တော် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော တရုတ်ဖြူကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားကော်မတီတွင် ဒုဥက္ကဋ္ဌတဦးအဖြစ်နှင့်လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့တွင် အတွင်းရေးမှူးများ အဖွဲ့ဝင်တဦးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ရာ ကျွန်တော်တို့ အတူတကွ အစည်းအဝေးများထိုင်ခြင်း၊ နယ်များသို့ ခရီးထွက်ဟောပြော စည်းရုံးခြင်းများ လုပ်ဆောင်ကြရသဖြင့် ရင်းနှီးခင်မင်လာမိကြပါသည်။

ကျွန်တော် သူ့အပေါ် သတိပြုချက်မှာ တိုင်းပြည်နှင့် ပြည်သူအပေါ် များစွာချစ်မြတ်နိုးပြီး သူ့ဆောင်ပုဒ်ဖြစ်သော မိမိခေတ်မှာ မိမိပခုံးပေါ် ကျလာတဲ့တာဝန်တွေကို ကျေပွန်အောင်လုပ်ဆောင်ရေးကို များစွာအလေးထားပြီး၊ အမှုကိစ္စတာဝန်တွေကို ကြိုးကြိုးစားစားဆောင်ရွက်ပုံကို တွေ့ရသည်။ ပင်ကိုယ်စိတ်နေစိတ်ထားကလည်း အလွန်ကောင်းမွန်ပြီး ကျွန်တော့်အပေါ် အလွန်ညှာတာလေးစား ဦးစားပေးဆက်ဆံတာတွေကို ခရီးသွားစဉ် တလျှောက်လုံး တွေ့ခဲ့ရသည်။

အလွန်ကျော်ကြားသည့် စာရေးဆရာကြီး ဖြစ်သော်လည်း စာပေရေးသားခြင်းထက် နိုင်ငံရေးတာဝန်တွေကို မပျက်မကွက် ဦးလည်မသုန် ဆောင်ရွက်ခဲ့သည့် သူတဦးလည်းဖြစ်သည်။ ထိုနိုင်ငံရေးယုံကြည်ချက်ဖြင့် ပြည်သူ့ဘက်က ရပ်တည်ပြီး ရေးသားမှုများကြောင့် အကြိမ်ကြိမ် ဖမ်းဆီးထောင်ချ၊ နောက်ဆုံး ကိုကိုးကျွန်းသို့ပင် ပို့၊ အကျဉ်းချခြင်း ခံရပေသည်။ စီးပွားရေးအရလည်း ခက်ခဲကျပ်တည်းပုံရပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သူသည်လုပ်သင့်လုပ်ထိုက်သည့် နိုင်ငံရေးတာဝန်၊ တော်လှန်ရေးတာ ဝန်မှန်သမျှကို မတွန့်မဆုတ်၊ ဇွဲသတ္တိကြီးမားစွာ မဆုတ်မနစ် လုံးပန်းအားထုတ် လုပ်ဆောင်သွားခဲ့သူဖြစ်ကြောင်း သိနိုင်ပါသည်။ နောက်ဆုံး ကိုကိုးကျွန်းက လွတ်လာချိန်တွင် သူ့ကျန်းမာရေး သိသိသာသာ ဆိုးဝါးကျဆင်းနေသည်ကို တွေ့ရပါသည်။

သူ့တွင် တာဝန်သိစိတ်လည်း ကြီးမားပါသည်။ ကျွန်တော်နှင့်အတူ ရေနံချောင်းဘက်တွင် ညတရားပွဲဟောနေစဉ်အတွင်း လူတစုက စစ်ဝတ်စစ်စားများနှင့် တရားပွဲအား နှောင့်ယှက်ရန် ရောက်လာခဲ့ကြပါသည်။ ဦးတင်အောင် ဟောပြီး၍ ကျွန်တော်ဟောနေစဉ် ဖြစ်ပါသည်။ ဦးတင်အောင်သည် တရားဟောစင်မြင့်ပေါ်မှ မသိမသာ ဆင်းချသွားပြီး တရားပွဲကြီးကြပ်သူများနှင့်အတူ ထိုလူစုကို တနေရာသို့ခေါ်သွားကာ အကျိုးအကြောင်း မေးမြန်းဖြေရှင်းပြီး သူတို့ကို ပြန်သွားစေခဲ့ပါသည်။ ကျွန်တော်သည်လည်းကောင်း၊ တရားပွဲလာ ပရိသတ်သည်လည်းကောင်း တစုံတရာ သိရှိခြင်းလည်းမရှိ၊ ထိခိုက်ခြင်းလည်းမရှိဘဲ တရားပွဲချောမောစွာ ပြီးဆုံးသွားခဲ့ပါသည်။ နောက်နေ့ကျမှ ကျွန်တော်သိခြင်း ဖြစ်ပါသည်။ ထိုနှောင့်ယှက်သူများမှာ တည်မြဲများ ဖြစ်ကြသည်ဟု သိရပါသည်။ တရားပွဲမထိခိုက်အောင် ဦးတင်အောင်က ကြားဝင်ပြီး ပြေလည်အောင် ဖြေရှင်းပေးခဲ့သည်။

သူ့တွင် သည်းခံစိတ်လည်း ကြီးမားပါသည်။ သူ၏ "ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း"စာအုပ်ကို တချို့သူများက ဤကိစ္စမှာ သမိုင်းကိစ္စဖြစ်သည်။ စာပေနယ်ပယ်ကိစ္စမဟုတ်ဘဲ မကျွမ်းကျင်သည့် သမိုင်းကိစ္စကို ဝင်ရေးရမလားဟု ပြစ်တင်ဝေဖန်ကြပါသည်။ သူက ပြန်ချေပခြင်း မပြုသော်လည်း စိတ်ကောင်းပုံမရပါ။ ကျွန်တော့်အမြင်အရတော့ ဦးတင်အောင်မှာ လက်ဝဲနိုင်ငံရေးသမားကြီးတဦးဖြစ်သဖြင့် ထူးခြားသည့်နိုင်ငံရေးအမြင်များပါနိုင်ပြီး၊ သမိုင်းပညာအနေနှင့် ပိုမိုကြွယ်ဝလာနိုင်သည်ဟု ကျွန်တော့်အမြင်ကို တင် ပြပြောဆိုပေးသည့်အခါတွင်တော့ သူစိတ်သက်သာရာရ၊ ကျေနပ်သွားပုံရပါသည်။

ကျွန်တော်သူ၏ ထူးခြားချက်ကြီးတခု ထပ်မံတွေ့ရှိရသည်မှာ သူသည် ပြည်သူလူထု၏ ရန်သူရန်ဘက်များကို ပြတ်ပြတ်သား သား တင်းတင်းမာမာ သဘောထားပြီး ဝေဖန်တိုက်ခိုက်တတ်သော်လည်း တခြားပြည်သူပြည်သားများ၊ မိမိနှင့် လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်များအပေါ်တွင်မူ လွန်စွာစိတ်ရှည်ပြီး နူးညံ့ပျော့ပျောင်းစွာ ဆက်ဆံတတ်ပါသည်။ ကျွန်တော်တို့ နယ်ခရီးများတွင် သူ၏စာဖတ်ပရိသတ်ကလည်း တတပ်တအား ပါဝင်ခဲ့ခြင်း ဖြစ်ပါသည်။

၁၉၇၈ ခုနှစ် သူကွယ်လွန်ချိန်တွင် ကျွန်တော် တောတွင်းရောက်နေပါပြီ။ ရန်ကုန်တွင် ကျန်ခဲ့သော ကျွန်တော့်ဇနီးက သူ့ရှာပန အလွန်စည်ကားကြောင်း ပြောပြ၍ နောက်မှ ကျွန်တော်သိရပါသည်။ အချိန်မတန်မီ ကွယ်လွန်သွားခဲ့ရသည့် သူ့အား ကျွန်တော် နှမြောမိပါသည်။

၂။ **လွှတ်တော်ရှေ့နေကြီး ဦးထွန်းတင်။** ။ ဦးထွန်းတင်မှာ အတော်စောစွာကပင် စတင်၍ ဆရာကြီး၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေသူ ဖြစ်ပါသည်။ ကျွန်တော် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ စတင်လေ့လာသည့်အချိန်တွင်မှ သူနှင့်သိရှိလာခြင်း ဖြစ်ပါသည်။ စတင်သိရှိချိန်ကစ၍ (သူအကျဉ်းကျခံသွားသည့် အချိန်များကလွဲလို့) တောက်လျှောက် ကျွန်တော်နှင့် ရင်းရင်းနှီးနှီးဆက်ဆံနေခဲ့ကြသည်မှာ ကျွန်တော် တောခိုခဲ့သည့် ၁၉၇၆ ခုနှစ်အချိန်ထိပင် ဖြစ်ပါသည်။

ကျွန်တော်နှင့် ဦးထွန်းတင်တို့နှစ်ဦး ဤမျှရင်းနှီးချစ်ခင်ကြရခြင်းမှာ ကျွန်တော်တို့၏ နိုင်ငံရေးရည်မှန်းချက်ချင်း တူညီသည့်အပြင် ကျွန်တော်တို့နှစ်ဦး၏ အိမ်ချင်းနီးသည့်အကြောင်းလည်း ပါဝင်ပါသည်။ သူ၏ အိမ်မှာ စမ်းချောင်းလမ်းတွင်ရှိပြီး ကျွန်တော့် ဆီဆုံလမ်းအိမ်နှင့် ဟိုဘက်လမ်း သည်ဘက်လမ်းသာ ဖြစ်ပါသည်။ ထို့ပြင် သူ့တွင် ကိုယ်ပိုင်ကားလည်းရှိရာ ကျွန်တော်တို့ သွားစရာ လာစရာရှိတိုင်း သူနှင့်ပင် သွားရလာရပါသည်။

ဦးထွန်းတင်သည် တရုတ်သွေးပါရှိပြီး၊ ဖခင်မှာ အလွန်နာမည်ကြီးသည့် ရှေ့နေတဦးလည်း ဖြစ်ပါသည်။ သူတို့ညီအစ်ကို အားလုံးလည်း ပညာတတ်ကြီးများ ဖြစ်ကြကာ ကျွန်တော်တို့အကြား စီးပွားရေးအရ သူက အချောင်လည်ဆုံး ဖြစ်ပါသည်။ သူ့ ဇနီးဖြစ်သူမှာလည်း ပညာတတ်တဦး ဖြစ်ကာ အရာရှိကြီးတဦးလည်း ဖြစ်ပါသည်။

ဦးထွန်းတင်မှာ သူ၏ ရှေ့နေလုပ်ငန်း လုပ်ဆောင်ရာတွင်လည်း ငွေရေးကြေးရေးကို ပဓာနမထားဘဲ ငွေကြေးမတတ်နိုင်သည့် နိုင်ငံရေးသမားများ၊ ပြည်သူများဘက်မှ လိုက်ပါပေးလေ့ ရှိပါသည်။ ဤနေရာတွင် အကောင်းဆုံးသာဓကမှာ သူကွယ်လွန်ချိန်မှာ ပင် ဒေါ်အောင်ဆန်းစုကြည်အိမ် အမွေအမှုကို လိုက်ပါဆောင်ရွက်နေဆဲဖြစ်ကြောင်း တွေ့ရခြင်း ဖြစ်ပါသည်။ ခေတ်အဆက်ဆက် အစိုးရများ၏ မတရားစွဲဆို၊ အမှုဆင်ခြင်းခံရသည့် အမှုများဘက်မှ ထာဝစဉ်လိုက်ပါ ဆောင်ရွက်ပေးတတ်ပြီး တခါတရံ ရှေ့နေခပင် မရရှာပါ။ သူက အိတ်စိုက်ပင် လုပ်ရပါသေးသည်။

ဤအတွက်ကြောင့်ပင် အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်များတွင် ဖမ်းဆီးထောင်ချခြင်းခံရပြီး ကိုကိုးကျွန်းသို့ပင် ပို့ဆောင် အကျဉ်းချ ခံရဖူးပါသည်။ နောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင်လည်း တက်တက်ကြွကြွပါဝင်လုပ်ဆောင်ပေးမှုများကို ကြားသိရပါသည်။

၃။ **တော်ဘုရားလေး (သို့မဟုတ်) မင်းသားကြီး။** ။ နောက်ပိုင်း ဦးအောင်ဇေယျ အမည်ပြောင်းခဲ့သော သီပေါမင်း၏မြေးတော်၊ တော်ဘုရားလေးမှာ ကျွန်တော်နှင့်စတင်သိရှိချိန် ၁၉၆၀ ခုနှစ်များအတွင်းက ဦးသန့်ဇင်ဟု ခေါ်ပါသည်။ ကျွန်တော်က သူနှင့် စတင်သိရှိကတည်းက 'မင်းသားကြီး' ဟုခေါ်ရာ ဤအမည်တွင်သွားပြီး အားလုံးက ဤအတိုင်းပင် လိုက်ခေါ်ပြီး သူကလည်း ကျေနပ်ပုံရပါသည်။

ကျွန်တော်တို့တတွေ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ လုပ်ငန်းများနှင့်ပတ်သက်ပြီး ဆရာကြီးမှိုင်းအိမ်မှာ အစည်းအဝေးများ ထိုင်ကြသည့်

အခါများတွင် ဆရာကြီးက သူတို့ 'တို့ဗမာအစည်းအရုံး'အတွက် နယ်များကို လှည့်လည်စည်းရုံးရာမှာ သခင်ထိပ်တင်ကိုယ်တော်ကြီးကို ထိပ်ဆုံးက နေရာပေး၍ လူထုကိုစည်းရုံးရပုံ၊ အထူးသဖြင့် ကျေးလက်လူထုများက မင်းသားပါလာတယ်ဆို၍ ဝမ်းသာအားရ လာရောက်နှုတ်ဆက် ကန်တော့ကြပုံများကို ပြန်လည်စားမြုံ့ပြန် ပြောပြတတ်ပါသည်။ တဆက်တည်း ဆရာကြီးက "အေး–မင်းတို့လည်း ဂရုစိုက်ကြ၊ တော်ဘုရားလေးကို ရှေ့တင်ပြီး စည်းရုံးရေးဆင်းကြကွာ"လို့ ရယ်ရွှန်းဖတ်ရွှန်းနှင့် တော်ဘုရားလေးကို စတတ်နောက်တတ်ပါသည်။ တကယ်လည်း ကျွန်တော်တို့နယ်ဘက် စည်းရုံးရေးဆင်းရာတွင် သီပေါမင်း၏မြေးတော် ပါလာသည်ဟူသော သတင်းပျံ့နှံ့ရောက်ရှိသည့် ကျေးလက်များက လူထုများ တခုတ်တရ မြို့ပေါ်တက်လာပြီး တရားပွဲ တက်ကြပါသည်။

မင်းသားကြီးမှာ လူပုံပန်းကလေးက နွဲ့နွဲ့နှောင်းနှောင်း ပုပုပျပ်ပျပ်ကလေးသာ ဖြစ်သည်။ စကားပြော အလွန်ချိုသာအေးဆေးပြီး ရိုးသားပွင့်လင်းသူလည်း ဖြစ်ပါသည်။ အလွန်ချစ်စရာကောင်းသူ ဖြစ်ပါသည်။ လူပုံက အေးအေးပျော့ပျောင်းသော်လည်း၊ စိတ်ဓာတ်ကတော့ အလွန်မာကြောနိုင်မာသူဖြစ်ပြီး သူ့တသက်တာလုံး ပြည်သူများဘက်က တစိုက်မတ်မတ် ရပ်ခံသွားသူသာ ဖြစ်ပါသည်။ ဖမ်းဆီးထောင်ချ၊ ညှဉ်းပန်းမှုများလည်း ခံခဲ့ရသူ ဖြစ်ပါသည်။

၄။ **ဒေါက်တာဆင်ဖိုး။** ။ ကျွန်တော်တို့အကြားတွင် နိုင်ငံရေးသမားမဟုတ်ဘဲ အမြဲတန်းကန့်လန့်ကန့်လန့် ပါနေသူတဦး ရှိပါသေးသည်။ သူကတော့ ဒေါက်တာဆင်ဖိုး ဖြစ်ပါသည်။ သူသည် ဆရာကြီးမှိုင်းအား ပုဂ္ဂိုလ်ရေးအရ အလွန်လေးစားကြည်ညိုသူတဦးဖြစ်ကာ၊ ဆရာကြီး၏ ပုဂ္ဂိုလ်ရေးဆရာဝန်ကြီးအဖြစ် မေတ္တာဖြင့် သူဘာသာသူ သတ်မှတ်ပြီး လာရောက်စောင့်ရှောက်ကုသပေးနေသူ ဖြစ်ပါသည်။

သူသည် လန်ဒန်သို့ ပညာတော်သင် စေလွှတ်ခြင်းခံရသော်လည်း လန်ဒန်ရှိ "ကားလ်မာ့က်စ်" ၏အုတ်ဂူကို သွားရောက်အလေးပြုမိသဖြင့် ဘွဲ့မရရှိဘဲ ပြန်လာရသူဖြစ်ပါသည်။ နောက်ပိုင်း ကိုယ်ပိုင်ဆေးခန်းလေး ဖွင့်ထားရာ နိုင်ငံရေးသမားများ၊ တောပြန်များနှင့် သူတို့မိသားစုများများစသည့် ငွေရေးကြေးရေးမချောင်လည်သူများ အားလုံး၏ အားထားမှီခိုရာ ဆေးခန်းလေးဖြစ်လာ ပါတော့သည်။ သူက ဆေးအလကား ကုသပေးရုံသာမက တချို့လူနာများကို ဆိုက်ကားခပင် ဆီးပေးရသည့်အဖြစ်မျိုး မကြာခဏကြုံရပါသည်။ အလွန်စေတနာကြီးသည့် ဆရာဝန်တဦးဖြစ်ပါသည်။

ဆရာကြီးမှိုင်းအား ပုံမှန်လာရောက် ကြည့်ရှုစစ်ဆေးပြီး အချိန်မှန်မှန် အားဆေးထိုး၊ အားဆေးသွင်းနှင့် လုပ်ကိုင်ကုသပေးပါသည်။ ဆရာကြီး ဤမျှအထိ အသက်ရှည်၍ အနာမဲ့စွာ နေထိုင်သွားနိုင်မှုမှာ ဒေါက်တာဆင်ဖိုး၏ကျေးဇူးပင် ဖြစ်ပါသည်။ ဆရာကြီး၏ နိုင်ငံခြားခရီးများတွင်လည်း သူက လိုက်ပါစောင့်ရှောက်ပေးပါသည်။

သူ မကြာခဏ ပြောတတ်သည့် စကားတခွန်း ရှိပါသည်။ "လောကမှာ ရေမချိုးလို့သေတဲ့မသာ မရှိဘူး။ ရေချိုးမှားလို့ သေတဲ့မသာပဲ ရှိတယ်။ ဒါကြောင့် ကျွန်တော် လန်ဒန်မှာ နေခဲ့တဲ့ကာလတလျှောက် တခါမှ ရေမချိုးခဲ့ဘူး" ဆိုသောစကား ဖြစ်ပါသည်။ ကျွန်တော် မကြာခဏ သတိရနေမိပါသည်။

ကျွန်တော် ယခုနေရသောအရပ်မှာ ဆောင်းတွင်းမှာ အလွန်အေးတတ်သဖြင့် (ဒါတောင် တရုတ်ပြည်တွင် အတော်နွေးသော အရပ်ဖြစ်သည်။) ကျွန်တော် ရေချိုးကြောက်သောကြောင့် ရေချိုးခါနီးတိုင်း သူ့စကားကို သတိရနေတတ်မိခြင်း ဖြစ်ပါသည်။

၅။ **ဦးတင်ရွှေ (မုံရွာ)။** ။ ကိုတင်ရွှေကို ကျွန်တော် ငြိမ်းချမ်းရေးလုပ်ငန်းများ ပါဝင်လုပ်ဆောင်ရန် စတင်လှေ့လာ ချိန်ကစ၍ ကျောင်းသားခေါင်းဆောင်ဟောင်းတယောက်အဖြစ် သိရှိခဲ့ရပါသည်။ လွှတ်တော်ရှေ့နေကြီး ဦးထွန်းတင်နှင့်တော့ အစောကတည်းက သိရှိရင်းနှီးပြီးဖြစ်ဟန်တူပါသည်။ နောင်ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကို ဖွဲ့စည်းရာမှာလည်း ထိုအဖွဲ့ကြီးကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် အကူအညီပေးဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး အတွင်းရေးမှူးအဖွဲ့တရပ်ကို ဖွဲ့စည်းရာ ထိုအဖွဲ့တွင် ကိုတင်ရွှေ ပါဝင်လာပါသည်။ ထိုအဖွဲ့ထဲတွင် ထူငယ်များဖြစ်ကြသော ကိုတင်ရွှေနှင့်ဦးစိုးမင်း (ဗလစ) တို့မှာ အသွက်လက်ဆုံး၊ အလုပ်အများဆုံးဖြစ်ကာ အထွေထွေတာဝန်များကို အသေးအမွှားအထိ အားလုံးသိမ်းကျုံး လုပ်ဆောင်ကြသူများ ဖြစ်ကြပါသည်။ ကျွန်တော်တို့အားလုံး အတော်ပင်အားထားရသူ ဖြစ်ပါသည်။

ကျွန်တော် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့တွင် ဝင်လုပ်ရှားသောအချိန်တွင် ဆရာကြီးမှိုင်းမှာ ကျန်းမာရေးအရ အတော်ကျဆင်းစ ပြုလာပြီဖြစ်သဖြင့် အဖွဲ့၏ အစည်းအဝေးများကို ကျွန်တော်၏ စမ်းချောင်း၊ ဆီဆုံလမ်းအိမ်တွင်သာ ပြုလုပ်တာများလာပါတော့သည်။ တခါတရံ ကျွန်တော်တို့နယ်များမှ ပြန်လာသည့်အခါ (သို့မဟုတ်) ဆရာကြီး စိတ်ရွှင်လန်းစေချင်သည့် အခါများတွင်သာ ဆရာကြီး၏ ချမ်းသာလမ်းအိမ်၊ ဆရာကြီး၏ အိပ်ရာဘေးတွင် ပြုလုပ်ကြပြီး အကြောင်းအရာအားဖြင့်လည်း ပေါ့ပေါ့ပါးပါး အကြောင်းအရာများသာ ဆွေးနွေးကြပါသည်။ များသောအားဖြင့် နယ်များမှ လူထုများက ဆရာကြီးအား ဆုတောင်းမေတ္တာပို့သည့် အကြောင်းအရာများ၊ လက်ဆောင်ပစ္စည်းများ၊ လမ်းခရီးအတွင်းကြုံရသည့် ရယ်စရာ၊ မောစရာများသာ ပြောဆိုကြပါသည်။

ဤသို့ဖြင့် ကိုတင်ရွှေသည် ကျွန်တော့်အိမ်သို့ မကြာခဏ ဝင်ထွက်သွားလာရာမှ ကျွန်တော့်မိသားစုများနှင့်ပါ သိကျွမ်းခင် မင်ရင်းနှီးလာပါသည်။ ကျွန်တော့်ဇနီးက တခါတရံ နောက်ပြောင်ပြီး သူ့ကို 'လူပျိုကြီး'ဟု ခေါ်လာပါသည်။ ဦးထွန်းတင်ကလည်း တခါတရံ ခေါ်ဝေါ်နောက်ပြောင်တတ်ပါသည်။ ဤလို နောက်ဖန်များလာတော့ သူက ကျွန်တော့်မှာ လက်ထပ်မယ့် ဇနီးလောင်း ရှိပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးရပြီးမှ လက်ထပ်မယ်လို့ စီစဉ်ထားပါတယ်' လို့ ကျွန်တော်တို့ကို ရင်းရင်းနှီးနှီး ပြောပြပါသည်။

ထိုစဉ်က ကိုတင်ရွှေသည် ရန်ကုန်ရှိ ဆိုဗီယက်သံရုံးတွင် ဘာသာပြန်တဦးအဖြစ် ဝင်ရောက်လုပ်ကိုင်နေပါသည်။ သို့ရာတွင် ထိုအချိန်က ဆိုဗီယက်ရုရှားမှာ ပြန်လည်ပြင်ဆင်ရေးသမားဟု နာမည်ဆိုးနှင့် ကျော်ကြားနေသဖြင့် ကမ္ဘာ့လက်ဝဲလောက၏ ဝေဖန်ရှုတ်ချခြင်းကို ခံနေရရာ ကိုတင်ရွှေမှာ ပြန်လည်ပြင်ဆင်ရေးသမားများ လက်အောက်တွင် မနေလို၊ အလုပ်မလုပ်လိုသဖြင့် ရတော့်ရခဲ ထိုအလုပ်မှ နုတ်ထွက်လိုက်ပါတော့သည်။

ထိုဆိုဗီယက်သံရုံးအလုပ်မှ နုတ်ထွက်ပြီးလျှင်ပြီးချင်း ကျွန်တော့်အိမ်သို့ ရောက်လာကာ အလုပ်ထွက်လာပြီဖြစ်ကြောင်း အားရပါးရ ပြောပြပါသည်။ ကျွန်တော်လည်း ဤလုပ်ရပ်မှာ ချီးကျူးဖွယ်ဖြစ်သော်လည်း သူ့စီးပွားရေးအတွက် ပူပန်မိရာ ခင်ဗျားဘာလုပ်စားမလဲဟု မေးမိရာ သူက ရှေ့နေလိုက်မည်ဟု ဆိုပါသည်။

သူရှေ့နေလိုက်ရာတွင်လည်း နိုင်ငံရေးသမား အမှုသည်များ၊ ငွေကြေးမတတ်နိုင်သူများထံမှ အခကြေးငွေမယူရုံမက ထိုသူများ အတွက် စားဖွယ်သောက်ဖွယ်များပင် ဝယ်ခြမ်းပေးတတ်သေးသည်ဟု ကြားသိရပါသည်။ သူက တဖက်က ရှေ့နေလိုက်ရင်း၊ တဖက်က စာပေစာတမ်း၊ ဘာသာပြန်များ ရေးသားထုတ်ဝေရာ အတော်အောင်မြင်တာကို တွေ့ရပါသည်။

သူနှင့်ကျွန်တော် ရန်ကုန်ခရိုင်အတွင်းရော နယ်မြို့များသို့ပါ အတူတူ ခရီးထွက် စည်းရုံးရေးဆင်းရဖူးသဖြင့် ပိုမိုရင်းနှီးလာပါသည်။

သူနှင့် သူ၏ဇနီးလောင်း မပြေသူတို့ ငြိမ်းချမ်းရေးရမှ လက်ထပ်ကြမည်ဟု စီစဉ်ထားသော်လည်း ၁၉၆၃ ခုနှစ်၊ ဗိုလ်နေဝင်း၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်သွားသောအခါတွင်မှ လက်ထပ်လိုက်ကြရပါတော့သည်။ သူတို့ လက်ထပ်ပြီးနောက် သူတို့ဇနီးမောင်နှံ ကျွန်တော်တို့အိမ်သို့ လာရောက်လည်ပတ်ကြပါသည်။ ကျွန်တော့်သမီးများက ကိုတင်ရွှေ၏ဇနီးကို 'မမ–မမ' ဟု ခေါ်ဝေါ် နှုတ်ဆက်ရာ ကိုတင်ရွှေက ကျွန်တော့်သမီးများကို မင်းတို့က ငါ့ကိုတော့ ဦးလေးခေါ်ပြီး သူ့ကိုတော့ 'မမ–မမ'နဲ့ခေါ်နေတာ မတရားဘူးဟုပြောရာ ကျွန်တော့်သမီးများက ဒါကတော့ မမက လှတာကိုး ... လို့ ပြန်ပြောပါသည်။ ဒါကိုတော့ သူက သဘောကျပုံ ရပါသည်။ တဟဲဟဲ ရယ်နေတာ တွေ့ရပါသည်။

ကျွန်တော် တောခိုလာပြီးနောက် သူနှင့်ဝေးကွာသွားရာ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲအပြီး ကိုတင်ရွှေ အဖမ်းခံရပြီးနောက် ထောင်ထဲမှာပင် ကွယ်လွန်သွားကြောင်း ကြားသိရပါသည်။ ပြည်သူ့ဘက်က ထာဝစဉ်ရပ်တည်ခဲ့ပြီး စကားပြောဆိုရာတွင် ပြုံးပြုံးပြုံးပြုံးနှင့် အလွန်သဘောသကာယ ကောင်းလှသည့် သူ့ကို ကျွန်တော်အမြဲအမှတ်ရနေမိပါသည်။

ကျွန်တော် သူတို့အားလုံးကို အမှတ်ရနေမိပါတော့သည်။။

ထိုအတောအတွင်းက ကျွန်တော်နှင့် နယ်ခရီးလိုက်သူများလည်း များပါသည်။ ကျူမငေး သခင်တင်မောင်၊ ဒေးအရဲမှ ဦးခင်မောင်မြင့်၊ ပြည်သူ့ရဲဘော်ခေါင်းဆောင်ဟောင်းများ စသဖြင့် အတော်များများ ပါဝင်ရာ၊ ကျွန်တော်လည်း ထိုလှုပ်ရှားမှုကို အတော် ပင် အားရကျေနပ်ခဲ့ပါသည်။ နယ်များက တရားပွဲများသာမက ရန်ကုန်မြို့တွင်း တရားပွဲများကလည်း ကြာလေ အရှိန်ကောင်းလေ ဖြစ်လာပါသည်။ ဗိုကြားထဲတွင် တက္ကသိုလ်တွင် တကာသမှ ကြီးမှူး၍ကျင်းပသည့် ဟောပြောပွဲများတွင်လည်း ကျွန်တော့်ကို ဖိတ်ကြားတတ်သဖြင့် မကြာခဏသွားရောက် ဟောပြောခဲ့ရပါသည်။ ဤသို့ စည်းရုံးလှုပ်ရှားလာခဲ့ရာ ပထမအကြိမ် ငြိမ်းချမ်းရေးအဖွဲ့ (ဆရာကြီးမှိုင်း ဦးစီးခဲ့သော ၁၉၅၄ ခုနှစ် အစောပိုင်းများကာလ လှုပ်ရှားမှုများ) ၏ အရှိန်အဝါမျိုး လှုပ်ရှားအုံကြွလာပြီး၊ ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေး အင်အားပြပွဲကြီး လုပ်ရန်တာစူနေစဉ် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ဗိုလ်နေဝင်း၏ ဒုတိယ အကြိမ်စစ်တပ်အာဏာသိမ်းမှုကြီး ပေါ်ပေါက်လာပါတော့သည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့ညက ကျွန်တော်တို့တတွေ ကမာရွတ်မြို့နယ်အတွင်း ဟောပြောပွဲလုပ်နေတဲ့ နေရာကို ကမာရွတ်ရဲစခန်းက ရဲအဖွဲ့ဝင် အချို့ရောက်လာပြီး ကျွန်တော်တို့ ဟောပြောပွဲကို စောစောသိမ်းရန် ပြောခဲ့ပါသည်။ ကျွန်တော်တို့လည်း ဟောပြောပွဲပြီးလျှင် လုပ်နေကျ ဆွေးနွေးပွဲမလုပ်တော့ဘဲ တရားပွဲကိုရုပ်သိမ်းပြီး အိမ်ပြန်လာခဲ့ကြပါသည်။ ကျွန်တော် အိမ်ပြန်ရောက်ချိန်တွင် ဗိုလ်မှူးအောင်အိမ်မှရော၊ ဗိုလ်မင်းခေါင်ဆီမှရော လွှတ်လိုက်သည့်လူများ ရောက်ရှိနေပြီး ကျွန်တော့်ကို စောင့်နေကြပါသည်။ ပြီးနောက် စစ်တပ်က အာဏာသိမ်းပြီးဖြစ်ကြောင်း၊ ဝန်ကြီးများ အားလုံးကို ဖမ်းသွားပြီဖြစ်ကြောင်း၊ ဝင်ဒါမီယာကိုလည်း စစ်တပ်နဲ့ ဝိုင်းထားကြောင်း ပြောပြကြပါသည်။

၁၉၆၀ ခုနှစ်၊ ရွေးကောက်ပွဲအပြီး ဦးနုရဲ့ ပထစ အစိုးရ တက်လာသည့်အခါ ဦးနုအနေနှင့် ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရကို အာဏာလွှဲပေးရသည့် ဖြစ်ရပ်အပေါ် သင်ခန်းစာယူပြီး နိုင်ငံရေးသမားများအချင်းချင်းအကြား ပြန်လည်ညီညွတ်ဖို့ အားထုတ်မှုများ လုပ်လာပါသည်။ ပြည်တွင်းစစ် ရှိနေသဖြင့် စစ်တပ်အနေနှင့် အင်အားကြီးနေတာကိုလည်း သဘောပေါက်ပုံရပါသည်။ ထို့ကြောင့် တောတွင်းအင်အားစုများနှင့် စေ့စပ်ရန်အားထုတ်မှုများလည်း လုပ်ဆောင်လာပါသည်။ သို့သော် ဦးနုနှင့် သူ၏ ပထစ အဖွဲ့ဝင်များမှာ ပြည်သူလူထု အကျိုးထက်၊ မိမိတို့ကိုယ်ကျိုးစီးပွားပေါ်တွင်သာ အာရုံစိုက်လုပ်ဆောင်မှုကြောင့် သူတို့အချင်းချင်းအကြား အကွဲအပြဲများကလည်း မထိန်းနိုင်မသိမ်းနိုင်ဖြစ်ကာ အပြန်အလှန် အပုပ်ချမှုများကြောင့်လည်း ထိုခေတ် ဖဆပလ၊ ပထစ နိုင်ငံရေးသမားများ ဂုဏ်သိက္ခာ အကြီးအကျယ် ကျဆင်းခဲ့ရပါသည်။ ကွဲရပြဲရသည့် အခြေခံများမှာလည်း စားခွက်လုမှုများက စပါသည်။

စစ်တပ်အနေနှင့်ကလည်း ပြည်တွင်းစစ်ဖြစ်မှုကြောင့်ရော၊ တရုတ်ဖြူကျူးကျော်မှုကို တိုက်ပေးနေရမှုကြောင့်ပါ ဗမာပြည်နိုင်ငံရေး လောကတွင် နိုင်ငံရေးအင်အားစုတရပ် ဖြစ်လာရပါသည်။ ထို့အပြင် စစ်တပ်ကို ၁၉၅၀ ခုနှစ်နောက်ပိုင်းတွင် ဆိုရှယ်လစ်တပ်မှူးများက အုပ်စီးသွားပါသည်။ စစ်တပ်ထဲက နေရာကောင်းဟူသမျှကို ဆိုရှယ်လစ်တပ်မှူးများက ရယူသွားပါသည်။

စစ်တပ်အနေနှင့် ပြည်တွင်းစစ်ကိုတိုက်ရင်း စစ်တပ်ကို သက်သာချောင်ချိရေးဆိုတာကို အကြောင်းပြကာ D.S.I လုပ်ငန်း များ၊ B.E.D.C လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်လာကြပါသည်။ ဤတွင် စစ်တပ်အာဏာနှင့်ပေါင်းပြီး စစ်ဗိုလ်များ စီးပွားရေးလုပ်လာကာ စစ်ဗျူရိုကရေစီစနစ် အစို့အညှောက်များ ပေါ်ပေါက်လာပါတော့သည်။ ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရလက်ထက်တွင် စစ်တပ်က အထက်လွှာများ ဤလုပ်ရပ်၏ အရသာကို မြိုးမြိုးမြက်မြက် ခံစားမိသွားပါတော့သည်။

ဖဆပလ၊ ပထစ ခေတ်များတွင်လည်း ၎င်းတို့၏ စီးပွားရေးပေါ်လစီအရ လိုင်စင်သူဌေးများနှင့်ပေါင်း၍ နိုင်ငံရေးသမားများက အရင်းအနှီး စုဆောင်းကြီးထွားလာရာ စစ်တပ်၏ စီးပွားရေးလုပ်ငန်းများနှင့် ပဋိပက္ခများ ဖြစ်လာပါတော့သည်။ ဤတွင် စစ်တပ်က မခံမရပ်နိုင်ဖြစ်လာပြီး စီးပွားရေးလည်း လုပ်လို့ရ၊ စစ်တပ်အာဏာလည်း လက်လွှတ်စရာမလိုတဲ့ စစ်အာဏာသိမ်းမှုတွေ ဖြစ်လာရခြင်း ဖြစ်ပါသည်။

နိုင်ငံတကာ့ အခြေအနေအရကလည်း အာရှတိုက်တွင် ကွန်မြူနစ်ဒီလှိုင်းကြီး (ထိုခေတ်က ဗီယက်နမ်စစ်ပွဲ ခြိမ့်ခြိမ့်သဲသဲ ဖြစ်နေသည့်ကာလ) ကို တားဆီးနိုင်သည့်၊ ကွန်မြူနစ်ကို အပြတ်အသတ်မုန်းပြီး တိုက်နေသည့် ပြည်တွင်းက ဖောက်ပြန်ရေးအင် အားစုများ အာဏာရမှုကို ဖောက်ပြန်သည့် အင်အားကြီးနိုင်ငံများက လိုလားနေသည့်အခြေအနေ ဖြစ်ပါသည်။ ထိုကဲ့သို့သော အင်အားစုများကို ဝိုင်း၍ပံ့၍ အားပေးနေချိန်နှင့်လည်း တိုက်ဆိုင်နေပါသည်။

ဗမာပြည် ပြည်သူလူထုကလည်း အတော်နီးကြားတက်ကြွနေပြီး ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးများကို တောင်းဆိုလှုပ်ရှားလာကြရာ စီးပွားရေးကလည်း ဘက်စုံ ချွတ်ခြုံကျလာသဖြင့် ပိုမိုမတည်မငြိမ် ဖြစ်နေပါသည်။ ဝန်ကြီးချုပ် ဦးနုသည် နယ်ချဲ့အလိုကျ လက်ယာသမားကြီး တဦးပင်ဖြစ်သော်လည်း ဤတက်ကြွလာနေသော ပြည်သူလူထုကြီးကို ပြတ်ပြတ်သားသား ရက်ရက်စက်စက် နှိမ်နင်းဖို့ဆိုတာကိုတော့ လုပ်နိုင်မယ် မထင်ပါ။ ပစ်သတ်ဖို့ ဆိုတာတော့ ပို၍ပင် မဖြစ်နိုင်ပါ။

ဤကာလတွင် ပြည်တွင်းစစ်ကြောင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိနေသည့် စစ်တပ်က အာဏာသိမ်းလိုက်ပြီး ပြည်သူလူထုကို စစ်အာဏာရှင်စနစ်နှင့် အပြတ်နှိမ်နင်း ဖိနှိပ်ပစ်လိုက်ခြင်း ဖြစ်ပါသည်။ ကိုယ်ရေးကြီးပွားလိုစိတ် ပြင်းထန်လှသည့် ဗိုလ်နေဝင်းသည် စစ်အာဏာရှင်စနစ်ကို ထူထောင်လိုက်ပါတော့သည်။ ၁၉၅၆ ခုနှစ်၊ ရွေးကောက်ပွဲများအပြီး၊ အတိုက်အခံ ပမညတအမတ်များ၊ အတော်များများ

အရွေးခံလာရသော အချိန်က ဗိုလ်နေဝင်းကိုယ်တိုင် ကျွန်တော့်ကိုပြောသည်မှာ "ဒီအတိုင်း ဆက်သွားရင်တော့ ဒီကောင်တွေ (ပမညတ များကို ဆိုလိုသည်) နောက်ရွေးကောက်ပွဲ နှစ်ကြိမ်လောက်ဆိုရင် အစိုးရဖွဲ့သွားနိုင်တော့မှာ"ဟု ဖြစ်ပါသည်။ ဗိုလ်နေဝင်း၏ အခြေခံစိတ်နေစိတ်ထားမှာ ဤကဲ့သို့ပင် ဖြစ်ပါသည်။ သူ၏ အကျင့်သီလ စာရိတ္တမှာ လည်း ဒီမိုကရေစီအလင်းရောင်အောက်တွင် နေနိုင်သူတဦး မဟုတ်သဖြင့် ဤကဲ့သို့သော ဒီမိုကရေစီစနစ်ကိုလည်း မကြိုက်နိုင် ဖြစ်ပုံရပါသည်။

တော်လှန်ရေးကောင်စီအစိုးရသည် 'စထွက်ကတည်းက ယဉ်သကို' ဆိုသလိုပင် တက်လာလာခြင်းပင် အာဏာရ ပထစ ခေါင်းဆောင်များကို သာမက လူမျိုးစုခေါင်းဆောင်များ၊ မြေပေါ်နိုင်ငံရေးပါတီများမှ ခေါင်းဆောင်အများအပြားကိုပါ ဖမ်းဆီးထိန်းသိမ်းလိုက်ပါသည်။ ထို့ပြင် စစ်တပ် အာဏာသိမ်းတက်လာခြင်းကို ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည့် ကျောင်းသားအဖွဲ့အစည်းများကိုလည်း ဖိဖိစီးစီးဖိနှိပ်ဖို့ ကြိုးပမ်း လာပါသည်။ ကျောင်းသားခေါင်းဆောင်များ ဩဇာကြီးနေမှုများကိုလည်း ထိန်းသိမ်းတားဆီးလိုကြပါသည်။ ထို့ကြောင့်ပင် အဆောင်စည်းကမ်း အမျိုးမျိုး ထုတ်ပြန်လာပြီး ရန်စလာပါတော့သည်။

ထို့ကြောင့် တဖက်သတ်ထုတ်ပြန်သည့် အဆောင်စည်းကမ်းများ ရုပ်သိမ်းပေးရန် ဆန္ဒပြပွဲများကို ကျောင်းသားအဖွဲ့အစည်းများ (ဗကသ၊ တကသ၊ ရကသ) ဦးစီး၍ ၁၉၆၂ ခုနှစ် ဇူလိုင် ၆ ရက်နေ့ ရန်ကုန်တက္ကသိုလ်တွင်း ပေါ်ထွက်လာရာမှ ကျောင်းသားများအပေါ် ရန်ငြိုးကြီးစွာ ထားရှိ နေသည့် ဗိုလ်နေဝင်း ဦးဆောင်သော စစ်အုပ်စုဝင်များသည် ဗမာပြည်သမိုင်းတွင် ထိုအချိန်အထိ မပေါ်ဖူးသေးသည့် ကြမ်းတမ်းရက်စက်လှသော "ဇူလိုင် ၇ ရက် ပစ်သတ်မှုကြီး" ကို ကျူးလွန်လိုက်ကြပါတော့သည်။ ထို့ပြင် နောက်နေ့ ဇူလိုင် ၈ ရက်နေ့ မနက်လင်းအားကြီးအချိန်တွင် ကျောင်းသား အများအပြား ပုန်းအောင်းခိုလှုံနေသည်ဟူသော အကြောင်းပြချက်ဖြင့် တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးကိုလည်း ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲ ဖျက်ဆီးလိုက်ပါတော့သည်။

စစ်အစိုးရက သူ့ဘီလူးရုပ်ကို အထင်အရှား ဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ သို့သော် ဤအဖြစ်အပျက်ကြီးမှာ အလွန်အရုပ်ဆိုး အကျည်းတန်လှသဖြင့် ထိုအချိန်က တော်လှန်ရေးကောင်စီဝင် ခေါင်းဆောင်များအနေဖြင့် သူ့တာဝန်၊ ကိုယ့်တာဝန်ပုံချ ပြောဆိုနေမှုများကို ဤ အရေးအခင်းကြီးပြီးနောက် နှစ်ပေါင်းများစွာ ဆက်လက်ပေါ်ထွက်နေသည်ကို တွေ့ရှိနိုင်ပေသည်။ (၁၉၈၈ ခုနှစ် မတိုင်ခင် ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး၏ အိတ်ဖွင့်ပေးစာများကို ကြည့်ပါ။ ဦးနေဝင်း၏ လွှတ်တော်တွင်း ပြောဆိုချက်များကိုလည်း ကြည့်ပါ။)

ဤဇူလိုင် ၇ ရက် လူသတ်ပွဲကြီးနှင့် သမဂ္ဂအဆောက်အအုံကြီးကို ဖုံးခွဲဖျက်ဆီးလိုက်မှုများပြုလုပ်ပြီးနောက် တော်လှန်ရေးကောင်စီ အစိုးရသည် မိမိတို့၏ ဆိုးဝါးလှသောပုံရိပ်ကို ပြင်ဆင်နိုင်ရန်အလို့ငှာ ၁၉၆၃ ခုနှစ်၊ ဇွန်လတွင် တောတွင်းလက်နက်ကိုင် အင်အားစုများသို့ "ငြိမ်းချမ်းရေး ကမ်းလှမ်းချက်"ကို ထုတ်ပြန်လိုက်ပါသည်။ ထို့အပြင် ကျွန်တော်တို့ ငြိမ်းချမ်းရေးအဖွဲ့ကိုလည်း သူတို့နှင့်အတူ တက်တက်ကြွကြွ ဖိတ်ခေါ်ရန် တိုက်တွန်းသည့် ပြောဆိုမှုများ၊ လုပ်ရပ်များ လုပ်ဆောင်လာပါသည်။ သို့သော် ဆရာကြီးအပါအဝင် ကျွန်တော်တို့ ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ဝင်များသည် ဗိုလ်နေဝင်း စစ်အုပ်စု၏ ကောက်ကျစ် လှည့်ဖျားတတ်သော အမူအကျင့်ကို သတိရှိ၊ သတိထားမိကြသဖြင့် ရဲရဲကြီးရှေ့ထွက် ဖိတ်ခေါ်ခြင်းမပြုဘဲ၊ ခပ်မှန်မှန်ပင် ရပ်တည်ခဲ့ပါသည်။ ကျွန်တော်တို့တတွေ လက်နက်ကိုင်တောတွင်းအဖွဲ့များကို ဗိုလ်နေဝင်းလက်သို့ ဝကွက်ပေးအပ် လိုက်သလိုဖြစ်မှာ၊ သမိုင်းကြွေးတင်ခံရမှာကို အလွန်စိုးရိမ်ကြပါသည်။

ဤကာလအတွင်းမှာပင် ဇူလိုင် ၇ ရက် တနှစ်ပြည့် အခမ်းအနား ရောက်ရှိလာပါသည်။ ကျောင်းသားအချို့က ဖြိုချဖျက်ဆီးခြင်းခံထား လိုက်ရသော သမဂ္ဂအဆောက်အအုံနေရာတွင် ကျောက်တိုင်ငယ်လေး တတိုင်ထူလိုက်ပြီး ဓာတ်ပုံပြပွဲများ၊ အထိမ်းအမှတ် အခမ်းအနားများ လုပ်လာ ကြပါသည်။ ကျောင်းသားများ လှုပ်ရှားမှုအရှိန် မြင့်တက်လာပြီး တညမှာတော့ အဆောင်တံခါးများကိုပိတ်ပြီး တောင်းဆိုချက်များတင်၍ ဆန္ဒပြပွဲ စတင်လိုက်ပါတော့သည်။ အာဏာပိုင်များကလည်း အဆောင်တံခါးများကို ဖွင့်ခိုင်းပါသည်။ ကျောင်းသားများကလည်း ၎င်းတို့ တောင်းဆိုချက်များမရပါက တံခါးမဖွင့်ဟု တင်းခံနေရာ ဝိုင်းထားသော စစ်တပ်က အတင်းအကျပ် ဝင်ရောက်စီးနင်းမည့် လက္ခဏာ ပေါ်ပေါက်လာရာ တင်းမာမှုများ မြင့်မားလာပါသည်။

ဤသတင်းကို ကျွန်တော်တို့ ကြားသိရသောအခါ ကျွန်တော်နှင့် ဦးထွန်းတင်တို့နှစ်ဦး ဆရာကြီးမှိုင်းအိမ်သို့ သွားရောက်ကာ ဆရာကြီးကို အကျိုးအကြောင်း တင်ပြခွင့်တောင်းပြီး ကျောင်းသားအရေး ဆရာကြီး၏ ညွှန်ကြားချက်ဖြင့် ဝင်ရောက်ဖြန်ဖြေပေးရန် ဦးထွန်းတင်၏ကားလေးဖြင့် ရန်ကုန်တက္ကသိုလ်သို့ သွားရောက်ခဲ့ပါသည်။

'မြန်မာ့အသံ' ရှေ့ရောက်သည့်အချိန်တွင်မှ မည်သည့်ကားကိုမှ ဆက်သွားခွင့်မပြုဘဲ စစ်တပ်က တားဆီးပိတ်ဆို့ထားတာ တွေ့ရပါသည်။ ကျွန်တော်က ကင်းတာဝန်ခံကို ကျွန်တော်ဘယ်သူဘယ်ဝါဖြစ်ကြောင်း၊ ဆရာကြီးမှိုင်း၏ ညွှန်ကြားချက်ဖြင့် ကျောင်းသားများထံ သွားရောက်ပြီး တံခါးများဖွင့်ပေးရန် မေတ္တာရပ်ခံဖို့သွားမှာဖြစ်ကြောင်း ပြောပြလိုက်ပါသည်။ ကင်းတာဝန်ခံ စစ်ဗိုလ်လေးလည်း ကပျာကယာ မြန်မာ့အသံ အဆောက်အအုံအတွင်း ပြေးဝင်သွားပါသည်။ ထိုအထဲတွင် တော်လှန်ရေးကောင်စီဝင်အချို့ ရှိနေပြီး၊ ကျောင်းသားများအရေးကို ကိုင်တွယ်ဖြေရှင်းဖို့ ဆွေးနွေးပွဲထိုင်နေကြောင်း နောက်မှ ကျွန်တော်သိရပါသည်။

မကြာမီမှာပင် စစ်ဗိုလ်လေး ပြန်ထွက်လာပြီး ကျွန်တော်တို့ကို သွားခွင့်ပြုလိုက်ပါသည်။ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ် ကျောင်းဝင်း တံခါးမကြီးရှေ့ ရောက်သောအခါ တံခါးကြီးကို ပိတ်ထားပြီး ကျောင်းသား ၁၄ – ၅ ယောက် ကင်းစောင့်နေတာ တွေ့ရပါသည်။ ကျွန်တော်က ဦးထွန်းတင်၏ မောရစ်မိုင်းနားကားကလေးပေါ်တက်ကာ ကျွန်တော်တို့ ကားရောက်လာသံကြား၍ အဆောင်အသီးသီးမှ စုဝေးထွက်လာကြသော ကျောင်းသားများကို ကျွန်တော်တို့ လာရောက်ရသည့် အကြောင်းရင်းကို ပြောပြပြီး သူတို့၏ ခေါင်းဆောင်များနှင့် ဆွေးနွေးလိုကြောင်း ပြောသော်လည်း နာမည်ကြီး ကျောင်းသားခေါင်းဆောင်အတော်များများကို သူတို့ ပုန်းရှောင်ထားခိုင်းပြီး ဖြစ်သည်။ ကျွန်တော်တို့ကို ထွက်မတွေ့ပါ။ ကျောင်းသားများက တံခါးဖွင့်ဆိုလျှင် ဖွင့်ပေးမည်ဖြစ်ကြောင်း သို့သော် သူတို့တံခါးဖွင့်ပေးပြီးလျှင် ကျောင်းဝင်းထဲသို့ စစ်သားများ ဝင်မလာဖို့လိုကြောင်း၊ ကျောင်းသား များကိုလည်း မဖမ်းဆီးရန် ကတိပေးဖို့လိုကြောင်းပြောသဖြင့် ကျွန်တော်နှင့် ဦးထွန်းတင် 'မြန်မာ့အသံ' ကို တခေါက်ပြန်ကာ ကျောင်းသားများ ပြောဆို ချက်ကို ကျွန်တော့်အားထွက်တွေ့သည့် စစ်ဗိုလ် (ဗိုလ်ကြီးတဦး) အား ပြောပြလိုက်ပါသည်။ မကြာမီပင် ထိုစစ်ဗိုလ် ပြန်ထွက်လာ ပြီး ကျောင်းသားတွေ တောင်းဆိုသည့် အချက်နှစ်ချက်ကို လက်ခံကြောင်း ပြောပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ကျောင်းသို့ပြန်သွားကြပြီး အကျိုးအကြောင်းပြောပြကာ တံခါးများကို ဖွင့်ခိုင်းလိုက်ပါတော့သည်။ ကျွန်တော်တို့

ပြန်လာသောအခါ ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဝင်းဆိုသူကို ကျွန်တော်တို့ကားထဲ ထည့်ပေးလိုက်ကြပါသည်။ ကျွန်တော်တို့ သူ့ကို ကားနောက်ခန်းတွင် ဝှက်၍ ခေါ်လာခဲ့ရပါသည်။

ကျွန်တော်တို့ကား မြေနီကုန်းသို့ ရောက်သောအခါ လမ်းပေါ်က လူတဦးက မျက်နှာကို လက်ဝါးနှင့်အုပ်၍ ကားရပ်ရန် လက်ပြပါသည်။ ကျွန်တော်တို့ကားကို ရပ်ပေးသောအခါ ထိုသူသည် မျက်နှာကို လက်ဝါးနှင့်အုပ်လျက်ပင် ကားနားကပ်လာပြီး ကျွန်တော်တို့ အိမ်ရှိရာ လမ်းထိပ်များတွင် စစ်တပ်က ကားများနှင့်ပိတ်၍ စောင့်နေကြောင်း၊ ဆီးဖမ်းမှာဖြစ်ကြောင်း ပြောဆိုကာ အမှောင်ထဲ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။ အချိန်ကလည်း လင်းအားကြီးအချိန်နီးနေပြီဖြစ်သဖြင့် ကျွန်တော်တို့ အိမ်မပြန်ကြတော့ဘဲ၊ ဆရာကြီးအိမ်ရှိရာ ချမ်းသာလမ်းသို့ သွားလိုက်ကာ နံနက်မိုးစင်စင်လင်းမှ ကျွန်တော်တို့အိမ်များသို့ ပြန်လာနိုင်ပါတော့သည်။ ထိုစစ်ကားများ မိုးမလင်းခင်ပင် ပြန်သိမ်းသွားကြောင်း သတင်းရပြီးမှ ကျွန်တော်တို့ အိမ်ပြန်နိုင်ခြင်း ဖြစ်ပါသည်။ နောင်မှ ကျွန်တော်တို့သိရသည်မှာ ကျွန်တော်တို့ကားထဲ ကျောင်းသားခေါင်းဆောင်တချို့ပါသွားကြောင်း သတင်းအစအန ရသွားသဖြင့် ထိုသူများကို ဖမ်းဆီးရန် စောင့်ဆိုင်းနေကြခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်နှင့်ပါလာသော ကျောင်းသားခေါင်းဆောင်မှာ ကျွန်တော့်အိမ်တွင် နှစ်ရက်ခန့်နေပြီးမှ အဆက်အသွယ်ရရာ လူတချို့ လာရောက်ခေါ်ယူသွားပါသည်။ နောင်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခရမ်းအမတ် ဦးတင်မောင်ဝင်းဖြစ်လာသူမှာ ထိုသူပင် ဖြစ်ဟန်ရှိပါသည်။ ကျွန်တော် သိပ်မသေချာပါ။

ထို့နောက်မှာတော့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တော်လှန်ရေးကောင်စီက ကမ်းလှမ်းသဖြင့် စေ့စပ်ဆွေးနွေးရန် တောတွင်းအဖွဲ့အစည်းများ တသုတ်ပြီးတသုတ် ရောက်ရှိလာရာ၊ ရောက်ရှိသည့် အဖွဲ့တိုင်းလိုလိုကလည်း ဆရာကြီးမှိုင်းအား ဦးစွာပထမ လာရောက်တွေ့ဆုံနှုတ်ဆက်ကြရာ၊ ကျွန်တော်တို့ ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ဝင်များမှာ မအားမလပ်နိုင်အောင် အလုပ်များသွားပါတော့သည်။

ပထမဆုံး ရောက်လာသည့်အဖွဲ့မှာ အလံနီကွန်မြူနစ်ပါတီ ပဏာမကိုယ်စားလှယ်အဖွဲ့ဖြစ်ပြီး ရဲနီကျော်ဝင်း ဦးဆောင်လာပါသည်။ နောက်မှ သခင်စိုး လိုက်လာခြင်း ဖြစ်ပါသည်။

ထိုအချိန်တွင် ငြိမ်းချမ်းရေးတောင်းဆိုသည့် လူထုလှုပ်ရှားမှုကြီးလည်း တဖြိမ့်ဖြိမ့် တနိုင်ငံလုံး ပေါ်ထွက်လာနေပါသည်။ ပမညတ၊ ပထစ၊ ဖဆပလ စသည့် နိုင်ငံရေးအင်အားစု အားလုံးလောက်နီးနီး ပူးပေါင်းဆောင်ရွက်ကြသဖြင့် အတော်ညီညွတ်သည့် လှုပ်ရှားမှုဟု ပြောဆိုနိုင်ပါသည်။

လူမျိုးစု အဖွဲ့အစည်း အသီးသီးက ကိုယ်စားလှယ်အဖွဲ့များလည်း ရောက်ရှိလာပါသည်။

ထို့နောက် ၁၉၆၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီမှ ပဏာမကိုယ်စားလှယ်အဖွဲ့ ရန်ကုန်သို့ ရောက်ရှိလာပါသည်။ ရဲဘော်ဌေး ဦးဆောင်ပြီး ဗိုလ်ဇေယျလည်း ပါလာပါသည်။ ဩဂုတ်လ ၃၁ ရက်နေ့တွင် ဆရာကြီးအား လာရောက်ဂါရဝပြုမည်ဟု ထောက်လှမ်းရေးက အကြောင်းကြားထားသဖြင့် ကျွန်တော်နှင့် ဦးထွန်းတင်အပါအဝင် လူအချို့ ဆရာကြီးအိမ်တွင် သွားစောင့်နေကြပါသည်။ သူတို့က ဆရာကြီးအား ဦးသုံးကြိမ်ချ ကန်တော့ကြပြီးနောက် ကျွန်တော်တို့တတွေ ရေးဖြစ်နှောင်းဖြစ်တွေ ပြောဆိုမိကြပါသည်။

ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ်က အထူးသဖြင့် ဗိုလ်ဇေယျနှင့်တွေ့ဆုံပြီး တဦးနှင့်တဦးဖက်ပြီး နှစ်ယောက်စလုံး မျက်ရည်ကျမိပါသည်။ ဤကျွန်တော်တို့နှစ်ဦး တဦးနှင့်တဦးဖက်၍ မျက်ရည်ကျနေသည့်ပုံကို သတင်းထောက်တဦးက ဓာတ်ပုံရိုက်လိုက်ပြီး နောက်နေ့သတင်းစာထဲ ပါလာရာ တွေ့မြင်ဖတ်ရှုရသည့် လူအတော်များများလည်း မျက်ရည်ကျကြသည်ဟု ကြားရပါသည်။ နောက်ပိုင်း ငြိမ်းချမ်းရေးပျက်သွားပြီးနောက် ငြိမ်းချမ်းရေးကာလအတွင်းက ရိုက်ကူးခဲ့သည့် ဓာတ်ပုံပြပွဲနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ထိုဓာတ်ပုံသည် တတိယဆုရကြောင်း သိရပါသည်။ ပထမဆုရသည့်ပုံမှာ ငြိမ်းချမ်းရေး ပျက်သွားပြီးနောက် ထိုဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့ ပေါက်ခေါင်းချောင်းကို ဖြတ်ကူး၍ တောတွင်းသို့ပြန်သွားသည့်ပုံဖြစ်ပြီး၊ ထိုပုံကို 'ပြည်သူကို ကျောခိုင်းကြလေပြီ' ဟူသော ခေါင်းစဉ်ဖြင့် ရှုခေါင့်ဂျာနယ်က မျက်နှာဖုံးအဖြစ် ဖော်ပြခဲ့သည့်ပုံ ဖြစ်ပါသည်။

ထိုကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မှာရှိနေစဉ် ကျွန်တော်က ကျွန်တော့်အိမ်ကိုဖိတ်၍ ထမင်းတနပ်ကျွေးပါသည်။ ဥက္ကဋ္ဌသခင်သန်းထွန်းဆီမှလည်း ကျွန်တော့်ထံ ပုဂ္ဂိုလ်ရေးစာတစောင် ပါလာရာ၊ သူတို့၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် သဘောထားများ၊ အဓိက ဆွေးနွေးမည့် အကြောင်းအရာများကို ထည့်သွင်းရေးသား ပြောပြထားပါသည်။ စာ၏ နောက်ဆုံးပိုဒ်တွင်မူ ကျွန်တော့်ဇနီးအား နှုတ်ဆက်ကြောင်း၊ သူတို့ကြောင့် ကျွန်တော်တို့ မိသားစု ဒုက္ခရောက်သွားရသည့်အတွက် ကျွန်တော့်ဇနီးကိုတောင်းပန်ကြောင်း ရေးသားထားပါသည်။

တော်လှန်ရေးကောင်စီက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းဖိတ်ခေါ်သည့် ရည်ရွယ်ချက်ကိုက သူတို့ စစ်ဘီလူးပုံရိပ်ကို လျှော့ချသွားရန်အတွက်သာ ဖြစ်သဖြင့်တကြောင်း၊ လက်နက်ကိုင် တပ်ဖွဲ့အသီးသီးနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြည်သူလူထုကို တစုံတရာ လွတ်လပ်ခွင့်ပေးထားရသဖြင့် နိုင်ငံရေးအဖွဲ့အစည်း အသီးသီးက (စစ်အာဏာရှင်စနစ် အန္တရာယ်ကို မြင်လာသဖြင့်) ပြည်သူလူထုကို စည်းရုံးလှုံ့ဆော် လာနိုင်ပြီး၊ လူထုကလည်း တခဲနက်အုံကြွလာကာ ပြည်တွင်းငြိမ်းချမ်းရေး တောင်းဆိုလှုပ်ရှားမှုကြီး ကျယ်ပြန့်ကြီးမားလာမှုကြောင့်တကြောင်း၊ စေ့စပ်ဆွေးနွေးပွဲကာလ လတချို့ (၄ – ၅ လအတွင်း) အကြာမှာပင် တော်လှန်ရေးကောင်စီက ဆွေးနွေးပွဲများကို တဖက်သတ် ရပ်ဆိုင်းပစ်လိုက်ပါတော့သည်။

တောတွင်းမှ လာရောက်ဆွေးနွေးသည့် ကိုယ်စားလှယ်များ ပြန်သွားပြီးနောက် ထိုကာလအတွင်း တက်တက်ကြွကြွ လှုပ်ရှားခဲ့သည့် နိုင်ငံရေးသမားများအားလုံးကို ပိုက်စိပ်တိုက် ရှာဖွေဖမ်းဆီးခဲ့ပါသည်။

ကျွန်တော်တို့ ငြိမ်းချမ်းရေးအဖွဲ့လည်း လုပ်ငန်းအားလုံး ရပ်ဆိုင်းသွားပါတော့သည်။ ဆရာကြီးလည်း စိတ်အတော်ထိခိုက် သွားပြီး အိပ်ရာထဲ လဲသွားပါတော့သည်။ ထိုအချိန်မှစ၍ ဆရာကြီးသည် ထူထူထောင်ထောင် ဖြစ်မလာတော့ဘဲ တရှောင်ရှောင် ဖြစ်နေရာမှ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကွယ်လွန်သွားပါတော့သည်။ ဤအဖြစ်အပျက် အသေးစိတ်များကို ကျွန် တော်က **"ဆရာကြီးမှိုင်း၏ နောက်ဆုံးနေ့ရက်များ"** ဟူသော ခေါင်းစဉ်နှင့် ဆောင်းပါးတစောင် မကြာမီကပင် ရေးသားထားရာ ထိုဆောင်းပါးကိုပင် ပြန်လည်ဖော်ပြလိုက်ရပါတော့သည်။

## ဆရာကြီးမှိုင်း၏ နောက်ဆုံးနေ့ရက်များ

ဆရာကြီး သက်တော် ၁၃၀ ပြည့် စာစောင် ထုတ်ဝေဖို့ ပြင်ဆင်နေသည့် ရဲဘော်များက ကျွန်တော့်ကို ဆရာကြီးနှင့်ပတ်သက်၍ ဆောင်းပါးတိုလေး တစောင် ရေးသားပေးပါရန် တောင်းဆိုလာပါသည်။

၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ နံနက် ၁ နာရီ (သန်းခေါင်ကျော်ချိန်) တွင် ကွယ်လွန်သွားသော ဆရာကြီးသည် ကျွန်တော်၏လက်ပေါ်

ကျွန်တော့်မျက်စိအောက်တွင်ပင်ဖြစ်သဖြင့် ထိုမမေ့နိုင်ဖွယ် အကြောင်းကိုသာ ကျွန်တော် ရေးရပါတော့မည်။

ဆရာကြီးသည် တသက်တာပတ်လုံး သူ့အင်မတန် ချစ်မြတ်နိုးသော ဗမာပြည်သူများ၏အရေး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ရာတွင် သူ၏ နောက်ဆုံးဆောင်ရွက်ချက်များမှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး ဖြစ်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရာတွင် ဆရာကြီးသည် ၁၉၅၆ ခုနှစ်မှစ၍ ပထမ (၈) ဦး ကော်မတီဖွဲ့ပြီး ဆောင် ရွက်ပါသည်။ ထိုအဖွဲ့ ပျက်ပြီးသောအခါ ၁၉၆၁ ခုနှစ်တွင် ဒုတိယပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကို ထပ်မံဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါသည်။ ထိုအဖွဲ့တွင် ဆရာကြီးက ဥက္ကဋ္ဌ ဖြစ်ပါသည်။ ကျွန်တော်သည် ထိုစဉ်က တပ်မတော်မှ ပင်စင်အနားပေးခံထားရပြီးဖြစ်သဖြင့် ထိုအဖွဲ့တွင် ဒုဥက္ကဋ္ဌအဖြစ် ပါဝင်ခဲ့ပါသည်။ မကြာမီက ကွယ်လွန်သွားသူ လွှတ်တော်ရှေ့နေကြီးဦးထွန်းတင်မှာ ထိုအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဖြစ်ပါသည်။ ဦးထွန်းတင်မှာ ပထမ (၈) ဦးကော်မတီ တွင်လည်း အတွင်းရေးမှူးတာဝန်ယူခဲ့သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် အတွေ့အကြုံအတော်ရှိနေသူ ဖြစ်ပါသည်။ တခြားသူများလည်း အများ အပြား ပါဝင်ရာ စာရေးဆရာကြီး ဇန်းမော်တင်အောင်၊ တော်ဘုရားလေး၊ မုံရွာ ဦးတင်ရွှေ၊ ဦးစိုးမင်း (ဗလစ)၊ ဦးလှကျော်၊ ဦးဘကျော်၊ ဦးလှတင်စသည့် လွှတ်တော်ရှေ့နေကြီးများ ဖြစ်ကြပါသည်။ ကရင်အမျိုးသားခေါင်းဆောင်များဖြစ်သော မန်းကျော်အုံး၊ စောကျော်စိန်တို့လည်း ပါဝင်ပါသည်။

ထိုဒုတိယ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးကို လူအင်အားများများနှင့် ဖွဲ့စည်းပြီး တပြည်လုံးတွင် လှည့်လည်စည်းရုံးလှုံ့ဆော်နိုင်သဖြင့် နယ်ခရိုင်တော်တော်များများတွင် ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ခွဲများ တည်ထောင်နိုင်ပြီး ရန်ကုန်ခရိုင်တွင်း တိုက်နယ်တိုင်းလိုလိုတွင် အဖွဲ့ခွဲများ ဖွဲ့စည်း တည်ထောင်လာနိုင်ပါသည်။ ဤကဲ့သို့ အရှိန်ကောင်းကောင်းနှင့် လှုပ်ရှားနေစဉ်မှာပင် ၁၉၆၂ ခု၊ မတ်လ ၂ ရက် ဗိုလ်နေဝင်း အာဏာသိမ်းမှု ပေါ်ပေါက် ကာ တော်လှန်ရေးကောင်စီအစိုးရ တက်လာပါတော့သည်။ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းလည်း တုံ့နှေးသွားရပါတော့သည်။

ဗိုလ်နေဝင်း၏ တော်လှန်ရေးကောင်စီက ၁၉၆၃ ခုနှစ်တွင် တောတွင်းအဖွဲ့များနှင့် ဟန်ပြစေ့စပ်ဆွေးနွေးပွဲများ လုပ်ပြီး ၁၉၆၃ နိုဝင်ဘာတွင် စေ့စပ်ဆွေးနွေးပွဲများ ပျက်ကာ၊ မကြာမီမှာပင် အဖွဲ့အစည်းအားလုံး ဖျက်သိမ်းသည့် အမိန့်ထုတ်ပြန်လိုက်သဖြင့် ကျွန်တော်တို့ ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့လည်း လှုပ်ရှားမှု ရပ်လိုက်ရပါတော့သည်။

ဆရာကြီးမှာ ထိုကာလတွင် အတော်အင်အား ချည့်နဲ့နေပြီဖြစ်သဖြင့် ကျွန်တော်တို့က ထိုအဖွဲ့အစည်းများ ဖျက်သိမ်းသည့်အမိန့်အကြောင်း တလုံးတပါဒမျှ မပြောဘဲ ဖုံးဖိထားကြပါသည်။ ဆရာကြီး၏နေအိမ်၊ စမ်းချောင်း၊ ချမ်းသာလမ်းသို့ ကျွန်တော်တို့တတွေ သွားမြဲသွားကာ ဆွေးနွေးကြ၊ တိုင်ပင်ကြတွေ့ လုပ်နေပါသည်။

ထိုကာလက ဆရာကြီးအိမ်တွင် အစဉ်အမြဲ မပြတ်ဝင်ထွက် သွားလာနေသူများထဲတွင် အများဆုံးနှင့် ပုံမှန်အကျဆုံးလူ သုံးဦး ရှိပါသည်။

ပထမ တဦးမှာ ဆရာကြီး၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက် ပြုစုနေသော ဒေါက်တာဆင်ဖိုး ဖြစ်ပါသည်။ ဒေါက်တာဆင်ဖိုးမှာ ဆရာကြီးနှင့် ဆွေမျိုးတော်စပ်သူမဟုတ်သော်လည်း၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်၍ ဆရာကြီး၏ဆောင်ရွက်ချက်များကို ကြည်ညိုလေးစားပြီး ဆရာကြီး၏ သမားတော်ကြီးတာဝန်ကို မိမိဆန္ဒနှင့် မိမိဘာသာ လာခံယူထားသူ ဖြစ်ပါသည်။ တချိန်တွင် ဒေါက်တာဆင်ဖိုးအား အစိုးရက နယ်ပြောင်းဖို့ စီစဉ်ရာ၊ ကျွန်တော်က ထိုစဉ်က တော်လှန်ရေးကောင်စီ ကျန်းမာရေးဝန်ကြီး၊ ဗိုလ်မှူးကြီးလှဟန်ထံ ပုဂ္ဂိုလ်ရေးစာတစောင်ရေး၍ ဒေါက်တာဆင်ဖိုးမှာ ဆရာကြီး၏ ကိုယ်ရေးဆရာဝန်ကြီး ဖြစ်နေ၍ တတ်နိုင်လျှင် မပြောင်းဘဲထားပေးပါရန် ပန်ကြားရာ၊ ဗိုလ်မှူးကြီးလှဟန်က သဘောတူညီပြီး ဒေါက်တာဆင်ဖိုးအား ရန်ကုန်မှာပဲ ထားပေးခဲ့ပါသည်။ ဗိုလ်လှဟန်မှာ ကျွန်တော်တပ်ရင်း ၄ တပ်ရင်းမှူး ဖြစ်စဉ်က ဆေးမှူးတာဝန်ယူခဲ့ဖူးသဖြင့် ကျွန်တော်နှင့် တစုံတရာ ရင်းနှီးမှု ရှိပါသည်။

ဒုတိယမှာ လွှတ်တော်ရှေ့နေကြီးဦးထွန်းတင် ဖြစ်ကာ၊ တတိယမှာ ကျွန်တော် ဗိုလ်ကျော်ဇော ဖြစ်ပါသည်။ ကျွန်တော်တို့ နှစ်ဦးမှာ စမ်းချောင်းရပ်ကွက်ထဲမှာသာ နေသူများဖြစ်သဖြင့်တကြောင်း၊ ကျန်လူအတော်များများမှာ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲ ပျက်သွားပြီးနောက် အဖမ်း အဆီးများခံကြရသဖြင့်တကြောင်း ဖြစ်ပါသည်။

ကျွန်တော်တို့ သုံးဦးသည် ဆရာကြီးဆီ အမြဲဆိုသလို သွားရောက်ကြပြီး၊ ဆရာကြီးနှင့် စကားစမြည်ပြောဆိုကြ၊ ဆွေးနွေးကြ လုပ်ကြပါသည်။ ဆရာကြီးကလည်း ကျွန်တော်တို့ သုံးဦး အဖမ်းအဆီးခံရမှာ အလွန်စိုးရိမ်ပူပန်သဖြင့် သတိဝီရိယနှင့်နေရန် မပြတ်သတိပေးတတ်ပါသည်။ ကျွန်တော်တို့ တရက်နှစ်ရက် သူ့အိမ်မရောက်လျှင် သူ့သမီးမြေးများကိုလွှတ်၍ ကျွန်တော်တို့ အခြေအနေကို မေးလေ့ရှိပါသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ကလည်း မပြတ်သွားရောက်နေရပါသည်။

ဆရာကြီးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပျက်သွားကတည်းက အတော်စိတ်ထိခိုက်သွားပါသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့က အဖွဲ့ အစည်းများ ဖျက်သိမ်းသည့်အကြောင်း မပြောပြခြင်း ဖြစ်ပါသည်။ သို့သော် တနေ့ ဆရာကြီးအတွက် ကွမ်းသီးဝယ်ရာ တွင် ကွမ်းသီးထုတ်လာသည့် သတင်းစာရွက်တွင် ထိုသတင်းပါရှိရာမှ ဆရာကြီး သိရှိသွားပါတော့သည်။

ဆရာကြီးက တိုင်းပြည်တော့ ပိုဆိုးတော့မှာပဲဟုဆိုကာ အိပ်ရာတွင် လဲသွားပါတော့သည်။ ထိုအချိန်ကစ၍ ဆရာကြီး ထူထူထောင်ထောင် ဖြစ်မလာတော့ဘဲ၊ တရွေ့ရွေ့ ကျန်းမာရေးဆုတ်ယုတ်လာပါတော့သည်။ ကျွန်တော်တို့တတွေ ဆရာကြီးအိပ်ရာဘေးတွင်ပင် ဝိုင်းဝန်းထိုင်ပြီး ဆရာကြီးအား စိတ်သက်သာရာ သက်သာကြောင်း ပေါ့ပေါ့ပါးပါးကိစ္စများသာ ပြောဆိုဆွေးနွေးကြရပါသည်။

တခါက ကျွန်တော်ဆရာကြီး အိပ်ရာဘေး ထိုင်နေစဉ် ဆရာကြီးက ကျွန်တော့်လက်ကို လှျောက်စမ်းကြည့်ပြီး လက်စွပ်လည်း မရှိပါကလား ဟု ပြောပါသည်။ ကျွန်တော်က ကျွန်တော်တခါမှ လက်စွပ်မဝတ်ဖူးကြောင်းပြောရာ သူက အေး–ငါလည်း မဝတ်ဖူးဘူးကွဟု ပြန်ပြောပါသည်။

ဆရာကြီးမှာ မှတ်ဉာဏ်ကောင်းလှပြီး၊ ရှတ်နောက်နောက်လည်း ပြောတတ်ဆိုတတ်ပါသည်။ တခါက ကျွန်တော်တို့ ရောက်သွားစဉ် သူက ခရီးရောက်မဆိုက် ကျွန်တော်တို့ကို "ငါ့ဆီ မနက်က သခင်တင် လာသွားတယ်ကွ"ဟုပြောပါသည်။ ကျွန်တော်တို့ကလည်း ရုတ်တရက်ဖြစ်သဖြင့် "ဘယ်သခင်တင်လဲ ဆရာကြီး"ဟု ပြန်မေးရာ၊ သူက ရယ်ရွှန်းဖတ်ရွှန်းဖြင့် "ဘယ်သခင်တင် ဖြစ်ရမလဲကွ။ မီးခွက်မှုတ် သခင်တင်ပေါ့" ဟု ဆိုလိုက် ပါသည်။ ကျွန်တော်တို့လည်း ဝိုင်းဝန်း ရယ်မောကြရပါသည်။

၁၉၆၄ ခုနှစ်၊ ဇူလိုင်လဆန်းလောက်က၍ ဆရာကြီးအခြေအနေ အတော်ဆိုးဝါးလာပါသည်။ ကျွန်တော်တို့ သုံးဦးမှာ တနေကုန် ဆရာကြီး အိမ်မှာပင် နေရပြီး ညအတော်မိုးချုပ်မှ အိမ်ပြန်ကြရပါသည်။ အခြေအနေမကောင်းသောနေ့များတွင် ညတောင် အိမ်မပြန်ဖြစ်ကြပါ။

ဒေါက်တာဆင်ဖိုးမှာလည်း နေ့ရောညပါ ဆရာကြီးနားတွင်နေ၍ ပြုစုပါသည်။ အာဇာနည်နေ့နှင့်လည်း နီးနေသဖြင့် ရက်မထပ်အောင်

အထူးကြိုးစားပြီး ဆေးဝါးများသွင်းကာ ဆွဲနိုင်သမျှ အချိန်ကိုဆွဲပါသည်။

ဇူလိုင်လ ၂၂ ရက်တွင်တော့ ဆရာကြီး သတိသိပ်မရှိတော့ပါ။ ဒေါက်တာဆင်ဖိုးက ကျွန်တော့ကို ဆရာကြီး၏ လက်မောင်းသွေးကြောကို ဖိကိုင်ထားစေပြီး၊ အခြေအနေထူးခြားရင်ပြောဖို့ ပြောထားပါသည်။ သူလည်း အသက်ကယ်ဆေးအမျိုးမျိုး ထိုးပေးနေပါသည်။ ဆရာကြီး၏ ပတ်လည်တွင် ဆရာကြီး၏ မိသားစုများအပြင် ကျွန်တော်တို့သုံးဦး ရှိနေပါသည်။

ကျွန်တော်လည်း ဆရာကြီးလက်မောင်းသွေးကြောကိုကိုင်ပြီး သွေးခုန်နှုန်းကို သတိထားနေရာ ရုတ်တရက်သွေးခုန်တာ ဟိုရောက်၊ ဒီရောက်ဖြစ်ကာ ရပ်သွားပါတော့သည်။ ကျွန်တော်လည်းလန့်ပြီး တချက်အော်လိုက်ရာ ဒေါက်တာဆင်ဖိုး အပြေးအလွှားစမ်းသပ်စစ်ဆေးပြီး ကွယ်လွန်သွားပြီဖြစ်ကြောင်း ပြောချလိုက်ပါသည်။ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် နံနက် ၁ နာရီအချိန် ဖြစ်ပါတော့သည်။

ဤတွင် အနီးရှိ ဆရာကြီး၏သမီးငယ် ဒေါ်မြသီက တချက်ဟစ်၍ ငိုလိုက်ရာ၊ အနီးအနား အိမ်ပတ်ဝန်းကျင်တွင် စောင့်နေသော ကြေးမုံသတင်းထောက်က သတင်းစာတိုက်ပြေးပြီး သတင်းပို့သဖြင့် နောက်နေ့မနက်အစောထုတ် ကြေးမုံသတင်းစာ မျက်နှာဖုံးပြည့် ဆရာကြီးပုံဖြင့် အထူးထုတ် ထွက်လာပါတော့သည်။ မြန်မာ့အသံကလည်း နံနက်ရှစ်နာရီ သတင်းတွင် ဆရာကြီးကွယ်လွန်ကြောင်း ထုတ်ပြန်ပေးရာ ထိုသတင်း တပြည်လုံး ပျံ့နှံ့သွားပါတော့သည်။

ဤသည်မှာ ဆရာကြီး ကျွန်တော်၏လက်ပေါ်တွင် ကွယ်လွန်သွားခဲ့သည့် အကြောင်းအရာများကို ကျွန်တော်မှတ်မိသလောက် ပြန်လည်ရေးသားပေးပို့လိုက်ခြင်း ဖြစ်ပါသည်။

၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်

ခွန်မင်း။

ဆရာကြီး ကွယ်လွန်သည့်သတင်း ပြန့်သွားပြီးနောက် ဆရာကြီး၏ ချမ်းသာလမ်းအိမ်လေးမှာ လူများလာရောက် ဂါရဝပြုကြသဖြင့် ပြည့်နှက်နေပါတော့သည်။ ဆရာကြီး၏ ရုပ်ကလာပ်ကို ဆရာကြီး ခါတိုင်းအိပ်နေကျ အိမ်ရှေ့ခန်းကလေးမှာပင် ပြင်ဆင်ထားပါသည်။ ဆေးရုံကြီး ရေခဲတိုက်မှ လူများကိုခေါ်၍ မပုပ်သိုးအောင် ဆေးများထိုးရပါသေးသည်။ အိမ်ရှေ့တွင်ပင် မဏ္ဍပ်တခု ထိုးထားရပါသည်။ နယ်များမှ သတင်းကြားကြားချင်း တပည့်တပန်းများ ရန်ကုန်သို့ ရောက်ချလာကြပါသည်။

အစောဆုံး ရောက်လာကြသူများထဲတွင် မန္တလေးမှ လူထုဦးလှသည် ထိုကွယ်လွန်သည့်နေ့မှာပင် ရောက်ချလာပါသည်။ ကျွန်တော်တို့လည်း ဆရာကြီးဦးယောကို အမှူးပြု၍ ဈာပနကော်မတီ ဖွဲ့လိုက်ပါတော့သည်။ ထိုစဉ်က ငြိမ်းချမ်းရေးအဖွဲ့ဝင်များ လူစုံတက်စုံ မပါနိုင်တော့ချေ။ တချို့လည်း အဖမ်းခံရပြီးဖြစ်ကာ၊ တချို့လည်း တိမ်းရှောင်နေရချိန်နှင့် သွားတိုးနေပါသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ တဖက်သတ် ရပ်ပစ်လိုက်မှုအတွက်ရော၊ ဆွေးနွေးပွဲပျက်ပြီး လူဖမ်းပွဲကြီးများ တရစပ် ဆက်လက်လုပ်နေမှုအတွက်ရော လက္ခဏာပုံရိပ် ဆိုးဝါးနေသည့် တော်လှန်ရေးကောင်စီသည် ဆရာကြီးကွယ်လွန်သည့်ကိစ္စတွင် ဝင်ရောက် အမြတ်ထုတ်လာပါတော့သည်။ ကွယ်လွန်သည့်နေ့တွင်ပင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်နေဝင်း၏သဝဏ်လွှာနှင့်အတူ အသုဘကူညီငွေ ကျပ်တသောင်းကို ပို့လာပါသည်။ ထိုစဉ်က ပြန်ကြားရေးဌာန အတွင်းဝန် ဦးစောဦးက ဆရာကြီးအိမ်သို့ ရောက်ရှိလာပြီး ဆရာကြီးဦးယောကို လာရောက်ပေးအပ်ပါသည်။ သူကပင် ဆရာကြီး၏ ဈာပနကို နိုင်ငံတော်ဈာပနလုပ်လျှင် သိပ်ကြီးမားကျယ်ပြန့်သွားမှာကြောင့် ဈာပနကော်မတီဖွဲ့ပြီး ထိုကော်မတီကပင် ကြိုက်သလိုစီစဉ်ရန် လိုအပ်သည့် အကူအညီများကို သူတို့က ပေးပါမည်ဟု ကမ်းလှမ်းပြောကြားလာပါသည်။

ဆရာကြီး၏ဈာပနကို တမျိုးသားလုံးနှင့်ဆိုင်သည့် ဈာပန၊ ပြည်သူ့ဈာပနအဖြစ် ကျင်းပရန် ကော်မတီက ဆုံးဖြတ်ပါသည်။ ချမ်းသာလမ်း အိမ်တွင် ရက်သတ္တတပတ်ထားပြီး ဇူလိုင်လ ၂၉ ရက်နေ့တွင် စမ်းချောင်းဘော့လုံးကွင်းတွင် အများဂါရဝပြုနိုင်ရန် ပြောင်းရွှေ့ထားရှိပြီး ဩဂုတ်လ ၈ ရက်နေ့တွင် သင်္ဂြိုဟ်ရန် ဆုံးဖြတ်ကြပါသည်။

ကျွန်တော်တို့လည်း ဈာပန ခမ်းခမ်းနားနား ကျင်းပနိုင်ရေး၊ ဂူဗိမာန် ကောင်းကောင်း တည်ဆောက်နိုင်ရေးအတွက် အလှူခံထွက်ကြပါသည်။ ကျွန်တော်သည် ဗိုလ်ရှုရသခင်ချစ်မောင်၊ လူထုဦးလှတို့နှင့်အတူ နိုင်ငံရေးသမားဟောင်းများ၊ ဆရာကြီး၏ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ စာနယ်ဇင်းလောကမှလူများ စသူများဆီသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အလှူခံကြရာ အလှူငွေများ ရက်ရက်ရောရော ပေးလှူကြပါသည်။ သတင်းစာများထဲမှ ကြေးမုံ၊ လူထုစသည့် သတင်းစာတိုက်များကလည်း အလှူငွေကို ကူညီလက်ခံပေးရာ နယ်များမှ အလှူငွေများ ရောက်ရှိလာပါသည်။ ကျွန်တော်တို့သည် တပတ်နှစ်ပတ်အတွင်းမှာပင် အလှူငွေ ကျပ်ငွေတသိန်းကျော် ရရှိလာပါသည်။

သတင်းစာတိုင်းလိုလိုမှာလည်း ဆရာကြီး၏ဂုဏ်အင်္ဂါများကို ဖော်ပြကြပြီး ဆရာကြီး၏ ကွယ်လွန်ခြင်းအပေါ် ဝမ်းနည်းမှုဆွေးကြောင်း ဖော်ပြကြပါသည်။ အနိုင်နိုင်ငံက ဝမ်းနည်းကြောင်း သဝဏ်လွှာတွေလည်း ရောက်ရှိလာပါသည်။ တရုတ်သံရုံး၊ ဆိုဗီယက်သံရုံး၊ ကိုရီးယားသံရုံး၊ ဟန်ဂေရီသံရုံး၊ ဗီယက်နမ်သံရုံး စသည်တို့မှ သံရုံးတာဝန်ခံများလည်း ရောက်ရှိလာကြပြီး သူတို့နိုင်ငံများမှပို့သည့် ဝမ်းနည်းသဝဏ်လွှာများ လာရောက် ပေးအပ်ကြပါသည်။

ဆရာကြီး၏ ရုပ်ကလာပ်ကို ချမ်းသာလမ်းမှာ တပတ်ထားပြီး ဇူလိုင်လ ၂၉ ရက်နေ့မှာ အစိုးရကပေးတဲ့ စမ်းချောင်းဘော့လုံးကွင်း (ပဒုမ္မာကွင်း) ထဲ ရွှေ့ပြီး၊ တပြည်လုံး ပြည်သူတွေ ဂါရဝပြုနိုင်ဖို့ ၁၀ ရက်ထားပါသည်။ ထိုကွင်းထဲက မဏ္ဍပ်မှာ အစိုးရကပင် ဆောက်ပေးထားပါသည်။ အလှူငွေလည်း နောက်ထပ် ငါးထောင်ကျပ် ထပ်ပေးသွားပါသည်။ ထိုမဏ္ဍပ်ထဲတွင်ပင် ပြခန်းလေးတခု ထားရှိပြီး ဆရာကြီးအသက်ရှင်စဉ်က ဆောင်ရွက်ခဲ့သည့် သတင်းစာတ်ပုံ၊ မှတ်တမ်း၊ ဆရာကြီး၏ အသုံးအဆောင်ပစ္စည်းများ၊ နိုင်ငံခြားခရီးစဉ်အတွင်း ရရှိခဲ့သည် လက်ဆောင်များ အတော်စုံစုံလင်လင် ပြသထားပါသည်။

ကျွန်တော်တို့ ဈာပနကော်မတီက ညပိုင်းတွေမှာ ဟောပြောပွဲတွေ လုပ်ရန်စီစဉ်ပါသည်။ အဓိကစီစဉ်သူက လူထုဦးလှပါ။ လူထုဦးလှမှာ အလွန်ဆက်ဆံရေး ညက်ညောပျော့ပျောင်းသူ ဖြစ်သည်။ သူ၏ ကြိုးပမ်းမှုကြောင့်ပင် ကျန်စာပေနယ်မှ အကျော်အမော်ကြီးများ အားလုံး ဝိုင်းရုံလာကြပါသည်။ တချို့လူကြီးများသည် ဆရာကြီးအား စာပေဖခင်ကြီးအဖြစ် လေးစားကြည်ညိုသော်လည်း နိုင်ငံရေးအရ အစိုးရငြိုငြင်သည့်အလုပ်ကို လုပ်နေသဖြင့် (အထူးသဖြင့် ကျွန်တော်တို့လို လူမျိုးများ၊ လက်ဝဲသမားများနှင့် တွဲလွန်းသဖြင့်) ဆရာကြီးကိစ္စတွင် အတော်တွန့်ဆုတ်တွန့်ဆုတ်

ဖြစ်နေကြပါသည်။ ထိုသူများအားလုံး ဤဆရာကြီး ရှာပနကိစ္စတွေ ဝိုင်းရံပါဝင်လာအောင် လူထုဦးလှက စည်းရုံးလုပ်ဆောင်နိုင်ခဲ့ပေသည်။ ကျွန်တော်တို့နှင့်လည်း ရင်းနှီးကျွမ်းဝင်သွားပြီး တဦးအပေါ်တဦး နားလည်သွားအောင် သူပင်လုပ်ဆောင်ပေးခဲ့ပါသည်။

ထိုညများက ဟောပြောပွဲများသည် အလွန်ပင်စည်ကားပါသည်။ ဆရာကြီး၏ ဘဝဖြစ်စဉ်များ၊ ဆရာကြီး၏ စာပေကဗျာ လေးချိုးကြီးများအကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးခရီးများ ထွက်စဉ်ကအကြောင်းအရာများ အတော်စုံလင်ပါသည်။ ဟောပြောသူများ၊ စာတမ်းဖတ်ကြားသူများမှာလည်း နိုင်ငံရေးလောက၊ အနုပညာလောကနှင့် စာပေလောကတို့မှ နာမည်ကြီးပုဂ္ဂိုလ်များဖြစ်ကြရာ လာရောက်နားထောင်သူများ အတော်ပင်များပြားပါသည်။

တည လူထုဦးလှ ဟောပြောနေစဉ် ဆရာကြီး အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပျက်သွားသော်လည်း နောက်ထပ် အိုးအိမ်ထူထောင်ခြင်း မပြုတော့ဘဲ ငါတခါပဲ မိုက်တော့မယ်၊ နောက်ထပ်မမိုက်တော့ဘူး – ဟုပြောဖူးသည့်အကြောင်းအရာကို ထည့်သွင်းဟောပြောရင်း လူထုဦးလှက "ဆရာကြီး ဦးရန်အောင် လိုပေါ့"ဟု ထည့်သွင်းဟောပြောလိုက်ပါသည်။ ထိုစဉ်က စာရေးဆရာကြီး ဦးရန်အောင်မှာ ဘယ်နှယောက်မြောက်မှန်းမသိရသော ဇနီးအသစ်လက်ထပ်ပြီးခါစ အချိန်ဖြစ်နေပါသည်။ နားအလွန်ထိုင်း၍ နားကြပ်ကလေး တပ်ထားရသော ဆရာကြီးဦးရန်အောင်မှာ ဟောပြောပွဲ ရှေ့ဆုံးတန်းတွင်ပင် ထိုင်နေပြီး၊ ဦးလှ ဟောပြောချက်ကို ပွဲကျသွားသော လူထုကြီးနှင့်အတူ ဘာမှန်းမသိ ညာမှန်းမသိ တပြုံးပြုံးနားထောင်နေရာ လူတွေက ပို၍ ပွဲကျနေပါတော့သည်။

တခါမှာလည်း ဆရာကြီး၏ လေးချိုးကြီးတပုဒ်ကို ရွတ်ဆိုရာတွင် ပဲခူးဘူတာရုံတွင် ခါးပိုက်နှိုက်အကြောင်းပါရာ၊ ပဲခူးသား သခင်ဟောင်းတဦးက ထ၍၊ ထိုရွတ်ဆိုသူကို ပဲခူးသားများကို နှိမ်ရကောင်းလားဟုဆိုကာ ရန်တွေ့ပါတော့သည်။ ထိုသူမှာ အရက်မူးနေဟန်လည်း ပေါက်ပါသည်။ ဘေးကဝိုင်းဝန်းထိန်းသိမ်းလိုက်၍သာ ပွဲမပျက်သွားခြင်း ဖြစ်သည်။ အဖြစ်အပျက်များကတော့ စုံလင်လှပါသည်။

ထိုဘော့လုံးကွင်းကြီးထဲတွင် ရှာပနမဏ္ဍပ်ကို ဆောက်လုပ်ထားရာ လွမ်းသူ့ပန်းခွေများ အဖွဲ့အစည်းအသီးသီးက လာရောက်ချကြပါသည်။ တချို့ တရားမဝင်အဖွဲ့အစည်းများလည်း ဘယ်အချိန်လာချမှန်း မသိပါ။ လာချတုန်းကတော့ နာမည်တမျိုးနှင့်ဖြစ်ပြီး လူလစ်မှ အပေါ်ယံကပ်ထားသည့် စာရွက်ခွာလိုက်ရာ အောက်မှာက တရားမဝင်အဖွဲ့အစည်းများရဲ့ အမည်များ ဖြစ်နေပါသည်။ စစ်စုံထောက်များ ခြေချင်းလိမ်နေသည့် ကြားမှပင် လုပ်ဆောင်ကြခြင်း ဖြစ်ပါသည်။

ဩဂုတ် ၈ ရက်နေ့မှာတော့ အစိုးရပေးသည့် ရွှေဂုံတိုင် ဘုရားလမ်းရှိ၊ ကန်တော်မင် ပန်းခြံမှာ ဂူသွင်းမြှုပ်နှံပါတော့သည်။ ကျွန်တော်တို့က ထိုနေရာတွင် ယာယီဂူဗိမာန်ဆောက်လုပ်ထားပြီး ထိုဂူဗိမာန်ပေါ်တွင် ဆရာကြီး ရုပ်ကလာပ်ကို မြှုပ်နှံခဲ့ပါသည်။

ထိုနေ့က ရှာပနမှာ လူထုတရပ်လုံး ပါဝင်လှုပ်ရှားသည့် ပြည်သူ့ရှာပနကြီး ဖြစ်ခဲ့ပါသည်။ ဆရာကြီး ရုပ်ကလာပ်ကို ခြေလျင်သယ်ဆောင်ရာလမ်းတလျှောက် ဦးဝိစာရလမ်းဘေးတဖက်တချက်မှာရော၊ ရွှေတိဂုံကုန်းပေါ်မှာရော လူများကြိတ်ကြိတ်တိုးနေပါတော့သည်။ ကန်တော်မင် ပန်းခြံထဲမှာတော့ ရုပ်ကလပ်ကို သယ်ဆောင်လို့ မရနိုင်အောင်ပင် လူတွေပြည့်လျှံနေပါတော့သည်။

ကျွန်တော်တို့ ရှာပနကော်မတီဝင်များမှာ ရှာပနကာလအတွင်း ပြဿနာမပေါ်ပေါက်ရန် အတော်ပင်ကြိုးစားခဲ့ရပါသည်။ တော်လှန်ရေးကောင်စီအစိုးရမှာ လူထု၏စိတ်နေသဘောထားကိုသိသဖြင့် အပေါ်ယံရှေ့မှန်ကြဲ လာရောက်အကူအညီများပေးနေသော်လည်း ကျွန်တော်တို့ ရှာပနကော်မတီထဲတွင်ရော၊ ဘေးပတ်ဝန်းကျင်ပတ်ပတ်လည်မှာရော စုံထောက်များ၊ သတင်းပေးများ၊ မျက်နှာလိုအားရလုပ်လိုသူများနှင့် ပြည့်နှက်ရောထွေးယှက်တင်ဖြစ်နေပြီး ထိုသူများက နည်းသဏ္ဍာန်ပေါင်းစုံနှင့် ဖျက်လိုဖျက်ဆီးလုပ်ကြရာ ကျွန်တော်တို့မှာ အတော်ပင် ဂရုစိုက်သတိထားနေကြရပါသည်။

ဤနေရာတွင်လည်း ပြည်သူများ၏ တာဝန်သိစိတ်ဓာတ်ဖြင့် ကျွန်တော်တို့နားရောက်အောင် အသိပေးမှု၊ သတင်းပေးမှုများ ရှိပါသည်။ ဥပမာ – မဏ္ဍပ်အတွင်း အလှူငွေလက်ခံနေသူ ဘယ်သူဟာ ဘယ်တုန်းက စစ်ထောက်လှမ်းရေးဖြစ်ခဲ့ကြောင်း၊ ကင်းလှည့်ပေးနေသူ ဘယ်သူဟာ ဘယ်ရပ်ကွက်က သတင်းပေးဖြစ်ကြောင်းစသဖြင့် စာနှင့်သော်လည်းကောင်း၊ လူကိုယ်တိုင် အနားကပ်၍လည်းကောင်း ပြောဆိုသတိပေးသွားခြင်းများ ရှိခဲ့ပါသည်။

ထို့အပြင် ကျွန်တော်တို့အတွက် အကြီးဆုံးအခက်အခဲ တွေ့ရခြင်းမှာ ရှာပနကော်မတီထဲရော၊ နောက်ပိုင်းဖွဲ့သည့်ဂူဗိမာန် တည်ဆောက်ရေးကော်မတီထဲမှာရော ပါဝင်လာကြသည့် တချို့နိုင်ငံရေးသမားဟောင်းများ၏ လုပ်ဟန်များ ဖြစ်ပါသည်။ ထိုစဉ်က တော်လှန်ရေးကောင်စီက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့တော့မည့် ကိစ္စပေါ်ပေါက်နေပြီး၊ နိုင်ငံရေးသမား (အထူးသဖြင့် လက်ဝဲသမား) အများအပြားကိုလည်း 'အထူးအခွင့်အရေးရှိများ' ပေးစပြုနေရာ ထိုနေရာ ရနိုးနိုးဖြစ်နေသည့်သူ အတော်များများ ကျွန်တော်တို့ ကော်မတီများထဲ ပါလာနေရာ သူတို့က တော်လှန်ရေးကောင်စီရှေ့ မျက်နှာကောင်းရရေးအတွက် ကျွန်တော်တို့ လုပ်ငန်းတွေကို ကပျက်ယပျက်လုပ်လာကြပါသည်။

ဂူဗိမာန်တည်ဆောက်ရေးအတွက် အလှူခံငွေများကလည်း အတော်လုံလုံလောက်လောက်ရထားရာ တချို့သူများမှာ ထိုငွေများကို မျက်စိကျနေဟန်လည်း ရှိပါသည်။ ဆရာကြီးသမီးအကြီး ဒေါ်မြရီက ကျွန်တော် ဤကိစ္စများ မရိပ်မိ၊ မသိရှိဟု ထင်ဟန်ရှိပြီး ကျွန်တော့်ကို သတိပေးစကားပြောပါသည်။ ဆရာကြီး 'စတာလင် ငြိမ်းချမ်းရေးဆု' ရစဉ်ကလည်း တချို့လူများ ဤကဲ့သို့ ဝိုင်းဝန်းပြီးစားသောက်ပစ်ဖူးကြောင်း ဒေါ်မြရီက ပြောပြဖူးပါသည်။


ထို့ကြောင့် ကျွန်တော်တို့မှာ အတော်ပင် စိတ်ရော၊ လူရော ပင်ပန်းကြရပါသည်။ အစိုးရကပေးသည့် မြေနေရာလေးကလည်း မဖြစ်စလောက်ဖြစ်ရာ ထိုရသည့် နေရာလေးမှာပင် ဆရာကြီး၏ ဂုဏ်သိက္ခာနှင့်ကိုက်ညီမည့် ထယ်ဝါခံ့ညားသော ဂူဗိမာန်တည်ဆောက်ရေးကို ကျွန်တော်တို့ ကြိုးစားခဲ့ရပေသည်။

ဂူဗိမာန်အတွက် ဗိသုကာရှာရာတွင် ကျွန်တော့်ဆီကို ကျွန်တော့်မိတ်ဆွေကြီး ဗိုလ်မှူးကြီးကြည်မောင် (ထိုစဉ်က သူ စစ်တပ်မှ ပင်စင်ယူပြီးဖြစ်သည်။) ခေါ်လာသည့်သူ့မိတ်ဆွေ၊ အမေရိကန်ပြန် ဗိသုကာဦးကျော်မင်းကို ရရှိခဲ့ပါသည်။ ဦးကျော်မင်းသည် သူ့အတတ်ပညာပိုင်းဖြစ်သည့် ဗိသုကာပညာရပ်တွင် ကျွမ်းကျင်ရုံမက အခြေခံနိုင်ငံရေးအရလည်း မျိုးချစ်စိတ်ပြင်းပြပြီး ဆရာကြီးအားလည်း ကြည်ညိုလေးစားသူဖြစ်သဖြင့် ကျွန်တော်တို့တတွေ ဆရာကြီးဂူဗိမာန်ကိစ္စကို သူ့အား ပုံအပ်ခဲ့ရပါတော့သည်။

ဦးကျော်မင်းက ဆရာကြီး၏ ဂူဗိမာန်ကို အမေရိကန်သမ္မတလင်ကွန်း၏ ဂူဗိမာန်ပုံစံကို အခြေခံယူပြီး ဆရာကြီး၏ ဘဝဖြတ်သန်းမှုများ၊ ဆရာကြီး၏စိတ်နေစိတ်ထားစတာများပါ ပေါ်လွင်အောင် ပုံစံဆွဲပါတော့သည်။ ကယားကျောက်ပြာများကအစ ယွန်းရွှေချည်ထိုးများအဆုံး အစစ

အရာရာ အသေးစိတ်စီစဉ် ဆောင်ရွက်ပါတော့သည်။

ဂူဗိမာန်ရဲ့ မျက်နှာစာမှာတော့ ဆရာကြီး၏ ဂုဏ်အင်္ဂါ (၄) ရပ်ကို ဖော်ပြသည့် တံဆိပ်ကြီး (၄) ခုကို တပ်ဆင်ထားပါသည်။ (ပုံတွဲပါပုံ)



၁။ **စာပေယဉ်ကျေးမှုတော်လှန်ရေးကြီး ဆင်နွှဲခဲ့၍ စာအုပ်တံဆိပ်**

၂။ **အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့၍ ဒေါင်းတံဆိပ်**

၃။ **ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဆင်နွှဲခဲ့၍ ချိုးငှက်တံဆိပ်**

၄။ **အဖိနှိပ်ခံပြည်သူများဖက်မှ ထာဝစဉ် ရပ်တည်ခဲ့ပြီး အထူးသဖြင့် အလုပ်သမားနှင့် တောင်သူလယ်သမားများ ဆင်းရဲတွင်းမှ လွတ်မြောက်စေလိုသည့် အထိမ်းအမှတ်အဖြစ် တူတံစဉ်တံဆိပ်** ... တံဆိပ်ကြီး (၄) ခု တပ်ဆင်ထားပါသည်။ အတွင်းမျက်နှာစာများမှာလည်း ဆရာကြီး၏ လေးချိုးကြီးများမှ ကောက်နုတ်ချက်များကို ရေးသားထားပါသည်။

ဤဂူဗိမာန်ကြီးမှာ ဆရာကြီး၏ ဂုဏ်သိက္ခာနှင့် လိုက်လျောအောင်ပင် ခံ့ခံ့ညားညား တည်တည်ငြိမ်ငြိမ် ရှိပေသည်။ ဆရာကြီးအနိစ္စရောက်ပြီး နှစ်နှစ်ပြည့် ၂၃-၇-၆၆ နေ့မှာ ဤဂူဗိမာန်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်ငွေ တသိန်းခွဲနီးပါး ဖြစ်ပါသည်။

## ဆရာကြီး၏ မိသားစုဝင်များ

ဆရာကြီး၏သားမက် ဆရာကြီးဦးယော (စာရေးဆရာကြီး ဇေယျ) သည် ဆရာကြီးအပေါ်တွင် သားသမက်အဖြစ်သာမက နိုင်ငံရေးတပည့် သားမြေးတယောက်လို လေးစားပြုစုစောင့်ရှောက်ခဲ့တာကို ကျွန်တော်တို့ လေးစားဖွယ် တွေ့ခဲ့ရပါသည်။ ဆရာကြီးသည် သမီးကြီးဒေါ် မြရီနှင့် သမီးငယ် ဒေါ် မြသီတို့ကို ပိုမိုချစ်ပဟန် ရှိသည်။ သား - ဦးစိန်ညွန့်ကို သိပ်မတွေ့ရချေ။ ဦးယောနှင့်ဒေါ် မြရီတို့မှာ သမီးချည့် ၃ - ၄ ယောက် ရှိပြီး အားလုံး အပျိုကြီးတွေချည်း ဖြစ်သည်။ ဦးယောသားမှာ ထိုစဉ်က ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်သဖြင့် အထိန်းသိမ်းခံထားရရာ ရှာပနေ့တရက်မှာ ထောက်လှမ်းရေးက လာပို့ပြီး ကန်တော့နိုင်းပါသည်။ ဆရာကြီးကွယ်လွန်ချိန်အထိ အတူတူအိပ်သွားသည့် မြေးလေးတယောက်လည်း ရှိပါသည်။

ဆရာကြီး၏သမီးကြီး ဒေါ် မြရီမှာ ဖခင်ကြီးကို အတော်ဂရုစိုက်စောင့်ရှောက်တာတွေ့ရပါသည်။ ဖခင်ကြီး၏ အပေါင်းအသင်းမိတ်ဆွေများကိုလည်း ဖော်ရွေပျူငှာစွာ ဧည့်ဝတ်ကျေတတ်ပါသည်။ ဆရာကြီးသည့် အသက်အရွယ် ကြီးရင့်လာသောအခါ တပြည်လုံး ပြည်သူများက ဆရာကြီး၏ အကျင့်သီလ ဖြူစင်မှု၊ အထူးသဖြင့် ပြည်သူများဘက်က တသက်ပတ်လုံးရပ်တည်မှု စသည်များကြောင့် အလွန်ပင်ကြည်ညိုလေးစားလာကြပြီး၊ ထေရ်ကြီးဝါကြီးတဦးကဲ့သို့ သဘောထားကြကာ ဝင်ရောက်ကန်တော့ကြတာများ အတော်ပင်များလာသဖြင့် အိမ်သားများမှာ ဧည့်ခံရတာနှင့်ပင် မသက်သာလှပါ။

ဆရာကြီး ဦးယောမှာ စာပေဗိမာန်တွင် ပထမပိုင်းက ညွှန်ကြားရေးမှူးချုပ် ဖြစ်ပါသည်။ ဆရာကြီးဦးယော ဆိုဗီယက်ယူနီယံကို လေ့လာရေးခရီး ထွက်နေတုန်း၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ အထူးကိုယ်စားလှယ်တယောက် ငြိမ်းချမ်းရေးကမ်းလှမ်းရန် ဆရာကြီးအိမ်သို့ ရောက်ရှိလာရာ ဦးယော၏ ခုတင်အောက်တွင် ဖက်ပေးထားခဲ့ရပါသည်။ ဤကိစ္စ နောင် အစိုးရက သိသွားသောအခါ ဦးယော နိုင်ငံခြားက ပြန်အရောက်တွင် ပင်စင်ပေးလိုက်ပါတော့သည်။

ထိုအထူးကိုယ်စားလှယ်မှာလည်း မကြာမီ လက်နက်ချလိုက်ပါတော့သည်။ တနေ့ ထိုသူနှင့်ဒေါ် မြရီတို့ ပွဲတပွဲတွင် ပက်ပင်းတိုးရာ ဒေါ် မြရီက "ရှင်ဒီလို လက်နက်ချမယ်မှန်းသိရင် ကျွန်မအိမ်မှာ ရှင်ရှိစဉ်တုန်းက အစိုးရအပ်ပြီး ဆုငွေငါးသောင်း ယူပါရဲ့" လို့ ပြောပစ်ခဲ့ဖူးပါသည်။ ထိုစဉ်က ကွန်မြူနစ်ပါတီ ခေါင်းဆောင်များကို ဆုငွေများ ထုတ်ထားခဲ့ပါသည်။

ဆရာကြီး၏ သမီးငယ် ဒေါ် မြသီမှာ ဒေါ် မြရီလောက် စိတ်ဓာတ်မာပုံမရပါ။ ဆရာကြီးအားလည်း အတော်အားကိုး ချစ်ခင်ပုံရသည်။ ဆရာကြီးနှင့် ပတ်သက်လာလျှင် အမြဲပင်မျက်ရည်တစမ်းစမ်းဖြစ်နေတတ်ပါသည်။ ဆရာကြီးကွယ်လွန်ခါနီး မမာမချာဖြစ်နေသည့် ကာလတလျှောက်လုံးလည်း ဆရာကြီးအိပ်ရာဘေးက မခွာဘဲ ပြုစုရှာပါသည်။ သူကိုယ်တိုင်လည်း ကျန်းမာရေး ကောင်းပုံမရပါ။

ကျွန်တော်တို့ ၁၉၇၄ ခုနှစ် မတ်လ ၂၃ ရက်နေ့က ဆရာကြီး ရာပြည့်ပွဲလုပ်မည့် အစီအစဉ်အားလုံးမှာ ကျောင်းသားများရဲ့ ချီတက်ဆန္ဒပြပွဲကြီးကြောင့် ဖျက်လိုက်ရပါတော့သည်။ ပင်ကိုယ်က ကျွန်တော်တို့က ဆရာကြီး၏ ဂူဗိမာန်တွင် ဆွမ်းကျွေး၊ စာပေဟောပြောပွဲ၊ စာတမ်းဖတ်ပွဲများ လုပ်ရန် စီစဉ်ထားခြင်း ဖြစ်ပါသည်။ သို့သော် တက္ကသိုလ်ကျောင်းသားများက **"မှိုင်းရာပြည့်ပွဲ"** ကို သူတို့အစီအစဉ်နဲ့ သူတို့ပြုလုပ်၍ ဂူဗိမာန်သို့ ချီတက်လာကာ အလေးပြုကြပါတော့သည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ စီစဉ်ထားသည့် အခမ်းအနားများ ဖျက်သိမ်းလိုက်ရပါတော့သည်။

ထိုအခါတွင်လည်း ဒေါ် မြသီက မျက်ရည်တစမ်းစမ်းနဲ့ "ဖေဖေတို့များ ကုသိုလ်ဆိုးလိုက်တာ၊ ရာပြည့်ပွဲလေးတောင် ရှောရှောရှူရှူ မလုပ်ရဘူး"ဟု ဝမ်းပန်းတနည်း ဆိုလာပါသည်။

ကျွန်တော်က "ဟာ – မဟုတ်တာဘဲ၊ ဘယ်နယ့်ကုသိုလ်ဆိုးရမလဲ။ ဒါဟာ ဆရာကြီးကို ပြည်သူတွေက အကောင်းဆုံး ဂုဏ်ပြုလိုက်တာပဲ" လို့ ပြောလိုက်မိပါသည်။ ကျွန်တော်သည် ထိုနေ့က တကယ်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။ ဦးသန့်အရေးအခင်းကို အကြမ်းဖက်ဖြိုခွဲပြီး၊ ကျောင်းသားများအား ဖမ်းဆီးနှစ်ရှည်ထောင်ချ၊ ကျောင်းထုတ်နှင့် ရက်ရက်စက်စက် လုပ်ပြထားတာ မကြာသေးပါ။ မတ်လ ၂၃ ရက်နေ့မတိုင်မီမှာကို နည်းအမျိုးမျိုးနှင့် ခြိမ်းခြောက်ခဲ့တာပါ။ ဒီကြားထဲကမှ သတ္တိခဲကျောင်းသားများ အုံနှင့်အင်နှင့် ထွက်လာပြီး ဆရာကြီးအား ဂုဏ်ပြုကြခြင်း ဖြစ်ပါသည်။ မှိုင်းကလေးများ ပေါ်ထွက်လာခြင်းဖြစ်ရာ ကျွန်တော့်လိုပင် လူအတော်များများက ဝမ်းသာကြိုဆိုအားရခြင်း ဖြစ်မိကြပါသည်။

ဆရာကြီး ကွယ်လွန်သွားသော်လည်း ဆရာကြီး၏စိတ်ဓာတ်က ရှင်သန်ကျန်ရစ်နေပေသည်။ ဆရာကြီး၏ ပြည်သူများဘက်က ထာဝစဉ် ရပ်တည်ပြီး ပြည်သူများ၏ဘဝ သာယာငြိမ်းချမ်းရေးအတွက် တသက်ပတ်လုံး လုပ်ကိုင်ဆောင်ရွက်သည့် ဇွဲနပဲစိတ်ဓာတ်သည် နောင်မျိုးဆက် အဆက်ဆက်ကို သမိုင်းအမွေအဖြစ် လက်ဆင့်ကမ်းပေးခဲ့ပေသည်။ ထို့ကြောင့် မှိုင်းရာပြည့်လှုပ်ရှားမှုမှာ ပါဝင်ခဲ့သည့် ကျောင်းသားခေါင်းဆောင်များမှာ ထောင်တန်းအကျခံ၊ တချို့လည်း တောထဲရောက် လက်နက်ကိုင်တော်လှန်ရေးသမားအဖြစ်နှင့် ယခု အနှစ်သုံးဆယ်ကြာပြီးသောအခါ ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်တွင် နိုင်ငံရေးခေါင်းဆောင်များအဖြစ် ပေါ်ထွက်လာပြီး ဖြစ်သည်။ ဆရာကြီး၏ မပြီးဆုံးသေးသောတာဝန်ကို သူတို့ဆက်လက် ဆောင်ရွက်ပေလိမ့်မည်။

ရှစ်လေးလုံးအရေးတော်ပုံ အတွင်းတုန်းကလည်း ဆရာကြီးကို မိလိုက်ခြင်းမရှိသည့် ကျောင်းသားငယ်လေးများက မိမိတို့၏ ခံစားရချက်များကို "အဘိုးရေ"ဟု တ၍ ကျော်ကြားလှသည့် ကမ္ဘာမကြေသစ် သီချင်းကို သီဆိုခဲ့ကြပါသည်။ နောက်တမျိုးဆက် မှိုင်းကလေးများ ပေါ်လာခြင်း ဖြစ်ပါသည်။

ပြည်သူများဘက်က အင်အားတရပ်အဖြစ် ဆရာကြီးကို ပုံအရိပ်ဖော်သလို ဆန့်ကျင်ဘက်အင်အားစုကလည်း ဆရာကြီး၏ အမည်နာမ စွမ်းပကားကို အကြောက်ကြီး ကြောက်ကြပါသည်။ ထို့ကြောင့်ပင် နဝတ၊ နအဖ ခေတ်အဆက်ဆက်တွင် ဆရာကြီး၏ နာမည်၊ ဓာတ်ပုံတို့ကို ဖော်ပြခွင့် မပေးခြင်း ဖြစ်ပေသည်။ ဆရာကြီး၏ ဂုဏ်ရှိန်ကား ကြီးမားလှသည်။ ဆရာကြီး၏ဘဝသည် ကောင်းမြတ်လှပေစွ။

ဆရာကြီး မကွယ်လွန်မီကပင် ကျွန်တော်တို့၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများမှာ သိသိသာသာ ရပ်ဆိုင်းသွားပြီဖြစ်ရာ၊ ဆရာကြီး ကွယ်လွန်သွားပြီးနောက် အထူးသဖြင့် ဆရာကြီးဂူဗိမာန် တည်ဆောက်ပြီးနောက် လုံးဝရပ်ဆိုင်းသွားရပါတော့သည်။ ငြိမ်းချမ်းရေးအဖွဲ့ဝင် တော်တော်များများလည်း အဖမ်းခံသွားကြရပြီ ဖြစ်ပါသည်။

## ကျွန်တော်၏ စမ်းချောင်းမှ ဆီဆုံလမ်းအိမ်ကလေး

ကျွန်တော် တပ်ကထွက်ပြီးနောက် ၁၉၅၇ ခုနှစ်၊ ဇူလိုင်လဆန်းမှစ၍ ၁၉၇၄ ခုနှစ်၊ နှစ်လယ်ပိုင်းလောက်အထိ နှစ်ပေါင်း ၁၇ နှစ်နီးပါး နေထိုင်ခဲ့သည့် စမ်းချောင်းရပ်ကွက်တွင်းရှိ ဆီဆုံလမ်း အိမ်နံပါတ် ၃၆ နေအိမ်လေးသည် ကျွန်တော်တို့ မိသားစု စုံစုံလင်လင်နှင့် အရှည်ကြာဆုံး နေခဲ့ရသည့် အိမ်ကလေးဖြစ်ကာ ကျွန်တော်တို့ မိသားစုအတွက် မမေ့နိုင်ဖွယ်ရာကလေး ဖြစ်ပါတော့သည်။

ဤရပ်ကွက်ကလေးမှာ ဗမာရပ်ကွက် သန့်သန့်လေး ဖြစ်သည်။ ကျွန်တော်တို့နေသော လမ်းကလေးမှာ လမ်းတိုလေးဖြစ်ပြီး၊ အိမ်ခြေ ၅၀ ခန့် ရှိပါသည်။ အများစုမှာ တလိုင်းအိမ်လေးများ ဖြစ်ပြီး နှစ်ထပ်အပြည့်အိမ် ၄–၅ အိမ်သာ ရှိပါသည်။ မြေကွက်မှာ ပေ ၂၅ × ၅၀ သာရှိပါသည်။ အိမ်တိုင်းကလည်း မြေအပြည့်ဆောက်ထားသဖြင့် အိမ်ကလေးများမှာ မှောင်ကုပ်ကုပ်လေးများသာ ဖြစ်ပါသည်။

ကျွန်တော်တို့ ထိုရပ်ကွက်ကို ရောက်စက မီလ္လာစနစ်မှာ ဇလားအိမ်သာစနစ်ဖြစ်သဖြင့် ကျွန်တော့်သားသမီးများ မကြာခဏ ဖျားကြနာကြ ဖြစ်ကြပါသည်။ နောင်မှ ရေလောင်းအိမ်သာစနစ်ဖြစ်သွားမှ ခလေးများလည်း သက်သာသွားကြပါသည်။ ထို ၁၉၅၀ ခုနှစ်နှင့် ၆၀ ခုနှစ်များအကြားက လူအများ စီးပွားရေး တစုံတရာချောင်လည်သေးသည့်အတွက် သင်္ကြန်ပွဲများ၊ သီတင်းကျွတ်ပွဲများကို ကျွန်တော်တို့ရပ်ကွက်တွေမှာ အလွန်စည်ကားစွာ ကျင်းပတတ်ကြပါသည်။ အိမ်တိုင်းကလည်း အစားအသောက်များ လုပ်ဆောင်ပြီး အိမ်တိုင်းဧ လျှောက်ဝေတတ်ကြပါသည်။ နောက်ပိုင်း လူတွေ စီးပွားရေး ကျပ်လာသောအခါ မလုပ်နိုင်ကြတော့ပါ။

ကျွန်တော်  ဤအိမ်ကလေးတွင်နေစဉ် ကျွန်တော့်အိမ် ပတ်ပတ်လည်တွင် ထောက်လှမ်းရေးကလူများ ဝင်ရောက်လာပါတော့သည်။ တချို့အိမ်တွေကိုတော့ အခွင့်အရေးများပေး၍ ဝယ်ယူပါသည်။ ကျွန်တော့်အိမ် ဝင်သမျှထွက်သမျှ လူများကိုလည်း ချုံးကပ်သိမ်းသွင်းကြပါသည်။ လမ်းထိပ် တဖက်တချက်တွင်လည်း ဆိုက္ကားသမားများ ပုံစံနှင့် တနေကုန် ဆိုက္ကားများပေါ်တွင် ထိုင်စောင့်နေသူများလည်း ရှိသည်။ အိမ်ရှေ့ တနာရီကြား၊ နှစ်နာရီကြား ဖြတ်လျှောက်ပြီး စောင့်ကြည့်နေသူများလည်း ရှိသည်။  ကျွန်တော် အိမ်ကထွက်တာနှင့်တပြိုင်နက် အရိပ်လိုနောက်က ပါလာတတ်ပါသည်။ နောက်ပိုင်းကျလေဆိုးလေ ဖြစ်လာပါသည်။ မဆလ ခေတ်တွင် စီးပွားရေးအကွက်အကွင်းဟူသမျှ မဆလ က ကိုင်ထားရာ မည်သူမျှ မဆလ ကို မလွန်ဆန်နိုင် ဖြစ်လာရပါသည်။ ကျွန်တော်တို့ အတော်ရင်းနှီးသည့် ရဲဘော်များ၊ မိတ်ဆွေများ၊ ဆွေမျိုးများ အတော်များများ မဆလ သတင်းပေးများ ဖြစ်သွားကြပါသည်။ ကျွန်တော်တို့သည် ကိုယ့်မိသားစုဝင်များမှလွဲ၍ ဘယ်သူ့မှ မယုံရဲတော့ပါ။

ကျွန်တော် တပ်ကထွက်ရပြီး ထိုအိမ်လေးသို့ ပြောင်းရောက်လာစက ကျွန်တော့်ဇနီးက အိမ်ဖော်လေးတယောက်တော့ရှိမှ ဖြစ်မည်ဟု ပြောလာပါသည်။ ကျွန်တော့်အနေနှင့် အိမ်လုံခြုံရေးအတွက် လူပိုထားလို့ မဖြစ်ကြောင်းနှင့် အိမ်အလုပ်တွေကို ကျွန်တော် ကူလုပ်ပါ့မည်ဟုဆိုကာ နှစ်သိမ့်ပြီး တားမြစ်ရပါသည်။ သူက ဤကိစ္စ တခါပဲပြောဖူးပြီး နောက်ထပ် ဘယ်တော့မှ ထပ်ပြောဆိုခြင်းလည်း မရှိတော့ဘဲ အိမ်အလုပ်ဟူသမျှ တယောက်တည်း ကျုံးလုပ်ခဲ့ပါသည်။ သူ့မိခင် ဒေါ်တင် ကျန်းမာစဉ်ကတော့ သူ့ကို အတော်အတန် ကူညီနိုင်ခဲ့ပါသည်။ ရန်ကုန်တွင် ကျောင်းလာနေကြသော ဆွေမျိုးနီးစပ်ကလေးမများလည်း ပိုင်းဝန်းကူညီနိုင်သမျှ ကူညီကြပါသည်။

ကျွန်တော် တပ်ကထွက်ရသည့် ၁၉၅၇ ခုနှစ်တွင် ကျွန်တော့်သမီးအကြီးဆုံး လှလှက ငါးတန်းမျှသာ ရှိသေးပြီး အငယ်ဆုံး သားလေး တွတ်တွတ်မှာ ထိုနှစ်ကမှ ကျောင်းစနေခြင်း ဖြစ်ပါသည်။ သားသမီး ငါးယောက်စလုံးကို သာသနာ့ပြုကျောင်းဖြစ်သည့် ပြည်လမ်းရှိ စိန့်ဖီလိုမီနာတွင် ထားရာ ကျောင်းစရိတ်၊ ကျောင်းကားခကပင် ကျွန်တော်ရသည့် ပင်စင်လစာ၏ ထက်ဝက်ခန့် ရှိပါသည်။ ကျောင်းဖွင့်စရက်များဆိုလျှင် နှစ်စဉ်ကြေး

အဝတ်အစားဖိုး၊ စာအုပ်ဖိုး၊ အားကစားဖိုးစသဖြင့် နှင့်နေအောင်ပေးရရာ ကျွန်တော့်ဇနီးက ဒီလတော့ ဆင်နဲ့ဆွဲရမ်းသလိုပဲဟု ညည်းတွားတတ်ပါသည်။

ကျွန်တော် တပ်ထဲမှာ ရှိစဉ်ကတည်းက တပ်မှူးကြီးများအတွက် မြေများခွဲဝေပေးထားရာ၊ ကျွန်တော့်တွင် မြေနှစ်ကွက် ရှိနေပါသည်။ ကျွန်တော့်နာမည်နှင့် ဂရန်ထွက်ထားပြီး ဖြစ်ပါသည်။ တကွက်မှာ နတ်မောက်လမ်းသွယ်မှ ဖြစ်ပြီး တကွက်မှာ ချင်းချောင်းရိပ်သာတွင်းမှာ ဖြစ်ပါသည်။ ကျွန်တော်က နတ်မောက်လမ်းသွယ်က မြေကွက်ကို ရောင်းချပြီး ဆီဆုံလမ်းအိမ်ဝယ်စဉ်က တင်ခဲ့သည့် ကြွေးကိုဆပ်ကာ၊ ကျန်ငွေများကို ဘဏ်ထဲ သွင်းထားပြီး လစဉ်လိုအပ်သမျှကို ဖဲ့ထုတ်ရပါသည်။ ထိုငွေကုန်သွားသောအခါ ချင်းချောင်းခြံကို တခြမ်းဖဲ့ ရောင်းရပါတော့သည်။

၁၉၇၀ ခုတွင် ကျွန်တော့်သမီးအကြီး ဆေးတက္ကသိုလ်မှ ဘွဲ့ရပြီး သမီးအငယ်စန်းက စီးပွားရေးတက္ကသိုလ်မှဘွဲ့ရပြီး နည်းပြဆရာမ အလုပ်ပါ ရရှိကာ ဆက်တိုက်သားသမီးများ ကျောင်းပြီးသွားသဖြင့် ကျန်မြေတခြမ်းကို ရောင်းချစရာမလိုဘဲ ဖြစ်သွားပါတော့သည်။ (နဝတ ခေတ်တွင် ထို ကျန်မြေကို နိုင်ငံပိုင်အဖြစ် သိမ်းသွားပါသည်။)

ဤကာလအတွင်း ကျွန်တော့်အတွက် အပင်ပန်းဆုံး အလုပ်မှာ သားသမီးများ စာပြပေးရသော ကိစ္စ ဖြစ်ပါသည်။ ကျွန်တော်တို့ ဗမာပြည်၏ ပညာရေးစနစ်မှာ အလွန်ချို့တဲ့ပေရာ ကျောင်းသားများကို ကျူရှင်ပေးနိုင်ရင်ပေး၊ မပေးနိုင်ရင် ပညာဖြစ်ဖြစ် မြောက်မြောက်တတ်ဖို့ မလွယ်ပါ။ ထို့ကြောင့် ကျွန်တော့်မှာ အပိုကျူရှင်ခလည်း မတတ်နိုင်သဖြင့် ကိုယ်တိုင်ကိုယ်ကျ သင်ပေးရပါတော့သည်။ ထိုခေတ်ကတောင် ပညာတတ်ဖြစ်ဖို့ အလွန်ပင် မလွယ်ကူရာ ယခုကာလတွင်တော့ ဆိုဖွယ်ရာ မရှိတော့ပါ။

နောက်ပိုင်းကျတော့ သူတို့ကို စာသာမက နိုင်ငံရေးစာပေများ ဖတ်လာအောင်လည်း နည်းပေးလမ်းပြ လုပ်ပေးရပါသည်။ တလတကြိမ်လည်း သူတို့နှင့် အစည်းအဝေးသဘောမျိုးထိုင်ကာ သူတို့၏ချို့ယွင်းချက်၊ အားနည်းချက်များကို ထောက်ပြပြီး ပြုပြင်ပေးခဲ့ရပါသည်။ တက္ကသိုလ်ရောက်ကုန် သည်နှင့် ကျွန်တော်က သားသမီးများကို မိမိတို့တနေ့တာ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များ၊ အကြောင်းအရာများကို ပြန်ပြောပြခိုင်းပါသည်။ အထူးသဖြင့် သူတို့ဘာသာသူတို့ မဖြေရှင်းနိုင်သည့် ကိစ္စများကို ဘာမဆို ပြန်တိုင်ပင်ရန် အားပေးရပါသည်။

ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်စလုံး သားသမီးများ ပညာတတ်မြောက်ရေး၊ လိမ်မာရေးခြားရှိရေးအတွက် အားစိုက်လုံးပန်းကြ ရသောကြောင့် ကျွန်တော်တို့ မိခင်အိုကြီးများအပေါ်မှာတော့ တာဝန်လစ်ဟင်းခဲ့ကြပါသည်။ ကျွန်တော့်ယောက္ခမ ဒေါ် တင်မှာ သူ့သုံးဆယ်အိမ်ကြီးပေါ် လူငှားတင်၍ ထိုအိမ်လခလေးနှင့်ပင် နေထိုင်သွားရရှာပါသည်၊ ကျွန်တော့်မိခင် ဒေါ်တင့်မှာမူ ဆိုင်းစုရွာရှိ အိမ်နှင့်ခြံကိုရောင်းကာ ရန်ကုန် ရှစ်မိုင်ရှိ ဥက္ကာစာဂီကျောင်းတိုက်တွင် ဇရပ်ကလေးတဆောင်ဆောက်ပြီး နေထိုင်သွားရှာပါသည်။ ကျွန်တော်တို့သည် ကလေးများ ကျောင်းပိတ်ချိန်၊ အခါကြီး ရက်ကြီးများတွင် သူတို့ (ဒေါ်တင်နှင့်ဒေါ်တင့်တို့ နှစ်ယောက်၊ ထိုရှစ်မိုင်ဇရပ်တွင် အတူနေကြတာများသည်။) ဆီ သွားရောက်ကန်တော့သည့်အခါ မျိုးတော့ ရှိတတ်ပါသည်။ သူတို့ နေထိုင်မကောင်းလျှင်တော့ ကျွန်တော့်သမီးက သွားခေါ်လာပြီး အိမ်မှာထား ကုသပေးရပါသည်။ ကျန်အချိန်များ တွင်တော့ ကျွန်တော်တို့ သိပ်အာရုံမပြုနိုင်ပါ။

၁၉၆၃ ခုနှစ်တွင် တပ်မတော်ပင်စင်နှင့် ပတ်သက်၍ ဥပဒေသစ်တခု ပေါ်လာရာ၊ ကျွန်တော့် ပင်စင်လစာတိုးငွေ နောက်ပြန်ကြေး (Back pay) ကျပ်ငွေ သုံးထောင်ကျော် ရလိုက်ပါသည်။ ကျွန်တော်က ထိုအကြောင်းကို ဘာမှမသိပါ။ တပ်မတော် မှတ်တမ်းရုံးက စာရေးများက သူတို့ဘာသာ သူတို့တွက်ချက် လျှောက်လွှာတင်၊ ငွေထုတ်လာပြီးမှ လာပို့ပါသည်။ ကျွန်တော်လည်း ထိုငွေနှင့်ပင် သားသုံးယောက်ကို စမ်းချောင်း မြသိန်းတန် မွှောရုံမှာ ရှင်ပြုပေးခဲ့ပါသည်။

၁၉၇၀ ခုနှစ်မှာတော့ ကျွန်တော့်ယောက္ခမ ဒေါ်တင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီး ၁၉၇၂ ခုနှစ်၊ ဩဂုတ်လထဲမှာတော့ ကျွန်တော့်သား အငယ်ဆုံး တွတ်တွတ် (ထွန်းအေးကျော်ဇော) အိပ်ဆေးများ အလွန်အကျွံသောက်၍ သတ်သေသွားပါသည်။

ထိုနှစ်က တွတ်တွတ်သည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဓာတုဗေဒအဓိက ဒုတိယနှစ်စာမေးပွဲဖြေအပြီး သူအတော် ဖြေနိုင်သဖြင့် ဂုဏ်ထူး ထွက်လိမ့်မည်ဖြစ်ကြောင်း၊ အမှတ်ကောင်းလျှင် စက်မှုတက္ကသိုလ်သို့ ပြောင်းလို့ရကြောင်း ကျွန်တော့်ကို ပြောပြထားပါသည်။ အောင်စာရင်း ထွက်လာသောအခါ သူ့ဂုဏ်ထူးပါမလာပါ။ ဤတွင် သူ့စိတ်ဓာတ် အတော်ထိခိုက်သွားပြီး၊ သူ့အစ်ကို အောင်ကျော်ဇော အိပ်ရာအောက်တွင်ထားသည့် အိပ်ဆေးများကို ယူသောက်ပြီး သေကြောင်းကြံစည်သွားခြင်း ဖြစ်ပါသည်။ ထိုစဉ်က သူ့အသက် ၂၀ ပင် မပြည့်သေးပါ။

ကျွန်တော်တို့လည်း ဘယ်လို ဖြေရမှန်းပင်မသိ ဖြစ်သွားပါတော့သည်။ ကျွန်တော့်ဇနီးလည်း ရူးမတတ် ပုံကျသွားပါတော့သည်။ အတော် ပြင်းထန်လှသည့် လောကဓံတရားကို ကျွန်တော်တို့ အလူးအလိမ့် ခံလိုက်ရပါသည်။

ကျွန်တော့်မိခင်ကြီးကတော့ ကျွန်တော်တို့တတွေ တောတွင်းရောက်နေမှ ၁၉၈၃ ခုနှစ်တွင် သူ့အသက် ၉၃ နှစ် အရွယ်မှာ ကွယ်လွန် အနိစ္စရောက်ကြောင်း သတင်းစာထဲက နာရေးကြော်ငြာကို တွေ့ရပါသည်။ ကျွန်တော့်မိခင်ကြီးမှာ ဘာရောဂါမှ ကြီးကြီးမားမား မရှိခဲ့ဖူးပါ။ ကျွန်တော့် သမီးငယ်စန်း ပြန်ပြော၍ သိရသလောက်မှာလည်း ချောင်းနည်းနည်းဆိုးပြီး အစားအသောက် ပျက်သွားရာမှ တညအိပ်ရာထဲတွင်ပင် အိပ်ပျော်ရင်း ကွယ်လွန်သွားသည်ဟု ဆိုပါသည်။ မီးဇာကုန်ဆီခန်း ဖြစ်သွားပုံရပါသည်။

## ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်

ကျွန်တော်တို့သည် အစောပိုင်းက အစ်မကြီး ဒေါ်ခင်ကြည်နှင့် သိပ်ရင်းနှီးခြင်း မရှိပါ။ ကျွန်တော် တပ်ထဲနေစဉ် ကျွန်တော့်ဇနီးကလည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တပ်မတော် အမျိုးသမီးများအသင်း စတာများမှာ ဝင်ရောက်လုပ်ကိုင်ရရင်း အစ်မကြီးနှင့် လုပ်ငန်းအရ တွေ့ဆုံခင်မင်မှုတော့ ရှိခဲ့ပါသည်။ ထိုစဉ်ကတည်းက ကျွန်တော့်ဇနီးက ပြောဖူးသည်မှာ အစ်မကြီးအား လူအတော်များများက ဝိုင်းကြည်ညို လေးစားခြင်းကြောင့် ဖဆပလ ဝန်ကြီးကတော်များက အတော်မရှုစိမ့်ဖြစ်ကြောင်း သိရပါသည်။ နောက်ပိုင်း သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူပြန်လာသည့်အခါကျမှ ကျွန်တော်တို့နှင့် ပိုမိုရင်းနှီးကျွမ်းဝင်သွားခြင်း ဖြစ်ပါသည်။

အစ်မကြီးက တက္ကသိုလ် ရိပ်သာလမ်းတွင် မိန်းကလေးအဖော် နှစ်ဦးသုံးဦးနှင့် နေထိုင်ကာ၊ ပန်းစိုက်အလွန်ဝါသနာပါသဖြင့် ခြံထဲတွင် ပန်းအမျိုးမျိုး စိုက်ကာ၊ ပန်းများကိုလည်း အလှတကြည့်ကြည့်နှင့် နေတတ်ပါသည်။ ကျွန်တော်တို့ မိသားစုတွေကိုလည်း မလာတာကြာလျှင် ဖုန်းဆက် ခေါ်တတ်ပါသည်။ အထူးသဖြင့် ဇူလိုင် ၁၉ ရက်အနီးပတ်ဝန်းကျင်တွင် သူ့အရင်းနှီးဆုံး မိသားစုမိတ်ဆွေများကို တရက်စီခွဲ၍ မိသားစုလိုက်ဖိတ် ထမင်းကျွေးတတ်ပါသည်။ တခါတရံ ဩဂုတ်လအထိ မပြတ်ဆက်တိုက် ထမင်းကျွေးရသည့်အခါများ ရှိတတ်ပါသည်။

အစ်မကြီးအိမ်တွင် နိုင်ငံရေးသမားဟောင်းကြီးများ၊ သံတမန်ဟောင်းများ၊ တပ်မတော်မှ ပင်စင်ယူသွားသူများ၊ တောပြန်များ၊ လူစုံဝင်ထွက်သွားလာရာ၊ သတင်းစုံ ရတတ်ပါသည်။ အထူးသဖြင့် မဆလ ခေတ် အစိုးရ၏ မတော်မတည့် ပြုမူချက်များအားလုံးကို သူ့ရှေ့တွင် လူများကလာ၍ ရင်ဖွင့်ပြောဆိုတတ်ရာ ကျွန်တော်တို့ သူ့အိမ်သွားလည်လျှင် သတင်းစုံကြားရတတ်ပါသည်။ သူ့အိမ်သည်ဘေးမဲ့တောကဲ့သို့ ဖြစ်နေပြီး အစိုးရဆန့်ကျင်သည့်လေသံများ၊ ပြောဆိုမှုများ၊ သူ့အိမ်တွင် လွတ်လွတ်လပ်လပ် ပြောဆိုနိုင်သကဲ့သို့ ဖြစ်နေပါသည်။

မဆလ အစိုးရကလည်း ဒါကို သိပုံရပါသည်။ တခါတော့ ဒေါ်ခင်ကြည်အိမ် သူခိုးခိုးခံရသည်ဟု သတင်းထွက်လာရာ၊ ကျွန်တော်နှင့်ကျွန်တော့်ဇနီးတို့ ကမန်းကတန်း သွားရောက်သတင်းမေးရပါသည်။ သူ့အိမ်တွင် အပြင်လူဆို၍ ဥယျာဉ်စောင့် (မာလီ) တဦးသာ ရှိသည်။ သူခိုးက အိမ်အပေါ်ထပ်ကို ဝရန်တာမှ ခို၍တက်ပြီး အိပ်ခန်းဘီရိုလေးထဲတွင် ထည့်ထားသည့် အမှတ်တရပစ္စည်းလေးများကိုသာ ယူသွားပါသည်။ ထိုပစ္စည်းလေးများမှာ အစ်မကြီးသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကရော၊ နောက်ပိုင်းကာလများတွင်ရော၊ နိုင်ငံခြားသံတမန်များက အမှတ်တရပေးသည့် လက်ဆောင်ပစ္စည်းများသာ ဖြစ်ပါသည်။ အဖိုးတန်ပစ္စည်း မပါပါ။

ကျွန်တော့်အမြင်ကတော့ ဤကိစ္စကို စစ်တပ်ထောက်လှမ်းရေးကပဲ လုပ်ဟန်ရှိသည်။ ဒေါ်ခင်ကြည်အား အစိုးရဆန့်ကျင်ရေးများ မပြုလုပ်ရန်၊ မပြောဆိုရန်၊ ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း ဖြစ်ဟန်ရှိပါသည်။ ဥယျာဉ်စောင့်က လက်ထောက်ချုပ် ရပါသည်။ ဒေါ်ခင်ကြည်ကိုယ်တိုင်ကလည်း ဤကဲ့သို့ပင် ထင်ခဲ့ပါသည်။

ကျွန်တော်သည် ဒေါ်ခင်ကြည်နှင့် နောက်ပိုင်း ရင်းရင်းနှီးနှီးဆက်ဆံလာရင်း သူမ၏ မျိုးချစ်စိတ်ရှိမှု၊ တည်တည်ကြည်ကြည်နှင့် ဣန္ဒြေသိက္ခာရှိစွာနေရင်း သူမအား လာရောက်ကြည့်ရှုကြသည့် ဗိုလ်ချုပ်၏ တပည့်သားမြေးအားလုံးအပေါ် စိတ်ကောင်း၊ စေတနာကောင်း ပြည့်ဝစွာနှင့် ပေးတန်ပေး၊ ကျွေးတန်ကျွေး၊ အကြံပေးစရာပေးနှင့် နာယကဂုဏ် ပြည့်ဝစွာ နေထိုင်နေမှု၊ လာရောက်သမျှ လူအားလုံးကလည်း သူမအား လေးစားကြည်ညိုမှု စတာများကို မြင်တွေ့လာရပါသည်။ ဤကဲ့သို့ မြင်ရတွေ့ရသည့် အခါများတွင် ဩော် ... ဗိုလ်ချုပ်များ၊ ဒါတွေကို မြင်တွေ့ရရင် ဘယ်လောက်များ ဝမ်းသာရှာလေမလဲ ဟု ဗိုလ်ချုပ်အား တမ်းတမိပါတော့သည်။

၁၉၉၁ ခုနှစ်၊ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်ဆုရကြောင်း ရေဒီယိုသတင်း ကြေညာစဉ်မှာလည်း ကျွန်တော်သည် ဩော်... အစ်မကြီးများရှိရင် ဘယ်လောက်များ ဝမ်းသာရှာလေမလဲဟု အစ်မကြီး ဒေါ်ခင်ကြည်အား တမ်းတမိပြန်ပါသည်။

ထိုတက္ကသိုလ်ရိပ်သာဝင်းထဲတွင် ကျွန်တော်တို့သွားတိုင်း နောက်တအိမ် ဝင်ရောက်လည်ပတ်ရပါသေးသည်။ ထိုဝင်းထဲတွင် တထပ်အိမ်ကလေးဆောက်၍ မှိန်မှိန်နေနေသော ဒေါ်ခင်ကြည်၏အစ်မ ဒေါ်ခင်ကြီး (သခင်သန်းထွန်း၏ဇနီး) ၏ အိမ်ဖြစ်ပါသည်။ ဒေါ်ခင်ကြီးမှာ သိပ်ကျန်းမာရေးမကောင်းလှဘဲ သားသမီးလေးများနှင့် ထိုအိမ်ဝင်းအတွင်းမှာပင် နေခဲ့ပါသည်။ ဒေါ်ခင်ကြည်၏ ကျန်ညီမများလည်း ထိုဝိုင်းထဲတွင်ပင် သီးခြားအိမ်ကလေးများဆောက်၍ နေကြပါသည်။

ကျွန်တော် တောထဲရောက်ပြီးနောက် ကျွန်တော့်ဇနီးလည်း ပုံမှန်မပျက် သွားရောက်လည်ပတ်ကြောင်း ကျွန်တော့်ဇနီးက ပြန်ပြောပြဖူးပါသည်။

ကျွန်တော်တို့သည် တောတွင်းမှဖမ်းမိ ထောင်ကျပြီး လွတ်လာကြသည့် တောပြန်မိသားစုများနှင့်လည်း ရင်းရင်းနှီးနှီးခင်ခင်မင်မင် နေခဲ့ကြရပါသည်။ ထိုသူများထဲတွင် ကျွန်တော်တို့မိသားစုနှင့် ဆွေမျိုးသားချင်းကဲ့သို့ တောက်လျှောက်ခင်မင်ရင်းနှီးခဲ့သည့် မိသားစုတခု ရှိပါသည်။ ထိုသူများမှာ ဗိုလ်မှူးချစ်ကောင်း၏ဇနီး ဒေါ်ခင်မျိုးညွန့်နှင့် သားသမီးသုံးဦးတို့ ဖြစ်ကြပါသည်။

ကျွန်တော်နှင့် ဗိုလ်မှူးချစ်ကောင်းမှာ ဘီဒီအေကတည်းက သိရှိခဲ့ကြသော်လည်း သိပ်ရင်းနှီးခြင်း မရှိပါ။ သူထောင်က လွတ်လာစဉ်က ကျွန်တော်တို့ နယ်ချဲ့ဆန့်ကျင်ရေး၊ တရုတ်ဖြူဆန့်ကျင်ရေး အမျိုးသားကော်မတီဖွဲ့သည့်ကာလနှင့်တိုးသဖြင့် လာရောက်ပါဝင်ခဲ့ဖူးသော်လည်း မကြာမီမှာပင် တောပြန်ခိုသွားပြီး တောတွင်းတိုက်ပွဲတနေရာတွင် ကျဆုံးသွားခဲ့ရှာပါသည်။

သူ့ဇနီးသည် ဒေါ်ခင်မျိုးညွန့်မှာ သားသမီးသုံးယောက်နှင့်အတူ အတော်ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်ရပါသည်။ ကျွန်တော်သာမက ကျွန်တော်တို့ တမိသားစုလုံးက သူတို့အပေါ် အလွန်ကြင်နာစွာ စောင့်ရှောက်ခဲ့ကြပါသည်။

ကျွန်တော့် သားနှစ်ယောက်ဖွင့်သည့် မြေနီကုန်းက စာအုပ်ဆိုင်တွင် သူတို့၏သားလေးကိုခေါ်၍ အလုပ်ပေးထားပြီး ကျွန်တော့်သမီးကြီး အလုပ်လုပ်သည့် အရှေ့ပိုင်းဆေးရုံမှ ဆရာဝန်များအတွက်ပေးသည့် အိမ်ခန်းတွင်မူ ဒေါ်ခင်မျိုးညွန့်နှင့် သမီးနှစ်ယောက်ကို ခေါ်ထားပါသည်။ ကျွန်တော် တောခိုလာစဉ် ကျွန်တော့်ဇနီးတယောက်တည်း ထားခဲ့ရစဉ်က သူမကျန်းမမာဖြစ်နေတုန်း ဒေါ်ခင်မျိုးညွန့်က သမီးကြီးခင်မအေးနှင့်အတူ ကျွန်တော့်ဇနီးအား လာရောက်စောင့်ရှောက်နေထိုင်ခဲ့ကြောင်း ကျွန်တော့်ဇနီးက ကျွန်တော့်ကို ပြန်ပြောပြပါသည်။

ဒေါ်ခင်မျိုးညွန့်မှာ အလွန်စိတ်ဓာတ်ခိုင်မာ ကောင်းမွန်သူဖြစ်ပြီး၊ နိုင်ငံရေးရပ်တည်ချက်လည်း ပြတ်သားပါသည်။ သူတို့မိသားစု ချို့တဲ့မှန်းသိသဖြင့် ထိုစဉ်က လုပ်သားပြည်သူ့သတင်းစာ အယ်ဒီတာချုပ်ကိုလှမြိုင်က သူ့ကိုသတင်းစာကိုယ်စားလှယ် ပေးပါသည်။ သူက လက်မခံပါ။ ဗမာပြည်ကွန်မြူနစ်ပါတီကို အပုတ်ခတ်ဆုံးရေးသားနေသည့် သတင်းစာက ကျွေးသည့်ထမင်း မစားချင်ပါဟု ဆိုခဲ့ပါသည်။ သူ့လုပ်အားနှင့်ပင် ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်ရှာပါသည်။

## လေထီးဗိုလ်အုန်းမောင်

လေထီးဗိုလ်အုန်းမောင်မှာ ထောင်သက်ရှည်ရုံမက ကျွန်းလည်းနှစ်ကျွန်းသုံးကျွန်းပြန်ဖြစ်ကာ နောက်ဆုံးမှ ထောင်ကလွတ်လာသူဖြစ်ပါသည်။ သူထောင်က လွတ်လာတော့ ကျွန်တော်တို့တတွေ ဘာနိုင်ငံရေးလှုပ်ရှားမှုမှ လုပ်၍မရတော့ပါ။ တခါတခါ ကျွန်တော့်အိမ်တွင် ဆုံတတ်ကြပြီး ရေးဟောင်းနှောင်းဖြစ်များသာ ပြောဖြစ်ကြပါသည်။

သူ့ဇနီးလည်း အတော်တော်သည့် အမျိုးသမီး ဖြစ်သည်။ ကိုအုန်းမောင်မှာ ထောင်ကလွတ်လာပြီးလည်း ဘာမှမလုပ်ဘဲ ဇနီးက ဈေးရောင်းကျွေးတာပဲ ရှိသည်။ သူတို့တွင် သမီးလေးတယောက်လည်း ရှိပါသည်။

ကိုအုန်းမောင်မှာ အလွန်သဘောသကာယ ကောင်းပြီး၊ စိတ်နှလုံးနှိမ့်ချသူဖြစ်ကာ စကားလည်း များများမပြောတတ်ပါ။ ကျွန်တော်သည် ၁၉၇၃ – ၇၄ ခုနှစ်လောက်က သူ့အား ကျွန်တော့်အတွက် ကွန်မြူနစ်ပါတီနှင့် ဆက်ပေးရန် ပြောဆိုရာ သူကကြိုး စားပေးမည်ဆိုပြီး အထက်ဗမာပြည်

တက်သွားပါတော့သည်။ တလကျော်ကျော် အကြာတွင်မှ ပြန်ရောက်လာပြီး ဘယ်လိုမှ အဆက်မရဟု ဆိုလာသဖြင့် ကျွန်တော်လက်လျှော့လိုက်ရပါသည်။

ကျွန်တော် ပါတီထဲရောက်မှ သိရသည်မှာ ထိုကာလက ပဲခူးရိုးမ ပြုတ်သွားပြီဖြစ်သဖြင့် ပါတီ၏ မြေအောက်လုပ်ငန်းကို အရှေ့မြောက်ဒေသက စုစည်းလိုက်ပြီး အသစ်ပြန်ဖွဲ့စည်းပြုပြင်နေရာ လူဟောင်းများကို ဘယ်သူ့ကိုမှ မဆက်သွယ်တော့ဘဲ လူသစ်များနှင့်သာ စတင်လှုပ်ရှားနေသဖြင့် ကိုအုန်းမောင်အနေနှင့် ဘယ်လိုမှ အဆက်ရှာမရဖြစ်ဟန် ရှိပါသည်။

ကျွန်တော် သူ့အကြောင်းရေးနေစဉ်မှာပင် သူရေးခဲ့သည့် "အနှစ် ၅၀ ကြာပြီးသောအခါ" ဆောင်းပါးများကို စုစည်း၍ စာအုပ်ထုတ်မည့်သူများက ကျွန်တော့်အား အမှာစာရေးခိုင်းရာ ကျွန်တော်ရေးပေးရသဖြင့် ဤနေရာတွင် ကိုအုန်းမောင်ကို ဂုဏ်ပြုသောအားဖြင့် ထိုအမှာစာကို ထည့်သွင်း ဖော်ပြလိုက်ပါသည်။

## ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ အမှာစာ

ကျွန်တော်တို့ ဗမာပြည်လွတ်လပ်ရေး ကြိုးပမ်းမှုတိုက်ပွဲစဉ်အတွင်း နိုင်ငံခြားသို့ထွက်၍ အကူအညီရှာဖွေသည့် လူငယ်အုပ်စု နှစ်စု ရှိခဲ့ပါသည်။ တစုကတော့ အရှေ့ဘက် ထွက်ပြီး၊ တစုကတော့ အနောက်ဘက် ထွက်ခဲ့ကြပါသည်။ အမိဗမာပြည်ကြီး လွတ်လပ်ရေးရရန်ဆိုသော တခုတည်းသော ရည်မှန်းချက်အောက်တွင် လှုပ်ရှားခဲ့ကြခြင်း ဖြစ်ပါသည်။

အရှေ့ဘက် ထွက်ကြသူများသည် ဂျပန်သို့ ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်လာကာ၊ အနောက်ဘက် ထွက်ကြသူများကတော့ အိန္ဒိယသို့ရောက်ပြီး ဦးသိန်းဖေမြင့် ဦးစီးသည့် လေထီးဆင်းရဲဘော်များ ဖြစ်လာကြပါတော့သည်။

ဤနည်းဖြင့် ကျွန်တော်သည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇောဖြစ်လာပြီး၊ သူကတော့ လေထီး ဗိုလ်အုန်းမောင် ဖြစ်လာပါ တော့သည်။

ကျွန်တော်တို့သည် ခေတ်ပြိုင်နိုင်ငံရေးသမား၊ တော်လှန်ရေးသမားများဖြစ်ခဲ့ကြပြီး ၂၀ ရာစု နောက်ဆုံးပိုင်းကာလများ၏ မျိုးဆက်ရဲဘော်ရဲဘက်၊ တိုက်ဖော်တိုက်ဖက်များအဖြစ် တာဝန်အသီးသီး ထမ်းဆောင်ခဲ့ကြပြီး ထိုမျိုးဆက်များ၏ သမိုင်းပေးတာဝန်ဖြစ်သော ကိုလိုနီဗမာနိုင်ငံကို လွတ်လပ်သည့် ဗမာနိုင်ငံအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ကြပေသည်။ ကျွန်တော်သည် ကျွန်တော့် ဘဝအတွက် ဤသမိုင်းပေး တာဝန်ကြီးကို ထမ်းဆောင်ခွင့်ရခဲ့ခြင်းအပေါ် အကျေနပ်ဆုံးဖြစ်ရသလို၊ ရဲဘော်ကြီး ဗိုလ်အုန်းမောင်အတွက်လည်း အလားတူ ကျေနပ်စရာနှစ်သိမ့်စရာ ဖြစ်ပေလိမ့်မည်ဟု ထင်ပါသည်။ ထို့ကြောင့်ပင် သူက **"ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ဘဝအတွက် ကျွန်တော်ဂုဏ်ယူပါတယ်"** ဟူသော စကားကို ပြောခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

ကျွန်တော်တို့သည် အမိနိုင်ငံကြီးကို နိုင်ငံရေးအရ လွတ်လပ်သည့်နိုင်ငံအဖြစ် ပြောင်းလဲနိုင်ခဲ့သော်လည်း ခေတ်မီတိုးတက် ဖွံ့ဖြိုးသော ခေတ်သစ်ဗမာပြည် ထူထောင်ရေးလုပ်ငန်းများကိုတော့ အောင်မြင်အောင် မလုပ်နိုင်ခဲ့ပါ။

ကျွန်တော်တို့ မျိုးဆက်ဟောင်းများ၏ ဤမပြီးဆုံးသေးသော သမိုင်းတာဝန်များကို ၂၁ ရာစုသစ်မှ မျိုးဆက်သစ်လူငယ်များက ပြီးစီးအောင် ဆက်လက်ထမ်းဆောင် လုပ်ကိုင်ပေလိမ့်မည်။

လူသားများသည် မိမိရှေ့မျိုးဆက်ဟောင်း၏ ပခုံးထက်မှနေ၍ လူသားတာဝန်များကို ထမ်းဆောင်ရသဖြင့် ထိုရှေ့မျိုးဆက်ဟောင်းများထက်သာအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရမည်။ ထို့ပြင် နောင်လာနောက်သား မျိုးဆက်သစ်များ မိမိတို့ထက်သာအောင်လည်း အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးခဲ့ရပေမည်။ သို့မှသာ လူသားတယောက်၏ တာဝန်ကျေပွန်သည်ဟု ဆိုနိုင်ပေမည်။

ရဲဘော်ကြီး ဗိုလ်အုန်းမောင်၏ **"အနှစ် ၅၀ ကြာပြီးသောအခါ"** သည်၊ နောင်မျိုးဆက်သစ် လူငယ်များအား စိတ်ဓာတ်ခွန်အားဖြည့်တင်းပေးရာ သင်ခန်းစာများယူစရာ သမိုင်းအတွေ့အကြုံ၊ အဖြစ်အပျက်များကို သူပါဝင်ခဲ့သည့် အခန်းက ပြည့်စုံစွာ ရေးသားဖော်ပြထားသဖြင့် သူမကွယ်လွန်မီပြောခဲ့သည်ဆိုသည့် **"ခင်ဗျားတို့နှင့်အတူ ကျွန်တော်ရှိနေဦးမှာပါ"** ဆိုသည့်စကား၏ အဓိပ္ပာယ်ကို အပြည့်အဝဆုံး အလေးနက်ဆုံး ဖော်ထုတ်ပြသနေပေသည်ဟု ကျွန်တော်ထင်မြင်နေမိပါသည်။ ထိုစကားစုသည် သူ၏စိတ်ဓာတ် ကြံ့ခိုင်မှု၊ ဇွဲနပဲကြီးမှု၊ ဗမာပြည်ကြီး ခေတ်မီတိုးတက်သောနိုင်ငံ မဖြစ်နိုင်သေးခြင်းအပေါ် တာဝန်မကျေလေခြင်းဟု အားမလိုအားမရဖြစ်နေမှုတို့ကို ဖော်ပြနေပြီး၊ နောင်မျိုးဆက်သစ်အတွက်တော့ အလွန်ထိရောက်သည့် အားပေးဝိုင်းရံ ထောက်ခံသွားသည့် စကားစုလည်း ဖြစ်ပေတော့သည်။

ရဲဘော်ကြီးဗိုလ်အုန်းမောင်ကား တမျိုးသားလုံးအတွက် သူ့တာဝန်သူ့အခန်းကို ဘဝတလျှောက်လုံး ကျေပွန်စွာ ထမ်းဆောင်သွားသည့် ဗမာပြည်ကြီး၏ ဂုဏ်ယူဖွယ် သားကောင်းတယောက် ဖြစ်ပါသည်။

ရဲဘော်ကြီး ဗိုလ်အုန်းမောင်၏ **"ကိုယ်ကျိုးမဖက်၊ ရိုးရိုးကုပ်ကုပ် နေထိုင်၊ သတ္တိရှိရှိ လုပ်ကိုင်သည့် စိတ်ဓာတ်"** ထာဝစဉ် အစွန့်ရှည်ပါစေ။

သွားနှင့်ပြီဖြစ်ကြသော ရဲဘော်ကြီးတို့အားလုံးကို သတိရ လွမ်းဆွတ်လျက်–

ကျော်ဇော
(ဗိုလ်ကျော်ဇော)
၁၆–၃–၀၇

ကျွန်တော် ထိုအိမ်လေးမှာနေစဉ် ကျွန်တော့်ဆီ ပုံမှန်လာရောက်လည်ပတ်သူတဦးကတော့ ကျွန်တော်တို့ ဂျပန်အတူတူသွားခဲ့ဖူးသည့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောနောင် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဂျပန်မှာ စစ်ပညာသင်စဉ်ကတည်းက ရင်းနှီးခဲ့ပါသည်။ သူသည် သခင်ထွန်းအုပ်တို့အဖွဲ့မှ ဖြစ်သော်လည်း ကျွန်တော်တို့တတွေနှင့် အတော်ကောင်းမွန်စွာ ရင်းနှီးစွာ ဆက်ဆံခဲ့သူဖြစ်ပါသည်။

သူ့ကို ဗိုလ်နေဝင်းက အထူးအရာရှိတနေရာ ပေးထားသော်လည်း အရက်စွဲနေသူတဦးဖြစ်သဖြင့် ဘယ်တော့မှလောက်ခြင်း မရှိဘဲ၊ အမြဲကျပ်တည်းနေတတ်ပါသည်။ ကျွန်တော့်ဆီလည်း မကြာခဏလာလာပြီး ငွေတောင်းတတ်ပါသည်။ တနေ့ သူလာလည်သောအခါ ခြေလှမ်းတောင်မမှန်ဘဲ မူးရူးနေပါသည်။ ကျွန်တော်က ခင်ဗျား ကျွန်တော့်ဆီမူးလာရင်တော့ တံခါးဖွင့်မပေးဘူး ပြန်ပေတော့ဟု နှင်ထုတ်လိုက်ပါသည်။ သူက ကျွန်တော့်အိမ်ရှေ့
၂၆

လေ့ကားထစ်တွင် ထိုင်ချပြီး "ဗိုလ်ကျော်ဇော ကျုပ်ကို နှင်ထုတ်တယ်ဟုတ်လား၊ ခင်ဗျား ကျွန်တော့်ကို နှင်ထုတ်တယ်နော်"ဟု ထပ်ချည်းတလဲလဲ ပြောကာငိုယိုပါတော့သည်။ ကျွန်တော်လည်း မတတ်နိုင်တော့ဘဲ တံခါးဖွင့်ပြီး အိမ်ပေါ်ခေါ်တင်ရပါတော့သည်။ ပြီးတော့ ထုံးစံအတိုင်း တောင်းတဲ့ငွေ ပေးလိုက်ရပါသည်။

သူ့ဇနီးသည်မှာ အတော် တော်ရှာသူဖြစ်ပါသည်။ သားသမီးများကို ဈေးရောင်းကျွေးပြီး ကျောင်းထားပါသည်။ သားများ အရွယ်ရောက် လာသောအခါ ရှင်ပြုအလှူပွဲပြုလုပ်ရာ ကျွန်တော်တို့ကိုလည်း ဖိတ်သဖြင့် သွားရောက်ရပါသည်။ အလှူပွဲကို ကမာရွတ်မှ ဘုန်းကြီးကျောင်း တကျောင်းတွင် ပြုလုပ်ရာ ညနေပိုင်း မောင်ရင်လောင်းများကို ဆံချပြီးသောအခါ ရေစက်ချဖို့ သူ့ဇနီးကို ခေါ်သောအခါ သူ့ဇနီးက သူနှင့်ရေစက်အတူ မချလိုဟု ဆိုလာသည်။ ကျွန်မ ဒီဘဝတော့ ရှိစေတော့ သဘောထားပါတယ်။ သူနှင့်အတူ ရေစက်ချရင် နောင်ဘဝ သူနှင့်ကျွန်မ ထပ်ဆုံမှာစိုးလို့ပါ။ သူနှင့် ထပ်မဆုံလိုတော့ပါလို့ ပြောပါသည်။ ထိုအခါ ဗိုလ်စောနောင်သည် မျက်ရည်စက်လက်နှင့် တဦးတည်း ရေစက်ချရပါတော့သည်။ ကျွန်တော် သူ့အကြောင်း ပြန်စဉ်းစားမိပြီး သူ့ကို တကြိမ်တခါက နှင်ထုတ်မိမှုအပေါ် စိတ်မကောင်း ဖြစ်နေမိပါတော့သည်။

× × × ×

တခါမှာလည်း ကျွန်တော့်ဆီကို ထူးခြားသည့် ဧည့်သည်တယောက် သုံးဘီးကားနှင့် ပေါက်ချလာပါသည်။ ထိုအချိန်က ဗိုလ်နေဝင်းက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဖွဲ့စည်းမည့်အကြောင်း ကြေညာထားချိန် ဖြစ်ပါသည်။

ထိုဧည့်သည်မှာ ဗိုလ်နေဝင်း၏ ဇနီးကြီး (ကွာရှင်းထားသူ) ဒေါ်တင်တင် ဖြစ်ပါသည်။ ကျွန်တော် မေမြို့မှာ တိုင်းမှူးတာဝန် ထမ်းနေစဉ်က ဒေါ်တင်တင် အတော်ချို့ချို့ငဲ့ငဲ့ နေရကြောင်း ကြားရသဖြင့် ထိုစဉ်က ဖဆပလ ပညာရေးဝန်ကြီး ဦးသန်းအောင်ဆီ သို့ သူ့ကို ကျွန်တော်စာရေးပေးပြီး စရိတ်ပါပေးကာ လွှတ်ခဲ့ပါသည်။ ဦးသန်းအောင်စီစဉ်ပေးသဖြင့် မေမြို့တွင်ပင် ဒေါ်တင်တင် ဆရာမအလုပ် ရရှိခဲ့ပါသည်။ ဒေါ်တင်တင်မှာ သားနှစ်ယောက်ကိုလည်း ကျောင်းထားရပါသေးသည်။ နောင်တော့ ဗိုလ်နေဝင်းက ကလေးများ ကျောင်းစရိတ် ထောက်ပံ့ဟန် ရှိပါသည်။

ထိုနေ့က ဒေါ်တင်တင်က ကျွန်တော့်ကို ဝမ်းသာအားရနှင့် ပြောသည်မှာ ကိုကိုတို့က (ဗိုလ်နေဝင်းကို သူ့အခေါ်) အခု ဆိုရှယ်လစ်လို့ ပြောနေပြီ။ အဲတော့ ဗိုလ်ကျော်ဇောကို ပစ်ထားမှာမဟုတ်ဘူး။ ကျွန်မ ဝမ်းသာလို့ လာပြောတာဟု ဆိုပါသည်။ ကျွန်တော်လည်း သူ့ကို ဧည့်ခံပြီး အလာပသလ္လာပပြောကာ ခဏတဖြုတ်နေပြီး သူပြန်သွားပါသည်။ သူပြန်သွားမှ ကျွန်တော်တို့ ရေအိုးစင်က ငွေဖလားလေးထဲတွင် ငွေတရာကျပ်နှင့် သူမေမြို့မှာနေစဉ်က ကျွန်တော်ထုတ်ပေးလိုက်သော ခရီးစရိတ်ကြွေးကို လာဆပ်ကြောင်း စာလေးတစောင် ရေးထည့်ထားတာ တွေ့ရပါသည်။ သူက ပြန်ကာနီး အပြင်ထွက်ချင်သည်ဆို၍ ကျွန်တော့်သမီးတယောက်က အိမ်သာပို့ပေးပြီး သူ့ကိုထားခဲ့သည့် ခဏတွင် သူက ငွေကိုထားခြင်းဖြစ်ဟန် ရှိပါသည်။

ထိုစဉ်က လွတ်လပ်ရေးမော်ကွန်းဝင်များလည်း ပေးနေသဖြင့် ကျွန်တော့်ဆီ ထောက်ခံစာ လာတောင်းသူများလည်း များလှပါသည်။ ဂျပန်ခေတ်က လစာထုတ်စာရင်း အတိအကျရှိသည့်တိုင်းမှာ တိုင်း ၄ တတိုင်းပဲ ရှိသဖြင့် ကျွန်တော်၏ ထောက်ခံချက်မှာ အတော်ပင် အရေးပါနေပါသည်။ ကျွန်တော်ကလည်း အသေအချာစစ်ဆေးပြီး ကျွန်တော်ကိုယ်တိုင် ယုံကြည်မှ ထောက်ခံချက်ပေးသောကြောင့် ကျွန်တော့်ထောက်ခံချက်ပါသူ အတော်များများမှာ မော်ကွန်းဝင်ရကြတာ များပါသည်။

ကျွန်တော့်ကိုလည်း လွတ်လပ်ရေးမော်ကွန်းဝင် လာယူရန် ဖိတ်စာတခါရဖူးပါသည်။ ကျွန်တော် တက်မယူခဲ့ပါ။

တခါ၌လည်း ဗိုလ်နေဝင်းက ကျွန်တော်တို့ ဂျပန်ပြည် စစ်ပညာသင်စဉ်က ဆရာတာကာဟာရှီကို ဖိတ်ခေါ်ပြီး ဂျပန်ပြန်အားလုံးနှင့် စုဝေး တွေ့ဆုံပွဲတပွဲလုပ်ရန် စီစဉ်ပါသည်။ ကျွန်တော့်ကို လာဖိတ်သူမှာ ထိုစဉ်က ထောက်လှမ်းရေးတာဝန်ခံ ဗိုလ်ချစ်ခင် ဖြစ်ပါသည်။ ကျွန်တော်က ဖိတ်စာကို လက်ခံထားလိုက်ပြီး ထမင်းစားပွဲသို့ သွားမတက်ခဲ့ပါ။ ကျွန်တော် မတက်ရောက်သဖြင့် တာကာဟာရှီက (ထိုအချိန်က စီးပွားရေးသမား ဖြစ်နေပါပြီ) ကျွန်တော့်အတွက် လက်ဆောင်အချို့ ပေးထားခဲ့သဖြင့် ထိုလက်ဆောင်များကို လာပေးရင်း ဗိုလ်ချစ်ခင်က ပြောပြသည်မှာ ထိုနေ့က ဧည့်သည်များ စုံလင်သောအခါ သူ ဗိုလ်နေဝင်းကို အိမ်ပေါ်တက်ခေါ်ကြောင်း၊ ဗိုလ်နေဝင်းက ဗိုလ်ကျော်ဇောရော လာသလားဟု သူ့ကိုမေးကြောင်း၊ သူက မလာကြောင်းပြောတော့ ဗိုလ်နေဝင်းက စိတ်ဆိုးပြီး သူက ဘယ်သူ့အားကိုးနဲ့ ဒီလောက်မိုက်နေရတာတုန်းဟုဆိုကြောင်း ပြောပြပါသည်။ တဆက်တည်း ဗိုလ်ချစ်ခင်က ဆက်ပြောသည်မှာ ဗိုလ်ချုပ်အပေါ် (ကျွန်တော့်ကို ဆိုလို) ဗိုလ်ချုပ်ကြီးက (ဗိုလ်နေဝင်းကို ဆိုလို) သံယောဇဉ် မပြတ်ရှာပါဘူး။ နောင် သူ ဖိတ်ရင် ဗိုလ်ချုပ်လာဖြစ်အောင်လာပါဟုလည်း ပြောသွားခဲ့ဖူးပါသည်။

ဗိုလ်နေဝင်းကလည်း ဘယ်သူ့ကိုမဆို နှစ်ဘက်မျက်နှာ လုပ်တတ်သူ ဖြစ်ပါသည်။ (ဦးနု၏ တာတေစနေသားတွင် ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းစဉ် သူအဖမ်းခံနေရစဉ်မှာတောင် ဦးနုက ဗိုလ်နေဝင်း ပါဟန်မရှိဟုထင်ကြောင်း ရေးသားထားတာကို ကြည့်ပါ။ ဦးနုကို သူ ဘယ်လောက် အယုံသွင်းထားလဲ မသိပါ။)

ကျွန်တော် ၁၉၅၇ ခုနှစ်၊ စစ်တပ်က ထွက်ခါနီး၊ စစ်ရုံးချုပ်၌ ကျွန်တော် ဗိုလ်နေဝင်းကို သွားနှုတ်ဆက်စဉ် ဗိုလ်နေဝင်းက အေးဗျာ အပြင်ရောက်ပြီးရင် ကျွန်တော့်ဆီ အေးအေးဆေးဆေးလာတွေ့လှည့်ပါဦးဟု မှာလွှတ်ပါသည်။ ထို့ပြင် အတွင်းဝန်ရုံး၌ အလုပ်လုပ်နေသော ကျွန်တော့် ဦးလေးကိုလည်း ကြားပွဲစားတဦးက ချဉ်းကပ်ပြီး ဗိုလ်ကျော်ဇောနာမည်နှင့် ပဲခူးရိုးမက သစ်ကန်ထရိုက်လျှောက်ပါ။ ရရပါစေ့မယ်ဟု လာပြောဖူးပါသည်။ ထို့ပြင် ကျွန်တော်တို့ တပ်မှူးကြီးများအတွက် ပေးထားသည့် မြေကွက်များတွင် အိမ်ဆောက်မည်ဆိုက လိုအပ်သည့် အိမ်ဆောက်ပစ္စည်းများ အစိုးရ ဈေးနှုန်းနှင့် ထုတ်ပေးမည်ဟု ကျွန်တော်နှင့် အလွန်ရင်းနှီးသည့် ဗိုလ်မှူးကြီးမြဝင်းက ကျွန်တော့်ဇနီးကို လာပြောပါသည်။ ထိုစရိတ်ကိုလည်း မိမိက စိုက်စရာမလို၊ ငှားရမ်းမည့် သံရုံးများကို သုံးနှစ်စာလေးနှစ်စာ ငှားရမ်းစရိတ်၊ စာချုပ်ချုပ်ကြိုယူပြီး ဆောက်ရုံသာ ဖြစ်သည်။ ထိုကြွေး သုံးလေးနှစ်နှင့် ကျေသွားပါက မိမိအိမ်ပိုင်တလုံးရပြီး အိမ်ငှားစရိတ် ဆက်စားရန်သာ ဖြစ်ပါတော့သည်။ ဤနည်းဖြင့် တပ်မှူးကြီးများ အိမ်တလုံးကနေ နှစ်လုံး၊ သုံးလုံး ဆောက်နိုင်ကြသည်။ တပ်မှူးကြီးများအား ဗိုလ်နေဝင်းက ပြည်သူ့ဘဏ္ဍာငွေသုံးပြီး ဝယ်ယူသည့်နည်းများ ဖြစ်ပါသည်။ ထို နည်းဖြင့် စစ်တပ်မှ ထွက်ရသည့် တပ်မှူးများကို ငြိမ်အောင် သူလုပ်ထားနိုင်ခဲ့ပါသည်။

ကျွန်တော် ဘာတခုမှ လက်ခံခြင်း မရှိဘဲ ရသည့်ပင်စင်လေးနှင့်ပင် လောက်အောင် နေပါသည်။ ရရှိထားသည့် မြေကွက်ကို တော့ ကျွန်တော် တပ်ထဲမှာ နေစဉ်ကတည်းကပင် ကျွန်တော့်ငွေပေးပြီး ဂရန်ထွက်အောင် လုပ်ထားခြင်း ဖြစ်ပါသည်။ ထိုမြေကွက်များကို ဖွဲဖွဲရောင်းပြီး အိမ်စားရိတ် ဖြည့်ရပါသည်။

ပြည်တွင်းငြိမ်းချမ်းရေး ပျက်သွားစဉ်ကလည်း ဖမ်းဆီးမည့် လူစာရင်းကို ဗိုလ်နေဝင်းဆီတင်ရာတွင် စာရင်းထိပ်တွင်ပါဝင်သည့် ကျွန်တော့် နာမည်ကို ဗိုလ်နေဝင်းကပဲ ဖျက်ပစ်ပေးလိုက်သည်ဟု ကြားရပါသည်။

၁၉၇၃–၇၄ ခုနှစ်၊ မဆလ ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲပြီး ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပဖို့ စိုင်းပြင်းနေစဉ် ကျွန်တော့်အိမ်သို့ စမ်းချောင်း လအက ဥက္ကဋ္ဌ ဗိုလ်ကျော်ဆွေဆိုသူ ရောက်လာပြီး ထိုဆန္ဒခံယူပွဲအတွက် ကြီးကြပ်သည့်ကော်မရှင်တွင် ဥက္ကဋ္ဌလုပ်ရန် လာဖိတ်ပါသည်။ ကျွန်တော်လည်း စိတ်တိုတိုနှင့်ပင် "ဟေ့–မင်းတို့လက်ထက်မှာ လူတွေဒီလောက် ဒုက္ခရောက်နေတာ ဒီလိုအစိုးရမျိုးကို ငါက ပခုံးနဲ့ထမ်းတင်ပေးရဦးမှာလား။ ငါ့အနေနဲ့ ဘာမှမတတ်နိုင်လို့ ထိုင်ကြည့်နေတာ။ တတ်နိုင်ရင် မင်းတို့အစိုးရ ဖြုတ်ချဖို့တောင် ငါ့မှာ ဝတ္တရားရှိတယ်"ဟု ပြောချလိုက်ပါသည်။ သူလည်း ပြန်သွားပြီး အထက်အဆင့်ဆင့်ကို တိုင်ကြားပါတော့သည်။ လူအတော်များများလည်း ဒီတခါတော့ ကျွန်တော် အဖမ်းခံရတော့မည်ဟု ထင်နေကြပါသည်။ ကျွန်တော် လည်း အတော်သတိထား နေထိုင်ပြီး အပြောအဆိုလည်း ဆင်ခြင်ပါသည်။ ထိုနေ့ကတော့ စိတ်ပေါက်လာပြီး ပြောချလိုက်ခြင်း ဖြစ်ပါသည်။

ထိုသတင်း ဗိုလ်နေဝင်းဆီ ရောက်သွားသောအခါ ဗိုလ်နေဝင်းက "ဟုတ်သားပဲကွ၊ မင်းတို့က သွားစတာကိုး။ ဗိုလ်ကျော်ဇောဆိုတာ မြွေပွေးကွ။ သူ့ထိမှ ပေါက်တာ။ သူ့ဟာသူ အေးအေးနေပစေ" ဟုဆိုကြောင်း ကြားရပါသည်။ ကျွန်တော့်ဆီလည်း ဘယ်သူမှ ထပ်လာခြင်းလည်း မရှိတော့ပါ။ ဘယ်လောက်တောင် ဖြစ်လာသလဲဆိုလျှင် ထိုဆန္ဒခံယူပွဲမဲရုံကို ကျွန်တော့်ဘေးအိမ်က ကားရုံတွင် လာဖွင့်ပြီး ကျွန်တော်တို့ အိမ်သားတွေ မဲလာမထည့်မချင်းစောင့်ကာ ညနေအချိန်ကုန်မှ မဲရုံပိတ်ပါသည်။ နောက်မဲစာရင်းထွက်လာသောအခါ မဲမထည့်သူ ခြောက်ယောက်ဟု ကျွန်တော်တို့ အိမ်သားများကို စာရင်းပြထားတာ တွေ့ရပါသည်။ ကျွန်တော်တို့ကို မဲထည့်ရန် လာမခေါ်ပုံပါ။ တခြားမဲရုံများ လူကုန်လာထည့်သဖြင့် အစောကြီး ပိတ်သွားကြသော်လည်း ကျွန်တော်တို့ အိမ်နားက မဲရုံမှာမူ လူကုန်လာမထည့်သေးသဖြင့် စောင့်ရသည်ဆိုပြီး အချိန်ကုန်သည်အထိ စောင့်ပြီးမှ မဲရုံသိမ်းရပါတော့သည်။

ကျွန်တော်တို့ ဆီဆုံလမ်းမှ အိမ်လေးမှာပင် ကျွန်တော့်သမီးအငယ် စန်းစန်းကို အိမ်ထောင်ချပေးပါသည်။ စန်းစန်းက သူ့အစ်မကို သူ သွားဆရာဝန်လေးတယောက် (ထိုစဉ်က အလုပ်သင်ဆရာဝန်လေး) နှင့် မေတ္တာရှိနေကြောင်း၊ သူ့အကြောင်း စုံစမ်းကြည့်ပြီး ကြီးကြီးမားမား အပြစ်မရှိလျှင် ထိုသူနှင့် သူလက်ထပ်လိုကြောင်း ပြောလာပါသည်။ ထိုစဉ်က စန်းစန်းမှာ စီးပွားရေးတက္ကသိုလ်၌ နည်းပြဆရာမ လုပ်နေပါသည်။ လုလုက သူ့သူငယ်ချင်း သွားကောလိပ်၌ ဆရာမ လုပ်နေသူမှတဆင့် ထိုသူငယ်အကြောင်း စုံစမ်းရာတွင် ဝန်းမော်မှဖြစ်ပြီး ပြည်နယ်စတိုင်ပင်နှင့် ကျောင်းတက်နေရသူ ဖြစ်ကြောင်း၊ ရိုးသားကြိုးစား သူဖြစ်ကြောင်း သိလာရသဖြင့် ကျွန်တော်တို့လည်း ထိုအိမ်လေးမှာပင် အကျဉ်းရုံး လက်ထပ်ပေး ခဲ့ပါသည်။

သမီးငယ် လက်ထပ်ပြီး တနှစ်အကြာတွင် သားအငယ် ကျော်ဇောဦးက သူနှင့်မေတ္တာရှိနေသည့် စီစီဆိုသည့် မိန်းကလေးနှင့် လက်ထပ် လိုကြောင်း ပြောလာသဖြင့် ကျွန်တော်တို့မှာ နောက်မင်္ဂလာကိစ္စကို စီစဉ်ရပါတော့သည်။ စီစီမှာ ဖတဆိုးလေးဖြစ်ပြီး အမေတခု၊ သမီးတခုနှင့် ကြီးပြင်း လာရသူ ဖြစ်သည်။ မိခင်ဖြစ်သူမှာလည်း အစ်မကြီးဖြစ်သူနှင့် တစီးပွားတည်း အတူနေလာသူ ဖြစ်သည်။ ကန်တော်ကြီး ထီလုပ်ငန်းပိုင်ရှင်များဖြစ်ပြီး၊ ပဲခူးဘက်တွင်လည်း ဆေးလိပ်ခုံများ ရှိကြသည်။ (နောင်မှ ကျွန်တော်သိရသည်မှာ စီစီ၏ဖခင်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဝင်တဦးဖြစ်ပြီး တောခိုရာသို့ ပါသွားကာ ပျဉ်းမနား၌ ငှက်ဖျားနှင့် ကျဆုံးသွားသူ ဖြစ်ပါသည်။)

ကျွန်တော့်ဇနီးမှာ ထိုကာလက အကြောက်ဆုံးကိစ္စမှာ မင်္ဂလာဆောင်ဖိတ်စာ ဖြစ်ပါသည်။ ကျွန်တော်တို့သည် မင်္ဂလာ ဆောင် ဖိတ်စာရပါက စိတ်အတော်ညစ်သွားတတ်ပါသည်။ တခါတရံ တလတည်း ဖိတ်စာနှစ်စောင်သုံးစောင် ရတတ်ပါသည်။ ခင်မင်လေးစားသောအားဖြင့် ဖိတ်ကြားကြတာ ဖြစ်သဖြင့် မသွား၍လည်း မကောင်းပါ။ သွားပြန်ကလည်း မင်္ဂလာပွဲနှင့်အညီ ထိုက်ထိုက်တန်တန် လက်ဖွဲ့မှ ကောင်းပေသည်။ လက်ဖွဲ့သည့်စနစ်သည် မရှိသင့်တော့ပါ။

ထို့ကြောင့် ကျွန်တော်တို့ ဇနီးမောင်နှံက ကိုယ့်သားသမီးများ မင်္ဂလာဆောင်တော့ မင်္ဂလာဖိတ်စာတွင် "လက်ဖွဲ့ခြင်း သည်းခံပါ"ဟူသော စာတန်း ထည့်ရိုက်ခဲ့ပါသည်။ သမီးစန်းစန်းတုန်းကတော့ ဘာမှပြဿနာမပေါ်ပါ။ ကျွန်တော်တို့ပဲဦးစီး၊ ကျွန်တော်တို့စိတ်ကြိုက်ပဲ လုပ်ရသဖြင့် အဆင်ချောခဲ့ပါသည်။ အိမ်မှာ အကျဉ်းရုံးလက်ထပ်လို့လည်း ဖြစ်သည်။

သို့သော် ကျွန်တော့်သား မင်္ဂလာပွဲကျတော့ မိန်းကလေးဘက်က ပြောစရာတွေ ဖြစ်လာပါသည်။ စီစီ့ ကြီးဒေါ် ကြီးမှာ သူ့သမီးတဦးလည်း မင်္ဂလာဆောင်ပြီးပြီဖြစ်ရာ ဟော်တယ်ကြီးတခုခုတွင် ဆောင်ရမည်ဟု ဆိုလာပါသည်။ ကြီးဒေါ် ကြီးဘက်က ကြည့်တော့လည်းသမီးကျ တခမ်းတနား လုပ်ပေးခဲ့ပြီး တူမကျမှ ဖြစ်ကတတ်ဆန်း လုပ်ပေးသည်ဟု အပြောခံရမှာစိုးဟန် ရှိပါသည်။

စီစီမှာ ကျွန်တော်တို့ လူကြီးများအကြား အတော်ဗျာများသွားပါတော့သည်။ နောက်တော့ ဒေါ်သိန်း (စီစီ့ ကြီးဒေါ် ကြီး) က ဟော်တယ်မှာ အခမ်းအနားကျင်းပရေးကို အလျှော့ပေးပြီး ကျွန်တော်တို့က "လက်ဖွဲ့ခြင်း သည်းခံပါ"ကို ကျွန်တော်တို့ ယောက်ျားလေးဘက်က ဖိတ်သည့်ဖိတ်စာ တဝက်တွင်ပင် ရိုက်နှိပ်ရန် အလျှော့ပေးလိုက်ရပါသည်။ မင်္ဂလာဆောင်ကို စီစီတို့အိမ် ကျောက်မြောင်းအိမ်တွင်ပင် ကျင်းပဖြစ်ခဲ့ပါသည်။

၁၉၇၄ ခုနှစ်တွင် ကျွန်တော့်သားသမီးများ အကုန်ဘွဲ့ရကုန်ပြီး၊ အလုပ်အကိုင်များနှင့်ဖြစ်ကာ၊ အိမ်ထောင်ကျသူများလည်း ကျသွားကုန်ပြီ ဖြစ်ပါသည်။ ကျွန်တော့် ဆီဆုံလမ်းအိမ်မှာလည်း အိမ်ကလေးက သေးငယ်ပြီး ဘေးပတ်လည် ထောက်လှမ်းရေးဝိုင်းနေသဖြင့် အိမ်မှ ကျွန်တော် တရက်ပျောက်မရပါ။ ထို့ကြောင့် ကျွန်တော်အိမ်ကြီးကြီးတလုံးဝယ်ရန် စဉ်းစားပြီး ကျွန်တော်အိမ်ရှာရာ စမ်းချောင်း၊ မြောင်းမြလမ်းထဲတွင်ပင် အိမ်အကြီးကြီးတလုံး ရှာတွေ့ပါသည်။ ပေ ၅၀ ပတ်လည် မြေကွက်တွင် ဟိုဘက်ဒီဘက် ၁၀ ပေစီချန်ကာ အပြည့်ဆောက်ထားသည့် နှစ်ထပ်အိမ်ကြီး ဖြစ်သည်။ ရေးကျွန်းကုမ္ပဏီက မန်နေဂျာတဦးက ဆောက်ခဲ့သဖြင့် သစ်များက အကောင်းစားများဖြစ်ပေသည်။ ကျွန်တော့်ဆီဆုံလမ်း အိမ်လေးကိုရောင်း၊ အိမ်မှာရှိသမျှ ပစ္စည်းအားလုံးချရောင်းကာ ကျွန်တော် ထိုအိမ်ကြီးကို ငွေတသိန်းနဲ့ ဝယ်လိုက်ပါတော့သည်။ ကျွန်တော် လက်ဆောင်ရထားသည့် ပစ္စည်းများ၊ တံဆိပ်များ၊ ဘွဲ့များ၊ နိုင်ငံခြားကပါလာသော လက်ဆောင်ပစ္စည်းများစသဖြင့် အိမ်တွင်ရှိသမျှ အကုန်ချရောင်းရပါသည်။

၁၉၇၄ ခုနှစ်၊ နှစ်လည်ပိုင်းလောက်တွင် ကျွန်တော်တို့မိသားစု ထိုအိမ်ကြီးသို့ ပြောင်းရွှေ့ခဲ့ကြပါတော့သည်။ ထိုအိမ်၏ ကားဂိုဒေါင်တွင်ရှိသော အိမ်ငှားများက တော်တော်နှင့်ဖယ်မပေးသဖြင့် ကျွန်တော်တို့ အတော်ဒုက္ခ ရောက်လိုက်ပါသေးသည်။

ကျွန်တော်တို့ ထိုအိမ်ပြောင်းပြီးနောက် ဗမာပြည်နိုင်ငံရေးမှန်တိုင်း ပိုမိုပြင်းထန်လာပါတော့သည်။ ကျွန်တော်သည် ဆ ရာကြီးမှိုင်းရှာပနကိစ္စ၊ ဂူဗိမာန်ကိစ္စ ပြီးကတည်းက ဘာနိုင်ငံရေးစကားမှ မပြောတော့ဘဲ နိုင်ငံရေးကိစ္စများတွင်လည်း ဘေးရှောင်နေပါသည်။ ကျွန်တော့်အတွက် လက်နက်ကိုင်

တော်လှန်ရေးမှလွဲ၍ ဘာမှလုပ်စရာမရှိဆိုတာ ကျွန်တော်သိပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်ပါတီနှင့် အဆက်ရအောင် ကြိုးစားသော်လည်း အဆက်မရပါ။ ကျွန်တော့်အနေနှင့် ပါတီနှင့် အဆက်ရဖို့ကိစ္စမှာ အလွန်လျှို့ဝှက်၍ လုပ်ကိုင်ရသဖြင့် မလွယ်ကူလှပါ။ အကြိမ်အချို့ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ကျွန်တော့်ပုံ သတင်းစာထဲ မပါအောင်လည်း အတော်ကြိုးစားနေပါသည်။ အိမ်မှာလည်း မကြာခဏ အပြင်ထွက်ထွက်ကြည့်ပြီး တရက်နှစ်ရက်ပျောက်ပြီးမှ ပြန်လာတာမျိုးလည်း လုပ်ပါသည်။ ထိုစဉ်က ကျွန်တော့်သမီးအကြီးလှလှမှာ ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန် လုပ်နေရာ၊ သူ့အတွက် ဆေးရုံက ပေးထားသော အိမ်ခန်းတွင် ကျွန်တော်တို့ဇနီးမောင်နှံ လိုက်နေတတ်ပါသည်။ ကျွန်တော် အိမ်မှာ မရှိတာ ပုံမှန်ဖြစ်နေအောင် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ကျွန်တော့်အိမ်က ဖုန်းကိုလည်း စောင့်နားထောင်မှန်းသိသဖြင့် ဘာကိစ္စမှ ဖုန်းနှင့်မပြောမိဖို့ သတိထားရပါသည်။ ကျွန်တော် က ဘယ်လိုပင် နိုင်ငံရေးနှင့် ဝေးအောင်နေသော်လည်း ထိုကာလနိုင်ငံရေး မုန်တိုင်းပြင်းထန်လာသောအခါ ကျွန်တော်အနေနှင့် တကြောင်းမဟုတ်တကြောင်း ပတ်သက်လာရပါတော့သည်။

၁၉၇၄ နှစ်ကုန်ပိုင်း ဦးသန့်အရေးအခင်း ပေါ်လာတော့ ဒီအရေးအခင်းကို ဦးဆောင်နေသည့် ကျောင်းသားခေါင်းဆောင်များက ဘွဲ့နှင်းသဘင် ခန်းမမှနေ၍ ကျွန်တော့်ဆီ ဖုန်းဆက်ပြီး အကြံဉာဏ်များ တောင်းပါသည်။

၁၉၇၆ ခုနှစ်၊ မှိုင်းရာပြည့်အရေးအခင်း အပြီးမှာတော့ ထောက်လှမ်းရေးတာဝန်ခံ (မျက်မှန်) ဗိုလ်တင်ဦးက အခေါ်ခိုင်း၍ပါဆိုပြီး ထောက်လှမ်းရေးက ဗိုလ်မှူးရဲဆွေနှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးဦးသန်းတင်တို့ ကျွန်တော့်ကို လာခေါ်ပါသည်။ ကျောင်းသားများနှင့် ကျွန်တော် အဆက်အသွယ် ရှိသည်ဟု သတင်းရသဖြင့် မေးမြန်းလိုသောကြောင့်ဟု ဆိုပါသည်။ ကျွန်တော် ထိုနေ့က ဗိုလ်တင်ဦးနှင့် တွေ့ရပါသည်။ မင်းတို့ ငါ တယ်လီဖုန်း ပြောသမျှတွေကို တိတ်နဲ့ဖမ်းထားတယ်လို့ ကြားတယ်။ အဲဒီမှာ အကုန်ရှိတာပဲဟု ကျွန်တော်ကပြောတော့ ဗိုလ်တင်ဦးက ဟာ – ကျွန်တော်တို့ အတတ်ပညာက ပြောသလောက် မဟုတ်ပါဘူးလို့ ပြောပါသည်။ သူတို့ ထိုနေ့ နေ့လည်လောက်တွင် ကျွန်တော့်ကို အိမ်ပြန်ပို့ပါသည်။

ထိုကဲ့သို့ နိုင်ငံရေးမုန်တိုင်းများ ပြင်းထန်နေစဉ်ကာလမှာပင် ၁၉၇၆ ခုနှစ်ဇွန်လဆန်း၊ တနင်္ဂနွေနေ့ တညနေတွင် ကျွန်တော့် သားအငယ် ကျော်ဇောဦးက "ဖေဖေ ကျွန်တော့်ကို ပါတီဗဟိုက ဆုတ်ခိုင်းလို့ ကျွန်တော် သွားတော့မယ်"ဟု နှုတ်ဆက်လာပါသည်။

ထိုစဉ်က ကျော်ဇောဦးမှာ လက်ထပ်ပြီး သားဦးသူရိန်ကျော်ဇော (ယခု လန်ဒန် ဘီဘီစီ၌ အလုပ်လုပ်နေ) ကို မွေးပြီး တနှစ်မပြည့်တပြည့် အချိန် ဖြစ်သည်။ သူသည် လက်ထပ်ပြီးနောက် စီစီတို့အိမ်တွင် လိုက်နေသော်လည်း သောကြာနေ့ညနေ ရုံးဆင်းတာနှင့် သူ့ဇနီးနှင့်အတူ ကျွန်တော်တို့အိမ် ပြန်ရောက်လာပြီး တနင်္လာနေ့မနက်မှ ရုံးတက်ရင်း အိမ်ပြန်သွားတတ်ကြပါသည်။ ကျွန်တော်တို့ မြောင်းမြလမ်းအိမ်တွင် သူတို့ အတွက် အခန်းတခန်း ထားပေးပါသည်။ သူနှင့်သူ့အစ်ကို အောင်ကျော်ဇောတို့ နှစ်ယောက် ကြိတ်ကြိတ်ကြိတ်ကြိတ်နှင့် နိုင်ငံရေးလုပ်နေမှန်း ကျွန်တော် ရိပ်မိသော်လည်း ကျွန်တော်တခါမျှ မေးမကြည့်ပါ။ ကျွန်တော့်သမီးကြီး လှလှကိုလည်း သူတို့နှင့် နိုင်ငံရေးစကားမပြောရန် ကျွန်တော်နှင့်ပဲ ပြောစရာရှိ ပြောရန် မှာကြားထားပါသည်။

သူတို့ညီအစ်ကိုနှစ်ယောက် အစိုးရဆန့်ကျင်ရေးလုပ်ငန်းတွေ လုပ်နေကြောင်း သတင်းတွေထွက်နေတာ အတော်ကြာပြီ ဖြစ်သည်။ ဦးသန့်အရေးအခင်း ပြီးကတည်းက ကျောင်းသားအရေးအခင်းများကို လက်ဝဲလက်ယာ နှစ်ဘက်စလုံးက လှုံ့ဆော်နေကြောင်း မဆလ ပါတီဝင်များ အကြား ချချဆွေးနွေးနေကြပြီး လက်ယာဘက်ကတော့ ဦးကျော်ငြိမ်းသားများက ဦးဆောင်ပြီး၊ လက်ဝဲဘက်ကတော့ ဗိုလ်ကျော်ဇောသားများက ဦးစီးကြောင်း ပြောဆိုနေကြသံ ကျွန်တော်တို့ ပြန်ကြားထားပြီး ဖြစ်ပါသည်။

မှိုင်းရာပြည့်ပွဲတွင်လည်း သူတို့နှစ်ယောက် ပါပုံရသည်။ သူတို့ကိုယ်တိုင် ပါရုံမက ကျွန်တော့်အိမ်တွင် လာကျောင်းတက်နေသည့် ကျွန်တော့် တူလေး (ကျွန်တော့်ညီအငယ်ဆုံး ကိုသိန်းရွှေ–သား) မောင်မြတ်ကျော်ကိုလည်း ဟိုခိုင်းဒီခိုင်း ခိုင်းတတ်ရာ၊ ကျွန်တော့်ဇနီးက တဆူဆူတပူပူနဲ့ တားဆီး ကန့်ကွက်တတ်ပါသည်။ (ကျွန်တော့်တူ မောင်မြတ်ကျော်မှာ နိုင်ငံရေးစိတ်ဝင်စားပုံ ရသည်။ ပထမပိုင်း သူ့အစ်ကိုများ ခိုင်းသမျှကို လုပ်ကိုင်ပြီး၊ နောက်ပိုင်းသူကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်လာရာမှ မှိုင်းရာပြည့် အရေးအခင်းအပြီး ကျောင်းသားများ လိုက်လံဖမ်းဆီးရာတွင် အဖမ်းအဆီးခံသွားရပါသည်။)

ထိုအထဲတွင် လက်ဝဲစာရေးဆရာကြီး သခင်မြသန်း ကွယ်လွန်ရာတွင် သူတို့ညီအစ်ကိုနှစ်ယောက် ဈာပနကော်မတီထဲပါပြီး ဝင်ရောက်လှုပ်ရှားကြရာက ဈာပနကိစ္စများပြီးသောအခါ ထိုဈာပနကော်မတီဝင်များအား ဖမ်းမယ်ဆီးမယ် ဖြစ်လာသဖြင့် သူတို့နှစ်ယောက် ဗမာပြည်ကွန်မြူနစ်ပါတီ မြေအောက်ကလာပ်စည်းက တောခိုခိုင်းခြင်း ဖြစ်ဟန်ရှိပါသည်။

ကျွန်တော်သည် ကျော်ဇောဦး၏ နှုတ်ဆက်စကားကို ကြားတာနဲ့ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားကာ သူ့လက်ကိုလည်း ဖမ်းဆွဲထားပြီး "မင်းကို ပါတီဗဟိုက ဘယ်သူမှန်း အသေအချာ သိသလား" ဟု ကျွန်တော်ကမေးရာ သူက "သိပါတယ်ဖေဖေ။ ကျွန်တော့်ကို ဖေဖေ့သားမှန်း သိကြပါတယ်"ဟု ပြန်ဖြေပါသည်။ ထိုအခါ ကျွန်တော်က "ဒါဆို...ငါ့ခေါ်တာ ဖြစ်မှာ။ ငါဆက်နေတာ ကြာပြီ။ ငါလည်း လိုက်မယ်"ဟု ဆိုလိုက်ပါသည်။

ကျော်ဇောဦးက သူ့ဆီလာတဲ့ အကြောင်းကြားစာမှာ ဖေဖေအကြောင်းမပါပါ။ ဒါကြောင့် ကျွန်တော်အရင်သွားပြီး ပါတီဗဟိုကို ဖေဖေ လာချင်ကြောင်း အစီရင်ခံမယ်။ ပြီးမှ လူလွှတ်ပြီး ဖေဖေ့လာခေါ်မယ်ဟုဆိုကာ ကျွန်တော်တို့သားအဖ အစီအစဉ်များ အသေးစိတ်ရေးဆွဲကြပါသည်။

ပထမ သူတို့အစီအစဉ်မှာ ညီအစ်ကိုနှစ်ယောက်လုံး အတူထွက်ကြရန် ဖြစ်သော်လည်း အခုနှစ်ယောက်စလုံး ပျောက်သွားလျှင် ထောက်လှမ်းရေးက အိမ်ကို မျက်ခြည်မပြတ် စောင့်ကြည့်မှာဖြစ်သဖြင့် နောင် ကျွန်တော်ထွက်ရန် လွယ်တော့မည် မဟုတ်ပါ။ ထို့ကြောင့် ဖမ်းကာမှ ဖမ်းဆိုပြီး အောင်ကျော်ဇောကို ပုံမပျက်ထားခဲ့ပြီး ကျော်ဇောဦးတယောက်တည်း ထွက်သွားပါတော့သည်။ ထောက်လှမ်းရေးများကလည်း တောခိုလျှင် ညီအစ်ကို နှစ်ယောက်စလုံး သွားလိမ့်မည်ဟု တွက်ထားသဖြင့် တယောက်က လှုပ်ရှားနေတာကို စောင့်ကြည့်နေပါသည်။

ဒီကြားထဲ သူရိန့် တနှစ်ပြည့် မွေးနေ့ကို ကျင်းပရန် ကျွန်တော့်ဇနီးနှင့် စီစီအိမ်သားများ တလှိုင်းလှိုင်း ပြင်နေကြပါတော့သည်။

ကျွန်တော် ကျော်ဇောဦးနှင့် ဆွေးနွေးသည့်နေ့မှာပင် ကျွန်တော့်သမီးကြီးလှလှအား ပြောပြရာ သမီးက ဖေဖေသွားရင် သူလည်းလိုက်မည်ဟု ဆိုလာပါသည်။ ထိုစဉ်က လှလှမှာ ရန်ကုန်ဆေးရုံကြီး၌ ဘွဲ့လွန်သင်တန်းတက်နေပါသည်။ ကျွန်တော်က ဖေဖေက အစကတည်းက ဖေဖေသွားရင် သမီးကိုပါ ခေါ်သွားဖို့ စဉ်းစားပြီးသားပါလို့ပြောပြီး လှလှဆေးရုံမှ ခွင့်ရရှိရေး၊ မှတ်ပုံတင်အတုများ ပြုလုပ်ရေးကိစ္စများကို ဆွေးနွေးကြပါသည်။

ကျွန်တော်တို့သည် အောင်ကျော်ဇောအား ဖမ်းများဖမ်းမလားဟု ရင်တထိတ်ထိတ်နှင့် နေကြပါသည်။ ထိုအချိန်က အောင်ကျော်ဇောမှာ မြေနီကုန်း၌ စာအုပ်ဆိုင်လေး ဖွင့်ထားရာ သူလည်းအရှိမပျက် စာအုပ်အရောင်းအဝယ် လုပ်နေပါသည်။

ကျော်ဇောဦးထွက်သွားပြီး တလမပြည့်တပြည့် အချိန်မှာပင် ကျွန်တော့်သားကြီး အောင်ကျော်ဇောက တညနေတွင် "ဖေဖေ ဆက်သား ရောက်လာပြီ"ဟု သတင်းပို့ပါသည်။ ကျွန်တော်က ထိုဆက်သားကို ကျွန်တော့်အိမ်ဘေးကားဂိုဒေါင်တွင် ဖွင့်ထားသော ကျွန်တော့်သားမက် ဒေါက်တာဝင်းလွင်၏ သွားဆေးခန်းမှတဆင့် အိမ်ပေါ်ခေါ်တင်သွားရန် ပြောလိုက်ပါသည်။

ဤနည်းဖြင့် ကျွန်တော်တို့အိမ်သို့ ဗမာပြည်ကွန်မြူနစ်ပါတီမှ ဆက်သားတဦး ကျွန်တော်တို့ကိုခေါ်ရန် ရောက်ရှိလာပါတော့သည်။

## ကျွန်တော် လွတ်မြောက်ဒေသသို့ ထွက်ခွာခြင်း

ဗိုလ်နေဝင်းသည် နိုင်ငံရေးအရ အလွန်အကင်းပါးသူ ဖြစ်ပါသည်။ သူ့တကိုယ်ရေ ကြီးပွားမှုအတွက်ဆိုလျှင် ဘယ်သူ့ကိုမဆို ဘာမဆို လုပ်သူဖြစ်သည်။ ဘယ်အချိန်တွင် ဘယ်သူ့ကို ခွာ၍ ဘယ်အချိန်တွင် ဘယ်သူ့ကို ကပ်ရမည်ကို ကောင်းကောင်း တွက်ချက်တတ်သူလည်း ဖြစ်သည်။ သူ့အားဆန့်ကျင်သူ မှန်သမျှကိုရော ထောက်ခံသူများကိုပါ ဘာတွေစဉ်းစားနေသည်။ ဘာတွေလုပ်ဆောင်နေသည်ကို အမြဲစောင့်ကြည့်ပြီး အစဉ်မပြတ် သိရှိနေရမှ ကျေနပ်သူ ဖြစ်သည်။ ထောက်လှမ်းရေးဘက်တွင် အလွန်အကွက်စေ့သူ ဖြစ်ပါသည်။

ကျွန်တော် တပ်ကထွက်ရကတည်းက ကျွန်တော့်ကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီးနေသည်ကို ကျွန်တော်ကိုယ်တိုင်လည်း သိသည်။ ကျွန်တော့်ဆီ ဝင်ထွက်သွားလာနေကြသူများလည်း သိကြပါသည်။ သိအောင်လည်း တမင်လုပ်သည့်အခါများလည်း ရှိသည်။ ခြိမ်းခြောက်သည့်သဘောလည်း ဖြစ်ပါသည်။

ဤကဲ့သို့ လူသိထင်ရှား မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေသည့်ကြားက ကျွန်တော် ကွန်မြူနစ်ပါတီသို့ လွတ်မြောက် ထွက်ပြေးနိုင်သည့်အခါ လူအတော်များများက အတော်ပင် အံ့အားသင့်သွားကြပါသည်။ ထို့ကြောင့်ပင် အနောက်နိုင်ငံသား စာရေးဆရာတချို့က ကျွန်တော့်ကို ဗိုလ်နေဝင်းက တမင်လွှတ်ပေးလိုက်ဟန် ရှိသည်ဟုပင် ရေးသားထားတာ တွေ့ရပါသည်။

တကယ်တော့ ကျွန်တော် ဤကဲ့သို့ လွတ်မြောက်လာနိုင်သည့် အခြေခံအကြောင်းရင်းများ ရှိပါသည်။ ထိုအကြောင်းများ မှာ...

၁။ ကျွန်တော် အိမ်ကြီးတလုံး ဝယ်လိုက်သည့်ကိစ္စ။ ။ ၁၉၇၄ ခုနှစ်တွင် ကျွန်တော်က အိမ်ကြီးတလုံး ဝယ်လိုက်ခြင်းသည် ကျွန်တော် လွတ်မြောက်လိုက်ရသည့် အခြေခံအကြောင်းရင်းကြီး တရပ်ဖြစ်ပေသည်။ ဤအိမ်ကြီး ကျွန်တော်ဝယ်လိုက်သည့်အတွက် လူအတော်များများ၏ စိတ်ထဲတွင် ကျွန်တော် နိုင်ငံရေးဆက်လုပ်တော့မှာ မဟုတ်ဘဲ သားသမီးများ၊ မြေးများနှင့် အေးအေးဆေးဆေးပဲ နေထိုင်တော့မည်ဟု ထင်မှတ်မှား သွားစေပါသည်။

ထိုအချိန်က ကျွန်တော့်သမီးငယ် စန်းစန်း၏ သမီးကြီး ကျွန်တော်တို့၏ မြေးဦးခင်လေးကို ကျွန်တော်တို့ဇနီးမောင်နှံ ထိန်းနေရပါသည်။ ကျွန်တော်တို့ လူပိုမထားပါ။ အိမ်ဖော်လည်း မငှားပါ။ သမီးစန်း အလုပ်သွားလျှင် ကျွန်တော်တို့နှစ်ယောက် တလှည့်စီ ထိန်းကြရပါသည်။ ကျွန်တော့်ဇနီး ချက်ပြုတ်ချိန်တွင် ကျွန်တော်က ထိန်းရပါသည်။ ကျွန်တော် မြေးပဲ ထိန်းနေရသည်ဟု အပြင်တွင် သတင်းထွက်နေပါသည်။

၁၉၇၅ – ၇၆ တွင် စုစု (ဒေါ်အောင်ဆန်းစုကြည်) ရန်ကုန်သို့ ခေတ္တပြန်လာစဉ် ကျွန်တော်နှင့်တွေ့ရာ သူက "ဦးလေးက မြေးပဲ ထိန်းနေတယ် ကြားပါလား။ ဗမာပြည်ကြီးအတွက် ဦးလေးတာဝန်ကျေပြီလို့များ ဦးလေးထင်နေသလား"ဟု ကျွန်တော့်ကို ရန်တွေ့ပါသည်။ ကျွန်တော်က "မင်းစိတ်ချပါ။ ဦးလေးတာဝန် ဦးလေးကျေပွန်ရပါစေ့မယ်။ မင်းတို့လည်း ကိုယ့်အလှည့်ကျ မနဲ့ကြနဲ့ပေါ့"ဟု ပြန်ပြောခဲ့ဖူးပါသည်။

ထို့ကြောင့် ကျွန်တော်နှင့် နည်းနည်းဝေးနေသူများက ကျွန်တော် နိုင်ငံရေးနှင့် ကင်းကင်းရှင်းရှင်း နေတော့မည်ဟု ထင်ကြပါသည်။ ကျွန်တော် အသက်အရွယ်အရလည်း ရလာပြီဖြစ်၍ စွန့်စွန့်စားစား လုပ်ရမည့်အလုပ်ကို လုပ်တော့မည် မဟုတ်ဟု ထင်ဟန်ရှိပါသည်။ ဗိုလ်နေဝင်းကိုယ်တိုင်ကလည်း ကျွန်တော် ကွန်မြူနစ်ပါတီအပေါ်တွင် စိတ်နာစိတ်ခုနေသည်ဟု ထင်နေဟန် ရှိသည်။ ကျွန်တော်ကလည်း အဲသလို ထင်နေအောင် သူ့နားရောက်နိုင်သည့် နေရာမှ ထိုအာဘော်မျိုး လွှင့်ထားဖူးပါသည်။

ဤအချက်ကြောင့်ပင် ကျွန်တော့်ကို စောင့်ကြည့်သည့် အလုပ်တွင် ဝီရိယ ပေါ့လာကြဟန် ရှိပါသည်။

ပကတိဘာဝအရလည်း အိမ်ကြီးမှာ နှစ်ထပ်ဖြစ်သဖြင့် အောက်ထပ်တွင် စန်းစန်းတို့ မိသားစုသာနေပြီး ကျန်လူများက အပေါ်ထပ်တွင် နေကြရာ လမ်းမကကြည့်၍ မမြင်နိုင်မသိနိုင် ရှိပါသည်။ ဆီဆုံလမ်း အိမ်လေးတုန်းကမူ ကျွန်တော်မှာ အိမ်က ကျဉ်းလည်းကျဉ်း၊ မှောင်လည်းမှောင်သဖြင့် အိမ်ကပြင်လေးမှာပင် ပက်လက်ကုလားထိုင်တလုံးနှင့် စာဖတ်နေရရာ လမ်းပေါ်က အမြဲစောင့်ကြည့်နေသူများက မြင်နေရပြီး နည်းနည်းပျောက်သွားတာနှင့် ပျာပျာသလဲဖြစ်ပြီး ရှာဖွေကြပါသည်။ ယခုတော့ သူတို့အနေနှင့် ကျွန်တော်ရှိမရှိ ဘယ်လိုမှ အကဲဖြတ်မရ ရှိတတ်ပါသည်။

ထို့ပြင် ကျွန်တော်တို့က ဤအိမ်ကြီးကို ပြောင်းခါစပင် ဖြစ်သေးသဖြင့် ကျွန်တော့်ကို ထောက်လှမ်းရေးထားသည့် သူတို့၏ ထောက်လှမ်းရေး ကွန်ယက် စနစ်တကျ အပြည့်အဝ တည်ဆောက်မရသေး ရှိပါသည်။ ဤသည်ကလည်း ကျွန်တော်တို့အတွက် အခွင့်ကောင်းတရပ် ဖြစ်ပါသည်။

၂။ ဒုတိယအကြောင်းကတော့ လတ်တလော အလွန်အကျိုးရှိစေလိုက်သည့် ကိစ္စတရပ် ဖြစ်ပါသည်။ ထိုကိစ္စမှာ ဗိုလ်အုန်းကျော်မြင့်တို့ အမှုပေါ်ပေါက်လိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုကိစ္စနှင့် ထောက်လှမ်းရေးအဖွဲ့အစည်းကြီးတရပ်လုံး ရှုပ်ယှက်ခတ် အလုပ်များသွားသဖြင့် ကျွန်တော်တို့ကို စောင့်ကြပ်နေမှုများလည်း လစ်ဟင်းသွားဟန် ရှိပါသည်။

ထိုစဉ်တုန်းကတော့ ဘာကိစ္စမှန်း မသိပါ။ ကျွန်တော်တို့ သွားဖို့လာဖို့ပြင်ဆင်နေစဉ်မှာပင် တနေ့ လှလှ ညနေပြန်လာပြီး ပြောပြသည်မှာ သူနှင့်အလုပ်လုပ်ဖက် ဆရာဝန်မတဦးရှိကြောင်း၊ ထိုဆရာဝန်မမှာ လေတပ်မှ ဗိုင်းလော့ဗိုလ်ကြီးတဦး၏ဇနီးဖြစ်ပြီး နဝရတ်ရိပ်သာတွင်နေကြောင်း၊ ဒီနေ့ဆေးရုံ ရောက်လာချိန် နောက်ကျသဖြင့် ဘာဖြစ်သလဲဟု မေးကြည့်ရာ ဘာကိစ္စမှန်းမသိ၊ သူတို့နေသည့် နဝရတ်ရိပ်သာကို မနက်လင်းအားကြီးတွင် စစ်တပ်နှင့်ဝိုင်း၍ သူတို့၏ အိမ်အောက်တွင် နေထိုင်သည့် ဗိုလ်ချုပ်ကျော်ထင်၏ ကိုယ်ရေးအတွင်းရေးမှူး (P.A) ကို ဖမ်းသွားကြောင်း ပြောပြသည်ဟု သိရသည်။ ထို့နောက် လှလှကပဲ ဆက်ပြောပြသည်မှာ သူတို့လူနာခန်းမှ သူ့ဆရာတယောက်က ပြောပြသည်မှာ "ဟ–ညက ဘာဖြစ်သလဲ မသိဘူးဟေ့။ တို့ လမ်းထဲက M.I ဌာနချုပ်ထဲ ကားတွေ ဝင်လိုက်ထွက်လိုက်နဲ့ တညလုံး အလုပ်ရှုပ်နေကြတာ။ ကိစ္စကြီးတခုခုတော့ ဖြစ်ပေါ်ပြီ ထင်တယ်" ဟု ဆိုပါ သည်။ ထိုဆရာမှာ ဟဲလ်ပင်လမ်းထဲတွင် နေထိုင်သူဟု သိရပါသည်။

ကျွန်တော်က ထိုကိစ္စကို သိသောအခါ ဤသည်မှာ ကျွန်တော်တို့အတွက် အခွင့်ကောင်းဖြစ်နိုင်သည်ဟု တွက်မိပါသည်။ (ကျွန်တော် ထောင်ထဲရောက်ပြီး အတော်ကြာမှ ဗိုလ်ကြီးအုန်းကျော်မြင့်တို့ အမှုဆိုတာ သိရပါသည်။)

၃။ တတိယအကြောင်းကတော့ ကျွန်တော်တို့ ခရီးစဉ်အတွင်း ပြင်ဆင်ရာတွင် အချိန်ရွေးချယ်မှုကအစ အလွန်အသေးစိတ်ပြီး စနစ်တကျ စေ့စေ့စပ်စပ် ဘက်စုံပြင်ဆင်ခဲ့မှုကြောင့်လည်း ဖြစ်ပါသည်။ အချိန်တိုအတွင်း ကွက်တိကျအောင် စီစဉ်နိုင်၍ ဖြစ်ပါသည်။

ထိုနှစ်က အာဇာနည်နေ့ ဇူလိုင် ၁၉ ရက်သည် ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနှင့်ဆက်နေပြီး ရုံးဆက်တိုက်ပိတ်ချိန် ဖြစ်ပါသည်။ ဤရုံးပိတ်ရက် အတွင်း ကျွန်တော်တို့ ရန်ကုန်မှ ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့တွင် မှတ်ပုံတင် အတုများအပြင် လှလှ၏ အလုပ်ရွှေ့ပြောင်းလွှာအတုလည်း ပါလာပါသည်။ လှလှမှာ နမ့်ခမ်းဆေးရုံသို့ ပြောင်းရသည့် ဆရာဝန်တဦးအဖြစ်လည်းကောင်း၊ ကျွန်တော်က သူ့ကို စောင့်ရှောက်လိုက်လံပို့ဆောင် ပေးသည့် ဦးလေးအဖြစ်လည်းကောင်း ဟန်ဆောင်ခဲ့ကြပါသည်။

လှလှမှာ ထိုခရီးမထွက်ခင် တပတ်အလိုတွင် သူ့ဘာသာသူ မသင်္ကာ၍ ဆေးစစ်ကြည့်ရာမှ ညာဖက်အဆုပ်ထိပ်တွင် တီဘီရောဂါ ဖြစ်ပွား နေကြောင်း သိလိုက်ရပါသည်။ ထို့ကြောင့် သူက ထိုဓာတ်မှန်ပြ၍ သူ့အခန်းအုပ်ဆရာထံမှ လုပ်သက်ခွင့် ၁၀ ရက်ယူပြီး၊ တီဘီသောက်ဆေးနှစ်မျိုး ကိုလည်း သုံးလေးလစာ တောင်းလာခဲ့ပါသည်။ ထိုကိစ္စကြောင့် ကျွန်တော်တို့ တအိမ်သားလုံး ဆေးရုံပြေးဆေးစစ်ရ၊ ဓာတ်မှန်ရိုက်ရနှင့် အလုပ်ရှုပ် သွားကြရပါသည်။ ဤကိစ္စကိုလည်း တယ်လီဖုန်းမှတဆင့် ရေးကြီးခွင်ကျယ်လုပ်ပြီး ကျွန်တော်တို့ ဟိုလူပြော၊ ဒီလူပြော ပြောဆိုကြပါသည်။ ကျွန်တော်တို့ကို စောင့်နေသည့် ထောက်လှမ်းရေးများ မျက်စိလည်စေရန် ဖြစ်ပါသည်။ ကျွန်တော်က တချို့မိတ်ဆွေတွေဆွေမျိုးတွေကို သမီးစိတ်ဓာတ် ထိခိုက်နေကြောင်း တနေရာရာသွား အနားယူနေချင်နေကြောင်း၊ ကျွန်တော်လည်း လိုက်သွားမယ်လို့ စဉ်းစားထားကြောင်းစတာတွေ ဖုန်းနှင့်ပြောဆို သတင်းလွှင့်တာလည်း လုပ်ပါသည်။

ထိုအချိန်က မိုးတွင်းကြီးဖြစ်ရာ ကားလမ်းမများကို ရေကျော်တတ်သဖြင့် ကျွန်တော့်သား ကိုအောင် (အောင်ကျော်ဇော) ကို ကားမြင့်မြင့်တစီး ငှားခိုင်းရာသူက အမေရိကန်ဒေါ့ဂျစ်တစီးကို မန္တလေးသို့ အသွားအပြန်တညအိပ် ငွေကျပ်သုံးထောင်နှင့် ငှားထားပါသည်။

ကျွန်တော်တို့ စနေနေ့မနက်ပိုင်းတွင် ကျွန်တော့်ဇနီးကို ဖွင့်ပြောပြကြပါသည်။ သားငယ်ကိုကျော် (ကျော်ဇော်ဦး) တောခိုသွားရာတွင် လမ်းခရီး၌ ဖျားနေကြောင်းကြားရသဖြင့် လိုက်ခေါ်ကြမည်ဟု ပြောပြပါသည်။ ကျွန်တော်တို့ သားအဖတတွေ မြေပုံတချပ်နှင့် ညညမှာ ကြိတ်ကြိတ် ကြိတ်ကြိတ် လုပ်နေသည်ကို တညသူထအလာ တွေ့ထားသဖြင့် သူမယုံပါ။ သူပါလိုက်မည်ဟု ဆိုပါသည်။ လှလှက မေမေပါလိုက်ရင် အားလုံးမိကုန်မှာ။ အားလုံးပျောက်လို့ မဖြစ်ဘူး။ မေမေက အိမ်မှာ ဟန်မပျက်နေခဲ့ပါ။ သုံးလေးရက်ကြာအောင် သူတို့ကို လှည့်ဖြားထားနိုင်မှ အားလုံးလွတ်မှာလို့ ဖျောင်းဖျပါသည်။ ထို့နောက် ကိုအောင်သည် အိမ်တွင် ရောက်နေသည့် ပါတီမှဆက်သားနှင့် အရင်ထွက်သွားပါသည်။ လှလှက အိမ်မှဖုန်းနှင့်ပင် သူ့လူနာခန်းမှ တာဝန်ကျနေသော အလုပ်သင်ဆရာဝန်လေးအား သူတီဘီဖြစ်ပြီး သွေးအားနည်းလွန်းသောကြောင့် မိုးရာမင် အားဆေးသွင်းရန် ဆေးရုံလာခဲ့မည်ဟု ချိန်းပါသည်။

ကျွန်တော့်သမီးငယ် စန်းတို့ဇနီးမောင်နှံကိုလည်း အိမ်အပေါ်ထပ်သို့ ခေါ်လိုက်ကာ ကျွန်တော့်ဇနီးအား ပြောပြသည့်အတိုင်းပင် ပြောပြ လိုက်ပါသည်။ စန်းကတော့ ကျွန်တော်တို့ ပြောတာယုံပါသည်။

ထိုအချိန်တွင်ပင် ကျွန်တော့်အောက်ညီ ကိုသန်းထွန်း သုံးဆယ်မှ ကပျာကယာ ရောက်လာပါသည်။ မောင်မြတ်ကျော်ကို ညကပင် ထောက်လှမ်းရေးက သုံးဆယ်အိမ်တွင် လာဖမ်းသွားပြီး ဒီနေ့မနက်စောစော ရန်ကုန်ပို့လိုက်ပြီဟုကြားကြောင်း မောင်မြတ်ကျော်ဖခင် (ကျွန်တော့် ညီအငယ်ဆုံး) ကိုသိန်းရွှေက ရန်ကုန်က ဟိုကောင်နှစ်ကောင် (ကျွန်တော့်သားနှစ်ယောက်) လည်း ဘယ်လိုနေမယ်မသိ၊ အကိုသွားပြောချေပါ။ ရှောင်ချိန်ရရင်လည်း ကောင်းတာပေါ့ဆိုပြီး လွှတ်လိုက်လို့ လာရသည်ဟု ဆိုပါသည်။ (အမှန်မှာ ကျွန်တော်တို့ တောခိုဖို့ ပြင်ဆင်စဉ် လှလှက မောင်မြတ်ကျော်ပါ တပါတည်း ခေါ်သွားမည်ဟု ဆိုပါသည်။ ကျွန်တော်က လူတွေများနေလျှင် အန္တရာယ် ရှိသည်။ ထို့ကြောင့်နောက်မှ လာခေါ်တာပေါ့။ အခုတော့ လွတ်လွတ်ကျွတ်ကျွတ် ဖြစ်အောင် သူ့ကို သုံးဆယ် ပြန်နိုင်းထားရအောင်ဟု ပြောထားပြီး ကျောင်းများလည်း ပိတ်ထားသဖြင့် သုံးဆယ် သူ့မိဘများဆီ ပြန်နိုင်းထားခြင်း ဖြစ်ပါသည်။ မောင်မြတ်ကျော်သည် မှိုင်းရာပြည့် လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် ထောင်ကျသွားပြီး လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်လာပြီး နောက် ၁၉၈၀ ခုနှစ်တွင် ကျွန်တော်တို့ရှိရာ ပန်ဆန်းသို့ ရောက်ရှိလာပြီး ကျွန်တော်တို့နှင့် တောက်လျှောက် နေထိုင်ခဲ့ပါတော့သည်။)

ကျွန်တော်က ကိုသန်းထွန်းကို မင်းလဲ ရန်ကုန်မှာ ကြာကြာမနေနဲ့။ အခုပဲ သုံးဆယ် ပြန်တော့။ ငါတို့ ကြည့်ရှောင်ပုံးမယ်ဆိုကာ သူ့အားလည်း ပြန်နိုင်းလိုက်ပြီး ကျွန်တော်တို့သားအဖ သုံးဘီးကားတစင်းနှင့် ရန်ကုန်ဆေးရုံကြီးသို့ ထွက်လာခဲ့ပါသည်။ ကျွန်တော်တို့ကို စောင့်ကြည့်သည့် ထောက်လှမ်းရေးများသည် ဆေးရုံကြီးရှေ့ပေါက်မှ ကျွန်တော်တို့ သားအဖ သုံးဘီးကားပေါ်မှဆင်းပြီး ဆေးရုံပေါ်တက်သွားသည်အထိ ကျွန်တော်တို့ နောက်က ပါလာခဲ့ပါသည်။ ဆေးရုံကြီး၏ ရှေ့ပေါ်တီကိုအောက်တွင် သူတို့ ရပ်စောင့်နေသည်ကို ကျွန်တော်တို့ ဆေးရုံပေါ်က မြင်ရပါသည်။

လှလှသည် သူတာဝန်ကျနေသည့် လူနာဆောင်သို့သွားပြီး သူဖုန်းဆက်ထားသည့် ဆရာဝန်လေးကို အချိန်မရှိလို့ ဒီနေ့တော့ ဆေးမသွင်း သေးဘူး။ နောက်နေ့မှ လာခဲ့မယ်ဟုပြောပြီး ကျွန်တော်တို့သားအဖ လူသေအလောင်းများချရာ နောက်ဘက်ဓာတ်လှေကားနှင့် အောက်ဆုံးထပ်သို့ ဆင်းခဲ့ပါသည်။ ကိုအောင်က ရင်ခွဲရုံထောင့်တွင် ငှားထားသောကားနှင့် စောင့်နေပါသည်။ ကျွန်တော်တို့က ဆေးရုံကြီး ထိုနောက်ပေါက် (အသုဘများ ချရာ တံခါးပေါက်) မှ ထွက်လာခဲ့ကြပါသည်။

ကားသမားကိုလည်း ဆေးရုံကြီးမှ ဆရာဝန်တယောက် အမွေကိစ္စဖြင့် မန္တလေးသွားစရာရှိ၍ တညလုံး ကားမောင်းပြီး မနက် မန္တလေး အရောက်ပို့ရန်၊ မန္တလေးမှ ညနေတွင် ပြန်ထွက်လာမည်ဟုပြောပြီး အသွားအပြန်ငှားထားခြင်း ဖြစ်ပါသည်။

ကိုအောင်က သူတို့သူငယ်ချင်း မောင်ရဲဝင်း (ယခု ဩစတေးလျ ရောက်နေသူ) ကို အဖော်ခေါ်ခဲ့ပါသည်။ ကျွန်တော်တို့ မန္တလေးမှတဆင့် ခရီးဆက်ရာတွင် လမ်းတွင် တရက်နှစ်ရက်လောက် ကြာနိုင်သေးရာ ထိုကာလအတွင်း ကားဆရာကို မျက်ခြည်မပြတ်စောင့်ကြည့်ဖို့ လူလိုသဖြင့် ခေါ်လာရခြင်း ဖြစ်ပါသည်။ ကားမောင်းရန်လည်း လိုအပ်ကောင်းလိုအပ်နိုင်သဖြင့် ကားမောင်းတတ်သူ မောင်ရဲဝင်းကို ခေါ်လာရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ အမှုနှင့်ပတ်သက်ပြီး မောင်ရဲဝင်းမှာ အဖမ်းခံရပြီး ထောင် နှစ် အရှည်ကြီး ကျသွားကြောင်း နောက်ပိုင်းတွင် ကျွန်တော်တို့ ကြားရပါသည်။

ကျွန်တော်တို့ ညနေသုံးနာရီလောက်မှ ရန်ကုန်မှ ထွက်ရပါသည်။ ကားဆရာက ဓာတ်ဆီလုံလောက်အောင် လိုက်စုနေသဖြင့် ထိုအချိန်မှ ထွက်လာရခြင်း ဖြစ်သည်။ ကားကမြင့်သဖြင့် အတော်အဆင်ပြေပါသည်။ တခုဆိုးသည်မှာ ကားရှေ့ခန်းက မှန်ပေါ်တွင် ရုပ်ရှင်ကြော်ငြာတခု

ရေးကပ်ထားသဖြင့် ဖြတ်သွားဖြတ်လာများက ကြော်ငြာသာမက ကားထဲကိုပါ စိတ်ဝင်တစား ကြည့်ကြည့်နေကြပါသည်။

ထိုကားဆရာမှာ အတော်–တော်သည်။ ကားကို ညလုံးပေါက်မောင်းရာတွင် သူအိပ်ချင်လာပါက ကားရပ်ပြီး ကားလမ်းပေါ်ဆင်း ဒုန်းပြေးပါသည်။ သုံးလေးခေါက်ပြေးပြီးမှ ကားပေါ်တက် ဆက်မောင်းပါသည်။ လမ်းတွင် ပဲခူးအဝင်တွင် မှတ်ပုံတင်တချက်စစ်ပြီး ဘယ်နေရာမှာမှ ထပ်မစစ်တော့ပါ။ ကားပေါ်တွင် ကားစပယ်ရာတဦးလည်း ပါပါသည်။

ကျွန်တော်တို့ မနက်လင်းအားကြီးတွင် မန္တလေးသို့ ဝင်ပါသည်။ ပါတီမှ နောက်ဆက်သားတယောက်က ကားတစီးငှားထားပြီး မန္တလေးတောင်ခြေမှ စောင့်နေမည်ဟုဆိုသဖြင့် ကျွန်တော်တို့ ရန်ကုန်က ငှားလာသောကားကို မန္တလေးတောင်ခြေ တနေရာတွင် ရပ်ခိုင်းပြီး ကျွန်တော်၊ လှလှ၊ ကိုအောင်နှင့် ပါတီမှ ပထမဆက်သားရဲဘော်တို့ ကားပေါ်မှဆင်းကာ ကျွန်တော်တို့ ကိစ္စရှိ၍ ခဏသွားဦးမည်၊ ညနေပြန်ဆုံမည်ဟု မောင်ရဲဝင်းကို နှုတ်ဆက်ပြီး ထွက်ခဲ့ပါသည်။ (မောင်ရဲဝင်းက ထိုကားဆရာနှင့် မခွဲမခွာနေပြီး ညနေကျမှ တယ်လီဖုန်း တနေရာမှဆက်ကာ ကျွန်တော်တို့တတွေ မလာနိုင်တော့ကြောင်း၊ ထို့ကြောင့် သူပဲ ရန်ကုန်ပြန်ရမှာ ဖြစ်ကြောင်းပြောကာ ကားဆရာနှင့်အတူ ရန်ကုန်ပြန်ရန် စီစဉ်ထားပါသည်။)

ကျွန်တော်တို့ ထိုကားပေါ်မှ ဆင်းပြီး၊ နည်းနည်းလေးလျှောက်သွားတော့ ထို–နောက်ဆက်သားကိုတွေ့ကာ သူငှားထားသော ဂျစ်ကားဖြင့် ကျွန်တော်တို့တောက်လျှောက် လားရှိုးသို့ ဆက်တက်ခဲ့ပါသည်။ မေမြို့သို့ မနက် ၁၀ နာရီလောက်ရောက်ရာ၊ ကားဆရာမှာ ကားကို မေမြို့နာရီစင်ကြီးအနီးတွင် ရပ်ပြီးနေရာ ကျွန်တော်တို့မှာ ရင်တထိတ်ထိတ်နှင့် နေရပါသည်။ ကျွန်တော်သည် မေမြို့တွင် တိုင်းမှူးအတော်ကြာလုပ်ခဲ့ရာ မေမြို့တွင် အသိမိတ်ဆွေများသဖြင့် အသိနှင့်တိုးမှာ စိုးနေရခြင်း ဖြစ်သည်။ ရုတ်တရက် မျက်နှာသိနှင့်တိုးက သူတို့လာနှုတ်ဆက်လျှင် မသိဟန်ဆောင်၍ ငြင်းလွှတ်ရန် ကျွန်တော်က ကိုအောင်နှင့်လှလှကို သင်ကြားထားပါသည်။ မထင်မှတ်သည့် နေရာတွင် မထင်မှတ်သူနှင့် ဆုံတွေ့ပါက ထင်ယောင်ထင်မှားဖြစ်တတ်ကြောင်း၊ ထို့ကြောင့် ကိုယ်ကဇွတ်ငြင်းလျှင် သူတို့ဘယ်လိုမှ တတ်နိုင်မှာမဟုတ်ကြောင်း ပြောပြထားရပါသည်။ လမ်းတွင် တယောက်ယောက်ကို မိသွားလျှင် ကျန်သူက ကိုယ့်လမ်းကိုယ် ဆက်လျှောက်ဖို့၊ ဖမ်းမိသူကို ဂရုမစိုက်ဖို့ကိုလည်း မှာထားရပါသည်။

ကျွန်တော်တို့ နယ်စပ်ချောင်းကို ဖြတ်ရမည့်ကိစ္စရှိသဖြင့် ကူးတို့မရှိပါက ကိုယ့်ဟာကိုယ်ဖြတ်ရန် လူတိုင်းအတွက် လေခေါင်းအုံးတလုံးစီလည်း ဆောင်ခိုင်းထားပါသည်။

ကျွန်တော်တို့ ငှားလာသောကားသည် လားရှိုးရောက်ခါနီး တနာရီခရီးခန့်အလိုတွင် ပျက်ပါတော့သည်။ ဘယ်လိုမှ ပြင်မရတော့သဖြင့် ကျွန်တော်တို့ ကြုံတဲ့ကား တားစီးပြီး ခရီးဆက်ရန် ဒရိုင်ဘာက ပြောလာပါတော့သည်။ ထို့ကြောင့် ကျွန်တော်တို့သည် နှစ်သုတ်ခွဲလိုက်ပါသည်။

ကျွန်တော်၊ လှလှနှင့် ဒုတိယဆက်သားလေးက တသုတ်၊ ကိုအောင်နှင့် ပထမဆက်သားက တသုတ်ခွဲပြီး လားရှိုးမှာ ဆုံမည့်နေရာ အချိန်းအချက်လုပ်ကာ ကျွန်တော်တို့အသုတ်က ဗီလီဂျစ်ကားလေးတစီးကိုတားပြီး တက်စီးလာခဲ့ကြပါသည်။ ထိုကားကို မောင်းလာသူမှာ အတော်ရည်မွန်သူဖြစ်ပြီး ကားပိုင်ရှင်ကိုယ်တိုင်ပင် ဖြစ်ဟန်တူသည်။ ကားနောက်တွင်လည်း လူလတ်ပိုင်းတဦး အိပ်လိုက်လာရာ သူကထထိုင်ပြီး ကျွန်တော်တို့အား နေရာပေးပါသည်။ ကားက လားရှိုးဂိတ်သို့ ရောက်သောအခါ ဂိတ်စောင့်က ကားမောင်းလာသူအား–မနက်ကအတိုင်းပဲလားဟုမေးရာ၊ ထိုသူက ဟုတ်တယ်။ မနက်က လူအတိုင်းပဲဟု ဖြေသဖြင့် ဘာမှ မစစ်ဆေးဘဲ လွှတ်လိုက်ပါသည်။ ကျွန်တော်တို့ လားရှိုးအဝင်အထွက်ဂိတ် အလွန်ကျပ်သည်ဟု ကြားထားသဖြင့် ရင်တမမ လာခဲ့ရာ၊ ယခုလို ချောမောသွားတော့ အတော်စိတ်အေးသွားပါသည်။

ကားမောင်းသူမှာ ကျွန်တော်တို့အား ဘာမှမေးမြန်းစပ်စုခြင်းမရှိဘဲ လားရှိုးမြို့ထဲ ရောက်လာသောအခါ ဘယ်ပို့ပေးရမလဲဟု ကျွန်တော်တို့အား မေးပါသည်။ ကျွန်တော်တို့က ကားဂိတ် (တက္ကစီဂိတ်) တခုခု ပို့ပေးပါဟုပြောတော့ သူကတနေရာတွင် ကားကိုထိုးရပ်ပြီး ဒီကနေ ရှေ့တည့်တည့်ဆင်းပြီးလျှောက်သွားရင် ဂိတ်တွေ့လိမ့်မယ်ဆိုကာ ကျွန်တော်တို့အား ချထားခဲ့ပါသည်။ (နောင်မှ ကျွန်တော်တို့ သိရသည်မှာ ကျွန်တော်တို့ ပျောက်ဆုံးနေကြောင်း၊ တွေ့ရှိသူများက အကြောင်းကြားရန် အစိုးရက ဓာတ်ပုံများနှင့်တကွ သတင်းစာများက ကြေညာသောအခါ ကျွန်တော်တို့ ရန်ကုန်မှ မန္တလေးသို့ အလာငှားလာသော ကားသမားက လက်ဦးမှုရှိရှိ အစိုးရကို အကျိုးအကြောင်း ပြောပြသဖြင့် ထိုမှတဆင့် မီးခိုးကြွက်လျှောက်လိုက်ရာတွင် ထိုကျွန်တော်တို့ လားရှိုးအဝင် ကားကြုံ ခေါ်တင်ခဲ့သောသူလည်း အဖမ်းခံရကာ ထောင်ကျပြီး စီးပွားတောင် ပျက်သွားရှာသည်ဟု ကြားရပါသည်။)

ကျွန်တော်တို့ တက္ကစီတစီးငှားပြီး ဟော်တယ်တခုသို့ ပို့ခိုင်းရပါသည်။ ထိုဟော်တယ် တည်းခိုခန်းတွင် အခန်းတခုငှားပြီး ကျွန်တော်နှင့် လှလှ သားအဖနှစ်ယောက် တည်းခိုပြီး၊ ကျွန်တော်တို့နှင့် ပါလာသော ဆက်သားလေးက အပြင်ထွက် စနည်းနာရန်နှင့် အစားအသောက်များဝယ်ရန် ထွက်သွားပါသည်။ သူပြန်လာတော့ ညတိုင်းတည်းခိုခန်းများကို စစ်ဆေးတတ်ကြောင်း၊ မနေ့ညကတင် ထိုတည်းခိုခန်းကို စစ်ဆေးရေးဝင်သေးကြောင်း၊ သူနှင့်မျက်နှာသိတယောက် တိုးနေသဖြင့် သူ ကျွန်တော်တို့နှင့် အတူမတည်းခိုဘဲ တနေရာသွားတည်းမှာဖြစ်ကြောင်း၊ သူ မနက် ၈ နာရီမှ ပေါ်မလာလျှင် မိမိတို့ဘာသာ နမ့်ခမ်းကားဂိတ်သို့သွားရန် မှာကြားပါသည်။ သူပြောပြ၍ သိရသေးသည်မှာ ကျွန်တော်တို့နောက်မှာ ကျန်ခဲ့သည့် ကိုအောင်နှင့် ဆက်သားတဦးမှာ ရဲကားတစီးကို တားစီးလာကြောင်း၊ သူတို့လည်း မြို့အဝင် ဘာမှအစစ်အဆေး မရှိကြောင်း၊ ချောမောကြောင်း၊ အခုလည်း တခြားတည်းခိုခန်းတခုတွင် တည်းနေကြောင်း၊ မနက် ၈ နာရီတွင် ကားဂိတ်တွင်ဆုံရန် ချိန်းထားကြောင်းပြောပြီး ထွက်သွားပါတော့သည်။

ကျွန်တော်တို့ သားအဖ တညလုံး ကြက်အိပ်၊ ကြက်နိုး အိပ်ကြပါသည်။ မနက် ၇ နာရီခွဲလောက်တွင် ထိုဆက်သားလေး ရောက်လာရာ ကျွန်တော်တို့ အတော်ဝမ်းသာသွားပါသည်။ ကျွန်တော်တို့သုံးဦး ဟော်တယ်အနီးရှိ ဆိုင်တဆိုင်တွင် မနက်စာစားကြပြီး တက္ကစီဖြင့်ပင် နမ့်ခမ်းကားဆိပ်သို့ သွားရောက်ကြပါသည်။ ကားဆိပ်တွင် ကိုအောင်တို့ ရောက်နှင့်နေပြီး ဖြစ်သည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ ကားလက်မှတ်ဝယ်ပြီး အသုတ်နှစ်သုတ်ခွဲ ကားနှစ်စီးပေါ် တက်ကြပါသည်။ ကျွန်တော်တို့ကားပေါ် တွင် နမ့်ခမ်းမှ လားရှိုးသို့ လာသီချင်းဆိုသည့် ရှမ်းမိန်းမပျိုလေးတအုပ် ပါလာပါသည်။ ကလေးမလေးများမှာ ရုပ်ရည်သားသားနားနားနှင့် သွက်သွက်လက်လက်ကလေးများဖြစ်ရာ လမ်းတလျှောက်တွေ့ရသည့် စစ်ဆေးရေးသမားများသည် ထိုကလေးမလေးများ နှင့်သာ တရင်းတနှီးနှုတ်ဆက်ရောနှော ပြောဆိုနေသဖြင့် ကျွန်တော်တို့တတွေအတော် ကံကောင်းခဲ့ပါသည်။ ကျန်ခရီးသည်များကို မည်သူ့ကိုမျှ ဂရုမစိုက်လှတော့ဘဲ ဝတ်ကျေတန်းကျေသာ စစ်ဆေးတာတွေ့ရပါသည်။

ကျွန်တော်တို့ လားရှိုးက အထွက် နာမည်ကြီးလှသည့် အေဒီ (A.D) ဂိတ်တွင် ကားပေါ်မှ ခရီးသည်အားလုံး ဆင်းရပြီး စစ်ဆေးရေးဂိတ်တွင် အစစ်ဆေးခံရပါသည်။ ကျွန်တော်တို့ သားအဖနှစ်ယောက် စစ်ဆေးသူရှေ့ရောက်သောအခါ လှလှက သူ့လက်ကိုင်အိတ်ထဲမှ မှတ်ပုံတင်အထုတ်လိုက်တွင် အိတ်ထဲတွင်ပါသည့် ဆရာဝန်သုံးနားကြပ် ထွက်ကျလာရာ စစ်ဆေးနေသူစာရေးက မော့ကြည့်လိုက်ပြီး ဩော်– အစ်မကြီးက

အစိုးရအမှုထမ်းလားဟု မေးပါသည်။ လုလုက ဟုတ်ကဲ့။ ကျွန်မ နမ့်ခမ်းပြည်သူ့ဆေးရုံကြီးပြောင်းလာတဲ့ (A.S) လက်ထောက်ဆရာဝန်ပါ။ ကျွန်မမှာ (Transfer Order) ရွှေ့ပြောင်းအမိန့်လည်း ပါပါတယ်။ ဒီမှာ ကြည့်ဦးမလားဟု ဆိုသောအခါ ထိုစာရေးက ပျာပျာသလဲနှင့် ဟာ–မလိုပါဘူး၊ မလိုပါဘူး။ သွားပါ အစ်မကြီး ရပါတယ်ဟု ဆိုပါသည်။ လုလုက ကျွန်တော့်လက်ဆွဲပြီး ဒါကတော့ ကျွန်မကိုလိုက်ပို့တဲ့ ကျွန်မဦးလေး၊ ကျွန်မတို့ သွားတော့မယ်နော်၊ ကျေးဇူးတင်ပါတယ်ဟု နှုတ်ဆက်ရာ ထိုစာရေးကလေးက အစ်မကြီး ရှေ့ကကင်းတွေမှာလည်း (Government service) အစိုးရအမှုထမ်းလို့သာ ပြောပါ။ ဘာမှ စစ်ဆေးမှာ မဟုတ်ပါဘူးဟု မှာလိုက်ရှာပါသေးသည်။

(၁၉၈၀ ခုနှစ်များအတွင်း ပါတီတွင်းသို့ လူသစ်ရဲဘော်အချို့ ရောက်လာရာ သူတို့ A.D ဂိတ်အဖြတ် အတွေ့အကြုံကို ကျွန်တော်တို့အား ပြန်ပြောပြဖူးပါသည်။ သူတို့အား ထိုဂိတ်တွင် စစ်ဆေးသူများက–ကျွန်တော်တို့ ဒီဂိတ်က သိပ်နတ်ကြီးတာ၊ ဗိုလ်ချုပ်ကျော်ဇောတို့ တမိသားစုလုံး ဒီကလွတ်ထွက်သွားတာလေ။ ဂိတ်တဂိတ်လုံးလည်း အလုပ်ပြုတ်ထွက်သွားတာပဲ။ သူတို့နဖူးမှာ စာကပ်ထားတာမှ မဟုတ်တာ၊ ကျွန်တော်တို့က ဘယ်လိုလုပ် သိနိုင်မှာလဲ။ ခင်ဗျားတို့လို ကောင်းရောင်းကောင်းဝယ်သမားတွေဆိုရင်တော့ ဘာပူစရာရှိသလဲဗျာ။ ကျွန်တော်တို့က လွှတ်ပေးပါတယ်ဟု ပြောလွှတ်လိုက်သည်ဟု ဆိုပါသည်။ ကျွန်တော်တို့လည်း ဆေးရုံသို့ အလုပ်ပြောင်းလာသည့် ဆရာဝန်ဟု ဆိုလိုက်သဖြင့် စေတနာဝလွှဖြင့် နုတ်လမ်းညွှန်လိုက်သော ထိုစာရေးလေးအား သတိရသနားနေမိပါသည်။)

ကျွန်တော်တို့ လမ်းတလျှောက်လုံး တံတားတိုင်း၊ မြို့အဝင်အထွက်တိုင်း ကားပေါ်မှဆင်း လမ်းလျှောက်ရပြီး ဂိတ်တွင်ထိုင် စောင့်နေသူများ ရှေ့ကဖြတ်ကာ မှတ်ပုံတင်ပြ အစစ်ဆေးခံပြီးမှ ကားပေါ် ပြန်တက်ရပါသည်။ ထိုနေ့မှာ တနင်္လာနေ့ဖြစ်သဖြင့် ရုံးပိတ်ရက် ဖွင့်စနေ့ဖြစ်သဖြင့် စစ်ဆေးသူအားလုံး Holiday mood ဝင်ကာ၊ ပေါ့တီးပေါ့ဆ စစ်ဆေးကြပါသည်။ ကျွန်တော်တို့ ကြားထားတာနဲ့ မတူပါ။ နမ့်ခမ်းက အဆိုတော်ကလေးမလေးများမှာ ထိုဒေသတွင် ရေပန်းစားသူများ ဖြစ်ဟန်ရှိပါသည်။ သူတိုလေးတွေကြား ကျွန်တော်တို့ သားအဖ မယောင်မလည် ရောလျှောက်ပါလာရာ သူတို့လေးတွေနှင့် နှုတ်ဆက်ဖို့၊ စကားစမြည်ပြောဖို့သာ စိတ်အားသန်နေကြသည့် ထိုကင်းသမားများ၊ လူဝင်မှုကြီးကြပ်ရေးဂိတ်စောင့်များက ကျွန်တော်တို့သားအဖအား ငဲ့စောင်း၍ပင် မကြည့်ပါ။ ကျွန်တော်တို့ထုတ်ပြသော မှတ်ပုံတင်ကဒ်ပြားများကိုလည်း သေသေချာချာ မကြည့်ပါ။ ဟိုလှည့်ဒီလှန်လုပ်ပြီး ကျွန်တော်တို့အား ပြန်ပေးပြီး၊ လက်ဖြင့်အမြန် ကားပေါ် ပြန်တက်ရန်သာ ညွှန်းနေပါသည်။ ကျွန်တော်တို့နှင့်ပါလာသော ဆက်သားကလေးမှာလည်း ရှမ်းကလေးပင်ဖြစ်ရာ ထိုအဆိုတော်အုပ်နှင့် ရှမ်းလို တရင်းတနှီးဆက်ဆံပြောဆိုနေသဖြင့် သူ့အတွက်လည်း အဆင်ပြေနေပါသည်။

ကိုအောင်တို့နှစ်ယောက်လည်း နောက်ကားနှင့်ပင် ပါလာရာ ကျွန်တော်တို့ရှေ့က စစ်ဆေးရေးတခုပြီး၍ထွက်လျှင် သူတို့ကားက နောက်က ဝင်လာတတ်ပါတော့သည်။ ဤသို့သွားနေရာက ကျွန်တော်တို့ နမ်တူနဲ့တံတားကို ကျော်ပြီးသောအခါ ကိုအောင်တို့နှစ်ယောက်အား တံတားတဖက်ထိပ် အပေါ်ဘက်တွင်ရှိသော တဲတန်းလျားဆီသို့ စစ်ဗိုလ်တယောက်က ခေါ်သွားတာကို တွေ့လိုက်ရပါတော့သည်။ ထိုစစ်ဗိုလ်က သူတို့နှင့် ရယ်ရယ်မောမော ပြောပြောဆိုဆို စကားတပြောပြောနှင့် ခေါ်သွားနေတာ တွေ့ရသဖြင့် စိတ်ထဲအနည်းငယ်အေးရသော်လည်း စိတ်တော့တထင့်ထင့် ဖြစ်နေပါသည်။ (နောင်မှ သိရသည်မှာ ကိုအောင့် သူငယ်ချင်း D.S.A ဆင်းတယောက် ဖြစ်ပြီး ကိုအောင့်ကိုတွေ့သဖြင့် ဝမ်းသာအားရခေါ်သွားပြီး စကားစမြည် ပြောတာသာဖြစ်ကြောင်း၊ ကိုအောင်က အလုပ်ပြုတ်သွားသဖြင့် စိတ်ညစ်ပြီး ထွက်လည်နေကြောင်း ပြောပြပြီး ပြန်ဆင်းလာခဲ့ကြောင်း သိရပါသည်။ ကိုအောင်မှာ ဘွဲ့ရပြီးခါစက ကမာရွတ် စီးကရက်စက်ရုံတရုံတွင် အလုပ်သင်အရာရှိအဖြစ် အလုပ်လုပ်နေခဲ့ပြီး ၁၉၇၄ – ၇၅ အလုပ်သမား အရေးအခင်း အပြီးတွင် အလုပ်ပြုတ်ခဲ့ပါသည်။)

ဤလိုနှင့် ကျွန်တော်တို့ ခရီးနှင်လာရာ နေ့လည်ထမင်းကို ကွတ်ခိုင်တွင် ဝယ်စားပြီး နမ့်ခမ်းသို့ရောက်ခါနီး ၁၀ မိုင်ခန့်အလိုတွင် ကျွန်တော်တို့ ဆက်သားကလေးက ကားရပ်ခိုင်းပြီး ကျွန်တော်တို့ ဒီမှာပဲ ဆင်းတော့မည်ဟု ပြောဆိုပြီး ကားပေါ်က ဆင်းကြပါတော့သည်။ ကျွန်တော်တို့ ဆင်းသောအခါ ကားစပယ်ယာက ခြော် ... ခင်ဗျားတို့က ဒီလိုကိုးလို့ ဆိုလိုက်ပါသည်။ ထိုနေရာမှာ ကျွန်တော်တို့ မြေအောက်ရဲဘော်များ သုံးနေကျလမ်းဖြစ်သဖြင့် ကားစပယ်ယာလေးက ဤသည်ကို ရည်ရွယ်၍ ပြောဟန်ရှိသည်။ ကျွန်တော်တို့ သုံးပြီးနောက် ထိုလမ်းကို မည်သူမျှ မသုံးတော့။ ကျွန်တော်တို့လည်း ရင်ထဲဒိတ်ကနဲ ဖြစ်သွားသော်လည်း ဟန်မပျက် ကားပေါ်မှဆင်းကာ ကားလမ်းဘယ်ဘက်ရှိ တောင်ကုန်းတကုန်းပေါ်ရှိ ဘုန်းကြီးကျောင်းရှိရာ သွားသောလမ်းသို့ ဆင်းလျှောက်ကြပါသည်။

ကျွန်တော်တို့ စီးလာသည့်ကား မျက်စိအောက်မှ ပျောက်သွားမှ လာရာလမ်းပြန်လှည့်ပြီး ကားလမ်းဖြတ်ကာ ကားလမ်း ညာဘက်ဘေးရှိ တောအုပ်တွင်းဝင်ကာ လူသွားလမ်းလေးအတိုင်း ဆက်လျှောက်တော့ နယ်စပ်ချောင်းကို ရောက်သွားပြီး ကမ်းတွင်လည်း ကူးတို့လှေလေးတစီး ကပ်ထားတာ တွေ့ရပါသည်။ လှေသမားလည်း အဆင်သင့်ပင် တွေ့ရပါသည်။

ကျွန်တော်တို့သည် ထိုချောင်းကို ကူးတို့လှေလေးနှင့်ဖြတ်ပြီး ကမ်းပေါ်တက်ကာ တွေ့ရသည့် လမ်းကလေးအတိုင်း လျှောက်လာရာ စပါးခင်းကြီးတခုဘေး လယ်ကန်သင်းပေါ်တက်လျှောက်လိုက်စဉ် "ဖေဖေရေ၊ ဖေဖေရေ"ဟု အော်ပြီး လက်ကြီးမြှောက် ဝှေ့ယမ်းပြီး ပြေးလာသည့် ကျွန်တော့်သားအငယ် ကျော်ဇောဦးကို တွေ့လိုက်ရပါတော့သည်။ သူက ကျွန်တော်တို့ထက် တလခန့်စော၍ ပါတီသို့ ထွက်ခွာသွားသူဖြစ်ရာ သူ့ကို တွေ့လိုက်ရသောအခါ ကျွန်တော်တို့ ပါတီသို့ ချောချောမောမော လုံခြုံစွာဆိုက်ရောက်ပြီဆိုတာကို သိလိုက်ရပါတော့သည်။

ကျွန်တော်တို့နှင့် ကျော်ဇောဦး၊ သူနှင့်အတူပါလာပြီး ကြိုစောင့်နေသော ပါတီမြေအောက်ဌာန ကေဒါတဦးဖြစ်သည့် ရဲဘော်ဇော်ဝင်းတို့ အကျိုးအကြောင်း ပြောနေစဉ်မှာပင် ကျွန်တော့်သားအကြီး ကိုအောင်နှင့် ဆက်သားရဲဘော်တို့ ရောက်ချလာပါသည်။ ထိုနေရာသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ရှေ့တန်းစခန်းထောက်ရှိရာ မန်ဟိုင်းရွာလေး ဖြစ်ပါသည်။

ထိုနေ့သည် ၁၉၇၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ ဖြစ်ပါတော့သည်။

ကျွန်တော်သည် အခက်အခဲအမျိုးမျိုး၊ အကွေ့အကောက်အမျိုးမျိုးကို ဖြတ်ကျော်ပြီး နှစ်ရှည်လများ ခွဲခွာခဲ့ရသည့် "အိမ်" (ပါတီ) သို့ ပြန်လည်ရောက်ရှိခဲ့ပါတော့သည်။ ။

## ၁။ စာရေးသူကိုယ်တိုင် ရေးသားခဲ့သည့် စာအုပ်များ

၁–၁။ ဖက်ဆစ်တော်လှန်ရေး
 ၂။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ — ပြည်သူ့ဘက်တော်သားများစာပေ
 ၃။ ပြည်တွင်းငြိမ်းချမ်းရေးသဘောတားနှင့် လက်ရွေးစင်မိန့်ခွန်းများ
 ၄။ ကမ္ဘာစစ်နှင့် ငြိမ်းချမ်းရေး
 ၅။ သမိုင်းမှန်ကူကွက်များ — ပြည်သူ့ဘက်တော်သားများစာပေ
 ၆။ တရားခံအစစ်ဘယ်သူလဲ — ၎င်း
 ၇။ မီဒီယာလောကနှင့် အင်တာဗျူးများ — ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုဝါဒဖြန့်ချိရေးဌာန

## ၂။ တခြားစာအုပ်များ

၂–၁။ လွတ်လပ်ရေးရှေ့ရတု (ပြည်တွင်းစစ်နှစ်ငါးဆယ်) — အောင်စောဦး
 ၂။ တိုင်းပြည်ကနုန မုန်တိုင်းက ထန်ထန် — ဗိုလ်မှူးကြီးဟောင်းတင်မောင်
 ၃။ မုန်တိုင်းလွန်သော် — ၎င်း
 ၄။ မုန်တိုင်းကိုလွန်၍ အန်တုလေသော် — မိုးမိုးတာရောစံ
 ၅။ တပ်မတော်သမိုင်း (ပထမတွဲ မှ စတုတ္ထတွဲအထိ) — တပ်မတော်မော်ကွန်းတိုက်
 ၆။ ပြည်တွင်းဆူပူသောင်းကျန်းမှုသမိုင်း (အပိုင်း ၄ ပိုင်း) — ၎င်း
 ၇။ ဆရာကြီးသခင်ကိုတော်မှိုင်း — လူထုဒေါ်အမာ
 ၈။ သတင်းစာများပြောတဲ့စစ်အတွင်းဗမာပြည် — လူထုဦးလှ
 ၉။ တာတေစနေသား — ဦးနု
 ၁၀။ သမိုင်းမှန်ကူကွက် ၂ — ပြည်သူ့ဘက်တော်သားများစာပေ
 ၁၁။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း နှစ် ၁၃၀ ပြည့် (အထူးထုတ်) — ရှုဝံစာပေ
 ၁၂။ ဘုံဘဝမှာဖြင့် — သခင်တင်မြ
 ၁၃။ ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင် တိုင်းကြီး ၁၀ တိုင်း — သခင်တင်မြ
 ၁၄။ Burma in Revolt — Bertil Litner

## ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ တိုင်းပြည်သို့ တင်ပြချက်

(၁၀–၈–၇၆)

ချစ်လှစွာသော အဖိနှိပ်ခံ လုပ်သားပြည်သူများဖြစ်တဲ့ လူမျိုးပေါင်းစုံပါဝင်တဲ့ အလုပ်သမား၊ လယ်သမား၊ မြို့နေလုပ်စားကိုင်စား ဆင်းရဲသားများ၊ ပညာတတ်များ၊ အမျိုးမျိုးသော အလတ်တန်းလွှာများ၊ အမျိုးမျိုးသော လုပ်ငန်းကိုင်ငန်းရှင်များနှင့် ရဟန်းသံဃာများခင်ဗျား–

နောက်မျိုးဆက်တခုလုံး လူညွှန့်တုံးအောင် အညွှန့်ချိုးခံနေရတဲ့ ကျောင်းသားများ၊ လူငယ်များခင်ဗျား။

နောက် နေဝင်း–စန်းယု စစ်တပ်အတွင်းရှိ အမျိုးမျိုးသောလက်နက်ကိုင်အဖွဲ့အစည်းများမှ အရာရှိအရာခံ၊ အကြပ်တပ်သားများခင်ဗျား

ကျွန်တော်ဟာ နေဝင်း အုပ်စိုးမှုကို တော်လှန်တိုက်ခိုက်ဖို့ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ လွတ်မြောက်တဲ့နယ်မြေကို အခက်အခဲ အမျိုးမျိုးကို ပြည်သူများအကူအညီဖြင့် ကျော်ဖြတ်ပြီး ရောက်ရှိနေပါပြီ။

အဘယ်ကြောင့် ကျွန်တော်ဟာ လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ထွက်လာရသလဲဆိုတာ ကျွန်တော့်အနေနှင့် တိုင်းပြည်ကို ရှင်းပြဖို့ တာဝန်ရှိပါတယ်။

တခုတည်းသော အဓိကအကြောင်းကတော့ ကျွန်တော်တို့ ပြည်သူတွေကို နေဝင်း–စန်းယုစစ်အုပ်စုက ကျွန်တော်တို့ တိုင်းပြည်သမိုင်းမှာ မကြုံဖူးလောက်အောင် အဖက်ဖက်က နှိပ်ကွပ်မှု၊ သွေးစုပ်မှုကြောင့် ပြည်သူတွေ ခံစားနေရတဲ့ ဒုက္ခအဝဝကို ကျွန်တော့်အနေဖြင့် ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်လို့ပါပဲ။

ဒါကြောင့် လွန်ခဲ့တဲ့နှစ်အတော်ကြာကတည်းက နေဝင်းအုပ်စိုးမှုကို တွန်းလှန်တိုက်ဖျက်ဖို့ အမျိုးမျိုးကြံဆခဲ့ပါတယ်။ ပြည်သူနဲ့ တပ်တွင်း တစိတ်တပိုင်းအခြေအနေကြောင့် နေဝင်းဟာ ကျွန်တော့်ကို ထောင်ချမထားပေမယ့် အစောင့်အကြပ်အမျိုးမျိုး၊ သူလျှိုအမျိုးမျိုးနှင့် မလှုပ်နိုင်အောင် ချုပ်ကိုင်ထားပါတယ်။

ယခုမှပဲ ရတဲ့အခွင့်အရေးကို ဖြစ်သလို အသုံးချပြီး၊ ပြည်သူတို့ရဲ့ ရန်သူကြီး နေဝင်းစစ်အစိုးရကို ပြည်သူတို့နှင့်အတူ တိုက်ဖျက်ပစ်ဖို့ လက်နက်ကိုင်တော်လှန်ရေးနယ်ထဲ ရောက်ခဲ့ပါတယ်။

ကျွန်တော်အခုလို နေဝင်းအုပ်စိုးမှုကို တွန်းလှန်တိုက်ဖျက်ဖို့ လုပ်တာကို၊ ပြည်သူတရပ်လုံး ဝမ်းမြောက်ဝမ်းသာ ထောက်ခံမယ်ဆိုတာ သံသယမရှိပါ။ ပြည်သူ့ဆန္ဒနှင့်အညီ လုပ်ရတယ်ဆိုတာ သံသယမရှိပါ။

နေဝင်း–စန်းယုတို့ ပြည်သူ့အပေါ် ရက်စက်စွာ ဖိနှိပ်ပုံကို ကြည့်ကြစမ်းပါ။

သူတက်လာပြီး မကြာမီလပိုင်းအတွင်း ၁၉၆၂ ခု၊ ဇူလိုင်လ ၇ ရက်အရေးအခင်းကြီး ဖြစ်ခဲ့ပါတယ်။ ဒီအရေးအခင်းမှာ အပြစ်မဲ့ လက်နက်မဲ့ ကျောင်းသားတွေကို အော်တိုမက်တစ်ရိုင်ဖယ်–ဂျီဖိုးတွေနှင့် မြို့သိမ်းစစ်တပ်က ရန်သူကို လိုက်လံချေမှုန်းသလို အတင်းပစ်၊ အတင်းလိုက်၊ အတင်းသတ်ကြတယ်။ မသေလို့ ဒဏ်ရာရတဲ့ကျောင်းသားတွေကို လိုက်ဖမ်းမိသမျှ လက်စတုံးသတ်ပစ်တယ်။ တွင်းကြီးတွေတူးပြီး မြေမြှုပ်– အစဖျောက်လိုက်တယ်။ အနည်းဆုံး ၁၀၀ မှ ၂၀၀ ကြား အသတ်ခံရတယ်။ သွေးချောင်းစီးခဲ့တယ်။

သားသမီးချင်း စာနာကြည့်ပါ။ ပြည်သူတို့ရင်မှာ ဘယ်လိုနေမလဲ။ မိဘတွေဟာ အလောင်းတောင်မတွေ့ရ။ မသင်္ဂြိုဟ်ရဘူး။ တချို့မိဘတွေ ရူးတဲ့လူ ရူးသွားကြတယ်။

နောက်ထပ်ပြီး ဗမာပြည်ရှိနယ်ချဲ့ဆန့်ကျင်ရေး ဗိမာန်တခုဖြစ်တဲ့၊ သမိုင်းဝင် သမဂ္ဂအဆောက်အအုံကြီးကို ဇက်ရဲလက်ရဲ ဖြိုခွဲလိုက်တယ်။ နောက်နေဝင်းကထပ်ပြီး အရှူးအမူး သွေးရူးသွေးတန်း ပြည်သူတွေကို ဆန့်ကျင်ပြလိုက်ပုံက နောင်လည်း ဓားခါးချင်း၊ လှံလှံချင်း ချေမှုန်းပစ်မယ်လို့ ရေဒီယိုက ကြိမ်းဝါးလိုက်တယ်။

နယ်ချဲ့ဗြိတိသျှတောင် အနှစ် ၁၀၀ သူအုပ်စိုးမှုမှာ ဒီလောက်ရက်စက်ရမ်းကားမှုကြီးမျိုး မလုပ်ရဲခဲ့ဘူး။ နယ်ချဲ့လက်ပါးစေ နေဝင်းကတော့ သူ့အုပ်စိုးမှု တနှစ်မပြည့်ခင်မှာ လုပ်ပြရဲခဲ့တယ်။

ဒါဟာ ဘာကိုပြလိုက်သလဲ–

ဒါဟာ ပြည်သူအကျိုးပြုမယ်ဆိုတဲ့ မဆလ လမ်းစဉ်လား။

ဒါဟာ ခေတ်ပြောင်းတော်လှန်ရေးဆိုတာလား။

ဒါဟာ ပြည်သူကိုချစ်ပါတယ်ဆိုတဲ့ ပြည်သူ့တပ်မတော်လား။

ဒါဟာ နေဝင်းရဲ့ ဖက်ဆစ်ဘီလူးရုပ် ဘွားဘွားပေါ်တာပဲ မဟုတ်လား။

ဒါဟာ အာဏာကို ဘာနှင့်မှမလဲနိုင်တဲ့ ငမ်းငမ်းတက် အာဏာရူးကြီးဆိုတာ ပေါ်တာပဲ မဟုတ်လား။

ဒါဟာ ပြည်သူတွေအပေါ် နေဝင်းတို့က ဘယ်လိုသဘောထားတယ်ဆိုတာ ပြလိုက်တာပဲမဟုတ်လား။

နယ်ချဲ့သမားတောင် မလုပ်ရဲလို့ နောက်တလှမ်းဆုတ်ရတဲ့ ကာလမှာ နေဝင်းဟာ ပါးကွက်သား လူစွမ်းကောင်းကြီး လုပ်ပြခဲ့တယ်။

နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲအဆင့်ဆင့် ဂုဏ်ရောင်ပြောင်ခဲ့တဲ့ သတ္တိပြောင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ကျောင်းသားလူငယ်တွေကို ဒီလိုအကြမ်းဖက် ရာနှင့်ချီပြီး သတ်ပြလို့ ကြောက်မတဲ့လား။ သူတို့ရဲ့ ရာဇပလ္လင်ရော မြဲမတဲ့လား။

ကျောင်းသားလူငယ်တွေအပါအဝင် ကျွန်တော်တို့ရဲ့ ပြည်သူတွေဟာ ဗြိတိသျှနယ်ချဲ့သမားကို အန်တုခဲ့တဲ့ ပြည်သူ၊ ဖက်ဆစ် ဂျပန်ကို ထချခဲ့တဲ့ပြည်သူ၊ နေဝင်းတို့ရဲ့သခင် နယ်ချဲ့တွေကို မောင်းထုတ်ခဲ့တဲ့ ပြည်သူတွေဆိုတာ နေဝင်းတို့မေ့နေပုံရတယ်။

သမိုင်းက ဒီရာဇဝတ်ကောင်ကို ခွင့်လွှတ်မတဲ့လား။

ဒီနောက်မှာ နေဝင်းတို့က ပြည်သူ့သွေးတွေပေကျံနေတဲ့ ဖက်ဆစ်ဘီလူးရုပ်ကို ဖုံးကွယ်ရေး၊ လှည့်စားရေးအတွက် မဆလ ပါတီဆိုတဲ့ ဆိုရှယ်လစ်အတု ပါတီတရပ်ကို သူ့ကြေးစားတပ်ကို ဗဟိုပြုပြီး ၁၉၆၃ မှာ ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ တဖက်က ဆိုရှယ်လစ်အတုအယောင်နှင့် မနီးကြား

သေးတဲ့ ပြည်သူတစိတ်တပိုင်းကို လိမ်ညာဖို့နဲ့၊ နိုးကြားတဲ့ ပြည်သူအများစုကို ဂဇ်စတာပိုစုံထောက်တပ်လို ပြည်သူ့ဖိနှိပ်ရေး တပ်ဖွဲ့ကြီးတတပ်အဖြစ် ဖိနှိပ်ဖို့ စစ်တပ်ပါတီ ဖွဲ့ခဲ့တယ်။ ဒီလိုပါတီထဲ မဝင်လိုတဲ့သူတွေကိုလည်း မဝင်ဘဲမနေရဲအောင် အကျပ်ကိုင်ခဲ့တယ်။

နောက် နေဝင်းဟာ ဆိုရှယ်လစ်အတုကို ကိုင်ယမ်းပြီး ပြည်သူပိုင်လုပ်တယ်ပေ့ဆိုပြီး ပုဂ္ဂလိကပိုင် လုပ်ငန်းကိုင်ငန်း အားလုံးကို ကွမ်းယာဆိုင် သာသာလောက်ကစပြီး လက်တွေ့လျော်ကြေးမပေး၊ သိမ်းကျုံးလုယက်ယူကြတယ်။

အကျိုးဆက်ကတော့ အမျိုးသားစီးပွားရေး နာလန်မထူနိုင်အောင် ကျဆင်းစေခဲ့တယ်။ နယ်ချဲ့ပေါင်းစုံကို ပိုမိုခိုရပြီး ကုန်ဈေး နှုန်းတွေ တဟုန်ထိုးတက်ခဲ့တယ်။ ပြည်သူတွေ ပိုကျပ်တည်းလာခဲ့တယ်။

သူတို့မှာတော့ ကားတွေတိုက်တွေ တိုးတက်လာတယ်။

ဆိုရှယ်လစ်အတုဖြစ်ကြောင်း၊ နယ်ချဲ့လက်ပါးစေဖြစ်ကြောင်း ထပ်ဖွင့်ပြတာက နယ်ချဲ့ပိုင် ဘီအိုစီရေနံကုမ္ပဏီကိုသိမ်းတော့ မရှက်မကြောက် နယ်ချဲ့ကျေနပ်လောက်အောင် ဈေးစပ်ပြီးလျော်ကြေးပေးခဲ့တယ်။

နာမည်ဆိုးလှတဲ့ 'နေ–အက်တလီ' စာချုပ်ကို ယခုအထိ မဖျက်ဝံ့သေးဘူး။

နေဝင်းတို့ဟာ တဖြည်းဖြည်းကျယ်ပြန့်လာတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ လူမျိုးစုအသီးသီးက သူ့အုပ်စိုးမှုကို လက်နက်စွဲကိုင် တော်လှန်နေ ကြတဲ့ လက်နက်တွေကို ဖြုတ်ပစ်ဖို့နဲ့ ပြည်သူတရပ်လုံးကို လှည့်စားဖို့ ၁၉၆၃ ခုနှစ်မှာ ဟန်ပြငြိမ်းချမ်းရေးအတုကို လုပ်ခဲ့တယ်။ နောက်ဆုံး သူသာလျှင် ငြိမ်းချမ်းရေးကို ဖျက်ဆီးတဲ့ တရားခံအဖြစ် ပေါ်ခဲ့တယ်။

နောက်နေဝင်းတို့ဟာ သူတို့မြတ်စွန်းမယ်၊ အကျိုးရှိမယ်ထင်တဲ့ ထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းကိုင်ငန်း အသေးအကြီး တခုပြီးတခု ထပ်သိမ်းကြ၊ လုယက်ကြလို့ အမျိုးသားစီးပွားရေး ပို၍ပို၍ပျက်စီးလာ၊ ဈေးနှုန်းတွေပိုကြီးလာ၊ ထုတ်လုပ်မှုတွေကျဆင်းလာ၊ တိုင်းပြည်စီးပွားရေးဖရိုဖရဲ ဖြစ်လာရတယ်။

နောက်ဆုံး ၁၉၆၇ မှာ ဗမာပြည်သမိုင်းမှာ တခါမှ မကြုံဖူးတဲ့ ဆန်မလောက် ထမင်းငတ်ရမယ့်ကိန်း ဆိုက်လာတယ်။

ဆန်ပြဿနာ ဖြစ်လာတော့ ယခင်နယ်ချဲ့များလို လမ်းလွှဲဖို့ တရုတ်ဗမာအရေးအခင်း နေဝင်းတို့ဖန်တီးပြီး၊ တရုတ်အမျိုးသမီး – အမျိုးသား များစွာကို သတ်ဖြတ်ခဲ့တယ်။

နောက်အငတ်မခံနိုင်တဲ့ ပြည်သူတွေဟာ ဆန်ပြဿနာတိုက်ပွဲ ဆက်ဝင်လာတဲ့အခါ ရခိုင်မှာ ရက်စက်စွာ ပစ်သတ်ပြီး နှိပ်ကွပ်ပြလိုက်တယ်။ အတော်များများ ပြည်သူတွေ ကျဆုံးရပြန်တယ်။ ဒီနည်းနှင့် နေဝင်းတို့ဟာ ဘာပဲပါးစပ်ကပြောနေနေ သူတို့လူတန်းစားအကျိုးကို ထိခိုက်မယ်ဆိုရင် ဖက်ဆစ်ဘီလူးဖြစ်ကြောင်း ဖွင့်ပြဖို့ ဝန်မလေးကြဘူး။

ဒီလိုနှင့် သေနတ်တယမ်းယမ်းနှင့် သတ်ဖြတ်ခြိမ်းခြောက်ပြီး တလျှောက်လုံး အုပ်စိုးလာခဲ့တယ်။

ဒီအထဲက ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ နေဝင်းအုပ်စိုးမှုကို တော်လှန်အာခံတဲ့သူ ပြည်သူ့သားသမီးကောင်းများဟာ အကျဉ်းထောင်ထဲမှာ အချို့အသတ်ခံရ၊ အချို့လူစဉ်မမီအောင် ညှဉ်းပန်းခံရ၊ အချို့ ကိုကိုးကျွန်းပို့ခံရတယ်။ ဒီညှဉ်းပန်းမှုဟာ ဂျပန်ဖက်ဆစ်တွေလိုပဲ အလွန်ရက်စက်တယ်။

နေဝင်းအကျဉ်းစခန်းတွေမှာ အာဇာနည်အတော်များများ ကျဆုံးခဲ့ရတယ်။

ဒီအထဲမှာ ဂျပန်တော်လှန်ရေးခေါင်းဆောင်ကြီးတဦးဖြစ်တဲ့ ဗိုလ်မှူးကြီးဗထူးရဲ့သားတယောက်ဟာလည်း မျက်လုံးကန်းအောင် နှိပ်စက်ခံရပြီး နောက် အသေသတ်ပစ်ခြင်းခံရတယ်။

နေဝင်းဖိနှိပ်မှု၊ သွေးစုပ်မှုဟာ ပိုလို့ပြင်းထန်လာတယ်။ ပြည်သူတို့ ကျပ်တည်းမှုဟာလည်း ပိုပြင်းထန်လာတယ်။ ဆန်မလောက်တဲ့ အငတ်ပြဿနာဟာလည်း ပိုကြီးထွားလာတယ်။

၁၉၇၄ မေလမှာ ချောက်ရေနံမြေ အလုပ်သမားများက ဆန်ပြဿနာ ဖြေရှင်းပေးဖို့ စတင်ပေါက်ကွဲလာတယ်။

နောက် ရန်ကုန်မြို့တော်အပါအဝင် အထက်အောက် ဗမာပြည်စက်ရုံအလုပ်ရုံတွေ ဆန်လုံလောက်အောင်ပေးရေးနဲ့ သူတို့ကို ဖိနှိပ်ထားတဲ့ လုပ်သားကောင်စီတွေဖျက်သိမ်းရေးသပိတ်များဟာ နေဝင်းသေနတ်တွေ လှံစွပ်တွေရှေ့မှာ မကြောက်မရွံ့ တခုပြီးတခု ပေါက်ကွဲပေါ်ထွက်လာတယ်။ အလုပ်သမားတွေဟာ ငတ်ပြီးတော့အသေမခံဘူး၊ တိုက်ပွဲနှင့်ရင်ဆိုင်မယ်လို့ သန္နိဋ္ဌာန်ချပြီး ရဲရဲကြီးတိုက်ပွဲဝင်လာကြတယ်။ ဒီတိုက်ပွဲဟာ အမှုထမ်း အရာထမ်းတွေအထိ ကူးစက်ပြီး ပြည်လုံးကျွတ်သပိတ်ကြီး ပေါက်ကွဲတော့မတတ် ဖြစ်လာတယ်။

နေဝင်း စစ်အုပ်စုဟာ ကမန်းကတန်း သူတို့နည်းဟောင်းအတိုင်း ဒီအရေးငြိမ်းသွားအောင် အင်အားအကြီးဆုံးဖြစ်တဲ့ ရန်ကုန် အလုပ် သမားတွေကို ပစ်သတ်ပြလိုက်တယ်။

အလုပ်သမားနှင့်ပြည်သူ ၁၀၀ လောက် သေကျေပျက်စီးရပြန်တယ်။

နေဝင်းတို့ရဲ့ လက်တွေဟာ အထပ်ထပ်သွေးစွန်းခဲ့ကြပြီ။

နောက် ၁၉၇၄ ဒီဇင်ဘာ ကျောင်းသားအရေးအခင်းမှာ နေဝင်းအုပ်စိုးမှုကို ရန်ကုန်တက္ကသိုလ်များနှင့် ကျောင်းပေါင်းစုံ ကျောင်းသားများနှင့် ရဟန်းသံဃာများ ပူးပေါင်းပြီး တိုက်ပွဲဝင်ခဲ့တယ်။ မန္တလေးက အလားတူကျောင်းသားများနှင့် သံဃာများပါဝင်လာတယ်။ ၆ ရက်လုံးလုံးအန်တုပြီး သပိတ်မှောက်ဆန္ဒပြခဲ့ကြတယ်။ ဒီကျောင်းသားအရေးကို နေဝင်းတို့က အကြမ်းဖက်ဖြိုခွဲလိုက်လို့ ရန်ကုန်မြို့လူထုအချို့ဟာ ဒေါသထွက်ပြီး ဆန့်ကျင် ဆန္ဒပြတယ်။ တချို့က ဝန်ကြီးများရုံးနှင့် ဂါတ်တဲအချို့ကို ဝိုင်းဝန်းဆန္ဒပြဖို့ ကြိုးစားတယ်။ အချို့က လမ်းစဉ်ပါတီနှင့် ကောင်စီရုံးများကို မီးရှို့ ဖျက်ဆီးပစ်ကြတယ်။ သတ္တိရှိစွာနှင့် လှံစွပ်တွေကို အန်တုလိုက်တယ်။

အဲဒီပြည်သူတွေကို သွေးအေးအေးနှင့် လူသတ်အဖွဲ့က လိုက်လံပစ်သတ်ပြီး နှိပ်ကွပ်လိုက်တယ်။ အနည်းဆုံး ဒီအရေးအခင်းမှာ ပြည်သူနှင့် ကျောင်းသား ၁၅၀ ကျော် သေကျေဒဏ်ရာရခဲ့ကြတယ်။ အထက်ပါ ၁၉၇၄ ခုနှစ် အလုပ်သမားအရေးအခင်းနှင့် ဒီဇင်ဘာကျောင်းသားအရေးအခင်းဟာ နေဝင်းတို့ဩဇာနှင့် သိက္ခာကို ထပ်မံပြီး အကြီးအကျယ် ကျဆင်းစေခဲ့ပြန်တယ်။

နောက် ကျောင်းသားများနှင့် အလုပ်သမားများဟာ အခွင့်အခါရတိုင်း နေဝင်းဖိနှိပ်မှုကို တော်လှန်တိုက်ခိုက်ခဲ့ကြတယ်။ ၁၉၇၅ ခု ဇွန်လမှာ မနှစ်က သွေးချောင်းစီးခဲ့တဲ့ အလုပ်သမားအရေးအခင်း နှစ်ပတ်လည်ဆန္ဒပြပွဲကြီးကို ကျောင်းသားတွေက ကျင်းပပြီး၊ နေဝင်းတို့ကို အန်တုလိုက်ပြန်တယ်။

ယခုနောက်ဆုံး ၁၉၇၆ ခု မတ်လ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရာပြည့်မှာ ထောင်ပေါင်းများစွာသော ကျောင်းသားတွေ နေဝင်းကို

အနိုင်ယူပြီး ချီတက်အလေးပြုတယ်။ နောက်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို သိမ်းပိုက်ပြီး သပိတ်မှောက်လိုက်ကြတယ်။ နေဝင်းတို့က များပြားလှတဲ့ ကျောင်းသားအုံကြွမှုကို ကြောက်လန့်ပြီး၊ ကမန်းကတန်းတပြည်လုံးရှိ၊ တက္ကသိုလ်နှင့်ကောလိပ် ကျောင်းများကို ယခုအထိ အကန့်အသတ်မရှိ ပိတ်လိုက်တယ်။ ကျောင်းသားတွေကိုလည်း ထောင်နှင့်ချီပြီး တစိမ့်စိမ့် ယခုအထိ လိုက်ဖမ်းနေတယ်။ အချို့ကို တရားစွဲပြီး နှစ်ရှည်ထောင်ချနေတယ်။

ဒါဟာ ဘာကိုပြသလဲ။ နေဝင်းတို့က ဖဘပြည်လွှတ်မြောက်ရေးတိုက်ပွဲသမိုင်းမှာ မကြုံဖူးအောင် ပြည်သူတွေကို သွေးချောင်းစီး သတ်ပြနေတဲ့ အထဲက ပြည်သူတွေဟာ ဦးမညွတ်ဘဲ တဖိုလ်ကျတဖိုလ်တက် လွတ်မြောက်ရေးတိုက်ပွဲ၊ ဒီမိုကရေစီတိုက်ပွဲကို အဆက်မပြတ် ဆင်နွှဲချီတက်နေတယ်။

ဒါတွေဟာ နေဝင်းအုပ်စိုးမှုကာလအတွင်း ပြည်သူတွေကို သူ့ဆရာနယ်ချဲ့တွေ၊ ဖက်ဆစ်တွေလိုပဲ ဖိနှိပ်တယ်ဆိုတာကို ကျွန်တော်အနည်းငယ် တင်ပြတာ ဖြစ်ပါတယ်။

ဒီလိုနေဝင်းရဲ့ ဖိနှိပ်မှုနဲ့ သွေးစုပ်မှုကြောင့် ပြည်သူတွေ ဘယ်လိုဒုက္ခတွေ၊ ဆင်းရဲကျပ်တည်းမှုတွေ ရောက်ခဲ့ရတယ်ဆိုတာ တတိုင်းပြည်လုံးအသိပါပဲ။

ပြည်သူတွေ ဆင်းရဲကျပ်တည်းမှုနှင့် ပတ်သက်လို့ နောက်ဆုံးဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တရပ်ကို တင်ပြပါ့မယ်။ ယခုနှစ်ဦးပိုင်းမှာ ရန်ကုန်မြို့လည် ရုပ်ရှင်ရုံတရုံမှာ ရုံစောင့်တယောက်ဟာ၊ အများဖြစ်နေတဲ့အတိုင်း တဟုန်ထိုးတက်နေတဲ့ ကုန်ဈေးနှုန်းနှင့် သားသမီး ၆ ယောက်ကို ဘယ်လိုမှ ဝအောင်မကျွေးနိုင်လို့ မှောင်ခိုရုပ်ရှင်လက်မှတ်ရောင်းပြီး အိမ်ထောင်ကို ဖြည့်တင်းခဲ့ရတယ်။ တနေ့မှာ အဖမ်းခံရပြီး ထောင်ချခံရတယ်။ ဒီအလုပ်သမားရဲ့ ဇနီးဟာ ကလေး ၆ ယောက်နှင့် ဘယ်လိုကျွေးမွေးရမလဲဆိုပြီး ထိတ်လန့်ပြီး ရင်သွေးတွေရော၊ သူရော သတ်သေဖို့ ကြိုးစားတယ်။ ခလေးအငယ်ဆုံးကို သတ်အပြီး၊ ကျန်ကလေးများ အော်ဟစ်ငိုကြွေးလို့ အိမ်နီးနားချင်းများက လာကယ်တင်ရတယ်။ ဒီအမျိုးသမီးဟာ ရူးသွားတယ်။ စိတ္တဇဆေးရုံကို ပို့လိုက်ရတယ်။ အခုအထိ ရှိကောင်း ရှိနေဦးမယ်။

တချို့မိဘများဟာ ကလေးများကို မကျွေးနိုင်တော့လို့ ဘုတာရုံများ၊ သင်္ဘောဆိပ်များမှာ ပစ်ထားခဲ့တဲ့ အမှုများဟာလည်း မရေတွက်နိုင်ဘူး။

ဒီလို အလားတူ ကိစ္စတွေဟာ ပြည်သူတွေကြားမှာ မပြတ်ကြားနေရတယ်။

မြို့နေလုပ်စားကိုင်စား ဆင်းရဲသားတွေ အထူးသဖြင့် အောက်ခြေမှုထမ်းရာထမ်းလခစားတွေဟာ မဝတဝစားနေရတာ ကြာလှပြီ။ တချို့ထမင်းချိုင့်တွေမှာ ပဲပြုတ်တောင် မပါနိုင်တော့ဘူး။ ဆားနှင့်ထမင်းစားနေရသူတွေ၊ ဆန်ပြုတ်ပဲ သောက်နေရသူတွေ၊ နပ်မှန်မစားရသူတွေ များ–များလာကြပြီ။

လူလတ်တန်းစားထဲက အများစုဟာ ဆင်းရဲမွဲပြာကျလာကြတယ်။ မိမိရှိသမျှ ပစ္စည်းတွေရောင်းပြီး၊ မီးဖိုချောင် ဖြည့်ရတယ်။ လူချင်းတွေ့ကြရင် တနေ့တခြားတက်လာတဲ့ ကုန်ဈေးနှုန်းကို ကြည့်ပြီး "ရှေ့ဘယ်လို လုပ်ကြရမလဲ"ဆိုတာ လူတိုင်းနှုတ်က ပြောနေကျစကား ဖြစ်နေပြီ။

ကျေးလက်မှာရော၊ လယ်သမားတွေ ကြည့်ပါဦး။ ပဒေသရာဇ်မြေရှင်စနစ်ရဲ့ ဖိနှိပ်သွေးစုပ်မှုဟာ ဆက်လက်ရှင်သန် ကြီးထွားနေတယ်။ ဒီအခြေခံပေါ်မှာ စစ်အစိုးရရဲ့ စီမံကိန်းသီးနှံတွေ စိုက်ပျိုးရေးနှင့် လက်ဝါးကြီးအုပ်မှု၊ လုယက်မှုတို့ကြောင့် လယ်သမားထုကြီးဟာ ဆင်းရဲဒုက္ခရောက်နေကြရတယ်။ စပါးဈေးတက်လာတာ ဟုတ်ပါရဲ့။ ကုန်ဈေးနှုန်းက သူ့ထက်ခုန်တက်နေတော့ အထူးသဖြင့် အလတ်အောက်လွှာလယ်သမား၊ ဆင်းရဲတဲ့ လယ်သမားနှင့် လယ်ကူလီများဟာ ဒုက္ခအကြီးဆုံးပါပဲ။

တချို့တရွာလုံးမှာမှ လေးငါးအိမ်လောက်ပဲ ဆီလေးပျားလေးနှင့် စားနိုင်ကြတယ်။

သူတို့ဒုက္ခဟာ တချို့မှာ မြို့က ဆင်းရဲတဲ့အလုပ်သမားတွေရဲ့ ဒုက္ခထက်အပုံကြီးဆိုးပါတယ်။ တချို့ခါးကော့ပြီး မြို့ပြေးတက်လာကြတယ်။ အရုက်အကြောက်နောက်ထားပြီး အဝတ်မလုံမခြုံနှင့် တွေ့ရာအလုပ်အတင်းတိုးခွေ့ လုပ်ကိုင်စားသောက်ရတယ်။

ပညာတတ်တွေရော ဘယ်လိုလဲ။ သူတို့သိက္ခာကို အစော်ကားခံနေရတယ်။ နေဝင်းတို့ကို ခါးကျိုးအောင် အောက်မကျို့တဲ့လူတွေဟာ နည်းမျိုးစုံနှင့် အရေးယူခံနေရတယ်။ ကြိမ်းမောင်းအသရေဖျက်ခံနေရတယ်။

အလုပ်မရှိတဲ့ ပညာတတ်ဦးရေဟာ တနေ့တခြား များလာတယ်။

နေဝင်းတို့ဟာ ပညာတတ် အလုပ်လက်မဲ့တွေ နိုင်ငံရေးအုံကြွမှုထဲ ပါဝင်တာများလာမှာစိုးလို့၊ ပညာတတ်တွေ ကန့်သတ်ဖို့၊ ဝိဇ္ဇာနှင့်သိပ္ပံ ရှစ်တန်းကတည်းက ခွဲပြီး၊ စာမေးပွဲတွေကို ခက်သထက်ခက်အောင် ဖျစ်ညှစ်လာတယ်။

ဘွဲ့ရပြန်တော့လည်း အလုပ်ရှာမရလို့ အကြော်ရောင်းစားနေကြရတဲ့လူတွေ၊ ဆိုက်ကားနင်းစားနေကြရတဲ့လူတွေဟာ မနည်းပါဘူး။

ကျောင်းသားတွေကို ရန်သူတွေလို သဘောထားပြီး၊ ကလေးတွေရဲ့ ဉာဏဖလ၊ စာရိတ္တဖလ၊ ကာယဖလတိုးတက်ရေးထက် ပြောင်းပြန်၊ ဘယ်ပညာမှ ကျကျနနမတတ်အောင်၊ စာရိတ္တတွေပျက်အောင် လုပ်ခဲ့တယ်။

နောက်ဆုံး ကျောင်းတွေဟာ ပညာသင်တဲ့ဌာနမဟုတ်ဘဲ၊ ကလေးတွေကို ချုပ်နှောင်တဲ့ ထောင်နှင့်တူနေတယ်။ ဆရာတွေကို ထောင်မှူးတွေ ဝါဒါတွေလို ကျောင်းသားတွေကို ဖိနှိပ်ဖို့ ခြောက်လှန့်ပြီး အတင်းခိုင်းတယ်။

နေဝင်းဟာ ကျောင်းသားနှင့် လူငယ်တွေကို ကြောက်တယ်။ သူ့ရာဇပလ္လင် ဖင်မြဲဖို့ ဒီကလေးတွေကို ဘက်ပေါင်းစုံ ဖျက်ဆီးပစ်မှ ဖြစ်မယ်လို့ ယူဆပြီး လူညွန့်တုံးအောင်၊ လူအ–လူနတွေ၊ မှောင်ခိုတွေ၊ စာရိတ္တပျက်တွေ၊ တကိုယ်ကောင်းသမားတွေ၊ ကြေးစားစစ်သားတွေ– အချုပ်မှာ ပြည်သူ့ရန်သူတွေအထိ ဖြစ်လာအောင် တလျှောက်လုံး အစီအစဉ်ရှိရှိနှင့် ယုတ်ယုတ်မာမာ လုပ်ကိုင်ခဲ့တယ်။

ဒီထဲက ကျောင်းသားလူငယ် အများစုကြီးဟာ၊ သူ့ခေတ်နှင့်သူနိုးကြားပြီး ယခင်နောင်တော်များရဲ့လမ်းအတိုင်း နေဝင်းတို့ကို ပြန်တိုက်လာကြတဲ့အတွက်၊ နေဝင်းတို့အဖို့ အကျပ်အတည်းကြီး ဖြစ်နေတယ်။

ကျောင်းသားလူငယ်တွေဟာ မိဘတွေ ဆင်းရဲတဲ့ဘဝ၊ မိမိတို့ရဲ့ ထွက်လမ်းမရှိတဲ့ အလုပ်လက်မဲ့ဖြစ်ရမယ့်ဘဝကိုမြင်ပြီး နေဝင်းတို့အား ဆန့်ကျင်ရေးရေစီးကြောင်းထဲကို များသထက်များများ ဝင်လာကြပြီ၊ ဒါကြောင့် ဒီပြဿနာမကိုင်နိုင်လို့ ကျောင်းကို အကန့်အသတ်မရှိ ပိတ်ထားရတယ်။

နောက် နေဝင်းလက်နက်ကိုင်တပ်တွင်း အောက်ခြေတပ်သားတပ်ကြပ်တွေရော –

သူတို့လည်း ပြည်သူတွေနှင့်အတူတူ ဆင်းရဲကျပ်တည်းကြတယ်။ အထူးသဖြင့် ရှေ့တန်းရောက်နေစဉ် နောက်ပိုင်းကျန်ခဲ့တဲ့ မိသားစုတွေဟာ အလွန်ကျပ်ကျပ်တည်းတည်း မလောက်မင ဖြစ်ကြရတယ်။ မိမိယောက်ျားရဲ့ ရိက္ခာထဲက နို့ဆီ၊ သကြားစတဲ့ ကုန်ခြောက်ကို အပြင်ရောင်းပြီး၊ ဝမ်းစာထဲ ထည့်ပြီး တအိမ်ထောင်လုံး မျှစားရတဲ့ဘဝက ယောက်ျားက ရှေ့တန်း ခုနစ်လ၊ ရှစ်လ ကြာအောင် သွားနေရတော့ ဒီရိက္ခာကို မရတော့ဘဲ၊ ယောက်ျားက

လွှဲခဲ့တဲ့ လစာလေး မဖြစ်စလောက်နှင့် ကုပ်ကုပ်သတ်သတ် စားသောက်ရတယ်။ တချို့တောနားတောင်နားနီးတဲ့ တပ်တွေဆိုရင် သားမယားတွေဟာ ဝါးမျှစ်ချိုးရောင်းရ၊ ထင်းခွေရောင်းရ၊ တချို့မြို့ ထဲသွား ကျပန်းလုပ်ရ၊ တချို့တပ်ရင်းက ထုတ်ရောင်းတဲ့ ပစ္စည်းတချို့ကို မှောင်ခိုရောင်းစားကြရတယ်။ နောက်ပြီး ယောက်ျား ကျန်းကျန်းမာမာနှင့် ပြန်ရောက်ပါ့မလား၊ ကျဆုံးခဲ့မလား၊ ဒဏ်ရာကြီးတွေရမလားလို့လည်း ပူပန်ရတယ်။ ယောက်ျားတွေ ကျဆုံးပလားဆိုရင်၊ တချို့အိမ်ထောင်သည်လိုင်းဟာ ကမ္ဘာပျက်မလောက် ငိုကြွေးရတယ်။ အောက်ခြေလွှတ်ရတဲ့ ဘဝ ရောက်ရတယ်။

မနှစ်က နေဝင်းတို့က အထွေထွေကျပ်တည်းလို့ တပ်တွင်းရိက္ခာလျှော့ရေး လုပ်လာတယ်။ တပ်တွေက မကျေနပ်လို့ တပ်မှူးကြီးတွေ ဆင်းပြီး ရှင်းပြရတယ်။ ရှေ့တန်းတနေရာမှာ တပ်ကြပ်တဦးက – ဒါဘာ စည်းဝေးပွဲမှာ ဒီလိုပြောတယ်လို့ သတင်းရတယ်။ "ကျွန်တော်တို့ ရှေ့တန်း အကြာကြီးနေပြီးမှ နောက်ပိုင်းတပ်ရင်းအိမ်ထောင်သည်လိုင်းကို ပြန်ရောက်တော့၊ မယားတွေ၊ သမီးတွေ ဝတ်ပြတ်လွန်းလို့ ပြည့်တန်ဆာ ဖြစ်နေပြီဗျ"လို့ မခံနိုင်လွန်းလို့ ရင်ဖွင့်တယ်လို့ ကြားရတယ်။

ဒါတွေဟာ နေဝင်းတို့ အုပ်စိုးမှုအောက်မှာ ပြည်သူတွေ ဘယ်လိုခံစားနေရတယ်ဆိုတာကို ကျွန်တော်မြင်ရကြားရသမျှ အကျဉ်းပြောပြရတာပါ။

ကုလသမဂ္ဂစာရင်းအင်းအရ ဗမာပြည်ဟာ ကမ္ဘာမှာ အဆင်းရဲဆုံး လေးငါးနိုင်ငံမှာ ပါနေပြီလို့ သိရတယ်။

ဒီလောက်သဘာဝအရင်းအမြစ် ကြွယ်ဝတဲ့တိုင်းပြည်၊ ကမ္ဘာပေါ် ဆန်အရောင်းရဆုံးတိုင်းပြည်ထဲပါဝင်ခဲ့တဲ့ တိုင်းပြည်ဟာ ဘာကြောင့် နေဝင်းအုပ်စိုးမှု နှစ်အနည်းငယ်အတွင်းမှာ ဒီလောက်ဆင်းရဲကျပ်တည်းသွားရသလဲ။

နယ်ချဲ့ ပဒေသရာဇ်မြေရှင်နှင့် ဖျူရိုကရက်အရင်းရှင်းစနစ်တွေကို ကိုယ်စားပြုတဲ့ နေဝင်းတို့ရဲ့ ဖိနှိပ်မှု၊ သွေးစုပ်မှုကြောင့်ပဲ မဟုတ်လား။

အားလုံးချုပ်ပြောရရင် နေဝင်းလက်အောက်ပြည်သူတွေ ဘက်ပေါင်းစုံ ဒုက္ခရောက်နေကြတယ်။

နိုင်ငံရေးအရကြည့်ရင် ဘာမှ လွတ်လပ်မှုမရှိဘူး။ ဒီမိုကရေစီမရှိဘူး။ ပြောပိုင်ဆိုပိုင်ခွင့်မရှိဘူး။ နောက်ဆုံးနေဝင်းရဲ့ ပြည်သူ့တရားရုံးဆိုတာတွေက လူပုဂ္ဂိုလ်တယောက်ရဲ့ ဂုဏ်သိက္ခာနှင့် ခုခံကာကွယ်နိုင်မှုကို ရုပ်သိမ်းလိုက်တယ်။

စီးပွားရေးအရ ဝတ်ဝတ်ပြတ်ပြတ် ချွတ်ခြုံကျနေကြပြီ။

လူမှုရေးအရလည်း တခါက အမျိုးဂုဏ်မာနနှင့် ဝင့်ဝင့်ကြွားကြွား မြင့်မားတဲ့ စာရိတ္တနှင့်ရပ်တည်လာခဲ့တဲ့ ကျွန်တော်တို့ ပြည်သူတွေဟာ အခုဆိုရင် မိမိတို့ ဂုဏ်သိက္ခာနှင့်စာရိတ္တကို နေဝင်းတို့ရဲ့ ရိုက်ချိုးခြင်းခံနေရပြီ။

ကျန်းမာရေးမှာလည်း ဆင်းရဲကျပ်တည်းလို့ ရောဂါဘယထူပြော၊ ကုစရာဆေးမရှိ၊ သူတို့မှာတော့ ခေါင်းကိုက်တာကစပြီး နိုင်ငံခြားသွားကုကြ၊ ဆေးဆိုလည်း နိုင်ငံခြားဆေးမှ၊ ဗမာပြည်မှ ဘီ – ပီ – အိုင် ဆေးဆိုလျှင် တိရစ္ဆာန်ကုတဲ့ဆေးလောက် သဘောထားတယ်။

ချုပ်လိုက်ရင် နေဝင်းတို့တတွေဟာ သူတို့ကိုယ်သူတို့ နိုင်ငံခြားက လာရောက် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်တဲ့ စစ်တပ်တွေလို သဘောထားပုံရတယ်။ ပြည်သူတွေကို သူတို့သိမ်းပိုက်ကျွန်ပြုခံရတဲ့ တိုင်းတပါးကျေးကျွန်အရိုင်းတွေလို သဘောထားပုံရတယ်။ လူသတ်၊ မီးရှို့၊ မုဒိမ်းကျင့်၊ ပစ္စည်းလု၊ လူတွေရဲ့ ဂုဏ်သိက္ခာကိုစော်ကား စတဲ့အလုပ်တွေကို လုပ်နေကြတယ်။ သုံးနှစ်သုံးမိုးအုပ်စိုးစဉ်က ဂျပန်ဖက်ဆစ်တပ်တွေရဲ့ လုပ်နည်းမျိုးပါပဲ။

ရန်ကုန်မြို့က ပြည်သူတွေဟာ နေဝင်းစစ်တပ်က ပြည်သူတွေကို သွေးအေးအေးနှင့် ကြက်ငှက်တွေပစ်သလိုလိုက်ပြီး ပစ်သတ်တာတွေ တွေ့ခါစက "ဟ–ဒီကောင်တွေ လူတွေမှ ဟုတ်ရဲ့လား၊ ရက်စက်လှချည်လား၊ နှလုံးသား ရှိရဲ့လား"လို့ မေးကြ၊ ပြောကြတယ်။ အမှန်တော့ ကျေးလက်မှာ ဒီလိုပစ်သတ်မှုတွေ၊ လုယက်မီးရှို့မှုတွေ လုပ်နေတာဟာ ကြာလှပြီ၊ ဒါတွေက နေဝင်းဆိုတာ ဘယ်လိုလူဆိုတာ ကျွန်တော်တို့သမိုင်းမှာ မြင်ရပြီဖြစ်တယ်။

ပုဂ္ဂိုလ်ရေးအရ မပြောလိုပေမယ့် နိုင်ငံရေးအခြေခံဖြစ်လို့ နေဝင်းအကြောင်း အနည်းငယ်ပြောလိုသေးတယ်။

တနေ့မှာ နေဝင်း ဒီလိုဖြစ်နိုင်တယ်ဆိုတာ ဗမာပြည်နိုင်ငံရေးခေါင်းဆောင်အချို့ဟာ စောစွာကတည်းက ကြိုတင်မြင်ခဲ့တယ်။ ဂျပန်တော်လှန်ရေးပြီးစ အင်္ဂလိပ်ဝင်လာစမှာ အဲဒီတုန်းက တော်လှန်ရေးခေါင်းဆောင်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နေဝင်းကိစ္စကို ဆွေးနွေးကြတယ်။ နေဝင်းဟာ ရာထူးဌာန တည်ငြိမ်လာတဲ့ ဂျပန်ခေတ်နောက်ပိုင်းကစပြီး စာရိတ္တပျက်လာမှု၊ ဂိုဏ်းခွဲမှုတွေ ပေါ်လာတယ်။ နောက်ဂျပန်တော်လှန်ရေးအတွင်းမှာလည်း ကပျက်ကချော်လုပ်မှုတွေကြည့်ပြီး ရှေ့မှာ ဒီလူဟာ အခွင့်သာရင် နယ်ချဲ့နှင့်ပေါင်းပြီး ဖက်ဆစ်စစ်အာဏာရှင် လုပ်နိုင်တဲ့လူလို့ တွက်ကြပြီး၊ ယခုစောစောကတည်းက တပ်ကထုတ်ပစ်လိုက်ဖို့ ဆွေးနွေးကြ၊ စိုင်းပြင်းကြတယ်။ နေဝင်းရဲ့ ကောက်ကျစ်မှု၊ နှစ်ဘက်မျက်နှာလုပ်မှုနှင့် တည်ရှိခဲ့တဲ့ နိုင်ငံရေးအခြေအနေကြောင့် ဟိုတုန်းကတည်းက ဖြုတ်မချနိုင်ခဲ့ဘူး။ ဒါတွေကို ယခုအသက်ရှင်ကျန်သေးတဲ့၊ ဟိုတုန်းက တော်လှန်ရေးခေါင်းဆောင်တချို့ကို မေးကြည့်နိုင်တယ်။ ဒါဟာ သမိုင်းအတွေ့အကြုံတရပ်ပါပဲ။

ကဲ–ကျွန်တော် နေဝင်းတို့အောက် ပြည်သူ့ဒုက္ခအဝဝ တင်ပြခဲ့ပါတယ်။ ဒီလို တမျိုးသားလုံး လူညွန့်တုံးအောင် လုပ်နေတာတွေကို ဒီလိုပဲကြည့်နေကြမလား။ အထူးသဖြင့် မျိုးချစ်ပြည်ချစ်တွေက ကြည့်နေနိုင်မလား။

ပြည်သူတွေမှာ ထွက်ရပ်လမ်းမရှိတော့ဘူးလား။

အခြားတဖက်ကို လှည့်ကြည့်တော့ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ပြီး အဖိနှိပ်ခံတော်လှန်တဲ့ ပြည်သူများနှင့် လူမျိုးစုများ ပူးပေါင်းပြီး လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေတဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကြီးကို မြင်တယ်။

ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးဆိုတာ နေဝင်းတို့အုပ်စိုးမှုကို တပြည်လုံးရှိ အဖိနှိပ်ခံပြည်သူနှင့်လူမျိုးစုအားလုံး အုံကြွတော်လှန်ဖြုတ်ချရုံသာမက၊ ဒီနောက်မှာ လွတ်လပ်တဲ့၊ ဒီမိုကရေစီထွန်းကားတဲ့၊ အမိုးမိုကင်းပြီး သာယာဝပြောတဲ့ လူမျိုးများတန်းတူတဲ့ ကျွန်တော်တို့အားလုံး မျှော်မှန်းခဲ့တဲ့ နိုင်ငံထူထောင်မယ်ဆိုတာ ကျွန်တော်နားလည်တယ်။

ဒီတော်လှန်ရေးဟာ မင်းပြောင်းမင်းလွဲလုပ်ရုံမဟုတ်ဘူး။ နောက်ဘယ်တော့မှ ပြည်သူတို့ ဒီဒုက္ခမျိုးမတွေ့ကြုံရတဲ့ ဒီမိုကရေစီသစ်နိုင်ငံကို ထူထောင်မှာ ဖြစ်တယ်။

ကဲ–တိုတိုပြောရရင် နေဝင်းတို့ မင်းဆိုးမင်းညစ်တွေအောက်မှာ ပြည်သူတွေရဲ့သွေးတွေ၊ မျက်ရည်တွေ ချောင်းစီးအောင် အဖိနှိပ်ခံရတဲ့ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း အုပ်စိုးမှုကိုပဲ လူညွန့်တုံးအောင် ခံနေကြမလား။

ဒီမင်းဆိုးမင်းညစ်တွေအောက်က လွတ်မြောက်ရုံမက ပျော်ရွှင်ချမ်းမြေ့တဲ့ နိုင်ငံသစ်ထူထောင်နိုင်တဲ့၊ ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး ရေစီးကြောင်းထဲဝင်ပြီး ပူးပေါင်းတော်လှန်ကြမလား။

ကျွန်တော်တို့ရှေ့မှာ သေရေးရှင်ရေး လမ်းနှစ်သွယ် ရပ်နေပါတယ်။

ကျွန်တော်တို့ ဘယ်လမ်းကို လိုက်မလဲ။

ပြည်သူ့ဒီမိုကရေစီလမ်းကလွဲလို့ အခြားလမ်းများရှိသေးလား။

မရှိပါ။

ကမ္ဘာကိုကြည့်ပါ။ သမိုင်းကိုကြည့်ပါ။ ဘယ်မှာမှ မရှိနိုင်ပါ။

ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်တယ်ဆိုတဲ့ နိုင်ငံတွေ ပေါ်ထွန်းခဲ့တဲ့ အနှစ် ၃၀ သမိုင်းကို ပြန်ကြည့်ပါ။ ဒါ့အပြင် ကျွန်တော်တို့ဘေးက တရုတ်ပြည်ကြီးကို ကြည့်ပါ။ ကျွန်တော်တို့လို နိုင်ငံတွေရဲ့ လွတ်မြောက်ရေးဟာ ကွန်မြူနစ်ပါတီဦးဆောင်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး ဆင်နွှဲခြင်းဖြင့်သာ ရရှိနိုင်တယ်။

လောလောဆယ် မနေ့တနေ့က ဖြစ်ပျက်ခဲ့တဲ့ အင်ဒိုချိုင်းနားကို ကြည့်ပါ။

နောက်ပြီး အရှေ့အာရှတောင်ပိုင်းတခုလုံးကို ကြည့်ပါ။ အဲဒီပြည်သူတွေဟာ တခြားလမ်းမရှိ၊ ဒီလမ်းကိုပဲ လိုက်နေကြပြီ။ တဖြိမ့်ဖြိမ့် အောင်ပွဲသစ်တွေ ရနေကြပြီ။

အရှေ့အာရှတောင်ပိုင်းသာမက အာရှ–အာဖရိက–လက်တင်အမေရိကက သန်းပေါင်း ၂၀၀၀ မျှရှိတဲ့ ပြည်သူတွေဟာ သမိုင်းရေစီးကြောင်း အနေနှင့် ဒီလိုင်းအတိုင်း အသွင်အမျိုးမျိုးနှင့် စတင်နေကြ တိုက်ပွဲဝင်နေကြပြီ။

ကဲ–ကျွန်တော်တို့တိုင်းပြည်ရဲ့ နောက်ဆုံး အနှစ် ၂၀ ရဲ့ သမိုင်းအဖြစ်ကိုပဲ ကြည့်ပါ။ ဒီလမ်းကလွဲရင် တခြားလမ်းရှိသေးရဲ့လား။

နေဝင်းတို့ အုပ်စိုးမှုကို ဘယ်သူတွေကသာ တကယ်တိုက်ဖျက်နိုင်မလဲ။

ဒုတိယ–တိုက်ဖျက်ပြီး ဘယ်သူတွေကသာ ပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့တဲ့ နိုင်ငံသစ်ကို တည်ထောင်နိုင်မလဲ။

ကျွန်တော်တို့မျက်စိရှေ့မှာ ကျွန်တော်တို့ လျှောက်ရမယ့်လမ်းဟာ ရှင်းလာပါတယ်။

တချို့မျိုးချစ်ပြည်ချစ်တွေ၊ ပြည်သူတွေက နယ်ချဲ့နဲ့ဖောက်ပြန်ရေးသမားတွေ ဝါဒဖြန့်လို့ ကွန်မြူနစ်နဲ့ပေါင်းရေးကို ရွံ့တွန့်တွန့်ဖြစ်နေကြတယ်။

စစ်မှန်တဲ့ မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်ဆိုတာ ဘာလဲ။ မိမိတကိုယ် ကောင်းစားရေးအတွက် အော်ဟစ်နေကြတဲ့ လူညာတွေ မဟုတ်ဘူး။ ရောက်ရှိနေတဲ့ခေတ်နဲ့အညီ မိမိအမျိုး၊ မိမိပြည်သူတို့ လွတ်မြောက်ရေး၊ လွတ်လပ်ရေး၊ တရားမျှတတဲ့ ဒီမိုကရေစီအခွင့်အရေးရရှိရေးနှင့် ဆင်းရဲခြင်းမှ လွတ်ကင်းတဲ့ သာယာဝပြောတဲ့ နိုင်ငံသစ်ထူထောင်ရေးကို ရှေးရှုရမှာဖြစ်တယ်။

ကျွန်တော်တို့မျိုးချစ်ပြည်ချစ်တွေဟာ ဟိုငံသာနခေတ်က မျိုးချစ်ကြီးတွေလို၊ အမျိုး–ဘာသာ–သာသနာလို့ ကြွေးကြော်ရမယ့်ခေတ် မဟုတ်တော့ဘူး။

ဒီခေတ်ဟာ ပြည်သူ့ဒီမိုကရေစီခေတ်ဖြစ်တယ်။ ဒီခေတ်ရဲ့ မျိုးချစ်တွေဟာ ပြည်သူတကယ်လွတ်မြောက်စေချင်ရင် ဒီတော်လှန်ရေးကြီးကို ဦးဆောင်ဆင်နွှဲနေတဲ့ ကွန်မြူနစ်ပါတီနှင့်ပေါင်းမှ ဖြစ်နိုင်မယ်။

ဒါကြောင့် ကျွန်တော်တို့ပြည်သူ့ထွက်ရပ်လမ်းဟာ ဒုတိယကမ္ဘာစစ်ကြီးအပြီး အနှစ် ၃၀ ကမ္ဘာ့သမိုင်း၊ အင်ဒိုချိုင်းနားနှင့် အရှေ့တောင်အာရှနှင့် ကျွန်တော်တို့နိုင်ငံ အနှစ် ၂၀ ကျော် ဖြစ်ပေါ်မှုသမိုင်းတွေကို ကြည့်ပြီး တခြားလမ်းမရှိ၊ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကြီးသာ ရှိတယ်ဆိုတာ ရှင်းရှင်းကြီးမြင်နိုင်ပါတယ်။

အချုပ်မှာ ဗမာပြည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးဟာ အနှစ်သာရအားဖြင့် နယ်ချဲ့၊ ပဒေသရာဇ်မြေရှင်နှင့် ဗျူရိုကရက် အရင်းရှင်စနစ်ကို ဆန့်ကျင်တဲ့ ပြည်သူလူထုကြီးရဲ့ တော်လှန်ရေးဖြစ်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီမှတဆင့် အလုပ်သမားလူတန်းစားက ခေါင်းဆောင်တဲ့ အလုပ်သမားနှင့် လယ်သမားလူတန်းစား မဟာမိတ်ဖွဲ့မှုပေါ်မှာ အခြေခံတဲ့ မြို့နေနေရှင်ပေါက်စ လူတန်းစား၊ အမျိုးသားနေရှင်လူတန်းစားနှင့် လွတ်လပ်မှုနှင့် ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့ မျိုးချစ်ပြည်ချစ်တွေပါဝင်တဲ့ တော်လှန်ရေးကြီးဖြစ်တယ်။

ချစ်လှစွာသော ပြည်သူများ၊ အမျိုးသားများခင်ဗျား–

ကဲ–ဒါဖြင့် ကျွန်တော်ဟာ ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးထဲ ဘာကြောင့် ပါဝင်လာရသလဲဆိုတာ ရှင်းလောက်ပါပြီ ထင်ပါတယ်။

နောက်ကျွန်တော် ပြောလိုတာတချက် ရှိပါသေးတယ်။

ပြည်တွင်းပြည်ပ အတွေ့အကြုံများအရ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးမှာ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်ဟာ အဓိကဖြစ်တယ်။ တချိန်တည်းမှာ နေဝင်းတို့အောက်ရောက်နေတဲ့ ပြည်သူတွေ အုံကြွထကြွလာမှသာ ဒီလက်နက်ကိုင်တိုက်ပွဲဟာ လျင်မြန်စွာ ရှေ့သို့ ချီတက်နိုင်မယ်။ နေဝင်းတို့ ဖိနှိပ်မှုအောက်က မခံမရပ်နိုင်ဖြစ်နေတဲ့ ပြည်သူတွေကို စည်းရုံးပြီး လွှန်ခဲ့တဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူငယ်စတဲ့ ပြည်သူ့တိုက်ပွဲများလို တိုက်ပွဲအသွင်းအမျိုးမျိုးနှင့် လက်နက်ကိုင်တော်လှန်ရေးကြီး ပေါင်းစပ်မှသာ လျင်မြန်စွာ အောင်မြင်နိုင်မယ်။

ကျွန်တော့်အနေနဲ့ နေဝင်းတို့အောက်မှာ ဒီအထက်က လုပ်ငန်းမျိုးတွေလုပ်လို့ ဘယ်လိုမှ ရေရှည်မဖြစ်နိုင်ဘူး။ ဒါကြောင့်လည်း လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲဖို့ လွတ်မြောက်တဲ့ နယ်မြေထဲ လာခဲ့ရပါတယ်။

နောက်တကြောင်းလည်း ကျွန်တော်တင်ပြဖို့ ရှိပါတယ်။ ဒါကတော့ နေဝင်းအောက်က လက်နက်ကိုင် တပ်မတော်သားတွေ အတွက်ပါ။

နေဝင်း လက်နက်ကိုင်စစ်တပ်တွင်း ရှိကြတဲ့ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် အခြားလက်နက်ကိုင်များ ခင်ဗျား–

ကျွန်တော်ပြည်သူ့လက်နက်ကိုင် တော်လှန်ရေးထဲပါရတဲ့ နောက်တကြောင်းဟာ ခင်ဗျားတို့အတွက်လည်း ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း နေဝင်းအောက်က လက်ရှိစစ်တပ်ကြီးကို စတင်တည်ထောင်တဲ့ပုဂ္ဂိုလ်တွေထဲမှာ ကျွန်တော်ဟာ အဓိက ပုဂ္ဂိုလ်များအခန်းက ပါခဲ့တဲ့သူ ဖြစ်တယ်။ အထူးသဖြင့် အရေးပါဆုံးဖြစ်တဲ့ ဂျပန်တော်လှန်ရေးနဲ့ စစ်ပြီးခေတ် စစ်တပ်သမိုင်းဟာ ကျွန်တော့်ပုဂ္ဂိုလ်ရေးနဲ့ တဆက်တည်းဖြစ်တယ်။ ဒီတုန်းက ကျွန်တော်သာ နေဝင်းလို၊ ပဒေသရာဇ် မင်းသားတပါးလို အလေလိုက်နေမယ်ဆိုရင် သည်စစ်တပ်နဲ့ တိုင်းပြည်

အခြေအနေဟာ ဘယ်လိုဖြစ်လာနိုင်မယ်ဆိုတာ တွေးကြည့်နိုင်ပါတယ်။

ကျွန်တော်တို့ မျိုးချစ်ပြည်ချစ်တွေ ဒီတပ်ကြီး လွန်ခဲ့တဲ့ အနှစ် ၃၅ နှစ်က စတင်တည်ထောင်ခဲ့တာဟာ ဘာကြောင့်လဲ။

ကျွန်တော်တို့တိုင်းပြည် မလွတ်လပ်သေးဘူး။

ကျွန်တော်တို့ပြည်သူတွေ မလွတ်မြောက်သေးဘူး။

ကျွန်တော်တို့ပြည်သူတွေ နယ်ချဲ့၊ ပဒေသရာဇ်မြေရှင်နဲ့ ဗျူရိုကရက်အရင်းရှင်တွေအောက်မှာ ဆင်းရဲနေတယ်။

ဒါကြောင့် ပြည်သူတွေ၊ အမျိုးသားတွေ ကျွန်ဘဝက လွတ်မြောက်ဖို့ ဆင်းရဲခြင်းက လွတ်မြောက်ဖို့၊ တန်းတူရည်တူ လူချင်းတူတူ သူချင်းမျှမျှ သိက္ခာရှိရှိ၊ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ကြဖို့ဖြစ်တယ်။

ကဲ–ယခုကြည့်ကြစမ်းပါ။ ကျွန်တော်တို့ ချစ်လှတဲ့တိုင်းပြည်ကြီး နေဝင်းဆိုတဲ့ နယ်ချဲ့လက်ပါးစေ အာဏာရှူး၊ မင်းဆိုးမင်းညစ်အောက်မှာ ဘယ်ဘဝ ရောက်နေပြီလဲ။ ကျွန်တော်အထက်က ပြောခဲ့ပြီ။

လွတ်လပ်ရေးဆိုတာ ဘယ်မှာလဲ။

ပြည်သူတို့ ပျော်ရွှင်ချမ်းမြေ့ရေး၊ သာယာဝပြောရေး၊ တန်းတူရေးဆိုတာ ဘယ်မှာလဲ။ ဒီနေရာမှာ နေဝင်းတို့က ၁၉၄၈ ခုနှစ်က၊ နု–အက်တလီ လွတ်လပ်ရေးကို လက်ညှိုးထိုးပြချင်ပြမယ်။ ဟုတ်ကဲ့။ ဒီလွတ်လပ်ရေးဟာ ဘယ်သူ့ လွတ်လပ်ရေးလဲ။ သစ္စာဖောက်တွေ၊ နယ်ချဲ့အလိုတော်ရိတွေဖြစ်တဲ့ နေဝင်းတို့ရဲ့ လွတ်လပ်ရေးသာဖြစ်တယ်။ ပြည်သူတွေ ပိုဖိနှိပ်ခံရ၊ ပိုသွေးစုပ်ခံရ၊ ပြည်သူ့မျက်ရည်တွေ၊ သွေးတွေချောင်းစီးနေတဲ့ လွတ်လပ်ရေးသာ ဖြစ်တယ်မဟုတ်လား။

ပြည်သူတွေဘဝနဲ့ နေဝင်းတို့ဘဝ မိုးနဲ့မြေကြီးလို ကွာခြားတယ်မဟုတ်လား။

ပြည်သူတွေတနေ့တခြား လူရုပ်မပေါ်အောင် ဝတ်ဝတ်ပြတ်ပြတ် ချွတ်ခြုံကျလာသလောက် နေဝင်းတို့နဲ့ အပေါင်းပါတို့ရဲ့ မိသားစုနဲ့ နောက်လိုက်တွေမှာတော့ ရွှေတွေ၊ စိန်ကျောက်ရတနာတွေ၊ ကားတွေ၊ အိမ်တွေ၊ တိုက်တွေ၊ မြေတွေ၊ ခြံတွေ၊ နိုင်ငံခြား – ဟိုနိုင်ငံဒီနိုင်ငံတွေမှာ တမျိုး၊ ပြည်တွင်းမှာတဖုံ၊ ပြောင်ပြောင်တမျိုး၊ လျှို့ဝှက်တဖုံ ဖြန့်ထားတယ်။ တချို့က တိုက်တလုံးကနှစ်လုံး သုံးလုံး၊ မယား တယောက်က နှစ်ယောက် သုံးယောက်ထိ တအိမ်တဆောင်စီ ထားနိုင်ကြတယ်။

သူတို့က ခင်ဗျားတို့ကုပ်ပေါ် ခွစီးပြီး ပြောတယ်။ မင်းတို့တွေ ဒီလွတ်လပ်ရေးကြီးကို မင်းတို့အသက်နဲ့လဲပြီး ကာကွယ်ရမယ် တဲ့။

ကဲ–ခင်ဗျားတို့ ဘယ်သူ့လွတ်လပ်ရေးကို ဘယ်သူတွေအကျိုးအတွက် အသက်ပေးကာကွယ်ရမလဲ။

အခုခင်ဗျားတို့ ဘယ်ဘဝရောက်နေပြီလဲ။ ခင်ဗျားတို့ စစ်တပ်ကြီး ပြန်ကြည့်စမ်းပါ။ စက်ဆုပ်ဖွယ်ကြေးစားတပ်ကြီး ဖြစ်နေရပြီ။ လွတ်လပ်ရေးကို ကာကွယ်ပါဆိုပြီး၊ ခင်ဗျားတို့ ပြည်သူတွေရဲ့ သားသမီးဖြစ်တဲ့ ကျောင်းသူကျောင်းသားတွေ၊ လူငယ်တွေ၊ ထမင်းမဝလို့ ဆန်ပေးပါလို့ တောင်းတဲ့အလုပ်သမားတွေ၊ လယ်သမားတွေ၊ မြို့နေဆင်းရဲသားတွေကို အကြိမ်ကြိမ်ပစ်သတ်ခိုင်းတယ်။ သွေးချောင်းစီးနေပြီ။

ခင်ဗျားတို့ဘဝဟာ အာဏာရှူးနေဝင်း မင်းဆိုးမင်းညစ်ရဲ့ ပါးကွက်သား၊ လက်မရွံ့လူသတ်သမားတွေ ဖြစ်နေရပြီ။ နောက်ပြီး ခင်ဗျားတို့ နေထိုင်ရေးဘဝဟာလည်း ကျွန်တော်အထက်က ပြောခဲ့သလို ပြည်သူတွေဘဝအတိုင်း ဝမ်းမဝ–ခါးမလှနှင့် ဘာမှပြောရေးဆိုခွင့်ရှိတဲ့ဘဝမဟုတ်ဘူး။ အဖိနှိပ်ခံဘဝပဲ မဟုတ်လား။

ခင်ဗျားတို့တွေထဲက သူ့စိတ်ကြိုက်ပြည်သူတွေ ပိုသတ်နိုင်မယ်ထင်တဲ့ လူတချို့ကို ရာထူးကြီးတွေနှင့် လာဘ်ထိုးခဲ့တယ်။ ဒီလိုနှင့် တပ်ကြပ်ကြီးကနေ ဗိုလ်မှူးကြီးတွေအထိ နှစ်အနည်းငယ်အတွင်း တိုးပေးဖို့ ဝန်မလေးဘူး။ ဒါပေမဲ့ နောက်ထပ်သတ်ဖို့ နောက်လူကို တင်ပေးဖို့၊ ရှေ့လူကို ကန်ထုတ်ဖို့လည်း ဝန်မလေးဘူး။ သူ့စိတ်ကြိုက် ပြည်သူတွေကိုသတ်ဖို့ လက်ရွံ့တဲ့မျိုးချစ်တွေ၊ အစဉ်အလာရှိခဲ့တဲ့၊ လေးစားခြင်းခံရတဲ့ တပ်မှူးတပ်သားတွေကိုတော့ တဦးပြီးတဦး ကန်ထုတ်တယ်မဟုတ်လား။ ဒါတွေကြောင့် ရာထူးကြီးတဲ့လူတွေလည်း စိတ်တထင့်ထင့်နေရတဲ့ဘဝ မဟုတ်လား။

တွေးကြည့်ရင် ခင်ဗျားတို့ဘဝက ပိုဆိုးတယ်။ ပြည်သူတွေလို အဖိနှိပ်ခံရ၊ သွေးစုပ်ခံရလို့ တထိတ်ထိတ်တလန့်လန့် ဝတ်ပြတ်ဆင်းရဲတဲ့ ဘဝရော၊ နောက်ပြည်သူတွေကို သတ်ဖြတ်နေရတဲ့ဘဝရော ဖြစ်နေတယ်။

ဒီလို နှစ်ထပ်ကွမ်း ဆိုးဝါးလှတဲ့ဘဝဆိုးက ခင်ဗျားတို့ ရုန်းထွက်ကြပါ။ ခင်ဗျားတို့ ဒီအတိုင်းသွားရင် နေဝင်းတို့အောက်မှာ အတောမသတ်တဲ့ ပြည်သူ့သတ်ပွဲတွေ လုပ်သွားရလိမ့်မယ်။ ခင်ဗျားတို့လက်မှာ ပြည်သူ့သွေးတွေ ပေသထက်ပေလာပြီး လူတယောက်ရဲ့ ဂုဏ်သိက္ခာ ဘာမှရှိတော့မှာ မဟုတ်ဘူး။ ပြည်သူ့ရန်သူအဖြစ် ပြည်သူတို့ရဲ့ သမိုင်းပေးပြစ်ဒဏ်ကို နယ်ချဲ့၊ ဖက်ဆစ်တို့ လမ်းအတိုင်း နေဝင်းတို့နှင့်အတူ ခံရတော့မယ်။ နောင် သားစဉ်မြေးဆက် ခေါင်းဖော်ရဲမှာ မဟုတ်ဘူး။ သမိုင်းအမှိုက်ပုံထဲ ပြည်သူတွေက စွန့်ပစ်ကြလိမ့်မယ်။

နောင် ခင်ဗျားတို့ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလွတ်မြောက်မှုဟာလည်း ရနိုင်မှာမဟုတ်ဘူး။ ခင်ဗျားတို့ နစ်သထက်နစ်ပြီး၊ လူဖြစ်ကျိုးနုံးတဲ့ဘဝ ရောက်သွားမယ်။

ဒါကြောင့် ခင်ဗျားတို့ဘဝ လွတ်မြောက်ရေးဟာ ပြည်သူတွေနှင့်အတူ အာဏာရှူးနေဝင်း မင်းဆိုးမင်းညစ်ကို တော်လှန်တိုက် ခိုက်ဖို့ တလမ်းသာ ရှိတယ်။ တခြားလမ်းမရှိဘူး။

မှားတဲ့ရှေ့နေမရှိဆိုသလို၊ ခင်ဗျားတို့ အလှည့်စားခံရလို့ ပြည်သူ့အပေါ် အမှားအယွင်းတွေ ပြုခဲ့မိရင်လည်း မိမိအမှားကို ရဲရဲကြီး နောင်တရပြီး ပြည်သူ့ဘက်ကို ဦးလှည့်ကြပါ။

ဒါဟာ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ တည်ထောင်လာခဲ့တဲ့ စစ်တပ်အတွင်းက အရာရှိအရာခံတပ်ကြပ် တပ်သားတွေကို လမ်းမှန်ရောက်အောင် တာဝန်သိစိတ်နဲ့ တတ်နိုင်သမျှ ကူညီလမ်းပြတာပဲ။

နေဝင်း–စန်းယု မင်းဆိုးမင်းညစ်အောက် အဖိနှိပ်ခံ၊ အလှည့်စားခံနေရတဲ့ တပ်မှူးတပ်သားများခင်ဗျား–

နေဝင်း–စန်းယု မင်းဆိုးမင်းညစ်တွေကို ပြည်သူတွေနဲ့ အတူလက်တွဲ တိုက်ခိုက်ဖို့၊ ပြည်သူ့အကျိုး တကယ်ဦးထိပ်ထားတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ပြည်သူ့တပ်မတော်ဘက်ကို ကူးပြောင်းလာကြပါလားခင်ဗျား။

ခင်ဗျားတို့ ကျွန်တော်တို့ ပြည်သူတို့နဲ့အတူ ဘဝသစ်၊ တပ်သစ်၊ နိုင်ငံသစ်ထူထောင်ရေးအတွက် နေဝင်း–စန်းယု မင်းဆိုး မင်းညစ်တွေကို

တိုက်ခိုက်ချေမှုန်းကြပါစို့။

ဒီလိုချေမှုန်းဖို့အတွက် ခင်ဗျားတို့လက်ထဲက ပြည်သူတွေကို သတ်နိုင်းတဲ့လက်နက်ကို ဒီအာဏာရှူး မင်းဆိုးမင်းညစ်တွေ ဘက်ကို လှည့်ကြပါစို့။

ပြည်သူတွေနဲ့ လက်တွဲကြပါစို့။

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးရေစီးကြောင်းကြီးထဲ ပါဝင်ကြပါစို့။

ချစ်လှစွာသော ပြည်သူများ၊ အမျိုးသားများခင်ဗျား –

ကျွန်တော်တို့ တိုင်းပြည်နဲ့ပြည်သူတွေကို လှည့်ဖျားနှိပ်စက်ပြီး အာဏာရူး မင်းဆိုးမင်းညစ်တွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ တိုက်ပွဲဆင်ကြပါစို့။

ကျွန်တော်တို့ခေတ်ရဲ့ သမိုင်းပေးတာဝန်ကို ကျွန်တော်တို့ကျေပွန်အောင် ထမ်းဆောင်ကြပါစို့။

ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကြီးထဲ နည်းအမျိုးမျိုးနဲ့ ပါဝင်ဆင်နွှဲကြပါစို့။

နောက်ဆက်တွဲ (၂)

# ထွန်းအောင်ဆဲ ကြယ်နီဆို မှိုင်ထဲ့ တဖျာသဝဏ်



ရှစ်ဆယ် ... ... တဲ့
အနှစ်ကြွယ်ကြွယ် လူ့ဘဝမှာ
လှပတဲ့ သမိုင်းကြောင်းနဲ့
နိုင်ငံသားကောင်း ပီသစွာ
လူထုခေါင်းဆောင် ပီသစွာ
ဂုဏ်ပြောင်စွာ ဖြတ်သန်း
မှန်တိုင်းလမ်းပေါ်က ကြယ်နီ
အမိပြည်အတွက် ဂုဏ်ယူစရာ
ကျွန်တော်တို့အတွက် ဂုဏ်ယူစရာ
ကြည်ညိုစွာ ဦးညွတ်
နှုတ်ခွန်းဆက်သလိုက်ပါတယ် ဦးလေးရေ

ဦးလေးရဲ့
ဖြတ်သန်းခဲ့ပြီးနှစ်ရှစ်ဆယ်
နှစ် နှစ်ဆယ်စီစိတ်ပိုင်း
သမိုင်းနောက်ခံကားတွေနဲ့ ယှဉ်စပ်
လေးလေးမြတ်မြတ် ကြည့်မိတဲ့အခါ

(၁)

***၁၉၃၈ မှ ၁၉၃၉***

နယ်ချဲ့ဆိုး လက်အောက်
ဖွားမြောက်ပြီးမွေးလာ
ဘိုးဘေးတွေဟာ ရွှေဘိုနွယ်
သာယာဝတီသုံးဆယ်ဟာ မွေးဇာတိ
ဂျွန်မိပတီ ဆရာစံရဲ့
တော်လှန်သံ ဓားရောင်ကြားမှာ
ကြီးပြင်းကာ လူလားမြောက်
ဒူးမထောက်တတ်သူတွေရဲ့ ပုံတင်သံ
နှလုံးသားအခံပေါ် မူးကပ်
တော်လှန်စိတ်ဓာတ်နဲ့ မျိုးချစ်ဝိညာဉ်
စိမ့်ဝင်ပြီး အမွေရခဲ့လေရော့သလား
နယ်ချဲ့သမားကို ဆန့်ကျင်
ကျွန်ပြုသူတွေကို ဆန့်ကျင်ဖို့
ရင်ကိုကော့ပြီး လက်ရုံးမြှောက်
မကြောက်တရားစိုက်ထူကာ
ထောင့်သုံးရာပြည့်မှာ ပါခဲ့တယ်
နယ်ချဲ့ဆန့်ကျင်ရေးသမားကောင်း ဖြစ်ခဲ့တယ်

(၂)

***၁၉၃၉ မှ ၁၉၄၅***

နယ်ချဲ့ဆိုးကို ဆန့်ကျင်

တိုက်ပွဲဝင်အန်တုရင်း
ဒုတိယကမ္ဘာစစ်အတွင်း ဟိုင်နန်ရောက်
အမိနိုင်ငံ လွတ်မြောက်ဖို့ စစ်ပညာသင်
သမိုင်းဝင် ရဲဘော်သုံးကျိပ် စာရင်းမှာ
"ကိုရွှေ"ဟာ
ဗိုလ်ကျော်ဇော ဖြစ်လာတယ်...

ဝင်လာတဲ့ဂျပန်ဟာ
နိုင်ငံအပေါ်ဆက် ကျွန်ပြု
လူထုအပေါ် ရက်စက်
ဖက်ဆစ်ပီပီ ရမ်းကားတော့
ဖက်ဆစ်များကို မောင်းထုတ်ရေး
ဖက်ဆစ်ဆန့်ကျင်ရေး တပ်ပေါင်းစုကြီး ဖွဲ့နိုင်ဖို့
ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်စိုးတို့ လျှို့ဝှက်တွေ့
ပထမဆုံးတွေ့ ဆွေးနွေးတဲ့နေရာအမှန်ဟာ
ပဲခူးစုံပြတပ်ရင်းက
ဗိုလ်ကျော်ဇောရဲ့ခုတင်ပေါ်မှာ...
ဖက်ဆစ်တော်လှန်ရေး
တစ်ကြွေးပြီး ဖော်ကြတော့
ဗိုလ်ကျော်ဇောဟာ တိုင်း (၄) ရဲ့
စစ်ရေးခေါင်းဆောင်တဦး ဖြစ်ခဲ့တယ်
ဖက်ဆစ်တော်လှန်ရေးမှာ ပါခဲ့တယ်

ဖက်ဆစ်ဆန့်ကျင်ရေး တာဝန်ကျေခဲ့တယ်...
အင်္ဂလိပ်ပြန်အဝင်
အသင့်ပြင်လာတဲ့ စက္ကူဖြူစာတမ်း
နိုင်ငံနဲ့အဝှန်းဆန့်ကျင်ကြ
သမိုင်းဝင်နေသူရိန်အစည်းအဝေးပွဲ
ရဲရဲရင့်ရင့်ဆင်နွှဲကြ
ဗမာ့လွတ်လပ်ရေးအတွက် အသင့်ပြင်
အဆိုပြုချက်တွေတင်ကြတဲ့အခါ
ဗိုလ်ကျော်ဇောရဲ့အဆိုဟာ
အမျိုးသားသွေးစည်းညီညွတ်ရေးအဆိုပါ
လွတ်လပ်ရေးကြေညာအပြီး
အရေးကြီးတာဝန်များကို ထမ်းဆောင်
သမိုင်းတွင်အောင် အသိအမှတ်ပြုကြရ
စစ်သေနင်္ဂဗျူဟာမှာ တခေတ်ထူ
တရုတ်ဖြူကျူးကျော်သူများကိုမောင်းထုတ်ရေး
ဘုရင့်နောင်စစ်ဆင်ရေးရဲ့ ဗိသုကာ
ရန်ကြီးအောင် စစ်ဆင်ရေးရဲ့ ဗိသုကာ
တိုင်းခြားရန်ကိုကာကွယ်ရာမှာ
အခရာအခန်းကပါခဲ့တယ်
နိုင်ငံသားကောင်း ပီခဲ့တယ်...

(၃)

***၁၉၄၈ မှ ၁၉၇၆***

ပြည်တွင်းစစ်မီးခိုးတွေသည်းထန်
နိုင်ငံနဲ့အဝှန်း
ရဟန်းရှင်လူတို့ရဲ့ဆန္ဒ
ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဦးဆောင်ပြီး
ငြိမ်းချမ်းရေးရစေရာ ရစေကြောင်း
သွန်းလောင်းပြီး ကြိုးကုတ်
အားထုတ်ပြီး ဆောင်ရွက်ကြတဲ့အခါ
အမိဗမာပြည်ကြီး သာစေရေး
ပြည်တွင်းစစ်ရပ်စဲရေး
ပြည်တွင်းငြိမ်းချမ်းရေး
မနေးမဖင့် တက်ကြွ
ဒုတိယ ဥက္ကဋ္ဌအဖြစ်ပါခဲ့တယ်
အရေးကြီးတဲ့အခန်းက ပါခဲ့တယ်...

စစ်အာဏာရှင်တို့ တက်လာ
ဗမာပြည်ကြီး တိုးပြီးမှောင်
ငြိမ်းချမ်းရေးအရိပ်အရောင်အားလုံး ကွယ်ပျောက်
စစ်ဖိနပ်အောက်က ပြည်သူတွေ
ဒုက္ခတွေပင်လယ်ဝေကြတော့
အမိမြေကို လွတ်မြောက်ချင်
ပြည်သူကို ကယ်တင်ချင်လွန်းလို့
တူတံစဉ်ကို ဆုပ်ကိုင်
ဖောက်ပြန်သူတွေကို ရင်ဆိုင်ဖို့
လက်နက်ကိုင်တော်လှန်ရေးဆီ ရောက်လာတယ်
ကြယ်နီတလက်လက် လင်းခဲ့တယ်
တော်လှန်ရေးသမား ပီခဲ့တယ်...

(၄)

***၁၉၇၆ မှ ၁၉၉၉***

ကိုယ်ကျိုးမှန်သမျှ စွန့်လွှတ်ရင်း
အလင်းသစ်ဆီ မျှော်ရည်
ကြယ်နီရောင်တလက်လက်
အခန်းဆက်သမိုင်းစဉ်
တူတံစဉ်ကို ဆက်သယ်ဆောင်
ဂုဏ်ရောင်ပြောင်ပြောင် နေခဲ့တယ်...

ဒုက္ခတွေကို ထီမထင်
ထာဝစဉ် ရဲရင့်မှုနဲ့
လူထုအကျိုးဆက်လုံးပန်း
နိုင်ငံတဝှန်းရဲ့ အရေးတော်
အမိနိုင်ငံတော်ရဲ့ အနာဂတ်အရေး
ဘုံအရေးမှန်သမျှ ပါဝင်ကာ

ရာသက်ပန်တော်လှန်ရေးသမားဆိုတာ – ဒီလိုပါ
ရာသက်ပန်နိုင်ငံရေးသမားဆိုတာ – ဒီလိုပါ
နိုင်ငံကိုချစ် ပြည်သူချစ်တဲ့
မျိုးချစ်အစစ်ဆိုတာ – ဒီလိုပါ ... ... လို့
စံနမူနာကောင်း များစွာပြခဲ့တယ်
ဆက်လက်ပြီးလည်း ပြနေတယ်...

အခု
စိန်ရတုတွေ လွန်မြောက်လို့
အနှစ် (၈၀) မြောက်တောင် တိုင်ခဲ့ပြီ
ရာပြည့်ဆီ ချီတက်ရင်း
အလင်းသစ်တွေ ဆက်ဖြန့်ဝေ
အမိမြေအတွက် ဆက်ဂုဏ်ဆောင်
ဂုဏ်ရောင်ပြောင်ပြောင် ဆက်ဖြတ်သန်း
သမိုင်းအခန်းခန်းရဲ့ စာမျက်နှာတွေပေါ်မှာ
ဗိုလ်ကျော်ဇောဆိုတာ သမိုင်းဝင်
ထာဝစဉ် စံနမူနာပြု
လေးစားမှုနဲ့ ဦးခိုက်ကာ
နှုတ်ခွန်းဆက်သလိုက်ပါတယ် ... ဦးလေးရေ ...

***ဗိုလ်ကျော်ဇောရဲ့ အနှစ် (၈၀) ပြည့်မွေးနေ့သို့ ...***
***တိုက်ပွဲဝင်နေကြဆဲ တိုက်ပွဲဝင်နေကြသော***
***ရဲဘော်ရဲဘက် ပြည်သူ့ဘက်တော်သားများ၏ ကိုယ်စား***

***ဝင်းတင့်ထွန်း***

**၁၉၉၉ ခုနှစ် ဒီဇင်ဘာလ (၃) ရက်နေ့မှာ ကျရောက်မယ့်**
**ဗိုလ်ကျော်ဇောရဲ့ အနှစ် (၈၀) ပြည့် မွေးနေ့သို့...**

# လွမ်းမဆုံးရော့ အမှာအမှန်လိုပါပဲလေး ဒေါ်ဒေါ်

(၁)
အမျိုးသမီးတွေဟာ
ကမ္ဘာကြီးတဝက်
ထမ်းရွက်ထားရတဲ့သူတွေဆိုတာ
မယုံစရာမရှိ
ဒေါ်ဒေါ့်ကိုမြင်ကြည့်
ပါရမီဖြည့်ဖက်ဆိုတာထက်
ရဲဘော်ရဲဘက်လိုတမြား
နှမလေးပမာတနည်း
မိခင်ကြီးလိုတသွယ်
ဝတ်ငါးသွယ်ကို ကျော်လွန်
မွန်မြတ်တဲ့မေတ္တာစိတ်နဲ့
အရိပ်လိုအတူလိုက်
စံထားထိုက်တဲ့သူတွေထဲမှာ
အဒေါ်ဟာ ...။

(၂)
ဦးလေးရဲ့နောက်
ကောက်ကောက်ပါအောင် လိုက်လာစ
ဦးလေးကဆိုင်ကယ်ပေါ်တင်
ခရီးနှင်ကြတော့
နောက်ကဒေါ်ဒေါ်ခမြာ
လမ်းတဝက်မှာလိမ့်ကျ
ဦးလေးကမသိ
တွေးမိတွေးရာအာရုံစိုက်
တိုက်ကြီးရောက်မှသိသတဲ့
ပြန်လှည့်ပြီးပြန်ခေါ်ရ
တော်လှန်ရေးသမားတယောက်ရဲ့ဇနီးဘဝ
ကျင့်သားရအောင်နေခဲ့တယ်။

ဒေါ်ဒေါ်ဟာ
တော်လှန်ရေးသမားမဟုတ်ပါဘူး
ဒါပေမဲ့
တော်လှန်ရေးသမားရဲ့ဇနီး
တော်လှန်ရေးသမားကြီးရဲ့ ခြေလှမ်းတိုင်းအတွက်
နောက်တန်းကနေအင်အားဖြည့်
မေတ္တာအပြည့်နဲ့ကူညီခဲ့သူပါ။

ဒေါ်ဒေါ်ဟာ နိုင်ငံရေးသမားမဟုတ်ပါဘူး
ဒါပေမဲ့
နိုင်ငံရေးသမားရဲ့ဇနီး
ဆရာကြီးသခင်ကိုယ်တော်မှိုင်းကအစ
ဗန်းမော်တင်အောင်တို့အလယ်
ကျောင်းသားလူငယ်သမဂ္ဂခေါင်းဆောင်တွေအထိ
ဒေါ်ဒေါ်သိခဲ့ရသလို
ကြိုဆိုကာညှော်ခံ
ထမင်းချိန်တန်ထမင်း
လက်ဖက်ရည်ချိန်တန် လက်ဖက်ရည်
ကြည်ကြည်ဖြူဖြူဂရုစိုက်
လိုက်လိုက်လှဲလှဲ စေတနာကြွယ်ခဲ့သူပါ။

ဒေါ်ဒေါ်ဟာ
ကွန်မြူနစ်မဟုတ်ပါဘူး
ဒါပေမဲ့
ကွန်မြူနစ်ရဲ့ဇနီး
ပစ္စည်းမဲ့အတွေးအခေါ်တွေကြား
ကျင့်သားရအောင်ကြိုးစားရင်း
ကိုယ့်ဘုရားကို ကိုယ်ရှိခိုး



ရိုးရိုးသားသားနေခဲ့တယ်။

(၃)
ဗိုလ်ကျော်ဇောဗိုလ်ကျော်ဇောနဲ့
ဘယ်သူတွေဘယ်လိုပြောပြော
ဘယ်လိုခေါ်ခေါ်
ဒေါ်ဒေါ့်နှလုံးသားထဲ
စွဲနေတာက "အကိုရွှေ"
ဒေါ်ဒေါ်ဘဝမှာ
ဒေါ်ဒေါ်နဲ့အကိုရွှေ
အတူနေလာကြရာက
အကြာဆုံးခွဲဖူးတာ
၁၉၇၆ ကနေ ၁၉၈၀ ...။

၁၉၇၆ မှာ
မှိုင်းရာပြည့်အပြီး
သမီးကြီးကိုပါခေါ်သွား
သားနှစ်ယောက်လည်းမကျန်
ဒေါ်ဒေါ့်ကိုပဲချန်ထားတော့
အံကြိတ်ပြီးနေခဲ့ရ
၈၀ ခုနှစ်ကျမှအခွင့်ပေါ်
ဒေါ်ဒေါ်အပြေးလိုက်လာခဲ့တယ်။

ဒေါ်ဒေါ်ဘဝမှာ
ဗိုလ်မှူးချုပ်ကတော်လို့လဲ
အခေါ်ခံခဲ့ဖူး
တိုင်းမှူးကတော်လို့လည်း
အခေါ်ခံခဲ့ဖူး
သူပုန်ကတော်လို့လည်း
အခေါ်ခံခဲ့ဖူး
ဘာမှမထူးပါဘူး
ဦးလေးရှိတဲ့နေရာ
ဒေါ်ဒေါ့်ကမ္ဘာပေါ့
ဘယ်မှာဖြစ်ဖြစ်နေခဲ့တယ်။

(၄)
ဦးလေးမို့ နေမကောင်းရင်
မိခင်ကြီးလို ဂရုစိုက်
ဆေးတိုက်ဆေးကျွေး
ကိုယ်တိုင်ပေးရမှကျေနပ်
မြတ်နိုးတတ်လွန်းတဲ့အဒေါ်ဟာ
ရာဇဝင်အရွယ်ထောက်လို့
ကိုယ်တိုင်ဆေးရုံရောက်ရချိန်အထိ
မိမိရောဂါထက်
ဦးလေးအတွက်ပဲစိတ်ပူ
နာလန်ထမို့မျှော်လင့်ခဲ့ရှာတယ်
ဒါပေမဲ့ ...။

ဗိုက်တွေနဲ့ဆေးပုလင်းကြိုးစုံကြား
ရောဂါအားကိုခုခံရင်း
တမျှဉ်းမျှဉ်းလိုက်မေ့
မျောနေလိုက်သတိရလာလိုက်
လပေါင်းများစွာ

တစုံတရာကိုစောင့်လင့်
နားစွင့်
အသင့် … အသင့် ပြင်နေရော့သလား။

၉၉ ခုနှစ် ဒီဇင်ဘာ (၃) ရက်
ဦးလေးရဲ့ အသက် (၈၀) ပြည့်
မွေးနေ့ … …
ဘယ်မေ့နိုင်ပါ့မလဲ
သွေးကြောထဲက အာရုံသိနဲ့
(၈၀) ပြည့်ကို နှုတ်ခွန်းဆက်
စကားလုံးတွေထွက်မလာပေမယ့်
အကိုရှေ့သိနိုင်တယ်ဆိုတာယုံကြည်ရင်း
အားတင်းထားခဲ့သမျှတွေပြေချ
(၃) ရက်နေ့ည လွန်မြောက်လို့
(၄) ရက်နေ့ရောက်တာနဲ့
ဒီဇင်ဘာဖွားဒေါ်ဒေါ်ဟာ
ဒီဇင်ဘာဖွား ခရီးဖော်ကြီးကို ချန်ထား
ရာသက်ပန်အနားယူသွားပုံဟာ
လွမ်းမောစရာ ကဗျာတပုဒ်လိုပါပဲလားဒေါ်ဒေါ်ရယ်။ ။

ဝင်းတင့်ထွန်း
(၁၄–၁၂–၉၉)

**(၄–၁၂–၉၉) နေ့မှာ ကွယ်လွန်သွားရှာတဲ့ ဒေါ်ဒေါ် – ဒေါ်သန်းစိန်သို့ … …**